
ပညာရွှေတောင်
myanmar teashop
www.mmteashop.com
ကျော်အောင်
အိုဂျေရုဆလမ်
O' JERUSALEM!
LARRY COLLINS & DOMINIQUE LAPIERRE
ဒုတိယအကြိမ်

http://mmteashop.com

ပညာရွှေတောင်စာအုပ် - ၃၀

ကျော်အောင်

# အို ဂျေရုဆလမ်

၁၉၉၅ ခုနှစ် အမျိုးသားစာပေဆု
(ဘာသာပြန်၊ သုတ) ဆုရ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၄၂၈၃၃

http://mmteashop.com

အတွင်းစာသားခွင့်ပြုချက်အမှတ် – ၁၆၁/၂၀၀၀ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၂၅၀/၂၀၀၀ (၅)

ထုတ်ဝေသည့်အကြိမ်
ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ။

အုပ်ရေ
၁၀၀၀

အဖုံးဒီဇိုင်း
ပန်းချီစံတိုး

ဖလင်
ဦးထွန်းဆိုင်

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် –(တိုင်းလင်းစာပေ)
(မြ–၀၁၂၉၉) ၈/၆၅၊ စော်ဘွားကြီးကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင် – သန်းထိုက်ရတနာအော့ဖ်ဆက်
(၀၅၁၃၁) အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
၁၆၀၀ိ/

http://mmteashop.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ရှေးဦးစကား | |
| | **အခန်း (၁)** | |
| ၁။ | ဖလတ်ရှင်းမဲဒိုးဆုံးဖြတ်ချက် | ၁ |
| ၂။ | တို့တစ်တွေ လွတ်လပ်ပြီ | ၁၇ |
| ၃။ | ပါပါပြန်လာပြီ | ၃၇ |
| ၄။ | ပရတ်သို့သွားသော ခရီးသည်နှစ်ယောက် | ၄၉ |
| ၅။ | လူမျိုးနှစ်မျိုး စစ်တပ်နှစ်ခု | ၆၃ |
| ၆။ | ဂျေရုဆလမ်ရဲ့လည်မျိုကို တို့ညှစ်သတ်မယ် | ၇၃ |
| | **အခန်း (၂)** | |
| ၇။ | တို့တစ်တွေ အိမ်နီးနားချင်းများ မဟုတ်လား | ၉၁ |
| ၈။ | ဟာဂါနားတပ်ဖွဲ့၏ ဆန်တာကလော့ | ၁၀၉ |
| ၉။ | မရေရာသည့် ဘဝခရီး | ၁၁၃ |
| ၁၀။ | မြို့တော်သွားရာလမ်းမှ ဘက်အယ်ဝက် လျှိုမြောင်ဒေသ | ၁၂၇ |
| ၁၁။ | ဂိုလ်ဒါမေယာ၏ နှစ်ဆယ့်ငါး 'စတီဖင်' | ၁၃၇ |
| ၁၂။ | ကောင်းကင်ဘုံက ကယ်တင်သူလာမည် | ၁၄၉ |
| ၁၃။ | ကျောက်တုံးလို တို့မာရမည် | ၁၅၅ |
| ၁၄။ | အဖြူရောင်အလင်းတန်းတစ်ခု | ၁၇၁ |
| ၁၅။ | လောရင့်မဖြစ်နိုင်သူ တစ်ယောက် | ၁၇၉ |
| ၁၆။ | ကင်းဆတ်စီးတီးမှ ကုန်သည်ကြီး | ၁၉၁ |
| ၁၇။ | ကွန်ဗွိုင်းကားများ ရောက်လာမည် မဟုတ် | ၁၉၉ |
| | **အခန်း (၃)** | |
| ၁၈။ | ငရဲမီးဝိုင်းနေသည့် အိမ်တစ်အိမ် | ၂၀၉ |
| ၁၉။ | ဂျေရုဆလမ်ကို သွားနဲ့ ကိုက်ထားရမယ် | ၂၂၇ |
| ၂၀။ | မော်တော်ကား ဘမ်ပါပေါ်မှ စာလုံးခြောက်ခု | ၂၃၉ |
| ၂၁။ | မနေ့ညက ကျွန်တော်တို့ပစ်သတ်လိုက်တဲ့ အာရပ်တစ်ယောက် | ၂၄၇ |
| ၂၂။ | အေးချမ်းသော ဒေယာယက်ဆင်ရွာကလေး | ၂၅၃ |
| ၂၃။ | နှုတ်ဆက်ပါတယ် အချစ်ရေ | ၂၇၁ |

http://mmteashop.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | တိုက်ကြဟေ့ တိုက်ကြဟေ့ တိုက်ကြဟေ့ | ၂၈၇ |
| ၂၅။ | ဂလပ်ပါးရှား၏ သဘောထား | ၂၉၅ |
| ၂၆။ | တို့ပြန်လာမယ် | ၃၁၃ |
| ၂၇။ | ခဲနှင့်အပစ်ခံပြီး အသေခံကြပေါ့ | ၃၃၀ |
| ၂၈။ | တစ်မဲအသာဖြင့် | ၃၄၀ |
| ၂၉။ | နောက်ဆုံးပညာ | ၃၅၀ |
| ၃၀။ | အိုင်ယာလမ်၏ ပဋ္ဌမနေ့ | ၃၆၀ |
| | **အခန်း (၄)** | |
| ၃၁။ | သူတို့ ကြံ့ကြံ့ခံမည် | ၃၇၃ |
| ၃၂။ | တစ်နှစ်တွင် အလှဆုံးလ | ၃၇၉ |
| ၃၃။ | ဂျေရုဆလမ်ကို ကယ်တင်ပါ | ၃၈၅ |
| ၃၄။ | မျိုးဆက်တစ်ခုအတွက် ဝမ်းနည်းမှု | ၃၉၃ |
| ၃၅။ | ဂျေရုဆလမ်ကို ယိုးဆက်ကယ်တင်သည် | ၃၉၉ |
| ၃၆။ | လက်ထရမ်ကိုသိမ်း | ၄၀၅ |
| ၃၇။ | ရွှေပြည်သာသို့ ဝင်ခွင့်လက်မှတ် | ၄၁၃ |
| ၃၈။ | ကိုယ့်တာဝန် ကျေပွန်အောင်ဆောင်ရွက် | ၄၁၉ |
| ၃၉။ | လက်ထရမ် ဂျုံခင်းများ | ၄၂၃ |
| ၄၀။ | ပျော်ရွှင်နေတဲ့အခါ ကျွန်မကို သတိရပါ | ၄၂၅ |
| ၄၁။ | ဂျေရုဆလမ်မှ မင်္ဂလာညပါ | ၄၃၃ |
| ၄၂။ | တို့ လမ်းသစ်တစ်ခု ဖွင့်မယ် | ၄၃၅ |
| ၄၃။ | အာရပ်တွေက တို့ကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး | ၄၄၀ |
| ၄၄။ | အသက်ရှင်သူတွေ အတွက် | ၄၄၉ |
| ၄၅။ | ရက်သုံးဆယ် ရပ်နားမှု | ၄၅၃ |
| ၄၆။ | မထိရောက်သော တံပိုးခရာသံ | ၄၆၀ |
| | နိဂုံး | ၄၆၇ |


ooo

http://mmteashop.com



## ရှေ့ဦးစကား

သည်အသံကို သူတို့ သိသည်။ ယခု (၁၉၄၈) မေလ ညနေခင်း မတိုင်မီ လပေါင်းအတန်ကြာက ကြားခဲ့ရသည့် အသံ ဖြစ်သည်။ ထိုအသံသည် သူတို့ရပ်တည်မှုကို စည်းခြားထားသည့် နယ်နိမိတ်၏ သင်္ကေတတစ်ခု ဖြစ်သည်။ ထိုအသံမှာ ဗြိတိသျှတပ်များဆီက ကြားရသည့် အိတ်ပလွေသံ ဖြစ်သည်။ ယခုမူ နောက်ဆုံးအကြိမ်အဖြစ် ကျောက်တုံးလမ်းကြားများဆီမှ ပြန်လည် ပဲ့တင်ထပ်လာသည့်အသံ ဖြစ်သည်။ မြို့ရိုးကာရံထားသည့် ဂျေရုဆလမ် မြို့ဟောင်းထဲမှ ဗြိတိသျှစစ်သားများ ထွက်ခွာသွားကြရန် နှိုးဆော်သည့် အိတ်ပလွေသံမှန်း သူတို့သိသည်။ စစ်သားများ စီတန်းလျှောက်သွားကြသည်။ စစ်ဖိနပ်သံကို စည်းချက်မှန်မှန် ကြားရသည်။ အိတ်ပလွေသံ သဲ့သဲ့နှင့်အတူ ဝေး၍ဝေး၍ သွားသည်။ ရှေ့ဆုံး စစ်သားနှင့် နောက်ဆုံးစစ်သားတို့သည် စတင်းဂန်းများကို ကိုင်ဆောင်ထားကြသည်။ ပတ်ပတ်လည်ရှိ တင်းမာခက်ထရော်ရှိသော ကျောက်တုံးမျက်နှာစာများကို စူးစိုက်ကြည့်ရင်း လျှောက်သွားကြသည်။

လမ်းတစ်လျှောက်တွင် ဂျူးလူမျိုးများက သူတို့ကို ကြည့်နေကြသည်။ ဘုရားကျောင်းပြတင်းများတွင် ခေါင်းများ ပြူထွက်လာသည်။ ဘုရားကျောင်းခန်းမထဲမှ မုတ်ဆိတ်မွေးနှင့် အဘိုးအိုများသည် စစ်သားများ ထွက်သွားသည်ကို ကြည့်နေကြသည်။ သူတို့၏ ဘေးဘိုးဘီဘင်တို့သည် ဂျေရုဆလမ်မြို့ထဲမှ ဘေဘီလုံပြည်သားများ၊ အဆီးရီးယန်းများ၊ ရောမစစ်သားများ၊ ပါရှင်းစစ်သားများ၊ အာရပ်စစ်သားများ၊ ကရူးဆိတ် စစ်သားများနှင့် တူရကီစစ်သားများ ယခုလိုပင် ထွက်ခွာသည်ကို ကြည့်ခဲ့ကြသည်။ သူတို့သည် ယခု ဗြိတိသျှစစ်သားတို့အရင် ဂျေရုဆလမ်မြို့ထဲသို့ ဝင်ရောက်နေထိုင်သူများ ဖြစ်သည်။ ယခုမူ ဗြိတိသျှစစ်သားတို့၏ နှစ်ပေါင်းသုံးဆယ် တပ်စွဲမှုမှာ အဆုံးသတ်လေပြီ။ ဂျူးဓမ္မဆရာများ၊ ကျမ်းတတ်များ၊ ဥပဒေပညာရှင်များသည် ဂျေရုဆလမ်မြို့ရိုး အတွင်းတွင် ရာစုနှစ်ပေါင်းများစွာကပင် နေထိုင်ဖနေခဲ့ကြသည်။ သူတို့ကား အမေ့လျော့ခံ ဂျူးလူမျိုးများ ဖြစ်သည်။ ပြန့်ကျဲနေသော ဂျူးညီအစ်ကိုများ၏ ပေးကမ်းမှုဖြင့် အသက်ရှင်ခဲ့ကြရသူများ ဖြစ်သည်။ သူတို့ကား ဒေးဗစ်ဘုရင်ကြီး၏ မြို့တော်ကို တာဝန်ယူစောင့်ရှောက်သူများ

ဖြစ်လေသည်။ သားစဉ်မြေးဆက် ဥပုသ်သီတင်းဆောက်တည်ပြီး ဂျူးကျမ်းစာများကို တစ်ဆင့်ပြီးတစ်ဆင့် ကူးယူမှတ်တမ်းတင်ခဲ့ကြသည်။ ဘုရားကျောင်း၊ တောင်ကုန်း ကျောက်ဆောင်များကို အရိုအသေပြုကာ အဝေးသို့ ထွက်ပြေးကြရသော သူ့လူမျိုးများအား ဇီယွန်မြေသို့ ပြန်လည်ခေါ် ဆောင်ပေးရန် အဘရာဟမ်၏ ထာဝရဘုရားအား တောင်းပန် ခဲ့ကြသည်။

ထိုနေ့ကို ရောက်လာရန် မျှော်လင့်ခဲ့ကြရသည်။ ယခုလောက်ကား ဘယ်တုန်း ကမျှ ထိုနေ့နှင့်နီးလာပြီဟု မပြောနိုင်ခဲ့ပေ။ အခြားသူများသည် သဲအိတ်များ ကာရံထား သည့် ပြတင်းများအတွင်းမှ ဗြိတိသျှစစ်သားများ ထွက်သွားသည်ကို ကြည့်နေကြသည်။ ထို့နောက် သူတို့အား မုန်းတီးသည့် ပတ်ပတ်လည် အာရပ် ရပ်ကွက်များနှင့် ခွဲခြားထား သည့် ဗြိတိသျှစစ်သားများ စခန်းချရာ မြို့ဟောင်းကြီး၏ ဂျူးရပ်ကွက်များသို့ ဝင်ရောက် နေရာယူရန် ပြေးသွားကြသည်။

ထွက်ခွာသွားသည့် နောက်ဆုံး ဗြိတိသျှ စစ်သားများသည် အာမေးနီယန်ဂိုဏ်း ချုပ်ကြီးနေသော အဆောက်အအုံဆီသို့ ရုတ်တရက် လမ်းကြောင်းပြောင်းကာ ချီတက် သွားသည်။ နံပါတ် (၃) အောချာယင်လမ်းသို့ ဝင်သည့် ကျောက်မုခ်ဦးရှေ့တွင် သူတို့ ရပ်သည်။

အဆောက်အအုံအတွင်းတွင် ဓမ္မဆရာ မော်ဒီချိုင်ဝိန်ဂါတင်သည် ဂျူးကျမ်း စာအုပ်များစွာကြား နစ်မြုပ်နေရာမှ တံခါးခေါက်သံတစ်ခု ကြားလိုက်ရသည်။

တံခါးဖွင့်ပေးလိုက်သည်တွင် ဝိန်ဂါတင်ရှေ့၌ ဆပ်ဖော့တပ်ရင်းတံဆိပ်များ တပ်ဆင်ထားသည့် လူလတ်ပိုင်း ဗြိတိသျှဗိုလ်မှူးတစ်ယောက် ရပ်နေသည်ကို တွေ့ရ သည်။ ဗိုလ်မှူးက သံချေးတက်နေသော တစ်ပေခန့် သံချောင်းတစ်ခုကို ဝိန်ဂါတင်အား ပေးသည်။ ယင်းမှာ ဇေရုဆလမ်မြို့ဟောင်း၏ တံခါးခုနစ်ခုအနက် ဇီယွန်တံခါး၏သော့ ဖြစ်သည်။

"အေဒီ (၇၀) ကတည်းက ဒီနေ့အထိ ဇေရုဆလမ်မြို့တံခါးတွေကို ဖွင့်တဲ့သော့ ဟာ ဂျူးတွေလက်ထဲ ဘယ်တုန်းကမှ မရောက်ခဲ့ဘူး။ ရာစု (၁၈) စုအတွင်း ဒီအချိန်ဟာ ခင်ဗျားတို့ ဂျူးတွေ အခွင့်အရေးရတဲ့ ပထမဆုံးအကြိမ်ပဲ" ဟု ဆိုသည်။

ဝိန်ဂါတင်သည် တုန်ယင်သောလက်ဖြင့် သော့ကို လက်ခံသည်။ ဂျူးသမိုင်းပုံပြင် တစ်ခုက ဤသို့ ဆိုသည်။ ရောမပြည့်ရှင် တိုက်တတ်က ဘုရားကျောင်းကို ဖျက်ဆီးလိုက် သည့်ညတွင် စိတ်အားပျက်နေသော ဘုန်းကြီးများသည် ဇေရုဆလမ်မြို့တံခါးသော့များကို ကောင်းကင်ဘုံသို့ လွှင့်ပစ်ကာ "ထာဝရအရှင် ယခုအချိန်မှစ၍ အရှင်သည် သော့များကို ထိန်းသိမ်းထားသူအဖြစ် ခံယူပါလော့" ဟု ပြောဆိုခဲ့သည်။ ယခုမူ ထိုသော့ကို ယူလာ သူသည် ဂျူးလူမျိုးတို့ လက်သို့ သော့ကိုအပ်ကာ အလေးပြုသည်။

"ကျွန်တော်တို့ နှစ်ဖက်ဆက်ဆံရေးဟာ ဘယ်တုန်းကမှ မပြေပြစ်ခဲ့ဘူး၊ ဒါပေမယ့်

အခု မိတ်ဆွေများအဖြစ် ခွဲကြမယ်၊ ဘုရားသခင်စောင့်ရှောက်ပါလိမ့်မယ် . . ဂွတ်ဘိုင်”ဟု ဗိုလ်မှူးက နှုတ်ဆက်သည်။

“သင့်ကို ဘုရားသခင်က ကောင်းချီးပေးပါလိမ့်မယ်၊ ကျွန်တော်တို့ လူမျိုးတွေရဲ့ ကိုယ်စား ဒီသော့ကို လက်ခံပါ့မယ်” ဟု ဝိန်ဂါတင်က ပြန်၍ ပြောသည်။

အင်္ဂလိပ်ဗိုလ်မှူး လှည့်၍ ထွက်သွားသည်။ သူ့နောက်က စစ်သားများ အမြန်လျှောက်ကာ ချီတက်သွားသည်။ အိတ်ပလွေသံများ သဲ့သဲ့ကြားရသည်။ ဝိန်ဂါတင်သည် ငွေယွန်တံခါးသော့ကို ကိုင်ကာ တောင့်တောင့်ကြီး ရပ်နေသည်။ သူ့လူမျိုးများ ဂျေရုဆလမ်မြို့ တံခါးကို ဖွင့်ရန် ဘယ်မျှ အခွင့်အရေးနည်းပါးသည်ကို လည်းကောင်း၊ ထိုမြို့တော်တွင်နေထိုင်ရန် တိုတောင်းလိမ့်မည်ကို လည်းကောင်း အိတ်ပလွေသံက သတိပေးနေသည်ဟု သူ ထင်သည်။ ဂျေရုဆလမ်သည် နောက်တစ်ကြိမ် စစ်တလင်းဖြစ်ရလိမ့်ဦးမည်။ သို့နှင့် အမှောင်ရိပ်တွင် ဝိန်ဂါတင် အိတ်ပလွေသံကို နားစွင့်နေစဉ် ဆူညံသောအသံဗလံများ မြို့ဟောင်းကြီး၏ အရပ်ရှစ်မျက်နှာဆီမှ ကြားရသည်။

ထိတ်လန့်စရာ အသံများသည်ကား သေနတ်သံများ ဖြစ်လေသည်။

သေနတ်သံကြားရလျှင် အာရပ်အမျိုးသမီးများသည် စိုးရွံ့မိသည်။ ကျည်ဆန်များ သူ့ခေါင်းအထက်မှ ဖြတ်၍ ပြေးသည်။ သူလည်း လူသူမရှိသောလမ်းတွင် ခပ်မြန်မြန် သုတ်ခြေတင်သည်။ ရှေ့နားဆီက ဂျူလီယန်လမ်းထိပ်တွင်ရှိသည့် ခြောက်ထပ်အဆောက်အအုံမှာ သူနေထိုင်လုပ်ကိုင်ခဲ့သည့်နေရာ ဖြစ်သည်။ အလုပ်လုပ်စဉ်က အက်ဆီယာဟာလဘီသည် ထိုအခန်းတွင် ကာလကြာမြင့်စွာ နေထိုင်ခဲ့သည်။ တိုက်အိုကြီးသည် ဂျေရုဆလမ် မိုးထိုးကောင်းကင်မြင်ကွင်းတွင် ထိပ်ဆုံးက နေရာယူထားသည်။ ဂျေရုဆလမ်ဟူသည် ဂျူဒီယာတောင်ကုန်းများပေါ်တွင် မြို့တော်တည်ဆောက်ရန် နေရာရွေးခဲ့သူ ဂျူးဘုရင်တစ်ပါး၏ နာမည် ဖြစ်သည်။ ပါလက်စတိုင်းနယ်မြေမှာ ဗြိတိသျှထိန်းသိမ်းအုပ်ချုပ်သည့် နယ်မြေ ဖြစ်လာခဲ့သည်။

ယနေ့ နံနက်ခင်းတွင် ကင်းဒေးဗစ်ဟိုတယ်ဧည့်ခန်းတွင် လူသူကင်းမဲ့နေသည်။ ကုလားထိုင်များ၊ ဆိုဖာများတွင် ဖုန်များတင်နေသည်။ အပြင်ဘက်တွင် ထရက်ကားတစ်စီးသည် ဗြိတိသျှမော်ကွန်းတိုက်တွင် ထိန်းသိမ်းရန် ဖိုင်တွဲများပါသည့် ဗီရိုများကို စောင့်၍ တင်နေသည်။ အခန်းထောင့်တစ်နေရာတွင် ဗြိတိသျှပဋိညာဉ်ခံ ဝန်ထမ်းများ အချင်းချင်းပြောဆိုကာ နောက်ဆုံး ကော့တေးအရက်ပွဲကို ကျင်းပနေကြသည်။

အက်ဆီယာဟာလာဘီသည် ဗြိတိသျှဝန်ထမ်းများအား နှုတ်ဆက်ရန် ဒေးဗစ်ဟိုတယ်သို့ စွန့်စွန့်စားစားရောက်လာသည်။ ဟိုတယ်ထဲဝင်လျှင် သူတို့ဇာတိမြေကို နှစ်သုံးဆယ်တိုင်တိုင် အုပ်ချုပ်သွားသူ ဗြိတိသျှအရာရှိများအား နှုတ်ဆက်ရန်လာသူ အာရပ်သို့မဟုတ် ဂျူးဆို၍ သူတစ်ယောက်တည်းသာ ရှိနေသည်ကို သတိထားမိသည်။ သူတို့ကား အက်ဆီယာ၏ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်မဟုတ်လား။

(၄)

ထိုညနေက ဒေးဗစ်ဟိုတယ်တတိယထပ် သူ၏ရုံးခန်းတွင် ဗြိတိသျှဘုရင့်အစိုးရ၏ အမှုထမ်းအဖြစ် နောက်ဆုံး လုပ်ငန်းတာဝန်ကို သူ ဆောင်ရွက်သည်။ ဂျေနင်သစ်တောတွင် စောင့်ကြပ်နေသည့် အရန်တပ်သားနှစ်ယောက်အတွက် စိုက်ပျိုးရေးဌာနမှ ပါလက်စတိုင်း ပေါင် (၆၅၀) အသုံးပြု ခွင့်ပြုသည့် အမိန့်ကို သူ လက်မှတ်ထိုးပေးလိုက်သည်။ အက်ဆီယာဟာလာဘီသည် ပါလက်စတိုင်း ဗြိတိသျှအုပ်ချုပ်ရေးမှ ပေါက်ဖွားလာသည့် ဗျူရိုကရက်တစ်ယောက် ဖြစ်လေသည်။

သူသည် ခရစ်ယာန်အာရပ်လူလတ်တန်းစား မိသားစုမှ မွေးဖွားလာသည့် သမီးတစ်ယောက် ဖြစ်သည်။ ဗြိတိသျှအုပ်ချုပ်ရေးက သူ့ကို များစွာ ကျေးဇူးပြုခဲ့သည်။ အချုပ်ချယ်ခံ အာရပ်အမျိုးသမီးဘဝမှ သူ လွတ်မြောက်ခဲ့သည်။ (၁၉၃၉) တွင် ဂျေရုဆလမ် မော်တော်ယာဉ်မှတ်ပုံတင်ရုံး၌ မော်တော်ကားပိုင်ရှင်အဖြစ် လည်းကောင်း၊ မော်တော်ကားဝယ်သူအဖြစ် လည်းကောင်း မှတ်ပုံတင်ခဲ့သည်။ သူသည် မော်တော်ကားပိုင်ဆိုင်သော ပထမဆုံး အာရပ်အမျိုးသမီး ဖြစ်လာသည်။

အခြား ပါလက်စတိုင်းအာရပ်များနည်းတူ သူလည်း ဗြိတိသျှတို့ ယခုလို စွန့်ခွာသွားလိမ့်မည်ဟု မယုံကြည်မမျှော်လင့်ခဲ့ပေ။ လူမှုလုပ်ငန်းများတွင် အုပ်ချုပ်ရေးအတတ်ကို ချစ်မြတ်နိုးအောင် သင်ကြားပေးခဲ့သူများသည် ဤမြေတွင် အုပ်ချုပ်သူမရှိဖြစ်၍ ကျန်ရစ်အောင် ယခုလို စွန့်ခွာသွားကြလိမ့်မည်ဟု အက်ဆီယာ မထင်။ ယခုမူ လက်ဆွဲနှုတ်ဆက်ကာ ထရက်ကားပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် တက်သွားကြသည်။ ဂျေရုဆလမ်မြို့တွင် သူတို့ကို နှုတ်ဆက်သူမှာ သူတစ်ယောက်တည်းသာ ရှိသည်ကိုလည်း သူတို့ သတိမမူမိကြပေ။ သူတို့သည် ဂျူလီယန်လမ်းအတိုင်း ဒမတ်စကတ်တံခါးသို့ ဦးတည်မောင်းနှင်သွားကြသည်။ ထို့နောက် ဘေးရန်ကင်းရှင်းစွာ ဇာတိမြေသို့ ပြန်ကြတော့သည်။ အက်ဆီယာဟာလဘီ ဟာစ်ယောက်သာ သူတို့ကို လက်ပြနှုတ်ဆက်ရင်း ဒေးဗစ်ဟိုတယ်တွင် ကျန်ရစ်ခဲ့သည်။ ယခုမူ ဒေးဗစ်ဟိုတယ်တွင် လူသူကင်းမဲ့သွားသည်။ အုပ်ချုပ်သူ ဗြိတိသျှအမှတ်အသားဆို၍ ရုံးစာအချို့သာ စက္ကူများတွင် ဆောင်းဦးသစ်ရွက်များလို လွင့်ပါးကျန်ရစ်ခဲ့သည်။

အိမ်သို့ ပြန်ရောက်လျှင် သူ့အစ်ကိုထံမှ စာတစ်စောင် ရောက်နေသည်ကို တွေ့ရသည်။ အက်ဆီယာဟာလာဘီအား မြို့ဟောင်းကြီး၏ လုံခြုံသော မွတ်စလင်ရပ်ကွက်သို့ လာပြီး သူနှင့် အတူနေရန် အကြောင်းကြားသည့်စာ ဖြစ်သည်။ ပိုင်ဆိုင်သမျှကို သိမ်းဆည်းသည်။ လက်နှိပ်စက်ကလေးတစ်လုံး၊ ခေါင်းအုံးငယ်တစ်ခုနှင့် ဝက်ဝံရုပ်လေးတစ်ခု၊ အစိမ်းရောင်ဝတ်စုံတို့ကို ထုပ်ပိုးသည်။ အိမ်မှ အထွက်တွင် ပျင်းလျှင် ဖတ်ရန် စာအုပ်စင်မှ စာအုပ်တစ်အုပ်ကိုလည်း ဆွဲယူလာခဲ့သည်။

နောက်တစ်နေ့ အရုဏ်ဦးတွင် အခြား ဂျေရုဆလမ်မြို့သားများနည်းတူ အက်ဆီယာဟာလာဘီ ကို ဘဝသစ်တစ်ခုက ဆီးကြိုနေလေသည်။ ချက်ချင်းပင် ဂျေရုဆလမ်

http://mmteashop.com



မြို့လယ်တွင် နံရံတစ်ခုကို ဖြိုချလိုက်ကြသည်။ အက်ဆီယာဟာလာဘီသည် သူ့မွေးဇာတိမြို့တော်တွင် မြို့ပြေးတစ်ယောက် ဖြစ်ခဲ့ရလေသည်။ နောက်ရက်များတွင် ဖတ်ရန်ယူခဲ့သည့် စာအုပ်ကို နောင်နှစ်ပေါင်းများစွာ အက်ဆီယာ ဖတ်ရှုခဲ့ရသည်။ ထိုစာအုပ်၏ အမည်မှာ အာရပ်များ နိုးကြားလာခြင်း ဖြစ်လေသည်။

ပါလက်စတိုင်း၏ တောင်ကုန်းတစ်ခုတွင် ဗြိတိသျှမဟာမင်းကြီးရုံးတစ်ခု ရုံးစိုက်သည်။ ယင်းကို မကောင်းဆိုးဝါး သံတမန်တောင်ကုန်း ဟု အသိအမှတ်ပြုကြသည်။ မဟာမင်းကြီးမှာ ဘုရင့်တော်ဝင်အမြောက်တပ်မှ ဗိုလ်ချုပ်တစ်ယောက်ဖြစ်ပြီး စကော့လူမျိုးတစ်ယောက် ဖြစ်လေသည်။ ယခုမူ ဆာအယ်လင်ကန်နင်ဟမ်သည် နောက်ဆုံးမဟာမင်းကြီးအဖြစ် ဂျေရုဆလမ်မြို့ဟောင်းကြီးမှ ထွက်ခွာတော့မည်။ သူသည် သူ့မျက်စိအောက်ရှိ မြို့ကြီးကို ရှင်ပျသည့် နှလုံးဖြင့် နောက်ဆုံးအကြိမ် ကြည့်သည်။

ဆာအယ်လင်အဖို့ ပြန်ပြောင်းစဉ်းစားချိန် များစွာမရ။ နောက်ဆုံး ဗြိတိသျှမဟာမင်းကြီးအဖြစ် ဆောင်ရွက်ရန် အခမ်းအနားတစ်ခုက သူ့ကို စောင့်နေသည်။ သူအုပ်ချုပ်စဉ်အတွင်း မအောင်မြင်မှု များစွာရှိခဲ့သည်။ ယခုမူ ပါလက်စတိုင်းတွင် ဗြိတိသျှအုပ်ချုပ်ရေး အဆုံးသတ်တော့မည်။

ပထမကမ္ဘာစစ်အပြီး ဗြိတိသျှသည် မဟာဗျူဟာရည်မှန်းချက်နှစ်ခုဖြင့် ပါလက်စတိုင်းကို ထိန်းသိမ်းအုပ်ချုပ်ရန် လက်ခံခဲ့သည်။ စူးအက်တူးမြောင်း မြောက်ဘက်အဝင်လမ်းတွင် လုံခြုံမှုရှိရေးနှင့် အီရတ်ရေပြင်တွင် ရေနံရှာဖွေရန်ဟူသော ရည်မှန်းချက်နှစ်ခုကို ဗြိတိသျှတို့ ရင်ဝယ်ပိုက်ကာ အုပ်ချုပ်ခဲ့သည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးက အော့တိုမင်တူရကီအင်ပါယာကို အောင်နိုင်သူများကိုယ်စား ဗြိတိသျှတို့အား တာဝန်ပေးခြင်း ဖြစ်သည်။

ဗြိတိသျှအုပ်ချုပ်ရေး၏ ရည်ရွယ်ချက်မှာ ကြီးမားသည်။ ကမ္ဘာအနှံ့ပြန့်ကျဲနေသော ဂျူးလူမျိုးတို့ကို စုစည်းကာ ဤဒေသတွင် နေရာပေးသည်။ တိုင်းရင်းသားတို့အား ပညာပေးသည်။ တူရကီတို့၏ မတော်မတရား အာဏာအလွဲသုံးစားအုပ်ချုပ်ခြင်းကို အမြော်အမြင်ကြီးသည့် ခရစ်ယာန်ကိုလိုနီနယ်ချဲ့စနစ်ဖြင့် အစားထိုးမည်။ သို့ြငားလည်း ရည်မှန်းချက်မပေါက်မြောက်။ ပြဿနာမျိုးစုံ၊ အခက်အခဲမျိုးစုံ ကြုံရသည်။ နောက်ဆုံးမဟာမင်းကြီးထက် မည်သူမျှ ပို၍ မသိနိုင်။ ယခုမူ မေလတစ်မနက်ခင်းတွင် ဗြိတိသျှတို့ထားခဲ့သည့် အမွေမှာ မလွဲမသွေစစ်ပွဲများဖြစ်ပွားမည့် ဆိုးမွေပင် ဖြစ်သည်။ ကန်နင်ဟမ် ထွက်ခွာတော့မည်။ သူသည် မဟာမင်းကြီးအိမ်တော် ပန်းခြံထဲတွင် လမ်းလျှောက်နေသည်။ တောင်ကုန်းအောက်တွင်မူ အချင်းချင်းသတ်ဖြတ်ရန် လူ (၁၆၀,၀၀၀) သည် သူထွက်ခွာမည့် အချိန်တိုင် စောင့်နေကြသည်။

ပန်းခြံထဲတွင် လမ်းလျှောက်စဉ်းစားနေရာမှ တစ်ဖက်ကို သူလှည့်လိုက်သည်။ စစ်တပ်အရာရှိများ၊ အစိုးရအရာရှိများနှင့် သတင်းစာဆရာအနည်းငယ် သူ့ကို စောင့်

http://mmteashop.com



နေကြသည်။ စောင့်နေသူတို့မျက်နှာကို သူ ကြည့်သည်။ ဂျေရုဆလမ်မြို့ရှိ အာရပ်ကိုယ်စားပြုသူ၊ ဂျူးကိုယ်စားပြုသူတစ်ယောက်မျှ နှုတ်ဆက်ရန် မရောက်လာကြသည်ကို သတိထားမိသည်။ ဆာအယ်လင်သည် အိမ်တော်ရှေ့တွင် နေရာယူသည်။ ဆင်ဝင်တွင် တောင်ပေါ်သားခြေမြန်တပ်ရင်းမှ စစ်သားငါးယောက်က သတိအနေအထားဖြင့် နေရာယူသည်။ အချိန်မှာ နံနက် ခုနစ်နာရီ။ နံနက်ခင်း၏ လေပြည်အေးတွင် စစ်ခရာသံထွက်ပေါ်လာသည်။ ဆာအယ်လင် သတိအနေအထားဖြင့် ရပ်သည်။ ဂျေရုဆလမ်မြို့၏ ကောင်းကင်ပြာပြာအောက်တွင် ယူနီယန်ဂျက်အလံ အောက်သို့ ချနေစဉ် အိတ်ပလွေများက ငြိမ့်ညောင်းခန့်ညားစွာ တီးမှုတ်သည်။

အလံတိုင်ထိပ်မှ ယူနီယန်ဂျက်အလံ တဖြည်းဖြည်းကျလာသည်။ ဆာအယ်လင်မှာ ဝမ်းနည်းစိတ်ကို မျိုသိပ်ထားရသည်။ "တို့တစ်တွေ အများကြီးကြိုးစားအားထုတ်ခဲ့တယ်၊ အခုလို စွန့်ခွာဖို့အတွက် အသက်ပေါင်းများစွာ စွန့်ခဲ့ရတယ်၊ နှစ်ပေါင်းသုံးဆယ်ကြာတယ်၊ ဘာတစ်ခုမှ မအောင်မြင်ဘူး" ဤသို့ ဆာအယ်လင် တွေးမိသည်။

လေဆိပ်သို့ သူ့ကို ပို့ဆောင်ပေးမည့် ကားအနက်ကြီးရောက်လာသည်။ ယင်းမှာ လေးတန်လေးသည့် ဒိမ်းမလားသံချပ်ကာကားဖြစ်ပြီး ဗုံးမိုးရွာသည့် လန်ဒန်မြို့တွင်းသို့ ဆဋ္ဌမဂျော့ဘုရင် လှည့်လည်ကြည့်ရှုရန် ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ကန်နင်ဟမ်၏ လုံခြုံရေးအတွက် ကလီးမင့်အက်တလီက ဂျေရုဆလမ်သို့ ပို့သဖြင့် ရောက်လာသည့်ကားဖြစ်သည်။ ခေါင်းအလွန်မာသည့် စကော့ဗိုလ်ချုပ်သည် ဒိမ်းမလားကို ဘယ်တော့မျှ မစီး။ ယခုမူ လုံခြုံရေးအရာရှိ၏ ညွှန်ကြားချက်အရ နောက်ဆုံး ဝမ်းနည်းဖွယ်ခရီးတွင် ဂျေရုဆလမ်မြို့တော်ကိုဖြတ်၍ ထိုကားက သူ့ကို ဘေးကင်းရာသို့ သယ်ဆောင်သွားသည်။

ကားထဲသို့ မဝင်မီ ဘေးဘီလှည့်ကြည့်သည်။ အိမ်တော်ပန်းခြံထဲ သူဆင်း၍ လျှောက်သည်။ ပါလက်စတိုင်းတွင် သုံးနှစ်နေခဲ့စဉ် ပန်းခြံကို သူအလွန်နှစ်သက်သည်။ နှင်းဆီပန်းတွေ ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။ ထိုပန်းခြံထဲမှာ လမ်းလျှောက်ရင်း အပြစ်ဒဏ်ခံရသည့် ဂျူးအကျဉ်းသားတစ်ယောက်၏ ပုံရိပ်သည် သူ့စိတ်ထဲတွင် ပေါ်လာသည်။ အကြမ်းဖက်သူများ၏ ဗုံးဒဏ်ခံရပြီး ခြေပြတ်လက်ပြတ်ခံခဲ့ရသည့် ဗြိတိသျှစစ်သားများ သူ မြင်ယောင်လာသည်။ ပန်းခြံထဲမှ လာဗင်ဒါပန်းရုံတိုင်းကို သူသိသည်။ ပန်းခြံနံရံကို တွယ်၍ တက်နေသော နှင်းဆီပန်းနွယ်များ၊ အလက်ပိုထင်းရှူးပင်သေးသေးသွယ်သွယ်များကို သူ သိသည်။

အခုတော့ အဲဒီပန်းပင်တွေကို ဘယ်သူ ကြည့်ရှုပြုစုတော့မှာလဲ၊ သူစိတ်မချမ်းမမြေ့ ဖြစ်ရသည်။

ထိုနေ့ကား (၁၉၄၈) မေလ (၁၄)ရက် ဖြစ်သည်။ မြင့်မြတ်သည့် ပါတာလီနတ်ပြည် (ဝါ) ပါလက်စတိုင်းပြည်တွင် သမိုင်းစာမျက်နှာသစ် တစ်မျက်နှာ အစပျိုးလေပြီ။ ဗြိတိသျှဗိုလ်ချုပ်တစ်ယောက် ဤမြေမှ ထွက်ခွာသွားပြီးနောက် ရှေးဟောင်းမြို့တော် တစ်ခု

http://mmteashop.com



ပြန်လည် မွေးဖွားလာတော့မည်။ ထိုမြေတွင် သူပိုင်သည် ငါပိုင်သည် အချင်းပွားကာ အာရပ်နှင့် ဂျူးများအကြား တိုက်ပွဲသစ်တစ်ခု ထင်ထင်ရှားရှား ပေါ်လာတော့မည်။ ဤသို့ဖြင့် နှစ်ပေါင်းနှစ်ဆယ်လုံးလုံး အရှင်းရခက်သည့် အရှုပ်အထွေးတစ်ခုသည် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို ဒုက္ခပေးပြီး တစ်ကမ္ဘာလုံး ဝိုင်းဝန်းဖြေရှင်းရသည့် ပြဿနာတစ်ခု ဖြစ်လာခဲ့လေသည်။

ooo

http://mmteashop.com

# အခန်း (၁)

## တစ်ချိန်တွင် ငိုကြွေးခဲ့ရပြီး တစ်ချိန်တွင် ပျော်ပွဲဆင်ခဲ့ရသည့် ဂျေရုဆလမ်

(၁၉၄၇) နိုဝင်ဘာ (၂၉) မှ (၁၉၄၇) ဒီဇင်ဘာ (၂၀) အတွင်း

http://mmteashop.com



## အပိုင်း (၁)

### ဖလက်ရှင်းမဲဒိုးဆုံးဖြတ်ချက်

အချိန်ကား (၁၉၄၇) နိုဝင်ဘာ (၂၉) စနေနေ့ညနေခင်း။ နယူးယောက်မြို့ ဖလက်ရှင်းမဲဒိုး **(Flushing Meadow)** ဒေသ။ တစ်ချိန်က ရေခဲလျှောစီးကွင်း ညီညီမွဲမွဲလိပ်ခုံးအဆောက်အအုံကြီးတွင် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အထွေထွေညီလာခံ အဖွဲ့ဝင် ငါးဆယ့်ခုနစ်နိုင်ငံတို့ စုဝေးရောက်ရှိလာကြသည်။ မြေထဲပင်လယ်ကမ်းခြေ အရှေ့ဘက် နှုတ်ခမ်းပေါ်ရှိ နယ်မြေအပိုင်းအစကလေးတစ်ခု၏ အနာဂတ်ကို ဆွေးနွေးဆုံးဖြတ်ရန် ရောက်ရှိလာကြခြင်း ဖြစ်သည်။ ထိုမြေအကျယ်မှာ ဒင်းမတ်နိုင်ငံတစ်ဝက်မျှသာ ရှိသည်။ စကြဝဠာတွင် ရှေးဟောင်းမြေပုံ ရေးဆွဲလိုသူများ၏ အချက်အချာဒေသတစ်ခုဖြစ်ပြီး ကမ္ဘာကြီးငယ်ရွယ်စဉ်က လူတို့၏ ပန်းတိုင်သို့ ရှေးရှုရာလမ်းများ လာရောက်ဆုံတွေ့ကြသည့် ဒေသတစ်ခု ဖြစ်သည်။ ယင်းမှာ ပါတလိနတ်ပြည်ခေါ် ပါလက်စတိုင်းနိုင်ငံ ဖြစ်လေသည်။

ဤမြေမှာ မိမိတို့ ဘာသာရေးအမွေအနှစ်များ စတင်ရာ ဇာတိဖြစ်သည်ဟူ၍ အငြင်းပွားအချင်းများခဲ့ရသည့်မြေ ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂသမိုင်းတွင် ဤမြေပိုင်ခွင့်အချေအတင်စကားစစ်ထိုးပွဲများသည် စိတ်အားအထက်သန်ဆုံးဟု မှတ်တမ်းတင်ရမည် ဖြစ်သည်။ ဘယ်စကားစစ်ထိုးပွဲမျှ သူ့လောက် မပြင်းထန်ခဲ့ပေ။ အထွေထွေညီလာခံတွင် ရှေးဟောင်းနယ်မြေကို နှစ်ပိုင်းပိုင်းကာ အာရပ်နယ်မြေတစ်ခု၊ ဂျူးနယ်မြေတစ်ခု ဖန်တီးရန် အစီအစဉ်တစ်ခု ဖော်ပြထားသည်။ နှစ်ပေါင်းသုံးဆယ်လုံးလုံး ဂျေရုဆလမ်ကို သူပိုင်သည် ငါပိုင်သည် ဟူ၍ ဂျူးနှင့်အာရပ်တို့ ရန်းကန်တိုက်ပွဲဝင်ခဲ့ရာမှ ကုလသမဂ္ဂ၏ အထူးကော်မတီက နည်းလမ်းရှာကြံရန် အဆိုပြုခဲ့သည်တွင် ထွက်ပေါ်လာသည့် ရလဒ်အဖြေပင် ဖြစ်သည်။ ကုလသမဂ္ဂ၏ စုပေါင်းအကြံဉာဏ်ဖြစ်ပြီး အမြော်အမြင်ကြီးသည့် အကြံဉာဏ်ဟု လက်ခံကြသည်။

မြေပုံဆွဲသူ ဘီလူးစီးခံရသည့်ကိစ္စမျိုး ဖြစ်သည်။ စေ့စပ်ဆွေးနွေး၍ အဖြေရှာရလျှင် အကောင်းဆုံး ဖြစ်နိုင်သည်။ သို့မဟုတ်လျှင်ကား မကျေနပ်စရာတွေ ပွားများလာနိုင်သည်။ ထိုမြေတွင် နေထိုင်သူဦးရေ သုံးပုံနှစ်ပုံမှာ အာရပ်များဖြစ်ပြီး မြေတစ်ဝက်

http://mmteashop.com



ကျော်ကျော်မှာ အာရပ်တို့ နေထိုင်ကြသည့်မြေများ ဖြစ်ငြားလည်း၊ ပါလက်စတိုင်း၏ ငါးဆယ့်ခုနစ်ရာခိုင်နှုန်းကို ဂျူးလူမျိုးတို့အား ပေးလိုက်ခြင်း ဖြစ်သည်။ ဂျူးနိုင်ငံပိုင်မြေတွင် မြေအများအပြားကို အာရပ်တို့က ပိုင်သည်။ ဂျူးတို့ထက် ပို၍ ပိုင်သည်။ ကိုယ်ပိုင်မြေများသို့ မရွှေ့ပြောင်းမိကဆိုလျှင် ဂျူးမြေတွင် ဂျူးအများစုအဖြစ် တစ်ထောင်ခန့်သာရှိသည်။ ခွဲခြမ်းလိုက်သည့် နိုင်ငံတစ်ခုကို သုံးပိုင်းခွဲသည်။ ထို့နောက် နိုင်ငံတကာက ဖြတ်သန်းပိုင်ခွင့်လမ်းများ သတ်မှတ်သည်။ မည်မျှ ထိန်းချုပ်နိုင်မည်မှာ စီမံကိန်းတစ်ခုလုံး ရှုပ်လုံးပေါ်ရေး အပေါ်တွင်တည်သည်။ နိုင်ငံနှစ်ခုစလုံးမှာ စစ်ရေးအရ ကိုယ့်နိုင်ငံကိုယ်ကာကွယ်နိုင်သည့် အခြေအနေ မရှိ။

အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ခုမှာ ကုလသမဂ္ဂက ဂျေရုဆလမ်မြို့တော်အား အစ္စရေးရော ပါလက်စတိုင်းတို့ကိုပါ ပိုင်ဆိုင်ခွင့်မပေးခြင်းပင် ဖြစ်သည်။ အမှန်စင်စစ် ဂျေရုဆလမ်သည် ရှေးအတိတ်ကတည်းက ပါလက်စတိုင်း၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေး အချက်အချာမြို့ကြီးတစ်ခု ဖြစ်ခဲ့သည်။ ကုလသမဂ္ဂက ဂျေရုဆလမ်မြို့နှင့် ဆင်ခြေဖုံးတို့ကို နိုင်ငံတကာ ထိန်းချုပ်မှုအောက်တွင်ထားရန် ဆုံးဖြတ်ခဲ့သည်။ အာရပ်သို့မဟုတ် ဂျူးတို့အား ပိုင်ဆိုင်ခွင့် ပေးခဲ့လျှင် ပို၍မကျေလည်မှုများ ရှိလာမည်ကို ကုလသမဂ္ဂက ဆင်ခြင်မိသောကြောင့် ဖြစ်သည်။

**(* နောင် အနှစ်နှစ်ဆယ်ရှိပြီး ခြောက်ရက်စစ်ပွဲ ပြီးဆုံးသည့်အခါ အစ္စရေးသည် မူလက စီမံကိန်းပိုင်နက်ထက် သုံးဆပို၍ နယ်မြေပိုင်ဆိုင်လာပြီး ၁၉၄၇-ခုနှစ်က နယ်နိမိတ် အကျယ်ထက် ပို၍ ကျယ်လာသည်။)**

ထိုအဆိုပြုချက်သည် ဂျူးတို့၏ မျှော်လင့်ချက်ကို ရိုက်ချိုးသည့် ဆုံးဖြတ်ချက် ဖြစ်သည်။ ဂျေရုဆလမ် မပါဘဲ ပါလက်စတိုင်းနယ်မြေတွင် ဂျူးနိုင်ငံ ဖန်တီးထူထောင်ခွင့်ပြုခြင်းမှာ ဂျူးတို့ ကျိန်ဆဲစရာ ဖြစ်လာသည်။ ခန္ဓာကိုယ် ပြန်လည်ရှင်သန်လာသော်လည်း ဝိညာဉ်မပါသည်နှင့် တူလေသည်။

နှစ်ပေါင်းနှစ်ထောင်ကျော် ဂျူးလူမျိုးတို့ ဇာတိမြေမှ လွင့်စဉ်ထွက်သွားခဲ့ကြရသည်။ ယင်းကို "သင့်ကို ငါတို့ မေ့လျော့ခဲ့ရင်၊ အို . . . ဂျေရုဆလမ်ရယ်" ဟူသော စကားလုံးများဖြင့် ဖော်ပြခဲ့ကြသည်။ ပြန့်ကျဲနေသော ဂျူးတို့၏ ဘုရားကျောင်း၏ အဓိကနံရံများသည် ဂျေရုဆလမ်မြို့ရှိရာ အရှေ့ဘက်သို့ မျက်နှာမူတည်ဆောက်ခဲ့ကြသည်။ ရှေးရိုးအစွဲအလမ်းကြီးသော သူများ၏ အိမ်နံရံတစ်ကွက်ကို ဂျေရုဆလမ်နာမည်နှင့် ခေါ်ထားလျှင် ဝတ်မပြုကြတော့ပေ။ ဂျူးသတို့သားသည် မင်္ဂလာအခမ်းအနားတွင် ဖန်ခွက်ကို ခြေထောက်ဖြင့် နင်းခြေခြင်းဖြင့် သူတို့၏ ဘုရားကျောင်းဖျက်ဆီးခံရခြင်းကို ဝမ်းနည်းသည့် အထိမ်းအမှတ်ပြုလေ့ ရှိသည်။ သူ့မင်္ဂလာဆောင်အထိမ်းအမှတ်အဖြစ် "ဂျေရုဆလမ် မြို့တော်လမ်းမများတွင် ပျော်ရွှင်စွာ ကခုန်ရပါစေ" ဟု ဆုတောင်းလေ့ရှိသည်။ ဂျေရုဆလမ်မြို့တော်တွင် အဓိကရ တောင်ကုန်းတစ်ခု ရှိသည်။ ယင်းမှာ ဇီယွန်

http://mmteashop.com



(Zion) တောင်ကုန်း ဖြစ်သည်။ ဂျူးလူမျိုးများ ဇာတိမြေသို့ ပြန်လည်စုစည်းကြရန် နှိုးဆော်သည့် ဝေါဟာရတစ်ခု ဖြစ်လေသည်။

သိုးသားငယ် ပူဇော်ပွဲဖြစ်သည့် နွေဦးပွဲတော်တွင် ဂျူဒီယာတောင်ကုန်းကို ကြည့်ကာ နောင်နှစ်တွင် "ဂျေရုဆလမ်တွင် ဆုံကြပါစို့" ဟု ကတိစကား ထားလေ့ရှိကြသည်။

ဘာသာရေး အစွဲအလမ်းအပြင် အခြား မဟာဗျူဟာအချက်များ ရှိသေးသည်။ ဂျေရုဆလမ်မြို့သား သုံးယောက်အနက် နှစ်ယောက်မှာ ဂျူးလူမျိုး ဖြစ်သည်။ ဂျူးနိုင်ငံမှာ ပင်လယ်ကမ်းခြေနှင့် အလှမ်းဝေးသည်။ ဂျေရုဆလမ် မပါသည့် ဂျူးနိုင်ငံသည် မြေထဲပင်လယ်ကို မပေါက်ရောက်သည့် ကမ်းရိုးတန်း နိုင်ငံတစ်ခု ဖြစ်သွားနိုင်သည်။

ဗာတီကန် ပုပ်ရဟန်းမင်း၏ တိုက်တွန်းချက်အရ တောင်အမေရိက ကက်သလစ်နိုင်ငံများအား တစ်ခု အသိပေးသည်။ ယင်းမှာ အကယ်၍ ပါလက်စတိုင်း ခွဲခြမ်းခြင်းကို ထောက်ခံခဲ့လျှင် ဂျေရုဆလမ်ကို နိုင်ငံတကာ ထိန်းသိမ်းမှုအောက်တွင် ထားရှိရမည်ဟူသော အချက်ပင် ဖြစ်သည်။

လက်တင်အမေရိကနိုင်ငံများ၏ မဲဆန္ဒမပါဘဲ ဂျူးတို့အဖို့ ခွဲခြမ်းနိုင်ငံ တည်ထောင်ရန် မဖြစ်နိုင်။ ဂျူးတို့ အလျှော့ပေးလိုက်သည်။ ဂျေရုဆလမ်ကို သူတို့ အဆုံးရှုံးခံလိုက်သည်။

ဂျေရုဆလမ်ကို ဆုံးရှုံးရသော်လည်း ကုလသမဂ္ဂ၏ ပါလက်စတိုင်းပြည် ခွဲခြမ်းရေးသည် ပါလက်စတိုင်းရှိ ဂျူး (၆၀၀,၀၀၀) တို့အတွက် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်က အိပ်မက်တစ်ခုကို အကောင်အထည်ဖော်စေခဲ့သည်။ ဂျူးတို့သည် သမ္မာကျမ်းစာပါ သူတို့နိုင်ငံကို ဖက်တွယ်ထားကြသည်။ အေဒီ (၇၀)က သူတို့ ထွက်ခွာခဲ့ကြသည် မဟုတ်လား။ ယခုမူ ဘုရားသခင်က အဗရာဟမ်နှင့် သူ၏ သားမြေးအား ပေးမည်ဟု ကတိပြုထားသည့် ခါနန်ပြည်ကို ပြန်လာခွင့် ရတော့မည်။

သူတို့၏ ဘေးဘိုးဘီဘင်တို့သည် လှည့်လည်သွားလာသည့် ဟီဘရူးများအဖြစ် မီဆိုပိုရေးမီးယားမှ ထွက်ပြေးခဲ့ကြသည်။ နောက်ဆုံးတွင် မိုးဇက် ခေါင်းဆောင်ပြီး အီဂျစ်ပြည်မှ နှစ်လေးဆယ် ခရီးနှင်ခဲ့ကာ ဂျူဒီယာ တောင်ကုန်းများဆီသို့ ပြန်လာကြသည်။ ယခုမူ ပထမဆုံး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ထူထောင်ခွင့်ရကြပြီ။

ဒေးဗစ်နှင့်ဆော်လမွန်ဘုရင်ကြီးတို့ လက်ထက်တွင် နှစ်ပေါင်းတစ်ရာ ဂျူးနိုင်ငံ ထူထောင်ခွင့် ရခဲ့သည်။ ဥရောပ၊ အာရှနှင့် အာဖရိကတို့၏ ကုန်သည်များ ဖြတ်သန်းရာ လမ်းဆုံလမ်းခွဖြစ်သည့် ထိုဒေသကို အနီးဝန်းကျင်က ဝင်ရောက် တိုက်ခိုက်ကြသည်။ ဟီဘရူးတို့မှာ နှစ်ပေါင်းတစ်ထောင်နီးပါး အတိုက်အခိုက် ခံခဲ့ရသည်။ အဆီးရီးယား၊ ဘေဘီလုံ၊ အီဂျစ်၊ ဂရိ၊ ရောမတို့၏ စစ်သည်များသည် ဂျူးတို့ မြေကို တစ်ဦးပြီး တစ်ဦး ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ (၅၈၆) ဘီစီနှင့်အေဒီ (၇၀) တို့တွင် စစ်နိုင်သူတို့သည်

http://mmteashop.com



ဂျူးတို့အား နှင်ထုတ်ခဲ့ကြသည်။ ဂျေရုဆလမ်၏ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည့် ဘုရားကျောင်းကို ဖျက်ဆီးခဲ့ကြသည်။ ထိုသို့ ဇာတိမြေမှ ထွက်ပြေးကြရသဖြင့် ရှေးဟောင်းမြေကို ပိုရ၍ ခင်တွယ်လာကြသည်။

အသိပညာ ကင်းမဲ့သူတို့အား ခရစ်ယာန်ဘာသာသို့ ကူးပြောင်းပေးရန် ကြိုးပမ်းကြသည့် ရှေးဦး ခရစ်ယာန်ဘုရားကျောင်းသည် ဂျူးလူမျိုးတို့အား ဘာသာရေး ကိုးကွယ်မှု မတူသူများအဖြစ် ခွဲခြား ဖိနှိပ်ခဲ့သည်။ ရောမဘုရင် ဒုတိယ သီအိုဒိုဆီးယတ်သည် ဥပဒေတစ်ခု ထုတ်ပြန်ကာ ဂျူးတို့ ကိုးကွယ်သည့် ဂျူးဒါဝါဒကို ဖိနှိပ်ခဲ့သည်။ ဂျူးလူမျိုးများကို ခွဲခြားအုပ်ချုပ်ခဲ့သည်။

ဖရင့်ဘုရင် ဒါဂိုဘတ်သည် ဂေါနိုင်ငံမှ ဂျူးတို့အား မောင်းထုတ်သည်။ စပိန်ဘုရင် ဇိဇိဂေါ့သည် ဂျူးတို့မှ မွေးဖွားသည့် သားသမီးများကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်းခဲ့သည်။ ဘိုင်ဇန်တိုင်ဘုရင် ဟီရာကလိယတ်သည် ဂျူးတို့ ကိုးကွယ်သည့် ဂျူးဒါဝါဒကို ပိတ်ပင်ခဲ့သည်။ ကရူးဆိတ် စစ်ပွဲတွင် ဂျူးဒါဝါဒကို စနစ်တကျ သုတ်သင်ခဲ့သည်။

နိုင်ငံအများအပြားက ဂျူးလူမျိုးတို့အား မြေပိုင်ဆိုင်ခွင့် မပေး။ အလယ်ခေတ်လက်မှုပညာသည်အဖွဲ့နှင့် ကုန်သည်အဖွဲ့များသို့ ဂျူးများကို အဝင်မခံ။

ထိုခေတ်များကို ဂျူးတို့က အမှောင်ခေတ်ဟု သတ်မှတ်သည်။ အမှောင်ခေတ်တွင် ဂျူးလူမျိုးများ အေးချမ်းစွာ ရပ်တည်ခွင့်ကို ပေးသူမှာ စပိန်နိုင်ငံ မဟာမေဒင်အကြီးအကဲများ ဖြစ်သည်။ အာရပ်လူမျိုးတို့ အုပ်ချုပ်ရေးလက်အောက်တွင် ဂျူးတို့မှာ ကြီးပွားချမ်းသာလာကြသည်။ ထို့နောက် စပိန်ကို ခရစ်ယာန်တို့ သိမ်းပိုက်သည့်တွင် ဂျူးတို့ အဖိနှိပ်ခံရသည်။ (၁၄၉၂) တွင် ဖာဒီနန်နှင့်အစ္စဘဲလား လက်ထက်၌ စပိန်နိုင်ငံမှ ဂျူးတို့အား နှင်ထုတ်သည်။

ဂျာမနီတွင် ဂျူးတို့အား ရထားတွဲများတွင် စီးခွင့်မပြု။ မြို့သို့ဝင်လျှင်လည်း မြို့ဝင်ကြေး ပေးရသည်။ ဗင်းနစ်သမ္မတနိုင်ငံတွင် ဂက်တိုနူအိုဗို ဟူသော ဝေါဟာရတစ်ခု တီထွင်သည်။ ဂက်တိုဟူသည် ဂျူးရပ်ကွက်ဖြစ်သည်။ ယင်းဘွင် ဂျူးတို့ သီးခြားနေထိုင်ရသည်။ ပိုလန်နိုင်ငံတွင် ကော့ဆက်တို့၏ တော်လှန်ရေး၌ ဂျူးတို့ များစွာ ဖိနှိပ်သုတ်သင်ခံရသည်။ ဆယ်နှစ်အတွင်း ဂျူး (၁၀၀,၀၀၀) ကျော် သေဆုံးခဲ့သည်။ ဇာဘုရင်တို့ ပိုလန်ကို သိမ်းပိုက်သည့်အခါ ကမ္ဘာတွင် ဂျူးလူမျိုး တစ်ဝက်ခန့် အမှောင်ခေတ်မှာ နစ်မွန်းရသည်။ ဂျူးလူမျိုးယောက်ျားလေး ဆယ့်နှစ်နှစ်ပြည့်လျှင် နှစ်ဆယ့်ငါးနှစ် စစ်မှုထမ်းရသည်။ ဂျူးတို့စားသည့် သန့်ရှင်းသော အသားအတွက် အထူး အခွန်ကောက်ခံသည်။ ဥပုသ်သီတင်းတွင် ပူဇော်သည့် ဖယောင်းတိုင်တို့ကိုလည်း အခွန်ကောက်သည်။ မြို့ကြီးများတွင် တက္ကသိုလ်ရပ်ကွက်များ၌ ဂျူးအမျိုးသမီးများ နေထိုင်ခွင့်မပြု။ နေထိုင်ချင်လျှင် ပြည့်တန်ဆာအမှတ်အသားဖြစ်သည့် ကြယ်ဝါတံဆိပ်ကို ရင်မှာ ချိတ်ထားရသည်။ (၁၈၈၀) တွင် ဒုတိယအလက်ဇင်းဒါး အသတ်ခံရသဖြင့် ဇာဘုရင်စစ်သားများ

http://mmteashop.com



အားပေးအားမြှောက်ပြုသည့် လူရမ်းကားအုပ်စုသည် ဂျူးရပ်ကွက် တစ်ခုပြီးတစ်ခုသို့ ဝင်ရောက်ဖျက်ဆီးမီးရှို့သည်။ သတ်ဖြတ်သည်။ ဤသို့ဖြင့် စနစ်တကျ လူသတ်ပွဲဆိုသော ဝေါဟာရတစ်ခု ပေါ်ပေါက်လာသည်။

ဟစ်တလာ၏ လူသတ်ခေတ်ငွေ့ခန်းဆီသို့ ဂျူးအမြောက်အမြား ပို့ဆောင်သတ်ဖြတ်သည်မှာ ခေတ်သစ်သမိုင်းတွင် သွေးစွန်းသည့် ထူးခြားသော သမိုင်းမှတ်တိုင်များ ဖြစ်လာသည်။

(၁၈၉၅) တွင် ပြင်သစ်စစ်တပ်မှ ဂျူးအရာရှိတစ်ယောက်ဖြစ်သည့် ကပ္ပတိန် အဲလ်ဖရက်ဒရေးဖက်အား ပဲရစ်မြို့တွင် စစ်အခမ်းအနားဖြင့် ရှုတ်ချသည်။ ပြစ်မှုမှာ စစ်ရေးလျှို့ဝှက်ချက်များကို ဂျာမနီအားပေးသောကြောင့် ဖြစ်သည်။

ထိုအခမ်းအနားကို ဗီယင်နာသတင်းစာဆရာတစ်ယောက် ကြည့်ရှုခဲ့ရသည်။ သူကား သီယိုဒိုဟာဇယ်ဖြစ်ပြီး ဒရေးဖက်လိုပင် ဂျူးလူမျိုးတစ်ယောက် ဖြစ်လေသည်။ သူသည် ဥရောပအဖွဲ့အစည်းတွင် သက်သောင့်သက်သာ နေထိုင်ခဲ့သူ ဖြစ်သည်။ သူ့လူမျိုး သူ့ဘာသာတရားကို လျစ်လျူရှုခဲ့သည်။ ထိုနေ့က "သစ္စာဖောက်ကို သတ်ပါ၊ ဂျူးကိုသတ်ပါ" ဆိုသော အော်သံများကို သူ ကြားရသည်။ သူ့မှာ တုန်လှုပ်ခဲ့ရသည်။ ကြက်သီးမွေးညင်းများ ထလာသည်။ ချက်ချင်းပင် သူ နားလည်လိုက်သည်။ လူအုပ်ကြီးသည် အဲလ်ဖရက်ဒရေးဖက်၏ သွေးကို သောက်လိုခြင်း မဟုတ်။ သူ့သွေးကိုပါ သောက်လိုကြခြင်းဖြစ်သည်ဟု နားလည်လိုက်သည်။ ဟာဇယ် ချောက်ချောက်ချားချား ဖြစ်ကာ ထိုမြင်ကွင်းမှ ထွက်လာခဲ့သည်။ စိတ်ချောက်ချားရာမှ အမြင်တစ်ခု ကြည်ကြည်လင်လင် ရလာသည်။ သူ့လူမျိုး၏ ရည်မှန်းချက် ပန်းတိုင်ကို ဖော်ဆောင်ကာ နှစ်ဆယ်ရာစု သမိုင်းသစ်ကို ရေးမည့် အမြင်သစ်တစ်ခု ဖြစ်သည်။

ယင်းမှာ ဇီယွန်ဝါဒ ဖြစ်လေသည်။ ဟာဇယ်သည် စာမျက်နှာတစ်ရာရှိ စက္ကူပြာ စာတမ်းတစ်ခု ပြုစုသည်။ နာမည်မှာ "ဂျူးနိုင်ငံတော်" ဖြစ်လေသည်။

နောင် နှစ်နှစ်ကြာသည့်အခါတွင် ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့ လောင်းကစား ကက်စီနိုတစ်ခု၌ ပထမဆုံး ကမ္ဘာ့ဇီယွန်ကွန်ဂရက်ကို ဟာဇယ်ခေါင်းဆောင်ကာ ကျင်းပခဲ့သည်။ ဟာဇယ်၏ ကွန်ဂရက်တွင် နိုင်ငံတကာ ဂျူးအမှုဆောင်အဖွဲ့ ဖွဲ့စည်းကာ ဂျူးနိုင်ငံတော်ကို အကောင်အထည်ဖော်ရာ၌ လမ်းညွှန်မှုပေးစေသည်။ ဂျူးအမျိုးသားရန်ပုံငွေတစ်ခုကို ထူထောင်သည်။ ဟာဇယ် ဂျူးနိုင်ငံတော်ထူထောင်မည့် ပါလက်စတိုင်းနိုင်ငံတွင် မြေများ ဝယ်ရန် မြေယာဘဏ်တစ်ခုလည်း ထူထောင်သည်။ ထို့ပြင် နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကိုလည်း ရွေးချယ်သည်။

ဂျူးတို့ ဘုရားဆုတောင်းရာတွင် အသုံးပြုသည့် ရှောစောင်၏ အရောင်ဖြစ်သည့် အဖြူနှင့် အပြာကို ဂျူးနိုင်ငံတော်အလံအဖြစ် သတ်မှတ်ရွေးချယ်သည်။ ဟီဘရူးသီချင်း နာမည်မှာ ပို၍ အဓိပ္ပာယ်ရှိသည်။ ယင်းမှာ မျှော်လင့်ချက် ဖြစ်သည်။

http://mmteashop.com



ဟာဇယ်၏ နောက်လိုက်များသည် ပါလက်စတိုင်းသို့ ပြန်ကြရန် စိတ်အားထက်သန်လာကြသည်။ ဂျူးတို့ အကွဲကွဲအပြားပြား ဖြစ်သွားသည်။ အမှောင်ခေတ်မှာပင် အာဖဂန်နစ္စတန်၌ ပါကစ္စတန်နယ်စပ် ဆာဖက် (Safed)၊ မြောက်ပါလက်စတိုင်းရှိ တိုင်းဘားရီးယတ် (Tiberias) နှင့် မြောက်အစ္စရေးရှိ ဂယ်လီလီ (Galilee) တို့တွင် ဂျူးကိုလိုနီလေးများ ထူထောင်နိုင်ခဲ့သည်။ ခရစ်ယာန်တို့ အုပ်စိုးစဉ်ကာလတွင် ဂျူးတို့အား ဂျေရုဆလမ်သို့ ဝင်ခွင့်မပြု။ ကရူးဆိတ် စစ်သားတို့သည် ဂျူးတို့အား ဂျူးဘုရားကျောင်းထဲမှာပင် အရှင်လတ်လတ် မီးရှို့သတ်ခဲ့ကြသည်။

ပါလက်စတိုင်း၏ မွတ်စလင် အုပ်ချုပ်သူများမှာ သည်းခံသက်ညှာသည်။ အုမာကာလစ်က ဂျူးတို့ကို မဖိနှိပ်။ ဆာလာဒင်သည် မွတ်စလင်ဘာသာဝင်တို့နှင့်အတူ ဂျူးတို့အား ဂျေရုဆလမ်သို့ ခေါ်ဆောင်ခဲ့သည်။ အော်တိုမင်တူရကီတို့လက်ထက်တွင် ဂျူးတို့မှာ ပါလက်စတိုင်းသို့ပြန်လာရန် ပထမဆုံး အခွင့်သာခဲ့သည်။ (၁၈၆၀) တွင် အင်္ဂလိပ် လူသားချင်းစာနာသူ ဆာမိုးဇက်မွန်တီဖီယိုးရီသည် ဂျေရုဆလမ် မြို့ရိုးပြင်ဘက်တွင် ပထမဆုံး ဂျူးရပ်ကွက် တည်ဆောက်ပေးခဲ့သည်။ တစ်ညလျှင်တစ်ပေါင် (စတာလင်) သုံးစွဲရန် ပေးခဲ့သည်။ အဲလ်ဖရက်ဒရေဖက် ရှုတ်ချခံရပြီးနောက်ပိုင်းတွင် (၁၈၉၀) ဂျေရုဆလမ်၏ လူဦးရေ ငါးသောင်းအနက် ဂျူးသုံးသောင်းရှိလာသည်။

ရုရှားတွင် ဂျူးတို့ အစုလိုက်အသတ်ခံရသဖြင့် နှစ်ဆယ်ရာစုအကူး၌ ပါလက်စတိုင်းသို့ ဂျူးများ ပြောင်းရွှေ့လာကြသည်။ ယင်းတို့မှာ ဟာဇယ်လှုပ်ရှားမှု၏ ပထမဆုံး အသီးအပွင့်များ ဖြစ်သည်။ ထို့နောက် ကရိုင်မီယာမှရှေ့နေ ရီယူဗင်ရှာရီသည် ဇီယွန်လှုပ်ရှားမှု၏ ခေါင်းဆောင်တစ်ယောက်ဖြစ်လာပြီး ပါလက်စတိုင်းသို့ ပြောင်းရွှေ့လာသည်။ သူ့ဇနီးမှာ ဂီတတီးဝိုင်းတွင် စန္ဒရားတီးသူ ဖြစ်သည်။ "ဥပဒေတွဲ့ယူပြီး အခစားမြေတူးနေရတယ်။ ကျွန်တော့်ဇနီးက ဘရာဟမ်နဲ့ မိုးဇက်တို့ရဲ့ ဂီတကို စန္ဒရားတီးပြီး ဖြေဖျော်တယ်။ အခု သူ့လက်တွေဟာ စန္ဒရားမတီးတော့ဘဲ နွားနို့ ညှစ်နေပြီ။ ဒါမှ ဒီမြေကို ဖွံ့ဖြိုးစေနိုင်မယ် မဟုတ်လား" ဟု ရှာရီက ဆိုသည်။

ပါလက်စတိုင်းသို့ ပြန်လာကြသူထဲတွင် ပိုလန်နိုင်ငံ ဝါဆောမြို့ အနောက်မြောက်ဘက် သုံးဆယ့်ရှစ်မိုင်ဝေးသည့် ပလွန့်မှ 'ဒေးဗစ်ဂရင်း' လည်းပါသည်။ သူသည် (၁၉)နှစ်သားရှိပြီး ရှေ့နေတစ်ယောက်၏သား ဖြစ်သည်။ သူ့အဖေ၏ အိမ်ထဲသို့ တိတ်တဆိတ် ဝင်ရောက်လာသည့် ဇီယွန်ဝါဒကို သဘောကျသည်။ သူ့အဖေ၏ စာကြည့်ခန်းသည် ပလွန့်မှ ဇီယွန်ဝါဒီတို့ စုဝေးရာ နေရာတစ်ခုဖြစ်သည်။ ဒေးဗစ်ဂရင်းသည် ဆွေးနွေးသူများထဲတွင် မပါ။ သို့သော်လည်း သူသည် ဇီယွန်ဝါဒနှင့်အတူ ကြီးပြင်းလူလားမြောက်ချင်သည်။

ပါလက်စတိုင်းတွင် ဒေးဗစ် ဆင်းဆင်းရဲရဲ နေထိုင်ရသည်။ ဝေါ်မွတ်သည်။ ငှက်ဖျားဒဏ်ခံရသည်။ မြေယာကို ထွန်ယက်ရသဖြင့် ချွေးမြေကျသည်။ ပါလက်စတိုင်း

http://mmteashop.com



ရောက်ပြီး တစ်နှစ်ရှိလျှင် ဂျက်ဖာမှ နှစ်ရက်ခွဲ ခရီးနှင်ကာ ဂျေရုဆလမ် မြို့ရိုးကြီးကို သွား၍ကြည့်သည်။ သူတွေ့ရသည်မှာ ဘာသာစကားမျှော်စင်ကြီး ဖြစ်သည်။ ဂျူးတို့၏ ဘာသာရေး ဗဟိုအချက်အချာတွင် ဂျူးလူမျိုးတို့သည် အချင်းချင်း ဘာသာစကား အမျိုးပေါင်းလေးဆယ်ဖြင့် ဆက်သွယ်နေသည်ကို သူ တွေ့ရသည်။ တစ်ဝက်ခန့်သည် အခြားတစ်ဝက်နှင့် မဆက်သွယ်နိုင်။ စကားမပေါက်။ တစ်ယောက်ပြောသည်ကို တစ်ယောက်က နားမလည်။

ဘာသာစကားတူရှိလာမှ ဂျူးများမှာ အချင်းချင်းနားလည်ပြီး ခေတ်မီနိုင်ငံတော် တစ်ခုကို တည်ထောင်နိုင်မည်ဟု ဒေးဗစ် နားလည်လာသည်။ များမကြာမီ အချိန်အတွင်း ဟီဘရူးဘာသာစကားကို ပြန်လည်ဖော်ထုတ်သည်။

ဇီယွန်အလုပ်သမားသမဂ္ဂ၏ သတင်းစာအယ်ဒီတာအဖြစ် ဂျေရုဆလမ်သို့ ဒေးဗစ် ပြန်လာသည်။ ပထမဆုံး ခေါင်းကြီးပိုင်းကို သူ ရေးသည်။ ပြီးလျှင် ရေးသူကို ဖော်ပြ ရသည်။ “ဂရင်း” ဆိုသည်ကို ဟီဘရူးလို မည်သို့ ပြောရမှန်းမသိ။ ဝေါဟာရ မကြွယ်သေး။ ခဏမျှ သူ စဉ်းစားသည်။ ထို့နောက် မျိုးရိုးနာမည်တစ်ခု ဟီဘရူးလို သူ ရေးချလိုက်သည်။ ထိုနာမည်သည် အသက်ထက်ဆုံး တည်တံ့သွားမည့် နာမည်ဖြစ်သည်။ သူမှည့်ခေါ်သည့် မျိုးရိုးနာမည်၏ အဓိပ္ပာယ်မှာ ခြင်္သေ့ငယ်၏သား ဖြစ်သည်။ ယင်းမှာ ဒေးဗစ်ဘင်ဂူရီယန် ဖြစ်လေသည်။

ဗြိတိသျှတို့က ဇီယွန်ဝါဒီတို့ကို သက်ဝင်စာနာသည်။ တစ်ဖန် ပထမကမ္ဘာစစ် တွင် မဟာမိတ်တို့အား ဂျူးတို့က ကူညီသည်ကို ကျေးဇူးဆပ်ချင်သည်။ ထို့ကြောင့် ဒေးဗစ်ဘင်ဂူရီယန်နှင့် သူ့အပေါင်းပါ ဇီယွန်ဝါဒီတို့အား မျှော်လင့်ချက်တစ်ခု ပေးသည်။ သူတို့ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အရေးတစ်ခု ဖြစ်သည်။ “ဗြိတိန်ဘုရင်အစိုးရက ဂျူးတို့၏ အမျိုးသားပိုင်မြေတစ်ခု ပါလက်စတိုင်းတွင် ထူထောင်ရန် ခွင့်ပြုမည်” ဟူ၍ လွှိုက်ဂျော့၏ နိုင်ငံခြားရေးဝန်ကြီး အာသာဘဲလ်ဖိုးက စကားလုံး (၁၁၇) လုံးပါသော စာတစ်စောင်ကို ဗြိတိသျှ ဂျူးဘဏ်မိသားစု အကြီးအကဲ လော့ဝေါ့လ်တာ ရို့စ်ချိုင်းထံသို့ ပေးပို့သည်။ ယင်းမှာ တိကျသည့် ကတိစကား ဖြစ်သည်။ ယင်းကို ဘဲလ်ဖိုးကြေညာချက် ဟု နောင်အခါ ခေါ်တွင်သည်။ ခြွင်းချက် တစ်ခုတော့ရှိသည်။ ဂျူးအမျိုးသားတို့၏ နိုင်ငံထူထောင်ရာတွင် ပါလက်စတိုင်းတွင် နေထိုင်လျက်ရှိသော ဂျူးမဟုတ်သူ လူမျိုးစုများ၏ လူမှုအခွင့်အရေးနှင့်ဘာသာရေး အခွင့်အရေးတို့ကို မထိခိုက် မဆန့်ကျင်စေရဟု ဆိုသည်။ ထိုကတိစကားမှာ သေရေးရှင်ရေးတမျှ အရေးကြီးသည်။ ထိုအချိန်တွင် ဂရိတ်ဗြိတိန်မှာ ပါလက်စတိုင်းကို ဂျာမနီ၏ စစ်အတွင်း မဟာမိတ် တူရကီထံမှ သိမ်းပိုက်စပြုနေချိန် ဖြစ်သည်။ ပထမကမ္ဘာစစ် ပြီးသည့်အခါ နိုင်ငံပေါင်း ချုပ်အသင်းကြီးက ပါလက်စတိုင်းကို ဗြိတိန်အုပ်ချုပ်မှုအောက်တွင် ထားရှိရန် ဆုံးဖြတ် ခဲ့သည်။ ထိုဆုံးဖြတ်ချက်ထဲတွင် ဘဲလ်ဖိုးကြေညာချက် သည် ဆက်စပ် အကျုံးဝင်နေ

http://mmteashop.com



သည်။

ပါလက်စတိုင်းမြေတွင် ဂျူးတို့ ပြောင်းရွှေ့ နေထိုင်လာကြသည်။ ဘဲလ်ဖိုး ကြေညာချက် ထုတ်ပြန်ပြီးနောက်ပိုင်းတွင် ပိုလန်နှင့်နာဇီဂျာမနီတို့တွင် ဂျူးများစွာ အသတ်ခံရသည်။ ထိုအခါ ပါလက်စတိုင်းသို့ ပြောင်းရွှေ့သူ ဂျူးလူဦးရေ များပြားလာပြီး (၁၉၃၅-၃၆) တွင် ခြောက်သောင်းအထိ တိုးပွားလာသည်။ ဂျူးတို့၏ ရင်းနှီးမြှုပ်နှံငွေ သည်လည်း များပြားလာသည်။ ဗြိတိန်အုပ်ချုပ်သည့် ပထမဆယ့်ငါးနှစ်အတွင်း စတာ လင်ပေါင် သန်းရှစ်ဆယ် ရှိလာသည်။ ထိုဂဏန်းမှာ ထိုအချိန်က ဗြိတိန်ဘတ်ဂျက်၏နှစ်ဆ ဖြစ်သည်။

ဤသို့ဖြင့် (၁၉၄၇) ဆောင်းဦးပေါက်တွင် ကမ္ဘာ့ကုလသမဂ္ဂသို့ ဂျူးတို့က သူတို့အား နိုင်ငံတစ်ခုသတ်မှတ်ပေးပါရန် တောင်းဆိုကြသည်။ ဒုတိယကမ္ဘာစစ်ပြီးသည့် အခါ ဂျူးတို့မှာ လူလူချင်း စာနာထောက်ထားမှု မရှိဘဲ ဓာတ်ငွေ့ခန်းများတွင် အစုလိုက် အပြုံလိုက် အသတ်ခံရသည့် ရက်စက်မှုများကို ကြောက်ခမန်းလိလိ ကြုံလာရသည်။ ဂျူးမျိုးပြုန်းအောင် စနစ်တကျသတ်ဖြတ်သဖြင့် ဂျူးခြောက်သန်း သေဆုံးခဲ့ရသည်။ ကြောက်စရာ ငရဲခန်းများ ဖြစ်လေသည်။ သို့သော်လည်း ဂျူးတို့အဖို့ ကုလသမဂ္ဂ၏ အစီအစဉ်သည် အားတက်စရာတစ်ခု ဖြစ်လာသည်။ ပါလက်စတိုင်းတွင် ဂျူးများစုစည်းပြီး အင်အားရှိသည့် ဂျူးလူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်နိုင်မည်ဆိုလျှင် ကြောက်စရာ ငရဲခန်းများ နောက်ထပ်ကြုံတွေ့စရာ မရှိတော့ပြီ။

ပါလက်စတိုင်းတွင် အာရပ်တို့ နှစ်ပေါင်း ခုနစ်ရာကျော် အဆက်မပြတ် နေထိုင် ခဲ့သည်။ အာရပ်ဦးရေ (၁. ၂) သန်း ထိုမြေပေါ်တွင် ရှိသည်။ သူတို့သည် ဘာပြစ်မှုကိုမျှ မကျူးလွန်ပါဘဲလျက် ပါလက်စတိုင်းကို ခွဲခြမ်းခြင်းမှာ မတရားဟု သူတို့ထင်သည်။ မျက်နှာဖြူ အနောက်တိုင်းနယ်ချဲ့စနစ်သည် တရားခံဖြစ်သည်ဟု သူတို့ယုံကြည်သည်။ ရာစုနှစ်ပေါင်းများစွာ အာရပ်တို့ ဂျူးတို့နှင့် သင့်တင့်အောင် နေထိုင်ခဲ့သည်။ ဆူပူမှု အချို့ကား ရှိသည်။ စပိန်တွင် ကာလစ်တို့အုပ်ချုပ်စဉ် ဂျူးတို့မှာ တစ်စုတစ်စည်းတည်း နေနိုင်ခဲ့ကြသည်။ ယင်းကာလမှာ ဂျူးတို့၏ရွှေခေတ် ဖြစ်သည်။ ဥရောပနိုင်ငံများက ဂျူးတို့အတွက် တံခါးပိတ်ထားစဉ် အော့တိုမင်တူရကီတို့သည် ဂျူးတို့အား ကြည်ကြည် ဖြူဖြူ လက်ခံခဲ့သည်။ ဥရောပတွင် ဂျာမနီ၌ ဂျူးတို့အား ဓာတ်ငွေ့ဖိုထဲထည့်၍ အစုလိုက် အပြုံလိုက် သတ်ခဲ့သည်။ ယင်းမှာ ဥရောပ ခရစ်ယာန်တို့၏ လက်ချက်ဖြစ်သည်။ အရှေ့ ဘက်က အစ္စလာမ်နိုင်ငံတို့နှင့် မည်သို့မျှမဆိုင်။ ထိုပြစ်မှု၏ ပစ်မှတ်ကို ဥရောပနိုင်ငံတို့ ခံသင့်သည် မဟုတ်လားဟု အာရပ်တို့ကဆိုသည်။ တစ်ဖန် ပါလက်စတိုင်းမြေ၌ နှစ်ပေါင်း ခုနစ်ရာနေခဲ့သည့် အာရပ်တို့မှာ ထိုမြေကို သူတို့ ပိုင်ထိုက်သည်ဟု တောင်းဆိုကြသည်။ သူတို့ တောင်းဆိုချက်သည် တရားသည်ဟု ဆိုသည်။ ဂျူးတို့အဖို့ သမိုင်းအဆက်အစပ် မည်မျှကြီးမားစေကာမူ အာရပ်တို့လည်း ပိုင်ဆိုင်ထိုက်သည်ဟု ဆိုသည်။

http://mmteashop.com



ဘဲလ်ဖိုးကြေညာချက် ထုတ်ပြန်သည့်အခါ ပါလက်စတိုင်းတွင် အာရပ် (၉၂) ရာခိုင်နှုန်း နေထိုင်လျက်ရှိသည်။ သူတို့၏ဆန္ဒကို မမေးမြန်းဘဲ ဘဲလ်ဖိုးကြေညာချက် ထုတ်ပြန်ခြင်းမှာ နယ်ချဲ့စနစ်၏ လက်ချက်ဖြစ်သည်။ ဗြိတိန်သည် သူပိုင်ဆိုင်ခွင့် လုံးဝ မရှိသော ပါလက်စတိုင်းကို အနာဂတ်အား ပေါင်နှံလိုက်ခြင်းပင် ဖြစ်သည်ဟု အာရပ်တို့က မြင်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဥရောပ ကိုလိုနီအင်အားကြီးနိုင်ငံတို့သည် အာဖရိက အာရှတိုက်ရှိ မျက်နှာဖြူ မဟုတ်သူတို့၏ ကံကြမ္မာကို ကောင်းစွာဖန်တီးပေးဖို့ အချိန်တန်ပြီဟု သဘောပေါက်လာကြသည်။ ပါလက်စတိုင်းခွဲခြမ်းခြင်းသည် ဒုတိယ ကမ္ဘာစစ်မှ ပေါ်ထွက်လာသည့် အသားပိုတစ်ခု ဖြစ်လေသည်။

အာရပ်တို့ကလည်း သူတို့ လိုလားချက်များကို နိုင်ငံကြီးများအား တင်ပြခဲ့သည်။ ပထမကမ္ဘာစစ် မဖြစ်မီ ဂျေရုဆလမ် သတင်းစာခေါင်းကြီးတွင် ဒေးဗစ်ဘင်ဂူရီယန် လက်မှတ်ရေးထိုးပြီးနောက် တစ်နှစ် မပြည့်မီမှာပင် အာရပ်လူငယ် ခုနစ်ဦးသည် ဒမတ် စကတ်မြို့၌ တွေ့ဆုံကာ လျှို့ဝှက်အဖွဲ့တစ်ခု ဖွဲ့စည်းခဲ့ကြသည်။ ယင်းတို့တွင် ပါလက် စတိုင်း နှစ်ဦးပါဝင်သည်။ သူတို့အဖွဲ့ကို အယ်ဖာတက် **(AL Fatat)** အမျိုးသမီးငယ် အဖွဲ့ဟု နာမည်ပေးသည်။ (လက်ရှိ ပါလက်စတိုင်း လွတ်မြောက်ရေးလှုပ်ရှားမှု ဖြစ်သည့် အယ်လ်ဖာတာ **(AL Fatat)** နှင့် မတူ။) ရည်ရွယ်ချက်မှာ အာရပ်လူမျိုးတို့ တူရကီ၏ အော့တိုမင် အင်ပါယာအောက်မှ လွတ်မြောက်ရေး ဖြစ်သည်။ ဤသည်မှာ အာရပ် အမျိုးသားရေးဝါဒ စတင် အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ ပါလက်စတိုင်းကို ဂျူးတို့ ပိုင်ဆိုင်ထိုက်သည် ဆိုခြင်းကို ရာစုဝက်နီးပါး ဆန့်ကျင်ခဲ့သည့် အဖွဲ့အစည်း ဖြစ်လေသည်။

အာရပ်တို့မှာလည်း သူတို့နှင့်ဆိုင်သည့် ဘဲလ်ဖိုးကြေညာချက် ရှိသည်။ တူရကီ အော့တိုမင်အင်ပါယာကို တော်လှန်မည်ဆိုလျှင် လွတ်လပ်သော အာရပ်နယ်မြေ အကျယ်ကြီးတစ်ခု တည်ဆောက်ပေးမည်ဟု ဂရိတ်ဗြိတိန်က ကမ်းလှမ်းသည်။ အီဂျစ် နိုင်ငံရှိ ဗြိတိသျှမဟာမင်းကြီး ဆာဟင်နရီ မက်မဟုန်နှင့် အာရပ်လောက၏ ဘာသာရေး ခေါင်းဆောင် မက်ကာ၏ရှရစ် အကြီးအကဲတို့ အပြန်အလှန်ရေးကြသည့် စာရှစ်စောင်တွင် ထိုကမ်းလှမ်းချက်ပါရှိသည်။

သံတမန်တို့ သုံးနှုန်းသည့် ဘာသာစကား မတိကျသဖြင့် မက်မဟုန်၏စာများ တွင် "ပါလက်စတိုင်း" ဟူသော စကားလုံး မပါရှိ။ သို့သော်လည်း အာရပ်တို့ကမူ ထိုစာ များ၏ အနှစ်သာရတွင် သူတို့အတွက် နိုင်ငံတစ်ခု တည်ဆောက်ပေးမည်ဟု နားလည် ထားကြသည်။ (၁၉၁၆)တွင် တီ၊ အီး၊ လောရင့်၏လှုံ့ဆော်မှုဖြင့် အာရပ်တို့တော်လှန်ရေး စတင်ခဲ့ကြသည်။

အီဂျစ်ရှိ ဗြိတိသျှမဟာမင်းကြီးက အာရပ်တို့အား ပေးခဲ့သည့်ကတိကို သိသည့် ပြင်သစ်သည် ဗြိတိန်နှင့် လျှို့ဝှက်စွာ စေ့စပ်ရေးတစ်ခု ပြုလုပ်သည်။ ပထမကမ္ဘာစစ် ပြီးဆုံးသည့် နောက်ပိုင်းတွင် အော့တိုမင် အင်ပါယာကို ခွဲခြမ်းမည်ဆိုလျှင် ပြင်သစ်တို့က

http://mmteashop.com



သူတို့လည်း ဝေစုရသင့်သည်ဟု ဆိုသည်။ သို့ဖြစ်ရာ ဗြိတိန်ကိုယ်စား ဆာမတ်ဆိုက်နှင့် ပြင်သစ်ကိုယ်စား ဂျက်ဂျော့ပီဘိုးတို့သည် ဆိုက်ပီဘိုး သဘောတူညီချက်ကို လျှို့ဝှက်စွာ လက်မှတ် ရေးထိုးခဲ့ကြသည်။ ဗြိတိန်က အာရပ်တို့အတွက် လွတ်လပ်သော အာရပ်နိုင်ငံတစ်ခု ထူထောင်ပေးမည်ဆိုလျှင် ပြင်သစ်ကိုလည်း ဩဇာသက်ရောက်စေမည့် အခွင့်အရေးပေးမည်ဟု ထိုသဘောတူညီချက်ကဆိုသည်။ ယင်းကို အာရပ်တို့ မသိ။

ပါလက်စတိုင်း အာရပ်နယ်မြေ ပေါ်ထွန်းရေးကို ဗြိတိန်၏ ဘဲလ်ဖိုးကြေညာချက် အရ အကောင်အထည် မပေါ်နိုင်ဘဲ ဗြိတိန်နှင့်ပြင်သစ်တို့က သစ္စာဖောက်ကာ အဟန့်အတားပြုလုပ်နေသည်ကို သိလျှင် အာရပ်တို့သည် ပထမကမ္ဘာစစ်ပြီးနောက် ခပ်ကြမ်းကြမ်း နိုးကြားတက်ကြွလာကြသည်။ အာရပ်တို့အား အသိအမှတ်ပြုထားသည့် နယ်မြေသို့ ဇီယွန်ဝါဒီတို့ မလွဲမသွေ ပြန်ရောက်လာကြတော့မည့် အခြေအနေများ ဖြစ်ပေါ်လာသည်။

ပါလက်စတိုင်းသို့ ပြန်လာသည့် ဂျူးတို့ကလည်း ဗြိတိသျှတို့ ကတိစကားအတိုင်း သူတို့ တည်ဆောက်နိုင်မည့် နိုင်ငံသည် သမ္မာကျမ်းစာထဲတွင်ပါသည့် နိုင်ငံမျိုးဖြစ်ရမည်ဟု မျှော်မှန်းထားသည်။ အာရပ်တို့ကို ထိုမြေတွင် လက်ခံရန် ဂျူးတို့က မစဉ်းစားခဲ့ပေ။ ကမ္ဘာ့ ဇီယွန်ကွန်ဂရက်များတွင် အာရပ်တို့၏နာမည်ကို ဘယ်သောအခါကမျှ ဟာဇယ်၏မိန့်ခွန်းများ၌ ထည့်မပြောခဲ့ပေ။ အာရပ်ပြဿနာသည် အရေးကြီးသည့်ကိစ္စမဟုတ်သဖြင့် သူ၏ရေးသားချက်များတွင် ချန်လှပ်ထားခဲ့သည်။

ဘဲလ်ဖိုးကြေညာချက် ထုတ်ပြန်ပြီးနောက် ရှစ်နှစ်အကြာ (၁၉၂၅) တွင်မှ ချိမ်းဝိုက်ဇမန်းက ' ပါလက်စတိုင်းသည် ရိုဒီရှားမဟုတ်၊ ထိုမြေတွင် အာရပ် (၆၀၀,၀၀၀) နေထိုင်လျက်ရှိသည်။ သူတို့သည်လည်း ဇာတိမြေအဖြစ် ငါတို့နည်းတူ အခွင့်အရေး ရှိသူများဖြစ်သည် ' ဟူ၍ သတိပေးခဲ့သည်။

ဇီယွန်ဝါဒ ထူထောင်သူများသည် မက်ဝါဒ၏ ဩဝါဒကိုခံယူကာ ဂျူးအစဉ်အလာကို ဆိုရှယ်ဒီမိုကရေစီနှင့် စေ့စပ်လက်ဆက်ပေးရန် စိတ်ကူးခဲ့ကြသည်။ ဇီယွန်ဝါဒကို ဘာသာရေးလှုပ်ရှားမှုထက် ကျော်လွန်ပြီး လူမှုစည်းကမ်းအရ လူ့အဖွဲ့အစည်းတစ်ခုလုံး သာယာဝပြောသည့် နိုင်ငံသစ်တစ်ခု အောင်မြင်စွာ တည်ဆောက်ရန်လည်း စိတ်ကူးခဲ့ကြသည်။

သူတို့သည် ဂျူးအလုပ်သမား လူတန်းစားသစ်တစ်ခု ဖြစ်ပေါ်လာအောင် ကြိုးစားကြမည်။ မြေယာ တူးဆွသူများလည်း ဒဿနပညာရှင်များလိုပင် အရေးကြီးသည်ဟု ယူဆသည်။ ဂျူး လူ့အဖွဲ့အစည်းသစ်အတွက် ဂျူးအလုပ်သမားများ သွေးစည်းကြရန် လှုံ့ဆော်စည်းရုံးသည်။ ဂျူးအလုပ်သမား သမဂ္ဂက ဂျူးကုမ္ပဏီများအား ဂျူးအလုပ်သမားများကိုသာ ငှားရမ်းရန် တိုက်တွန်းသည်။

ဘီရွတ်တွင် နေထိုင်ကြသည့် အာရပ်မြေပိုင်ရှင်တို့၏ မြေယာများတွင် ဂျူးလယ်

http://mmteashop.com



သမားများ ဝင်ရောက်ထွန်ယက်ကြသည်။ အာရပ် စာရင်းငှား လယ်သမားများကို မောင်းထုတ်ကြသည်။ ယင်းတို့နေရာတွင် အတိုင်းတိုင်းအပြည်ပြည်မှ ရောက်လာသော ဂျူးများကို နေရာချထားပေးသည်။ ထိုအာရပ်လယ်သမားများသည် မြို့များသို့ အလုပ်ရှာတက်သွားကြသည်။ ထိုအခါ ဂျူးတို့ အစပကတည်းက အုပ်စီးထားသော ကုန်သွယ်ရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းမသာ ဖြစ်ကြရသည်။ ဤသည်မှာ ဇီယွန်ဝါဒ၏ ညွှန်ကြားချက်အရ ဖြစ်လေသည်။

ဟီဘရူး ဘာသာစကားနှင့် ယဉ်ကျေးမှုကို ဂျူးတို့က ပြန်လည်ဖော်ထုတ်သည်။ သိရောက်သည့် ပညာရေးစနစ်ကို ထူထောင်ကာ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်သည်။ သူတို့၏ နိုင်ငံရေးလုပ်ငန်းများတွင် အာရပ်တို့နှင့်မဆက်ဆံဘဲ တစ်သီးတခြားလုပ်ကိုင်လှုပ်ရှားသည်။ ပါလက်စတိုင်းတွင် နေထိုင်သူ ဂျူးတို့သည် သီးခြားလူ့အဖွဲ့အစည်းတစ်ခု ထူထောင်ကြသည်။ လူနေမှုအဆင့်အတန်း၊ ပညာရေးအဆင့်အတန်း မြင့်မားသည်။ အာရပ်တို့အား သူတို့လောက် အဆင့်အတန်းမရှိသူများအဖြစ် သတ်မှတ်ကြသည်။

အာရပ်တို့ကမူ ဂျူးတို့၏ ယဉ်ကျေးမှုအဆောက်အအုံတို့သည် သူတို့ဇာတိမြေကို ဝင်ရောက်ကျူးကျော်ကြသည့် အဖွဲ့အစည်းများဖြစ်သည်ဟု သဘောထားကြသည်။ ဂျူးတို့သည် သူတို့လူနေမှုစနစ်အရ သတ်မှတ်ထားသောဘောင်ထဲတွင် သီးခြားနေထိုင်သည်။ အာရပ်တို့ကို အပေါ်စီးကဆက်ဆံပြီး ဩဇာပေးသည်။ သို့ဖြစ်ရာ အာရပ်တို့က ဂျူးတို့ကို ခါးခါးသီးသီး ရွံမုန်းလာပြီး လူ့အဖွဲ့အစည်းနှစ်ခုသည် အစေးမကပ်တော့ဘဲ ကွာဟသည်ထက် ကွာဟလာသည်။

အာရပ် အမျိုးသားစိတ်နိုးကြားမှုမှာ ဂျူးတို့နောက် ရာစုဝက် နောက်ကျသည်။ စက်မှုလုပ်ငန်းနှင့် လူမှုရေးအဖွဲ့အစည်းတို့ မဖွံ့ဖြိုး။ ကိုလိုနီနယ်ချဲ့ လောင်းရိပ်အောက်တွင် ရာစုနှစ်ပေါင်း များစွာ အဖိနှိပ်ခံခဲ့ရပြီး ယခုမှ လွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ ရောက်စဖြစ်ရာ သူတို့သည် လက်ရှိအခြေအနေကို ခပ်ရိုးရိုးပင် ရင်ဆိုင်သည်။ သူတို့နှင့် စေ့စပ်ဆွေးနွေးတိုင်း ဘယ်တော့မျှ လက်မခံ။ စေ့စပ်ရန် ငြင်းဆိုသည်။ ပါလက်စတိုင်းတွင် ဂျူးနိုင်ငံထူထောင်ခွင့်သည် တရားမဝင်ဟု ပထမဆုံး ငြင်းပယ်သည်။ သို့ဖြစ်ရာ ယင်းနှင့် ပတ်သက်၍ ဘယ်တော့မျှ မဆွေးနွေးဘဲ ရှောင်သည်။ သူတို့၏ ခေါင်းဆောင်များမှာ တစ်ယူသန်များ ဖြစ်သည်။ သို့ဖြစ်ရာ ဂျူးတို့ ပါလက်စတိုင်းတွင် ခြေချရေးကို ဆွေးနွေးသည့်အခါတိုင်း ပါဝင်ဆွေးနွေးရေး အခွင့်အရေးများ လက်လွတ် ဆုံးရှုံးရသည်။ တစ်ဖန် အာရပ်တို့၏ အခွင့်အရေး ဘယ်ရွေ့ဘယ်မျှရှိသည်ကို ပြတ်ပြတ်သားသား အဓိပ္ပာယ်ဖော်ရန် အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ အာရပ်တို့သည် မကျေနပ်မှုကို အကြမ်းဖက်ကာ ထုတ်ဖော်သည်။ (၁၉၂၀) နှင့် (၁၉၂၉) တို့တွင် အကြမ်းဖက် ဆူပူလှုံ့ဆော်သည်။ (၁၉၃၅-၃၆) တွင်မူ ဗြိတိသျှအုပ်ချုပ်မှုကို အတိအလင်း လက်နက်ကိုင်တော်လှန်သည်။

http://mmteashop.com



ယခုမူ အာရပ်တို့က ပါလက်စတိုင်း နှစ်ခြမ်းခွဲရေး အဆိုကို ခါးခါးသီးသီး ဆန့်ကျင်သည်။ ထို့နောက် နှစ်သုံးဆယ်လုံးလုံး ရပ်တည်ခဲ့သည့် အာရပ်တို့၏ လိုလားချက်ကို တင်ပြသည်။ ယင်းမှာ လက်တွေ့အရ အကောင်အထည်ဖော်၍ မဖြစ်နိုင်။

အာရပ်တို့ လိုချင်သည်မှာ တစ်ခုတည်းသော အာရပ်နိုင်ငံဖြစ်ပြီး ဂျူးတို့အား သူတို့လက်အောက်တွင် လူနည်းစုအဖြစ် နေထိုင်ခွင့်ပြုမည်ဟူ၍ ဖြစ်သည်။ ယင်းလမ်းစဉ်ကို အကောင်အထည်ဖော်ရန် ဂျူးခြောက်သန်းအား သတ်ဖြတ်ရာတွင် နာဇီဂျာမနီနှင့်အတူ ပါဝင်ခဲ့သည့် အယူသီး အာရပ်ခေါင်းဆောင် တစ်ယောက်ကို ရွေးချယ်တင်မြှောက်သည်။

ဗြိတိသျှတို့မှာ ကြားညှပ်နေသည်။ ဦးစွာ ပထမ နိုင်ငံပေါင်းချုပ်အမိန့်အရ ပါလက်စတိုင်းကို အုပ်ချုပ်ရမည်ဖြစ်ရာ ဂျူးနှင့်အာရပ်တို့အား အချင်းချင်း ဆန့်ကျင်စေမည့် ကတိစကားများကို ပေးကာ ပါလက်စတိုင်းသို့ အဝင်ပြေပြစ်အောင် ကြိုးစားခဲ့သည်။ ဒုတိယကမ္ဘာစစ် စ၍ဖြစ်ကတည်းက နာဇီ နှိပ်စက်မှုအောက်မှ အသက်ရှင်ကျန်ခဲ့သည့် ဂျူးများကို ပါလက်စတိုင်းသို့ ပြန်ပို့ရန် သူ ငြင်းဆန်ခဲ့သည်။ ယင်းမှာ အာရပ်တို့ ကန့်ကွက်မှုကြောင့် ဖြစ်သည်။ ဤတွင် ပါလက်စတိုင်းတွင် ရှိနေသော ဂျူးတို့က ဗြိတိသျှကို မကျေနပ်။ လက်နက်ကိုင် ဆန့်ကျင်ကြသည်။ ပါလက်စတိုင်းတွင် အခြေအနေ တည်ငြိမ်ရေးအတွက် ဂျူးခြောက်ယောက်ကို စောင့်ကြည့်ရန် ဗြိတိသျှစစ်သား တစ်ယောက်ထားရလိမ့်မည်။ သို့ဆိုလျှင် ဗြိတိသျှစစ်သား (၁၀၀,၀၀၀) ချထားရလိမ့်မည်။ ထိုအခြေအနေကို မဖြေရှင်းနိုင်သော ဗြိတိသျှသည် နောက်ဆုံးတွင် ကမ္ဘာ့ကုလသမဂ္ဂလက်သို့ လွှဲအပ်လိုက်သည်။

နယူးယောက်မြို့ ဖလတ်ရှင်းမဲဒိုးတွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါလက်စတိုင်း အကျပ်အတည်းကို ဖြေရှင်းရန် နှစ်နိုင်ငံခွဲခြားရေးအဆိုကို ထောက်ခံသူတို့အနက် အမေရိကန်ပြည်ထောင်စုလောက် မည်သည့် ကိုယ်စားလှယ်များကမျှ မပြင်းထန်။ အင်တိုက်အားတိုက် သဘောထား မပြကြ။ ကမ္ဘာအရပ်ရပ်ရှိ များစွာသော ဂျူးအဖွဲ့အစည်းများနှင့် ဩဇာတိက္ကမရှိသော ဂျူးအဖွဲ့အစည်းများက အမေရိကန်ကို အပြင်းအထန် တိုက်တွန်းကြသည်။ ထိုအခါ အမေရိကန် ဥပဒေပြုအဖွဲ့များသည် အယူခံလွှာ အများအပြား လက်ခံရရှိသည်။

ပါလက်စတိုင်း နှစ်ပိုင်းခွဲရေးကို ထောက်ခံပြီး ပြန့်ကျဲနေသော ဂျူးတို့ကို ပါလက်စတိုင်းက လက်ခံရန် ကြေညာချက်များ၊ စာတန်းများ ထုတ်ပြန်ခဲ့သည်။ အမြီး အမောက် မတည့်သဖြင့် ရယ်စရာတော့ ကောင်းသည်။ အမေရိကန်၏ ပါလက်စတိုင်း ပေါ်လစီတွင် လိမ်လည်မှုများရှိသည်မှာ ထင်ရှားလာသည်။ အထွေထွေညီလာခံတွင် ပြန့်ကျဲနေသော ဂျူးအသိန်းအသောင်း၏ ဒုက္ခကို ဝေဖန်ဆွေးနွေးနေစဉ် အမေရိကန်ကွန်ဂရက်သည် ဒုက္ခသည်များ ထောက်ပံ့ရေး ဥပဒေကြမ်းကို အတည်မပြုဘဲ ပယ်ချလိုက်သည်။ (၁၉၄၆)

http://mmteashop.com



ပထမ ရှစ်လအတွင်း အမေရိကန် ဥပဒေပြု ကိုယ်စားလှယ်များသည် အာရပ် (၁) ဒသမ (၂) သန်း နေထိုင်သော ပါလက်စတိုင်းတွင် ဂျူးတစ်သန်း လက်ခံရန် တိုက်တွန်းခဲ့ကြသော်လည်း ပါလက်စတိုင်းမှ ထွက်ပြေးလာကြသူများ တရားမဝင် တင်ဆောင်လာသည့် အိတ်ဆိုးဒတ် သင်္ဘောတွင် ပါလာသည့် ဒုက္ခသည် (၄,၇၆၇) ကိုသာ အမေရိကန်က ပြည်ဝင်ခွင့် ပေးခဲ့သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပါလက်စတိုင်း နှစ်ခြမ်းခွဲရေးကို ကန့်ကွက်သူများ သို့မဟုတ် ထောက်ခံရန် တွန့်ဆုတ်နေသူများအား အမေရိကန်အစိုးရက အိမ်ဖြူတော်၏ တိုက်ရိုက်အမိန့်ဖြင့် တွန်းအား အမျိုးမျိုးပေးသည်။ ကုလသမဂ္ဂ အမေရိကန် ကိုယ်စားလှယ် ဟာရှယ် ဂျွန်ဆန်အား သမ္မတ ထရူးမင်းက 'ပါလက်စတိုင်း ခွဲခြမ်းရေး မိန့်ခွန်း ကောင်းကောင်းပြော။ မဟုတ်ရင် သေရအောင် ပြင်ပေတော့' ဟူ၍ လူကိုယ်တိုင်တွေ့ကာ သတိပေးသည် ။ ထရူးမင်း၏ အကြံပေးအရာရှိ ဘားနက်ဘာရတ်သည် ကုလသမဂ္ဂ ပြင်သစ် ကိုယ်စားလှယ် အလက်ဇင်းဒါးပါရိုဒီအား အကယ်၍ ပြင်သစ်သည် ခွဲခြမ်းရေးကို ဆန့်ကျင်ခဲ့လျှင် အမေရိကန်က ပြင်သစ်သို့ပေးမည့် အကူအညီကို ဖြတ်တောက်ရလိမ့်မည်ဟု ပြောင်ပြောင်တင်းတင်း ခြိမ်းခြောက်ခဲ့သည်။ အလက်ဇင်းဒါးပါရိုဒီမှာ သွေးလန့်သွားသည်ဟု ဆိုသည်။

ဤမျှ စည်းရုံးကြိုးစားသော်လည်း (၁၉၄၇) နိုဝင်ဘာ (၂၆) ဗုဒ္ဓဟူးနေ့တွင် အထွေထွေညီလာခံ၌ မဲပေးသည့်အခါ အဆိုရှုံးမည့် အနေအထားများ ဖြစ်ပေါ် လာသည်။ အဆိုအတည်ပြုနိုင်ရန် မဲသုံးပုံ နှစ်ပုံလိုသည်။ အာရပ်မွတ်စလင်နိုင်ငံများ၏ မဲအနေအထားပြောင်းသွားရန် ဇီယွန်လှုပ်ရှားမှုကို ကိုယ်စားပြုသည့် ဂျူးအေဂျင်စီ ခေါင်းဆောင်များအဖို့ နှစ်ဆယ့်နှစ်မဲလိုသည်။ ယင်းမှာ အထွေထွေညီလာခံ ကိုယ်စားလှယ် သုံးပုံတစ်ပုံထက်ပိုသည်။ ဆန့်ကျင်မဲတစ်ခုကို ချေဖျက်ရန် ထောက်ခံမဲ နှစ်ခုရှိရမည်။ ကိုယ်စားလှယ်ငါးဆယ့်ခုနစ်နိုင်ငံ၏ မဲအခြေအနေကို တွက်ချက်ကာ ဂျူးအေဂျင်စီ၏ နိုင်ငံခြားရေးဝန်ကြီး မိုရှေရှာရက်သည် သူ့နောက်လိုက်အား "အခြေအနေ မကောင်းဘူး၊ အချိန်ဆွဲရမယ်"ဟု သတိပေးသည်။

ဂျူးတို့အဖို့ နှစ်ပေါင်းနှစ်ထောင် စောင့်ခဲ့ပြီးနောက် ယခုနည်းလမ်းရှာရန်အတွက် အချိန်အနည်းငယ် စောင့်ဖို့ ဝန်မလေး။ ရှာရက် ရွေးသည့်လမ်းမှာ ဗုဒ္ဓဟူးနေ့ညီလာခံကို မဲမပေးမီ ရွှေ့ဆိုင်းရန်ပင် ဖြစ်သည်။ အချိန်ဆိုင်းသဖြင့် ဂျူးအေဂျင်စီအဖို့ မဲများစုစည်းချိန်ရသည်။

အချိန်မှာ အရေးကြီးလာသည်။ မဲဆန္ဒ စုစည်းချိန်အတွင်း ခွဲခြမ်းရေးကို ဆန့်ကျင်သည့် ဂရိ၊ ဟေတီ၊ လိုင်ဘီးရီးယားနှင့် ဖိလစ်ပိုင်တို့ကို သံတမန်နည်းဖြင့် တွန်းအားပေးသည်။ ခြိမ်းခြောက်သည်။ အမေရိကန်သည် သမ္မတ၏ သဘောတူညီချက်အရ ဂျူးကိစ္စကို အင်တိုက်အားတိုက် ထောက်ခံရန်ပြင်ဆင်သည်။ အမေရိကန်တရားရုံးချုပ်၏ တရား

http://mmteashop.com



သူကြီးနှစ်ယောက်သည် ဖိလစ်ပိုင်သမ္မတ ကာလော့ရိုဂျာထံ ကြေးနန်းပို့ကာ 'အကယ်၍ ခွဲခြမ်းရေးကို ဆန့်ကျင်မဲပေးမည်ဆိုလျှင် ဖိလစ်ပိုင်သည် အမေရိကန်မိတ်ဆွေများ၊ ထောက်ခံသူများ သန်းပေါင်းများစွာနှင့် အဆက်ပြတ်သွားမည်' ဟူ၍ သတိပေးသည်။ ဆီနေတာ နှစ်ဆယ့်ခြောက်ယောက်က ရိုဂျာထံသို့ ကြေးနန်းရိုက်ကာ သူတို့သဘောထားကို ပြင်ဆင်မဲဆန္ဒပေးရန် တိုက်တွန်းသည်။ နောက်ဆုံးတွင် 'အမျိုးသားအကျိုးစီးပွားကို ရှေ့ရှုလျက် ခွဲခြမ်းရေးကိုထောက်ခံရန်' သူ့နိုင်ငံ ကိုယ်စားလှယ်များအား ညွှန်ကြားသည်။

သူ့ကုမ္ပဏီမှ ထုတ်ကုန်များကို ဂျူးလူမျိုးတို့က သပိတ်မှောက်ကြမည်ဟု ဟာဗေး ဖိုင်းယားစတုံးအား ခြိမ်းခြောက်သည်။ ဤတွင် လိုင်ဘီးရီးယားသမ္မတ ဝီလျမ်တပ်ဘမင်းအား ဖိုင်းယားစတုံးက ချဉ်းကပ်ကာ သဘောထားပြောင်းရန် တိုက်တွန်းသည်။ အကယ်၍ လိုင်ဘီးရီးယားက သဘောထားမပြောင်းခဲ့လျှင် သူ၏ ကုမ္ပဏီသည် လိုင်ဘီးရီးယားတွင် ရော်ဘာဇေ တိုးချဲ့စိုက်ပျိုးရန် စီမံကိန်းကို ပြန်လည် စဉ်းစားရလိမ့်မည်ဟု တပ်ဘမင်းအား သူက ပြောသည်။ ဟေတီအစိုးရအား သဘောထားပြောင်းရန် နိုင်ငံခေါင်းဆောင်ကြီး အဒေါ့၊ အေ၊ ဘာလေးက ကူညီသည်။ ဂရိအစိုးရကို မဟာမိတ်တစ်ဦးက တွန်းအားပေးသည်။ ဂရိတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်ကို နှိမ်နင်းရန် ပြည်ပ အကူအညီလိုသည်။ တစ်ဖက်တွင်လည်း သူ၏ကိုလိုနီများမှာ အာရပ်နိုင်ငံများတွင် ပြန့်ကျဲနေသည်။ ဂရိမှာ ဆူးကြားသီးသည့် ဘူးလို ဖြစ်နေသည်။

သို့တိုင်အောင် နိုဝင်ဘာ (၂၉) စနေနေ့ညနေခင်းတွင် ကျင်းပမည့် နောက်ဆုံးမဲဆန္ဒပေးရာ၌ စိတ်မချရသေး။ ကိုယ်စားလှယ်များ တဖွဲဖွဲ ရောက်လာကြသည်။ မော်တော်ကားအနက်များ အဆောက်အအုံရှေ့ထိုးဆိုက်လျှင် လမ်းဘေးမှ ဇီယွန်လူအုပ်က ဇီယွန်အလံများ၊ စာတန်းများ ဝှေ့ယမ်းကာ ကြိုဆိုကြသည်။

ကိုယ်စားလှယ် သုံးရာအတွက်လျာထားသည့် ထိုင်ခုံများ တဖြည်းဖြည်း ပြည့်သွားသည်။ ဆော်ဒီအာရေးဘီးယား ခေါင်းဆောင် အီမာဖေစယ်အစ်ဘင် အက်အယ် အက်ဇစ်သည် အာရပ်ကိုယ်စားလှယ်များကို ခေါင်းဆောင်ကာ တည်တည်ခံ့ခံ့ ဝင်လာသည်။ ညီလာခံခန်းမမှာ လူပြည့်နေသည်။ သတင်းစာဆရာများအတွက် သတ်မှတ်ထားသော အပေါ်ထပ်ပွဲကြည့်ဆောင်တွင် ဂျူးအေဂျင်စီအဖွဲ့ဝင်များ တိုးဝှေ့ဝင်ရောက် နေရာယူကြသည်။ သူတို့၏ ခေါင်းဆောင်တစ်ယောက်ကို မတွေ့ရ။ ယင်းမှာ သိပ္ပံပညာရှင် ဒေါက်တာချိန်းဝိုက်ဇမန်းဖြစ်သည်။ ဝိုက်ဇမန်းသည် နှစ်ပေါင်းအစိတ်ခန့် ဇီယွန်လှုပ်ရှားမှုကို ခေါင်းဆောင်ခဲ့သည့် သက်ကြီးရွယ်ကြီး နိုင်ငံခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ ဘဲလ်ဖိုးကြေညာချက် ဖြစ်ပေါ်လာရေးအတွက် ဗြိတိန်နှင့်စေ့စပ်ရာတွင် ဝိုက်ဇမန်းသည် အရေးကြီးသော ခေါင်းဆောင်ပိုင်းမှ ပါဝင်ခဲ့သည်။ ယခုအချိန်သည် သူ တစ်သက်လုံး မျှော်လင့်သည့် အချိန် ဖြစ်သည်။ တစ်သက်လုံး ကိုယ်ရောစိတ်ပါ ဇီယွန်လှုပ်ရှားမှုတွင် သူ ပါဝင်ခဲ့သည်။ လူငယ်ခေါင်းဆောင် သုံးယောက်က သူ၏ဟိုတယ်ခန်း

http://mmteashop.com



သို့သွားကာ သူ့ကို ခေါ်သည်။ သူမှာ များစွာ စိတ်လှုပ်ရှားနေသည်။ အခန်းတံခါးကို မှီရင်း ဒေါက်တာချိန်းဝိုက်ဇမန်းသည် မထိန်းနိုင်တော့ဘဲ မျက်ရည်စီးကျကာ ငိုစပြုလေသည်။

အစီအစဉ် ပဏာမပိုင်း ပြီးဆုံးသွားသည်။ အချေအတင် ဆွေးနွေးပွဲ နောက်ဆုံး အကြိမ်ဖြစ်သည့် ယခု စနေနေ့ညနေခင်းအတွက် အားလုံးပြင်ဆင်ခဲ့ကြပြီး ဖြစ်သည်။ အနေအထား အားလုံးလည်း သိပြီး ဖြစ်သည်။

ဗြိတိန်နိုင်ငံ၏ ဆာအလက်ဇင်းဒါး ကာဒိုဂင်သည် တစ်ယောက်တည်း တည်တည်ငြိမ်ငြိမ် ထိုင်နေသည်။ ဘာကိုမျှ အမှုမထားတော့သည့် အနေအထားမျိုးဖြင့် ရပ်တည်နေသည်။ လွန်ခဲ့သည့် ဆယ်ရက်က ဗြိတိန်၏ မူဝါဒကို အသေအချာရှင်းပြခဲ့ပြီး ဖြစ်သည်။ ညီလာခံက အဆုံးအဖြတ်ပေးသည့်နေ့တွင် ဗြိတိန်သည် ပါလက်စတိုင်းမှ ထွက်ခွာရန် အသင့်ရှိသည်။ အာရပ်နှင့် ဂျူးတို့၏ နှစ်ဦးနှစ်ဝ လက်မခံနိုင်သည့် စီမံချက်မျိုးကို အထွေထွေညီလာခံက ဖော်ဆောင်မည်ဆိုလျှင် ဗြိတိသျှအစိုးရထံသို့ ဘာမျှ အကူအညီ တောင်းနေစရာမလို။ ပါလက်စတိုင်း အခြေအနေကို ဗြိတိန်ထက်ပို၍ သိနိုင်သူမရှိ။ အင်္ဂလန်သည် ပါလက်စတိုင်းကို လုံးဝတာဝန်မယူနိုင်ကြောင်း ကာဒိုဂင်၏ ကြေညာချက်က ရှင်းလင်းပြီး ဖြစ်နေသည်။ ထိုနောက်ပိုင်းတွင်မူ ဗြိတိန်၏ ပါဝင်ပတ်သက်မှုမှာ ပါလက်စတိုင်း ကော်မတီ အစီရင်ခံစာတွင် ပုဒ်ကြီး ပုဒ်ကလေးများ ဖြည့်ပေးခြင်းမျိုးသာ ဖြစ်လေသည်။

ငါးနာရီထိုးပြီး အနည်းငယ်ရှိသည့်အခါ အထွေထွေညီလာခံသဘာပတိ ဘရာဇီးမှ အော့စဝေါဒို အရန်ဟာသည် နောက်ဆုံးစကားပြောမည့်သူကို ခေါ်သည်။ ထို့နောက် ပါလက်စတိုင်းခွဲခြမ်းရေးကို မဲဆန္ဒပေးဖို့ အချိန်ရောက်ပြီဖြစ်ကြောင်း ညီလာခံအား တည်ငြိမ်စွာ ကြေညာသည်။ မိုရှေရှာရက်သည် ပွဲကြည့်ဆောင်တွင် ထိုင်နေရာမှ သူ့လူမျိုးများ၏ အခြေအနေအတွက် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ပေးမည့် ပုဂ္ဂိုလ်များအား စူးစိုက်ကြည့်နေသည်။ အကြိမ်တစ်ရာမြောက်အထိ နှစ်ဖက်အနေအထားတို့ကို သူ တွက်ချက်ပြီး ဖြစ်သည်။ ဆုံးရှုံးဖို့ကိုမူ သူ မစဉ်းစားရဲ။ တွေးလည်း မတွေး။ ညီလာခံအား "အာရပ်လူများစုရဲ့ လက်အောက်မှာ ဂျူးတွေငုံ့လျှိုးဝင်ရမယ့် အခြေအနေမျိုး ဘယ်တော့မှ လက်မခံနိုင်ဘူး" ဟု သတိပေးပြီး ဖြစ်သည်။

ရှာရက်နှင့် မလှမ်းမကမ်း ပွဲကြည့်ဆောင်ဘက်နေရာတွင် ပါလက်စတိုင်းအာရပ်တို့၏ ကိုယ်စားလှယ် ဂျမယ်ဟာတ်ဆေနီသည် မဲဆန္ဒစ၍ပေးမည်ကို တည်တည်ငြိမ်ငြိမ် စောင့်ကြည့်နေသည်။ သည့်အရင် မိနစ်ပိုင်းအတွင်းက သူ့အနေအထားကို ကြေညာခဲ့ပြီး ဖြစ်သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်းက မကြာခဏ ဖွင့်ဟခဲ့သည့်စကားပင် ဖြစ်သည်။ အကယ်၍ အထွေထွေညီလာခံက ပါလက်စတိုင်းနှစ်ခြမ်းခွဲရေးကို ဆုံးဖြတ်ခဲ့လျှင် အာရပ်နိုင်ငံများ ထောက်ခံမှုဖြင့် ပါလက်စတိုင်းရှိ အာရပ်တို့သည် ပါလက်စတိုင်းမှ

http://mmteashop.com



ဗြိတိသျှတို့ ထွက်လျှင်ထွက်ချင်း ထိုဆုံးဖြတ်ချက် အကောင်အထည် မပေါ်အောင် စစ်ခင်းမည်ဟူ၍ ပြောကြားခဲ့ပြီး ဖြစ်သည်။ ခြိမ်းခြောက်စကားပင် ဖြစ်သည်။ ကိုယ်ရေးအရာထမ်းတစ်ယောက်က "အရန်ဟာ" ရှေ့သို့ ရောက်လာပြီး မဲပုံးချသည်။ ယင်းမဲပုံးထဲတွင် ငါးဆယ့်ခြောက်နိုင်ငံ၏ နာမည်များ ရေးထားသည့် စာရွက်များ ပါရှိသည်။ "အရန်ဟာ" က စာရွက်တစ်ခုစီကို ဖြည်းညင်းစွာယူကာ ဆန္ဒမဲ စတင်ပေးနိုင်မည့် နိုင်ငံ၏ အမည်ကို ကြေညာသည်။ စာရွက်ကို အခေါက်ဖြေကာ သူ့ရှေ့တွင် ရှိနေသော ကိုယ်စားလှယ်များကို ကြည့်သည်။

"ဂွာတေမာလာ"။ သူက နိုင်ငံနာမည်ကို ကြေညာသည်။

သူ့စကားကို ကြားလျှင် ညီလာခံတစ်ခုလုံး အပ်ကျသံကိုပင် ကြားရသည်အထိ ငြိမ်သက်သွားသည်။ သတင်းစာဆရာများရှိသည့် ပွဲကြည့်ဆောင်သည်လည်း ငြိမ်ကျသွားသည်။ ကိုယ်စားလှယ်သုံးရာ၊ လေ့လာသူများ၊ သတင်းစာဆရာများအားလုံးသည် သူတို့မျက်မှောက်ပြုနေရသည့် ဤတစ်ကြိမ်တွင် ဘယ်သို့သော ဆုံးဖြတ်ချက်ပေါ်ထွက်လာမည်ကို အသက်မရှူနိုင်ဘဲ တညီတညွတ်တည်း စောင့်မျှော်နေကြလေသည်။

ဂွာတေမာလာကိုယ်စားလှယ် ထိုင်ရာမှ ထသည်။ ထိုအခိုက် ပွဲကြည့်ဆောင် လေ့လာသူများ နေရာမှ စူးရှသည့် အသံတစ်ခုသည် ညီလာခံခန်းမကြီး တစ်ခုလုံး၏ ငြိမ်သက်ခြင်းကို ဖောက်ထွင်းထွက်ပေါ်လာသည်။ ယင်းမှာ ဟီဘရူးတို့၏ မြည်ကြွေးသံဖြစ်သည်။ 'အို ဘုရားသခင်၊ ကျွန်တော်မျိုးတို့ကို ကယ်တင်တော်မူပါ' ဟူသော စကားဖြစ်သည်။ ယင်းသည် အချိန်ကာလနည်းတူ ဟောင်းနွမ်းကြာမြင့်ခဲ့ပြီ။ လူတို့ ဖိစီးနှိပ်စက်ဒဏ်ခံခဲ့ရသည်မှာ ကြာမြင့်ပြီဖြစ်သည့် မြည်ကြွေးခဲ့သံမျိုး ဖြစ်လေသည်။

○○○

http://mmteashop.com



အပိုင်း (၂)

## တို့တစ်တွေလွတ်လပ်ပြီ

မိုင်ပေါင်းခြောက်ထောင်ဝေးသည့် နယူးယောက်မြို့ ရေခဲလျှောစီးကွင်းတွင် ကျင်းပသည့် ကုလသမဂ္ဂ အစည်းအဝေး ဆုံးဖြတ်ချက်ကို ဂျေရုဆလမ်မြို့တော် မှ စောင့်မျှော်နားထောင်နေကြသည်။

ဂျေရုဆလမ်မှာ အခြားမြို့များနှင့်မတူ။ သွေးချောင်းစီးမည့်မြို့ဟူ၍ ကျိန်စာသင့်ခံရသည့် မြို့တစ်မြို့နှင့် တူနေသည်။ ရှေးပဝေသဏီက ရှေးဟောင်းဂျူးဘုရားကျောင်းတွင် တိရစ္ဆာန်များကို သတ်ကာ ယဇ်ပူဇော်ခဲ့သည်။ ခရစ်တော်မှာ ထိုမြို့တွင် ကားတင် အသတ်ခံရသည်။ နောင်အခါ ဂျေရုဆလမ်မြို့ရိုးတွင် လူပေါင်းများစွာ အသက်စွန့်ခဲ့ကြရသည်။ ဂျေရုဆလမ်ဟူသည် ရှေးဟောင်းဟီဘရူးဝေါဟာရ ' ယေရုရှလာယင် ' မှ ဆင်းသက်လာသည့် စကားလုံး ဖြစ်သည်။ ငြိမ်းချမ်းသည့် မြို့တော်ဟု အဓိပ္ပာယ်ရသည်။ သံလွင်တောင်ကုန်းတွင် လူနေအိမ်ခြေ စတင်တည်ထောင်သည်။ သံလွင်ရွက်သည် တစ်ကမ္ဘာလုံးတွင် ငြိမ်းချမ်းရေးအမှတ်လက္ခဏာ ဖြစ်လာသည်။ တမန်တော်များစွာ ထိုမြို့သို့ ရောက်လာပြီး လူသားများအတွက် ဘုရားသခင်က ငြိမ်းချမ်းရေးကို ပေးသနားရန် ဆုတောင်းခဲ့ကြသည်။ ဂျူးဘုရင်ဒေးဗစ်သည် ဂျေရုဆလမ်ကို သူ၏မြို့တော်အဖြစ် သတ်မှတ်သည်။ "ဂျေရုဆလမ်မြို့ ငြိမ်းချမ်းရေးအတွက် ဆုတောင်းကြပါစို့" ဟူ၍ ကြေညာခဲ့သည်။

ဂျေရုဆလမ်မှာ ဂျူးအယူဝါဒ၊ ခရစ်ယာန်အယူဝါဒနှင့် အစ္စလာမ်အယူဝါဒ စသည့် ဘာသာအယူဝါဒကြီးသုံးခု၏ အထွတ်အမြတ်ဒေသတစ်ခု ဖြစ်သည်။ ဂျေရုဆလမ်၏ ကျောက်တုံးများတွင် ခရစ်တော်၏ သံစွဲချက်ငါးခုကဲ့သို့ မြင့်မြတ်သန့်ရှင်းသော အမှတ်အသားများ ကျန်ရစ်ခဲ့သည်။ မြို့ရိုးတံတိုင်းများသည်လည်း ဘာသာအယူဝါဒအတွက် ကျူးလွန်ခဲ့သည့် ပြစ်မှုများကို မှတ်မိနေကြသည်။ ဒေးဗစ်နှင့် ဖာရိုး၊ ဆင်နာခဲ့ရပ်နှင့် နီတုချက်နက်ဇာ၊ တိုလမီနှင့် ဟီရော့၊ တိုက်တပ်နှင့် ကရူးဆိတ် စစ်ပွဲခေါင်းဆောင် ဂိုဒီဖရိုင် ဒီဘူလီယန်၊ တာမာလိန်းနှင့် ဆာလာဒင်ခေါင်းဆောင်သည့် မွတ်စလင်အုပ်စုများ၊ သူတို့အားလုံးသည် ဂျေရုဆလမ်တွင် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။ အကြိမ်ကြိမ် မီးအရှို့ခံခဲ့ကြရသည်။ အသတ်ခံခဲ့ကြရသည်။

http://mmteashop.com



နိုဝင်ဘာလ၏ သန်းခေါင်ယံညချမ်းမှာ အေးချမ်းသည်။ မိုးပြာပြာအောက်က ဂျေရုဆလမ်မြို့သည် ပကတိ အေးချမ်းသည့်အသွင် ဆောင်နေသည်။ အဝေးဆီမှ အလင်းများသည် ဂျေရုဆလမ်ကို ဂြိုဟ်များကဲ့သို့ ရံထားသည်။ မြောက်ဘက်တွင် ရာမယ်လားမှ အလင်းရောင်များကို မြင်ရသည်။ အရှေ့ဘက်အဝေးဆီတွင် ပင်လယ်သေ ချိုင့်ဝှမ်း ဂျယ်ရီကိုမြို့ဆီမှ အလင်းရောင်များသည် ထိန်လင်းနေသည်။ တောင်ဘက်တွင် ဘက်သယ်လဟမ်မြို့ဆီမှ အလင်းရောင်များ ဖြာထွက်နေသည်။ ထိုမှတစ်ဆင့် မြို့ဆီသို့ နီးလာသည့်အခါ တောင်ကုန်းတစ်ခုပြီး တစ်ခုဆီမှ အလင်းရောင်များသည် ဂျေရုဆလမ် အဝင်လမ်းကို စောင့်ကြပ်ပေးသည့် မီးပြတိုက်များနှင့် တူသည်။ ယင်းတို့တွင် ကက်စတယ်မှ အလင်းရောင်များသည် ထူးခြားသည်။ တောင်ကုန်းထိပ်တွင် မိုတ်တုတ် မိုတ်တုတ် လက်နေသည့် အလင်းရောင်များသည် ဂျေရုဆလမ်အား ပင်လယ်နှင့် ဆက်သည့် လမ်းကြောင်းကို အလင်းရောင်ပေးသည်။ ထိုလမ်းမှာ ဂျေရုဆလမ်၏ အသက်သွေးကြောဖြစ်သည်။ မြို့ထဲရှိ ဂျူးများအတွက် ရိက္ခာကို ထိုလမ်းအတိုင်း ပို့ရသည်။ ထိုလမ်း တစ်လျှောက်တွင် မြင်ရသည့် အလင်းရောင်များမှာ အာရပ်ရပ်ကွက်များမှ ဖြာထွက်လာသည့် အလင်းတန်းများ ဖြစ်သည်။

အဝေးပြေးလမ်းမကြီးနှင့် ဆက်နေသည့်လမ်းမှာ ဂျက်ဖာလမ်း ဖြစ်သည်။ ဂျက်ဖာလမ်းသည် ဂျေရုဆလမ်၏ အစ ဖြစ်လေသည်။ ယင်းမှာ မြို့တော်၏ စီးပွားရေး အသက်သွေးကြောနှင့် တူသည့်လမ်း ဖြစ်သည်။ ထိုလမ်းဘေးတစ်ဖက်တစ်ချက်တွင် ဘဏ်တိုက်များ၊ စတိုးဆိုင်များ၊ ကော်ဖီဆိုင်များနှင့် ရုပ်ရှင်ရုံများသည် ရောယှက်တည်ရှိသည်။ အရှေ့တိုင်း၏ အမွေအရာနှင့် ဥရောပအလယ်ပိုင်းမှ ဂျူးရပ်ကွက်တို့၏ အမွေအရာများသည် ရောယှက်နေသည်။ မြောက်ဘက်တွင် ဂျူးဘုရားကျောင်းများ၏ လိပ်ခုံးအမိုးများကို မြင်နေရသည်။ လိပ်ခုံးများ ပတ်လည်တွင် အော်သိုဒေါက်ဂိုဏ်းဖြစ်သည့် ဟာဆီဒစ်ဂိုဏ်းဝင် ဂျူးတို့၏ မီးရှီယာရင်ဂျူးရပ်ကွက်၊ တောင်ဘက်တွင် မြို့တော်၏ ခေတ်မီဂျူးရပ်ကွက်နှင့် ယင်းဟိုဘက်တွင် ခေတ်မီအာရပ်ရပ်ကွက်ကြီးများ တည်ရှိသည်။

ဂျက်ဖာလမ်းဆုံးလျှင် ဂျေရုဆလမ်မြို့ရိုးကြီးကို ဦးတိုက်မိသည်။ ရှေးဟောင်းမြို့ကို ကျောက်တုံးခါးပတ်ကြီးနှင့် ပတ်ထားသည်နှင့် တူသည်။ မြို့ဟောင်းကြီးထဲတွင် လမ်းမြောင်များ၊ ခုံးများ အုပ်မိုးထားသည့် လမ်းကလေးများနှင့် ဝက်ပါလို လမ်းကြိုလမ်းကြားလေးများ ရှိသည်။ ယင်းတို့တွင် ဂျူး၊ အာမေးနီးယန်း၊ ခရစ်ယာန်နှင့် မွတ်စလင်များ၏ သီးခြားရပ်ကွက်ကလေး တည်ရှိသည်။ ထိုရှိုးရာရပ်ကွက်များသည် ဂျေရုဆလမ်၏ဘာသာကြီးသုံးခုကို ဝိုင်းရံထားသည့် အာရုံကြောအသားစိုင်များနှင့် တူသည်။ ဂျေရုဆလမ်၏ ထွန်းပြောင်မှုကို သူတို့က ဖန်တီးပြီး ကျိန်စာကိုလည်း သူတို့က ဖန်တီးသည်။

ဂျူးရပ်ကွက် အရှေ့ဘက် ကိုက်နှစ်ရာအကွာတွင် ဆယ်ပေကျယ်သော လမ်းကျဉ်း တစ်ခုအတွင်း မညီညာသော ကျောက်တုံးကြီးများ တည်ရှိသည်။ ယင်းကျောက်တုံးကြီးများမှာ ဆော်လမွန်ဘုရင်ကြီး၏ ဘုရားကျောင်းမှ အကြွင်းအကျန် ဂရက်နိုက်

http://mmteashop.com



ကျောက်တုံးများဖြစ်သည်။ ယင်းသည် ဂျူးဘာသာအယူဝါဒ၏ အချက်အချာ နေရာဖြစ်ပြီး ကြေကွဲဖွယ်မြို့ရိုး ဟု ခေါ်တွင်သည်။ ဂျူးလူမျိုးတို့ ရာစုနှစ်ပေါင်း နှစ်ဆယ်အကြာ အဝေးသို့ ရောက်နေရာမှ ဂျေရုဆလမ်သို့ ပြန်လာပြီး ထိုကြေကွဲဖွယ်နံရံကို ဦးတိုက်ကာ ငိုကြွေးကြသည်။ ယင်းမှာ ဂျူးတို့၏ အထွတ်အမြတ် အထိမ်းအမှတ်တစ်ခု ဖြစ်သည်။ အကျီနက်ဝတ် အော်သိုဒေါက် ဂျူးတို့သည် ရှေးဟောင်း ဝတ်ပြုဆုတောင်းခြင်းကို စည်းချက်ကျကျ သီဆိုကာ ကြေကွဲဖွယ်မြို့ရိုးကို ရှိခိုးကြသည်။ ကျောက်နံရံကြီး၏ အကြို အကြားတွင် စက္ကူစများ တွေ့နိုင်သည်။ ယင်းတို့မှာ ဘုရားသခင်၏ ကျေးဇူးသစ္စာကို စောင့်သိသူတို့၏ အမှတ်တရ ပူဇော်ဆုတောင်းလွှာများ ဖြစ်သည်။

အချို့မှာ မွေးဖွားလာသော သားအတွက် ဘုရားသခင်ထံ ဆုတောင်းကြသည်။ အချို့က နာမကျန်းဖြစ်နေသော ဇနီးမယားအတွက် ဆုတောင်းလွှာရေးကာ ပူဇော်ကြသည်။ စီးပွားရေးလုပ်ငန်းအဆင်မပြေသူများ၏ ဆုတောင်းလွှာများကိုလည်း တွေ့နိုင်သည်။ ယခုလို နိုဝင်ဘာလ၏ ညချမ်းတွင်မူ သူ၏ သားမြေးများအား ကယ်တင်ရန် ဆုတောင်းလွှာများ ရေးသားပူဇော်ကြသည်။

ကိုက်တစ်ရာခန့် အကွာတွင် ကျောက်တုံးလိပ်ခုံးနှစ်ခုနှင့် ရောမဟန် ခေါင်းလောင်း မျှော်စင်တစ်ခု ရှိသည်။ ဥရောပမှ ကရူးဆိတ် စစ်ပွဲအထိမ်းအမှတ် အဆောက်အအုံ တစ်ခု၏နေရာ ဖြစ်သည်။ ထိုကျောက်တုံးများသည် မြင့်မြတ်သော လိုဏ်ဂူအထိ နေရာ ယူထားသည်။ ခရစ်တော်၏ အလောင်းကို မြှုပ်နှံသည့် တောင်ကုန်းပေါ်တွင် မြင့်မြတ်သော လိုဏ်ဂူကို တည်ဆောက်ထားသည်။ ထိုနေရာတွင် လှေကားများ၊ ကျောက်တိုင်များ၊ ပူဇော်ခံရာကျောက်တုံးများ၊ ပလ္လင်များ၊ နားခိုရာ နေရာများ ရှိသည်။ ခရစ်ယာန် ဂိုဏ်းမျိုးစုံက ဘုန်းကြီးများ လာရောက်တွေ့ဆုံစည်းဝေးကြသည်။ ဂရိ၊ ရုရှား၊ အီဂျစ်၊ အီသီယိုပီယန်း၊ လက်တင်၊ အာမေးနီးယန်၊ ဘောဘီလိုနီယန်၊ ဆီးရီးယား စသည့် လူမျိုးပေါင်းစုံမှ ခရစ်ယာန်များ စုဝေးကာ ဆုတောင်းပတ္ထနာပြုကြသည်။ ပြန်လည် ရှင်သန် လာမည့် ခရစ်တော်သည် မိမိတို့ အရှင်ဖြစ်သည်ဟု လူတိုင်းက ယုံကြည်ကြသည်။

နောက် ယုံကြည်ကိုးကွယ်ရာ တစ်ခုသည် ဂျေရုဆလမ် အရှေ့ဘက်ပိုင်းတွင် တည်ရှိသည်။ ကျောက်တုံးထိပ်က လိပ်ခုံးကြီး ဖြစ်သည်။ ကျက်သရေရှိသော မျက်နှာ ကြက်အောက်တွင် ကျောက်တုံးညို တစ်ခု ရှိသည်။ ယင်းတွင် အလ္လာအရှင်အား ဆုတောင်းပတ္ထနာ ပြုသည့်စာများ ရေးထိုးထားသည်။ စာများမှာ အစ္စလာမ်ဘာသာနှင့် သက်ဆိုင်သည်။ ယုံကြည်သူများအတွက် ကောင်းကင်တမန်တော် ဂက်ဘရီယယ်လက် ငြင့် ရေးထိုးသည့်စာတန်း ဖြစ်သည်။ တမန်တော်မိုဟာမက်သည် မြင်းဖြူကို စီးပြီး ထိုကျောက်တုံးမှ ကောင်းကင်သို့ တက်သွားသည့်အခါ တမန်တော်ဂက်ဘရီယယ်သည် ထိုကျောက်တုံးကို ကိုင်ကာ မြေပြင်သို့ ရောက်လာသည်ဟု ဟီဘရူးသမိုင်းပုံပြင်တစ်ခုက ဆိုသည်။

http://mmteashop.com



မြို့ဟောင်းကြီး၏ ခေါင်မိုးများပေါ်တွင် သာယာသောအသံများကို ကြားရသည်။ ဘုရားရှိခိုးကျောင်း မျှော်စင်များပေါ်မှ ခေါင်းလောင်းသံစုံများ၏ အသံများမှာ သာယာကြည်နူးဖွယ်ကောင်းသည်။ ဗလီကျောင်း မျှော်စင်ပေါ်မှ ဝတ်ပြုရှိခိုးသံများ ထွက်ပေါ်လာသည်။ ဂျူးဘုရားကျောင်းများမှ ဆတ်ချိုခရာမှုတ်သံများကိုလည်း ကြားရသည်။ ဂျေရုဆလမ်ဆိုသည် လူ့ခရီးရှည်ကြီးတွင် ခေတ္တနားခိုရာ ခရီးလမ်းလောက်သာ ဖြစ်သည်ဟူသော မှာကြားချက်တစ်ခုကို မြို့သားအထောင်အသောင်းတို့ ယုံကြည်ကြသည်။ ခရီးလမ်းဆုံးမှာ မြို့တော်၏ အရှေ့ဘက်မြို့ရိုးနံရံများ အောက်ဘက်တွင် နက်စောက်သော, ချိုင့်ဝှမ်းတစ်ခု ဖြစ်သည်။ ထိုနေရာတွင် သံလွင်တောင်စောင်း၌ သမ္မာကျမ်းစာလာ ဂျေဟိုရှာဖတ် တောင်ကြားချိုင့်ဝှမ်းတစ်ခု ရှိသည်။ နောက်ဆုံး လောကကို တရားစီရင်သည့်နေ့တွင် ခရာတံပိုးများ မှုတ်ကာ လူတို့ကို သတိပေးလိမ့်မည်ဟု ဆိုသည်။ ထိုနေ့ကို မျှော်မှန်းကာ ဂျေရုဆလမ်မြို့သို့လာ၍ နေချင်သူ၊ ဂျေရုဆလမ်တွင် သေချင်သူတွေများလာသည်။ တစ်ဖန် ခရစ်ယာန်အဆက်ဆက်၊ ဂျူးအဆက်ဆက်နှင့် မွတ်စလင်အဆက်ဆက်တို့သည် ထိုချိုင့်ဝှမ်းတွင် ပြန့်ကျဲနေသော ကျောက်တုံးဖြူများ အောက်သို့လာရောက် နားခိုအိပ်စက်ကြသည်။ အသက်ရှင်စဉ်က ဘဝတွင် ဆုံးရှုံးခဲ့ရသမျှ ဂျေရုဆလမ်တွင် သေတော့မှ ကောင်းရာသုဂတိသို့ ရောက်မည်ဟု ယုံကြည်ကြသည်။

ဂျေရုဆလမ်တွင် ရှေးပဝေသဏီကတည်းက တသီးတခြားစီ လူမျိုးဘာသာအလိုက် နေထိုင်ခဲ့ကြသည်။ မကြာသေးမီကမူ ဗြိတိသျှတို့က သံဆူးကြိုးများ ကာရံကာ သူတို့နေထိုင်သည့် ရပ်ကွက်များကို တသီးတသန့် ပြုလုပ်ထားသည်။ ယင်းမှာ ဂျူးများနှင့် ဗြိတိသျှအာဏာပိုင်တို့ မကြာခဏ ထိပ်တိုက်ရင်ဆိုင်တွေ့ကြသောကြောင့် ဗြိတိသျှတို့က သူတို့နေထိုင်ရာဒေသများကို လုံခြုံရေးနယ်မြေအဖြစ် သတ်မှတ်ကာ သံဆူးကြိုးကာရံထားခြင်း ဖြစ်သည်။ ဗဟိုဌာနချုပ်မှာ နေရာကျယ်ကျယ်ယူထားပြီး အရေးကြီးသောရုံးများ၊ ဌာနများ ထိုဝင်းထဲတွင် နေရာယူထားသည်။ ဂျူးတို့ကမူ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး အန်းနက်ဘီဗင်ကို အစွဲပြုကာ ထိုဒေသကို 'ဘီဗင်ဂရက်' ဟု နာမည်ပေးသည်။ မည်သို့ပင် ခွဲခြားထားသော်လည်း (၁၉၄၇) နိုဝင်ဘာ (၂၉) ညချမ်းတွင်မူ ဂျေရုဆလမ်မှာ မကြုံစဖူး ညီညီညွတ်ညွတ် ဖြစ်လာသည်။ အိမ်များ၊ ကော်ဖီဆိုင်များ၊ ကလပ်များတွင် လျှပ်စစ်ခေတ်ကြိုးမှ တစ်ဆင့် စိုးရိမ်တကြီး အာရုံစိုက်စရာတစ်ခုရှိလာသည်။ အာရပ်များ၊ ဂျူးများသည် ရေဒီယိုဘေးတွင် ထိုင်ကာ သူတို့မြို့တော်၏ ကံကြမ္မာကို ဖန်တီးရန်အတွက် အချေအတင် ပြောကြသည့်စကားလုံးတိုင်းကို စောင့်မျှော်နားထောင်ကြသည်။ အဝေးတစ်နေရာတွင် စကားစစ်ထိုးပွဲတစ်ခု ကျင်းပနေသည် မဟုတ်လား။

သူတို့၏ ကိုယ်ပိုင်စာကြည့်တိုက်အခန်း မီးလင်းဖိုရှေ့တွင် အမ်ဘရာနှင့်ဆာမိခါလစ်ဒီတို့ လင်မယားနှစ်ယောက် ညနေတိုင်းလိုလိုထိုင်၍ အပန်းဖြေရင်း စကားစမြည်ပြောခဲ့ကြသည်မှာ ကြာပြီ။ အမ်ဘရာသည် စာရေးစားပွဲတွင်ထိုင်ကာ ဟိုးမား၏

http://mmteashop.com



လက်ရာများကို အာရေဘီဘာသာသို့ ပြန်ဆိုနေသည်။ ဆာမိသည် မီးလင်းဖိုဘေးက ကုလားထိုင်တွင် ထိုင်နေသည်။ စာကြည့်တိုက်တွင် ရှေးဟောင်းအစွလာမ်ကျမ်း အများအပြားရှိသည်။ အေဒီ (၆၃၈)တွင် ခါလစ်အစ်ဘင် အယ်ဝါလစ်သည် ကလစ်အိုမာ၏ အောင်နိုင်သည့် တပ်ဦးမှ မြင်းစီးကာ ဂျေရုဆလမ်မြို့ထဲသို့ ဝင်ခဲ့သည်။ ထိုအခါမှစ၍ ဂျေရုဆလမ်တွင် ခါလစ်ဒီမျိုးဆက်များ အဆက်မပြတ် ပေါ်ထွန်းခဲ့သည်။ ပညာရှင်များ၊ ကျောင်းဆရာများ၊ ရှိတ်အကြီးအကဲများက ဂျေရုဆလမ် မွတ်စလင် လူ့အဖွဲ့ အစည်းကို ပညာတတ်များဖြင့် ဖြည့်ဆည်းပေးခဲ့သည်။ ဆာမိခါလစ်ဒီသည် ယခုအခါ ဂျေရုဆလမ် အာရပ်ကောလိပ်၏ ဥက္ကဋ္ဌ ဖြစ်သည်။ ဈေးဆိုင်ပိုင်ရှင် မိဘများမှ မွေးဖွားလာသူဖြစ်ပြီး သူ့ကောလိပ်တွင် အနာဂတ်အတွက် ပါလက်စတိုင်း အာရပ်ခေါင်းဆောင် မျိုးဆက်သစ်များ မွေးထုတ်ရန် ကြိုးစားခဲ့သည်။ ယခုမူ ဆာမိသည် ရေဒီယိုမှလာနေသည့် စကားလုံးများကို စူးစိုက်နားထောင်ရင်း သူ၏တပည့်လူငယ်များအတွက် တိုင်းပြည်ပျောက်ဆုံးမည့် အန္တရာယ်ရှိလာပြီဟု စဉ်းစားမိသည်။

ဟီရော့တ်ခါးနားရှိ အိမ်ခန်းလေးတစ်ခုတွင် သုံးဆယ့်ခြောက်နှစ်ရှိ ဟာမေးမာဂျက်နှင့်သူ၏ဇနီးတို့သည် ရေဒီယိုသတင်းများကို နားထောင်ရင်း နွေဦးပေါက်တွင် ဂျေရုဆလမ်အပြင်ဘက် တစ်နေရာ၌ အိမ်ကလေးတစ်လုံးဆောက်ရန် အိမ်ပုံစံကို ကြည့်ကာ ဆွေးနွေးနေကြသည်။ ဆောင်းဦး တစ်ရာသီလုံး ဟာမေးမာဂျက် စိတ်ကူးယဉ်ခဲ့သည်။ အိမ်ကလေး ဆောက်ပြီးလျှင် လင်မယားနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် အိုးသစ်အိမ်သစ် ထူထောင်ကြမည်။

မာဂျက်မှာ ငယ်ရွယ်စဉ်ကပင် မိဘများ ဆုံးပါးသွားသည်။ လူလားမြောက်၍ အရွယ်ရောက်လျှင် အရှက်အကြောက်ကြီးသည်။ တစ်ကိုယ်တည်းဘဝမှာ ငြီးငွေ့စရာကောင်းသည်။ လွန်ခဲ့သည့် သုံးနှစ်ကမူ သူအလုပ်လုပ်သည့် စာတိုက်သို့ အလုပ်လာရှာသည့် မိန်းမချောလေးတစ်ယောက် ရောက်လာသည်။ သူက ထိုမိန်းမချောကလေးကို အလုပ်တစ်ခု ပေးလိုက်သည်။ သူပေးသည့် အလုပ်မှာ သူ၏အိမ်ရှင်မအလုပ် ဖြစ်သည်။ သူတို့တွင် သားသမီး နှစ်ယောက်ထွန်းကားသည်။ အိမ်ဆောက်ရန် အရစ်ကျပေးစနစ်ဖြင့် မြေကွက်ဝယ်သည်။ ယခုမူ ငွေအကျေပေးဆပ်ပြီးပြီ။ အိမ်သစ်ထူထောင်တော့မည်။ မြေကွက်နံပါတ်မှာ (၁၃) ဖြစ်သည်။ ထိုနံပါတ်သည် ကံကောင်းဖို့အတွက် ရှေ့ပြေးနိမိတ်ဟု သူ ယုံကြည်သည်။

ကေတီအင်တိုနီးယတ်၏ အိမ်စေများသည် သူတို့ သခင်မဘေးပတ်ပတ်လည်ရှိ မညီညာသော ကျောက်တုံးလေးများပေါ်သို့ စားပွဲခင်းများ ပြင်ဆင်လျှာထားသည်။ ကေတီမှာ မုဆိုးမတစ်ယောက် ဖြစ်သည်။ အာရပ် သမိုင်းပညာရှင်တစ်ယောက်လည်း ဖြစ်သည်။ နှစ်ပေါင်း နှစ်ဆယ်လုံးလုံး ဝတ္တရားမပျက် အာရပ်ဂျေရုဆလမ်၌ ရိုးရာ မက်ဇီထမင်းစားပွဲကို သူကိုယ်တိုင် တည်ခင်းဧည့်ခံခဲ့သည်။ သူ့အိမ်အဝင်ဝရှိ ကျောက်တုံး၊

http://mmteashop.com



ပေါင်းကူးခုံးတွင် “ဝင်လာပါ၊ ကြိုဆိုပါသည်” ဟူ၍ အာရေဘီဘာသာဖြင့် စာတန်းတစ်ခု ရေးထိုးထားသည်။ ထင်ရှားသည့် ပုဂ္ဂိုလ်များ လာရောက်ဆုံစည်းကြသည်။ ပါကေး ခင်းထားသည့် သူ၏ ဧည့်ခန်းကြမ်းပြင်တွင် နိုင်ငံပေါင်းစုံမှ ပုဂ္ဂိုလ်ကြီးများ၊ ဘုန်းကြီး များ၊ အာရပ်စော်ဘွားများ၊ ပညာရှင်များ၊ ဗိုလ်ချုပ်ကြီးများ၊ ကဗျာဆရာများနှင့် နိုင်ငံရေး သမားများ ရောက်လာပြီး ထမင်းစားကြသည်။

ဂျေရုဆလမ်၏ ရှေးဟောင်းကျောက်တုံးများကို အမှတ်ရစေခြင်းငှာ ယခုလို ပြင်ဆင်ထားခြင်း ဖြစ်သည်။ ပြီးလျှင် ဧည့်သည်များကို တစုတဝေးတည်း စတော့ မျှော်စင်သို့ ခေါ်ဆောင်သွားသည်။ ထိုမျှော်စင်မှာ ဂျေရုဆလမ်မြို့ရိုးဟောင်း၏ အရှေ့ မြောက်ထောင့်တွင် ရှိသည်။ ထိုမြို့ရိုးတွင် လွန်ခဲ့သည့် နှစ်ပေါင်းရှစ်ရာကျော်က ကရူးဆိတ် စစ်ပွဲခေါင်းဆောင် ဂိုဒီဖရှိုင်ဒီဘူလီယန်နှင့် သူ၏စစ်သားများ ဂျေရုဆလမ်သို့ ဝင် ရောက်ကျူးကျော်သည်ကို အာရပ်တို့ ခုခံတွန်းလှန်ခဲ့သည်။

ဂျေရုဆလမ်၏ အခြားတစ်ဖက်ရှိ ဂျူး ရပ်ကွက်သစ်တွင် ကျောက်တုံးအိမ် ကလေးတစ်ခု ရှိသည်။ အိမ်ရှင်အမျိုးသမီးသည် စီးကရက်ကို ဖွာထုတ်ရင်း ရှေ့တွင်ရှိ သော စာရွက်ပေါ်သို့ ခဲတံဖြင့် ရေးခြစ်နေသည်။ သူကား အနည်းငယ်စိတ်လှုပ်ရှားနေ သည်။ အိမ်ရှင်မှာ လူသိများသော ဂျူးအမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူ့ဧည့်ခန်း သည် မီးဖိုဖြစ်နေသည်။ မီးဖိုပေါ်တွင် ကော်ဖီအိုးတစ်ခု တည်ထားသည်။ ရောက်လာ သမျှ ဧည့်သည်များကို ကော်ဖီဖြင့် ဧည့်ခံသည်။ ဇီယွန်ဝါဒီမျိုးဆက်နှစ်ခုသည် ထိုမီးဖို ဧည့်ခန်းတွင် ရယ်မောခဲ့ကြသည်။ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ အချို့မှာ ဒေါသဖြင့် ကျိန်ဆဲသည်။ အော်ဟစ်ငိုကြွေးသည်။ စီမံကိန်းများရေးဆွဲကြသည်။ အချို့ကား စိတ်ပျက် ကာ အားလျှော့သူက အားလျှော့သည်။ သူသည် စီးကရက်ကို အဆက်မပြတ် သောက် သည်။ ဧည့်သည်များကို ကော်ဖီများ၊ မုန့်များဖြင့် မနားတမ်းဧည့်ခံသည်။ သူသည် ဂျူးမျိုးဆက်သစ် လူငယ်တို့၏ အမေတစ်ယောက် ဖြစ်လာသည်။

တစ်နည်းဆိုလျှင် သည်ညအတွက် သူ အသက်ရှင် နေထိုင်ခဲ့ခြင်း ဖြစ်သည်။ သူ့အဖေသည် ကျွမ်းကျင်သည့် လက်သမားတစ်ယောက်ဖြစ်သည်။ ဇာဘုရင်၏ ရုရှား ပြည်တွင် ဂျူးများကို သီးခြားနေရာချထားလေ့ ရှိသည်။ သို့သော်လည်း သူ့အဖေမှာ လက်သမားကျော်တစ်ယောက်ဖြစ်သဖြင့် ဂျူးရပ်ကွက်တွင် မနေရဘဲ ကီမြို့တစ်နေရာတွင် နေထိုင်သည်။ ဤသည်မှာ အခွင့်ထူးတစ်ခု ဖြစ်သည်။ သို့သော်လည်း ကံဆိုးသော အခြား ဂျူးများလောက် မြန်မြန်ငတ်၍ မသေသည့် အခွင့်အရေးသာ ဖြစ်သည်။ သူ့မိဘက မွေးခဲ့သည့် ကလေးခြောက်ယောက်အနက် သူ့ရှေ့က ငါးယောက်မှာ ငယ်စဉ်က သေဆုံးခဲ့ကြသည်။ သူ့ကို (၁၈၉၈)ခုတွင် မွေးသည်။ သူ့အဖေက သူ့ကိုခေါ်ကာ ရေကြည်ရာ မြက်နုရာ အာမေးနီးယန် မြို့တစ်ခုသို့ ပြောင်းရွှေ့နေထိုင်သည်။ အသက် ဆယ့်ခုနစ်နှစ် ရှိသည့်အခါ ပထမကမ္ဘာစစ်တွင် အစုလိုက်အပြုံလိုက် သတ်ခံရသော

ဂန္ထမျှားအတွက် အလှူငွေ လှည့်လည်ကောက်ခံခဲ့သည်။ ထိုအခါမှစ၍ ဇီယွန်ဝါဒသည် သူ့နှလုံးသားတွင် စွဲမြဲစွာ အမြစ်တွယ်ခဲ့လေသည်။

ဇီယွန်ဝါဒ ရှင်သန်ရေးအတွက် တစ်သက်တာလုံး သူ ကြိုးပမ်းခဲ့သည်။ ယနေ့ ညနေခင်းအတွက် သူ အသက်ရှင်နေခဲ့ခြင်း ဖြစ်သည်။ သူကား ဂိုလ်ဒါမေယာ ဖြစ်သည်။ ပင်ကိုကပင် ဖော်ရွေသည်။ ထိုအချိန်သည် သူ့အဖို့ အလွန်အဖိုးတန်သည်။ ကော်ဖီ တစ်ခွက်ပြီးတစ်ခွက် သောက်သည်။ စီးကရက်ကို အဆက်မပြတ်သောက်သည်။ ထို့နောက် ရေဒီယိုကို နားထောင်ကာ မဲများကို မှတ်သားသည်။ မဲဆန္ဒတစ်ခုပေးပြီးတိုင်း သူ့တစ်သက်တာ အိပ်မက်နှင့် နီး၍နီး၍လာသည်။

ဂိုလ်ဒါမေယာ၏ အိမ်နှင့်မဝေးလှသည့် တစ်နေရာတွင် လူသုံးဆယ်သည် ဖိလစ် ရေဒီယိုဟောင်းတစ်ခု ပတ်လည်တွင် နေရာယူကာ သတင်းနားထောင်နေသည်။ သူတို့ကား ဗြိတိသျှစုံထောက်အဖွဲ့က အလိုချင်ဆုံးလူသုံးဆယ် ဖြစ်သည်။ စားပွဲပေါ်တွင် ကြက်ဥကြော်ပန်းကန်၊ ကြေးကော်ဖီအိုးနှင့် မဖွင့်ရသေးသော ဗော့ဒကာပုလင်း တစ်ဒါဇင်ခန့် ရှိသည်။ သူတို့နှင့်မလှမ်းမကမ်းတွင် သံဆူးကြိုးများ အထပ်ထပ် ကာရံထားသည့် ဝင်း အတွင်း၌ ဗြိတိသျှစုံထောက်အဖွဲ့ ရုံးစိုက်သည်။ ယင်းမှအရာရှိများသည် ထိုလူသုံးဆယ် နောက်သို့ လိုက်လံဖမ်းဆီးခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီ။

စားပွဲထိပ်တွင် ခေါင်းပြောင်ပြောင်နှင့် ပုဂ္ဂိုလ်တစ်ယောက် ထိုင်နေသည်။ စကား မရပ်မနားပြောသည်။ စကားလုံးတစ်ခွန်း ပြောလိုက်တိုင်း သူ့ရင်ကြီးသည် ဖောင်းကြွလာ သည်။ လူသုံးဆယ်ကို သူက ထိုအခန်းသို့ ဆင့်ခေါ်ထားခြင်း ဖြစ်သည်။ သူသည် ဆပ်ကပ်ထဲတွင် နပန်းသမား လုပ်ဖူးသည်။ ကျောက်ကျင်းတစ်ခုတွင် ဗိုမင်လုပ်ဖူးပြီး ပန်းချီကားရောင်းဝယ်သည့် အလုပ်ဖြင့်လည်း အသက်မွေးဖူးသည်။ ထို့နောက် သတင်း စာဆရာနှင့် ဒဿနပါရဂူတစ်ယောက် ဖြစ်လာသည်။ အတတ်ပညာ စုံသောကြောင့် နောက်လိုက်များခြင်းမဟုတ်၊ စုံထောက်က လိုက်ခြင်းမဟုတ်။ သူကား ယစ်ဇက်ဆာဒေး ဖြစ်ပြီး ‘ဟာဂါနာ’ လျှို့ဝှက်အဖွဲ့အစည်း၏ခေါင်းဆောင် ဖြစ်သည်။ တစ်ဖန် ယင်း၏ တပ်ဖွဲ့ ပါလမက်ကို တည်ထောင်သူလည်း ဖြစ်လေသည်။

ပါလမက်တပ်ဖွဲ့ကို သူယုံကြည်သည့် မတ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒတို့၏ သဘော တရားများကို အခြေခံကာ ဖွဲ့စည်းခဲ့သည်။ ပါလမက်မှာ အမှတ်အသားမရှိသော စစ်တပ် တစ်ခု ဖြစ်သည်။ စစ်ဝတ်စုံ မရှိ။ စစ်ရေးလေ့ကျင့်မှု မရှိ။ စည်းကမ်းမှာ လျော့ရဲသည်။ ပါလမက်တပ်ဖွဲ့ဝင်၏ အရည်အသွေးနံပါတ်တစ်မှာ သေဆုံးဖို့ ဝန်မလေးခြင်းပင် ဖြစ်သည်။

“မဲဆန္ဒရဲ့ရလဒ်က ဘယ်လိုဖြစ်နိုင်သလဲ”ဟု သူ့ကိုတစ်စုံတစ်ယောက်က မေး သည်။

သူ့မျက်နှာမှာ တည်သည်။ အပြုံးတစ်ချက်မသမ်း။ “မဲဆန္ဒကဘယ်လိုပဲ အဖြေ

http://mmteashop.com



ပေးပေး တို့ဂရုမစိုက်ဘူး၊ တို့ဘက်က အနိုင်ရရင်လည်း အာရပ်တွေက တို့ကိုတိုက်မှာပဲ၊ အဲဒီစစ်ပွဲမှာ လူငါးထောင်လောက်တော့ သေနိုင်တယ်" ထိုသို့အဖြေပေးရင်း သူ့တပ်ဖွဲ့ဝင်အရာရှိများ၏ မျက်နှာများကို စူးစိုက်ကြည့်သည်။

အားလုံး ငြိမ်သက်နေကြသည်။

"အေး၊ တို့ရှုံးရင် တို့က အာရပ်တွေကို တိုက်မယ်"

ဟု သူ ပြတ်ပြတ်သားသား ဆိုသည်။

တစ်ခန်းလုံး စကားမပြောကြ။ ရေဒီယိုက ပေးပြီးမဲများကို ကြေညာသည်။ ဆာဒေးသည် ဗော့ဒကာ တစ်ဖန်ခွက်အပြည့် ငှဲ့သည်။

ထို့နောက် ခွက်ကို မြှောက်လိုက်သည်။

"မိတ်ဆွေများ၊ ခင်ဗျားတို့လည်း မဲဆန္ဒတွေ အားလုံးအတွက် ဗော့ဒကာတစ်ခွက်သောက်ပြီး ကြိုဆိုကြပါစို့"

ဟု သူ ဆိုသည်။

ပါလက်စတိုင်း အသံလွှင့်ဌာန၏ အခန်းကျယ်ကြီးတွင် နိုင်ငံတစ်ခုစီ မဲဆန္ဒပေးကြသည်ကို စက်တွင်ပေါ်လာသည်။ ဂျူးတစ်ယောက်က မိတ္တူတစ်ခုကိုယူပြီး ကွက်လပ်တစ်ခုကို ဖြတ်ပြေးကာ ဟီဘရူးသတင်းဌာနသို့ ပို့သည်။ အာရပ်တစ်ယောက်က သတင်းမိတ္တူကိုယူကာ ရှစ်ကိုက်ခန့်ဝေးသည့် အာရပ် သတင်းဌာနသို့ ပြေးကာပို့သည်။

ဟာဇင်နတ်ဆေဘီသည် အသံလွှင့်မည့်သူအတွက် အာရပ်ဘာသာသို့ မြန်မြန်ပြန်ဆိုသည်။ မဲပေးကြသည်ကို သူ စောင့်၍ နားထောင်သည်။ မဲမှာ နှစ်မျိုးအဖြေထွက်နိုင်သည်။ ထိုခဏမှာပင် အရေးကြီးသည့်သတင်းလွှာ သူ့စားပွဲပေါ်သို့ ရောက်လာသည်။ နတ်ဆေဘီက အသံလွှင့်ရန် ခပ်မြန်မြန် ဘာသာပြန်သည်။ သူပြန်ပေးသည့် စကားသံများကို အသံလွှင့်သူက ကြေညာတော့မှ သူ စောစောကပြန်ဆိုသည့် အကြောင်းအရာသည် သူ့ကို ထိထိခိုက်ခိုက်ဖြစ်စေပါကလား ဆိုသည်ကို သဘောပေါက်မိသည်။

"ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ထောက်ခံမဲသုံးဆယ့်သုံးမဲ၊ ကန့်ကွက်မဲ သုံးဆယ့်သုံးမဲ၊ ကြားနေဆယ်မဲဖြင့် ပါလက်စတိုင်းကို ခွဲခြမ်းရန် ဆုံးဖြတ်လိုက်သည်" ဟု အသံလွှင့်သူက ကြေညာသည်။

သမိုင်းမှတ်တိုင်တစ်ခုတော့ ကျော်ခဲ့ပြီ။ တို့တစ်တွေကို ကန့်လန့်ကာ တစ်ခုခြားလိုက်ပြီ။ ဤသို့ သူ တွေးတောဆင်ခြင်မိသည်။ ကွက်လပ်ဟိုဘက်ဆီမှ ဂျူး လုပ်ဖော်ကိုင်ဖက်များ၏ ဝမ်းသာအားရ ဟစ်ကြွေးကြိုဆိုသံများကို သူ ကြားရသည်။

အပြင်ဘက်တွင် ညသည် တိတ်ဆိတ်နေသည်။ အစ္စရေး ရိုစင်ဘလတ်သည် ဝရန်တာဆောင်ပေါ်မှနေ၍ ရှေ့မှာရှိနေသော မြင်ကွင်းကိုကြည့်သည်။ လေမှာနွေးထွေးသည်။ သူ့ရှေ့တွင် ဆူလေမန်၏ ရဲတိုက်၊ ဒေးဗစ်၏မျှော်စင်၊ ဂျေရုဆလမ်မြို့ရိုးဟောင်း၊ ဘုရားရှိခိုးကျောင်း လိပ်ခုံးများ၊ ဂျူးဘုရားကျောင်းများ၊ ဗလီမျှော်စင်များသည် လရောင်

http://mmteashop.com



တွင် ဖြူဖွေးဝင်းလက်နေကြသည်။ ထို့နောက် ကွက်လပ်တစ်ခုဆီမှ အသံတစ်သံ ထွက်ပေါ်လာသည်။ ယင်းမှာ ဆိတ်ချိုခရာသံ ဖြစ်သည်။ သမ္မာကျမ်းစာဟောင်းထဲက သူရဲကောင်း ဂျိုရှဝ၏ အိမ်ရှင်များသည် ဂျယ်ရီကိုမြို့ဟောင်းကို ဆောက်လုပ်သည့်အခါ ကောင်းချီးပေးသည့် တံပိုးခရာသံကို ကြားလျှင် ရှိစင်တလတ်သည် ယွမ်ကစ်ပါ ပွဲတော်အတွင်း ဆုတောင်းပတ္တနာပြုကြသည့် စကားလုံးများကို ကြားယောင်လာသည်။ 'ထာဝရဘုရားသခင်၊ ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို တံပိုးခရာသံက နောက်ဆုံးတွင် ဟစ်ကြွေးကြေညာပါပြီ'။ ဂျူးဘုရားကျောင်း အများအပြားမှ တံပိုးခရာများ မှုတ်ကြသည်။

နှစ်ပေါင်း သုံးရာစုအကြာက ရှေးဟောင်း သတင်းစကားကို ယခု ရေဒီယိုမှ ကြေညာလိုက်သည်နှင့် တိတ်ဆိတ်သည့်ညကို တံပိုးခရာသံက ကောင်းချီးပေး ကြွေးကြော်လိုက်သည်။ ဂျေရုဆလမ်တွင် ရှိနေသော အခြားလူများနည်းတူ ရှိစင်ဘလတ်သည် အရှေ့ဘက် မြို့ရိုးဆီသို့ ဦးညွှတ်ကာ ဘုရားသခင်၏ ကျေးဇူးတော်ကို အောက်မေ့ဆုတောင်းသည်။

ကျောက်တုံးအိမ်ကလေးတွင် ဂိုလ်ဒါမေယာသည် ဒူးပေါ်တင်ထားသည့် မှတ်စုစာအုပ်၌ ဆန္ဒမဲများကို ရေးမှတ်နေရာမှ ရုတ်တရက် ထလိုက်သည်။ သူသည် ယခုလိုအချိန်ကာလသို့ ဆိုက်ရောက်လာအောင် များစွာ ကြိုးပမ်းအားထုတ်ခဲ့သူ ဖြစ်သည်။ ယခုမူ ရေဒီယိုမှ သတင်းကောင်းကြားရလျှင် ဆန္ဒမဲများကို မဖတ်နိုင်တော့ဘဲ ဝမ်းသာလွန်း၍ မျက်ရည်များ တွေ့တွေ့ကျဆင်းလာသည်။

အာရပ်ကျောင်းဆရာ ဆာမိခါလစ်ဒီသည် ကုလားထိုင်မှထကာ စာကြည့်ခန်းထဲတွင် လူးလာလျှောက်သည်။ သတင်းများကို သူကြားရပြီး ဖြစ်သည်။ ရုတ်တရက်ပင် ရေဒီယိုကို ပိတ်လိုက်သည်။ သူ့ဇနီးကိုကြည့်ကာ "ကြေကွဲဖွယ် အဖြစ်ဆိုးတော့စပြီဟေ့" ဟု သူ ဆိုသည်။

ဂျေရုဆလမ်မြို့၏ တစ်ဖက်ခြမ်း အာရပ်ရပ်ကွက်တွင် နက်ဆာရက်ဒင် နာရှက်ရှီဘီ မိသားစုနေထိုင်သည်။ သူ့အဖေက"ဒီလိုဆိုရင် စစ်ဖြစ်ဖို့ပဲ"ဟုပြောသည်ကို သားငယ်ကြားလိုက်ရသည်။ နောင်အခါ ဆီးရီးယား၏ ကုလသမဂ္ဂကိုယ်စားလှယ် ဖာရက်အယ်ခိုရီက "မြင့်မြတ်တဲ့ဒေသမှာ စစ်ဟာ တာရှည်ဖို့ပဲ၊ နောင်နှစ်ပေါင်း အတန်ကြာသည်အထိ ငြိမ်းချမ်းရေးရမှာ မဟုတ်ဘူး"ဟု မိန့်ခွန်းပြောသည်ကို ရေဒီယိုမှ နားထောင်ရသည့်အခါ နက်ဆာရက်ဒင်နာရှက်ရှီဘီသည် သူ့အဖေ၏စကားကို ကြားယောင်လာသည်။

ပဲရစ် လွတ်မြောက်သည့်ညက ပျော်ရွှင်ကြသလို လန်ဒန်နှင့်နယူးယောက်တို့သည်လည်း စစ်ကြီးပြီးဆုံးသည့်အခါ ပျော်ရွှင်ကြသည်။ ယခုမူ ဂျေရုဆလမ်တွင် နှစ်ပေါင်းနှစ်ထောင်ကျော် စောင့်မျှော်ခဲ့သည့် ဂျူးလူမျိုးတို့၏ မျှော်လင့်ချက်သည် အကောင်အထည်ပေါ်လာပြီ။ သမိုင်းတွင် မကြုံစဖူး ထူးထူးကဲကဲ ပျော်ပွဲသဘင်များ ဆင်ယင်ကျင်းပကြသည်။

http://mmteashop.com



ဒေးဗစ်ရို့စ်ချိုင်းသည် ဖင့်အရက်ဆိုင်တွင် ချစ်စရာသမီးငယ်နှစ်ယောက်နှင့် အတူထိုင်ကာ အရက်သောက်ရင်း ရေဒီယိုနားထောင်နေသည်။ ဆန္ဒမဲသတင်းကြားရလျှင် သားအဖသုံးယောက် လူသူကင်းမဲ့သော လမ်းထဲသို့ ထွက်လာခဲ့ကြသည်။ ထို့နောက် ကလေးငယ်များက တခစ်ခစ်ရယ်ကာ ပဌမမြောက် ဂျော့ဘုရင်ရိပ်သာလမ်းအတိုင်း လျှောက်သွားကြပြီး အိမ်တံခါးတိုင်းကို ခေါက်သည်။ တိတ်ဆိတ်နေသော အိမ်နံရံများ၊ ပြတင်းများဆီသို့ "တို့မှာ နိုင်ငံတစ်ခုရပြီ၊ တို့မှာ နိုင်ငံတစ်ခုရပြီ" ဟု ပျော်ရွှင်စွာ ဟစ်ကြွေးကြသည်။ ဟာဂါနားအဖွဲ့ဝင် အရာရှိငယ် နှစ်ဦးဖြစ်ကြသည့် မော်ဒေချိုင်းဂါဇစ်နှင့် ဇယ်လမန်မတ်တို့သည် မတ်၏ချက်ပလက်ကားဟောင်းကြီးကို မောင်းနှင်ကာ တစ်လမ်းဝင်တစ်လမ်းထွက်ရင်း ဂျေရုဆလမ်တစ်မြို့လုံး အနှံ့သွားသည်။ ကားဟွန်းကို ဆူညံစွာတီးသည်။ နောက်ဆုံးတွင် ဂါဇစ်စိတ်ထဲ၌ တစ်မြို့လုံးနိုးကုန်တော့မှာပဲ ဟူသော အသိဝင်လာမှ ရပ်သည်။

ထိုသတင်းကို ကြားရသည်နှင့် နေရာတိုင်းတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ မီးများပွင့်လာသည်။ ပြတင်းများ ဖွင့်ကြသည်။ အိမ်နီးချင်းကို လှမ်း၍ မှောင်ထဲတွင် သတင်းစကားပြောကြသည်။ အချို့မှာ ညဝတ်အင်္ကျီဖြင့် ထွက်လာကြသည်။ ကွင်းထိုးဖိနပ်စီးသူကစီးပြီး အိမ်ပြင်ထွက်လာသည်။ အချို့မှာ ပခုံးပေါ်ကုတ်အင်္ကျီချိတ်ကာ ထွက်လာသည်။ ဂျေရုဆလမ်သားတို့ လမ်းထဲသို့ ထွက်လာကြသည်။ ဘင်ယေဟူဒါလမ်းထောင့်တွင် ယူရီအက်ဗနာသည် ကျောင်းသားအုပ်စုနှင့်အတူ လမ်းထဲသို့ ထွက်လိုက်လာသည်။ သူတို့ပြေးသွားကြလျှင် အိမ်ထဲမှ ထွက်ကာ သူတို့နောက်က ပြေးလိုက်လာကြသည်။ ဂျက်ဖာလမ်းဆုံရောက်လျှင် ဗြိတိသျှစစ်တပ်မှ ကင်းလှည့်သည့် ကားတစ်စီးက သူတို့လူအုပ်ကြီး စီတန်းလှည့်လည်လာသည်ကို တားသည်။

"အခု . . . သန်းခေါင်ကျော်နေပြီဆိုတာ ခင်ဗျားတို့ မသိဘူးလား" အရာရှိတစ်ယောက်ကမေးသည်။

"အခု ကျွန်တော်တို့ နိုင်ငံတစ်ခု ရလာပြီဆိုတာ ခင်ဗျား မသိဘူးလား " သူတို့က ပြန်၍အော်သည်။

လူငယ်တစ်စုသည် ထရပ်ကားတစ်စီးနှင့် အသံချဲ့စက်တစ်ခုကို ယူလာကာ မြို့လုံးပတ်လည် လှည့်သည်။ "အပြင်သို့ထွက်ခဲ့ကြပြီး သူတို့နှင့်အတူ ပါဝင်ဆင်နွှဲကြပါလား"ဟု ဖိတ်ခေါ်သည်။ ဗြိတိသျှ သံချပ်ကာ ကားတစ်စီးက သူတို့ ထရပ်ကားကို တားသည်။ ထို့နောက် ကားနောက်မှလိုက်ကာ သူတို့ကိုယ်ပိုင် အသံချဲ့စက်ဖြင့်လိုက်၍ အော်သည်။

ဘင်ယေဟူဒါလမ်းမပေါ်တွင် ဂျူးနယ်မြေအုပ်ချုပ်ရေးအဖွဲ့ဝင် ပုလိပ် တစ်ယောက်ဖြစ်သည့် ရှုဗင်တာမားနှင့် အပေါင်းပါများ ကုန်စုံဆိုင်လေးတစ်ခုကို သော့ဖျက်ကာ ဖွင့်ပြီး မုန့်များ၊ ဆိုဒါများကို သူငယ်ချင်းများအား ဝေငှစားသောက်စေသည်။ ထိုစဉ်

http://mmteashop.com



ပိုင်ရှင်မှာ ဒေါသတကြီးရောက်လာသည်။ ထို့နောက် ယခုညတွင် အရာရာ၌ အဖိုးအခမပေးဘဲ စားသောက်နိုင်သည်ဟု သဘောပေါက်လာပြီး သူ့ဆိုင်ထဲမှ စားစရာ သောက်စရာများကို လူအုပ်ကြီးအား ဝေငှသည်။ ထိုအချိန်တွင် လူတစ်အုပ်ရောက်လာပြီး ဗြိတိသျှပုလိပ်အဖွဲ့ဝင် ဂျူးတစ်ယောက်ကို ပခုံးပေါ် တင်ထမ်း၍ ခေါ် လာသည်။ "ပထမဆုံး ကျွန်တော်တို့ရဲ့ ပုလိပ်ဝန်ကြီးဖြစ်မယ့်သူပဲ" ဟု ဟစ်ကြွေးကြသည်။ အားမားသည် မျက်တောင်တဖျပ်ဖျပ်ခတ်မိသည်။ သူတို့ပခုံးပေါ်မှ ပုဂ္ဂိုလ်မှာ သူ့အဖေဖြစ်နေသောကြောင့်တည်း။

ပျော်ပွဲသဘင်ကို ဆင်ယင်သည့် အနေဖြင့် အရက်ဆိုင်စားသောက်ဆိုင် ပိုင်ရှင်များသည် သူတို့ဆိုင်များကို ဖွင့်ကာ ကျွေးမွေးသည်။ ကာမယ်မစ်ဇရာချီဝိုင် ကုမ္ပဏီ၏ ညွှန်မှူးသည် ဘယ်ယေဘူဒါလမ်းအတိုင်း ဝိုင်အနီစည်တစ်လုံး လှိမ့်ယူလာပြီး လူတိုင်းကို အလကားတိုက်သည်။ ဘာသာရေးရပ်ကွက်ဖြစ်သည့် မီးရှီယာရင်ရပ်ကွက်တွင် ရိုးရာမလေ့ထုံးစံကို သင်ယူနေသည့် ကျောင်းသားများသည် လမ်းပေါ် ထွက်လာကြပြီး ကော့ညက်ပုလင်းများ ကိုင်ကာ "လီချာယင် . . . ဘဝအတွက်" ဟု တိုင်တည်ကာ သောက်ကြသည်။ ညနှစ်နာရီတွင် ဂျူးထောင်ပေါင်းများစွာသည် ဂျေရုဆလမ်မြို့လယ်သို့ ရောက်လာသည်။ ပျော်ရွှင်နေသော လူငယ်များသည် လမ်းထောင့်တိုင်းတွင် ဝိုင်းကြီးပတ်ပတ်ကကြသည်။ အချို့မှာ လက်ချင်းဆက်ကာ လမ်းလုံးပြည့် လျှောက်သွားကြပြီး ဇီယွန်အမျိုးသား သီချင်းဖြစ်သည့် "ဟာဘစ်ဗား" ကို သီဆိုသည်။ ဇီယွန်ဝါဒ စတင်ဖော်ထုတ်စအချိန်က ရှေးဟောင်းသီချင်းများကို ရုရှား၊ ချက်၊ ဂျာမန်၊ ဟန်ဂေရီ၊ ယီဒစ်၊ ဟီဘရူး ဘာသာစကားတို့ဖြင့် သီဆိုကြသည့် အသံများသည် ထိုညတွင် ပဲ့တင်ထပ်နေသည်။ တစ်ယောက်နှင့် တစ်ယောက် မသိသူများသည်လည်း ဖက်ယမ်းနမ်းရှုပ်ကြသည်။ ဟီဘရူးတက္ကသိုလ်မှ သတ္တဗေဒကျောင်းသား ယူရီကိုဟင်သည် အိမ်မှထွက်ကတည်းက မြို့လယ်ရောက်သည်အထိ တွေ့သူတိုင်းကို ဖက်ယမ်းနမ်းရှုပ်သွားသည်။

ဗြိတိသျှလူမျိုးတို့ပင် ပါဝင်ဆင်နွှဲကြသည်။ ပဥ္စမမြောက် ကျော့ဘုရင် ရိပ်သာလမ်းတွင် ဗြိတိသျှသံချပ်ကာ ကားတစ်စီး လမ်းအတိုင်း မောင်းလာသည်ကို ယားကော့ဆာလမွန်မြင်ရသည်။ သူ့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သူသည် ဟာဂါနားတွင် တာဝန်ကျသဖြင့် ထွက်လာခြင်းဖြစ်ပြီး သူ့တင်ပါးမှာ ချိတ်ဆွဲထားသော ရေဘူးထဲတွင် လက်ပစ်ဗုံးတစ်လုံးနှင့် ပစ္စတိုတစ်လက်ကို ဝှက်ယူလာခဲ့သည်။ ဗြိတိသျှတို့ တွေ့သွားလျှင် ထောင်တစ်သက်ကျနိုင်သည့် လက်နက်မှုမျိုး ဖြစ်သည်။ ဘာလုပ်ရမည်မှန်း မသိဘဲ ကြောင်နေစဉ် လူငယ်တစ်စုက သံချပ်ကာကားကို ဝိုင်းအုံကာ ဗြိတိသျှပုလိပ်ကို ဖက်ကြသည်။ အံ့အားသင့်နေသော အင်္ဂလိပ်ကြီးကလည်း သူတို့ကို ပြန်၍ ဖက်သည်။ "ဂျူးတွေ အပျော်ကြီးပျော်နေစဉ် ဗြိတိသျှတို့ ပထမအကြိမ် ပါဝင်ဆင်နွှဲသည့် သာဓက တစ်ခုဖြစ်သည်"ဟု ဆာလမွန် တွေးမိသည်။

http://mmteashop.com



အပျော်လွန်ရောဂါသည် ဗြိတိသျှစစ်သားများဆီသို့ ကူးစက်သွားသည်။ စစ်သားများသည် ဗိတ်ထဲမှ သျှိလင်လက်တစ်ဆုပ်နှိုက်ကာ ဂျူးအမျိုးသားရန်ပုံငွေပုံးထဲသို့ ထည့်ဝင်ပြီး အပြာဖျော့ ဂျူးအထိမ်းအမှတ် အလံကလေးများကို သူတို့စစ်ဝတ်စုံမှာ ချိတ်တွယ်ကြသည်။ ဂျူးဘုန်းကြီး အက်ဇရာစပိုင်ဟင်ဒလားက ဗြိတိသျှစစ်သားတစ်ယောက်အား ကော့ညက် တစ်ကျိုက် ပေးသောက်သည်။ စစ်သားက "အွတ် . . . ဂျူးတွေအတွက်"ဟု ဆိုကာ ပုလင်းသုံးပုံတစ်ပုံလောက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

နေမထွက်မီ အချိန်မှာပင် ဂျေရုဆလမ်တွင်ရှိသော ဂျူးအားလုံးသည် အိပ်ရာမှ နိုးလာကာ ပျော်ပွဲဆင်နွှဲနေကြဟန်တူသည်။ ဂျူးဘုရားကျောင်းများသည် နံနက်သုံးနာရီတွင် ဖွင့်ပြီး ဆုတောင်းပွဲများ ကျင်းပသည်။ လူတိုင်းပင် ကိုယ့်နည်းနှင့်ကိုယ် ပျော်ပွဲများ ဖန်တီးကြသည်။ အရဖ်မတိုင်မီ ရောင်နီပျိုးလျှင် ဇက်ဘင့်ဂျမင်သည် သမ္မာကျမ်းစာထဲမှ "သို့နှင့် ညဦးနှင့် နံနက်သည် ပထမနေ့ရက်ဖြစ်လေ၏" ဟူသော အပိုဒ်ကို စဉ်းစားမိသည်။ သူတို့တစ်တွေ က,ခုန်နေသည်ကို ကြည့်ပြီး ရုရှားတွင် မွေးသည့် ရှဗင်ဘင်ယေဟိုရှုဝါ၏ ခေါင်းထဲတွင် အတွေးတစ်ခုပေါ်လာသည်။ "ဇီယွန်ရှေ့ဆောင် နွားလားတွေဟာ ဒီလိုညများ ပေါ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ စိတ်ကူးမိမှာ မဟုတ်ဘူး၊ သူတို့တစ်တွေမရှိခဲ့ရင်လည်း ဒီညမျိုးဖြစ်နိုင်ဖို့ ဝေးတယ်" ဟု သူ စဉ်းစားမိသည်။ မသိဝါဒီ ဂျူးများသည်ပင် ထိုညက ဘုရားသခင်၏ ကူညီစောင်မခြင်းရှိသည်ဟု ယုံကြည်လာသည်။

ပျော်သူများပျော်နေခိုက်တွင် မကျေနပ်သူများလည်း ရှိသည်။ အော်သိုဒေါက် ဂျူးများထဲမှ အယူသီးဂိုဏ်းဖြစ်သည့် နေတူရိုင်ကာတာဂိုဏ်းသည် သူတို့ ဘုရားကျောင်းများတွင် ဝမ်းနည်းပူဆွေးကာ ဆုတောင်းပတ္တနာပြုနေကြသည်။ သူတို့ကား ဘာသာအယူဝါဒတွင် အယူသီးလွန်းကြသူများ ဖြစ်သည်။ ဂျူးလူမျိုးတို့ ပြည်တော်ပြန်နိုင်ရန် ဘုရားသခင်မှတစ်ပါး မည်သူမျှ မတတ်နိုင်ဟု ယုံကြည်ကြသည်။ ယခု သူတို့၏ သွေးချင်းသားချင်းတို့ ပျော်ပွဲဆင်နွှဲနေကြသည်မှာ စက်ဆုပ်စရာကောင်းသည်။ ဘုရားသခင်မှသာ တတ်နိုင်သည့် ကိစ္စကို သူတို့လို သာမန်လူတို့ မလုပ်နိုင်ဟု ယုံကြည်ကြသည်။ ဟာဂါနားတပ်ဖွဲ့မှ လူငယ်အရာရှိနေတာနယ်လော့ချ်သည်လည်း မကျေနပ်သူတစ်ယောက်ဖြစ်သည်။ ယခုည သတင်းစကားကြောင့် အာရပ်တို့ မည်သို့ တုံ့ပြန်မည်ကို သူ့စိတ်ထဲမှာ တစ်မျိုးထင်ယောင်မြင်ယောင်ဖြစ်မိသည်။ ဝိုင်းကြီးပတ်ပတ် က, နေကြသူများကို သူမြင်ရသည်။ "ဘာမှ မသိတဲ့လူတွေကတော့ က, နေကြမှာပဲ"

ဘင်ယေဟုဒါလမ်းတွင် ထင်ရှားသည့် အရပ်ရှည်ရှည် ပုဂ္ဂိုလ်တစ်ယောက် ပျော်ပွဲဆင်နွှဲသူများအကြား လမ်းလျှောက်ရင်း စဉ်းစားနေသည်။ သူကား အယ်လီဇာ ဆူကေနစ်ဖြစ်သည်။ သူတို့တစ်တွေ ဂျူးနိုင်ငံသစ်အတွက် ဝမ်းသာနေကြစဉ် မာဆာဒါ တောင်ထိပ်တွင် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်က တိမ်မြုပ်သွားသည့် ရှေးဟောင်း ပစ္စည်းတစ်ခု

http://mmteashop.com



အကြောင်း သူ စဉ်းစားနေသည်။ ထိုနေ့ ညနေပိုင်းတွင် အာရပ် ရှေးဟောင်း အမှတ်တရ ပစ္စည်းရောင်းသူ တစ်ယောက်၏ဆိုင်၌ အယ်လီဇာဆူကေနစ်သည် ရှေးဟောင်း သားရေစက္ကူတစ်ခုကို လက်ဖြင့် ကိုင်တွယ် စမ်းသပ်ကြည့်ရှုခဲ့သည်။

ကွယ်ပျောက်သွားပြီဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှု၏ အမွေအနှစ်တစ်ခုကို သူ ကိုင်တွယ်စမ်းသပ်နေမှန်းသိသည်။ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည်။ ထိုပစ္စည်းကို မနက်ဖြန်တွင် ဝယ်ရန် အာရပ်ဆိုင်ရှင်နှင့် ဈေးဆိုင်နေသည်။ ယခုညတွင် ဂျူးနိုင်ငံသစ်ဖြစ်ထွန်းလာမည့် သတင်းကြောင့် နက်ဖြန်တွင် သူ ဝယ်ယူမည့် ရှေးဟောင်း ပစ္စည်းမရလိုက်မှာကို ပူပင်နေမိသည်။ ထိုပစ္စည်း၏ တန်ဖိုးကား အဆုံးအဆမရှိပြီ။ သူ့အဖို့ အနမတဂ္ဂ ဖြစ်သည်။ နှစ်ဆယ်ရာစုအတွင်း ပင်လယ်ဒေသမှ ပထမဆုံး ရှာဖွေတွေ့ရှိသည့် ရှေးဟောင်းပစ္စည်းတစ်ခု ဖြစ်သည်ကို သူ သိသည်။

နေရာတိုင်းတွင် ပါလက်စတိုင်းခွဲခြမ်းခြင်းကို ဂျူးတို့ ဝမ်းပန်းတသာ ကြိုဆိုကြသည်။ တယ်အဗစ်မှာ ကမ္ဘာတွင် ပထမဆုံး ဂျူးမြို့တော် ဖြစ်လာသည်။ ထိုညကမူ တယ်အဗစ်သည် လက်တင်မြို့တော်တစ်ခု ပျော်ပွဲဆင်နွှဲနေသည်နှင့် တူနေသည်။ ကျေးလက် စုပေါင်းလယ်ယာများတွင် လူငယ်များ ကပွဲဆင်နွှဲကြသည်။ မြောက်ပိုင်းက ဆီးရီးယားနယ်စပ်ဒေသနှင့် ဂျူးအခြေစိုက် နေဂိုဒေသတို့တွင် ကင်းစခန်းများမှ အစောင့် အကြပ်များသည် ပျော်ရွှင်စရာညကို ဝမ်းသာမှုအပြည့်ဖြင့် ကြိုဆိုနေကြသည်။

ဂျေရုဆလမ်မြို့တွင် ဂျူးလူမျိုးတို့သည် နိုင်ငံသစ်တစ်ခုထူထောင်ရန် မျှော်လင့်ချက်ဖြင့် ခံတပ်ကြီးတစ်ခုနှင့် တူသည့် ဂျူးအေဂျင်စီအဆောက်အအုံကို တည်ဆောက်ခဲ့ကြသည်။ ယင်း အဆောက်အအုံကို ဗဟိုပြုကာ ပျော်ပွဲများ ဆင်နွှဲနေကြသည်။ မီးမောင်းကြီးများက ဂျူးအေဂျင်စီကို ထိုးပေးထားသည်။ ဇီယွန်ဝါဒီတို့သည် ဒေးဗစ် ဘုရင်ကြီး၏ အပြာရောင်ဖျော့ဖျော့ ကြယ်တစ်ခုပါသည့် အလံတော်ကို တိုင်ထိပ်သို့ လွှင့်ထူလိုက်သည်။ လူအုပ်ကြီးက လက်ခုပ်တီးကာ ကောင်းချီးသြဘာပေးကြသည်။

ထို့နောက်တွင် လက်ခုပ်သံများ ငြိမ်သက်သွားသည်။ အမျိုးသမီးတစ်ယောက်၏ ပုံသဏ္ဌာန်တစ်ခု ဂျူးအေဂျင်စီဝရန်တာတွင် ပေါ်လာသည်။

"တို့နိုင်ငံ ပြန်ရဖို့ နှစ်ပေါင်းနှစ်ထောင် စောင့်ခဲ့ရတယ်။ အခု ပြန်ရပြီ။ စကားလုံးတွေနဲ့ ဖော်ပြလို့ မရနိုင်လောက်အောင် အံ့သြစရာ အချိန်အခါပါပဲ"

ဂိုလ်ဒါမေယာ၏အသံသည် ပြောရင်း တိမ်ဝင်သွားသည်။ သူသည် အလွန် အမင်း စိတ်ထိခိုက်နေသည်။ ရင်ထဲမှာ လှိုင်းထနေသည်။ ထို့နောက် "ဂျူး ကံကောင်း ပါစေ"ဟု သူ ဆုတောင်းသည်။

ဂျူးများ ပျော်ရွှင်စွာ ဟစ်ကြွေးနေသည့်အသံများကို အာရပ်ရပ်ကွက်သို့ ပဲ့တင် ထပ်လာသည်။ လူသူကင်းမဲ့သောလမ်းများတွင် မြည်ဟည်းသည့် ခေါင်းလောင်းသံနှင့် တူသည်။ ထိုအခါတွင်မှ သူတို့ဘဝတွင် အပြောင်းအလဲများ ကြုံရတော့မည်ဟု အာရပ် တို့ နားလည်လာကြသည်။

http://mmteashop.com



ပါလက်စတိုင်းအုပ်ချုပ်ရေးဌာန၏ ပညာရေးဌာနမှ အရာရှိ ဂိတရေးကာတူးသည် ခါးသီးသည့် အတွေ့အကြုံနှင့် ရင်ဆိုင်ရသဖြင့် သူ့ဇနီးအား "သွားပြီ၊ တို့ရှုံးပြီ၊ ဂျေရုဆလမ်လမ်းတွေမှာ သွေးချောင်းစီးတော့မှာပဲ၊ ဒီလိုဖြစ်ရတာဟာ ဗြိတိသျှတွေရဲ့ လက်ချက်ပဲ၊ တို့ကို အရေးမစိုက်တဲ့ သဘောပဲ၊ တစ်ကမ္ဘာလုံးက တို့ရှုံးအောင် ဝိုင်းပြီး လုပ်ကြတယ်"ဟု ပြောသည်။

ဆာမိဟာဒါဝီသည် ပါလက်စတိုင်း အုပ်ချုပ်ရေးဌာနမှ ပြည်သူ့ဝန်ထမ်းတစ်ယောက် ဖြစ်သည်။ အသံများကြားရသည့်အခါ နားမခံသာအောင် ဖြစ်လာပြီး ပြတင်းတံခါးကို ပိတ်သည်။ တရုတ်ကတ်များကို ဆွဲ၍ စေ့သည်။ ထိုအသံများကို သူ နားမထောင်ချင်။ ဂျေရုဆလမ်ခွဲခြမ်းလိုက်ပြီ ဆိုသည်ကိုလည်း သူ မယုံကြည်ချင်။ သူ့စိတ်ထဲတွင် စွဲစွဲမြဲမြဲ ယုံကြည်နေတာ တစ်ခုရှိသည်။ ဗြိတိသျှတွေ ပါလက်စတိုင်းက ဘယ်တော့မှ ခွာမှာ မဟုတ်ဘူးဟု သူ ထင်သည်။

ဇီဟက်ခါတစ်သည် စာရင်းကိုင်တစ်ယောက် ဖြစ်သည်။ အသက်မှာ နှစ်ဆယ့်တစ်နှစ်သာ ရှိသေးသည်။ အသံများ ကြားရသဖြင့် အိပ်ခန်းပြတင်းမှ လှမ်း၍ ကြည့်မိသည်။ "တကယ်အောင်နိုင်သူတွေက သူတို့ပဲ၊ ငါတို့ မဟုတ်ဘူး"ဟု တွေးမိသည်။ ·

စောစောက အသံလွှင့်ရန်သတင်းကို ဘာသာပြန်ပေးခဲ့သည့် ဟာဇင်နတ်ဆေဘီသည် သူ့အခန်းထဲမှ ထွက်လာခဲ့သည်။ အမှောင်ထဲတွင် နောက်နားက အသံတစ်သံကို သူ ကြားရသည်။ တိုးတိုးပြောခြင်း ဖြစ်သည်။ "တစ်ချိန်ရောက်လာရင် အာရပ်တွေ ကျေရာတာဝန်ထမ်းဖို့ အဆင်သင့် ဖြစ်နေရမယ်နော်" ဟု သူ ကြားလိုက်ရသည်။

ပြောသူမှာ ပါလက်စတိုင်း အသံလွှင့်ရုံကို စောင့်ကြပ်သည့်တပ်မှ အာရပ်အရာရှိတစ်ယောက် ဖြစ်သည်။ သူသည် အာရပ်ထိပ်တန်းတပ်မတော်ဖြစ်သည့် အာရပ်လီဂျင်းမှ အာရပ်တစ်ယောက် ဖြစ်သည်။ ဂျူးများ နိုင်ငံသစ်တစ်ခုရသဖြင့် မြူးထူးနေကြသည်ကို သူ ကြည့်နေသည်။ နောင်အခါ သူ့တပ်မှ အမြောက်များသည် ဂျူးတို့အား ကောင်းကောင်းဆုံးမလိမ့်မည်။

ဂျူးတို့၏အောင်ပွဲကို မမှိတ်မသုန်ကြည့်နေသူ အာရပ်တစ်ယောက် ရှိသည်။ သူကား အခြားအာရပ်များနှင့် မတူ။ သူသည် အရပ်ဝတ် အရပ်စားများ ဝတ်ဆင်ထားသည့် ဆီးရီးယားတပ်မတော်မှ လူငယ်ကပ္ပတိန်တစ်ယောက် ဖြစ်သည်။ တယ်အဗစ်မြို့ထဲတွင် ပျော်ရွှင်နေကြသော ဂျူးများအကြား သူဖြတ်၍ လျှောက်သည်။ အရှက်တက်လျှင် ကပ္ပတိန် အက်ဘဒူအဇစ်ကေရှိင်းသည် သူတည်းခိုသည့် ဟိုတယ်အခန်းပြတင်းပေါက်မှ လူအုပ်ကြီးဆီသို့ ကြည့်ကာ စိတ်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ စိတ်လှုပ်ရှားမည်ကား အမှန်။ သူသည် အထူးတာဝန်ဖြင့် တယ်အဗစ်သို့ ရောက်လာခြင်း ဖြစ်သည်။ နာရီအနည်းငယ်ကြာလျှင် လစ်ဒါလေဆိပ်မှတစ်ဆင့် ပရတ်မြို့သို့ သူသွားတော့မည်။ ပရတ်မြို့တွင် ရိုင်ဖယ်တစ်ထောင်နှင့် စက်သေနတ်တစ်ထောင် သူ

http://mmteashop.com



ဝယ်မည်။ ဟိုတယ်အောက်က လမ်းပေါ်တွင် မြူးထူးစွာ ကခုန်နေသူများ၏ အိပ်မက်ကို ချေမှုန်းမည့် အာရပ်တို့ စုဆောင်းသော ပထမအသုတ် ဖြစ်သည်။

"တို့ နိုင်ပြီပဲ၊ ဘာလုပ်မလို့လဲ၊ အဘိုးကြီး အိပ်ပါစေဦး" ဝတ်ရုံခြုံထားသည့် အမျိုးသမီးက ပြောသည်။ ပင်လယ်သေအနီး ဂျူးပိုတက်အလုပ်ရုံမှ နှစ်ဆယ့်ငါးမိုင်ဝေးသည့် ဂျေရုဆလမ်သို့ သူ့ကို နှိုးရန် ဂါရှုန်အက်ဗနာ အပြေးလာခဲ့သည်။ သူသည် ဂျူးအေဂျင်စီမှ အရာရှိတစ်ယောက် ဖြစ်သည်။ သူ့အိတ်ထဲတွင် ကုလသမဂ္ဂမှ ဆုံးဖြတ်ချက်ကို ကြိုဆိုသည့် ဂျူးအေဂျင်စီ၏ တရားဝင်ကြေညာချက် စာမူကြမ်းတစ်ခုပါသည်။ အိပ်ပျော်နေသူမှာ အောင်ပွဲ၏ ခေါင်းဆောင်ဖြစ်ပြီး ဂျူးလူမျိုးတို့အတွက် နိုင်ငံသစ်တစ်ခု ရအောင် ကြိုးပမ်းခဲ့သူ ဖြစ်သည်။ အက်ဗနာက ဗိုက်ပူပူခေါင်းဖြူဖြူ ပုဂ္ဂိုလ်အား ပခုံးမှ ကိုင်ကာ အသာအယာနှိုးသည်။

သူက ဒေးဗစ်ဘင်ဂူရီယန်အား "ကျွန်တော်တို့ နိုင်တယ်" ဟု တိုးတိုးပြောသည်။

ဘင်ဂူရီယန်လည်း ဝတ်ရုံကို ဝတ်ကာ စာရေးစားပွဲလေးဆီသို့ သွားသည်။ မျက်မှန်ကို အနေအထားကျအောင် တပ်ဆင်ကာ အက်ဗနာပေးသည့် ကြေညာချက်ကို ဖတ်သည်။ ထို့နောက် အင်္ဂလိပ်စာလုံး (၁၅၀) ရှိသည့် ကြေညာချက်ကို ပြင်ဆင်သည်။ စာမျက်နှာတစ်ခုလုံး ပြင်ရာများ ဖြည့်စွက်ချက်များဖြင့် ရှုပ်ထွေးနေသည်။

"စာရွက်ထပ်ပြီး ယူခဲ့ပါ" ဘင်ဂူရီယန်က တောင်းသည်။

ဘင်ဂူရီယန်၏ဇနီး ပေါလာက စာရွက်ရှာသည်။ စာရွက် လွယ်လွယ်မတွေ့သဖြင့် နောက်ဆုံးတွင် အက်ဗနာသည် အိမ်သာထဲမှ စက္ကူလိပ်တစ်ခုကို ဖြတ်ကာ ယူသွားသည်။ စက္ကူပေါ်တွင် ဘင်ဂူရီယန်သည် သမိုင်းတွင်မည့် ကြေညာချက်ကို ရေးသည်။

ကြေညာချက်ရေးပြီးချိန်တွင် ပိုတက်အလုပ်ရုံမှ လူငယ်များ စုဝေးရောက်ရှိလာကြသည်။ အိမ်ထဲတွင် ပျော်ရွှင်စွာ ဟစ်ကြွေးကခုန်ကြသည်။ဘင်ဂူရီယန်သည် လက်နှစ်ဖက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကာ ဝတ်ရုံအင်္ကျီအိတ်ထဲတွင် ထည့်ထားပြီး သူတို့ကနေသည်ကို လေးလံသည့်နှလုံးဖြင့် ကြည့်နေသည်။ ထိုညက ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်သည် ဂျူးလူမျိုးတို့အဖို့ တန်ဖိုးကြီးကြီး ပေးရမည့် အဆုံးအဖြတ်တစ်ခု ဖြစ်သည်ကို သူကောင်းကောင်းသိသည်။ လူငယ်များက သူတို့နှင့်အတူ က, ရန်ခေါ်သည့်အခါ သူ ခေါင်းခါ၍ ငြင်းသည်။

နောင်အခါ သူက ယခုလို ပြန်ပြောင်းပြောပြသည်။ "အဲဒီညက ကျွန်တော် မကနိုင်ဘူး၊ သူတို့တစ်တွေ ပျော်ပျော်ရွှင်ရွှင် ကခုန်နေကြတာ ကြည့်ပြီး စစ်ပွဲတစ်ခုမှာ သူတို့တစ်တွေ တိုက်ကြရဦးမှာပါလားလို့ တွေးနေမိတယ်"

ကုလသမဂ္ဂက မဲခွဲဆုံးဖြတ်ငြားလည်း ဂျူးနိုင်ငံတစ်ခုဖြစ်ပေါ်လာဖို့ အာမခံချက် မရှိသေးဟု ဘင်ဂူရီယန် နားလည်သည်။ ယခု နိုဝင်ဘာညနှင့် နောက်ဆုံးအောင်ပွဲမှာ လပေါင်းအတန်ကြာဦးမည်။ ထိုကာလအတွင်း ဗြိတိသျှတို့၏ ထိန်းသိမ်းအုပ်ချုပ်ရေး

http://mmteashop.com



သည် အခက်အခဲပေါင်းများစွာ ဖြတ်ကျော်ရဦးမည်။ ဗြိတိသျှတို့ ဆုတ်ခွာသွားလျှင် ရင်ဆိုင်ရမည့် အတားအဆီးများအတွက် နှစ်ဖက်စလုံး မိမိတို့ အင်အားများကို စုစည်းရမည်ဟု ဘင်ဂူရီယန် သဘောပေါက်သည်။ ဂျေရုဆလမ်တွင်မူ အဆိုးရွားဆုံးကို ရင်ဆိုင်ရန် ပြင်ဆင်မှုများ စတင် ပြုလုပ်နေပြီ။

အက်ဗနာနှင့် ပိုတက်လုပ်ငန်းမှ လူငယ်များ ပြန်လည်ထွက်ခွာသွားချိန်တွင် ကားတစ်စီးသည် မြို့တော်၏ အနောက်ဘက်ခြမ်း ဂျူးဆင်ခြေဖုံး ရပ်ကွက်တွင်းသို့ ဝင်သွားသည်။ ဟစ္စတာဒရတ်ကျန်းမာရေးအဖွဲ့ရှေ့တွင် ထိုကား ရပ်သည်။ ကားထဲမှ ခပ်တောင့်တောင့် လူတစ်ယောက် ဆေးခန်းတံခါးကို ဖွင့်ကာ အထဲသို့ ဝင်သည်။ အထဲမှ ဆေးတပ်သားတစ်ယောက် ထွက်လာပြီး သူ့ကို ကြိုဆိုသည်။ သူတို့နှစ်ယောက် နောက်ဘက်က ရုံးခန်းလေးတစ်ခုထဲသို့ ဝင်သွားကြသည်။ ခေါင်းဖြူဖြူ ပုဂ္ဂိုလ်သည် လုပ်စရာရှိသည်တို့ကို စတင် လုပ်ကိုင်သည်။

သူကား ဟာဂါနာ့တပ်ဖွဲ့၏ ဂျေရုဆလမ် ဒေသတပ်မှူး အစ္စရေးအားမား ဖြစ်သည်။ တံခါးဖွင့်ပေးသည့် ဆေးတပ်သားမှာ သူ၏တပ်မှတပ်သား ဖြစ်သည်။ ဗြိတိသျှ စုံထောက်ရန်ကို အကာအကွယ်ယူရန် ကျန်းမာရေးဌာနတစ်ခုဖွင့်လှစ်ပြီး စုဝေးတိုင်ပင်ကြခြင်း ဖြစ်သည်။ သူ့အဆက်အသွယ်များဆီကရသည့် သတင်းများကို ဌာနချုပ်သို့ တယ်လီဖုန်းဆက်ကာ ပေးပို့သည်။ သူတို့ သိရသလောက်ကား အာရပ်ရပ်ကွက်တွင် ဘာတစ်ခုမျှ ထူးထူးခြားခြား မဖြစ်သေး။ သို့သော် အာမားမှာ စိတ်နှလုံးဒုံးဒုံးမချနိုင်သေးပေ။ ဟာဂါနာ့ဌာနချုပ်နည်းတူပင် သူ့လက်အောက်ကတပ်ဖွဲ့သည်လည်း အသင့်အနေအထားတွင် ရှိနေသည်။ ချက်ချင်း သုံးနေရာသို့ သူ တယ်လီဖုန်းဆက်သည်။

အစ္စရေးအာမား စိုးရိမ်သည့်အတိုင်းပင် အာရပ်အုံကြွမှုသည် စတင် အကောင်အထည်ဖော်နေသည်။ ထောင့်စွန်းနှစ်ဖက်တွင် အာရေဘီအတိုအမှတ် EG ပါသည့် စာရွက်များကို ကိုင်ဆောင်ကာ အာရပ်ဆက်သားများသည် ဂျေရုဆလမ်၏လမ်းမှောင်မှောင်များတွင် ဝင်ထွက်သွားလာနေကြသည်။ **EG** မှာ ဂျေရုဆလမ်မြို့၌ ခရစ်ယာန်အာရပ်အဖွဲ့အစည်းဝင် စင်စင်နတီတက္ကသိုလ်မှ ဘွဲ့ရသူ အီမိုင်းဂိုရီနှင့် ဆိုင်သည်။ သူသည် မြို့တော်ရှိ အာရပ်ထိပ်တန်းကော်မတီ၏ခေါင်းဆောင် ဖြစ်သည်။

လျှို့ဝှက်သင်္ကေတကိုင်ထားသည့် ဆက်သားများသည် ရှေဟောင်းဂျေရုဆလမ် အနှံ့အပြားသွားကြသည်။ တစ်ယောက်က ကြေကွဲဖွယ်မြို့ရိုးနားသို့ သွားသည်။ နောက်တစ်ယောက်က စိန့်စတီဖင်မြို့တံခါးအနီးက ဗလီထဲသို့ ဝင်သွားသည်။ တတိယလူသည် မြင့်မြတ်သော လိုဏ်ဂူနောက်သို့ ဝင်သွားသည်။ သူတို့သည် အာရပ်အကြီးအကဲများ၊ မထင်မရှား အိမ်ဆိုင်ဖွင့်သူများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ မုဆိုးမများနှင့်တွေ့သည်။ သတင်းစကားများ ဖလှယ်ကြသည်။ အီမိုင်းဂိုရီ၏ ဆက်သားများကို အားလုံးက ယုံကြည်ကြသည်။

http://mmteashop.com



သူတို့ကို လျှို့ဝှက်သည့်နေရာများသို့ ထိုပုဂ္ဂိုလ်များက ခေါ်ဆောင်သွားသည်။ အခန်းများကို ဖွင့်သည်။ ကြမ်းပြင်များကို ခွာသည်။ မြေကျင်းများကို တူးသည်။ နေထွက်သောလျှင် သူတို့လုပ်ငန်းအားလုံး အစသတ်ပြီးစီးသည်။ ဂျေရုဆလမ်မြို့ထဲတွင် ဂျူးများ ကခုန်နေစဉ် သူတို့သည် ဝှက်ထားသော လက်နက်များကို သယ်ယူသည်။ (၁၉၃၆-၃၉) အတွင်း ပါလက်စတိုင်းတွင် အာရပ်တို့က ဗြိတိသျှတို့ကို ပုန်ကန်တော်လှန်သည်။ သွေးချောင်းစီးသည့် သုံးနှစ်တာကာလအတွင်း ဝှက်ထားသည့် ရိုင်ဖယ်ရှစ်ရာကို သူတို့ယခု သယ်ဆောင်ခြင်း ဖြစ်သည်။ ယင်းတို့မှာ ဂျေရုဆလမ်မြို့ရှိ အာရပ်ထိပ်တန်းကော်မတီပိုင် လက်နက်များ ဖြစ်လေသည်။

အာရပ်အချို့နှင့် ဂျူးအချို့တို့မှာ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်နောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦး အဆက်ဆံရခက်လာကြသည်။ လက်ဆွဲနှုတ်ဆက်ဖို့ပင် မလွယ်။ ယင်းအတွက် စိတ်မကောင်းကြပေ။ သူတို့ မျှော်လင့်ထားသည့် ရင်ဆိုင်တိုက်ပွဲများ မဖြစ်တန်ကောင်းပါဟု မျှော်လင့်နေကြသည်။ နောက်တစ်နေ့ နံနက်ခင်းတွင် ဂျေရုဆလမ်ဆေးရုံကြီး၌ မိတ်ဆွေဟောင်းနှစ်ဦးဖြစ်သည့် ဒေါက်တာရတ်ချဟာစ်ခါလစ်ဒီ နှင့် ဒေါက်တာအက်ဒဝပ်ကွတ်တို့ လူနာခုတင်များကို နှစ်ယောက်အတူ လှည့်လည် ကြည့်ရှုကြသည်။ မကြာမီ ထိုခုတင်များတွင် လူမျိုးရေးစစ်ပွဲမှ ဒဏ်ရာရသူများ ရောက်လာကြတော့မည်။ "တို့တစ်တွေ အချင်းချင်းတိုက်ကြမှာလား၊ ကြောက်စရာပဲ" ဒေါက်တာကွတ် သက်ပြင်းချမိသည်။

ပဥ္စမမြောက် ဂျော့ဘုရင်ရိပ်သာလမ်းမတွင်နေသော သွားဆရာဝန် ဆာမိအဘို့ဆွန်သည်လည်း စိတ်ထဲတွင် လေးလေးလံလံ ဖြစ်လာသည်။ သူသည် ပညာတတ်တစ်ယောက်ဖြစ်ပြီး ကျွမ်းကျင်သည့် တယောဆရာ ဖြစ်သည်။ ဂျူးများနှင့် သင့်သင့်တင့်တင့် နေထိုင်ခဲ့သည်။ ဂျူးနှင့်အာရပ်တို့ နောက်ဆုံးတွင် သင့်တင့်ညီညွတ်စွာ နေထိုင်နိုင်ကြမည်ဟု သူ မျှော်လင့်သည်။ ကခုန်နေကြသူများတွင် သူ့ ငယ်သူငယ်ချင်း တယောပါမောက္ခ အိုင်းဆက်ရော့တင်းဘတ်ကို မြင်လိုက်သည်။ ရော့တင်းဘတ်ကား တည်ငြိမ်အေးဆေးသည့် ငြိမ်းချမ်းရေးသမား ဖြစ်သည်။ ယခု သူ၏ လက်မောင်းတွင် ဂျူးကာကွယ်ရေးတပ်ဖွဲ့လက်ပတ်တစ်ခု ပတ်ထားသည်ကို မြင်လိုက်ရသည်။

နှစ်ဆယ့်တစ်နှစ်အရွယ်ရှိ စာရင်းကိုင် ဇီဟာက်ခါတစ်သည် မီရှိုယာရင်တွင် ဂျူးများ အောင်ပွဲဆင်နွှဲနေသည်ကို မြင်ခဲ့သည်။ သူ စိတ်မချမ်းသာ။ ထိုနေ့မနက်က ရုံးသို့ရောက်လျှင် ဂျူးလူငယ်လေးများ ပါတီတစ်ခု ကျင်းပနေသည်ကို တွေ့ရသည်။ သူတို့အထဲတွင် ရွှေရောင်ဆံပင်ပိုင်ရှင် ချစ်စရာ ရုမေးနီးယန်းအမျိုးသမီးကလေး အယ်လစ်ဇာကို တွေ့ရသည်။ အယ်လစ်ဇာကို သူ စွဲလမ်းနေသည်။ သူတို့နှစ်ယောက် တိုးတိုး စကားပြောကြသည်။ အယ်လစ်ဇာက ကိတ်မုန့်တစ်ခုယူလာပြီး ခါလစ်အား ကျွေးသည်။ ထို့နောက် လက်တွဲကာ အတူကရန် ဖိတ်ခေါ်သည်။ သူ ကြိုးစား၍ကသည်။ သို့သော်

http://mmteashop.com



စိတ်မပါလှပေ။ ခဏကြာလျှင် သူတို့နှစ်ယောက်အကြားတွင် ညက ကုလသမဂ္ဂ၏ ကြေညာချက်သည် အဟန့်အတား ဖြစ်လာသည်။ ခါလစ်သည် ရုံးထဲမှ ထွက်သွားသည်။ ဧပြီလထဲတွင် ရွှေရောင်ဆံပင်ပိုင်ရှင် ဂျူးမလေးကို နောက်တစ်ခါ သူ တွေ့သည်။ ထို အချိန်တွင် အယ်လစ်ဇာသည် မွန်တီဖွိုင်ရပ်ကွက် ဟာဂါနား ကင်းစခန်းတွင် သဲအိတ် များနောက်၌ ရိုင်ဖယ်တစ်လက်ကိုင်ကာ ကင်းစောင့်နေလေသည်။

အခြား အာရပ်ကမ္ဘာတွင်လည်း ဆူပွက်နေသည်။ အကြမ်းဖက်တိုက်ခိုက်ရန် ပြင် ဆင်နေကြသည်။ အာရပ်တို့ မြေကို ဂျူးတို့အား ခွဲပေးလိုက်ရသဖြင့် ဒမတ်စကတ်မြို့ မှ ဆီးရီးယားလူငယ်များသည် အရဏ်တက်ကတည်းက ဒေါသဖြင့် အော်ဟစ်ကြသည်။ "ကျွန်တော်တို့ လက်နက်လိုချင်တယ်"ဟု ကြွေးကြော်ကြသည်။ အသက်ငါးဆယ့်ငါးနှစ် ရှိ ဝန်ကြီးချုပ် ဂျမီးမာဒမ်က စကားနှင့် မဟုတ်ဘဲ အလုပ်နှင့် သက်သေပြရန် ဖိတ်ခေါ် သည်။ မကြာမီ ပါလက်စတိုင်းတွင် တိုက်ခိုက်ရန် အပျော်တမ်းတပ်ဖွဲ့တစ်ခု ဖွဲ့စည်း မည်။ ထိုတပ်ဖွဲ့သို့ ဝင်ကြပါဟု ဝန်ကြီးချုပ်က ဆိုသည်။ သူတို့သည် အခြားနည်းလမ်း များဖြင့်လည်း ဆန့်ကျင်လိုကြသည်။ မွန်းတည့်လျှင် အမေရိကန်သံရုံးနှင့် ပြင်သစ်သံရုံး တို့ကို ဝင်ရောက်ဖျက်ဆီးသည်။ ရုရှားတို့ ထောက်ခံမဲပေးသည်ကို ကန့်ကွက်သည်။ ဆီးရီးယားကွန်မြူနစ်ပါတီဌာနချုပ်ကို မီးတင်ရှို့သည်။ လက်ဘနွန်၏ မြို့တော် ဘီရွတ် တွင် အာရေဘီယန် အမေရိကန်ရေနံကုမ္ပဏီရုံးများသို့ ဝင်ကာ ဖျက်ဆီးကြသည်။ ထရန်း ဂျော်ဒန်နိုင်ငံမြို့တော် အာမန်တွင် အမေရိကန်ပါမောက္ခနှစ်ယောက်ကို ဒေါသဖြစ်နေ သော လူအုပ်က သတ်ကြတော့မည်။ နောက်ဆုံးအချိန်တွင် ပုလိပ်တပ်ဖွဲ့က အမေရိကန် နှစ်ယောက်အား ကယ်တင်နိုင်ခဲ့သည်။ သဲကန္တာရတွင် သူ၏ နန်းတော်မှနေ၍ ဆော်ဒီအာရေဗျဘုရင် အစ်ဘင်ဆော့က "ပါလက်စတိုင်းတွင် တိုက်ပွဲဝင်နေသော ကျွန်ုပ်၏ တပ်များကို ရှေ့ဆောင်ကာ သေရန်အသင့်ရှိသည်" ဟု နောက်ဆုံးဆန္ဒကို ထုတ်ဖော်ကြေညာသည်။

ထူးဆန်းသည်မှာ အာရပ်နိုင်ငံများတွင် အရေးအကြီးဆုံး အီဂျစ်နိုင်ငံသည် ပါလက်စတိုင်း ခွဲခြမ်းရေးသတင်းကို အေးအေးဆေးဆေး လက်ခံခြင်းပင် ဖြစ်သည်။ ထုံးစံအတိုင်းဆိုလျှင် ဝန်ကြီးချုပ်ရုံးမှ ဆက်သားတစ်ယောက်သည် ထိုသတင်းကို ဘုရင် ဖာရောက်၏ အိမ်တော်ဝန်ထံ ပို့ပေးရသည်။ အိမ်တော်ဝန်က ဘုရင်မင်းမြတ် တစ်ညလုံး ပျော်ပါးပြီး နေ့လယ်ခင်းတွင် စိတ်လက်ကြည်သာစွာ အိပ်ရာမှ နိုးချိန်၌ အရေးကြီးသော မှတ်တမ်းများကို ဖတ်ရန် တင်ပြဖို့ပင် ဖြစ်သည်။

အီဂျစ်ဝန်ကြီးချုပ် မာမွတ်နိုကရာရှီပါရှားသည် ထိုသတင်းကို အလေးအနက် လေ့လာသည်။ သူကား သမိုင်းပါမောက္ခဟောင်းတစ်ယောက် ဖြစ်ပြီး တည်ကြည်သူ ဖြစ်သည်။ အီဂျစ်နိုင်ငံရေးသမားထဲတွင် လေးစားထိုက်သူတစ်ယောက် ဖြစ်သည်။ ဘုရင် ဖာရောက်မှာ အသုံးအဖြုန်းကြီးသည်။ အပျော်အပါး လိုက်စားသည်။ နိုကရာရှီမှာ ရိုးသား

http://mmteashop.com



သည်။ သူသည် အသက်ထက်ဆုံး ဗြိတိသျှ၏ ရန်သူတစ်ယောက် ဖြစ်သည်။ ဗြိတိသျှတို့ ဆုတ်ခွာလျှင် စူးအက်တူးမြောင်းနယ်မြေကို သိမ်းပိုက်ရယူလိုသည်။ ပြီးတော့ ဆူဒန်နိုင်ငံနှင့် ပူးပေါင်းကာ အီဂျစ်ဘုရင့်နိုင်ငံတစ်ခု ထူထောင်လိုသည်။ ဤသည်မှာ ဝန်ကြီးချုပ်နိုကရာရှီ၏ဆန္ဒ ဖြစ်သည်။ ပါလက်စတိုင်းတွင် စစ်ဖြစ်ခဲ့လျှင် အီဂျစ်နိုင်ငံစစ်တပ်က ပါဝင်တိုက်ခိုက်ခြင်း မပြုလို။ ဤသည်မှာလည်း နိုကရာရှီ၏ သဘောထားပင် ဖြစ်သည်။

အခြေအနေအရပ်ရပ်က အီဂျစ်ဝန်ကြီးချုပ်၏ ဆန္ဒနှင့် မကိုက်ညီ။ အာရပ်တို့မှာ မခံမရပ်နိုင်ဖြစ်ပြီး ဒေါသထွက်နေကြသည်။ သူတို့၏ ဒေါသကို ထိန်းနိုင်သည့် နိုင်ငံရေးသမား အီဂျစ်တွင် မရှိ။ အမြော်အမြင်ကြီးသူများ ခေါင်းပါးနေချိန် ဖြစ်သည်။ အာရပ်တို့မှာ သေကျေပျက်စီးခြင်း လမ်းကြောင်းဆီသို့ ဦးတည်နေကြသည်။ ဝန်ကြီးချုပ် နေအိမ်နှင့် မလှမ်းမကမ်းတွင် အင်အားစုနှစ်စု အရှိန်ပြင်းစွာ တော်လှန်ရေးလမ်းကြောင်းဆီသို့ သွားရန် စည်းရုံးနေကြသည်။ မကြာမီကာလအတွင်းမှာပင် မာမွတ်နိုကရာရှီမှာ လူသတ်သမား၏ ကျည်ဆန်ဖြင့် သေဆုံးခဲ့ရလေသည်။

ကိုင်ရိုမြို့၏ ရှေးဟောင်းဈေးကြီးတစ်ခု ဖြစ်သည့် ခန်အယ်ခါလီဈေးသို့သွားသည့် ဖြတ်လမ်းများအနီးတွင် အစ္စလာမ်တက္ကသိုလ်၏ ပါမောက္ခချုပ်များ စုဝေးကြပြီး ကျူးကျော်သူများကို တိုက်ထုတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ မည်သူကမျှ စစ်ကို မတားဆီးနိုင်။ မြင့်မြတ်သော စစ်ပွဲဆီသို့သာ ဦးတည်နေသည်။

ကိုင်ရိုမြို့မှာပင် အစ္စလာမ်ညီအစ်ကိုများ ဂိုဏ်းသစ်ပေါ်လာပြီး တိုက်ပွဲအတွက် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်လာသည်။ ကုလသမဂ္ဂဆုံးဖြတ်ချက်သည် သူတို့ စိတ်ကူးရင်းရှိသော ပုန်ကန်ရေးကို အားပေး အထောက်အကူပြုသလို ဖြစ်လာသည်။

မကျေနပ်မှုများသည် ချက်ချင်းပင် ကူးစက်ပျံ့နှံ့သွားသည်။ ဒမတ်စကတ်၊ ဘီရွတ်နှင့် ဘက်ဂဒက်မြို့ရိုးများတွင် အစ္စလာမ်ကြွေးကြော်သံများ ပဲ့တင်ထပ်လာသည်။ ကုအာန်ကျမ်းစာ၏ အရိပ်အာဝါသတွင် ဓားမြှောင်နှင့် စက်သေနတ်ကို တစ်ဖက်စီကိုင်ထားသည်။ ဘာသာရေးစစ်ပွဲသစ် ကြွေးကြော်သံသည် အာရပ်မိုးယံထက်တွင် ပျံ့ဝဲနေလေသည်။

အရှေ့ဘက်တွင် ဂျေရုဆလမ်သို့ ဒေးဗစ်ဘင်ဂူရီယန် ပြန်လာသည်။ ပျော်ရွှင်နေကြသော လူအုပ်ကြီးကို ကြည့်ကာ တစ်ကိုယ်တည်း သူ ပြောမိသည်။ "အလွန်မိုက်တဲ့ သူတွေပဲ၊ စစ်ပွဲဖြစ်လာမှာကို ကခုန်ကြိုဆိုနေကြသလိုပဲ" ထို့နောက် သူ့အလုပ်ရှိရာသို့ သွားသည်။ မွန်းတည့်ချိန်တွင် ဂျူးအေဂျင်စီရှေ့၌ လူအုပ်ကြီးသည် များသည်ထက် များလာသည်။ ခေါင်းဆောင်များ စကားပြောရန် ဟစ်အော်တောင်းဆိုနေကြသည်။

ဂျူးလူအုပ်ကိုထိန်းရန် ဘင်ဂူရီယန် စိတ်ကူးရလာသည်။ ယခု အခိုက်အတန့်မှာ အလွန်အရေးကြီးသည်၊ သို့ဖြစ်ရာ ဘင်ဂူရီယန်သည် ဂျူးအေဂျင်စီ ဝရန်တာသို့ ထွက်၍ မျက်နှာပြသည်။ သူနှင့် အတူ ထိပ်ပိုင်းခေါင်းဆောင် ငါးဆယ်ခန့် စုဝေးလျက်ရှိ

http://mmteashop.com



သည်။ သူ စကားပြောမည် စိတ်ကူးနေစဉ် တစ်ယောက်က ဂိုလ်ဒါမေယာ၏ နား,နားသို့ ကပ်ကာ သတင်းတစ်ခု တိုးတိုးပြောသည်။ ထိုသတင်းကို ဘင်ဂူရီယန် ကြားလိုက်ရသည်။ သတိထားလိုက်မိသည်။ သူ့အဖို့ စဉ်းစားဆင်ခြင်ချိန် ရလိုက်သည်။သတင်းစကားမှာ တယ်အဗစ်မြို့ အပြင်ဘက်တွင် ချုံခိုတိုက်သဖြင့် ဂျူးသုံးယောက် ကျဆုံးသည့် အကြောင်းပင် ဖြစ်သည်။

သို့တိုင်အောင် လူထုကြီးသည် လက်ခုပ်တီးကာ သူ့ကို စကားပြောရန် တောင်းဆိုနေကြသည်ကို သူ သတိထားမိသည်။ သူကား စိတ်ထဲမှာ လှုပ်ရှားလာသည်။ ဘင်ဂူရီယန်၏ တင်းမာသော မျက်နှာသည် ချိုသာပျော့ပျောင်းလာသည်။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ကတည်းက ဂျူဒီယန် တောင်ကုန်းတွင် ပေးခဲ့သည့် ဟီဘရူးလူမျိုးတို့ ပြန်လည်ဆုံတွေ့ကြမည့် ကတိစကားကို သူ အမှတ်ရလာသည်။ အလွန့်အလွန် ခန့်ညားထည်ဝါသည့် အချိန်အခါ တစ်ခုပေတည်း။ ထိုအကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောသည်။

မိန့်ခွန်းပြီးလျှင် သူ့ဘေးရှိ အပြာနှင့် အဖြူရောင် ဇီယွန်အလံကို လှည့်ကြည့်သည်။ ထိုအလံကို ဖြည်းညင်းသာယာစွာ သူ ဆုပ်ကိုင်သည်။ လေးလေးစားစားပင် အလံ၏ အနားတွန့်များကို သူ ကိုင်တွယ်သည်။

"နောက်ဆုံးမှာတော့ တို့တစ်တွေဟာ လွတ်လပ်တဲ့ လူမျိုး ဖြစ်လာပြီ" ဟု သူ တိုးတိုးဆိုညည်းသည်။

ooo

http://mmteashop.com



အားလုံး ဂျူးရပ်ကွက်များဆီသို့ ရေကာတာကြီးတစ်ခု ကျိုးပေါက်သဖြင့် ရေများ ဒလဟော စီးဆင်းသွားသလို တစ်ရှိန်ထိုးသွားကြသည်။ ဘာကလေဘဏ်တိုက်နားရှိ ဘတ်စ်ကားကုမ္ပဏီမှ ကော်ဖီအလုပ်သမား ဆယ့်ခြောက်နှစ်သား နာဒီဒိုင်အိသည် စိတ်အားတက်ကြွလာပြီး ကော်ဖီဗန်းကိုချကာ လူအုပ်ကြီးနှင့်အတူ လိုက်ပါသွားသည်။

အာရပ်သီချင်းများ သံပြိုင်သီဆိုပြီး လက်ခုပ်များ စည်းချက်ကျကျ တီးလာသော လူအုပ်ကြီးတွင် တုတ်ကိုင်သူ၊ သံချောင်းကိုင်သူများပါလာသည်။ ကံမကောင်းသည့် ဂျူးသတင်းစာဆရာ အက်ရှာလာဇာကို ကားပေါ်က ဆွဲချကာ ရိုက်နှက်ကြသဖြင့် ဒဏ်ရာ အပြင်းအထန်ရသည်။

မေရီမင်းသမီးရိပ်သာလမ်းအတိုင်း ချီတက်လာကြသည့် လူအုပ်ကို ဟာဂါနားတပ်ဖွဲ့ဝင် 'ဇဗီဆိုင်နိုင်း' စောင့်ကြည့်နေသည်။ ဗြိတိသျှလုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းတားမြစ်လိမ့်မည်ဟု သူ ထင်သည်။ လွန်ခဲ့သည့် နှစ်ဆယ့်လေးနာရီက ဂျေရုဆလင်၏ ဂျူးများနှင့်အတူ ထိုပုလိပ်များ အရက်သောက်ခဲ့ကြပြီး ဝမ်းသာအားရ လက်ပြနှုတ်ဆက်ခဲ့သည်ကို သူ မြင်ခဲ့သည်။ ယခုမူ သူတို့သည် ချီတက်လာသော လူအုပ်ကြီးကို မဟန့်တားဘဲ ရပ်ကြည့်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်မိသည်။

ပုလိပ်က ရပ်ကြည့်နေသည်ကိုမြင်သည့် လူအုပ်သည် အရောင်းအဝယ် စည်ကားသည့် ရပ်ကွက်ရှိ ဂျူးဆိုင်များဆီသို့ ရောက်လာသည်။ ဂျူးဆိုင်ရှင်များကို ရိုက်နှက်သည်။ ပြတင်းများကို ရိုက်ခွဲသည်။ တံခါးများကို ဖြုတ်ချသည်။ ဆိုင်များထဲ ဝင်ကာ စင်ပေါ်မှ ကုန်များကို တစ်ပွေ့တစ်ပိုက် သယ်ယူကြသည်။ ကလေးငယ်များသည် မုန့်ဆိုင်များသို့ ဝင်ကာ မုန့်များ အဝအပြဲ စားကြသည်။ အိတ်ထဲ ထည့်ယူကြသည်။ လူကြီးများက အဖိုးတန်ပစ္စည်းများဖြစ်သည့် အထည်စများ၊ ဦးထုပ်များ၊ အိပ်ရာခင်းများ၊ ဖိနပ်များ၊ စည်သွတ်ဘူးများကို ရနိုင်သမျှ သယ်ယူကြသည်။ ဗြိတိသျှပုလိပ်အချို့က သော့ခတ်ထားသည့် ဆိုင်များမှ သော့များကို သေနတ်ဖြင့် ပစ်ကာ ဖွင့်ပေးကြသည်။ အချို့က သံတံခါးများကို သံချပ်ကာကားဖြင့် တိုက်ကာ ဖျက်ဆီးပေးကြသည်။

ဆိုင်များကို ဝင်ရောက်လုယက်ပြီးနောက် မီးတင်ရှို့ကြသည်။ မြို့သစ်တွင် မီးခိုးလုံးများ တလိမ့်လိမ့်တက်လာသည်။ ဂျူးရပ်ကွက်ရှိ အာရပ်အချို့သည် တတ်နိုင်သမျှ တားမြစ်ထိန်းသိမ်းပေးသည်။ တယောထိုးသည့် သွားဆရာဝန် ဆမ်မီအဘိုဆွန်သည် သူ့ အိမ်အောက်ထပ်မှ စတိုးဆိုင်တစ်ခု မီးလောင်သည်ကို ငြိမ်းသတ်သည်။ ထို့နောက် မပျက်မစီးဘဲ ကျန်ရစ်သည့် ဆိုင်အချို့တွင် လက်ဝါးကပ်တိုင် အမှတ်အသားများ ရေးခြယ်ပေးသည်။

ယင်းတို့မှာ စတိသဘောသာ သက်ရောက်သည့် တားဆီးမှုများ ဖြစ်သည်။ ရပ်ကွက်တစ်ခုလုံး မီးလောင်နေစဉ် ဟာဂါနားတပ်ဖွဲ့ဝင်များ ဝင်ရောက်ငြိမ်းသတ်မည်ကို ဗြိတိသျှပုလိပ်တို့က တားမြစ်သည်။

http://mmteashop.com



အာရပ်အကြမ်းဖက်မှုကို လက်စားချေလိုသည့် "ဇဗိုင်းလျှုမီ" ခေါ် တရားမဝင် ကွန်မန်ဒိုတပ်ဖွဲ့ဝင် အုပ်စုတစ်စုသည် 'ရက်' ရုပ်ရှင်ရုံပြစက်အခန်းထဲသို့ဝင်ကာ ဖလင် ကော်ပြားများကို မီးတင်ရှို့သည်။ ခဏကြာလျှင် ရုပ်ရှင်ရုံ တစ်ခုလုံး မီးလောင်သည်။ ဂျေရုဆလမ် ကောင်းကင်ပြာတွင် မီးခိုးလုံးကြီးများ လိမ့်တက်သွားသည်။

မနီးမဝေးတွင် အာရပ်တစ်ယောက် သူ့အိမ်ဝရန်တာမှနေ၍ မီးလောင်နေသည် ကို သူ့ကင်မရာဖြင့် မှတ်တမ်းတင်နေသည်။ သူ့ဓာတ်ပုံကို အယ်လဘမ်ထဲ သိမ်းထား သည်။ သူကား မီးလောင်နေသည့် ရုပ်ရှင်ရုံပိုင်ရှင် အင်တွိုင်း ဘယ်လဘီနာ ဖြစ်သည်။ ရုပ်ရှင်ရုံ မီးလောင်သွားသော်လည်း ပြနေသော ရုပ်ရှင်ကား၏နာမည်မှာ "နှစ်ထောင်း အားရရှိပါတယ်" ဖြစ်သည်။

ooo

http://mmteashop.com



အပိုင်း (၄)

## ပရတ်သို့သွားသော စရီးသည်နှစ်ယောက်

ဆွစ်လေကြောင်းခရီးစဉ် (၄၄၂) သည် လီမွှော်ခြံများပေါ်မှ ပျံဝဲကာ ပင်လယ်ဆီသို့ ထိုးတက်သွားသည်။ လွန်ခဲ့သည့် နာရီအနည်းငယ်က တယ်အဗစ်မြို့တွင် ဂျူးနိုင်ငံတစ်ခု ထူထောင်ခွင့်ရသဖြင့် ဝမ်းသာအားရ ပျော်ပွဲဆင်နွှဲနေကြသည့် လူအုပ်ကြီးကို ကပ္ပတိန် အက်ဘဒူအဇစ်ကယ်ရိုင်း တွေ့ခဲ့ရသည်။ ယခု သူသည် လေယာဉ်ပြတင်းမှ တယ်အဗစ်မြို့ကို ကြည့်နေသည်။ ခါးပတ်ကို ဖြုတ်ကာ စီးကရက်သောက်သည်။ သူသည် ခုနစ်နာရီအကြာတွင် ပဲရစ်မြို့သို့ ရောက်မည်။ ထိုကမှတစ်ဆင့် နောက်ထပ် လေယာဉ်တစ်စင်း ပြောင်း၍စီးကာ ပရတ်မြို့သို့ သူ သွားမည်။

လူငယ်ကပ္ပတိန်လေးတစ်ယောက် ဆွစ်လေကြောင်းပိုင် ဒီစီ (၄) လေယာဉ်ပေါ်တွင် ရောက်နေသည်မှာ အရေးကြီးသော အကြောင်းကိစ္စတစ်ခုကြောင့် ဖြစ်သည်။ ဆီးရီးယားနိုင်ငံသည် လောလောလတ်လတ် လွတ်လပ်သော နိုင်ငံတစ်ခု ဖြစ်လာသည်။ အာရပ်နိုင်ငံတစ်ခုဖြစ်သည့် လက်ဘနွန်နှင့်အတူ လွတ်လပ်ရေး အကျိုးကို မျှဝေခံစားရတော့မည်။ ယင်းမှာ နိုင်ငံတကာ လက်နက်ဈေးကွက်တွင် လွတ်လပ်စွာ လက်နက်များဝယ်ယူနိုင်ခြင်းပင် ဖြစ်သည်။ လွတ်လပ်ရေး ရပြီးနောက် ဆီးရီးယား ကာကွယ်ရေးဝန်ကြီး အာမက်ရှာရာဘာတီ၏ ရုံးခန်းသို့ နိုင်ငံတကာ လက်နက်ရောင်းသူများ၏ ကိုယ်စားလှယ်များ၊ ပွဲစားများ၊ ကြားလူများနှင့် မှောင်ခိုတင်သွင်းသူများ ရောက်လာကြသည်။ ဘယ်လ်ဂျီယံက စက်သေနတ်ငါးထောင်ကို တစ်လက်ငါးဆယ့်နှစ်ဒေါ်လာဖြင့် ရောင်းမည်ဟုဆိုသည်။ စပိန်ကသုံးပြီးသား ဂျာမန်မော်ဇာ နှစ်သောင်းကို တစ်လက် သုံးဆယ့်ခုနှစ်ဒေါ်လာဖြင့် ရောင်းမည်။ ဆွစ်ဇာလန်တွင် (၈၁)မီလီမီတာမော်တာများ ရောင်းရန်ရှိသည်။ အီတလီမှာ စိတ်မချရ။ သူ့တွင် ရှာမင်းတင့်ကားများ ရောင်းရန်ရှိသည်ဟုဆိုသည်။ ပစ်မရသည့် မီးကြိုးမောင်းပျက် ရိုင်ဖယ်များ၊ ပြောင်းမပါသော စက်သေနတ်များ၊ အမြောက်မပါသော တင့်ကားများ၊ စက်မပါသော လေယာဉ်ပျံများ ရောင်းရန်ရှိနေသည်။ စစ်ပြီးခေတ် ဥရောပတိုက်မှာ လက်နက်ဂိုဒေါင်ကြီး တစ်ခုနှင့်တူလာသည်။

http://mmteashop.com



ဝယ်ယူခွင့်ရှိသည့် နိုင်ငံအာဏာပိုင်တို့၏ အမှာစာနှင့် လက်ငင်းငွေချေမည်ဆိုလျှင် မည်သူ့ကိုမဆို ရောင်းမည်။ ဆီးရီးယားကာကွယ်ရေးဝန်ကြီးသည် ကျွမ်းကျင်သော လက်နက်ထုတ်လုပ်သူများ ဖြစ်သည့် ချက်ကိုစလိုဗေးကီးယားနိုင်ငံ ဇာထရီဂျော့ဗကာဘရာနီ ထုတ်လုပ်သူများနှင့် ပထမဆုံးအကြိမ် ဆက်သွယ်ထားသည်။ ဆီးရီးယားလူငယ်ကပ္ပတိန်လေးသည် ပရတ်မြို့သို့ သွားကာ ဒမတ်စကတ်မြို့သို့ တင်ပို့ရန် လက်နက်များမှာကြားမည် ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ဈေးနှုန်းနှင့်ဆိုလျှင် ရိုင်ဖယ်တစ်သောင်းတန်ဖိုးမှာ အနည်းငယ်မျှသာ ရှိသည်။ ပါလက်စတိုင်းတွင်နေထိုင်သည့် ဂျူးတို့ကို ပစ်ခတ်ရန်အတွက်မူ ယင်းအရေအတွက်မှာ များလွန်းနေသည်။ ကပ္ပတိန်ကယ်ရိုင်း အိတ်ထဲကအမှာစာတွင်မူ ဟာဂါနားတပ်ဖွဲ့တစ်ခုရှိ အရန်လက်နက်အင်အားထက် နှစ်ဆကျော်မှာကြားရန် ရေးထားသည်။

ဆီးရီးယားအရာရှိလေး နောက်ဘက်ထိုင်ခုံသုံးလေးခု အကျော်လောက်တွင် ဟီဘရူးနေ့စဉ်သတင်းစာ ဖတ်နေသည့် သေးသေးညှက်ညှက် ပုဂ္ဂိုလ်တစ်ယောက်ထိုင်နေသည်။ သူ့တွင် သွားပွတ်တံတစ်ခု၊ သားရေဖုံး သမ္မာကျမ်းစာတစ်အုပ်၊ မာလိုနှင့် ဂါယေးတို့ ရေးသည့် 'ဖော့' ပြဇာတ်စာအုပ်နှင့် သူဖတ်နေသော သတင်းစာတို့မှာ သူပိုင်ပစ္စည်းအားလုံး ဖြစ်သည်။ ကုတ်အင်္ကျီထဲတွင် ဂျူးပြည်သူ့လုပ်ငန်းတစ်ခုဖြစ်သည့် ဆိုလယ်ဘိုနေး၏ ကုန်သွယ်ရေး ညွှန်မှူး ဂျော့အလက်ဇင်းဒါးယူအိဘာရော နာမည်ဖြင့် နိုင်ငံကူးလက်မှတ်တစ်ခု ပါသည်။ တကယ်တော့ နိုင်ငံကူးလက်မှတ်တွင် နှစ်ခုသာမှန်သည်။ ယင်းမှာ ခရီးသည်၏ အသက်သုံးဆယ်တစ်နှစ်နှင့် မှုန်ကုပ်ကုပ်မျက်နှာပိုင်ရှင်၏ ဓာတ်ပုံတို့ ဖြစ်သည်။

သူ့နာမည်အမှန်မှာ အေးဟတ်အက်ဗရီယယ် ဖြစ်သည်။ သူသည် ဆိုလယ်ဘိုနေး၏ ကုန်သွယ်ရေးညွှန်မှူး မဟုတ်သလို အခြားမည်သည့် ကုန်သွယ်ရေး ဌာနတစ်ခုခုမှ ကိုယ်စားလှယ်လည်း မဟုတ်။

သူ့ကိစ္စမှာ သူ့ရှေ့နားက ထိုင်နေသူ ကပ္ပတိန် အက်ဘဒူအဇစ်ကယ်ရိုင်းနှင့် အတူ ဥရောပသို့ လက်နက်ဝယ်ရန် သွားခြင်း ဖြစ်သည်။ အေးဟတ်သည် ဥရောပတွင် ရိုင်ဖယ်တစ်သောင်းဝယ်မည်။ ဝယ်သူမှာ ဟာဂါနားတပ်ဖွဲ့ ဖြစ်သည်။

လွန်ခဲ့သည့် နာရီအနည်းငယ်က ဖို့ကားတစ်စီးသည် ပါလက်စတိုင်း မြောက်ပိုင်း နာဟာရီးယား စုပေါင်းလယ်ယာစခန်းမှ အက်ဗရီယယ်ကို ဂျေရုဆလမ်သို့ ခေါ်ဆောင်လာသည်။ သူတို့ ခေါင်းဆောင်က တွေ့ချင်သဖြင့် လိုက်ခဲ့ပါဟု ကားမောင်းသူကဆိုသည်။

အက်ဗရီဟယ် လုံးဝ မအံ့သြ။ လွန်ခဲ့သည့် ဆယ်နှစ်အတွင်း သြစတြီးယားပညာတတ်တစ်ယောက်ဖြစ်သည့် အက်ဗရီယယ်သည် ဗီယွန်ဝါဒ ပြန်လည်ရှင်သန်ရေးကို ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ ရခဲ့သည်။ ဗီယင်နာ၊ ထို့နောက် အစ္စတန်ဘူ၊ အေသင်

http://mmteashop.com



နှင့် တစ်ဖန် ပဲရစ်တို့မှနေ၍ ဥရောပတိုက်မှ ဂျူးများစွာကို တရားမဝင် ပါလက်စတိုင်းသို့ ပို့ပေးနိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်နေစဉ်မှာပင် ဟစ်တလာ၏ သေမင်းစခန်းများသို့ သူ့လူများကို ထည့်သွင်းပေးနိုင်ခဲ့သည်။ ဥရောပနိုင်ငံတိုင်း ဂျူးလူမျိုးပေါင်း တစ်သိန်းစီတို့မှာ သူ့ကျေးဇူး မကင်းခဲ့ပေ။ အက်ဗရီယယ်နှင့် သူ့အဖွဲ့အစည်းက ဂျူးတို့ကို နာဇီငရဲစခန်းများမှ ကယ်တင်ခဲ့ပြီး ပါလက်စတိုင်းသို့ ပို့ပေးခဲ့သည်။ ပါလက်စတိုင်းသို့ သူပြန်လာသည်မှာ နှစ်လပင် မပြည့်သေး။ ယခုတစ်ဖန် မိသားစုနှင့် စုပေါင်းလယ်ယာကိုပစ်ကာ ခေါင်းဆောင်ဆီသို့ ရောက်လာခဲ့သည်။

ဂျူးအေဂျင်စီ ဒုတိယထပ်တွင် ဒေးဗစ်ဘင်ဂူရီယန်နှင့် သူ တွေ့သည်။ ပါလက်စတိုင်းတွင် ဂျူးနိုင်ငံတစ်ခု ထူထောင်နိုင်ရေးသည် ယခုသူသွားရမည့်ခရီး အောင်မြင်မှုအပေါ် တည်သည်ဟု ဘင်ဂူရီယန်က ဆိုသည်။

"ငါပြောတာ နားထောင်မိတ်ဆွေလေး၊ ဒီမှာ မကြာခင် စစ်ဖြစ်တော့မှာ သေချာတယ်၊ အာရပ်တွေက အဆင်သင့် ဖြစ်နေကြပြီ၊ တို့ကိုဝင်တိုက်ဖို့ သူတို့မှာ တပ်မတော်ငါးခုလောက်ရှိတယ်၊ ချက်ချင်း တိုက်ချင်တိုက်မယ်၊ နောက်မှ တိုက်ချင်တိုက်မယ်၊ ကုလသမဂ္ဂမှာ မဲခွဲဆုံးဖြတ်ပြီးတဲ့နောက် ပါလက်စတိုင်းမှာ ရှိနေတဲ့ အာရပ်တွေ ပုန်ကန်ကြလိမ့်မယ်၊ (၁၉၃၆) မှာ ဖြစ်တဲ့ စစ်ပွဲဆိုတာ ကလေးကစားတဲ့ စစ်ပွဲသာသာပဲ" ဘင်ဂူရီယန်က အက်ဗရီယယ်အား ပြောသည်။

ဥရောပသို့ သွားကာ လက်နက်ဝယ်ရမည်။ သူ့မှာ ဂျူးတို့ကို ဥရောပမှ ပါလက်စတိုင်းသို့ တရားမဝင်ပို့ဖူးသည့် အတွေ့အကြုံ ရှိသည်။ ထို့ကြောင့် စေခိုင်းခြင်းဖြစ်သည်ဟု ဆိုသည်။

"ဒီတစ်ခါ နည်းဗျူဟာပြောင်းရမယ်။ အချိန်မရဘူး။ ထရက်တာ တစ်ခုမှာ ရိုင်ဖယ်လေးလက် ထည့်ပေးနေလို့ မဖြစ်ဘူး။ ဟိုက်ဖာရောက်ဖို့ အကြာကြီးစောင့်ရမယ်။ အခုကိစ္စက မြန်မြန်လုပ်မှ ဖြစ်မယ်။ ဂျနီဗာမှာရှိတဲ့ ဆွစ်ယူနီယံဘဏ်က ဒေါ်လာ တစ်သန်း ထုတ်ယူပြီး ကြိုက်သလို သုံးနိုင်တယ်"ဟု ဘင်ဂူရီယန်က ဆိုသည်။ ထို့နောက် သက်နှိပ်စက်ရိုက်ထားသော စာရွက်တစ်ခုကို ပေးကာ "ဟောဒီမှာ တို့လိုချင်တဲ့ လက်နက်စာရင်း" ဟု ဆိုသည်။

စာရင်းကို အက်ဗရီယယ် ကြည့်သည်။ ရိုင်ဖယ်တစ်သောင်း၊ ကျည်ဆန်တစ်သန်း၊ စတင်းဂန်း တစ်ထောင်၊ စက်သေနတ် တစ်ထောင့်ငါးရာ၊ အက်ဗရီယယ် ခေါင်းမော့ကြည့်လိုက်သည့်အခါ ဘင်ဂူရီယန်သည် စားပွဲအံဆွဲမှ စာတစ်စောင်ထုတ်၍ ပေးသည်။

"ပဲရစ်မှာ ကလင်ဂါဆိုတဲ့ ဂျူးကုန်သည်တစ်ယောက် ရှိတယ်၊ သူက တို့လိုတာ ရှာပေးမယ်ပြောတယ်။ ပဲရစ်ကိုသွားပြီး သူ့ကို တွေ့ပါ"

ထို့နောက် ထိုင်ရာမှ ထပြီး အေးဟတ်၏ပခုံးကို ဆုပ်ကိုင်ကာ "အေးဟတ်ရေ တို့အတွက် ရိုင်ဖယ်တစ်သောင်း ဝယ်ခဲ့ရမယ်နော်" ဟု ဆိုသည်။

http://mmteashop.com



အေးဟတ် ပဲရစ်သို့ ရောက်ခါနီးတွင် သူဝယ်လာမည့် လက်နက်များကို အသုံးပြုရမည့်သူနှစ်ယောက် တယ်အဗစ်မြို့ ပင်လယ်ဘက်မျက်နှာမူထားသော တိုက်တစ်လုံး၌ တွေ့ကြသည်။ နံပါတ် (၄၄) ဟယာကွန်လမ်းတွင် တည်ရှိသည့် 'အိမ်နီ' ဟုခေါ်သည့် အဆောက်အအုံသည် ဟာဂါနားတပ်ဖွဲ့၏ လျှို့ဝှက်ဌာနချုပ် ဖြစ်သည်။ တွေ့ဆုံကြသူနှစ်ယောက်အနက် တစ်ယောက်မှာ အလွန်ထက်မြက်သည့် ရှေးဟောင်းသုတေသီတစ်ယောက် ဖြစ်သည်။ (၁၉၄၇) ခု နွေရာသီတွင် ဒေးဗစ်ဗင်ဂူရီယန်က ယီဂယာဒင်းအား ဟာဂါနားတပ်ဖွဲ့၏ စီမံကိန်းအရာရှိချုပ်အဖြစ် တာဝန်ပေးရန် ခေါ်ယူခဲ့သည်။

မစ်ရှယ်ရှာချမ်သည် ဟာဂါနားတပ်ဖွဲ့တွင် အလုပ်မျိုးစုံလုပ်သူ ဖြစ်သည်။ ဆယ့်တစ်နှစ်သားအရွယ်ကပင် ဂျူးနိုင်ငံထူထောင်ရေးအတွက် သေနတ်ကိုင်ခဲ့သူ ဖြစ်သည်။ သူ့ကို ဂျူးအခြေစိုက်စခန်းတွင် မွေးခဲ့သည်။ ဟာဂါနားတပ်ဖွဲ့၏ ရှေးဟောင်းလက်နက်စက်ရုံကို ရှာချမ် တည်ဆောက်ခဲ့သည်။ လက်သမား၊ လျှပ်စစ်မီးပြင်သူ၊ ပန်းရန်ဆရာအတတ်နှင့် ဝိုက်ဇမန်းအဖွဲ့တွင် တတ်မြောက်ခဲ့သော အခြေခံသိပ္ပံပညာတို့ ပေါင်းစပ်ကာ (၁၉၃၈) တွင် တော်လှန်ရေးလက်ပစ်ဗုံးတစ်ခု တီထွင်ပြုလုပ်ခဲ့သည်။ သူ့ဗုံးမှာ စနက်တံရေစိုနေသော်လည်း ပေါက်ကွဲသည့် ဗုံးမျိုး ဖြစ်သည်။

ဟာဂါနားတပ်ဖွဲ့ ရုံးအဖွဲ့မှူး ယားကော့ဒိုရီ၏ ရုံးခန်းသို့ သူတို့နှစ်ယောက်ကို ဆင့်ခေါ်ထားသည်။ ဟာဂါနားတပ်ဖွဲ့တွင် ရှေးရိုးဆက်သွယ်ရေးစနစ်တစ်ခု တပ်ဆင်ပြီးပြီ။ ပါလက်စတိုင်းတွင်ရှိသော ဂျူးအခြေစိုက်စခန်းတိုင်းသို့ အိမ်နီနှင့် ကြိုးမဲ့ကြေးနန်းဆက်သွယ်ထားသည်။ ဒေသတပ်မှူးများသည် နေ့စဉ် လှုပ်ရှားမှုသတင်းများကို တယ်အဗစ်သို့ ပေးပို့ရသည်။ သူတို့ပေးပို့သည့် သတင်းများကို လော့မှတ်တမ်းစာအုပ်တွင် မှတ်သားထားသည်။

ထိုနေ့က လော့မှတ်တမ်းစာအုပ်တွင် အရေးကြီးသည့် အဖြစ်အပျက်တစ်ခု ရေးမှတ်ထားသည်ကို တွေ့ရသည်။ လစ်ဒါလေဆိပ်အနီးတွင် နာတန်ယာမှ ဂျေရုဆလမ်သို့ မောင်းနှင်လာသော ဂျူးဒရိုင်ဘာတစ်ယောက်ကို အာရပ်ရိုင်ဖယ်သမားတစ်ယောက်က ချုံခိုပစ်ခတ်သည်။ ထိုမှတ်တမ်းကို ဖတ်ပြီးနောက် ရုံးအဖွဲ့မှူးယားကော့ဒိုရီက ရှာချမ်အား ဂျူးသယ်ယူပို့ဆောင်ရေးယာဉ်များကို စောင့်ရှောက်ရန် တာဝန်ပေးအပ်သည်။

"ပါလက်စတိုင်းကို လာတဲ့လမ်းတွေပေါ်မှာ စစ်ပွဲအနိုင်အရှုံးတည်နေတယ်၊ တို့တစ်တွေအဖို့ သယ်ယူပို့ဆောင်ရေးကို အများကြီးအားကိုးနေရတယ်၊ လမ်းတွေ အန္တရာယ်မရှိဘဲ သွားလာနိုင်ဖို့ ခင်ဗျားစောင့်ရှောက်ရမယ်" ဟု ဒိုရီက ဆိုသည်။

ရှာချမ်နှင့် ယာဒင်တို့ ရုံးခန်းထဲသို့ ဝင်သွားကြသည်။ သူတို့ ရှေ့တွင် မြေပုံဆယ့်ခြောက်ခုကို စားပွဲပေါ်၌ ဖြန့်ခင်းထားသည်။ (၁၉၄၅) တွင် ဗြိတိသျှတပ်မတော်၏ မြေပုံရေးဆွဲသည့် တပ်ခွဲအမှတ် (၅၁၂) က ရေးဆွဲထားသည့် မြေပုံများ ဖြစ်သည်။ ပင်အပ်အနီစိုက်ထားသော နေရာအများအပြားတွေ့ရသည်။ မစ်ရှယ်ရှာချမ် မည်မျှ

http://mmteashop.com



တာဝန်ကြီးသည်မှာ သိသာသည်။ ယင်း ပင်အပ်အနီတို့မှာ မြောက်ဘက်လက်ဘနွန် နယ်စပ်မှ တောင်ဘက်နေဂါအစွန်းအထိ၊ တစ်ဖန် မြေထဲပင်လယ်မှ ပင်လယ်သေအထိ ဒေသအတွင်း ဂျူးအခြေစိုက်စခန်းများကို ပြသထားခြင်း ဖြစ်သည်။ ယင်းတို့၏ ဆက်သွယ်ရေးလမ်းများ ကောင်းမွန်အောင် ရှာချမ် တာဝန်ယူရလိမ့်မည်။

ပင်အပ်အနီများအောက်တွင် စာရွက်အဖြူကလေးများ ကပ်ထားပြီး ဟီဘရူး ဘာသာဖြင့် စာများ ရေးထားသည်။ ယာဒင်အား ဆင့်ခေါ်သည်မှာ ထိုအကြောင်းပင် ဖြစ်သည်။ ယင်းမှာ ဟာဂါနားတပ်ဖွဲ့၏ မဟာဗျူဟာစာတမ်း ဖြစ်သည်။ ကြိုတင်လေ့လာထားသင့်သည် မဟုတ်လား။ စီမံကိန်း "ဒီ" ဟု နာမည်ပေးထားသည်။ ဗြိတိသျှတို့ ပါလက်စတိုင်းမှ ထွက်ခွာသွားပြီးနောက် ဂျူးနိုင်ငံတစ်ခု ထူထောင်သည့်အခါ ကြုံတွေ့ရမည့် စစ်ပွဲများအကြောင်း တင်ပြထားသည်။ စစ်ပွဲသည် ကျေးလက်များအထိ ကျယ်ပြန့်သွားနိုင်သည်။ အရေးကြီးသည်မှာ ဂျေရုဆလမ်မြို့တွင် ရင်ဆိုင်တိုက်ပွဲများ မဖြစ်အောင် ရှောင်ရှားဖို့ပင် ဖြစ်သည်။

ဗြိတိသျှတို့ ပါလက်စတိုင်းမှ ထွက်ခွာသွားလျှင် ခေတ္တခဏအုပ်ချုပ်ရေးမဲ့ဒေသ ဖြစ်သွားမည်။ ထိုကာလတွင် မည်သို့ ဆောင်ရွက်သင့်သည်ကို ထိုစီမံကိန်းက ဆွေးနွေး တင်ပြထားသည်။ ပထမအဆင့်တွင် ပြန့်ကျဲနေသော ဂျူးအခြေစိုက်စခန်းများသည် မိမိစခန်းကို မိမိကိုယ်တိုင်ကာကွယ်ရန် တာဝန်ယူရလိမ့်မည်။

တိုက်ပွဲများ ဖြစ်လာသည်အထိ ကုံယံ့တာဝန် ကိုယ်ယူကာ အသင့်ဖြစ်နေရမည်။ ပြန့်ကျဲနေသော ဂျူးအခြေစိုက်စခန်းတို့ အချေမှုန်းမခံရဖို့ဆိုသည်မှာ ဗြိတိသျှများ ပါလက်စတိုင်းမှ မထွက်ခွာမီအတွင်း ဟာဂါနားတပ်ဖွဲ့သည် မိမိလူများအတွက် လက်နက်များ၊ ကာကွယ်ရေးပစ္စည်းများ၊ အချိန်မီ မည်မျှတပ်ဆင်ပေးနိုင်သည်ဆိုသည့် အပေါ် တည်သည်။

ပင်အပ်အနီ တစ်ခုနှင့် တစ်ခုအကြား မိုင်ပေါင်းများစွာ ဝေးသည်။ ထိုလမ်းများ အားလုံးသည် အာရပ်တို့၏ထိန်းချုပ်မှုအောက်တွင် ရှိသည်။ လမ်းများမှာ ဖြောင့်ဖြောင့် တန်းတန်း မဟုတ်။ အကွေ့အကောက် အနည်းငယ် ရှိသည်။ တောင်ကုန်းအနည်းငယ်နှင့် လျှိုမြောင်အနည်းငယ်တို့ဘေးတွင် အိမ်များ အုပ်စုလိုက် တည်ရှိသည်။ ယင်းတို့အားလုံး သည် ချုံခိုတိုက်ပွဲဆင်မည့် အာရပ်များ ပုန်းအောင်းရာ နေရာကောင်းများ ဖြစ်သည်။

လမ်းမကြီးများအနက် အရေးအကြီးဆုံးမှာ ယာဒင်နှင့် ရှာချမ်တို့ ရှေ့တွင် ချထားသည့် မြေပုံနံပါတ် (၁၀) တွင် ခဲနီထူထူခြစ်ထားသော အရှေ့တောင်သို့ တက်လာသည့်လမ်း ဖြစ်သည်။ ခဲနီထူထူမှာ အရေးကြီးကြောင်း ပြသည့် အမှတ်အသား ဖြစ်သည်။ ထိုလမ်းသည် လေးဆယ့်ငါးမိုင်ရှည်သည်။ ပင်လယ်မျက်နှာပြင်မှ ပေ (၂,၅၀၀) အထိ တက်သည်။ လမ်းဆုံးတွင် ဂျူးယောက်ျား၊ မိန်းကလေးငယ် (၁၀၀,၀၀၀) နေထိုင်သည့် ဂျေရုဆလမ်မြို့ ရှိသည်။

http://mmteashop.com



ထိုလမ်းမကြီးသည် ရှေးအခါက မြင်းလှည်းကုန်သည်များ သွားသည့် လမ်းမကြီး တစ်ခု ဖြစ်ခဲ့သည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသည့် ရောမစစ်တပ်များ ချီတက်လာသည့် ဗိုင်ယာမာရစ်လမ်းမကြီးလည်း ဖြစ်သည်။ ထိုလမ်းအတိုင်း ဂျူဒီယာကုန်းမြင့်ဆီသို့ ဘုရားဖူးများ၊ ခရူးဆိတ်စစ်သားများ၊ ဆရာဆင်းအာရပ်များ၊ တူရကီများ လာခဲ့ကြသည်။

လမ်းတစ်လျှောက်လုံးတွင် အနှိပ်အစက်ခံခဲ့ရသည့် အထောက်အထား သမိုင်းမှတ်တိုင်များ ရှိသည်။ တယ်အဗစ်နှင့် ဂျက်ဖာမြို့ပြင်ဘက်မှနေ၍ လမ်းမကြီးသည် စိမ်းလန်း၍ သာယာသည့် လိမ္မော်ခြံများကို ဖြတ်ကာ ပထမဆုံးတွေ့ရသည့် ဘိတ်ဒဂုန်ရွာဆီသို့သွားသည်။ ဘိတ်ဒဂုန်ဟူသည် ငါးဘုရားသခင်၏ နာမည်ကို ယူ၍ မှည့်ခေါ်ထားခြင်း ဖြစ်သည်။ ခြောက်မိုင်လောက်သွားမိလျှင် ပါလက်စတိုင်းရှိ အကြီးဆုံး ဗြိတိသျှစစ်အခြေစိုက်စခန်းဖြစ်သည့် ဆာရာဖင်ကို ရောက်သည်။ ထိုကလွန်လျှင် အာရပ်နယ်မြေသို့ ရောက်လာပြီး ဗလီဘုရားကျောင်း အချွန်အတက်များ အရှေ့ဘက်ကောင်းကင်တွင် ငေါ်ထိုးတက်လာသည်ကို တွေ့ရသည်။

ထိုလမ်းမကြီးတွင် ပထမဆုံးတွေ့ရသည့် အာရပ်မြို့ကြီးတစ်ခုမှာ ရမ်လေ ဖြစ်သည်။ ယင်းကို ကြီးမြတ်သော ဆူလေမန်ဘုရင် တည်ဆောက်ခဲ့သည်။ ခြင်္သေ့လိုရဲရင့်သည့် ရစ်ချတ်ဘုရင်ကြီးက ခရူးဆိတ်စစ်ပွဲတွင် သိမ်းပိုက်ခဲ့သည်။ တစ်ဖန် အီဂျစ်ပြည့်ရှင်ဆာလာဒင်က သိမ်းပိုက်ဖျက်ဆီးခဲ့သည်။ ထို့နောက် အီဂျစ်မှ မမ်မိလု စစ်သည်တော်များက ပြန်လည်တည်ဆောက်ခဲ့သည်။ နောက်ဆုံးတွင် နပိုလီယံက ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခဲ့သည်။ နှစ်အဆက်ဆက်ကပင် ထိုမြို့လေးတွင် မြင်းလှည်းကုန်သည်များ၊ ဓားပြများ နားခိုခဲ့ကြသည်။ ထိုက လွန်လျှင် နေညှိုးသဖြင့် ဖြူဖွေးနေသော တောင်းကတုံးတစ်ခုကို တွေ့ရသည်။ ယင်းမှာ သမ္မာကျမ်းထဲက ဂေဇာမြို့ဖြစ်ပြီး အီဂျစ်ဖာရောက်ဘုရင်ကြီးသည် သမီးတော်တို့ ဆော်လမွန်ဘုရင်ကြီးနှင့် လက်ဆက်နိုင်ရန် တင်၍ တောင်းခဲ့သည့်မြို့ ဖြစ်သည်။ ဂေဇာကို ဖြတ်ကျော်ပြီးနောက် လမ်းမကြီးသည် သမ္မာကျမ်းစာထဲက ဆိုရက်ချိုင့်ဝှမ်းကို ဝေ့ဝိုက်၍ တက်သွားသည်။

ဆိုရက်ချိုင့်ဝှမ်းမှာ ဒလိုင်းလား မွေးဖွားရာဒေသဖြစ်ပြီး ဆင်မဆင်၏ တောခွေးများက သူတို့အမြီးကို မီးရှို့ပြီး ဖီလစ်တင်းတို့၏ ကောက်ပဲသီးနှံတို့ကို ဖျက်ဆီးခဲ့သည့် ဒေသ ဖြစ်သည်။ ထို့နောက် လမ်းမကြီးသည် ရှေ့ဘက်ဆီသို့ ကွေ့တက်သွားပြီး စပျစ်ခြံများ၊ ဂျုံခင်းများကို ဖြတ်ကျော်ကာ အယာလုန်ချိုင့်ဝှမ်းထဲသို့ ဝင်သွားသည်။

ထိုချိုင့်ဝှမ်းထိပ်တွင် နေမင်းသည် ဂိုရှုအာကို မြင်လျှင် ရပ်တန့်နေသည်ဟု သမ္မာကျမ်းစာတွင် အဆိုရှိလေသည်။ အယာလုန် ချိုင့်ဝှမ်းမှ ထွက်လျှင်(၁၉၄၇) ပါလက်စတိုင်း၏ ဆန့်ကျင်ဘက်သင်္ကေတနှစ်ခုကို မားမားကြီးတွေ့နိုင်သည်။ တစ်ခုမှာ သံဆူးကြိုးကာထားသည့် ဗြိတိသျှပုလိပ်ဌာနချုပ်ဖြစ်ပြီး တောင်ကုန်းအဆင်း ရှစ်မိုင်ခရီးကို ဆီးပြီး

http://mmteashop.com



နေရာယူထားသည်။ နောက်တစ်ခုမှာ အမိုးနီနီနှင့် ထရတ်ပစ် ဘုန်းကြီးကျောင်း ဖြစ်သည်။ လမ်းနှင့် တံတားလေးတစ်ခု ခြားထားသည်။

ဘုန်းကြီးကျောင်း လှေကားထစ် စပျစ်ခြံများ အောက်ဘက်တွင် ဂျေရုဆလမ်မြို့ကို ရေပေးသည့် ရေစက်စခန်းရှိပြီး ထမင်းဆိုင်အပျက်အစီးဟောင်းတစ်ခု ရှိသည်။ ထို့နောက် လမ်းတစ်ဖက်တစ်ချက်တွင် ထင်းရှူးပင်များ မိုးထက်သို့ မြင့်မြင့်မားမား ထိုးဘက်သွားပြီး ဂျူဒီယာကုန်းမြင့်အဝင် လမ်းကျဉ်းကျဉ်းလေးကို စောင့်ကြပ်သည့် ဟောင်းနွမ်းနေသော ပုလိပ်ကင်းတဲဟောင်းများကို တွေ့ရသည်။ ထိုနေရာမှာ စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည်။ အာရေဗီဘာသာစကားဖြင့် ယင်းဒေသကို 'ဘတ်အယ်ဝဏ်' ဟု ခေါ်သည်။ "ချိုင့်ဝှမ်းအဝင်လမ်း"ဟု အဓိပ္ပာယ်ရသည်။ နောင် လအနည်းငယ်ကြာလျှင် အစွရေးဟူသော နိုင်ငံသစ် ထူထောင်ရေးအတွက် ပါလက်စတိုင်းရှိ ဂျူးလူမျိုးတို့ တန်ဖိုးကြီးကြီးပေးခဲ့ရသော သင်္ကေတနာမည်တစ်ခု ဖြစ်လာသည်။

ထိုကလွန်လျှင် လမ်းမကြီးသည် မိုင်နှစ်ဆယ်ခရီးကို ကောက်ကောက်ကွေ့ကွေ့တက်သွားသည်။ အသည်းယားစရာ တောင်ခါးပန်းကွေ့များကို ဖြတ်ကျော်ရသည်။ ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်တုံးကြီးများ၊ သစ်တောအုပ်များ ရှိသည်။ ကျောက်တုံးတစ်ခုနောက်တွင် ရိုင်ဖယ်သမားတစ်ယောက် ပုန်းအောင်းနိုင်ပြီး လမ်းကွေ့များမှာ ချုံခိုတိုက်စရာ နေရာကောင်းများ ဖြစ်သည်။ သစ်ပင်အုပ်များအတွင်း ရန်သူတပ်ခွဲ တစ်စုလောက်ပုန်းအောင်းနေနိုင်သည်။ ထိုဒေသတွင် နေထိုင်သူတို့မှာ အာရပ်များ လက်အောက်တွင် နေရသည်။

ခရစ်တော်ရှိစဉ်က ဂျေရုဆလမ်၏ အနောက်အဝင်လမ်းကို စောင့်ကြပ်သည့် ရောမခံတပ်အပေါ်တွင် ခရူးဆိတ်တပ်များက ကတ်စတယ်ဟု ခေါ်သော ရဲတိုက်တစ်ခုကို တည်ဆောက်ခဲ့သည်။ ဂျေရုဆလမ်မြို့သို့ ဝင်ရန် ဂျူးဥပဒေ ဇယားများ ပါဝင်သည့် သေတ္တာကိုကိုင်ကာ ဒေးဗစ် နှစ်ပေါင်းနှစ်ဆယ်ကြာအောင်စောင့်ခဲ့ရသည့် အဘူရို့ဒေသသည် ထိုအဝင်လမ်းတွင် တည်ရှိသည်။ ဂျေရုဆလမ်မြို့ကို သိမ်းပိုက်ထားစဉ် ရောမဧကရာဇ် 'တိုက်တပ်' ၏ စစ်သည်များ၏ အနားယူစခန်း ကိုလိုနီယာသည် ထိုအဝင်လမ်းတွင် တည်ရှိသည်။

ဂျူဒီယာကုန်းမြင့်နှင့် ကာယတ်အနာဗင်သည် စုပေါင်းလယ်ယာစခန်းသို့ ရောက်မှ ဂျူးခရီးသွားတစ်ယောက်အဖို့ အသက်အန္တရာယ်စိတ်ချရသည်။ ယင်းစခန်းမှ လေးမိုင်သွားလျှင် ဂျေရုဆလမ်ဆင်ခြေဖုံးသို့ ရောက်သည်။ ထိုအခါ အရာရာ စိတ်ချရပြီ။

ယခုမူ ဂျေရုဆလမ်မြို့အတွက် အစားအစာများနှင့် အခြားကုန်ပစ္စည်းများကို သယ်ယူလာသည့် ကားများသည် ထိုလမ်းပေါ်တွင် မောင်းနှင်လာရသည်။ သို့ဖြစ်ရာ အသက်သွေးကြောလမ်းမကြီးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် အလွန်ကြီးမားသည်။

http://mmteashop.com



ရှာချမ်နှင့် ယာဒင်တို့ အနာဂတ်အတွက် စဉ်းစားနေကြစဉ် ဂျေရုဆလမ်မှာ ထိုနေ့က အဓိကရုဏ်းကြောင့် ဒဏ်ရာရသူများနှင့် အလုပ်ရှုပ်နေသည်။ နေဝင်မီးငြိမ်း အမိန့်ကြောင့် မြို့တော်၏ စည်ကားရာ ဆိုင်များရှိသည့် ဒေသတွင် ဝင်ရောက်လုယက်သူများ ရှင်းသွားသည်။ တစ်ချိန်က စည်ကားသည့် ဒေသမှာ အပျက်အစီးများစွာနှင့် မီးလောင်မြေ ဖြစ်ကျန်ရစ်ခဲ့သည်။

ဆမ်မီအဘိုဆွန်သည် ညအမှောင်တွင် သူ့တိုင်းသူပြည်သားများ၏ ဒေါသနှင့် လက်စားချေလိုစိတ်ကို ပြန်လည်သုံးသပ်နေသည်။ သူ့အခန်းတွင် လျှပ်စစ်မီး ပြတ်တောက်သွားသည်။ တယ်လီဖုန်းလည်း ဆက်၍မရ။ ဓာတ်ငွေ့လည်း ပြတ်တောက်သွားသည်။ အမှောင်ထဲတွင် အနီးရှိ ကုန်ခြောက်စတိုးထဲမှ ပေါက်ကွဲသံများ သူ ကြားရသည်။ ငါးသေတ္တာဘူးများ အဆက်မပြတ်ပေါက်ကွဲခြင်း ဖြစ်သည်။ သည်မျှ ဒုက္ခခံရလျှင် တော်လောက်ပြီ။ သူ သည်းမခံနိုင်တော့ပေ။ သည်ရပ်ကွက်မှ လုံခြုံမှုရှိသည့် အခြားရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်သည်။

ပဲရစ်မြို့ ရှူးဒီဘားရီလမ်းပေါ်တွင် ပဲရစ်ဟာရယ်ထရီဗျွန်း သတင်းစာတိုက်နှင့် မျက်နှာချင်းဆိုင် ဟိုတယ်ကယ်လီဖိုးနီးယား၌ ဒေးဗစ်ဘင်ဂူရီယန် စေလွှတ်လိုက်သူ အေးဟတ် အယ်ဗရီယယ် တည်းခိုနေသည်။ အယ်ဗရီယယ်နှင့် ဆက်ဆံသည့် လက်နက်ကုန်သည်မှာ ထိုဈေးကွက်ကို ကောင်းစွာသိသူ ဖြစ်သည်။ စိတ်ကြိုက်မတွေ့သဖြင့် နောက်တစ်ဦးပြောင်း၍ ဆက်သွယ်ရန် ကြိုးစားသည်။ သူ့ဆီသို့ လက်နက်ကုန်သည်များ တစ်ယောက်ပြီးတစ်ယောက် လာ၍ တွေ့သည်။

နောက်ဆုံးတွေ့သူမှာ ပဲရစ်တွင် သွင်းကုန်ပို့ကုန်လုပ်ငန်း အသေးစားလေးတစ်ခု လုပ်ကိုင်နေသော ရူမေးနီးယန်း ဂျူးလူမျိုးတစ်ယောက် ဖြစ်သည်။ သူကား ရောဘတ် အဒမ်အဘရာမိုဗိစီ ဖြစ်သည်။ သူက (၁၉၄၃) တွင် ရွက်တိုက်လှေလေးတစ်စင်းဖြင့် ပါလက်စတိုင်းသို့ ခိုးဝင်ပုံ၊ သို့သော် မနေနိုင်ဘဲ ပြန်လာခဲ့ပုံကို ရှက်ရှက်နှင့် ပြောပြသည်။ ဘုရားသခင်၏ ကာနန်ပြည်မှာ သူ့ စိတ်ကြိုက်နှင့် မတွေ့။ "ကျွန်တော်က ကောင်းကောင်းနေချင်တယ်၊ မြင်းပွဲသွားချင်တယ်၊ မိန်းမတွေနဲ့ တွဲချင်တယ်၊ ဒါနဲ့ စစ်ပြီးတဲ့အခါ ပြင်သစ်ကို ကျွန်တော်ထွက်ပြေးလာတယ်၊ အနေအထိုင် မဆင်းရဲရင်တော့ ဘင်ဂူရီယန် လက်နက် အဝယ်လွှတ်တဲ့သူဟာ ခင်ဗျား မဟုတ်ဘဲ ကျွန်တော်ဖြစ်မှာပဲ"ဟု သူက ပြောသည်။ စစ်မဖြစ်မီကမူ သူသည် ဥရောပ၏ အများဆုံး လက်နက်ထုတ်လုပ်သူ ရူမေးနီးယား၏ ကိုယ်စားလှယ် ဖြစ်သည်။ ထိုကုမ္ပဏီ၏ မန်နေဂျာများမှာ သူ၏ရင်းနှီးသော မိတ်ဆွေများ ဖြစ်သည်။ "ကျွန်တော်တို့ လိုချင်သလောက် ရောင်းမှာပဲ"ဟု အံ့ဩနေသော အက်ဗရီယယ်ကို သူ ပြောသည်။

ထို့နောက် အိတ်ထဲမှ ကက်တလောက်နှစ်ခုထုတ်၍ ပြသည်။ အက်ဗရီယယ် အံ့ဩမိပြီး မျက်လုံးပြူးထွက်လာသည်။ ဓာတ်ပုံများတွင် လက်နက်များ တောင်ပုံရာပုံ

http://mmteashop.com



တွေ့ရသည်။ ဒေးဗစ်ဘင်ဂူရီယန်စိတ်ကူးပင် သည်မျှလောက် ဆန်းကြယ်မည် မဟုတ်ပေ။

သို့သော်လည်း အဘာရာမိုဗိစ်က တစ်ခု သတိပေးသည်။ လက်နက်ရောင်းသူများသည် ပုဂ္ဂိုလ်တစ်ဦးချင်းကို မရောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ တရားဝင်ကိုယ်စားလှယ်ကိုသာ ရောင်းသည်။ ဂျူးနိုင်ငံမှာ မပေါ်ပေါက်သေးရာ အက်ဗရိယယ် အဖို့ တရားဝင် နိုင်ငံတစ်ခု၏ အမှာစာရှာရမည်ဟု သတိပေးသည်။

အက်ဗရိယယ် ခဏစဉ်းစားသည်။ ထို့နောက် အဖော်တစ်ယောက်အား (၅၃) ရူဒီပွန်သီရူးလမ်းထောင့်ရှိ ရုံးသို့ လွှတ်လိုက်သည်။ ထိုရုံးမှာပင် ဂျူးအေဂျင်စီ၏ တရားမဝင် လူဝင်မှုလုပ်ငန်းကို သူ လုပ်ကိုင်ခဲ့သည်။ စားပွဲအံဆွဲထဲမှ ဖိုင်တစ်ခု ယူလာသည်။ ဖိုင်ထဲတွင် အီသီယိုးပီးယားနိုင်ငံရှိ ပဲရစ်သံရုံး၏ ရုံးတံဆိပ်ရိုက်ပြီး စာရေးစက္ကူတစ်ထပ် ပါလာသည်။ ယင်းမှာ ဟေလီဆီလက်ဆီ၏ ဥရောပတိုက် အထူးသံ ကိုယ်စားလှယ်တစ်ယောက်ထံမှ ရုံးတံဆိပ်ပါပြီး လက်မှတ်ထိုးပြီး စာရေးစက္ကူအလွတ် ဖြစ်သည်။ ထိုစက္ကူလွတ် တစ်ရာ သူ ဝယ်ခဲ့သည်။ ထိုလက်မှတ်ဖြင့် တရားမဝင်လူပို့ခြင်းကို လုပ်ကိုင်ခဲ့သည်။ ဂျူးများအား နိုင်ငံကူးလက်မှတ် အတုဖြင့် လျှို့ဝှက်စေလွှတ်ရာ၌ အသုံးပြုခဲ့သည်။ ယခု လက်မှတ်ထိုးပြီး စာရွက်အလွတ်ရှစ်ခုသာ ကျန်သည်။ ထိုစာရွက်များကို အဘာရာမိုဗိစ်ကြည့်ကာ ပြုံးသည်။ သူလိုချင်သည့် အထောက်အထားများပင် ဖြစ်သည်။

အဘာရာမိုဗိစ်သည် အိတ်ထဲမှ စာအိတ်နှစ်ခုထုတ်ပြီး တစ်ခုကို သူ ယူထားကာ နောက်တစ်ခုကို အက်ဗရိယယ်အား ပေးလိုက်သည်။ ရှူးမေးနီးယားဂျူးသည် အားလုံး စီစဉ်ထားပြီး ဖြစ်သည်။ သူ ပေးလိုက်သည့် စာအိတ်ထဲတွင် ယခင်က လက်နက်ထုတ်လုပ်သူ၏ မြို့တော်သို့သွားရန် လေယာဉ်လက်မှတ်များ ပါရှိလေသည်။

အက်ဗရိယယ်တစ်ယောက် ပဲရစ်ဟိုတယ်အခန်းထဲတွင် အဆင်ပြေကာ ကျေနပ်နေစဉ် မိုင်ထောင့်ငါးရာ အဝေးဆီ၌ အာရပ်ကပ္ပတိန်တစ်ယောက်သည် ဥရောပခရီး အောင်မြင်သဖြင့် ပြုံးရယ်စွာ ကျေနပ်နေသည်ကို တွေ့နိုင်သည်။ အက်ဗရိယယ်နှင့် အဘာရာမိုဗိစ်တို့ လက်နက်ကိစ္စဆွေးနွေးနေစဉ် ကပ္ပတိန်အက်ဒူအဇစ်ကယ်ရိုင်းသည် ပရတ်မြို့ အမှတ် (၂၀)ဘယ်ချရီဒိုရိပ်သာလမ်းတွင် ချက် လက်နက်ထုတ်လုပ်သူများနှင့် လက်နက်အရောင်းအဝယ်ကိစ္စ ဆွေးနွေးနေသည်။ ပရတ်သို့ ရောက်ပြီး နှစ်ဆယ့်လေးနာရီ မပြည့်မီမှာပင် သူ့တိုင်းပြည်အတွက် E 18 မော်ဇာတစ်သောင်း၊ **MG 34** စက်သေနတ်ကလေးတစ်ရာ ဝယ်ပြီးနောက် ဒမတ်စကတ်မြို့သို့ သင်္ဘောဖြင့် ပို့ရန် သဘောတူညီချက် လက်မှတ်ထိုးပြီးပြီ။

ကပ္ပတိန်ကယ်ရိုင်းတစ်ယောက် ဟိုတယ်တွင် ညစာစားနေစဉ် အေးဟတ်အက်ဗရိယယ်သည် သွားပွတ်တံ၊ သမ္မာကျမ်းစာတစ်အုပ်နှင့် ဖော့ပြဇာတ်စာအုပ်တို့ကို ထုပ်ပိုး၍ ပရတ်မြို့သို့သွားရန် ပြင်ဆင်နေသည်။ နောက်တစ်နေ့နံနက်တွင် အေးဟတ်

http://mmteashop.com



အက်ဗရီယယ်သည် အမှတ် (၂၀) ဘယ်ချဒိုရိပ်သာလမ်း၌ ဇာဘရိုဂျော့ ဗကာဘရာဒို လက်နက်ကုမ္ပဏီညွှန်မှူးများနှင့် ဆွေးနွေးရန် အချိန်းအချက်ရှိသည်။

အေးဟတ်အက်ဗရီယယ် ပရုတ်သို့ ရောက်လာသည်မှ အစပြုကာ ပါလက်စတိုင်းရှိ ဂျူးလူမျိုးတို့၏ တိုက်ပွဲကဏ္ဍသစ် စတင်သည်။ လယ်ကွင်းအတွက် ရေလိုသလို သူတို့အတွက် လက်နက်လိုသည်။ သို့မှ ရန်သူ၏ တိုက်ခိုက်ခြင်းကို ကာကွယ်နိုင်မည်။ (၁၉၃၆)အထိကား ဂျူးတို့မှာ ဖြစ်သလို လက်နက်စုဆောင်းခဲ့ကြသည်။ စုပေါင်းလယ်ယာစခန်းများတွင် အာရပ်လူဆိုးများထံမှ ဝယ်ယူခဲ့သော ရိုင်ဖယ်မျိုးစုံ စုပုံနေသည်။ ထိုနှစ်က ဟိုက်ဖာဆိပ်ကမ်းသို့ ထရက်တာများ၊ လမ်းကြိတ်စက်များနှင့် ရေနွေးငွေ့ဘွိုင်လာများ ရောက်လာပြီးနောက် လက်နက်စုဆောင်းရေး အဆုံးသတ်ခဲ့သည်။ ထရက်တာများ၊ လမ်းကြိတ်စက်များ၊ ဘွိုင်လာများတွင် လက်နက်များ ခိုးယူတင်သွင်းခဲ့ခြင်း ဖြစ်သည်။ ယင်းတို့မှာ ဟာဂါနားတပ်ဖွဲ့အတွက် ဖြစ်သည်။

ပုလိပ်အင်စပက်တော်မှ လိမ္မော်သီးတင်ပို့သူအဖြစ် အလုပ်ပြောင်းသွားသူ တစ်ဦးက စီစဉ်ပေးခြင်း ဖြစ်သည်။ သူသည် မိန်းမချော မိန်းမလှကြိုက်သလို သူများမျက်ခုံးမွေးပေါ် စကြိုလျှောက်ရသည့် အလုပ်ကိုလည်း ကြိုက်သည်။ ထိုပုဂ္ဂိုလ်မှာ ယေဟူဒါအရာဇီ ဖြစ်သည်။ ဝါဆောဌာနချုပ်မှတစ်ဆင့် ထိုလုပ်ငန်းများကို သူ စီစဉ်သည်။ ကြွေးတင်၍ ပိတ်ပြီး လေလံတင်ရောင်းချရတော့မည့် အခြေအနေရောက်နေသော စက်မှုလယ်ယာပစ္စည်းစက်ရုံကို သူ ဝယ်လိုက်သည်။ စနေနေ့ညတိုင်း အလုပ်သမားများ အလုပ်ခွင်မှ ပြန်လျှင် သူနှင့်စက်ရုံပိုင်ရှင်တို့သည် တစ်ပတ်အတွင်း ထုတ်လုပ်ပြီးသော ထရက်တာများ၊ လမ်းကြိတ်စက်များထဲသို့ လက်နက်များထည့်ကာ ဂဟေဆော်သည်။ သုံးနှစ်တာကာလအတွင်း ထိုစက်ရုံမှ ပါလက်စတိုင်းသို့ ရိုင်ဖယ် (၃၀၀၀)၊ စက်သေနတ် (၂၂၆)၊ လက်ပစ်ဗုံး (၁၀၀၀၀)၊ ကျည်ဆန် သုံးသန်း၊ မော်တာကျည်ဆန်ရာပေါင်းများစွာနှင့် လေယာဉ်ပျံငယ်ကလေး သုံးစင်းကို တင်ပို့နိုင်ခဲ့သည်။ လေယာဉ်သုံးစင်းအနက် တစ်စင်းမရောက်၊ ဗြိတိသျှ ထောက်လှမ်းရေးက သတင်းရသဖြင့် လမ်းမှ စစ်ဆေးမည် သတင်းကြားသည်တွင် လက်နက်များကို ဘီရွတ်သို့ နေရာပြောင်း၍ ပို့သည်။ ကုန်ရုံထဲတွင် နှစ်နှစ်လုံးလုံး အောင်းနေသည်ကို လက်ဘနွန်အကောက်ခွန်က မမိ။ စစ်ပြီးလျှင် ဟိုက်ဖာသို့ပို့၍ စုပေါင်းလယ်ယာ အခြေစိုက်စခန်းများတွင် မြေအောက်လက်နက်စက်ရုံငယ်ကလေး၌ ပြန်လည်တပ်ဆင်သည်။ (၁၉၄၅) တွင် ပါလက်စတိုင်း ဂျူးအခြေစိုက်စခန်းများမှ ထုတ်လုပ်သော ပထမဆုံး လက်နက်များ ပေါ်ထွက်လာသည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးသည့်အခါ ဟာဂါနား တပ်ဖွဲ့အတွက် လက်နက်ထုတ်လုပ်ရန် စွန့်စွန့်စားစား စီစဉ်ကြသည်။ (၁၉၄၅) နွေဦးတွင် တယ်အဗစ် လမ်းဘေးကော်ဖီဆိုင်တစ်ခုတွင် ဟိမ်းစလာဗိုင်းသည် ဝါရှင်တန်မှ လာသော သတင်းတစ်ပုဒ်ကို ဖတ်မိသည်။ မကြာမီ ကာလအတွင်း အမေရိကန် စစ်လက်နက်စက်မှု လုပ်ငန်းက

http://mmteashop.com



စက်ထုတ်လုပ်သည့် ကိရိယာအသစ် ခုနစ်သိန်းကို သံရည်ကျိုစက်သို့ ပို့တော့ မည်ဖြစ်ကြောင်း ထိုသတင်းက ဆိုသည်။ စလာဗိုင်း အိမ်သို့ပြန်လာပြီး ဒေးဗစ်ဘင်ဂူရီ ယန်ထံ စာတစ်စောင်ရေးသည်။ ယခုလို အခွင့်အရေးမျိုး နောက်တစ်ခါ ရနိုင်မည်မဟုတ်။ ထိုစက်များကို ဝယ်၍ ပါလက်စတိုင်းသို့ ခိုးသွင်းကာ ခေတ်မီလက်နက် စက်ရုံတစ်ခု ထူထောင်ပါဟု တိုက်တွန်းသည်။

စလာဗိုင်းမှာ စိတ်တိုသည်။ အရွဲ့တိုက်တတ်သည်။ သို့သော်လည်း ပါရမီရှင်တစ်ယောက် ဖြစ်သည်။ ဓာတုဗေဒ၊ ရူပဗေဒနှင့် အင်ဂျင်နီယာ အတတ်ပညာတို့၌ ကျွမ်းကျင်သည်။ သူ့စာကို သက်ဆိုင်ရာက လေ့လာသည်။ စလာဗိုင်းမှ နေ့ပိုင်းတွင် ပါလက်စတိုင်း၏ အရေးကြီးသော ဓာတ်အားပေးစက်ရုံ၏ ညွှန်မှူးဖြစ်ပြီး ညပိုင်းတွင် ဓာတုဗေဒစမ်းသပ်စခန်း၌ အရှုးတစ်ပိုင်း လက်တွေ့စမ်းသပ်မှုများ ပြုလုပ်သည်။ သူ၏ နှစ်ခန်းတွဲအိမ်တွင် မီးဖိုကို လက်နက်စက်ရုံစမ်းသပ်ခန်းအဖြစ် အသုံးပြုသည်။ တီအင်တီ စနက်တံများဖြင့် လက်ပစ်ဗုံးများ ပြုလုပ်သည်။ သူ၏စာ ဘင်ဂူရီယန်ထံရောက်သွားသည့်အချိန် ဂျူးခေါင်းဆောင်သည် လွန်ခဲ့သည့် စောစောပိုင်း ယော်လတာမှ ပြန်လာသော အမေရိကန် ဧည့်သည်တစ်ယောက်၏ သတင်းကို လေ့လာသုံးသပ်နေသည်။ ဘင်ဂူရီယန်အဖို့ ယခု အချိန်ကောင်းဖြစ်သည်။ အာရပ်တို့နှင့် နောက်ဆုံးတိုက်ပွဲအတွက် သူ ပြင်ဆင်ရတော့မည်။ စလာဗိုင်း၏စာသည် များစွာ စဉ်းစားထိုက်သည့်စာဖြစ်သည်ဟု ယူဆသည်။

စလာဗိုင်းအား နယူးယောက်သို့ ချက်ချင်း စေလွှတ်သည်။ ထိုအရပ်တွင် အမေရိကန်၌ ထင်ရှားလူသိများသော ဂျူးမိသားစုများ၏ ဆွေကြီးမျိုးကြီး လူကုံထံများနှင့် သူ အဆက်အသွယ်ရသည်။ ယင်းတို့အနက် ရူဒေါ့၊ ဂျီ၊ ဆွန်ဘွန်းသည် လူသိများ ထင်ရှားသည်။ သူ့ဘဝတွင် အစွဲလမ်းဆုံးနှင့် အထက်သန်ဆုံးလုပ်ငန်းနှစ်ခုမှာ သူ၏ မိသားစုပိုင်ဆိုင်သော ဓာတုစက်မှုလုပ်ငန်းနှင့် ဇီယွန်ဝါဒ ဖြစ်သည်။ ပထမကမ္ဘာစစ်ပြီးစတွင် ဆွန်ဘွန်းသည် လူငယ်ရေတပ်အရာရှိကလေးအဖြစ် ပါလက်စတိုင်းသို့ အလည်အပတ်ရောက်ခဲ့သည်။ ဘင်ဂူရီယန်၏ တိုက်တွန်းချက်အရ အမေရိကန် ဇီယွန်ခေါင်းဆောင်များကို စုစည်းကာ ဆွန်ဘွန်းအဖွဲ့တစ်ခုကို ထူထောင်သည်။ စလာဗိုင်းနှင့် ဆွန်ဘွန်းအဖွဲ့တို့ အဆက်အသွယ်ရသည်။ လျှို့ဝှက်ကိစ္စမှန်သမျှကို ထိုအဖွဲ့က လုပ်နိုင်သည်။ သူတို့သည် အမေရိကန်ပြည်ထောင်စုတွင် ပထဝီဝင်အရရော စက်မှုလုပ်ငန်းအရပါ ကျယ်ကျယ်ပြန့်ပြန့် နေရာယူထားသောကြောင့် ဖြစ်သည်။

သူတို့ အကူအညီဖြင့် စလာဗိုင်း လုပ်ငန်း စတင်သည်။ ဟိုတယ်အခန်းထဲအောင်းကာ စက်မှုပစ္စည်း စာစောင်အဟောင်းများကို သူ ဖတ်သည်။ စာစောင်တွင်ပါသော ရုပ်ပုံများကို မှတ်မိအောင် ခေါင်းထဲရိုက်သွင်းသည်။ ထို့နောက် သူ့ကိုယ်သူ ဆံ့အနားမကြားသူအဖြစ် ဟန်ဆောင်ကာ အမေရိကန်ပြည်ထောင်စုရှိ စက်ပစ္စည်းလုပ်ငန်း

http://mmteashop.com



ဌာနများသို့ လှည့်လည်လေ့လာသည်။ သူ၏ အင်္ဂလိပ်စကားပြောအသံမှာ ဝဲလေရာဆွဲ့အနားမကြားသူအဖြစ် ဟန်ဆောင်သည်မှာ အခွင့်ကောင်းတစ်ခု ဖြစ်သည်။ မြို့တစ်မြို့မှ နောက်တစ်မြို့သို့ သူ သွားသည်။ တွင်ခုံများ၊ ဖောက်စက်များ၊ ကြိတ်စက်များ သူဝယ်သည်။ သတ္တုပစ္စည်းဟောင်း ဝယ်သူအဖြစ် သူ့ကို မည်သူကမျှ သင်္ကာမကင်း မရှိကြပေ။ အချို့စက်များမှာ ကျည်ဆန်ထုတ်လုပ်သည့် စက်များ ဖြစ်သည်။ အမေရိကန်ဥပဒေအရ ထိုစက်တို့ကို တစ်စစီ ဖျက်ဆီးရသည်။ အစိတ်အပိုင်းများ ပြန့်ကျဲနေသည်။ ထိုအပိုင်းအစတို့ကို လိုက်လံစုဆောင်းရန် စလာဗိုင်းက အဖွဲ့တစ်ခုဖွဲ့စည်းသည်။ စက်တစ်ခုဝယ်ပြီးတိုင်း စလာဗိုင်း၏ ဌာနချုပ်သို့ တင်ပို့သည်။ သူ့ဌာနချုပ်မှာ အမှတ် (၂၀၀၀)၊ ပတ်ရိပ်သာလမ်းမှ စွန့်ပစ်ထားသော နို့ချက်စက်ရုံတစ်ခု ဖြစ်လေသည်။

ပစ္စည်းအားလုံး ဝယ်ပြီးသည့်အခါ တစ်နေ့လျှင် ရိုင်ဖယ်ငါးသောင်း သို့မဟုတ် စက်သေနတ်ကျည်ဆန် ငါးသောင်း၊ စက်သေနတ်တစ်လက် ထုတ်လုပ်ရန် စုပေါင်းတပ်ဆင်ပစ္စည်းများမှာ အကြိမ် (၁၅၀၀) လည်ပတ်နိုင်သည့် စွမ်းရည်ရှိစက်များ၊ (၈၁) မီလီမီတာ စိန်ပြောင်းကျည်ဆန်များ ထုတ်လုပ်နိုင်သည့် စက်များ စလာဗိုင်း၏ လက်ဝယ်တွင် ရောက်ရှိနေပြီ ဖြစ်သည်။ ယင်းတို့ အားလုံးကို သံတိုသံစသံကြွပ် ပစ္စည်းများအဖြစ် ဝယ်ယူခဲ့ရာ စလာဗိုင်းအဖို့ ဒေါ်လာ (၂)သန်း ကုန်ကျသည်။ လွန်ခဲ့သည့် လအနည်းငယ်က စက်သစ်များ ပေါက်ဈေးနှင့် ဆိုလျှင် ယင်းမှာ ဒေါ်လာသန်း (၇၀) ကျော်နှင့်ညီမျှ လေသည်။

ယင်းတို့အားလုံးကို ပါလက်စတိုင်းသို့ တင်ပို့ရန်မှာ မလွယ်ကူ။ ယေဟူဒါအဇာရီ၏ နည်းအတိုင်း တစ်စစီဖြုတ်ပြီး ထရက်တာများ၊ လမ်းကြိတ်စက်များ၊ ရေနွေးငွေ့ ဘွိုင်လာစသည်တို့အထဲ ထည့်ရန်မှာ မဖြစ်နိုင်။ ခေတ်မမီတော့ပေ။ စလာဗိုင်းသည် စက်အစိတ်အပိုင်းအားလုံးကို တစ်စစီဖြုတ်သည်။ နတ်များ ဘိုတူများအထိ ဖြုတ်သည်။ ပြီးလျှင် သူ့နို့ချက်စက်ရုံကြမ်းပြင်တွင် စက်ပစ္စည်းအပိုင်းအစ (၇၅, ၀၀၀) ပြန့်ကျဲနေသည်။ တစ်ခုစီကို လျှို့ဝှက်သင်္ကေတများ သတ်မှတ် နာမည်ပေးသည့်နည်းကို စလာဗိုင်း တီထွင်သည်။ ထို့နောက် အားလုံးကို ထုပ်ပိုးကာ တကယ်မရှိသော အာရပ်စက်မှုလုပ်ငန်းရှင်တစ်စု၏ နာမည်ဖြင့် ပါလက်စတိုင်းသို့ တင်ပို့ရန် တရားဝင်ပို့ကုန်လိုင်စင် လျှောက်ထားသည်။ ယင်းတို့အားလုံး စုစုပေါင်း သုံးဆယ့်ငါးတန်ရှိသည်။ အကောက်ခွန်ဌာနတွင် စစ်ဆေးမည်ဆိုလျှင် အင်ဂျင်နီယာတစ်ယောက်လို ကျွမ်းကျင်သူ စစ်ဆေးမှ အဖြေမှန်ပေါ်မည်။

ယင်းတို့အားလုံးကို သေတ္တာတစ်လုံးစီ ဗြိတိသျှအကောက်ခွန်ဌာန၌ စစ်ဆေးခံရသည်။ လွတ်မြောက်နိုင်ရန် အခါအားလျော်စွာ လာဘ်ထိုးရသည်။ အကောက်ခွန်အရာရှိအချို့မှာ စိုစိုပို့ပို့ ရလိုက်ကြသည်။ (၁၉၆၉) ဆောင်းဦးပေါက်တွင် နယူးယောက်မြို့၌ ဤစာအုပ်ရေးသူတစ်ဦးအား ရှူးဒေါ့က ဖွင့်ဟဝန်ခံခဲ့ဖူးသည်။ သူတို့အဖွဲ့နာမည်နှင့် ဖွင့်ထားသည့် ဆွစ်ဘဏ်စာရင်းတစ်ခုတွင် ဗြိတိသျှအရာရှိတို့ သဘောတင်ကုန်များကို မသိဟန်ဆောင်သဖြင့် ဒေါ်လာ (၂၅၀, ၀၀၀) ပွန်းပဲ့သွားသည်ဟု ဆိုသည်။

http://mmteashop.com



ကုလသမဂ္ဂတွင် ပါလက်စတိုင်း ခွဲခြမ်းရေးမဲခွဲသည့်ညက ထိုသေတ္တာများသည် ပါလက်စတိုင်းတစ်ပြည်လုံး၌ လယ်ယာအခြေစိုက်စခန်းများတွင် လုံခြုံစွာ သိမ်းဆည်းထားပြီး ရှိနေသည်။ မဲခွဲသည့်အခါ အချိန်အနည်းငယ် စောင့်ရခြင်းနှင့် ဗြိတိသျှတို့ ပါလက်စတိုင်းမှ မည်သည့်ရက်တွင် ထွက်ခွာမည်လဲ အသေအချာ မသိရခြင်းတို့ကြောင့် ဂျူးခေါင်းဆောင်ပိုင်းမှာ ပိုကုန်သေတ္တာများအတွက် မည်သို့ စီရင်ရမည်ကို ဝေခွဲမရနိုင် ဖြစ်ခဲ့ရသည်။ ဗြိတိသျှတို့ ထွက်ခွာသွားသည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရန် လက်နက်များကို ယခုကပင် တပ်ဆင်ရမည်လား။ သို့မဟုတ်လျှင် ဗြိတိသျှတို့ တွေ့သွားပြီး သိမ်းဆည်းသွားသည်ကို ခံရမည်မှာ သေချာသည်။ တစ်ဖန် ဗြိတိသျှတို့ ထွက်ခွာသွားသည်အထိ စောင့်နေပြီးမှ တပ်ဆင်ရမည်လား။ သူတို့အဖို့မူ ဂျူးနိုင်ငံတော် ထူထောင်ပြီး ပထမအပတ်အတွင်း လက်နက်များ အရေးတကြီး လိုအပ်လာပြီကို သိနေသည်။

ယင်းတို့အားလုံး အဆုံးရှုံးခံရမည်မှာ တန်ဖိုးကြီးလွန်းလှသည်။ တယ်အဗစ်ကော်ဖီဆိုင်တွင် လက်နက်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းတစ်ခု ထူထောင်ရန် စိတ်ကူးမိသူ အင်ဂျင်နီယာအဖို့ကား ထိုကာလမှာ သူ့ဘဝတွင် ဂုဏ်ယူစရာ အကောင်းဆုံးအချိန်ဖြစ်လေသည်။ တကယ် လက်နက်များ တပ်ဆင်သည့်အခါ နယူးယောက်နို့ချက်စက်ရုံမှ အစွရေး စုပေါင်းလယ်ယာ အခြေစိုက်စခန်းသို့ သင်္ဘောဖြင့် တင်ပို့ခဲ့သည့် အစိတ်အပိုင်း (၇၅, ၀၀၀) တွင် ဘိုတူတစ်ခု၊ ဝက်အူတစ်ခု၊ ဝါရှာတစ်ခုပင် မပျောက်ဆုံးဘဲ အားလုံးချောချောမောမော ရောက်လာပြီး ဖြစ်သည်ကို တွေ့ရသည်။ ဟိမ်းစလာဗိုင်းအဖို့ လက်မ,ထောင်ကာ ကြွားနိုင်ပြီ ဖြစ်လေသည်။

ooo

http://mmteashop.com



## အပိုင်း (၅)

## လူမျိုးနှစ်မျိုး စစ်တပ်နှစ်ခု

ဂျေရုဆလမ် ဟာဂါနားတပ်မှူး အစ္စရေးအားမားသည် ဥရောပသို့ လက်နက်အဝယ်သွားသော အေးဟတ်အက်ဗရိထံမှ လက်နက်များကို စိုးရိမ်တကြီး စောင့်မျှော်နေသည်။ ဂျေရုဆလမ်တွင် ဟာဂါနားတပ်ဖွဲ့၌ လက်နက်အလုံအလောက်မရှိ။ တခြားနေရာများမှာလည်း မပြည့်စုံ။ စုဆောင်းမိသမျှ လက်နက်အနည်းငယ်ကို လျှို့ဝှက်သည့်နေရာ နှစ်ဒါဇင်လောက်တွင် မြေအောက်၌ သိမ်းဆည်းထားရသည်။ မြို့တော်အနှံ့အပြားတွင် သူတို့၏ လက်နက်ပုန်းများ ရှိသည်။ ယင်းတို့ကို သိသူတစ်ယောက်တည်းသာ ရှိသည်။ သူကား အားမား၏ ရုံးအဖွဲ့ဝင် လက်နက်ပါရဂူ ယီမင်လူမျိုး ဒိန်ခဲလုပ်သူတစ်ယောက် ဖြစ်သည်။ ထိုလက်နက်များကို အားမား၏ စစ်သမီးများက အပိုင်းအစများဖြုတ်ပြီး ဘရာစီယာအကြား၊ ဂါဝင်အောက် သို့မဟုတ် ခြေထောက်တို့တွင် ချည်နှောင်ကာ မြို့တွင်းနေရာ အနှံ့အပြားသို့ ပို့ပေးသည်။ တစ်ခါတစ်ရံ လက်နက်ထက် သယ်ပို့မည့်သူက များနေသည်။ လက်နက်များမှာ မျိုးစုံဖြစ်သော်လည်း အသုံးပြုတတ်သူက နည်းနေသည်။

ပါလက်စတိုင်းခွဲခြမ်းရေးကို မဲဆန္ဒပေးကာ ဆုံးဖြတ်ပြီးနောက် ရှစ်ရက်အကြာတွင် စီမံကိန်းအနည်းငယ် ချမှတ်စည်းရုံးရုံဖြင့် အမြဲတမ်းတပ်ဖွဲ့ဝင်ငါးရာကို ဟာဂါးနားစုစည်းမိသည်။ တစ်ခဏချင်းအတွင်း ပြည်သူတွေထဲက စစ်သား ဖြစ်လာကြသူများဖြစ်သည်။ တယ်လီဖုန်းတစ်ချက်ဆက်ကာ စုဆောင်းနိုင်သည်။ အချို့ကိုမူ စက္ကူအပိုင်းကလေးတစ်ခုတွင် စာရေးပြီး တပ်သို့ခေါ်ယူနိုင်သည်။ သို့မဟုတ် လမ်းထောင့်တစ်နေရာတွင် တီးတိုးစကားပြောကာ လိုသူတို့ကို ခေါ်ယူနိုင်သည်။

သူတို့ကို ရေဟာဗီးယား ဂျူးအထက်တန်းကျောင်းတွင် စုဝေးစေသည်။ အချို့ကို ကာကွယ်ရေးတပ် အရန်တပ်သားများအဖြစ် စုဆောင်းထားသည်။ အသက်ကြီးသူများ၊ လေ့ကျင့်မှုနည်းသူများ ပါဝင်သည်။ ကျန်တပ်သားများကိုမူ အားမားက အလွယ်တကူ အသုံးချနိုင်ရန် အနီးအနားတွင် ထားသည်။

http://mmteashop.com



အဓိကရက်မှားများ ဖြစ်နိုင်သည့် အာရပ်နှင့်ဂျူးတို့ ရောနှောနေထိုင်သည့် ရပ်ကွက်များ၌ အချို့ကို နေရာချထားသည်။ သူတို့၏ယူနီဖောင်းမှာ သံလွင်ရွက် အစိမ်းရင့်ရောင် ကော်ဂျူရွိုင်းဘောင်းဘီနှင့် ပေါင်းနွမ်းသည့် အလုပ်သမားအင်္ကျီများ ဖြစ်သည်။ သူတို့သည် အိမ်ခေါင်မိုးများပေါ်တွင်လည်းကောင်း၊ ပန်းခြံများ၊ မြို့တံခါးနောက်ဘက်နေရာများ၊ အိမ်ပြတင်းနောက်ဘက် နေရာများတွင်လည်းကောင်း နေရာယူကြသည်။

ဖြစ်ပျက်သမျှကိုလေ့လာကာ သတင်းများကို စနည်းနာသည်။ လူဦးရေ အတိုးအလျော့ကို စာရင်းပြုစုသည်။ သူစိမ်းများရောက်လာလျှင် သူတို့လှုပ်ရှားမှုကို စောင့်ကြည့်သည်။ လမ်းဘေး စကြံများတွင် အမျိုးသမီး အဖော်တစ်ယောက်နှင့်တွဲကာ ချစ်သူစုံတွဲအဖြစ် သူတို့ သွားလာကြသည်။ အမျိုးသမီး၏ အင်္ကျီအောက်တွင် ပစ္စတိုတစ်လက်ဝှက်၍ပါလာသည်။

ကုလသမဂ္ဂတွင် မဲဖြင့်ဆုံးဖြတ်ကာ ပါလက်စတိုင်းခွဲခြမ်းသည့် ညက "ဘာမှမသိတဲ့ သူတွေကတော့ ကနေကြမှာပဲ" ဟု ပြောခဲ့သူ နေတာနယ်လော့ချ်အား အမျိုးသား နှစ်ဆယ်၊ အမျိုးသမီး ခြောက်ယောက်တို့နှင့်အတူ ဘာသာရေးအယူသီးသူများ၏ မီးရှိယာရင်သို့ ပို့လိုက်သည်။ မောင်းခိုသယ်ဆောင်နိုင်မည့် လက်နက် အမျိုးအစားကို လိုက်၍ အမျိုးသမီးများအား အစုခွဲသည်။ ပစ္စတိုသယ်နိုင်သူမှသည် လက်နက်ကြီး သယ်နိုင်သူအထိ စာရင်းပြုစုသည်။ အကယ်၍သာ အမြောက်တစ်ခု မောင်းခိုသွင်းယူစရာရှိလျှင် ယင်းကို သယ်နိုင်မည့် အမျိုးသမီးများ အသင့်ရှိနေရမည်ဟု လော့ချ် သဘောရသည်။

ယောက်ျားလေးများနှင့် မိန်းကလေးများကို တစ်ခန်းတည်း အတူထားသဖြင့် ဘာသာရေးအယူသီးသူတို့က မကြိုက်။ သူတို့၏ ဂုဏ်သိက္ခာ အထိခိုက်မခံနိုင်ဟု ဆိုကြသည်။ သို့ဖြစ်ရာ လော့ချ်မှာ အကာအကွယ်စနစ်နှစ်ခုကို စီစဉ်ရသည်။ တစ်ခုမှာ အနီးရှိ ဗြိတိသျှပုလိပ်တပ်ဖွဲ့၏ အန္တရာယ်မှ ကာကွယ်ရန်ဖြစ်ပြီး နောက်တစ်ခုမှာ မီးရှိယာရင်မှ စိတ်ဆိုးနေသော ဘုန်းကြီးများ၏ ရန်မှ ကာကွယ်ရန်ပင် ဖြစ်သည်။

အားမား၏ အရာရှိတစ်ယောက်ဖြစ်သည့် အေလီယာဟူအာဘယ်မှာ အယူသီးသည့် ဘုန်းကြီးတစ်ယောက်နှင့် အချေအတင် ပြောဆိုဆွေးနွေးရသဖြင့် စိတ်ကုန်ခန်းသည်။ သူ စည်းရုံးထားသော ကျောင်းသားလေးများကို ဥပုသ်သီတင်းနေ့တွင် စစ်အတိုက်မခိုင်းပါဟု ကတိစကားတစ်ခု စာဖြင့်ရေးကာပေးရမည်ဟု ဘုန်းကြီးက ဆိုသည်။ သူ စိတ်ရှုပ်ကာ လက်ကာပြပြီး "ဒီမှာ ကျွန်တော်ပြောမယ်၊ အဲဒီလို ကတိမျိုးကို ကျွန်တော်တို့ကတော့ မပေးနိုင်ဘူး၊ ဘုန်းကြီးလိုချင်တဲ့ ကတိကို အာရပ်တွေကပဲ ပေးနိုင်လိမ့်မယ်"ဟု ပြောသည်။

ရှာလွမ်ဒရော်မှာ ချိုချိုသာသာပြောတတ်သည့် ဂျာမန်ဂျူးတစ်ယောက်ဖြစ်သည်။ ခန္ဓာကိုယ်မှာမူ သင်္ဘောကြီး ကုန်တင်ကုန်ချလုပ်သားလို ကြံ့ခိုင်သည်။ ဂျူးတပ်ရင်းသစ်

http://mmteashop.com



တစ်ခုဖွဲ့ရန် သူ တာဝန်ယူရသည်။ သူဖွဲ့မည့် တပ်ရင်းမှာ အကောင်အထည်မရှိသေး၊ သို့သော်လည်း ထိုတပ်ရင်းအတွက် အလှူငွေ ကောက်ခံရသည်။ ပစ္စည်းများ စုရသည်။ စစ်သမီးများသည် တစ်အိမ်ဝင် တစ်အိမ်ထွက်ကာ စောင်များ၊ ခုတင်များ၊ အဝတ်အထည်များနှင့် အိုးခွက်ပန်းကန်များ အလှူခံသည်။ စစ်သားများအတွက် ကျွေးမွေးရမည့် တာဝန်ကို အနီးဝန်းကျင်ရှိ စားသောက်ဆိုင်များက ယူမည်။ ယင်းအတွက် ထမင်းစားလက်မှတ်များ ပုံနှိပ်ရသည်။ တပ်သားတွေ ဘယ်ကရနိုင်မည်လဲ၊ စကိုးပတ်တောင်ထိပ်ရှိ ဟီဘရူးတက္ကသိုလ်ကို သူ အားကိုးသည်။ ထိုတက္ကသိုလ်သို့ ပါလက်စတိုင်းမှ လူငယ်အများအပြား တက်ရောက်ကြသည်။

ယင်းသည် တစ်ကမ္ဘာလုံးတွင်ရှိနေသော ဂျူးလူငယ်များကို ဆွဲဆောင်သည့် အားကောင်းသော သံလိုက်တစ်ခု ဖြစ်လာသည်။ ဂျေရုဆလမ်တိုက်ပွဲအတွက် ကမ္ဘာပေါ်ရှိ ဂျူးလူမျိုးအားလုံး ညီညွတ်စုစည်းဖို့ လိုသည်။ ဟာဂါနားတပ်ဖွဲ့က လူငယ်ကလေးများကို နမူနာပြအဖွဲ့အဖြစ် စုစည်းကာ တပ်ရင်းတစ်ခုဖွဲ့မည်။

ဘော်ဘီရေးစမင်းသည် ဟီဘရူးတက္ကသိုလ်သို့ ရောက်လာဖို့ အကြောင်းမရှိ။ ပဲရစ်မြို့ ဆိုဘွန်းတက္ကသိုလ်တွင် သူ ပညာသင်ကြားလိုသည်။ သူသည် နယူးယောက်မြို့ ဘတ်ဖဲလိုးမှ ကုန်သည် တစ်ယောက်၏သား ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း နံပါတ် (၁၀၁)အမေရိကန်လေထီးတပ်တွင် အမှုထမ်းခဲ့သည်။ ဒဏ်ရာရသဖြင့် စစ်မှုထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။

စစ်ပြီးလျှင် ပဲရစ်သို့သွားရန် သူ ဆုံးဖြတ်သည်။ လမ်းခရီးတွင် သူငယ်ချင်းတစ်ယောက်က ဂျေရုဆလမ်သို့ အတူသွားကြရန် သွေးဆောင်သည်။ ဂျေရုဆလမ်တက္ကသိုလ်တွင် အင်္ဂလိပ်လို စာပေသင်ကြားရလိမ့်မည်ဟု သူတို့ မျှော်လင့်သည်။ သို့သော်လည်း သွားသည့်အခါ ဟီဘရူးတက္ကသိုလ်၌ ဟီဘရူးဘာသာစကားဖြင့် သင်ကြားသည်ကို အံ့အားသင့်စွာ တွေ့ရသည်။ သူ့သူငယ်ချင်းက မနေတော့ဘဲ ထွက်သွားသည်။ တက္ကသိုလ်တွင် ဒဿနိကဗေဒကို သူ လေ့လာသည်။ မကြာမီမှာပင် ပိတုန်းရောင်ဆံပင်ပိုင်ရှင် ဂျေရုဆလမ်ဇာတိ 'လေး' ဟူသော အစ္စရေးမလေးတစ်ယောက်ကိုလည်း သူ လေ့လာသည်။ (၁၉၄၇) ဒီဇင်ဘာတွင် သူတို့ လက်ထပ်ကြသည်။ ဘက်ဟာဘေရမ်ဒေသတွင် ကျောင်းသားဘော်ဒါဆောင်တစ်ခု၌ အခန်းငှားကာ နေထိုင်ကြသည်။

တစ်ညတွင် အိပ်ရာထဲလှဲနေစဉ် စက္ကူမြည်သံတစ်ခု ကြားရသည်။ သူတို့ အခန်းတံခါးအောက်တွင် ထိုးထည့်သွားသည့် စာတစ်စောင်ကို တွေ့ရသည်။ ယူပြီး ကြည့်သည်။ စာမှာ ဟီဘရူးလို ရေးထားသည်။ သူ မဖတ်တတ်၊ သို့ဖြစ်ရာ သူ့ဇနီးသို့ ပေးလိုက်သည်။ ဇနီးသည်က အသံမထွက်ဘဲဖတ်သည်။ ထို့နောက် စာကို ချထားလိုက်ပြီး သူ့ကို အကြာကြီး စိုက်၍ ကြည့်သည်။ ထိုအကြည့်တွင် အဓိပ္ပာယ်များစွာပါသည်။ ဟာဂါနားတပ်ဖွဲ့သို့ ဝင်ရန် ဖိတ်ခေါ်သည့်စာ ဖြစ်သည်ဟု ဇနီးက ပြောသည်။

http://mmteashop.com



ရေစမင်းသည် အိပ်ရာပေါ် လဲလျောင်းပြီး စကားမပြောဘဲ အကြာကြီးနေသည်။ ဤမြေသို့ သူ ရောက်လာသည်မှာ စစ်တိုက်ရန် မဟုတ်။ သူ တိုက်ချင်သည့် စစ်ပွဲကို ဥရောပစစ်မြေပြင်တွင် ဆင်နွှဲခဲ့ပြီးပြီ။ သူ့ဇနီး၏ သူငယ်အိမ်နက်နက် မျက်လုံးများက သူ့ကို အကြာကြီး စောင့်ကြည့်နေသည်။ သူ့အဖြေကို စောင့်နေခြင်းပင် ဖြစ်သည်။ မလှမ်းမကမ်း တစ်နေရာရှိ ဗီရိုထဲတွင် အဝတ်များအကြား၌ ပစ္စတိုတစ်လက် ရှိနေသည်ကို သူ သိသည်။ ယင်းမှာ သူ့ဇနီး၏ ဟာဂါနားတပ်ဖွဲ့ဝင် အမှတ်အသားပစ္စည်း ဖြစ်သည်။ သူ့ဇနီးကို သူ ကြည့်လိုက်သည်။ သူ့ ဇနီး၏ စစ်ပွဲတွင် သူသည် ဘေးကရပ်ပြီး ကြည့်နေသူအဖြစ် မနေနိုင်သည်ကို သူ နားလည်သည်။ "ကောင်းပြီ၊ ငါဝင်မယ်" သက်ပြင်းချကာ အဖြေပေးလိုက်သည်။

ကာမီချာနီ၏ အခြေအနေမှာ ရေစမင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ကာမီအဖို့ ဟာဂါနားတပ်ဖွဲ့သို့ ဝင်လိုသည်မှာ တစ်ပိုင်းသေနေသည်။ ပြဿနာမှာ ဟာဂါနားက သူ့ကို အလိုမရှိခြင်းပင် ဖြစ်သည်။ ကာမီသည် ဂျူးဘုန်းကြီးတစ်ဦး၏ သားဖြစ်ပြီး နယူးယောက်မြို့ ဘရွန့်ခရိုင် ဘရွန့်တိရစ္ဆာန်ရုံဘေးနားတွင် (၁၉၂၅) ၌ မွေးဖွားခဲ့သူဖြစ်သည်။ သူ့အဖေလို သူလည်း ဂျူးဘုန်းကြီး ဖြစ်လာရမည်။ သူ ဝါသနာမပါ။ သို့သော်လည်း ပျော်ရွှင်စရာမရှိသည့် ရဟန်းဖြစ်ကျောင်းတွင် သူ ကြီးပြင်းခဲ့ရသည်။ သူကားအရှက်အကြောက်ကြီးသည်။ ကိုယ့်အကြောင်းကိုပဲ စဉ်းစားသည်။ ပြီးတော့ သူ့မှာ ခန္ဓာကိုယ် မဖွံ့ဖြိုး။ ပိန်လှီသည်။ မျက်မှန်ထူထူ တပ်ထားရသည်။ မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်ပြီး ပခုံးများ ကိုင်းကျနေသည်။ အပေါင်းအသင်းများက သူ့ကို စကြသည်။ ကျီစယ်ကြသည်။ လမ်းထောင့်က ဆေးဆိုင်တွင် တွေ့လျှင် သူ့ကို ခြိမ်းခြောက်တတ်ကြသည်။ ကာမီသည် ဇီယွန်မြေကို စိတ်ကူးထဲတွင် အိပ်မက်မက်ကာ တမ်းတရင်း စိတ်သက်သာရာရသည်။ ဖတ်စာများထဲတွင် ဇီယွန်မြေအကြောင်း သူ ဖတ်ရသည်။ ဟီဘရူးဘာသာစကားဖြင့် ကဗျာများ စပ်သည်။ လူလားမြောက်ကတည်းက ဟီဘရူးစကားကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးလျှင် သူသည် မြေအောက်ရထားတက်စီးသလိုပင် အက်စ်အက်စ်မရင်းကပ် သင်္ဘောပေါ်သို့ တက်စီးကာ ဘရွန့်မှ အပြီးအပိုင် ထွက်လာခဲ့သည်။ ကလေးဘဝကတည်းက စိတ်ကူး အိပ်မက်ထဲမှာ ပျော်မြူးခဲ့ရသည့် ဇီယွန်မြေကို သူ သွားသည်။

ဂျေရုဆလမ်သို့ ရောက်ပြီကတည်းက ဟာဂါနားတပ်ဖွဲ့သို့ ဝင်ရန် သူ ကြိုးစားသည်။ သူ့လို ပိန်ပိန်လှီလှီ ပညာခွင်တစ်ပိုင်းပုဂ္ဂိုလ်မျိုးကို ဟာဂါနားက အလိုမရှိ။ နောက်ဆုံးတွင် ဟာဂါနားအဖွဲ့ဝင် အမျိုးသမီးမိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် ရေဟာဗီးယား အထက်တန်းကျောင်း မြေအောက်အမှောင်ခန်းထဲသို့ သူ ရောက်သွားသည်။ မျက်နှာချင်းဆိုင်တွင် မျက်နှာကို ထင်ထင်ရှားရှား မမြင်ရသည့် လူသုံးယောက်က သူ့ကို မေးခွန်းတွေ အများကြီးမေးသည်။ ထို့နောက် အကျဉ်းခန်းနှင့် တူသည့် အခန်း

http://mmteashop.com



ကလေးတစ်ခုထဲသို့ သူ့ကို ခေါ်သွားသည်။ သူ့ရှေ့က စားပွဲပေါ်တွင် ဖယောင်းတိုင်နှစ်ခု၊ သမ္မာကျမ်းစာတစ်အုပ်နှင့် ပစ္စတိုတစ်လက်ရှိသည်။ သူသည် လက်တစ်ဖက်ကို သမ္မာကျမ်းစာပေါ်တင်ပြီး ကျန်တစ်ဖက်ကို ပစ္စတိုပေါ်တင်ကာ ဟာဂါနား မြေအောက်တပ်ဖွဲ့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်ဟု ကျိန်ဆိုသည်။

ဤသို့ ကျမ်းစာကျိန်ဆိုကာ ပါလက်စတိုင်း မျိုးဆက်တစ်ခုသည် 'အန်တီ' ဟု လျှို့ဝှက်နာမည်ဖြင့် ဖွဲ့စည်းထားသည့် ဟာဂါနားတပ်ဖွဲ့သို့ ဝင်ကြသည်။ ဂျူးအဖွဲ့အစည်းအလွှာအသီးသီးသို့ ဟာဂါနား ဝင်ရောက်စည်းရုံးသည်။ အာရပ်ဦးရေမှာ သူတို့ထက်များသည်ကို သိထားလေရာ ဟာဂါနားတပ်ဖွဲ့သည် အမျိုးသမီးများကိုပါ အမျိုးသားများနှင့် တန်းတူ အခွင့်အရေးပေးပြီး ဝင်ခွင့်ပြုသည်။ လူငယ်များအား အမျိုးသမီး စကောက်အသင်း၊ အမျိုးသားစကောက်အသင်းများ နာမည်ဖြင့် ဖွဲ့စည်းပြီး ဟာဂါနားတပ်ဖွဲ့သို့ ဝင်နိုင်ရန် စည်းရုံးသည်။ ဟာဂါနား၏ လူငယ်အဖွဲ့အစည်းမှာ ဂက်ဒနာဖြစ်သည်။ ကုလသမဂ္ဂတွင် ပါလက်စတိုင်းခွဲခြမ်းရန် မဲဆန္ဒဖြင့် ဆုံးဖြတ်ချိန်၌ ပါလက်စတိုင်း လူငယ်အများစုမှာ ဟာဂါနားသင်တန်းတစ်မျိုးမျိုးသို့ တက်နေကြပြီ ဖြစ်သည်။

နေတာနယ်လော့ချ်လို ပုဂ္ဂိုလ်အချို့မှာ ဟာဂါနားတပ်ဖွဲ့သို့ ဝင်ခြင်းသည် မိဘစဉ်လာအရ အဖေက သားအား လက်ဆင့်ကမ်းခဲ့သည့်နည်းဖြင့် ဝင်ခဲ့ခြင်းမျိုးဖြစ်သည်။ (၁၉၃၆)အာရပ်ပုန်ကန်မှုကာလတွင် ဟာဂါနားတပ်ဖွဲ့ဝင် သူ့အဖေအတွက် ကျောင်းဝတ်စုံထဲ၌ ကျည်ဆန်များ လျှို့ဝှက်ယူခဲ့သည့်နည်းဖြင့် လော့ချ်သည် ဟာဂါနားနှင့် ပထမဆုံး အဆက်အသွယ်ရခဲ့သည်။ အခြားသူများအတွက် ဘာသာရေးတာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် အရွယ်ရောက်ပြီဟု အလိုအလျောက် သတ်မှတ်သိမ်းသွင်းပြီးသား ဖြစ်သွားသည်။ ထိုကမှတစ်ဆင့် တက်လျှင် ထိုလူငယ်သည် ပါလက်စတိုင်း ပြည်သားအဖြစ် လူလားမြောက်လာပြီ ဖြစ်သည်။

အခြားပုဂ္ဂိုလ်တို့မှာ အတွေ့အကြုံတစ်မျိုး ကြုံရသဖြင့် ပါလက်စတိုင်းလွတ်မြောက်ရေးလှုပ်ရှားမှုနှင့် ဆက်သွယ်လာကြသည်။ စစ်အတွင်း ကာလများအတွင်း ဥရောပတိုက်၌ ဂျူးအများအပြားတို့မှာ နာဇီအကျဉ်းစခန်းတွင် အနှိပ်စက်ခံရပြီးနောက် ဟာဂါနားမြေအောက်အဖွဲ့အစည်းနှင့် အဆက်အသွယ်ရခဲ့ခြင်း ဖြစ်သည်။

ဟာဂါနား၏ အရေးကြီးသော စည်းကမ်းတစ်ခုမှာ လျှို့ဝှက်ရေးပင် ဖြစ်သည်။ ဓာတ်ပုံများမရှိ၊ ရေးသားထားသော မှတ်တမ်းမှတ်ရာများ မထားရ၊ မတတ်သာမှသာ လိုအပ်သည်တို့ကို စာရေးမှတ်သားထားရသည်။ စစ်ရေးလေ့ကျင့်မှုများကို ဂျူးအဖွဲ့အစည်းများဖြစ်သည့် စာသင်ကျောင်း သို့မဟုတ် အလုပ်သမားသမဂ္ဂကလပ် အဆောက်အအုံများ၏ မြေအောက်ထပ်တွင် ပြုလုပ်သည်။ အစောင့်အကြပ်များ သုံးထပ်ချထားပြီးမှ ထိုနေရာများတွင် တစ်ပတ်တစ်ကြိမ် စုဝေးကြသည်။ ဂျူဒို လေ့ကျင့်သည်။ လက်နက်များ ဖြုတ်နည်း၊ တပ်ဆင်နည်း သင်ကြားသည်။ အမြင့်သို့ ကြိုးဖြင့် တက်နည်း

http://mmteashop.com



များ၊ အိမ်များထဲသို့ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်နည်းများ၊ အပြေးမောင်းနေသောကားပေါ်မှ ခုန်ချနည်းများ လေ့ကျင့်သည်။ ဗြိတိသျှပုလိပ်များက ဝင်ရောက်ဖမ်းဆီးလျှင် ကျောင်းသားများ စုဝေးကာ စာကျက်နေကြဟန် သို့မဟုတ် အလုပ်သမားများ ဖဲကစားနေကြဟန် ရုတ်တရက် အသွင်ပြောင်းလိုက်ကြသည်။ ထို့ပြင် ဆက်သားအဖြစ် သတင်းစကား တစ်ဆင့်ပြီးတစ်ဆင့်ပို့နည်း (သို့မဟုတ်) အရေးကြီးသော အာရပ်ခေါင်းဆောင်များနှင့် ဗြိတိသျှအရာရှိများ သွားလာလှုပ်ရှားမှုကို စောင့်ကြည့်သည့် သင်တန်းများ ပေးသည်။ နောက်ဆုံးတွင် ဝေးလံသော ကျောက်ဆောင်ထူထပ်သည့် ချောင်းခြောက်များ၌ တစ်လလျှင် နှစ်ရက် သို့မဟုတ် သုံးရက်ခန့် နေပူပြင်းပြင်းအောက် ခရီးဝေးချီတက်ခြင်းများကို လေ့ကျင့်သည်။ ထိုဒေသတွင်မူ ရိုင်ဖယ်ပစ်သံသည် အပြောကျယ်သည့် သဲကန္တာရထဲတွင် ပျောက်ကွယ်သွားသည်။

သဲကန္တာရက ရိုင်ဖယ်သံကို ဖမ်းဆီးဖုံးအုပ်ထားသည်။ လိမ္မော်သီးများ၊ အာလူးများကို လက်ပစ်ဗုံးအဖြစ် အသုံးပြုလေ့ကျင့်သည်။ ကျည်ဆန်အလွန်ရှားသည်။ ကျည်ဆန်တစ်တောင့် ပစ်ခွင့်ပေးလျှင် တကယ့်သင်တန်းဆင်း ဆုလာဘ်ကြီးတစ်ခုဟု ဂုဏ်ယူကြသည်။ နွေရာသီတွင် ဟာဂါနားတပ်ဖွဲ့ဝင်များသည် လယ်ယာလုပ်သားများအသွင်ဆောင်ကာ စုပေါင်းလယ်ယာများ၌ နှစ်ပတ် သို့မဟုတ် တစ်လကြာသည်အထိ အဆင့်မြင့် စစ်သင်တန်းတက်ရသည်။ ပြောက်ကျားစစ်ဆင်ရေးနှင့် အာရပ်များ ကြောက်ရွံ့သည့် ညတိုက်ပွဲတို့မှာ အရေးကြီးသည့် လေ့ကျင့်ရေးများ ဖြစ်သည်။ ဂျက်ဇရီးချိုင့်ဝှမ်း စိုက်ပျိုးရေးစမ်းသပ်စခန်းတွင် တစ်ကြိမ်လျှင် လူတစ်ရာ့ငါးဆယ်ခန့် စုဝေးကာ နှစ်လအရာရှိသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ ဗြိတိသျှထောက်လှမ်းရေးများအကြားတွင် ခက်ခက်ခဲခဲလျှို့ဝှက်လုပ်ကိုင်ရခြင်း ဖြစ်သည်။ ယင်းတွင် သင်ကြားရသည်တို့မှာ ဗြိတိသျှတပ်မတော်လေ့ကျင့်ရေးသင်ခန်းစာများမှ ထုတ်နုတ်စုစည်းထားသည့် သင်ခန်းစာများ ဖြစ်သည်။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားချိန်တွင် ဟာဂါနားတပ်ဖွဲ့သည် စစ်ဦးစီးတပ်ဖွဲ့ အမြုတေများကို စုစည်းမိပြီ ဖြစ်သည်။ အဖွဲ့ဝင်များမှာ တယ်အဗစ်ပတ်ဝန်းကျင်တွင် အပြန့်အကျဲတည်ရှိနေသည်။ ဟစ္စတာဒရက်အလုပ်သမားသမဂ္ဂ၏ အိုးအိမ်ဗျူရို၊ ဗိသုကာ တစ်ဦး၏ ရုံးခန်း၊ ဘဏ်တစ်ခု၊ စက်မှုလယ်ယာပစ္စည်းတင်ပို့သူ၏ရုံးခန်းနှင့် ရေပေးဝေရေးဗျူရိုတို့တွင် ဟာဂါနားအမြုတေများ ခိုင်ခိုင်မြဲမြဲတည်ရှိနေသည်။ တယ်အဗစ် လူနေအဆောက်အအုံများ၏ မြေအောက်ထပ်များတွင် ဟာဂါနား၏ မော်ကွန်းမှတ်တမ်းအချို့ ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြောင့် အဖွဲ့ဝင်များမှာ စစ်ပွဲအတွေ့အကြုံ ရခဲ့ကြသည်။ စစ်အတွင်း ပါလက်စတိုင်း ဂျူးလူမျိုး လေးသောင်းသုံးထောင် စစ်မှုထမ်းခဲ့ကြသည်။

ဂျေရုဆလမ်မှာ ပါလက်စတိုင်း ဇီယွန်ဝါဒီတို့ အစွဲအလမ်းကြီးသည့်မြို့ ဖြစ်သော်လည်း ဟာဂါနားတပ်ဖွဲ့ အခြေစိုက်နိုင်သည့် ဒေသတစ်ခု ဘယ်တော့ကမျှ ဖြစ်မလာခဲ့

http://mmteashop.com



ပေ။ ဗြိတိသျှတို့သည် အခြားဒေသများမှာထက် ဂျေရုဆလမ်တွင် ပို၍ တင်းတင်းကျပ်ကျပ်အုပ်ချုပ်သည်။ မြို့နေ ဂျူးလူငယ်တို့သည် ဟာဂါနားသို့ ဝင်ရန် ထက်ထက်သန်သန် မရှိ။ ကျေးလက် စုပေါင်းလယ်ယာများမှ လူငယ်များမှာ မြို့သားများထက် ပို၍ ထက်သန်ကြသည်။ တစ်ဖန် ဂျေရုဆလမ်ရှိ အော်သိုဒေါက် လူ့အဖွဲ့အစည်းကလည်း ဟာဂါနားကို စိတ်မဝင်စား။ ဥပေက္ခာပြုထားသည်။ ဟာဂါနားတပ်ဖွဲ့၏ ရည်ရွယ်ချက်တို့ကို ဆန့်ကျင်သူများပင် ရှိသေးသည်။

သို့ပြားလည်း ပါလက်စတိုင်း အခြားဒေသများ နည်းတူပင် ဂျေရုဆလမ်မှာ ဂျူးအဖွဲ့အစည်း၏ အဓိက မောင်းနှင်အား ဖြစ်လာသည်။ ဂျေရုဆလမ်တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ဂျူးအဖွဲ့အစည်းများ အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ လက်နက်များ လျှို့ဝှက် စုဆောင်းနိုင်ခဲ့သည်။ သို့ပြားလည်း ယင်းတို့ထက် ပို၍ အရေးကြီးသည်မှာ ဂျေရုဆလမ်တွင်ရှိနေသော ပါလက်စတိုင်း ဂျူးလူမျိုးတို့၏ လွတ်မြောက်ရေး စိတ်ဓာတ်ကို ဟာဂါနားတပ်ဖွဲ့က လှုံ့ဆော်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ပါလက်စတိုင်းသို့ ပြန်လာသည့် ဂျူးများထဲတွင် အတော်ဆုံး လူငယ်များ ပါလာပြီး လိုအပ်နေသော ခေါင်းဆောင်မှုကို မတွန့်မဆုတ်ဘဲ ပေးနိုင်ခဲ့သည်။ လူငယ်များသည် ကောင်းသော အစဉ်အလာများ ထူထောင်နိုင်အောင် ကိုယ်ကျိုးစွန့်ခဲ့ကြသည်။ အကောင်းဆုံး နမူနာမှာ ရေဟားဗီးယားအထက်တန်းကျောင်း မြေအောက်မှောင်ခန်းထဲတွင် လက်တစ်ဖက်က သမ္မာကျမ်းစာကို ကိုင်ပြီး အခြားလက်တစ်ဖက်က ပစ္စတိုကို ကိုင်၍ ကျမ်းသစ္စာ ကျိန်ဆိုသော ကာမီချာနိပင် ဖြစ်သည်။

ဂျေရုဆလမ်ရှိ အာရပ်များသည် ဂျူးတို့လောက် တက်တက်ကြွကြွမရှိ။ အာရပ်ဘူဇွာလူတန်းစားတွင် လက်နက်ကိုင်ဖူးသူ သို့မဟုတ် စစ်လေ့ကျင့်ခန်းဆင်းပြီး လူငယ်လူရွယ်များ အလွန်ရှားသည်။ အလုပ်များကို အာရပ်ဘူဇွာတို့က မလုပ်ချင်။ အောက်တန်းကျသည် ထင်သည်။ စစ်သားအလုပ်ကို သူတို့မှအပဖြစ်သည့် အခြားလူတန်းစားက လုပ်ကိုင်ကြလိမ့်မည်ဟု သူတို့ ယူဆသည်။ ရေဒီယို အယ်ဒီတာ လူငယ်တစ်ယောက်ဖြစ်သည့် ဟာဇမ်နတ်ဆေဘီနှင့် သူ့အိမ်နီးချင်းတို့မှာ စကိုးပတ်တောင်ကုန်းသို့ သွားသည့် လမ်းအနီးရှိ သူတို့ ရပ်ကွက်တွင် ပစ္စတိုတစ်လက်မျှ မရှိသည်ကို သိသည့်အခါ ထုံးစံအတိုင်း ဈေးသို့ပြေးကာ မှောင်ခိုဈေးသည်တစ်ယောက်ထံမှ ဈေးကြီးပေး၍ သေနတ်တစ်လက်ဝယ်သည်။ ထို့နောက် နတ်ဆေဘီသည် အိမ်နီးချင်းများကို ခေါင်းဆောင်ပြီး အာရပ်အဆင့်မြင့်ကော်မတီသို့သွားကာ သူတို့အတွက် အကာအကွယ်ပေးပါဟု တောင်းဆိုသည်။ ခေါင်းဆောင်များက သူတို့အား ကော်ဖီတိုက်ပြီး အရှည်အမျော ဆွေးနွေးကာ ဆာမာရီးယား ရွာတစ်ရွာမှ ရိုင်ဖယ်ကိုင် လယ်သမားဆယ်ယောက် ငှားပေးမည်ဟု ဆိုသည်။ သို့သော်လည်း တစ်ယောက်ကို တစ်လ ပါလက်စတိုင်း ဆယ်ပေါင်ပေးရမည်ဟု သဘောတူကြသည်။

http://mmteashop.com



'အထက်ဘီကား' ဒေသတွင် ဘူတာရုံတောင်ဘက်၌ လူလတ်တန်းစားများ နေထိုင်ကြသည်။ ဗျူမော်တော်ကား အရောင်းအဝယ်လုပ်သူ တစ်ယောက်၏ သားသုံးယောက်မှာ ဂျော့၊ ရေမွန်နှင့် ဂေဘီဒိတို့ ဖြစ်သည်။ ကိုယ့်ရပ်ကွက် ကိုယ်ကာကွယ်ရန် တပ်ဖွဲ့တစ်ခုဖွဲ့ဖို့ သူတို့ ကြိုးစားကာ လူစုသည်။ 'အထက်ဘီကား'တွင် နေထိုင်သူ ငါးထောင်ရှိသော်လည်း ကာကွယ်ရေးတပ်ဖွဲ့သို့ ဝင်သည့်သူ ခုနှစ်ဆယ့်ငါးယောက်သာ စုစည်း၍ ရသည်။ သူတို့သား၊ သူတို့ယောက်ျားများကို ကာကွယ်ရေးတပ်ဖွဲ့ထဲ မထည့်နိုင်ပါ။ ခွင့်လွှတ်ပါဟုဆိုကြသည်။ ချမ်းသာသူ ကုန်သည်ကြီးများက ကာကွယ်ရေးတပ်ဖွဲ့ထဲသို့ သူတို့သားများအား မထည့်ချင်သဖြင့် ဘီရွတ် သို့မဟုတ် အမ်မမ်မြို့များသို့ ကျောင်းနေရန် စေလွှတ်ကြသည်။

ဒိညီအစ်ကိုများလည်း ကာကွယ်ရေးတပ်ဖွဲ့အတွက် မတ်ဖတီစုစည်းထားသော လက်နက်ကိုင်လူစုကို အသုံးပြုသည်။ လူတစ်ယောက် တစ်လ ဆယ်ပေါင်ပေးကာ မြောက်ပိုင်း ရွာတစ်ရွာမှ လက်နက်ကိုင်ရွာသား နှစ်ဆယ့်ရှစ်ယောက်ကို ငှားသည်။ အနီးအနား၌ မော်တော်ကားရုံများ၊ စတိုခန်းများတွင် သူတို့ကို ဝှက်ထားပြီး မီးဖိုထဲသို့ ခေါ်၍ ထမင်းကျွေးသည်။ သူတို့ကို အုပ်ချုပ်သော ပုလိပ်တပ်ကြပ်ဟောင်း အတိုခါလီ ဂျင်နီ၏ အသံမှာ စူးရှသည်။ စိတ်တိုသည်။ စကော့ဝီစကီ အလွန်ကြိုက်သည်။

ခဏကြာလျှင် ဂျင်နီ၏တပ်ဖွဲ့အတွက် ဒိနှင့် အိမ်နီးချင်းတို့ စိတ်ညစ်ပူပန်ရသည်။

သူတို့ ကိုင်ဆောင်သည့် လက်ပစ်ဗုံးတစ်လုံး မတော်တဆ ပေါက်ကွဲသဖြင့် ရွာသားအနည်းငယ် သေဆုံးသည်။ သူတို့သည် ကင်းစောင့်ရင်း လူမရှိသော အိမ်များသို့ ဝင်ကာ အရက်ရှာသည်။ ကြောင်တစ်ကောင် ခုန်သွားသည့်အသံကို ကြားရလျှင် သို့မဟုတ် ကြားနေကျမဟုတ်သည့် အသံကိုကြားရလျှင် သို့မဟုတ် ဂျူးစခန်းတစ်ခုမှ သေနတ်သံတစ်ချက်ကြားရလျှင် တဝေါဝေါမြည်အောင် သေနတ်များကို သူတို့ ပစ်ခတ်ကြသည်။ အထက်ဘီကားတွင် နေထိုင်သည့် အာရပ်များနှင့် ဂျူးအိမ်နီးချင်းများ အထိတ်တလန့်ဖြစ်ကြရသည်။

သေနတ်ကို တဝေါဝေါပစ်ခတ်ခြင်းမှာ အာရပ်ရွာသားတို့၏ စိတ်နေ စိတ်ထား တစ်မျိုး ဖြစ်သည်။ သူတို့အဖို့ သေနတ်တစ်လက်ပိုင်ဆိုင်ရသည်မှာ ဂုဏ်ရှိသည်။ ယောက်ျားဆိုလျှင် သေနတ်ရှိရမည်ဟူသည့် အယူအဆမျိုး ဖြစ်သည်။ သားဦးယောက်ျားလေး မွေးလျှင် ဂုဏ်ရှိသည့်သဘောမျိုးနှင့်တူသည်။ သေနတ်သည် အကာအကွယ်ပစ္စည်းဖြစ်သလို ကစားစရာပစ္စည်းလည်း ဖြစ်သည်။ ကျေးရွာမင်္ဂလာဆောင်များ၊ အသုဘများ၊ ပျော်ပွဲရွှင်ပွဲများတွင် သေနတ်များကို တဝေါဝေါပစ်ခတ်ကြသည်။ ထိုသို့ အကျင့်ပါနေပြီဖြစ်ရာ ထစ်ခနဲရှိလျှင် သေနတ်ကို ပစ်ခတ်သည်။ သူတို့၏ ရန်သူများဖြစ်သည့် ဂျူးတို့၏ စရိုက်နှင့်ကား အလွန်ကွာခြားသည်။ ဂျူးတို့အဖို့ ကျည်ဆန်တစ်တောင့်သည် ရတနာတစ်ခု ဖြစ်လေသည်။

http://mmteashop.com



ထိုရွာသားတို့၏ အသက်မျိုးဆက် တစ်ခုနှစ်ခုမှာ သဲကန္တာရတွင် နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ သူတို့လက်ထက်တွင်မှ ကျေးရွာများတွင် ကြီးပြင်းခဲ့ကြရသည်။ သူတို့ကား အလွန်သတ္တိရှိသည်။ ချုံခိုတိုက်ပွဲနှင့် ပြောက်ကျားစစ်ကို ကျွမ်းကျင်စွာ တိုက်ခိုက်နိုင်သည်။ ခေါင်းဆောင်မှု ကောင်းကောင်းပေးနိုင်သည့် အလွန်ပြောင်မြောက်သည့် စစ်သားများ ဖြစ်နိုင်သည်။ မတ်ဖတီသည် သူတို့အထဲမှ သစ္စာရှိသော နောက်လိုက်များကို ရွေးထုတ်စုစည်းခဲ့သည်။ ဂျေရုဆလမ်တွင် နေထိုင်ကြသည့် သူ၏အဖွဲ့ဝင်များသည် ဟာဂါနားတပ်ဖွဲ့ကို ဒုက္ခပေးနိုင်သည့် အာရပ်များ ဖြစ်သည်။ သူ၏အဖွဲ့ကို မြင့်မြတ်သော ဘာသာရေးစစ်ပွဲခေါင်းဆောင်များဟူ၍ မတ်ဖတီက နာမည်ပေးခဲ့သည်။ အာရပ်လို 'ဒီဟတ်မိုကွတ်'ဟု ခေါ်သည်။ ထိုအဖွဲ့ဝင်များသည် စိမ့်စမ်းလျှိုမြောင်များ၊ တောအုပ်များထဲတွင် လျှို့ဝှက်လက်နက်ကိုင် သင်တန်းဆင်းကြသည်။ စစ်အပြီးတွင် ပါလက်စတိုင်း၌ ကျန်ရစ်ခဲ့သည့် လက်နက်အမျိုးမျိုးကို ကိုင်တွယ်ပစ်ခတ်တတ်အောင် လေ့ကျင့်ကြသည်။ ဟာဂါနားနည်းတူ ထိုအဖွဲ့တွင်လည်း စစ်သားသစ်များ စုဆောင်းပေးသည့် 'ပဘာဝေး'ခေါ် လူငယ် အဖွဲ့အုပ်စုတစ်စု ရှိသည်။

မတ်ဖတီ၏ နောက်လိုက်များမှာ ပါလက်စတိုင်း ကျေးရွာများ၌ အပြန့်အကျဲတည်ရှိနေသော အရန်လက်နက်ကိုင်တပ်ဖွဲ့များ ဖြစ်သည်။ သူတို့ကို အမိန့်ပေးနိုင်သူများမှာ ဆွေမျိုးအုပ်စုအကြီးအကဲများ ဖြစ်သည်။ အမှန်စင်စစ် သူတို့မှာ စည်းကမ်းမရှိသော လက်နက်ကိုင် အဖွဲ့အစည်း ဖြစ်လေသည်။

အဖွဲ့သို့ ဝင်နိုင်သည့် အရည်အသွေးတစ်ခုမှာ မတ်ဖတီအပေါ် သစ္စာစောင့်သိရေးပင် ဖြစ်သည်။ ဆွေမျိုးအုပ်စုများ၊ မျိုးနွယ်တူအုပ်စုများနှင့် ကျေးရွာများမှာ ပင်ကိုကတည်းက ညီညွတ်ပြီးသား ဖြစ်သည်။ မတ်ဖတီ အလိုရှိသည့်အခါ တိုက်ခိုက်ရန် အင်အားစုစည်းပေးဖို့ အသင့်ရှိနေသည်။ လူ့အဖွဲ့အစည်းတွင် ဟာဂါနား အမြစ်တွယ်ခဲ့သည်မှာ ကြာပြီ။ မတ်ဖတီ၏ လက်နက်ကိုင်တပ်ဖွဲ့မှာကား ခါးပိုက်ဆောင်တပ်ဖွဲ့တစ်ခုနှင့် သဏ္ဍာန်တူသည်။ ဂျူးတို့ကို တိုက်ခိုက်မည့် ခေါင်းဆောင်မှာ မည်သူဖြစ်သည်ကို ပါလက်စတိုင်းရှိ အာရပ်တို့အား သိထားအောင် နှိုးဆော်သည့် တာဝန်ကို ယူထားသည့် အဖွဲ့မျှသာ ဖြစ်သည်။

ခေါင်းဆောင်မှုမှာ မထက်မြက်။ ဂျူးတို့အား ခြိမ်းခြောက်ရုံ သက်သက်မျှလောက်သာ ထိရောက်သည်။ စကားကြီးစကားကျယ် ပြောတတ်သော်လည်း စာမတတ်ပေမတတ်ထဲက ဖြစ်သည်။ သူတို့၏ တပ်မှူးသည် ဂျေရုဆလမ်မြို့ဟောင်းမိသားစုမှ ဆင်းသက်လာသူ ပါလက်စတိုင်း ပုလိပ်အင်စပက်တော် လေးဆယ့်နှစ်နှစ်အရွယ်ရှိ ကာမာအိုင် ရေကက် ဖြစ်သည်။ မျက်နှာထားတင်းတင်းနှင့် မျက်မှောင်ကုတ် ကြည့်တတ်သည်။

http://mmteashop.com



မက္ကဆီကိုတော်လှန်ရေးခေါင်းဆောင် ပန်ချိုဗီလာ၏ နှုတ်ခမ်းမွေးမျိုး ရှိသည်။ မျက်လုံးများမှာ မီးလိုဝင်းဝင်းတောက်နေသည်။ သူ့တပ်သားများရှေ့ကရပ်ပြီး မြင်းစီးဘောင်းဘီနှင့် ပန်းဖွားများတပ်ဆင်ထားသော ဦးထုပ်ကိုဆောင်းကာ ဓာတ်ပုံအရိုက်ခံလေ့ ရှိသည်။ အိုင်ရေကက်သည် "ဂျူးတွေကို ပင်လယ်ထဲနှစ်သတ်မယ်"ဟု ပထမဆုံးကြုံးဝါးသည့် အာရပ်ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ တကယ် ဟုတ်မဟုတ်ကားတပ်အပ်သေချာ မပြောနိုင်။

ဂျူးခေါင်းဆောင်မှုနှင့်ယှဉ်လျှင် အာရပ်ခေါင်းဆောင်မှုမှာ မထက်မြက်။ ထို့ကြောင့်တော့ဖြင့်ကား ဂျေရုဆလမ်ရှိ အာရပ်တို့ မတုန်လှုပ်။ ပါလက်စတိုင်းတွင်ရှိသည့် အာရပ်ဦးရေမှာ ဂျူးဦးရေထက် နှစ်ဆများသည်။ အရှေ့အလယ်ပိုင်း ဒေသတွင် အာရပ်တို့မှာ လက်နက်အများဆုံး ပိုင်ဆိုင်သူများ ဖြစ်သည်။ တစ်ဖန် ဂျေရုဆလမ်မြို့ကို အာရပ်ကျေးရွာများက ပတ်ပတ်လည် ဝိုင်းထားသည်။ နယ်မြေ အနေအထားအရ အသာစီးရသူများ ဖြစ်သည်။

သူတို့ကို ကယ်တင်မည့်သူများ နေရာတိုင်းမှာရှိသည်ဟု ယုံကြည်သည်။ ပတ်ဝန်းကျင်ရှိ အာရပ်နိုင်ငံများ၏ မြို့တော်ရေဒီယိုနှင့် သတင်းစာများက ဂျေရုဆလမ်အာရပ်တို့၏ အရေးကိစ္စသည် မိမိတို့၏ အရေးကိစ္စပင်ဖြစ်သည်ဟု သီတင်းပတ်ပေါင်းများစွာက ကြေညာခဲ့သည်။ ပါလက်စတိုင်းကို ဂျူးတို့လက်သို့ အိမ်နီးချင်းအာရပ်တို့က အရောက်ခံလိမ့်မည်မဟုတ်ဟု ယုံကြည်သည်။ အရေးကြုံလျှင် တစ်ချိန်က အိုမာနှင့် ဆာလာဒင်တို့နည်းတူ အမြောက်တပ်ကြီး၊ လေယာဉ်ပျံများ၊ သံချပ်ကာတင့်ကားများဖြင့် ပါလက်စတိုင်းမှ ညီနောင် အာရပ်တို့အား လာရောက် ကယ်တင်ကြလိမ့်မည်။

ooo

http://mmteashop.com



## အပိုင်း (၆)

## ဂျေရုဆလမ်ရဲ့လည်မျိုကို တို့ ညှစ်သတ်မယ်

(၁၉၄၇)ဒီဇင်ဘာ။ ကိုင်ရိုမြို့၏ ကက်ရ်အယ်နီး လမ်းမကြီးပေါ်တွင် လူစုလူဝေးကြီးသည် အီဂျစ် နိုင်ငံခြားရေးဝန်ကြီးရုံးတည်ရှိသည့် ကာမယ်အာဒင် နန်းတော်ကြီးမှ ဖြာထွက်လာသည့် အလင်းရောင်များကို ကြည့်နေကြသည်။ ဒီဇင်ဘာလလယ် ညချမ်းဆည်းဆာ၏ အလင်းရောင်တွင် မီးသွေးမီးဖိုများ နီရဲနေသည်။ ကွာစေ့ရောင်းသူများ၊ ပြောင်းဖူးဖုတ် ရောင်းသူများ အော်ဟစ်ရောင်းချနေကြသည်။ နန်းတော်ထဲက အခန်းကြီးတစ်ခုထဲတွင် စားပွဲရှည်ကြီး၌ ဒေါသဖြစ်နေသော ပုဂ္ဂိုလ်ကြီးရှစ်ယောက်ထိုင်ကာ အချေအတင်ပြောနေကြသည်။ လူအုပ်ကြီးက သူတို့ကို စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

ရှစ်ယောက်အနက် ခုနစ်ယောက်မှာ အာရပ်အဖွဲ့ချုပ်၏ အဖွဲ့ဝင်များဖြစ်သည့် အီဂျစ်၊ အီရတ်၊ ဆော်ဒီအာရေးဗီးယား၊ ဆီးရီးယား၊ ယီမင်၊ လက်ဘနွန်၊ ထရန်းစ်ဂျော်ဒန်တို့ဖြစ်ပြီး ရှစ်ယောက်မြောက် ပုဂ္ဂိုလ်မှာ အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဖြစ်သည်။ သူတို့မှာ နိုင်ငံအသီးသီး၏ ဝန်ကြီးချုပ်များ သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးများဖြစ်ပြီး ပါလက်စတိုင်း အာရပ်တို့၏ လွတ်မြောက်ရေးကို ရှေ့ဆောင်ရှေ့ရွက်ပြုပေးမည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ သူတို့၏အင်အားမှာ မသေးလှပေ။

သူတို့အားလုံး၏ စုစုပေါင်းလူဦးရေ လေးဆယ့်ငါးသန်းရှိပြီး စတုရန်းမိုင် သုံးသန်းကျော်ဒေသကို ဖြန့်ကြက်ထားသည်။ ပါလက်စတိုင်းတွင်ရှိသည့် လူဦးရေထက် အဆပေါင်း သုံးဆယ်များပြီး ပါလက်စတိုင်းဒေသထက် အဆပေါင်းနှစ်ရာ ပို၍ကြီးသည့် ဒေသဖြစ်သည်။ သဲကန္တာရအောက်တွင် အရန် ရေနံအများအပြားရှိသည်။ အလိုရှိသည့်အချိန်တွင် အမြဲတမ်းစစ်အင်အား တပ်မတော်ငါးခု ချက်ချင်းဖွဲ့နိုင်သည်။ သုံးခုမှာ အီရတ်၊ အီဂျစ်နှင့် ထရန်းစ်ဂျော်ဒန်တို့တွင် ဖြစ်သည်။

သူတို့မှာ ဘာသာစကားသမိုင်းနှင့် ကိုးကွယ်သည့်ဘာသာတို့တူသဖြင့် စုစုစည်းစည်း ညီညွတ်သည့် အင်အားစုကြီးတစ်ခုဖြစ်သည်ဟု ထင်ရသည်။ ယင်းတို့အနက် ဆီးရီးယားနှင့် လက်ဘနွန် နှစ်နိုင်ငံတို့မှာ ပြင်သစ်ပုံစံ သမ္မတနိုင်ငံများ ဖြစ်သည်။ ဆော်ဒီအာရေးဗီးယား၊ ယီမင်နှင့် ဂျော်ဒန် သုံးနိုင်ငံတို့မှာ သဲကန္တာရနေ မျိုးနွယ်တူစုမှ ဖွံ့ဖြိုးလာ

http://mmteashop.com



သည့် မြေရှင်ပဒေသရာဇ်ယောင်ယောင် နိုင်ငံများဖြစ်သည်။ အီဂျစ်နှင့်အီရတ် နှစ်နိုင်ငံမှာ ဗြိတိသျှပုံစံအတိုင်း တည်ဆောက်ထားသည့် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည့်နိုင်ငံများ ဖြစ်သည်။

ယင်းတို့အနက် ကိုင်ရို၊ ဘဂ္ဂဒက်တို့မှာ ကယ်လစ် အကြီးအကဲများ လက်ထက် ကတည်းက ပြိုင်ဘက်များ ဖြစ်ခဲ့သည်။ ခေတ်သစ်တွင် ရေနံပေါ်ကြွယ်သည့် ဆော်ဒီ အာရေးဗီးယားနှင့် သူ့အိမ်နီးချင်း ဆင်းရဲသောနိုင်ငံများမှာ စီးပွားရေးအရ ပြိုင်ဘက်များ ဖြစ်လာကြသည်။ လူမျိုးစုံ ခေါင်းဆောင်မှု၊ အမျိုးသားခေါင်းဆောင်မှု အခန်းကဏ္ဍနှင့် တစ်ဦးချင်း ပြိုင်ဆိုင်မှုများက ဆီးရီးယားအဖို့ လက်ဘနွန်ကို လိုချင်တပ်မက်စိတ် ဖြစ်ပေါ် လာစေသည်။ ထို့အတူ အီရတ်နှင့် ဆီးရီးယား ခေါင်းဆောင်များသည် အစေးမကပ်ဘဲ ပြိုကွဲနေသော သူတို့ လူ့အဖွဲ့အစည်းတွင် အထွတ်အထိပ်နေရာကို လုနေကြသည်။

ပါလက်စတိုင်းနှင့် ပတ်သက်သည့် တစ်ဦးချင်း၏ သဘောထားများကို ကြေညာ ရင်း တစ်ဦးကိုတစ်ဦး စောင်ခဲ့ကြသည်။ ပါလက်စတိုင်း အရေးကိစ္စသည် အာရပ်နိုင်ငံ ရေးသမား တစ်ယောက်၏ မျိုးချစ်စိတ်ဓာတ်ကို တိုင်းတာသည့် ပေတံတစ်ခု ဖြစ်လာ သည်။ ပါလက်စတိုင်းတွင်ရှိနေသည့် အာရပ်များ စိတ်ဓာတ်မကျအောင် ခြိမ်းခြောက် သည့် စကားများ တွင်တွင်ပြောလာကြသည်။ "ဂျူးတို့ရဲ့ နိုင်ငံတော် ပုံမှန်လည်ပတ်နိုင် ဖို့ ပါလက်စတိုင်းမှာ ရှိနေတဲ့ ဂျူးလူမျိုး တစ်ယောက်စီကို နိုင်ငံခြားစစ်သား တစ်ယောက်စီ စောင့်ကြပ်ပေးဖို့ ကုလသမဂ္ဂကတာဝန်ယူဖို့ လာလိမ့်မယ်"ဟု လက်ဘနွန်၏ ခေါင်းဆောင် ဂိုယတ်ဆိုးက ဆိုသည်။

ယခုမူ အပြောနှင့်မဟုတ်ဘဲ အလုပ်နှင့် သက်သေပြဖို့ အချိန်ရောက်လာပြီ၊ တစ်ပတ်လုံးလုံး နိုင်ငံခြားရေးရုံး ခန်းမထဲတွင် အကြိတ်အနယ် ဆွေးနွေးပြောဆိုကြသည်။ သူတို့ အခြေအနေကို သူတို့သိသည်။ လူသိရှင်ကြား ထုတ်ဖော်ကြေညာသည့် တစ်ဦးချင်း သဘောထားနှင့် အမှန်တကယ် ခံယူချက်တို့မှာ များစွာ ခြားနားသည်။ ပါလက်စတိုင်း အရေးကိစ္စနှင့်ပတ်သက်၍ သူတို့ ဘာလုပ်ရမည်ဆိုသည်မှာ အချင်းချင်း ပြိုင်ဆိုင်ခြင်းနှင့် တစ်ဦးချင်း၏ အကျိုးစီးပွားပေါ် တည်သည်။

ရန်သူဖြစ်သည့် ဂျူးတို့ကို အထင်သေးသည့်စိတ်ကြောင့် ယခု လက်ငင်းချက် ချင်း ဂျူးတို့နှင့်ဖက်ပြိုင်ရန် မလိုသေး။ ယခုတိုက်ပွဲမှာ အဆုံးသတ် တိုက်ပွဲမဟုတ်သေး ဟု သူတို့ ယူဆကြသည်။

အိမ်ရှင် အီဂျစ်နိုင်ငံဝန်ကြီးချုပ် မာမွတ် နိုကရာရှီပါရှားကမူ သူ့သဘောထား ကို ကြေညာပြီးဖြစ်သည်။ ပါလက်စတိုင်းသို့ လက်နက်နှင့်ငွေ အကူအညီပေးမည်။ သို့သော်လည်း အီဂျစ်စစ်တပ်ကိုမူ မပို့ပေးနိုင်ဟု အတိအလင်း သူ ဆိုသည်။ အီဂျစ်နိုင်ငံ သားတို့မှာ မြင့်မြတ်သော ဖာရောက် အုပ်စိုးသူမျိုးရိုးမှ ဆင်းသက်လာကြသူများ ဖြစ်လေ ရာ အခြားအာရပ်တို့ကို အထက်စီးက ဆက်ဆံလေ့ ရှိသည်။ ပါလက်စတိုင်းအရေးကိစ္စမှာ

http://mmteashop.com



သူတို့နှင့်မဆိုင်ဟု အီဂျစ်များစွာတို့က ယူဆသည်။ အီဂျစ်သတင်းစာများတွင် ပါလက်စတိုင်း အရေးအခင်းကို ဒုတိယနေရာက ဖော်ပြကြသည်။

နိုကရာရှိအဖို့ အရေးကြီးသည်မှာ ဗြိတိန်နှင့်တိုက်ပွဲဝင်နေသည့် စူးအက်တူးမြောင်း ပိုင်ဆိုင်ခွင့်ပင် ဖြစ်သည်။ သူ့စစ်တပ်ကို ပါလက်စတိုင်းသို့ စေလွှတ်ရလျှင် ဗြိတိသျှတို့ ထိန်းချုပ်ထားသည့် စူးအက်တူးမြောင်းဇုန်နယ်နိမိတ်ကို ဖြတ်ကျော်ရလိမ့်မည်။ ထိုအခါ ဗြိတိန်နှင့် သဘောတူညီမှုကို ဦးစွာရယူဖို့လိုသည်။

နိုကရာရှိ၏ဘေးတွင် ထိုင်နေသူမှာ အာရပ်လောကတွင် အချမ်းသာဆုံး ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ ကိုယ်စားလှယ် ဖေဆယ်မင်းသား ဖြစ်သည်။ သူ၏ဖခင်မှာ အစဉ်အလာကြီးသော သဲကန္တာရအကြီးအကဲ စစ်သူရဲကောင်း ဖြစ်သည်။ ပြိုင်ဘက်တစ်ယောက်၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ညှစ်သတ်နိုင်သူ သို့မဟုတ် ပြိုင်ဘက်ကို သဲကန္တာရတွင်း ကြီးပြင်းခဲ့သည့် အာရပ်တို့ ထုံးစံအတိုင်း ခမ်းခမ်းနားနား ကြိုဆိုနိုင်သူ ဖြစ်သည်။ သူ့ နိုင်ငံအတွင်းမှာ အီရတ် ဟတ်ရှိမိုက် မွတ်စလင်များနှင့် ဂျော်ဒန် ဟတ်ရှိမိုက် မွတ်စလင်တို့ကို တိုက်ထုတ်ကာ ဘုရင့်နိုင်ငံတစ်ခု ထူထောင်နိုင်ခဲ့သည်။ ယခု သူ၏သား ဖေဆယ်သည် အီရတ်ကိုယ်စားလှယ်၊ ဂျော်ဒန်ကိုယ်စားလှယ်များနှင့် တစ်စားပွဲတည်း ထိုင်ကာ ဆွေးနွေးနေသည်။

မိန်းမဆောင် ဘယ်လောက်ကြီးသလဲ ဆိုသည့်အပေါ် မူတည်ကာ ဘယ်လောက် ရာထူးအဆင့်အတန်းကြီးသလဲဟူ၍ သတ်မှတ်လေ့ရှိသည့် အာရပ်လောကတွင် ဖေဆယ်မင်းသား၌ မယားတစ်ယောက်သာ ရှိသည်။ နယူးအင်္ဂလန်မှ ဘဏ်သူဌေးတို့ကို သူသည် ငြီးငွေ့စွာ ရွံ့ရှာသူ ဖြစ်သည်။ သူများကိုလည်း ချွေတာဖို့ ဟောပြောသွန်သင်တတ်သည်။ ဖေဆယ်မှာ စကားချိုချိုပြောတတ်သည့် သံတမန်တစ်ယောက် ဖြစ်သည်။ ပြည်သူတို့အမြင်တွင် အာရပ်မင်းသားဟူသည် မယားများများယူကာ သုံးဖြုန်းပျော်ပါးသူများ ဖြစ်သည်။ သို့သော် ဖေဆယ်က သူတို့အမြင်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သူ ဖြစ်သည်။ အစည်းအဝေးတက်ရင်း မျက်နှာများ ရှုံ့မဲ့လာတတ်သည်။ အစာအိမ်အနာ သူ့မှာ ရှိသည်။

သူ့အဖေကမူ ပါလက်စတိုင်းတွင် တပ်ဦးထိပ်က တိုက်ရင်းအသေခံမည်ဟု ကြိမ်းဝါးခဲ့သည်။ ယင်းမှာ မြင့်မြတ်သည့်စိတ်ထား ဖြစ်သည်။ သို့သော် အကူအညီ တကယ်ပေးနိုင်သည် မဟုတ်။ အစ်ဘင်ဆော့တွင် စွန့်စွန့်စားစား တိုက်ခိုက်နိုင်သည့်တပ် မရှိ။ သူ့လက်နက်မှာ ရေနံ ဖြစ်သည်။ အနောက်သို့ အထူးသဖြင့် အမေရိကားသို့ ရေနံတင်ပို့မှု ရပ်ဆိုင်းလိုက်မည်ဟု သူ ခြိမ်းခြောက်လေ့ရှိသည်။ သူ့သား ဖေဆယ် အာရပ်အရေးကိစ္စကို ထောက်ခံသောအားဖြင့် ရေနံတင်ပို့မှု ရပ်လိုက်ပါဟု ပြောတိုင်း သူက "တကယ့် ပြဿနာက ရေနံ မဟုတ်ဘူး၊ ပါလက်စတိုင်းကိစ္စပဲ" ဟု ပြန်ပြောသည်။

http://mmteashop.com



ဖေဆယ်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသူမှာ အီရတ်မှ နူရီအက်စ်ဆက်ပါရှား၏ ကိုယ်စားလှယ် ဖြစ်သည်။ နူရီပါရှားသည် ဆော်ဒီအာရေးဗီးယားကို အုပ်ချုပ်သော ဖေဆယ်၏ ဖခင်နည်းတူပင် အီရတ်ကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်သည်။ အာရေးဗီးယား၏ လောရင့်နှင့်အတူ တူရကီတို့ကို တိုက်ခိုက်ရန် သဲကန္တာရ တစ်ခွင် မြင်းတစ်စီးဖြင့် ခရီးနှင်ခဲ့သူ ဖြစ်သည်။ (၁၉၁၇) ကတည်းက သူမြတ်နိုးသော အင်္ဂလိပ်တို့ဘက်တွင် ရပ်ခဲ့သူ ဖြစ်သည်။ သူက အရပ်ပုကာ တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ ချာလီချက်ပလင် နှုတ်ခမ်းမွေးမျိုးရှိပြီး တို့ဝတ်စုံ လည်စည်းအစင်းကျားကို ဝတ်ဆင်တတ်သည်။ လန်ဒန်ကလပ် အများအပြား၏ အသင်းဝင် ဖြစ်သည်။ အသက်အရွယ်ကြီးလာသည့်အခါ နားလေးလာသည်။ မနှစ်သက်သည့် အကြံဉာဏ်တို့ကိုလည်း နားမထောင်တတ်။ သူသည် လူများကို ကျင်လည်စွာ ကိုင်တွယ်တတ်သူ ဖြစ်သည်။

သူ မသိဘဲ သူ့တပ်မှ မည်သည့် အရာရှိ၊ သူ့အစိုးရအဖွဲ့မှ မည်သည့် နိုင်ငံရေးသမား၊ သူ့နိုင်ငံမှ မည်သည့်ကုန်သည် သို့မဟုတ် မြေပိုင်ရှင်မျှ မယားငယ်လေးတစ်ယောက် ယူပိုင်ခွင့် မရှိ။ နောင် အချိန်အခါနှင့် အခြေအနေအရ သူက မယားငယ်လေးများ ချီးမြှင့်တတ်သည်။ ဤသို့ နည်းဗျူဟာများ သုံးတတ်သဖြင့် သူ့တွင် မိတ်ဆွေသစ်များ တိုးပွားလာသည်။ ထိုမိတ်ဆွေသစ်များနောက်တွင် သစ္စာရှိသော နောက်လိုက်အများအပြား ရှိလေသည်။

ဘယ်အာရပ်ခေါင်းဆောင်မျှ နူရီပါရှားလောက် ဂျူးတို့အား မကြိမ်းမောင်းနိုင်။ လူသိရှင်ကြား ဟိန်းဟောက် ခြိမ်းခြောက်လေ့ရှိသော်လည်း ဗြိတိသျှနိုင်ငံခြားရေးရုံးမှ မိတ်ဆွေများကိုမူ အကယ်၍ ဆီးရီးယားအား သူ သိမ်းပိုက်သည်ကို ဗြိတိသျှတို့က ထောက်ခံမည်ဆိုလျှင် ဂျူးနိုင်ငံထူထောင်ခြင်းကို သူ သဘောတူမည်ဟု တိုးတိုးပြောထားသည်။ သူ့စိတ်ကူးအိပ်မက်ထဲတွင် မြေထဲပင်လယ်မှ ပါရှင်းပင်လယ်ကွေ့အထိ အာရပ်လခြမ်း နယ်မြေကြီးတစ်ခု ထူထောင်ချင်စိတ် ပြင်းပြနေသည်။

အစည်းအဝေးတွင် နူရီပါရှား၏ ကိုယ်စားလှယ်က အချိန်စောင့်ရန် တင်ပြသည်။ ဗြိတိသျှတို့ ပါလက်စတိုင်းမှ ခွာသည့်အချိန်အထိ စောင့်ပါ။ ထို့နောက် အီရတ်ခေါင်းဆောင်သည့် အာရပ်စစ်တပ်ကြီးများသည် တယ်အဗစ်ကို ဝင်ရောက်သိမ်းပိုက်မည်ဟုဆိုသည်။ သူ့အဆိုကို သံသယရှိကြသည်။ ထိုအဆို နောက်ကွယ်တွင် ဗြိတိသျှတို့ ရှိနေသည်။ ဂျူးတို့၏ နိုင်ငံသစ်ထူထောင်ရေးစီမံကိန်းများ ပျက်ပြားစေလိုသည်နှင့်အမျှ ပါလက်စတိုင်းတွင် ဗြိတိသျှတို့ ဩဇာဖြန့်နိုင်ရန် အီရတ်တပ်များကို အသုံးပြုမည့် စီမံကိန်းပင် ဖြစ်သည်ဟု နူရီပါရှား၏ ပြိုင်ဘက်တို့က မြင်သည်။

အငယ်ဆုံးနိုင်ငံဖြစ်သည့် လက်ဘနွန်၏ ကိုယ်စားလှယ် ရိယတ်ဆိုးကမူ ပါလက်စတိုင်းတွင် ယခုချက်ချင်း ပြောက်ကျားစစ်ဆင်နွှဲရန် အဆိုပြုသည်။ လက်ဘနွန်သည် အနောက်နယ်ချဲ့သမားလက်မှ ပထမဆုံး လွတ်မြောက်သည့်နိုင်ငံ ဖြစ်သည်။ရိယတ်ဆိုး

http://mmteashop.com



သည် ဘက်ဘန္ဒန် လွတ်လပ်ရေး၏ ဗိသုကာ ဖြစ်သည်။ သူ့နိုင်ငံကို သိမ်းပိုက်သည့် ဗြိတိသျှ သစ်နှင့် တူရကီနယ်ချဲ့သမားက ရိယတ်ဆိုးအား သေဒဏ်ခြောက်ကြိမ်ပေးခဲ့သည်။ လွတ်လပ်သော လက်ဘန္ဒန်၏ ပထမဆုံးဝန်ကြီးချုပ် ဖြစ်လာသည်။ သူ့ဘဝသက်တမ်း ၏ တစ်ဝက်မှာ ထောင်ထဲတွင်လည်းကောင်း၊ နိုင်ငံခြားသို့ ထွက်ပြေးတိမ်းရှောင်ရင်းလည်း ကောင်း အချိန်ကုန်လွန်ခဲ့ရသည်။ ပါလက်စတိုင်း ခွဲခြမ်းရေးနှင့်ပတ်သက်၍ သူ၏ ဆောင်ရွက်ချက်များစွာ ရှိသည်။ သူ့ဇနီးက ပြင်းပြင်းထန်ထန် ကန့်ကွက်သည့် အကြား မှာပင် သူ့အိမ်နီးချင်း ပုံနှိပ်တိုက်ကို ကျည်ဆန်ထုတ်လုပ်သည့် စက်ရုံအဖြစ်သို့ ပြောင်း လဲခဲ့ပြီး ကျည်ဆန်များကို ပါလက်စတိုင်းသို့ ပေးပို့ခဲ့သည်။

ရိယတ်ဆိုး၏ဘေးတွင် သူ၏ ရင်းနှီးသောမိတ်ဆွေ မဟာမိတ်ဆီးရီယား၏ ဂျမီး မာဒမ်ထိုင်နေသည်။ ဂျမီးမာဒမ်သည် လူကြီးလူကောင်း လယ်သမားတစ်ယောက်ဖြစ် သည်။ အာရပ်နိုင်ငံများ လွတ်မြောက်ရေးကို ခေါင်းဆောင်ခဲ့သူဖြစ်ပြီး ဘဝသက်တမ်း တစ်ဝက်ကို ရိယတ်ဆိုးနည်းတူ ထောင်ထဲနှင့် နိုင်ငံခြားတို့တွင် ကုန်လွန်ခဲ့ရသူ ဖြစ်သည်။ ပထမကမ္ဘာစစ်မဖြစ်မီက တူရကီ အော့တိုမန်အင်ပိုင်ယာ လက်အောက်မှ လွတ်မြောက် ရန် အယ်ဖာတက် လျှို့ဝှက်အသင်းတစ်ခု ထူထောင်ခဲ့ရာ ဂျမီးမာဒမ်မှာ အဦးဆုံး အဖွဲ့ ဝင်တစ်ယောက် ဖြစ်သည်။ သူလည်း ပါလက်စတိုင်းတွင် ပြောက်ကျားစစ်ဆင်နွှဲရန် အဆိုပြုခဲ့သည်။

စားပွဲ၏ အလယ်တည့်တည့်တွင် အာရပ်အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေး မှူး အက်ဒါရာမန်အက်ဇမ်ပါရှားသည် ပယင်းပုတီးကို နာနာစိပ်ရင်း ထိုင်နေသည်။ တစ်ပတ်လုံးလုံး ဆန့်ကျင်ဘက် အယူအဆ အမျိုးမျိုးနှင့် ကိုယ်ရည်ကိုယ်သွေး အမျိုးမျိုးကို သူ စေ့စပ်ဖြေရှင်းပေးခဲ့ရသည်။ လူပုံမှာ ပိန်ပိန်းပါးပါးဖြစ်ပြီး အသံမှာ ညင်းညံ့သည်။ သူသည်လည်း တော်လှန်ရေးသမားတစ်ယောက် ဖြစ်ခဲ့ဖူးသည်။ အာရပ် တော်လှန်ရေး သမားများကို ခေါင်းဆောင်ကာ လောရင့်က တူရကီတို့အား တိုက်ခိုက်ခဲ့စဉ် အက်ဇမ် သည်လည်း တူရကီတို့၏ အကူအညီဖြင့် အီဂျစ်တွင် ဗြိတိသျှ ရေမြေရှင်တို့အား ခေါင်း ဆောင်ပုန်ကန်ခဲ့သည်။ ရုရှ အောက်တိုဘာတော်လှန်ရေး အောင်ပွဲခံသည့်သတင်း ကွန့်စတန်တီနိုပယ် (ယခုအစ္စတန်ဘူ)သို့ ရောက်လာသည့်အခါ လီနင်ထံသို့ သူ၏ ပုန်ကန်မှုကို ကူညီရန် စာရေး၍ တောင်းဆိုခဲ့သည်။ အာရပ်အရေးကိစ္စအတွက် ဆိုဗီ ယက်အကူအညီကို ပထမဆုံး တောင်းခံခဲ့သူအဖြစ် ထင်ရှားသည်။

သူ့ရှေ့က စားပွဲပေါ်တွင် 'လျှို့ဝှက်' ဟု တံဆိပ်ရိုက်ထားပြီး စာမျက်နှာလေး မျက်နှာ ရှိသည့် မှတ်တမ်းတစ်ခု ရှိသည်။ ယင်းမှာ အီဂျစ်နိုင်ငံခြားရေးရုံး အစည်းအဝေး ခန်းမတွင် တင်းမာနေသည့် သဘောထားများကို အက်ဇမ် စိတ်ရှည်ရှည်ထားကာ ဖျောင်း ဖျစေ့စပ်ရာမှ ထွက်လာသည့် ရလဒ် ဖြစ်သည်။ ထိုမှတ်တမ်းကို သူ့ဘေးမှ ဝိုင်းထိုင်နေကြ သူများအား အက်ဇမ် ဖြည်းဖြည်းဖတ်ပြသည်။

http://mmteashop.com



ပထမအပိုဒ်မှာ ကိုင်ရိုင်မြို့သို့ သူတို့ စုဝေးရောက်လာကြရသည့် အကြောင်းတစ်ခုဖြစ်သည်။ "ပါလက်စတိုင်းတွင် ဂျူးနိုင်ငံတစ်ခုထူထောင်ခြင်းကို တားဆီးရန်နှင့် ပါလက်စတိုင်းကို ညီညွတ်ပေါင်းစည်းသော လွတ်လပ်သည့် နိုင်ငံတစ်ခုအဖြစ် ထားရှိရန် အာရပ်အဖွဲ့ချုပ်က ဆုံးဖြတ်သည်" ဟူ၍ ပထမအပိုဒ်တွင် ကြေညာသည်။

အထွေထွေအတွင်းရေးမှူးက အားလုံးကိုကြည့်သည်။ ဆွေးနွေးပွဲတွင် ရောက်နေကြသူများအနက် အနည်းဆုံး သုံးဦးမှာ ထိုဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ဝန်လေးနေကြသည်ကို သူ သိသည်။ တစ်ပတ်လုံး ဆွေးနွေးသည့်တိုင် ထိုသို့ သဘောတူညီရန် သို့မဟုတ် ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် အာရပ်တို့ ထက်ထက်သန်သန် မရှိခဲ့ကြပေ။ ဆွေးနွေးပွဲများမှ စစ်ပြိုင်ရန် အဆိုများသာ နေ့စဉ်ပေါ်ထွက်လာသည်။ အာရပ်ခေါင်းဆောင်များသည် လက်တွေ့မပါသည့် ဟိန်းဟောက်ခြိမ်းခြောက်သည့် စကားများကိုသာ ပြောခဲ့ကြသည်။ နောင်ကိုလည်း ပြောကြမည်မှာ အမှန်ဖြစ်သည်။ ယခုမူ သူတို့သည် ထိုဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ထောက်ခံကြသည်။

မှတ်တမ်းကိုဆက်၍ အက်ဇမ် ဖတ်ကြားသွားသည်။ မာဒမ်နှင့်ဆိုးတို့ တောင်းဆိုသည့်အတိုင်း ပါလက်စတိုင်းတွင် ယခုချက်ချင်း ပြောက်ကျားစစ်များ ဆင်နွှဲနိုင်ရန် ယခုစည်းဝေးပွဲ ရောက်လာကြသော နိုင်ငံများက အဖွဲ့ချုပ်အား ကြိုတင်ရည်သန်ထားသည့်အတိုင်း ရိုင်ဖယ်တစ်သောင်း၊ တပ်ဖွဲ့ဝင်သုံးထောင်နှင့် ငွေစတာလင်ပေါင် တစ်သန်း ထောက်ပံ့ရန် သဘောတူညီကြသည်။ ထို့နောက် နူရီအက်ဆက်၏ ကိုယ်စားလှယ်အား တစ်ချက်ကြည့်ကာ နောက်ဆုံးအပိုဒ်ကို အက်ဇမ် ဖတ်သည်။ ပါလက်စတိုင်းတွင် အာရပ်တပ်များ တညီတညွတ်တည်း ဝင်ရောက်တိုက်ခိုက်နိုင်မည့် စီမံကိန်းတစ်ခု ရေးဆွဲရန် တာဝန်ကို 'တူရကီ ဒတ်ဒနဲ့' ရေလက်ကြား စစ်ပွဲတွင် တိုက်ခိုက်ခဲ့သည့် အသက်ငါးဆယ့်နှစ်နှစ်အရွယ်ရှိ အောင်ပွဲရ အီရတ်ဗိုလ်ချုပ် တစ်ယောက်အား အဖွဲ့ချုပ်က ပေးအပ်သည်ဟူ၍ ဖြစ်လေသည်။

အာရပ်အဖွဲ့ချုပ် ခေါင်းဆောင်များ အချေအတင် ဆွေးနွေးကြသည့်အခါ ပါလက်စတိုင်း ဇာတ်လမ်းတွင် အဓိကပါဝင်ကပြသူ ဟတ်ဂျ်အာမင်ဟတ်ဆေနီ၏ သဘောထားများသည် ထင်ဟပ်လာသည်။ ကိုင်ရိုမြို့ ဆင်ခြေဖုံးတွင်ရှိသော သူ၏ ဌာနချုပ်မှ နေ၍ အစည်းအဝေးသတင်းကို စိတ်ဝင်စားစွာ စောင့်မျှော်နားထောင်သည်။ ကိုင်ရိုတွင် စုဝေးနေကြသူများသည် သူ့ထံသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြပြီး ဆွေးနွေးတိုင်ပင်သည်။ ကိုယ်စားလှယ်များကို ဂျေရုဆလမ်မြို့ ခေတ်ပုံအကြီးကြီးတစ်ခုအောက် တည့်တည့်တွင် ထိုင်ကာ သူ လက်ခံတွေ့ဆုံသည်။ သူ့လည်ပင်းတွင် အိတ်ဆောင်ရွှေနာရီတစ်လုံးကို ကြိုးဖြင့် ချိတ်ဆွဲထားသည်။ ကိုယ်စားလှယ်များအား သူ့စိတ်ကြိုက်လမ်းစဉ်ကို လိုက်နာကြရန် တိုက်တွန်းမှာကြားသည်။

ဟတ်ဂျ်အာမင်အဖို့ ပါလက်စတိုင်းတွင် အာရပ်စစ်တပ်များ ဝင်ရောက်လာသည်ကို မလိုလားပေ။ စစ်တပ်နှင့်အတူ ဩဇာအာဏာများလည်း ဒွန်တွဲပါရှိလာနိုင်

http://mmteashop.com



သည်။ ပါလက်စတိုင်းတွင် မည်သူနှင့်မျှ သူ အာဏာဝေခွဲမယူနိုင်။ အထူးသဖြင့် သူ့ပြိုင်ဘက်များဖြစ်သည့် အီရတ်စစ်တပ်နှင့် ဂျော်ဒန်စစ်တပ်တို့ကို အုပ်ချုပ်သူများနှင့် အာဏာဝေခွဲမယူနိုင်။ သူ့ရည်ရွယ်ချက်မှာ ပြင်ပအကူအညီများမပါဘဲ ဂျူးတို့ကို နှိမ်နင်းအောင်ပွဲခံနိုင်မည့် သူ့ကိုယ်ပိုင် ပြောက်ကျားတပ်ဖွဲ့များ ဖွဲ့စည်းရန်ပင် ဖြစ်သည်။

အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များကို အာမင် သဘောကျသည်။ အဖွဲ့ဝင်များ ပေးပို့မည့်လက်နက်၊ ငွေနှင့် လူအင်အားတို့ကို သူ့ကွပ်ကဲမှုအောက်တွင် ထားရှိပြီး ပါလက်စတိုင်းပြောက်ကျားစစ်ဆင်ရေး၏ တိုက်ပွဲများကို သူ့အမိန့်အရ ဆင်နွဲမည်။ ဤစီမံကိန်းအောင်မြင်နိုင်ရန် (၁၉၃၆) တွင် ဗြိတိသျှတို့အား ပုန်ကန်ခဲ့စဉ်က ဦးဆောင်တိုက်ခိုက်ခဲ့သူ စစ်မြေပြင် တပ်မှူးတစ်ယောက်ကို သူ့စိတ်ကြိုက် ရွေးချယ်ကာ ပါလက်စတိုင်းသို့ စေလွှတ်မည်။ မကြာမီရက်များအတွင်း ထို တပ်မှူးသည် ကိုင်ရိုမှ ထွက်ခွာပြီး မတ်ဖတီကြွေးကြော်သည့်အတိုင်း "ဂျူးများကို ပင်လယ်ထဲနှစ်သတ်မည်" ဖြစ်သည်။

အခန်းထဲက စားပွဲတစ်ခုပေါ်တွင် အစွန်းနှစ်ဖက်၌ ဖယောင်းတိုင်နှစ်တိုင် ထွန်းထားသည်။ စားပွဲနောက်ဘက်တွင် ဖယောင်းတိုင် အလင်းရောင်၌ ဆံပင်ဖြူဖြူများ လက်နေသည့် ဒေးဗစ်ဘင်ဂူရီယန် ထိုင်နေသည်။ သူ့ရှေ့တွင် ထိုင်နေသည့် လူတစ်စုကို စိုက်ကြည့်နေသည်။ သူတို့ စုဝေးသည့်နေရာမှာ ဂျေရုဆလမ်မြို့ ဆင်ခြေဖုံးတစ်နေရာမှ ဂျူးအထက်တန်းကျောင်း ဖြစ်သည်။ ယင်းတို့ တစ်ယောက်ပြီးတစ်ယောက် ဝင်ထွက်သွားလာသည်။ ဘယ်သူကမျှ ထိုသို့ ဝင်ထွက်သူများကို အထူးအဆန်းသဖွယ် စောင့်၍ ကြည့်မနေကြပေ။

ထိုလူစုမှာ ဂျေရုဆလမ်မြို့၏ ဟာဂါနားတပ်မှူးများ ဖြစ်သည်။ ဘင်ဂူရီယန်က သူတို့ကို ဆင့်ခေါ်ထားသည်။ မကြာမီကာလအတွင်း ဂျေရုဆလမ်ရှိ ဂျူးလူမျိုးများသည် အရေးအခင်းတစ်ခုနှင့် ကြုံတွေ့ရဖွယ် ရှိသည်။ ဘယ်မျှ ခံနိုင်ရည်ရှိမရှိ စမ်းသပ်မည့် အရေးအခင်း ဖြစ်သည်။ ဂျေရုဆလမ်၏ အသက်ရှင်ရေးမှာ အမြန်လမ်းမကြီးတစ်ခုပေါ်တွင် တည်နေသည်။ ချက်ကောင်းတစ်ချက် ထိထိမိမိ တိုက်ခိုက်မည်ဆိုလျှင် ဂျူးလူမျိုးအားလုံး အစတုံးပျက်စီးသွားနိုင်သည်ဟု ဘင်ဂူရီယန်ထင်သည်။ ထိုအခါ သူ၏ မျှော်လင့်ချက်အားလုံး ပျက်ပြားသွားပြီ။

ဖယောင်းတိုင်အလင်းရောင်တွင် တပ်မှူးများကို သူ စူးစိုက်၍ ကြည့်သည်။ ပြီးတော့ "အကယ်၍ အာရပ်တို့ကသာ ဂျေရုဆလမ်၏ လည်မျိုကို ညှစ်ထားနိုင်မည်ဆိုလျှင် တို့တစ်တွေအားလုံး ကိစ္စချောပြီ၊ တို့မျှော်မှန်းထားတဲ့ ဂျူးနိုင်ငံတော်ဟာလည်း မမွေးဖွားခင် သေဆုံးသွားမှာပဲ" ဟု ဘင်ဂူရီယန်က ပြောသည်။

ထို့နောက် သူတို့ဘက်က ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ရန် နှိုးဆော်သည်။ ထိုအချိန်မှာ ကိုင်ရိုမြို့တွင် အာရပ်ခေါင်းဆောင်များ ဆွေးနွေးနေချိန်နှင့် တိုက်ဆိုင်နေသည်။

http://mmteashop.com



" အာရပ်စစ်တပ်ငါးခုနဲ့ တိုက်ခိုက်ရမယ့် စစ်ပွဲအတွက် အခုက စပြီး ပြင်ဆင်ဖို့ အချိန်ရောက်နေပြီ" ဟု ဘင်ဂူရီယန် သတိပေးသည်။

သူ့စကားသည် ဆောင်းလေအေးနှင့် တူသည်။ ကြားရသူတို့ အသည်းခိုက်အောင် အေးစိမ့်သွားသည်။ အချို့ကမူ သူ့စကားကို မယုံကြည်ကြပေ။

" အာရပ်တွေက ကွန်တော်တို့ကို တင့်ကားတပ်တွေနဲ့ တိုက်မှာတဲ့လား " အချို့က မယုံမကြည်ရယ်သွမ်းသွေးကာ ဘင်ဂူရီယန်အား မေးသည်။ ဂျေရုဆလမ် အခြေစိုက် ဟာဂါနာ့တပ်ဖွဲ့တာဝန်ခံ ချက်လူမျိုးအရာရှိ အီလီယာဟူ အာတယ်အဖို့ ဘင်ဂူရီယန်၏ စကားမှာ အထူးအဆန်းဖြစ်နေသည်။ "ဘင်ဂူရီယန်က အာရပ်စစ်တပ်ငါးခုနဲ့ တိုက်ခိုက်ဖို့ အခုကတည်းက ပြင်ဆင်ဖို့ ပြောနေတယ်၊ ဒါပေမယ့် ကွန်တော်တို့မှာ ပစ္စတိုတစ်လက်ဆောင်ပြီး လမ်းထဲ လျှောက်သွားတဲ့အတွက် ဗြိတိသျှပုလိပ်ရဲ့ အဖမ်းအဆီး ခံရတယ်"ဟု ဆိုသည်။

ဘင်ဂူရီယန်သည် သူ့ရပ်တည်ချက်ကို အလျှော့မပေး။ ရန်သူကို အထင်သေးသည့်စိတ် ဘယ်တော့မျှ မမွေး။ အထင်သေးလျှင် မှားတတ်သည်ကို သူ သိသည်။ အာရပ်စစ်တပ်ငါးခု တစ်ပြိုင်နက်တည်း တိုက်ခိုက်မည်ဆိုသည်မှာ သူတို့အဖို့ အလွန်ကြောက်စရာကောင်းသည့် ခြိမ်းခြောက်စကားပင် ဖြစ်သည်။ ဘင်ဂူရီယန်သည် ရန်သူကို အထင်မသေးသည့်နည်းတူ အထင်လည်း မကြီး။ အာရပ်တို့၏ စိတ်နေသဘောထားကို သူ နားလည်သည်။ သူတို့ အလွန်အကျွံကြွားလုံးထုတ်သည်ကို တစ်ဖက်သား ယုံစေချင်သည်။ ခြိမ်းခြောက်စကားကို တကယ် အတည်ယူစေချင်သည်။ သူတို့သည် စွန့်စွန့်စားစား တိုက်ဖို့ထက် ပါးစပ်သေနတ်ပစ်ကာ ရန်သူအပေါ် သွေးတိုးစမ်းသည်ကို ဘင်ဂူရီယန် နားလည်သည်။ စစ်ခင်းရလိမ့်မည်ဟု သူတို့ ကြွေးကြော်သည်မှာ တကယ်တော့ ဂျူးတို့အဖို့ အလွန်ကြောက်စရာကောင်းသည့် ခြိမ်းခြောက်စကားပင် ဖြစ်သည်။ သို့ငြားလည်း ထိုစကားကြောင့် သူတို့မှာ အခွင့်အလမ်းကြီးတစ်ခု ကြုံကြိုက်ရသည်။

ကုလသမဂ္ဂက ပါလက်စတိုင်းအား ခွဲခြမ်းရန် ဆုံးဖြတ်သည်မှာ ဘင်ဂူရီယန်အဖို့ ကျေနပ်စရာကောင်းသည့် အဆုံးအဖြတ်မဟုတ်။ သို့သော်လည်း ထို ဆုံးဖြတ်ချက်အရ သူတို့အဖို့ တစ်နည်းအားဖြင့် အသက်ရှူချောင်သည်။ ဂျေရုဆလမ်ကို နိုင်ငံတကာ အုပ်ချုပ်မှုအောက်ထားမည် ဆိုသဖြင့် ဘင်ဂူရီယန်စိတ်ထဲမှာ ထိခိုက်မည်။ ဂျူးလူမျိုးတိုင်း စိတ်ထိခိုက်မည်အမှန် ဖြစ်သည်။ ဂျူးနိုင်ငံသစ်၏ ရှည်လျားသည့် နယ်နိမိတ်များသည် စစ်ရေးအရ အန္တရာယ်များသည်။ အာရပ်တွေ မည်သို့ စစ်ပြင်ဆင်စေကာမူ ဂျူးခေါင်းဆောင်အချို့က ဂျူးနိုင်ငံနယ်မြေကို စစ်တိုက်ကာ တိုးချဲ့ချင်သည်။ ဘင်ဂူရီယန်နှင့် ဂျူးအေဂျင်စီ အမှုဆောင်အများစုက ထိုသဘောထားကို လက်မခံ။

အာရပ်နိုင်ငံများက စစ်ဖက်ပြိုင်ကာ ဖြေရှင်းမည်ဆိုလျှင် အခြေအနေတစ်မျိုး ပြောင်းလဲနိုင်သည်။ ထိုအခါ သူတို့နိုင်ငံ၏ နယ်ခြားမျဉ်းများသည် ကုလသမဂ္ဂက

http://mmteashop.com



သတ်မှတ်သည့် နယ်နိမိတ်မျဉ်းဖြစ်တော့မည် မဟုတ်။ စစ်တိုက်ပြီး နယ်မြေတိုးချဲ့သိမ်းပိုက်ဖို့ အခွင့်အရေး ရလာနိုင်သည်။

အာရပ်တို့သည် စေ့စပ်လိုကြသူများ မဟုတ်။ ထိုသဘောထားက ဂျူးတို့အတွက် အကူအညီ တစ်မျိုးဖြစ်သည်ဟု ဘင်ဂူရီယန် ယူဆသည်။ "တို့ကို တိုက်တာဟာ တို့ကို ကူညီတာတစ်မျိုးပဲ၊ အရေးကြီးတဲ့ အောင်မြင်မှုတွေရအောင် တို့ကို ကူညီတာတစ်မျိုးပဲ၊ ဒါမှ မဟုတ်ရင် လွတ်သွားနိုင်တယ်"ဟု ဘင်ဂူရီယန်က ပြောဖူးသည်။ ဂျူးတို့အား အာရပ်တို့က စစ်တိုက်ပြီဆိုလျှင် နဂိုကစိတ်မပါသည့် ဂျူးမြေပိုင်ရှင်တို့သည် ဂျူးအလုပ်သမားတို့ကို အသုံးပြုကြတော့မည်။ ဂျက်ဖာရှိ ဂျူးတို့ကို အာရပ်တို့က တိုက်လျှင် တယ်အဗစ်ကို မလွဲမသွေ တည်ဆောက်ရတော့မည်။ နာဇီဟစ်တလာ၏ အကျဉ်းစခန်းတွင် မသေဘဲ ကျန်ရစ်ခဲ့ကြသည့် ဂျူးတို့ ပါလက်စတိုင်းသို့ ဝင်လာသည်ကို အာရပ်တို့က လက်မခံ။ ထိုအခါ ဂျူးတို့ကို နိုင်ငံတစ်ခု တည်ထောင်ပေးရန် ကမ္ဘာ့နိုင်ငံကြီးများက ထောက်ခံလာကြသည်။ သို့သော်လည်း အာရပ်တို့၏မဟာအမှားမှာ ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ငြင်းပယ်ခြင်းဖြစ်သည်။ ယင်းတို့ကြောင့် ဂျူးတို့အခြေအနေ ပြောင်းလဲလာမည်။ ဂျူးတို့ ရပိုင်ခွင့်များ ရရှိလာမည်ဟု ဘင်ဂူရီယန် ထင်သည်။ ထိုအချိန်မှစ၍ ဂျူးနိုင်ငံသစ်ပေါ်ပေါက်ရေးမှာ ကုလသမဂ္ဂဆုံးဖြတ်ချက်အပေါ် မတည်။ လက်နက်ကိုင် တိုက်ပွဲအပေါ် တည်သည်။

ဂျေရုဆလင်မြို့တစ်ဖက် ဂျော်ဒန်မြစ်အလွန် မိုအက်တောင်တန်းပြာ ဟိုဘက်တွင် အမ်မမ်မြို့အရှေ့ဘက်စွန်၌ နန်းတော်တစ်ခု ရှိသည်။ ထိုနန်းတော်ထဲတွင် အလွန်နားလည်ရခက်သည့် အာရပ်ဘုရင်တစ်ပါး အခန်းတစ်ခုထဲ၌ထိုင်ရင်း စစ်တုရင်ခုံကိုကြည့်ကာ အကွက်တစ်ခုကို စဉ်းစားနေသည်။ ဘုရင်အက်ဘဒူလာအစ်တင်ဟူစိန် အယ်ဟတ်ရှိမီသည် စစ်တုရင်ကစားရာ၌ အလွန်ကျွမ်းကျင်သည်။ သူ အားအထားဆုံး စစ်ရုပ်မှာ မြင်းရုပ် ဖြစ်သည်။ စစ်တုရင်ကစားရင်း အသုံးပြုသည့်နည်းဗျူဟာကို သူ့ဘဝအခက်အခဲများ ဖြေရှင်းရာတွင် သူ အသုံးပြုသည်။ နက်နက်နဲနဲ ခွဲခြမ်းစိတ်ဖြာခြင်း၊ ပရိယာယ်ဆင်ခြင်းနှင့် ရုတ်တရက် ထိုးစစ်ဆင်ခြင်းတို့ပင် ဖြစ်သည်။

သူ အုပ်ချုပ်သည့်နိုင်ငံ၏ လေးပုံသုံးပုံမှာ သဲကန္တာရ ဖြစ်သည်။ လူဦးရေမှာ တစ်သန်းပင်မပြည့်။ ဗြိတိသျှတို့ မထောက်ပံ့မီက အမျိုးသားဘတ်ဂျက်မှာ စတာလင်ပေါင် တစ်သန်းခွဲ ဖြစ်သည်။ လူနေကျဲသည့် သူ့ပိုင်နက်မှနေ၍ အရှေ့အလယ်ပိုင်း စစ်တုရင်ခုံပေါ်တွင် အက်ဘဒူလာ လိုရာရွှေ့နိုင်သည့် စစ်ရုပ်များထွက်ပေါ်လာသည်။ ယင်းမှာ အက်ဘဒူလာ၏ အာရပ်လီးချင်းတပ်ပင် ဖြစ်သည်။ ထိုတပ်သည် ကျွမ်းကျင်သည်။ တိုက်ရည်ခိုက်ရည်ရှိသည်။ ယင်းကို အခြားစစ်တပ်များထက် ဘင်ဂူရီယန်ပို၍ ကြောက်သည်။

http://mmteashop.com



သို့ပြားလည်း ဘင်ဂူရီယန်ကို အခြား အာရပ်ခေါင်းဆောင်များ အက်ဘဒူလာ လောက် နားမလည်။ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်းက ပါလက်စတိုင်း ဂျူးများနှင့် တကယ် တမ်း အဆက်အသွယ်လုပ်ခဲ့သူ အာရပ်အကြီးအကဲဆို၍ အက်ဘဒူလာ တစ်ယောက်သာ ရှိသည်။ နံနက်အရုဏ်တက်တိုင်း အက်ဘဒူလာသည် ကုအာန်ကျမ်းစာကို လျှပ်စစ်မီး အလင်းရောင်တွင် ရွတ်ဖတ်လေ့ရှိသည်။ ထိုလျှပ်စစ်မီးမှာ သူ့နိုင်ငံ အနောက်မြောက်ဘက် စွန်းတွင် တည်ရှိသည့် ဂျူးဓာတ်အားပေးစက်ရုံမှ ရသည့်မီး ဖြစ်သည်။ ကုလသမဂ္ဂတွင် ပါလက်စတိုင်း ခွဲခြမ်းရေးအဆိုကို မဲပေးသည့်ညနေခင်း တွင် ထိုဓာတ်အားပေးညွှန်မှူး၏ နေအိမ်၌ အက်ဘဒူလာသည် ဂိုလ်ဒါမေယာနှင့် ရင်းရင်းနှီးနှီး လျှို့ဝှက်စွာ ဆွေးနွေးခဲ့ကြ သည်။ သူတို့နှစ်ယောက်၏ ဘုံရန်သူမှာ မတ်ဖတီဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အဆက်အသွယ် လုပ်ရန် သဘောတူခဲ့သည်။ ဂျူးများ အိမ်နီးချင်းများနှင့် အဆက်အသွယ်လုပ်ရန် သဘော တူခဲ့သည်။ ဂျူးအိမ်နီးချင်းများနှင့် မကြာခဏ တွေ့ဆုံကာ အကြံဉာဏ်များ၊ စက်မှုအကူ အညီများ သူ တောင်းခဲ့သည်။ ဂျူးလူမျိုးများ ပါလက်စတိုင်းသို့ ပြန်လာသည်ကို ရှေးပဝေ သဏီကတည်းက တည်ရှိခဲ့သော ဆီးမိုက်မျိုးနွယ် တစ်စု၏ ဇာတိမြေတွင် ကိုလိုနီနယ်ချဲ့ စနစ်ကြောင့် မဖွံ့ဖြိုးဘဲ ခေတ်နောက်ကျ ကျန်ရစ်ခံခဲ့ရသည်ကို အနောက်နိုင်ငံများတွင် အညှဉ်းပန်း အနှိပ်စက် ခံခဲ့ရသည့် အခြားဆီးမိုက်မျိုးနွယ်တစ်စုက ကူညီရန် ပြန်လာခြင်း ဖြစ်သည်ဟု သဘောထားသည်။

ပါလက်စတိုင်း ခွဲခြမ်းခြင်းကို နှောင့်ယှက်ဟန့်တားနိုင်သည့် အခွင့်အလမ်းများ အာရပ်တို့၌ရှိသည်ကို အက်ဘဒူလာ ယုံမှားသံသယ မရှိ။ သို့ပြားလည်း အက်ဘဒူလာ သည် ဂျူးတို့၏အားမာန်နှင့် စွမ်းရည်ကို ကောင်းကောင်းသိသူ ဖြစ်သည်။ မတ်ဖတီကမူ ဂျူးတို့အား မီးရှို့ယာရင် ရပ်ကွက် ရဟန်းဖြစ်သင်ကျောင်းမှ အရိုက်အနှက်ခံရမည် ကြောက်၍ ထွက်ပြေးလာကြသည့် ကျောင်းသားများဟု သဘောထားသည်။ ဆီးရီးယန်း နှင့် အီရတ်တို့ကမူ ဂျူးတို့အား သူတို့နိုင်ငံရှိ အေးချမ်းစွာ အသက်မွေးနေထိုင်ကြသည့် ဂျူးများနှင့်အတူတူပင် ဖြစ်သည်ဟု သဘောထားသည်။

ကိုင်ရို အစည်းအဝေးတွင် ငြင်းခုံ ရန်ဖြစ်နေကြသော အာရပ်အဖွဲ့ချုပ်၏ ခေါင်းဆောင်ကို အက်ဘဒူလာ အထင်သေးသည်။ အာရပ်အဖွဲ့ချုပ်ကိုမူ ခေါင်းခုနစ်လုံး ဖိသိပ်ထည့်ထားသည့် အိတ်တစ်လုံးနှင့်တူသည်ဟု သူ ထင်သည်။ ဖာရောက်ဘုရင်နှင့် အီဂျစ်တို့ကား အထူး အထင်သေးသည်။ "ဘောလ်ကန်က လယ်သမား တစ်ယောက်ရဲ့ သားကို ရှင်ဘုရင် မြှောက်လိုက်တာနဲ့ ဒီလူဟာ လူကြီးလူကောင်း ဖြစ်လာနိုင်မှာ မဟုတ်ဘူး" ဟု ဖာရောက် ဘုရင်အား မှတ်ချက်ချလေ့ ရှိသည်။ ဆီးရီးယားတို့၏ မြေကိုမူ သူ လိုချင်သည်။ ဆီးရီးယားတို့မှာ သဘောဆိုးပြီး အလွန်ရန်ဖြစ်ချင်သူများဖြစ်သည်ဟု သူ ယူဆသည်။ (၁၉၂၁) တွင် အက်ဘဒူလာနှင့် မတ်ဖတီတို့ စ၍ တွေ့သည်။ ထိုအချိန် မှစ၍ တစ်ယောက်ကိုတစ်ယောက် ကြည့်၍မရ။ အမုန်းပွားကြသည်။ "တို့အဖေက

http://mmteashop.com



အမြဲပြောတဲ့ စကားတစ်ခွန်းရှိတယ်၊ တရားဟောဆရာ ဘုန်းကြီးတွေကို သတိထားပြီး ပေါင်းသင်းတဲ့" . . . ယင်းမှာ သူနောက်လိုက်များအား အက်ဘဒူလာ ပြောလေ့ရှိသည့် စကား ဖြစ်သည်။

အက်ဘဒူလာ၏ ဘဝမှာ အလိုမပြည့်ခြင်း၊ အခက်အခဲတို့ဖြင့် မဆုံးနိုင်အောင် ရင်ဆိုင်ခဲ့ရသည်။ (၁၉၁၄) တွင် ဗြိတိသျှတို့အား သူပုန်ထရန် အာရပ်တို့အား ပထမဆုံး နှိုးဆော်သူမှာ အက်ဘဒူလာပင် ဖြစ်သည်။ သို့သော်လည်း သူပုန်ခေါင်းဆောင်မှုကို သူ့ထက်ပို၍ ပျော့ပျောင်းသော သူညီအား တီအီးလောရင့်က ပေးအပ်သည့်အခါ သူမှာ ဂုဏ်သိက္ခာတစ်ခု ဆုံးရှုံးခဲ့ရသည်။ ပင်လယ်နီဘေးရှိ ရှေးဟောင်း ထီးနန်း အရိုက်အရာမှ သူနှင့်သူ့မိသားစုအား ဆော်ဒီအာရေဗီးယားတို့က တိုက်ထုတ်လိုက်သည်။ ယခု သူ အုပ်စိုးသည့် သဲကန္တာရ နိုင်ငံမှာ ဝင်စတန်ချာချီက ပါလက်စတိုင်းမှ ဖဲ့ထုတ်ပြီး သူ့အား ပေးခဲ့ခြင်း ဖြစ်သည်။ တစ်ဖန် ပြင်သစ်တို့က သူညီ ဖီဆယ်ကို ဒမတ်စကတ်မှ တိုက်ထုတ်သဖြင့် သူ့ကို ယခုနိုင်ငံအား နှစ်သိမ့်ဆုအဖြစ် ချီးမြှင့်ခြင်း ဖြစ်သည်။ သူ့အဖို့ ဂုဏ်သရေ ညှိုးငယ်စရာတစ်ခု ထပ်လောင်း ကြုံရပြန်သည်။ "ထရန်းစ် ဂျော်ဒန်ဆိုတာ ကိုင်ရိုတနင်္ဂနွေ ညနေခင်းတစ်ခုမှာ ကလောင်တစ်ချက်သားပြီး ကျုပ် ဖန်တီးလိုက်တဲ့ နိုင်ငံပဲ" ဟု ချာချီက အမြဲကြွားလေ့ရှိသည် မဟုတ်လား။

တိုင်းသူပြည်သားများက သူ့ကို ကောင်းစွာ ကြိုဆိုသည်။ သူသည် နှစ်အတန် ကြာသည်အထိ သဲကန္တာရတဲကြီးကို နန်းတော်လုပ် နေထိုင်ခဲ့သည်။ ယင်းမှာ ယခု သူ နန်းတော်တည်ရှိရာ အမ်မမ်မြို့ကို စီး၍မြင်နေရသည့် တောင်ကုန်းထိပ်တစ်ခုတွင် တည်ရှိသည်။ (၁၉၃၄) တွင်မှ ၁၇စ်ကိုယ်တည်း ခပ်ကုပ်ကုပ်နေသော အက်ဘဒူလာကို ဗြိတိသျှတို့ ပြန်လည်တွေ့ရှိသွားပြီး အလွန်ဒုက္ခပေးသည့် မတ်ဖတီနှင့် ချိန်ခွင်လျှာအား မျှစေရန် ခေါ်ယူမြှင့်တင်ပေးခဲ့သည်။ ဤတွင် သူ့ဇာတာ တက်လာသည်။

ထိုနှစ်များမှာ အက်ဘဒူလာအဖို့ ဂုဏ်သိက္ခာပြန်တက်ရန် ကြိုးပမ်းအားထုတ်ရသည့်ကာလဖြစ်သည်။ သူသည် ကြီးပွားရန်စိတ်ဖြင့် လှုံ့တက်နေသည်။ သူ့မိသားစု အရိုက်အရာကျပြီး သိက္ခာပျက်ခဲ့ရသည်ကို ပြန်၍အသရေဆယ်ချင်သည်။ ခေတ်ပြိုင် တစ်ယောက်က သူ့ကို ယခုလို ထင်မြင်ချက်ပေးသည်။ "ကနေဒါရီစာဝါ လှောင်အိမ် ကလေးထဲမှာ ခြေချုပ်မိနေတဲ့ သိမ်းငှက်တစ်ကောင်နဲ့တူတယ်၊ လှောင်အိမ်ထဲက သူ ဖောက်ထွက်ချင်တယ်၊ အာရပ်ခေါင်းဆောင်တစ်ယောက် ဖြစ်ချင်တဲ့စိတ်ဓာတ် ပြင်းပြ နေတယ်၊ ဒါပေမယ့် သူ့ကို ဗြိတိသျှတို့က ထရန်းစ်ဂျော်ဒန်ဆိုတဲ့ လှောင်အိမ်ထဲမှာ ထည့်ပြီး ပိတ်ထားတယ်"

ယခုမူ ပါလက်စတိုင်း ခွဲခြမ်းရေးကိစ္စ ပေါ်လာသည့်အခါ သူ့မှာ အခွင့်သာလာပြီ။ လှောင်အိမ်ထဲမှာ နှစ်ဆယ့်ငါးနှစ်လုံးလုံး နေခဲ့ရသည်။ လှောင်အိမ်ထဲမှထွက်ကာ အာရပ်ခေါင်းဆောင်နေရာ သူ ယူချင်သည်။ ထိုက်တန်သည့် ဘုရင့်နိုင်ငံတစ်ခု သူ တည်

http://mmteashop.com



ထောင်ချင်သည်။ သူသည် ထီးရိုးနန်းရိုးမှ ဆင်းသက်ခဲ့သူ မဟုတ်လား။ မိုအက်တောင် ကုန်းများ ဟိုဘက်က မြင့်မြတ်သည့် ဂျေရုဆလမ်မြို့တော်ကို သူ မျှော်၍ကြည့်သည်။ ဂျေရုဆလမ်တွင် နန်းစိုက်ရလျှင် ကမ္ဘာက အသိအမှတ်ပြုသော အာရပ်ခေါင်းဆောင် ဖြစ်လာနိုင်သည်။ ဆော်ဒီတို့က မောင်းထုတ်လိုက်သဖြင့် ထွက်ပြေးခဲ့ရသည့် ဟတ်ရှမိုက် မျိုးရိုးသည် အစ္စလာမ်ဘာသာရေးလောကတွင် အချက်အချာ အခန်းကဏ္ဍကို ရနိုင်မည်။ ယခုမူ သူသည် အရေးမပါ အရာမရောက်သည့် သဲကန္တာရဘုရင် ဖြစ်နေသည်။

စစ်တုရင်ခုံပေါ်က စစ်ရုပ်များကို သတိထား အရွှေ့အပြောင်းလုပ်ခြင်းဖြင့် ပန်းတိုင်ရောက်နိုင်မည် သူ ထင်သည်။ ကိုင်ရိုမြို့တွင် ဒီဇင်ဘာ တစ်နံနက်ခင်း၌ အာရပ် အဖွဲ့ချုပ် ခေါင်းဆောင်များ ပြောဆိုဆွေးနွေးနေကြစဉ် အက်ဘဒူလာသည် နယ်ရုပ် တစ်ခုကို ပထမဆုံးစ၍ ရွှေ့သည်။ မွန်းမတည့်မီအချိန်တွင် ဘုရင့်နန်းတော်နှင့် မဝေး လှသည့် ခမ်းနားသော အိမ်ကြီးတစ်ခုသို့ ရောက်သွားသည်။ ထိုအိမ်မှာ ထရန်းစ်ဂျော် ဒန်နိုင်ငံဆိုင်ရာ ဗြိတိသျှဘုရင်ခံ ဆာအလက်ကတ်ဘရိုက်၏ နေအိမ် ဖြစ်သည်။ ဆာ အလက်သည် ပျော်ပျော်ရွှင်ရွှင် နေတတ်သည့် ထင်ရှားသူတစ်ယောက် ဖြစ်သည်။

အက်ဘဒူလာ၏ ဝန်ကြီးချုပ်က ယဉ်ကျေးသိမ်မွေ့စွာပင် တစ်စုံတစ်ခု စုံစမ်း သည်။ အကယ်၍ ကုလသမဂ္ဂ ပါလက်စတိုင်းခွဲခြမ်းရေးအရ အာရပ်တို့အား ပေးအပ် သည့် ပါလက်စတိုင်းနယ်မြေတစ်ပိုင်းကို ဘုရင်အက်ဘဒူလာက သူ့နယ်မြေအဖြစ် ဝင်ရောက် သိမ်းပိုက်မည်ဆိုလျှင် ဗြိတိသျှအစိုးရ၏ သဘောထား ဘယ်လိုရှိမည်လဲ။

✿ ✿ ✿

ဗြိတိသျှမဟာမင်းကြီး ဆာအယ်လင်တန်နင်ဟမ်သည် အနားယူသည့် အခန်း ထဲတွင်ထိုင်ကာ ဘက်၏တေးသွားကို နားထောင်နေသည်။ ညစာမစားမီ အခန်းထဲမှာ အနားယူရင်း ဘက်၊ ဗီဗင်ဒီနှင့် ဘီလိုမင်တို့၏ တေးသွားများကို နားထောင်ကာ အပန်းဖြေလေ့ ရှိသည်။ ယခု အခိုက်အတန့်တွင် သူ့မှာ စိတ်ပင်ပန်းစရာတွေ အများကြီး ကြုံရသည်။

(၁၉၄၇) ဒီဇင်ဘာ ညနေခင်းများတွင် ဆာအယ်လင် အထူး စိတ်မကြည်မသာ ဖြစ်ရသည်။ သူ့မှာ စဉ်းစားဆင်ခြင်စရာတွေ အများကြီး ရှိသည်။ ပါလက်စတိုင်းတွင် အုပ်ချုပ်ရသည်မှာ စကော့ဗိုလ်ချုပ်အဖို့ စိတ်ရှုပ်စရာကောင်းသည်။ ပါလက်စတိုင်းတွင် မဟာမင်းကြီးအဖြစ် ထမ်းဆောင်ရန် လန်ဒန်မှထွက်လာသည့် နေ့မှစ၍ လွှန်ခဲ့သည့် အပတ်အထိ သူ့အား အထက်က ပေါ်လစီတစ်ခု တိတိကျကျ ချမပေး။ နိုင်ငံရေးနှင့် ကိုလိုနီရုံးတွင် ဝန်ကြီးချုပ် ကလီးမင့်အက်တလီအား ခရီးမထွက်ခင် ညနေပိုင်းက ပါလက် စတိုင်းတွင် မည်သို့ အုပ်ချုပ်ရမည်လဲ ပေါ်လစီတစ်ခု ပြတ်ပြတ်သားသား ချပေးပါဟု ခပ်ရှင်းရှင်းမေးသည်။

http://mmteashop.com



"အိုး . . . အဲဒီသွားပြီး အုပ်ချုပ်ရုံပါပဲ" ဟု အက်တလီက ပန်းတွန့်ကာ ဖြေသည်။ ထို့နောက် ကန်နင်ဟမ် စိုးထိတ်သွားသည်ကို သတိထားမိပြီး တံခါးဝအထိ လိုက်လာသည်။ စကော့ဗိုလ်ချုပ် ပန်းပေါ်လက်တင်ကာ "ဗိုလ်ချုပ် သိပါတယ်လေ၊ အခုလို နိုင်ငံရေးသမားတစ်ယောက် အဖြေမျိုးပေးရတာ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် အခုတော့ အဲဒီအဖြေတစ်ခုပဲ ကျွန်တော်ပေးနိုင်မယ်" ဟု ပြောသည်။

ထိုအချိန်က အန်းနက်ဘီဗင်မှာ နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။ သူ့ပတ်လည်တွင် အာရပ်လိုလားသူများ ဝိုင်းနေသည်။ အာရပ်ဘက်တော်သား လူဟောင်းများထံမှ အစီရင်ခံစာများကို သူ ဖတ်နေရသည်။ ဤသည်မှာ ကန်နင်ဟမ်၏ ထင်မြင်ချက်ဖြစ်သည်။ သူ၏ ပါလီမန်အတွင်းဝန် ဟာရိုးဘီးလေးမှာ အလွန်ကြောက်စရာကောင်းသည့် ပုဂ္ဂိုလ်ဟု သူ ထင်သည်။

ယခုမူ နောက်ဆုံးတွင် သူ လိုက်နာကျင့်သုံးရမည့် ပေါ်လစီတစ်ခုရပြီ။ ပါလက်စတိုင်းတွင် ဗြိတိသျှအထိန်းသိမ်းခံ အုပ်ချုပ်ရေးရုပ်သိမ်းတော့မည့် နောက်ဆုံးအချိန်တွင် ကျင့်သုံးရမည့်ပေါ်လစီ ဖြစ်သည်။ ပြီးတော့ ယင်းကို စိုးမိုးထားသည်မှာ ကုလသမဂ္ဂ ခွဲခြမ်းရေး ဆုံးဖြတ်ချက်ဆီသို့ ရှေးရှုရေးပင်ဖြစ်သည်။"အခြေအနေအရပ်ရပ် အငြိမ်သက်ဆုံးဖြစ်စေရန် လက်နက်ကိုင် နှိမ်နင်းရေး နည်းနိုင်သမျှနည်းရန်နှင့် ခွဲခြမ်းရေးနှင့်ပတ်သက်၍ သူ့ဘက်က မည်သည့်နည်းလမ်း မည်သည့်သဏ္ဌာန်၊ မည်သည့်ပုံစံနှင့်မျှ ပါဝင်ပတ်သက်ခြင်း မရှိစေရန်"မှာ သူ လိုက်နာကျင့်သုံးရမည့် ပေါ်လစီ ဖြစ်လေသည်။

ဗြိတိန်သည် ပါလက်စတိုင်း ခွဲခြမ်းရေးဆုံးဖြတ်ချက်ကို စိတ်ဝင်စားမှု အနည်းဆုံးဖြင့် လက်ခံသည်။ ထက်ထက်သန်သန် မရှိလှဟု နောင်အခါ ဘီးလေးထံမှ ပြန်ပြောင်းကြားသိရသည်။ ဗြိတိန်သည် ယခုအချိန်မှစ၍ အရှေ့အလယ်ပိုင်းရှိ သူ၏ အကျိုးစီးပွားများအတွက် အာရပ်တို့နှင့် တတ်နိုင်သမျှ မဟာမိတ်အဖြစ် ရပ်တည်မည်။ ဂျူးနိုင်ငံသစ်ကိုမူ ဗြိတိန်ဘက်က ခဏမေ့ထားမည်။ နောင်လာမည့်နှစ်များတွင် ဂျူးနိုင်ငံသစ်သည် ဗြိတိန်နှင့် မိတ်ဆွေအဖြစ် ဆက်ဆံဖို့ မရှိတော့သည်မှာ သေချာသလောက်ဖြစ်သည်။

တကယ်စင်စစ် ဗြိတိန်နိုင်ငံခြားရေးရုံးက ထောက်ခံသည်မှာ ဂျေရုဆလမ်ကို နိုင်ငံတကာ အုပ်ချုပ်မှုအောက် ထားရှိရေးပင် ဖြစ်သည်။ အကြောင်းမှာ ရှင်းသည်။ အမေရိကန်သည် ဂျူးဘက်တော်သားဖြစ်ပြီး ရုရှား၏လမ်းစဉ်မှာ ဘုရားသခင် ဆန့်ကျင်ရေးဖြစ်လေရာ နိုင်ငံတကာ အုပ်ချုပ်ရေးအောက်တွင် အင်အားကြီးနိုင်ငံ၏ အခန်းကဏ္ဍသည် ဗြိတိန်ပခုံးပေါ် ကျရောက်လာမည် ဖြစ်သည်။

ထိုပေါ်လစီ အကောင်အထည်ပေါ်ရန် ကုလသမဂ္ဂသို့ တက်ရောက်သည့် ဗြိတိသျှကိုယ်စားလှယ်အဖွဲ့အား အာရပ်သဘောထားအားလုံးကို ထောက်ခံရမည်ဟု ညွှန်ကြားထားသည်။ ကိုင်ရိုတွင် ကျင်းပသည့် အာရပ်အဖွဲ့ချုပ် အစည်းအဝေးမတိုင်မီ

http://mmteashop.com



မှာပင် ဗြိတိန်က ပါလက်စတိုင်းသို့ ဂျူးများ နိုင်ငံခြားမှ ဝင်ရောက်လာသည်ကို ကန့်သတ်ချုပ်ချယ်မည်။ ယင်းမှာ ပါလက်စတိုင်းမှ ဗြိတိန် မထွက်ခွာမီအထိ ဖြစ်သည်။

ပါလက်စတိုင်းရှိ ဗြိတိသျှတပ်များ၏ နောက်ဆုံး စစ်သေနာပတိ ဆာဂေါ်ဒန်မက်မီလန်၏ (၁၉၄၆) မှ (၁၉၄၈)ဖေဖော်ဝါရီအထိ စစ်ရုံးသို့ ပေးပို့သော အစီရင်ခံစာများအရ ဗြိတိသျှတို့သည် တရားမဝင် ခိုးဝင်လာသည့် သင်္ဘောလေးဆယ့်ခုနစ်စီးကို တားဆီးနိုင်ခဲ့ပြီး ဆိုက်ပရတ်ကျွန်း အကျဉ်းစခန်းတွင် တရားမဝင် ခိုးဝင်လာသူ (၆၅,၃၀၇) ကို ဖမ်းဆီးထားနိုင်ခဲ့သည်ဟု သိရသည်။

ဆာအယ်လင်အဖို့ စိတ်မချမ်းသာစရာ ညွှန်ကြားချက်များ ဖြစ်သည်။ ကန်နင်ဟမ်၏ သဘောထားမှာ ဘီဗင်နှင့် ဘီးလေးတို့နှင့်မတူ။ ခွဲခြမ်းရေးသည်သာ အကောင်းဆုံး နည်းလမ်းဖြစ်သည်ဟု ကန်နင်ဟမ် ယူဆသည်။ သူသည် ဘုရားသခင်ကသာ အရာရာကို အစိုးရသည့် ဝါဒကို ယုံကြည်သူ ဖြစ်သည်။ ပါလက်စတိုင်းတွင် ဗြိတိသျှအုပ်ချုပ်ရေး အဆုံးသတ်သင့်သည် သူ ထင်သည်။ စနစ်တကျ ဆုတ်ခွာပြီးနောက် ပါလက်စတိုင်းတွင် အေးချမ်းမည်ဟု သူ မျှော်လင့်မိသည်။ သို့တိုင်အောင် သူ ကျင့်သုံးရမည့်လမ်းမှာ မြင့်မြတ်သောမြေတွင် အေးချမ်းမှု အနည်းငယ် ရနိုင်လိမ့်မည်ဟူသော ညွှန်ကြားမှုအတိုင်း ဖြစ်သည်။

လာမည့်လအတွင်း မြင့်မြတ်သော ပါလက်စတိုင်း မြေတွင် ငြိမ်းချမ်းရေးသည် အဖိုးတန်ပစ္စည်းတစ်ခု ဖြစ်လာနိုင်စရာရှိသည်ကို ဆာအယ်လင် သိသည်။ ခွဲခြမ်းရေး ဆန္ဒမဲပေးပြီး ပထမနှစ်ပတ်အတွင်း အာရပ် ကိုးဆယ့်သုံးယောက်၊ ဂျူးရှစ်ဆယ့်လေးယောက်နှင့် အင်္ဂလိပ် ခုနစ်ယောက် သေဆုံးခဲ့သည်။ ယင်းမှာ ရှေ့ပြေး ဖြစ်သည်။ ဆာအယ်လင်၏ စားပွဲအံဆွဲထဲတွင် ဒီဇင်ဘာ (၆) ရက် နေ့စွဲပါသည့် 'ထိပ်တန်းလျှို့ဝှက်' တံဆိပ်ခတ်ထားသည့် သုံးမျက်နှာပါ ဗြိတိသျှတပ်မတော်၏ အမိန့်တစ်ခု ရှိသည်။ အမိန့်တွင် ဗြိတိသျှတပ်များ စနစ်တကျ ဆုတ်ရာခွာရာ၌ လိုက်နာရမည့် စည်းကမ်းချက်များပါရှိသည်။ ထိုအမိန့်တွင် တမင်သက်သက် မဖော်ပြဘဲ ချန်ထားသည့် အချက်တစ်ခု ပါရှိသည်။ ယင်းမှာ ပါလက်စတိုင်းတွင် ယခုအခါမှစ၍ ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ဗြိတိသျှတပ်မတော်က တာဝန်မယူတော့ခြင်းပင် ဖြစ်သည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန် ဗြိတိသျှတပ်မတော် စိတ်အကြီးအကျယ် ကုန်ခန်းခဲ့သည်။ တပ်မတော်သားများ မကြာခဏ အတိုက်ခိုက်ခံရသည်။ အပစ်ခတ်ခံခဲ့ရသည်။ ယခုမူ ဗြိတိသျှအုပ်ချုပ်ရေး ရုပ်သိမ်းတော့မည်ဖြစ်ရာ တပ်မှူး စကော့လူမျိုး ဆာဂေါ်ဒန်မက်မီလန်သည် ပါလက်စတိုင်းတွင် သူ့စစ်တပ်များ နောက်ထပ် အသေမခံနိုင်ဟူ၍ ဆုံးဖြတ်ထားသည်။ ခြွင်းချက်ကား ရှိသည်။ ဗြိတိသျှအကျိုးစီးပွားများ ထိခိုက်မည်ဆိုလျှင်ကား ပစ်ခတ်နှိမ်နင်းရလိမ့်မည်။

အမိန့်ကိုဖတ်စဉ် စာပိုဒ်တစ်ပိုဒ်ကြောင့် မဟာမင်းကြီး ဆာအယ်လင် ပြုံးမိသည်။

http://mmteashop.com



ယင်းမှာ သူသိသည့် တပ်ထောက်ချုပ်၏ လက်ရာပင် ဖြစ်သည်။ ဗြိတိသျှတပ်မတော်၏ အကျိုးစီးပွားကို ဖြည့်ဆည်းသည့်စာပိုဒ် ဖြစ်သည်။

အသေအချာ အတိအကျ ညွှန်ကြားထားသည်မှာ ပါလက်စတိုင်းတွင် ဗြိတိသျှတို့ အနှစ်သုံးဆယ် ထိန်းသိမ်း အုပ်ချုပ်စဉ်က လက်ကျန်ပစ္စည်းများဖြစ်သည့် သစ်တန်ချိန် လေးထောင်နှင့်သံချောင်းနှစ်ဆယ့်ရှစ်တန်ကို အသေအချာ ထုပ်ပိုးသယ်ဆောင်ခဲ့ရမည် ဟူ၍ ဖြစ်သည်။

အရှက်တက်တွင် ဘုရားရှိခိုးလာကြသူများအား ဗလီမှောင်ရိပ်၌ "အဘိုမူဆာ ပြန်လာပြီ"ဟူသော စကားကို တိုးတိုးပြောကာ သတင်းပေးသည်။ ထိုစကားကြားလျှင် လူအများသည် အဘိုမူဆာရှိရာသို့ သွားကြသည်။ ထိုသတင်းစကားကို တစ်ဆင့်စကား တစ်ဆင့်နား ကြားရသည့် ဂျက်ဖာ၊ ဟိုင်ဖာ၊ နေဗလု၊ ဂျယ်နင်နှင့် တူလကမ်တို့မှ လူများ သည် အဘိုမူဆာရှိသည့်နေရာသို့ တစ်ယောက်ချင်း သို့မဟုတ် အုပ်စုငယ်လေးများဖွဲ့ ကာ သွားကြသည်။ ဗြိတိသျှပုလိပ်များ မရိပ်မိဖို့ အရေးကြီးသည်။ ဂျေရုဆလမ်မြို့ အနောက်တောင်ဘက် ဘိတ်ဆူရစ်ရွာသို့ အဘိုမူဆာ ပြန်လာမည်။

မွန်းမတည့်မီ ဖုန်တက်နေသော စရိုက်စလာ အနက်ရောင်ကားတစ်စီး ရွာထဲသို့ ဝင်လာ၏။ ဒရိုင်ဘာ၏ ဘေးတွင် လူလတ်ပိုင်း အမျိုးသားတစ်ယောက် လိုက်ပါလာ သည်ကိုမြင်လျှင် အိမ်တစ်အိမ်ရှေ့မှ လူအုပ်ကြီးက သောင်းသောင်းဖျဖျ ကြိုဆိုသည်။ အရပ် မနိမ့်မမြင့် မျက်နှာဝိုင်းဝိုင်း ဗိုက်စူထွက်နေသဖြင့် အင်္ကျီကြယ်သီးများ တင်းကျပ်စွာ ဝတ်ထားသည့် ပုဂ္ဂိုလ်တစ်ယောက် ကားပေါ်မှဆင်းလာပြီး ကြိုဆိုသူတို့အား အာရပ်တို့ ထုံးစံအတိုင်း လက်ကို နဖူးနှင့် နှလုံးဆီထိကာ နှုတ်ဆက်သည်။ ထို့နောက် အိမ်ထဲသို့လိုက် သွားသည်။

ပါလက်စတိုင်းတွင် မည်သည့်အာရပ်မျှ သူ့လောက် အကြည်ညိုခံရခြင်း မရှိ။ သူ့လောက် လူချစ်လူခင် မပေါများ။ သူ့ဝမ်းကွဲအစ်ကို ဟတ်ချ်အာမင်ဟတ်ဆေနီပင် သူ့လောက် ကြည်ညိုလေးစားသူ မများ။ သူ့ကို မြင့်မြတ်သောစစ်ပွဲ ဆင်နွှဲရန် မတ်ဖတီ က ဂျေရုဆလမ်သို့ စေလွှတ်လိုက်ခြင်း ဖြစ်သည်။ သူ့ကို မူဆာ၏ အဖေဟု တင်စားကာ 'အဘိုမူဆာ' ဟူ၍ ခေါ်ကြသည်။ သူ့နာမည်မှာ အက်ဘဒူခါဒါ ဟတ်ဆေနီ ဖြစ်သည်။ သူသည် သူ့အစ်ကိုဝမ်းကွဲ မတ်ဖတီလိုပင် ဂျေရုဆလမ် ဟတ်ဆေနီ မိသားစုမှ မွေးဖွား လာသူ ဖြစ်သည်။ ထိုဒီဇင်ဘာမနက်ခင်းတွင် သူ့အသက်မှာ လေးဆယ်ပင် မပြည့်တတ် သေး။ သူသည် ခေါင်းဆောင်ဇာတာ ပါလာသူ ဖြစ်သည်။ သတ္တိလည်းကောင်းသည်။ မတ်ဖတီ၏ အခြားလက်ထောက်များနှင့်မတူ။ ပညာတတ်တစ်ယောက် ဖြစ်သည်။ သို့ ငြားလည်း သူ့လူမျိုး လယ်သမားများ၏ ပညာမတတ်ခြင်း၊ မသိနားမလည်ခြင်းတို့ကို နားလည်သူ ဖြစ်သည်။ စစ်တပ်တွင်လည်း အမှုထမ်းခဲ့ဖူးသည်။ လယ်သမားလူထုကို စည်းရုံးနိုင်သူဖြစ်ပြီး သူတို့ အရည်အချင်းများကို အကျိုးရှိအောင် အသုံးပြုတတ်သူ

http://mmteashop.com



ဖြစ်သည်။ သူကား ဆွဲအားကောင်းသည်။ သံလိုက်နှင့်တူသည်။ သူ့နာမည် ကြားလိုက်ရလျှင် အာရပ်တို့မှာ တက်ကြွလှုပ်ရှားလာကြသည်။ သူ့အမိန့်ကို နာခံရန် အသင့်ရှိသည်။ လယ်သမား ထောင်ပေါင်းများစွာတို့သည် ရိုင်ဖယ်များကို ဆွဲကိုင်လျက် ဈေးများ ကျေးရွာများမှ ရောက်လာကြပြီး သူစေခိုင်းရာကို အသက်ပေး ဆောင်ရွက်ကြလိမ့်မည်။

ကျောက်တုံးအိမ်ကလေးထဲတွင် သူ့ကို သဲကန္တာရ ထမင်းစားပွဲဖြင့် ဧည့်ဝတ်ပြုရန် စောင့်ကြိုနေကြသည်။ အငွေ့ထောင်းထောင်းထနေသည့် ထမင်းပေါ်တွင် သိုးကောင်လုံးကင်၏ အနံ့မှာ မွှေးကြိုင်နေသည်။ အက်ဘဒူခါဒါသည် ကြမ်းပြင်ပေါ်တွင် လူတစ်စုထိပ်၌ တင်ပျဉ်ခွေ၍ ထိုင်သည်။ အိမ်ရှင်က သိုးကောင်လုံးကင်မှ မျက်လုံးတစ်ဖက်ကို ထုတ်ယူကာ အက်ဘဒူခါဒါအား ကမ်းလင့်သည်။ ထို့နောက် စကားတွေပြောကြရင်း ထမင်းစားပွဲ စတင်သည်။

ကြမ်းပြင်ပေါ် ထိုင်နေကြသူများအနက် များစွာတို့မှာ ဆယ်နှစ်အတွင်း အက်ဘဒူခါဒါကို ပထမဆုံးအကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။ (၁၉၃၆-၃၉) အာရပ်ပုန်ကန်မှု ကာလအတွင်း အက်ဘဒူခါဒါသည် ပြောက်ကျားခေါင်းဆောင်အဖြစ် နှစ်ကြိမ် ဒဏ်ရာရခဲ့သည်။ ဒုတိယအကြိမ် (၁၉၃၈) တွင် ဒဏ်ရာ အပြင်းအထန်ရပြီး ဆီးရီးယားသို့ ကုလားအုတ်ပေါ်တွင် တင်ကာ ခေါ်သွားရသည်။ သူ့ဒဏ်ရာက သွေးအလွန်ထွက်ပြီး သေလုနီးပါးအခြေ ရောက်ခဲ့သည်။ ဆီးရီးယားမှတစ်ဆင့် အီရတ်သို့ သူ ကူးသွားသည်။ ဗြိတိသျှဆန့်ကျင်ရေး ပုန်ကန်မှုတွင် ပါဝင်သဖြင့် ထောင်လေးနှစ် ကျခဲ့သည်။ ယခု ဘိတ်ဆူရစ်ရွာကလေးသို့ တရားမဝင် ရောက်လာခြင်း ဖြစ်သည်။ ဗြိတိသျှတို့က သူ့အား ပါလက်စတိုင်းသို့ အဝင်မခံ။

အက်ဘဒူခါဒါ၏ ဘဝတစ်ခုလုံးကို ဗြိတိသျှတို့က စိုးမိုးချုပ်ကိုင်ထားခဲ့သည်။ ပထမကမ္ဘာစစ်အပြီး ဂျေရုဆလမ်အား ဗြိတိသျှအထိန်းအသိမ်းခံနိုင်ငံအဖြစ် သတ်မှတ်သည့်အခါ သူ့ဖခင် ဂျေရုဆလမ် မြို့တော်ဝန်က ကန့်ကွက်ဆန့်ကျင်ခဲ့သည်။ ထို့ကြောင့် သူ့ဖခင်ကို မြို့တော်ဝန်အဖြစ်မှ ဖြုတ်ချခဲ့သည်။

(၁၉၃၃) တွင် ကိုင်ရိုမြို့ အမေရိကန်တက္ကသိုလ်မှ ဓာတုဗေဒအဓိကဖြင့် သူ ဘွဲ့ ရခဲ့သည်။ ထိုအခါ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော သူ့ဖခင်နှင့် ယှဉ်တွဲကာ ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ခဲ့သည်။ ထိုအခါမှစ၍ ပါလက်စတိုင်း အီရတ်နှင့် အီဂျစ်တို့တွင် ဗြိတိသျှ ဆန့်ကျင်ရေးတိုက်ပွဲဝင်ရင်း သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံခဲ့သည်။ (၁၉၃၈) တွင် မတ်ဖတီက သူ့အား လက်ရွေးစင် နောက်လိုက်တစ်စုကို ခေါင်းဆောင်စေကာ ဂျာမနီသို့ စေလွှတ်ပြီး ပေါက်ကွဲစေသည့် လက်နက်များ လုပ်ကိုင်နည်းကို သင်ကြားစေသည်။ ကိုင်ရိုအမေရိကန်တက္ကသိုလ် ဓာတုဗေဒ ဓာတ်ခွဲခန်းများမှ ရခဲ့သည့် အတတ်ပညာကို မွမ်းမံစစ်ခြင်း ဖြစ်သည်။

http://mmteashop.com



ယခု ပါလက်စတိုင်းသို့ ထိုနှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လာကာ ရန်သူ အသစ်ကို တိုက်ရန် တာဝန်ယူတော့မည်။ ထမင်းစားပွဲပြီးလျှင် နှုတ်ခမ်းကို အာရပ် ခေါင်းဆောင် ပဝါစွန်းဖြင့် သုတ်ကာ အရေးကြီးသည့်စကားများကို စတင်ပြောကြား သည်။ စကားလုံး ကြီးကြီးကျယ်ကျယ်များ ပြောလေ့မရှိ။ ထို့အတူ မြေထဲပင်လယ်ကို ဂျူးတို့၏ သွေးများဖြင့် နီရဲစေမည်ဟူ၍လည်း မကြုံးဝါးတတ်။

နားထောင်နေသူများကို ယခုလို သူပြောသည်။ "သံတမန်နည်းနဲ့ရော နိုင်ငံရေး နည်းနဲ့ရော ကြိုးစားခဲ့တယ်။ ဒါပေမယ့် ပန်းတိုင်ရောက်ဖို့ မလွယ်ဘူး။ ပါလက်စတိုင်းက အာရပ်တွေအဖို့ တစ်ခုတည်းသော လမ်းသာ ရွေးစရာရှိတယ်။ တို့တိုင်းပြည်ကို ဓားလွတ် ကိုင်ပြီး တို့ကာကွယ်မယ်"

တိုက်ပွဲနည်းဗျူဟာများကို စတင်ဆွေးနွေးသည်။ အကြမ်းဖျင်း သတ်မှတ်သည်။ ဟာဂါနားတပ်ဖွဲ့ စစ်ဆင်ရေးအရာရှိ ယီဂယ်ယာဒင်နည်းတူပင် သူကလည်း ပါလက် စတိုင်း အောင်ပွဲသည် လမ်းများပေါ်တွင် အနိုင်အရှုံး ဆုံးဖြတ်မည်ဖြစ်သည်ကို သူသိ သည်။ သူ့ရွာသား လယ်သမားများ နားလည်ကျွမ်းကျင်သည်မှာ ချုံခိုတိုက်နည်းဖြစ်သည်။ ရန်သူ ထရပ်ကားများကို တားဆီးပြီး ပါလာသည့် လက်နက်ရိက္ခာများကို လုယူမည်။ သူ့ရှေ့တွင် ကော်ဇောပေါ်၌ ပါလက်စတိုင်း မြေပုံကို ဖြန့်ကာ ပြန့်ကျဲနေသော အထီး တည်း ဖြစ်နေသော ဂျူးလူနေဒေသများကို လက်ညှိုးညွှန်ကာ မင်နီဖြင့် ဝိုင်း၍ ပြသည်။ ဂျူးလူနေဒေသနှင့် အဆက်အသွယ် ဖြတ်တောက်မည်။ လက်နက်ရိက္ခာများကို ချုံခို တိုက်ပြီး လုယူမည်။ နောက်ဆုံးတွင် အသက်သွေးကြော လမ်းများကို ပိတ်မည်။ ဤသည် မှာ အာရပ်တို့၏ အဦးဆုံးပစ်မှတ်များ ဖြစ်လေသည်။

ထို့နောက် ပါလက်စတိုင်း မြေပုံအလယ်တည့်တည့်မှ မည်းမည်းနေရာဖြစ်သည့် ဂျေရုဆလမ်မြို့ဆီသို့ သူ့လက်ညှိုး ရောက်သွားသည်။ ထိုဒေသတွင် နေထိုင်လျက်ရှိ သည့် ဂျူးလူမျိုး တစ်သိန်းသည် အလွန်အထိနာမည့် ပါလက်စတိုင်းရှိ ဂျူးပစ်မှတ်ဖြစ် သည်ကို ဒေးဗစ်ဘင်ဂူရီယန် နည်းတူ အက်ဘဒူခါဒါဟတ်ဆေနီ နားလည်သဘော ပေါက်သည်။ လက်နက်နှင့် လူအင်အား အဆင်သင့်ဖြစ်လျှင် ဂျေရုဆလမ်မြို့ကို သူ၏ အာရပ်တပ်များက ဝိုင်းထားမည်။

ထို့နောက် သူ့ လက်နှစ်ဖက်သည် ပါလက်စတိုင်းမြေပုံပေါ်က မည်းမည်းနေရာ ဆီသို့ ကပ်သွားပြီး "ဂျေရုဆလမ်ရဲ့ လည်မျိုကို တို့ ညှစ်သတ်မယ်" ဟု ကတိသစ္စာပြု သည်။

ooo

http://mmteashop.com

# အခန်း (၂)

http://mmteashop.com



အပိုင်း (၇)

# တို့တစ်တွေ အိမ်နီးနားချင်းများ မဟုတ်လား

(၁၉၄၇) ဒီဇင်ဘာလလယ်ရောက်လျှင် ကုလသမဂ္ဂ၏ ပါလက်စတိုင်း ခွဲခြမ်းရေး မဲဆန္ဒပေးသည့်ညက ရွှင်မြူးတက်ကြွခဲ့ရသည်တို့မှာ မှတ်ဉာဏ်တွင် ရေးရေးသာ ကျန်ရစ်ခဲ့သည်။ ဘင်ယေဟူဒါလမ်းတစ်လျှောက်တွင် ခါတ်မီးတိုင်များ၌ တောက်ပသည့် အလံပြာများ လွင့်ပါးနေသည်။ အသုဘ လွမ်းသူ့ ပန်းခွေဟောင်းများမှ အရောင်လွင့်ပြယ်သွားသည့် ဖဲကြိုးများနှင့်တူသည်။ ဂျေရုဆလမ်မြို့၏ ဂျူးရပ်ကွက်၌ နံရံများတွင် ကပ်ထားသည့် ကြေညာချက်ဟောင်းများအပေါ်တွင် ကြေညာချက်အသစ်များကို ထပ်၍ ကပ်ထားသည်။ မြို့တော်တွင် နေထိုင်သည့် အသက်ဆယ့်ခုနစ်နှစ်မှ နှစ်ဆယ့်ငါးနှစ်ရွယ်ရှိ ဂျူးလူမျိုးများ စစ်မှုထမ်းရန် စာရင်းတင်သွင်းဖို့ နှိုးဆော်သည့် ကြေညာချက်များ ဖြစ်သည်။

ထိုနေရာနှင့် ကိုက်သုံးလေးရာအကွာတွင် အာရပ် ရပ်ကွက်၌ အသက်ကြီးသည့် ဦးထုပ်လုပ်သူမှာ အမှာစာများ အချိန်မီပေးနိုင်ရေးအတွက် နေ့မအား ညမအား ဦးထုပ်များ ပြုလုပ်နေရသည်။ ဖိုလစ်အရောက်သည် ဦးထုပ်လုပ်၍ ရောင်းလာသည်မှာ (၁၉၃၆) ကတည်းက ဖြစ်သည်။ သို့သော်လည်း ခွဲခြမ်းရေး ဆန္ဒမဲပေးပြီး နောက်ပိုင်းလောက် အရောင်းရသွက်သည့် အချိန်မျိုးမကြုံဘူးခဲ့ပေ။ မြို့တွင်းသို့ ဝင်လာသည့် အာရပ်များမှာ တစ်နေ့တခြား များလာသည်။ မတ်ဖတီ၏ စစ်သားများအဖြစ် စာရင်း သွင်းလာကြခြင်း ဖြစ်သည်။ သူတို့ခေါင်းတွင် ဖိုလစ်အရောက်ရောင်းသည့် အနီရင့်ရောင် ခမောက်ဦးထုပ်များ ဆောင်း၍ ဝင်သွားလျှင် အမေးအမြန်း မရှိဘဲ လက်ခံသည်။

ဒီဇင်ဘာလလယ်တွင် ဂျေရုဆလမ်မြို့သည် နေ့လယ်ခင်းများတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ မြို့နယ် ဈေးဆိုင်များတွင် ဈေးဝယ်သူများ ခင်းကျင်းပြထားသည်တို့ကို ကြည့်ရှုနေကြသူများမှာ များပြားလှသည်။ မြို့နေလူမျိုးများ ကွဲပြားသလို ခင်းကျင်းထားသည့် ကုန်များမှာလည်း အမျိုးမျိုးဖြစ်ပြီး အရောင်အသွေး စုံလင်သည်။ ပါရှင်းကော်ဇောများ အထပ်လိုက် ပုံနေသည်။ လက်ထိုး ပန်းပုံဖော် ပိုးအင်္ကျီစများ၊ ယီမင်နိုင်ငံသားတို့ ပြုလုပ်သည့် ငွေရင်ထိုးများ၊ ပန်းချီကားပြခန်းများ၊ အရောင်းဆိုင်များ၊ ပဲရစ်လန်

http://mmteashop.com



ဒန် ဟောလီဝုဒ်နှင့် စစ်မဖြစ်မီ အရှေ့ဥရောပနိုင်ငံများမှ သီချင်းဓာတ်ပြားများ ရောင်းသည့်ဆိုင်များ အစီအရီ တည်ခင်းရောင်းချနေကြသည်။ မုန့်မျိုးစုံကို ရစ်ရှမွန်စပျစ်ခြံများမှ ထုတ်လုပ်သည့် ဝိုင်အရက်မျိုးစုံနှင့်အတူ ရောင်းချနေသည်။ ထိုစပျစ်ခြံမှာ ပါလက်စတိုင်းတွင် ပထမဆုံးစုစည်းမိသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ တန္တဗား သမဝါယမမှ ထုတ်လုပ်သည့် နို့ထွက်ပစ္စည်း ရောင်းသည့်ဆိုင်လည်း ရှိသည်။ တစ်နေရာတွင် အီလိုက်ချောကလက်ထုပ်များ အရောင်လက်နေသည်ကို တွေ့ရသည်။ ပန်းဆိုင်၏ မှန်ပြတင်းတွင် ရှုရွန်ဖန်အိမ်များတွင် စိုက်ပျိုးသည့် ရွှေရောင်နှင်းဆီပန်းများ ပြထားသည်။

ဘင်ယေဟူဒါ လမ်းမကြီးနှင့် ပဥ္စမမြောက်ဂျော့ဘုရင် လမ်းမကြီးပေါ်က ကော်ဖီဆိုင်များမှ ကော်ဖီလှော်သည့် အနံ့သည် စူးရှမွှေးကြိုင်သည်။ ထိုလမ်းများတွင် ဗြိတိသျှတို့ စားသောက်သည့် အင်ပီးရီးယဲနှင့် ရှိုင်ယယ်ကဖေးများ ရှိသည်။ အတာရာကဖေးပိုင်ရှင်များသည် ဗြိတိသျှလူမျိုးများ ဝင်၍ သောက်ခွင့်မပြုသည့် အရက်လိုင်စင်ကို ရအောင်ယူထားပြီး အပေါ်ဆုံးထပ်ကို ဟာဂါနားအဖွဲ့၏ ပါလမက်တပ်ဖွဲ့ဝင်များအတွက် သီးသန့် ခင်းကျင်းထားသည်။ ဘရာဇီးကဖေးတွင်မူ ကျောင်းသားများ ဝင်ထွက်လေ့ရှိသည်။

ထိုအနီးဝန်းကျင်တွင် ဂျူးအော်သိုဒေါက်ဂိုဏ်းမှ အင်္ကျီဖြူဝတ်ဂျူးများ လက်ချုပ်ဦးထုပ်လေးများဆောင်းကာ သွားလာနေကြသည်။ မီးရှီယာရင် ဘာသာရေး ပညာရှင်များ၊ ကာကီဘောင်းဘီတိုနှင့် ဆွယ်တာများဝတ်ထားသည့် စုပေါင်း လယ်ယာအဖွဲ့ဝင် အမျိုးသမီးလေးများ၊ ယီမင်အလုပ်သမားများ၊ ဂျာမနီမှထွက်ပြေးလာကြသည့် ဂျူးပြည်ပြေးများသည် လမ်းဘေးစင်္ကြံများတွင် ဟိုသည် သွားလာနေကြသည်။ ပုလိပ်၏မျက်လုံးများကို သူတို့ အမှုမထားကြ။ ဗြိတိသျှစစ်တပ်မှ ကင်းလှည့် မော်တော်ကားများသည် ဟွန်းသံများပေးကာ မောင်းနှင်သွားလာနေသည်။

ထိုလူအုပ်ထဲတွင် ယခုအခါ အရောင်အသွေး စုံလင်သည့်အာရပ်များကို မတွေ့ရပေ။ ခါတိုင်းဆိုလျှင် ဇီယွန်ရုပ်ရှင်ရုံရှေ့တွင် ဖိနပ်တိုက်သည့် အာရပ်လူငယ်လေးများ တန်းစီကာ အော်ဟစ်ပြီး ဖိနပ်တိုက်မည့်သူကို ခေါ်နေကြသည်။ လည်ပင်းတွင် ကြိုးသိုင်းကာ ကော်ဖီကြေးအိုးကြီးများကိုဆွဲပြီး ချူသံပေးပြီး ကော်ဖီရောင်းနေကြသူများကို ရှာ၍မတွေ့ရတော့ပေ။ လမ်းဘေးတွင် မီးသွေးဖိုများဖြင့် မြေပဲလှော်ရောင်းနေသည့် ဆူဒန်လူမျိုးများလည်း ပျောက်ကွယ်သွားသည်။ လား ဝန်တင်များဖြင့် လိမ္မော်သီး၊ ခရမ်းချဉ်သီး၊ မုန်လာဥနှင့် မုန်လာဥနီများရောင်းသည့် တောမှတက်လာသော လယ်သမားကြီးများလည်း ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသည်။

လုံခြုံမှုမရှိသဖြင့် မတ်ဖတီ၏ အမိန့်များကို လိုက်နာသောအားဖြင့် ဂျေရုဆလမ်၏ ဂျူးရပ်ကွက်သို့ အာရပ်များ မသွားကြ။ ရှောင်ကွင်းကြသည်။ ဂျူးနှင့်အာရပ်တို့ အတွက် သွားလာစရာ ဘတ်စ်ကား အသီးသီး ရှိသည်။ ဂျူးများအတွက် အပြာနုရောင် အက်ဂက်

http://mmteashop.com



လိုင်းဖြစ်ပြီး အာရပ်များအတွက် အမျိုးသားကုမ္ပဏီ၏ ငွေရောင်ကားများ ပြေးဆွဲသည်။ ဂျူးတက္ကစီသည် အာရပ်ရပ်ကွက်သို့ မသွား။ အာရပ် တက္ကစီများကလည်း ဂျူးရပ်ကွက် ဝန်းကျင်ကို ရှောင်သည်။ ရပ်ကွက်တစ်ခုမှ ရပ်ကွက်တစ်ခုသို့ သွားရသည်မှာ နိုင်ငံခြား တိုင်းပြည်တစ်ခုသို့ နယ်ခြားမှ ဖြတ်ရသည်နှင့် တူသည်ဟု နိုင်ငံခြား သတင်းစာဆရာ တစ်ယောက်က မှတ်ချက်ချသည်။

အာရပ်နှင့် ဂျူးပြည်သူ့ဝန်ထမ်းများသည် နှစ်ပေါင်းများစွာကပင် တစ်ရုံးတည်း၌ အလုပ်အတူ လုပ်ခဲ့ကြသူများ ဖြစ်သည်။ ယခုမူ ရုံးတက်လာသည်တွင် တစ်ဦးကို တစ်ဦး မယုံကြည်တော့ဘဲ လက်နက်များ ရှာကြသည်။ ဂျူးများအဖို့ တရားရုံးများနှင့် မြို့တော်၏ ဘဏ်တိုက်ကြီးဖြစ်သည့် ဘာကလေဘဏ်များသို့ သွားလျှင် အာရပ် ရပ်ကွက်ကို ဖြတ်၍သွားသည်။ တစ်နေ့တခြား အန္တရာယ်ကြီးလာသည့် ခရီးများ ဖြစ်သည်။ ဂျူးရပ်ကွက်များတွင် ရှိသည့် အစိုးရရုံးများသို့ အာရပ်များ အသက်စွန့်ပြီး သွားလာကြရသည်။ ကျောင်းသားများပင် ကျောင်းသွားကျောင်းပြန်ချိန်များတွင် တစ်ဦးကိုတစ်ဦး ခဲဖြင့် ပစ်ခတ်ကြသည်။

အရေးကြီးသည့် စာတိုက်ကြီး၊ တယ်လီဖုန်း အိတ်ချိန်းဌာနများ၊ အစိုးရဆေးရုံကြီး၊ ပုလိပ်ဌာနချုပ်များ၊ အသံလွှင့်ရုံနှင့် ထောင်တို့မှာ ဘီဗင်ဂရက်ရပ်ကွက် သံဆူးကြိုးကာရံထားသည့် အထဲတွင် တည်ရှိသည်။ စာတိုက်ကြီးသို့ နောက်ဘက်ကဝင်သည့် အပေါက်တစ်ခုကိုသာ ဖွင့်ထားသည်။ သို့တိုင်အောင် သံဆူးကြိုးအတားအဆီးများ အကြား ကွေ့ကောက်ဝင်ရသည်။ အလုပ်မရှိသော ဂျူးစက်ပြင်ဆရာ ဟိန်းခရောက်သည် ထိုဝင်ပေါက်တွင် အာရပ်တစ်ယောက်နှင့် ဗြိတိသျှစစ်သား တစ်ယောက်တို့နှင့်အတူ ကင်းစောင့်တာဝန်ကို ယူရသည်။ အစောင့်အာရပ်များသည် သူတို့ လူမျိုးအချင်းချင်းကိုပင် ဝတ်ရုံကြီးများအောက်တွင် လက်နက်များ ရှာပြီးမှ အဝင်ခံသည်။

ဒီဇင်ဘာ (၁၅) တွင် ဂျူးတို့က အာရပ်တို့အား လည်မျိုညှစ်သတ်မည့် သတိပေးချက်တစ်ခု ပေးသည်။ ယင်းမှာ မြို့တော်သို့ ရေပေးသည့်ပိုက်များကို ဖောက်ခွဲလိုက်ခြင်းပင် ဖြစ်သည်။ ဗြိတိသျှတို့က အပျက်အစီးများကို လိုက်လံပြင်ဆင်နေစဉ် ဂျူးအေဂျင်စီက မြို့တော် ဂျူးရပ်ကွက်ရှိ ရေလှောင်ကန်များကို တိတ်တဆိတ် စစ်ဆေးသည်။

အာရပ်နှင့် ဂျူးတို့ တညီတညွတ်တည်း စုဝေးဆုံစည်းနိုင်သည့် ဒေသမှာ သင်္ချိုင်းဖြစ်သည်။ ခွဲခြမ်းရေး ဆန္ဒမဲပေးပြီးသည့်နောက်ပိုင်း ပထမအပတ်တွင် ထိုနေရာသည်ပင် စိတ်မချရတော့ပေ။ မြို့ထဲတွင် ပထမဆုံးအကြိမ် တစ်ဖက်နှင့်တစ်ဖက် အပစ်အခတ်များ ဖြစ်ပွားရာမှ သေဆုံးသူများကို ပို့သည့် ဂျူးအသုဘ အခမ်းအနားသည် အောလစ်တောင်ကုန်းအတိုင်း ကွေ့ကောက်ကာ သင်္ချိုင်းဆီသို့ သွားရသည်။ ခေါင်းများနောက်မှ လိုက်ပါသည့် အသုဘပို့သူများကို အာရပ် လက်ဖြောင့်တပ်သားများက ချောင်းမြောင်းပစ်ခတ်လေ့ ရှိသည်။

http://mmteashop.com



ညနေတိုင်း အက်ဂက်ဘတ်စ်ကားဆိပ်တွင် ဂျေရုဆလမ်မြို့မှ ဂျူးလူမျိုးများ စောင့်ကြိုနေကြသည်။ ဤသည်မှာ ဂျူးတို့၏ လူနေမှုဘဝ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ဟာဂါးနားတပ်ဖွဲ့မှူးနှင့် အက်ဘဒူခါဒါဟတ်ဆေနီတို့ ကြိုတင်မျှော်လင့်ထားသည့်အတိုင်း မြို့ပြင်ဘက်ကလမ်းများတွင် သက်စွန့်ဆံဖျား သွားလာရသည့် အဖြစ်မျိုးများ ကြုံလာရသည်။ အာရပ်များက ချောင်းမြောင်းပစ်ခတ်သည်။ စနစ်တကျ တိုက်ခိုက်ခြင်းကား မဟုတ်။ သို့သော် ချုံခိုပစ်ခတ်ခြင်းများ တဖြည်းဖြည်း များပြားလာသည်။ ဂျူးတို့မှာ ပင်လယ်ဆိပ်ကမ်းမှ ဂျေရုဆလမ်သို့ ကားဖြင့်လာသည့်အခါ လက်နက်ကိုင်အစောင့်ကားများဖြင့် သွားလာကြရသည်။ အစောင့်တပ်ကို သံမဏိပြားများ ကာရံထားရာ တစ်စီးသည် ရှစ်တန်လေးသည်။ ဘက်အယ်ဝက်မှ ဂျေရုဆလမ်သို့ တောင်ကုန်းများအတိုင်း တက်လာရာတွင် တစ်နာရီ ဆယ်မိုင်နှုန်းသာ မောင်းနိုင်သည်။ ချုံခိုပစ်ခတ်မခံရသည့်နေ့ဟူ၍ မရှိ။

နေမဝင်မီကတည်းက ဘတ်စ်ကားဆိပ်တွင် ဂျူးလူအုပ်ကြီး စုဝေးရောက်ရှိလာသည်။ အစောင့်နှင့် ရောက်လာသည့် ကားတန်းကြီးကို သူတို့ စောင့်ကြိုနေကြသည်။ ကားများ ထိုးဆိုက်လျှင် အပြေးသွား၍ ကြည့်ရသည်။ ရင်တမမနှင့် ကံဆိုးသူ ဘယ်သူလဲ ဟူ၍ စောင့်ကြည့်ကြရသည်။ ကားတံခါးဖွင့်လိုက်လျှင် ဒဏ်ရာရကာ သွေးများပေကျံနေသူများကို သူနာပြုကားဆီသို့ ပို့ရသည်။ ကားထဲမှ နောက်ဆုံးထွက်လာသူများမှာ တစ်ခါတစ်ရံ အသက်ပါမလာတော့။ ကားဘေးကတ္တရာလမ်းပေါ်သို့ အလောင်းကို ချထားသည်။ မိတ်ဆွေများ ဆွေမျိုးသားချင်းများ လာရောက်ကြိုဆိုသည်တွင် အလောင်းကို မြင်လိုက်ရလျှင် ငိုသံများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားရသည်။

ဒီဇင်ဘာ ရက်သတ္တပတ်များတွင် ဂျေရုဆလမ်မြို့တွင် နေထိုင်သည့် ဂျူးများသည် ဟာနွတ်ခါ မီးထွန်းပွဲတော်ကို တပျော်တပါးဆင်နွှဲကြသည်။ ယင်းမှာ မက်ကာကင်းတော်လှန်ရေး အောင်မြင်သည့် အထိမ်းအမှတ်ပွဲ တစ်ခုဖြစ်သည်။ မြို့တော်ရှိ ခရစ်ယာန်များသည်လည်း ခရစ္စမတ်ပွဲ ဆင်နွှဲရန် ပြင်ဆင်နေကြသည်။ ထိုရက်များအတွင်း ပွဲတော်ပြီးသည်အထိ မီးထွန်းပွဲများ ကျင်းပသည်။ မီးတုတ်များ ကိုင်ဆောင်ကာ အပြေးပြိုင်ပွဲများ ကျင်းပသည်။ ဝိုင်းကြီးပတ်ပတ် ကခုန်ပွဲများနှင့် စားသောက်ပွဲများ ကျင်းပသည်။ အာလူးမုန့်များဖုတ်ကာ စားသောက်ကြသည်။

ယခုနှစ် ဒီဇင်ဘာတွင်မူ ဂျေရုဆလမ်မြို့သည် မီးရှူးမီးပန်းများ မရှိတော့ဘဲ အမှောင်အတိ ကျနေသည်။ လူသူမရှိတော့။ လမ်းများပေါ်တွင် ဝိုင်းကြီးပတ်ပတ် ကခုန်ပွဲများမရှိ။ မည်သူမျှ ပွဲလမ်းမလုပ်ရဟု အမိန့်ထုတ်ထားသည်။ ရာသီဥတုမှာ အေးစိမ့်နေသည်။ သို့ဖြစ်ရာ ဂျူးတို့သည် အိမ်ပြင်သို့ မထွက်တော့ဘဲ အိမ်ထဲက ဘုရားစင်ရှေ့တွင် ဖယောင်းတိုင်ပဒေသာ၌ ဖယောင်းတိုင်မီးများ ထွန်းညှိကာ ဟာနွတ်ခါ ပွဲတော်ကို မိသားစုချည်း ဆင်ယင်ကျင်းပသည်။ ညတိုင်း ဘုရားရှိခိုးကာ ဆုတောင်းပတ္ထနာများ

http://mmteashop.com



ပြုသည်။ "ကျွန်တော်တို့ ဘိုးဘေးများ လွတ်မြောက်ရေးစစ်ပွဲများတွင် အောင်ပွဲရအောင် ကူညီစောင့်ရှောက်သည့် ထာဝရဘုရားသခင် အရှင့်အား ဤမီးများ ထွန်းညှိကာ ပူဇော်ပါ၏" ဟု ဆုတောင်း ရှိခိုးကြသည်။

ယခုခရီးသည် ပါလက်စတိုင်းတွင် အတိုဆုံး ဘတ်စ်ကားခရီး ဖြစ်သည်။ ငါးမိနစ် နီးပါးသာ ကြာသည်။ သို့သော်လည်း ကုလသမဂ္ဂ ခွဲခြမ်းရေးဆန္ဒမဲပေးပြီးနောက်ပိုင်းတွင် ဂျူးတစ်ယောက်အဖို့ ဂျေရုဆလင်၏နံပါတ် (၂)ကားပြေးဆွဲသည့် မိုင်ဝက်လမ်းခရီးမှာ အလွန် အန္တရာယ်ကြီးသည့်ခရီး ဖြစ်သည်။ ထိုဘတ်စ်ကားခရီးသည် ဂျေရုဆလင်မြို့ လယ်ကို ဂျက်ဖာတံခါးမှ ဖြတ်ကာ မြို့ဟောင်း၏ အာမေနီယမ်ရပ်ကွက်ဆင်ခြေဖုံးအတိုင်း ရှေးဟောင်းဂျူးရပ်ကွက်၏ အလယ်ဗဟိုကို တောင်ဘက်စွန်း လူနေထူထပ်သည့် လမ်းကြားများမှ ဖြတ်၍သွားသည်။ ဂျေရုဆလင်မြို့သစ်နှင့် ဂျူးရပ်ကွက်ကို ဆက်သွယ်သည့် လမ်းမှာ ဤလမ်းတစ်ခုတည်းသာ ရှိသည်။ မိုင်ဝက်ခရီးသည် ရန်မူမည့် အာရပ်လူအုပ်များအကြား ဖြတ်သွားရသည်။

ဂျူးရပ်ကွက်မှာ မြို့ဟောင်း၏ အရှေ့တောင်ထောင့် ဇီယွန်တောင်ကုန်းမှ ဘုရားကျောင်းတောင်ကုန်းသို့ ဆင်းလာသည့် တောင်စောင်းတွင် တည်ရှိသည်။ တောင်ဘက် နယ်နိမိတ်မှာ မြို့ဟောင်း၏ မြို့ရိုး ဖြစ်သည်။ အနောက်ဘက်တွင် မြောက်အာဖရိကမှ ပြောင်းရွှေ့လာကြသည့် အာရပ်မိသားစုများ၏ ရပ်ကွက်တည်ရှိပြီး မြောက်ဘက်တွင် မွတ်စလင်ရပ်ကွက် တည်ရှိသည်။ ဂျူးရပ်ကွက်၏ အကျယ်အဝန်းမှာ ဘောလုံးကွင်း ဆယ့်ငါးခုစာလောက်ရှိပြီး ယင်းတွင် မြို့ဟောင်း၏ စုစုပေါင်း လူဦးရေ၏ ဆယ်ပုံတစ်ပုံ ဖြစ်သည့် ဂျူးလူမျိုးနှစ်ထောင် နေထိုင်လျက် ရှိသည်။

ဂျူးပညာရှင်များသည် ထိုရပ်ကွက်တွင် ရာစုနှစ်ပေါင်းများစွာက နေထိုင်ခဲ့ကြသည်။ ဂျူးဘုရားကျောင်း နှစ်ဆယ့်ခုနစ်ခု တည်ဆောက်ထားသည်။ တစ်ခါတစ်ရံ ဂျူးဘုရားကျောင်းကို မြေအောက် အထပ်တွင် တည်ဆောက်သည်။ နက်ရှိုင်းသည့်နေရာမှ ဘုရားသခင်ကို တွေ့နိုင်ရန်ဖြစ်သည်ဟု ဆိုသည်။ တစ်ခါတစ်ရံ ဘုရားကျောင်းသည် မြေပြင်အမြင့်တွင် တည်ရှိသည်။

မြို့၏ ခေါင်မိုးပေါ်တွင် ဘုရားကျောင်းမှအပ မည်သည့်အဆောက်အအုံမျှ မတည်ဆောက်ရဟု ယူဆသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် ဂျူးရပ်ကွက်တစ်ခုလုံးတွင် ဘုရားကျောင်းများကို နေရာအနှံ့အပြား၌ တွေ့နိုင်သည်။

အီလီယာဟူ ဟာနာဗီ ဘုရားကျောင်းသည် တမန်တော် အီလီဂျား ဆုတောင်း ပဌနာ ပြုသည့် အထွတ်အမြတ်အဆောက်အအုံ တစ်ခု ဖြစ်သည်။ ယင်းဘုရားကျောင်း၏ ထောင့်တစ်နေရာတွင် ကျိုးပဲ့နေသော ကုလားထိုင်တစ်ခုသည် တမန်တော် ပြန်လာမည်ကို စောင့်နေသည်။ ထို ဘုရားကျောင်းနှင့် ကပ်လျက် ဘင်-ဇာကိုင်ဘုရားကျောင်း တည်ရှိသည်။ လိပ်ခုံးကြီးအောက်တွင် ဇာပြတင်းပေါက်များဖြင့် တည်ဆောက်

http://mmteashop.com



ထားသည်။ ယင်းတွင် ဆိတ်ချိုတံပိုးခရာရှိသည်။ အီလီယာသည် ဂျူးများ၏ လွတ်လပ်ရေးကို တံပိုး ခရာ မှုတ်ကာ ကြေညာမည်ဟု အစဉ်အလာအားဖြင့် ယုံကြည်ကြသည်။ ထိုအခါ မီးအိမ် ကို ထွန်းညှိမည့် ဆီးကရားသည်လည်း အသင့်ရှိနေသည်။ တူရကီဂျူးများ တည်ဆောက်ခဲ့သည့် စတမ်ဘူလီ ဘုရားကျောင်းတစ်ခုလည်း ထိုရပ်ကွက်တွင် တည်ရှိသည်။ ယင်းတွင် ပျက်စီးသွားသော သို့မဟုတ် မပြည့်စုံသော ကျမ်းစာအုပ်များကို သိမ်းဆည်းစောင့်ရှောက်ထားသည်။ တစ်နှစ်တစ်ကြိမ် ကျမ်းစာအုပ် မြေမြှုပ်သင်္ဂြိုဟ်ပွဲ ကျင်းပသည်။ ထိုပွဲတွင် လူသုံးဆယ်သည် ဘုရားကျောင်းမှ ဖယောင်းတိုင်မီးပဒေသာများ ကိုင်ဆောင်ကာ စီတန်းလှည့်လည်ပြီး ကျမ်းစာအုပ်များကို မြေမြှုပ်သင်္ဂြိုဟ်သည်။ တစ်နှစ်တာအတွင်း ပါလက်စတိုင်း၏ ကောက်ပဲသီးနှံများဖြစ်ထွန်းရန် မိုးရွာစေဖို့ ဆုတောင်းကြသည်။ ယင်းတို့တွင် ဗိသုကာလက်ရာ အလှဆုံး ဟာဗာဘုရားကျောင်း တစ်ခုလည်း ဆောက်လုပ်ထားသည်။ ပထမကမ္ဘာစစ်တွင် ပါဝင်ခဲ့သော ဂျူးလီးဂျင်းတပ် တိုက်ပွဲဝင်အလံများကို ထိုဘုရားကျောင်း၌ သိမ်းဆည်းထားသည်။

မြို့ဟောင်းကြီးတွင် ဂျူးဆက်ဆံရေးသည် အမြဲတမ်းလိုလို ကောင်းမွန်ပြေပြစ်သည်။ ဂျူးရပ်ကွက်တွင် အာရပ်ပိုင်ဆိုင်သည့် အိမ်အများအပြား တည်ရှိသည်။ အာရပ်အိမ်ငှား အရာရှိသည် အိမ်ပေါက်စေ့လည်၍ အိမ်လခ ကောက်ခံသည်။ တစ်အိမ်တွင် ခဏနားပြီး အိမ်လခတောင်းသည်။ ထို့နောက် ကော်ဖီတစ်ခွက်သောက်သည်။ ဤသည်မှာ မြင်တွေ့နေကျ မြင်ကွင်း ဖြစ်သည်။ အစ္စလာမ်တို့က ဂျူးဘာသာရေးခေါင်းဆောင်များ၊ ဘုန်းကြီးများကို လေးစားသည်။ ဂျူးဘာသာရေးကျောင်းများတွင် အပြန်အလှန် လေးစားမှုကို တွေ့နိုင်သည်။ ဆင်းရဲသည့် လက်မှုပညာသည်များနှင့် ဈေးဆိုင်ရှင်များကား သူတို့နည်းတူ ဆင်းရဲသည့် အာရပ်အိမ်နီးချင်းတို့ကို ကြင်နာသက်ဝင်သည်။ ဆင်းရဲခြင်းမှာ ဘဝတူ ခံစားမှု ဖြစ်သည်။ ယင်းက ဆက်ဆံရေးကောင်းမွန်မှုကို အထောက်အကူပြုသည်။

သောကြာနေ့ ညနေပိုင်းမှာ ဂျူးဥပုသ်နေ့ ဖြစ်သည်။ ထိုနေ့တွင် ဂျူးတို့သည် ဖယောင်းတိုင်မီးကိုပင် မထွန်းနိုင်။ ထိုအခါ အာရပ် လူငယ်လေးများသည် သူတို့၏ဂျူးသူငယ်ချင်းများ၏ အိမ်များသို့သွားကာ သူတို့ကိုယ်စား မီးများထွန်းညှိပေးသည်။ ပွဲတော်ရက်များတွင် ဂျူးလူငယ်များနှင့် အာရပ်လူငယ်များ အချင်းချင်း လက်ဆောင်များ ဖလှယ်ကြသည်။ အာရပ် ကောက်သိမ်းပွဲတော်ဖြစ်သည့် ဆွတ်ကုတ်ပွဲတော်တွင် ဂျူးတို့က ဗာဒံသီးများယူသွားပြီး လက်ဆောင်ပေးကြသည်။ အီဂျစ်ကျွန်ဘဝမှ လွတ်မြောက်သည့် ဂျူးပွဲလမ်းနေ့တွင် အာရပ်တို့က ပေါင်မုန့်နှင့် ပျားရည်များ ယူဆောင်ကာ လက်ဆောင်ပေးကြသည်။

မြို့ဟောင်းရှိ ဘာသာရေး ခေါင်းဆောင်ပိုင်းနှင့် ဇီယွန်ဝါဒီခေါင်းဆောင်သစ်များမှာ ဆက်ဆံရေး အဆင်မပြေ။ သို့ဖြစ်ရာ မြို့ဟောင်းအတွင်း ဟာဂါနားစည်းရုံးရေးမှာ မကောင်း။ အင်အားနည်းသည်။ ပါလက်စတိုင်း ခွဲခြမ်းရေး ဆန္ဒမဲပေးသည့်ညက ထို

http://mmteashop.com



ဒေသတွင် ဟာဂါနားအဖွဲ့ဝင် ဆယ့်ရှစ်ယောက်သာ ရှိသည်။ အာရပ်အင်အားမှာ ထောင်ချီပြီး ရှိသည်။

ကုလသမဂ္ဂ ဆန္ဒမဲပေးပြီးနောက် အခြေအနေကို လေ့လာရန် ဘယ်လ်ဂျီယန်မှာ မွေးသည့် လက်နက်ပါရဂူ တစ်ယောက်ကို မြို့ဟောင်း ဂျူးရပ်ကွက်သို့ စေလွှတ်လေ့လာစေသည်။ ဂျူးအင်အားစုများ အားလုံးတွင် ရိုင်ဖယ်ဆယ့်ခြောက်လက်ရှိပြီး ဆယ့်လေးလက်သာ အကောင်းပကတိ ရှိသည်။ ထို့ပြင် ပစ္စတိုနှစ်ဆယ့်ငါးခုနှင့် ဖင်လန်လုပ် စက်သေနတ်ကလေးသုံးခု ရှိသည်။ မြို့ဟောင်းသို့ ဆက်သွယ်သည့် နံပါတ်(၂)ဘတ်စ်ကားကို အချိန်မရွေး အာရပ်တို့ ပိတ်ဆို့နိုင်ကြောင်း အားမားသိသည်။ သို့ဖြစ်ရာ လမ်းပွင့်နေချိန်တွင် ဂျူးရပ်ကွက်သို့ ရောက်နိုင်သမျှ လူအင်အားနှင့် ဂိုဒေါင်ကဆုံသမျှ လက်နက်တို့ကို ပို့ပေးမည်ဟု သူ ဆုံးဖြတ်သည်။

အားမားစိတ်ကူးမှာ နောက်ကျ၍ပင်နေသည်။ ယခုအချိန်မှ အစပြုကာ မြို့ဟောင်းရှိ အာရပ်နှင့် ဂျူးတို့ ရန်စောင်လာကြသည်။ တဖြည်းဖြည်း မျက်နှာချင်းဆိုင်၍ မရလောက်အောင် မုန်းတီးလာကြသည်။ ဂျူးရပ်ကွက်တွင် နေထိုင်သည့် အာရပ်လူနည်းစုသည် အပြီးအပိုင် ပြောင်းရွှေ့သွားကြသည်။ အာရပ်မုန့်ဖုတ်သမားတစ်ယောက်ဆိုလျှင် မုန့်ဖိုထဲတွင် နယ်ပြီးသား ဂျုံမှုန့်ကို ဒီအတိုင်းထားခဲ့ပြီး မုန့်ဖိုသော့ကို ဂျူးတို့၏ ဟာဂါနား တပ်ဖွဲ့လက်သို့အပ်၍ ခပ်မြန်မြန် ထွက်ခွာသွားသည်။ မျက်နှာချင်းဆုံမိလျှင် လက်သီးထိုးပွဲများ ဖြစ်လာသည်။ သေနတ်ပစ်သံ တဖောက်ဖောက် ကြားလာရသည်။

ဂျူးဈေးဆိုင်များကို မီးတင်ရှို့သည့် အာရပ်လူအုပ်ကြီးနှင့် အတူလိုက်သွားသည့် ကော်ဖီဆိုင်စားပွဲထိုး နာဒီဗိုင်အိသည် ဂျူးရပ်ကွက်တွင်နေသည့် အာရပ်တစ်ယောက်ဖြစ်သည်။ သူကား ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ ရပ်ကွက်တွင်း အတူနေသည့် ဂျူးများနှင့် သင့်တင့်သည်။

သို့သော်လည်း ကုလသမဂ္ဂ မဲခွဲပြီးသည့်နောက်တွင်မူ "ကျွန်တော်တို့ ဆက်ဆံရေး ပျက်ပြားလာတယ်၊ ဂျူးဆိုရင် ကျွန်တော်တို့ရန်သူ ဖြစ်လာနိုင်ပြီး ကျွန်တော့်ကို သတ်မယ်၊ ကျွန်တော်တို့မြေကို သိမ်းပိုက်မယ့် သူတွေလို့ စိတ်ထဲမှာ ဖြစ်ပေါ်လာတယ်" ဟူ၍ သူ့စိတ်အခြေအနေကို မှတ်မိသမျှ ပြောပြသည်။

ထိုစဉ်က နာဒီသည် ဈေးသို့သွားကာ ပစ္စတိုတစ်လက် ဝယ်သည်။ ဒီဇင်ဘာတစ်ညတွင် သူ့အနီးအနား၌ ပစ်ခတ်သံများ ကြားရသည်။ ထိုအခါ သူလည်း ပြတင်းဆီသို့ ပြေးသွားကာ ညအမှောင်ထဲသို့ ပစ္စတိုထဲမှာ ရှိသမျှ ကျည်ဆန်များကို ပစ်သွင်းလိုက်သည်။ ထိုအခါ လမ်းတစ်ဖက် အမှောင်ထုဆီမှ သနားစဖွယ် တောင်းပန်သံတစ်ခုကို ကြားရသည်။ ဂျူးဥပုသ်နေ့များတွင် သွားရောက်ကာ မီးများထွန်းပေးခဲ့သည့် သူ့မိတ်ဆွေ ဂျူးအမျိုးသမီး၏အသံ ဖြစ်သည်။

http://mmteashop.com



"မပစ်နဲ့၊ မပစ်နဲ့၊ တို့တစ်တွေဟာ နှစ်ပေါင်းများစွာက အတူနေလာခဲ့တဲ့ အိမ်နီးချင်းတွေမဟုတ်လား" ဟု အမျိုးသမီးက အော်၍ပြောသည်။

ဂျေရုဆလမ်တွင် ပါလက်စတိုင်း အခြားဒေသများမှာကဲ့သို့ပင် ဒေးဗစ်ဘင်ဂူရီယန် ချမှတ်သည့် သဘောတရားကို လက်ခံလိုက်နာကြသည်။ ဂျူးတို့မှာ ပိုင်ဆိုင်သမျှကို မစွန့်ခွာဘဲ ကြံ့ကြံ့ခံကာ နေနိုင်ရမည်။ မည်သည့်ဂျူးမျှ ခွင့်ပြုချက်မရဘဲ မိမိတို့ အိမ်၊ လယ်ယာ၊ စုပေါင်းလယ်ယာနှင့် ရုံးတို့ကို စွန့်ခွာ၍ မသွားရ။ ကင်းစခန်းတိုင်း၊ ရွာတိုင်းတို့သည် မိမိတို့ပိုင်နက်ကို တယ်အဗစ်ကဲ့သို့ သဘောထားကာ ဖက်ထားနေကြရမည်။

ထိုသို့ ညွှန်ကြားထားသည့်တိုင် ဂျေရုဆလမ်၏ ဂျူးများသည် အာရပ်တို့နှင့် ရောနှောနေထိုင်သည့် ရပ်ကွက်များမှ ထွက်ခွာစပြုလာသည်။ သူတို့မှာ လူနည်းစု ဖြစ်နေသည် မဟုတ်လား။

အကောင်းဆုံးနည်းမှာ အာရပ်တို့အား ဂျူးပတ်ဝန်းကျင်မှ မောင်းထုတ်ရန်ပင် ဖြစ်သည်ဟု အားမား ဆုံးဖြတ်ချက်ချသည်။ တစ်ချိန်တည်းမှာပင် ဂျူးကျေးရွာများတွင် နေထိုင်သည့် အာရပ်လူနည်းစုကို မောင်းထုတ်ရမည်ဟု သဘောရသည်။

အားမား၏ ပထမနည်းဗျူဟာမှာ စိတ်ဓာတ်စစ်ဆင်ရေး ဖြစ်သည်။ သူ့လူများအား ညအခါ တိတ်တဆိတ် အာရပ်အိမ်တံခါးများတွင် ခြိမ်းခြောက်သည့်စာများ ကပ်ခိုင်းသည်။ "အသက်မသေချင်လျှင် မြန်မြန်ထွက်သွားပါ" ဟူသော စာတန်းများကိုလည်း အာရပ်တို့၏ မော်တော်ကားမှန်များတွင် ကပ်စေသည်။ တစ်ဖန် အနီးဝန်းကျင်ရှိ အာရပ်ခေါင်းဆောင်များအား တယ်လီဖုန်းဆက် ခြိမ်းခြောက်ခိုင်းသည်။ ဂျူးအေဂျင်စီ၏ အတွင်းရေးမှူးတစ်ယောက်ဖြစ်သည့် ရုဂစ်ဖတန်အား အာရပ်အမျိုးသမီး ကေတီအင်တိုးနီးယပ်ဆီသို့ တယ်လီဖုန်းဆက်ရန် တာဝန်ပေးသည်။ ကေတီမှာ မဲဆန္ဒပေးသည့်ညက မြို့ဟောင်း၏ မြို့ရိုးပေါ်တွင် အာရပ်ခေါင်းဆောင်တို့အား ညစာ ထမင်းစားပွဲ တည်ခင်းသူ၊ ဧည့်ခံသူ အာရပ်အမျိုးသမီး ဖြစ်သည်။ သို့သော်လည်း ကေတီ တယ်လီဖုန်းလိုင်းမှာ မအားသဖြင့် မပြောလိုက်ရပေ။

အားမား၏ စိတ်ဓာတ်စစ်ဆင်ရေးမှာ အနည်းငယ်သာ အောင်မြင်သည်။ ထိုအခါ ပို၍ပြင်းထန်သည့်နည်းများကို အသုံးပြုသည်။ ညအခါ ဟာဂါနားတပ်ဖွဲ့များသည် တယ်လီဖုန်းကြိုးများ၊ လျှပ်စစ်မီးကြိုးများကို ဖြတ်သည်။ လူသူမရှိသည့် နေရာများတွင် လက်ပစ်ဗုံးများ ပစ်ခွဲသည်။ မိုးပေါ်ထောင်ကာ သေနတ်များ အဆက်မပြတ် ပစ်သည်။ ထိုဒေသတွင် လုံခြုံမှုမရှိဟန် ဖန်တီးခြင်း ဖြစ်သည်။ နောင်အခါ အစ္စရေးနက်ဆက် ပါလီမန်ဖြစ်လာမည့် တောင်ကုန်းအောက်က ရှိတ်ဘာဒါရပ်ကွက်မှာ အာရပ်လူနေ ရပ်ကွက် ဖြစ်သည်။ ထိုရပ်ကွက်တွင် ညပေါင်းများစွာ ဖော်ပြပါ စိတ်ဓာတ်စစ်ဆင်ရေးလုပ်သည်။ နောက်ဆုံးတွင် တစ်မနက်ခင်း၌ ရှိတ်ဘာဒါမှ အာရပ်များသည် အထုပ်အပိုးပိုက်ကာ ထွက်ပြေးကြသည်။

http://mmteashop.com



တစ်ချိန်တည်းမှာပင် အက်ဘဒူခါဒါ ဟတ်ဆေနီ၏ အာရပ်ပြောက်ကျားသည် ဂျေရုဆလမ်မြို့တော်တွင် စစ်ဆင်ရေး စတင်သည်။ သူတို့သည်လည်း အားမားနည်းတူ စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်ခြင်း ဖြစ်သည်။ "ဂျူးတွေကို ပထမဆုံးသတိပေးတာပဲ"ဟု ဟတ်ဆေနီ၏ တပ်ဖွဲ့ခေါင်းဆောင်တစ်ယောက်က ဆိုသည်။ ပထမဆင်နွှဲသည့်ပွဲတွင် ပစ်မှတ်မှာ ဟာဂါးနားတပ်ဖွဲ့ဝင်တစ်စု နေထိုင်သည့် ဆန်ဟေဒရီးယား ရပ်ကွက်မှ အိမ်တစ်အိမ် ဖြစ်သည်။ ဟီဘရွန်မှ မြင့်မြတ်သောစစ်ပွဲအတွက် တပ်သား (၁၂၀)ဂျေရုဆလမ်သို့ ခေါ်ဆောင်လာသည်။ မိုးမှန်တိုင်းအကြားတွင် သဲချောင်းကိုဖြတ်ကာပစ်မှတ်နှင့် ကိုက်နှစ်ရာအကွာတွင် ရပ်သည်။ အက်ဘဒူခါဒါက သေနတ်တစ်ချက်ပစ်ကာ တိုက်ခိုက်ရန် အမိန့်ပေးသည်။ ဆယ့်ငါးမိနစ်ကြာမျှ အာရပ်တို့ မရပ်မနား ပစ်ခတ်သည်။ ဗြိတိသျှ သံချပ်ကာ ကားတစ်စီး ရောက်လာမှ အပစ်ရပ်ပြီး ဆုတ်ခဲ့သည်။ ဆုတ်ခွာသည်တွင် တစ်ယောက်ကို မြွေကိုက်သဖြင့် သေဆုံးသွားသည်။

✿ ✿ ✿

"သူတို့ ပစ်နေတယ်" ဒရိုင်ဘာက အော်သည်။

သူ့အသံကြားလျှင် ချက်ကိုစလိုဗေးကီးယား ဒါချော့သို့ပန်းစခန်းမှ လွတ်မြောက်ခဲ့သူ အီလီ ဂရင်းဘတ်သည် ဘတ်စ်ကား၏ ပြတင်းများတွင် ကာရံထားသည့် သံမဏိပြားအကြား အပေါက်မှ အပြင်သို့ ချောင်းကြည့်သည်။ ဂျက်ဖာတံခါး အပြင်ဘက် ရင်ပြင်ကျယ်ကြီးတွင် ဆူညံစွာ အော်ဟစ်နေသည့် အာရပ်များ သူတို့ကား ဖြတ်မသွားနိုင်အောင် ရှေ့က တားနေသည်ကို မြင်ရသည်။

တစ်ချိန်တည်းမှာပင် "ဟိုကောင် တို့ကို ပစ်ပြေးသွားပြီ" ဟု အော်ပြောသည်။ သူတို့၏ နံပါတ် (၂) ဘတ်စ်ကားကို စောင့်ကြပ်လိုက်ပါလာသည့် ဗြိတိသျှ သံချပ်ကာကားသည် ဘက်သယ်ဟမ်လမ်းအတိုင်း အမြန်မောင်းပြေးသွားသည်။

ကားပေါ်တွင်ပါလာသည့် ဂရင်းဘတ်နှင့် အခြားခရီးသည် ဆယ်ယောက်မှာ ဟာဂါနားတပ်ဖွဲ့ဝင်များ ဖြစ်သည်။ ဂရင်းဘတ်သည် လေဝင်ပေါက်ကို အမြန်ဖွင့်ကာ လက်ပစ်ဗုံးတစ်လုံးကို လူအုပ်ဆီသို့ ပစ်ထည့်လိုက်သည်။ ကြောက်လန့်ထွက်ပြေးကြသည့် အခွင့်ကောင်းကိုယူပြီး ဒရိုင်ဘာသည် တံခါးကို တစ်ဟုန်ထိုးဖြတ်မောင်းကာ ဆူလေမန်ရဲတိုက်ကို ဖြတ်ကျော်ခဲ့ပြီး အာမေနီယမ် ရပ်ကွက်ဘေးကိုဖြတ်ကာ ဂျူးများနေသည့် လမ်းသို့ ရောက်လာသည်။

ထိုညက မြို့ဟောင်းသို့ ဝင်လာခဲ့သည့် ဂရင်းဘတ်နှင့် သူ့ရဲဘော်များအား ဂျူးရပ်ကွက်ကို ဝိုင်းရံစောင့်ကြပ်နေသည့် ကင်းစခန်းများသို့ တာဝန်ချထားသည်။ ဝါဆော ဘုရားကျောင်း ခေါင်မိုးပေါ်က သဲအိတ်များနောက်တွင် ဂရင်းဘတ် အစောင့်တာဝန်

http://mmteashop.com



ယူရသည်။ အရာရှိတစ်ယောက်က သူ့အနား ဖြတ်သွားပြီး ဧရာမ ကိုခြောက်လုံးပြူး တစ်လက်နှင့် ကျည်ဆန်တစ်တွဲပေးသည်။ စကားဝှက်မှာ ' ဂျူးဒစ် ' ဖြစ်သည်ဟု တိုးတိုး ပြောသည်။ ထို့နောက် လမ်းကြိုလမ်းမြောင်များ တစ်ဖက်ဆီသို့ လက်ညှိုးညွှန်ကာ "သူတို့ အဲဒီမှာ ရှိတယ်" ဟု တိုးတိုးပြောသည်။

ဂရင်းဘတ်သည် သဲအိတ်ထဲ ပျော်ဝင်သွားလောက်အောင် အတင်းတိုး၍ ကပ်သည်။ လွန်ခဲ့သည့် လပေါင်းသုံးဆယ်က သူ့ကို ဒါချော အကျဉ်းစခန်း ပျဉ်ပြားတစ်ချပ်ပေါ်တွင် အားပြတ်ကာ သေဆုံးတော့မည့်ဘဝ၌ အမေရိကန်စစ်သားတစ်ယောက်က တွေ့ကာ ကယ်တင်ခဲ့သည်။ ယခုလည်း ချက်ရတနာကုန်သည်၏ သားဖြစ်သူ ဂရင်းဘတ်မှာ သေမင်းနှင့် ရင်ဆိုင်ရပြန်ပြီ။ သည်တစ်ကြိမ်တွင်မူ ဘာတစ်ခုမျှ အကြောင်းမသိသည့် နိုင်ငံတစ်ခု၊ ရုတ်တရက်ရှောင်တခင် သူ့နိုင်ငံဖြစ်လာသည့် နိုင်ငံတစ်ခုကို ကာကွယ်ရန် ရောက်လာခြင်း ဖြစ်သည်။ အပြင်ဘက်ဆီသို့ စူးစိုက်ကြည့်ရှုနေစဉ် ဂရင်းဘတ်သည် တစ်စုံတစ်ခုကို ထူးထူးဆန်းဆန်း သတိရလာသည်။

ယင်းမှာ ပရက်မြို့တွင် ငယ်စဉ် ကျောင်းသားဘဝက ကျက်မှတ်ခဲ့ရသည့် သမ္မာကျမ်းစာထဲမှ ကောက်နုတ်ချက်တစ်ခု ဖြစ်သည်။ "သင်တို့၏ မြေကတုတ်များဖြစ်သည့် ဂျေရုဆလမ်တွင် အစောင့်အကြပ်များ ကျွန်ုပ်ခန့်ထားသည် "

ဂျူးရပ်ကွက်သို့ အစွန့်အစားမားက အစောင့်အကြပ်အဖြစ်တာဝန်ပေးသူအများအပြားတွင် ဂရင်းဘတ်မှာ တစ်ယောက် ဖြစ်သည်။ ဘတ်စ်ကားနှစ်စီးနှင့် ခာတ်ဆီသုံးစည်အပြည့် လူငါးဆယ်ကို မြို့တွင်းသို့ပို့ရန် ဗြိတိသျှကင်းစောင့် ဒါဇင်ဝက်ခန့်ကို လာဘ်ထိုးရသည်။ နံပါတ် (၂) ဘတ်စ်ကား အခေါက်တိုင်းတွင် ကျောင်းသားများ၊ အလုပ်သမား သို့မဟုတ် ဘာသာရေးသင်တန်းသားများအဖြစ် ကိုယ်ယောင်ဖျောက်ကာ မြို့တွင်းသို့ ဝင်ခဲ့ကြသည်။ ဗြိတိသျှ သံချပ်ကာ ကားနှစ်စီး ခြံရံသည့် သူနာပြုကားတွင် မိုရှေရုတ်စနက်သည် ဆရာဝန် တစ်ယောက်အဖြစ် လိုက်ပါလာသည်။ ဒီဇင်ဘာလလယ်တွင် ဂျူးရပ်ကွက်သို့ လူတစ်ရာ့နှစ်ဆယ်ကို ဟာဂါနားတပ်ဖွဲ့က ခေါ်ယူနိုင်ခဲ့သည်။

သူတို့မှာ အရေးကြီးသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ များသောအားဖြင့်ကား သူတို့မှာ ဂျေရုဆလမ်မြို့၏ ပါလမတ် အရန်တပ်သားများဖြစ်ကြပြီး ဟီဘရူးတက္ကသိုလ်မှ ကျောင်းသားအများအပြားပါဝင်သည်။ စောစောပိုင်းတွင်မူ ဂျူးရပ်ကွက်ရှိ သက်ကြီးရွယ်ကြီး ဘုန်းကြီးများနှင့် ဆက်ဆံရေးအဆင်ပြေသည်။ ဟာဂါနား တပ်ဖွဲ့ဝင်များအား သူတို့၏ ချိုးရေ သုံးရေများကို အသုံးပြုရန် ခွင့်ပြုထားသည်။ အစားအသောက်မှာ ကန့်သတ်ချက်ရှိသည်။ သို့သော် မရှားပါ။ ဥရောပကဖေးတစ်ခုရှိပြီး ယင်းတွင် စိတ်ကြိုက် ဟင်းလျာတစ်ခု မှာစားနိုင်သည်။ အာရပ်ကော်ဖီနှင့် ပျစ်ချွဲချွဲ အဝါရောင် ပူတင်းစားသောက်နိုင်သည်။

ဂျူးဘုရားကျောင်းများမှာ ကြီးပြီး အကွက်အကွင်းကျသော နေရာများတွင်

http://mmteashop.com



တည်ရှိသဖြင့် ဟာဂါနားတပ်ဖွဲ့၏ အခြေခံစခန်းများ ဖြစ်လာသည်။ နစ်ဆန်တက် ဘုရားကျောင်းစခန်းကို စစ်ဆေးရသည့် မာလွမ်ဒရော်သည် သဲအိတ်များအဖြစ် နှစ်ပေါင်း နှစ်ရာခန့်က ကျမ်းစာများ၊ စာအုပ်များကို အသုံးပြုထားသည်ကို တွေ့ရသည်။ လိပ်ခုံး ဘုရားကျောင်းမှ တံခါးဟောင်းတစ်ခုကို ခွာယူလာပြီး ဘုရားကျောင်း၏ ဇာပြတင်းတွင် အကာအကွယ်အဖြစ် အသုံးပြုထားသည်။ လက်ဖြောင့်တပ်သားသည် ယင်းကို အကာအကွယ်ယူကာ အပြင်သို့ ကြည့်နိုင်သည်။

ကင်းစောင့်တပ်သားသည် တံခါးဝတွင်ရပ်ရင်း ခိုက်ခိုက်တုန်အောင် ချမ်းသည်ကို စောင်ဖြင့်ပတ်ကာ အကာအကွယ်ယူထားသည်။ လက်တစ်ဖက်တွင် ပစ္စတိုကို ကိုင်လျက် အခြားတစ်ဖက်တွင် စာအုပ်တစ်အုပ်ကိုကိုင်ကာ ဖတ်နေသည်။ တစ်နေရာတွင် သူ၏ သူငယ်ချင်း ဘာသာရေးကျောင်းသားများသည် သင်ခန်းစာများကို ကျက်မှတ်နေကြသည်။

မြို့တော် အာရပ်ရပ်ကွက်တွင်းသို့ နောက်ထပ်လူသစ်များ တဖွဲဖွဲရောက်လာကြသည်။ ယင်းတို့မှာ ကျေးလက်တွင် စုဆောင်းထားသည့် မတ်ဖတီ၏ တပ်သားများ၊ အီရတ်၊ ဆီးရီးယားနှင့် ဂျော်ဒန်တို့မှ အပျော်တမ်းတပ်သားများ ဖြစ်သည်။ သူတို့သည် ဟာဂါနား တပ်ဖွဲ့ဝင်များနည်းတူ ဂျေရုဆလမ်ကို ကာကွယ်ရန် စိတ်အားထက်သန်လျက် ရှိသည်။ သူတို့ရောက်လာပြီးနောက် ညတိုင်းလိုပင် ကင်းစခန်းများတွင် နှစ်ဖက်က အပစ်အခတ်များ များပြားလာသည်။ ထိုပစ်ခတ်သံများကြောင့် မြို့ဟောင်းမြို့ရိုးကြီးဆီသို့ အပြင်လူများ ချဉ်းကပ်လာကြသည်။ ယင်းတို့မှာ အစိမ်းရောင် စကော့လူမျိုးဝတ်စုံများ ဝတ်ထားသည့် ဗြိတိန်၏ ကျော်ကြားသော တောင်ပေါ်ခြေမြန်တပ်ရင်း အဖွဲ့ဝင်များ ဖြစ်လေသည်။

သူတို့ ရောက်လာသဖြင့်ကား အပစ်အခတ်လျော့မသွား။ ချမ်းအေးသော ဒီဇင်ဘာနေ့ တစ်နေ့တွင် လူတစ်စု အောလစ်တောင်ကုန်းဆီသို့ တက်သွားကြသည်။ သူတို့ ထမ်းလာသည့် ပခုံးပေါ်က ပျဉ်ပြားထက်တွင် အလောင်းတစ်ခု ပါလာသည်။ ေသူမှာ ဆာလမွန် ဖြစ်သည်။ သူကား မြောက်ဘက်ဒေသ စုပေါင်းလယ်ယာမှ ရောက်လာသူဖြစ်ပြီး ဂျေရုဆလမ်ကို ကာကွယ်သည့် ဂျူးတို့တွင် ပထမဆုံး ကျဆုံးသူ ဖြစ်သည်။ မြို့ဟောင်းရှိ နစ်ဆန်ဘက် ဘုရားကျောင်းတွင် ကင်းစောင့်တာဝန် ထမ်းဆောင်နေစဉ် ကျဆုံးခြင်း ဖြစ်သည်။

အာရပ်ဗျူးကား ကိုယ်စားလှယ် ဂေဘီဒီ မျက်စိထဲတွင် သူခေါ်လာသည့်ပုဂ္ဂိုလ်မှာ ဆယ့်ကိုးရာစု ပန်းချီကားထဲက ကျေးတောသားတစ်ယောက်နှင့် တူနေသည်။ ဖယောင်းတိုက်ထားသည့် နှုတ်ခမ်းမွေးတစ်စုံသည် နီညိုရောင်ရှို့တွနေသော မျက်နှာထက်ဆီသို့ ကော့ပျံတက်နေသည်။ ဆီးရီးယား ဝတ်စုံပွပွကို ဝတ်ထားပြီး အာရပ်ခေါင်းဆောင်းအဖြူကို ဆောင်းထားသည်။ ရင်ဘတ်တွင် ကျည်ဆန်များ အပြည့်တပ်ထားသည့် ခါးပတ်ကြီးသည် တောက်ပြောင် ဖောင်းကြွနေသည်။ သူကား အသက်ခြောက်ဆယ်ရှိ

http://mmteashop.com



နေပြီ။ ခါးပတ်တွင် ရွှေရောင်အရိုးကွပ်ဓားမြှောင်သည် ပြောင်လက်နေသည်။ နောက်ကျောတွင် မီးပြောင်းနှင့်တူသည့် ဖောင်းပွပွ ဆလင်ဒါအနက်ရောင်ကို သယ်ဆောင်လာသည်။

သူသည် ဆီးရီးယားမြောက်ပိုင်း အလက်ပိုဒေသမှ ဂျေရုဆလမ်သို့ တစ်ယောက်တည်း ခြေလျင်လျှောက်လာသူ ဖြစ်သည်။ အကြောင်းရှိသည်။ မြင့်မြတ်သည့် မြို့တော်အယ်ကတ်ကို ကာကွယ်ရာတွင် သူပါဝင်ချင်သည်ဟု "ဒီ" အားပြောသည်။ ရောက်သည့် ပထမညတွင် သူ အိပ်၍မပျော်။ တစ်စုံတစ်ရာ တိုက်ခိုက်ပစ်ခတ်ချင်သည်ဟု သူ ဆိုသည်။

သို့ဖြစ်ရာ ဆီးရီးယားအဘိုးအိုကို အခြားတပ်ဖွဲ့ဝင်များနှင့်အတူ မေကော်ဟာယင် ဂျူးရပ်ကွက် ဆင်ခြေဖုံးဆီသို့ "ဒီ" ခေါ်သွားသည်။ ရောက်လျှင် ဟာဂါနားရိုင်ဖယ်သမားများ ခိုအောင်းတတ်သည့် ရေစင်တစ်ခုကို ညွှန်ပြသည်။

"အဲဒီရေစင်ကို ကျုပ်ဖျက်ဆီးပေးမယ်" ဟု သူ ဆိုသည်။ ထို့နောက် ကျောဘက်က ပြောင်းကြီးကို ဖြုတ်သည်၊ ယင်းမှာ ပထမကမ္ဘာစစ်တွင်လည်း အသုံးပြုခဲ့သည့် ပြင်သစ်လုပ် မော်တာအဟောင်းတစ်ခု ဖြစ်သည်။ အောက်ခြေတွင် ယမ်းများထည့်ကာ စနက်မီးတို့ပြီး ပစ်ခတ်ရသည်။ မော်တာကို မြေကြီးတွင် အခြေတည်ရန် ဝိုင်ယာကြိုးများဖြင့် တုပ်ဆိုင်းချည်နှောင်ပြီး သံများဖြင့်ဆူညံအောင်ရိုက်ကာ ပြင်ဆင်သည်။

"သတိထားကြနော်" အောင်မြင်သည့် အသံအောကြီးဖြင့် သူက သတိပေးသည်။ "ဒီ"၏ စိတ်ထဲတွင် မေကော်ဟာဟင်မှ ဂျူးများအား သတိပေးခြင်းဖြစ်သည် ထင်မိသည်။ "ဒီ" နှင့်သူ့ရဲဘော်များ အပြေးအလွှား အကာအကွယ် ယူကြသည်။

နားပွင့် ထွက်သွားမတတ် ပြင်းထန်သည့် အသံကြီးတစ်ခုကို ကြားရသည်။ မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။ အဘိုးအိုနှင့် သူ့မော်တာကြီးသည် မီးခိုးလုံးနှင့်အတူ ပျောက်သွားသည်။ "ဒီ"သည် ရေစင်ဆီသို့ ကြည့်သည်။ ရေစင်ကို မော်တာကျည်ဆန်ထိမည် မျှော်လင့်မိသည်။ ဘာမျှမမြင်ရ။ ခဏကြာလျှင် ကြယ်ပြောက်များ လက်နေသည့် ဂျေရုဆလမ် ကောင်းကင်ကို ကြည်ကြည်လင်လင် မြင်ရသည်။ ရေစင်ကား ပကတိ အတိုင်းပင် ရှိနေသည်။ နောက်ဆုံးတွင် မီးခိုးလုံးများ လွင့်စဉ်သွားပြီး "ဒီ" လည်း ရေစင်ဆီသို့ သွားသည်။

ဘာတစ်ခုမျှ အစအနမကျန်ရစ်။ ဆီးရီးယားအဘိုးအိုနှင့် သူ၏မော်တာသည် အသွေးအသားများနှင့် သတ္တုစများအဖြစ် ထွေးလုံးရစ်ပတ်ကာ သူကာကွယ်မည်ဆိုသော မြို့တော်မြေအပြင်တွင် ပြန့်ကျဲကျန်ရစ်သည်ကို တွေ့ရလေသည်။

အဖြူအပြာကျား လပ်ဆပ်ပြာမှုန့်ဘူးသည် သူနဂိုနေအတိုင်း လက်ဝဲပြုတင်းအောက်ဆုံး လက်ဝဲမှန်အောက်တွင် ရှိနေသည်။ ယင်းကိုမြင်လျှင် ပါလက်စတိုင်း ခွဲခြမ်းမှုမဲပေးသည့်ညက တစ်လမ်းလုံး တွေ့သမျှလူများကို နမ်းရှုပ်ခဲ့သည့် ယူရီကိုဟင်သည်

http://mmteashop.com



လမ်းမှအိမ်လေးထဲသို့ ချိုးဝင်ခဲ့သည်။ အိမ်ထဲတွင် ခုနစ်ယောက် ရောက်နှင့်နေကြသည်။ ပထမဆုံးရောက်သူက အစည်းအဝေးကျင်းပဖြစ်ကြောင်း ဆပ်ပြာမှုန့်ဘူးကို ပြတင်းပေါင်ပေါ်တင်ကာ အချက်ပေးသည်။ အိမ်ထဲမှ နောက်ဆုံးထွက်ခွာသူသည် ဆပ်ပြာမှုန့်ဘူးကို ပြတင်းပေါင်ပေါ်မှ ဖယ်ရှားခဲ့ရသည်။

ရောက်နေနှင့်သူ ခုနစ်ယောက်အဖို့ ယူရိအားရှာမိယားဟူသော နာမည်ဝှက်ဖြင့် သိထားကြသည်။ သူတို့သည် တရားမဝင် မြေအောက်ဂျူးအဖွဲ့ အိုင်ယာဂန်ဇဗိုင်းလျူမိ၏ အဖွဲ့ဝင်များ ဖြစ်သည်။ သူတို့အဖွဲ့ကို ဗြိတိသျှတို့က မုန်းသည်။ အာရပ်တို့က ကြောက်ရွံ့သည်။ များစွာသော သူတို့ လူမျိုးအချင်းချင်းက အသိအမှတ်မပြုဘဲ စွန့်ပယ်ထားသည်။ သူတို့သည် ဇီယွန်ဝါဒီ ဗလာဒီမာဂျေဘိုတင်စကီ၏ ဒဿနကို ဖက်တွယ်ထားသူများ ဖြစ်သည်။ အက်ကာမှအက်မမ်၊ ဟာမွန်တောင်ကုန်းမှ စူးအက်တူးမြောင်းအထိ ကျယ်ပြန့်သည့်နယ်တွင် ဂျူးနိုင်ငံတော်သစ် တည်ဆောက်လိုကြသူများ ဖြစ်သည်။ သူတို့အဖို့ ကိုင်ရိုမြို့တစ်ညနေခင်းတွင် ကလောင်တစ်ချက် ဝှေ့လိုက်ရုံဖြင့် ထရန်းစ်ဂျော်ဒန် ဘုရင်နိုင်ငံတစ်ခု ဖြစ်ပေါ်စေသည်ဟူသော အဆုံးအဖြတ်သည် ဘဲလ်ဖိုးကြေညာချက်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဖျက်ဆီးလိုက်ခြင်းဖြစ်သည်ဟု ယူဆသည်။ သူတို့ကမူ သမ္မာကျမ်းစာတွင်ပါရှိသည့် အစ္စရေးနိုင်ငံတော်နယ်မြေ အကျယ်အဝန်းအတိုင်း လိုချင်သည်။ ဖြစ်နိုင်လျှင် သူတို့ နိုင်ငံတော်တွင် အာရပ်တစ်ယောက်မျှ မရှိစေချင်။

ဂျူးအေဂျင်စီသည် ဂျူးအများစုကို ကိုယ်စားပြုသည့် အဖွဲ့အစည်း ဖြစ်သည်။ ရည်ရွယ်ချက်အောင်မြင်ရန် စေ့စပ်ဆွေးနွေးခြင်းများ ပြုလုပ်သည်။ မလွန်ကျွံအောင် ထိန်းသိမ်းသည်။ ထိုစဉ် အိုင်ယာဂန်နှင့် သူ့လက်အောက်ခံ စတန်းဂိုဏ်းအဖွဲ့ငယ်လေးသည် လက်နက်ဖြင့် အရာရာကို ဖြေရှင်းသည်။ ရည်ရွယ်ချက်အောင်မြင်ရန် လူသတ်ဖို့ ဝန်မလေး။ အကြမ်းဖက်ရာတွင်လည်း နှောင့်နှေးခြင်း မရှိ။ သူတို့အဖွဲ့၏ အမှတ်တံဆိပ်မှာ ရိုင်ဖယ်သေနတ်ပါရှိပြီး လက်သီးဆုပ်နှစ်ခု ဖြစ်သည်။ ဆောင်ပုဒ်မှာ သေနတ်နှင့် လက်သီး ဖြစ်သည်။

သူတို့ ရည်ရွယ်ချက်အောင်မြင်ရန် သွေးထွက်သံယိုမှုများ ပြုလုပ်ခဲ့ကြသည်။ (၁၉၄၆) ဇူလိုင် (၂၂) တွင် ဘုရင်ဒေးဗစ်ဟိုတယ်ကို ဗုံးခွဲသည်၌ အာရပ်များ၊ ဂျူးများနှင့် ဗြိတိသျှလူမျိုးများ ကိုးဆယ်အပါအဝင် အပြစ်မဲ့သူ လူသုံးရာကျော် သေဆုံးခဲ့ရသည်။ ထိုဗုံးခွဲမှုမှာ သမိုင်းတွင်မှတ်တမ်းတင်ရမည့် အကြမ်းဖက်မှုတစ်ခု ဖြစ်သည်။ ဗြိတိသျှဆာဂျင်နှစ်ယောက်ကို ကြိုးပေးသတ်ပြီးနောက် အလောင်းများကို လူမြင်ကွင်းသို့ ဆွဲယူပြသခြင်းအားဖြင့် တစ်ကမ္ဘာလုံး အထိတ်တလန့်ဖြစ်ရသည်။ ဂျူးတို့ ကိုယ်တိုင်ပင် သူတို့ အပြုအမူကို မနှစ်မြို့ကြပေ။

ဂျူးတစ်ယောက်အား ကြိုးပေးသတ်သည်ကို လက်စားချေသည့်အနေဖြင့် ဗြိတိသျှဆာဂျင်နှစ်ယောက်အား ကြိုးပေးသတ်ခြင်း ဖြစ်သည်။ ယင်းအပြုအမူများကြောင့်

http://mmteashop.com



ပါလက်စတိုင်းတွင်ရှိသည့် ဗြိတိသျှတပ်များသည် ဂျူးဆန့်ကျင်ရေးစိတ်များ ဝင်လာရခြင်း ဖြစ်သည်။ ဤသို့ အကြမ်းဖက်မှုများ ကျင့်သုံးသဖြင့် ရည်ရွယ်ချက်အချို့ အောင်မြင်သည်တို့လည်း ရှိသည်။ သူတို့ အကြမ်းဖက်မှုကြောင့် ပါလက်စတိုင်းတွင် ဗြိတိသျှတို့ ကျင့်သုံးနေသည့်ဝါဒကို ဗြိတိန်ပြည်သူတို့ မနှစ်မသက်ဖြစ်လာပြီး ကလီးခင် အက်ဟလီ ဝန်ကြီးချုပ်ဖြစ်လာသည့်အခါ ပါလက်စတိုင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်မှာ သူတို့၏ အကြမ်းဖက်မှု တစ်စိတ်တစ်ဒေသကြောင့်ပင် ဖြစ်သည်။

ကုလသမဂ္ဂက ပါလက်စတိုင်းခွဲခြမ်းရေးကို မဲဆန္ဒပေး ဆုံးဖြတ်ခြင်းသည် ဂျူးတို့ အလိုရှိသည့် မူလ ဇာတိမြေကို အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်အောင် လုပ်ခြင်းဖြစ်ပြီး ယင်းမှာ တရားမဝင်ဟု အိုင်ယာဂန်အဖွဲ့က ယူဆသည်။ တစ်ဖန် ဂျေရုဆလမ် မြို့တော်ကို နိုင်ငံတကာ ထိန်းသိမ်းမှုအောက် ထားရှိမည် ဆိုသည်ကိုလည်း သူတို့ သဘောမတူ။ ရှုတ်ချသည်။ သူတို့ကမူ ဂျေရုဆလမ်သည် ယခင်ကလည်း ဂျူးမြို့တော် ဖြစ်ခဲ့သည်။ နောင်တွင်လည်း ဂျူးမြို့တော် ဖြစ်ရမည်ဟု ယုံကြည်သည်။ ကုလသမဂ္ဂ မဲဆန္ဒ မပေးမီ အိုင်ယာဂန်၏ ခေါင်းဆောင် မီနာချမ်ဘီဂင်က အနာဂတ်တွင် ဂျေရုဆလမ်မြို့ ကိစ္စကို တခြား အရေးကိစ္စများထက် ဦးစားပေး စဉ်းစားရမည်ဟု လျှို့ဝှက်အစည်းအဝေးတစ်ခု၌ ပြောကြားခဲ့သည်။ ဂျေရုဆလမ်ကို နိုင်ငံတကာ ထိန်းချုပ်မှုအောက်တွင် ထားမည့် လုပ်ရပ်မှန်သမျှကို သူတို့ ဆန့်ကျင်မည် ဖြစ်သည်။ ဂျူးနိုင်ငံတစ်ခု တည်ဆောက်ရေး အတွက် ပါလက်စတိုင်းတွင် ဗြိတိသျှလူမျိုးတို့၏ သွေးများ မြေကျခဲ့သလို ဂျေရုဆလမ်ကို ဂျူးနိုင်ငံမြို့တော်အဖြစ် တည်ဆောက်ရေးအတွက် အာရပ်တို့၏သွေးများကို မြေကျအောင် လုပ်ရန် သူတို့ ဝန်မလေးပေ။

ဂျေရုဆလမ်မြို့အနောက်အစွန်ရှိ လစ်ဖတာနှင့် ရိုမိမာရပ်ကွက်တို့မှ အာရပ်များသည် ဂျူးကွန်ဗွိုင်းကားများ တယ်အဖစ်နှင့် သွားလာနေသည်ကို သတင်းပေးသည်ဟု အိုင်ယာဂန်အဖွဲ့က ယူဆသည်။ သို့ဖြစ်ရာ သူတို့ကို စတင်တိုက်ခိုက်ရမည်။ ပြီးမှ မြို့လယ်ရှိ အာရပ်လူအုပ်များကို တိုက်ခိုက်သည်။ ဒီဇင်ဘာ (၁၃) တွင် ဒမတ်စကတ် တံခါး၌ ဈေးဝယ်နေကြသော အာရပ်လူအုပ်ထဲသို့ အိုင်ယာဂန်အဖွဲ့က လက်ပစ်ဗုံးနှစ်လုံး ပစ်သွင်းရာ ခြောက်ယောက် သေဆုံးပြီး၊ လေးဆယ် ဒဏ်ရာရသည်။

အိုင်ယာဂန် အဖွဲ့ဝင်များမှာ အလိုအလျောက် စုရုံးမိကြသူများ ဖြစ်သည်။ စိတ်အားထက်သန်လွန်းသဖြင့် အကြမ်းဖက်လုပ်ငန်းများကို လုပ်ကိုင်ကြခြင်း ဖြစ်သည်။ ယီမင်ရပ်ကွက်တွင် စုရုံးကြသည့် ယူရီကိုဟင်၏ မြေအောက်အဖွဲ့ဝင်ရှစ်ဦးသည် ဤနည်းဖြင့် စုစည်းခဲ့ကြသည်။ တစ်ယောက်မှာ ဘင်ယေဟူဒါလမ်းတွင် လက်တွန်းလှည်းဖြင့် နှင်းဆီပန်းရောင်းသည့် အသက်ကြီးသူ တစ်ယောက် ဖြစ်သည်။

နှင်းဆီပန်းရောင်းရင်း မြေအောက်အဖွဲ့အတွက် သတင်းများ စနည်းနာ စုဆောင်းသည်။ တစ်ယောက်မှာ ယီမင် အလုပ်သမားတစ်ဦးဖြစ်ပြီး စာရေးတတ် ဖတ်တတ်သူ

http://mmteashop.com



မဟုတ်ပေ။ နောက်တစ်ယောက်မှာ မီးရှီယာရင်မှ အော်သိုဒေါက်ပိုလန် ဂျူး ဖြစ်သည်။ သူကား အတက်ကြွဆုံး ဖြစ်လေသည်။

ယူရီကိုဟင်သည် အပစ်အခတ် အတိုက်အခိုက် ဝါသနာပါသဖြင့် အိုင်ယာဂန် အဖွဲ့နှင့် ဆက်သွယ်မိခြင်း ဖြစ်သည်။ ငယ်စဉ်ကမူ ဖျတ်လတ်တက်ကြွခဲ့ရာ အားကစားကွင်း၌ အသုံးချခဲ့သည်။

ဆယ့်ရှစ်နှစ်တွင် ဘုရင့်လေတပ်မတော်သို့ ဝင်သည်။ စစ်တိုက်ချင်သည်။ ပစ်ခတ်ချင်သည်။ ထို့ကြောင့်ပင် နောင်လေးနှစ်ရှိလျှင် အိုင်ယာဂန်သို့ ဝင်ခြင်း ဖြစ်သည်။ သို့သော်လည်း ဘာမျှ မလုပ်ကိုင်ရ။ စွန့်စားခန်းများ မတွေ့ရသေး။ "ဟာဂါနားဟာ ဘာမှ မလုပ်ဘူး၊ ပြီးတော့ အခုထိလည်း ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ရသေးဘူး" ဟု ဆိုသည်။ သူ မကျေနပ်။

ယူရီကိုဟင်မှာ အခြားအဖွဲ့ဝင်များနှင့်မတူ။ သူ့ကို အိုင်ယာဂန်တပ်မှူးသင်တန်းသို့ တက်ရန် အဖွဲ့က ရွေးချယ်ထားသည်။ နောက်တစ်နေ့ သင်တန်းတက်ရမည်။ ထိုအခါ သူမျှော်မှန်းထားသည့် တိုက်ပွဲများအတွက် သင်တန်းက ဖြည့်ဆည်းပေးလိမ့်မည်။

သောကြာနေ့တိုင်း နေ့လယ် မွန်းတည့်ချိန်တွင် ပါလက်စတိုင်းရှိ ဗြိတိသျှတပ်များ၏ ချက်ပလိန် ဂျင်နရယ်ရုံးသို့ "တိုက်ပွဲနှင့်တိုက်ပွဲဖြစ်မည့်နေရာ" လျှို့ဝှက်မှတ်တမ်း မှတ်ပုံတင်ပြီး မိတ္တူအစောင်နှစ်ဆယ်ကို ရုံးအဖွဲ့အရာရှိ တစ်ယောက်က ကိုယ်တိုင် သယ်ဆောင်လာသည်။

ယင်းတွင် စာမျက်နှာ ဒါဇင်ဝက်၌ အရှေ့အလယ်ပိုင်းတွင် စခန်းချထားသော ဗြိတိသျှတပ်တိုင်း၏ လှုပ်ရှားမှုများနှင့် နေရာဒေသများကို ဖော်ပြထားသည်။

ချက်ပလိန်က လျှို့ဝှက်မှတ်တမ်းပါ အကြောင်းအရာများကို သေချာစွာ ဖတ်ရှုပြီးနောက် လုံခြုံသည့် မီးခံသေတ္တာထဲတွင် ထည့်ကာ ဒေးဗစ်ဟိုတယ်အရာရှိ ထမင်းစားခန်းသို့ ထွက်သွားသည်။ တစ်နာရီကြာလျှင် သူ ပြန်လာသည်။ ထိုအချိန်အတွင်း မှတ်တမ်းများ၏ မိတ္တူသည် ဟာဂါနားထောက်လှမ်းရေးသို့ ရောက်သွားသည်။

ကမ္ဘာက တုန်လှုပ်သွားသည့် အကြမ်းဖက်မှုတစ်ခုကို ဖြစ်ပေါ်စေမည့် ထောက်လှမ်းရေး လက်ဦးမှုတစ်ခုပင် ဖြစ်သည်။ ဂျေရုဆလမ်ရှိ ဂျူးတို့မှာ အရေအတွက်နည်းသည်။ သို့ဖြစ်ရာ လက်ပစ်ဗုံးနှင့်ပစ်ကာ ထွက်ပြေးသည့် အကြမ်းဖက်မှုမျိုးဖြင့် အာရပ်တို့ကို မယှဉ်ပြိုင်နိုင်မှန်း ဂျူးတို့ နားလည်သည်။ အာရပ်လူအုပ်ထဲ လက်ပစ်ဗုံး ပစ်မထည့်မီကပင် ဂျူးအေဂျင်စီသည် ထောက်လှမ်းရေးစစ်ပွဲကို စတင်ဆင်နွှဲနေပြီ ဖြစ်သည်။

ဂျေရုဆလမ်တွင် ယူရီအဖွဲ့၏ ခေါင်းဆောင်မှာ ဂျာမန်ဇာတိ နှစ်ဆယ့်နှစ်အရွယ်ရှိ ရူပဗေဒပညာရှင် ရှယ်လဟောဗက်ဖရေယာ ဖြစ်သည်။ ဖရေယာသည် ဗြိတိသျှ ရှစ်နံပါတ်တပ်မတော်တွင် ဆာဂျင်အဖြစ် အမှုထမ်းရင်း အာဖရိက မြောက်အာဖရိက၌ တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ ထိုစဉ်ကပင် ဗြိတိသျှထောက်လှမ်းရေး နည်းဗျူဟာကို

http://mmteashop.com



လက်တွေ့ သင်ယူခဲ့သည်။ နောက်ပိုင်းတွင် အင်္ဂလိပ်မေဂျာ သို့မဟုတ် ကာနယ်အဖြစ် အယောင်ဆောင်ကာ အီတလီမှ ဂျူးများကို တရားမဝင်ခိုးသွင်းခဲ့သည်။ ယခုမူ ဂျေရုဆလမ်မြို့ ဘေဇောလယ်လမ်းတွင် မထင်ရှားသော လူမှုရေးလုပ်ငန်းများ၊ လေ့လာရေးအဖွဲ့လုပ်ကိုင်ရင်း ဗြိတိသျှအုပ်ချုပ်ရေးဌာနများနှင့် စစ်တပ်တို့၌ ထောက်လှမ်းရေးသမားနှစ်ဆယ်ကို မြှုပ်နှံကာ သတင်းများစုဆောင်းသူ ဖြစ်လာသည်။ အာမေနီယန် အတွင်းရေးမှူးကျေးဇူးကြောင့် ဗြိတိသျှမဟာမင်းကြီးရုံးမှ လျှို့ဝှက်ချက်များ ရယူနိုင်ခဲ့သည်။

ဟာဂါနားအဖွဲ့၏ အောင်မြင်မှုမှာ တစ်ဦးချင်း၏ စွမ်းဆောင်မှုများကြောင့် ဖြစ်သည်။ အသက်နှစ်ဆယ့်ကိုးနှစ် အရွယ်ရှိ ဗီဗီယန်ဟာဇော့သည် အောက်စဖို့အသံထွက်ဖြင့် အင်္ဂလိပ်စကားကို ပြောနိုင်သူ ဖြစ်သည်။ နေရာတိုင်းတွင် ဗြိတိသျှ လူငယ်အရာရှိအသွင်ဆောင်ကာ ဝင်ထွက်နိုင်သည်။ ဟားဇော့ကို ဒပ်ဗလင်တွင်မွေးသည်။ သူ့ဖခင်မှာ ပါလက်စတိုင်း၏ ဂျူးဘုန်းတော်ကြီးချုပ် ဖြစ်သည်။ ဟာဂါနားအဖွဲ့နှင့် ဗြိတိသျှစစ်တပ်အကြား ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ယူဆောင်ရွက်သည်။ တကယ့်အလုပ်မှာ ဗြိတိသျှအုပ်ချုပ်ရေးတွင် ဂျူးဘက်တော်သားအရာရှိများ၏ အဖွဲ့တစ်ခုဖြစ်လာအောင် စည်းရုံးရေးပင် ဖြစ်သည်။ သူ့လုပ်ငန်းအောင်မြင်မှုမှာ မထူးဆန်းလှပေ။ သူသည် ဗြိတိသျှထောက်လှမ်းရေးတွင် တစ်နှစ်ခွဲ အတွင်းကျကျ အမှုထမ်းခဲ့သူ ဖြစ်သည်။

ဂျေရုဆလမ်မြို့တွင် ထင်ရှားလူသိများသည့် စာအုပ်ဆိုင်ပိုင်ရှင် အကြီးဆုံးသားမှာ ဟားမင်း ဂျိုးဆက်မေယာ ဖြစ်သည်။ သူ့ကို ဂျာမနီတွင် မွေးဖွားခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက သူသည် အာအေအက်ဖ်အတွက် ဂျာမန်လုဖဝေ့ လေယာဉ်မှူးများ အချင်းချင်းပြောသည့် စကားများကို နားကျပ်တစ်စုံဖြင့် နားထောင်ထောက်လှမ်းခဲ့သူ ဖြစ်သည်။ ယခုမူ ဂျေရုဆလမ်မြို့ (၃၃)ရမ်ဘန်လမ်း မြေအောက်ထပ်ရှိ သူ့အဖေ၏ အိမ်ခန်းတွင် နားကျပ်တစ်စုံဖြင့် ထောက်လှမ်းနေသည်။ ယခု သူ့နားကျပ်သို့ ဝင်လာသည့်စကားများမှာ အင်္ဂလိပ်စကားများ ဖြစ်သည်။ မေယာသည် "ရက်ဘစ်" ဟု မှည့်ခေါ်ထားသည့် ဂျူးထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲ ဖြစ်သည်။

ထိုအဖွဲ့တွင် အင်္ဂလိပ်စကား လည်လည်ဝယ်ဝယ်ပြောနိုင်သည့် ဟာဂါနားအဖွဲ့ဝင် အမျိုးသမီးငယ်များပါဝင်ပြီး နှစ်ဆယ့်လေးနာရီပတ်လုံး အလုပ်လုပ်လျက် ရှိသည်။ သူတို့သည် ဗြိတိသျှပုလိပ်အဖွဲ့၏ ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည့် (၅၈. ၂)မီတာ ရေဒီယိုလှိုင်းကို စောင့်ယူနားဆင်လျက် ရှိသည်။

ထိုထောက်လှမ်းရေးအဖွဲ့၏ အောင်မြင်မှုမှာ အံ့မခန်း ဖြစ်သည်။ သတင်းပေါင်းစုံ ဖရေယာ၏ ဌာနချုပ်သို့ ဝင်လာသည်။ အရှေ့အလယ်ပိုင်းဒေသတွင် ဗြိတိသျှတပ်မတော်၏ အပတ်စဉ်ထောက်လှမ်းရေးသတင်းများ၊ မဟာမင်းကြီး ဆာအယ်လင်ကန်နင်ဟမ်နှင့် လန်ဒန်မြို့ရှိ သူ့အကြီးအကဲများ အပြန်အလှန်ရေးထားသည့်စာများ၊ အမိန့်များ၊ ပါလက်စတိုင်း စစ်ဌာနချုပ်သို့ပေးပို့သည့် အမိန့်များ၊ ဂျူးနိုင်ငံတော်နှင့် အာရပ်

http://mmteashop.com



တို့အခြေအနေ အကဲဖြတ်ချက်များကို ဖရေယာအဖွဲ့က စုဆောင်းမိသည်။

ပို၍ အရေးကြီးသည်မှာ အာရပ်အဖွဲ့အစည်းများအတွင်း ဂျူးထောက်လှမ်းရေးကို မြှုပ်နှံထားနိုင်ခြင်းပင် ဖြစ်သည်။ အာရပ်အဖွဲ့ချုပ် အစည်းအဝေးပြုလုပ်ပြီးနောက် နှစ်ပတ်အတွင်း ယင်း၏ဆုံးဖြတ်ချက်မိတ္တူသည် ဂျေရုဆလမ်ရှိ ဂျူးအေဂျင်စီလက်တွင်းသို့ ရောက်လာသည်။ ကိုင်ရိုမြို့တွင် အခြေစိုက်သည့် ဟတ်ချ်အာမင်ဟတ်ဆေနီ၏ ဌာနချုပ်တွင် ဂျူးထောက်လှမ်းရေး၏ အခကြေးငွေကိုယူသည့် အမှုထမ်းတစ်ယောက် ရှိနေသည်။

ဂျူးအေဂျင်စီ၏ မြေအောက်တွင် အစောင့်များ တင်းတင်းကျပ်ကျပ်ချထားသည့် အခန်းနှစ်ခု ရှိသည်။ ယင်းတွင် ယစ်ရှက်နာဗွန်သည် အဖိုးတန်သတင်းများကို စုဆောင်းနေသည်။ ဂျေရုဆလမ် စာတိုက်ကြီး၏ ဗဟိုခလုတ်ခုံနှင့် ထိုအခန်းနှစ်ခုသည် အထူးကြေးနန်းကြိုးဖြင့် ဆက်သွယ်ထားသည်။ စာတိုက်ကြီးတွင် စာပို့ဌာန တယ်လီဖုန်းဌာန နှင့် ကြေးနန်းဌာနတို့၌ ဂျူးအတတ်ပညာရှင်များက ဂျေရုဆလမ်မြို့ရှိ အာရပ်များ ဗြိတိသျှများ၏ တယ်လီဖုန်းများကို ခိုး၍နားထောင်သည်။ ပါလက်စတိုင်းနှင့် ဥရောပ၊ ပါလက်စတိုင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ ပြောကြသည့် တယ်လီဖုန်းလိုင်းများကိုလည်း ခိုး၍နားထောင်သည်။ ချက်ချင်းပင် နာဗွန်တွင် အော်ပရေတာတိုးလာပြီး နှစ်ဆယ့်လေးနာရီ တာဝန်ထမ်းဆောင်ကာ အာရပ်အချက်အချာဒေသများ၊ ဗြိတိသျှအရာရှိများ ပြောကြားသည့် စကားများကို ခိုးယူနားထောင်သည်။

ဝါဒဖြန့်စစ်ပွဲများကို လျှို့ဝှက်ရေဒီယိုစခန်းများမှာ အပြိုင်ဆင်နွှဲလာသည်။ အာမေနီယမ် ကော်ဇောကုန်သည်တစ်ယောက်၏ ကုန်ပို့သည့် မော်တော်ကားပေါ်တွင် ကော်ဇောများအောက်၌ အသံလွှင့်စက်တစ်ခုမှ နေ့စဉ် ညနေ ခုနစ်နာရီတွင် 'တော်လှန်ရေးအသံ'နာမည်ဖြင့် အသံလွှင့်သည်။

ဟာဂါနားအဖွဲ့၏ အသံလွှင့်စက်ကို အိမ်တစ်ခုတွင် တပ်ဆင်ထားသည်။ ဗြိတိသျှတို့ ဖမ်းမမိနိုင်အောင် လျှပ်စစ်မီးမရှိသည့်နေရာမှ လွှင့်ထုတ်ခြင်း ဖြစ်သည်။ လျှပ်စစ်မီးကို အနီးရှိ ဆေးရုံတစ်ခုမှတစ်ဆင့် တစ်အိမ်ပြီးတစ်အိမ် အဆင့်ဆင့် ဆက်သွယ်ထားသည့် လျှပ်စစ်မီးကြိုးကို ဂျူးအိမ်ရှင်မများက အဝတ်လှန်းသည့် ကြိုးများအဖြစ် အသုံးပြုသည်။ ဘစ်လျှောက်လုံး အဝတ်များ လှန်းထားသည်ကို တွေ့ရသည်။

✿ ✿ ✿

http://mmteashop.com



အပိုင်း (၈)

## ဟာဂါနားတပ်ဖွဲ့၏ ဆန်တာကလော့

မြို့ရိုးတစ်လျှောက် နှင်းများကျနေသည်။ ကောင်းကင်ထက်တွင် လွှန်ခဲ့သည့် နှစ်ပေါင်း (၁၉၄၇)ခုနှစ်က ဂျူဒီယာသိုးကျောင်းသားများနှင့် ဘုန်းကြီးသုံးယောက်ကို တက်သယ်ဟမ်သို့ လမ်းပြပို့ဆောင်စဉ်က လင်းလက်ခဲ့သည့် ကြယ်ကလေးသည် ယခု ဆောင်းညတွင် ခပ်မှိန်မှိန် တောက်ပလျက် ရှိသည်။ ဂျေရုဆလမ်သည် သမိုင်းတွင် မရေ ရာသော ခရစ္စမတ်ပွဲတော်တစ်ခု ကျင်းပရန် ပြင်ဆင်နေသည်။

(၁၉၄၇) တွင် ဂျေရုဆလမ်မှာ အေးချမ်းမှု မရှိ။ ခရစ္စမတ်နားနီးလာလေလေ သေနတ်သံများ ပို၍ ကျယ်လောင်လာလေလေ ဖြစ်သည်။ တိုက်ပွဲများ နေ့စဉ်လိုလို ဖြစ်ပွားနေသည်။ နှစ်ကုန်လျှင် သေဆုံးသူစာရင်းကို အတိအကျသိရသည်။ အာရပ် (၁၇၅)ယောက် ဂျူး (၁၅၀)နှင့် ဗြိတိသျှစစ်သား ဆယ့်ငါးယောက်တို့ ကျဆုံးခဲ့သည်။

အာရပ်များနှင့် ဂျူးများသည် အပြိုင်အဆိုင်ပင် ကျဆုံးသူစာရင်းတွင် ဦးရေ ထပ်၍ တိုးလာအောင် တိုက်ခိုက်နေကြသည်။ ဂျူးလူနေရပ်ကွက်ထဲသို့ အာရပ်သေနတ် သမားတစ်ယောက် ဝင်ရောက်ပစ်ခတ်လျှင် ဂျူးတို့က ချက်ချင်း လက်တုံ့ပြန်သည်။ ဟာဂါနားအရာရှိတစ်ယောက်သည် သူ၏ ရုံးခန်းပြတင်းဝတွင် ဘရင်းဂန်းတစ်ခု ထောင်ကာ ဂျက်ဖာတံခါးအနီး ဈေးဝယ်လာသူ အာရပ်လူအုပ်ထဲသို့ ပစ်ထည့်သည်။ ဂျေရုဆလမ်ရှိ ဂျူးရပ်ကွက်တွင် ဗြိတိသျှစစ်သားနှစ်ယောက် သေနတ်မှန်သည်ကို ဂါရှန် အက်ဗနာ မြင်ခဲ့ရသည်။ သူကား ပါလက်စတိုင်း ခွဲခြမ်းရေးမဲဆန္ဒပေးသည့်ညက ဒေးဗစ် ဘင်ဂူရီယန်ထံသို့ ထိုအကြောင်း သတင်းပို့လာသူ ဖြစ်သည်။ မြို့ဟောင်းဈေးတစ်ခုတွင် အစ္စရေးရှရိုင်းဘားကို အာရပ်ဆယ်ကျော်သက် လူရမ်းကားလေးတစ်စုက ပြန်ပေးဆွဲ သွားသည်။ နာရီအနည်းငယ်ကြာလျှင် သူ့အလောင်းကို ဒမတ်စကတ်တံခါးအနီးတွင် အိတ်တစ်ခုထဲထည့်၍ ပစ်ထားခဲ့သည်ကို တွေ့ရသည်။ ခြေတစ်ဖက်မသန်သည့် ဂျူး သတင်းစာရောင်းသူ နူရီယာအလီမာကို သတင်းစာတစ်စောင်ဝယ်သည့် အာရပ် သေနတ်သမားက ပစ်သတ်လိုက်သည်။ လူကြိုက်များသည့် ကော်လံရေးသူ ရောဘတ် စတန်းကို သတင်းစာတိုက်ရှေ့တွင် သေနတ်ဖြင့် ပစ်သတ်သွားသည်။ သူ့ကော်လံရေး

http://mmteashop.com



သည့် ပါလက်စတိုင်း ပို့သတင်းစာတွင် ဗြိတိန်ပြည်ဖွား စတန်းက သေတမ်းစာတစ်ခု ရေးခဲ့သည်။ "အကယ်၍ ကျွန်တော်သေခဲ့လျှင် အထိမ်းအမှတ်တွေ မလုပ်ပါနှင့်၊ ဂျေရု ဆလမ်တိရစ္ဆာန်ရုံထဲက တိရစ္ဆာန်တွေကို အစာများ ကျွေးမွေးကြရန် မေတ္တာရပ်ခံပါသည်" ဟု စတန်း မှာကြားခဲ့သည်။ နောက်တစ်နေ့တွင် တိရစ္ဆာန်ရုံသို့ ပထမဆုံးအကြိမ် အစာကျွေးရန် သွားကြသည်။ စတန်း၏ အသုဘကားတန်းကြီးထဲသို့ အာရပ် လက်ဖြောင့် တပ်သားများက ကျည်ဆန်များ ပစ်သွင်းသည်။

မြို့တံခါးအပြင်ဘက် ဘက်သယ်ဟမ်သို့သွားရာ လမ်းတစ်လျှောက်တွင် ဂျူး ကားတန်းတစ်ခုကို အာရပ်များက ချုံခိုတိုက်ခိုက်သည်၊ ဂျူးဆယ်ယောက် သေဆုံးသည်။ သူတို့အလောင်းများကို မြင်မကောင်းအောင် အပိုင်းပိုင်းခုတ်ထစ်ထားသည်။

ခရစ္စမတ်အကြိုညတွင်လည်း သေနတ်သံများ ကြားရသည်။ ပါလက်စတိုင်း အသံလွှင့်ဌာနတွင် ခရစ္စမတ်ကပွဲကျင်းပရာ ဆယ်မီအဘိုဆွန်သည် တယောထိုး ဖြေဖျော်သည်။ ကပွဲပြီးလျှင် အဘိုဆွန်သည် မေကော်ဟာယင် ဂျူးရပ်ကွက်ကို ဖြတ်ပြီး ကားမောင်းပြန်လာခဲ့သည်။ သူနေသည့် ကာတာမွန်ရပ်ကွက်ရှိ ဟိုတယ်သို့ ရောက်လျှင် သူ့ကားတွင် ကျည်ဆန်ရာများကို တွေ့ရသည်။ ဂျူးဈေးရပ်ကွက်ကို မီးရှို့ပြီးသည့် နောက်ပိုင်းတွင် သူ့မိသားစုကို စိတ်ချရမည်ထင်သည့် ဟိုတယ်ဆီမိရာမစ်သို့ ရွှေ့ပြောင်း နေရာချထားခဲ့သည်။ ထို ဟိုတယ်ကို သူ့ဦးလေးက ပိုင်သည်။ ယင်းဒေသမှာ အန္တရာယ် ကင်းသည်ဟု ယူဆခဲ့သည်။

ဟိုတယ်တွင် ခရစ္စမတ်အခမ်းအနားအတွက် ပြင်ဆင်နေကြသည်။ အဘိုဆွန် မိသားစုသည် ဖြစ်ပျက်ခဲ့သမျှကို မေ့ထားပြီး ခရစ္စမတ်ညစာစားပွဲတစ်ခု ကျင်းပရန် စိတ်ကူးထားသည်။ ခရစ္စမတ်သစ်ပင်တစ်ခု စိုက်ထူပြီး မွမ်းမံပြင်ဆင်သည်။ ဖယောင်း တိုင်များ ထွန်းညှိသည်။ ညသန်းခေါင်တွင် အနီးရှိ စိန့်ထရီဆာ ဘုရားရှိခိုးကျောင်းသို့ ဝတ်ပြုသွားကြမည်။ ထို့နောက် ဟိုတယ်သို့ ပြန်လာကာ စားသောက်ကြမည်။

ည (၁၁)နာရီ ထိုးခါနီးတွင် စပိန် ဒုတိယကောင်စစ်ဝန်မင်ညူဝယ် အယ်လင်ဒေး ဆလာဇာ ရောက်လာသည်။ သူကား ရွှင်မြူးနေသည်။ ဘက်သယ်ဟမ်ရှိ ခရစ်တော် မွေးဖွားရာအထိမ်းအမှတ် ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပွဲသို့ သူတက်သည်။

ဗြိတိသျှသံချပ်ကာ ကားတစ်စီးနှင့် အတူ ကားတန်းတစ်ခု တောင်ပေါ်လမ်းသို့ ကွေ့ပတ်၍ တက်လာသည်။ နှင်းဆောင်းတောင်ကုန်းများကို ကားမီးများက ထိုးထားရာ မြင်ကွင်းတစ်ခုလုံး ဖြူဖွေးနေသည်။ ကားပေါ်တွင် ဗြိတိသျှ သံအရာရှိ တစ်ယောက် လိုက်ပါလာသည်။ ဂျေရုဆလမ်မြို့၏ အရေးပိုင်အဖြစ် လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ် ခန့်က ဘက်သယ်ဟမ်တောင်ကုန်းထိပ်မှ ရွာကလေးကို ဂျိမ်း၊ ဟိတ်ချ် ပေါ်လောက် ပထမဆုံးအကြိမ် မြင်ဖူးခဲ့သည်။ ထိုစဉ် သူသည် အယ်လင်ဘီ၏ တပ်တွင် ဗိုလ်ကလေး အဖြစ် အမှုထမ်းခဲ့သည်။ နှစ်ပေါင်း သုံးဆယ်အတွင်း သူသည် ပါလက်စတိုင်း၏ ဗြိတိသျှ

http://mmteashop.com



ထိန်းသိမ်းအုပ်ချုပ်ရေးနှင့် ဆက်စပ်နေသည်။ ဤ မြေသို့ အောင်နိုင်သူအဖြစ် ပထမအကြိမ် ခြေချခဲ့ပြီး ယခုမူ စိတ်လက်မကြည်သာသည့် အရာရှိတစ်ယောက်အဖြစ် ပြန်လည်ထွက်ခွာရတော့မည်။

သီချင်းဆိုသံများ ခေါင်းလောင်းသံများ ပတ်ဝန်းကျင်တွင် ကြားရသောအခါ ပါလက်စတိုင်း စိတ်ရောဂါကုဆေးရုံမှ ဒေါက်တာ မိုက်ဘယ်မာလော့သည် မတ်တတ်ရပ်ကာ ဝတ်ပြုသည်။ သူ့အိမ်မှာ ဘုရားကျောင်းနှင့် နီးသည်။ ခရစ္စမတ်ညချမ်းများတွင် ဒေါက်တာမာလော့တို့သည် ပွဲကြီးများ တည်ခင်းကျွေးမွေးလေ့ ရှိသည်။ သူ့ဇနီး ဘက်မာလော့က အာရပ်မက်ဇီခဲဖွယ်များ ပြုလုပ်ပြီး စားပွဲအပြည့် တည်ခင်းထားသည်။ စားသောက်ရင်း သီချင်းသံများကို နားထောင်သည်။ ထို့နောက် ဘုရားကျောင်းရင်ပြင်သို့ သွားရန် အသင့်ပြင်ဆင်သည်။ ခေါင်းလောင်းသံများ ကြားလျှင် ရင်ပြင်သို့ သူတို့သွားကာ ဝတ်ပြုဆုတောင်းကြသည်။

ယခုနှစ်တွင်ကား မာလော့တို့အိမ်တွင် စားပွဲ သောက်ပွဲများ မရှိ။ အခြေအနေက မပေး။ ခေါင်းလောင်းသံကြားလျှင် ဒေါက်တာမာလော့သည် သူ့ဇနီးကို အာရပ် ထုံးစံအတိုင်း နမ်းရှုပ်နှုတ်ဆက်ကာ ဆုမွန်ကောင်းများ တောင်းသည်။ ထို့နောက် ဇနီးမောင်နှံ လက်ချင်းချိတ်လျက် ပြတင်းမှတစ်ဆင့် အမှောင်ထုဆီသို့ ကြည့်ကြသည်။ နှင်းများ ဖွေးဖွေးကျနေသည်။ ဗြိတိသျှစစ်သားများ၏ သီချင်းဆိုသံ ဟစ်ကြွေးသံများကို ကြားရသည်။ "ဒီနှစ်ပျော်စရာမကောင်းဘူး။ ဝမ်းနည်းစရာတွေပဲ ကြုံရတယ်" ဟု မာလော့ စဉ်းစားမိသည်။

ဂျေရုဆလမ်နှင့် မိုင် (၂၅၀၀)ဝေးသည့် ဘယ်လ်ဂျီယမ်နိုင်ငံ အင့်တဝပ်ဆိပ်ကမ်းမြို့ တစ်နေရာတွင် မိုးကာအင်္ကျီဝတ်ထားသော လူငယ်တစ်ယောက်သည် ဗျူးကား တစ်စီးပေါ်မှ ပုလင်းများကို ပွေ့၍ ဆင်းလာသည်။ ခရစ္စမတ်လက်ဆောင်များအဖြစ် သယ်ဆောင်လာခြင်း ဖြစ်သည်။ ဂိုဒေါင်များရှေ့ရှိ ဝင်းတံခါးဝတွင် ဇီးဖိဒါမန်းသည် အစောင့်အား လက်ထဲက ကော့ညက်ပုလင်းများမှာ သူ့ဖို့ဖြစ်ကြောင်း အမူအရာဖြင့် ခေါင်းဆတ်ပြလိုက်သည်။ ကျေးဇူးတင်စွာဖြင့် တံခါးကို ဖွင့်ပေးပြီး အထဲသို့ဝင်ရန် အစောင့်က ခေါ်သည်။

"ပျော်ရွှင်ဖွယ်ခရစ္စမတ်ပါ"ဟု နှုတ်ဆက်ပြီး ဖိဒါမန်းသည် ကော့ညက်ပုလင်းများ ချထားသည်။ ထို့နောက် လက်နှစ်ဖက်ကိုပွတ်ကာ လုပ်ငန်းစရန် ပြင်ဆင်သည်။ ယခု ခရစ္စမတ်နံနက်ခင်းတွင် သူသည် ဟာဂါနားအဖွဲ့၏ ဆန်တာကလော့အဖြစ် အင့်တဝပ်သို့ ရောက်လာခြင်း ဖြစ်သည်။ ဖိဒါမန်းကို ပစ္စည်းအထောင်အသောင်းရှိသည့် ဂိုဒေါင်ကြီးများက ဆီးကြိုနေသည်။

သူနာပြုကားများ၊ ရေတိုင်ကီတင်ကားများ၊ ဂျစ်ကားများ၊ ထရေလာဆွဲထရပ်ကားများ၊ အရာရှိကားများ၊ လက်နက်တင်ဆောင်သည့်ကားများ အထောင်အသောင်း

http://mmteashop.com



တွေ့ရသည်။ လူတစ်ရာမှ တစ်ထောင်အထိဆံ့သည့် ရွက်ဖျင်တဲများ၊ သံခမောက်များ၊ သံကြိုးများ၊ ရေဒီယိုများ၊ စစ်မြေပြင်သုံး တယ်လီဖုန်းများ၊ လမ်းလျှောက်စကားပြောစက်များ၊ လျှပ်စစ်ထုတ်စက်များလည်း အစုလိုက်အပုံလိုက် ရှိသည်။ ကျည်ဆန်ခါးပတ်များ၊ ဘောင်းဘီတို၊ တိုက်ပွဲသုံးဖိနပ်၊ ဆွယ်တာ၊ လက်နှိပ်ဓာတ်မီး၊ ဝတ်စုံများ၊ ရှေးဦးသူနာပြုသေတ္တာများ အထောင်အသောင်း တွေ့ရသည်။ တစ်ကမ္ဘာလုံးရှိ ဂျူးများကို တပ်ဆင်ပေးနိုင်လောက်အောင် ပေါများသည်။ ယခုလောလောဆယ်တွင်မူ လူတစ်သောင်းခြောက်ထောင်ရှိ တပ်တစ်ခုအတွက် လိုအပ်သည့်ပစ္စည်းများကို ရှာဖွေဝယ်ယူရန်တာဝန်နှင့် သူရောက်လာခြင်း ဖြစ်သည်။ ဥရောပသို့ အေးဟတ်အက်ဗရီယယ်ကို လက်နက်ဝယ်ရန် စေလွှတ်သည့်အတိုင်းပင် ဖြစ်သည်။

ဖီဒါမန်းသည် (၁၉၄၀)တွင် ပါလက်စတိုင်းသို့ ရောက်လာသည်။ ထို့နောက် ဗြိတိသျှစစ်သားများအတွက် ကဖေးတစ်ခု ဖွင့်လှစ်သည်။ သည့်အရင်ကမူ ကော်ဖီအရောင်းအဝယ် လုပ်သည်။ နောင်အခါ သူသည် ဗြိတိသျှတပ်မတော်နှင့် ဘုရင့်ရေတပ်သို့ ပစ္စည်းသွင်းသူ ဖြစ်လာသည်။

သူ မပေးသွင်းနိုင်သည့် ပစ္စည်းဟူ၍ မရှိ။ တစ်ကြိမ်က ဘုရင့်ရေတပ်အတွက် ဦးထုပ်တစ်သိန်းကို ခက်ခက်ခဲခဲ ပေးသွင်းနိုင်သည်။ ရက်ပိုင်းအတွင်း ဦးထုပ်တစ်သိန်း ဝယ်ချင်သည်ဟု ကြားရလျှင် တယ်အဗစ်ဆင်ခြေဖုံးတွင် ဦးထုပ်ရှာပုံတော် ထွက်သည်။ ပိုလန်ဦးထုပ် ထုတ်လုပ်သူတစ်ယောက်ထံမှ သက္ကလတ် ဦးထုပ်ဝိုင်းကြီးများကိုဝယ်ပြီး ရေတပ်ဦးထုပ်ဖြစ်အောင် ပုံသွင်းဖိစက်ဖြင့် ပြုလုပ်ရသည်။

နောက် လအနည်းငယ်ကြာသည့်အခါ အိတ်ချ်အမ်အက်ဝါးစပိုက် သင်္ဘောပေါ်တွင် သူသွင်းသည့် ဦးထုပ်များကို ရှုံ့ရှုံ့မဲ့မဲ့ဆောင်းနေကြသည့် ရေတပ်သားများကို တွေ့ရသည်။ ထိုနေ့က မိုးရွာလျက်ရှိရာ သက္ကလတ်ဦးထုပ်မှ ကော်များစီးကျသဖြင့် နံစော်ကာ ရှုံ့မဲ့နေကြခြင်း ဖြစ်သည်။ ထိုကော်ကို သားသတ်ရုံမှ အရိုးများကို အမှုန့်ကြိတ်၍ ဖန်တီးဖော်စပ်ခဲ့ခြင်း ဖြစ်သည်။

ယခုမူ သူသည် အဝယ်တော်တစ်ယောက်ဖြစ်လာပြီး မမွေးဖွားသေးသည့် တပ်မတော်တစ်ခုအတွက် ပစ္စည်းစာရင်း ပြုလုပ်နေသည်။ ဂိုဒေါင်ထဲတွင်တွေ့ရသည့် ပစ္စည်းများအနက် အမေရိကန်တပ်သုံး ပစ္စည်းတင်ထမ်းစင်များကို တွေ့ရသည်။ လေးပင်သည့် ပစ္စည်းများကို သယ်ဆောင်နိုင်သည့် ကိရိယာများ ဖြစ်သည်။ တစ်ခုမှ ဆင့် (၂၀)သာ ပေးရမည်။ ဖီဒါမန်း တွေတွေဝေဝေ စဉ်းစားနေသည်။ အသုံးတည့်မည်ယူဆပြီး သုံးရာဝယ်ရန် စာရင်းတွင်ရေးမှတ်လိုက်သည်။ နောင်အခါ ဂျေရုဆလမ်မြို့ရှိ ဂျူးတို့ကို အဝတ်ဘေးမှ ကယ်တင်ရာ၌ ယင်းတို့သည် များစွာအသုံးဝင်သည်ကို တွေ့ရလေသည်။

၀၀၀

http://mmteashop.com



## အပိုင်း (၉)

## မရေရာသည့် ဘာဝစရိုး

ဘတ်စ်ကားကို ရှာဖွေရန် အမိန့်ပေးသည့် ဗြိတိသျှဗိုလ်မှူးရှေ့တွင် အမျိုးသမီးတစ်ယောက်သည် ထိုင်နေရာမှထပြီး မျက်နှာချင်းဆိုင်သည်။

"ဒါက ဘာသဘောလဲ" အမျိုးသမီးက မေးသည်။

"လက်နက်ရှာတာလေ" ဗိုလ်မှူးက အဖြေပေးသည်။

"မဖြစ်နိုင်ဘူး၊ လက်နက်မရှာရဘူး" အမျိုးသမီးက ဆိုသည်။

"မရှာရဘူး ဟုတ်လား"

အမျိုးသမီးကို တားရမှမရမှန်း သူ သိသည်။ ချက်ချင်းပင် အမျိုးသမီးက ဗိုလ်မှူး၏ မှတ်ပုံတင်ကတ်ပြားကို တောင်းသည်။ ချောင်သော အင်္ဂလိပ်လူမျိုးပီသစွာပင် အိတ်ထဲမှ ကတ်ပြားကို ထုတ်၍ပေးသည်။ သူ့နောက်ဘက်တွင် စစ်သားအချို့ ကျိတ်၍ရယ်ကြသည်။ အမျိုးသမီးက ပြင်းပြင်းထန်ထန် ကန့်ကွက်သော်လည်း ဝတ္တရားမပျက် လက်နက်များ ရှာဖွေသည်။

နောက်ဆုံးတွင် ဗိုလ်မှူးက "အိုကေ ဘတ်စ်ကားသွားနိုင်ပြီ" ဟု ဆိုသည်။

"ခဏလောက်စောင့်ပါဦး၊ အဲဟို ကားထဲက မိန်းကလေးရော" ဂျေရုဆလင် တယ်အဗစ်ဘတ်စ်ကားခရီးတွင် ဟာဂါနာတပ်ဖွဲ့က စောင့်ရှောက်ပေးသည်။ ယင်းတွင် ဂိုလ်ဒါမှာ ခရီးသည်တစ်ယောက်အဖြစ် လိုက်ပါလာသည်။ ဗြိတိသျှတို့က ကားထဲမှ စတင်းဂန်းကိုင်ထားသော အမျိုးသမီးလေးတစ်ယောက်ကို ဖမ်းထားသည်။

ဂိုလ်ဒါမေယာက ကန့်ကွက်နေခြင်းမှာ တစ်ဦးချင်းသဘောမဟုတ်။ အဖွဲ့အစည်းသဘောဆောင်သည်။ ဂျေရုဆလင်တယ်အဗစ်လမ်းမကြီးသည် နိုင်ငံရေးနှင့် များစွာဆက်စပ်နေသည့် လမ်းတစ်ခု ဖြစ်သည်။ ဂျေရုဆလင်မြို့၏ အရေးကြီးပုံ အခြေအနေအရ ပါလက်စတိုင်းတွင် ဂျူးတို့ ရှိနေသမျှ ကာလပတ်လုံး ထိုလမ်းမကြီးကို စောင့်ရှောက်ပေးရမည်ဟု ဟာဂါနာတပ်ဖွဲ့က ယူဆသည်။ ဟာဂါနာက ဤလမ်းမကြီးသည် လူတိုင်း လွတ်လပ်စွာ သွားလာနိုင်သည့်လမ်း ဖြစ်သည်ဟု သဘောထားသည်။ ဗြိတိသျှတို့ဘက်က တပ်မှူးဆာဂေါ်ဒန် မက်မီလန်ကမူ လွတ်လပ်သော လမ်းမကြီးတွင် သူ၏ ကွန်ဗွိုင်ကားများ အနှောင့်အယှက်မရှိ သွားလာနိုင်ရမည်ဟု ယူဆသည်။

http://mmteashop.com



အာရပ်တို့က ထိုသဘောကို လက်ခံပြီး ဗြိတိသျှကွန်ဗွိုင်းကားများကို မပစ်ခတ်။ ဂျူးကားများကိုသာ ပစ်ခတ်သည်။ ဂျူးအေဂျင်စီ ကိုယ်စား ဂိုလ်ဒါမေယာက ဂျူးကွန်ဗွိုင်းကားများတွင် ဗြိတိသျှတို့က ပုလိပ်တပ်ဖွဲ့အစောင့်များ ထည့်ခွင့်ပေးရမည်ဟု တောင်းဆိုသည်။ ဗြိတိသျှတို့မှာ ယခုအထိ လမ်းလုံခြုံရေးတွင် တာဝန်ယူနေရသည်ဟု အကြောင်းပြသည်။ ဗြိတိသျှတို့က သဘောတူသည်။ သို့သော်လည်း ဂျူးကွန်ဗွိုင်းတွင် ပါသည့် ပစ္စည်းများကို စစ်ဆေးရမည်။ ဂျေရုဆလမ်မြို့သို့ လူနှင့်လက်နက် သွင်းလာသည်ကို တားဆီးရမည်။ ထိုလုပ်ငန်းမှာ ဂျူးတို့၏ အဓိကလုပ်ငန်းဖြစ်ရာ ဟာဂါနား လက်နက်ကိုင်တပ်ဖွဲ့ကလည်း လိုက်ပါစောင့်ရှောက်သည်။ ထိုအခါ ဗြိတိသျှတို့က ကားများကို ရပ်ကာ လက်နက်များ ရှာဖွေသည်။ ယင်းလုပ်ငန်းအစား အာရပ် ချုံခိုတိုက်ခိုက်သူများကို အဟန့်အတား ပြုသင့်သည်ဟု ဂျူးအေဂျင်စီက ယူဆသည်။

နောက်ဆုံးတွင် ဗြိတိသျှအစိုးရ၏ အတွင်းဝန်ချုပ် ဆာဟင်နရီဂါနေးထံမှ လက်နက်ရှာဖွေရေး မလုပ်တော့ပါ ဟူသော သဘောတူညီချက်တစ်ခုကို ဂိုလ်ဒါရသည်။ ယခုမူ ဗြိတိသျှဗိုလ်မှူးသည် သဘောတူညီချက်ကို ချိုးဖောက်ကာ စတင်းဂန်းကိုင်သူ ဟာဂါနားတပ်ဖွဲ့ဝင် အမျိုးသမီးငယ်အား ဖမ်းဆီးခေါ်ဆောင်သွားမည်ဟု ဆိုသည်။ အာရပ်နယ်မြေအတွင်းရှိ ပုလိပ်စခန်းတွင် ချုပ်နှောင်ထားလိမ့်မည်။ ဂိုလ်ဒါ တုန်တုန်ယင်ယင် ဖြစ်လာသည်။

"ဒီလိုဆိုရင် ကျွန်မလည်း ရှင်တို့နဲ့ လိုက်ခဲ့မယ်"

"ဘယ်ဖြစ်မလဲ၊ ခင်ဗျားကိုပါ ဖမ်းရလိမ့်မယ်" ဗိုလ်မှူးက ဆိုသည်။

"ကောင်းပြီဗိုလ်မှူး၊ အဲဒါ ကျွန်မဖြစ်စေချင်တာပဲ" ဂိုလ်ဒါလည်း ပြောပြောဆိုဆိုပင် အမျိုးသမီးငယ်၏ ဘေးမှာ ဝင်၍ ထိုင်သည်။

သူ အကျပ်ကိုင်သဖြင့် သူတို့နှစ်ယောက်အား ဂျူးပုလိပ်စခန်းသို့ ခေါ်သွားသည်။ ဗြိတိသျှစာသင်က ဂိုလ်ဒါအား နာမည်မေးသည်။ "အိုး . . . . ဘုရားသခင်" သူ တိုးတိုးပဲ တိုင်တည်ကာ လက်နှစ်ဖက်ဖြင့် သူ့ခေါင်းသူရိုက်ငိုက်သည်။

မိနစ်အနည်းငယ်ကြာလျှင် ပုလိပ်အကြီးအကဲ ရောက်လာပြီး သူ့အား ကော်ဖီတိုက်သည်။ ထို့နောက် သူ၏ သံချပ်ကာကားဖြင့် တယ်အဗစ်သို့ လိုက်ပို့ပေးသည်။ တယ်အဗစ် မြို့ပြင်ရောက်လျှင် ဂိုလ်ဒါက ကားကို အရပ်ခိုင်းသည်။ "အခု ရှင့်မှာ အန္တရာယ်ရှိလာပြီ"ဟု ပြောကာ ကားပေါ်မှ သူ ဆင်းသည်။ ထို ညကား (၁၉၄၇) ဒီဇင်ဘာ (၃၁)ရက်နေ့ည ဖြစ်သည်။ အင်္ဂလိပ်တို့နှစ်သစ်ကူးပွဲ ကျင်းပကြတော့မည်။ သို့ဖြစ်ရာ ပြန်သွားသူ အင်္ဂလိပ်အစောင့်အကြပ်အား "ပျော်ရွှင်သော နှစ်သစ် ဖြစ်ပါစေ"ဟု ပါးစပ်ကို လက်နှစ်ဖက်ဖြင့် အုပ်ပြီး အော်၍ ဆုတောင်းလိုက်သည်။

ထို့နောက် ဂိုလ်ဒါသည် တယ်အဗစ်သို့ ဆက်၍ လျှောက်သွားသည်။

နှစ်သစ်ကို ဂျေရုဆလမ်မြို့တွင် ဆူပူတိုက်ခိုက်သတ်ဖြတ်ခြင်းများဖြင့် စတင်ကြိုဆိုခဲ့သည်။

http://mmteashop.com



တစ်နေ့လယ်ခင်းတွင် ဘိတ်ဆာဖာဖာအာရပ်ဆေးရုံ နောက်ဘက်မှ ချုံခိုပုန်းအောင်းနေသည့် အာရပ်တို့က သမားတော်ကြီး ဒေါက်တာဟယ်ယူဂိုလားအား ပစ်သတ်လိုက်ကြသည်။ သူ့အပေါင်းအသင်း ဂျူးဆရာဝန်များက အာရပ်လူနာများကို သံယောဇဉ်မထားဘဲ အန္တရာယ်ဝေးရာသွားပါဟု သူ့ကိုပြောသော်လည်း လက်မခံဘဲ ဆေးရုံမှာဆက်လက်၍ ဟယ်ယူဂိုလား နေထိုင်ခဲ့သည်။ ထိုသတင်းကို ပါလက်စတိုင်း ရေဒီယိုမှကြားရလျှင် ဒေါက်တာ မိုက်ကယ်မာလော့သည် စိတ်မချမ်းမသာဖြင့် "ဒီလိုမဖြစ်သင့်ဘူးကွယ်" ဟု သူ့ဇနီးအား ပြောသည်။

လက်စားချေရေးများ ဆက်တိုက်ပင် ဖြစ်ပေါ်လာသည်။ နောက်တစ်နေ့ နေ့လယ်ခင်းတွင် ဘက်သယ်ဟမ်ပြင်ဘက်ရှိ လူနာတစ်ယောက်ဆီသို့အသွား မိုက်ကယ်မာလော့အား ပစ်သတ်လိုက်ကြသည်။ သူတို့လင်မယားနှစ်ယောက် ခရစ္စမတ်တွင် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသေးသည်ကို သူ့ဇနီး ဝမ်းနည်းကြေကွဲစွာ အမှတ်ရနေသည်။

ဂျေရုဆလမ်မြို့သားတို့အဖို့ နှစ်သစ်စလျှင်စချင်း တစ်ဖက်နှင့်တစ်ဖက် အမြစ်ကစ၍ မဖျက်ဆီးနိုင်ကြသေး။ ယခုမူ ဟာဂါနားအဖွဲ့နှင့် ဟက်အာမင်ဟတ်ဆေနီတို့မှာ လူသူစုဆောင်းနေရဆဲ ဖြစ်သည်။ အာရပ်လူလတ်တန်းစားများ နေထိုင်သည့် ကာတာမွန်ရပ်ကွက်ဝန်းကျင်တွင် အခြေအနေ ယိုယွင်းစပြုလာသည်။

ထိုရပ်ကွက်တွင် ခရစ်ယာန်အာရပ်များနှင့် လူချမ်းသာဂျူးလူနည်းစုတို့ နေထိုင်ကြသည်။ ဒေသမှာ သေနင်္ဗျူဟာအရ အချက်အချာကျသည့်နေရာ ဖြစ်သည်။ ဂျူးရပ်ကွက်ဖြစ်သည့် မေကော်ဟာယင်နှင့် ဘယ်လဘီးယေး ဂျူးရပ်ကွက်တို့အကြားတွင် တည်ရှိနေလေရာ ယင်းမှာ အာရပ်ပြည်တည်နာတစ်ခုနှင့်တူသည်။ ဂျူးရပ်ကွက်များအကြား ကန့်လန့်ဝင်၍ နေရာယူထားသည်။ ဂျေရုဆလမ်ရှိ ဂျူးတို့၏ပေါင်းစည်းမှုအကြား အခုအခံတစ်ခု ဖြစ်နေသည်။ အာရပ်တို့ဘက်ကကြည့်လျှင် ကာတာမွန်မှာ စစ်ရေးအရ အချက်အချာဒေသ ဖြစ်သည်။ ယင်းကို ခြေကုပ်ယူကာ ဂျေရုဆလမ်ဂျူးအုပ်စုကို နှစ်ပိုင်းကွဲသွားအောင် ဖြိုဖျက်ရမည် ဖြစ်သည်။ သို့ဖြစ်ရာ ထိုရပ်ကွက်ကို ဖြတ်သန်းသည့် ဂျူးမော်တော်ကားများကို အာရပ်တို့က ပစ်ခတ်သည်။ ကာတာမွန်ရပ်ကွက် အိမ်ခေါင်မိုးများပေါ်တွင် နေရာယူကာ မေကော်ဟာယင်ရပ်ကွက်ကို ပစ်ခတ်တိုက်ခိုက်သည်။

ကာတာမွန်တွင် အာရပ်တို့မရှိလျှင် ခြေကုပ်စခန်း ရှိတော့မည်မဟုတ်ဟု ဂျူးတို့ဘက်က ယူဆသည်။ သို့ဖြစ်ရာ နှစ်သစ်ကူးအကြိုညတွင် ရပ်ကွက်အစွန်အဖျားရှိ လူမနေသည့် အာရပ်အိမ်ရှစ်လုံးကို ဟာဂါနားတပ်ဖွဲ့က ဗုံးခွဲဖျက်ဆီးလိုက်သည်။ လမ်းများထဲသို့လည်း ရိုင်ဖယ်ဖြင့် မွှေနှောက်ပစ်ခတ်သည်။ သူတို့၏ရည်ရွယ်ချက် အောင်မြင်သည်။ အာရပ်ဘူဇွာ အိမ်ထောင်စုအများအပြား ဘေးကင်းသည့် ဘီရွတ်၊ အမ်မမ်နှင့် ဒမတ်စကတ်မြို့များသို့ ထွက်ပြေးခိုလှုံကြသည်။

http://mmteashop.com



ထိုအထဲတွင် ဂီဘရေးကာတူးလည်း ပါသည်။ ကာတာမွန်မှ မခွာမီ လေးဆယ့်ရှစ်နာရီက တစ်ဖက်အိမ်မှ အိမ်နီးချင်း ဂျူးမိသားစု၏ အကြီးဆုံးသားသည် သူ့အိမ်ဝသို့ ရောက်လာသည်။ (၁၉၆၃)အာရပ်များ ပုန်ကန်စဉ်ကာလက ဂီဘရေးကာတူးသည် သူ့အိမ်ကို စောင့်ရှောက်ရန် လက်နက်ကိုင်များကို ငှားရမ်းခဲ့သည်။ အိမ်နီးချင်း ဂျူးတို့ကိုလည်း ကာကွယ်စောင့်ရှောက်ရမည်ဟု ကာတူးက လက်နက်ကိုင် အစောင့်တို့အား တောင်းဆိုခဲ့သည်။

ယခုမူ ကာတူးသည် သက်ပြင်းချကာ အိမ်နီးချင်း၏ သားအကြီးအား"အခုတော့ အချိန်မရှိတော့ဘူး၊ မင်းတို့ကို တို့ ဘာမှ အကာအကွယ်မပေးနိုင်ဘူး၊ မင်းတို့ကလည်း တို့ကို ဘယ်လိုမှ ကာကွယ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ မင်းတို့လည်း ပြေးကြပေတော့"ဟု ပြောသည်။

နောက်နှစ်ရက်ရှိလျှင် ဂျူးအိမ်ထောင်တစ်ခုလုံး ပစ္စည်းများကို မြင်းလှည်းတွင် တင်ကာ ဘေးကင်းရာသို့ ပြေးကြသည်။ ထိုနေ့ မနက်မှာပင် ကာတူးမိသားစုလည်း ထရပ်ကားတစ်စီးဖြင့် ကာတာမွန်မှ ခွာသည်။ အိမ်နီးချင်းများက ထိုမိသားစုနှစ်ခု ဝမ်းနည်းပမ်းနည်း ခွဲခွာကြသည်ကို စောင့်ကြည့်နေကြသည်။ ဂျူးမိသားစုသည် တစ်ဖက်သို့သွား၍ အာရပ်မိသားစုက အခြားတစ်ဖက်သို့ သွားသည်ကို သူတို့ မြင်ကြရသည်။

တယ်အဗစ်မြို့ ဟာဂါနား မြေအောက်ဌာနချုပ်သို့ ယခု မစ်ရှေးရှာချမ် ရောက်လာသည်မှာ ဒုတိယအကြိမ် ဖြစ်သည်။ ယခု ရောက်လာရသည့် အကြောင်းမှာ ဂျေရုဆလမ်ရှိ ဟာဂါနားတပ်ဖွဲ့၏ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ရာ သယ်ယူပို့ဆောင်ရေး တာဝန်ယူနေသည့် ရှာချမ်အား ဂျေရုဆလမ်သို့ပို့ရန် အခြေအနေကို ကိုင်တွယ်ဖြေရှင်းနေသည့် စစ်ဦးစီးမှူး ယားကော့ဒိုရီက စီစဉ်သည်။

ဂျေရုဆလမ်မြို့ အခြေအနေမှာ တစ်နေ့တခြား ယိုယွင်းပျက်ပြားလာသည်။ အာရပ်များ ကာတာမွန်ရပ်ကွက်မှ ထွက်ပြေးအောင် အိမ်ရှစ်လုံးကို ဗုံးခွဲဖျက်ဆီးသော်လည်း ဂျူးများပါ အာရပ်တို့နှင့် ရောနှောနေထိုင်ရာ မြို့စွန်ရပ်ကွက်များမှ ထွက်ပြေးကြပြီး ဂျူးဦးရေထူထပ်သည့် ဒေသသို့ သွားရောက်ခိုလှုံကြသည်။ ဂျူးများထွက်မပြေးအောင် တစ်ခုခု စီစဉ်ရမည်ဟု ဒိုရီသဘောရသည်။ ဂျူးများအဖို့ တခြားပြေးစရာ မြေမရှိ၊ အမ်မမ်၊ ဘီရွတ်နှင့် ဒမတ်စကတ်မြို့များသို့ သူတို့ မပြေးနိုင်။ ပြေးစရာဆို၍ ပင်လယ်ပြင်သာ ရှိသည်။ ဂျူးတို့မှာ စိတ်ဓာတ်ပျက်ပြားလာကြသည်။ ဤသည်ကို ဖြစ်နိုင်သည့် နည်းဖြင့် တားဆီးရမည်။

ရှာချမ်သည် ဂျေရုဆလမ်သို့ ရောက်လာပြီး အစ္စရေးအားမား၏ ဌာနချုပ်တွင် သတင်းပို့သည်။ ဂျူးများသည် ဗြိတိသျှပုလိပ်များကို အစောင့်များအဖြစ် ငှားရမ်းပြီး အာရပ်မတ်ဖတီ၏ လက်ဖြောင့်တပ်သားများ၏ ကျည်ဆန်မှ လွတ်အောင် ထွက်ပြေးနေကြသည်ဟု အစ္စရေးအားမားက ပြောပြသည်။

http://mmteashop.com



အားမား၏ ထောက်လှမ်းရေး တပ်ဖွဲ့ကမူ ဤအခြေအနေ ပြောင်းလဲသွားအောင် အာရပ်တို့ စုဝေးသည့် ကာတာမွန် ရပ်ကွက်ထဲတွင် ဗုံးခွဲဖျက်ဆီးရမည်ဟု အကြံပေးသည်။ ထိုအခါ အာရပ်များ ထွက်ပြေးကြပြီး အခြေအနေ ပြောင်းလဲလာလိမ့်မည်ဟု ဆိုသည်။

"ဟုတ်ပြီ၊ ဒါဖြင့် ကာတာမွန်မှာ အာရပ်တွေ စုဝေးတဲ့ ဌာနချုပ်က ဘယ်မှာရှိသလဲ" ရှာချမ်က မေးသည်။

အာရပ်ခေါင်းဆောင်များကလည်း ကာကွယ်ရေး အစီအစဉ်များ ပြုလုပ်သည်။ ကာတာမွန်တွင် အာရပ်အိမ်ရှစ်လုံး ဖောက်ခွဲဖျက်ဆီးခံရပြီးနောက် ဒေသခံ အာရပ်များသည် ကာကွယ်ရေး အဖွဲ့များ ဖွဲ့စည်းသည်။ အက်ဘဒူခါဒါ ဟတ်ဆေနီက တီဗရွန်မှ မတ်ဖတီ၏ သစ္စာရှိသော နောက်လိုက် တစ်ယောက်ကို ဂျေရုဆလမ်သို့ ခေါ်လိုက်သည်။ ထိုပုဂ္ဂိုလ်မှာ စာမတတ်သည့် သိုးကျောင်းသား အီဘရာဟင် အဘိုဒါယေး ဖြစ်သည်။ ပါလက်စတိုင်း တောင်ပိုင်းတွင် လယ်သမား တပ်ဖွဲ့တစ်ခုကို ဒါယေးခေါင်းဆောင်ပြီး ဖွဲ့စည်းခဲ့သည်။ (၁၉၃၆)အာရပ် ပုန်ကန်မှုတွင် တက်ကြွသော ခေါင်းဆောင် တစ်ယောက်လည်း ဖြစ်သည်။

ဇန်နဝါရီ (၃)ရက် စနေနေ့တွင် မစ်ရှေးရှာချမ် ဂျေရုဆလမ်သို့ ရောက်သည်။ ထိုနေ့မှာပင် အဘိုဒါယေး၊ အက်ဘဒူခါဒါနှင့် အီမိုင်းဂိုရီတို့သည် ဂျစ်ကားတစ်စီးဖြင့် ကာတာမွန် ရပ်ကွက်တွင်း တစ်လမ်းဝင်တစ်လမ်းထွက် လှည့်လာကြသည်။ ဒါယေး စုစည်းထားသည့် အာရပ်တပ်သားတစ်ရာကို ဂျေရုဆလမ်မြို့တွင်းသို့ နံပါတ် (၄) ဘတ်စ်ကားဖြင့် လျှို့ဝှက်စွာ ခေါ်ဆောင်နေရာချထားရန် စီစဉ်ကြသည်။ နေဝင်ချိန်တွင် ခေါင်းဆောင်သုံးယောက်သည် ကာတာမွန် ဒေသခံခေါင်းဆောင်များနှင့် စုဝေးတိုင်ပင်ရန် သုံးထပ် အဆောက်အအုံတစ်ခုသို့ ရောက်လာကြသည်။ ယင်း အဆောက်အအုံမှာ ဟိုတယ်ဆယ်မီရာမစ် ဖြစ်သည်။

မစ်ရှေးရှာချမ် သိချင်သည့် အာရပ်ဌာနချုပ်နေရာကို အစ္စရေးအားမား၏ ထောက်လှမ်းရေးအဖွဲ့က ညွှန်ပြသည်။ ကာတာမွန်တွင် အာရပ်များ စုဝေးသည့် နေရာနှစ်ခု ရှိသည်။ တစ်ခုမှာ ကလာရစ်ဟုခေါ်သော ဘော်ဒါဆောင်တစ်ခုဖြစ်ပြီး နောက်တစ်ခုမှာ ဟိုတယ်ဆယ်မီရာမစ် ဖြစ်သည်။ ဟိုတယ်ရှေ့တွင် အက်ဘဒူခါဒါဟတ်ဆေနီ၏ ဂျစ်ကား အကြာကြီး ရပ်ထားသည်ကို သတင်းပေးတစ်ယောက်ကိုယ်တိုင် မြင်ရသည်။ ဂျေရုဆလမ်မြို့ မြေပုံတွင် ထိုအဆောက်အအုံနှစ်ခု နေရာကို ရှာကြည့်သည်။ ဂျူးရပ်ကွက်များနှင့် ဝေးသဖြင့် ဖောက်ခွဲရန် အကောင်းဆုံးနေရာများ ဖြစ်သည်။ မြေပုံကိုကြည့်ပြီး ဟိုတယ်ဆယ်မီရာမစ်ကို ရှာချမ် ရွေးလိုက်သည်။

အပြင်ဘက် ကောင်းကင်တွင် မိုးတိမ်များ တရိပ်ရိပ်တက်လာသည်။ ကောင်းကင်တစ်ခုလုံး ညိုမည်းနေသည်။ မကြာမီ မိုကြီးသည်းထန်စွာ ရွာတော့မည်။ အစ္စရေး

http://mmteashop.com



အားမား၏ ရုံးအဖွဲ့ဝင်များ နေ့စဉ် အစည်းအဝေး စတင် ပြုလုပ်ချိန်တွင် ဟိုတယ်ဆယ်မီရာမစ်၌ အဘိုဆွန်မိသားစုသည် အနီးအနားရှိ စိန့်ထရီဆာ ဘုရားကျောင်းသို့ ဝတ်ပြုသွားရန် (၁၀) နာရီတွင် ထွက်လာခဲ့ကြသည်။ အဘိုဆွန်၏ အမေက ယခုလို ဘေးအန္တရာယ်များ ကျရောက်နေချိန်တွင် ဘုရားသခင်မှတစ်ပါး ကိုးကွယ်ရာ မရှိ။ ထို့ကြောင့် ဝတ်ပြုဆုတောင်းကြရန် မိသားစုဝင် (၁၈)ယောက်အား သတိပေးသည်။

ဝီဒါကာဒတ်သည် ဆမားရီးယား ဘုရင်ခံ၏ ဆယ်ကျော်သက်အရွယ် သမီးငယ်ဖြစ်သည်။ ခရစ္စမတ် ကျောင်းပိတ်ရက်တွင် သူ့အဖေက သမီးကို ဂျေရုဆလမ်သို့ အလည်သွားရန် လွှတ်လိုက်သည်။ ဝီဒါသည် ဘုရားကျောင်းတက်ကာ ဝတ်ပြုပြီးနောက် ဟိုတယ် ဆယ်မီရာဗစ်သို့ ပြန်လာသည်။ နေ့လယ်စာ စားပြီးချိန်တွင် ဟိုတယ်တွင် နေထိုင်သည့် စပိန်ကောင်စစ်ဝန် မင်ညူဝယ်အယ်လင်ဒေး ဆလာဇာသည် ဆာမိအဘိုဆွန်၏ အခန်းသို့ ရောက်လာသည်။ သူ့လက်ထဲတွင် တစ်နေ့ကငှားသွားသည့် စာအုပ်တစ်အုပ်ပါလာသည်။ စာအုပ်နာမည်နှင့် ယခု သူတို့ ကြုံတွေ့နေရသည့် အခြေအနေမှာ တူနေကြောင်း ရယ်မောပြောဆိုကြသည်။ စာအုပ်နာမည်မှာ "မရေရာသည့် ဘဝခရီးသို့" ဖြစ်သည်။

ညနေ နေဝင်ချိန်တွင် လျှပ်စီးလက်ကာ မိုးချုန်းပြီး မိုးသည်းထန်စွာ ရွာသည်။ ကာတာမွန် ရပ်ကွက်တစ်ခုလုံးရှိ လမ်းများတွင် ရွှံ့ရေများ ဖုံးလွှမ်းသွားသည်။ လေပြင်းတိုက်ပြီး မိုးရွာသွန်းသဖြင့် မီးကြိုးများပြတ်ကာ ရပ်ကွက်တစ်ခုလုံး မှောင်ကျသွားသည်။ ဟိုတယ်အမှုထမ်းများ ဖယောင်းတိုင်ရှာကာ မီးထွန်းကြသည်။ ထိုစဉ် ဆာမိအဘိုဆွန်၏ အဒေါ်နှစ်ယောက်သည် ထိတ်လန့်ကာ စိပ်ပုတီးစိပ်ကြသည်။

ညစာထမင်းပွဲတွင် ဖယောင်းတိုင် မီးတောက်များ အငြိမ်မနေ။ ယိမ်းထိုးနေကြသည်။ ပြတင်းမှန်များကို မိုးရေပက်ဖျန်းသည်။ ထိုခဏတွင် အခန်းတံခါးခေါက်သံကြားရသည်။ လက်နက်ကိုင်ထားသည့် အာရပ်တပ်သားနှစ်ယောက် အခန်းထဲဝင်လာပြီး ဟိုတယ်ပိုင်ရှင်၏ သားကို တာဝန်ထမ်းဆောင်ရန် ခေါ်သည်။ သူ့အမေက သားဖြစ်သူ ဟယူဘက်ကို ယခုည မထည့်နိုင်ဟုငြင်းသည်။

"ဒီညမခေါ်ပါနဲ့၊ နက်ဖြန်ည လာခေါ်ပါ၊ နောက်ညတွေလည်း ထည့်နိုင်ပါတယ်၊ တစ်ပတ်လုံး ထည့်နိုင်ပါတယ်၊ ဒီညတော့ ခွင့်လွှတ်ပါ"ဟု သူ့မေက တောင်းပန်သည်။

အစောင့်တပ်သားများ စိတ်ဆိုးပြီး ပြန်ထွက်သွားကြသည်။

ယင်းနှင့် ကိုက်တစ်ရာခန့်ဝေးသည့် ဂျူးခွဲစိတ်ဆရာဝန် တစ်ယောက်၏ အိမ်တွင် ဂျေရုဆလမ်မြေပုံကို လူလေးယောက် လေ့လာနေကြသည်။ ပစ်မှတ်ဆီသို့ သွားရာလမ်းကို မစ်ရှေးရှာချမ် လက်ညှိုးဖြင့် ထောက်၍ ရှာသည်။ သူတို့ကား ဖောက်ခွဲရေးလေးဦး အဖွဲ့ဖြစ်သည်။ သူတို့ကို ဟာဂါနား သေနတ်သမားများက အကာအကွယ်ပေးသည်။ မိုးသည်းသည်း ရွာနေသောလမ်းပေါ်တွင် ဟမ်းဘားကားတစ်စီးနှင့် ပလိုင်းမောက် ကား

http://mmteashop.com



တစ်စီး ရပ်ထားသည်။ ယင်းတို့ဖြင့် ဟိုတယ်ဆယ်မီရာမစ်သို့ သူတို့ သွားကြမည်။ ဟိုတယ်ရောက်လျှင် မြေအောက်ခန်းတံခါးကို ဖွင့်ရန် ဆယ်မိနစ် အချိန်ရမည်။ ကားထဲမှာပါလာသည့် တင်အင်တီယမ်း(၁၇၅)ပေါင်ရှိသည့် ဗုံးများကို ဟိုတယ် အောက်ခြေတိုင်များတွင် နေရာချထားပြီး စနက်တံကို မီးရှို့ရမည်။ ဖောက်ခွဲရမည့် အချိန်မှာ ညတစ်နာရီတိတိတွင် ဖြစ်သည်။

မိုးကား အဆက်မပြတ် ရွာနေသည်။ "မြေကြီးကရော ကောင်းကင်ကပါ မိုးတွေရွာသည်" ဆိုသည့် ဆိုရိုးစကားအတိုင်း ရွာနေခြင်း ဖြစ်သည်။ ဟိုတယ်ဆယ်မီရာမစ်တွင် ဆာမီအဘိုဆွန်နှင့် ဝမ်းကွဲညီအစ်ကို သုံးယောက် ဗရစ်ဖဲ ကစားနေကြသည်။ စောစောက ရောက်လာသည့် စပိန်ကောင်စစ်ဝန်သည် အပေါ်ထပ် သူ့အခန်းသို့ ပြန်တက်သွားသည်။ အခန်းထောင့် တစ်နေရာတွင် အဘိုဆွန်၏ အဒေါ်နှစ်ယောက် ဘုရားဝတ်ပြုနေကြသည်။ ဆယ့်တစ်နာရီသာသာတွင် သူတို့ အိပ်ရာဝင်သည်။ အိပ်ရာဝင်ရန် လှေကားအတိုင်း တက်သွားသည့် ဝီဒါကာဒတ်အား သူ့အစ်မတစ်ယောက်က "မကြောက်နဲ့နော်" ဟု အားပေးစကား ပြောသည်။ သန်းခေါင်ရောက်လျှင် ဟိုတယ်တွင် ဖယောင်းတိုင်များ ငြိမ်းသွားပြီး မှောင်အတိကျသွားသည်။

မိုးကား မစဲသေး။ ထုံးစံအတိုင်းဆိုလျှင် ကာတာမွန် ကင်းစခန်းများတွင် ဒေသခံတပ်ဖွဲ့ဝင်သုံးဆယ် စောင့်ကြပ်လေ့ ရှိသည်။ ယခုလို မိုးရွာနေစဉ် ဂျူးတို့ ဝင်ရောက်တိုက်ခိုက်ကြမည် မဟုတ်ဟု ယူဆကာ အစောင့်အချို့ အိမ်ပြန်အိပ်ကြသည်။ သန်းခေါင်တွင် သူ့ကင်းလှည့်ပြီးပြီဖြစ်၍ အသက်နှစ်ဆယ်ရှိ ဥပဒေကျောင်းသား ပီတာဆာလေးသည် အိမ်သို့ ပြန်သွားသည်။ သူ့နေရာတွင် အစားဝင်သူ မရှိ။ စုစုပေါင်း ရှစ်ယောက်သာကင်းစောင့်တာဝန်ယူလျက် ရှိသည်။

ဟမ်းဘားနှင့် ပလိုင်းမောက်ကားနှစ်စီး ဆယ့်ငါးမိနစ်စော၍ ဆယ်မီရာမစ်သို့ရောက်လာသည်။ မျက်နှာချင်းဆိုင်ရှိ သီလရှင်ကျောင်းမှအစောင့်က ကားနှစ်စီးရပ်သည်ကို မြင်လိုက်သည်။ ကားထဲမှ အိတ်နှစ်ခုဆွဲကာ လူနှစ်ယောက်ပြေးထွက်လာပြီး ဟိုတယ်ဆီပြေးသွားသည်ကို သတိထားမိသည်။

ဟိုတယ်မြေအောက်ခန်းတံခါးမှာ သော့ခတ်ထားသည်။ အက်ဗရီဂီးသည် ခါးပတ်တွင် ချိတ်ထားသည့် လက်ပစ်ဗုံးတစ်လုံးကိုဖြုတ်ပြီး တံခါးတွင်ချိတ်ကာ ဖောက်ခွဲလိုက်သည်။ တံခါးပတ္တာများ ပျက်စီးပြီး ပွင့်ထွက်သွားသည်။ ကွန်မန်ဒိုအဖွဲ့ဝင်နှစ်ယောက် မြေအောက်ခန်းထဲသို့ ယမ်းဘီလူးအိတ်များဆွဲကာ ပြေးဝင်သွားကြသည်။

လက်ပစ်ဗုံးပေါက်ကွဲသဖြင့် ပြတင်းမှန်များ ကွဲကျသည့်အသံများကြောင့် ဝီဒါကာဒတ် အိပ်ပျော်ရာမှ နိုးလာသည်။ သူ့အဒေါ်မာရီယာ သူ့ကိုခေါ်သည့်အသံကို မှောင်ထဲတွင်ကြားရသည်။ "ကြမ်းပြင်ပေါ် မှောက်နေ"ဟူသော အခြားသံတစ်ခုကိုလည်း ဝီဒါကြားရသည်။

http://mmteashop.com



ပြတင်းမှန်များ ကွဲကျသံကြောင့် အဘိုးဆွန်လည်း အိပ်ရာမှနိုးလာသည်။ လမ်းထဲတွင် တိုက်ပွဲဖြစ်သည်ဟု သူ ထင်သည်။ ထို့နောက် အောက်ဘက်က ခြံဝင်းထဲတွင် မှန်ကွဲများပေါ် လျှောက်သွားသည့် အသံများကို သူကြားရသည်။ တစ်ဖန် ဟီဘရူးလို "အခု မလုပ်နဲ့ဦး၊ မလုပ်နဲ့ဦး" ဟူသော စကားသံတစ်ခုကိုလည်း ကြားရသည်။ အခန်းပြင်ဘက်တွင် အဖေ၊ အမေနှင့် ဦးလေး၊ ဒေါ်လေးတို့ ညဝတ်အင်္ကျီဝတ်ကာ စုဝေးနေသည်ကို တွေ့ရသည်။ ကြောက်စိတ်ဖြင့် တိုးတိုးမေးမြန်းပြောဆိုနေကြသည်။ ဧည့်ခန်းတွင် သွားထိုင်နေကြရန် အဘိုးဆွန်က သတိပေးပြီး တယ်လီဖုန်းဆီသို့ ပြေးသွားသည်။

နံပါတ် (၉၉၉)ကိုခေါ်သည်။ ယင်းမှာ ကင်းလှည့်ပုလိပ်တပ်ဖွဲ့က နံပါတ်ဖြစ်သည်။ "သူတို့ ဟိုတယ်ဆယ်မီရာမစ်ကို လက်ပစ်ဗုံးနဲ့ ပစ်တယ်"ဟု အိပ်ချင်မူးတူးနှင့် ထူးသော အင်္ဂလိပ်သံတစ်သံသို့ သတင်းပို့လိုက်သည်။

မြေအောက်ခန်းတွင် ဖောက်ခွဲယမ်းဘီလူးများကို တိုင်ခြေများ၌ နေရာချထားပြီး ဖြစ်သည်။ သို့သော်လည်း စနက်တံများ မိုးရေစိုသဖြင့် မီးမစွဲ။ အက်ဗရမ်ဂီးက တပ်ဖွဲ့မှူးအား "စနက်တံမီးမစွဲဘူး"ဟု သတင်းပို့သည်။

တပ်ဖွဲ့မှူးရောက်လာပြီး ယမ်းဘီလူးများရှေ့မှာ တည်တည်ငြိမ်ငြိမ်ထိုင်သည်။ "စိတ်အေးအေးထား၊ ကောင်းသွားမှာပါ၊ ပူမနေနဲ့"ဟု ပြောကာ ရေစိုနေသော စနက်တံကို အိတ်ဆောင်ဓားဖြင့် ဖြတ်ထုတ်ပြီး စနက်တံအသစ်များ တပ်ဆင်သည်။

အပေါ်မှ ဝီဒါနှင့် သူ့အဒေါ် မာရီယာတို့ ဆင်းလာကြသည်။ ဆာမီအဘိုးဆွန်၏ညီသည် သူ့အမေကို လက်တွဲခေါ်ပြီး ဧည့်ခန်းသို့ ဆင်းလာသည်။ နောက်က သူတို့အဖေ တက်လာသည်။

စနက်တံအသစ် တပ်ဆင်သည်မှာ လေးမိနစ်ကြာသည်။ ထို့ကြောင့် လက်ပစ်ဗုံးကွဲသဖြင့် မီးစွဲသည့်တံခါး သစ်သားစတစ်ခုကိုယူလာပြီး စနက်တံကို မီးကူးစေသည်။ မီးကူးသည့်မြည်သံကို ကြားရသည်တွင် "မီးကူးပြီဟေ့ - ပြေးကြတော့"ဟု အော်ပြောသည်။

ဝီဒါကာဒတ်သည် ဘာသံကိုမျှ မကြားရတော့ဘဲ သတိမေ့သွားသည်။ သတိရလာသည့်အခါ သူ့အပေါ်တွင် ဟင်းလင်းပြင်ကောင်းကင်ကြီးကို မြင်ရသည်သာ အမှတ်ရသည်။

"အမိုးက ဘယ်ရောက်သွားသလဲ။ လူတွေ ဘယ်ရောက်နေသလဲ" သူ တိုးတိုး မေးသည်။

အပြာရောင်အလင်းတန်းတစ်ခုကို အဘိုးဆွန်မြင်လိုက်ရပြီး ပေါက်ကွဲသံကြီး ကြားလိုက်ရသည်။ သူ့ခြေအောက်တွင် သိမ့်သိမ့်တုန်သွားသည်ကို သတိထားမိသည်။ နံရံများ ပြိုကျလာသည်ဟု သူ ထင်သည်။ နောက်ဆုံးတွင် အင်္ဂတေပုံကြီးတစ်ခုအောက်သို့ သူ ရောက်သွားသည်။ အလင်းရောင်များ တလက်လက်တောက်ပလာသည်ကို တွေ့

http://mmteashop.com



ရသည်။ အဖေနှင့်အမေ ဝင်လာသည့်အခန်းဆီသို့ ကြည့်သည်။ ဘာမျှမရှိ။ ကျောက်ကျိုး ကျောက်ပဲ့များ အင်္ဂတေများနှင့် လှေကားထစ်တစ်ခု ယက်မဆီမှ တွဲလဲကျနေသည်ကို မြင်ရသည်။ အားလုံး ငြိမ်သက်နေသည်။ ခဏကြာလျှင် သူ့အစ်ကို၏ အသံသဲ့သဲ့ကို ကြားရသည်။

ပေါက်ကွဲသံကြီးကြောင့် ကာတာမွန်ရပ်ကွက်တစ်ခုလုံး အိပ်ရာမှ လန့်နိုးလာကြသည်။ ပေါက်ကွဲသံနှင့်အတူ ဟိုတယ်အမိုးကြီး အပေါ်ပွင့်ထွက်သွားသည်ကို ဥပဒေကျောင်းသား ပီတာဆာလေး သူ့အိပ်ခန်းပြတင်းမှ မြင်လိုက်သည်။ တုန်ခါလှိုင်းများသည် ဂျူဒီယာတောင်ကုန်းများအထိ ပျံ့နှံ့ကူးစက်သွားသည်။ ထို့နောက် မိုးရွာသံနှင့်အတူ ပြတင်းအောက်ဘက်ဆီမှ သနားစရာ ညည်းတွားသံတစ်ခုကို ပီတာ ကြားရသည်။

ကေးအယ်လဘီနာသည် လွန်ခဲ့သည့် တစ်လခန့်က အဖျက်ဆီးခံရသည့် ရုပ်ရှင်ရုံပိုင်ရှင်၏ ဇနီး ဖြစ်သည်။ ဟိုတယ်ဆယ်မီရာမစ် ပေါက်ကွဲပြိုကျသွားသည်ကို သူ့အိပ်ခန်းပြတင်းမှ အစအဆုံး မြင်ရသည်။ ဟာဂါနားတပ်ဖွဲ့ကားများ မောင်းပြေးသံကို ကြားရပြီးနောက် ပေါက်ကွဲသံကြီးကို ကြားရသည်။ ဟိုတယ်အမိုးသည် မိုးပေါ်သို့ ဖြည်းဖြည်းတက်သွားပြီး မြေပေါ်သို့ ပြန်ကျလာသည်ကို 'ကေး' မြင်လိုက်ရသည်။ သူကား ရှေးဦးသူနာပြု သင်တန်းသူဖြစ်ရာ လူနာများကို ပြုစုရန် ဆေးသေတ္တာကိုဆွဲကာ မိုးရွာထဲမှ ပြေးသွားသည်။

ပထမဆုံး တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ဟိုတယ် အပျက်အစီးကြားတွင် အမျိုးသမီးတစ်ယောက် ဒဏ်ရာအပြင်းအထန်ရသည့် သမီးငယ်ကို ရင်ခွင်မှာ ပွေ့ကာ သွေးရူးသွေးတန်း အော်ဟစ်နေသည်ကို သူမြင်ရသည်။

✿ ✿ ✿

ဆယ်မီရာမစ် ဟိုတယ် ဗုံးဖောက်ခွဲခံရစဉ် နှစ်ဆယ့်ခြောက်ဦး သေဆုံးခဲ့သည်။ ဆာမီအဘိုးဆွန်နှင့် ဝီဒါကာဒတ်တို့ အသက်မသေ။ သို့သော် ကျန်အဘိုးဆွန် မိသားစု အားလုံး သေဆုံးသည်။ ဆာမီ၏ အဖေနှင့် အမေ၊ ဦးလေးသုံးယောက်နှင့် အဒေါ်နှစ်ယောက်သေဆုံးသည်။ ကင်းစောင့်တာဝန်ကျရာသို့ လိုက်ပါမသွားသည့် ဟိုတယ်ပိုင်ရှင်၏ သား ဟယူးဘက်လိုရင်ဇိုလည်း သူ့မိဘများနှင့် အတူ သေဆုံးသည်။

ဗုံးဖောက်ခွဲအပြီး သုံးရက်အကြာတွင် ခွေးကလေးတစ်ကောင် ဟိုတယ်အပျက်အစီးများအကြား တူးဖော်ရှာဖွေနေသည်။ သေဆုံးသွားသူ သူ့သခင် စပိန်ကောင်စစ်ဝန်ကို လိုက်လံရှာဖွေခြင်း ဖြစ်သည်။ မင်ညျူဝယ်အယ်လင်ဒေးဘလာဇာ၏ မရေရာသော ဘဝခရီးကား အဆုံးသတ်ခဲ့ပြီ။

ဇန်နဝါရီလဆန်းပိုင်းတွင် အခြေအနေတစ်မျိုး ပြောင်းလဲလာသည်။ ဂျေရုဆလမ်မြို့သစ်မှ မြို့ဟောင်း ဂျူးရပ်ကွက်သို့ လူများ ရိက္ခာများပို့သည့် နံပါတ်(၂)

http://mmteashop.com



ဘတ်စ်ကားများ မပြေးဆွဲတော့၊ နှစ်သစ်ကူးညတွင် အာရပ်တို့က ဂျက်ဖာတ်ခါးကို ပိတ်ဆို့လိုက်သည်။ ဂျူးရပ်ကွက်မှာ ပြင်ပနှင့် အဆက်ပြတ်သွားသည်။

ရိက္ခာ၊ မီးထင်းနှင့် ကျည်ဆန်လက်နက်များ ဂျူးရပ်ကွက်သို့ မရောက်တော့။ လူသေအလောင်းများ မမြှုပ်နှံရဘဲ ဟာဂါနားတပ်ဖွဲ့အနီးတွင် သည်အတိုင်း ရှိနေကြသည်။ ထမင်းချက်ရန် ရေနံဆီမရှိ။ ကလေးငယ်များ အတွက်လည်း နွားနို့မရနိုင်။

ဂျူးအေဂျင်စီက ဗြိတိသျှအာဏာပိုင်များအား နေ့စဉ် ကန့်ကွက်စာများ ပေးပို့ကာ အာရပ်ပိတ်ဆို့မှုများ ရုပ်သိမ်းရန် တောင်းဆိုသည်။ ဂျူးများ ခေတ္တခဏ ဂျူးရပ်ကွက်မှ ပြောင်းရွှေ့ရန် ဗြိတိသျှတို့က ပြန်ကြားသည်။ ဂျူးအေဂျင်စီက ပြောင်းရန် ငြင်းပယ်သည်။ ထိုအခါ ဗြိတိသျှတို့က အစီအစဉ်တစ်ခုကို တင်ပြကာ စေ့စပ်ဆွေးနွေးသည်။ ဂျူးရိက္ခာတင် မော်တော်ယာဉ်များကို တစ်ပတ်တစ်ခါ ဇီလွန်ဂိတ်မှ ဖြတ်သန်းခွင့်ပြုမည်။ ဗြိတိသျှတို့အား လက်နက်နှင့် ခဲယမ်းမီးကျောက် ရှာဖွေခွင့်ပြုရမည်။ ဂျူးရပ်ကွက်မှ အပြင်သို့ ထွက်လိုသူများကို အစောင့်နှင့် လိုက်ပို့ပေးမည်။ သို့သော်လည်း ပြင်ပမှ ဂျူးများကိုမူ မြို့ထဲသို့ ဝင်ခွင့်မပြုနိုင်။

ဤစည်းကမ်းချက်များကို ဂျူးအေဂျင်စီက လက်မခံ။ ထိုအတောအတွင်း ဂျူးရပ်ကွက်အခြေအနေမှာ ဆိုးရွားလာသည်။ အစာပြတ်၊ မီးထင်းပြတ် ဖြစ်လာသည်။ သို့ဖြစ်ရာ ဟာဂါနားတပ်ဖွဲ့အား ဂျူးတို့က အပြစ်တင်ကြသည်။ သူတို့မှာ အစာရေစာ အခက်အခဲများ ကြုံတွေ့နေရသဖြင့် ဗြိတိသျှအစောင့်တပ်များ ပါသည်ဖြစ်စေ၊ မပါဘဲဖြစ်စေ မြို့ပြင်သို့ ထွက်မည်ဟု ဆိုသည်။ ဤတွင် ဂျူးအေဂျင်စီက ဗြိတိသျှတို့၏ အစီအစဉ်ကို လက်ခံလိုက်သည်။

ဂျူးအင်အားမှာ ဟာဂါနားတပ်ဖွဲ့ဝင် တစ်ရာနှင့် အိုင်ယာဂန်အဖွဲ့နှင့် စတန်းအဖွဲ့ဝင် ငါးဆယ်၊ ထို့ပြင် နောင်အခါ အလွန်အားကိုးရသည့် ဟာဂါနားအမျိုးသမီး စစ်သည်တော် ခြောက်ဆယ်မျှသာ ရှိသည်။

ဂျူးရပ်ကွက်မှ အိုင်ယာဂန်တပ်ဖွဲ့မှူးက အစ်ဆာနာတင်ဆန်အား ဂျူးရပ်ကွက်သို့သွားရန် တာဝန်ပေးသည်။ အစ်ဆာ စဉ်းစားသည်။

"အဲဒီမှာ ဘာလုပ်မှာလဲ"

သူ့အကြီးအကဲက အောက်သိုးသိုး မျက်နှာဖြင့် "စွန့်တန်ရင် စွန့်ရမှာပေါ့၊ တခြား ဘာအကြောင်းရှိဦးမှာလဲ"ဟု ဆိုသည်။

ဟာမေးမာဂျက်အဖို့ ဇန်နဝါရီ (၇) ရက်သည် အမှတ်တရနေ့တစ်ခု ဖြစ်သည်။ ယင်းမှာ သူတို့ဇနီးမောင်နှံ၏ လက်ထပ်ပွဲနှစ်ပတ်လည်နေ့ ဖြစ်သည်။ ခါတိုင်းဆိုလျှင် သူ့ဦးလေးအိမ်တွင် ညစာစားပွဲ ကျင်းပသည်။ (၁၉၄၈) ခု ဇန်နဝါရီတွင်ကား ထမင်းစားပွဲ ကျင်းပရန်မသင့်။ အခြေအနေက မကောင်း။ သို့ဖြစ်ရာ သူတို့အိမ်က ထမင်းစားခန်းထဲတွင် မည်သူ့ကိုမျှ မဖိတ်ကြားတော့ဘဲ နှစ်ပတ်လည်ထမင်းစားပွဲ ပြုလုပ်ရန်

http://mmteashop.com



ဆုံးဖြတ်ကြသည်။ ထမင်းစားပွဲပြီးလျှင် ကိုယ်ပိုင်အိမ်ကလေးတစ်ခုဆောက်လုပ်မည့် အစီအစဉ်ကို လင်မယားနှစ်ယောက် ဆွေးနွေးကြမည်။ နောင်နှစ်တွင် ကိုယ်ပိုင်အိမ်၌ လက်ထပ်ပွဲ နှစ်ပတ်လည်ကျင်းပမည်။

နှစ်ပတ်လည်နေ့တွင် ဟာမေးမာဂျက်က သူ့ဇနီးအား ဈေးမှ ဝယ်ခဲ့သည့် ရွှေလက်စွပ်လက်ဆောင်ပေးရန် အစီအစဉ် ရှိသည်။ ညစာစားပွဲကျမှ ပေးမည် စိတ်ကူးသော်လည်း ထိုနေ့ မနက်စာစားစဉ် မအောင့်နိုင်ဘဲ သူ့ဇနီးလက်ကို စွပ်ပေးလိုက်သည်။

(၁၉၄၈) ခု ဇန်နဝါရီ (၇) ရက်သည် ယူရီကိုဟင်၏ ဘဝတွင် ထူးခြားသည့်နေ့တစ်ခု ဖြစ်သည်။ တိုက်ပွဲဝင်ချင်လှပြီဟု သူတောင်းဆိုသဖြင့် အိုင်ယာဂန်တပ်ဖွဲ့က အကြီးအကဲများက သူ့ကို တာဝန်တစ်ခုပေးရန် စီစဉ်သည်။ ကိုဟင်နှင့် သူ့ရဲဘော်များအတွက် ဗြိတိသျှပုလိပ် ယူနီဖောင်းသုံးစုံ အသင့်ရှိနေသည်။

အထူးမစ်ရှင်၏ ခေါင်းဆောင်မှာ အရှေ့တိုင်းသားဂျူးတစ်ယောက် ဖြစ်သည်။ သူတို့သည် မော်တော်ကားပြင်ဆိုင်တစ်ခု၏ နောက်ဘက် အခန်းတစ်ခုတွင် စုဝေးတိုင်ပင်ကြသည်။ သူတို့ရှေ့တွင် ဖောက်ခွဲရေးပစ္စည်းများ အစုံအလင်ရှိသည်။ ဂါလန်ငါးဆယ်ဝင် စည်ပိုင်းနှစ်ခုတွင် အိမ်ရိုက်သံအဟောင်းများ၊ သံတိုသံစများ၊ သတ္တုစအကျိုးအပဲ့များ၊ ချိတ်များ၊ ပြည့်ကျပ်နေအောင် ထည့်ထားသည်။ စည်ပိုင်းအလယ်တွင် တီအင်တီဖောက်ခွဲယမ်းများ ထည့်ထားသည်။ ပေါက်ကွဲသည့်အခါ အရပ်ရှစ်မျက်နှာသို့ အရှိန်အဟုန်ပြင်းပြင်းနှင့် ပြေးသွားပြီး လမ်းတွင် တွေ့သမျှလူများကို အပိုင်းပိုင်းဖြစ်အောင် ဒဏ်ရာရစေမည်။ စနက်တံအတိုမှာ မီးခြစ်ဆံတစ်ဒါဇင်ခန့်ကို ပတ်ထားသည့် ဂွမ်းစများ ဖြစ်သည်။ မီးခြစ်ဆံမီးဖြင့် စနက်တံကို ရှို့ရမည်။

တပ်ဖွဲ့ခေါင်းဆောင်က တာဝန်အသီးသီး ခွဲဝေပေးသည်။ ယူရီကိုဟင်သည် ဗုံးခွဲရမည့်သူ ဖြစ်သည်။ တိုက်ခိုက်ရမည့်အချိန် ရောက်လျှင် စနက်တံကို မီးရှို့ပြီး စည်ပိုင်းနှစ်ခုကို ပစ်မှတ်အရောက်လှိမ့်ကာ ပို့ပေးရမည်။

ညနေလေးနာရီတိတိတွင် ကိုဟင်သည် ပုလိပ်ယူနီဖောင်းဝတ်ကာ ရေဟာဗီယာရပ်ကွက် အထက်တန်းကျောင်းရှေ့သို့ ရောက်လာသည်။ ခိုးလာသော ပုလိပ်ကားထဲသို့ ကိုဟင် ဝင်၍ထိုင်သည်။ တပ်ဖွဲ့ခေါင်းဆောင်က ဒရိုင်ဘာဘေးတွင် ထိုင်သည်။ ကိုဟင်ဘေးတွင် အဖွဲ့ဝင်နှစ်ယောက် ရှိသည်။

အာရပ်ရပ်ကွက်သို့ အာရပ်လီးချွင်းကင်းတဲဘက်မှ ဝင်ရန် စီစဉ်ထားသည်။ ကင်းတပ်ဖွဲ့ရှေ့သို့ရောက်လျှင် ဗြိတိသျှပုလိပ်များဟု ယူဆကာ မတားဘဲ လွှတ်လိုက်သည်။ ချက်ချင်းပင် အာရပ်ရပ်ကွက်သို့ ဘက်သယ်ဟမ်လမ်းအတိုင်း မြို့ဟောင်းဆီသို့ ဆက်၍ မောင်းသွားသည်။

ဇီယန်တောင်ကုန်းသို့ တက်သွားစဉ် ယူရီမှာ စိတ်ထဲက တုန်တုန်လှုပ်လှုပ်ဖြစ်လာသည်။ "ဘာဖြစ်လို့ ဒီနေရာမှာ ငါရောက်နေတာလဲ၊ ငါဟာ သတ္တဗေဒ ကျောင်းသား

http://mmteashop.com



တစ်ယောက်။ အသက်အကြောင်း ငါသင်ယူခဲ့တယ်၊ အခု လူတွေကို ငါသတ်ရတော့မယ်" ဟု သူ စဉ်းစားသည်။ နဖူးမှာ ချွေးသီး၊ ချွေးပေါက်များ ထွက်လာသည်။ "ဘာဖြစ်လို့ ငါ လုပ်ချင်ရတာလဲ" သူ့ကိုယ်သူ အဖန်ဖန် မေးမိသည်။

ယခုမူ ထိုမေးခွန်းမှာ နောက်ကျသွားပြီ။ ရှေ့တွင် အာရပ်တပ်သားများ လမ်းပိတ်ထားသည်ကို လှမ်း၍ မြင်ရသည်။ အာရပ်တစ်ယောက်က ရပ်ရန် တားသည်။ တပ်ဖွဲ့ခေါင်းဆောင်က "မရပ်နဲ့ ဆက်မောင်း" ဟု အမိန့်ပေးသည်။

လက်ထပ်ပွဲ နှစ်ပတ်လည်နေ့ရောက်တိုင်း ဟာမေးမာဂျက်တို့ လင်မယားသည် မြို့ဟောင်းရှိ မိန်းမဘက်က ဆွေမျိုးများထံ လည်ပတ်လေ့ ရှိသည်။ ယနေ့လည်း ညစာစားပွဲစောစောကျင်းပရန် မြန်မြန်ပြန်လာပြီး ဂျက်ဖာတံခါး ကားဂိတ်မှ နံပါတ် (၃) ဘတ်စ်ကားစီးကာ ပြန်ကြမည်။ ကားမီရုံသာမီသည်။ ဟာမေးသည် သူ့မိန်းမကို ဆွဲကာ ကားဆီသို့ မြန်မြန်သွားသည်။ ကားဂိတ်တွင် လူများ စောင့်နေကြသည်။

တပ်ဖွဲ့ခေါင်းဆောင်က ကားရပ်ခိုင်းပြီး ယူရိကိုဟင်အား စနက်တံမီးရှို့ရန် ပြောသည်။

ကိုဟင် အိတ်ထဲနှိုက်သည်။ သူသည် ဆေးလိပ်မသောက်သူဖြစ်ရာ မီးခြစ်ထည့်ယူခဲ့ရန် မေ့သွားသည်။ တပ်ဖွဲ့ခေါင်းဆောင်က သစ်သားမီးခြစ်တစ်ဘူး လှမ်း၍ ပေးသည်။ ကိုဟင်သည် မီးခြစ်ပြီး စနက်တံကို ရှို့သည်။ ထို့နောက် ပုလိပ်ကားနောက် ဘက်ပေါက်ကိုဖွင့်ကာ ပစ်မှတ်ရှိရာသို့ လှမ်း၍ ကြည့်သည်။

အံ့အားသင့်နေသော မျက်နှာများကို သူ မြင်ရသည်။ ထိတ်လန့်တုန်လှုပ်ကာ ချောက်ချောက်ချားချား ဖြစ်နေသော လူတစ်ရာလောက်ကို သူ မြင်ရသည်။ သူ့ခြေထောက်နားတွင် စနက်တံ တဖျပ်ဖျပ်လောင်နေသောဗုံး ရှိသည်။

"သူရဲတစ္ဆေကို မြင်ရတဲ့အတိုင်းပဲ"ကိုဟင် စိတ်ထဲမှာ ဖြစ်ပေါ်မိသည်။ ကားပေါ်မှ ဆင်းကာ စည်ပိုင်းကို လမ်းပေါ်သို့ချသည်။ စနက်တံမှ မီးပွားများ ပန်းထွက်နေသည်။ လူအုပ်က ဗုံးကို ကြည့်သည်။

ဟာမေးမာဂျက်နှင့် သူ့မိန်းမတို့ နံပါတ်(၃)ဘတ်စ်ကားဆီပြေးသွားစဉ် ဗုံးပေါက်ကွဲသည်။ ပေါက်ကွဲသံကြောင့် အပြေးရပ်သွားကြသည်။ မာဂျက်သည် လဲရာမှ ထထိုင်ပြီး ဘေးဘီကိုကြည့်သည်။ လမ်းပေါ်တွင် လူသေအလောင်းများ ခြေပြတ်လက်ပြတ်များကို မြင်ရသည်။ လမ်းပေါ်လဲကျသွားသော သူ့မိန်းမကို မာဂျက် ကြည့်လိုက်သည်။ တစ်ကိုယ်လုံး သွေးများပေကျံနေသည်။ မျက်လုံးမှာ .တစ်ဝက်သာပွင့်သည်။

"အထဲမှာ ထိသွားတယ်ထင်တယ်"ဟု တိုးတိုးပြောသည်။ ထို့နောက် မျက်လုံးများပိတ်သွားသည်။

သူ့မိန်းမကို ခေါ်ကြည့်သည်။ ပြန်မထူး။ ထိုအခါတွင်မှ အော်ဟစ်ကာ အကူအညီတောင်းရသည်။ သူနာပြု ကားတစ်စီး ရောက်လာပြီး ဆေးရုံသို့ ခေါ်သွားသည်။

http://mmteashop.com



နောက် သုံးနာရီခွဲလျှင် ခွဲစိတ်ခန်းမှ တာဝန်ကျဆရာဝန် ထွက်လာသည်။ "ကျွန်တော့်ကို သူ ကြည့်တယ်၊ ကျွန်တော် ဘာမှ မမေးနိုင်ဘူး၊ သူ့မျက်လုံးတွေကို ကြည့်လိုက်တာနဲ့ ကျွန်တော်နားလည်သွားတယ်"ဟု နောင်အခါ မာဂျက်က ပြန်၍ ပြောပြသည်။

အရေးပေါ် အခန်းထဲသို့ မာဂျက်ဝင်သွားပြီး သူ့မိန်းမအလောင်းကိုကြည့်သည်။ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ သူ့မိန်းမလက်တွင် မနက်က စွပ်ပေးလိုက်သည့် ရွှေလက်စွပ်ကို တွေ့ရသည်။ ယင်းကို ချွတ်ယူပြီး တစ်သက်တာ အမှတ်တရ ပစ္စည်းအဖြစ် သူသိမ်းထားသည်။

ဂျက်ဖာဂိတ်တွင် ဗုံးပေါက်ကွဲပြီး ခဏအကြာတွင် ယူရီကိုဟင်တို့ ခိုးလာသည့် ပုလိပ်ကားသည် လမ်းလယ်ကျွန်းကလေးကို တိုက်မိပြီး ရပ်သွားသည်။ ကျန်သည့် ဗုံးတစ်လုံးကို ကားပေါ်မှ ချရန် သူတို့ ကြိုးစားသည်။ ဗြိတိသျှ တပ်သားများက ပစ်ခတ်သဖြင့် ကိုဟင်နှင့် အဖွဲ့သားတို့ လက်လွတ်ထွက်ပြေးကြပြီး မာမီးလားသင်္ချိုင်းကိုဖြတ်ကာ အနီးအနားရှိ ဂျူးရပ်ကွက်ထဲသို့ ဝင်ရောက်ခိုလှုံရန် ကြိုးစားသည်။ သုံးယောက်သေပြီး တစ်ယောက် လွတ်ထွက်သွားသည်။

ထိုတစ်ယောက်လည်း မကြာမီ အိုင်ယာဂန် တိုက်ခိုက်မှုတစ်ခုတွင် သေဆုံးသည်။ ယူရီကိုဟင်အား သေနတ်မှန်ကာ ဆေးရုံသို့ ခေါ်သွားသည်။ နောင်အခါ အိုင်ယာဂန် တပ်ဖွဲ့က သူ့ကို ဆေးရုံမှ ကယ်တင်ခေါ်ဆောင်သွားသည်။ ဗုံးပေါက်ကွဲသဖြင့် လူဆယ့်ခုနစ်ဦး သေဆုံးသည်။ ယူရီကိုဟင်မှာမူ သေနတ်ဒဏ်ရာကြောင့် ခြေထောက်တစ်ဖက်တွင် ခြောက်လက်မ တိုသွားသည်။

○○○

http://mmteashop.com



အပိုင်း (၁၀)

## မြို့တော်သွားရာလမ်းမှ ဘက်အယ်ဝက် လျှိုမြောင်ဒေသ

*အိပ်ရာဝင်တဲ့အခါ နိုးလာဦးမှာလားလို့ အမေတို့ပူရတယ်။ ကျည်ဆန်ကို အမေတို့ မကြောက်ပါဘူး။ ဒါပေမယ့် အိပ်ပျော်တုန်း ဗုံးခွဲခံရမှာ ကြောက်နေရတယ်။ ညဥ့်နက်သန်းခေါင်မှာ သူတို့ အိုးအိမ် အပျက်အဆီးတွေအကြား လူတွေ အိပ်ရာက လန့်နိုးလာတယ်၊ မင်းအဖေဆိုရင် သူနာပြုကားနဲ့ အလုပ်ကိုသွားရတယ်။ အိမ်တံခါး လာခေါက်သံ ကြားရတိုင်း ကြောက်စိတ်တွေ ဝင်လာတယ်။ တို့အိမ်ကို ဗုံးခွဲဖို့ ရောက်လာကြပြီလားလို့ စိုးရိမ်စိတ်ဝင်လာတယ်။ ညနေ ခြောက်နာရီရှိရင် အိမ်ထဲမှာ တံခါးပိတ်ပြီး နေရတယ်။ တံခါးတွေ ပြတင်းတွေ သော့ခတ်ထားရတယ်။*

ကုလသမဂ္ဂခွဲခြမ်းရေး ဆန္ဒမဲပေးပြီး နောက်နှစ်လအကြာတွင် အာရပ် အမေတစ်ယောက်က ဘီရွတ် အမေရိကန်တက္ကသိုလ်ရှိ သူ့သားထံ အထက်ပါအတိုင်း စာရေးကာ မိသားစုအခြေအနေကို ရင်ဖွင့်ခဲ့သည်။ ဂျေရုဆလမ်မြို့တွင် နေထိုင်သည့် အာရပ်သို့မဟုတ် ဂျူးအိမ်ရှင်မတို့ အခြေအနေမှာ ထိုအတိုင်းပင် ဖြစ်သည်။ "ဂျေရုဆလမ်သည် ကြောက်စရာ အထီးကျန် မြို့ကြီးတစ်မြို့ဖြစ်လာသည်။ အရေးကိစ္စ အလွန့်အလွန်ကြီးမှ မြို့ကခွာရဲသည်။ မြို့ထဲဝင်ရဲသည်"ဟု နယူးယောက်တိုင်း သတင်းထောက်က သတင်းပို့ခဲ့သည်။

ဂျေရုဆလမ် ဂျူးရပ်ကွက်တွင် အစာရေစာ တဖြည်းဖြည်း ရှားပါးလာသည်။ နို့၊ ကြက်ဥ၊ အသား၊ အသီးအရွက်တို့ မလောက်မင၊ စားသောက်ဆိုင်များမှာ နေ့လယ်တစ်ချိန်တည်းသာ ဖွင့်သည်။ ဖင့်စားသောက်ဆိုင်သည် ဂျေရုဆလမ်မြို့ရှိ သတင်းထောက်များ စုဝေးရာနေရာ ဖြစ်သည်။ သို့သော်လည်း ဟမ်ဘာဂါမှ လွဲ၍ တခြားဘာစားစရာမျှ မရှိ။ အာရပ်ကုန်သည်များနှင့် ဆက်ဆံရေးကောင်းသဖြင့် မက်စားသောက်ဆိုင်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ နှစ်ဖက်သွားလာနိုင်သည့်နေရာသို့ အာရပ်ကုန်သည်များက သားငါး အသီးအရွက်တို့ လာ၍ပို့သည်။

http://mmteashop.com



ထိုဆောင်းရာသီကား အလွန်အေးသည်။ ဂျူးအိမ်များတွင် မီးထင်းမပြည့်စုံ။ ထမင်းဟင်းချက်ရန် ရေနံဆီဝယ်၍မရ။ ရေနံဆီရောင်းသူ ကိုယ့်အိမ်ရှေ့လမ်းရောက်လာမှ ပြေးထွက်ပြီး အနည်းငယ်ဝယ်ရသည်။ များများစားစား မရနိုင်။

စာတိုက်က စာမဝေနိုင်။ နိုင်ငံခြားသို့ တယ်လီဖုန်းပြော၍မရ။ အသက်ဘေးစိုးရိမ်ရသဖြင့် ဂျူးရှေ့နေများ တရားရုံးသို့ မသွားကြ။ တရားရုံးများ အမှုမစစ်ဆေးနိုင်။ ကျန်းမာရေးအရာရှိများမှာလည်း ဖွားသေစာရင်းတွင် မှတ်ပုံမတင်နိုင်။ အောလစ်တောင်ကုန်းပေါ်တွင် ရှိသည့် သင်္ချိုင်းသို့ မသွားနိုင်သဖြင့် ဂျူးအသုဘများ မချနိုင်။

ဂျူးရော အာရပ်တို့ပါ နှစ်ဖက်စလုံး မသေအောင် မနည်းအသက်မွေး၍ နေထိုင်ရသည်။ ကာတာမွန်ဒေသတွင် သောင်တင်နေသည့် ရုရှင့်ချိမ်းဟောလား ဂျူး ဇနီးမောင်နှံတို့မှာ သူတို့ အိမ်သို့ မြင်မြင်ထင်ထင် လျှောက်မသွားရဲ။ ပန်းခြံထဲတွင် ကတုတ်ကျင်းတစ်ခုတူးထားပြီး အိမ်နောက်ဖေးပေါက်သို့ ယင်းမှတစ်ဆင့် သွားရသည်။ ညများတွင် ရုမှာ နွားခလောက် ဆောင်ထားရသည်။ အရေးအကြောင်းရှိလျှင် အပေါ်ထပ်တွင် စောင့်ကြပ်နေသည့် ဟာဂါနားတပ်ဖွဲ့ဝင်တို့အား နွားခလောက်သံပေးပြီး သတိပေးရသည်။ တစ်ညတွင် အော်ပရာသို့ လင်မယားနှစ်ယောက်သွားကြမည် စီစဉ်သည့်အခါ ဟာဂါနားတပ်ဖွဲ့က အနီးနားရှိ အာရပ်အိမ်တစ်ခုကို ဗုံးခွဲမည်ဖြစ်ကြောင်း အသိပေးသည်။ ထိုအခါ သူ့တို့အိမ်တွင် တံခါးများ၊ ပြတင်းများကို ဖွင့်ထားရသည်။ သို့မှသာ ဗုံးခွဲလျှင် ပြတင်းမှန်များလှုန်ပြီး မကွဲမည် ဖြစ်သည်။

အကြောင်းထူးရှိလျှင် ဟာဂါနားတပ်ဖွဲ့၊ အိုင်ယာဂန် ကွန်မန်ဒိုတပ်ဖွဲ့နှင့် စတန်းတပ်ဖွဲ့တို့မှ ထုတ်ပြန်သည့် ကြေညာချက်များမှတစ်ဆင့် ဂျူးတို့ သိရသည်။

ဂျေရုဆလမ်၏ အာရပ်များမှာလည်း အစားရေစာ ပြတ်လပ်သည့် ပြဿနာများ ကြုံရသည်။ ထို့အတူ အသက်အန္တရာယ်မရှိအောင် သတိနှင့်နေထိုင်ကြရသည်။ အမ်ဘရာနှင့် ဆာမီခါလစ်ဒီတို့ လင်မယားသည် ညစဉ် ကိုယ်ပိုင်စာကြည့်တိုက်၏ စာကြည့်ခန်း၌ စာပေ ဖတ်ရှုလေ့လာလေ့ ရှိသည်။ ဒေါက်တာလားနှင့် ဒေါက်တာမာလော့တို့ အသတ်ခံရပြီးကတည်းက လက်စားချေရေးကို ကြောက်ရွံ့ပြီး သူ့ခင်ပွန်း၏ အသက်အန္တရာယ်ကို အမ်ဘရာ သတိထားပြီး အကာအကွယ်ပေးခဲ့သည်။ စာကြည့်ခန်းတွင် စာထိုင်ဖတ်နေသော ဆာမီကို မမြင်နိုင်ရန် ပြတင်းနားတွင် အမ်ဘရာက သူ့ကုလားထိုင်၌ ပိတ်၍ နေရာချထားသည်။

အာရပ်ကောလိပ်သို့ သွားရန် အာရပ် အစောင့်တပ်သားများ ရောက်အလာကို စောင့်နေသည့် အဖေကိုကြည့်ကာ သမီးကြီး ဆူလာဖာ၏ စိတ်ထဲတွင် "အေးချမ်းတဲ့နေ့တွေမရှိတော့ဘူး"ဟု တွေးမိသည်။ ဂျေရုဆလမ်၏ အခြေအနေမှာ သားသမီးများပင် မိဘများအတွက် ပူပန်ရသည်အထိ ယိုယွင်းပျက်ပြားနေသည်။

ဂျူးရပ်ကွက်နှင့် ဟာဂါနားတပ်ဖွဲ့တို့ ဆက်ဆံရေးအဆင်ပြေနေသည်။ သူတို့နှင့် မတူသူများမှာ အာရပ်ရပ်ကွက်ရှိ အာရပ်လူလတ်တန်းစားများနှင့် သူတို့ကို အကာ

http://mmteashop.com



အကွယ်ပေးသည့် လယ်သမားတပ်ဖွဲ့ပင် ဖြစ်သည်။ အာရပ်ရပ်ကွက်တိုင်းတွင် ဟတ်ချ် အာမင်ကို သစ္စာခံသည့် စစ်မင်းများ ရှိသည်။ သို့သော်လည်း သူတို့ အချင်းချင်းကား ဆက်ဆံရေး မပြေလည်။ အကာအကွယ်ပေးရသည့်အတွက် စစ်မင်းများက ငွေကြေး ကောက်ခံသည်။ သူတို့တပ်ဖွဲ့သို့ ဆီးရီးယား၊ ထရန်းစ်ဂျော်ဒန်နှင့် အီရတ်တို့မှ အာရပ် တပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ မြင့်မြတ်သည့် နိုင်ငံတော်ကို သူတို့ ကာကွယ်ကြမည် ဟု ဆိုသည်။ အာရပ်များ ဂျူးများ စွန့်ခွာထွက်ပြေးကြသည့် အိမ်များသို့ ဝင်ကာ ပစ္စည်း များ ယူကြသည်။ ထိုပစ္စည်းများကို သူခိုးဈေး တစ်ခုတွင် သူတို့ရောင်းသည်။ စစ်လေ့ ကျင့်ခန်း မရှိ။ စည်းကမ်းလည်း မရှိ။ ဂျူး လက်ဖြောင့်တပ်သားတို့ ချောင်းမြောင်းပစ်ခတ် သည့်အခါ သူတို့က ဝေါဝေါချင်းမြည်အောင် တရစပ် ပြန်ပစ်သည်။ ထို့နောက် ကုန်သွား သည့် ကျည်ဆန်များကို ဈေးများတွင် ပြန်၍ဝယ်ကာ ဖြည့်သည်။

ဂျေရုဆလမ်အခြေအနေကို လက်ဘနွန် ကောင်စစ်ဝန်က သူ၏ နိုင်ငံရေးရုံးသို့ ယခုလို အစီရင်ခံသည်။ "ကမ္ဘာတွင် ဘယ်မြို့တော်မှ ဂျေရုဆလမ်လောက် အခြေအနေ ပျက်ပြားမည် မဟုတ်။ အာဏာပိုင်များ မျက်စိအောက်မှာပင် လက်နက်အမျိုးမျိုး ခပ် လွယ်လွယ်လက်ပြောင်းလက်လွှဲ လုပ်ကြသည်။ အသွားအလာ မရှိ။ ခြောက်ကပ်နေသည်။ စတိုးဆိုင်များ ဈေးများ နေ့လယ်မှ ဖွင့်သည်။ အာရပ်လက်နက်ကိုင် တပ်ဖွဲ့များ နေရာ အနှံ့အပြားတွင် ရှိနေကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အဆက်အသွယ် မရှိ"

ဂျေရုဆလမ်တွင် အာရပ်နှင့်ဂျူးတို့ သင့်သင့်တင့်တင့် အတူနေသည့် ဌာနတစ်ခု ရှိသည်။ ယင်းမှာ အစိုးရ စိတ္တဇဆေးရုံ ဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ကိုယ်စားလှယ်က သူ၏ဒိုင်ယာရီတွင် "စိတ္တဇလူနာတွေ အသက်ရှည်ပါစေ" ဟု မှတ်တမ်းတင်သည်။

ဂျေရုဆလမ်တွင် ဗြိတိသျှတပ်များ အင်နှင့်အားနှင့် ရှိနေရာ အာရပ်များရော ဟာဂါနားတပ်ဖွဲ့တို့ပါ ဒေသတစ်ခုခုကို သိမ်းပိုက် တပ်စွဲထားနိုင်ခြင်း မရှိပေ။ စစ်ရေး အရ နယ်မြေမသိမ်းပိုက်နိုင်မီ နှစ်ဖက်စလုံး တစ်ဦးနယ်မြေ တစ်ဦးဝင်ကာ ဗုံးခွဲဖျက်ဆီး သည့် လုပ်ငန်းကိုသာ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြသည်။

ဟာဂါနားတပ်ဖွဲ့က မတ်ဖတီ၏တပ်များ ရှိသည်ဟု ယုံကြည်ရသည့် ရွာများ၊ ရပ်ကွက်များသို့ နောက်ပိုင်းမှ ဝင်စီးပြီး တစ်ဖွဲ့က ရှေ့ပိုင်းမှ ဝင်၍ပစ်သည်။ အားလုံး ကစဉ့်ကလျား ဖြစ်လာသည့်အခါ ကွန်မန်ဒို တပ်သားများက အတင်းတရကြမ်းဝင်၍ ပစ်သည်။ ရုတ်တရက် ဝင်စီးပြီး အိမ်များကို ဖောက်ခွဲဖျက်ဆီးကာ အာရပ်အချို့ကို ပစ်သတ်ပြီး အမြန် ပြန်ထွက်လာခဲ့ကြသည်။ ဤသည်မှာ ဟာဂါနား၏ နည်းဗျူဟာ ဖြစ်သည်။

ဟာဂါနားတပ်ဖွဲ့က လူနှင့် လက်နက်အင်အား နည်းသော်လည်း စည်းကမ်းရှိ သည်။ လေ့ကျင့်ပြီး စစ်သားများ ဖြစ်သည်။ အလစ်ဝင်စီးခံရသဖြင့် အာရပ်တို့မှာ စိတ် ဓာတ်ပျက်ပြားကာ ထွက်ပြေးကြသည်။ အထူးသဖြင့် လူလတ်တန်းစား အထက်လွှာနှင့် အောက်လွှာတို့ ရပ်ရွာကို စွန့်ခွာသွားကြသည်။ ထိုအခါ ရပ်ရွာတွင် ခေါင်းဆောင်မှုမရှိဘဲ

http://mmteashop.com



စည်းရုံးရေး ပျက်ပြား ကျန်ရစ်ခဲ့သည်။

မြို့တော်မြောက်ပိုင်းရှိ ရှိတ်ဂျာရား အာရပ်ရပ်ကွက်တွင် အိမ်နီးချင်းတို့အား နှုတ်ဆက်ပွဲအဖြစ် နေ့လယ်စာ ခေါ်ကျွေးသူမှာ အရင်က စားသောက်ပွဲများ ခင်းကျင်းလေ့ရှိသူ ကေတီအင်တိုးနီးယတ် ဖြစ်သည်။ "ဘယ်လောက် ဝမ်းနည်းစရာ ကောင်းသလဲ၊ အရင်က ပျော်ပျော်ရွှင်ရွှင် ရှိခဲ့တဲ့အိမ်မှာ နောက်ဆုံးနှုတ်ဆက်ပွဲကျင်းပနေရပြီ" ဟု ကေတီက ဆိုသည်။ နောက်တစ်နေ့ မနက်တွင် နေအိမ်မှ ကေတီ ထွက်ခွာသွားသည်။

တယ်အဗစ်သို့ ထွက်သည့်လမ်းတွင် ရိုမီမာရပ်ကွက်၌ အာရပ်များ အုပ်စုကြီးဖွဲ့၍ နေထိုင်ခဲ့သည်။ အိုင်ယာဂန်ကွန်မန်ဒိုတပ်ဖွဲ့က မကြာခဏ ဝင်၍ ဖျက်ဆီးပစ်ခတ်သည်။ နောက်ဆုံးတွင် စိတ်ဓာတ်ပျက်ကာ အစုလိုက်ထွက်ပြေးကြရန် စီစဉ်သည်။ ဤတွင် ဟာဂါနားတပ်ဖွဲ့က လိုက်လံစောင့်ရှောက်ပြီး သွားလိုရာသို့ ပို့ပေးသည်။ အာရပ်တို့ထွက်ခွာလျှင် ဂျူးအိမ်ထောင်သစ်များ ထိုဒေသသို့ ဝင်လာကြသည်။ သုံးပတ်အတွင်း ရိုမီမာ၌ အာရပ်တို့ အစအနပင် မတွေ့ရတော့။ ရိုမီမာ ရပ်ကွက်မှာ မူလအစကတည်းက ဂျူးတို့အခြေချသည့် ရပ်ကွက်နှင့်တူလာသည်။

(၁၉၄၈) ဆောင်းရာသီမှာပင် ဂျူဒီယန်တောင်ကုန်း၌ အာရပ်ခေါင်းဆောင်းဝတ်ရုံခြုံထားသည့် သိုးကျောင်းသားတစ်ယောက် တောင်စောင်းနှင့်ထင်းရှူးတောကျောက်ဆောင် ကျောက်တောင်တို့ကို စူးစူးစိုက်စိုက် လေ့လာနေသည်။ သူကား ဟာရွန်ဘင်ဂျက်ဇီ ဖြစ်သည်။ သိုးကျောင်းသား မဟုတ်။ သူနှင့်အတူ ပါလာသည့် သိုးအုပ်မှာ ရွာတစ်ရွာမှ ငှားလာခြင်း ဖြစ်သည်။

သူသည် 'ဟိုဝေတက်'အာရပ်မျိုးနွယ်၏ ရှိတ်အကြီးအကဲတစ်ယောက် ဖြစ်ပြီး ဂျေရုဆလမ်သို့ သွားသည့်လမ်းနှင့် ပတ်ဝန်းကျင်မြေအနေအထားကို လေ့လာနေခြင်း ဖြစ်သည်။ အက်ဘဒူခါဒါ ဟတ်ဆေနီက "ဂျေရုဆလမ်ရဲ့ လည်မျိုကို တို့ညှစ်သတ်မယ်" ဟု ကြွေးကြော်ခဲ့သည်။ ယခု တိုက်ပွဲအဆင့်တစ်ခုသို့ ပြောင်းလာပြီး ဂျေရုဆလမ်သို့ ဝင်သည့်လမ်းမှဖြတ်၍ ဂျူးတို့ကို စနစ်တကျတိုက်ရန် စီမံကိန်းများချမှတ်ခဲ့သည်။ ဘက်အယ်ဝက်တောင်ကုန်းမှ အာရပ်ရွာကြီးတစ်ခုဖြစ်သည့် ကက်စတယ်အထိ မြေအနေအထားကို လေ့လာရန် ဘင်ဂျက်ဇီအား အက်ဘဒူခါဒါက တာဝန်ပေးသည်။ ထို့ကြောင့် သိုးကျောင်းသားယောင်ဆောင်ကာ တောင်တုန်း၊ ကျောက်ဆောင်၊ သစ်ပင်ချုံပုတ်များ အနေအထားကို သူ အသေးစိတ်လေ့လာသည်။ တစ်ရာအင်အား၏အလုပ်ကို တစ်ယောက်ကောင်းဖြင့် တိုက်ခိုက်နိုင်ရန် နေရာများ သူ မှတ်သားသည်။

ဂျေရုဆလမ်၏ လည်မျိုကိုညှစ်ရန် လမ်းများပိတ်ဆို့သည့် နည်းဗျူဟာကို မူလက ကျင့်သုံးမည်ဟု အက်ဘဒူခါဒါ ရည်ရွယ်သည်။ သို့သော် အကြောင်းနှစ်ခုကြောင့် ယင်းနည်းဗျူဟာကို စွန့်လွှတ်လိုက်သည်။ ပထမအကြောင်းမှာ လမ်းများပိတ်ဆို့သည်ကို ဗြိတိသျှတို့က အဖွင့်ခိုင်းမည်မှာ သေချာသည်။ သူတို့လည်း ထိုလမ်းများကို အသုံး

http://mmteashop.com



ပြုနေရသည် မဟုတ်လား။ ဒုတိယအကြောင်းမှာ ဂျူးဆန့်ကျင်ရေးတွင် အနီးဝန်းကျင်မှ အာရပ်ရွာသားများ ပါဝင်စေလိုခြင်း ဖြစ်သည်။ ဂျူးယာဉ်တန်းကို ချုံခိုတိုက်ခိုက်ပြီးနောက် ရွာသားများကို ဂျူးမော်တော်ယာဉ်တွင်ပါလာသည့် ပစ္စည်းများ၊ လက်နက်များကို လုယူခွင့်ပေးမည် ဖြစ်သည်။ တစ်ကြိမ်အောင်မြင်လျှင် တစ်အားတက်ကာ ဆက်လက်အောင်ပွဲခံရလိမ့်မည်ဟု အက်ဘဒူခါဒါ ယုံကြည်သည်။ ဂျူးယာဉ်တန်း အစောင့်အရှောက်ပါလာသည့် အင်အားကြီးလျှင် သူတို့ဘက်ကလည်း အင်အားကြီးမားစွာဖြင့်တိုက်ခိုက်ရလိမ့်မည်။

ဘင်ဂျက်ဇီ၏ သတင်းထောက်လှမ်းမှုကို အခြေခံကာ ပထမဆုံးတိုက်ပွဲကို စတင်သည်။ ထိုပွဲတွင် အက်ဘဒူခါဒါ ကိုယ်တိုင်ခေါင်းဆောင်သည်။ အာရပ်ရွာသားများ ရောက်လာပြီး ဂျူးယာဉ်တန်းကို ဝိုင်းအုံလုယက်ကြသည်။

အက်ဘဒူသည် ထိရောက်သော ထောက်လှမ်းရေးစနစ်တစ်ခု ထူထောင်သည်။ အာရပ်ကျေးရွာတစ်ခုဖြစ်သည့် ဟာလဒါအနီးတွင် ဝိုင်ယာလက်စက်တစ်ခု ဝှက်ထားသည်။ ဂျူးကွန်ဗွိုင်းယာဉ်တန်း ဖြတ်သွားလျှင် သိုးကျောင်းသား သို့မဟုတ် ကလေးငယ်တစ်ယောက် သို့မဟုတ် ဝတ်ရုံနက်ခြုံထားသည့် ထောက်လှမ်းရေးများ အလှည့်ကျ ချထားသည်။ သတင်းစကားကြားရလျှင် အက်ဘဒူဆီသို့ ရေဒီယိုဖြင့် သတင်းပို့သည်။ ထိုကမှတစ်ဆင့် ဘင်ဂျက်ဇီထံ သတင်းစကား ကြားသိစေသည်။

အက်ဘဒူ၏ တိုက်စစ်ကို ဗြိတိသျှတို့က သည်အတိုင်းကြည့်နေသည်။ ဗြိတိသျှတပ်မတော်က ဂျေရုဆလမ် တယ်အဗစ်လမ်းကို ဒုတိယအရေးကြီးသည့် ဆုတ်ခွာရေးလမ်းဟု သတ်မှတ်သည်။ မြောက်ဘက်ဟိုင်ဖာလမ်းနှင့် တောင်ဘက်စူးအက်တူးမြောင်းလမ်းတို့ကို ဗြိတိသျှတို့ ဦးစားပေးအသုံးပြုသည်။ ဂျေရုဆလမ် တယ်အဗစ်လမ်းတွင် မနက်တစ်ကြိမ် ညနေတစ်ကြိမ် အသွားအပြန်နှစ်ကြိမ် ဗြိတိသျှတို့ ကင်းလှည့်မည်။ သည်မျှဆိုလျှင် လုံလောက်ပြီ။ အက်ဘဒူ၏တပ်ဖွဲ့က ဗြိတိသျှတို့ကို အနှောင့်အယှက်ပေးလိမ့်မည်မဟုတ်ဟု ယုံကြည်ထားသည်။

ဂျူးတို့အဖို့ကား အက်ဘဒူချုံခိုတိုက်ခိုက်ခြင်းမှ လွတ်မြောက်လျှင်၊ အလွန်ကျဉ်းမြောင်းသည့် ဘက်အယ်ဝက် လျှိုမြောင်မှလွတ်မြောက်လျှင် ဂျေရုဆလမ်တွင်ရှိနေသည့် ဘူးတစ်သိန်းအတွက် ရိက္ခာလုံလောက်မည်။ တစ်နေ့လျှင် ထရပ်ကားအစီးသုံးဆယ်ဂျေရုဆလမ်သို့ ရောက်ရမည်။ အက်ဘဒူ၏ တိုက်ခိုက်ခြင်းစတင်သည်တွင် ဂျူး ထရပ်ကားဦးရေ တဖြည်းဖြည်း လျော့နည်းလာသည်။

ဂျူးရိက္ခာယာဉ်များကို ပါလမက်တပ်ဖွဲ့ဝင်များက ပြည်တွင်းဖြစ် သံချပ်ကာကားခြောက်စီးစီဖြင့် လိုက်ပါစောင့်ရှောက်သည်။ အပြန်တွင် ဂျုံအိတ်၊ ဆန်၊ သကြားနှင့်ဘက်ယူလာသော ခဲယမ်းမီးကျောက်များ သယ်ဆောင်လာသည်။ ဝန်အပြည့်ကားများမှာဘက်အယ်ဝက်မှ ဂျေရုဆလမ်အထိ ဆယ့်ခြောက်မိုင်ရှည်သည့်လမ်းကို ဂီယာဖြင့်

http://mmteashop.com



မောင်းနှင်ရသည်။ အစောင့်သံချပ်ကာ,ကားတွင် "ယေဟူဒါလက်" လို လူငယ်လေးများ ပါဝင်သည်။ မနက်တိုင်း လေးနာရီတွင်ထကာ အက်ဘဒူ ချုံခိုတိုက်ခိုက်သည့်အကြား အသက်စွန့်၍ လိုက်ပါစောင့်ကြပ်ကြသည်။ ယေဟူဒါမှာ ယခုမှ အသက်နှစ်ဆယ်ပြည့်စ ဖြစ်သည်။ သူကား တပ်ဖွဲ့ခေါင်းဆောင်တစ်ယောက် ဖြစ်လာသည်။

ပါလမက်တပ်ဖွဲ့ဝင်တစ်ယောက်မှာ ရီယူဗင်တာမီယာ ဖြစ်သည်။ "ကျွန်တော်တို့တစ်တွေ ဘက်အယ်ဝက်ရောက်သည်အထိ သီချင်းတွေ ဆိုလာကြတယ်၊ ဘက်အယ်ဝက်ရောက်တော့ သီချင်းဆိုရပ်သွားရော၊ စိတ်ချောက်ချားစရာ ကောင်းတယ်၊ အသံဆိုလို့ ကားစက်သံပဲ ကြားရတယ်" ဟု ရီယူဗင်က နောင်အခါ ပြောပြသည်။

တစ်နေ့တွင် သူတို့ ကွန်ဗွိုင်းမှာ ဘက်အယ်ဝက်လျှိုမြောင်အကြား အတိုက်ခံရသည်။ အာရပ်များ ကျောက်တောင်ကြားမှဆင်းလာပြီး သူတို့အား သံချပ်ကာကားထဲမှ ထွက်ခဲ့ကြပါလားဟု စိန်ခေါ်သည်။ နောက်မှ ကားနှစ်စီး မီးလောင်သည်။ ယင်းတွင် ကြက်ဥတင်လာသော ကားတစ်စီးပါသည်။ ကြက်ဥနှစ်များ စီးကျလာသည်။ နာရီဝက်အတွင်း ပါလာသော ခဲယမ်းမီးကျောက်များစွာ လုယက်ခံရသည်။ အာရပ်တို့က လက်ပစ်ဗုံးများဖြင့် ပစ်သည်။ ရီယူဗင်တာမီယာတွင် ပစ်ရန် ကျည်ဆန်ကုန်သွားသည်။ သူ့ကိုယ်သူ ပစ်သတ်ရန်ပင် မရှိ။ ထိုနေ့က ကံကောင်းသဖြင့် ဗြိတိသျှ ကင်းလှည့်ကားများ အချိန်မီ ရောက်လာသည်။ ကာမီယာတို့ ကွန်ဗွိုင်း လွတ်မြောက်လာခဲ့ရသည်။

ဗြိတိသျှတို့ လာရောက်ကြားဝင်လေ့ မရှိ။ ရက်တွေ ကုန်လွန်လာသည်နှင့် အမျှ ဘက်အယ်ဝက် ဝန်းကျင်တွင် မီးလောင်ထားသောကားများ တဖြည်းဖြည်း များလာသည်။ ဘက်အယ်ဝက်တွင် ဂျူးအကျအဆုံးများသည်။ ပါလမက် ကဗျာဆရာတစ်ယောက်က "တို့နာမည်တွေကို မမေ့ပါနဲ့" ဟု သေဆုံးသူတို့ကိုယ်စား ကဗျာဖွဲ့သည်။

အက်ဘဒူခါဒါဟတ်ဆေနီမှာ အောင်ပွဲခံရချိန် နီးလာသည်။ ဂျေရုဆလမ်ကို တကယ်ပင် လည်မျိုညှစ်ထားနိုင်ခဲ့သည်။ ထိုတိုက်ပွဲဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ဂျူးအေဂျင်စီက ဥပဒေအကြံပေးပုဂ္ဂိုလ် အလွန်စကားနည်းသည့် ရှေ့နေ ဒိုဂျိုးဇက်အား တာဝန်ပေးသည်။

ဂျိုးဇက်သည် ကနေဒါဇာတိ ဂျူးတစ်ယောက် ဖြစ်သည်။ ဂျေရုဆလမ်ကို အစွဲအလမ်းကြီးသည်။ (၁၉၁၉)ခုတွင် ဂျူးလီဂျင်းတပ်၌ တပ်ကြပ်အဖြစ် အမှုထမ်းသည်။ နောင်နှစ်နှစ်အကြာတွင် လက်ထပ်ယူမည့် အမျိုးသမီးနှင့်အတူ ဂျေရုဆလမ်သို့ အခြေချရန် ပြန်လာသည်။ သူ့ဇနီးလောင်းမှာ မြောက်အမေရိကမှ ပါလက်စတိုင်းသို့ ပြောင်းလာသည့် ပထမဆုံး ဂျူးအမျိုးသမီး ဖြစ်သည်။

တာဝန်ယူပြီးနောက် သူ၏ ပထမဆုံးလုပ်ငန်းမှာ ရိက္ခာ စုဆောင်းခြင်း ဖြစ်သည်။ မြို့တွင်းသို့ ရောက်လာသမျှ ရိက္ခာကို စိတ်အချရဆုံးနေရာများတွင် သူ့ဦးဆောင်မှုဖြင့် စုဆောင်းသည်။ အာဟာရပါရဂူနှစ်ယောက်အား လူတစ်ယောက် တစ်နေ့တစ်ပတ်တစ်လ အတွက် အနည်းဆုံး လိုအပ်သည့် အာဟာရကို တွက်ချက်စေသည်။ ထို့နောက် ရာရှင်ကတ်ပြားများ ရိုက်နှိပ်သည်။

http://mmteashop.com



ရိက္ခာထက် ပို၍ အရေးကြီးသည်မှာ သောက်သုံးရေ ဖြစ်သည်။ ဂျေရုဆလမ်သို့ ပေးဝေသည့် ရေကိုးဆယ်ရာခိုင်နှုန်းသည် အနောက်ဘက် မိုင်ခြောက်ဆယ် ဝေးသည့် ရတ်အယ်အိန်း စမ်းရေထွက်မှ လာခြင်း ဖြစ်သည်။ ဆယ့်ရှစ်လက်မ ပိုက်ဖြင့် ရေသွယ်ရသည်။ ရေစုပ်စက်လေးခုဖြင့် ပေသုံးထောင်အမြင့်ကို တင်ပို့ပေးရသည်။ ယင်းတို့အားလုံး အာရပ်နယ်မြေထဲမှာ ရှိသည်။ ရှေးပဝေသဏီက ရေရင်းမြစ်တစ်ခုဖြစ်သည့် ဆော်လမွန်ဘုရင်ကြီး၏ ရေအိုင်သည်ပင် အာရပ်နယ်မြေထဲမှာ ရှိနေသည်။ ဗြိတိသျှတို့ ထွက်ခွာသွားလျှင် အာရပ်တို့က နေ့စဉ်သုံးရေ ဖြတ်တောက်ခြင်းဖြင့် ဂျူးတို့ကို အနိုင်ယူနိုင်သည်။ သူတို့အဖို့ ဒိုင်းနမိုက် အနည်းငယ်သာလိုသည်။

ဗြိတိသျှတို့၏ ထိန်းသိမ်းမှုအောက်တွင် လူနေရပ်ကွက်တိုင်း၌ ရေလှောင်ကန်ကြီးများ တည်ဆောက်ခဲ့သည်။ ဒီဇင်ဘာလထဲတွင် ဂိုးဇက်သည် ထိုရေလှောင်ကန်များကို လျှို့ဝှက်စွာ လှည့်လည်စစ်ဆေးပြီး မြို့ပြင်ကလာသည့် ရေကို ထိုရေလှောင်ကန်များထဲသို့ တိတ်တဆိတ် ထည့်ယူရန် စီမံသည်။ အာရပ်တို့က ရေဖြတ်လျှင် ထိုရေလှောင်ကန်များကို အသုံးပြုမည်။

မြို့တော်၏ တစ်ခုတည်းသော လျှပ်စစ်ဓာတ်အားပေးစက်မှာ ဂျူးတို့အဖို့ အရေးကြီးသည်။ ယင်းမှ ဓာတ်အား ကိုးဆယ်ရာခိုင်နှုန်းကို ဂျူးတို့ အသုံးပြုသည်။ မြို့တောင်ဘက်တွင် တည်ရှိပြီး စက်များ လည်ပတ်ရန် တစ်နေ့ စက်သုံးဆီ တန်သုံးဆယ်လိုသည်။ ထိုစက်ကို ဟာဂါနားက မသိမ်းပိုက်နိုင်မီ စက်ရုံမှူးအလက်ဇင်းဒါးဆင်းဂါးအား ဂိုးဇက်က အရေးပေါ် ဓာတ်အားပေးစက်တစ်ခု တည်ဆောက်ခိုင်းသည်။

နောက်ဆုံးတစ်ခုမှာ စကိုးပတ်တောင်ကုန်းပေါ် ရှိ ဆေးရုံ ဖြစ်သည်။ အာရပ်တို့က ဆေးရုံနှင့်ဖြတ်တောက်လျှင် ဂျူးရပ်ကွက်တွင် အရေးပေါ် ခွဲစိတ်ခန်းများ၊ ဆေးကုခန်းများ တည်ဆောက်ရန် ပြင်ဆင်သည်။ သွေးဘဏ်တစ်ခုလည်း ဖွင့်လှစ်ကာ သွေးများ စုဆောင်းသည်။

ဖေဖော်ဝါရီတွင် အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ခုကို ဂိုးဇက်ချမှတ်ရသည်။ အာရပ်တို့က နေ့စဉ် တိုက်ခိုက်နေသဖြင့် အမျိုးသမီးများနှင့် ကလေးများကို ပင်လယ်ကမ်းခြေဒေသသို့ ရွှေ့ပြောင်းရမည်ဟု ခေါင်းဆောင်ပိုင်းက စီစဉ်သည်။ သူတို့ကို အဝေးသို့ ရွှေ့ပြောင်းလျှင် ရိက္ခာနှင့် ရေပြဿနာ အတန်ငယ်ပေါ့ပါးသွားမည်။ ဂိုးဇက်က ထိုအစီအမံကို ဆန့်ကျင်သည်။ သူ့အယူအဆမှာ လက်နက်ကိုင် တိုက်ခိုက်နေကြသော ဂျူးတပ်ဖွဲ့ဝင်များအဖို့ သူတို့အိုးအိမ်နှင့် မိသားစုသည် သူတို့ နောက်တန်းတွင် တည်ရှိနေသည်ဟု သိရလျှင် စိတ်ဓာတ်မြင့်မားလာနိုင်သည်။ အိုးအိမ်နှင့် မိသားစုတို့၏ ကံကြမ္မာမှာ သူတို့၏ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်အပေါ် တည်သည်ဟု ဂိုးဇက်ယူဆသည်။ အကယ်၍ ဂျေရုဆလမ်သာ အာရပ်လက်ကျလျှင် သူ့မှာ တာဝန်ရှိသည်။ သို့သော်လည်း အလွယ်လမ်းကို သူတို့ မလိုက်ခဲ့ကြ။

http://mmteashop.com



ထိုအချိန်တွင် ကုလသမဂ္ဂ၏ ဂျေရုဆလမ်ကော်မတီသည် ဂျေရုဆလမ်ကို နိုင်ငံတကာ ထိန်းသိမ်းမှုအောက် ထားရှိရန် စည်းဝေးတိုင်ပင်နေကြသည်။ ဂျေရုဆလမ်ပိုင်နက်ထဲသို့ ဘက်သယ်ဟမ်နှင့် အာရပ်အဖွဲ့အစည်းသုံးခုကို ထည့်သွင်းမည်။ သို့မှသာ ဂျူးနှင့် အာရပ်လူဦးရေ အချိုးအစား ညီမျှမည်။ ထို့နောက် အုပ်ချုပ်ရေးခရိုင်သုံးခုခွဲမည်။ တစ်ခုမှာ ဂျူးအုပ်ချုပ်မှုအောက်တွင် ရှိပြီး ဒုတိယတစ်ခုမှာ အာရပ်အုပ်ချုပ်မှုအောက်တွင် ရှိသည်။ တံတိုင်းကာရံထားသော မြို့တော်ဟောင်းကိုမူ နိုင်ငံတကာ ထိန်းသိမ်းမှုအောက်တွင်ထားမည်။ ကုလသမဂ္ဂက ခန့်ထားသည့် ဘုရင်ခံတစ်ယောက်နှင့် ရွေးချယ်တင်မြှောက်သည့် ဥပဒေပြုကောင်စီက အုပ်ချုပ်မည်။ ထိုမြို့ဟောင်းကို စစ်မဲ့ဒေသအဖြစ်သတ်မှတ်မည်။ တရားဥပဒေစိုးမိုးရန် တရားရုံးတစ်ခု တည်ထောင်မည်။ နိုင်ငံတကာမြို့တော်၏အလံကိုပင် ရွေးပြီးပြီ။ ကုလသမဂ္ဂ အမှတ်တံဆိပ်တွင် ဂျေရုဆလမ်တံဆိပ်ခတ်နှိပ်ထားသည်။

အာရပ်တို့ကမူ ဂျေရုဆလမ်အား နိုင်ငံတကာထိန်းသိမ်းမှုအောက်တွင် ထားမည့်အစီအစဉ်ကို ကန့်ကွက်သည်။

ဂျူးတို့ဘက်က ပထမက နိုင်ငံတကာ ထိန်းသိမ်းသော ဂျေရုဆလမ်ကို ကန့်ကွက်သော်လည်း ယခုအခါ ထောက်ခံလာသည်။ အာရပ်တို့ ပတ်လည်ဝိုင်းလျက်ရှိရာ နိုင်ငံတကာထိန်းသိမ်းမှုအောက်ရောက်သွားလျှင် အသက်အန္တရာယ်မှ ကင်းဝေးမည်။ ဂျူးများအဖို့လည်း အလားအလာကောင်းများ ရရှိလာမည်။ အနောက်နိုင်ငံများက ဂျေရုဆလမ်၏ ငြိမ်းချမ်းရေးကို တာဝန်ခံရမည်။ နိုင်ငံတကာပုလိပ်အဖွဲ့တစ်ခုက အကာအကွယ်ပေးရမည်ဟု ဂျူးတို့က တင်ပြသည်။

ဂျူးအေဂျင်စီက နိုင်ငံတကာတပ်ဖွဲ့တစ်ခု အမြန်ပို့ပေးရန် တောင်းဆိုသည်။ အမေရိကန်က မရင်းတပ်သားငါးထောင် ပို့ပေးရမည်ဟု တောင်းဆိုသည်။ ယင်းအဆိုပြုချက်ကို အမေရိကန်က မလိုက်လျောနိုင်။ ထရူးမင်း အစိုးရအဖွဲ့ ရွေးကောက်ပွဲကျင်းပမည့်နှစ်တွင် အမေရိကန်တပ်သားများ နိုင်ငံခြားသို့ ပို့မပေးရမည့် ဝန်ထုပ်ဝန်ပိုးကို အတင်မခံနိုင်။

ထိုအခိုက် ဗြိတိသျှ ထိန်းသိမ်းအုပ်ချုပ်ရေးသည် အာရပ်တို့ ဘက်သို့ လိုက်သည်ဟု ဂျူးတို့က ယူဆကာ မကျေနပ်မှုများ ပွားများလာသည်။

ဂျူးတို့ဘက်က မကျေနပ်မှုမှာ အထောက်အထားများစွာ ရှိသည်။ ခွဲခြမ်းရေးဆန္ဒမဲ ပေးပြီးနောက် နှစ်လအတွင်း ဗြိတိသျှတို့က ဟာဂါနားတပ်ဖွဲ့ဝင် အမျိုးသားအမျိုးသမီး ငါးဆယ်ကို လက်နက်ကိုင်ဆောင်မှုဖြင့် ဖမ်းကာ ထောင်ချခဲ့သည်။ ထိုအချိန်မှာပင် အာရပ်တို့ လက်နက်ကိုင်ဆောင်သွားလာနေသည်ကို ဗြိတိသျှအာဏာပိုင်တို့က အရေးမယူဘဲ ကြည့်နေသည်ဟု လက်ဘန္ဒန်ကောင်စစ်ဝန်က ဆိုသည်။

http://mmteashop.com



ပါလက်စတိုင်း နိုင်ငံကဲ့သို့ လက်နက်များ တင်သွင်းခြင်းကို ဗြိတိသျှတို့က တင်းတင်းကျပ်ကျပ် တားမြစ်သည်။ သို့တိုင်အောင် ဇန်နဝါရီ (၉)တွင် ဗြိတိသျှတို့သည် အီရတ်နှင့် လက်နက်အရောင်းအဝယ် စာချုပ်တစ်ခု ချုပ်ဆိုသည်။ နောက်ဆက်တွဲ လျှို့ဝှက်သဘောတူညီချက်တစ်ခုမှာ အီရတ်သည် အာရပ်အဖွဲ့မှတစ်ဆင့် လက်နက်များကို အသုံးပြုခွင့်ပေးနိုင်ခြင်း ဖြစ်သည်။

ဘုရင့်ရေတပ်မတော်က ပါလက်စတိုင်း ကမ်းခြေတွင် စောင့်ကြပ်သည့်အခါ ဟာဂါနားတပ်ဖွဲ့ဝင်များ ဖြစ်နိုင်သည်။ နိုင်ငံခြားမှ ရွှေ့ပြောင်းလာသူ ဂျူးလူငယ်များကို ဝင်ခွင့်မပြု။ သို့ပြားလည်း ဂျေရုဆလမ်မြို့တွင်းသို့ ဝင်လာသည့် အာရပ်ပြောက်ကျားတပ်ဖွဲ့ဝင်များကိုမူ လျစ်လျူရှုထားသည်။ ထိုသို့ အာရပ်ပြောက်ကျားများ ဝင်လာသည်ကို မသိပါဟု ဗြိတိသျှကိုယ်စားလှယ်က ပြောသည်။ ဗြိတိသျှတို့ လိမ်လည်ခြင်းဖြစ်သည်ကို ဂျူးအေဂျင်စီက သိသည်။ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ပြောက်ကျား ဘယ်လောက် ခိုးဝင်သည်ကို ဗြိတိသျှတို့ သိကြောင်း ဟာဂါနား ထောက်လှမ်းရေးက တင်ပြသည်။

အာရပ်တို့က ဂျူးတို့အား စစ်ရေးအရ တိုက်ခိုက်မည်ဆိုလျှင် အာရပ်တို့၏ အင်အားသာသဖြင့် နိုင်မည်ဟု ဗြိတိသျှနိုင်ငံခြားရေးရုံးသို့ အရှေ့အလယ်ပိုင်းရှိ ဗြိတိသျှ ထောက်လှမ်းရေးက သတင်းပို့သည်။

ဗြိတိသျှနိုင်ငံခြားရေးရုံးသည် အာရပ်တို့၏ စစ်ရေးပြင်ဆင်မှုများကို သိသော်လည်း အနာဂါတ် ဗြိတိသျှ အရှေ့အလယ်ပိုင်း ပေါ်လစီဖြစ်သည့် အင်္ဂလိပ်အာရပ် ချစ်ကြည်ရေး ပျက်စီးစေမည့် ကိစ္စမဟုတ်လျှင် လျစ်လျူရှုမည်ဟု သဘောထားသည်။

ဗြိတိသျှအစိုးရ အတွင်းဝန်ချုပ် ဆာဟင်နရီဂါးနေးက အမေရိကန် ကောင်စစ်ဝန်ချုပ်အား ပါလက်စတိုင်းတွင် ကုလသမဂ္ဂအခန်းကဏ္ဍကို ဆွေးနွေးစရာ အကြောင်းမရှိဟု အတိအလင်း ပြောခဲ့သည်။

ပါလက်စတိုင်းသို့ ကုလသမဂ္ဂဝင်သည့်အချိန်တွင် စစ်မီးလျှံများ ထ၍တောက်နိုင်လောက်သည်ဟု ဂါးနေးက ကြိုတင်နိမိတ်ဖတ်သည်။

၀၀၀

http://mmteashop.com



အပိုင်း (၁၁)

## ဂိုလ်ဒါမေယာ၏ နှစ်ဆယ့်ငါး 'စတီပင်'

ဂျေရုဆလမ်၏ မယ်နိုးရာကလပ်သည် ပထမကမ္ဘာစစ်အတွင်း ဖွဲ့စည်းခဲ့သော ဂျူးလီးဂျင်းတပ်ဖွဲ့ဝင်များ စုဝေးရာ အသင်းအဆောက်အအုံတစ်ခု ဖြစ်သည်။ ဗြိတိသျှတို့က တူရကီ၏ အော့တိုမန် လက်နက်နိုင်ငံကို အောင်ပွဲခံပြီးနောက် တည်ဆောက်ခဲ့သည့် ကလပ် ဖြစ်သည်။ ထိုအချိန်က ဂျူးလီးဂျင်း တပ်ဖွဲ့သည်လည်း ဗြိတိသျှတို့ဘက်မှဝင်၍ တိုက်ခဲ့သည်။ ကလပ်တွင် ဟာဂါနား အဖွဲ့ဝင်များ မှန်မှန်စုဝေးကြပြီး ရင်ဆိုင်ရတော့မည့် တိုက်ပွဲသစ်အတွက် တိုင်ပင်ကြသည်။ ထိုနေ့ညက လက်နက်ကိုင် တပ်ဖွဲ့ဝင်ငါးယောက် စုဝေးမိကြသည်။ နောက်ထပ် ရောက်လာသူ တစ်ယောက်မှာ ဟာဂါနားတပ်ဖွဲ့ဝင် ပိုလန်အင်ဂျင်နီယာ အေလီယဟူးဆိုချက်ဇီဗာ ဖြစ်သည်။ သူတို့သည် တူရကီတို့ထံမှ သိမ်းယူခဲ့သည့် အမြောက်နှစ်ခုကို အပိုင်းပိုင်းဖြုတ်ကာ ဟာဂါနားတပ်ဖွဲ့ အတွက် အမြောက်သစ်များ ပြုလုပ်ရန် ပြင်ဆင်နေကြသည်။

ဟာဂါနားတပ်ဖွဲ့တွင် လက်နက်ကြီး တစ်ခုမျှ မရှိ။ သို့ဖြစ်ရာ ဂျေရုဆလမ်၏ အကြီးအကဲ ဘုန်းကြီးက ဆိုချက်ဇီဗာ၏ လျှို့ဝှက်လက်နက်ရုံအတွက် အလုပ်သမား စုဆောင်းပေးကာ မော်တာများ ပြုလုပ်ရန် စီစဉ်ပေးသည်။ သူတို့သည် တူရကီ အမြောက်နှစ်ခုကို ဖြုတ်တောက်ပြီး 'ဒေးဗစ်ကာ' မော်တာများ ပြုလုပ်ရန် ကြိုးစားကြသည်။ ဆိုက်ဗေးရီးယားမှ စိုက်ပျိုးရေးပါရဂူဒေးဗစ်လေဘိုဗစ်သည် မော်တာသစ်တီထွင်သူဖြစ်ပြီး သူ့ကို ဂုဏ်ပြုသောအားဖြင့် "ဒေးဗစ်ကာမော်တာ"ဟု နာမည်ပေးခြင်းဖြစ်သည်။ ယင်းမော်တာများမှာ(၁၉၄၈)ဆောင်းရာသီတွင် ဟာဂါနားတပ်ဖွဲ့ပိုင်ဆိုင်သည့် လက်နက်သစ်များ ဖြစ်သည်။ ရေသွယ်ပိုက်များဖြင့် မော်တာကျည်ဆန်များ ပြုလုပ်သည်။ အစမ်းပစ်ကြည့်ရာတွင် ပေါက်ကွဲသံ အလွန်ကျယ်သည်ကို တွေ့ရသည်။

ဆောင်းရာသီတစ်ချိန်လုံး ဂျေရုဆလမ် ဂျူးရပ်ကွက် အနှံ့အပြားတွင် လျှို့ဝှက် လက်နက်ရုံများ၊ ဓာတ်ခွဲခန်းများ တည်ထောင်ကြသည်။ သိပ္ပံပညာရှင်များဖြစ်ကြသည့် ဂျိုဝယ်ရာဆက်နှင့် အေရွန်ကာချယ်စကီတို့သည် နျူကလီးယားရူပဗေဒနှင့် မော်လီကျူးဆိုင်ရာ ဓာတုဗေဒသုတေသနလုပ်ငန်းတို့ကို စွန့်ပစ်ကာ ဟာဂါနား၏ လက်နက်ရုံများသို့

http://mmteashop.com



လာရောက်ကူညီကြသည်။ အရေးအကြီးဆုံး ပစ္စည်းတစ်ခုမှာ ဒေးဗစ်ကာမော်တာ အတွက် ယမ်းမှုန့်ဖော်စပ်ရေးပင် ဖြစ်သည်။ ထိုတာဝန်ကို ရာဆက်နှင့်ကာချယ်စကီတို့က ယူပြီး နေ့မအိပ် ညမအိပ် တီထွင်သည်။ ဟီဘရူးတက္ကသိုလ်မှ ဓာတုဗေဒကျောင်းသားနှင့် ရူပဗေဒကျောင်းသားများဖြစ်သည့် ကျော်နသန်အက်ဒလာနှင့် အက်ဗနာ ထရေနင် တို့က လက်ပစ်ဗုံးများ တီထွင်ပြုလုပ်သည်။ အက်ဒလာသည် အိုင်းရစ်သူပုန်တို့ အသုံးပြုသည့် နည်းကို လေ့လာပြီး လက်ပစ်ဗုံးစနက်တံကို တီထွင်သည်။

ပင်လယ်ကမ်းခြေဒေသတွင် လုံခြုံရေးကောင်းသည့် နေရာအများအပြားရှိသည်။ ယင်းတွင် ဟာဂါနားတပ်ဖွဲ့ဝင် ဂျိုးဇက်အေဗီဒါ ခေါင်းဆောင်ပြီး ကျည်ဆန်စက်ရုံတစ်ခု တည်ထောင်သည်။ အေဗီဒါမှာ ယူကရိန်းမှ စက်ပိုင်တစ်ယောက်၏ သားဖြစ်ပြီး ပါလက် စတိုင်းသို့ ပြောင်းရွှေ့လာသူတစ်ယောက် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ ဟိမ်းစလာဗိုင်းဝယ်ခဲ့သည့် စက်များမှာ များစွာ အသုံးတည့်သည်။ တယ်အဗစ်မြောက် ဘက် မားဂန်မိုက်ကယ် စုပေါင်းလယ်ယာအဖွဲ့၏ အဆောက်အအုံတစ်ခု ဖြစ်သည့် အဝတ်လျှော်ဌာနကို အကာအကွယ်ယူကာ ကျည်ဆန်များ ထုတ်လုပ်ရန် ကြိုးစားကြ သည်။ လျှပ်စစ်ဓာတ်အား အသုံးများသည်ကို အာဏာပိုင်တို့ မရိပ်မိရန် စုပေါင်း လယ်ယာအဖွဲ့၏ ပေါင်မုန့်ဖိုကို ဖြတ်၍ ဓာတ်ကြိုးများ သွယ်ရသည်။

အေဗီဒါအဖို့ အခက်အခဲတစ်ခုမှာ ကိုးမီလီမီတာ ကျည်ဆန်များ ထုတ်လုပ်ရန် ကျည်ဆန်ခွံ လုံလုံလောက်လောက် ရရေးပင် ဖြစ်သည်။ ယင်းကို အင်္ဂလိပ် အလှကုန် ကုမ္ပဏီတစ်ခုမှ နှုတ်ခမ်းဆိုးဆေးများ မှာယူပြီး ဖြေရှင်းသည်။(၁၉၄၈) ဇူလိုင်တွင် သူ၏ စက်ရုံမှ ကျည်ဆန်သုံးသန်းထွက်မည်။

ဟာဒေရာဒေသတွင် အေဗီဒါဦးစီးပြီး မော်တာကျည်ဆန်ခွံများ ထုတ်လုပ်သည်။ ဟိုင်ဖာလိမ္မော်ခြံတွင် လိမ္မော်သီးများ ထုပ်ပိုးသည့် အဆောက်အအုံတစ်ခုကို လက်ပစ် ဗုံးစက်ရုံအဖြစ် အသုံးပြုရသည်။ တစ်ဖန် အေဗီဒါ ဦးစီးပြီး လေးမီလီမီတာ ထူသော သံမဏိပြားနှစ်ခုအကြား သစ်သားပြားများ ထည့်ထားသည့် သံချပ်ကာ ကားများကိုလည်း တီထွင်ပြုလုပ်နိုင်ခဲ့သည်။

တယ်အဗစ်၊ ဟိုင်ဖာနှင့် ဂျေရုဆလမ်တို့တွင် ဟာဂါနားတပ်ဖွဲ့သည် ရန်သူများ ထံမှ ကျည်ဆန်နှင့် လက်နက်များ ဝယ်ယူနိုင်ခဲ့သည်။ မုန်လာဥ သို့မဟုတ် ဂေါ်ဖီပန်းပွင့် များ တင်လာသည့် ထရပ်ကားတွင် ရိုင်ဖယ်အချို့နှင့် ကျည်ဆန်သေတ္တာအချို့တင် ဆောင်လာပြီး အာမေးနီးယန်း ကြားခံမှတစ်ဆင့် အာရပ်တို့က ရောင်းသည်ကို ဟာဂါနား တပ်ဖွဲ့က ဝယ်ယူလိုက်သည်။ ဂျေရုဆလမ်ရှိ ဗြိတိသျှတပ်များမှလည်း လက်နက်များ ဝယ်ယူနိုင်ခဲ့သည်။ ဇန်နဝါရီလကုန်တွင် ဗြိတိသျှအရာခံဗိုလ် နှစ်ယောက်က ဖောက်ခွဲ ယမ်းဘီလူးများနှင့် ကျည်ဆန်များ ထရပ်ကားတစ်စီးတိုက်ကို ကော့ညက်တစ်ခွက်နှင့် ကျေးဇူးတင် လက်ဆွဲနှုတ်ဆက်ရုံလောက်ဖြင့် ဟာဂါနားတပ်ဖွဲ့အား အလကားပေးသွား

http://mmteashop.com



သည်။ ကျည်ဆန်များ၊ ဓာတ်ဆီနှင့် လက်နက်ငယ်များပါသည့် သံချပ်ကာ ကားတစ်စီးကို ဗြိတိသျှအရာခံဗိုလ်တစ်ယောက်က ပါလက်စတိုင်းပေါင်တစ်ထောင်ဖြင့် ဟာဂါနားအား ရောင်းသွားသည်။

သို့ဖြစ်ရာ နောက်ထပ် သံချပ်ကာ ကားတစ်စီးကို ဟာဂါနားတပ်ဖွဲ့က အကွက်ဆင်၍ ရယူနိုင်ခဲ့သည်။ ဘီဗင်ဂရက်ဒေသဟု ဂျူးတို့က နာမည်ပေးထားသည့် ဗြိတိသျှလုံခြုံရေး ဇုန်တစ်ခုအတွင်းသို့ ဗြိတိသျှယူနီဖောင်းဝတ်ထားသည့် ဟာဂါနားအဖွဲ့ဝင်တစ်စုဝင်သွားပြီး ဒိမ်းမလား သံချပ်ကာကား အသစ်တစ်စီးကို ခပ်တည်တည် မောင်းထွက်လာခဲ့သည်။ ထိုကားကို ခဏခဏ မောင်းပြသည့်အခါ ဂျေရုဆလမ်ရှိ အာရပ်တို့က ဟာဂါနားတွင် သံချပ်ကာ ကားတပ်ဖွဲ့တစ်ခု ရှိလာပြီဟု ထင်မှတ်ကြသည်။

✿ ✿ ✿

ဂျေရုဆလမ်ရှိ အာရပ်များအဖို့ ဗြိတိသျှတို့သည် လက်နက်ဖြန့်ချိရေးဌာနများဖြစ်လာသည်။ လက်နက်တိုက်ကို စောင့်သည့် ဗြိတိသျှ တပ်သားအား ပေါင်တစ်ထောင်ပေးလျှင် လက်နက်တိုက်မှ လက်နက်များ၊ ကျည်ဆန်များ ကဲ့ယူသည်ကို ထိုအစောင့်က မျက်နှာလွှဲနေသည်။ အထက်ဘီကားရပ်ကွက်တွင် ဆေးလိပ်ဆိုင်ရှေ့၌ ရပ်ထားသော ပုလိပ်သံချပ်ကာ ကားတစ်စီးကို ပုလိပ်နှစ်ယောက်ထံမှ ပေါင်တစ်ထောင်ပေးကာ အာရပ်တို့က ဝယ်ယူသွားသည်။ မြို့ပြင်လမ်းများပေါ်တွင် ရပ်ထားသည့် ဗြိတိသျှထရပ်ကားများကိုလည်း ပေါင်အနည်းငယ်ဖြင့် အာရပ်တို့ ဝယ်ယူနိုင်ခဲ့သည်။

(၁၉၄၈) ဆောင်းဦးပေါက်တွင် ဂျာမန်တပ်မတော်၌ အမှုထမ်းခဲ့သည့် လက်နက်ပါရဂူ ယူဂိုဆလပ်မွတ်စလင် နှစ်ဆယ့်ငါးယောက် ဂျေရုဆလမ်သို့ ရောက်လာသည်ဟု ဗြိတိသျှ ထောက်လှမ်းရေး အစီရင်ခံစာတစ်ခုက ဆိုသည်။ အာရပ်တို့အတွက် မိုင်းဗုံးများ၊ ဒိုင်းနမိုက်များ လုပ်ပေးမည့်သူများ ဖြစ်သည်။

ထို့ပြင် အာရပ်တို့ဘက်က အခွင့်အရေးတစ်ချက် သာသည်။ ယင်းမှာ အာရပ်နယ်စပ်သည် အလွန်ရှည်သည်။ အိမ်နီးချင်းနိုင်ငံများမှာ လက်နက်ခိုးသွင်းရန် လွယ်ကူသည်။ ဆော်ဒီအာရေဗျ၏ဘုရင် အစ်ဘင်ဆော့က သင်္ဘောတစ်စင်းစာ လက်နက်များ ဘင်ပို့လိုက်သည်။ လက်နက်သေတ္တာများကို ဖွင့်လိုက်သည့်အခါ အက်ဘဒူခါဒါမှာ စကားမပြောနိုင်လောက်အောင်ပင် ဒေါသထွက်ရသည်။ ဆော့ထံမှ ပို့လိုက်သည့် သက်နက်များမှာ ပထမကမ္ဘာစစ်မတိုင်မီက အသုံးပြုသည့် ရိုင်ဖယ်ဟောင်းများ ဖြစ်နေသည်။ အက်ဘဒူခါဒါမှာ ဒေါသကို မထိန်းနိုင်တော့ဘဲ ရိုင်ဖယ်များကို တစ်ခုချင်း သူ့ဒူးပေါ်တင်ကာ ရိုက်ချိုးပစ်သည်။

အီဂျစ်၏ အနောက်ဘက် သဲကန္တာရသည် လက်နက်အလွန်ပေါသည့် ဒေသဖြစ်သည်။ (၁၉၄၈) တွင် ထိုဒေသသည် အချင်းချင်း တိုက်ခိုက်နယ်မြေလုရာ စစ်မြေပြင်

http://mmteashop.com



ဖြစ်ခဲ့သည်။ သဲကန္တာရတွင် နေထိုင်ကြသည့် အာရပ်များထံမှ အီဂျစ်၊ မွတ်စလင်ညီအစ်ကိုများ၊ ပါလက်စတိုင်းများ၊ စစ်တပ်နှင့်ဆက်သွယ်၍ အရောင်းအဝယ်လုပ်သည့် ကုန်သည်များသည် လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူကြသည်။

ဝယ်ထားသည့် လက်နက်များကို အလစ်သုတ် ခိုးယူကြသည်များရှိသည်။ ထိုလက်နက်များသည် ဆေးခြောက်မှောင်ခိုများ၊ ကုလားအုတ် ဝန်တင်ကုန်သည်များမှတစ်ဆင့် ပါလက်စတိုင်းသို့ ရောက်လာသည်။ ဂျေရုဆလမ်ဈေးထဲတွင် ပြောင်ပြောင်တင်းတင်းပင် ကြိုက်ရာလက်နက်များ ဝယ်နိုင်သည်။ (၁၉၄၈) ဆောင်းလယ်တွင် သံချေးတက်နေသော မော်ဇာတစ်လက်ကို ပေါင်တစ်ရာဖြင့် ဝယ်ယူနိုင်သည်။ ထိုဈေးမှာ ချက်ကိုစလိုဗေးကီးယားတွင် ရောင်းသည့် အသစ်ဈေးထက် လေးဆများသည်။

ထိုအချိန်တွင် ဆီးရီးယားနိုင်ငံ၏မြို့တော် ဒမတ်စကတ်မှာ အာရပ်လောက၏ အချက်အချာမြို့တစ်ခု ဖြစ်လာသည်။ (၁၉၄၈) တွင် အာရပ်အဖွဲ့ချုပ်က ပါလက်စတိုင်းရှိ အာရပ်တို့အား အကူအညီပေးဖို့ ဆုံးဖြတ်သည့်အခါ ဒမတ်စကတ်ကို ဗဟိုပြုပြီး နိုင်ငံရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ မြို့တော်သို့ အာရပ်အများအပြား ဝင်လာကြပြီး၊ အာရပ်အပျော်တမ်းတပ်သားများအဖြစ် စစ်ရေးလေ့ကျင့်ကြသည်။ ထိုဒေသမှတစ်ဆင့် ပါလက်စတိုင်းသို့ အလွယ်တကူ ဝင်နိုင်သည်။ ဗြိတိသျှတို့ ပါလက်စတိုင်းမှ ထွက်ခွာလျှင် ဂျူးတို့အား တိုက်ခိုက်ရန် ဒမတ်စကတ်ကို ဗဟိုပြုပြီး ပြင်ဆင်စည်းရုံးကြသည်။

တစ်ဖန် ဒမတ်စကတ်တွင် အာရပ်ခေါင်းဆောင်မှု ရရှိရေးအတွက် အပြိုင်အဆိုင် စည်းရုံးရေး ဆင်းကြသည့် အုပ်စုအများအပြား ပေါ်လာသည်။ ဒမတ်စကတ် ဆင်ခြေဖုံး ပြင်သစ်စစ်တပ် အဆောက်အအုံဟောင်းတွင် ဗိုလ်ချုပ်ဆလာဒင်သည် ဌာနချုပ်တစ်ခု ဖွင့်လှစ်ကာ နေရာယူထားသည်။ ဒီဇင်ဘာတွင် ကိုင်ရိုမြို့၌ကျင်းပသည့် အာရပ်အဖွဲ့ချုပ် အစည်းအဝေးက ငါးဆယ့်နှစ်နှစ်ရှိသော အီရတ်ဗိုလ်ချုပ် အစ္စမေး ဆာဖဝတ်ပါရှားအား အာရပ်တပ်ပေါင်းစု၏ သေနာပတိ ခန့်လိုက်သည်။ အာရပ်အဖွဲ့ချုပ်က လက်နက်တပ်ဆင်ပေးသည့် ဟတ်ချ်အာမင်ဟတ်ဆေနီ၏ လွတ်မြောက်ရေး တပ်မတော်ကလည်း တပ်သားသစ်များစုဆောင်းနေသည်။ အုပ်စုအမျိုးမျိုး ခေါင်းဆောင်မှုအမျိုးမျိုး အလယ်တွင် ဆာဖဝါပါရှားမှာ အရာရှိလက်တစ်ဆုပ်ဖြင့်သာ ဌာနချုပ်ရုံးဖွင့်လှစ်ထားခြင်း ဖြစ်သည်။

ဆာဖဝတ်ပါရှားသည် စကားလုံးကြီးကြီးကျယ်ကျယ် ပြောတတ်သည်။ သူ့တပ်က တယ်အဗစ်ကို ချီတက်သိမ်းပိုက်မည်ဟူ၍လည်း ကြေညာသည်။ ချီတက်သိမ်းပိုက်ရန် လက်နက်လုံလုံလောက်လောက် ရှိရဲ့လားဟု သူ့ကိုမေးသည့်အခါ ဂျူးသံချပ်ကာ ကားများကို ကျောက်ခဲဖြင့်ပစ်မည်ဟု ပါရှားက ဆိုသည်။ သူ၏ စစ်ဆင်ရေးမှူးတစ်ယောက်ဖြစ်သည့် ဂျော်ဒန်လူမျိုး ဝပ်စဖီတဲက "အာရပ်အင်အားစုများ အဘက်ဘက်က အခြေအနေ မပြည့်စုံသဖြင့် ထိုချီတက်ပွဲသည် ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရလိမ့်မည်" ဟု သူ့ကို သတိပေး စကားပြောသည်။

http://mmteashop.com



ဆာဖဝတ်၏ ဌာနချုပ်တွင် စာရေးစက္ကူထုပ်များနှင့် ဖိုင်တွဲများမှလွဲ၍ ဘာတစ်ခုမျှ မရှိ။ ကုလားထိုင်စားပွဲနှင့် တယ်လီဖုန်းများ မရှိ၊ ဆီးရီးယားအရာရှိများ၊ အီရတ်အရာရှိများ ရောက်လာကြပြီး နိုင်ငံရေးစကားလုံးများ ကြီးကြီးကျယ်ကျယ် ပြောကြသည်။ စစ်သေနင်္ဂဗျူဟာကို သူတို့နားမလည်၊ ငွေကြေးခွဲဝေရေး၊ အမိန့်အာဏာ ခွဲဝေယူရေး၊ တိုက်ပွဲနယ်မြေ ခွဲဝေသတ်မှတ်ရေး၊ လက်နက်များ ခွဲဝေရေးတို့ကိုသာ တွင်တွင် ပြောကြသည်။

စကားကြီးစကားကျယ်များ ပြောပြီးနောက် ထိုအရာရှိများ အိုရီယင်တယ်ပဲလေ့စ်ဟိုတယ်သို့ ရောက်သွားကြသည်။ ကော်ဖီသောက်ရင်း၊ မြေပုံကြည့်ရင်း စစ်ရေး ဆွေးနွေးကြသည်။ အနောက်တိုင်း အင်အားကြီးနိုင်ငံများမှ ထောက်လှမ်းရေးသမားများက သူတို့ထံ နားစွင့်နေကြသည်။

အိုရီယင်တယ်ပဲလေ့စ်ဟိုတယ်သို့ ဟတ်ချ်အာမင်ဟတ်ဆေနီနှင့်အဖွဲ့ရောက်လာပြီး တစ်ထပ်လုံးနေရာယူသည်။ သူ့ဝတ်ရုံအောက်တွင် ကျည်ဆန်ကာ အင်္ကျီတစ်ထပ်ဝတ်ထားသည်။ ဒမတ်စကတ်တွင် သူ့မှာ ရန်သူအများကြီး ရှိသည်။ ပါလက်စတိုင်းကို သူ လက်ဝါးကြီး အုပ်ချင်သည်။ သူ၏အရှိန်အဝါ ကြီးမြင့်လာသည်နှင့်အမျှ လူသတ်ပွဲများ မကြာခဏ ဖြစ်ပွားသည်။ သို့ဖြစ်ရာ အာရပ်လောကတွင် သူ့မှာ မိတ်ဆွေထက် ရန်သူက ပို၍များလာသည်။

ဒမတ်စကတ်သို့ ရည်ရွယ်ချက်နှစ်ခုဖြင့် သူရောက်လာခြင်း ဖြစ်သည်။ ပထမ ရည်ရွယ်ချက်မှာ သူ၏ အာရပ်ထိပ်တန်းကော်မတီကို ပါလက်စတိုင်းယာယီအစိုးရ အသွင်ပြောင်းရေးဖြစ်ပြီး ဒုတိယရည်ရွယ်ချက်မှာ အပျော်တမ်း လွတ်မြောက်ရေးတပ်မတော်ဖွဲ့စည်းခြင်းကို တားဆီးရန် ဖြစ်သည်။ အာရပ်နိုင်ငံများမှ စစ်သားများ စုဆောင်းပြီး ဆီးရီးယားမှ စစ်ဆင်ရေးကွပ်ကဲကာ ထိုတပ်မတော်သည် ဗြိတိသျှတို့ မဆုတ်ခွာမီအတွင်း ပါလက်စတိုင်း၌ ပြောက်ကျားစစ်ပွဲ ဆင်နွှဲမည်၊ ထိုတပ်ဖွဲ့စည်းရေးကို သူ မဟန့်တားနိုင်လျှင် ယင်းတွင် သူ့ကိုသစ္စာရှိသည့် တပ်မှူးတစ်ယောက်အား သေနာပတိချုပ် ခန့်စေချင်သည်။

ဟတ်ချ်အာမင် မအောင်မြင်။ ငွေအလွဲသုံးစား လုပ်သည်။ လက်နက်များ ခိုးဝှက်သည်။ နိုင်ငံရေးရာထူးများ စိတ်ကြိုက်ခန့်သည်ဟု သူ့ကို ဆာဖဝတ်ပါရှားက စွပ်စွဲသည်။ ဟိုင်ဖာရှိ သူ့တပ်သား နှစ်ထောင်အတွက်သာ လက်နက်များ၊ ငွေများ၊ ယူသွားသည်။ ဂျေရုဆလမ်တွင်မူ သူ့တပ်သားနှစ်ရာပင် မပြည့်ဟု စွပ်စွဲသည်။

ဗြိတိသျှနှင့် အာရပ်အဖွဲ့ချုပ်အတွင်းမှ ဟတ်ချ်အာမင်၏ နိုင်ငံရေး ရန်သူများက မယုံကြည် စိတ်မချရသည့် ဟတ်ချ်အာမင်၏လက်သို့ လက်နက်များများ မပေးအပ်ချင်။ ပါလက်စတိုင်း ပြဿနာတွင် ဟတ်ချ်အာမင်က မစေ့စပ်ရေးဘက်မှ ရပ်တည်သည်။ အခြားအာရပ်အဖွဲ့များနှင့် ပြောဆိုဆွေးနွေးရလျှင် အဖြေတစ်ခုခု ထွက်လာနိုင်သည်ဟု

http://mmteashop.com



ငြိတိသျှတို့က ယူဆသည်။ အကယ်၍ လွတ်မြောက်ရေးတပ်မတော်ကို ဟတ်ချ်အာမင် ကွပ်ကဲမည်ဆိုလျှင် ယင်းတပ်ဖွဲ့စည်းရေးကို ကန့်ကွက်ဟန့်တားရလိမ့်မည်ဟု ငြိတိသျှတို့က အာရပ်အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး အက်ဇမ်ပါရှားနှင့် ဆီးရီးယားဝန်ကြီးချုပ် ဂျမေးမာဒမ်အား ပြောပြသည်။

ထရန်းစ်ဂျော်ဒန်ဘုရင် အက်ဘဒူလာက ပါလက်စတိုင်း၌ မတ်ဖတီ ဦးဆောင်သည့် ပါလက်စတိုင်း အစိုးရအဖွဲ့တွင် သူမပါနိုင်ဟု ဆိုသည်။ လွတ်မြောက်ရေးတပ်မတော်သို့ ဝင်သူများလာသည်။ လက်နက်နှင့်ငွေကြေးများ ပေးအပ်ရတော့မည်။ ဆီးရီးယားသမ္မတ"ရှုကရီအယ် ကူဝတ်လီ"သဘာပတိပြုလုပ်သည့် အစည်းအဝေးက အချေအတင် ပြောဆိုဆွေးနွေးပြီးနောက် လွတ်မြောက်ရေး တပ်မတော်အား ပါလက်စတိုင်းမြောက်ပိုင်းတွင် တိုက်ပွဲဆင်နွှဲရန် တာဝန်ပေးလိုက်သည်။ ဂျေရုဆလမ် ဒေသတွင် တိုက်ခိုက်ရေးကို အက်ဘဒူခါဒါဟတ်ဆေနီက ခေါင်းဆောင်မည်။

ဂျက်ဖာ ပတ်ဝန်းကျင်တွင် မတ်ဖတီ၏ နောက်လိုက်တစ်ယောက်က ဦးဆောင်တိုက်ခိုက်မည်။ သို့သော်လည်း လွတ်မြောက်ရေးတပ်မတော်၏ သေနာပတိခန့်အပ်ရန် ရွေးချယ်သည့်အခါ ဟတ်ချ်အာမင် များစွာ စိတ်ပျက်ရလေသည်။

ဖော်ဇီအယ်ကောက်ဂျီသည် အာရပ်အကြီးအကဲနှင့်မတူ။ ပရပ်ရှားဗိုလ်မှူးတစ်ယောက်နှင့် တူသည်။ နုတ်လေးသည်။ လွန်ခဲ့သည့် အနှစ်သုံးဆယ်က အိုက်ယန်းကရော့ဒုတိယတန်းတံဆိပ် ရခဲ့သည်။ ထိုအချိန်က သူသည် ဗိုလ်ချုပ်အောတိုဗွန် ကရက်အစ်၏ ပရပ်ရှားတပ်များနှင့်အတူ ငြိတိသျှတို့ကို ပါလက်စတိုင်းတွင် သူ တိုက်ပွဲဝင်ခဲ့သည်။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်း ဘာလင်၌တွေ့သည့် ဂျာမန်အမျိုးသမီးလေး တစ်ယောက်နှင့် လက်ထပ်ခဲ့သည်။

ကောက်ဂျီကို လက်ဘနွန်မြောက်ပိုင်းတွင် မွေးဖွားသည်။ တူရကီတပ်မတော်၌ အမှုထမ်းခဲ့သည်။ အော့တိုမင် လက်နက်နိုင်ငံပြိုကွဲလျှင် ငြိတိသျှတို့အတွက် တူရကီတွင် သူလျှိုလုပ်ခဲ့သည်။ ထို့နောက် ငြိတိသျှအတွက် ပြင်သစ်တွင် သူလျှိုလုပ်ပြီး ပြင်သစ်အတွက် ငြိတိသျှတို့အား သူလျှိုလုပ်ခဲ့သည်။ တစ်ဖန် ဂျာမနီတို့အတွက် ငြိတိသျှနှင့် ပြင်သစ်တို့အား သူလျှိုလုပ်ခဲ့သည်။

(၁၉၃၆)တွင် ပါလက်စတိုင်းတို့ ပုန်ကန်သည့်အခါ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ခဲ့သဖြင့် အာရပ်တို့အကြား ကျော်ကြားလာပြီး ဟတ်ချ်အာမင်ဟတ်ဆေနီကူ များစွာအထင်ကြီးလာသည်။ သို့သော်လည်း လူကြိုက်များလာသည်ကို ဟတ်ချ်အာမင် မကြိုက်။ ထို့နောက် ပုန်ကန်မှုကို ဦးဆောင်ရန် အီရတ်သို့ ဟတ်ချ်အာမင်က လမ်းပြောင်းပို့လိုက်သည်။ ထိုနိုင်ငံတွင် ပုန်ကန်မှု မလုပ်ဘဲ ငွေများသုံးစွဲကာ လက်နက်များကို ရောင်းချစားသောက်သွားသည်ဟု မတ်ဖတီ၏လူများက စွပ်စွဲသည်။

စစ်အတွင်း ဘာလင်၌ တွေ့ကြသည့်အခါ နှစ်ယောက်အကြား ဆက်ဆံရေးသည်

http://mmteashop.com



ခပ်စိမ်းစိမ်း ဖြစ်လာသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်မရ။ ဂျာမန်တို့စစ်ရှုံးလျှင် ပြင်သစ်သို့ ကောက်ဂျီ ပြေးဝင်ခိုလှုံပြီး အီဂျစ်သို့ ပြန်လာသည်။ ထို့နောက် အာရပ်တို့ အလိုတူ လက်နက်ကိုင်တိုက်ပွဲဝင်ဖို့ အဆင်သင့်ရှိသည်ဟု ကောက်ဂျီ ကြေညာသည်။

ယခုမူ သူသည် လွတ်မြောက်ရေးတပ်မတော်၏ သေနာပတိ ဖြစ်လာသည်။ ဆီးရီးယားအစိုးရကမူ ဆီးရီးယားနိုင်ငံတွင်းသို့ ကောက်ဂျီ၏တပ်များ မဝင်ရ။ ပါလက်စတိုင်းနိုင်ငံအတွင်း၌သာ နေရမည်ဟု တောင်းဆိုသည်။ ပြိုင်ဘက်နိုင်ငံရေးအုပ်စုများက ကောက်ဂျီကို သွေးဆောင်ဖြားယောင်းပြီး ပါလက်စတိုင်း ဂျူးစုပေါင်းလယ်ယာစခန်းသို့ ဝင်မတိုက်ဘဲ ဆီးရီးယားနိုင်ငံသို့ဝင်ကာ ဒမတ်စကတ် အစိုးရအဖွဲ့အား တိုက်မည်ကို စိုးရွံ့ကြသည်။

ရေဒီယိုမှ စစ်သားစုဆောင်းရေး ကြေညာသည်တွင် အာရပ်လောကတစ်ခုလုံး တက်တက်ကြွကြွနှင့် လွတ်မြောက်ရေးတပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြသည်။ သူတို့သည် ဂျေရုဆလမ်သို့ စွန့်စွန့်စားစား ချီတက်ကာ ရန်သူ့ပစ္စည်းကို လုယက်ရန် စိတ်အားထက်သန်လျက် ရှိကြသည်။

အာရပ်လူငယ် လူရွယ်အားလုံး ဒမတ်စကတ်သို့ ချီတက်ကြသည်။ ထိုအထဲတွင် လူကောင်းလည်း ပါသည်။ လူဆိုးသူခိုးလည်း ပါသည်။ ဗြိတိသျှ၊ ပြင်သစ်နှင့် သူတို့လက်အောက်ခံအစိုးရများနှင့် ဂျူးများကို မုန်းတီးသူ အများအပြား ပါဝင်သည်။ သူတို့ကား မြင့်မြတ်သော ဘာသာရေးစစ်ပွဲတစ်ခုတွင် ပါဝင်တိုက်ခိုက်ကြမည်ဟု ယုံကြည်ချက်အပြည့် ရှိကြသူများ ဖြစ်သည်။ သူတို့သည် ဒမတ်စကတ်မြို့ အနောက်တောင်ဘက် မိုင်သုံးဆယ်ဝေးသည့် စခန်းတစ်ခုတွင် စုဝေးကြသည်။ အားလုံး စစ်သားသစ် ခြောက်ထောင်ရှိသည်။ သူတို့နှင့်အတူ ဗြိတိသျှတပ်ပြေးအချို့၊ ဂျာမန်စစ်သုံ့ပန်းအချို့၊ တီတိုးက သေဒဏ်ပေးထားသည့် ယူဂိုဆလပ် မွတ်စလင်အချို့တို့ ဝင်ရောက်ခိုလှုံကြသည်။

သူတို့ကို ဗဟိုအာဏာပိုင် အဖွဲ့တစ်ခုက အုပ်ချုပ်နိုင်ခြင်း မရှိသေး။ အုပ်ချုပ်မည့်အရာရှိကား ရှားပါးနေသည်။ အုပ်စုလိုက်ခေါင်းဆောင်များ၏ အမိန့်ကိုသာ နာခံကြသည်။ ယူနီဖောင်းမျိုးစုံ ဝတ်လာကြသည်။ ဆီးရီးယားတပ်ဝတ်စုံ၊ အမေရိကန်၊ ဗြိတိသျှ၊ ပြင်သစ်ဝတ်စုံများဖြင့် အရောင်အသွေးစုံ တွေ့ရသည်။ စစ်သင်တန်း ကောင်းကောင်း မဆင်းနိုင်။ လက်နက်မစုံ၊ ကျည်ဆန်မရှိသဖြင့် ကျည်ဆန်ခြောက်ခုလောက်သာ ပစ်ခတ်လေ့ကျင့်ခွင့်ရသည်။ လက်ပစ်ဗုံး တစ်ခါနှစ်ခါ ပစ်ဖူးလျှင် စစ်ရေးလေ့ကျင့်မှု ပြည့်စုံပြီဟု ယူဆကြသည်။

ရန်ပုံငွေ မပြည့်စုံ။ ကိုင်ရိုအဖွဲ့ချုပ် အစည်းအဝေးတွင် စတာလင်ပေါင် တစ်သန်း ထည့်ဝင်မည်ဟု အာမခံသူများ ဆယ်ပုံတစ်ပုံသာ ပေးကြသည်။ အဖွဲ့ချုပ်အတွင်းရေးမှူး အက်ဇမ်ပါရှားမှာ အဖွဲ့ဝင်နိုင်ငံများထံ ကတိပြုထားသည့် ငွေများထည့်ဝင်ကြရန် စာရေးဆော်သြနေရသည်။

http://mmteashop.com



(၁၉၄၈) ဆောင်းရာသီတွင် ဆီးရီးယားနိုင်ငံ၌ သင်္ဘောထားအယူအဆ အမျိုးမျိုး ကွဲပြားနေသည်။ အာရပ်လီးဂျင်း၏ အင်္ဂလိပ်လူမျိုး တပ်မှူး ဂ္လပ်ဘာဂေါ့ ဂလပ်ကမူ ဒမတ်စကတ်မှာ စိတ္တဇဆေးရုံနှင့် တူသည်ဟုဆိုသည်။

ထိုနှစ်ဆောင်းရာသီတွင် တယ်အဗစ်မြို့ရှိ ဂျူးအေဂျင်စီ၌လည်း ခေါင်းခဲစရာ ပြဿနာများ ရင်ဆိုင်နေရသည်။ ဂျူးခေါင်းဆောင်များကို အေဂျင်စီက တယ်အဗစ်သို့ ဆင့်ခေါ်ကာ ငွေထိန်းအယ်လီဇာကက်ပလန်၏ အစီရင်ခံစာကို ဖတ်ပြသည်။ ကက်ပလန်သည် အမေရိကန်ပြည်ထောင်စုသို့ ရန်ပုံငွေစုဆောင်းရန် သွားရာမှ လောလောလတ်လတ် ပြန်ရောက်လာသူ ဖြစ်သည်။ သူ့တွင် ငွေးကြေးတစ်ပြားတစ်ချပ်မျှ ပါမလာ။ အမေရိကန်ဂျူးများမှာ ပါလက်စတိုင်း ဂျူးများအတွက် ငွေကြေးတောင်းခံသည်ကို စိတ်မဝင်စားကြ။ စိတ်အားထက်သန်ခြင်းလည်း မရှိဟုဆိုသည်။ ယခုမူ အရေးတကြီး ငွေကြေးလိုအပ်နေသည်။ ဒေါ်လာငါးသန်းမရလျှင် ပါလက်စတိုင်းဂျူးတို့ ဆက်လက်မရပ်တည်နိုင်။

ကက်ပလန်တင်ပြသည့် အခြေအနေကို နားလည်သူမှာ ဒေးဗစ်ဘင်ဂူရီယန် တစ်ယောက်သာ ရှိသည်။ ပရက်မြို့မှအေးဟက်ဘာယ်ဗရီယယ် ဝယ်ခဲ့သော ရိုင်ဖယ်များနှင့် စက်သေနတ်များသည် ပါလက်စတိုင်း အာရပ်များကို တားဆီးနိုင်မည်မှာ သေချာသည်။ သို့သော်လည်း အာရပ်အမြဲတမ်းတပ်မတော်၏ တင့်ကားများ၊ အမြောက်များ၊ လေယာဉ်များကိုမူ ဂျူးစစ်သားတို့ ကြံ့ကြံ့ခံနိုင်မည် မဟုတ်။ ခေတ်မီသော တပ်မတော်တစ်ခု ဖွဲ့စည်းရေးအတွက် ဒေးဗစ်ဘင်ဂူရီယန်တွင် စီမံကိန်းတစ်ခု ရေးဆွဲပြီးရှိသည်။ ယင်းအတွက် ကက်ပလန်ဖော်ပြသည့် ငွေထက် လေးငါးဆ လိုသည်။ နောက်ဆုံးတွင် "ကက်ပလန်နဲ့ကျွန်တော်တို့နှစ်ယောက် အမေရိကန်ပြည်ထောင်စုသွားမယ်၊ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ အမေရိကန်တွေကို ရှင်းပြမယ်"ဟု ဆိုသည်။

ထို့နောက် အမျိုးသမီးတစ်ယောက်၏ အသံကို သူတို့ ကြားရသည်။

"ဒီမှာ ရှင်လုပ်တဲ့အလုပ်ကို ကျွန်မ မလုပ်နိုင်ဘူး၊ ဒါပေမယ့် အမေရိကန်မှာ ရှင်ယူမယ့်တာဝန်ကို ကျွန်မယူနိုင်တယ်။ ရှင် ဒီမှာနေခဲ့၊ ကျွန်မသွားပြီး ငွေစုမယ်"ဟု ဂိုလ်ဒါမေယာက ဘင်ဂူရီယန်အား ပြောသည်။

ဘင်ဂူရီယန် မျက်နှာနီရဲသွားသည်။ သူပြောနေစဉ် ကြားဖြတ်ပြောသည်ကို မကြိုက်၊ ဆန့်ကျင်ပြောဆိုသည်ကိုလည်း မကြိုက်။ အေဂျင်စီ၏ အခြားအမှုဆောင်များက ဂိုလ်ဒါမေယာသွားရန် ထောက်ခံကြသည်။ နှစ်ရက်ရှိသော် ဂိုလ်ဒါမေယာသည် လက်ဆွဲအိတ်တစ်ခုနှင့် ကိုယ်မှာဝတ်ဆင်ထားသော နွေရာသီဝတ်စုံ ပါးပါးကို ဝတ်ဆင်ကာ ချမ်းအေးသော နယူးယောက်လေဆိပ်သို့ ရောက်သွားသည်။ သူ့မှာ ဂျေရုဆလမ်သို့ သွားကာ အဝတ်များပင် ယူချိန်မရ။ ဂိုလ်ဒါမေယာ၏အိတ်ထဲတွင် ဆယ်ဒေါ်လာသာ ပါလာသည်။ အကောက်ခွန်အရာရှိများက ဆယ်ဒေါ်လာနှင့် အမေရိကမှာ ဘယ်လို နေမည်လဲဟုမေးရာ သူက "ဒီမှာ ကျွန်မမိသားစု ရှိတယ်"ဟု အဖြေပေးလိုက်သည်။

http://mmteashop.com



နှစ်ရက်ရှိလျှင် ချီကာဂိုတွင် သူ၏မိသားစုနှင့် ဂိုလ်ဒါမေယာတွေ့သည်။ သူတို့ကား လေးဆယ့်ရှစ်ပြည်နယ်မှ စုဝေးရောက်ရှိလာကြသည့် ဂျူးဖယ်ဒရေးရှင်း၏ ကောင်စီဝင်များ ဖြစ်သည်။ သူတို့ ညီလာခံကျင်းပခိုက် ဂိုလ်ဒါမေယာ ရောက်သွားသည်မှာ အဆင်သင့် ဖြစ်သည်။ ချီကာဂိုတွင် သူတည်းခိုသည့် ဟိုတယ်ခန်း၌လည်း အမေရိကန်ဂျူးခေါင်းဆောင်ပိုင်းမှ ငွေကြေးရှင်များနှင့်တွေ့သည်။

အမေရိကန်ပြည်ထောင်စုသို့ နောက်ဆုံးအကြိမ် သူရောက်ခဲ့သည်မှာ (၁၉၃၈) က ဖြစ်သည်။ ထိုစဉ်က သူ့မိတ်ဆွေများသည် ဇီယွန်ဝါဒီများ၊ ဆိုရှယ်လစ်များ ဖြစ်သည်။ ယခု တွေ့ရသူတို့မှာ အမေရိကန် ဂျူး တွေးခေါ်ရှင်များ ဖြစ်သည်။ များစွာတို့မှာ သူနှင့် အယူအဆ မတူ။ သူ၏ ဇီယွန်ဝါဒကို ဆန့်ကျင်သူများပင် ဖြစ်သည်။

နယူးယောက်ရှိ မိတ်ဆွေများက သူတို့နှင့် ထိပ်တိုက်မတွေ့ရန် သူ့ကို သတိပေးသည်။ ကောင်စီ၏ ခေါင်းဆောင်များမှာ ဇီယွန်ဝါဒီများ မဟုတ်။ သူတို့မှာလည်း အမေရိကန်ဂျူးအဖွဲ့အစည်းများ၊ ဆေးရုံများ၊ ဂျူးဘုရားကျောင်းများ၊ ဂျူးယဉ်ကျေးမှုဌာနများအတွက် ငွေကြေးလှူဒါန်းရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

သို့ပြားလည်း ဂိုလ်ဒါမေယာက ပါလက်စတိုင်းအား ထောက်ပံ့ရန် တောင်းဆိုသည်။ ချီကာဂိုသို့ သူလာမည်ဟု ဂျူးအဖွဲ့အစည်းအား ညွှန်ကြားရေးမှူး ဟင်နရီမွန်ကော်က ပြောကြားထားပြီး ဖြစ်သည်။ ထို့နောက် လမ်းတွင် ကုတ်အင်္ကျီ တစ်ထည်ဝယ်ရန်ခဏသာရပ်ပြီး ချီကာဂိုသို့ အမြန်သွားသည်။

ယခု အခမ်းအနားမှူးက သူ့နာမည်ကို ကြေညာသည်။ စင်မြင့်ထက်သို့ သူရောက်သွားလျှင် ပရိသတ်ထဲမှ တစ်ယောက်က "သမ္မာကျမ်းစာထဲမှာပါတဲ့ အမျိုးသမီးနဲ့ တူတယ်" ဟု တိုးတိုးပြောသည်။ ထို့နောက် ကြိုတင်ရေးထားခြင်း မရှိဘဲ ပြောစရာရှိတာကို ပြောသည်။

"ကျွန်မပြောတာကို ယုံကြည်ဖို့ လိုပါတယ်၊ ကျွန်မ ဒီကိုရောက်လာတာ ကမ္ဘာမြေပေါ်က ဂျူးခုနစ်သိန်း ပျောက်သွားမယ့် အရေးကို ဟန့်တားဖို့ပါပဲ၊ ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာ ဂျူးခြောက်သန်း သေကျေခဲ့ရပါတယ်။ ယခုလည်း ဂျူးခုနစ်သိန်းမှာ ဘေးအန္တရာယ်ကြုံတွေ့နေရပါတယ်၊ ဒါက ပြဿနာမဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီ ဂျူးခုနစ်သိန်း အသက်ရှင်မယ်ဆိုရင် ကျန်ရစ်တဲ့ ကမ္ဘာပေါ်မှာရှိတဲ့ ဂျူးအားလုံး အသက်ရှင်ကြမှာ သေချာပါတယ်။ သူတို့လွတ်လပ်ရေးကို ထာဝရ အသိအမှတ်ပြုရာ ရောက်ပါလိမ့်မယ်၊ ဒါပေမယ့် သူတို့ပျောက်သွားရင် လာမယ့်ရာစုနှစ်တွေအတွင်း ဂျူးလူမျိုးနိုင်ငံဆိုတာ ရှိတော့မယ် မဟုတ်ပါဘူး၊ ကျွန်မတို့ မျှော်လင့်ချက်အားလုံး ပျောက်ဆုံးသွားမှာအမှန်ပါပဲ၊

". . . များမကြာမီ လပိုင်းအတွင်း ပါလက်စတိုင်းမှာ ဂျူးနိုင်ငံတစ်ခုထူထောင်မယ်၊ ဂျူးနိုင်ငံသစ် မွေးဖွားလာဖို့ ကျွန်မတို့ တိုက်ပွဲဝင်နေကြတယ်၊ အဲဒါဟာ သဘာဝကျတယ်၊ သွေးမြေကျခံပြီး ကျွန်မတို့ တိုက်ပွဲဝင်မယ်၊ ဒါဟာလည်း ဖြစ်ရိုးဖြစ်စဉ် တစ်ခု

http://mmteashop.com



ပါပဲ၊ ကျွန်မတို့အထဲက အကောင်းဆုံး တိုက်ခိုက်ရေးသမားတွေ ကျဆုံးမယ်၊ အဲဒါ သေချာတယ်၊ ဒါပေမယ့် ကျွန်မတို့မြေကို ကျူးကျော်သူတွေ ဘယ်လောက်များပေမယ့် ကျွန်မတို့နောက်တွန့်မယ် မဟုတ်ပါဘူး ကြံ့ကြံ့ခံကြမှာပဲ"

"သို့ပေမယ့် ကျူးကျော်မည့်သူများတွင် အမြောက်များ၊ တင့်ကားများရှိတယ်။ ထိုလက်နက်မျိုးကို ခုခံတိုက်ခိုက်မယ်ဆိုရင် ကျွန်မတို့သတ္တိဟာ အဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး၊ ကျွန်မတို့ သေကြမှာပဲ" သူက ဆက်၍ပြောသည်။

သို့ဖြစ်ရာ လက်နက်ကြီးများဝယ်ရန် ဒေါ်လာနှစ်ဆယ့်ငါးသန်းမှ သန်းသုံးဆယ် အထိ လိုကြောင်း ဆက်၍ ရှင်းပြသည်။ "မိတ်ဆွေများနဲ့ ကျွန်မတို့ဟာ အလွန်တိုတောင်းတဲ့အချိန်အတွင်းမှာ အသက်ရှင်နေကြတာပါ။ အဲဒီငွေကြေးအကူအညီ လိုတယ်ဆိုတာဟာ နောက်တစ်လနှစ်လရှိမှ လိုတာမဟုတ်ပါဘူး၊ အခုချက်ချင်း လိုနေတာပါ"

"ကျွန်မတို့ဆက်ပြီး တိုက်ရမယ် မတိုက်ရဘူးဆိုတာ ရှင်တို့ အဆုံးအဖြတ်ပေးရပါလိမ့်မယ်၊ ကျွန်မတို့ကတော့ တိုက်မှာပဲ၊ ပါလက်စတိုင်း ဂျူးအဖွဲ့အစည်းဟာ ဘယ်တော့မှ အလံဖြူလွှင့်ပြီး ဂျေရုဆလမ်ရဲ့ မတ်ဖတီဆီမှာ လက်နက်ချမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင်တို့ အဆုံးအဖြတ်ပေးနိုင်တာ တစ်ခုရှိပါတယ်၊ အောင်ပွဲဟာ ကျွန်မတို့ဘက်မှာ ရှိမလား၊ မက်ဖတီဘက်မှာ ရှိမလား၊ အဲဒါ အဆုံးအဖြတ်ပေးဖို့ပါပဲ '

အားလုံး ငြိမ်နေကြသည်။ ထိုခဏတွင် သူ့အရေးကိစ္စ မအောင်မြင်ဟု ထင်မိသည်။ ထို့နောက် စုဝေးနေကြသော အမျိုးသားအမျိုးသမီးများ အားလုံးထက လက်ခုပ်တီးဩဘာပေးကြသည်။ လက်ခုပ်သံ တော်တော်နှင့် မစဲ။ ထို့နောက် တစ်ယောက်စီထက ငွေကြေးထည့်ဝင်မည်ဟု ကတိပေးကြသည်။ ကော်ဖီသောက်ချိန် မရောက်မီ ဂိုလ်ဒါမှာ ဒေါ်လာတစ်သန်း အလှူငွေရနေပြီ။ ချက်ချင်းပင် ငွေများ ထည့်ဝင်လှူဒါန်းသည်။ ချက်ချင်းပင် ဘဏ်များသို့ တယ်လီဖုန်းများဆက်ကာ ထည့်ဝင်လှူဒါန်းမည့်ငွေ တောင်းခံသည်။ ထိုနေ့ နေ့လယ်ပိုင်းလောက်တွင်မူ သူ့အဖို့ နှစ်ဆယ့်ငါး "စတီဖင်" ရနိုင်မည် မျှော်လင့်ကြောင်း ဘင်ဂူရီယန်ထံ သံကြိုးရိုက်လိုက်သည်။ "စတီဖင်"ဆိုသည်မှာ ဒေါ်လာ နှစ်ဆယ့်ငါးသန်း၏ လျှို့ဝှက်သင်္ကေတ ဖြစ်သည်။ (အမေရိကန် ဂျူးခေါင်းဆောင်စတီဖင် အက်စ်ဝိုက်စ်၏ နာမည်ကိုယူကာ သင်္ကေတပြုခြင်း ဖြစ်သည်။)

ထို့နောက် အမေရိကန်ဇီယွန်ခေါင်းဆောင်များက တိုင်းပြည်အနှံ့ လှည့်လည်ပြီး ငွေကြေးကောက်ခံရန် အကြံပြုကြသည်။ ဖရင်ကရင် ဒီ ရုစဘဲ့၏ ဘဏ္ဍာရေးဝန်ကြီးဟောင်း ဟင်နရီမော်ဂင်သောဂျူနီယာ သူနှင့်အတူ လိုက်ပါပြီး ခရီးလှည့်သည်။ တစ်ခါတစ်ရံ တစ်နေ့တည်း သုံးကြိမ် လေးကြိမ် ဟောပြောရသည်။ ရောက်သည့်နေရာတိုင်းမှ တယ်အဗစ်သို့ သံကြိုးရိုက်ကာ နောက်ထပ် စုဆောင်းမိသည့် စတီဖင်အရေအတွက်ကို ဖော်ပြအကြောင်းကြားသည်။ သူတို့လိုချင်သည့် လက်နက်များ ဝယ်နိုင်ပြီ။

http://mmteashop.com



သူ့ခရီးတွင် တစ်နေရာ၌ စိတ်ဓာတ်ကျသည်။ ယင်းမှာ ဖလော်ရီဒါကမ်းခြေ ပန်းဘိချ်အရပ်တွင် ဖြစ်သည်။ စိန်တွဲလဲ ရွှေတွဲလဲဖြင့် ဇိမ်ခံနေကြသော လူချမ်းသာများ၏ ဘဝကို ကြည့်ကာ ထိုညက ဂျူဒီယာတောင်ကုန်းများပေါ်တွင် ခိုက်ခိုက်တုန် ချမ်းအေးသည့်ဒဏ်ကို ခံနေကြသည့် သူ၏စစ်သားများကို မြင်ယောင်မိပြီး ဂိုလ်ဒါမေယာ မျက်ရည်လည်မိသည်။ သူတို့တစ်တွေဟာ တိုက်ကြခိုက်ကြတဲ့အကြောင်းတွေ ကြားချင်မယ့်သူတွေ မဟုတ်ဘူးဟု သူထင်သည်။ သို့သော်လည်း ညနေပိုင်းတွင် အလှူခံသည့်အခါ ထိုလူချမ်းသာများထံမှ ဒေါ်လာတစ်သန်းခွဲ သူ ရလိုက်သည်။ ယင်းဖြင့် ဟာဂါနား တပ်ဖွဲ့ဝင်တိုင်းအတွက် ဆောင်းဝတ်ကုတ်အင်္ကျီတစ်ထည်စီ ဝယ်ပေးနိုင်သည်။

ဆယ်ဒေါ်လာဖြင့် အမေရိကသို့ ရောက်လာသူသည် ယခုဒေါ်လာသန်းငါးဆယ် ပိုက်မိနေပြီ။ ဘင်ဂူရီယန် ခန့်မှန်းသည့် ငွေထက်နှစ်ဆပိုသည်။ (၁၉၄၇) တွင် ဆော်ဒီအာရေးဗျနိုင်ငံ၏ ရေနံမှရသည့်ဝင်ငွေထက် သုံးဆပိုသည်။ ဂိုလ်ဒါမေယာကို လစ်ဒါလေဆိပ်တွင် ဒေးဗစ်ဘင်ဂူရီယန် စောင့်ကြိုနေသည်။

"နောင်သမိုင်းရေးတဲ့အခါ ဂျူးအမျိုးသမီး တစ်ယောက်ရဲ့ စွမ်းဆောင်ချက်ကြောင့် ဂျူးနိုင်ငံတော် ပေါ်ပေါက်လာရတယ်လို့ မှတ်တမ်းတင်ရမယ်" ဟု ဘင်ဂူရီယန်က ပြောသည်။

ooo

http://mmteashop.com



အပိုင်း (၁၂)

## ကောင်းကင်ဘုံက ကယ်တင်သူလာမည်

ပရတ်မြို့ဟိုတယ် အယ်လ်ရှန်၏ အခန်းနံပါတ် (၁၂၁)သို့ စာရွက်ကလေးများကို ဟိုတယ်လုလင်က မှန်မှန်လာ၍ပို့သည်။ ယင်းမှာ အေဟက်အက်ဗရီယယ်၏ ဘဏ်စာရင်းသို့ ဒေါ်လာများ တဖွဲဖွဲဝင်လာခြင်းပင် ဖြစ်သည်။ နယူးယောက် ချေ့မင်ဟက်တန် ဘဏ်မှတစ်ဆင့် ဆွစ်ဘဏ်တစ်ခုသို့ ပရတ်မြို့ ဇစ်နိုစတင်စကာဘဏ်က လွှဲပြောင်းပေးသည်။ တစ်လခွဲအတွင်း ဂိုလ်ဒါမေယာရှာခဲ့သည့် ငွေများဖြစ်ပြီး ထိုငွေဖြင့် အက်ဗရီယယ်သည် ရိုင်ဖယ်(၂၅၀၀၀)၊ ဘရင်းဂန်း (၅၀၀၀)၊ စက်သေနတ် (၃၀၀)နှင့် ကျည်ဆန်သိန်း (၅၀၀)ဝယ်နိုင်မည် ဖြစ်သည်။ ဥရောပသို့ သွားပွတ်တံတစ်ခုဖြင့် ရောက်လာသူအဖို့ ရိုင်ဖယ်တစ်သောင်းသာမက တင့်ကား၊ လေယာဉ်ပျံနှင့် အမြောက်များ ဒါဇင်လိုက်ဝယ်နိုင်ပြီ။ အက်ဗရီယယ်သည် တယ်အဗစ်သို့ ခဏပြန်ကာ ဘင်ဂူရီယန်အား လက်နက်မည်မျှ ရနိုင်မည်ဖြစ်ကြောင်း အစီရင်ခံသည်။

"ငွေအတွက် ပူစရာမလိုတော့ဘူး၊ တို့ ဘာလုပ်ရမလဲဆိုတာသာ စဉ်းစား" ဘင်ဂူရီယန်က ဆိုသည်။ ယခုမူ လက်နက်ကြီးများဝယ်ရန် သူတို့ ဆုံးဖြတ်သည်။

ဂိုလ်ဒါမေယာ၏ ဒေါ်လာများသည် ဂျီနီဗာမြို့ ပစ်ကာက်နှင့် ကုမ္ပဏီပိုင်ဘဏ်သို့ ရောက်သွားသည်။ ထိုအခါ ဟာဂါနာအဖွဲ့က ယင်းဒေါ်လာတို့ကို ဆွစ်ဖရန့်နှင့် လဲသည်။ ထိုကမှ အီတလီလိုင်ယာငွေ၊ ပြီးတော့ . . . ပြီးတော့ ဒေါ်လာသို့ တစ်ဖန် ပြန်၍လဲသည်။ ဥရောပ ငွေကြေးလဲလှယ်နှုန်းသည် အတက်အကျမြန်သည်။ ထိုသို့ အလဲအလှယ်လုပ်ရာမှ ငွေပိုငွေလျှံ မြတ်စွန်းလာပြီး လက်နက်တစ်သုတ်ဝယ်တိုင်း ရိုင်ဖယ် အပိုများ ဝယ်နိုင်ခဲ့သည်။

လက်နက်ဝယ်သည့် လုပ်ငန်းကို ဘင်ဂူရီယန်က ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းသည်။ ဂျီနီဗာသည် ငွေကြေးထောက်ပံ့ရာတွင် ကျွမ်းကျင်သည်။ ပရိယာယ်များသည်။ ယင်းတို့ ဌာနချုပ်လုပ်ကာ ဘင်ဂူရီယန်က စိတ်အချရဆုံးမိတ်ဆွေများကို တာဝန်ပေးသည်။ ယင်းတို့တွင် လျှို့ဝှက်ရေး အထူးကျင့်သုံးသည့် ရုရှားအမျိုးသား ရှောအေဗီဂိုးကို အသုံးပြုသည်။

http://mmteashop.com



ရှောအေဗီဂိုးသည် သူ့မီးခံသေတ္တာကို သူကိုယ်တိုင်ဖွင့်တော့မည်ဆိုလျှင် သူ့ကိုယ်သူ မှန်ထဲကြည့်ကာ သူ အစစ်ဟုတ်ရဲ့လားဟု သေချာမှ သော့ကို ဖွင့်သည်။ ထို့ပြင် သူသည် ဟာဂါနားသမိုင်းတွင် ထင်ရှားသူဖြစ်ပြီး ပါလက်စတိုင်းမြေပေါ်တွင် ဖြစ်ပွားသည့် ပထမဆုံးဇီယွန်ဝါဒီတို့၏ တယ်ဟိုင်းတိုက်ပွဲတွင် အသက်မသေဘဲ ကျန်ရစ်ခဲ့သူ ဖြစ်သည်။ ရှုမေးနီးယန်းဂျူးနှင့် ဘူလ်ဂေးရီးယန်းဂျူး တစ်သောင်းငါးထောင်ကို ပါလက်စတိုင်းမြေပေါ်သို့ အောင်မြင်စွာ ခိုးဝှက်ခေါ်ဆောင်နိုင်ခဲ့သူလည်း ဖြစ်သည်။

ဂျီနီဗာတွင် ရှောအေဗီဂိုး၏ ဌာနချုပ်တယ်လီဖုန်းသည် အလွန် အလုပ်ရှုပ်သည်။ နယူးယောက်၊ ပရတ်၊ ဘွေနိုအေးရီနှင့် မက္ကဆီကိုသို့ ခဏခဏဆက်ရသည်။ ဆွစ်ဇာလန်တွင် တယ်လီဖုန်းကြေးအများဆုံး ပေးဆောင်သူထဲတွင် အပါအဝင် ဖြစ်သည်။ ရေဒီယိုအသံဖမ်းစက်သုံးရန် မသင့်ဟု ယူဆသဖြင့် တယ်လီဖုန်းဖြင့်သာ ဆက်သွယ်သည်။ တယ်အဗစ်နှင့် ဥရောပတိုက်မြို့ကြီးများ ဆက်သွယ်ရာတွင်ကား ရေဒီယိုအသံလွှင့်စက်ကို အသုံးပြုသည်။ များစွာတို့မှာ အေဗီဂိုး၏ လက်နက်ဝယ်ယူရေးနှင့် သက်ဆိုင်သည်။ ရောမမြို့၏ တောင်ကုန်းခုနစ်ခုအနက် တစ်ခုပေါ်တွင် သုံးဆယ့်ခြောက်ပေအမြင့်ရှိသည့် ရေဒီယိုအင်တာနာတိုင်တစ်ခု တည်ဆောက်ထားသည်။ တစ်နေ့ငါးကြိမ် သတင်းစကားများကို တယ်အဗစ်သို့ ပို့ပေးသည်။

လက်နက်ဝယ်ရေးမှာ လွယ်သည်။ သို့သော် တင်ပို့ရေးမှာ ခက်သည်။ ဗြိတိသျှရေတပ်က ပါလက်စတိုင်းသို့ လူသူလက်နက်မဝင်အောင် တင်းကျပ်စွာ စောင့်ကြပ်နေသည်။ ယင်းတို့အကြား ဖြတ်ကျော်ပြီး ဟာဂါနားလက်သို့ အရောက်ပို့ပေးမည့် သင်္ဘောကို ရှာသည်။

ရေကြောင်းအာမခံလုပ်ငန်းများသည် လန်ဒန်တွင် အခြေစိုက်သည်။ ပါလက်စတိုင်းသို့ သွားမည့်သင်္ဘော ၁ရှိသလောက် ရှားသည်။ တင်ပို့လိုက်သည့် လက်နက်ပါ သင်္ဘော ဗြိတိသျှရေတပ်လက်ထဲရောက်သွားလျှင် ဂျူးအေဂျင်စီအဖို့ ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်သည်။ သို့ဖြစ်ရာ ဝယ်ပြီးလက်နက်များကို ဥရောပတွင် စုထားမည်။ ဗြိတိသျှတို့ ပါလက်စတိုင်းမှ တရားဝင်ထွက်ခွာမှ ပို့မည်။ ဘင်ဂူရီယန်မှာ စိတ်မရှည်ဖြစ်လာသည်။ လက်နက်များ ဖြစ်သည့်နည်းနှင့် ပါလက်စတိုင်းသို့ အရောက်ပို့ပါဟု အက်ဗရီယယ်နှင့် အေဗီဂိုးတို့ထံ ကြေးနန်းများ ပို့သည်။

ထိုစစ်ဆင်ရေးမှာ မလွယ်။ ဟာဂါနား၏ ဆင်တာကလော့ ဖြစ်သူ ဇီးဖီဒါမန်းသည် ဒိန်းမတ်ကုန်တင်သင်္ဘောတစ်စင်း ငှားသည်။ ခရီးလမ်းဆုံးမှာ တယ်အဗစ် မဟုတ်။ အစ္စတန်ဘူ ဖြစ်သည်။ အင်တဝပ်မြို့ ဂိုဒေါင်များတွင် စစ်ပစ္စည်းများကို သေတ္တာများဖြင့် ထည့်ကာ တူရကီဘာသာစကားဖြင့် အစ္စတန်ဘူသို့ လိပ်မူပြီး "ထရက်တာများ" ဟု အပေါ်က ရေးကာ စာကပ်ထားသည်။ ယင်းတို့တွင် ဂျစ်ကားများ၊ ထရပ်ကားများ၊ ရေသယ်ဘောက်ဆာများ၊ သံခမောက်များ၊ ခြေအိတ်များ၊ စစ်သုံးရွက်ဖျင်တဲများ ပါဝင်သည်။ အားလုံး တူရကီသို့ သွားကြမည်။

http://mmteashop.com



ထို့နောက် ကျောက်မီးသွေးမှုန့် တန်လေးဆယ် ဆိပ်ကမ်းအရောက်မှာသည်။ ဗီဒါမန်း၏ လူများသည် ကျောက်မီးသွေးအိတ်များကို စိတ်ရှည်လက်ရှည် လက်နက်သေတ္တာများအပေါ်တွင်နေရာချထားသည်။ ကျောက်မီးသွေးများမှာ အမှုန့်များဖြစ်သဖြင့် အပေါ်ယံတွင် မွေ့ရာမည်းများ ခင်းထားသည်နှင့် တူသည်။ အားလုံးထည့်သိုပြီးမှ ဗီဒါမန်းက ကျောက်မီးသွေးမှုန့်များမှာ တယ်အဖစ်သို့ ပို့မည့်ကုန်များ ဖြစ်သည်။ အကယ်၍ မပို့ချင်လျှင် သူကိုယ်တိုင် တစ်အိတ်ချင်း ပြန်ချပေတော့ဟု သင်္ဘောကပ္ပတိန်အား တောင်းဆိုသည်။

သင်္ဘောထွက်ခါနီးတွင် စစ်မြေပြင်သုံး တယ်လီဖုန်း အတော်များများ တွေ့ရသည်။ သူ့လက်တွင် ငွေမရှိတော့။ သို့ပြောလည်း ကြံရည်ဖန်ရည်ရှိသည့် ဗီဒါမန်းသည် ဂျူးအသိတစ်ယောက်နှင့် ဆက်သွယ်ကာ အင့်တဝပ်စိန်ကုန်သည် တစ်ယောက်ထံမှ ဒေါ်လာလေးသောင်း လှည့်ခဲ့သည်။ နာရီဝက်အတွင်း သူလိုချင်သည့် တယ်လီဖုန်းများ လက်ဝယ်ရောက်လာသည်။

သူဝယ်ထားသော ပစ္စည်းများ ပါလက်စတိုင်းသို့ ပို့ရန် သုံးလလုံးလုံး အေးဟတ်အက်ဗရီယယ် သင်္ဘောရှာသည်။ နောက်ဆုံးတွင် ယူဂိုဆလပ်နိုင်ငံ ဘရာဒိုဆိပ်ကမ်း၌"နိုရာ"ဆိုသော သင်္ဘောတစ်စင်းကို တွေ့သည်။ သူဝယ်ထားသည့် ချက်ရိုင်ဖယ်များကို ဗြိတိသျှအကောက်ခွန်အရာရှိတို့ မတွေ့အောင် အီတလီကြက်သွန် တန်ချိန်ခြောက်ရာ ဝယ်ပြီး အပေါ်က ဖုံးထားလိုက်သည်။ နိုရာသည် ကြံ့ရာနိုင်ငံတွင် ဆိုက်ပြီး ရရာကုန်ကို တင်ကာ နိုင်ငံမရွေး တင်ပို့သည့် သင်္ဘောမျိုး ဖြစ်သည်။

ထိုသင်္ဘောမျိုး အများအပြား ရှိသည်။ တစ်နေ့တွင် နိုရာနှင့် ဆက်သွယ်ပေးသည့် ယူဂိုဆလပ်သင်္ဘောကိုယ်စားလှယ်က အက်ဗရီယယ်ထံကပ်ပြီး တိုးတိုးပြောသည်။ "ဝမ်းသာတယ်ဗျာ၊ ခင်ဗျားအတွက် နောက်ထပ်သင်္ဘောတစ်စင်း ရထားပြီ၊ ခင်ဗျားရဲ့ ဒုတိယအသုတ် ရိုင်ဖယ်တွေကို တင်မယ့် လီနိုဆိုတဲ့ သင်္ဘောတွေ့ထားလို့ စာရေးအကြောင်းကြားတယ်" ဟု ကိုယ်စားလှယ်က ဆိုသည်။

အက်ဗရီယယ် မျက်ခုံးချီမိသည်။ ဘရာနိုဆိပ်ကမ်းမှတစ်ဆင့် လက်နက်များ ပို့ရန်နောက်ထပ် သင်္ဘောတစ်စင်း သူ မရှာ။ ဘယ်သူ့အတွက်လဲ၊ ပရတ်မြို့ ဘရာနိုလက်နက်ကုမ္ပဏီတစ်ခုတွင် သူ့အရင် ဆီးရီးယားမှ အက်ဘဒူအဇစ်ကယ်ရိုင်းသည် လက်နက်များဝယ်ပြီး ဆီးရီးယားသို့ ပို့ရန် စီစဉ်နေရာ သူ့အတွက် သင်္ဘောပင်ဖြစ်မည်ဟု အက်ဗရီယယ် စိတ်ကူးမိသည်။ သူ့သင်္ဘောကိုမူ ဗြိတိသျှက တားဆီးလိမ့်မည် မဟုတ်။ သို့ဖြစ်ရာ သူလည်း လွတ်မြောက်အောင် နည်းလမ်းရှာကြံရလိမ့်မည်။

ခရစ်တော်၏လက်ထက်တွင် ပြောဆိုကြသည့် အာရာမိတ်ဘာသာစကားဖြင့်ဆုတောင်းပဌနာတစ်ခု၌ 'ကောင်းကင်ဘုံမှ ကယ်တင်သူလာမည်' ဟု ကတိစကားတစ်ခုရှိသည်။ ခေတ်သစ်ပါလက်စတိုင်းတွင် ထို ဆိုရိုးစကားကို ဘင်ဂူရီယန်လောက်မည်သူမျှ မယုံကြည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လန်ဒန်မြို့ကို ဂျာမန်တို့ လေ

http://mmteashop.com



ကြောင်းမှ တိုက်ခိုက်သည့်အခါ ဘင်ဂူရီယန် လန်ဒန်မှာရှိနေသည်။ စစ်တစ်ခုတွင် လေကြောင်းချီတပ်များ အရေးကြီးသည်ကို သူ နားလည်သည်။ ပါလက်စတိုင်းတွင်လည်း အရေးကြုံလျှင် လေတပ်သည် အဆုံးအဖြတ်ပေးမည့် အင်အားတစ်ခုဖြစ်သည်ဟု သူ ယုံကြည်သည်။ ပြန့်ကျဲနေသော ဂျူးကိုလိုနီများဆီသို့ လေကြောင်းမှ ရိက္ခာပို့နိုင်မည်။ အခြေအနေဆိုးလာလျှင် ဂျေရုဆလမ်သို့ပင် လေကြောင်းမှ ရိက္ခာပို့ပေးရမည်။ သို့ဖြစ်ရာ လေတပ်တစ်ခုထူထောင်ရန် သူ စိတ်အားထက်သန်သည်။ သို့သော်လည်း ဗြိတိသျှတို့၏ အထိန်းသိမ်းခံ ပါလက်စတိုင်းတွင် လျှို့ဝှက်လေတပ် ဘယ်မှာ ထူထောင်နိုင်မည်နည်း။

ထိုအခက်အခဲကို တယ်အဗစ်မှ သူ၏ အိမ်နီးချင်းက ဖြေရှင်းပေးသည်။ ထိုသူမှာ နှစ်ဆယ့်ကိုးနှစ် အရွယ်ရှိ အာအေအက်ဖ်လေတပ်သားဟောင်း အေရွန်ရေမက် ဖြစ်သည်။ ရေမက်သည် ဘုရင့်လေတပ်မတော်တွင် လေးနှစ်အမှုထမ်းဖူးသည်။ နော်မန်ဒီ ကမ်းတက်တိုက်ပွဲတွင် သူ၏လေတပ်က များစွာ အထောက်အကူပြုနိုင်ခဲ့သည်။ ဗုံးကြဲလေယာဉ်များကို ခြံရံကာ ဂျာမန်တို့ကို လေကြောင်းမှ တိုက်ခိုက်နိုင်ခဲ့သည်။ သူ့ အတွေ့အကြုံမှာ အဖိုးတန်သည်။ ယခု ပါလက်စတိုင်းသို့ သူ ပြန်ရောက်လာသည်။ သူ့ အဖေကို သံဆူးကြိုးနောက်က ဗြိတိသျှ အကျဉ်းစခန်းတွင် တွေ့ရသည့်အခါ စိတ်မကောင်း။ ဗြိတိသျှတို့အတွက် လေးနှစ်လုံးလုံး သက်စွန့်ကြိုးပမ်းအမှုထမ်းခဲ့သည် မဟုတ်လား။ ယခု သူ့အဖေကို ဗြိတိသျှတို့က ဖမ်းထားသည်။ သူ စိတ်နာသည်။ တယ်အဗစ်သို့ ပြန်ရောက်လျှင် ဆယ့်ငါးမျက်နှာရှိသော စီမံကိန်းတစ်ခုကို အိမ်နီးချင်း ဘင်ဂူရီယန်ထံ တင်ပြသည်။ ယင်းမှာ ဂျူးလေတပ်မတော်တစ်ခု ဖွဲ့စည်းရေးမူကြမ်း ဖြစ်သည်။

နောင် အနှစ်နှစ်ဆယ်ရှိသည့်အခါ ကမ္ဘာပေါ်တွင် တိုက်ခိုက်ရည်အပြည့်ဝဆုံး လေတပ်မတော်ဖြစ်သည့် အစ္စရေးလေတပ်သည် ထိုစီမံကိန်းတွင် အခြေတည်ခဲ့သည်။ အပျော်စီးလေယာဉ်လေးစင်း လေကြောင်းပို့ဆောင်ရေးနှင့် လေယာဉ်မှူးနှစ်ဆယ်တို့ဖြင့် အစပျိုးခဲ့ခြင်း ဖြစ်သည်။ နိုင်ငံခြားစစ်တပ်က သိမ်းထားသော မြေပေါ်တွင် လျှို့ဝှက်လေတပ် တည်ဆောက်၍ မရ။ ပြည်ပတွင် တည်ဆောက်ပြီး ပြည်တွင်းက လေတပ်ဖွဲ့စည်းရေးအတွက် အဆောက်အအုံများ၊ ကွင်းများ အဆင်သင့်ဖြစ်အောင် စီစဉ်ထားရမည်ဟု သူက တင်ပြသည်။

လေယာဉ်ပျံများ ဝယ်ရန် နိုင်ငံခြားအခြေစိုက်စခန်းတစ်ခု.ထူထောင်ပါ။ ပြည်ပမှ အပျော်တမ်းတပ်ဖွဲ့ဝင်များ စုဆောင်းပါ။ ဂျူးဖြစ်စေ၊ ဂျူးမဟုတ်သူဖြစ်စေ ပါဝင်နိုင် သည်။ သူတို့ကို လူမသိအောင် စုစည်းထားပါ။ အပျော်တမ်း လေယာဉ်ကုမ္ပဏီနာမည် များပေးပြီး ထူထောင်နိုင်သည်။ ထိုကုမ္ပဏီတို့နှင့် လေယာဉ်ဆင်းခွင့် ဆီထည့်ခွင့် ရအောင် ကြိုးစားစေ့စပ်ပါ။

http://mmteashop.com



ပါလက်စတိုင်းနိုင်ငံအတွင်း ဟာဂါနား လေတပ်တစ်ခု ထူထောင်မည်။ ပါလက်စတိုင်း လေယာဉ်ကလပ်ဟု နာမည်ပေးကာ နံပါတ် (၉)မွန်တီဖိုင်လမ်း၌ ဌာနချုပ်ဖွင့်မည်။ လစ်ဒါလေဆိပ်တွင် လေယာဉ်ရုံဟောင်းတစ်ခုရှိသည်။ ယင်းတွင် တောင်ပံတစ်ခုပါ လေယာဉ်လေးစင်းနှင့် လေကြောင်းပို့ဆောင်ရေးအတွက် အသုံးပြုမည်။ "ဒီဟဲ့ဗီလင်း ဒရက်ဂွန်ရာပိုက်"အမျိုးအစား လေယာဉ်တစ်စင်းထားနိုင်မည်။

ဟဲဗီလင်းက ဟိုင်ဖာနှင့် တယ်အဗစ်အကြား ခရီးသည် တင်ပို့ပျံသန်းမည်။ ကလပ်၏ ဉက္ကဋ္ဌသည် နောင်အခါ ဟာဂါနား လေကြောင်းအဖွဲ့၏ ပထမဆုံးတပ်မှူးဖြစ်လာပြီး ရေမက်သည် ယင်း၏ စစ်ရေးအရာရှိ ဖြစ်လာသည်။ လေယာဉ်မောင်းအတွေ့အကြုံရှိသည့် ပါလက်စတိုင်းများကို ရေမက် စုဆောင်းသည်။ တစ်နိုင်ငံလုံးတွင် လေယာဉ်ပြေးလမ်းများ ဆောက်လုပ်စေသည်။ ဗြိတိသျှတို့ အထိန်းသိမ်းခံကာလမှ လွတ်မြောက်လျှင် ဘုရင့်တပ်မတော် လေတပ်အခြေစိုက်စခန်းများကို ဝင်ရောက်သိမ်းပိုက်ရန် ရေရှည်မျှော်ပြီး စီမံကိန်းများကို ရေမက် ရေးဆွဲသည်။

ပထမဆုံး လေယာဉ်တပ်ဖွဲ့ကို ဝါရှင်တန်တွင် ဖွဲ့စည်းသည်။ ဝါရှင်တန်စစ်ပစ္စည်းအုပ်ချုပ်ရေးရုံးတွင် ဖြစ်သည်။ ပါလက်စတိုင်း ခွဲခြမ်းရေး ဆန္ဒမဲပေးပြီး မကြာမီမှာပင် အဒေါ့ (အယ်) ရှဝင်းမား (၃၁) နှစ်က စစ်ပစ္စည်း အုပ်ချုပ်ရေးရုံးသို့ ဒေါ်လာ(၄၅၀၀၀၀) တန် ချက်တစ်စောင်ပေးသည်။

ထိုရုံးက စာရွက်ညိုလေးသုံးခု ပြန်၍ပေးသည်။ ယင်းတို့မှာ ဟာဂါနားတပ်ဖွဲ့ လေယာဉ်သုံးစီး၏ နာမည်များ ဖြစ်သည်။ ဘွန်စတယ်လေးရှင်း လေယာဉ်အသစ်သုံးစင်းဖြစ်ပြီး တစ်စင်းတည်ဆောက်ရန် ဒေါ်လာတစ်သိန်းခွဲစီ ကုန်ကျသည်။

အယ်ရှဝင်းမား၏ လက်ရှိ လေယာဉ်သုံးစင်းတွင် စီ-(၄၆) (၁၅)စင်း ထပ်၍တိုးလာသည်။ ယင်းတို့မှာ ခရီးတို သယ်ယူပို့ဆောင်ရေးအတွက် ဖြစ်သည်။ အမေရိကန် လေကြောင်းပို့ဆောင်ရေးအဖွဲ့မှ ဗိုလ်မှူးဟောင်းတစ်ဦး ထူထောင်သည့် လေကြောင်းပို့ဆောင်ရေးနှင့် ပနားမားလေကြောင်းကုမ္ပဏီ နာမည်များကိုလည်း အသုံးပြုသည်။ ယင်းတို့၏ လေယာဉ်ရုံများမှာ ကာလီဖိုးနီးယားတွင် ဘာဘင့်၌လည်းကောင်း၊ နယူးဂျာစီတွင် မီးလ်ဗီး၌ လည်းကောင်း တည်ရှိသည်။

ထိုလေယာဉ်တို့ကို ပါလက်စတိုင်းတွင် အသုံးပြုရာ၌ ပြဿနာမရှိနိုင်။ အက်ဘဒုခါဒါ ဟတ်ဆေနီ၏ တပ်များသည် ဂျူးပို့ဆောင်ရေးလမ်းကြောင်းကို ထိထိရောက်ရောက် အနှောင့်အယှက် ပေးနိုင်ခဲ့သည်ဖြစ်ရာ ဂျူးတို့ဘက်က လေကြောင်းပို့ဆောင်ရေးသည် ကြီးထွားလာခဲ့သည်။ တစ်နေ့တွင် ဗြိတိသျှတို့က အာအေအက်ဖ်အော့စတာ ထောက်လှမ်းရေးအစင်း နှစ်ဆယ်ကို သံကြွပ်ဈေးနှင့် ရောင်းမည်ဟု ရေမက် သိရသည်။ ယင်းတို့မှာ စီ (၄၆) အမျိုးအစားများ မဟုတ်။ သို့သော်လည်း အတောင်ပံပါသည်။ ဒိုင်နမိုကာများပါသည်။ အချို့ကို ပြင်ဆင်အသုံးပြုလျှင် လေမှာဝဲ၍ ပျံသန်းနိုင်မည် ဖြစ်သည်။

http://mmteashop.com



သို့ဖြစ်ရာ ပါလက်စတိုင်း အပျော်တမ်း လေယာဉ်ကလပ်ကိုယ်စား သံကြွပ်ဈေးနှင့် ဝယ်သည့် ကိုယ်စားလှယ် တစ်ယောက်နှင့် စေ့စပ်ကာ ဝယ်ယူလိုက်သည်။ ယင်းတို့ကို ဖြုတ်ဖျက်တပ်ဆင်သည်တွင် လေယာဉ်အကောင်း ဆယ့်နှစ်စင်းရသည်။ ပြီးလျှင် အပျော်တမ်း လေယာဉ်ကလပ်တံဆိပ်များ ရေးသည်။ ဗွီကြူ- ပီအေအိုင် စုစုပေါင်း ဆယ့်သုံးစင်း ထွက်လာသည်။ အော့စတာဆယ့်နှစ်စင်းနှင့် တေလာကရတ် တစ်စင်းတို့ ဖြစ်သည်။ ဗြိတိသျှ မြို့ပြလေကြောင်း စစ်ဆေးရေးမှူးများ ဘယ်တော့မျှ အမှန်ကို မသိ။

သို့နှင့် ပါလက်စတိုင်း၏ ပြန့်ကျဲနေသော စုပေါင်းလယ်ယာသမဝါယမ အသင်းများကို လေကြောင်းမှ ပစ္စည်းများပေးပို့ နိုင်ခဲ့သည်။“ကောင်းကင်ဘုံမှ ကယ်တင်သူလာမည်”ဟူသော ဆိုရိုးစကားသည် တကယ်ပင် အကောင်အထည် ပေါ်လာသည်။ ပါလက်စတိုင်း တောတောင်အနှံ့ ပျံသန်းကာ အာရပ်ချုံခိုတပ်များကို ကင်းထောက်သည်။ နေဂိသို့ သောက်ရေပို့ပေးသည်။ လက်နက်နည်းနေသော ဒေသများကို လက်နက်များ ချပေးသည်။ အသုံးမပြုသည်မှာ ကြာပြီဖြစ်သော လေယာဉ်ပြေးလမ်းဟောင်းများတွင် ထရပ်ကားများ ရှေ့မီးထိုးပြီး အချက်ပြသည့် နေရာများသို့ ညအခါ ပျံသန်းဆင်းသက်နိုင်ခဲ့သည်။

ဂျေရုဆလမ်တွင် လက်ဝါးကပ်တိုင် ဘုန်းတော်ကြီးကျောင်း၏ တစ်ဖက်ရှိ သဲကန္တာရအောက်ခြေကို ရှင်းလင်းပြီး ပေနှစ်ထောင်အလျားရှိသော လေယာဉ်ပြေးလမ်းကို ဟာဂါနားတပ်ဖွဲ့က တည်ဆောက်ခဲ့သည်။ ယင်းတောင်ကုန်းအောက်တွင် တစ်နေ့သောအခါ အစ္စရေးပါလီမန်အဆောက်အအုံ တည်ဆောက်ခဲ့သည်။ ထိုပြေးလမ်းသို့ အဆင်းအတက်လုပ်ရန် အလွန်ခက်ခဲသည်။ လေတပ်အဖွဲ့ဝင် လေယာဉ်မှူးတို့ ခက်ခက်ခဲခဲ ဆင်းသက်ခဲ့သည်။ ပျံတက်ခဲ့သည်။

ဂျေရုဆလမ်မြို့ရှိ ဂျူးတို့အဖို့ လေယာဉ်ငယ်လေးများ တဖွတ်ဖွတ်မြည်ကာ နေ့စဉ်ပျံသန်းနိုင်ခဲ့သဖြင့် အစာရေစာပြတ်လပ်ခြင်း မရှိခဲ့ပေ။ ချက်ချင်းပင် ‘ပရိုင်းမတ်’ ဟု ဂျေရုဆလမ်ရှိ ဂျူးတို့က နာမည်ပေးခဲ့သည်။ ပရိုင်းမတ်ဟူသည် ဂျူးအိမ်ရှင်မတို့ ဆောင်းအခါ ထမင်းဟင်းချက်သည့် သုံးချောင်းထောက် မီးဖိုလေးများဖြစ်ပြီး လေယာဉ်မှူးတို့ လေယာဉ်မောင်းရာတွင် ကိုင်တွယ်သည့် ဂီယာသည် သုံးထောင့်ပုံ ဖြစ်သောကြောင့်တည်း။

ooo

http://mmteashop.com



## အပိုင်း (၁၃)

## ကျောက်တုံးလို တို့မာရမည်

"လစ်ရှစ်၊ ဒီည ရှင် အလုပ်မသွားနဲ့"

ရှင်ရှန်လစ်ရှစ်ကို သူ့မိန်းမက တားသည်။ လွယ်လွယ်နှင့် သူ့ကို တားလို့ရသည်ကား မဟုတ်။ သူ့မိန်းမက အသက်အန္တရာယ် စိုးရိမ်သဖြင့် တားမြစ်ခြင်း ဖြစ်သည်။ (၁၉၄၈) ဆောင်းရာသီတွင် ဂျေရုဆလမ်၌ လုံခြုံရေးအတွက် စိတ်မချရ။ အိမ်မှ အလုပ်ရှိရာသို့ မိုင်ဝက်ခန့် လမ်းလျှောက်သွားရန်ပင် မလွယ်။ ချောင်း၍ ပစ်သည့် လက်ဖြောင့်သေနတ်သမား၏ ကျည်ဆန်နှင့် ဒက်ထိတိုးနိုင်သည်။

သူ့မိန်းမက တားမြစ်မှုပင် လစ်ရှစ်သည် ပို၍ သွားချင်သည်။ (၁၉၃၂) ဒီဇင်ဘာ (၁)ရက်နေ့မှစ၍ ယခုတိုင် အလုပ်တစ်ရက်မျှ မပျက်ကွက်ခဲ့ပေ။ ယနေ့လည်း သွားရမည်။ သူ့မိန်းမ ပခုံးပေါ် လက်တင်ကာ "လစ်ရှစ်ဆိုတာ တစ်နေ့မှ အလုပ်မပျက်ခဲ့ဘူး။ တို့သွားရမယ်"ဟု ဆိုသည်။

သူ့အလုပ်ဌာနမှာ ဂျေရုဆလမ်မြို့လယ် ဇီယွန်ရင်ပြင်အနီးတွင် ဟာဆိုလယ်လမ်းပေါ်တွင် အုတ်တိုက်နီ သုံးထပ်အဆောက်အအုံ ဖြစ်သည်။ ယင်းမှာ ပါလက်စတိုင်းပို့သတင်းစာတိုက် ဖြစ်သည်။သူ၏ သတင်းစာသည် ကိုင်ရိုမြို့မြောက်ဘက်တွင် ထင်ရှားလူသိများသည့် အင်္ဂလိပ်ဘာသာထုတ် သတင်းစာတစ်စောင် ဖြစ်သည်။ ဂျူး အကြမ်းဖက်သမားများအကြား သူတို့သတင်းစာမှာ ညပ်နေသည်။ အကြမ်းဖက်မှုအတွက် ဝမ်းနည်းသည်။ အကြမ်းဖက်ဝါဒကို ပို့က ရှုတ်ချသည်။ အရှေ့အလယ်ပိုင်းတွင် ဇီယွန်ဝါဒ၏အသံကို ပို့မှတစ်ဆင့် ဖြန့်ချိသည်။ ဂျေရုဆလမ်တွင် (၁၉၃၂)မှစ၍ ထုတ်ဝေခဲ့သည်။ လစ်ရှစ်သည် ထိုသတင်းစာ၏ ပုံနှိပ်သူဖြစ်သည်။

လစ်ရှစ်မှာ ပါလက်စတိုင်း ခွဲခြမ်းရေး ဆန္ဒမဲပေးပြီးသည့်ညမှစ၍ သူ၏ သတင်းစာတွင် ဂျူးနိုင်ငံသစ် မွေးဖွားလာသည့် သတင်းကို ဖော်ပြရန် ခဲစာလုံးများကို ကိုင်ပြီး စောင့်နေသည်။

ယခု ဇန်နဝါရီ ညချမ်းတွင်မူ သူ့သတင်းစာ၌ ဖော်ပြရန် ပါလက်စတိုင်း အကြမ်းဖက်မှုသတင်းငယ်လေးများသာ ရှိသည်။ ရှိတ်ဂျာရားဒေသတွင် အာရပ်အိမ်တစ်လုံးကို

http://mmteashop.com



တန်ပြန်ကာကွယ်ရေးအဖြစ် ဟာဂါနားအဖွဲ့က ဗုံးခွဲဖျက်ဆီးလိုက်သည့် သတင်းတစ်ပုဒ် ရှိနေသည်။ ထို့ပြင် ဗြိတိသျှတို့က ယိမင်မိုရှေ့တွင် ဟာဂါနားစခန်းတစ်ခုကို ဝင်ရောက် သိမ်းပိုက်သည့်သတင်း၊ ဘက်အယ်ဝက်တွင် အာရပ်တို့က ချုံခိုတိုက်ခိုက်သဖြင့် အရေ အတွက်အားဖြင့် မဖော်ပြဘဲထားသည့် ထရပ်ကားများ ပျက်စီးသွားသည့် သတင်းတို့ အဆင်သင့် ရှိနေသည်။

ထိုညနေက ပို့၏ လက်ထောက်အယ်ဒီတာ တက်လူရီသည် လစ်ရှစ်၏ စာစီခန်း တွင် နက်ဖြန်ထွက်မည့် သတင်းစာ၏ မျက်နှာဖွဲ့ထားသော သတင်းများကို ဖတ်ကြည့် သည်။ ပထမစာမျက်နှာတွင် ညာဘက်အောက်ဆုံး ကော်လံ၌ ကွက်လပ်တစ်ခုရှိနေ သည်။ နောက်ဆုံးရသည့် စက်ရပ်သတင်းကို ဖော်ပြမည့်နေရာ ဖြစ်သည်။ ယနေ့ညတွင် ကား ဘာသတင်းထူးမျှ မရှိ။ ယခုလို အေးချမ်းသည့် ညနေခင်းတွင် ဘာသတင်းထူးမျှ မရှိနိုင်ဟု လူရီ သဘောရသည်။ သို့ဖြစ်ရာ အက်တာရာကဖေးတွင် ကော်ဖီသောက်ရန် ထွက်သွားသည်။

ရှုဖတ်အာရပ်ရွာတစ်ခု သူတို့နှင့် နှစ်မိုင်ခန့်ဝေးသည့် ဂျေရုဆလမ်၏ မြောက် ဘက် တောင်စောင်းတွင် တည်ရှိသည်။ အစိုးရိမ်ကြီးသည့် အဘိုခါလီဂျင်နိုသည် လမ်း ဘေးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ လမ်းဘေးမှောင်ရိပ်တွင် ရွာသူများ တင်ပျဉ်ခွေထိုင်ကာ သူ့ကို စောင့်ကြည့်နေကြသည်။ ဂျင်နိုသည် စိတ်လှုပ်ရှားကာ စီးကရက်ကို တဖွာတည်းဖွာနေသည်။ သူသည် စီးကရက်လုံးဝမသောက်သူ ဖြစ်သည်။ သူ့ကိုယ်မှာ ဝတ်ထားသည့် ဗြိတိသျှပုလိပ်ယူနီဖောင်းနှင့် စီးကရက်တို့မှာ မကြာမီ သူဆောင်ရွက်မည့် အလုပ်တစ်ခု၏ အဆောင်အယောင်များ ဖြစ်သည်။ သူ့လုပ်ငန်းသည် (၁၉၄၈) ဖေဖော်ဝါရီ (၂)ရက်နေ့ ပို့သတင်းစာမျက်နှာဖုံးတွင် ဘောင်ခတ်ပါလာမည်။ ဆယ်မီနာရစ်ဟိုတယ်၊ ဒမတ်စကတ်တံခါးနှင့် ဂျက်ဖာတံခါးတို့တွင် အိုင်ယာဂန် ဗုံးအဖွဲ့က ဖျက်ဆီးခဲ့သည်တို့ကို ယခု ဂျေရုဆလမ် ဂျူးရပ်ကွက်အား အက်ဘဒူခါဒါ ဟတ်ဆေနီက တုံ့ပြန်တော့မည်။ ဂျင်နိုသည် ထိုလုပ်ငန်းတွင် ဦးဆောင်မည့်သူ ဖြစ်သည်။

(၁၉၄၇)အောက်တိုဘာကပင် မတ်ဖတီ၏ လူများသည် အကြမ်းဖက်ဗုံးခွဲခြင်းကို စတင်ခဲ့သည်။ သူ့လူများက အာရပ်အဖွဲ့ချုပ်အား ဂျေရုဆလမ်မြို့ မြေပုံတစ်ခုပေးကာ ဖောက်ခွဲရမည့်နေရာနှင့် အဆောက်အအုံ (၁၆၀)၏ စာရင်းကို တင်ပြခဲ့သည်။ သို့သော် လည်း ဘာတစ်ခုမျှ အလုပ်မဖြစ်ခဲ့။ အာရပ်များ စိတ်ဓာတ်ပျက်ပြားအောင် ဂျူးတို့က ဗုံးခွဲတော့မှ အက်ဘဒူခါဒါသည် သူ့လူများကို ဂျူးလူနေရပ်ကွက်များအတွင်း ဖောက်ခွဲရေး လုပ်ရန် စီစဉ်အမိန့်ပေးသည်။ ဂျေရုဆလမ်တွင်မူ မြို့လယ်လမ်းများ လှည်းကျင်းသည့် အဖွဲ့ထဲသို့ သူလျှိုများထည့်ပြီး ဂျူးတို့ အဆောက်အအုံများကို သိအောင်စုံစမ်းခဲ့သည်။

အက်ဘဒူခါဒါသည် ဂျေရုဆလမ်မြို့သား ဖောဇီအယ်ကူတပ်ကို စည်းရုံးသိမ်းသွင်း သည်။ ကူတပ်မှာ သုံးဆယ့်တစ်နှစ်ရှိပြီး၊ အာရပ်နှင့်မတူသူ တစ်ယောက် ဖြစ်သည်။ လက်ချောင်းများမှာ အမြဲလှုပ်ရှားနေသည်။ အမူအရာမှာ တည်ငြိမ်ပြီး စကာနည်းသည်။

http://mmteashop.com



အရှယ်ရောက်ကတည်းက ဗုံးလုပ်တမ်းကစားလာသူ ဖြစ်သည်။ သူ့အိမ်နီးချင်း ဂျူးတို့ကို ကြည့်၍မရ။ ဗုံးခွဲချေမှုန်းချင်နေသည်မှာ ကြာပြီ။

ဆယ့်ငါးနှစ်သားအရွယ်တွင် ကူတပ် လက်ပစ်ဗုံးလုပ်တတ်သည်။ တူရကီ အမြောက်ဆန်များကို ယမ်းထည့်ကာ ဗုံးများလုပ်သည်။ဂျေရုဆလမ်မြို့သစ်နှင့် မြို့ဟောင်းအကြား ပြေးဆွဲသည့် ဘတ်စ်ကားများကို စတင်တိုက်ခိုက်သည်။ နောက်ပိုင်းတွင် ဗြိတိသျှလုပ် လက်ပစ်ဗုံးတစ်ခုဖြင့် အနီးအနားရှိ ဂျူးကဖေးထဲသို့ ပစ်သွင်းကာ ခပ်တည်တည် ဆိုင်တစ်ခုတွင် ထမင်းစားနေလိုက်သည်။ (၁၉၃၆) အကုန်တွင် ဂျူးရပ်ကွက်တွင်းသို့ လက်ပစ်ဗုံး ငါးဆယ့်ခြောက်လုံး ပစ်သွင်းခဲ့သည်ဟု ဂုဏ်ယူပြောဆိုသည်။

အသေအပျောက်များအောင် မြှူဆွယ်နည်းများကိုလည်း သူ တီထွင်သည်။ ကြိုးတစ်ချောင်းဖြင့် လက်ပစ်ဗုံးကို ချည်ကာ ခေါင်မိုးထက်မှ ဂျူးအိမ်ထောင်စု၏ ပြတင်းဆီသို့ ချသည်။ လာ၍ ကြည့်သည်တွင် အချိန်ကိုက် ဖောက်ခွဲသည်။ နောက်နည်းတစ်ခုမှာ လက်ပစ်ဗုံးကို ပူဖောင်းထဲထည့်ကာ ကြိုးဖြင့် ဂျူးပြတင်းပေါက်သို့ ချပေးသည်။ ကလေးများလာကြည့်သည့်အချိန်တွင် မီးခိုးများ ပန်းထွက်သည်။ ဘာများလဲဟု ဝိုင်းအုံကြည့်သည့်အခါ ချိန်ကိုက်ဗုံးက ပေါက်ကွဲပြီး မျက်နှာများကို ထိမှန်သည်။

သူ့လှုပ်ရှားမှုကို ဗြိတိသျှတို့ သိသွားသည့်အခါ ပထမ ဒမတ်စကတ်သို့ ထွက်ပြေးသည်။ ထိုကမှ ဘက်ဂဒက်တွင် ခိုလှုံသည်။ နောင် ဒုတိယကမ္ဘာစစ် ဖြစ်သည့်အခါ မတ်ဖတီက ဖိတ်ခေါ်သဖြင့် နာဇီဂျာမနီသို့ သူ သွားသည်။ မတ်ဖတီ၏ အစီအစဉ်ဖြင့် ဖောက်ခွဲရေးနည်းများ အကြမ်းဖက်နည်းကို သင်ကြားရန် ဟော်လန်တွင် ဖွင့်လှစ်သည့် နာဇီကွန်မန်ဒို သင်တန်းသို့ တက်သည်။ တစ်နှစ်သင်တန်းပြီးသည့်အခါ နာဇီဖောက်ခွဲရေးသမားများနှင့်အတူ ပါလက်စတိုင်းသို့ စေလွှတ်သည်။ သူက ငြင်းသည်။ ဂျာမန်တို့က သူ့ကို မျက်နှာအဝတ်စည်းလက်ထိပ်ခတ်ပြီး သူမမျှော်လင့်သည့် အကျဉ်းစခန်းသို့ ပို့လိုက်သည်။ ထိုစခန်းမှာ ဘရက်စလောမြို့ အပြင်ဘက်ရှိ ဂျူးတို့ကို ချုပ်နှောင်ထားရာ စခန်း ဖြစ်သည်။ ကူတပ် ကြမ္မာဆိုးနှင့် တွေ့ရသည်။

အကျဉ်းစခန်းတွင် ဝေတ်ပြတ်သည်။ လူသေများအကြားတွင် သုံးလနေရသည်။ မတ်ဖတီက ဟိန်းရစ်ဟင်းမလားကို တွေ့ကာ တိုင်တောတော့မှ ဓာတ်ငွေ့လူသတ်ခန်းသို့ သူ မရောက်ခြင်း ဖြစ်သည်။ ဂျာမန်အကျဉ်းစခန်းမှ လွတ်လျှင် ဘာလင်သို့သွားသည်။ နာဇီတို့နှင့် ပူးပေါင်းပြီး အာရပ်တို့အား ဝါဒဖြန့်ချိရေးစစ်ပွဲဆင်နွှဲသည်။ ဘာလင်ကို ရုရှားတို့ ဝိုင်းထားသည့်အခါ ဂျာမန်စစ်သားအလောင်းမှ ယူနီဖောင်းကို ချွတ်ယူပြီး လက်ပတ်ဘစ်ခုပတ်ကာ တောင်ဘက်သို့ ထွက်ပြေးသည်။ ဩစတြီးယားနိုင်ငံ ဆဲဇဘတ်မြို့တွင် အမေရိကန်တို့က စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးလိုက်သည်။ လေးလရှိမှ သူ့အဖြစ်မှန်ကိုသိပြီး လွှတ်မြောက်လာသည်။

http://mmteashop.com



ကူတပ်သည် သင်္ဘောဆိပ်ကမ်းတစ်ခုမှ နောက်တစ်ခုသို့ ကူးသန်းကာ ပါလက် စတိုင်းသို့ သွားမည့် သင်္ဘောကို ရှာသည်။ မာဆေးဆိပ်ကမ်းတွင် ခရီးသည်ပြည့်ကျပ် နေသော သင်္ဘောတစ်စင်းတွေ့သည်။ ဤတွင် ကူတပ်သည် ဂျာမန်အကျဉ်းစခန်း အတွေ့အကြုံအရ နည်းလမ်းများ ရှာကြံပြီး သူ့ကိုယ်သူ ဂျာမန်စာတ်ငွေ့ခန်းမှ မသေဘဲ လွတ်မြောက်လာသူ အယောင်ဆောင်ကာ ဂျူးတစ်သောင်းငါးထောင်နှင့်အတူ ခါနန် ပြည်သို့ ပြန်လာခဲ့သည်။

အက်ဘဒူခါဒါ ဟတ်ဆေနီ ပြန်ရောက်လာသည့်အခါ ကူတပ်သည် သူ့မိတ်ဆွေ ဟောင်း၏ ဖောက်ခွဲရေးပါရဂူ ဖြစ်လာသည်။ ပထမဦးဆုံးတာဝန်မှာ တီအင်တီယမ်း တန်ဝက်ကို ခိုးယူလာသော ဗြိတိသျှပုလိပ်ကားပေါ်တွင်တင်ကာ ဂျေရုဆလမ်တိုက်စစ် ကို စတင်ဆင်နွှဲရန်ပင် ဖြစ်သည်။ ပုလိပ်ကားကို ဂျူးရပ်ကွက်သို့ ပို့ရာ၌ ဗြိတိသျှစစ် ပြေးနှစ်ယောက်၏ အကူအညီကို သူ ရသည်။ တစ်ယောက်မှာ ဂျူးအိုင်ယာဂန်အဖွဲ့က သူ့ညီကို သတ်သဖြင့် စိတ်နာနေသော ပုလိပ်အရာရှိဟောင်း အက်ဒီဘရောင်း ဖြစ်သည်။ နောက်တစ်ယောက်မှာ ရွှေရောင်ဆံပင်ပိုင်ရှင် တပ်ကြပ်ဟောင်း ပီဘာမေဒီဆန် ဖြစ်သည်။

အက်ဘဒူခါဒါသည် အင်္ဂလိပ်လူမျိုးနှစ်ယောက်ကို စိတ်မချ။ ထို့ကြောင့် ဒုတိယ ကားတစ်စီးဖြင့် အဘိုခါလီဂျင်နီကို စောင့်ကြည့်ရန် နောက်က ထက်ကြပ်မကွာ လိုက်စေ သည်။ ပုလိပ်ကားရောက်လာလျှင် စနက်တံကို စီးကရက်မီးဖြင့် ညှိရမည်။ သို့ဖြစ်ရာ စီးကရက်ကို အဖွာကျင့်နေသည်။ မှောင်ထဲတွင် ရွာသားတစ်ယောက် တီးတိုးပြောသံကို ဂျင်နီ ကြားသည်။ "အဲဒါ ဒီည ဂျေရုဆလမ်မှာ ကြီးကြီးကျယ်ကျယ် တစ်စုံတစ်ခု လုပ်မယ့်သူပဲ" ဟု သူ့ကို ရည်ညွှန်းပြောဆိုသံ ဖြစ်သည်။

"ဘုရားသခင် ကယ်တော်မူပါ၊ သူတို့သိပြီဆိုရင် တစ်မြို့လုံး သိတော့မှာပဲ" ဂျင်နီ စိုးရိမ်မိသည်။

အစီအစဉ်ကို သူ ချမှတ်သည်။ ဗြိတိသျှ တပ်ပြေးနှစ်ယောက်က ပထမဆုံး သွားမည်။ ဗြိတိသျှကင်းနှင့် ဟာဂါနာကင်းတို့ကို ဖြတ်ရမည်။ သူတို့မောင်းသည့် ထရပ် ကားကို ပစ်မှတ်အနီးတွင် ရပ်ကာ သူတို့ အနီးအနားရှိ ကဖေးတစ်ခုသို့ အရက်သောက် ရန်သွားမည်။ ဂျင်နီက နောက်မှ လိုက်သွားပြီး ကိုက်တစ်ရာတွင် ကားကို ရပ်မည်။ စီးကရက်မီးညှိကာ အနီးအနားဖြတ်လျှောက်မည်။ ပြီးတော့ စနက်တံကို မီးရှို့ခဲ့မည်။

ဗုံးတပ်ဆင်ထားသည့် ပုလိပ်ကား ရောက်လာသည်။ အင်္ဂလိပ်တပ်ပြေးနှစ် ယောက်ပါလာသည်။ ဂျင်နီလည်း သူ၏ ဗောက်စဟောကားကို စက်နှိုးသည်။ ထိုအခါ အဝတ်မည်းခြုံထားသည့် အမျိုးသမီးများသည် ကုအာရ်ကျမ်းထဲက တစ်ပိုဒ်ကို ရွတ်ဆိုပြီး ထွက်သွားသည့် ကားဘီးအောက် ဆိတ်နို့တစ်ခွက်လောင်းလိုက်သည်။ ဤသည်မှာ နောက်ဆုံးဆုတောင်းခြင်း ဖြစ်သည်။

ဗြိတိသျှပုလိပ်ကားတစ်စီး ကာဆိုလယ်လမ်းထဲ ဝင်သွားသည်ကို တက်လူနီ

http://mmteashop.com



မြင်လိုက်သည်။ နောက်ဘီးက ယာဉ်ကြောအလယ်ကျွန်းကို ပွတ်တိုက်သွားသည်။ "ဒီလူ တယ်အလျင်လိုနေပါလား" ဟု ဂျေရုဆလမ်ပို့၏ လက်ထောက်အယ်ဒီတာ တက်လူရီ စိတ်ထဲ ထင်မိသည်။

သူသည် ဇီယွန်ရင်ပြင်ကိုဖြတ်ကာ ဘင်ဟူဒါလမ်းရှိ အက်တာရာကဖေးထဲသို့ ဝင်ခဲ့သည်။ ထိုစဉ် မြို့လယ်မှ ပေါက်ကွဲသံကြီးတစ်ခု ကြားရသည်။ ပြင်းထန်သဖြင့် နားထဲမှာ လှိုင်းထသွားသည်။ ချက်ချင်းပင် သတင်းစာဆရာတို့ ဉာဉ်အတိုင်း ပို့သို့ ဖုန်း လှမ်းဆက်သည်။ ဖုန်းခေါ်၍မရ။ သူများ ပြောနေသည်။ နောက်တစ်ကြိမ် ထပ်၍ ခေါ်သည်။ မရ။ စိတ်မရှည်နိုင်ဖြစ်ကာ တတိယအကြိမ် ထပ်၍ ဆက်စဉ် အဖြစ်အပျက် ကို သိလိုက်ရသည်။ သူ့နောက်က လူတစ်ယောက်က "ခွေးကောင်တွေ ပို့ကို ဗုံးခွဲပြန် ပြီ" ဟု အော်၍ ပြောနေသည်။

သတင်းစာတိုက်သို့ လူရီရောက်သွားသည့်အချိန်တွင် မီးလောင်နေသည့် အယ်ဒီတာအခန်းကို တွေ့ရသည်။ လမ်းပေါ်တွင် မှန်ကွဲများ ပြန့်ကျဲနေသည်။ ဘေး အိမ်များက ပြတင်းများမှ ခေါင်းပြူကြည့်နေကြသည်။

အယ်ဒီတာအခန်းမှ ဒဏ်ရာရသူများကို အမေရိကန်သတင်းထောက်များက အပြင်သို့ ထုတ်ရာ၌ ကူညီသည်။ လူရီလည်း ဆေးရုံသို့ ပြေးကာ သူတို့အခြေအနေကို ကြည့်သည်။

ညသန်းခေါင်တွင် လူရီ၏မိန်းမက သူ့အင်္ကျီစကို ဆွဲကာ "ရှင့်အလုပ်က သတင်း စာထွက်ဖို့ပဲလေ" ဟု ခပ်အေးအေး ဆိုသည်။

သူမှန်သည်ဟု လူရီ သဘောပေါက်လာသည်။ သို့ဖြစ်ရာ အနီးအနားရှိ အခန်း လွတ်တစ်ခုတွင် အယ်ဒီတာရုံးခန်း ဖွင့်လှစ်သည်။ နှစ်နာရီအတွင်း ပုံနှိပ်စက်တစ်ခု အဆင်သင့် တွေ့ရသည်။ သတင်းထောက်နှစ်ယောက်က အပျက်အစီးထဲမှ ရေးသားပြီး သတင်းများကို ရှာဖွေစုဆောင်းသည်။ သူတို့၏ ရည်းစားနှစ်ယောက်က သတင်းများကို လက်နှိပ်စက်ရိုက်ပေးသည်။

နောက်တစ်နေ့ နံနက်ခြောက်နာရီတွင် ဂျေရုဆလမ်မြို့သားတို့ ပို့သတင်းစာကို ဖတ်ကြရသည်။ စာမျက်နှာမှာ တစ်ခုတည်းသာ။ သို့ကြားလည်း ပါလက်စတိုင်းပို့ ဟူသော နာမည်သည် ထင်ရှားပီသစွာ ပေါ်လွင်နေသည်။ အက်ဘဒူခါဒါဟတ်ဆေနီအဖို့ ဂျေရု ဆလမ်မြို့လယ်ကို တိုက်ခိုက်နိုင်ခဲ့သော်လည်း ရည်ရွယ်ချက်မအောင်မြင်။ ပါလက် စတိုင်းပို့ကို ရပ်သွားအောင် သူ မတတ်နိုင်ခဲ့ပေ။

ဟာဒက်ဆားဆေးခန်းသို့ ရှင်ရှုန်လစ်ရှစ် ရောက်လာသည်။ မျက်လုံးတစ်ဖက် ဒဏ်ရာရသည်။ တစ်သက်လုံး မျက်စိတစ်လုံးတည်းဖြင့် နေသွားရတော့မည်။ သို့သော် လည်း သူ အလျှော့မပေး။ ပါလက်စတိုင်းပို့မှာ ပြန်၍ အလုပ်ဝင်သည်။ ဂျူးနိုင်ငံသစ် ဖွားမြင်မည့်နေ့ကို သူ စောင့်နေသည်။

http://mmteashop.com



ဟတ်ချ်အာမင်ဟတ်ဆေနီသည် ယခု ကိုင်ရိုမြို့တွင် ရောက်နေသည်။ ဂျေရုဆလမ်၊ ဒမတ်စကတ်၊ ဘီရွတ်၊ ဘာလင်တို့၌ သူ နေခဲ့ဖူးသည်။ ဘယ်မှာရောက်နေသည်ဖြစ်စေ သူ၏ နေ့စဉ်လုပ်ငန်းဆောင်တာတို့မှာ မပြောင်းလဲ။ မနက်စောစော ထကာ ကော်ဇောပါးလေးကိုခင်းပြီး ဘုရားဝတ်ပြုသည်။ ယင်းမှာ သူပိုင်ဆိုင်သည့် တစ်ခုတည်းသော ပစ္စည်း ဖြစ်သည်။ ငွေကြေးပစ္စည်းပစ္စယ သူ မလိုချင်။ ယင်းတို့မှာ တခြားသူများကို သူ့အလိုသို့လိုက်ပါစေရန် မြူဆွယ်သည့် အရာများ ဖြစ်သည်။ ငွေကြေးသုံးစွဲကာ သူ စည်းစိမ်မခံ။

ဘုရားရှိခိုးပြီးလျှင် ကိုယ်လက်လှုပ်ရှားသည့် လေ့ကျင့်ခန်းများ ပြုလုပ်သည်။ ငယ်စဉ် တူရကီစစ်တပ်၌ အမှုထမ်းတုန်းကလိုပင် ခန္ဓာကိုယ် သေးသေးသွယ်သွယ်ဖြစ်အောင် သူကြိုးစားသည်။ ထို့နောက် ခေါင်းတစ်ချက်ညိတ်ကာ သူ မကြည်ဖြူ မနှစ်သက်သည့် လူပေါင်းများစွာကို သေတွင်းသို့ ပို့သည်။ တစ်ဖန် ရောက်ရာ အရပ်၌ သူမွေးထားသည့် ကြက်များကို အစာကျွေးသည်။

ပြီးလျှင် သီးသန့်အခန်းတွင်ထိုင်ကာ အစီရင်ခံစာများ ဖတ်သည်။ ရေးစရာရှိသည်ကို ရေးသည်။ ထို့နောက် ဆယ်နာရီမတိုင်မီ ဌာနချုပ် ဧည့်ခန်းကျယ်ကြီးတွင် အာရပ်ခေါင်းဆောင်များကို တွေ့သည်။ သည်အထဲတွင် လူငယ် အီဂျစ်ကပ္ပတိန်တစ်ယောက်ပါသည်။ "သည်းခံစောင့်ဦး၊ မင်းအချိန်ရောက်လာလိမ့်မယ်" ဟု မတ်ဖတီက ဆိုသည်။ သူပြောသည်မှာ မှန်သည်။ ထိုလူငယ်၏ နာမည်မှာ ဂမယ်အက်ဘဒယ်နက်ဆာ ဖြစ်လေသည်။

ထိုးနက်က အက်ဘဒူခါဒါ ရောက်လာမည်ဖြစ်သဖြင့် အားလုံး မျှော်လင့်တကြီးနှင့် စောင့်နေကြသည်။ ကိုင်ရိုသို့ ပြန်လာပြီး ပါလက်စတိုင်းတွင် ဆောင်ရွက်ခဲ့သည်တို့ကို မတ်ဖတီအား သူ အစီရင်ခံစရာ ရှိသည်။ သူ့ကို ဟတ်ချ်အာမင်က လက်ခံတွေ့ဆုံသည်။

သူ့လုပ်ငန်းဖြစ်သည့် ဂျူးများကို ပင်လယ်ထဲ မောင်းထုတ်ရေးမှာ အောင်မြင်သည်။ ပါလက်စတိုင်း ပို့သတင်းစာတိုက်ကို ဖောက်ခွဲနိုင်ခြင်းဖြင့် ဂျေရုဆလမ်မြို့လယ်သို့ သူတို့ ထိုးဖောက်ခဲ့သည်။ ယခုမူ ဆက်လက်၍ ဖောက်ခွဲရေးများ ဆက်တိုက်လုပ်သည်။ ဂျူးတို့က ဂျေရုဆလမ်ကို အာရပ်တို့ လက်ဝယ်သို့ ပေးအပ်ရတော့မည်မှာ သေချာသည်။

မတ်ဖတီမှာ များစွာ နှစ်ထောင်းအားရ ရှိသည်။ ကိုင်ရိုတွင် ရက်အနည်းငယ်နေထိုင်ကာ လက်နက်ဝယ်ယူရေး စီစဉ်ခိုင်းသည်။ တစ်ဖန် ဆွေမျိုးသားချင်းများအားတွေ့ခွင့်ပေးသည်။ အက်ဘဒူခါဒါ၏ မိသားစုသည် မတ်ဖတီ၏ အိမ်နှင့်မလှမ်းမကမ်းမှာ နေထိုင်လျက် ရှိသည်။

အက်ဘဒူခါဒါသည် ဝိဇ္ဇာဘွဲ့ကို ကိုင်ရိုမြို့ အမေရိကန်တက္ကသိုလ်မှ ရရှိခဲ့သည်။

http://mmteashop.com



အဖေပေးစားသည့် မိန်းမကို လက်ထပ်သည့်မနက်တွင် မျက်နှာအုပ်ထားသည့် ပဝါကို လှပ်ကြည့်မှ ပထမဆုံး မြင်ဖူးသည်။ သူ့ဇနီးမှာ ထိုအချိန်က ဆယ့်ငါးနှစ် သမီးသာ ရှိသေးသည်။ သူနှင့် ပေါင်းသင်းကာ သားသမီးလေးယောက် မွေးဖွားခဲ့သည်။ သူ့ခင်ပွန်း၏ ရင်းနှီးသည့် မိတ်ဆွေသူငယ်ချင်းများ ရှေ့တွင်သာ မြို့ထည်ကို လှပ်၍ မျက်နှာကို ဖော်သည်။ သူတို့အိမ်တွင် အဝတ်ဖွပ်သည့်အခန်း၊ ဗီရိုများ၊ အဝတ်အစား ထားသည့် အခန်းတို့တွင် ရိုင်ဖယ်များ၊ လက်ပစ်ဗုံးများ၊ ပစ္စတိုများ၊ ဖောက်ခွဲရေးဗုံးများ ကို သူ့ခင်ပွန်း၏ သူငယ်ချင်းများက လာ၍ ဝှက်ထားကြသည်။

အာရပ်တပ်ဖွဲ့များသို့ ရိုင်ဖယ်အပိုများ၊ စက်သေနတ်များကို ထုတ်ပေးသည်မှာ ငါးရက်ကြာသည်။ နောက်တစ်နေ့မနက်တွင် အိမ်မှ အက်ဘဒူခါဒါ ခွာသည်။ ဇနီးသည်က ကုအာန်ကျမ်းစာအုပ်လေးတစ်ခု လက်ဝယ်သို့ ပေးအပ်သည်။ ဘယ်အရပ်သို့ သွားသွား ကုအာန်ကို ဆောင်စေသည်။ (၁၉၃၆) တွင် ဗြိတိသျှ ပုန်ကန်ထကြွမှုတွင် ရှိသည့်အခါ အိမ်ကြီးရိုင်များ ကိုယ်ခေါင်းစွာစဉ်က ကုအာန် တစ်အုပ် ပျောက်ဆုံးခဲ့သည်။ နောက်တစ်အုပ်မှာ ကိုင်ရိုသို့ မလာမီ အထားမှားပြီး မေ့ကျန်ရစ်ခဲ့သည်။ ယခု တတိယစာအုပ်ကို အသည်းနှလုံးနားမှာ ကပ်နေသည့် ရှပ်အင်္ကျီ အိတ်ထဲ ထည့်ထားပါဟု မှာကြားသည်။ ကုအာန်ကျမ်း စာအုပ်က သူ့ခင်ပွန်းကို ဘေးရန် ကင်းအောင် စောင့်ရှောက်လိမ့်မည်ဟု သူ ယုံကြည်သည်။

အိမ်ရှေ့လှေကားအထိ ယောက်ျားအား လိုက်ပို့သည်။ သားသမီးလေးယောက် သူ့ဘေးမှာ တန်းစီလျက် ရှိသည်။

အေးချမ်းစဉ်က ကိုင်ရိုဆက်ဒနောအီ ကုန်တိုက်တွင် သူနှင့် အတူ ဝယ်ခဲ့သည့် ဝတ်ရုံညှိကို သူ့ယောက်ျား ဝတ်ထားသည်။ ယင်းသည်ပင် ဘေးရန်ကင်းမည့် အတိတ် နိမိတ်ဟု သူ ယုံကြည်သည်။

အက်ဘဒူခါဒါက လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ပြုံးရွှင်စွာ ကားတံခါးဖွင့်၍ ဝင် သည်။ ဂျေရုဆလမ်သို့ သူ သွားမည်။ ဂျူးများက ဂျေရုဆလမ်ကို သူတို့လက်ဝယ် အပ်အောင် သူ ဖောက်ခွဲဖျက်ဆီးမည်ဟု မတ်ဖတီအား ကတိပေးခဲ့သည်။

ထိုအချိန်မှာပင် ကိုင်ရိုမြို့ အရှေ့မြောက်ဘက် မိုင်(၃၆၀) အကွာတွင် အခြား ပုဂ္ဂိုလ်တစ်ယောက်ကလည်း သူ့ဇနီးကို ခွဲခါနီးနှုတ်ဆက်နေသည်။ လင်မယားနှစ်ယောက် တယ်အဗစ် ဘတ်စ်ကားဆိပ်တွင် လက်ချင်းမထိတထိ အနေအထားဖြင့် ရပ်နေကြသည်။ စိတ်ထိခိုက်နေသဖြင့် ဘာမျှ မပြောကြ။ ယောက်ျားက ကာကီရှပ်အင်္ကျီ ကာကီဘောင်းဘီ တိုတို့ကို ဝတ်ထားသည်။ အရပ်အနေတော်ဖြစ်ပြီး ကွဲကော်ကိုင်း မျက်မှန်ကို တပ်ထား သည်။ နှာတံပေါ်သည်။ ကားစက်နှိုးသံကြားလျှင် မိန်းမကို နမ်းရှုပ်နှုတ်ဆက်ပြီး ကားပေါ်သို့ တက်သည်။

သူ့ကား ဒေးဗစ်ရှယ်လတီးယယ် ဖြစ်သည်။ သူ့မိန်းမကို နောက်ဆုံးတစ်ချက် ကြည့်ပြီး ကားပေါ်တက်သည်။ သူ့မျက်နှာမှာ မပြုံးနိုင်။ အကြောင်းရှိသည်။ လွန်ခဲ့

http://mmteashop.com



သည့် နှစ်ဆယ့်လေးနာရီက ဒေးဗစ်ဘင်ဂူရီယန်က သူ့ကို ခေါ်ကာ ပါလက်စတိုင်းတွင် အရေးအကြီးဆုံးတာဝန်တစ်ခုကို ပေးသည်။ အစွရေးအားမားနေရာတွင် သူ့ကို အစားထိုးခန့်အပ်ကာ ဂျေရုဆလမ်ရှိ ဟာဂါနားတပ်ဖွဲ့၏ သေနာပတိချုပ်အဖြစ် ခန့်အပ်လိုက်သည်။

ဒေးဗစ်ဘင်ဂူရီယန်၏ တာဝန်ပေးချက်မှာ တိကျသည်။ ကိုယ်တိုင်တွေ့ကာ စေခိုင်းခြင်း ဖြစ်သည်။ ဂျူးတို့သည် ပါလက်စတိုင်းနယ်မြေမှ မဆုတ်ခွာရ။ ဂျေရုဆလမ်ရှိ ဂျူးတို့နေထိုင်သည့် ရပ်ကွက်များသို့ တစ်လမ်းဝင်တစ်လမ်းထွက် တစ်အိမ်ဝင် တစ်အိမ်ထွက် သွားကာ ဂျူးတို့၏ အသက်အိုးအိမ်ကို အကာအကွယ်ပေးရမည်။ ဂျူးတို့သည် မိမိတို့နေထိုင်ရာမှ တစ်ဖဝါးမျှ မခွာရ။ အိမ်ထောင်အချို့ နေရာရွှေ့ပြောင်းရဖို့ ကြုံခဲ့လျှင် သူတို့နေရာတွင် အခြား ဂျူးများကို နေထိုင်စေရမည်။ ဖြစ်နိုင်လျှင် အာရပ်တို့ စွန့်ခွာသွားသည့် အိမ်များတွင် ဂျူးတို့ကို နေထိုင်စေရမည်။

စစ်ရေးတာဝန်တစ်ခု ရှိသေးသည်။ ယင်းမှာ ဂျူးလူနေရပ်ကွက်အတွင်းနေထိုင်သည့် အာရပ်တို့အကြား ဂျူးများ တစ်သားတည်းဖြစ်အောင် အိုးအိမ်ထူထောင်ရေးပင် ဖြစ်သည်။ ဗြိတိသျှတို့နှင့် ထိပ်တိုက်မတွေ့ဘဲ ထိုကိစ္စကို ဆောင်ရွက်နိုင်ခဲ့လျှင် စကိုးပတ်တောင်ကုန်းပေါ်တွင် တည်ရှိသည့် ဂျူးအဖွဲ့အစည်းများဖြစ်သည့် ဟီဘရူးတက္ကသိုလ်နှင့် ဟာဒက်ရှားဆေးရုံတို့နှင့် တစ်ဆက်တည်းဖြစ်အောင် ရှိတ်ဂျာရားရပ်ကွက်ကို သိမ်းယူရမည်။

မြို့ဟောင်းရှိ ဂျူးလူနေရပ်ကွက် စကိုးပတ်တောင်ကုန်း ပင်လယ်သေပိုတက်လုပ်ငန်းနှင့် မြို့ပတ်လည်ရှိ ဂျူးလူနေရပ်ကွက်သစ်များ ဆက်သွယ်ရေးလမ်းကြောင်း ပွင့်သွားအောင် ထိုဒေသကို ထိန်းသိမ်းထားရမည်။ ဂျေရုဆလမ်အား နိုင်ငံတကာ ထိန်းသိမ်းမှုအောက် ထားရှိခြင်းကို ဂျူးအေဂျင်စီက လက်ခံသည်။ အကယ်၍ ကုလသမဂ္ဂကော်မရှင် လာရောက်အခြေစိုက်လျှင် ယင်း၏ အမိန့်အာဏာကို နာခံပြီး ပူးပေါင်းဆောင်ရွက်ရမည်ဟု ဘင်ဂူရီယန်က မှာကြားလိုက်သည်။

(၁၉၄၈) ဖေဖော်ဝါရီ (၆)ရက်နေ့တွင် ဂျေရုဆလမ်သို့ ဘတ်စ်ကားစီးကာ ဒေးဗစ်ရှယ်လတီးယယ် ရောက်လာသည်။ ထိုလုပ်ငန်းများ ဆောင်ရွက်ရန် မလွယ်ကူလှပေ။ သူ့ဘဝတစ်လျှောက်လုံး အတိုက်အခိုက် အဆန့်အကျင်များဖြင့် လူးလွန့်လှုပ်ရှားခဲ့ရသည်။ အခက်အခဲဆုံး အလုပ်မှာ ယခုပေးအပ်လိုက်သည့် တာဝန်ပင် ဖြစ်သည်။

ဂျေရုဆလမ်သည် ဇီယွန်ဝါဒီတို့အတွက် အရေးကြီးသည် မဟုတ်လား။ တကယ်တော့ ဘယ်သူမျှ သူ့လောက် ဇီယွန်လှုပ်ရှားမှုကို ကိုယ်စားမပြုခဲ့ပေ။ ဟာဂါနား လျှို့ဝှက်အဖွဲ့အစည်းတွင် စစ်ပညာ သင်ကြားခဲ့ရသည်။ ထို့နောက် ပြင်သစ်နိုင်ငံခြား လီဂျင်းတပ်သို့ သူ ဝင်သည်။ ယခု ဂျူးဒီယာတောင်ကုန်းကို တက်ရောက်သိမ်းပိုက်ရတော့မည်။ ထိုစဉ်ကလည်း ပြင်သစ် လီဂျင်းတပ်ဖွဲ့ဝင်အဖြစ် ရန်သူ အက်ဘဒယ်ကရင်၏ အရိုင်း

http://mmteashop.com



အစိုင်းတပ်သားများကို တိုက်ခိုက်ကာ ရစ်တော်ကုန်း (မော်ရိုကို မြောက်ပိုင်းတောင်တန်း) ကို တက်ရောက်သိမ်းပိုက်ရာတွင် ပါဝင်ခဲ့ရသည်။

ရှယ်လတီးယယ်သည် စပိန်နှင့် ပေါ်တူဂီတို့တွင် အခြေစိုက်သည့် ဆီဖားဒစ် ဂျူးမိသားစုမှ မွေးဖွားလာသူဖြစ်ပြီး ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် နေထိုင်ခဲ့သည်။ သူ့အဖေသည် သားရေပစ္စည်းလုပ်ငန်းဖြင့် အသင့်အတင့် ကြွယ်ဝလာသည်။ သူတို့သည် ဘာသာရေးတွင် အယူမှန်ဂိုဏ်းကို ဖက်တွယ်သည်။ ရှယ်လတီးယယ် ငယ်စဉ်က လက်ကိုင်ပဝါကို အိတ်ထဲမထည့်ရ။ သူ့အမေက ကုတ်အင်္ကျီလက်တွင် လက်ကိုင်ပဝါကို အသေချုပ်ပေးထားသည်။ လက်ကိုင်ပဝါသည် အဝတ်နှင့် တစ်သားတည်းဖြစ်လာသည်။

ယင်းကို ကိုင်တွယ်သုံးခွင့်မရှိ။ ငယ်စဉ်ကပင် ဘာသာရေး အစွဲအလမ်းကြီးမှုကို သူ တော်လှန်ဆန့်ကျင်ခဲ့သည်။ ဆယ့်ငါးနှစ်သား အရွယ်တွင် ဂျူးဘာသာရေးပွဲတော် ဖြစ်သည့် ယွန်ကစ်ပါးပွဲတော်တွင် ဂျူးတို့မစားရဟု တားမြစ်ထားသည့် ဝက်သားတစ်ဖတ်ကို သူ စားသည်။ ထို့နောက် ဘုရားသခင်က သူ့အား ပြစ်ဒဏ်ခတ်မခတ် စောင့်ကြည့်သည်။ ဘာမျှ မဖြစ်သည့်အခါ ရှယ်လတီးယယ်သည် ဘာသာရေး အယူသီးမှုကို ဆန့်ကျင်စိတ် ပို၍ ကိန်းအောင်းလာသည်။

တစ်ဖန် မိဘများ၏ လူချမ်းသာဘဝှာ ဘဝကိုလည်း သူ မနှစ်မြို့ဖြစ်ကာ ပါလက်စတိုင်းသို့ ပြောင်းရွှေ့လာသည်။ ခဏတာမျှ ဆေးစိုက်ခင်းတွင် လုပ်ကိုင်သည်။ ညတွင် သူတစ်ဝက်ပိုင်သည့် ခုတင်၌ အိပ်သည်။ နေ့အခါ အိပ်သည့် အလုပ်သမားတစ်ယောက်ထံမှ ညအတွက် အခပေးပြီး သူ ငှားသည်။ ထို့နောက် ဟိုတယ်လုလင်အလုပ်ဝင်၍ လုပ်သည်။ တယ်အဗစ်တွင် ပထမဆုံးခန့်ထားသည့် ဟိုတယ်ဘတ်တလာ ဖြစ်လာသည်။ ဇီယွန်ဝါဒကို စွဲစွဲလမ်းလမ်း မယုံကြည်။

ပါလက်စတိုင်း လူနေမှုဘဝကို သူငြီးငွေ့လာသည်။ လုပ်ကိုင်ခဲ့ရသည့် အလုပ်တို့ကိုလည်း ငြီးငွေ့သည်။ သို့ဖြစ်ရာ မိလန်မြို့သို့ လွင့်သွားပြီး ချည်ထည် ကုမ္ပဏီတစ်ခုတွင် ဝင်ရောက် လုပ်ကိုင်သည်။ ယင်းတွင်လည်း မပျော်ပိုက်။ သို့နှင့် ကြီးပွားအောင် ဖြတ်လမ်းလိုက်ရန် စိတ်ကူးဖြင့် မွန်တီကာလို လောင်းကစားမြို့တော်သို့ သွားသည်။ သို့သော် အကျိုးမပေး။ မွဲပြာကျအောင် ရှုံးသည်။ သို့နှင့် နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့တွင် ပြင်သစ်လီဂျင်းတပ်သို့ ဝင်လိုက်သည်။

ငါးနှစ်ရှိလျှင် တပ်ကြပ်ကြီးအဖြစ် အမှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသည်။ စစ်ပြန်သူရဲကောင်းအဖြစ် အခွင့်အရေးများရကာ ပဲရစ်တွင် အခြေစိုက်ရန် စိတ်ကူးသည်။ ရှဲရေနံကုမ္ပဏီ၏ အရောင်းကိုယ်စားလှယ် ဖြစ်လာသည်။ ပြင်သစ် လူနေမှုဘဝကို မြတ်နိုးလာသည်။ ပြင်သစ် အစားအစာကိုမှ စားပြီး ပြင်သစ်ဝိုင်ကိုမှ သောက်သည်။

နာဇီဂျာမနီတွင် ဆီးမိုက်ဆန့်ကျင်ရေး ပြင်းထန်လာသည့်အခါ ရှယ်လတီးယယ်သည် ဇီယွန်အဖွဲ့သို့ ပြန်ရောက်သွားသည်။ ပါလက်စတိုင်းသို့ ဂျူးလူငယ်များ ပြန်နိုင်ရန်

http://mmteashop.com



စခန်းများ သူ ဖွင့်သည်။ သို့နှင့် ဇီယွန်ဝါဒီ ဖြစ်စပြုလာသည်။ နောက်ဆုံးတွင် ပါလက်စတိုင်းသို့ သူ ပြန်လာသည်။ ဟီဘရူး တက္ကသိုလ်ဓာတ်ခွဲခန်းတွင် ခွဲစိတ်ရန်ကြောင်များ၊ ယုန်များကို လှောင်သည့် အဆောက်အအုံ၌ အစောင့်အလုပ် လုပ်ကိုင်သည်။ ရစ်တောင်ကုန်းတိုက်ပွဲမှ သူ့ရဲကောင်း စစ်ပြန်ကြီးသည် ကြောင်လေးများ ယုန်လေးများစောင့်ရသည့် အလုပ်နှင့် မထိုက်တန်သူဟု သဘောရကာ တစ်နေ့တွင် ကြောင်များ ယုန်များကို တံခါးဖွင့်လွှတ်လိုက်ပြီး ထိုအလုပ်မှ ထွက်လာခဲ့သည်။

ထို့နောက် ဆောက်လုပ်ရေး အလုပ်သမား ဖြစ်လာသည်။ တစ်နေ့တွင် သူငယ်ချင်းတစ်ယောက်နှင့် တွေ့ပြီး ဟာဂါနားသို့ သူ့ကို ပို့ပေးသည်။ မကြာမီမှာပင် ဥရောပသို့ လက်နက်ဝယ်သွားရသည်။ (၁၉၃၆)နိုဝင်ဘာတွင် ဂျာမနီအနောက်ပိုင်း ဘယ်လ်ဂျီယမ်နှင့် ဒတ်ချ်နယ်စပ်အနီး အာချင်မြို့လေး၌ ရထားစီးရင်း ဂက်စတာပို၏ အဖမ်းခံရသည်။ ဂျာမန်မတ်ငွေ (၁၀၀,၀၀၀)ကို ဂျာမန်မှ ခိုးထုတ်သည့်အတွက် ဖြစ်သည်။

နာဇီအကျဉ်းစခန်းတစ်ခုမှ တစ်ခုသို့ အပြောင်းခံရပြီး အနှိပ်စက်ခံရသည်။ ဂက်စတာပို၌ာနချုပ် နှစ်ဆယ့်လေးခုတွင် အညှဉ်းပန်းခံရသည်။

ရှူးမသွားအောင် ဟီဘရူးဘာသာစကားကို သဒ္ဒါစာအုပ်ကြည့်ပြီး လေ့ကျင့်ရင်း ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ဒါချောအကျဉ်းစခန်းတွင် သူ့အရည်အသွေး တောက်ပြောင်မှု ပေါ်လာသည်။ ဘဝတွင် ကောင်းတာ မှန်သမျှ ကြိုက်သူတစ်ယောက်မှာ အဆင်းရဲအပင်ပန်းခံရသဖြင့် ထုသားပေးသား ရလာသည်။ မကြာမီ အကျဉ်းသမားခေါင်းဆောင်ဖြစ်လာသည်။ လူသေများ မြှုပ်နှံရာတွင် သူ ကြီးကြပ်သည်။ အားအင်ပြည့်သူကို ကျင်းတူးစေပြီး အဝတ်မရှိသူကို လူသေကိုယ်မှ ချွတ်ကာ ဝတ်စရာ သူ ပေးသည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီလေးတွင် ပါလက်စတိုင်းသို့ သူ ပြန်ရောက်သည်။ ချက်ချင်းလိုလိုပင် ဟာဂါနားအဖွဲ့တွင် ထိပ်ဖျားသို့ ရောက်သွားသည်။ ထိုစဉ် တန်ပြန်ထောက်လှမ်းရေး တာဝန်ကို သူယူထားရာ အိုင်ယာဂန်တပ်ဖွဲ့၏ ရန်သူ ဖြစ်လာသည်။ (၁၉၄၂)တွင် ရွှမ်းမဲလ်၏ ဂျာမန်တပ်များက ကိုင်ရိုကိုသိမ်းမည့် စစ်ဆင်ရေးများ ပြုလုပ်သည့်အခါ ရှယ်လတီယယ်သည် တိုင်ဖာဆိပ်ကမ်းမြို့တွင် ဟာဂါနား၏ တပ်မှူးဖြစ်လာသည်။

စွန့်စားခန်းတွေ သူ့မှာ များသည်။ သို့တိုင်အောင် ရှယ်လတီးယယ်ကား ဘဝ၏ အမြိုက်အရသာများကို ခံစားဆဲ ဖြစ်သည်။ ကောင်းတာစားသည်။ ကောင်းတာဝတ်သည်။ ငါးဆုပ်လုံးနှင့်ပဲကို အကောင်းလုပ်၍ စားနေသည့် လူ့အဖွဲ့အစည်းတွင် သူသည် မှူးရိုးမတ်နွယ်သို့ နေထိုင်သည်။ အလုပ်သမားသမဂ္ဂ အတွင်းရေးမှူး အမျိုးသမီးလေးများ၊ လယ်ယာအဖွဲ့ မန်နေဂျာအမျိုးသမီးလေးများကို သူ ချစ်မြတ်နိုးသည်။ ပြီးတော့ သမ္မာကျမ်းစာအုပ်ကို အိပ်ရာဘေးမှာ ထား၍ အိပ်သည်။

http://mmteashop.com



ဟာဂါနားအဖွဲ့တွင် ရာထူးကြီး ယူထားသော်လည်း သူ့မှာ အပြင်လူလို ဖြစ်နေသည်။ သူ၏စစ်သားကောင်း အယူအဆ၊ တန်ပြန်ထောက်လှမ်းရေး လုပ်သဖြင့် အိုင်ယာဂန်တွင် ရန်သူများလာခြင်း၊ ဇီယွန်ဝါဒီကို ထက်ထက်သန်သန် မယုံကြည်ခြင်းတို့ကြောင့် ဒေးဗစ်ရှယ်လတီးယယ်မှာ ဂျေရူဆလမ်တွင် အဆင်မပြေ ဖြစ်လာသည်။ သို့သော်လည်း ဒေးဗစ်ဘင်ဂူရီယန်က ထိုအသေးအဖွဲလေးများကို ခွင့်လွှတ်ကာ သူ့ကို ဂျေရူဆလမ် တပ်မှူးခန့်ထားခြင်း ဖြစ်သည်။ စစ်မှုထမ်းကာလ တစ်လျှောက်လုံးတွင် တပ်စုတစ်စု ထက်ပို၍ ချိန်ရွယ်ကွပ်ကဲ တိုက်ခိုက်ခဲ့ခြင်း မရှိခဲ့ပေ။ သို့ဖြစ်ရာ စစ်ပွဲအတွေ့အကြုံ များများ မရှိ။

ပထမဆုံး တိုက်ပွဲမှာ အက်ဘဒူခါဒါ၏ တပ်ဖွဲ့ဝင်များနှင့် တိုက်ရသည့် တိုက်ပွဲ မဟုတ်ဘဲ ဂျူးအေဂျင်စီမှ ဗျူရိုကရက်များနှင့် တိုက်ရသည့် တိုက်ပွဲ ဖြစ်သည်။ သူ့အရင် တပ်မှူးသည် အဆောက်အအုံ၏ မြေအောက်ထပ် နှစ်ခန်းကို ရုံးခန်းလုပ်ထားသည်။ သူက သည့်ထက် ငါးဆလောက် ကျယ်သည့်အခန်း လိုချင်သည်။

"အခုလို အစစအရာရာ ခက်ခဲသည့် အချိန်များတွင် ကျွန်တော်တို့ အုပ်ချုပ်ရေး လုပ်ငန်းကို မဖျက်ဆီးပါနှင့်။ အခန်းတောင်းခြင်းနှင့်ပတ်သက်၍ အထက်ကော်မတီ၏ အဆုံးအဖြတ်မပါဘဲ တစ်ခုမျှ မလုပ်နိုင်" ဟု ဂျူးအေဂျင်စီ အရာရှိ တစ်ယောက်က ရှယ်လတီးယယ်ထံ အကြောင်းကြားသည်။ ထိုအခါ ရှယ်လတီးယယ်က သူလိုချင်သည့် အခန်းများကို လိုက်၍ သိမ်းသည်။

တပ်ဖွဲ့ကို စနစ်တကျ ဖွဲ့စည်းသည်။ တပ်ဖွဲ့ရုံးတွင် ရာထူးနှင့် တာဝန် ခန့်ခွဲ သတ်မှတ်သည်။ အမိန့်အားလုံး စာဖြင့်ရေးရမည်ဟု အမိန့်ထုတ်သည်။ ယူနီဖောင်းများ ဝတ်ဆင်စေပြီး ရာထူးအမှတ်သား တပ်ဆင်စေသည်။ လျော့ရဲသည့်စည်းကမ်းကို တင်း ကျပ်စေသည်။ အထူးသဖြင့် ဟာဂါနား တပ်ဖွဲ့ဝင်များ အထက်အရာရှိအား အလေးပြု ရသည့် စည်းကမ်းကို တိတိကျကျ လိုက်နာစေသည်။

သူရောက်ပြီး တစ်ပတ်မပြည့်မီမှာပင် ပြဿနာတစ်ခုပေါ်သည်။ တောင်ပေါ် သား ခြေမြန်တပ်ရင်း (ဗြိတိသျှ)၏ တပ်ကြပ်ကြီး တစ်ယောက်က ကင်းစောင့်နေသော ဟာဂါနားအဖွဲ့ဝင် လေးယောက်ကို ဖမ်းသည်။ ထိုသူများမှာ အာရပ်တို့နှင့် မကြာခဏ အပြန်အလှန် ပစ်ခတ်ကြသူများ ဖြစ်သည်။ ယင်းတို့လေးဦးအနက် တစ်ဦးသာကံကောင်း သည်။ ကံကောင်းသည်ဆိုခြင်းမှာ သေနတ်နှင့်တစ်ခါတည်း ပစ်သတ်ခံရခြင်းဖြစ်သည်။ ကျန်သုံးဦးကို အာရပ်လူအုပ်လက်သို့ အပ်လိုက်သည်။ အာရပ်တို့က ခြေလက်ဖြတ် အရေဆုတ်ကာ ညှဉ်းပန်းပြီးမှ သတ်သည်။

ရှယ်လတီးယယ် ဒေါသဖြစ်ကာ အမိန့်တစ်ခု ခပ်ကြမ်းကြမ်း ထုတ်ပြန်သည်။ ဂျူးလေးဦးကို ဗြိတိသျှတို့က သွေးအေးအေးဖြင့် သတ်ခဲ့သည်။ ယခုမှစ၍ ဟာဂါနား တပ်ဖွဲ့ဝင်များအား ဗြိတိသျှတပ်များက ရှာဖွေ ဖမ်းဆီးလျှင် လက်နက်ဖြင့် တုံ့ပြန်ရမည်။

http://mmteashop.com



နောက်တစ်နေ့တွင် သူ့လက်အောက်ရှိ တပ်မှူးများ ညီလာခံကျင်းပသည်။ ဂျေရုဆလမ်ဆိုသည်မှာ အာရပ်တွေ ပြောလေ့ရှိသည့် ကျောက်တုံးလိုမာသော ဂျူး၏ဦးခေါင်းဖြင့် တည်ဆောက်ထားသည့်မြို့ ဖြစ်သည်။ တို့တစ်တွေသည်လည်း အဲသည် ကျောက်တုံးလို မာလာရမည်ဟု သူ အမိန့်ပြန်ပြုသည်။

"ကျွန်တော်တို့မှာ ပထမဆုံးအကြိမ် ဘယ်ပန်းတိုင် ရောက်အောင် ချီတက်မယ်ဆိုတာသိတဲ့ တပ်မှူးတစ်ယောက် ရလာပြီ"ဟု လူငယ်အရာရှိတစ်ယောက်က ဆိုသည်။

သူ့မှာ အခက်အခဲတွေ တစ်ခုပြီးတစ်ခု တိုးလာသည်။ ဂျေရုဆလမ် တပ်မှူးတစ်ယောက်က ဆွယ်တာသုံးထောင် လိုချင်သည်ဆိုသည်။ ဂျေရုဆလမ် ဆောင်းရာသီမှာအေးသည်။ တပ်သားများ အဆုတ်ရောင်ရောဂါ ဖြစ်ကြသည်။ အအေးမိကြသည်။ ထို့ပြင် လက်နက်၊ ကျည်ဆန်၊ လူအင်အား၊ ရိက္ခာစသည်တို့လည်း လိုသည်။ သူ့မှာလည်း ရန်သူတွေ ဝိုင်းဝိုင်းလည်လာသည်။

"ဂျေရုဆလမ်မှာ စတာလင်ဂရက် သွေးချောင်းစီးတိုက်ပွဲလေးမျိုး ဖြစ်လာလိမ့်မည်" ဟု မိတ်ဆွေတစ်ယောက်အား သူ တိုးတိုးတိတ်တိတ် ပြောသည်။

ဂျေရုဆလမ်မြို့တစ်နေရာမှာ စတာလင်ဂရက်နည်းတူ ပိတ်ဆို့ခံရသည်။ နံပါတ် (၂) ဘတ်စ်ကားလမ်းကို အာရပ်တို့ ဖြတ်တောက်လိုက်သည့်အခါ မြို့ဟောင်းရှိ ဂျူးရပ်ကွက်တစ်ခုမှာ ပြင်ပနှင့် အဆက်အသွယ်ပြတ်သွားသည်။ အနေးနှင့်အမြန် အာရပ်တို့လက်သို့ ကျဖို့သာ ရှိလေသည်။

ထိုရပ်ကွက်နေသူတို့ စိတ်အားမငယ်အောင် သုံးဆယ့်သုံးနှစ်အရွယ် ရှုရှားဇာတိ တပ်မှူးသစ်တစ်ယောက်ကို ဟာဂါနားက တာဝန်ပေးခန့်ထားလိုက်သည်။ သူကား အဗရာဟမ်ဟောလ်ပယ်ရင် ဖြစ်သည်။ သူသည် ဘုရားတရားကြည်ညိုသူဖြစ်ပြီး ရုရှားဂျူးဘုန်းကြီးမျိုးမှ မွေးဖွားလာသူ ဖြစ်သည်။ ဗြိတိသျှစစ်သားတစ်ယောက်ကို လာဘ်ထိုးပြီး မြို့ထဲဝင်လာရသည်။ သူရောက်လျှင် ပထမဆုံးမြင်ကွင်းကြောင့် တုန်လှုပ်သွားသည်။ သူ့လက်အောက်မှ စစ်သားသစ်များသည် ဝါးလုံးများကိုင်ကာ ရှေ့တိုးလာသော အရပ်သားလူအုပ်ကြီးကို ပြန်သွားရန် မောင်းထုတ်နေသည်။

အာရပ်တို့က ပိတ်ဆို့ထားလေရာ ဂျူး (၂၂၀၀) မှာ ထိုရပ်ကွက်တွင် ပိတ်မိနေသည်။ ဗြိတိသျှတို့က မြို့ဟောင်းမှ ထွက်ခွာသွားရန် ထွက်ပေါက်တစ်ခု ဖွင့်ပေးထားသည်။ ဂျူးများ တဖြည်းဖြည်း ထွက်ခွာနေကြသည်။ ကြာလျှင် လူကုန်မည်။ ဟာဂါနား အဖို့ ဘုရားကျောင်းထဲက ကျောက်တုံးများကိုသာ စောင့်ရှောက်ရတော့မည်လို ဖြစ်လာသည်ဟု ဟောလ်ပယ်ရင် စဉ်းစားမိသည်။

ကြောက်ရွံ့နေသည့် အရပ်သားများကို အင်အားသုံး၍ မရမှန်းသိသည်။ သုံးရန်လည်း မသင့်။ သို့ဖြစ်ရာ ဟောလ်ပယ်ရင် နည်းလမ်းရှာသည်။ ထိုရပ်ကွက်တွင် နေထိုင်ကြသူများမှာ အယူသီး ဂျူးဘာသာရေးဂိုဏ်းသားများ ဖြစ်သည်။ နဂိုအတိုင်း နေကြ

http://mmteashop.com



ပါ။ ထိုအခါ ထွက်ပြေးချင်စိတ် ပျောက်သွားမည်ဟု သူ ဆွေးနွေးသည်။ အက်ရှကင်နာဇီဂိုဏ်းမှ ဂိုဏ်းချုပ်ဘုန်းကြီးနှင့် ဆွေးနွေးသည်။ ဘာသာရေးလေ့လာမှုအသင်းဖွဲ့ကာ ဘာသာရေးစာပေများကို ဖတ်ရှုလေ့လာပါ။ တစ်နေ့တစ်သျှိလင်ပေးမည်ဟု ကမ်းလှမ်းသည်။ ထိုသတင်းကို ဆီဖာဒစ်ဂိုဏ်းကကြားလျှင် သူတို့ကိုလည်း ထောက်ပံ့ပါဟု တောင်းဆိုသည်။ ထို့နောက် တတိယဘုန်းကြီးတစ်ယောက် ဟောလ်ပယ်ရင်ကို လာ၍ တွေ့သည်။ သူတို့အဖွဲ့ဝင်များမှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်ရာ စာပေလေ့လာမှု မပြုနိုင်။ သို့ဖြစ်ရာ ဟာဂါနားက သူတို့အတွက် ဘာလုပ်ပေးနိုင်သလဲ။

ဟောလ်ပယ်ရင် စဉ်းစားသည်။ ထို့နောက် အဖြေတစ်ခုရသည်။ သူတို့တစ်တွေ ဆာလမ်ကျမ်းစာကိုသာ ရွတ်ဆိုနေပါ။ တစ်နေ့ တစ်သျှိလင် ပေးပါမည် ကတိပေးလိုက်၏။

ထိုရပ်ကွက်၏ ကာကွယ်ရေးတာဝန်ကို အရွယ်မရောက်သေးသော လူငယ်များ စုပေါင်းတာဝန်ယူသည်။ ဟာဂါနားတပ်ဖွဲ့က စစ်သင်တန်းပေးစဉ် သူတို့က အိမ်ခေါင်မိုးများပေါ်မှ စောင့်ကြည့်ကာ အချက်ပြသတင်းပေးသည်။ ဗြိတိသျှတို့က နေဝင်မီးငြိမ်းအမိန့်ထုတ်လျှင် သူတို့က ရှောင်ကွင်းလှည့်ပတ်ကာ ထိုအမိန့်ကို ချိုးဖောက်သည်။ အိမ်ခေါင်မိုးများသည် သူတို့၏ ကစားကွင်းများ ဖြစ်သည်။ ခေါင်မိုးတစ်ခုမှ တစ်ခုသို့ ခုန်ကူးကာ သတင်းပေးပို့သည်။ သူတို့သည် ဂျူဒိုတတ်သည်။ နံရံများကို တက်တတ်သည်။ အိမ်တစ်အိမ်မှ အခြားတစ်အိမ်သို့ ခုန်ကူးတတ်သည်။ ဗြိတိသျှစစ်သားများ ခိုးထုတ်လာသည့် ကျည်ဆန်များကို သူတို့က ဟာဂါနားအတွက် ဝယ်ပေးသည်။

သူတို့သည် အုပ်စုဖွဲ့ကာ မနက်တိုင်း ဟာဂါနားဌာနချုပ်ရှေ့တွင် စုဝေးရောက်ရှိလာပြီး သျှိလင်အနည်းငယ် တောင်းသည်။ ထို့နောက် ဗြိတိသျှစစ်သားများ စုဝေးရာသို့ သွားသည်။ "သူတို့ ပြန်လာမှာပါ၊ အပြုံးမျက်နှာကိုယ်စီနဲ့ ပြန်လာကြပြီး 'ကျွန်တော်တို့ ကျည်ဆန်တွေ ဝယ်လာတယ်၊ ပိုက်ဆံထပ်ပေးပါဦး' လို့ ပြောတယ်၊ သူတို့ ဝယ်လာတဲ့ ကျည်ဆန်တွေကို ကျွန်မတို့ အားထားနေရတာပဲ" ဟု ဟာဂါနားတပ်ဖွဲ့ဝင် အမျိုးသမီးငယ်တစ်ဦးက ပြန်ပြောင်းသတိရသည်။

အရပ်သားများကို ကတုတ်ကျင်းများ ဆောက်ခိုင်းသည်။ တစ်အိမ်နှင့် တစ်အိမ် ဆက်သွယ်ရန် အိမ်နံရံများကို အပေါက်များ ဖောက်စေသည်။ ဟောလ်ပယ်ရင်သည် ရှေးဟောင်းသုတေသန ကျောင်းသားတစ်ယောက်ဖြစ်ရာ ရှေးဟောင်းကျမ်းများတွင် မြေအောက်ဥမင်များတူးကာ အဆက်အသွယ်လုပ်ကြကြောင်း ဖတ်ရသည်။ သို့ဖြစ်ရာ သူ့လူများကို ဥမင်များတူးစေပြီး တစ်နေရာမှ တစ်နေရာသို့ သွားကြသည်။ ယင်းတို့မှာ အလွန် အဖိုးတန်သည့် ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်လာသည်။ တစ်နေရာတွင် ဥမင်လမ်းကြောင်းသည် ဘာသာရေးရေချိုးသည့်နေရာများကို ဖြတ်သည်။ အမျိုးသမီးများ ရေချိုးသည့်နေရာကို ဖြတ်မည်စိုးရိမ်ကာ ဘုန်းကြီးများက တားမြစ်သည်။ ဟောလ်ပယ်ရင်က သူ တာဝန်ယူပါသည်။ ထိုနေရာတွင် တံခါးတပ်ဆင်ပြီး သော့ခတ်ထားပါသည်။

http://mmteashop.com



သော့ကို သူကိုယ်တိုင် သိမ်းထားပါသည်။ သေရေးရှင်ရေးမှ ဖွင့်ပေးပါမည်ဟု အာမခံသည်။

ဟောလ်ပယ်ရင်၏ ဆက်သွယ်ရေးနည်းလမ်းများမှာ အလွန်ရှေးကျသည်။ သူ့တယ်လီဖုန်းနှစ်ခုကို ဗြိတိသျှတို့က ခိုး၍ နားထောင်နိုင်သည်။ မီတာလိုင်းအမှန်ကို သိသည့် မည်သည့် ဂျေရုဆလမ်မြို့သားမဆို သူ၏ အသံလွှင့်စက်မှ ပြောသည့် လျှို့ဝှက်သတင်းများကို ဖမ်း၍ နားထောင်နိုင်သည်။ ယခုအခိုက်အတန့်တွင်မူ လျှို့ဝှက်သတင်း စကားပို့ချင်လျှင် ခွေးတစ်ကောင်၏ နားရွက်ထဲ စာထည့်ကာ မြို့သစ်သို့ လွှတ်လိုက်ရုံသာ တတ်နိုင်သည်။ ခွေးများသည် မြို့သစ်ဘက်သို့ အလွန်သွားချင်သည်။ ထို အကြောင်း တစ်နေ့တွင် အာရပ်တို့သိသွားပြီး မသင်္ကာသော ခွေးတစ်ကောင်ကို ဖမ်းကာ သတ်လိုက်သည်။

မည်သို့ဖြစ်စေ ဟာဂါနားအသက်ရှင်နေခြင်းသည် တစ်ပတ်နှစ်ကြိမ် ဗြိတိသျှအစောင့်အကြပ်ဖြင့် ရောက်လာသည့် ကွန်ဗွိုင်းအပေါ် တည်သည်။ ကွန်ဗွိုင်းဖြင့် လက်နက်များ ခိုးဝှက်၍ သယ်သည်။ ထရပ်ကားအောက်တွင် အံဝှက်ပြုလုပ်ကာ တပ်သားများကိုပင် ခိုးသွင်းသည်။ ဖောက်ခွဲရေးယမ်းမှုန့်များကို ဆပ်ပြာသေတ္တာထဲ ဝှက်ယူသည်။ တစ်နေ့တွင် ဟာဂါနားထမင်းစားခန်းသို့ ဆန်နှင့် တူသည့် အိတ်တစ်ခုရောက်လာသည်။ ထမင်းချက်က စားစရာထင်၍ ဒယ်ထဲထည့်ပြုတ်သည်တွင် ပေါက်ကွဲတော့မှ ယမ်းမှုန့်များဖြစ်ကြောင်း သိရသည်။ "အင်း. . . . စွပ်ပြုတ်လုပ်ရမယ့်ပစ္စည်းတော့မဟုတ်ဘူးလို့ ထင်သားပဲ"ဟု နောင်အခါ စားဖိုမှူးက ပြန်လည်သတိရပြီး ပြောပြသည်။

ရေအခက်အခဲကြုံရသည်။ ဘာသာရေးဝတ်ပြုရန်အတွက် တစ်ပတ်လျှင် ရေနွေး တစ်ပုံးစီရသည်။ ထို့နောက်တွင်ကား မျက်နှာဆွတ်ရုံ မုတ်ဆိတ်ဆွတ်ရုံသာ သုံးနိုင်ကြသည်။

"ပျူရင်"ဘာသာရေးပွဲတော်နေ့ မတိုင်မီ အဖြစ်အပျက်တစ်ခုမှာ အမှတ်ရစရာကောင်းသည်။ ဟာဂါနားလူငယ်လေးများ ထိုအကြောင်းကို ပြန်ပြောလေ့ရှိသည်။ တစ်နေ့တွင် မမျှော်လင့်ဘဲ သူတို့ရပ်ကွက်သို့ ဆံပင်ညှပ်သမားတစ်ယောက်နှင့် ပြည့်တန်ဆာတစ်ယောက်ရောက်လာသည်။ "ပျော်စရာကြီးပဲဗျာ၊ ကျွန်တော်တို့ အားလုံးတန်းစီစောင့်နေကြရတယ်၊ ကိုယ့်အလှည့်မှာ ဆံပင်ညှပ်မုတ်ဆိတ်ရိတ်ရတယ်၊ ပြီးတော့ အဲဒီအမျိုးသမီးဆီ အလှည့်ကျသွားဖို့ တန်းစီစောင့်ကြရတယ်" ဟု အမှတ်ရသူများ ရှိသည်။

ဟောလ်ပယ်ရင်သည် အရပ်သားများကို ထိန်းသိမ်းရင်း မလွှဲမရှောင်သာပင် အသက်ကြီးသော ဘုန်းကြီးတစ်ပါးနှင့် ရင်ဆိုင်ရသည်။ ဘုန်းကြီးမှာ ထိုရပ်ကွက်တွင် (၁၉၃၅)ကတည်းက နေထိုင်ခဲ့သည့် မော်ဒီချိုင်ဝိန်ဂါတင် ဖြစ်သည်။ သူ့မျိုးရိုးအဆက်ဆက် နှစ်ပေါင်းနှစ်ရာကျော်က ထိုရပ်ကွက်တွင် နေထိုင်ခဲ့သည့် ဂျူးကောင်စီက သူ့ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ထားသည်။ သူ့လက်သို့ ဂျူးအေဂျင်စီက တစ်လပေါင် ငါးထောင်ပေးသည်။

http://mmteashop.com



ယင်းမှာ ဘာသာရေးအထောက်အပံ့ ဖြစ်သည်။ သူက ထိုငွေဖြင့် ကျောင်းများ ထောင်သည်။ ဆေးရုံတစ်ခု တည်ထောင်သည်။ တော်ပြတ်သူတို့ကို ကျွေးမွေးသည်။ မိဘသဖွယ် အုပ်ချုပ်သည်။ ထိုရပ်ကွက်တွင် နေထိုင်သူတိုင်း၏ မွေးနေ့နှင့် လက်ထပ်မင်္ဂလာနှစ်ပတ်လည်နေ့များကို မှတ်မိသည်။

ဝိန်ဂါတင်သည် ဗြိတိသျှအာဏာပိုင်တို့နှင့်လည်းကောင်း၊ အာရပ်တို့နှင့်လည်းကောင်း ပြေပြေလည်လည် ဆက်ဆံသည်။ သင့်တင့်အောင် နေနိုင်သည်။ ပါလက်စတိုင်း ခွဲခြမ်းရေး ဆန္ဒမဲပေးပြီးသည့်အခါတွင်မူ ဟာဂါနားအဖို့ အနေအထားတစ်မျိုးပြောင်းသွားသည်။ ဝိန်ဂါတင်လို မဆက်ဆံနိုင်။ ဟောလ်ပယ်ရင် တာဝန်ယူပြီးနောက်တစ်နေ့တွင် ဝိန်ဂါတင်လက်သို့ ပေါင်ငါးထောင်မရောက်လာ။ စိတ်ဆိုးဒေါသထွက်ကာ ဘာကြောင့် ထိုငွေသူမရထိုက်သလဲဟု ဟောလ်ပယ်ရင်အား မေးသည်။ ဟောလ်ပယ်ရင်က ယခုမှစ၍ သူကိုယ်တိုင် ထိုငွေကို အသုံးပြုကာ စီမံခန့်ခွဲမည်ဟု ဆိုသည်။ ဘုန်းကြီး ဝိန်ဂါတင် စိတ်ဆိုးသည်။ သူ့လက်က ထိုငွေကို လုယူလိုက်ခြင်းဖြစ်သည်ဟု နားလည်လိုက်သည်။

ထို့နောက် တစ်ချိန်တွင် ဝိန်ဂါတင်ဆီသို့ ဟောလ်ပယ်ရင် သွား၍ တွေ့သည်။ သူတို့နှစ်ယောက် ကော်ဖီသောက်ကာ စကားပြောနေကြစဉ် တံခါးခေါက်သံ ကြားရသည်။ ပြတင်းပေါက်မှ ဟောလ်ပယ်ရင် ချောင်းကြည့်လျှင် ဗြိတိ ့အရာရှိ တစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။

ဟောလ်ပယ်ရင်လည်း ဘုန်းကြီး၏ အိမ်ထဲမှ လမ်းထဲသို့ ပြေးထွက်သွားသည်။ ဗြိတိသျှစစ်သားများက သူ့ကို ဝိုင်းထားသည်။ တံခါး ခေါက်သည့်အရာရှိသည် ရှေ့သို့ တိုးလာပြီး ဤသို့ ပြောသည်။

"ခင်ဗျားကို ကျွန်တော်တို့ ဖမ်းလိုက်ပြီ"

ooo

http://mmteashop.com



## အပိုင်း (၁၄)

## အပြုံရောင်အလင်းတန်းတစ်ခု

(၁၉၄၈) ဆောင်းရာသီတွင် ပါလက်စတိုင်း၌ အာရပ်တို့ အောင်ပွဲခံနေသည်။ သို့သော်လည်း ဘယ်အောင်ပွဲမျှ ကုလသမဂ္ဂ၏ တရားဝင်ကြေညာချက်တစ်ခုကို ယှဉ်ပြိုင်နိုင်မည်မထင်။ ကုလသမဂ္ဂအဆောက်အအုံ စင်္ကြံများတွင် ကြေညာချက်၏ အသံသည် ပဲ့ထင်ထပ်လျက် ရှိသည်။ ဝါကျတစ်ကြောင်းတည်းသာဖြစ်သည့် ကြေညာချက်က ယခုလိုဆိုသည်။ "ပါလက်စတိုင်း ခွဲခြမ်းခြင်း စီမံချက်ကို လက်နက်ကိုင် အဖွဲ့အစည်းဖြင့်သာ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်" ဤသည်မှာ ပါလက်စတိုင်းကော်မတီက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းသည့် ပထမအစီရင်ခံစာ၏ အခြေခံအနှစ်သာရ နိဂုံးစကားပင် ဖြစ်သည်။

အက်ဘဒူခါဒါသည် ပါလက်စတိုင်းသို့ ပြန်ရောက်လာပြီးနောက် ဘက်အယ်ဝက်တောင်ကုန်းတွင် ချုံခိုတိုက်ခိုက်သည်။ ဂျေရုဆလမ်၏ ဂျူးလူနေရပ်ကွက်ထဲသို့ ထိုးဖောက်ကာ ဗုံးခွဲသည်။ ယခု ကြေညာချက်မှာ သူ့လုပ်ရပ်များထက် သာလွန်သွားသည်။

(၁၉၄၈)ဆောင်းဦးပေါက်တွင် ကုလသမဂ္ဂ၌ ပါလက်စတိုင်း ခွဲခြမ်းခြင်းကို အချေအတင်ပြောဆိုဆွေးနွေးကြသည်။ ဂျူးအေဂျင်စီက အာရပ်တို့ ဆန့်ကျင်သည်ကို ဆန့်ကျင်ပြီး ခွဲခြမ်းရေးအတည်ဖြစ်အောင် ကြိုးစားသည်။ နိုင်ငံများစွာကမူ ကုလသမဂ္ဂကြေညာချက်ထွက်ပြီးလျှင် အာရပ်တို့အား ဆုံးဖြတ်ချက်လက်ခံအောင် သံတမန်နည်းဖြင့်လည်းကောင်း၊ အထောက်အပံ့ပေးခြင်းဖြင့်လည်းကောင်း ကြိုးစားမည်ဟု ယုံကြည်ကြသည်။ ယခုမူ အက်ဘဒူခါဒါက အဖြေပေးလိုက်သည်။ အာရပ်တို့သည် တကယ်ပင် လက်နက်ကိုင်တိုက်ပွဲဖြင့် ဖြေရှင်းနေပြီဟု နားလည်ကာ ခွဲခြမ်းရေးထောက်ခံသူတို့မှာ အံ့အားသင့်နေကြသည်။

အရေးအကြီးဆုံးပြဿနာမှာ ကုလသမဂ္ဂသည် သူ၏ ကြေညာစာတန်းအရ ပါလက်စတိုင်း ခွဲခြမ်းရေးကို လက်နက်ကိုင်အင်အားအသုံးပြု၍ အတည်ဖြစ်စေနိုင်သလား ဆိုသောအချက်ပင် ဖြစ်သည်။ မည်သို့ဖြစ်စေ မည်သည့်နိုင်ငံကမျှ မိမိတို့

http://mmteashop.com



လက်နက်ကိုင်တပ်ဖွဲ့ကို ထိုကိစ္စအတွက် အသုံးပြုရန် မပို့လိုကြပေ။ ဗြိတိန်ကား စစ်တပ်ပို့ရန် နည်းနည်းမျှ မစဉ်းစား။ ပြင်သစ်မှာလည်း စစ်ပန်းနေပြီ။ ထရူးမင်းကလည်း သူ့တပ်များ မပို့နိုင်။ သူ့တပ်များ ပို့လျှင် ဆိုဗီယက်တပ်များ အရှေ့အလယ်ပိုင်းတွင် အခြေချမည်ကို တွေး၍ ပူမိသည်။ နိုင်ငံလေးများမှာ ပို၍ပင် ရှောင်ရှားလိုကြသည်။

ကုလသမဂ္ဂသည် ယခုမှ မွေးဖွားစ အသင်းကြီးတစ်ခု ဖြစ်သည်။ ယင်းကို အမေရိကန်အလိုကျ အသုံးချပြီး လုပ်ကိုင်မဖြစ်နိုင်သည့် ပြဿနာတစ်ခုကို ပထမဆုံးကိုင်တွယ်ဖြေရှင်းနေသည်မှာ အံ့ဩစရာကောင်းနေသည်။ ခွဲခြမ်းရေးနှင့် ပတ်သက်၍ အမေရိကန်အုပ်ချုပ်ရေးပိုင်းတွင် နှစ်စုကွဲနေသည်။ သမ္မတအိမ်ဖြူတော်က ထောက်ခံသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ကန့်ကွက်သည်။ ထရူးမင်း၏ အရာရှိများက နိုင်ငံခြားရေးဌာနသည် ဆီးမိုက်ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်သဖြင့် ကန့်ကွက်ခြင်း ဖြစ်သည်။ သံတမန် ပရိယာယ်မဟုတ်ဟု ဆိုသည်။ တစ်ဖက်ကမူ သမ္မတအိမ်ဖြူတော်က ဤအရေးကိစ္စကို အမေရိကန်၏ အမျိုးသားလုံခြုံရေးအဖြစ် မစဉ်းစားဘဲ အမေရိကန်ပြည်တွင်း နိုင်ငံရေးအဖြစ် စဉ်းစားသည်ဟု စွပ်စွဲသည်။

ခွဲခြမ်းရေးကို ကန့်ကွက်ရာတွင် နိုင်ငံခြားရေးဌာန၏ ခေါင်းဆောင်မှာ ရှေ့ရှင်းနှင့် အရှေ့အလယ်ပိုင်းဒေသရေးရာ ဌာနခွဲ၏ ဌာနကြီးမှူး လွိုင်းဟင်ဒါဆင် ဖြစ်သည်။ ဟင်ဒါဆင်သည် လက်ဟောင်းနိုင်ငံခြားရေးဝန်ထမ်းဖြစ်ပြီး ဆိုဗီယက်တွင် အမှုထမ်းဖူးသည်။ ခွဲခြမ်းရေးကို ထောက်ခံလျှင် စစ်အေးတိုက်ပွဲ ပို၍ နက်ရှိုင်းလာမည်ကို သူ စိုးရိမ်သည်။ အာရပ်တို့က မကျေနပ်သဖြင့် အရှေ့အလယ်ပိုင်းသို့ ဆိုဗီယက်ဝင်လာသည်ကို လက်ခံလိမ့်မည်ဟု ဟင်ဒါဆင် ယူဆသည်။

ဗြိတိသျှနိုင်ငံခြားရေးရုံးနည်းတူ ဟင်ဒါဆင်သည် ခွဲခြမ်းရေးကို ဖြစ်နိုင်လျှင် ရပ်တန့်သွားအောင် တားမြစ်ချင်သည်။ ခွဲခြမ်းရေးဆန္ဒမဲပေးကတည်းက ထိုဒေသတွင် ဖြစ်ပေါ်တိုးတက်မှုကို လေ့လာပြီး ခွဲခြမ်းရေးအောင်မြင်မှု ရှိမရှိ တင်ပြရန် နိုင်ငံခြားရေး ဌာနခွဲကို စေခိုင်းထားသည်။

စီမံကိန်းဌာနက ခွဲခြမ်းရေးမှာ မအောင်မြင်၊ အလုပ် လုပ်၍ မဖြစ်နိုင်ဟု အစီရင်ခံသည်။ လက်နက်ကိုင်အင်အား အသုံးပြုပြီးမှ အကောင်အထည်ဖော်မည် ဆိုလျှင် အမေရိကန်သည် ခွဲခြမ်းရေးကို မထောက်ခံသင့်။ ထို့ကြောင့် သမ္မတ၏ ရုံးက ခွဲခြမ်းရေး စီမံကိန်းကို ဆိုင်းငံ့ထားရန် ပြင်ဆင်သင့်သည်ဟု အကြံပေးထောက်ခံသည်။

ကာကွယ်ရေးဌာနဝန်ကြီး ဂျိမ်း၊ ဗွီ၊ ဖော်ရက်စတယ် (၃)ကလည်း နိုင်ငံခြားရေး ဌာန၏ တင်ပြချက်ကို ထောက်ခံသည်။ သူသည် ခွဲခြမ်းရေး၏ ရန်သူ ဖြစ်သည်။ အရှေ့အလယ်ပိုင်းမှ ရေနံမရမည်ကို သူ စိုးရိမ်သည်။ ရေနံမရလျှင် မာရှယ်စီမံကိန်းအောင်မြင်မည် မဟုတ်။ အမေရိကန်သည် စစ်ကြီးတစ်ခုကို ဆက်၍ တိုက်နိုင်မည် မဟုတ်။ အမေ

http://mmteashop.com



ရိကန်နိုင်ငံတစ်ခုလုံးရှိ မော်တော်ကားများကို စက်လေးလုံးခုတ်အဖြစ် ပြောင်းလဲပစ်ရလိမ့်မည်ဟု ဟောကိန်းထုတ်သည်။

ဖော်ရက်စတယ်သည် ဟင်ဒါဆင်နှင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒင်းရတ်တို့နှင့်တွေ့ရန် စိစဉ်သည်။ ခွဲခြမ်းရေးကို အောင်မြင်အောင် အကောင်အထည်မဖော်နိုင်ဟူ၍ ကြေညာရန် အသင့်ရှိသည်။ ဟင်ဒါဆင်ကလည်း သဘောတူသည်။ သို့သော်လည်း အကောင်အထည်မဖော်နိုင်ဆိုလျှင် နောက်ထပ်အဆိုပြုချက်တစ်ခု တင်ပြရလိမ့်မည်။ သူ့တွင် အဆင်သင့် ရှိသည်။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကုလသမဂ္ဂက ဦးစီးသည့် ပါလက်စတိုင်း ထိန်းသိမ်းရေးအဖွဲ့သည် ဆယ်နှစ်စောင့်ကြည့်ပြီး စစ်ပြိုင်နေကြသည့် လူမျိုးနှစ်မျိုးထံမှ သင့်မြတ်နိုင်သည့် အစီအစဉ်တစ်ခုကို သဘောတူညှိနှိုင်းရန်ပင် ဖြစ်သည်။ သို့တိုင်အောင် ထိုအဆိုပြုချက် အကောင်အထည်ဖော်ရေးအတွက်လည်း စစ်တပ်လိုသည်။ တပ်အသုံးပြုသည်ကို အမေရိကန်က မထောက်ခံနိုင်။ ကြည်း၊ ရေ၊ လေ ဦးစီးတို့က ထိုစီမံကိန်းအကောင်အထည်ဖော်ရန် တပ်သားများလည်း စုဆောင်းထားရမည်ဟု တင်ပြသည်။

ဟင်ဒါဆင်နှင့် အပေါင်းအသင်းတို့က သမ္မတ၏ အတည်ပြုချက်ယူရန် အိမ်ဖြူတော်သို့ တင်ပြသည်။

ထိုအစီရင်ခံစာကို မပေါက်ကြားအောင် လျှို့ဝှက်ထားရသည်။ ကုလသမဂ္ဂမှ တစ်ဆင့် ထောက်ခံထားသည့် နိုင်ငံတစ်ခုက ချက်ချင်း အပြောင်းအလဲလုပ်မည်ဆိုလျှင် တစ်ကမ္ဘာလုံး အံ့အားသင့်သွားကြလိမ့်မည်။ အချိန်မကျသေးဘဲ ပေါက်ကြားသွားလျှင် ဇီယွန်ဝါဒီတို့က အိမ်ဖြူတော်ကို တွန်းအားပေးကြလိမ့်မည်။ ထို့ပြင် ဂျူးတို့၏ မျှော်လင့်ချက်ကိုလည်း အထိနာလိမ့်မည်။ ဇီယွန်ဝါဒီတို့က နိုင်ငံသစ်ထူထောင်ရန် အကြံအစည်ကို စွန့်လွှတ်ချင်စွန့်လွှတ်မည်။ သို့မဟုတ် အမေရိကန်နှင့် ကုလသမဂ္ဂကို မနာခံတော့ဘဲ ဇွတ်အတင်း ထူထောင်ရန် ကြိုးစားနိုင်သည်။

ထိုအချိန်မှာ ဇီယွန်ဝါဒီတို့အဖို့ အလွန်အရေးကြီးသည်။ အမေရိကန်သမ္မတကို ချဉ်းကပ်ရလိမ့်မည်။ အပူတပြင်း ချဉ်းကပ်နေသည်ကို မကြိုက်။ တစ်ဖန် အမေရိကန်ပြောရေးဆိုခွင့်ရှိသူ ဘုန်းကြီး အက်ဘာဟီလယ် ဆီးလဗားကိုလည်း လက်ခံစကားမပြောချင်။ ထို့ကြောင့် သမ္မတ ထရူးမင်းက ဂျူးခေါင်းဆောင်ပိုင်းကို တွေ့ဆုံရန် ခါးခါးသီးသီး ငြင်းဆိုသည်။

ထိုအခါ ဂျူးအေဂျင်စီက လန်ဒန်တွင် ရှိနေသည့် မျက်စိတစ်ဖက်မမြင်သူ သိပ္ပံပညာရှင်တစ်ယောက်ထံ အကူအညီတောင်းသည်။ သူကား ဇီယွန်လှုပ်ရှားမှုကို နှစ်ပေါင်းများစွာ ခေါင်းဆောင်လာခဲ့သည့် ချိမ်းဝိုက်ဇမန်း ဖြစ်သည်။ ထရူးမင်းကို သူတွေ့နိုင်လျှင် အဆင်ပြေမည်ဟု ဂျူးအေဂျင်စီက ယုံကြည်သည်။ (၁၉၄၇)နိုဝင်ဘာလတွင် ထရူးမင်းအား တစ်ကြိမ် သူ တွေ့ခဲ့ဖူးသည်။ ကြင်နာသက်ဝင်ပြီး နားလည်မှုရှိခဲ့ကြသည်။

http://mmteashop.com



နယူးယောက်သို့ ဝိုက်ဇမန်းပြေးသွားသည်။ ဝါးဒေါ့အက်စတိုးရီးယားဟိုတယ်တွင် အပြင်းဖျားပြီး နှစ်ပတ်အနားယူကာ ထရူးမင်းနှင့် တွေ့ရန် ကြိုးစားသည်။ မအောင်မြင်။ ထရူးမင်းက သူ့ကိုလည်း အတွေ့မခံ။

စိတ်မချမ်းမြေ့စွာဖြင့်ပင် နယူးယောက်မှ ခွာရန် စိစဉ်သည်။ ထိုအခိုက် တစ်ညနေခင်းတွင် သူ့ထံသို့ ဇီယွန်ဂိုဏ်းတစ်ခု၏ ဥက္ကဋ္ဌ လာ၍ တွေ့သည်။ လွန်ခဲ့သည့် နှစ်က ကင်းဆက်စီးတီးရှေ့နေတစ်ယောက်၏ ရုံးခန်းတွင် သူတို့အရေးကိစ္စကို ကူညီနိုင်မည့်သူ တစ်ယောက်နှင့် ဥက္ကဋ္ဌက တွေ့ခဲ့ဖူးသည်။ ကူညီနိုင်မည့်သူမှာ ဇီယွန်ဂိုဏ်းသား မဟုတ်။ သူ့ကို အကူအညီတောင်းလျှင် ရေနစ်သူ ကောက်ရိုးမျှင်လှမ်းဆွဲသလို ဖြစ်နိုင်သည်။ သို့တိုင်အောင် ကြိုးစားကြည့်ဦးမည်။ ဥက္ကဋ္ဌ တယ်လီဖုန်းဆီသို့ သွားသည်ကို ဝိုက်ဇမန်း စောင့်ကြည့်နေသည်။

မိုင်တစ်ရာခန့်ဝေးသည့် တစ်နေရာတွင် မှောင်မည်းမည်းအိပ်ခန်း၌ တယ်လီဖုန်း သံမြည်သည်။ သူကား ကင်းဆတ်စီးတီးမြို့မိန်းနှင့် သုံးဆယ့်ကိုးလမ်းတွင် ယောကျ်ား အသုံးအဆောင်ဆိုင်ပိုင်ရှင် ဖြစ်သည်။ ဂျူးဖြစ်သော်လည်း ဇီယွန်ဝါဒကို ထက်ထက် သန်သန်ထောက်ခံသူ မဟုတ်။

မျှော်လင့်ချက်ဖြင့် စောင့်နေသူတို့မှာ တယ်လီဖုန်းပေါ်က သူ့အဖြေကို နားထောင် နေရသည်။ သူကား အက်ဒီဂျက်ကော့ဆန်ဖြစ်ပြီး တစ်ချိန်က ဟယ်ရီထရူးမင်းနှင့် တွဲဖက် ကာ အရောင်းအဝယ် လုပ်ခဲ့သူ ဖြစ်သည်။ (၁၉၄၈) ဆောင်းတစ်ညတွင် အမေရိကန် သမ္မတ ရုံးခန်းသို့ ဝင်ထွက်နိုင်သူထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။

ဂျေရုဆလမ်မြို့ ဘင်ယေဟူဒါလမ်းတွင် ဒေးဗစ်ရစ်ဗလင်နေထိုင်သည်။ (၁၉၄၈) ဖေဖော်ဝါရီ (၂၁) စနေနေ့ညတွင် အခြား ဂျေရုဆလမ်မြို့သား ရာပေါင်းများစွာနည်းတူ သူလည်း အံ့ဖွယ်သရဲဖြစ်ရပ်ကို ကြုံတွေ့ရသူ ဖြစ်သည်။ ထိုနေ့သည်ကား ဂျူးဥပုသ်နေ့ ဖြစ်သည်။ ဆိုင်များအားလုံး ပိတ်သည်။ လမ်းများပေါ်တွင် လူများမရှိ။ ညနေ နေဝင်လျှင် တစ်မြို့လုံး စည်ကားလာသည်။ လျှပ်စစ်မီးများ၊ ရုပ်ရှင်ရုံများ ထိန်လင်းလာသည်။ ဈေးဆိုင်များ ပြန်ဖွင့်သည်။ ဂျေရုဆလမ်မြို့သားတို့ ကဖေးတစ်ခုမှ တစ်ခုသို့ကူးကာ ပျော်ရွှင်စွာ စားသောက်ကြသည်။ ရာသီဥတု ကောင်းသည်။ စောစောပိုင်းက အေးခဲ့သမျှ ယခု နွေးထွေးလာသည်။ ကောင်းကင်ထက်တွင် ကြယ်များ လင်းလက်နေသည်။

ယခုည သူစားသောက်နေကျ အက်ထရာကဖေးတွင် အချိန်ဖြုန်းမည်ဟု ဒေးဗစ် ရစ်ဗလင် စိတ်ကူးမိသည်။ ဆိုင်ထဲတွင် အရင်းနှီးဆုံးမိတ်ဆွေ အဗရမ်ဒိုရီယန်ကိုတွေ့ သည်။ သူတို့နှစ်ယောက်မှာ သမီးယောက်ဖတော်စပ်သည်။ ရစ်ဗလင်မှာ ခုနစ်ဆက် မြောက် ပါလက်စတိုင်းဖြစ်ပြီး ဒိုရီယန်၏နှမနှင့် လက်ထပ်ခဲ့သည်။ သူ့မိန်းမမှာ ဟစ်တ လာ၏ ခါတ်ငွေ့ခန်းမှ လွတ်မြောက်လာခဲ့သည့် တစ်ယောက်တည်းသော ပုဂ္ဂိုလ်ဖြစ် သည်။ မိသားစုတစ်ခုလုံး ခါတ်ငွေ့ခန်းတွင် သေဆုံးခဲ့သည်။ သို့ဖြစ်ရာ ပါလက်စတိုင်း လူဝင်မှုကြီးကြပ်ရေးက အလွယ်တကူ ဝင်ခွင့်လက်မှတ်ထုတ်ပေးခဲ့သည်။

http://mmteashop.com



ဒိုရီယန်သည် နောက်တစ်နေ့မနက်တွင် ပထမဆုံး ကွန်ဗွိုင်းနှင့် တယ်အဗစ်သို့ ပြန်မည်။ သူ့ဟိုတယ်သို့ ပြန်လျှင် စိတ်မချရသဖြင့် ရစ်ဗလင်က ယောက်ဖကို သူ့အခန်းသို့ အိပ်ရန် ခေါ်ခဲ့သည်။ ဒိုရီယန်က အရင်ထွက်လာပြီး ရစ်ဗလင်က ဆိုင်ပိတ်သည်အထိ ကျန်ခဲ့သည်။ သူ ပြန်လာသည့်အခါ တစ်လမ်းလုံး တိတ်ဆိတ်နေသည်။ သေနတ်သံ၊ ဗုံးပေါက်ကွဲသံများ မကြားရ။ အလွန် သာယာလှပသည့်ည ဖြစ်သည်။

ဒိုရီယန်သည် သူငယ်ချင်းအိပ်ခန်းသို့ ဝင်ကာ ရေချိုးခန်းသို့ သွားသည်။ မျက်နှာကို ရေအေးပက်ဖျန်းပြီး မှန်ထဲတွင် ကြည့်သည်။ ဝမ်းနည်းရိပ်သမ်းသည့် မျက်လုံးအစုံမှာ ရီဝေနေသည်။ သူ့ဘဝခရီးလမ်းမှာ မဖြောင့်ဖြူး။ ယခုမူ တစ်သက်လုံးတောင့်တခဲ့သည့် ရုပ်ရှင်မင်းသားအလုပ်ကို သူ ကြိုးစားရှာကြံတော့မည်။ သူ့မျက်နှာသည် မင်းသား ဖြစ်မည့် မျက်နှာဟု သူ ယုံကြည်သည်။ သူသည် ဒုတိယကမ္ဘာစစ်တွင် ဂျူးတပ်မဟာနှင့်အတူ နာဇီတို့ကို တိုက်ခဲ့သည်။ သူ့မိသားစုမှာ ဟစ်တလာ၏ ခေတ်ငွေ့တိုက်တွင် သေဆုံးခဲ့ရသည်။ အိပ်ချင်မူးတူးနှင့် မှန်ထဲတွင် သူ့ရုပ်ကို ကြည့်သည်။ ထို့နောက် မုတ်ဆိတ်ရိတ်ဓားယူကာ ရိတ်သည်။

ထို လမ်းအောက်ပိုင်း တစ်နေရာတွင် လေးဆယ့်နှစ်နှစ်အရွယ်ရှိ မီနာဟော့ချဘတ်သည် လက်နှစ်ဖက်ကို တင်ပါးပေါ်တင်ရင်း ရှေ့မှာရှိနေသည့် လူငယ်လေးကို “စားလေ”ဟု အမိန့်ပေးသည်။ လူငယ်လေးမှာ သူ့တူ ဖြစ်သည်။ တယ်အဗစ်သို့ မနက် ကွန်ဗွိုင်းနှင့် အတူ သွားမည်။ တစ်ခုခုမကျွေးဘဲ သူ့အမေဆီသို့ ပြန်မလွှတ်နိုင်။ ရာသီမှာ အေးသည်။ တစ်ခုခုစားမှ ဝမ်းထဲနွေးသွားမည်။

ထိုနေရာမှ တစ်မိုင်ဝေးသည့် တစ်နေရာတွင် ဟာဂါနားတပ်ဖွဲ့စောင့်ကြပ်နေသည့် ရှိမိမာလမ်းကင်း ရှိသည်။ ယင်းမှာ မြို့သို့ အနောက်ဘက်မှ ဝင်သည့်လမ်း ဖြစ်သည်။ ဘက်အယ်ဝက်တောင်ကုန်းကို ဗြိတိသျှ ကွန်ဗွိုင်းထရပ်ကားသုံးစီး ရုန်းကန်၍ တက်လာသည်။ ရှလိုမိုချော်ပီ ကင်းတာဝန်ကျသည်မှာ နာရီဝက်ပင် မပြည့်တတ်သေး။ ကားများတွင် အဝါရောင် စတုရန်းကွက်များခြယ်ထားသည်။ ပါလက်စတိုင်း ပုလိပ်တစ်ယောက်သည် သံချပ်ကာ ကားထဲမှ ခေါင်းပြူကြည့်ကာ သူ့နောက်က ကားများကို လက်မဖြင့် ညွှန်ပြသည်။

“သူတို့ အိုကေပဲ”ဟု ချော်ပီကို အော်ပြောသည်။ “တို့နဲ့အတူ ပါလာတယ်”

ချော်ပီ၏ အစောင့်တစ်ယောက် ထရပ်ကား ရှေ့ခန်းသို့ ခေါင်းဝင်ကြည့်ပြီး ဗြိတိသျှဒရိုင်ဘာနှင့် စကားတစ်ခွန်းနှစ်ခွန်း ပြောသည်။ ထို့နောက် ကင်းမှူးက ကားများကို သွားခွင့်ပြုသည်။ ကားများသည် ဂျက်ဖာလမ်းအတိုင်း ဂျေရုဆလမ်မြို့လယ်သို့ မောင်းသွားကြသည်။

အရပ်ရှည်ရှည် ရွှေရောင်ဆံပင်နှင့် လူမှာ အင်္ဂလိပ် မဟုတ်။ အက်ဇမီဂျာအိုနီဟုခေါ်သော အာရပ်တစ်ယောက် ဖြစ်သည်။ သူ ဆောင်ရွက်မည့် အလုပ်သည် စက်ဆုပ်ဖွယ် အလုပ်တစ်ခု ဖြစ်သည်။ ယင်းကြောင့် သူ့မှာ တစ်သက်တာလုံး ကိုင်ရိုစိတ္တဇ ဆေးရုံတွင်

http://mmteashop.com



ပြစ်ဒဏ်ခံသွားရသည်။ သူ့နောက်တွင် ပါလာသည့် ထရပ်ကားသုံးစီးတွင် ဖောက်ခွဲပုံးများ ပါသည်။ ဂျေရုဆလမ်ရှိ ဂျူးတို့ကို လက်နက်ချအောင် သူ လုပ်မည်ဟု အက်ဘဒူခါဒါ ဟတ်ဆေနီက မတ်ဖတီအား ကတိပေးခဲ့သည့် လုပ်ရပ်တစ်ခု မကြာမီ စတင်တော့မည်။

ကွန်ဗွိုင်းတွင် အင်္ဂလိပ်လူမျိုးစစ်စစ် နှစ်ယောက်ပါသည်။ တပ်ပြေး အက်ဒီ ဘရောင်းနှင့် ပီတာမေဒီဆန်တို့ ဖြစ်သည်။ ပါလက်စတိုင်း ပို့သတင်းစာတိုက်ကို သူတို့ နှစ်ယောက် ဗုံးခွဲခဲ့သည်။ ယခု တစ်ကြိမ်တွင်မူ လက်စားချေခြင်း မဟုတ်ဘဲ ငွေကြေး အတွက် သူတို့ အက်ဘဒူခါဒါ၏ ကွန်ဗွိုင်းတွင် ပါလာခြင်း ဖြစ်သည်။ ဘရောင်းနှင့် မေဒီဆန်တို့က မတ်ဖတီပေးသည့် ပေါင်တစ်ထောင်အနက် တစ်ဝက်ရမှ ဂျေရုဆလမ်မှ ခွာမည်ဟု ဆိုသည်။

ထရပ်ကားတစ်ခုတွင် တီအင်တီယမ်းအား တစ်တန်ကျော်ပါသည်။ ယင်းတို့မှာ အက်ဘဒူခါဒါ၏ ဖောက်ခွဲရေးပါရဂူ ဖော်ဇီအယ်ကူတပ်၏ လက်ရာများ ဖြစ်သည်။ သူကိုယ်တိုင် တီထွင်ထားသည့် ပိုတက်ဆီယမ်နှင့် အလူမီနီယမ်မှုန့် ပေါင်နှစ်ရာကျော် ဖြင့် စပ်ထားသည်။ ယင်းတို့က ဗုံး၏အပူအချိန်ကို မြှင့်ပေးပြီး မိုလိုတော့ လက်ပစ်ဗုံး အစများ ဖြာထွက်လိမ့်မည်။ စနက်တံများကို ထရပ်ကားဒက်ရှ်ဘုတ်၌ တပ်ဆင်ထား သည်။ သတ္တုပြွန်တစ်ခုဖြင့် ဗုံးများဆီသို့ ဆက်သွယ်ထားသည်။ စနက်တံ မီးကူးပြီဆိုလျှင် ငြိမ်းသတ်ရန် မလွယ်ကူ။ ဒရိုင်ဘာက ခုန်မဆင်းမီ စနက်တံကို မီးရှို့ခဲ့ရမည်။ စက္ကန့် ခြောက်ဆယ်ကြာလျှင် ပေါက်ကွဲမည်။

လမ်းပေါ်ရှိ တစ်စုံတစ်ရာက သတိပေးသဖြင့် ဒေးဗစ်ရစ်ဗလင်အိပ်ရာမှ နိုးသည်။ ဝရန်တာပေါ်မှ ဘင်ယေဟူဒါလမ်းကို သူ ကြည့်သည်။ ချစ်စရာနံနက်ခင်းဟု သူ မှတ်မိသည်။ ထို့နောက် ပဉ္စမမြောက် ဂျော့ဘုရင်လမ်းဆီသို့ ကြည့်သည်။ လူသူမရှိ။ နွားနို့ပုလင်းများ တစ်အိမ်ဝင်တစ်အိမ်ထွက် ပို့သူတစ်ယောက်ကိုသာ မြင်ရသည်။ ညာဘက်လှမ်းကြည့်လိုက်လျှင် လူသူမရှိသော ဇီယွန်ရင်ပြင်ကို မြင်ရသည်။ အိမ်ခေါင် မိုးများ၌ နံနက်ခင်း၏ နေရောင်ခြည်ဝင်းပနေသည်။ ထို့နောက် ဘင်ယေဟူဒါလမ်းကို ငုံ့ကြည့်မိသည်။ စစ်ကားသုံးစီးရပ်ထားသည်ကို တွေ့ရသည်။ ပထမကားသည် အမ်ဒါစကီ ဟိုတယ်ရှေ့တွင် ရပ်ထားသည်။ ဒုတိယကားမှာ ပထမကားနောက်တွင် ရပ်နေပြီး ဗိုလင် ချစ်အဆောက်အအုံရှေ့တွင် ဖြစ်သည်။ တတိယကားမှာ သူ့ပြတင်းအောက် တည့်တည့် တွင် ရပ်နေသည်။

ရစ်ဗလင်အိပ်ခန်းထဲသို့ ပြန်ဝင်ပြီး အိပ်ရာအစွန်းတွင် ခဏထိုင်သည်။ ချက်ချင်း ပင် အတွေးတစ်ခု ခေါင်းထဲဝင်လာသည်။

"ဘုရားသခင် ကယ်ပါ၊ တို့တစ်တွေ ဖောက်ခွဲခံရတော့မယ်" သူ ပါးစပ် အဟောင်း သား ဖြစ်သွားသည်။

http://mmteashop.com



ထိုခဏမှာပင် ဖော်ဇီအယ်ဘူတပ်၏ တီအင်တီဗုံးများ ပေါက်ကွဲကာ မျက်စိကန်းသွားမတတ် အဖြူရောင်အလင်းတန်းများ ဝင်းခနဲ လက်သွားသည်။ ခြောက်ထပ် မြင့်သည့် ဗီလင်ချစ်အဆောက်အအုံသည် အပြင်ဘက်သို့ တဖြည်းဖြည်း ဖောင်းထွက်လာပြီး လမ်းထဲသို့ ပြိုကျသွားသည်။ ဟိုတယ်အန်ဒါစကီသည် ခုံညားစွာပင် ခပ်ဖြည်းဖြည်း ပြိုကျသည်။ လမ်းတစ်ဖက် လူနေအိပ်ခန်းများရှိသည့် အဆောက်အအုံနှစ်ခု ဝုန်းခနဲ ပြိုကျသည်။ လူပေါင်းများစွာတို့ အိပ်ရာများမှ လွင့်ထွက်သွားသည်။ တစ်မိုင်ပတ်လည်တွင် ပြတင်းမှန်များ ကွဲကျသည်။ ထို့နောက် ပဲ့တင်သံမြည်ဟည်းပြီး အပျက်အစီးများအကြား မီးလျှံများ တက်လာသည်။

ထရပ်ကားများ ပေါက်ကွဲစဉ် မီနာဟော့ချဘတ်သည် အိမ်မှ ထွက်သွားသည့် သူ့ တူလေးကို ဝရန်တာမှ စောင့်ကြည့်နေသည်။ လမ်းအတိုင်း သွားနေသည့် သူ့ တူလေးကို နောက်ဆုံးမြင်လိုက်ရသည်။ ထို့နောက် ဗုံးဆန်မှန်သဖြင့် မီနာ ခေါင်းပြတ်သွားသည်။

ဘင်ယေဟူဒါလမ်း နံပါတ် (၁၆) ပဉ္စမထပ်တွင် ဟာဂါနားစစ်သားလေး ယူရီဆာဖိယာ အိပ်ရာမှ လန့်နိုးသည်။ နိုးလျှင်နိုးချင်း သူ့ခွေးလေးကို သတိရသည်။ အော်ခေါ်သည်။ အသံမကြားရ။ အိပ်ခန်းကြမ်းပြင်တွင် ဖုန်များ၊ မီးခိုးများ အင်္ဂတေမှုန့်များ ပြန့်ကျဲနေသည်။ ပြတင်းမှ အောက်ဘက်သို့ ကြည့်သည်။ အပျက်အစီးများအကြား ကြောက်အားလန့်အားနှင့် ပြေးသွားသော သူ့ခွေးလေးကို မြင်ရသည်။ ညက ဝတ်ခဲ့သည့် သူ့ ဘောင်းဘီသည် အလံသဖွယ် ပြတင်းပေါင်မှ အောက်သို့ တွဲလောင်းကျနေသည်။

သွေးအလိမ်းလိမ်း ပေကျံနေသူတစ်ယောက် သူ့အခန်းထဲ ဝင်လာသည်။ သူ့ အဖေ ဖြစ်သည်။ စောင်နှင့် ပတ်ကာ အောက်သို့ သယ်ယူခဲ့သည်။ တစ်နေရာတွင် မီးဖိုတစ်ခု၏ စားပွဲပေါ်၌ မကွဲဘဲ ကျန်နေသည့် ကြက်ဥတစ်ဒါဇင်ခန့်ကို သူ မြင်ရသည်။

ဒေးဗစ်ရစ်ဗလင်သည် အခန်းထဲက ခုတင်ပေါ်တွင် ဒဏ်ရာအပွန်းအပဲ့တစ်စုံတစ်ရာ မရှိဘဲ ခပ်တွေတွေ ထိုင်နေသည်။ "ငါ မသေဘူး . . . ငါမသေဘူး" ဟု သူ့ ကိုယ်သူ ပြောသည်။ စက္ကန့်သုံးဆယ်လောက်က သူရပ်နေသည့် ဝရန်တာမှာ ပြိုကျသွားသည်။ ထို့နောက် ဘေးဘက်အခန်းမှ ညည်းသံတစ်ခု ကြားရသည်။ အသံရှိရာသို့ သွားကြည့်ပြီး စတန်းဂိုဏ်းထောင်ပြေးလေးကို အင်္ဂတေပုံထဲမှ ဆွဲထုတ်ရသည်။ ထို့နောက် သူ့ကိုယ်ကို လွှမ်းရန် စောင်တစ်ခု လိုက်၍ ရှာသည်။

သူ့အခန်းထဲတွင် အပျက်အစီးများအကြား၌ လူတစ်ယောက် တွေ့ရသည်။ သူ့နာမည်ခေါ်သံ ကြားရသည်ဟု ရစ်ဗလင် ထင်သည်။ အသံရှိရာသို့ ကြည့်လိုက်ရာ သူ့အင်္ကျီကို ဝတ်ထားသည့် လူတစ်ယောက်ကို မြင်ရသည်။ ရစ်ဗလင် အော်ငိုမိသည်။ မြင်ရသူမှာ ရုပ်ရှင်မင်းသားလုပ်ရန် ဆန္ဒပြင်းပြသည့် သူ့ယောက်ဖ အဗရမ်ဒိုရီယန် ဖြစ်လေသည်။

http://mmteashop.com



အပျက်အစီးများကို ကြည့်ပြီး လူအများမှာ ဗြိတိသျှတို့အပေါ် ဒေါသထွက်နေကြသည်။ အင်္ဂလိပ်မြင်လျှင် ပစ်သတ်ရမည်ဟု အိုင်ယာဂန်တပ်ဖွဲ့က အမိန့်ထုတ်သည်။ မြို့တော်နေရာအနှံ့အပြားတွင် သေနတ်ပစ်သံများ ကြားရသည်။ မွန်းတည့်တွင် ဗြိတိသျှစစ်သား တစ်ဒါဇင်ခန့် ပျောက်ဆုံးသည်။ နောက်ဆုံးတွင် ဗြိတိသျှတို့က ယခင်တစ်ခါဖူးမျှ မပြုလုပ်ဘူးသည့်ကိစ္စကို လုပ်သည်။ ယင်းမှာ သူ့တပ်များကို ဂျူးများနေထိုင်သည့် ဂေျရုဆလမ်မှ ထွက်ခွာရန် အမိန့်ထုတ်ခြင်းပင် ဖြစ်သည်။

အာရပ်ဖောက်ခွဲမှု အောင်မြင်သည်။ သို့သော်လည်း အက်ဘဒူခါဒါ ဟတ်ဆေနီ မျှော်လင့်သလို ဂျူးတို့ စိတ်ဓာတ်ပျက်ပြားခြင်းမရှိ။ ပို၍ပင် စည်းလုံးလာသည်ကို တွေ့ရသည်။ သေသည်အထိ အာရပ်တို့ကို ခုခံတိုက်ခိုက်မည်ဟု ဂျူးတို့ သန္နိဋ္ဌာန်ချကြသည်။ ဗြိတိသျှတို့မှာ ဂျူးရပ်ကွက်များတွင် ကင်းမလှည့်ကြတော့ပေ။

ဟိုတယ်အတ္တလန်တစ်နံရံတွင် ဇီယွန်အလံတစ်ခု လွှင့်ထူထားသည်။ ဗုံးကွဲရာတွင် မပျက်စီးဘဲ ကျန်ရစ်သည့် အလံ ဖြစ်သည်။ အလံအောက်တွင် စာတန်းတစ်ခု ရေးထားသည်။ "ငြိမ်ငြိမ်နေ၊ အပျက်အစီးအကြားက ဒဏ်ရာရသူတွေရဲ့ အသံကို ဒါမှ ကြားရမယ်" ဟူ၍ ဖြစ်သည်။

လွန်ခဲ့သည့်ည ညဉ့်နက်ပိုင်းတွင် ကိုင်ရိုမြို့ဆင်ခြေဖုံး အောဘတ်ဒက်ပီရမစ်ညချမ်းကလပ်၌ အင်္ဂလိပ်နှစ်ယောက် ဝီစကီတစ်ပုလင်း သောက်ကာ မူးနေကြသည်။ ထိုကလပ်မှာ ဖာရိုးဘုရင် ပျော်မွေ့သည့် နေရာတစ်ခု ဖြစ်သည်။ အဲက်ဒီဘရောင်းနှင့် ပီတာမေဒီဆန်တို့သည် ရစရာရှိသည့် လုပ်ခကို တောင်းခံရန် ကိုင်ရိုသို့ ရောက်လာခြင်း ဖြစ်သည်။ ယခုမူ သူတို့ အသုံးမဝင်တော့ပြီ။ လုပ်ငန်းပြီးပြီဖြစ်သဖြင့် မတ်ဖတီက သူတို့ကို ဂရုမစိုက်။ ပိုက်ဆံတစ်ပြားမျှ မပေး၊ ပေါင်ငါးရာမရဘဲ အိမ်ထဲက မောင်းအထုတ်ခံရသည်။

ထို့နောက် တစ်သက်လုံး ပုန်းလျှိုးနေကြရသည်။ အိုင်ယာဂန်၏ လက်စားချေမည်ကို သူတို့ကြောက်သည်။ သူတို့ဗုံးကြောင့် လူငါးဆယ်သေသည်။ တစ်ယောက် ဆယ်ပေါင်နှုန်းပင် မရ။ သူတို့သောက်သည့် ဝီစကီဖိုးပင် မရလိုက်ပေ။

ooo

http://mmteashop.com



## အပိုင်း (၁၅)

## လောရင့်မဖြစ်နိုင်သူတစ်ယောက်

အာရပ်လီးဂျင်း၏ တပ်မှူး ဂလပ်ပါရှားခေါ် ဂျွန်ဘာဂေါ့ဂလပ်သည် ဟမ်းဘားကားပေါ်မှ မှုန်မှိုင်းမှိုင်းမြို့ကြီးကို ကြည့်ရင်းလိုက်ပါသွားသည်။ ထိုအရပ်သည် သူ့ဒေသမဟုတ်။ အလွန်အေးပြီး လမ်းများမှာ မှုန်မှိုင်းနေသည်။ သူ့နိုင်ငံမှာ ဟိုအဝေးရှိ လူသူမရှိသည့် သဲကန္တာရဒေသသာ ဖြစ်သည်။ ထိုဒေသသည် ငြိမ်သက်သည်။ လူသံ မကြားရ။ ကောင်းကင်ကြီးမှာ အပြောကျယ်သည်။ ထိုအရပ်တွင် ဂျွန်ဂလပ် ပျော်ပိုက်သည်။

သူသည် လောရင့်ဖြစ်နိုင်သူ မဟုတ်။ လူလုံးလူဖန် သေးသည်။ သူ့အသံမှာ စူးရှသည်။ သံတမန်များစီးသည့် ဟမ်ဘားကားတွင် သူလိုက်ပါသွားသည်။ ဗြိတိသျှတို့ ဘက်တော်သား အာရပ်တို့တွင် သူသည် ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ သူ့ကို အာရပ်တို့က လေးစားသည်။ သဲကန္တာရတွင် နေထိုင်ကြသည့် အာရပ်တို့၏ ဘာသာစကားကို သူ တတ်ကျွမ်းသည်။ သဲကန္တာရတွင် နေထိုင်သူတို့၏သမိုင်းကို သူ သိသည်။ သူတို့၏ ရိုးရာသီချင်းများ၊ ဓလေ့ထုံးစံများ၊ အိုးအိမ်များ၊ အက္ခရာတင်မထားသည့် ဥပဒေများကို သူ နားလည်သည်။

ပထမကမ္ဘာစစ်အပြီးတွင် ဂလပ်၏ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်။ သူ့မျက်နှာတွင် မေးစေ့၌ သေနတ်ဒဏ်ရာတစ်ခု ရှိသည်။ စစ်ပြီးလျှင် အီရတ်တို့ လူမျိုးစုရေးရာ အရာရှိအဖြစ် ရောက်သွားသည်။ ကန္တာရအာရပ်များ အချင်းချင်း တိုက်ခိုက်သည်ကို လေ့လာဖျန်ဖြေရန် ထရန်းစ်ဂျော်ဒန်သို့ သူ့ကို ခေါ်ယူသည်။ အရှေ့တောင်ဘက်နယ်စပ်သို့ သူသွားသည်။ စေ့စပ်ဖျန်ဖြေရင်း သူလည်း ကန္တာရအာရပ်တို့ကို ချစ်ခင်နှစ်သက်လာသည်။ သူတို့၏ လူနေမှုဘဝသည် သူ၏ လူနေမှုဘဝ ဖြစ်လာသည်။ အလွန်အပြေးမြန်သည့် ဟာဂျင်း ကုလားအုတ်များကို စီးကာ ဂလပ်သည် ကန္တာရခရီးရှည်ကင်းအဖွဲ့နှင့်အတူ လှည့်လည်သည်။ သူတို့လိုပင် အကြမ်းပတမ်းဒဏ် ခံနိုင်ရည်ရှိလာသည်။ သဲကန္တာရကြမ်းပြင်တွင် ဆိတ်ရေခြုံပြီး ကျောက်တုံးကို ခေါင်းအုံးလုပ်ကာ သူ အိပ်သည်။ သူ စားရသည်မှာ ဂျုံနှင့်လုပ်သည့် သဲကန္တာရမုန့် ဖြစ်သည်။ ကုလားအုတ်နို့နှင့် သိုးနို့မှ ချက်သည့် ထောပတ်တို့ဖြင့် သဲကန္တာရမုန့်များ ဖုတ်ကြသည်။ ညအခါ လူသံ

http://mmteashop.com



မကြားရ။ လွင်တီးခေါင်တွင် မိ. ဒဘား၌ တင်ပျဉ်ခွေထိုင်ကာ သူတို့အကြောင်း မေးမြန်း ၁ည်။ သူတို့ ပြောပြသည်တို့ကို ၊ ထောင်သည်။ လူမျိုးတုံးလုနီးပါး ရှိနေသော ကန္တာရ အာရပ်တို့အကြောင်း ၎ ဘာ်များများ သူ သိလာသည်။

ဂလပ်သည် သူ၎ေ့ဒေလ့ထုံးစံများ၊ နေထိုင်ပုံများကို သိသည်။ သူတို့နှင့် အတူ ထိုင်၍ ထမင်းစားသည့်အခါ သို့မဟုတ် ဆွေးနွေးကြသည့်အခါ ကန္တာရအာရပ်တို့ အပြုအမူအတိုင်း သူ့တွင် တကယ်မရှိသည့် ကိုယ်သန်းကို ရင်ဘတ်မှယူပြီး လက်မ လက်သည်းခွံနှစ်ခုအကြား ညှစ်သတ်လေ့ ရှိသည်။ ဤသည်မှာ ကန္တာရအာရပ်တို့၏ အပြုအမူတစ်ခု ဖြစ်သည်။ နှစ်ပရိစ္ဆေဒ ကြာလာသည့်အခါ သူကိုယ်တိုင်ပင် ကန္တာရ အာရပ် ဖြစ်လာသည်။ လူသူကင်းဝေးသည့်နေရာ၌ နေထိုင်ကျင့်ရလာသည်။ စကား မပြောဘဲ ဆိတ်ငြိမ်ခြင်းကို အဖော်ပြု၍ နေနိုင်လာသည်။ အမ်မမ်မြို့၏ လူနေမှုဘဝကို သူ ရှောင်သည်။ မြို့မှ ဝေးရာသို့ပြေးပြီး ကန္တာရအလယ်တွင် ဆိတ်ငြိမ်သည့် သဲပြင်ကြီးကို အဖော်ပြု၍နေသည်။

(၁၉၃၉)မတ်တွင် အာရပ်လီးဂျင်း၏ တည်ထောင်သူ ကာနယ် အက်ဖ်၊ ဂျီ၊ ပီ (ပီပါရှား) အငြိမ်းစားယူသည့်အခါ တပ်မှူးရာထူးကို သူ ဆက်ခံသည်။ စာပေမတတ် သည့် ကန္တာရအာရပ်တို့ကို အာရပ်လီးဂျင်း၏ အမာခံတပ်သားများဖြစ်အောင် သူ ကြိုးစား သည်။ တပ်ကိုလည်း ခေတ်မီလက်နက်များ ယန္တရားများ တပ်ဆင်သည်။ သူ့အုပ်ချုပ်မှု အောက်တွင် (၁၉၃၉) ၌ တပ်သားနှစ်ထောင်ရှိရာ (၁၉၄၅) တွင် ခြောက်ထောင်ရှိ လာ သည်။ ဗြိတိသျှတို့နှင့်အတူ ဆီးရီးယားရှိ ဗစ်ကီ၏ ပြင်သစ်တပ်များကို သူ တိုက်ပေး ခဲ့သည်။ အီရတ်တွင် ညီနောင်အာရပ်များကို သူ တိုက်ပေးခဲ့သည်။ မိတ်ဆွေ ရန်သူ အားလုံးက သူ့ကို ချီးကျူးကြသည်။

သူတို့၏ လီးဂျင်းတပ်မှူးဂလပ်သည် နားလည်ရ အလွန်ခက်သူ ဖြစ်သည်။ သူ့မျက်နှာမှာ ခက်ထန်သည်။ ပါးဖောင်းဖောင်း စစ်သားနှုတ်ခမ်းမွေး ရေးရေးရှိပြီး ပြာလဲ့လဲ့ မျက်လုံးတစ်စုံ ရှိသည်။ ဆံပင်မှာ ဖြူနေပြီး အလယ်တည့်တည့်တွင် သပ်ရပ်စွာ ခွဲကာ ဖြီးထားသည်။ လက်များမှာ မိန်းမလက်များလို ပျော့ပျောင်းသေးသွယ်သည်။ ရောရောနှောနှော မနေတတ်။ ဒေါသအလွန်ကြီးသည်။ ဒေါသထွက်လာပြီဆိုလျှင် ရှိတ် အကြီးအကဲတစ်ယောက်ကို ကုလားအုတ်နှင်တံဖြင့် သဲကြီးမဲကြီး ရိုက်သည်။ နောက် တစ်နေ့တွင်မှ ချော့သည့်အနေဖြင့် ကုလားအုတ်အကောင်နှစ်ဆယ် အပို့လွှတ်ရသည်။ ရုံးခန်းတွင် မင်အိုး သို့မဟုတ် စက္ကူဖိသည့် တုံးတို့ဖြင့် အရာရှိများကို မကြာခဏ ပစ်ခတ် သည်။ လီးဂျင်းတပ်၏ ကိစ္စအဝဝကို သူကိုယ်တိုင် စီမံခန့်ခွဲသည်။ အသေးအဖွဲကလေး များကအစ သူပါရမှ ကျေနပ်သည်။

သူ့လက်အောက် အမှုထမ်းသူတို့မှာ သူ့ကို ကောင်းကောင်းနားမလည်။ "ဂလပ် စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ အကဲခတ်ရ ခက်တယ်။ သူ့စိတ်က အာရပ်စိတ် သိပ်မွေ့

http://mmteashop.com



တယ်၊ ထိုးထွင်းသိနိုင်တယ်၊ အမြင်ကြည်လင်တယ်၊ အာရပ်တွေရဲ့စိတ်ကို သူသိတယ်၊ ခန့်မှန်းတတ်တယ်၊ စိတ်လိုက်မာန်ပါ လုပ်တတ်တယ်ဆိုတာ သိတယ်၊ နန်းတော်ကြီးနဲ့ ဆက်ဆံရင် အာရပ်တစ်ယောက်လို ဆက်ဆံပြီး၊ ကန္တာရသားတွေနဲ့ဆိုရင် ဘီဒိုအင် ကန္တာရမျိုးနွယ်လို ဆက်ဆံတယ်။ လန်ဒန်မှာဆိုရင် ဗြိတိသျှအရာရှိတစ်ယောက်လို သူ ဆက်ဆံတတ်တယ်"

ဟမ်းဘားကား အမည်းပေါ် ဂလပ်လိုက်ပါလာသည်မှာ အကြောင်းရှိသည်။ သူ့ဘေးတွင် ထရန်းစ်ဂျော်ဒန်ဘုရင်၏ ဝန်ကြီးချုပ် တူဖစ်အဘဲဟိုဒါ လိုက်ပါလာသည်။ သူတို့သည် လန်ဒန်မြို့ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး အန်းနက်ဘီဗင်နှင့် လျှို့ဝှက် စွာ တွေ့ကြမည်။ ဂလပ်သည် အဘိုဟိုဒါ၏ စကားပြန်အဖြစ် လိုက်ပါလာခြင်း ဖြစ်သည်။

ရုံးခန်းကြီးတစ်ခုထဲသို့ သူတို့နှစ်ယောက် ဝင်သွားကြသည်။ မြေပုံကြီးတစ်ခု ရှေ့တွင် သူတို့ထိုင်သည်။ ဥပဒေစာတစ်ကြောင်း ပြင်လိုက်ရုံဖြင့် မြေပုံတွင် အနေအထား အမျိုးမျိုးပြောင်းသွားနိုင်သည်။ အဘိုဟိုဒါက မြေပုံတွင် အရေးအသား ပြင်ပေးရန် တောင်းဆိုသည်။ ထရန်းစ်ဂျော်ဒန် ဘုရင်က ထိုကိစ္စဖြင့် သူ့ကို လန်ဒန်သို့ လွှတ်လိုက်ခြင်း ဖြစ်သည်။

ပါလက်စတိုင်းတွင် ဗြိတိသျှတို့ အုပ်ထိန်းမှုကာလ ကုန်ဆုံးလျှင် ပါလက်စတိုင်း အများအပြား ဂျော်ဒန်မြစ်အနောက်ဘက် ပြောင်းရွှေ့နေထိုင်ကာ ယင်းဒေသကို အာရပ် နယ်မြေတစ်ခုအဖြစ် ခွဲခြမ်းရေးစီမံချက်တွင် ထည့်သွင်းပေးရန် သူတို့ တောင်းဆိုသည်။ ဂျေရုဆလမ်သို့ ဟတ်ချ်အာမင်ဟတ်ဆေနီကို ပြန်လည် လက်မခံရန် အင်္ဂလန်နှင့် ထရန်းစ် ဂျော်ဒန်တို့ သဘောတူခဲ့ကြောင်း အက်ဘဒူလာဘုရင်သည် အဓိက မဟာမိတ် သဘော မတူဘဲ ဟတ်ချ်အာမင်ကို လက်ခံမည် မဟုတ်ကြောင်း ဘီဗင်အား အသေအချာ ရှင်းပြသည်။

ဘီဗင် ခဏစဉ်းစားသည်။ ဗြိတိသျှအဖို့ ထရန်းစ်ဂျော်ဒန်နိုင်ငံတွင် ဟက်ရှမိုက် နန်းရိုးဆက်ခံလျှင် ဗြိတိန်တို့၏ အခြားမဟာမိတ်ဖြစ်သည့် အီရတ်နှင့် တစ်သွေးတစ်သား တည်းရှိမည်ကို ဘီဗင် နားလည်လက်ခံသည်။

"ဖြစ်နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် ဂျူးတွေကို နေထိုင်ခွင့်ပေးထားတဲ့ဒေသတွေကို တော့ ဝင်ပြီး မကျူးကျော်ဖို့ လိုတယ်" ဟု ဘီဗင်က ဝန်ကြီးချုပ်အား သတိပေးသည်။

ဂ္လပ်တွင်လည်း ပြောစရာကိစ္စတစ်ခု ရှိသည်။ အက်ဘဒူလာ၏ မျှော်လင့်ချက် အကောင်အထည်ပေါ်လာလျှင် အာရပ်လီးဂျင်းတပ်များကို အက်ဘဒူလာ အားကိုး ရလိမ့်မည်။ စစ်အတွင်းက တစ်သောင်းခြောက်ထောင် အင်အားရှိသည့် လီးဂျင်းတပ်ကို လေးထောင်အထိ လျှော့ချမည်ဆိုသည်ကို သူ သဘောမတူနိုင်။ ခုနစ်ထောင် အင်အားရှိမှ လုံလောက်မည်။ သူ့တပ်များကို ခေတ်မီလက်နက်များ တပ်ဆင်မည်။ ယန္တရားများ ဖြည့်ဆည်းမည်။ ယင်းအတွက် သံချပ်ကာကား ငါးဆယ်မှ ခုနစ်ဆယ့်ငါးစီးအထိ ဝယ်လို

http://mmteashop.com



သည်။ လီးဂျင်းတပ်သည် ပါလက်စတိုင်းတွင် အ်ထောက်အပံ့များ၊ အလုပ်ရုံများ စသည်တို့ကို ဗြိတိသျှ တပ်မတော်အပေါ် အားကိုးနေရသည်။ ဗြိတိသျှတို့ ပါလက်စတိုင်းမှ ထွက်ခွာလျှင် ထိုတပ်များနေရာတွင် လီးဂျင်းတပ်များ ဝင်ရောက်ယူချင်သည်။

သုံးလအကြာတွင် ပါလက်စတိုင်းမှ ဗြိတိသျှတို့ ဆုတ်ခွာသည့်အခါ လန်ဒန်သို့ ဂွျန်ဂလပ် သွားရောက်လည်ပတ်သည့်ကိစ္စ အကောင်အထည်ပေါ်လာတော့မည်ဟု သူ့နိုင်ငံသားတို့အား တင်ပြသည်။ အာရပ်လီးဂျင်းတပ်အတွက် သုံးဆတိုး၍ ငွေကြေးသုံးစွဲခွင့်ရလျှင် ဂျေရုဆလမ်၏ ကံကြမ္မာသည် ဂွျန်ဂလပ်နှင့် သူ၏ သဲကန္တာရစစ်သည်များ လက်ထဲတွင် မုချတည်ရှိလာမည်။

ပါဘလို ဒီ အက်ဇကာရိတ် စိတ်မချမ်းမသာဖြစ်ရသည်မှာ သိက္ခာကျခြင်းကြောင့် မဟုတ်။ သူသည် ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုကို ကိုယ်စားပြုပြီး ဂျေရုဆလမ်သို့ ရောက်လာသည့် စပိန်သံတမန်တစ်ယောက် ဖြစ်သည်။ သူ့ရာထူးနှင့် သူ့အဖွဲ့အစည်းအရဆိုလျှင် သူ့ကို သည့်ထက်ပို၍ တခမ်းတနား ကြိုဆိုလက်ခံရမည် မဟုတ်လား။ ဂျေရုဆလမ်ရောက်လျှင် အံ့ချီးမကုန်နိုင်ဖွယ်တို့ သူ မြင်ရလိမ့်မည်။ အောလစ်တောင်ကုန်း၊ ယေရှုသခင် အဖမ်းခံရသည့် ဂက်သဆီမိန်းဥယျာဉ်၊ အထွတ်အထိပ်တောင်ကုန်းများကို မြင်ရတော့မည်ဟု စိတ်ကူးယဉ်ခဲ့သည်။ သို့သော် တကယ့်အဖြစ်မှာ ထိုသို့ မဟုတ်။ ကုလသမဂ္ဂ၏ ပထမဆုံးကိုယ်စားလှယ် တွေ့ရသည်မှာ သံမှိုကြီးများ နှက်ထားသည့် စစ်ဖိနပ်တစ်စုံနှင့် ဗြိတိသျှပုလိပ်တစ်ယောက်၏ ကြီးမားသော တင်ပဆုံကြီးများသာ ဖြစ်သည်။

ဗြိတိန်က ပြင်းပြင်းထန်ထန် ကန့်ကွက်သည့်အကြားက အက်ဇကာရိတ်ကို နော်ဝေးလူမျိုး ကာနယ်တစ်ယောက်၊ အိန္ဒိယစီးပွားရေးပါရဂူတစ်ယောက်၊ ဂရိရှေ့နေတစ်ယောက်၊ အတွင်းဝန်နှစ်ယောက်တို့နှင့် အတူ ခွဲခြမ်းရေးအတွက် ပြင်ဆင်ရန် ကုလသမဂ္ဂ ကိုယ်စားလှယ်အဖြစ် ဂျေရုဆလမ်သို့ စေလွှတ်လိုက်သည်။ လေဆိပ်တွင် သူနှင့် သူ့အဖွဲ့ကို ဒုတိယဗိုလ်လေးတစ်ယောက်က ပါလက်စတိုင်းအစိုးရကိုယ်စား လာရောက်ကြိုဆိုသည်။ ဗိုလ်လေးက စပိန်သံတမန်ကို အေးစက်နေသောစစ်ကား ပက်လက်သံပြားပေါ် ထိုင်စေပြီး ခေါင်းထောင်ကြည့်ခွင့် မပြု။ စတင်းဂန်းဖြင့် ခေါင်းငုံ့နေရန် အမူအရာဖြင့် အမိန့်ပေးသည်။ အက်ဇကာရိတ်မှာ ဒူးနှစ်လုံးအကြား ခေါင်း မဖော်ဘဲ လိုက်ပါသွားရသည်။

မည်သို့ဖြစ်စေ ဗြိတိသျှတို့က စီစဉ်ထားသည့်နေအိမ်သို့ သူတို့အဖွဲ့ရောက်သွားသည်။ နှစ်ထပ်တိုက်တစ်ခုဖြစ်ပြီး အောက်ထပ်တွင် အခန်းအနည်းငယ် ရှိသည်။ ဒေးဗစ်ဟိုတယ်နှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။ အက်ဇကာရိတ် အိမ်ထဲဝင်သွားလျှင် အိမ်သာအိုး တပ်ဆင်နေသည့် ပန်းရန်ဆရာတစ်ယောက်ကို တွေ့ရသည်။ လျှပ်စစ်မီး မရှိ။ အလုပ်သမားနှစ်ယောက် နံရံတစ်ခုကို ဖောက်နေသည်။ အိမ်ထောင်ပရိဘောဂ

http://mmteashop.com



အချို့ ဟိုနေရာ သည်နေရာ ပြန့်ကျဲနေသည်။ ရုံးသုံးပစ္စည်းဟူ၍ မင်အိုးတစ်ခု စက္ကူတစ်ရွက် မရှိ။ ဗြိတိသျှ ဇုန်အတွင်းနေထိုင်ခွင့်ပြုသည့် အာရပ်အစေအပါးတို့က သူတို့ဘာမျှ လုပ်မပေးနိုင်ဟု ဆိုသည်။ စားစရာ ပူပူနွေးနွေးကို တစ်နေရာရှိ ဝိုင်အမ်စီအေသို့ အစောင့်အကြပ်ဖြင့် အာရပ်တစ်ယောက်က သွား၍ယူပေးသည်။

ဗြိတိသျှတို့က တမင်သက်သက် ကုလသမဂ္ဂ သံတမန်အား ပါလက်စတိုင်းတွင် ကုလသမဂ္ဂ ဝင်လာသည်ကို မလိုလားကြောင်း ပြလိုက်ခြင်း ဖြစ်သည်။ ဘုရင်မင်းမြတ်အစိုးရသည် ပါလက်စတိုင်းတွင် မိမိတို့ ထိန်းသိမ်းမှုကာလ မကုန်မီအတွင်း အာဏာကို ကုလသမဂ္ဂနှင့်သော်လည်းကောင်း၊ အခြားအဖွဲ့အစည်း တစ်ခုခုနှင့်သော်လည်းကောင်း ခွဲဝေယူနိုင်ဆိုသည်ကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

အက်ဇကာရိတ်က မည်သို့ တရားဝင်ကန့်ကွက်မည်ကို အချင်းချင်း တိုင်ပင်သည်။ နောက်ဆုံးတွင် "အရေးမစိုက်ဘဲ နေရန်နှင့် စိတ်ရင်းစေတနာကောင်းပြရန်" ဆုံးဖြတ်သည်။

နောက်တစ်နေ့မနက်တွင် ကုလသမဂ္ဂ၏ ပါလက်စတိုင်းကော်မရှင်၏ သံတမန်ကြီးသည် ကိုယ်စားသည့် မနက်စာ ပန်းကန်များကို ကိုယ်တိုင်ဆေးခြင်း၊ ကိုယ့်အိပ်ရာကိုယ်တိုင်သိမ်းဆည်းခြင်းဖြင့် သူ့မစ်ရှင်လုပ်ငန်းစပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ ထို့နောက် ဂျေရုဆလမ်တွင် ကုလသမဂ္ဂကိုယ်စားလှယ် ရောက်လာပြီဖြစ်ကြောင်း ပြသရန် အက်ဇကာရိတ်သည် ချစ်စရာ အပြာနှင့် အဖြူရောင် ကုလသမဂ္ဂအလံကို ထုတ်ယူပြီး ဒုတိယထပ်ပြတင်းတွင် လွှင့်ထူလိုက်သည်။

ခဏကြာလျှင် အက်ဇကာရိတ် အံ့အားသင့်သွားသည်။ မြို့သူမြို့သားတို့က သူ့ကို ဝမ်းသာအားရ ကြိုဆိုကြသည်။ ယင်းမှာ လက်ဖြောင့်တပ်သားများက အလံကို အပိုင်းပိုင်း အပြတ်ပြတ် စုတ်ပြဲသွားအောင် ပစ်ခတ်လိုက်ခြင်းပင် ဖြစ်သည်။ သံတမန်ကြီး သတိလက်လွတ်ဖြစ်သွားသည်။ ကုလသမဂ္ဂအလံ၏ အရောင်သည် လွန်ခဲ့သည့် ဆယ်နှစ်က ဇီယွန်အလံအတွက် သီယိုဒိုဟာဇယ် ရွေးခဲ့သည့် အရောင်များနှင့် ဆင်တူ ဖြစ်နေသည်။ လက်ဖြောင့်တပ်သားတိုင်းက ဂျူးအလံလွှင့်ထူထားပါကလားဟု အောက်မေ့ကြသည်။

ပါလက်စတိုင်းရှိ ဗြိတိသျှတပ်များ၏ သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဆာဂေါ်ဒန်မက်မီလန်သည် နံနက်စောစော ခုနစ်နာရီခွဲတွင် ဂျက်ဖာဂရိတ်ဖရုအသီး စားလေ့ရှိသည်။ စားရင်း ဒေးဗစ် အချက်ပြဆက်သွယ်ရေးစခန်းမှ ပေးပို့သည့် မနေ့ညက သတင်းလွှာကို ဖတ်လေ့ရှိသည်။ (၁၉၄၈) မတ် (၆) ရက်နေ့ခွဲပါ သတင်းလွှာ ဖတ်လိုက်ရလျှင် စားနေသည့် ဂရိတ်ဖရုအရသာပျက်သွားသည်။ ထိုနေ့က စစ်ကားတစ်စီးနှင့် ကုလသမဂ္ဂကိုယ်စားလှယ် ရောက်လာသည်။ ညသန်းခေါင်တွင် အယ်လင်တီတံတားကိုဖြတ်ကာ ထရပ်ကားနှစ်ဆယ့်ငါးစီးနှင့် အတူ တပ်သားငါးရာပါ ဖော်ဇီအယ်ကောက်ဂျီ၏ တပ်သည် ပါလက်စတိုင်းပြည်နယ်အတွင်းသို့ ဝင်လာသည်။

http://mmteashop.com



သူ စိုးရိမ်မိသည့်အတိုင်း လန်ဒန်မှ ဆူပူအော်ဟစ်သည့် သတင်းလွှာများ ဝင်လာသည်။ နံနက်စာပင် ဖြောင့်ဖြောင့်မစားရသေး။ ကောက်ဂျီ၏ တပ်များကို လက်မခံရ။ မောင်းထုတ်ရမည်။ ဘာဘာညာညာ ပြန်မေးမနေနှင့်။ ဤကိစ္စကို အလေးအနက်ထားပါဟု လန်ဒန်သတင်းစာက ဆိုသည်။

ဆာဂေါ်ဒန်မက်မီလန် မလုပ်ချင်ဆုံးအလုပ် ဖြစ်သည်။ ထိုတိုက်ပွဲမျိုးတွင် သူ၏ ဗြိတိသျှတပ်သားများ အသေမခံချင်။ ကောက်ဂျီမှာ ပါလက်စတိုင်းထဲ ရောက်နေပြီ။ အကောင်းဆုံး နည်းဗျူဟာမှာ လူမြင်သူမြင် မနေပါနှင့်၊ လှုပ်လှုပ်ရှားရှား မလုပ်ပါနှင့်၊ ဗြိတိသျှတို့ မထွက်ခွာမီ ကမ္ဘာက အရေးစိုက်လာမည့် ကိစ္စမျိုးရှောင်ပါဟု ကောက်ဂျီအား ဖျောင်းဖျရန်ပင် ဖြစ်သည်။ မဟာမင်းကြီး ဆာအယ်လင်ကန်နင်ဟမ်အား ခရိုင်အရာရှိ တစ်ယောက် ကောက်ဂျီထံ စေလွှတ်ကာ အကျိုးအကြောင်း ရှင်းပြရန် ပြောသည်။

ကောက်ဂျီက ဗြိတိသျှကိုယ်စားလှယ်အဖွဲ့ကို ဖော်ရွေစွာ လက်ခံပြောဆိုသည်။ မက်မီလန်၏ အဆိုပြုချက်မှာ ရိုးရိုးပင် ဖြစ်သည်။ ဗြိတိသျှတို့သည် ဥပဒေစိုးမိုးရေး အတွက် တာဝန်ရှိသည်။ ကောက်ဂျီလှုပ်ရှားလျှင် အခြားလမ်းမရှိ။ တိုက်ထုတ်ရလိမ့်မည်။ တကယ်က ကောက်ဂျီ ရောက်လာရန်ပင် အကြောင်းမရှိ။ သို့သော်လည်း ငြိမ်ငြိမ်သက်သက်နေပါမည် ကတိပေးလျှင် ခြွင်းချက်အဖြစ် သူ့ကို လက်ခံထားမည် ဟူ၍ပင် ဖြစ်သည်။

ကောက်ဂျီ ပြုံးပြုံးရွှင်ရွှင် သဘောတူကြောင်း ပြောသည်။ ကော်ဖီတိုက်ပြီး ကတိကဝတ်ပြုသည်။ သူနားထောင်မည် မဟုတ်သည်မှာ သေချာသည်။ ကတိပြုလျှင်ပင် မက်မီလန်အဖို့ ဝမ်းသာလှပြီ။ နောင်အခါ ဖောက်ဖျက်မှာ သေချာသည်။

ကောက်ဂျီသည် အလျှင်စလို မရှိ၊ ယခုလို ဖောက်ထွင်းဝင်လာနိုင်သည်ကပင် ကျေးဇူးတင်စရာ ကောင်းလှပြီ။ လွန်ခဲ့သည့် နှစ်လကတည်းက သူ့လူလေးထောင်သည် တပ်ရင်းလေးခုခွဲကာ ဂယ်လီလီနှင့် နေဘလုဒေသတို့တွင် စုဝေးနေသည်။ နေဘလုတွင် သူ့စစ်သားခြောက်ရာ စစ်ရေးပြသည်ကို မြို့သူမြို့သားတစ်သောင်းက ကြိုဆိုသည်။ နေဘလု မြို့တော်ဝန်ကလည်း ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာသည်။

ပါလက်စတိုင်းစံချိန်အတိုင်းဆိုလျှင် သူ့တပ်မှာ လက်နက်အပြည့်အစုံ တပ်ဆင်ပြီး ဖြစ်သည်။ သို့သော် ဆက်သွယ်ရေး၊ ထောက်ပံ့ရေးတို့မှာ ခေတ်မမီ။ တစ်နေရာသို့ ပါးစပ်စကားဖြင့် သတင်းပို့ရသည်။ သို့မဟုတ် ဆက်သားလွှတ်ကာ စာပို့ဆက်သွယ်ရသည်။ ရိက္ခာ မလုံလောက်။ သို့သော် ကောက်ဂျီမပူ။ သိမ်းပိုက်ပြီး ဂျူးရပ်ကွက် ဂျူးမြို့သစ်များတွင် လုယက်စားသောက်သည်။ ဆေးဝါး မပြည့်စုံ။ အက်စပရင်၊ ပတ်တီးနှင့် ဝမ်းနုတ်ဆေးများသာ ရှိသည်။ သို့သော်လည်း သူ မစိုးရိမ်။ တိုက်ပွဲတာရှည်မည်ကိုလည်းကောင်း၊ ဒဏ်ရာအပြင်းအထန်ရကြမည်ကိုလည်းကောင်း သူ မမျှော်လင့်။

"ပါလက်စတိုင်းကို ကျွန်တော် ရောက်လာတာဟာ ဒီမှာနေပြီး တိုက်ပွဲဝင်ဖို့ပဲ၊

http://mmteashop.com



ပါလက်စတိုင်းဟာ ညီညွတ်တဲ့ အာရပ်နိုင်ငံဖြစ်သည်အထိ ကျွန်တော်တိုက်မယ်၊ ဒါမှ မဟုတ် ကျွန်တော်သေပြီး ဒီမြေမှာ မြှုပ်နှံသည်အထိတိုက်မယ်" ဟူ၍လည်းကောင်း၊ သူ့ရည်ရွယ်ချက်မှာ "ဂျူးအားလုံးကို ပင်လယ်ထဲ မောင်းထုတ်ရန်ဖြစ်သည်" ဟူ၍လည်း ကောင်း ကြေညာသည်။

"အားလုံးအသင့်ဖြစ်နေပြီ၊ ကျွန်တော်အချက်ပေးလိုက်တာနဲ့ တိုက်ပွဲစမှာပဲ" ဟူ၍လည်း ကြေညာသည်။

(၁၉၄၈) မတ် (၆) တွင် ဖော်ဇီအယ်ကောက်ဂျီနှင့် ပြောဆိုဆွေးနွေးရန် ကြိုးစား သူမှာ ပါလက်စတိုင်း ဗြိတိသျှတပ်မှူးသာ မဟုတ်။ နောက်တစ်ယောက် ရှိသေးသည်။ သူကား ယေဟိုရှုအာပါလမွန် ဖြစ်သည်။ သူသည် ပါလက်စတိုင်းတွင် ဘာသာဗေဒ ပါရဂူတစ်ယောက် ဖြစ်သည်။ သဲကန္တာရထဲတွင် ဘီအင်မျိုးနွယ်များနှင့် လေးလအတူ နေဖူးသည်။ အာရပ် နယ်လှည့်ဈေးသည်အဖြစ် တစ်နှစ်ခန့် ကိုယ်ရောင်ဖျောက်ကာ နေဖူးသည်။ ဆီးရီးယားတစ်ဝိုက် လားဝန်တင် ကုန်သည်အဖြစ် ကုန်ခြောက်များ လှည့် လည် ရောင်းချသည်။ ထိုအတွေ့အကြုံအရ အာရပ်လူမျိုးများစွာနှင့် အဆက်အသွယ် ရခဲ့သည်။ ကောက်ဂျီနှင့် မတ်ဖတီ မတည့်သည်ကို သူ သိသည်။ ကောက်ဂျီနှင့်တွေ့ရလျှင် ကောင်းမည် သူ ထင်သည်။ ပါလမွန်သည် ဂျူးအေဂျင်စီ၏ အတော်ဆုံး ထောက်လှမ်းရေး သမားများအနက် တစ်ယောက် ဖြစ်သည်။

ကောက်ဂျီ၏တပ်များ ပါလက်စတိုင်းမြောက်ပိုင်းတွင် ရောက်လာသဖြင့် ဂျေရု ဆလမ်တွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူ့တပ်များ၏ တိုက်ရည်ခိုက်ရည်ကို မသိရသေးဘဲ ဂယ်လီလီမှာ သူတို့တပ်များကို လျှော့ကာ ဂျေရုဆလမ်တွင် စစ်ကူဖြည့်ရန် ဟာဂါနားခေါင်းဆောင်တို့ မစဉ်းစားနိုင်သေး။ သို့တိုင်အောင် ဂျေရုဆလမ်၏ ဟာဂါနား တပ်မှူးသစ် ဒေးဗစ်ရှယ်လတီးယယ့်ကမူ အင်အား ဖြည့်ချင်သည်။ သို့မဟုတ် သူ တာဝန် ယူရသည့် ဒေသအကျယ်အဝန်းကို ချုံ့ချင်သည်။

ဂျေရုဆလမ်တွင် ဟာဂါနားမှာ ထိထိရောက်ရောက် မလှုပ်ရှားနိုင်။ ဗြိတိသျှ စစ်တပ်က သူတို့ စစ်ရေးလေ့ကျင့်သည်ကို တားမြစ်သည်။ မြို့တွင် လူမျိုးပေါင်းစုံ ရောနှောလျက်ရှိရာ ညီညွတ်ဖို့ စုစည်းရန်ခက်သည်။ အော်သိုဒေါက် အယူမှန် ဘုရား ကျောင်းဂိုဏ်းဝင် အများအပြား နေထိုင်လျက်ရှိသည်။ တပ်သားသစ် စုဆောင်းရေးမှာ ခက်ခဲသည်။ စတန်းဂိုဏ်းနှင့် အိုင်ယာဂန်တို့မှာ ဩဇာကြီးမားသည်။ ဂျေရုဆလမ်အား နိုင်ငံတကာထိန်းသိမ်းမှုအောက်ထားရန်ကို သူတို့က ဆန့်ကျင်သည်။ သို့ဖြစ်ရာ ဟာဂါ နားအဖို့ အဖွဲ့အမျိုးမျိုး သဘောထားညီညွတ်အောင် စည်းရုံးရန် မလွယ်ကူ။

ထို့ကြောင့် ရှယ်လတီးယယ်က မတ်လ စောစောပိုင်းတွင် ဒေးဗစ်ဘင်ဂူရီယန်ထံ စာရေးကာ လူအင်အား ထပ်၍တောင်းသည်။ တပ်သားသုံးသောင်းဖြင့် မလုံလောက်။ တပ်မှူးများမှာလည်း တိုက်ရည် မပြည့်ဝ။ သို့ဖြစ်ရာ အလဲအလှယ်လုပ်ရန် တောင်းဆို

http://mmteashop.com



သည်။ ဂျေရုဆလမ်ကို သူ၏ မြို့သားများက အကာအကွယ်ပေးမည် ဆိုသည်ကို သူ မကြိုက်။ "ဂျေရုဆလမ် မြို့သားတစ်ယောက်ကျဆုံးလျှင် လူတိုင်းစိတ်ဓာတ်ကျသည်" ဟု သူ ဆိုသည်။

ထို့နောက် အနည်းငယ်ကြာလျှင် ဂျူးအေဂျင်စီ၏ ငွေထိန်းအယ်လီဇာ ကက်ပလန်ထံသို့ မြို့အခြေအနေကို ရှယ်လတီးယယ် ခြုံငုံသုံးသပ်တင်ပြသည်။ ဂျေရုဆလမ်မှာ စစ်တပ်တစ်ခုအတွက် ပြင်ဆင်မှု မပြည့်စုံ။ ရေ အလုံအလောက် မရှိ။ ခံတပ် မကောင်း၊ လူအင်အား မစုစည်းနိုင်၊ ဗြိတိသျှတို့ ဆုတ်ခွာသည်အထိ ကြံ့ကြံ့ခံနိုင်ရန် ပြဿနာအမျိုးမျိုးကို ဖြေရှင်းရမည်။ အရေးအကြီးဆုံးမှာ စတန်းဂိုဏ်းနှင့် အိုင်ယာဂန် တပ်ဖွဲ့တို့ ဟာဂါနား၏ အမိန့်စည်းကမ်းအောက်တွင် ရှိရမည်။ သို့ငြားလည်း သူ၏ ကြိုးစားမှု အနည်းငယ်သာ အောင်မြင်သည်။

စတန်းဂိုဏ်းမှ ဒေသခံတပ်မှူး ယိုရှုအာဇတ်တလာက "မစေ့စပ်နိုင်ဘူး၊ ခင်ဗျားတို့ (ဂျူးအေဂျင်စီ) က ဂျေရုဆလမ်ကို ကုလသမဂ္ဂအောက် အပ်ချင်တယ်၊ ဒီလိုဆိုရင် ကျွန်တော်တို့ဆီက ဘာအကူအညီမှ ရနိုင်မှာ မဟုတ်ဘူး" ဟု လျှို့ဝှက် အစည်းအဝေးတစ်ခုတွင် ရှယ်လတီးယယ်အား ပြတ်ပြတ်သားသား ငြင်းဆိုသည်။

ရှယ်လတီးယယ်က သူ့လူများကို မြို့၏ အပြင်ဘက် ကျေးရွာများ၌ ချထားချင်သည်။ ဇက်တလာ ငြင်းသည်။

"ရွာတွေ စိတ်မဝင်စားဘူး၊ ဂျေရုဆလမ်တစ်ခုကိုပဲ စိတ်ဝင်စားတယ်"ဟု ဆိုသည်။

ဟာဂါနားအဖွဲ့နှင့် ဂျေရုဆလမ်၏ အော်သိုဒေါက် ဘုန်းကြီးကျောင်းများ ဆက်ဆံရေးမှာ ကျေနပ်စရာ မကောင်း။ ဘုန်းကြီးများက သူတို့ကျောင်းသားများ၊ ဆာလံကျမ်းရွတ်ပြီး အောင်ပွဲခံရအောင် ဆုတောင်းလျှင် လုံလောက်ပြီ။ လက်နက်ကိုင် မတိုက်နိုင်။ ကတုတ်ကျင်း မတူးနိုင်ဟု ဆိုသည်။ ရှယ်လတီးယယ်က သံတမန်ငယ် ဂျက်ကော့ဆားမှတစ်ဆင့် ဘုန်းကြီးများ၏ သဘောထားခံယူချက် ပြောင်းရန် ကြိုးစားသည်။

ဂျက်ကော့ဆားသည် ဘုန်းကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။ ဂျူးဒဿနပညာရှင် မိုးမိုနီဒေး၏ စာများမှ စာပိုဒ်များကို ကိုးကားရွတ်ဆိုပြသည်။ "ယောက်ျားတိုင်း၊ သတို့သားကောင်းတိုင်း ကာကွယ်ရေးသို့ ဝင်ကြရမည်" ဟု သူ့ကျမ်းတစ်ခုက ဆိုသည်။ နာရီပေါင်းများစွာ ဆွေးနွေးမှ ဘုန်းကြီးများက သူ့ကျောင်းသားများသည် တစ်ပတ်တွင် လေးရက် ကတုတ်ကျင်းတူးပြီး သုံးရက် ဆုတောင်းပတ္ထနာ ပြုမည်ဟု သဘောတူသည်။ (*ဘုန်းကြီး၏ အခွင့်ပြုချက်ခံပြီး ကျောင်းသားများစွာတို့သည် ဟာဂါနားသို့ ဝင်ရန် အသင့်ရှိကြသည်။ ဆေးစစ်သည့်အခါ ဝမ်းနည်းစရာတို့ ကြုံရသည်။ ကျောင်းသားများစွာတို့တွင် အဆုတ်ရောဂါ စွဲကပ်နေသည်ကို တွေ့ရသည်။)

ရှယ်လတီးယယ်၏ ကြိုးစားမှု အကောင်အထည် မပေါ်။ သူ့တပ်သား သုံးပုံ

http://mmteashop.com



တစ်ပုံမှာ ကင်းစခန်းများတွင် စုရုံးနေကြသည်။ သို့မဟုတ် ပြင်ပနှင့် ဆက်သွယ်ရေး တာဝန်များကို ယူနေရသည်။

ရှယ်လတီးယယ်မှာ စိတ်ဓာတ်ကျလာသည်။ နောက်ဆုံးတွင် ဘင်ဂူရီယန်၏ "ဂျူးများ နေထိုင်သည့်ဒေသမှ မည်သည့်နည်းနှင့်မျှ မဆုတ်ခွာရ" ဟူသော အမိန့်ကို သူ ဆန့်ကျင်ကာ တင်ပြသည်။ မြို့၏ တောင်ဘက်နှင့် အနောက်ဘက်ရှိ မြို့သစ်များတွင် နေသည့် ဂျူးများ စွန့်ခွာရမည်။ သို့မှသာ လူနှင့်လက်နက်များ အသုံးတည့်လာပြီး မြို့ကို ကာကွယ်နိုင်မည်။ အာရပ်တို့မှာ တဖြည်းဖြည်း အင်အားတိုးပွားနေသည်။ မေ (၁) ရက်နေ့တွင် သူတို့အင်အားမှာ အာရပ်ငါးယောက် ဂျူးတစ်ယောက် အချိုးနှင့် ညီမျှလာသည်။ မိမိတို့ဘက်က စစ်ရေးဖျက်ပြား ယိုယွင်းလာသည်။ လေ့ကျင့်ရေး မပြည့်စုံ၊ အတွေ့အကြုံနည်းသည်။ ခေါင်းဆောင်မှု ညံ့ဖျင်းသည်။ အကျအဆုံး များပြားသည်။ သို့ဖြစ်ရာ မြို့သစ် အခြေစိုက်စခန်းများမှ ဂျူးများ စွန့်ခွာရမည်။ နိုင်ငံရေး အယူအဆနှင့် စစ်ရေးဦးစားပေးတို့ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေရာ နိုင်ငံရေးအယူအဆကို ပြန်လည် သုံးသပ်ရမည်ဟု ရှယ်လတီးယယ် တင်ပြသည်။

"တို့ဆီ သူလာနေတာ တို့က သူ့ဖောက်သည်ကောင်းတွေ ဖြစ်လို့နေမှာပဲ" နာဟမ် စတေဗီ စဉ်းစားမိသည်။ သူ့ရှေ့တွင် ဗြိတိသျှ မေဂျာတစ်ယောက် ရပ်နေသည်။ မေဂျာ သည် ဂျေရုဆလမ် ဂျူးရပ်ကွက်၏ အရှေ့မြောက်စွန်း အဆောက်အအုံများတွင် စခန်းချသူ ဖြစ်သည်။ ထိုအဆောက်အအုံများမှာ ဂျာမန်ကုသိုလ်ဖြစ် ရှုနဲလား မိဘမဲ့ ကျောင်းကို ဗြိတိသျှတို့ သိမ်းပိုက်ထားခြင်း ဖြစ်သည်။ စတေဗီမှာ ရှယ်လတီးယယ်၏ အရာရှိ တစ်ယောက် ဖြစ်သည်။ ထိုအဆောက်အအုံများကို ဟာဂါနားအဖွဲ့က သိမ်းပိုက်နိုင်လျှင် ကောင်းမည်။ ယင်းတို့မှာ အကွက်အကွင်းကောင်းသည်။ အာရပ်တို့လက် ရောက်မည် စိုးရသည်ဟု စတေဗီက ရှယ်လတီးယယ်အား ရှင်းပြသည်။

မေဂျာက အဆောက်အအုံတို့ကို သူတို့လက် အပ်နိုင်ပါသည်။ သို့သော် တန်ဖိုး တော့ ပေးရမည်ဟုဆိုသည်။ စတေဗီမျှော်လင့်ပြီး ဖြစ်သည်။ ဒေါ်လာနှစ်ထောင်နှင့် ဈေးတည့်သည်။

ထိုးစစ်ဆင်မည်ဆိုလျှင် ထိုနေရာသည် တိုက်ပွဲငယ်လေးများ ဆင်နွှဲလို့ကောင်း သည်။ ဒေးဗစ်ရှယ်လတီးယယ်၏ တပ်သားများကို ထိုနေရာသို့ ပို့ထားနိုင်သည်။ ထိုးစစ် တွင် ပရိယာယ်နှင့် ရက်စက်ခြင်းသည် သေနတ်ထက် သာသွားသည်။ လက်နက်ထက် ဝိစကီက ပိုပြီး ထိရောက်သည်။ ဗြိတိသျှတို့ မဆုတ်ခွာမီ နှစ်ဆယ့်လေးနာရီတွင် ထိုဒေသ ၏ အချက်အချာကျပုံကို ရှယ်လတီးယယ် နောင်အခါ ကြုံတွေ့ရသည်။

ဗြိတိသျှစစ်တပ် ဆုတ်ခွာသည့်နေ့တွင် အရေးကြီးသည့် အဆောက်အအုံများကို မိမိတို့စီးမိဖို့ အရေးကြီးသည်ဟု ရှယ်လတီးယယ် ယူဆသည်။ ဂျေရုဆလမ်မြို့လယ်ကို စီးနိုင်ရန် ထိုအဆောက်အအုံတို့မှာ မဟာဗျူဟာအရ အဖိုးတန်သည်။ ဗြိတိသျှတပ်များ

http://mmteashop.com



ဆုတ်ခွာလျှင် ထိုလမ်းသည် မြို့လယ်သို့ ပွင့်သွားသည်။ မြို့လယ်တွင် ဘီဗင်ဂရက်ဒေသ ရှိသည်။ သံဆူးကြိုးများ ကာရံထားပြီး အထဲတွင် စာတိုက်ကြီး၊ တယ်လီဖုန်းရုံး၊ ပုလိပ် ဌာနချုပ်၊ ရုံးများ၊ မြို့တော်အုပ်ချုပ်ရေးရုံး၊ အကျဉ်းထောင်၊ ဆေးရုံနှစ်ခုနှင့် ဘဏ်တိုက် များ ရှိသည်။ တစ်ဖန် မြို့တော်ကို အုပ်မိုးထားသည့် ဘုံဆောင်အချွန်ကြီး ရှိသည်။ အီတလီဆေးရုံ၊ ပြင်သစ်နော်တာဒမ် အဆောက်အအုံနှင့် မြို့ဟောင်းကြီး၏ နံရံများကို အုပ်မိုးထားသည့် ကျောက်တုံးအဆောင်ကြီးများ၊ ပြီးတော့ အယ်လင်ဘီ စစ်တန်းလျားများ နှင့် အယ်အယ်လာမိန်း စစ်တန်းလျားများ၊ တစ်ဖန် ဘုရင်ဒေးဗစ် ဟိုတယ်တို့ တည်ရှိ သည်။ ဂျူးဒေသနှင့် အာရပ်ဒေသတို့ကို ခွဲခြားထားသည့် နယ်ခြားမျဉ်းအစပ်တွင် ထိုအဆောက်အအုံများ တည်ရှိလေရာ ဂျူးတို့ဘက်က ဝင်လျှင် သံဆူးကြိုးများ၊ လမ်း ပိတ်ဆို့ထားသည့် အရံအတားများ ရှိသည်။ အာရပ်တို့ဘက်ကမူ အလွယ်တကူ ဝင်နိုင် သည်။ ဗြိတိသျှတို့ ဆုတ်ခွာလျှင် ဟတ်ချ်အာမင်ဟတ်ဆေနီ၏ တပ်များ စက္ကန့်ပိုင်းအတွင်း ရောက်လာနိုင်သည်။

ဗြိတိသျှတို့ဆုတ်လျှင် အလွယ်လမ်းဖြစ်သည့် အာရပ်တို့ဘက်က ဆုတ်မည်လား အသေအချာ သိထားဖို့လိုသည်။ သို့မှသာ ဟာဂါနားအဖွဲ့ အမြန်ဝင်နိုင်မည်။ ဆုတ်ခွာ ရေး အစီအစဉ်ကို မိနစ်ပိုင်းကစ၍ သိထားဖို့လိုသည်။ ဟာဂါနား ထောက်လှမ်းရေးသ မား ဗီဗီယန်ဟားဇော့သည် ဗြိတိသျှတို့အား အာရပ်ဘက်က ဆုတ်အောင် သွေးဆောင်ရ မည်။ မည်သည့် ဗြိတိသျှအရာရှိသည် ဂျူးတို့ဘက် လိုက်နိုင်သည်ကိုလည်းကောင်း၊ ဆုတ်ခွာရေး အစီအစဉ်ကိုလည်းကောင်း သိအောင် လာဘ်ထိုးကာ ကြိုးစားရမည်။

ဂျာမန် မိဘမဲ့ဂေဟာ ဖြစ်သည့် ရှနဲလား ကျောင်းဝင်းသည် အခြားအဆောက် အအုံများ စစ်စခန်းများနှင့် အလှမ်းဝေးကာ ထီးတည်း ဖြစ်နေသည်။ သို့ဖြစ်ရာ နှစ်လ စော၍ ယင်းမှ ဆုတ်ခွာရန် ဗြိတိသျှတို့ ဆုံးဖြတ်သည်။ မေဂျာသည် ကတိအတိုင်း မတ်လ၏ တစ်ရက် နံနက်စောစောတွင် စတေဗီအား "တို့သွားတော့မယ်၊ ဆယ်နာရီမှာ ဂိတ်ဝလာခဲ့ပါ၊ ငွေယူခဲ့ပါ" ဟု တယ်လီဖုန်းဆက်၍ ပြောသည်။

ချိန်းသည့် ဆယ်နာရီတိတိတွင် စတေဗီ ရောက်သွားသည်။ နှစ်ယောက်သား ကျောင်းဝင်းကို လှေ့လာသည်။ မေဂျာက အိတ်ထဲမှ သော့တွဲတစ်ခု ထုတ်ပေးသည်။ စတေဗီက ဒေါ်လာနှစ်ထောင်ပါသည့် စာအိတ်ကို ပေးလိုက်သည်။ ရှယ်လတီးယယ်၏ လက်ထောက်ထံမှ ငွေတောင်းယူစဉ် တိကျသည့် ပုဂ္ဂိုလ်က ပြေစာလက်မှတ်ယူခဲ့ပါဟု မှာကြားသည်။ စတေဗီက ငွေရကြောင်း လက်မှတ်တောင်းလျှင် မေဂျာက ပြုံးသည်။ အလွန်ချစ်စရာ ကောင်းသည့် အုပ်ချုပ်ရေးစည်းကမ်း ဖြစ်ပါသည်။ သို့သော် အခြေအနေ အရ မကိုက်ညီပါဟု မေဂျာက ဆိုသည်။ "ကံကောင်းပါစေ" ဆိုကာ မေဂျာ ထွက်သွား သည်။

http://mmteashop.com



ထွက်သွားသော မေဂျာ၏ကားကို မမြင်ရသည့်အခါတွင်မှ ဟာဂါနားအဖွဲ့သည် ကျောင်းဝင်းထဲဝင်၍ တပ်ချသည်။ ငါးမိနစ်ရှိလျှင် အခြေအနေမှန်ကို အာရပ်တို့ သိသွားပြီး အဆောက်အအုံကို ပစ်ခတ်တိုက်ခိုက်သည်။ သို့သော် အာရပ်တို့ နောက်ကျသွားပြီ။ နောက်ရက်များအတွင်း ထိုနေရာသည် ဂျေရုဆလမ်တွင် ဟာဂါနား၏ အဓိက အခြေစိုက်စခန်း ဖြစ်လာသည်။

ဝဝဝ

http://mmteashop.com



## အပိုင်း (၁၆)

## ကင်းဆက်စီးတီးမှ ကုန်သည်ကြီး

ကိုင်ရို ဆီကူရယ် ကုန်ပဒေသာတိုက်တွင် ဝယ်ခဲ့သည့် ဖလန်နယ်အညိုရောင် ဝတ်စုံကို ကြည့်ကာ အော်ရာဟားဇော့ ပီတိဖြစ်နေသည်။ ယနေ့ ထိုဝတ်စုံကို ဝတ်မည်။ သူနှင့်သူ့ယောကျ်ားတို့သည် နော်ဝေကာနယ်ကို နေ့လယ်စာကျွေးမည်။ ကာနယ်မှာ ကုလသမဂ္ဂသံမှူး ပါဘလိုဒီ အက်ဇကာရိတ်နှင့် အတူရောက်လာသူ ဖြစ်သည်။ ဗြိတိသျှတို့က အက်ဇကာရိတ်ကို သေသေချာချာ စူးစမ်းပြီးမှ ကုလသမဂ္ဂကိုယ်စားလှယ်ကို လက်ခံသည်။ အာရပ်တို့ကမူ သေနတ်ပစ်၍ ကြိုဆိုသည်။ ဂျူးအေဂျင်စီကမူ နိုင်ငံပေါင်းစုံ အဖွဲ့အစည်းကြီးတစ်ခု၏ ထောက်ခံမှုကို လိုလားသည်။ ဗီဗီယန်ဟားဇော့ကို နော်ဝေကာနယ်၏ ဆက်သွယ်ရေး အရာရှိအဖြစ် ခန့်လိုက်သည်။

အော်ရာသည် သူ့ယောကျ်ားနှင့် တွေ့ရန် စောစောသွားမည်။ ဂျူးအေဂျင်စီတွင် ဥပဒေအကြံပေးအရာရှိနှင့် တိုင်ပင်စရာ ရှိသည်။ ဟာဂါနားအဖွဲ့တွင် သူဝင်ရောက်လုပ်ကိုင်ရန် ထိုပုဂ္ဂိုလ်ထံမှ အကြံဉာဏ် တောင်းရမည်။ အိပ်ခန်းထဲမှ ထွက်အလာ ရွှေနားဆွဲတစ်စုံကို မြင်လိုက်သည်။ ကောက်ယူပြီး အိတ်ထဲထည့်ခဲ့သည်။ ယခုလို ခေတ်မကောင်းချိန်တွင် ဂျူးအမျိုးသမီးတို့သည် ကျက်သရေရှိရှိ ဝတ်စားဆင်ယင်နိုင်သည်ကို နော်ဝေ ဧည့်သည်အား သူ ပြလိုသည်။

ဖောဇီအယ်ကူတပ်သည် ရွှေလက်ပတ်နာရီကို သတိရသည်။ ယင်းမှာ အမျိုးသမီးလက်ပတ်နာရီဖြစ်ပြီး အာရပ် အမျိုးသမီးတစ်ယောက်အတွက် သူရည်ရွယ်ကာ စစ်အတွင်း ဘာလင်မြို့တွင် ဝယ်ခဲ့ခြင်း ဖြစ်သည်။ စစ်က သူတို့နှစ်ယောက်ကို ခွဲလိုက်သည်။ သို့ဖြစ်ရာ အမျိုးသမီးလက်သို့ မရောက်နိုင်။ ယခုမူ ရည်ရွယ်ချက်တစ်ခုဖြင့် ထိုနာရီကို ကူတပ်အသုံးပြုရန် စိတ်ကူးမိသည်။

နာရီထဲမှ ကျောက်များကို ခက်ခက်ခဲခဲ သူဖြုတ်သည်။ ထို့နောက် မိနစ်လက်တံတွင် ဝိုင်ယာကြိုးတစ်ချောင်း ချည်သည်။ တစ်ဖန် အပ်ပူတစ်ခုကို ခြောက်ဂဏန်းထဲ ထိုးထည့်ပြီး နောက်ထပ်ဝိုင်ယာတစ်ချောင်းနှင့် ချည်သည်။ မိနစ်လက်တံသည် ခြောက်ဂဏန်းသို့ ရောက်လျှင် ဗုံးပေါက်ကွဲပြီ။ ယင်းမှာ ကူတပ်နောက်ဆုံးတီထွင်သည့် တီအင်တီ

http://mmteashop.com



တန်ချိန် လေးပုံတစ်ပုံပါသည့် ချိန်ကိုက်ဗုံး ဖြစ်သည်။ ဗုံးသည် သူ့ဘေးက ဖိုဒ်ကားစိမ်း ထဲတွင် ရှိသည်။

ဘင်ယေဟူဒါလမ်း ဗုံးခွဲသည့် အတွေ့အကြုံအရ ကူတပ်သည် ပေါက်ကွဲအား ပို၍များအောင် အားဖြည့်ထားသည်။ ပြဒါး၊ နိုက်ထရစ်အက်ဆစ်နှင့် အယ်လကိုဟော တို့ကိုစပ်ကာ အပြန်အလှန် ဓာတ်ပြုစေခြင်းဖြင့် ပို၍ ပြင်းထန်သည့်ဗုံး ဖြစ်လာသည်။ စနက်တံ အပို နောက်နှစ်ခုကို ကားထဲမှာ ဝှက်ထားသည်။ တစ်ခုမှာ ဖိအားဖြင့် ဖန်တီး ထားသည့် စနက်တံ ဖြစ်သည်။ တီအင်တီယမ်းဘီလူး ထည့်သည့်ပုံးကို မ, လိုက်လျှင် အလိုလို ပေါက်ကွဲမည်။ နောက်တစ်ခုမှာ အကယ်၍ ဒရိုင်ဘာသည် ထိတ်ထိတ်ပျာပျာ ဖြစ်ကာ လက်ပတ်နာရီတွင် ချည်ထားသည့် ဝိုင်ယာကြိုးတို့ကို ဆွဲဖြုတ်လျှင် အလိုလို ပေါက်ကွဲမည့် စနက်တံ ဖြစ်သည်။

ပြင်ဆင်မှုအားလုံး ပြီးစီးလျှင် ကူတပ်က ဒရိုင်ဘာ ဒါအုအား "အသင့်ပဲဟေ့ ကားထဲဝင်ကွာ"ဟု အမိန့်ပေးသည်။

ကားထဲမဝင်မီ ဒရိုင်ဘာသည် ကားရှေ့လက်ယာဘက်က အလံတိုင်တွင် အလံ တစ်ခု တပ်သည်။ ယင်းမှာ အာရပ် ဗြိတိသျှ သို့မဟုတ် ဂျူးလမ်းပိတ်ဆို့မှု အားလုံးကို အလွယ်တကူ ဖြတ်သန်းနိုင်သည့် အမေရိကန်အလံ ဖြစ်သည်။

ဒါအု၏ ခရီးလမ်းဆုံးမှာ အစောင့်များ ထူထပ်စွာချထားသည့် ဂျူးအေဂျင်စီ ဌာနချုပ် ဖြစ်သည်။ ယင်းသို့ မကြာသေးမီက အော်ရာဟားဇော့ ထွက်ခွာသွားသည်။

ပဋ္ဌမမြောက် ဂျော့ဘုရင် ရိပ်သာလမ်းတွင် မားမားကြီးတည်နေသည့် ကျောက် တုံးအဆောက်အအုံတစ်ခုမှာ အက်ဘဒူခါဒါဟတ်ဆေနီနှင့်အတူ ဂျေရုဆလမ်တွင် နေထိုင်လျက်ရှိသည့် အာရပ်တို့ မျက်စိစပါးမွေးစူးစရာ အဆောက်အအုံ ဖြစ်သည်။ နိုင်ငံ ရပ်ခြားမှ ဝင်လာသူများက ထိုအဆောက်အအုံတွင် ဌာနချုပ်ဖွင့်ကာ ပါလက်စတိုင်း သည် သူတို့မြေဖြစ်သည်ဟု ကြွေးကြော်နေကြသည်။ ယင်း၏မြေအောက်ခန်းတွင် နှစ် ပေါင်းသုံးဆယ်အတွင်း ဇီယွန် လှုပ်ရှားမှု၏မှတ်တမ်းများ ရှိသည်။ ယင်းအဆောက်အအုံ မှ တက်ကြွသော ကိုယ်စားလှယ်များ ကမ္ဘာအရပ်ရပ်သို့ လှည့်လည်ငွေစုသည်။ ပါလက် စတိုင်းသို့ ဂျူးများကို ပြန်၍ခေါ်သည်။ ကုလသမဂ္ဂကို ဇီယွန်အရေး သတိပေးနှိုးဆော် သည်။ ထိုဌာနချုပ် ဝရန်တာမှနေ၍ ဘင်ဂူရီယန်သည် ခွဲခြမ်းရေး ဆန္ဒမဲပေးသည့်နေ့က "တို့တစ်တွေဟာ လွတ်လပ်တဲ့ လူမျိုးတစ်မျိုးဖြစ်ပြီ" ဟု ကြွေးကြော်ခဲ့သည်။

ခြံဝင်းကို ဆယ်ပေအမြင့် သံမဏိဝင်းထရံ ကာထားသည်။ အထဲဝင်သူများကို စိစစ်ခွင့်ပြုသည်။ ဟာဂါနား တပ်စုတစ်စု အမြဲ စောင့်ကြပ်လျက်ရှိသည်။ ယခုမူ ဘက်သလယ်ဟန်မှ ခရစ်ယာန်အာရပ်တစ်ယောက်က တီအင်တီယမ်းဘီလူးဗုံးကို ဆောင် ယူကာ ဟာဂါနားအဖွဲ့ဝင်များ ခွင့်ပြုချက်ဖြင့် အထဲသို့ မောင်းဝင်လာတော့မည်။

http://mmteashop.com



ထိုအစီအစဉ်ကို ဒါအုက တင်ပြခြင်းပင် ဖြစ်သည်။ အမေရိကန်ကောင်စစ်ဝန်ရုံးမှ အမြဲတမ်းဒရိုင်ဘာ နှစ်ယောက်အနက် တစ်ယောက်သည် ထိုရုံးနှင့်အလုပ်လုပ်သည့် ဂျူးအတွင်းရေးမှူးနှစ်ယောက်ကို နေ့တိုင်း ကားမောင်းပို့ပေးရသည်။ ဒါအုမှာ ထိုတစ်ယောက် ဖြစ်သည်။ သူ့ကို အစောင့်များက မျက်မှန်းတန်းမိနေသည်။ သူနှင့်ရင်းနှီးသဖြင့် သူက လက်နက်ရောင်းမည် ဝယ်မလားဟူ၍ပင် စပ်ဖူးသည်။ ဤသည်မှာ အက်ဘဒူခါဒါကို အသိပေးပြီး ဆောင်ရွက်ခြင်း ဖြစ်သည်။ ထို့နောက် ပစ္စတိုနှင့်လက်ပစ်ဗုံး အနည်းငယ် ရောင်းဖူးသည်။

တစ်နေ့တွင် ဟာဂါနားအစောင့်တို့က ဘရင်းဂန်း ဝယ်ချင်သည်ဆိုသည်။ ဒါအုအတွက် အခွင့်အလမ်း သာလာပြီ။ သူက ရောင်းမည်။ သို့သော် သူ့ကားကို အထဲဝင်ခွင့်ပြုရမည်။ သို့မှ အရောင်းအဝယ် လူမသိမည်ဖြစ်သည်ဟု တင်ပြသည်။

ဤသို့ဖြင့် ဒါအုသည် ဗုံးတင်လာသည့်ကားကို ဟာဂါနားဌာနချုပ် ရှေ့တည့်တည့်တွင် ရပ်ခွင့်ရသည်။ ဒါအုဘေးတွင် ဟာဂါနားတို့ဝယ်မည့် ဘရင်းဂန်းထည့်ထားသည့် အိတ်တစ်ခုပါလာသည်။ ယင်းမှာ အလွန်တန်ဖိုးကြီးသည်။ အစောင့်များက ငွေသွားယူမည်ဟု အထဲဝင်သွားစဉ် ဒါအုလည်း လမ်းတစ်ဖက်က ကဖေးသို့ စီးကရက်တစ်ဘူး သွားဝယ်မည်ဟုပြောပြီး ထွက်လာခဲ့သည်။

ဒါအု မရှိသည့်နောက်ပိုင်း အစောင့်တစ်ယောက်က ဌာနချုပ်ရှေ့ရပ်ထားသည့် ကားကို သတိထားမိသည်။ ကားထဲဝင်ကာ ဘရိတ်ကိုဖြုတ်ပြီး ကားကိုရှေ့နားသို့ တွန်းပို့ကာ ရပ်ထားစေသည်။ ထိုနေရာမှာ ဗီဗီယန်ဟားဇော့၏ ရုံးခန်း ပြတင်းအောက်တည့်တည့် ဖြစ်သည်။

ကားကို ရှေ့နားတွန်းပို့သည့်အစောင့်မှာ သေသွားသည်။ သို့သော်လည်း ရှယ်လတီးယယ်နှင့် သူ့လက်ထောက်များ ချမ်းသာရာရသည်။ ဗုံးကွဲသဖြင့် ဆယ့်သုံးယောက် သေဆုံးသည်။

ကံကောင်း၍ မသေသူတစ်ယောက်ရှိသည်။ ကားကို ရှေ့နားသို့ တွန်းပို့နေစဉ် ဗီဗီယန်ဟားဇော့သည် ရေချိုးခန်းသို့ဝင်သည်။ ဗုံးကွဲသည်အခါ သူမရှိ။ အခန်းထဲမှ ထွက်လာပြီး ဒဏ်ရာရသူများကို ကူညီသယ်ပို့သည်။ အေဂျင်စီ၏ ဥပဒေအကြံပေးအရာရှိ ရုံးခန်းထဲသို့ ဝင်သွားသည့်အခါ ဟားဇော့ တုန်တုန်ယင်ယင် ဖြစ်နေသည်။ ကြမ်းပြင်ပေါ်လဲနေသော သွေးစွန်းနေသည့် ဖလန်နယ်အညိုရောင်ကို သူမှတ်မိသည်။ "ဘုရားကယ်ပါ၊ ဘာဖြစ်လို့ ဒီနေရာရောက်နေရတာလဲကွယ်" သူတိုးတိုးညည်းရင်း ဒူးထောက်ထိုင်လိုက်သည်။

သူ့ဇနီးထံမှ အဖြေမရ။ ယုယုယယပင်ပွေ့ချီပြီး မျက်နှာမှသွေးများကို ဖယ်ရှားသည်။ ထို့နောက် အောက်ထပ် လူနာတင် ကားရှိရာသို့ သူ့ဇနီးကို သယ်ဆောင်သွားသည်။

http://mmteashop.com



ဖုံးကွဲပြီးနောက် နှစ်နာရီခွဲရှိလျှင် မူလက ချိန်းဆိုထားသည့်အတိုင်း ဗီဗီယန်ဟားဇော့သည် ကုလသမဂ္ဂဌာနချုပ်သို့ ရောက်လာပြီး ကာနယ်ရိုစချာလန်းအား နေ့လယ်စာစားရန် လာ၍ခေါ်သည်။ သူ့ဇနီး ဒဏ်ရာရသဖြင့် မလိုက်ပါနိုင်သည်ကိုလည်းကောင်း၊ သူ့ဝတ်စားဆင်ယင်မှု မသေသပ်သဖြင့်လည်းကောင်း တောင်းပန်သည်။

ထို့နောက် သူတို့နှစ်ယောက် အေဂျင်စီ၏ထိပ်တန်းအရာရှိ တစ်ယောက်ဖြစ်သည့် ရိယူဗင်ရှိုလိုအား အိမ်သို့သွားကြသည်။ ရှိုလိုအားလည်း ဒဏ်ရာရသည်။ မျက်လုံးနှစ်ဖက်နှင့် ပါးစပ်ပေါက်တို့ကိုချန်ကာ ပတ်တီးစည်းထားသည်။ နေ့လယ်စာ စားပွဲတွင် ရှယ်ရီ သောက်သည်။ ထို့နောက် ရှိုလိုအားသည် ပိုက်ဖြင့် စွပ်ပြုတ်ကိုစုပ်သည်။ ဟားဇော့၏ အင်္ကျီတွင် ဇနီး၏ဒဏ်ရာမှ သွေးများ ပေကျံနေသည်။ နော်ဝေကာနယ်သည် သူတို့ကိုကြည့်ကာ အံ့အားသင့်ရာမှ လေးစားစိတ် ဖြစ်ပေါ်လာသည်။

"တို့တစ်တွေဟာ အင်္ဂလိပ်တွေထွက်သွားရင် နိုင်ငံတစ်ခုတည်ဆောက်နိုင်ကြောင်း ဒီလူတွေ နားလည်အောင် ပြရမယ်" ဟားဇော့ ဤသို့တွေးမိသည်။ သို့နှင့် အသက်ဘေးမှ သီသီလေးလွတ်လာသူ နှစ်ယောက်သည် နောင်နှစ်ပေါင်းနှစ်ဆယ် ရှိသည့်အခါ နိုင်ငံသစ်တစ်ခု မည်သို့ထူထောင်မည်ကို ဆွေးနွေးကြသည်။ နော်ဝေကာနယ်၏ မျက်လုံးများတွင် မျက်ရည်များဝေ့လာသည်။ သွေးထွက်သံယိုဖြစ်ရပ်နှင့် ကြုံနေသည့်အကြားမှ ယင်းသို့ ကြံ့ကြံ့ခံကာ အနာဂတ်စီမံကိန်းတစ်ခု ချမှတ်ရန် ကြိုးစားနေသည်ကို သူ လေးစားမိသည်။

"ခင်ဗျားတို့လို ပုဂ္ဂိုလ်တွေရဲ့ဆန္ဒကို ဘယ်သူကမှ တားဆီးမှာမဟုတ်ဘူး" ကာနယ်က တိုးတိုးပြောသည်။

နှစ်ရက်ကြာလျှင် မိုင်ပေါင်း ထောင်ပေါင်းများစွာဝေးသည့် ဝါရှင်တန်ဒီစီတွင် ဗီယွန်ဝါဒီတို့ တစ်ခါအရေးနိမ့်ရပြန်သည်။ ယခုတစ်ကြိမ်တွင်မူ သံတမန်ရေးရာ ကိစ္စဖြစ်သည်။ ထိုနေ့မှာ မတ် (၁၆)စနေနေ့ ဖြစ်သည်။

ဖေဖော်ဝါရီတုန်းက အိပ်ပျော်နေရာမှ နိုးလာပြီး တယ်လီဖုန်းပြောခဲ့သူ ကင်းဆတ်စီးတီးမှ ကုန်သည်ကြီးမှာ ထိုစဉ်က ပြောဆိုခွင့်မရဘဲ ငြင်းပယ်ခံလိုက်ရသည်။ ဟယ်ရီထရူးမင်းနှင့် အက်ဒီဂျေကော့ဆန်တို့မှာ မိတ်ဆွေရင်းချာများ ဖြစ်သည်။ ဂျေကော့ဆန်အဖို့ တစ်ခါဖူးမျှ ထရူးမင်း ယခုလို ဒေါသဖြစ်သည်ကို မကြုံဘူးပေ။ ခါးခါးသီးသီး ငြင်းပယ်သည်ကို မခံရ။ ပထမဆုံးအကြိမ် ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဆောင်ရွက်မပေးနိုင်ဟု ဟယ်ရီထရူးမင်းက ပြောသည်။ ချိမ်းဝိုက်ဇမန်း သို့မဟုတ် အခြားဗီယွန်ခေါင်းဆောင် တစ်ယောက်ကို တွေ့ရန် သူ့မှာ အဆင်သင့် မဖြစ်ဟု ဆိုသည်။

သူနှင့်တွေ့ဖို့ အရေးကြီးသည်။ ရက်အနည်းငယ်က နိုင်ငံခြားရေးဌာနမှ ပါလက်စတိုင်း အရေးကိစ္စနှင့်ပတ်သက်၍ အဆိုပြုချက်တစ်ခု တင်ပြသည်။ ယင်းမှာ ခွဲခြမ်းရေးကို ချက်ချင်း အကောင်အထည် မဖော်သေးဘဲ ကုလသမဂ္ဂ အုပ်ထိန်းမှုအောက်တွင်ထားရန် အဆိုပြုချက် ဖြစ်သည်။ ထရူးမင်းသည် စိတ်နှောင့်နှေးစွာပင် သဘောတူလိုက်ရသည်။ ထိုအဆိုပြုချက်ကို နိုင်ငံခြားရေးဌာနက အကောင်အထည်ဖော်နေပြီ။

http://mmteashop.com



ထရူးမင်းနှင့် ဂျေကော့ဆန်တို့မတွေ့မီ တစ်ရက်က လက်ဘနွန် ကုလသမဂ္ဂကိုယ်စားလှယ်၏ နယူးယောက်ဟိုတယ်အခန်းတွင် နိုင်ငံခြားရေးဌာနမှ အရာရှိသုံးယောက်နှင့် ကမီးရှာမွန်တို့ တိတ်တဆိတ် တွေ့ကြသည်။ အကြောင်းကိစ္စမှာ 'ပါလက်စတိုင်းကိစ္စကို ခွဲခြမ်းရေးထက်သင့်တော်မည့် အခြားနည်းလမ်းများ ရှာကြံရန်' ဆွေးနွေးကြခြင်း ဖြစ်သည်ဟု ရှာမွန်က ဘီရွတ်ရှိ သူ့အကြီးအကဲများထံ ပေးပို့သည့်သံကြိုးအရ သိရသည်။ အာရပ်တို့ဘက်က ဂျူးနှင့်အာရပ်ခရိုင်များ ပါဝင်ဖွဲ့စည်းသည့် တစ်ခုတည်းသော ဖက်ဒရယ်နိုင်ငံကို လက်ခံမည်ဆိုလျှင် အမေရိကန်တို့က ထောက်ခံမည်ဟု သူတို့သုံးဦးက အရိပ်အမြွက်ဆိုသည်။

ဖေဖော်ဝါရီ (၂၀)တွင် တယ်လီဖုန်းဆက်ပြီးနောက် သမ္မတထရူးမင်းက သူ့စိတ်ထားပြောင်းလာပြီဆိုသည့် အရိပ်အမြွက်စကားကို ဆိုသည်။ "ပါလက်စတိုင်းကိစ္စသည် ကျွန်တော့်အဖို့ လွန်ခဲ့တဲ့ နှစ်နှစ်ခွဲကတည်းက ခေါင်းကိုက်ရတဲ့ ကိစ္စဖြစ်သည်။ ဂျူးတို့သည် အလွန်စိတ်လှုပ်ရှားလွယ်သည်။ အာရပ်တို့မှာ ပြောဆိုဆွေးနွေးရခက်သည်။ သို့ဖြစ်ရာ အဖြေတစ်ခုရဖို့ မလွယ်။ နောက်ဆုံးတွင် ဖြေရှင်းရနိုင်မည်ကား သေချာသည်။ သို့သော် ယခု လောလောဆယ်တွင်ကား မလွယ်သေး" ဟု ထရူးမင်းက ရေးခဲ့သည်။

ထရူးမင်း၏ ပြန်ကြားချက်မှာ ကျေနပ်စရာ မကောင်းသော်လည်း ဂျေကော့ဆန်သည် သူနှင့် တွေ့ရန် ဝါရှင်တန်သို့ ရောက်သွားသည်။ အမေရိကန် ဇီယွန်ခေါင်းဆောင်တို့က သူ့ကို ဝေဖန်သဖြင့် ထရူးမင်း ဒေါသထွက်နေသည်ဟု သိရသည်။ "ကျွန်တော့်မိတ်ဆွေ အမေရိကန်သမ္မတသည် ယခုအခါ ဆီးမိုက်ဆန့်ကျင်သူတစ်ယောက် ဖြစ်နေပါလား"ဟု တစ်ကိုယ်တည်း စဉ်းစားမိသည်။ ဤသို့ဖြစ်ရသည်မှာ အမေရိကန် ဇီယွန်ခေါင်းဆောင်များက သမ္မတအပေါ် စွပ်စွဲချက်များကြောင့် ဖြစ်သည်။ ဂျေကော့ဆန်မှာ အံ့အားသင့်ပြီး ထရူးမင်း၏ စားပွဲကို စိုက်ကြည့်နေသည်။ ထိုစဉ် အင်ဒရူးဂျက်ဆန်၏ ရုပ်တုလေးကို တွေ့ရသည်။ မြင်းစီးနေသည့်ပုံ ဖြစ်သည်။

"ဒီမှာဟယ်ရီ၊ ခင်ဗျားဘဝတစ်လျှောက်လုံးမှာ သူ့ရဲကောင်းတစ်ယောက်ကို ကိုးကွယ်ခဲ့တယ်၊ အင်ဒရူးဂျက်ဆန်အကြောင်း ခင်ဗျားလောက် ဖတ်ဖူးတဲ့သူ အမေရိကန်မှာ မရှိဘူး၊ ကင်းဆက်စီးတီး ဂျက်ဆန်ခရိုင် တရားရုံးအသစ် ဆောက်တုန်းက ခင်ဗျားပဲ သူ့မြင်းစီးကျောက်ရုပ်ကို တကယ့်အရွယ်အတိုင်း ဆောက်လုပ်ပြီး တရားရုံးရှေ့ မြက်ခင်းမှာ ဒိုက်ထူခဲ့တယ်။ အခုလည်း ကျွန်တော့်မှာ ကိုးကွယ်စရာ သူ့ရဲကောင်း တစ်ယောက် ခတွေ့နေပြီ သူကတော့ ဂျူးခေါင်းဆောင် ဂျိမ်းဝိုက်ဇမန်းပဲ၊ သူဟာ ကျန်းမာရေးအခြေအနေမကောင်းဘူး၊ ဒါပေမယ့် မိုင်ပေါင်းထောင်ပေါင်းများစွာ ခရီးသွားပြီး သူ့လူမျိုးတွေကို ကယ်တင်ဖို့ ခင်ဗျားဆီလာတင်ပြတာပဲ၊ ခင်ဗျားကို အမေရိကန် ဂျူး ခေါင်းဆောင်တချို့စော်ကားလို့ သူနဲ့ မတွေ့နိုင်ဘူးလို့ ငြင်းဆန်လိုက်တယ်၊ သူတို့ ပြောတာဆိုတာတွေဟာ ဒေါက်ဇမန်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူး။ သူတို့နဲ့ ပေါင်းမယ့် လူလည်း မဟုတ်ဘူး၊

http://mmteashop.com



ခင်ဗျားဟာ အရင် ဟယ်ရီနဲ့ မတူတော့ဘူး ဟယ်ရီ" ဂျေကော့ဆန် ဝမ်းပန်းတနည်း မှတ်ချက်ချသည်။

သူ့စကားဆုံးလျှင် ထရူးမင်း စားပွဲကို လက်ချောင်းများဖြင့် ခေါက်နေသည်ကို တွေ့ရသည်။ ထို့နောက် ထရူးမင်းသည် ဆုံလည်ကုလားထိုင်ကို လှည့်ကာ ပြတင်းမှ အိမ်ဖြူတော်နှင်းဆီပန်းခြံသို့ စူးစိုက်ကြည့်သည်။ "သူ သဘောပြောင်းတော့မယ် ထင်တယ်"ဟု ဂျေကော့ဆန် ထင်သည်။

ထို့နောက် ရုတ်တရက်ကုလားထိုင်ကို ဂျေကော့ဆန်ဘက်သို့ လှည့်ကာ "ဟုတ်ပြီ . . ထိပ်ပြောင်ကောင်ကြီး၊ သူ့ကို တွေ့မယ်၊ နယူးယောက်က တို့ပြန်ရောက်ရောက်ချင်း သူနဲ့တွေ့ဖို့ စီစဉ်ပါလို့ မက်ကို ပြောလိုက်" ဟု ဆိုသည်။

ထို့နောက် ငါးရက်ရှိလျှင် ဟယ်ရီထရူးမင်းနှင့် တွေ့ရန် ချိမ်းဝိုက်ဇမန်းသည် အိမ်ဖြူတော် အရှေ့ဘက်အပေါက်မှ တိတ်တဆိတ်ဝင်သည်။ ပုဂ္ဂိုလ်နှစ်ယောက် လေးဆယ့်ငါးမိနစ်ကြာ ပြောဆိုကြသည်။

အများဆုံးပြောသူမှာ ဝိုက်ဇမန်း ဖြစ်သည်။ သူက သုံးချက်တင်ပြသည်။ လက်နက်တင်သွင်းခွင့် တားမြစ်ခြင်း၊ ခွဲခြမ်းရေးထောက်ခံခြင်းနှင့် ပါလက်စတိုင်းသို့ ဂျူးများ ဝင်ခွင့်ပြုခြင်းတို့ ဖြစ်သည်။

ပထမအချက်ကို နိုင်ငံခြားရေးဌာနက စဉ်းစားနေသည်ဟု သမ္မတက ပြောသည်။ ဂျူးများ ပါလက်စတိုင်းသို့ ပြန်လာခွင့်ကိုမူ သူအမြဲ ထောက်ခံခဲ့သည်ဟု ဆိုသည်။ ဒုတိယအချက်မှာ ပြေလည်စရာအကြောင်း ရှိသည်။ ထရူးမင်းက ဝိုက်ဇမန်းတင်ပြသည်ကို နားလည်သည်။ စိတ်ပြောင်းပြီး ပထမဆုံး အယူအဆအတိုင်း လက်ခံသည်။

အသက်ကြီးပြီဖြစ်သည့် ခေါင်းဆောင်နှင့် ဥရောပအကျဉ်းစခန်းများတွင် ရှိနေသော သူ့လူမျိုးများကို စာနာထောက်ထားသည်။ သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုတွင် ပါလက်စတိုင်းခွဲခြမ်းရေးကို ဆက်လက်ထောက်ခံမည်ဟု ဝိုက်ဇမန်းအား ကတိပေးလိုက်သည်။

ဝိုက်ဇမန်း အိမ်ဖြူတော်မှ ပြန်ထွက်လာပြီး နှစ်ဆယ့်လေးနာရီ မပြည့်မီ မတ် (၁၉) သောကြာနေ့တွင် ကုလသမဂ္ဂ အမေရိကန်ကိုယ်စားလှယ် ဝါရင်းအော်စတင်သည် လုံခြုံရေးကောင်စီသို့ ရုတ်တရက်ဝင်ထိုင်ပြီး မိန့်ခွန်းပြောခွင့် တောင်းဆိုသည်။ သူ့မိန့်ခွန်းကို နိုင်ငံခြားရေးဌာနမှ ကုလသမဂ္ဂ ထိန်းသိမ်းရေးစီမံကိန်းရေးဆွဲသူ လွိုင်ဟင်ဒါဆင် က မူကြမ်းရေးသည်။ နိုင်ငံခြားရေးဝန်ကြီး ဂျော့၊ စီ၊ မာရှယ်က မတ် (၁၆)အင်္ဂါနေ့ဟွင် အော်စတင်ထံ ပေးပို့လိုက်ပြီး အမြန်ဆုံး ပြောကြားရန် ညွှန်ကြားသည်။ ဝိုက်ဇမန်းနှင့် မတွေ့မီ ထရူးမင်း အတည်ပြုချက် ပေးလိုက်သည့် ဆုံးဖြတ်ချက်မှတ်တမ်းနှင့် အနည်းငယ်သာ ကွဲပြားသည်။ ထရူးမင်းနှင့် ဝိုက်ဇမန်းတွေ့သည်ကို နိုင်ငံခြားရေးဌာနတွင် မည်သူမျှ မသိ။ အော်စတင်လည်း မသိ။

http://mmteashop.com



ယခုမူ အော်စတင်သည် ဝါကျတစ်ပိုဒ်ချင်း ဖတ်ပြသည်။ ပါလက်စတိုင်းခွဲခြမ်းရေးကို အမေရိကန်က ကာလအကန့်အသတ်မရှိ ဆိုင်းငံ့ထားရန် အဆိုပြုသည်။ လုံခြုံရေးကောင်စီ တစ်ခုလုံး အံ့အားသင့်ကာ စဉ်းစားမရနိုင်ဖြစ်ပြီး ငြိမ်ကျသွားသည်။ ဧည့်သည်ခန်းမဆောင်တွင် ရောက်နေသော အမေရိကန် ဇီယွန်ဝါဒီတို့ မျက်ရည်ကျသည်။ အာရပ်ကိုယ်စားလှယ်များကား ဦးစွာပထမ ဘာမျှ နားမလည်။ နဝေတိမ်တောင်ဖြစ်သွားသည်။ နောက်မှ ဝမ်းသာအားရ ဖြစ်သွားကြသည်။

အမေရိကန်အစိုးရသည် လုံခြုံရေးကောင်စီအား ပါလက်စတိုင်းခွဲခြမ်းရေးလုပ်ငန်း မှန်သမျှကို ရပ်ဆိုင်းထားရန်နှင့် အထူးအထွေထွေညီလာခံ ခေါ်ယူပြီး ဗြိတိသျှထိန်းသိမ်းရေး မတ်(၁၅)တွင် ကုန်ဆုံးသည့်အခါ ပါလက်စတိုင်းအား ကုလသမဂ္ဂအုပ်ထိန်းမှုအောက်တွင် ထားရှိရန် တရားဝင်တောင်းဆိုလိုက်သည်။ "အာရပ် ခုခံရေးတိုက်ပွဲများ ရှိနေသမျှ ကာလပတ်လုံး ခွဲခြမ်းရေးကို ငြိမ်းချမ်းစွာ အကောင်အထည်မဖော်နိုင်ဟု ယုံကြည်ကြောင်း" အော်စတင်က တင်ပြသည်။ အရေးပေါ်အခြေအနေအရ ဝင်၍ မထိန်းသိမ်းလျှင် ထိုဒေသတွင် အကြမ်းဖက်မှုများ သွေးချောင်းစီးမှုများဖြစ်ပွားမည်ဟု အမေရိကန်က ယုံကြည်သည်။ အကြမ်းဖက်လျှင် အရှေ့အလယ်ပိုင်းတစ်ခုလုံး ဆူပူမှုများ ကူးစက်သွားပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်စရာ ရှိသည်ဟု အော်စတင်က တင်ပြသည်။

ဇီယွန်ဂိုဏ်းသားတို့ စိတ်ဆိုးသည်။ အမေရိကန်၏ အပြုအမူသည် သစ္စာဖောက်ခြင်း ဖြစ်သည်။ ခွဲခြမ်းရေးအား အာရပ်ဆန့်ကျင်မှုကို ခေါင်းငုံ့ခံပြီး လက်နက်ချလိုက်ခြင်းဖြစ်သည်။ နောက်တစ်နေ့ကား စနေနေ့ ဖြစ်သည်။ ထိုနေ့တွင် အမေရိကန်နိုင်ငံ တစ်ဝန်းဂျူးဘုရားကျောင်းများတွင် ပူဆွေးငိုကြွေးသည့် ဝတ်ပြုမှုများ ပြုလုပ်ကြသည်။ အာရပ်ကိုယ်စားလှယ် အဖွဲ့သည် အောင်ပွဲခံသည်။ 'ခွဲခြမ်းရေး' ကျဆုံးသွားပြီ။ သူတို့ဘက်မှာ အောင်ပွဲရှိသည်။

ဂျေရုဆလမ်တွင် အာရပ်တို့ သေနတ်များ မိုးယံသို့ ပစ်ဖောက်ကာ ထို အဆိုပြုချက်ကို ကြိုဆိုသည်။ ဘီရွတ်တွင် ရှိနေသော ဟတ်ချ်အာမင်ဟတ်ဆေနီက 'အမေရိကန်သည် မကြာမီ တရားမျှတမှု လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်လာမည်ဖြစ်သည်ဟု ယုံကြည်ကြောင်း' ကြေညာသည်။ ဒေးဗစ်ဘင်ဂူရီယန်က အော်စတင်၏ မိန့်ခွန်းကို လက်နက်ချခြင်းဟု အပြစ်တင်ပြီး အမေရိကန်ထောက်ခံမှု ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဂျူးနိုင်ငံထူထောင်နိုင်သည့်အချိန် ရောက်လာစေရမည်ဟု သူ့နိုင်ငံသားတို့အား ကတိပေးသည်။

အော်စတင်၏ မိန့်ခွန်းကို ကြားရလျှင် အမေရိကန်သမ္မတအိမ်တော်လောက် ဘယ်သူမျှ စိတ်ဆိုးကြမည်မထင်။ ထရူးမင်း ဒေါသထွက်သည်။ နိုင်ငံခြားရေးဌာနက တင်ပြသည့် ဆုံးဖြတ်ချက်မှတ်တမ်းကို ထုတ်ပြန်ကြေညာခြင်း မပြုဘဲ သူကြိုက်သလောက်

http://mmteashop.com



အချိန်ယူ ထိန်းထားနိုင်ခွင့် ရှိသည်။ အချိန်အခါသင့်မှ တရားဝင်ကြေညာမည် ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံခြားရေးဌာနနှင့် ဆက်သွယ်စရာမလိုဟု ထရူးမင်း သဘောရသည်။ ဝိုက်ဇမန်းနှင့် ပြောဆိုဆွေးနွေးပြီးနောက် အမေရိကန်အစိုးရသည် ခွဲခြမ်းရေးကို ဆက်လက် ထောက်ခံမည်ဟု ထရူးမင်း ပိုင်းဖြတ်ထားသည်။ အော်စတင်၏ မိန့်ခွန်းမှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခွဲခြမ်းရေးဆန့်ကျင်သူများ၏ ကြိုးပမ်းချက်ဖြစ်သည်ကို သူ နားလည်သည်။ ထို ဆန့်ကျင်ရေးအုပ်စုက သူ့ကို ကြံရာပါဖြစ်အောင် တမင်လုံခြုံရေး ကောင်စီတွင် မိန့်ခွန်းပြောခြင်း ဖြစ်သည်။

တကယ်တော့လည်း ထရူးမင်းမှာ ကြံရာပါတွင် အကျုံးဝင်သလိုဖြစ်နေသည်။ အော်စတင်၏ မိန့်ခွန်းကို တရားဝင် သူ မငြင်းဆိုနိုင်။ ကုလသမဂ္ဂတွင် အမေရိကန် နိုင်ငံရေးဝါဒ အပြောင်းအလဲလုပ်လျှင် ပြည်တွင်းအုပ်ချုပ်ရေးတွင် သူ့အစိုးရ၏ ခေါင်းဆောင်မှုကို ပြည်သူတို့က အယုံအကြည်ရှိမည် မဟုတ်တော့။ ဆက်လက် ထောက်ခံနေလျှင်လည်း သူ့အုပ်ချုပ်ရေးပျက်ပြားသွားနိုင်သည်။ သို့ဖြစ်ရာ ယခုအခိုက် အတန့်တွင် ပါလက်စတိုင်းကို ကုလသမဂ္ဂအုပ်ထိန်းမှုအောက်တွင် ထားရှိမည်ဟူသော လမ်းစဉ် အတိုင်း မျှောလိုက်သွားရန်သာ ရှိလေသည်။

တစ်ဦးချင်း အယူအဆကိုမူ ထရူးမင်းထုတ်ဖော်ရန် ဝန်မလေး။ မကျေနပ်သည် ကိုလည်း ပြရမည် ဖြစ်သည်။ အော်စတင် စကားပြောပြီးနောက် ဆယ့်တစ်နာရီတွင် သူ့ဆီသို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိသည့် တရားသူကြီးဆမ်မျူယယ်ရိုဆင် မန်းကို အရှာခိုင်းသည်။ ချိမ်းဝိုက်ဇမန်းထံသို့ ရိုဆင်မန်းကိုလွှတ်ပြီး သူကတိပေးလိုက် သည့် စကားများသည် အတည်ဖြစ်သည်။ ယင်းအတိုင်း ဆောင်ရွက်မည်ဟု အပြောခိုင်း လိုက်သည်။

အိမ်ဖြူတော် အကြံပေးအရာရှိ ကလတ်ကလစ်ဖို့အား ထိုနေ့က လုံခြုံရေး ကောင်စီတွင် မိန့်ခွန်းပြောသည်မှာ ဘယ်သူက ဘယ်လိုစီစဉ်သည်ကို စုံစမ်းခိုင်းသည်။ မာရှယ်နှင့် ပါလီမန်အတွင်းဝန် ရောဘတ်လိုဗက်တို့မှာ ထရူးမင်း၏ အမျက်ဒေါသကို လည်စင်းခံကြရသည်။ သို့ပြင်လည်း အော်စတင်၏ မိန့်ခွန်းရေးသားသူကား နိုင်ငံခြား သို့ခရီးသွားရဖို့ ကြုံလာသည်။ သမ္မတ၏ အထူးသံတမန်အဖြစ် လွှိုင်းဟင်ဒါဆင်ကို အမေရိကန်သံအမတ်အဖြစ် ရာထူးသစ်ဖန်တီးကာ နီပေါနိုင်ငံ ကတ်မန်တူသို့ စေလွှတ် ခန့်ထားလိုက်လေသည်။

ooo

http://mmteashop.com



## အပိုင်း (၁၇)

## ကွန်ဗွိုင်းကားများ ရောက်လာမည်မဟုတ်

(၁၉၄၈) မတ်လမှာ ဂျေရုဆလမ်တွင် အလွန်အေးသည်။ သက်ကြီးရွယ်အိုများက ဒီလောက်အေးသည့် ရာသီမျိုးမကြုံခဲ့ဟု ဆိုသည်။ ညလယ် ပြဒါးချိန်တွင် သုညဒီဂရီ အောက်သို့ ကျသွားသည်။ ဒေးဗစ်ရှယ်လတီးယယ်နှင့် ဟတ်ချ်အာမင်ဟတ်ဆေနီတို့၏ စစ်သားများ ခိုက်ခိုက်တုန်အောင် အေးသည်။ နှင်းမုန်တိုင်းများ ကျသည်။ မိုးသီးများ ရွာသည်။ ရိုင်ဖယ်ထိပ်ဖျားဟိုဘက် ဘာကိုမျှ မမြင်ရ။ ရိုင်ဖယ်ကိုင်သောလက်များ ဆတ်ဆတ်တုန်နေသည်။

ရာသီကအေးသော်လည်း တိုက်ပွဲကား လျော့မသွား။ ဂျေရုဆလမ်မြို့တွင် မာမီး လားလမ်းမှသည် ဂျက်ဖာတံခါးအထိ ဒေသများသည် သေနတ်ပစ်ကွင်းများ ဖြစ်လာသည်။ တစ်မနက်ခင်းတွင် သေနတ်သံမစဲသဖြင့် ဂျာမန် ဂျူးအဘွားအို တစ်ယောက်သည် သူပိုင်ဆိုင်သည့် ရှေးဟောင်းပစ္စည်းအရောင်းဆိုင်မှ ပစ္စည်းတို့ကို ထုပ်ပိုးကာ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ရန် လှည်းတစ်စီးဖြင့် လာခဲ့သည်။ ကိုက် ငါးဆယ်လောက်ရောက်လျှင် မြို့ဟောင်းတံတိုင်းတွင် ပုန်းနေသော အာရပ်လက်ဖြောင့် တပ်သား၏ ကျည်ဆန်နောက် အသက်ပါသွားသည်။ ရက်အနည်းငယ်ရှိသည့်အခါ ဂျူး လက်ဖြောင့်တပ်သား လက်ချက်ကြောင့် ခြောက်ဆယ်အရွယ် မိတ်ဆွေတစ်ယောက် ထိုနေရာမှာပင် သေဆုံးသွားသည်ကို အီဘရာဟင်ဂျာနီ မြင်လိုက်ရသည်။

ဒေးဗစ်ရှယ်လတီးယယ်သည် အတတ်နိုင်ဆုံး တိုက်ပွဲအရှိန်ကို မြှင့်သည်။ ဘပ်သားသစ်များ စုဆောင်းသည်။ ဆယ့်ရှစ်နှစ်မှ လေးဆယ့်ငါးနှစ်အတွင်း ယောကျ်ားများ သူ့ဆီလာ၍ မှတ်ပုံတင်စာရင်းပေးရန် အမိန့်ထုတ်သည်။ ဟာဂါနားအဖွဲ့ဝင်များသည် လက်ပတ်များပတ်လျက် ကဖေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ရုပ်ရှင်ရုံများသို့ ဝင်ကာ မှတ်ပုံတင်ကတ်ပြားများ စစ်ဆေးသည်။ သူတို့၏ ဆယ့်ရှစ်နှစ်အရွယ်ရှိ သားငယ် စစ်မှုထမ်းရမည်စိုးသဖြင့် လန်ဒန်သို့ စေလွှတ်လိုက်သည့် မိသားစုအား ဒဏ်ငွေ ဒေါ်လာ ခလေးထောင် ပေးဆောင်စေသည်။

http://mmteashop.com



သူတို့သားကို ပြန်၍ ခေါ်ပေးရမည်ဟုလည်း ဆိုသည်။ ဟာဂါနား၏ လူငယ်လေ့ကျင့်ရေးသင်တန်းကို ထပ်၍ တိုးချဲ့သည်။ ဒီဇင်ဘာလ ကုန်ခါနီးတွင် ဟာဂါနားက အဆက်မပြတ်တိုက်ခိုက်သဖြင့် ရှိတ်ဘာဒါးတွင် ဖွင့်လှစ်ထားသည့် အာရပ်လေ့ကျင့်ရေးစခန်းကို အာရပ်တို့ စွန့်လွှတ်လိုက်ရသည်။ တပ်မှူးတောင်ကုန်းဟု နာမည်ပေးထားသည့် ဂိဗက်ရမ်တွင် မတ်လအလယ်၌ တစ်နေ့လျှင် ယောကျ်ားမိန်းမလူနှစ်ရာ စစ်ရေးလေ့ကျင့်ပေးသည်။

ပါလက်စတိုင်း အခြားဒေသများမှာလိုပင် ဂျေရုဆလမ်တွင်လည်း အာရပ်လူလတ်တန်းစားများ တဖြည်းဖြည်းပျောက်ကွယ်နေသည်။ စစ်နှင့်လွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ ထို့အတွက် အာရပ်တို့မှာ စိုးရိမ်စပြုလာသည်။ ပါလက်စတိုင်းနိုင်ငံသားလူငယ်များ သူတို့မြို့ရွာများမှ ထွက်ပြေးကာ အိမ်နီးချင်းအာရပ်နိုင်ငံများတွင် နေထိုင်လျက်ရှိသည်ကို မိမိသိကြောင်းဖြင့် ဟတ်ခ်ျအာမင်ဟတ်ဆေနီက မတ်လ (၈)ရက်တွင် ဆီးရီးယား၊ အီဂျစ်နှင့် လက်ဘနွန်နိုင်ငံအစိုးရများသို့ စာရေးအကြောင်းကြားသည်။ အာရပ်အဆင့်မြင့် ကော်မတီ၏ ခွင့်ပြုချက်မပါဘဲ မည်သူမျှ ပါလက်စတိုင်းမှ ထွက်ခွင့်မပြု။ တိုက်ပွဲများ စကတည်းက ပါလက်စတိုင်းမှ ထွက်ခွာသွားကြသူများသည် အမျိုးသားရေးအကျိုးစီးပွားအတွက် ပြန်လာသင့်သည်။ အထက်ပါ သုံးနိုင်ငံအားလည်း သူတို့နိုင်ငံများတွင် နေထိုင်ခွင့်ကာလ တိုးမပေးသင့်ဟု ရေးသားအကြောင်း ကြားသည်။

ပထမစည်းကမ်းကို ဟတ်ခ်ျအာမင်၏ နိုင်ငံရေးမဟာမိတ်များအတွင်း ခြွင်းချက်အဖြစ် သတ်မှတ်သည်။ ဂျေရုဆလမ်တွင် ရှိနေသော လက်ဘနွန်ကောင်စစ်ဝန်၏ အစီရင်ခံစာတွင် အာရပ်အဆင့်မြင့်ကော်မတီ၏ ခေါင်းဆောင်များ တိုင်းပြည်မှ ထွက်ပြေးကြသဖြင့် အာရပ်တို့ မကျေမနပ်ဖြစ်နေကြောင်း ပါရှိသည်။ ထို့အတူ အိမ်နီးချင်း အာရပ်နိုင်ငံတို့က ကတိပေးထားသည့်အတိုင်း ထိရောက်သည့် အကူအညီမပေးခြင်း၊ ကတိမတည်ခြင်းနှင့် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက ရန်သူကို ချေမှုန်းမည်ဟု အခြောက်တိုက် ကြွေးဝါးခဲ့ခြင်းတို့အတွက် မကျေမနပ် ဖြစ်လာကြသည်။ အာရပ်နိုင်ငံများအား အကူအညီပေးရေးကို သူ တောင်းဆိုခဲ့သည်။

မြို့နေ လူနေမှုဘဝမှာ မပြောင်းလဲ။ ဂျူးကျောင်းသားများ ဘာသာရေးပွဲတော်ကျင်းပဆင်နွှဲသည့်အခါ ယခုနှစ်တွင် မီးပန်း မရှို့ရ။ ပျောက်အိုးမဖောက်ရ။ အသံမြည်သော ကစားစရာပစ္စတို့များ မပစ်ရဟု တားမြစ်သည်။

နေထိုင်ပုံနေထိုင်နည်း အပြောင်းအလဲများ ရှိသည်။ ဂျေရုဆလမ်မြို့စွန်ပိုင်းတွင် နေထိုင်သည့် ဟယ်ရီလွဲဗင်နှင့် အိမ်နီးချင်းတို့မှာ ကျည်ဆန်အန္တရာယ်ကြောက်သဖြင့် အိမ်ထဲမအိပ်ရဲဘဲ ဝရန်တာများတွင် ထွက်အိပ်ကြရသည်။ အမ်ဘရာနှင့် ဆာလီခါလီဒီတို့မှာ ကျည်ဆန်မလာနိုင်သော အိပ်ခန်းသို့ ပြောင်းအိပ်ရသည်။ သူတို့သမီးမှာ နှင်းဆီပန်းခြံပျက်စီးသွားသဖြင့် ဝမ်းနည်းမိသည်။ သူ့အဖေ၏ အာရပ်ကောလိပ်နှင့် ဘင်ဇဗီစိုက်ပျိုးရေးကျောင်းတို့မှာ ဂျူဒီယာတောင်ကုန်းနှင့် နီးသဖြင့် နယ်ခြားဒေသလိုဖြစ်နေ

http://mmteashop.com



သည်။ ထို့ကြောင့် ပန်းခြံထဲမှ မြေကြီးများ တူးကာ သဲအိတ်များအဖြစ်ထည့်ပြီး အကာအကွယ်ယူရသည်။ ထို့ကြောင့် သူ့နှင်းဆီခြံ ပျက်စီးသွားသည်။

ဂျေရုဆလမ်မြို့လယ်တွင် အဆောက်အအုံတစ်ခု၏ တံခါးများ ပိတ်သွားသည်။ ထိုနေရာကို ဟာဂါနားအဖွဲ့က သိမ်းမည်ဟု အကြောင်းကြားသည်။ ယင်းမှာ မက်ဟက်ဆေး၏ စားသောက်ဆိုင် ဖြစ်သည်။ မတတ်နိုင်။ သူပိုင်သည့် ဘာဗေးရီးယားခွက်ယောက်ပန်းကန်များ၊ ချက်ဖန်ခွက်များနှင့် ငွေဇွန်း ငွေခက်ရင်းများကို သိမ်းဆည်းထုပ်ပိုးကာ အာရပ်များ၊ ဗြိတိသျှများနှင့် ဂျူးများ လွတ်လွတ်လပ်လပ် စုဝေးနိုင်သည့် မြို့တော်တစ်နေရာသို့ ပြောင်းရွှေ့သွားသည်။

မြို့အခြေအနေမှာ တဖြည်းဖြည်း ချောက်ချားစရာကောင်းလာသည်။ အမြော်အမြင်ရှိသူတို့က ရှေ့ရေးကို ကြိုမြင်ပြီး ပစ္စည်းများစုကြသည်။ စာတိုက်အမှုထမ်း ဒိုဗ်ဂွက်တဲသည် မြို့ထဲမှ တယ်လီဖုန်းများကို ရနိုင်သမျှ စုဆောင်းသည်။ အစိုးရရုံးတစ်ရုံးမှ နောက်တစ်ရုံးသို့ ဝင်ကာ တယ်လီဖုန်းများကို ဖြုတ်ပြီး အိတ်အမည်းကလေးထဲတွင် ထည့်ကာသိမ်းသည်။ နောင် ဂျူးနိုင်ငံသစ် ထူထောင်သည့်အခါ သူစုဆောင်းထားသော တယ်လီဖုန်းများ လိုသည်ထက်ပိုနေသည်။

သူ့လုပ်ငန်းကြောင့် ဆက်သွယ်ရေးအချို့ နှောင့်နှေးသွားသည်။ လန်ဒန်မှ ဂျေရုဆလမ်သို့ ပေးပို့သည့် သံကြိုးတစ်စောင်သည် ခြောက်ရက်ကြာမှ သူ့အိမ်သို့ ရောက်သည်။ အိမ်နှင့် စာတိုက်မှာ ကိုက်ငါးရာသာ ဝေးသည်ဟု ဂျူးတစ်ယောက်က စိတ်ဆိုးမာန်ဆိုးပြောသည်။ အချို့သတင်းစကားများသည် ထူးဆန်းသည့် ဆက်သွယ်ရေးလမ်းကြောင်းများအတိုင်း ရောက်လာသည်။ ဟာဂါနားအဖွဲ့မှ အရာရှိရှုလမ်ဒရောသည် အာရပ်ချုံခိုအတိုက်ခံရသဖြင့် သံချပ်ကာကားထဲတွင် ပိတ်မိနေသည်။ ထိုစဉ် ဝိုင်ယာလက်မှတစ်ဆင့် ဝမ်းသာစရာသတင်းတစ်ခု သူ ကြားရသည်။ ဒရောမှာ ဂျာမနီပြည်တွင် မွေးဖွားလာသူ ဖြစ်သည်။ သူ့မိဘများနှင့် ဒုတိယကမ္ဘာစစ်စသည်မှ ယခုအထိ မတွေ့ရ။ ယခု သတင်းစကားတွင် သူ့မိဘများ ဟိုင်ဖာမြို့သို့ ရောက်နေပြီဟု ဆိုသည်။ ယခုဆိုလျှင် မိဘများကို မကြိုဆိုနိုင်။ ဒရောမှာ ချုံခိုတိုက်ပွဲတွင် ဆက်လက်အသက်ရှင်နိုင်ဖွယ် မရှိ။ သေဖို့က များသည်။

တိုက်ပွဲမှာ ပြင်းထန်လာသည်။ ဂျေရုဆလမ်အဝင်အထွက်လမ်းများကို နှစ်ဖက်စလုံးက စီးမိရန် ကြိုးစားကြသည်။ ယခုအထိမူ အက်ဘဒူခါဒါဟတ်ဆေနီမှာ အသာစီးရနေသည်။ ဟာဂါနားတို့၏ ကွန်ဗွိုင်းကားများ ဂျေရုဆလမ်မြို့ထဲ ရောက်ရန် မလွယ်။ မြို့၏ ရိက္ခာအခြေအနေမှာ မကောင်း။ အစာအာဟာရ တဖြည်းဖြည်း ရှားပါးလာသည်၊ ဂျူးမြို့တော်ကို တစ္ဆေကြီးတစ်ကောင်က ခြောက်လှန့်နေသည်။ တစ္ဆေကြီးမှာ အငတ်ဘေး တစ္ဆေကြီး ဖြစ်လေသည်။

http://mmteashop.com



ဂျေရုဆလမ်မြို့ရှိ ပြင်သစ်ကောင်စစ်ဝန်ချုပ်၏သမီး ဆေဘိုင်းနယူးဗီးသည် ပြင်ဆင်ထားသော စားပွဲကို ကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေသည်။ ဂျေရုဆလမ်မှာ အငတ်မြို့တော် ဖြစ်ချင်ဖြစ်မည်။ သို့ငြားလည်း မတ်လ ညနေချမ်းတွင်မူ သူ့အိမ်၌ စုဝေးကြမည့် လူနှစ်ဆယ့်ရှစ်ယောက်သည် အမှတ်တရ ညစာစားပွဲတစ်ခုကို ကျင်းပကြမည်။ စားပွဲတွင် ဒမားဆင်း ရွှေနားကွပ်စားပွဲခင်း ခင်းထားသည်။ လီမော့ ကြွေထည်များမှ နှင်းဆီပန်းကုံးဒီဇိုင်းမှာ အလွန်လှသည်။ ဘာကရက်ဖန်ခွက်များဖြင့် သူတို့ အရက်သောက်ကြမည်။ ညစာစားပွဲတွင် အရှေ့တိုင်း၏ အနုအလှလက်ရာများနှင့် ပြင်သစ်၏ ကျက်သရေဆောင်လက်ရာတို့ ရောယှက်နေသည်။ အရှေ့နှင့်အနောက် လှပစွာ ပေါင်းစပ်ထားသည်။ သို့ငြားလည်း နယူးဗီး၏ ဧည့်သည်များတွင် အာရပ်နှင့် ဂျူး တစ်ယောက်မျှမပါ။ ဥရောပနိုင်ငံနှစ်ခုဖြစ်သည့် ပြင်သစ်နှင့် အင်္ဂလန်၏ ကိုယ်စားလှယ်များ ညစာစားပွဲသို့ ဖိတ်ကြားထားသည်။ နှစ်နိုင်ငံစလုံး ဤဒေသတွင် နှစ်တစ်ရာကျော် ခြေကုပ်ရရန် ကြိုးပမ်းခဲ့ကြသည်။ တစ်ဦးကို တစ်ဦး ရန်စောင်ခဲ့ကြသည်။ ယခုမူ နယူးဗီး၏ ထမင်းစားပွဲသည် ဤဒေသကို စိုးမိုးရန် တိုက်ပွဲဝင်နေကြသည့် ဆီးမိုက်မျိုးနွယ်တို့ လက်သို့ အပ်ရတော့မည့် အမှတ်တရ ညစာစားပွဲနှင့် တူနေသည်။ တိုက်ပွဲများ ပြင်းထန်သည်။ တစ်ဖက်နှင့် တစ်ဖက် ရက်ရက်စက်စက် သုတ်သင်ချေမှုန်းကြသည်။ သို့ငြားလည်း ပြင်သစ်၊ အင်္ဂလန် နှစ်နိုင်ငံထက်မူ ယခု ဆီးမိုက်တို့က သူတို့မြေ သူတို့ ပြန်လည်ယူရသည့် တိုက်ပွဲဖြစ်သဖြင့် တရားသည်။

မဒမ်နယူးဗီး၏ ဧည့်သည်များသည် ပြတင်းများမှတစ်ဆင့် ဂျူးတို့၏ အထွတ်အမြတ်မြို့ဟောင်းကြီးကို မြင်နိုင်သည်။ ယင်းတို့တွင် လွန်ခဲ့သည့် အနှစ်တစ်ထောင်ကပင် ဂျူးဘေးဘိုးဘီဘင်တို့ အခြေချခဲ့ကြသည်။

ဧည့်သည်များကို ငါးကြော်၊ အမဲပြုတ်ကြော်၊ ချဥ်ရည်ဆော့၊ အင်္ဂလိပ်တို့ ကြိုက်တတ်သည့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များဖြင့် တည်ခင်းဧည့်ခံသည်။ နယူးဗီး၏ ဝိုင်ခန်းထဲမှ အထူးစုဆောင်းထားသည့် အယ်လဆက်ဝိုင်နှင့် ဘောရဒိုးဝိုင်များ တိုက်သည်။

မဒမ်နယူးဗီးက ဧည့်သည်များကို နေရာချထားသည်။ ဆာအယ်လင်ကန်နင်ဟမ်၊ တရားဝန်ကြီးချုပ် ဆာဝီလျမ်ဖစ်ဇဂျရယ်၊ ပို့ရှယ်ချောမွေ့ပြီး ပြင်သစ်စကား ကောင်းကောင်းတတ်သည့် ကန်နင်ဟမ်၏ ကိုယ်ရံတော်နှစ်ယောက်တို့ ပါဝင်သည်။

ဂုဏ်သရေရှိ အမျိုးသမီးများသည် ညနေပိုင်းဝတ် ဂါဝန်များဖြင့် တောက်ပြောင်ဝင်းလက်နေသည်။ စားပွဲတွင် ငွေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော ဖယောင်းတိုင်ထွန်းညှိသည့် ကလပ်များရှိသည်။ ယင်းအတွက် ဆေဘိုင်းနယူးဗီး ဂုဏ်ယူသည်။ ဖယောင်းတိုင်ကလပ်အခြေတွင် ရွှေရောင်အန်စာလုံးများ တံဆိပ်ခတ်ထားသည်။ ယင်းတို့မှာ မူလပိုင်ရှင် နပိုလီယန်ဘိုနာပက်၏ အမှတ်အသား ဖြစ်လေသည်။

ထိုနေရာနှင့် ကိုက်ငါးရာလောက်ဝေးသည့် ဒေးဗစ်မျှော်စင်၏ နောက်ဘက်တွင်

http://mmteashop.com



လူနှစ်ယောက် အငြင်းအခုံဖြစ်ပွားနေကြသည်။ လက်ထဲတွင် ကိုင်ထားသည့် ဟိတ် ဝီစကီပုလင်းတစ်ဝက်ကို သူ အကုန်သောက်မည် မသောက်ရမည် ဆွေးနွေးနေကြခြင်း ဖြစ်သည်။ သူတို့နောက်တွင် မော်ဇီအယ်ကူတပ် ခိုးထားသည့် ဗြိတိသျှ စစ်သုံးထရပ်ကားတစ်စီး ရှိသည်။

သည်တစ်ကြိမ် တီအင်တီ ယမ်းဘီလူးဗုံးများကို ခွဲမည့်သူမှာ ပြင်သစ်တပ်မတော် သားဟောင်းတပ်ကြပ်လေး ခါဒိုဝါမင်ဆာပါ ဖြစ်သည်။ သူသည် တူးနစ်နိုင်ငံသားဖြစ်ပြီး အယ်ကွန်ဆီအဖြစ် လူသိများသည်။ သူ့ကို ဝီစကီပုလင်းပေးကာ ကူတပ်စုဆောင်းထားသည်။ ရေငတ်နေသော အယ်ကွန်ဆီသည် ဝီစကီပုလင်းတစ်ဝက်လောက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ကူတပ်က ကျန်သည့်တစ်ဝက်ကို ယခု မသောက်နှင့်ဟု တားသည်။ သောက်လျှင်မူ သူခွဲမည့် ဗုံးများပါသည့် ထရပ်ကားသည် အာရပ်ရွာ တစ်ရွာထဲ ရောက်သွားမည် စိုးရိမ်သည်။

အယ်ကွန်ဆီက ပုလင်းကို တောင်းသည်။ နောက်ဆုံးတွင် ကူတပ်လက်လျှော့လိုက်သည်။ "ပြန်လာရင် နောက်ဘယ်တော့မှ အရက်မသောက်ပါဘူးလို့ ကတိပေးရင် ငါပေးမယ်" ကူတပ်ပြောသည်။

အယ်ကွန်ဆီ ကတိပေးလိုက်သည်။ ထို့နောက် ကျန်ပုလင်းဝက်ကို တစ်ခါတည်း မော့ချလိုက်သည်။ ကူတပ် မျက်လုံးများပင် မယုံကြည်နိုင်ဖြစ်လာသည်။ "ကျွန်တော် ပြန်လာပြီး အရက်ဖြတ်ရမယ်ဆိုရင် ကျွန်တော့်ကို မိန်းမတစ်ယောက် ရှာပေးရမယ်နော်"ဟု တောင်းဆိုသည်။

ကွန်ဆီ၏ ထရပ်ကားသည် ဟင်နွမ်ချိုင့်ဝှမ်းဆီသို့ မောင်းနှင်သွားသည်။ ထိုအရပ်ရှိ ကျောက်တုံးအိမ်များမှနေ၍ ဂျူးလက်ဖြောင့်တပ်သားတို့သည် ဘက်သယ်ဟမ် ဆီသို့ သွားသော အက်ဘဒူခါဒါဟတ်ဆေနီ၏ ကားများကို ချောင်းမြောင်းပစ်ခတ်သည်။ ထို့ကြောင့် ဖောက်ခွဲရန် ဟတ်ဆေနီရွေးထားခြင်း ဖြစ်သည်။ ထိုရပ်ကွက်မှာ မဒမ်နယူးဗီး၏ ထမင်းစားခန်း ပြတင်းများအောက်တည့်တည့်တွင် တည်ရှိသည့် မွန်တီဖိုင်ယိုရီ ဝန်းကျင်ဒေသ ဖြစ်သည်။

ပြင်သစ်နှင့် ဂရိတ်ဗြိတိန်တို့၏ နှုတ်ဆက်အမှတ်တရ ညစာစားပွဲကို ကူတပ်က ဗုံးဖောက်ခွဲကာ ကြိုဆိုဂုဏ်ပြုလိုက်သည်။ ဗုံးကွဲသဖြင့် အိမ်သုံးဆယ် ပျက်စီးကာ ဆယ့်ငါးယောက် ဒဏ်ရာရသည်။ အမြော်အမြင်ကြီးသည့် ဟာဂါနားအဖွဲ့က အချို့အိမ်များမှ လူများကို ပြောင်းရွှေ့ထားသဖြင့် အထိအခိုက်နည်းခြင်း ဖြစ်သည်။

ပေါက်ကွဲပျက်စီးသံများ ငြိမ်ကျသွားသည့်အခါ မဒမ်နယူးဗီးသည် ထမင်းစားခန်းထဲသို့ ပြေးဝင်သွားသည်။ တစ်ခန်းလုံး ပြတင်းမှန်ကွဲများ၊ ပန်းကန်ကွဲများ၊ ဖန်ခွက်ကွဲများဖြင့် ပြန့်ကျဲနေသည်။ နပိုလီယန်၏ ဖယောင်းတိုင်ကလပ်များသာ မပျက်မစီး ကျန်ရစ်ခဲ့သည်။ မဒမ်နယူးဗီး သက်မချကာ တယ်လီဖုန်းဆီသို့ ပြေးသွားသည်။

http://mmteashop.com



"ဒါလင်ရေ ဧည့်သည်တွေခေါ်ခဲ့တော့၊ အမျိုးသမီးတွေတော့ သားမွေး ကုတ်အင်္ကျီတွေ ဝတ်ခဲ့ဖို့ ပြောထားနော်၊ ထမင်းစားခန်းမှာ ပြတင်းတွေ မရှိတော့ဘူး၊ အေးတယ်"ဟု သူ့ယောက်ျားကို မှာသည်။

ဟာရွန်ဘင်ဂျက်ဇီသည် အမှောင်ထဲသို့ အာရုံစိုက်ကာ တောင်ကြားလမ်းဆီမှ အသံများကို နားထောင်သည်။ သူ ရောက်နေရာမှာ ယခင်လက ငှားလာသော သိုးအုပ်ကို ကျောင်းရင်း ရောက်ခဲ့ဖူးသည့်နေရာ ဖြစ်သည်။ မော်တော်ကားစက်သံများကို ကြားရသည်။ ခိုက်ခိုက်တုန် အေးလှသည့်နေရာသို့ သူနှင့် သူ့လူများ ရောက်နေသည်မှာ နာရီပေါင်း အတော်ကြာပြီ။ ကားများတက်အလာကို သူတို့ စောင့်နေကြခြင်း ဖြစ်သည်။ ဟားလဒါတောင်ကုန်းထက်တွင် ဝှက်ထားသည့် အသံဖမ်းစက်မှ ကြားရသည့် သတင်းစကားမှာ ယနေ့ ကွန်ဗွိုင်းကားတန်းကြီးတစ်ခု ဘက်အယ်ဝက်ကို ဖြတ်တက်လာပြီး ဂျေရုဆလမ်သို့ သွားနေသည်ဟူ၍ ဖြစ်သည်။

ဘင်-ဂျက်ဇီနှင့် သူ့လူသုံးရာ အသင့်စောင့်နေကြသည်။ လမ်းတွင် ကျောက်တုံးများ၊ သစ်လုံးများ ချကာ လမ်းပိတ်ထားသည်။ သူတို့နှင့် အနီးဆုံးနေရာမှာ ဆယ့်ငါးပေသာ ဝေးသည်။ လမ်းတွင် ထောင်ထားသည့် မိုင်းဗုံးများ မပေါက်ကွဲလျှင် ပစ်ခတ်ရန် လက်ပစ်ဗုံးများ အသင့်ကိုင်ထားကြသည်။ လမ်းတစ်ဖက်တစ်ချက်တွင် ဗစ်ကာ စစ်သေနတ်အဖွဲ့များ ရှိသည်။

ကွန်ဗွိုင်းကို ဘက်အယ်ဝက်တောင်ကြားလမ်းအတိုင်း သံချပ်ကာကားက ဦးဆောင်၍ မောင်းနှင်လာသည်။ သံချပ်ကာကားတွင် လက်ဖတင်နင် မိုရှေးရတ်ရှကီး ပါလာသည်။ သူ့နောက်တွင် ထရပ်ကားအစီးလေးဆယ်ပါသည်။ ကားများပေါ်တွင် အမဲသားအိတ်ရာပေါင်းများစွာ၊ အမဲသားဘူး၊ ငါးသေတ္တာဘူး၊ မာဂျရင်းဘူး ထောင်ပေါင်းများစွာ ပါသည်။ ကားတစ်စီးတွင် လိမ္မော်သီး အပြည့်တင်လာသည်။ တချို့အပြင်သို့ ဖိတ်ကျလာသည်။ လိမ္မော်သီးကို ဂျေရုဆလမ်မြို့သားတို့ မမြင်ရသည်မှာ အပတ်ပေါင်းများစွာ ကြာခဲ့ပြီ။ ရတ်ရှကီး၏ ကွန်ဗွိုင်းကားလေးဆယ်တွင် ပါလာသည့် ရိက္ခာတို့မှာ ဂျေရုဆလမ်မြို့သားတို့အတွက် အကြိမ်ပေါင်းများစွာ မျှဝေစားရသည့် ရာရှင် ဖြစ်သည်။ ဘေးကင်းစွာ ရောက်လာလျှင် သူတို့၏ အသက်သွေးကြော မပြတ်သေးဟု ယူဆရမည်။ ဆက်လက် အသက်ရှင်နိုင်သေးသည်။

ရှေ့ဆုံးက သံချပ်ကာကားကို ဘင်-ဂျက်ဇီ ပထမဆုံး မြင်သည်။ မိုးသောက်စ အလင်းရောင်တွင် ကားတန်းကြီး တက်လာသည်။ ဘက်အယ်ဝက်တောင်ကြားကို စ၍ ဝင်လျှင် ပစ်ခတ်သံများ ရတ်ရှကီး ကြားရသည်။ မိုင်းဗုံးကွဲသံများလည်း ကြားရသည်။ ထိုအခိုက်မှာပင် သူ၏ ကားအသံဖမ်းစက်မှတစ်ဆင့် ဟားလဒါသို့ သတင်းပို့သံကို ကြားရသည်။ "ကျွန်တော်တို့ ဝိုင်းပြီး အပစ်ခံနေရပြီ၊ ဒါပေမယ့် ဆက်ပြီး မောင်းလာမယ်"·

ကားချင်းဆက်နေရာ ကားထဲမှ စတင်းဂန်းပြောင်းဝများ အကြားမှ တိုးထွက်လာ

http://mmteashop.com



ပြီး တောင်ကုန်းများဆီသို့ ပြန်လှန်ပစ်ခတ်သည်ကို ဘင်-ဂျက်ဇီ မြင်ရသည်။ သူ့လူများကို ဝီစီမှုတ်ကာ ကားများဆီသို့ လက်ပစ်ဗုံးများဖြင့် ပစ်ရန်နှင့် ကားတံခါးများကို အပြင်ဘက်မှ ပိတ်ရန် အမိန့်ပေးသည်။

ကားတံခါးအပိတ်ခံရလျှင် ကားထဲတွင် မခံမရပ်နိုင်အောင် ပူလာသည်။ မွန်းကျပ်လာသည်။ ရတ်ရှကီး၏ သံချပ်ကာကင်းကို ကျည်ဆန်မှန်လျှင် ဒုတ်ဒုတ်သံ မှန်မှန်ကြားရသည်။ သေနတ်ပစ်ရန် အပေါက်ထဲမှ အပြင်ဘက်သို့ ရတ်ရှကီး ကြည့်သည်။ ကျောက်တုံးကြီးများနှင့် ထင်းရှူးတော မည်းမည်းအုပ်အုပ်ကိုသာ မြင်ရသည်။ သူ့ရှေ့က ကားတစ်စီး မိုင်းဗုံးထိကာ ချောက်ထဲကျသွားသည်။ နောက်ကတက်လာသော ဒုတိယကား မိုင်းထိသည်။ လမ်းတွင် ကန့်လန့်လည်ကာ ခံနေပြီး ဂျေရုဆလမ်သို့ သွားသည့်လမ်းကို ပိတ်ဆို့သလို ဖြစ်သွားသည်။ ကားတန်းကြီးတွင် ကားဘီးပေါက် ကွဲသံများ ကြားရသည်။ နံနက်ခင်း၏ ကောင်းကင်ပြင်တစ်ခုလုံး မီးခိုးများ တက်လာ သည်။ ကွန်ဗွိုင်းခေါင်းဆောင် တပ်မှူးသည် ဟီးလမင်းကားကလေးဖြင့် သိုးအုပ် ကျောင်းသည့် သိုးကျောင်းသား၏ ခွေးလို တက်လာပြီး ဒရိုင်ဘာများအား ကားချင်းကပ် ၍ မမောင်းရန် ပြောသည်။ ဒရိုင်ဘာများက မနာခံ။ ဖင်ချင်း ခေါင်းချင်း ဆက်နေရာ အာရပ်တို့ ပစ်မှတ်စုဝေးထားသည်နှင့် တူလာသည်။

ပြန်ဆုတ်ရန် ရတ်ရှကီး အမိန့်ပေးသည်။ ပက်လက်လန်နေသော ကားများထဲမှ ဘပ်သားငါးယောက် ခုန်ထွက်လာကြပြီး ဒုတိယကားဆီသို့ ပြေးသွားကာ ဘေးမှ ဝပ်နေကြသည်။ ထိုကား၏ သံမဏိ အကာတံခါး ပိတ်နေသည်။ တံခါးအောက်ခြေမှ သွေးများ စီးကျလာသည်ကို ရတ်ရှကီး မြင်ရသည်။ ကားတစ်ခုလုံး မီးလောင်သည်။ မကြာမီ ခာတ်ဆီတိုင်ကီ မီးကူးတော့မည်။ ဒရိုင်ဘာနှစ်ယောက်ကို တံခါးလာဖွင့်အောင် အော်ပြောသည်။ စကားပြန်မရ။ "သူတို့သေနေကြပြီ"တစ်ယောက်က ပြောသည်။ ထိုအခါမှ သူ့သံချပ်ကာကားဖြင့် တစ်နေရာသို့ ဆွဲရန် ကြိုးစားသည်။ သူ့ကား တံခါးပွင့်လာပြီး အရေးပေါ်တံခါးမှ တပ်သားနှစ်ယောက် ထွက်လာကာ ထရပ်ကားဆီသို့ တွားသွားသည်။ အာရပ်များ၏ ကျည်ဆန်များကို ရှောင်ကာ ထရပ်ကားတံခါးကို ဖွင့်သည်။ "အထဲက ပိတ်ထားတယ် ထင်တယ်" တစ်ယောက်က အော်ပြောသည်။ သွေးစက်များ ကျလာသည်။ ဓာတ်ဆီတိုင်ကီ မီးကူးတော့မည်။ နောက်ဆုံးတွင် သူ့လူများကို မီးလွတ်ရာသို့ ပြေးရန် အော်ပြောရသည်။

လိမ္မော်ရောင် မီးတောက်သည် မိုးသို့ လွင့်တက်သွားသည်။ သွေးများ စီးကျလာသည်။ ကြောက်လန့်စရာ မြင်ကွင်းပေတည်း။ ယခုဆိုလျှင် ကွန်ဗွိုင်းတစ်ခုလုံး မျှော်လင့်ချက်မရှိအောင် ပျက်စီးသည်။ ကားခြောက်စင်း ချောက်ထဲကျသည်။ နောက်ထပ် ကားများတက်မလာနိုင်အောင် ဘင်-ဂျက်ဇီ၏ ကျောက်တုံးများနှင့် ထရပ်ကားပျက်နှစ်စင်းက ကန့်လန့်ခံနေသည်။

http://mmteashop.com



ထိုစဉ် သေနတ်သံကြားသဖြင့် ရွာသားများ အုပ်လိုက်ထွက်လာကြပြီး ဘင်ဂျက်ဇီ၏ တပ်သားများနှင့် ပူးပေါင်းသည်။ ထင်းရှူးတောအုပ်အထက်ဆီမှ တိုက်ပွဲခေါ်သံများ ကြားရသည်။ စူးရှသည့် မိန်းမသံများလည်း ပါသည်။ ဟီဘရူးစကားမပီသဖြင့် "ရစ်ဇက်၊ ရစ်ဇက်၊ ဒီနေ့ နင်တို့ သေမင်းနဲ့ တွေ့ရမယ်ဟေ့"ဟု ပြောကြသည်။

သို့နှင့် တစ်နာရီမှ နှစ်နာရီ၊ နှစ်နာရီမှ ခြောက်နာရီအထိ ကြာသွားသည်။ အပူငွေ့မှာ ပြင်းသည်။ ကားများထဲတွင် ရှိနေသူများ အောက်ခံဘောင်းဘီမှအပ ကျန်အဝတ်အားလုံးကို ချွတ်ကြသည်။ ရတ်ရှကီး၏ ကားထဲတွင်လည်း ပစ်ခတ်ရန် ကျည်ဆန်မကျန်တော့ပေ။

နောက်ဆုံးတွင် ဝိုင်ယာလက်မှတစ်ဆင့် ကားများ ပြန်လှည့်ရန် အမိန့်လာသည်။ နောက်ကြောင်း ပြန်မောင်းသွားကြသည်။ များသောအားဖြင့် တိုင်ယာ မပါ။ သံဘီးခွေများဖြင့် မောင်းကြရသည်။ သံချပ်ကာကားက ကားတန်းဆုတ်ရန် အကာအကွယ်အနေဖြင့် ပစ်ခတ်ပေးသည်။ မောင်းမရသည့် ကားများကို ချောက်ထဲတွန်းချပြီး လမ်းရှင်းအောင် လုပ်ရသည်။ ဟားလဒါတောင်ကုန်းအတိုင်း ဆင်းလာလျှင် အာရပ်လူအုပ်ကြီး အောင်ပွဲခံကာ အော်ဟစ်ချီတက်လာသည်ကို မြင်ရသည်။ ဂျုံအိတ်၊ ငါးသေတ္တာများ၊ အမဲသားဘူးများကို သယ်ယူသွားကြသည်။ ယခုညဆိုလျှင် ဘိတ်မားဆာ၊ ဆရစ်၊ ကတ်စတယ်နှင့် ဂျူဒီယာတောင်ကုန်းတစ်လျှောက်ရှိ ဆင်းရဲသား အာရပ်ရွာများတွင် ငတ်ပြတ်နေသော ဂျေရုဆလမ်မှ ဂျူးများအတွက် ရည်မှန်းထားသည့် အစားအစာများဖြင့် စားသောက်ပွဲကြီးများ ကျင်းပကြလိမ့်မည်။

ဟာဂါနားအဖွဲ့ ထိုလမ်းတွင် ကားဆယ့်ကိုးစီး ဆုံးရှုံးသည်။ ထရပ်ကား ဆယ့်ခြောက်စီးနှင့် သံချပ်ကာကားနှစ်စီးတို့ ဖြစ်သည်။ နောက်ဆုံးကားမှာ ဘင်-ဂျက်ဇီ အတွက် အမှတ်တရ လက်ဆောင်ပစ္စည်းဖြစ်သည့် ကွန်ဗွိုင်းတပ်မှူး၏ ဟီးလမင်းကားလေး ဖြစ်လေသည်။

ဂျေရုဆလမ်တွင် ဒိုဂျိုးဇက်သည် ထုံးစံအတိုင်း ကွန်ဗွိုင်းထရပ်ကားအစီးလေးဆယ် တက်လာပြီဟူသော လျှို့ဝှက်သင်္ကေတဖြင့် သတင်းရသည်။ ညမရောက်မီ ထိုကားများ မရောက်လာဟူသောသတင်းကို သူ့အတွင်းရေးမှူးက လာရောက်ပေးပို့သည်။ နိုဝင်ဘာ (၂၉)မှ စခဲ့သော ကွန်ဗွိုင်းသည် ယခု ပထမဆုံးအကြိမ် ဂျေရုဆလမ်သို့ မထိုးဖောက်နိုင်ခြင်း ဖြစ်သည်။ ဂျိုးဇက် စိတ်ရှုပ်ထွေးလာသည်။ ချက်ချင်းပင် သူသဘော ပေါက်လာသည်။ "တို့တစ်တွေ ရန်သူ့အဝိုင်းခံနေရပြီ"

၀၀၀

http://mmteashop.com

# အခန်း (၃)

## အဝိုင်းခံနေရသည့် ဂျေရုဆလမ်မြို့တော်
## (၁၉၄၈) မတ် (၂၁) မှ (၁၉၄၈) မေ (၁၃)

http://mmteashop.com



## အပိုင်း (၁၈)

## ရေမီးဝိုင်းနေသည့် အိမ်တစ်အိမ်

သစ်ပင်မရှိသော ကုန်းခေါင်ခေါင်မှ ကြည့်လိုက်လျှင် အောက်ဘက်တွင် လမ်းဘေး၌ အခြေစိုက်နေကြသည့် မြို့သစ်မှ တန်းလျားများကို မြင်နေရသည်။ ဒေးဗစ်ဘုရင်ကြီး၏ ဂျေရုဆလမ်နှင့် ဟီဘရူးတို့၏ အဖဘုရားသခင်၏ ဟီဘရွန်မြို့တို့ ဆက်နေသည့် လမ်းတစ်ဝက်တွင် ထိုမြို့သစ် တည်ရှိသည်။ ဂျေရုဆလမ်၏ တောင်ဘက်က ဖာအက်ဇီယွန်တွင် အမျိုးသား အမျိုးသမီး လေးရာ့ငါးဆယ် နေရာယူထားသည်။ သူတို့မှာ တောင်ဘက်အစွန်ဆုံး ခံစစ်အနေအထား ဖြစ်သည်။ မလုံခြုံ။ သူတို့ကို အာရပ်တို့က ဝိုင်းထားသည်မှာ လပေါင်းအတန်ကြာပြီ။ ဒေးဗစ်ရှယ်လတီးယယ်က ယင်းမြို့သစ်ကို စွန့်လွှတ်ရန် တယ်အဗစ်သို့ တင်ပြသည်။

ထိုဒေသသည် ဟီဘရူးအကြီးအကဲများ ရှေးအခါက စစ်သည်တော်စုဆောင်းရာဒေသများ ဖြစ်သည်။ ဟီဘရူးခြေကုပ်စခန်းတစ်ခုဖြစ်ပြီး အာရပ်အမျိုးသားရေးဝါဒအပြင်းထန်ဆုံးဒေသလည်း ဖြစ်သည်။ (၁၉၂၉)တွင် မတ်ဖတီ၏ လူများ ပုန်ကန်ထကြွသည်။ အာရပ်ဂျူး အဓိကရုဏ်းဖြစ်ပွားပြီး ယက်ရှီဗာဂျူးကျမ်းစာလေ့လာသူများ အပါအဝင် ဂျူးခြောက်ဆယ့်ခြောက်ယောက် ဟီဘရွန်တွင် အသတ်ခံရသည်။ မသေဘဲကျန်ရစ်သူများ အဝေးသို့ ခေတ္တခဏလွင့်သွားကြသည်။ သို့သော်လည်း (၁၉၃၆) တွင် ဂျူးတစ်ယောက်မျှ မကျန်အောင် အာရပ်တို့က မောင်းထုတ်လိုက်သည်။ ရာစုနှစ်ပေါင်းများစွာက ဂျူးလေ့လာရေးဌာနတစ်ခု စခန်းသိမ်းသွားသည်။

ဟီဘရွန်မှာ ရာစုနှစ်ပေါင်းများစွာက အာရပ်တို့ နေထိုင်ခဲ့သည့်ဒေသ ဖြစ်သည်။ ယင်းဒေသတစ်ခုဖြစ်သည့် ကဖာအက်ဇီယွန်သို့ ဂျူးတို့ ဝင်လာသည်ကို အာရပ်တို့မခံနိုင်။ ဇီယွန်ဝါဒီတို့ ပါလက်စတိုင်းသို့ ပြန်လာကြပြီး အခြေချကာ မြို့သစ်များ ထူထောင်ရန် ကြိုးစားကြသည်။ ယခုလည်း ကာဖာအက်ဇီယွန်တွင် ထိုသဘောအတိုင်းပင်။ ဂျူးဘို့ ခြေကုပ်စခန်းရရန် ကြိုးစားကြခြင်း ဖြစ်သည်။

ထိုမြေကို ဂျေရုဆလမ်မှ အယူမှန်ဂျူးတို့က အာရပ်ရှိတ်အကြီးအကဲတစ်ယောက်ဆီမှ (၁၉၂၈)တွင် ပထမဆုံး ဝယ်ယူလိုက်သည်။ (၁၉၂၉)တွင် ဟီဘရွန်၌ ဂျူးများ

http://mmteashop.com



အသတ်ခံရသဖြင့် အခြေချရန် စိတ်ကူးကို စွန့်လွှတ်လိုက်သည်။ ရီကိုဗော့မှ လူချမ်းသာ ရှောက်သံပရာ စိုက်ပျိုးသူတစ်ယောက်က ထိုမြေကို ထပ်မံဝယ်ပြီး အနီးဝန်းကျင် အာရပ် ရွာသားများပိုင် မြေများကို ဝယ်ယူပေါင်းစပ်ကာ အလုပ်သမားလေးဆယ်နှင့် ရှောက် သံပရာခြံတစ်ခု စိုက်ပျိုးသည်။ (၁၉၃၆) တွင် အာရပ်တို့ ပုန်ကန်သည်တွင် ယင်းဂျူး စခန်းပျက်စီးပြီး စွန့်လွှတ်ခဲ့ရသည်။

အာရပ်တို့လက်သို့ ထိုမြေပြန်၍ မရောက်ရန် ဂျူးအမျိုးသားရန်ပုံငွေအဖွဲ့က ရှောက်သံပရာ ခြံပိုင်ရှင်ထံမှ ဝယ်ယူလိုက်သည်။ (၁၉၄၂) တွင် တရားတပေါင်ဖြစ်ပြီး ဂျူးတို့ မြေယာဝယ်ယူခြင်းကို တားမြစ်သည့် ဥပဒေများကို ကျော်လွှားကာ အနီးဝန်း ကျင်ရှိ ဂျာမန်ဘုန်းကြီးကျောင်း တစ်ခုကို ဂျူးအမျိုးသား ရန်ပုံငွေအဖွဲ့က ထပ်မံပိုင်ဆိုင် ပြန်သည်။ ဂျာမန်ဘုန်းကြီးများကို ရန်သူနိုင်ငံခြားသားများအဖြစ် ဗြိတိသျှတို့က ထိုစခန်းတွင် အကျယ်ချုပ်ထားခြင်း ဖြစ်သည်။ (၁၉၄၃) ဧပြီ တစ်ညတွင် အမျိုးသမီးသုံးယောက်နှင့် အမျိုးသားဆယ်ယောက်တို့ ဂျာမန်ဘုန်းကြီးကျောင်းသို့ တိတ်တဆိတ် ဝင်ရောက်သိမ်းပိုက် လိုက်ပြီး ကဖာအက်ဇီယွန် မြို့သစ်အဖြစ် တရားဝင် ကြေညာခဲ့သည်။

ယင်းတို့မှာ ပထမဆုံး အခြေစိုက်သူများဖြစ်ပြီး ပိုလန်တွင် တည်ထောင်သည့် အယူမှန် ဂျူးအဖွဲ့ဝင်များ ဖြစ်သည်။ "တို့သွေးချင်း ဂျူးများစွာ ဥရောပတွင် ကြမ္မာဆိုးနှင့် ကြုံခဲ့ရသည်" ဟု ကြေညာပြီး ထိုမြေကို သိမ်းပိုက်ခြင်း ဖြစ်သည်။

"အသက်မသေဘဲ ကျန်ရစ်သူများနှင့်အတူ သုခဘုံတစ်ခု တို့ ထူထောင်မည်"ဟု သူတို့က ဆိုသည်။

နှစ်နှစ်ရှိလျှင် ကဖာအက်ဇီယွန်သို့ သေတွင်းမှ လွတ်မြောက်လာသူ ယောက်ျား မိန်းမ ခြောက်ဆယ် ရောက်လာသည်။ မူလအခြေစိုက်သူများနှင့် စိတ်ဓာတ်ချင်း ပေါင်း ဖက်မိကြသည်။ အသစ်ရောက်သူများ၏ ကိုယ်ပေါ်တွင် အကျဉ်းစခန်းက ထိုးပေးလိုက် သည့် နက်ပြာရောင်နံပါတ်များ ပါလာသည်။ ထိုအခါ ပို၍ သွေးချင်းသားချင်းတို့ ပေါင်း ဖက်မိကြသည်။ ဆယ့်ကိုးနှစ်သား ချက်လူငယ်လေး အကီဗာလယ်ဖီသည် ဆယ့်သုံးနှစ် တွင် ကျောင်းဆက်မတက်ရတော့ဘဲ အရွယ်ရောက်သည့်အထိ ဆီလက်ဆီယန် သေမင်း စခန်း၏ ဓာတ်ငွေ့ခန်းတံခါးများကို ကြည့်ရင်း ကြီးပြင်းခဲ့ရသည်။ ဇစ်ပိုရာရိုဆင်ဖဲသည် ရွှေရောင်ဆံပင်ပိုင်ရှင်ဖြစ်ပြီး အလွန်လှသည့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူကား အော့ဇဝစ်နာဇီ အကျဉ်းစခန်းမှ မသေဘဲ လွတ်မြောက်လာသူ ဖြစ်သည်။ ဝါဆောမြို့ ဂျူးရပ်ကွက်တွင် သေကျေပျက်စီးသူများ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူများကို နေတာနယ် စတိန်းဘတ် မမေ့။ ယင်းတို့က သူ့ကို အမြဲခြောက်လှန့်နေသည်။ အက်ဇီယွန်၏ တည် ထောင်သူများတွင် ယစ်ဇက်ဘင်-ဇီရာတစ်ယောက်ပါသည်။ သူသည် တစ်ကိုယ်တည်း ဥရောပသို့ ခရီးထွက်ခဲ့ပြီးနောက် အက်ဇီယွန်တွင် သူ့ခရီး ပြီးဆုံးသည်။ စစ်ပြီးလျှင် ပါလက်စတိုင်းမှ ဥရောပသို့ ဘင်ဆီရာသွားကာ သူ့မိသားစု မွေးချင်းညီအစ်ကိုများ

http://mmteashop.com



နမအစ်မများ ဆယ့်နှစ်ယောက်ကို လိုက်၍ရှာသည်။ မသေဘဲ ကျန်ရစ်သူငါးယောက် တွေ့ရသည်။ ယင်းတို့အနက် လေးယောက်သည် သူနှင့်အတူ လိုက်လာပြီး ဟီဘရွန် ကုန်းမြေတွင် အိုးသစ်အိမ်သစ် ထူထောင်သည်။

ထိုဒေသတွင် နောက်ရောက်လာသူများမှာ ရှာကြံပြီး အသက်မွေးနေထိုင်ရသည်။ ဆောင်းလေမှာ ရိုးတွင်းခြင်ဆီခိုက်အောင်အေးသည်။ တစ်ခါတစ်ရံ စိုစွတ်သည့် နှင်းမိုး များအကြားတွင် နေထိုင်ရသည်။ နွေတွင် မြေမှ ရေခိုးရေငွေ့ကို နေကစုပ်သည်။ ပူပြင်း သည်။ ရေမရှိ။ နှစ်နှစ်ကာလအထိ ဘုန်းကြီးကျောင်း မြေအောက်ရေလှောင်ကန်မှ ရေကို သုံးစွဲရသည်။ သစ်ပင်များ အသွေ့ခြောက်ခံပြီး လူကို စွတ်ရုံသာ ချိုးရေကို သုံးစွဲရသည်။ စိုက်ပျိုးမြေ တစ်ဧကကို လားလေးကောင် အကူအညီဖြင့် လူကိုယ်တိုင် ရှင်းလင်းရသည်။ အပေါ်ယံ မြေဆီလွှာကို ရေတိုက်မစားရန် ကျောက်တုံးများ စုစည်းပြီး ရေတားနံရံတစ်ခု ဆောက်လုပ်ရသည်။ ထိုဒေသတွင် သစ်သီးပင်နှင့် စပျစ်ပင်များသာ ဖြစ်ထွန်းသည်ကို မကြာမီ တွေ့ရသည်။

လွင်တီးခေါင် ကုန်းမြေကို သစ်သီးပင်များ သစ်တောများ ဖြစ်ထွန်းအောင် စိုက် ပျိုးပါမည်ဟု ပထမဆုံး အခြေချသူတို့က ကတိပြုသည်။

အော်သိုဒေါက်ခ်ခေါ် အယူမှန်ဂျူးတို့သည် ဘာသာရေးအဆုံးအမမှ လွတ်ကင်း အောင် နေထိုင်ကာ မွေးမြူရေးတို့တွင် တီထွင်ဖန်တီးလုပ်ကိုင်သည်။ ဥပုသ်နေ့များတွင် နွားနို့မညှစ်ရန် ဘာသာရေးက တားမြစ်ထားသည်။ ထိုအခါ လူ၏လက်မသုံးဘဲ စက်ဖြင့် နွားနို့ညှစ်သည်။ ပန်းသီးပင်ကို ဗာဒံပင်အမြစ်များတွင် ကိုင်းဆက်လျှင် ထိုမြေတွင် အသီးဖြစ်ထွန်းသည်။ သို့သော်လည်း သမ္မာကျမ်းစာက မျိုးခြားသစ်မြစ်များတွင် လူတို့ က ကိုင်းဆက်ပေးခြင်း မပြုလုပ်ရဟု တားမြစ်သည်။ ထိုအခါ ဘာသာရေး အထူး ခွင့်လွှတ်မှုများကို ဘုန်းတော်ကြီးများနှင့် တိုင်ပင်ကာ ရအောင် ဆောင်ရွက်ကြသည်။ ဂျူးတို့၏ ထိုတရားကျမ်းစာက သစ်သီးပင်များကို ပထမလေးနှစ်အတွင်း မဆွတ်ခူးရဟု တားမြစ်သည်။ ထိုအခါ စိုက်ပျိုးရေးမှအပဖြစ်သည့် ဝင်ငွေများကို ရအောင်ရှာကြံကြရ သည်။ နွေဦးနှင့် နွေရာသီတို့တွင် တဲများသို့ သွားရောက်နေထိုင်ကြပြီး ကျောက်တုံး အိမ်ကို ဂျေရုဆလမ်မြို့သားတို့အား ခေတ္တခဏ ငှားရမ်းကာ အပိုဝင်ငွေရှာကြသည်။

ထို အခက်အခဲများအကြားမှ စိုက်ခင်းသစ်များ လယ်ယာသမဝါယမများ တည် ထောင်ကြသည်။ လူဦးရေများလာသည့်အခါ အရန်မြို့သစ်သုံးခု တည်ထောင်သည်။ မတ်ဆောက် (မီးရှူးတန်ဆောင်)၊ အိန်ဆူရင် (ကျောက်စမ်းရေ) နှင့် ရီဗာဒင်တို့ ဖြစ်သည်။ မူလတည်ထောင်ပြီး ကဖာအက်ဇီယွန်နှင့် ပေါင်းကာ ယင်းတို့ကို အက်ဇီယွန်အုပ်စုဟု အသိအမှတ်ပြုကြသည်။

(၁၉၄၇) နိုဝင်ဘာ (၂၉)တွင် ကုလသမဂ္ဂ၌ ခွဲခြမ်းရေးဆန္ဒမဲ အနိုင်ရသည့်အခါ ပါလက်စတိုင်းရှိ ဂျူးအားလုံး ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ကြသည်။ ကဖာအက်ဇီယွန်

http://mmteashop.com



အခြေစိုက်စခန်းတွင်မူ များစွာ ထက်သန်မှု မရှိလှပေ။ သူတို့ အားကြိုးမာန်တက် တည်ဆောက်ခဲ့သည့် မြို့သစ်သည် ဂျူးနိုင်ငံသစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်စရာ အကြောင်းမရှိ။ ယင်းမှာ ပတ်ဝန်းကျင်ရှိ အာရပ်တို့၏နယ်မြေသာ ဖြစ်သည်။

ခွဲခြမ်းရေးဆန္ဒမဲပေးပြီး ဆယ့်ငါးရက်အတွင်းမှာပင် အာရပ်တို့က ကဖာအက်ဇီယွန်မြို့သစ်ကို စတင်တိုက်ခိုက်သည်။ ဘက်သလ်ဟမ်အပြင်ဘက်တွင် ကွန်ဗွိုင်းတစ်ခု ချုံခိုအတိုက်ခံရသည်။ ခရီးသည် နှစ်ဆယ့်ခြောက်ယောက်သေဆုံးပြီး ကားအားလုံးဆုံးရှုံးသည်။ ထိုအချိန်မှစ၍ ကဖာအက်ဇီယွန်သည် ရန်သူအဝိုင်းခံရသည့် မြို့နှင့် မခြားနားတော့ပေ။ ဇန်နဝါရီတွင် ဗြိတိသျှတပ်များက ထိုဒေသမှ မိန်းမများနှင့် ကလေးငယ်များကို ဂျေရုဆလမ်သို့ စောင့်ကြပ်ပြီး ပို့ပေးသည်။ ထို့နောက် အာရပ်တို့က အက်ဇီယွန်ကို စတင်တိုက်ခိုက်သည်။ မြို့သစ်နေသူတစ်ဦးက ဒိုင်ယာရီတွင် ဤသို့ရေးမှတ်ခဲ့သည်။ "ယနေ့အထိ ဘုရားသခင်ကျေးဇူးကြောင့် အသက်မသေသေး။ သို့သော်လည်း ဘယ်လောက်အထိ ကြံ့ကြံ့ခံနိုင်မည်လဲ။ ငါတို့မှာ မုန်တိုင်းထန်သော အာရပ်ပင်လယ်ပြင်ထဲက ကျွန်းသေးသေးလေး တစ်ခု မဟုတ်လား"

နောင် လေးရက်ရှိလျှင် အက်ဇီယွန်ဘုရားကျောင်းမှာ လူနာလက်ခံသည့်စခန်းဖြစ်လာသည်။ ဂျေရုဆလမ်မှ မြို့သစ်စခန်းသို့ ဝင်လာကြသည့် ဟာဂါနားတပ်ဖွဲ့ဝင်သုံးဆယ့်ငါးယောက်မှာ ခြေပြတ်လက်ပြတ်ဖြစ်ကာ ကျဆုံးခဲ့ရသည်။ သူတို့၏ အလောင်းများ ဘုရားကျောင်းထဲ ရောက်လာသည်။ ဟာဂါနား အကျအဆုံးများသည့် တိုက်ပွဲဖြစ်သည်။

နွေဦးရောက်လျှင် မြို့သစ်သို့ ရွှေ့ပြောင်းလာသူများ၏ ပါလမက်အဖွဲ့ဝင်တို့အား လယ်ယာလုပ်ငန်း ခေတ္တစွန့်ပြီး စက်သေနတ်ခံကတုတ်များ ပြုလုပ်စေသည်။ စခန်းကိုလည်း သံဆူးကြိုးများ ကာရံစေသည်။ တစ်ဖန် လေယာဉ်ပျံဆင်းရန် ပြေးလမ်း အကြမ်းတစ်ခုတည်ဆောက်သည်။ "ကောင်းကင်မှ ကယ်တင်သူ ရောက်လာသည်" ဟူသော ရှေးဟောင်းဆုတောင်း အကောင်အထည်ပေါ်လာသည်။

အခြေစိုက်သူတို့မှာ စွန့်စားရသည်။ သို့သော်လည်း တစ်ဖက်က အကျိုးဖြစ်ထွန်းမှု ပေါ်လာပြီး ငွေကြေးခံစားရသည်။ သူတို့ စိုက်ပျိုးသည့် မြေယာများမှာ နွေဦးပေါက်တွင် သီးနှံဝေဝေဆာဆာ ဖူးပွင့်သည်။ ပန်းကော်ဇောခင်းကြီးများ အရောင်အသွေး စုံလင်စွာ ပေါ်လာသည်။ ယစ်ဇက်ဘင်ဆီရာနှင့် ညီအစ်ကို မောင်နှမများသည် သူတို့စိုက်ခင်းကို ညနေတိုင်း ရောက်သွားကြသည်။ ကြက်သွေးရောင် အင်နီမွန် ပန်းပွင့်များ၊ လာဗင်ဒါပန်းပွင့်များ၊ ရွှေရောင်ဘာတ်တားကပ် ပန်းပွင့်များ ဝေဆာလာသည်။ သူတို့ ဆူဖြိုးသည်။ 'ပူရင်' ပွဲတော်ရာသီ ရောက်လာလျှင် ကလေးများမပါဘဲ ပူရင်ဇာတ်များ ကပြကြသည်။ ကဖာအက်ဇီယွန်၏ ပထမဆုံး ကောက်သိမ်းပွဲကို သူတို့ ဆင်နွှဲကြသည်။

သူတို့နှင့် ဆယ်မိုင်ဝေးသည့် ဂျေရုဆလမ်ဟာဂါနားတပ်ဖွဲ့ဌာနချုပ်တွင် မြို့သစ်နေ သစ်သီးခြံစိုက်သူများ ပထမဆုံးသီးနှံကို ရိတ်သိမ်းခွင့် ရမရဲ အဆုံးအဖြတ်အပေး

http://mmteashop.com



ရခက်နေသည်။ ဒိုဂျီးဇက်က "ဂျေရုဆလမ်မှာ ရန်သူအဝိုင်းခံနေရပြီ"ဟု ကြိုတင်သတိပေးသည်မှာ တကယ်တော့ နှစ်ဆယ့်လေးနာရီ စောနေသည်။ မိုရှေးရတ်ရှကီး၏ ကွန်ဗွိုင်းမှ ကားများ မီးလောင်ပျက်စီးသည်မှာ ဂျေရုဆလမ်ကို သိမ်းပိုက်ဖို့ ရန်သူဝိုင်းထားခြင်း အစမဟုတ်ပေ။ နောက်တစ်နေ့တွင် ကဖာအက်ဇီယွန်မြို့သားများ ပူရင်ပွဲတော် ဆင်နွှဲရန် ပြင်ဆင်နေစဉ် ဟာဂါနားသည် ထိုလမ်းအတိုင်း ထရပ်ကား ခြောက်ဆယ်ကို မောင်းနှင်လာခဲ့သည်။ အာရပ်တို့မှာ မနေ့က လုယူရရှိခဲ့သည့် အစားအစာများဖြင့် အောင်ပွဲခံနေရာ သူတို့ကို သတိမထားနိုင်တော့။ လက်ဖြောင့်တပ်သား အာရပ်တို့ထံမှ တစ်ချက်နှစ်ချက် အပစ်ခံရသည်။

ကွန်ဗွိုင်းကား ခြောက်ဆယ်ရောက်လာသဖြင့် ဟာဂါနားအသုံးပြုသည့် ထရပ်ကားများ၊ သံချပ်ကာကားများ၊ ဘတ်စ်ကားများ မြို့ထဲတွင် များပြားလာသည်။ တပ်မှူးများ အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ခုချရန် ချိန်ဆနေကြသည်။ အခွင့်ကောင်းယူပြီး ကဖာအက်ဇီယွန်စခန်းသို့ ရိက္ခာများ အင်နှင့်အားနှင့် ထောက်ပံ့ရမည်လား။

ရှယ်လတီးယယ်နှင့် ချက် စီမံကိန်းအရာရှိ အေလီယာဟုအာဘယ်တို့ နှစ်ယောက်စလုံးက ထိုစီမံချက်ကို ကန့်ကွက်သည်။ ကဖာအက်ဇီယွန်သို့ ရိက္ခာတန်နှစ်ရာ ပို့လျှင် သုံးလ စားသုံးရသည်။ ယင်းအတွက် ထရပ်ကားခြောက်ဆယ်နှင့် သံချပ်ကာကား နှစ်ဆယ့်ငါးစီးလိုမည်။ ထိုကွန်ဗွိုင်းတွင် သုံးဆယ်မှ ငါးဆယ်ရာခိုင်နှုန်းအထိ ပျက်စီးဆုံးရှုံးနိုင်သည်။ သို့ဖြစ်ရာ အရင်က တင်ပြခဲ့သည့်အတိုင်း ဗြိတိသျှတပ်များ အကူအညီဖြင့် မြို့သစ်ကို ဂျေရုဆလမ်သို့ ရွှေ့ပြောင်းရန် ရှယ်လတီးယယ်က တင်ပြသည်။

တယ်အဗစ်တွင်မူ လူငယ် ရှေးဟောင်းသုတေသီ ရီပယ်ယာဒင် ရှယ်လတီးယယ် အဆိုကို ပယ်ချသည်။ သူသည် ဟာဂါနား စစ်ဆင်ရေးတာဝန်ခံတစ်ယောက် ဖြစ်သည်။ ကဖာအက်ဇီယွန်သည် တောင်ဘက်မှ ဂျေရုဆလမ်သို့ တိုက်ခိုက်လျှင် ရှေ့ပြေးခံစစ်စခန်း ဖြစ်သည်။ အက်ဇီယွန်သို့ ကွန်ဗွိုင်းစေလွှတ်ရန် ဂျေရုဆလမ်တပ်ဖွဲ့ ပေးနိုင်သမျှ ရိက္ခာများ ပေးရန် ရှယ်လတီးယယ်အား ကိုယ်တိုင် အမိန့်ပေးသည်။ ဟိုတယ်ဆယ်မီရာမစ်ကို ဖျက်ဆီးရာ၌ ခေါင်းဆောင်ခဲ့သည့် မစ်ရှယ်ရှာချမ်းအား ဂျေရုဆလမ်သို့ ပြန်ပို့ကာ ကွန်ဗွိုင်းကို ခေါင်းဆောင်စေသည်။

မည်မျှမြန်မြန် ပစ္စည်းများ ပို့နိုင်သည့်အပေါ် အောင်မြင်မှုတည်သည်။ ပစ္စည်းပို့ရေးစစ်ဆင်ရေးသည် ဆွစ်နာရီတစ်လုံး အလုပ်လုပ်သလို တိကျရမည်။ အချိန်ဇယားအတိုင်း မဆောင်ရွက်နိုင်လျှင် အာရပ်တို့က ကွန်ဗွိုင်းကို ပြန်မောင်းထုတ်လိမ့်မည်ဟု စီမံကိန်းအရာရှိ အာဘယ်က သတိပေးသည်။ မစ်ရှယ်ရှာချမ်းက မြို့သစ်ကိုလိုနီထဲတွင် တစ်နာရီ အချိန်ယူကာ ပစ္စည်းများ ချမည်ဟု ဆိုသည်။ ရှယ်လတီးယယ်၏ ထောက်လှမ်းရေးအရာရှိ လယ်ဗီက သဘောမတူ။ တစ်နာရီလောက် အချိန်ရလျှင် အာရပ်များပြေးလာကာ လမ်းကိုကျောက်တုံးများဖြင့် ပိတ်ဆို့လိမ့်မည်။ အာရပ်တို့အဖို့ တစ်နာရီအတွင်း လူတစ်ရာကျော် စုရုံးချိန်ရသည်။ နောက်ဆုံးတွင် ပစ္စည်းချရန် ဆယ့်ငါးမိနစ်သာ အချိန်

http://mmteashop.com



ပေးသည်။ မြို့သစ်တွင် နေသူတို့သည် ငါးယောက် တစ်အုပ်စုဖွဲ့ကာ ရွာသုံးရွာမှ အက်ဇီယွန်အထိ လမ်းတစ်လျှောက် စောင့်ကြပ်ပေးရမည်။ ထိုအချိန်တွင် ကွန်ဗွိုင်းမှ ပစ္စည်းများချမည်။ သံချပ်ကာ ကားလေးစီးက နောက်ချန်နေရစ်ပြီး အာရပ်တို့ကို ထိန်းထားရမည်။

လွန်ခဲ့သည့် ဆယ့်ငါးရက်က ဝယ်ထားသည့် ရှနဲလားကျောင်းဝင်းကို ကွန်ဗွိုင်း၏ စုရပ်အဖြစ် သတ်မှတ်သည်။ အစားအစာ၊ ဆေးဝါး၊ ကျည်ဆန်၊ ဘီလပ်မြေ၊ သံချောင်းများ၊ သံဆူးကြိုး၊ ဓာတ်ဆီပီပါများကို ကျောင်းဝင်းအတွင်း အမြန်ဆုံး စုပုံစေသည်။ နံပါတ်ခြောက် ပါလမက်တပ်ရင်းအား ကွန်ဗွိုင်းကို လိုက်ပါစောင့်ရှောက်ရန် တာဝန်ပေးသည်။ ယင်းတွင် လူတစ်ရာကျော်ပါမည်။ ပစ်အားကောင်းရန် ရှယ်လတီးယယ်က သူ့တပ်များမှ အကောင်းဆုံးလက်နက်များကို ပေးသည်။ စက်သေနတ်ကြီး ဆယ့်ရှစ်၊ မော်တာနှစ်၊ ခေတ်မီရိုင်ဖယ် လေးဆယ့်ခုနစ်နှင့် စက်သေနတ်သေး လေးဆယ့်ငါးတို့ ဖြစ်သည်။ လမ်းပိတ်ဆို့ဖျက်ဆီးရေး ယာဉ်တစ်စီး၊ ဝန်ချီစက်တစ်ခု၊ သံချပ်ကာ ဘတ်စ်ကား လေးစီး၊ ထရပ်ကားလေးဆယ်နှင့် သံချပ်ကာကား ဆယ့်ကိုးစီးတို့ကို ဂျေရုဆလမ်တပ်ဖွဲ့အား စိတ်ကြိုက်အသုံးပြုခွင့် ပေးသည်။ ထောက်ပံ့သည့် ပစ္စည်းတန်နှစ်ရာကို အချိန်မီချရမည်။ တစ်ဖန် အက်ဇီယွန်ရှိ တပ်များကို အနားပေးလဲလှယ်ရန် တပ်သား (၁၃၆)ပါသော အဖွဲ့တစ်ခုလည်း လိုက်ပါသွားမည်။ ကွန်ဗွိုင်းတွင် ဝိုင်ယာလက်စက်လေးခု ဖြန့်ထားမည်။ မစ်ရှယ်ရှာချယ်သည် ဟာဂါနားပိုင် အဖိုးတန် အော်စကာ လေယာဉ်တစ်စင်းဖြင့် လှုပ်ရှားသွားလာမှုမှန်သမျှကို လေကြောင်းမှ ထိန်းချုပ်မည်။

မတ် (၂၇)အီစတာ စနေနေ့ မနက်(၆)နာရီတွင် ထွက်မည်။ ဥပုသ်ရက်ကို ရွေးခြင်းမှာ အာရပ်တို့ ပြင်ဆင်ချိန် မရရန် ဖြစ်သည်။ တစ်ညလုံး ရှနဲလား ကျောင်းဝင်းအတွင်း ပစ္စည်းများ တင်ကြသည်။ အလွန်အရေးကြီးသည့် စစ်ဆင်ရေးတစ်ခုအဖြစ် ဟာဂါနားအဖွဲ့ဝင်တို့ ဇေ့စပ်သေချာစွာ စီစဉ်သည်။ မနက်ခြောက်နာရီတွင် ကားဆယ့်နှစ်စီး ပစ္စည်းတင်ရန် ကျန်သေးသည်။ ရှစ်နာရီမထိုးမီ မိနစ်အနည်းငယ်အလိုတွင်မှ ကွန်ဗွိုင်းထွက်ရန် အသင့်ဖြစ်သည်။

ကားတန်းက ရှည်သည်။ စက်သံများ ညံနေသည်။ ဂျေရုဆလမ်မြို့တစ်ဝက်လောက် အိပ်ရာမှ နိုးသည်။ အာဘယ်သည် မြေပုံတစ်ခုနှင့် အလုပ်များနေသည်။ ကွန်ဗွိုင်းအစောင့် ခေါင်းဆောင်ကို သူ ရွေးသည်။ လမ်းတစ်လျှောက် အန္တရာယ်ရှိသည့် နေရာများကိုလည်းကောင်း၊ ပစ္စည်းချသည့်အခါ ဂရုစိုက်ရန်ကိုလည်းကောင်း မှာကြားသည်။ ဆိုလိုမွန်ရေအိုင်အလွန်တွင် လမ်းမှာ ကျဉ်းသည်။ "အဲဒီနေရာဟာ အာရပ်တွေမင်းတို့ကို လည်စေ့ညှစ်မယ့်နေရာပဲ" ဟု သူ ညွှန်ပြသည်။

ဂျေရုဆလမ်မှ ထွက်ခဲ့သည့် ကွန်ဗွိုင်းသည် တိတ်ဆိတ်သည့် တောင်ကုန်းများဆီသို့ မောင်းနှင်သွားကြသည်။ မားအေးလီယတ်ရှိ ဂရိဘုန်းကြီးကျောင်း၊ ဘက်သယ်ဟမ်လမ်းရှိ ရက်ချယ်၏ သင်္ချိုင်းဂူတို့ကို ဖြတ်ကျော်သွားသည်။ အာရပ်အစောင့်တို့မှာ အရွယ်

http://mmteashop.com



အစားကြီးသည့် ကွန်ဗွိုင်း၏ အရှိန်ကို လန့်ကာ ထွက်ပြေးကြသည်။ တစ်မိုင်ရှိတိုင်း ဝိုင်ယာလက်ဖြင့် ဂျေရုဆလမ် ဟာဂါနားအဖွဲ့ချုပ်သို့ သတင်းပြန်ပို့သည်။ အာဘယ် ညွှန်းဆိုလိုက်သည့် ဆိုလိုမွန်ရေအိုင်ကို ကျော်လာသည်။ ထို့နောက် မိနစ်ကိုးဆယ်ကြာလျှင် ကဖာအက်ဇီယွန်သို့ ချောမောစွာ ရောက်သွားသည်။ လမ်းတွင် သေနတ်တစ်ချက်မျှ အပစ်မခံရ။

မြို့သားတို့က ဝမ်းသာအားရ ကြိုဆိုကြသည်။ စီစဉ်ထားသည့်အတိုင်း ပစ္စည်းများကို အမြန်ချသည်။ ဂျေရုဆလမ်ရှိ ဟာဂါနားအဖွဲ့ချုပ်ကလည်း ဝမ်းသာသည်။ သည်တစ်ခါ စွန့်စားရကျိုးနပ်ပြီ။

ကွန်ဗွိုင်းကားတန်းကြီး သွားနေသည်ကို အာရပ်တို့သိသည်။ မားအေးလီယတ် ဘုန်းကြီးကျောင်း ပြတင်းမှ ပုလိပ်အင်စပက်တာဟောင်း ကာမယ်အိုင်ရိကက် ကောင်းစွာ မြင်လိုက်သည်။ ဂျေရုဆလမ်၏ တောင်ဘက်မှနေ၍ ကွန်ဗွိုင်းကို အက်ဘဒူခါဒါ၏လက်ဖတင်နင်က စောင့်ကြည့်နေသည်။ ဟီဘရွန်လမ်းတစ်လျှောက်တွင် သူ့လူများ ရှိသည်။ သူတို့နှင့် အတူ မိုင်းဗုံးများ ရှိသည်။ ကဖာအက်ဇီယွန်သို့ အသွားတွင် ကွန်ဗွိုင်းကို ရပ်တန့်တိုက်ခိုက်ရန် စိတ်ကူးမရှိ။ စောင့်နေပြီး အပြန် ဂျေရုဆလမ်နှင့် ခပ်ဝေးဝေး နေရာရောက်မှ တိုက်မည်။ ကဖာအက်ဇီယွန် တံခါးဝသို့ ပထမဆုံးကားမရောက်မီ အိုင်ရိကက်၏ ဆက်သားများသည် တစ်ရွာမှ တစ်ရွာသို့ အဆင့်ဆင့် သတင်းပို့သည်။ ရွာသားများ လက်နက်ကိုင် စုဝေးရန် မှာကြားသည်။ အိုင်ရိကက်ကိုယ်တိုင် မော်တော်ဆိုင်ကယ်ဖြင့် ချုံခိုတိုက်မည့်နေရာသို့ သွားသည်။ နာရီကို သူ ကြည့်သည်။ ကိုးနာရီခွဲနေပြီ။ နှစ်နာရီခန့် စုစည်းလိုက်လျှင် ချုံခိုတိုက်ရန် အသင့်ရှိမည်။ ကွန်ဗွိုင်းလည်း အထိနာမည်။

ဂျေရုဆလမ်တွင် ရှယ်လတီးယယ်၊ အာဘယ်၊ လယ်ဗီတို့ ဝိုင်ယာလက်မှတစ်ဆင့် ပစ္စည်းများ ချသည်ကို စောင့်နားထောင်သည်။ ဆယ့်ငါးမိနစ်ရှိသည့်တိုင် ပြန်ထွက်ရန် အသင့်မဖြစ်သေး။ "မစ်ရှယ်ရေ မြန်မြန်လုပ်ဟေ့" လယ်ဗီက သတိပေးသည်။

ကဖာအက်ဇီယွန်တွင် စီစဉ်ထားသည့်အတိုင်း လုပ်ကိုင်ကြသည်။ မမျှော်လင့်ဘဲ ပြဿနာနှစ်ခု ကြုံရသည်။ ပထမတစ်ခုမှာ တယ်အဗစ်မှာ မစ်ရှယ်ရှာချမ်းထံ အကြောင်းကြားပြီး ကဖာအက်ဇီယွန် လွန်ခဲ့သည့် ရက်အနည်းငယ်က လေယာဉ်ပြေးလမ်းတွင် ဆင်းရင်း ပျက်စီးသွားသည့် အော်စတာလေယာဉ်ပျက်ကို ကွန်ဗွိုင်းကားတစ်စီးဖြင့် ဂျေရုဆလမ်သို့ တင်ယူခဲ့ရန် ဖြစ်သည်။

ဒုတိယပြဿနာမှာ မြို့သစ်မှ ရှာရွန်လွင်ပြင်ရှိ စားကျက်သို့ ပြောင်းရွှေ့ရန် အမိန့်ပေးခံရသည့် သားစပ်နွားသိုး 'ဇင်မရီ' က ကွန်ဗွိုင်းနှင့် အတူလိုက်ရန် ငြင်းဆိုနေခြင်းပင် ဖြစ်သည်။ မည်သို့မျှ ချော့မော့သော်လည်း ဇင်မရီ ခေါင်းမာနေသည်။ ကားပေါ်သို့ မတက်။

http://mmteashop.com



ကားခြောက်ဆယ်နှင့် လူနှစ်ရာတို့သည် လေယာဉ်ပျက်တစ်စီးနှင့် ခေါင်းမာနေသော နွားသိုးတစ်ကောင်ကို စောင့်နေကြရသည်။ အိုင်ရီကက်၏ လူများ ဟီဘရွန်တောင်ကုန်းများသို့ ရောက်လာကြသည်။ ဗလီဘုရားကျောင်း မျှော်စင်တစ်ခုမှ နောက်တစ်ခုသို့ သတင်းပို့သည်။ နားလင်၊ ဘိတ်ဖာပါ၊ ဟာလားအာဘက်၊ ဘိတ်ဆာဟာနှင့် ဘိတ်ဂျယ်လာတို့မှ ရွာသားများ မြင်းစီးကာတစ်မျိုး၊ တချို့က ကားအဟောင်းအမြင်း၊ တချို့က အမေရိကန်ကားသစ်၊ တချို့က မြည်းစီးလျက်၊ တချို့က ခြေလျင် အုပ်လိုက်သင်းလိုက် ရောက်လာကြသည်။ အဖေများက မိသားစုပိုင် ရိုင်ဖယ်များကို သားများထံမှ တစ်လှည့်စီ တောင်းယူပြီး မိသားစုဂုဏ်ရှိန်ကို မြှင့်တင်ရန် တိုက်ပွဲသို့ ရောက်လာကြသည်။ ကျောက်တုံးအိမ်ထဲမှ လက်နက်ဆွဲကိုင်ပြီး ထွက်လာကြသူများ ရှိသည်။ သူတို့ဘောင်းဘီအိတ်ထဲတွင် ကျည်ဆန်တစ်ဆုပ်သာ ပါသည်။

ရေမလို၊ အစားအစာမလို၊ ရှေးဦးသူနာပြုဆေးဝါးမလို။ ယင်းတို့အတွက် ပူပန်မှုလည်းမရှိ။ ဘယ်နေရာသို့ ဘယ်လိုသွားရန် ဘယ်သူကမျှ သူတို့ကို မညွှန်ကြား။ တစ်ခါတစ်ရံ အုပ်စုတစ်ခုတွင် အသက်အကြီးဆုံးက ခေါင်းဆောင်သည်။ တစ်ခါတစ်ရံ အမြန်ဆုံးပြေးကာ ထိပ်ရောက်သွားသူက ခေါင်းဆောင်ဖြစ်သွားသည်။ တစ်ခါတစ်ရံ အသံအကျယ်ဆုံး အမိန့်ပေးနိုင်သူက ခေါင်းဆောင်ဖြစ်သွားသည်။ သို့ပေမယ့် သူတို့ ရောက်လာကြသည်။ ပထမ ဒါဇင်လိုက်။ ထို့နောက် အုပ်လိုက် သင်းလိုက်။ ထို့နောက် ရာပေါင်းများစွာ။ ထို့နောက် ထောင်ပေါင်းများစွာ ရောက်လာကြသည်။ ဘက်သယ်ဟမ်နှင့် ဟီဘရွန်တို့တွင် ထရပ်ကားများက ဟွန်းတီးကာ ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ဈေးများမှ လူများကို စုစည်းသည်။ ထိုအခါ သေနတ်ဆွဲကိုင်ပြီး မိုးပေါ်ထောင်ဖောက်လျက် လမ်းများဆီသို့ ထွက်လာကြသည်။

ချုံခိုတိုက်မည့်နေရာ ရောက်လျှင် သူ့ထက်အရင် ရာပေါင်းများစွာသော ရွာသားများ ရောက်နေနှင့်ပြီး မိုင်ဝက်ခန့်ဝေးသော လမ်းပေါ်တွင် လမ်းပိတ်ဆို့သည့် ကျောက်တုံးများ ရောက်နေသည်ကို အိုင်ရီကက် တွေ့ရသည်။ ပခုံးတွန့်ကာ သူ့လူများအား မိုင်းများယူပြီး အခြားသူများနှင့် ပူးပေါင်းရန် အမိန့်ပေးသည်။ ကင်ဆာအနာရောဂါလိုပင် ထိုနေရာတွင် သူ၏ သူရဲကောင်းရွာသားများ ပွားများသည်ထက် ပွားများလာ မည်ကို သူ သိသည်။

ဒင်နီယယ်ဘက်စတိန်းသည် ဟာဂါနား ကင်းထောက်လေယာဉ်လေးဖြင့် ထိုဒေသသို့ ပျံဝဲ၍ ကြည့်သည်။ လူတွေ လူတွေ။ တောင်ကုန်းများဆီသို့ လာနေကြသည်။ မိုင်ပေါင်းများစွာ ရှည်လျားသည့် လူတန်းကြီးကို သူမြင်ရပြီး ရင်မ, မိသည်။ ဂျေရုဆလမ်သို့ ရေဒီယိုသတင်းပေးပို့ပြီး အချိန်မနှောင်းမီ ကွန်ဗွိုင်းထွက်ခွာရန် သတိပေးသည်။ ရှယ်လတီးယယ်၏ ဌာနချုပ်တွင် ဝိုင်ယာလက်စက်ဘေး၌ လူများ ဝိုင်းနေကြ သည်။ “ဘယ်တော့ ထွက်လာမှာလဲ၊ ဘာကြောင့် အချိန်ကြာနေသလဲ” ဝိုင်ယာလက်ဖြင့် မေးနေသည်။

http://mmteashop.com



ကဖာအက်ဇီယွန်သည် သားစပ်နွားသိုး 'ဇင်မရီ'နှင့် ဟာဂါနား၏ လေယာဉ်ပျက်တို့ကို ကားပေါ်တင်ရန် ကြိုးစားနေကြသည်။ ဗြိတိသျှတို့မှာ ယခုဆိုလျှင် ကဖာအက်ဇီယွန်တွင် ဘာဖြစ်နေသည်ကိုလည်းကောင်း၊ အာရပ်တို့က လမ်းပိတ်ရန် အမြန်ဆုံး ကြိုးစားနေသည်ကိုလည်းကောင်း သိသည်။ ဟာဂါနားအဖွဲ့သည် ဗြိတိသျှတို့အား အသိမပေးဘဲ ကွန်ဗွိုင်းထွက်ခွာသည်ကို အပြစ်တင်သည်။ သို့ဖြစ်ရာ ဂျူးအေဂျင်စီသို့ အရေးပိုင်ရုံးမှ ပုလိပ်အရာရှိတစ်ယောက် စေလွှတ်ကာ ကွန်ဗွိုင်းကို မြို့သစ်မှာပဲ နေရန်သို့မဟုတ်ဘဲ ပြန်ထွက်လာလျှင် ဖြစ်ပျက်သမျှကို တာဝန်ယူရန် အကြောင်းကြားသည်။ ခဏမျှ ရှယ်လတီးယယ် စဉ်းစားသည်။ ထို့နောက် ဆက်လက်လှုပ်ရှားရန် ဆုံးဖြတ်သည်။ ကဖာအက်ဇီယွန်တွင် ကားများကို သည်အတိုင်း ဆက်၍ မထားနိုင်။

ကြာသည်ထက် ကြာနေပြီ။ တစ်နာရီ၊ နောက်တစ်နာရီနှင့် မိနစ်သုံးဆယ်။ တစ်မိနစ်လွန်တိုင်း ရှယ်လတီးယယ်၏ ဝိုင်ယာလက်စက်ဘေးတွင် ဝိုင်းနေသူများ စိတ်ဓာတ်ကျလာသည်။ "ဆိုးဆိုးရွားရွားတွေ ဖြစ်ကုန်တော့မှာပဲ"ဟု အာဘယ် စိတ်ပူမိသည်။ နောက်တွင် ကျန်ရစ်ခဲ့သည့် သံချပ်ကာကားလေးစီးက အာရပ်တွေ ဝိုင်းလာပြီဖြစ်ကြောင်း သူတို့ကို တိုက်ထုတ်နိုင်လိမ့်မည်မဟုတ်ကြောင်း သတင်းပို့သည်။

နောက်ဆုံးတွင် ကွန်ဗွိုင်းကားများ ထွက်ခွာတော့မည်ဖြစ်ကြောင်း "ကဖာအက်ဇီယွန်"က သတင်းပို့သည်။ ရှေ့ဆုံးတွင် ကင်းလှည့်ကားတစ်စီးနှင့် ကရိန်းပါသော လမ်းရှင်းကားတို့ ထွက်သွားကြသည်။ သူတို့နောက် ကိုက်တစ်ရာတွင် ပထမဆုံး ထရပ်ကားအလွတ်များ၊ ထို့နောက် ပါလမက်တပ်သားများပါသည့် သံချပ်ကာ ဘတ်(စ်)ကားများ၊ ထို့နောက် ကျန်ထရပ်ကားများ လိုက်ပါလာသည်။ သံချပ်ကာ ကားများသည် ကားတန်းအကြား သိုးကျောင်းခွေးများလို လိုက်ပါလာသည်။ တစ်စီးမှာ နောက်ဆုံးကဖြစ်ပြီး သားစပ်နွားသိုးပါသည့် ကားနောက်တွင် လိုက်ပါလာသည်။ အချိန်မှာ ဆယ့်တစ်နာရီခွဲ ဖြစ်သည်။ ဆယ့်ငါးမိနစ်အစား နှစ်နာရီတိတိ ကဖာအက်ဇီယွန်တွင် ကြာနေသည်။ ကာမယ်အိုင်ရီကက်အဖို့ လူစုချိန် ရသည်။

ကွန်ဗွိုင်းမှ ဝိုင်ယာလက်အရာရှိက မိနစ်တိုင်း ရှယ်လတီးယယ်၏ ဌာနချုပ်သို့ သတင်းပို့သည်။ လမ်းရှင်းကားသည် ပထမဆုံး အာရပ်တို့ လမ်းပိတ်ဆို့သည့်နေရာကို ရှင်းသည်။ ထို့နောက် ဒုတိယနှင့် တတိယနေရာတို့ကို ရှင်းသည်။ ကွန်ဗွိုင်းကားများ အနည်းငယ် ပူပန်စိတ် လျော့လာသည်။ ခုနစ်ခုမြောက် ပိတ်ဆို့မှုကို ရှင်းရန် ရှိနေသည်။ ယင်းမှာ အကြီးဆုံးပိတ်ဆို့မှု ဖြစ်သည်။ အာရပ်တို့ မှန်မှန်ပစ်ခတ်သည့်အကြားမှ လမ်းရှင်းကားသည် အကြီးဆုံးကျောက်တုံးကြီးကို ဖယ်ရှားသည်။ ထိုခဏတွင် ချက်ချင်းလိုလိုပင် ကျောက်တုံးတစ်ခု လိမ့်ကျလာပြီး လမ်းရှင်းကားပေါ်သို့ ကျသည်။ ကားမှာ တုန်ခါသွားပြီး ဘေးဘက်က ချိုင့်ထဲသို့ တစောင်းကျသွားသည်။ ကိုက်နှစ်ရာ ရှည်သည့် ကားတန်းကြီးသည် မြွေကြီးတစ်ကောင် ခေါင်းပြတ်သွားပြီး သေတော့မည့် ပုံသဏ္ဍာန်နှင့် တူသည်။

http://mmteashop.com



အာရပ်တို့၏ ပစ်ခတ်သံများ ကားဘီးပေါက်သံများ ဆူညံနေသည်။

"ဘယ်ရောက်နေသလဲ" ဂျေရုဆလမ်မှ ကွန်ဗွိုင်းသို့ ရေဒီယိုဖြင့် ဆက်သွယ် သည်။

"နေဘီဒင်နီယယ်" ဟူသော အဖြေရသည်။ ထိုအသံကြားလျှင် အီလီယာဟု အာဘယ်သည် ကုလားထိုင်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ နေဘီဒင်နီယယ်ဆိုသည်မှာ ဆိုလိုမွန်ရေအိုင်အနီး တောင်စောင်းရှိ အာရပ်တစ်ယောက်၏ အိမ်နာမည် ဖြစ်သည်။ ထိုနေရာမှာ လွန်ခဲ့သည့် လေးနာရီက မြေပုံပေါ်တွင် အန္တရာယ်ရှိသည်ဟု အာဘယ် လက်ညှိုးညွှန်ပြခဲ့သည့်နေရာ ဖြစ်သည်။

ဂျေရုဆလမ်မြို့တောင်ဘက် တောင်ကုန်းဒေသတစ်ခုတွင် သေနတ်သံများ ကြားရသည်။ ယင်းမှာ ချုံခို အတိုက်ခံနေရသည့် ကဖာအက်ဇီယွန် ကွန်ဗွိုင်းကားများနှင့် မိုင်အနည်းငယ်သာ ဝေးသည်။ သို့သော်လည်း သေနတ်သံတို့မှာ အယ် မာလီဟာ အာရပ်ကျေးရွာလေးတစ်ခုမှ အသံများဖြစ်ပြီး ရွာသားရှစ်ရာခန့် ပျော်ရွှင်သဖြင့် သေနတ်ဖောက်ခြင်း ဖြစ်သည်။

အယ်မာလီဟာ၏ အကြီးအကဲတစ်ယောက်၏သမီး ဆယ့်ငါးနှစ်အရွယ်ရှိ အေလီယာဒါဝစ်သည် ကေအစ်လူမျိုးစုဝတ်စုံများကို ဆင်ယင်ပြီး အာရပ်ရွာကလေးသို့ ရောက်လာသည်။ သူ့ကို သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အေလီယာမှာ ကလေးအရွယ် လွန်မြောက်ပြီး အပျိုအရွယ်ရောက်လာပြီ။ သူ့ကို ကျောက်ခွဲအလုပ်သမားလူချောလေး မိုဟာမက်မူဆာ ဇာဟာရန်က စောင့်မျှော်နေသည်။ ယခု မတ်လစနေနေ့သည် သူတို့၏ လက်ထပ်ပွဲနေ့ ဖြစ်သည်။

အေလီယာဒါဝစ်သည် ရွှေကကြိုးတန်ဆာဆင်ထားသည့် မြင်းကို စီးကာ ရောက်လာသည်။ သူ့အဖေက သူ့လက်သို့ ဓားတစ်ချောင်းပေးအပ်သည်။ သူက နှုတ်ခမ်းနှင့် နဖူးပေါ်သို့ ဓားသွားကို ခဏတင်သည်။ သူ့မျက်နှာကို ပဝါဖြူ ခြုံထားသည်။ ထိုဓားဖြင့် သတို့သားက ပဝါဖြူကို ဖြတ်ကာ,မပြီး သူ့ကို ကြည့်မည်။ ထိုအခါ သတို့သားသည် အေလီယာကို ဇနီးမယားအဖြစ် သိမ်းပိုက်ပြီး ဖြစ်လေသည်။

သူတို့သည် အခမ်းအနားဖြင့် ရွာသို့ ရောက်လာကြသည်။ ရိုးရာသီချင်းများ သီဆိုကြသည်။ အေလီယာက ရှေ့ဆောင်ပြီး အယ်မာလီဟာရွာမှ ထွက်လာကြသည်။ သူ့နောက်တွင် ရွာမှ အမျိုးသမီးများ ခြံရံလိုက်ပါလာပြီး လက်ထပ်အကကို ကကြသည်။ သတို့သမီး၏ ဆင်ယင်ထုံးဖွဲ့မှုနှင့် လိုက်ဖက်အောင် သူတို့ကလည်း ဒင်္ဂါးပြားများ ချိတ်ဆွဲထားသည့် ခေါင်းဆောင်းများ ကတ္တီပါနှင့် ဆက်တင်ဝတ်စုံများ ဆင်ယင်ထားကြသည်။

အေလီယာဒါဝစ်တို့ ရွာသားများသည် အယ်မာလီယာ၏တစ်ဖက် သဲကန္တာရ ချိုင့်ဝှမ်းကျော်လျှင် တွေ့ရသည့် ကျောက်တောင်များတွင် အသက်မွေးဝမ်းကျောင်းမှု ပြုသူများ ဖြစ်သည်။ တောင်စောင်းများ၌ ဗာဒံပင်များရှိပြီး ယင်းပတ်ဝန်းကျင်တွင်

http://mmteashop.com



ကျောက်ကျင်းဖြူချိုင့်များ ရှိသည်။ ရွာသားများသည် ကျောက်တူး ကျောက်ခွဲကြသူများ ဖြစ်သည်။ အေလီယာ၏ သတို့သားလောင်းတို့ရွာမှ မျိုးဆက်ပေါင်း များစွာသည် ကျွမ်းကျင်သော ကျောက်တူးသမား၊ ကျောက်ခွဲသမားများ ဖြစ်လာကြသည်။ အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံး ကျွမ်းကျင်သည့် သူတို့၏ ကျောက်သမားလက်များကို သိသည်။ ဂျေရုဆလမ်မှ ဘဂ္ဂဒက်အထိ မြို့ကြီးများ၏ အဆောက်အအုံများတွင် သူတို့ထုဆစ်သည့် ကျောက်ဖြူတုံးများဖြင့် ဆောက်ထားခြင်း ဖြစ်သည်။ ဘယ်မြို့တွင်မျှ သူတို့လက်ရာ မကင်း။

သူတို့ပတ်ဝန်းကျင်တွင် ဂျူးကျေးရွာများ ရှိသည်။ ဂီဗတ်ရှော၊ မော့တဇာနှင့် မွန်တီဖိယိုရီတို့ ဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ အခင်အမင်မပျက် ဝင်ထွက်သွားလာခဲ့ကြသည်။ ပျော်ပွဲရွှင်ပွဲများသို့ သွားကြသည်။ ကခုန်သီဆိုကြသည်။ ကော်ဖီများ၊ အရက်များ သောက်ကြသည်။ (၁၉၄၈) နွေဦးမှာပင် အေလီယာ အိုးအိမ်သစ်ထူထောင်မည့် ရွာကလေးသည် ဂျေရုဆလမ်မြို့တံခါးနှင့် မဝေးလှသည့် အေးချမ်းသော အိုအေစစ်ကလေး တစ်ခုအဖြစ် တည်ရှိခဲ့သည်။ သို့ပြောသော်လည်း သူ၏ ပတ်ဝန်းကျင်ရွာများသည် သူတို့ရွာလေးမှ မတ်ဖတီ၏ လူများကို လက်ခံထားခဲ့သည်။ ရွာကလေးအား တည်ထောင်သူ ဒေယာယက်ဆင်၏ နာမည်ဖြင့် မှည့်ခေါ်ထားသည်။

ကဖာအက်ဇီယွန်တွင် ပိတ်ဆို့ထားသည်ကို ဖောက်ထွက်ပြီး ဂျေရုဆလမ်သို့ ကွန်ဗွိုင်းကားများ ပြန်ရန်မလွယ်။ အာရပ်တို့မှာ ကားများနှင့် ကိုက်သုံးရာအကွာတွင် ရောက်လာကြသည်။ အချင်းချင်း ပြောဆိုနေသည်ကို ဒရိုင်ဘာများ ကြားနေရသည်။

ကွန်ဗွိုင်းတပ်မှူးက အန္တရာယ်ကြီးသဖြင့် မဖောက်ထွင်းချင်။ ဖြစ်နိုင်လျှင် နောက်သို့ပြန်ဆုတ်ပြီး မြို့သစ်တွင် ခိုနေချင်သည်။ သံချပ်ကာကားငါးစီးနှင့် ထရပ်ကား ငါးစီးသာ လမ်းပိတ်ဆို့ထားသည်ကို ကျော်ဖြတ်နိုင်သည်။

အိုင်ရီတက်၏ ထောင်ချောက်တွင် ယောက်ျားမိန်းမ တစ်ရာ့ရှစ်ဆယ် ပိတ်မိနေသည်။ လွတ်မြောက်စရာ လမ်းတစ်ခုသာ ရှိသည်။ သူတို့ ချုံခိုတိုက်သည့်နေရာ၏ နာမည်ဖြစ်သည့် အာရပ်လူမျိုး နေဘီဒင်နီယယ်၏ အိမ်ထဲဝင်ပြေးလျှင် အတိုက်အခိုက် ခံနိုင်မည်ဖြစ်သည်။ အိမ်နံရံမှာ ထူသည်။ စွန့်ပြေးသည့်အိမ် ဖြစ်သည်။ အိမ်ထဲတွင် လူသူမရှိ။ ထရပ်ကားများသည် နေဘီဒင်နီယယ်ဆီသို့ မောင်းသွားပြီး အင်ဒီးယန်းတို့ ဝိုင်းတိုက်သည်ကို လှည်းများနှစ်ထပ်ဝိုင်းပြီး ခုခံသည့်နည်းအတိုင်း ကားများကို နှစ်ထပ် ဝိုင်းထားနိုင်သည်။

ချက်ချင်းပင် နေဘီဒင်နီယယ် ဝင်းတံခါးကို ဖောက်ခွဲပြီး ဖွင့်သည်။ ထို့နောက် အလျင်အမြန် ပြေးဝင်ကြပြီး အမိုးပေါ်တွင် စက်သေနတ်များ နေရာယူကာ ခံစစ်ကို ပြင်ဆင်သည်။ သံချပ်ကာကားများက ရှေ့တိုးလာပြီး အကာအကွယ်ပေးကာ သူ့လူများကို အိမ်ဝိုင်းထဲသို့ ပို့ပေးသည်။

http://mmteashop.com



လမ်းပိတ်ဆို့သည်ကို ရှင်းသည့် ကရိန်းကားထဲက လူများကို ဘယ်သူမျှ မကယ်နိုင်။ တစ်ညနေလုံး ကားထဲမှ တပ်သားများသည် အာရပ်များကို ပစ်ခတ်တွန်းလှန်နေသည်။ အာရပ်တို့ တစ်အုပ်ပြီးတစ်အုပ် တက်လာသည်။ ခြောက်နာရီကျော်လျှင် သူတို့တွင် ကျည်ဆန် မရှိတော့။ ပင်ပန်းပြီး ပိုးလိုးပက်လက် ဖြစ်နေကြသည်။ နေဝင်သွားလျှင် ကားဆီသို့ မိုလိုတော့ လက်ပစ်ဗုံးနှစ်ခု ပြေးလာသည်။ ကွန်ဗွိုင်းတပ်မှူး ဇီရူဘာဗယ် ဟိုရိုဝစ်သည် တည်ငြိမ်သူ ဖြစ်သည်။ သူ့လူများကို လွတ်ရာ ရှာကြံပြေးကြဖို့ ပြောသည်။ သူကမူ ဒဏ်ရာရသူများနှင့် နေခဲ့သည်။ သူ့လူများက တစ်ယောက်ပြီးတစ်ယောက် တံခါးကို တွန်းဖွင့်ကာ ကားထဲမှ ထွက်ပြေးကြသည်။ နောက်ဆုံးလူမှာ ယားကော့အေအိုင် ဖြစ်သည်။ သူထွက်ပြေးတော့ ဒဏ်ရာရသူများအလယ်တွင် ရပ်နေသော တပ်မှူး ဟိုရိုဝစ်ကို မြင်ခဲ့ရသည်။ သူကား သဘော်ာနစ်သည့်အခါ ကယ်တင်မည့်သူမရှိသော ခရီးသည်များကို စွန့်ပစ်ထွက်ပြေးရန် ငြင်းဆန်သည့် ကပ္ပတိန်နှင့်တူသည်။ ခဏကြာလျှင် မီးလောင်နေသော လမ်းရှင်းကားဆီမှ ပေါက်ကွဲသံ ကြားရသည်။

နေ့လယ်ပိုင်းရောက်လျှင် နေဘီဒင်နီယယ်၏ အိမ်ထဲတွင် ပိတ်မိနေသော ယောကျ်ားမိန်းမတို့မှာ လွတ်မြောက်ရန် မျှော်လင့်ချက် ဝေးသည်ထက် ဝေးလာသည်။ ရှယ်လတီးယယ်က ဟာဂါနာအဖွဲ့ချုပ်အား လေတပ်အဖွဲ့က အာရပ်တို့ကို ဗုံးကြဲရန် ပြောသည်။ အော်စကာနှင့် တိုက်ဂါးမော့နှစ်စီး ပျံတက်သွားကြပြီး လေယာဉ်မှူးအူဇီ နာဆစ်နှင့် အော့မော့ချိုရက်တို့က ပိုက်လုံးဗုံးများ ကြဲသည်။

ကွန်ဗွိုင်းကားများ ပိတ်မိနေသည့် သတင်းသည် ဂျေရုဆလမ်ဂျူးရပ်ကွက်သို့ ရောက်သွားသည်။ ကွန်ဗွိုင်းတွင် ပါဝင်သူတို့၏ ဆွေမျိုးမိတ်ဆွေအနည်းငယ်သာ ရှိသည်။ ရုရှားဇာတိ အင်ဂျင်ဂိုလာနီသည် ဝိုင်ယာလက်စက်ကလေးဖြင့် အဝိုင်းခံနေရသော စခန်းမြို့လေးမှ သူ့သား ဟာဂါနာရေဒီယိုအရာရှိထံ ဆက်သွယ်ကြည့်သည်။ သူ့သား အသံကို မကြားရဘဲ သူ့သမက် မိုရှေ၏အသံကို ကြားရသည်။ လွန်ခဲ့သည့် ညနေက သမက်မိုရှေအား ခြောက်လုံးပြူးတစ်ခု သူပေးလိုက်သည်။ မိုရှေသည် ကွန်ဗွိုင်းကားတန်းတွင် ပိတ်မိနေသည်။ အာရပ် ချုံခိုတိုက်ခိုက်သူများနှင့် ဂျေရုဆလမ်မှာ ဆယ်မိုင်သာ ဝေးသည်။

ဂျေရုဆလမ် ဟာဂါနာအဖွဲ့တွင် ကားတစ်စီးမျှ မရှိတော့။ အားလုံး ကွန်ဗွိုင်းတွင် ပါသွားသည်။ အဝိုင်းခံရသူများထံ သွားရန် မလွယ်ကူ။ အဝိုင်းခံရသူ တစ်ရာ့ရှစ်ဆယ်နှင့် အဖိုးတန်ကားများကို ကယ်တင်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းသာ ရှိတော့သည်။ ဗြိတိသျှတို့ထံ ရှယ်လတီးယယ် အကူအညီတောင်းရမည်။

ဗြိတိသျှတို့ဘက်က ပြန်ကြားချက်မှာ ထက်ထက်သန်သန် မရှိ။ အရေးပိုင် ဂျမ်းပေါလောက်က ပါလက်စတိုင်း ပုလိပ်အဖွဲ့အား အခြေအနေကို သွားရောက်ကြည့်ရှုခိုင်းသည်။ ဟာဂါနာမှာ ဗြိတိသျှတို့၏ အမိန့်ကို မနာခံဘဲ သူတို့ဘာသာသူတို့ ကွန်ဗွိုင်းများ

http://mmteashop.com



စေလွှတ်ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ဖြစ်ပျက်လာသမျှ ကိစ္စအဝဝကို သူတို့ပင် ခံပေတော့ဟု ပြန်ကြားသည်။

ပါလက်စတိုင်းဂိုဏ်းချုပ် ဒပ်ဗလင်ဇာတိ အိုင်ဆက် ဟားဇော့သည် ဥပုသ်ချိုးကာ ဗြိတိသျှမဟာမင်းကြီး ဆာအယ်လင်ကန်နင်ဟမ်ထံ တယ်လီဖုန်းဆက်ပြီး အကူအညီတောင်းသည်။ သူ့သား ဗီဗီယန်ဟားဇော့သည် ရုံးတစ်ခုပြီးတစ်ခု ပြေးဝင်ကာ သူ့ရဲဘော်များ အသက်ဘေးမှ လွတ်အောင် အကူအညီတောင်းသည်။

ဗြိတိသျှတပ်မှူး ဆာဂေါ်ဒန်မက်မီလန်နှင့် သူ၏ ဂျေရုဆလမ် ဒုတပ်မှူး ဗိုလ်မှူးချုပ် စီ၊ ပီ၊ ဂျုန်းတို့ နှစ်ယောက်စလုံး ထိုရက်ပိုင်းတွင် အေသင်သို့ အစည်းအဝေး တက်ရန် ရောက်နေကြသည်။ ကျန်ရစ်သူ တာဝန်ခံအရာရှိမှာ ဆပ်ဖောက်တပ်ရင်းမှ ကာနယ်ဂျော့၊ ဒဗလျူ ဟာပါး ဖြစ်သည်။ ယခင်က ဟာဂါနားအား ကူညီခဲ့ဖူးသူ ဖြစ်သည်။ သူ့မှာ အဆုံးဖြတ်ရ ခက်နေသည်။ ဗြိတိသျှ တပ်များအား အသိမပေးဘဲ ထွက်သွားသူများကို ကယ်တင်ရင်း ဗြိတိသျှစစ်သားများ ကျဆုံးခဲ့လျှင် မက်မီလန်၏ အဆူပူ အကြိမ်းမောင်းခံရမည်။ အကူအညီမပေးဘဲ ကြည့်နေပြီး နေဘီဒင်နီယယ်တွင် ယောကျ်ား မိန်းမအားလုံး အသတ်ခံရလျှင် သူ့မှာ တာဝန်မကင်း။ ဘယ်ဘက်ကမျှ မသက်သာ။

ဟီဘရွန်လမ်းအတိုင်း တပ်ဖွဲ့တစ်ခုကို ဟာပါး စေလွှတ်သည်။ သူ့တပ်ဖွဲ့သည် အာရပ်မိုင်းဖုံးများ ပေါက်ကွဲနေသည့် နေရာအထိ ရောက်သွားသည်။ ပြန်လှည့်ရန် သူ အမိန့်ပေးသည်။ ဆက်လက်၍ မစွန့်စားဝံ့တော့။ အန္တရာယ်ကြီးသည်။ ညအမှောင်ဘက် ရောက်လာသဖြင့် ဘာကိုမျှ မမြင်။ အပိတ်ဆို့ခံ ဂျူးတို့ သူတို့ဘာသာ လွတ်မြောက်အောင် ကြိုးစားကြပေတော့။

နေဘီဒင်နီယယ် အဆောက်အအုံတွင် အခြေအနေမှာ တဖြည်းဖြည်း ဆိုးရွားလာသည်။ ဒဏ်ရာရသူများ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေသည်။ ထရပ်ကားများပေါ်က ရသမျှ သယ်ယူလာသည့် မော်ဖင်းထိုးဆေးများလည်း ကုန်သွားပြီ။ သေတော့မည့် လူတစ်ယောက်သည် မိန်းကလေးတစ်ယောက်၏ ကိုယ်ကို ဖက်တွယ်ကာ ပွတ်သပ်နေသည်။ သက်ရှိကို ဖက်တွယ်ထားရသည်ကပင် အားရှိလှပြီဟု ထင်နေဟန်တူသည်။ ထိုမြင်ကွင်းကို ယေဟူဒါလက်ရှ် တွေ့ရသည်။ သူသွားသည့်အခါ မိန်းကလေးက "သူ့အတွက် ကျွန်မ,ပေးလှူနိုင်တာ ဒါပဲရှိတယ် မဟုတ်လား"ဟု ဆိုသည်။

အပြင်ဘက်တွင် အာရပ်များ တဖွဲဖွဲ ရောက်လာကြသည်။ မှောင်ရိပ်ခိုကာ ထရပ်ကားများဆီသို့ ကပ်လာသည်။ ဘယ်သယ်ဟာမ်မှ အာရပ်တစ်ယောက် မိုလိုတော့ လက်ပစ်ဗုံးကို သံချပ်ကာ,ကားထဲ ပစ်သွင်းလိုက်သည်ကို အိုင်ရီကက် မြင်သည်။ ထို့နောက် သူ့ဗုံးမှ မီးလျှံနှင့်အတူ သူ့ကိုပါလောင်စွဲကာ ချိုင့်ထဲလိမ့်သွားရင်း အသက်ပျောက်သွားသည်။ သန်းခေါင်ကျော်လျှင် အိုင်ရီကက်၏ တပ်သားများကို ဟီဘရွန်မှ ရှိတ်ဟာမွန်က ခေါင်းဆောင်ကာ မိုင်းဖုံးကြီးတစ်ခုယူပြီး အိမ်ကြီးဆီသို့ ပြေးသွားကြသည်။ ဂျူးတို့က

http://mmteashop.com



ကိုက်ခုနစ်ဆယ်အကွာတွင် သူတို့ကို မြင်ပြီး လက်ပစ်ဗုံးများဖြင့် ပစ်သည်။ အာရပ်တို့ နောက်ဆုတ်သွားသည်။

တစ်ညလုံး ဂျူးများ အိမ်ထဲမှာ ပိတ်မိနေသည်။ လင်းအရုဏ်ကို စောင့်ပြီး နောက်ထပ် တိုက်ခိုက်ရန် စောင့်နေကြသည့်အာရပ်တို့၏ စကားပြောသံများကို ကြားနေရသည်။

နွေဦးနေခြည်နှင့်အတူ ဂျေရုဆလမ် ကောင်းကင်ယံတွင် ဂျူဒီယာ တောင်ကုန်းများဆီမှ သေနတ်သံများ ပွဲတင်ထပ်နေသည်။ ယေရှုသခင် ပြန်လည်ရှင်သန် ထမြောက်လာသည်ကို ကြိုဆိုသည့် အနေဖြင့် ဘုရားကျောင်း ခေါင်းလောင်းသံချိုချိုများ ထိုးကြသည်။

လက်တင်ဂိုဏ်းချုပ်သည် ဘုန်းကြီးများကို ခေါင်းဆောင်ကာ မြင့်မြတ်သော ဘုရားကျောင်းအတိုင်း ခရစ်တော်၏ ကျောက်ဖြူသင်္ချိုင်းဆီသို့ သွားသည်။ နောက်ဆုံးအကြိမ်အဖြစ် အရေးပိုင် ဂျမ်းပေါလောက်သည် သံတမန်များ၏ ရှေ့ဆုံးမှ လိုက်ပါလာသည်။ အရေးပိုင် ပေါလောက်၏ အိတ်ထဲတွင် ကုလသမဂ္ဂသို့ ပေးပို့မည့် သံကြိုးစာတစ်စောင် ပါသည်။ ဂျေရုဆလမ်မြို့တော်သို့ နိုင်ငံတကာ ပုလိပ်အဖွဲ့တစ်ခု ပို့ပေးရန် အဆိုပြုသည့်စာ ဖြစ်သည်။ ဂျေရုဆလမ်၏ ခရစ်ယာန်ဂိုဏ်းခွဲများ ဖြစ်သည့် အာမေနီယန်ဂိုဏ်း၊ ရှေးဟောင်းအီဂျစ် ကော့ပတစ်ဂိုဏ်း၊ ဂရိနှင့် လက်တင်ဂိုဏ်းတို့က ထိုသံကြိုးစာကို ပေါလောက်လက်သို့ ပေးအပ်ခြင်း ဖြစ်သည်။ ပေါလောက်စိတ်ထဲမှ မထေ့တထေ့ ရယ်မိသည်။ အရာရာတွင် ညီညွတ်ခဲ့သော ဂိုဏ်းချုပ်ကြီးများသည် ယခုတစ်ကြိမ်တွင် ဘယ်လိုများ ဓာတ်တူသဘောတူ ညီညွတ်ရလေသလဲ သူ စဉ်းစားမိသည်။

ခရစ်တော်၏ သင်္ချိုင်းရှေ့တွင် ရပ်ကာ ဂိုဏ်းချုပ်ကြီးက ဦးညွှတ်ပြီး "ခရစ်တော် ပြန်လည် ရှင်သန်လာပြီ"ဟု ကြေညာသည်။

အားလုံးက "ခရစ်တော် ပြန်လည်ရှင်သန်လာပြီ၊ ဟယ်လေလူဂျာ၊ ကမ္ဘာသူကမ္ဘာသား အားလုံးသို့ ငြိမ်းချမ်းခြင်းလက်ရောက်ပါစေ"ဟု ရွတ်ဆိုကြသည်။ ဂျေရုဆလမ်တွင် အီစတာ တနင်္ဂနွေနံနက်ခင်း သက်ရောက်လာလေပြီ။

ဂျေရုဆလမ်မြို့ တံခါးများတွင် ငြိမ်းချမ်းမှု မရှိ။ နေဘီဒင်နီယယ်မှလာသော သတင်းပို့သံများမှာ တိမ်၍ တိမ်၍ သွားသည်။ ရေဒီယို ဘက်ထရီများမှာလည်း အားမရှိတော့။ လူအားလုံး ပင်ပန်းနွမ်းနယ်နေကြသည်။ အစာမစားရသဖြင့် ခေါင်းမူးသည်။ အပူဒဏ်နှင့် မီးခိုးလုံးများဒဏ် ခံရသည်။ သူတို့သည် ကြမ်းပြင်ပေါ် လဲကာ သေနေကြသူများ ခေါင်းပေါ် ဖြတ်ကျော်ပြီး သေနတ်ပစ်ရန် ပြေးသွားကြသည်။

အပြင်ဘက်တွင် အာရပ်တို့၏ တိုက်ခိုက်မှုများမှာ ပြင်းထန်သည်။ သူတို့လည်း ထမင်းမစားရသည်မှာ နှစ်ဆယ့်လေးနာရီရှိပြီ။ အချို့မှာ ရေမသောက်ရသဖြင့် ခေါင်းဆောင်းများကို ခန်းခြောက်နေသော ရေတွင်းထဲချပြီး ရသည့်အစိုဓာတ်ကို ပါးစပ်ဖြင့်

http://mmteashop.com



စုပ်ယူကြသည်။ သို့သော်လည်း စိတ်ဓာတ်မကျ။ အောင်ပွဲသည် သူတို့ဘက်မှာ ရှိနေသည်။ ဆယ်နာရီရှိလျှင် မီးခိုးမှိုင်းကို အကာအကွယ်ပြုပြီး အာရပ်တစ်ရာခန့် အိမ်ကြီးဆီသို့ ချီတက်သွားကြသည်။ ထိုအချိန်မှာပင် ဂျူးတို့ထံမှ ဝမ်းသာဖွယ်သတင်းတစ်ခု ရောက်လာသည်။ တိုက်ပွဲဖြစ်ပွားရာသို့ ချီတက်လာသော ဗြိတိသျှစစ်ကြောင်းတစ်ခု ရပ်နားနေသည် ဟူသည့် သတင်းပင် ဖြစ်သည်။

သည်တစ်ကြိမ်တွင် ကာနယ်ဟာပါးသည် အာရပ်တို့နှင့် စေ့စပ်ရန် စစ်ကြောင်းကို ရပ်နားသည်။ တန်ဖိုးကြီးကြီး ပေးရမည်မှာ သေချာသည်။ အိုင်ရိကက်သည် ကိုင်ရိုမြို့သို့ ရေဒီယိုဖြင့် ဆက်သွယ်ပြီး မတ်ဖတီနှင့် စကားပြောသည်။ ထို့နောက် ဂျူးတို့ကို စစ်သုံ့ပန်းအဖြစ် သူတို့လက်သို့အပ်ရမည်ဟု တောင်းဆိုသည်။ ဗြိတိသျှတို့က ငြင်းသည်။ နောက်ဆုံးတွင် အိုင်ရိကက်နှင့် ဗြိတိသျှတို့ သဘောတူညီမှုတစ်ခုရသည်။ ယင်းကို ဂျူးအေဂျင်စီ လက်ခံလိုက်ရသည်။ နေဘီဒင်နီယယ်တွင် ပိတ်မိနေသော ယောက်ျားမိန်းမများကို ကယ်တင်ရန် နည်းလမ်းတစ်ခုသာ ရှိသည်။ ယင်းမှာ ဂျေရုဆလမ်တပ်မှူး ရှယ်လတီးယယ်သည် သူ၏ အဖိုးတန်ထရပ်ကားများနှင့် လက်နက်အားလုံးကို အာရပ်တို့ထံ ပေးအပ်ရမည်။

ကာနယ်ဟာပါးက သူ့စစ်ကြောင်းကို ဆက်၍ချီတက်စေသည်။ သံချပ်ကာကား ဆယ့်လေးစီးနှင့် ထရပ်ကားငါးစီး ပါဝင်သည်။ သူတို့နောက်က ကြက်ခြေနီသူနာပြုယာဉ် တစ်စီး လိုက်ပါလာသည်။

နေဘီဒင်နီယယ်တွင် ပစ်ခတ်နေကြဆဲဖြစ်သည်။ အိမ်ကလေးမှာ ငရဲမီးအလယ်၌ ရောက်နေသည်ဟု ကြက်ခြေနီမှ ဂျက်ကီဒီရေးနီးယားက ပြောသည်။ အဝင်လမ်းတွင် မီးလောင်ထားသော ယာဉ်များ၊ အလောင်းများကို တွေ့ရသည်။ ခေါင်းများနှင့် လိင်အင်္ဂါများကို ဖြတ်ထားသည်။

တိုက်ပွဲသည် အမြန်ဆုံး ပြီးဆုံးသွားသည်။ ကာနယ်ဟာပါးက လက်နက်ချရေး သဘောတူညီချက်ကို ပြောပြပြီး ဟာဂါနာတပ်မှူးအား သုံးမိနစ်အတွင်း သူ့လူများကို သိမ်းသွင်းစေသည်။ အာရပ်တို့သည် တောင်ကုန်းများပေါ် က ဆင်းလာပြီး စောင့်ကြည့်နေကြသည်။ အိမ်ထဲတွင် တစ်ယောက်က သူ့ရေဒီယိုကို ပုဆိန်ဖြင့် ရိုက်ခွဲပြီး စက်သေနတ်မောင်းတံများကို ရေတွင်းတစ်ခုထဲ ပစ်ချလိုက်သည်။ ထို့နောက် နေရောင်ကို မှိတ်တုတ်ကြည့်ရင်း ပထမဆုံးပုဂ္ဂိုလ် ဒယီးဒယိုင်ထွက်လာသည်။ သူ့ကိုယ်မှာ အမဲဆီများ ပေကျံနေသည်။

ကျန်လူများ ထွက်လာကြပြီး ဟာပါးခြေရင်း သေနတ်ပုံပေါ် သို့ လက်နက်များကို ပစ်ချသည်။ အာရပ်တို့က စိတ်မရှည်နိုင်ဘဲ ဆူညံစွာပြောဆိုရင်း စောင့်ကြည့်နေသည်။ နောက်ဆုံးတွင် အလောင်းဆယ့်သုံးခုနှင့် ဒဏ်ရာရသူ လေးဆယ်ကို အိမ်ထဲမှ သယ်ထုတ်သည်။ ပြီးလျှင် ဟာပါးက အိုင်ရိကက်ဘက်သို့ လှည့်ပြီး . . .

http://mmteashop.com



"အဲဒါတွေ ခင်ဗျားပိုင်ပြီ"ဟု ဆိုသည်။

တစ်နာရီအတွင်း လွတ်မြောက်လာသူတို့ ဂျေရုဆလမ်သို့ ရောက်သွားသည်။ မြို့သားများက သူတို့ကို ကြက်သေသေ ကြည့်နေကြသည်။ ထိုအခါ သူတို့က "မျှော်လင့်ခြင်း"ဟူသော (ဟာကစ်ဗား) သီချင်းကို ဆိုသည်။ မြို့သားဂျူးတို့က လိုက်၍ဆိုသည်။

ကဖာအက်ဇီယွန် တောင်စောင်းများတွင်လည်း သီချင်းသံများ ပဲ့တင်ထပ်နေသည်။ ကမယ်အိုင်ရိကက်၏ စစ်သည်တော်တို့သည် အောင်ပွဲရ၍ ပြန်လာကြသည်။ ထိုလက်နက်များဖြင့် ဂျူးကိုလိုနီများကို သူတို့ ထပ်မံတိုက်ခိုက်မည်။

ထိုနေ့ ညနေစောင်းတွင် ဘင်ဂျင်မင်ဂိုလာနီ၏ အိမ်ထဲသို့ လူငယ်တစ်ယောက် ဒယီးဒယိုင်ဝင်လာသည်။ သူကား ဂိုလာနီ၏သမက် မိုရှေ ဖြစ်သည်။ လွန်ခဲ့သည့် သုံးဆယ့်ခြောက်နာရီက သူ၏ အဖိုးတန် ခြောက်လုံးပြူးကို သမက်လက်သို့ ပေးအပ်ခဲ့သည်။ ယခု မရှိတော့ပြီ။ မိုရှေ စိတ်မကောင်း။ သို့သော်လည်း ထိုခြောက်လုံးပြူးကို အာရပ်တို့ အသုံးမပြုနိုင်သည်မှာ သေချာသည်။ မိုရှေက အိတ်ထဲမှ သူဖြုတ်ယူထားခဲ့သည့် မောင်းတံကို ယောက္ခမလက်သို့ ပေးအပ်လိုက်သည်။

ဒေးဗစ်ဘင်ဂူရီယန်ရှေ့တွင် လူငယ်နှစ်ယောက် စိတ်မချမ်းမြေ့စွာ ထိုင်နေသည်။ သူတို့မှာ နေဘီဒင်နီယယ် ကွန်ဗွိုင်းတွင် စုဆောင်းထားသမျှ ထည့်လိုက်သည့် ယီဂယ်ယာဒင်နှင့် တပ်မှူး မစ်ရှယ်ရှာချမ်း တို့ဖြစ်သည်။ အရှုံးကို သူတို့ ပြန်လည်သုံးသပ်ကြသည်။

(၁၉၄၈)မတ်လ နောက်ဆုံးရက်များတွင် မမွေးဖွားသေးသော ဂျူးနိုင်ငံတော်မှာ စိတ်ပျက်စရာတို့ဖြင့် ယီရွတ် ရင်ဆိုင်နေရသည်။ အာရပ်တို့မှာ အနိုင်ဘက်က အောင်ပွဲခံနေသည်။ ယီရွတ်မြို့သစ်စခန်းများနှင့် အဆက်ပြတ်သွားသည်။ သို့မဟုတ် စွန့်စားဆက်သွယ်ရသည်။ ပါလက်စတိုင်း မြောက်ပိုင်းတစ်ခုလုံးကို ဖော်ဇီအယ်ကောက်ဂျီ၏ လွတ်မြောက်ရေးတပ်များက ခြိမ်းခြောက်နေသည်။ နိုဝင်ဘာတွင် အားတက်ခဲ့သည့် ဇီယွန်အရေးတော်ပုံသည် အာရပ်ခုခံရေးစစ်ပွဲအောက်တွင် အရှိန်တန့်သွားသည်။ ပါလက်စတိုင်းခွဲခြမ်းရေး ငြိမ်းချမ်းစွာ မဖြစ်ပေါ်နိုင်သည်မှာ ထင်ရှားလာသည်။ ဇီယွန်ဝါဒီတို့၏ မဟာမိတ် အမေရိကန်သည် သူတို့အား လက်နက်သွင်းခွင့်မပြုခြင်း၊ ကုလသမဂ္ဂထိန်းချုပ်မှုအောက်တွင် ဂျေရုဆလမ်ကို ပို့ခြင်းတို့ဖြင့် မျက်ကွယ်ပြုသွားသည်။

သို့ငြားလည်း အကောင်းဘက်က ကျေနပ်စရာများ ရှိလာသည်။ ဂျူးပိုင်နယ်မြေများ အာရပ်တို့လက်သို့ တစ်ခုမျှ မကျဆုံး။ လွန်ခဲ့သည့် သုံးနှစ်က ဘင်ဂူရီယန်နှင့် ဟိမ်းဆလာဗိုင်းတို့ တည်ထောင်ခဲ့သည့် ပြည်တွင်းလက်နက်ရုံမှ လက်နက်များ ထုတ်နိုင်လာသည်။ ဥရောပတွင် အေးဟတ်အက်ဗရီယယ်နှင့် အပေါင်းပါတို့မှာ လက်နက်များဝယ်ရာတွင် အောင်မြင်ခဲ့သည်။ သို့သော်လည်း ပါလက်စတိုင်းသို့ မည်သည့်လက်နက်မျှ မရောက်လာသေး။

http://mmteashop.com



ဟာဂါနားတို့ ခံစစ်အနေအထား ရောက်သွားသည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော်လည်း ရန်သူ၏တိုက်စစ်ကို ဘင်ဂူရီယန် အကြောက်ဆုံး ဖြစ်သည်။ အာရပ်လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရင်မဆိုင်ရဘဲ အက်ဘဒူခါဒါ ဟတ်ဆေနီ၏ ပြောက်ကျားတပ်ဖွဲ့များနှင့် အများဆုံး ရင်ဆိုင်ရခြင်း ဖြစ်သည်။ ဂျေရုဆလမ်ကို လည်စေ့ညှစ်သတ်မည်ဟု အာရပ်ခေါင်းဆောင်တို့ ကြိမ်းဝါးသည်မှာ အကောင်အထည် ပေါ်လာသလို ဖြစ်နေသည်။ နေဘီဒင်နီယယ်တွင် ထရပ်ကားများ အာရပ်လက်သို့ အပ်လိုက်ရပြီး နောက်သွင်းသည့် မည်သည့်ဂျူးကားတစ်စီးမျှ ဘက်-အယ်ဝက်တောင်ကုန်းကို မဖြတ်ကျော်နိုင်တော့ပေ။ ကွန်းဗွိုင်းငယ်လေးကို အာရပ်တို့ ချေမှုန်းလိုက်သည်။ အခြားကွန်ဗွိုင်းကြီးနှစ်ခုကို အာရပ်တို့က တိုက်ထုတ်လိုက်သည်။ လမ်းပြတ်သွားသဖြင့် ပါလက်စတိုင်းရှိ ဂျူး ခြောက်ပုံတစ်ပုံမှာ အစာရေစာမရဘဲ ရှိနေသည်။ သည်အတိုင်းဆိုလျှင် ဂျူးတို့ အခြေမလှ။ ယင်းအခြေအနေကို မတွန်းလှန်နိုင်လျှင် ယီရှတ်မြို့သစ်တို့မှာ ပျက်စီးဆုံးပါးစရာ ရှိလေသည်။

ဒေးဘစ်ဘင်ဂူရီယန်အဖို့ ဂျေရုဆလမ်သည် အခြေခံအုတ်မြစ် ဖြစ်သည်။ နေဘီဒင်နီယယ် ကွန်ဗွိုင်းဆုံးရှုံးခြင်းနှင့် ဘက်အယ်ဝက်ကို အက်ဘဒူခါဒါ အောင်မြင်စွာ ဖြတ်တောက်နိုင်ခြင်းတို့မှာ သတိပေးစကားများ ဖြစ်သည်။ အရှုံးကို မျက်ကွယ်ပြု၍ မရ။ “(ဗြိတိသျှ) မဟာမင်းကြီး၏ လမ်းများပွင့်အောင် လုပ်ပေးပါမည် ဟူသော ကတိစကား အကောင်အထည် မပေါ်။ ယခု တို့ကိုယ်တိုင် လမ်းများကို ဖွင့်ရမည်” ဟု သူ ပြောသည်။

ယာဒင်က ဟာဂါနားအဖွဲ့ လူလေးရာ စုနိုင်လျှင် အောင်မြင်မည်ဟု ဆိုသည်။

ဘင်ဂူရီယန် ပေါက်ကွဲသည်။ “ဘာပြောတယ်၊ လူလေးရာ ဟုတ်လား၊ လူလေးရာနဲ့ ဘာမှ မလုပ်နိုင်ဘူး၊ အာရပ်တွေက ဂျေရုဆလမ်အရေးပါပုံကို မင်းထက်ပိုပြီး သိတယ်၊ ဂျေရုဆလမ်နဲ့ ဂျူးတစ်သိန်းကို မလှုပ်နိုင်အောင် အညာကိုင်ထားရင် တို့ကို တစ်သက်လုံး အုပ်စီးသွားတော့မှာပဲ၊ တို့နိုင်ငံဟာလည်း မမွေးမီ ပျောက်သွားပြီ၊ လူလေးရာနဲ့ ဂျေရုဆလမ်ကို တို့ မကယ်နိုင်ဘူး”

တယ်အဗစ်သို့ ဒေသဆိုင်ရာ ဟာဂါနားတပ်မှူးများကို ဆင့်ခေါ်ရန် ယာဒင်အား ဘင်ဂူရီယန် အမိန့်ပေးသည်။

ယာဒင်နှင့် ရှာချမ်းတို့ ထွက်သွားလျှင် သူ့စားပွဲသို့ ဘင်ဂူရီယန် သွားပြီး၊ လွန်ခဲ့သည့်လေးလက ဥရောပသို့ လက်နက်ဝယ်ရန် သူ စေလွှတ်ခဲ့သူ ဗီယင်နာမြို့သားဆီသို့ သတင်းစကားတစ်ခု ပါးသည်။ ယီရှတ်မြို့သစ်အတွက် လက်နက်များလိုသည်ဆိုလျှင် ယခု အမြန်ပေးနိုင်ရမည်။ အသံလွှင့်စက်ဖြင့် “မင်းလက်နက်တွေဟာ ပရတ်မှာ ရှိနေလို့ကတော့ ဂျေရုဆလမ်ကို မကယ်နိုင်ဘူး။ ပါလက်စတိုင်း ရောက်အောင် ဖြစ်တဲ့နည်းနဲ့ပို့” ဟု ဒေါသတကြီး မှာကြားသည်။

ooo

http://mmteashop.com



## အပိုင်း (၁၉)

## ဂျေရုဆလမ်ကို သွားနဲ့ ကိုက်ထားရမယ်

ဂျေရုဆလမ်၏ အခြေအနေမှာ ဆိုးနေသည်။ ကနေဒါလူမျိုး ရှေ့နေ ဒိုဂျိုးဇက်၏ လက်ထဲက ဖိုင်ထဲတွင် ဂျေရုဆလမ်တွင် ရှိနေသည့် ရိက္ခာစာရင်း ရေးမှတ်ထားသည်။ ဂျုံမှုသည် အဝတ်လျှော်ဆပ်ပြာ၊ လက်ဖက်ခြောက်၊ အသားခြောက်တို့အထိ ပါဝင်သည်။ (၁၉၄၈) မတ်လ (၂၉)တနင်္လာနေ့တွင် ဒေးဗစ်ဘင်ဂူရီယန်က ဂျေရုဆလမ်လမ်းတွင် ကွန်ဗွိုင်းများသွားနိုင်ရန် ဟာဂါနားအဖွဲ့ဝင်များနှင့် စည်းဝေးတိုင်ပင်သည်။ ထိုအချိန်တွင် ဂျေရုဆလမ်တွင်ရှိသည့် ရိက္ခာမှာ မာဂျရင်း ငါးရက်စာ၊ မာကာရိုနီ လေးရက်စာနှင့် အသားခြောက် ဆယ်ရက်စာတို့သာ ဖြစ်သည်။

ဈေးထဲတွင် လတ်ဆတ်သည့်အသား မရနိုင်။ သစ်သီး သို့မဟုတ် ဟင်းသီးဟင်းရွက်များလည်း မရှိ။ ကြက်ဥရနိုင်လျှင်လည်း တစ်လုံး ဆင့်နှစ်ဆယ် ပေးရသည်။ ငါးသေတ္တာ၊ မာကာရိုနီနှင့် ပဲအနည်းငယ်သာ ရှိသည်။ ဒေးဗစ်ရှယ်လတီးယယ်၏ စစ်သားများမှာ တစ်နေ့ ပေါင်မုန့်လေးချပ်၊ စွပ်ပြုတ်တစ်ခွက်၊ ငါးသေတ္တာတစ်ဘူးနှင့် အာလူးလေးငါးလုံးသာ ရသည်။ ယင်းတို့မှာ ဂျေရုဆလမ်တွင် အကောင်းဆုံး စားနေရသည့် စားစရာများ ဖြစ်သည်။

ဒိုဂျိုးဇက်က ရိက္ခာရာရှင် မဝေချင်။ ယခုမူ ပြစ်ဒဏ်ပေးရသည်နှင့် တူလာသည်။ ဥပမာ - အရွယ်ရောက်သူ လူကြီးများကို တစ်နေ့ ပေါင်မုန့်ဂရမ်နှစ်ရာ ပေးသည်။ လေးချပ်နှင့် ညီမျှသည်။ ကလေးများအတွက် အထူးရာရှင်မှာ တစ်ပတ် ကြက်ဥတစ်လုံး မာဂျရင်း ဂရမ်ငါးဆယ် ဖြစ်သည်။

အစားအစာသာ မဟုတ်။ အခြား ပစ္စည်းများလည်း ရှားပါးလာသည်။ ဖေဖော်ဝါရီကတည်းက ဂျေရုဆလမ်သို့ ရေနံဆီမရောက်လာခဲ့။ အိမ်ရှင်မများသည် ဒီဒီတီနှင့် ဖလစ်ပန်းဆေးတို့ကို ချက်ပြုတ်သည့် လောင်စာအဖြစ် အသုံးပြုကြသည်။ မြေကွက်လေး တစ်ခုရှိသူ သို့မဟုတ် ပြတင်းပေါင်တွင် ပန်းအိုးတစ်ခုစာမြေတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ မြေမရှိသူတို့အား ဟီဘရူးတက္ကသိုလ် ဇီဝဗေဒပညာရှင်တို့က မြေမရှိဘဲ ရေနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်းကို ညွှန်ကြားပေးသည်။ ရေဆွတ်ထားသည့် ဂွမ်းစများတွင် သစ်စေ့များ အညှောက်ပေါက် အရွက်ထွက်အောင် ပြုလုပ်နိုင်သည်။

http://mmteashop.com



ဘင်ယေဘူဒါလမ်းတွင် တာဝန်ကျနေသော ဟာဂါနားအဖွဲ့ဝင် စစ်သားတို့သည် အပျက်အစီးများအကြားရှိ ကဖေးများတွင် ရှန်ပိန်တစ်မျိုး သောက်နိုင်သည်။ ဝိုင်အဖြူ လီမွန်ဖျော်ရည်နှင့် ဆိုဒါတို့ဖြင့် စပ်ထားသည့် ရှန်ပိန် ဖြစ်သည်။ စစ်သားတစ်ယောက် တစ်နေ့ စီးကရက်သုံးလိပ်ရပြီး၊ ပါလမက် အဖွဲ့ဝင်တစ်ယောက် ငါးလိပ်ရသည်။

တစ်ခါတစ်ရံ ရန်သူဘက်က မမျှော်လင့်ဘဲ အကူအညီရသည်။ တစ်ညတွင် ချိမ်းဟောလားသည် လေချွန်သံတိုးတိုးတစ်ခုကို သံဆူးကြိုးနှင့် ခပ်လှမ်းလှမ်းဆီမှ ကြားရသည်။ ကာတာမွန်ရှိ သူ့အိမ်ဝိုင်းဆီသို့ ချဉ်းကပ်လာသူမှာ ဆလိုမီ ဖြစ်နေသည်ကို တွေ့ရသည်။ သူကား သူ့အိမ်တွင် နှစ်ပေါင်းများစွာ အိမ်ဖော်ဖြစ်ခဲ့သည့် အာရပ်အမျိုးသမီးကြီး ဖြစ်သည်။ သံဆူးကြိုးအပြင်ဘက် ခပ်လှမ်းလှမ်းမှ ရောက်လာပြီး ခရမ်းချဉ်သီးများပေးသည်။ "ရှင်တို့ ဘာမှ မစားရဘူးဆိုတာ ကျွန်မသိတယ်"ဟု ဆလိုမီက ပြောသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဂျေရုဆလမ်အရေး စေ့စပ်ဆွေးနွေးရန် တင်ပြသည်။ အောင်ပွဲမှာ လက်တစ်ကမ်းသာ လိုတော့သည်ဟု ယူဆထားသည့် မတ်ဖတီ၏ အာရပ်အဆင့်မြင့်ကော်မတီက လက်မခံ။ "ကျွန်တော်တို့က ရေဖြတ်မယ်၊ ပြီးတော့ ဂျေရုဆလမ်နဲ့ ပင်လယ်သွားတဲ့ လမ်းအကြား သုံးနေရာလောက် ပိတ်ဆို့လိုက်မယ်ဆိုရင် ဂျေရုဆလမ်မြို့မှာ နေကြတဲ့ ဂျူးတစ်သိန်း ဒုက္ခရောက်မှာ သေချာတယ်" ဟု အာရပ်ပြောရေးဆိုခွင့်ရှိသူ တစ်ယောက်က ဆိုသည်။ ဂျူးအေဂျင်စီကမူ မြို့သို့လာသည့်လမ်း ဖွင့်ပေးလျှင် စေ့စပ်ဆွေးနွေးရေး လက်ခံမည်ဟု ကြေညာသည်။ မတ်(၂၆)တွင် အနောက်နိုင်ငံ ခရစ်ယာန်တို့အား ဂျေရုဆလမ်ကို နိုင်ငံတကာ ထိန်းချုပ်မှုအောက်တွင် ထားရှိရန် ကမ်းလှမ်းခဲ့ပြီး ဒိန်းမတ်နှင့် နော်ဝေတပ်သားတစ်သောင်း လာ၍ ကွပ်ကဲကြီးကြပ်ပါဟူ၍လည်း ဖိတ်ခေါ်ခဲ့သည်။ သို့သော် ဘာမျှ ပြန်ကြားခြင်း မရှိ။

သို့ဖြစ်ရာ ဂျေရုဆလမ်ရှိ ဂျူးတို့သည် တတ်နိုင်သမျှ ရှာကြံ၍ အသက်မွေးနေကြမည် ဆုံးဖြတ်ထားကြသည်။ ဒိုဂျီးဇက်၏ အစီအစဉ်အတိုင်း ရိက္ခာများကို ဟိုတစ်နေရာနည်းနည်း သည်တစ်နေရာနည်းနည်း ပေးဝေသည့် နည်းသည်လည်း တာရှည်ခံနိုင်မည်မဟုတ်။ ဂျေရုဆလမ်သို့ လာသည့်လမ်း ပွင့်သွားမှ ဂျူးတစ်သိန်း အသက်ရှင်မည်။ ဒိုဂျီးဇက်၏ ရိက္ခာများမှာ (၁၉၄၈)မတ် (၂၉)တနင်္လာနေ့ စာရင်းအရ ဂျုံ (၃၄)တန်နှင့် (၂၂၆)ကီလိုဂရမ်သာ ရှိသည်။ ဂျေရုဆလမ်ရှိ ဂျူးတစ်သိန်းအား တစ်ဦးလျှင် ပေါင်မုန့်ခြောက်ချပ်သာ ပေးနိုင်မည်။

ပဲရစ်မြို့ ဟိုတယ်ကာလီဖိုးနီးယား အရက်ခန်းတွင် ကနေဒါနိုင်ငံ တိုရွန်တိုမှ မုန့်ဖုတ်သူ ဂျူးလီယပ်လူးဝစ်နှင့် အမေရိကန်သုံးယောက်တို့ စိတ်ဝင်စားစွာ ဆွေးနွေးပြောဆိုနေကြသည်။ သူတို့ သုံးဦးစလုံးပင် အမေရိကန် လေကြောင်းဝတ်စုံ အဟောင်းများကို ဝယ်ယူဝတ်ဆင်ထားကြသည်။ သူတို့သည် ပနားမားတွင် မှတ်ပုံတင်ထားသော အိုးရှင်းထရိတ်လေကြောင်းမှ စင်းလုံးငှား လေယာဉ်အမှုထမ်းများ ဖြစ်သည်။ လားဆာ

http://mmteashop.com



ရှားလေဆိပ်တွင် (ဒီစီ-၄) လေယာဉ်အိုတစ်စင်း ရှိသည်။ ယင်းဖြင့် ဥရောပတစ်ခွင် နိုင်လွန်စများ၊ စီးကရက်များ၊ ရေနွေးများနှင့် ဝီစကီများ ခိုးသွင်းတင်ပို့ကာ စွန့်စွန့်စားစား စီးပွားရှာနေကြသူများ ဖြစ်သည်။ ဝင်ငွေကောင်းပြီး စတိုင်ကျကျ သောက်စား နေထိုင်နိုင်သည်။

လူးဝစ်က သူတို့အား အရက်တစ်ခွက်စီတိုက်သည်ကို ဝမ်းသာအားရ သောက်သည်။ ထို့နောက် ရွှမ်လီဆေး လမ်းထောင့်ရှိ ဂျူးအက်နယူးဝစ် စားသောက်ဆိုင်တွင် ညစာစားရန် သွားကြသည်။ စားသောက်အပြီး ကော်ဖီသောက်ရင်း လူးဝစ်က သူ့အဖြစ်မှန်ကို ပြောပြသည်။ သူသည် အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်ပြီး အာအေအက်ဖ်တွင် ခြောက်နှစ် အမှုထမ်းခဲ့သည်။ သူ့နာမည်အမှန်မှာ ဖရက်ဒီဖရက်ဒ်ကင်း ဖြစ်သည်။ တကယ်က မှန့်ဖုတ်သည့် အလုပ်ကို သူ မလုပ်။ သူသည် ဟာဂါနား အဖွဲ့ဝင်တစ်ယောက် ဖြစ်သည်။ အားဟတ်အက်ဇရီယယ်ထံမှ တာဝန်တစ်ခု ယခုလေးမှာပင် ပေးအပ်ခြင်း ခံရသည်။ ဟိုတယ်အရက်ခန်းတွင် လေကြောင်းအဖွဲ့ဝင် သုံးဦးနှင့် ချိန်းမထားဘဲ ကြုံကြိုက်ခြင်း ဖြစ်သည်။ ဖရက်ဒ်ကင်းက လေယာဉ်တစ်စင်းရှာကာ ငှားပြီး သူ့ကုန်ပစ္စည်းများ တင်လိုသည်။ ပိုက်ဆံများများ ပေးမည်။ ချက်ကိုစလိုဗေးကီးယားနိုင်ငံ ပရတ်မြို့မှ ချက်လက်နက်များကို ပါလက်စတိုင်းသို့ သယ်ပို့ချင်သည်။ ဒေါ်လာတစ်သောင်းပေးမည်ဟု စေ့စပ်သည်။

ကယ်ရင်ကာယေးမက်လမ်းရှိ ဘင်ဂူရီယန်၏နေအိမ်သို့ ဟာဂါနားတပ်မှူးများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ဘင်ဂူရီယန်က ကော်ဖီဖြင့် ဧည့်ခံသည်။ လူစုံလျှင် ဘင်ဂူရီယန်က စ၍ပြောသည်။

"တို့ ဒီနေ့ တိုင်ပင်ဆွေးနွေးမယ့် အကြောင်းက ဂျေရုဆလမ်မြို့ဝင်တဲ့လမ်း ပွင့်သွားဖို့ပဲ၊ တို့မှာ အချက်အချာ မြို့သုံးမြို့ရှိတယ်၊ တယ်အဗစ်၊ ဟိုက်ဖာနဲ့ ဂျေရုဆလမ်တို့ပဲ၊ တစ်မြို့မြို့ ရန်သူ့လက်ကျသွားရင်တောင် တို့ လုံးဝ မဆုံးရှုံးသေးဘူး၊ ဒါပေမယ့် ရန်သူ့လက်ကျတဲ့မြို့ဟာ ဂျေရုဆလမ် မဖြစ်စေရဘူး၊ ဂျူးတွေနေတဲ့ ဂျေရုဆလမ် ကျဆုံးရင် တို့တစ်တွေ အထိနာမယ်၊ သူတို့ရဲ့ ထိုးစစ်ကို ခံနိုင်မှာ မဟုတ်ဘူးလို့ အာရပ်တွေက တွက်ချက်ထားတယ်၊ တို့ စွန့်စားရမယ်၊ ဂျေရုဆလမ်မြို့ ဝင်တဲ့လမ်းကို ဖွင့်နိုင်အောင် စွန့်စားကြိုးပမ်းရမယ်"ဟု ပြောသည်။

ပြောက်ကျားတိုက်၍ မရ။ မြေအောက် လှုပ်ရှားမှုဖြင့်လည်း တိုက်၍ မရ။ လူသူလက်နက် များများစုစည်းပြီး တိုက်ရမည်။ ဘင်ဂူရီယန်က အကောင်းဆုံး တိုက်ရည်ရှိသည့် တပ်သားတစ်သောင်းငါးထောင်နှင့် လက်နက်များကို ဟာဂါနား စစ်ဒေသတပ်မှူးများက စုစည်းပေးရမည်။ တစ်ဒေသလျှင် တစ်သောင်းငါးထောင် ဖြစ်သည်။

ဤမျှ လူသူစုစည်းလျှင် ရနိုင်သည်ကား မှန်သည်။ သို့သော်လည်း လူသူလက်နက် ဖဲ့ပေးလိုက်ရသဖြင့် စစ်ဒေသအသီးသီးမှာ အားနည်းသွားမည်။ ရန်သူ၏ တိုက်

http://mmteashop.com



ခိုက်ခြင်း ခံရမည်။ လက်နက်များ ဆုံးရှုံးသွားလျှင် ပိုဆိုးမည်။ ပါလက်စတိုင်း တစ်ခုလုံးတွင် ဟာဂါနားပိုင် ခေတ်မီလက်နက် တစ်သောင်းပင် မပြည့်သည်ကို လက်နက်ရုံမှူး ဂိုးဇက်အေဗီဒါ သိသည်။ မြောက်ပိုင်းက ဂိုလာနီတပ်မဟာတွင် ရိုင်ဖယ် (၁၆၂) စတင်းဂန်း (၁၈၈)လက်သာ ရှိသည်။ ကဖာအက်ဇီယွန်တွင် လက်နက်များ ဆုံးရှုံးလိုက်ရသည်မှာ အထိနာသည်။ မည်သို့ဖြစ်စေ ဘင်ဂူရီယန် အဆိုပြုသည့် ဂျေရုဆလမ်လမ်းဖွင့်တိုက်ပွဲသည် ပါလက်စတိုင်း တိုက်ပွဲတွင် အရေးကြီးပြီး အဆုံးအဖြတ်ပေးမည့် တိုက်ပွဲဖြစ်သည်ဟု တပ်မှူးအားလုံး ယုံကြည်သည်။

ထိုည သန်းခေါင်တွင် ဘင်ဂူရီယန်နှင့် အဖွဲ့ဝင်များ ကားနှစ်စီးဖြင့် အိမ်နီဌာနချုပ်သို့ သွားကြပြီး လက်နက်ရနိုင်သမျှ စုဆောင်းကြသည်။ အိမ်နီဌာနချုပ်နှင့် အနီးအနားရှိ ရေဒီယိုပြင်ဆိုင် မြေအောက်ထပ် အိမ်သာထဲတွင် ဝှက်ထားသည့် အသံဖမ်းစက်ရှိရာသို့ ဆက်သားများ စက်ဘီးစီးကာ အခေါက်ခေါက် အခါခါ သွားကြသည်။ ဆက်သားပြန်ထွက်သွားလျှင် ဂိုးဇက်အေဗီဒါသည် လက်နက်များ ကျည်ဆန်များ စာရင်းကို မှတ်သည်။ ဘဏ်တွင် တစ်သက်လုံး စုထားခဲ့သည့် ငွေများ မျှော်လင့်သည့် အရေးပေါ် ကိစ္စကြောင့် ထုတ်ပေးရသည်ကို စိုးရိမ်တကြီး ဖြစ်နေသည့် သူတစ်ယောက်နှင့် ဂိုးဇက်အေဗီဒါမှာ တူနေသည်။

အရဏ်မတက်မီအချိန်လေးတွင် အိပ်ချင်နေသည့် တစ်ယောက်က ယခုဘင်ဂူရီယန်တင်ပြသည့် စစ်ဆင်ရေးကို နာမည်ပေးရန် တင်ပြသည်။ "နက်ချရှုန်စစ်ဆင်ရေး"ဟု အမည်ပေးရန် အားလုံး သဘောတူကြသည်။ နက်ချရှုန်သည် ဟီဘရူးသမိုင်းပုံပြင်ထဲက ဟီဘရူးတစ်ယောက် ဖြစ်သည်။ အီဂျစ်မှ ထွက်ပြေးသည့်အခါ ပင်လယ်နီကို ပထမဆုံး ဖြတ်သွားသူ၏ နာမည်ဖြစ်သည်။

ဖော်ဇီအယ်ကောက်ဂျီသည် ပါလက်စတိုင်းတွင် ရှိသမျှ ဂျူးအားလုံးကို ပင်လယ်ထဲသို့ မောင်းထုတ်ရန် ရောက်လာသူ ဖြစ်သည်။ ယခု ဂျူးဧည့်သည် တစ်ယောက်ကို ဖော်ရွေစွာ လက်ခံစကားပြောနေသည်။ ဧည့်သည်မှာ ဟာဂါနာထောက်လှမ်းရေးသမား ယေဟိုရှုအာပါလမွန် ဖြစ်သည်။ သူတို့နှစ်ယောက် နုရိရှမ်း ရွာကလေးရှိ ကောက်ဂျီ၏ ဌာနချုပ်တွင် ကြမ်းပြင်ပေါ် ထိုင်ကာ စကားလက်ဆုံကျနေကြသည်။ ဘာသာတရားအကြောင်း၊ အရှေ့အလယ်ပိုင်းသမိုင်းနှင့် အာရပ် အစ္စရေးတိုက်ပွဲတို့ အကြောင်း ပြောကြသည်။ ယခုမူ ပါလမွန်က မတ်ဖတီအကြောင်း စ၍ပြောသည်။

သူ့လူများ ရှေ့မှာပင် 'ဟတ်ဆေနီတို့ လူတွေ သတ်နေသည့်အကြောင်း' ကို ကောက်ဂျီ ပြောသဖြင့် ပါလမွန် အံ့သြမိသည်။ ဟတ်ချ်အာမင်ဟတ်ဆေနီသည် ဂျော်ဒန်နှင့် ဆီးရီးယားတို့ကို သူ့လက်အောက်သို့ သိမ်းသွင်းချင်သည်။ ယင်းမှာ အာရပ်နိုင်ငံများ စိတ်မဝင်စားသည့် ကိစ္စဖြစ်ပြီး အမျိုးချစ်သည့် အာရပ်တိုင်း ဆန့်ကျင်ရမည် ဟု ကောက်ဂျီက ဆိုသည်။

http://mmteashop.com



ပါလမွန်က ထိုအကြောင်း ပြောရင်း အက်ဘဒူခါဒါ၏ နာမည်ကို တမင်ထည့်၍ ပြောသည်။ အက်ဘဒူခါဒါဟတ်ဆေနီသည်လည်း သူ့ကို ဖြုတ်ချရန် ကြံစည်နေ သည်ဟု ကောက်ဂျီက ဆိုသည်။ "ခင်ဗျားလူတွေ အက်ဘဒူခါဒါကို တိုက်ချင်တိုက်၊ ကျွန်တော် ဘာမှ ဝင်မပါဘူး၊ သူ့ကို ကောင်းကောင်းတိုက်ပြီး သင်ခန်းစာပေးစေချင် တယ်၊ သူ့ကို ခင်ဗျားတို့ တိုက်ရင် သူ့ဘက်က ကျွန်တော် ကူပြီး ခင်ဗျားတို့ကို မတိုက် ဘူး"ဟု ကောက်ဂျီက ဆိုသည်။

ထို့နောက် အာရပ်ဗိုလ်ချုပ်သည် ပွင့်လင်းစွာပင် စကားတစ်ခွန်းဆိုသည်။ "ကျွန်တော့်တပ်တွေ တီရတ်ဇီဗိမှာ ရှုံးတာကို ပြန်ပြီး လက်စားချေရမယ်၊ ခင်ဗျားကို ဂျက်ဇရီးချိုင့်ဝှမ်းမှာ မကြာခင် ကျွန်တော် တိုက်မယ်"ဟု ဆိုသည်။ ကောက်ဂျီသည် ပြောတိုင်းလုပ်မည့်သူဟု ပါလမွန်ယုံကြည်သည်။ သူသည်လည်း မတ်ဖတီလိုပင် ခေါင်း ဆောင်လုပ်ချင်သူ ဖြစ်သည်။

ပါလမွန်သည် သူ့ဌာနချုပ်သို့ ပြန်ရောက်လျှင် ကောက်ဂျီနှင့် ပြောခဲ့သည်တို့ကို ပြန်၍ စဉ်းစားသည်။ ကောက်ဂျီသည် စစ်ကာလတွင် ဂျာမန်၌ ကြီးပြင်းခဲ့သူ ဖြစ်သည်။ သူရဲကောင်းတံဆိပ် ရခဲ့သည်။ ဂျာမန် သူရဲကောင်းတံဆိပ်ရသည်ကို ဂုဏ်ယူသူ ဖြစ်သည်။ ဂျာမန်ဗိုလ်ချုပ် တစ်ယောက်လိုပင် ရုတ်တရက် လေကြောင်းချီပြီး သံချပ်ကာကား အလုံး အရင်းနှင့် တိုက်ခိုက်ရသောတိုက်ပွဲမျိုးကို သူ ဆင်နွှဲချင်သည်။ သို့သော်လည်း ကောက်ဂျီ၏ စစ်သားများမှာ ဂျာမန်စစ်သားများ မဟုတ်။ အာရပ်စစ်သားများသာ ဖြစ်သည်။ အလုံး အရင်းနှင့်တိုက်သောတိုက်ပွဲမျိုး လေ့ကျင့်ထားခြင်း မရှိ။ ပြောက်ကျားစစ်ကိုသာ တိုက် တတ်သူများ ဖြစ်သည်။ ယခု အခိုက်အတန့်တွင် ဂျက်ဇရီးချိုင့်ဝှမ်းရှိ ဂျူးစုပေါင်းလယ်ယာ စခန်းများကို အသင့်ပြင်ခိုင်းထားမှ ဖြစ်မည်။ ကောက်ဂျီ၏ ပြောက်ကျားများ အချိန်မရွေး ဝင်၍ တိုက်နိုင်သည်။

နက်ချရှုန် စစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ ဂျေရုဆလမ်လမ်းကို ပွင့်သွားအောင် ဆောင်ရွက်ရမည့် မဟာဗျူဟာတစ်ခု ဖြစ်သည်။ ဘက်အယ်ဝက် တောင်ကုန်းကို ကွန်ဗွိုင်း ကားတန်းကြီးများဖြင့် မဖြတ်ကျော်နိုင်။ အခိုက်အတန့်တွင် လမ်း၏တစ်ဖက်တစ်ချက်၌ ဂျူးများ၏ အခြေစိုက်စခန်းများ ထူထောင်ရမည်။ လွင်ပြင်ကျယ်တွင် ခြောက်မိုင် ကျယ်သည့်စခန်းများ၊ တောင်ကုန်းဒေသတွင် နှစ်မိုင်ကျယ်သည့် စခန်းများ ထူထောင် ရမည်။ လမ်းပိတ်ရန် အက်ဘဒူခါဒါဟတ်ဆေနီ ကြိုးစားရာ၌ အနီးဝန်းကျင်ရှိ အာရပ်ရွာ တစ်ဒါဇင်ခန့်ကို အားကိုးသည်။

အရှေ့ဘက်တွင် ဒေယာမားဆာမှ အနောက်ဘက်တွင် ကတ်စတယ်နှင့် ကိုလို နီယာအထိ ပါလက်စတိုင်းရွာများ တည်ရှိသည်။ ဗြိတိသျှ ထိန်းသိမ်းမှုမတိုင်မီနှင့် ရှေးဦး ဇီယွန်ဝါဒီတို့ထက် များစွာစောပြီး ပါလက်စတိုင်းတို့ အခြေစိုက်ခဲ့သည့် ရွာများ ဖြစ်သည်။ သူတို့သည် ကျောက်တုံးအိမ်များ ဆောက်လုပ်နေထိုင်ကြသည်။ အပေါ်ယံ မြေဆီလွှာ

http://mmteashop.com



အနည်းငယ် ထိန်းသိမ်းထားနိုင်သည့် မြေကွက်တို့တွင် သဖန်းသီးပင်များ၊ သံလွင်ပင်များ စိုက်ပျိုးသည်။ လွန်ခဲ့သည့် လအနည်းငယ်ကမှ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပြီး ဂျေရုဆလမ်သို့ တင်ပို့ရောင်းချသည်။ တောင်ကုန်းဒေသ စားကျက်များတွင် သိုးများ မွေးကာ ဂျေရုဆလမ်မြို့ ဟီရော့တ်ခါးဝရှိ သိုးဈေး၌ ရောင်းချသည်။

အာရပ်ရွာ အနည်းငယ်တွင်သာ လျှပ်စစ်မီးရသည်။ များစွာတို့တွင် သောက်သုံးရေ မရှိ။ တယ်လီဖုန်းများလည်း မရှိ။ အချင်းချင်း ဆက်သွယ်ရာတွင် မြင်းကို အားကိုးရသည်။ သို့မဟုတ် ခြေလျင်သွားကြသည်။ လူမှုအဖွဲ့အစည်းမှာ များစွာ ရှေးကျသည်။ သို့ငြားလည်း ဗြိတိသျှထိန်းသိမ်းမှုကို တော်လှန်ပြောင်းလဲရန် ထက်သန်ကြသည်။ မြို့လေး တစ်မြို့တွင် ဗလီကျောင်းနှင့် မုခတာခေါ် သူကြီးအိမ်နှစ်ခုသည် ထင်ရှားသည့် အဆောက်အအုံများ ဖြစ်သည်။ သူကြီးရာထူးမှာ အဖေ၏ရာထူးကို သားက ဆက်ခံသည့် ရာထူး ဖြစ်သည်။ သူကြီးက ရွာကို အုပ်ချုပ်သည်။ သူ့အိမ်တွင် ရွာသားများ နေ့စဉ် စုဝေးကာ ကော်ဖီသောက်ရင်း ရွာမှုကိစ္စ ပြောဆိုဆွေးနွေးကြသည်။ ကံကောင်းသူတို့မှာ ဘက်ထရီဖြင့် ဖွင့်သည့် ရေဒီယိုမှတစ်ဆင့် အရေးကြီးသည့် သတင်းများကို နားထောင်နိုင်သည်။

အက်ဘဒူခါဒါ၏ တပ်များသည် ထိုရွာများ၏ ထောက်ပံ့မှုမရဘဲ လမ်းပိတ်ခြင်း၊ ချုံခိုတိုက်ခြင်းများ မပြုလုပ်နိုင်။  ရွာက ရိက္ခာပေးသည်။ လူလိုလျှင် လူပေးသည်။ ချက်ချင်းတိုက်ပွဲဝင်နိုင်သူများ ဆင့်ခေါ်နိုင်သည်။ ဟာဂါနားအဖွဲ့၏ ကွန်ဗွိုင်းကားများ ဂျေရုဆလမ်သို့ သွားရာ၌ အတားအဆီးမရှိနိုင်အောင် နက်ချရှုန်စစ်ဆင်ရေး တစ်စိတ်တစ်ပိုင်းကို ယစ်ဇက်ရာဘင်က တာဝန်ယူသည်။ သူ့တာဝန်မှာ ထိုအာရပ်ရွာများကို မြေလှန်ပစ်ရေးပင် ဖြစ်သည်။ မြေလှန်သည်ဆိုရာတွင် ကျောက်တုံးတစ်တုံးမျှ မကျန်အောင်၊ ရွာဆိုသည် မရှိတော့ဘဲ လူများပြန်လာပြီး အခြေမစိုက်နိုင်အောင် ရှင်းလင်းရေးပင် ဖြစ်သည်။ သို့မှသာ အာရပ်ပြောက်ကျားတို့ အခြေစိုက်စခန်းများ ပျက်ပြားသွားမည် ဖြစ်သည်။ ထိုစစ်ဆင်ရေးအောင်မြင်လျှင် ဟာဂါနားတပ်ဖွဲ့၏ ကွန်ဗွိုင်းကားများ လုံခြုံဘေးကင်းစွာ သွားလာနိုင်မည် ဖြစ်လေသည်။

နက်ချရှုန်စစ်ဆင်ရေးကို ကွပ်ကဲသည့်တပ်မှူးမှာ ရှိမွန်အေဗီဒန် ဖြစ်သည်။ သူသည် ဗြိတိသျှဗိုလ်ချုပ်ဝင်းဂိတ်၏ ပထမဆုံးတပ်သားများတွင် တစ်ယောက် ဖြစ်သည်။ ဂျာမန်တပ်များကို ထောက်လှမ်းမည့် ပါလက်စတိုင်း ဖျက်ဆီးရေးသမားများအား စစ်အတွင်းက လေ့ကျင့်စစ်သင်တန်းပေးခဲ့သူ ဖြစ်သည်။ ဒေသတပ်များဆီက လိုချင်သည့် လူလက်နက်တို့ကို သိမ်းယူခွင့် ရှိသည်။ သို့ငြားလည်း အေဗီဒန်၏ လက်နက်အခြေအနေမှာ မပြည့်စုံ။ စစ်ဆင်ရေးတွင် ပါဝင်မည့်သူများမှာ သင်တန်းဆင်းစ လူငယ်များ ဖြစ်သည်။ “စိတ်ကူးယဉ် ကျောင်းသားလေးတွေ ကျောင်းသူလေးတွေများတယ်။ သူတို့မှာ လက်နက်မပါဘူး၊ ကျောင်းသူလေးတွေဆိုရင် ကဗျာစာအုပ်လေးတွေ ပိုက်ပြီး ရောက်လာကြတယ်” ဟု အေဗီဒန်က တပ်ခွဲမှူးတစ်ယောက်ဖြစ်သည့် အစ္စကာရှက်ဒမီက ပြန်ပြောင်းပြောပြဖူးသည်။

http://mmteashop.com



ရှက်ဒမိက သူတို့အား တန်းစီစေပြီး "ယခုမှစ၍ လူတစ်ယောက် ကျောပိုးအိတ်တစ်ခုသာ ယူရမည်။ ဘာယူမလဲ ပန်းတွေထည့်ယူမလား၊ အဝတ်တွေ ထည့်ယူမလား ဆုံးဖြတ်"ဟု ပြောသည့်အခါ မိန်းကလေးအချို့ ငိုကြသည်။ "ဒီလူငယ်လေးတွေနဲ့အတူ ရိုင်ဖယ်ဆယ်ခု စက်သေနတ်လေးခုနဲ့ မကြာခင်မှာပဲ ဂျေရုဆလမ် လမ်းပွင့်သွားအောင် ငါဖွင့်ရမှာပါလား"ဟု ရှက်ဒမီတွေးကာ ရင်လေးမိသည်။

အာအေအက်ဖ့် ဘုရင့်လေတပ်မတော်က ပျက်စီးနေသော လေယာဉ်ကွင်းတစ်ခုကို အာရပ်တို့လက်ဝယ် အပ်ခဲ့သည်။ သို့ငြားလည်း ဘိတ်ဒါရတ်မှ အာရပ်တို့မှာ လေယာဉ်ကွင်းကို စိတ်မဝင်စား။ လေယာဉ်ဆင်းလမ်းတစ်ခုသာရှိပြီး ချိုင့်များ ကျင်းများ မြက်ဖုတ်များ ရှိနေသည်။ ထိန်းသိမ်းရေးမျှော်စင် မရှိ။ လျှပ်စစ်မီး မရ။ ဆီမဖြည့်နိုင်။ ရေဒီယို အသံဖမ်းစက်လည်း မရှိ။ သစ်သားလေယာဉ်ရုံနှစ်ခုသာ ရှိသည်။ ဧပြီလဆန်းတစ်ညတွင် ထရပ်ကားများ မီးပိတ်ပြီး မောင်းလာကြကာ ကွင်းဘေးမှာရပ်မည်။ ပါလာသော လူတစ်ဝက်က ပြေးလမ်းရှိ အပေါက်များကို ဖာသည်။ မြေဖို့သည်။ အခြားသူများက လေယာဉ်ကွင်းပတ်လည်တွင် လုံခြုံရေးတာဝန်များ ယူကြသည်။

လေယာဉ်ဆင်းနိုင်သည့် ပြေးလမ်းတစ်ခု ပြင်ဆင်ပြီးသည့်နောက် မီးစက်ကလေးတစ်ခုနှင့်ဆက်သွယ်ကာ လျှပ်စစ်မီးလုံးများ တပ်ဆင်သည်။ တချို့က လေယာဉ်ဓာတ်ဆီ ထည့်ထားသည့် ပုံးများ သယ်ယူလာပြီး လေယာဉ်ရုံထဲသို့ပို့သည်။ တစ်ယောက်က အရေးပေါ် ထိန်းသိမ်းရေး မျှော်စင်တစ်ခုဖြစ်အောင် တိုင်များထောင်၊ ကြိုးများ တပ်ဆင်သည်။ ထရပ်ကားနောက်ပိုင်းတွင် အသံလွှင့်စက်ကလေးတစ်ခု တပ်ဆင်သည်။ ဆယ်နာရီတွင် ဘိတ်ဒါရတ်လေဆိပ်တွင် ပထမဆုံး ဆင်းသက်မည့် လေယာဉ်ကို စောင့်မျှော်နေသည်။

ရေဒီယိုအော်ပရေတာက စတင်အချက်ပေး အသံလွှင့်သည်။ "ဟက်ဆီဒါ ပြောနေတယ် ဟက်ဆီဒါ ပြောနေတယ်"။ ဟက်ဆီဒါဆိုသည်မှာ ဟီဘရူးလို 'ငှက်ကျား' ဖြစ်သည်။ အာရပ်တို့က လေယာဉ်ကွင်းဟောင်းကို စိတ်မဝင်စားကြသော်လည်း စိတ်ဝင်စားသူ ရှိသည်။ ဘုရင့် လေတပ်မတော်မှ ထွက်ခဲ့သူ အေရှုန်ရေးမက်သည် ဘင်ဂူရီယန်အား "ကောင်းကင်က ကယ်တင်ခြင်း ရောက်လာမည်"ဟု ကတိပေးခဲ့ဖူးသည်။ ယခုမူ ရေးမက်သည် လေယာဉ်ကို အာရပ်တို့မသိအောင် တစ်ည အသုံးပြုနိုင်ရန် စီစဉ်သည်။ အတော်စွန့်စားရသည့်အလုပ် ဖြစ်သည်။ ထိုလေယာဉ်ကွင်းက ဂျူးတို့၏ ဂျေရုဆလမ်ကို ကယ်တင်ရာ၌ တစ်စိတ်တစ်ပိုင်း ပါဝင်ဆောင်ရွက်မည် ဖြစ်သည်။

ရေးမက်ဘေးတွင် အော်ပရေတာက "ဟက်ဆီဒါပြောနေတယ်"ဟု အချက်ပေး အသံလွှင့်သည်။ ပြန်ကြားချက် တစ်စုံတစ်ရာ မရ။ အတော်ကြာ ခေါ်သော်လည်း ထူးမည့်သူမရှိ။ ရေးမက် စိတ်ဓာတ်ကျစပြုလာသည်။ လေယာဉ်ပြေးလမ်းဘေးတွင် သူ့တပ်သားများသည် အမှောင်ထဲ၌ လေယာဉ်စက်သံကို နားစွင့်နေကြသည်။ လေတိုက်သံကိုသာ သူတို့ ကြားရသည်။

http://mmteashop.com



သူတို့ စောင့်မျှော်နေသည့် (ဒီတီ-၄)လေယာဉ်ကလေးသည် မိုးတိမ်ထူထပ်သည့် ကောင်းကင်တွင် တောင်ဘက်ဆီသို့ ဦးတည်ပျံသန်းနေသည်။ လေယာဉ်မှူးများနှင့် အိုးရှင်းထရိတ်လေကြောင်း၏ ပိုင်ရှင်တို့မှာ အတော်ဝေးသည့် ပဲရစ်မြို့ ဟိုတယ်ကာလီ ဖိုးနီးယားမှ ပျံသန်းလာရခြင်း ဖြစ်သည်။ လားဘာရှားလေဆိပ်မှ ထွက်လာပြီးနောက် ပထမဆုံး ပရတ်မှာ ရပ်နားသည်။

အေဟက်အက်ဗရီယယ်က သူတို့ကို စောင့်နေသည်။ အက်ဒစ်အဘာဘာသို့ ပို့မည့် စိုက်ပျိုးရေးစက်ပစ္စည်းများကို လေယာဉ်ဦးခန်း နောက်ပိုင်းတွင် သယ်ယူလာသည်။ ယင်းတို့မှာ ချက်လုပ် (အမ် ၃၄)စက်သေနတ်တစ်ရာ့လေးဆယ်နှင့် ကျည်ဆန်ထောင် ပေါင်းများစွာတို့ဖြစ်ပြီး အလေးချိန်ပေါ့အောင် သေတ္တာထဲမှ ထုတ်ယူပြီး ထုပ်ပိုးထားသည်။

အိုးရှင်းထရိတ် လေကြောင်းပိုင်ရှင်များနှင့်အတူ စတုတ္ထလေယာဉ်မှူး တစ်ယောက် ပါလာသည်။ သူကား ပါလက်စတိုင်းဘုရင့်လေတပ်မတော်မှ တပ်သားဟောင်း အာမိကူးပါးဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသတွင် နာရီပေါင်းများစွာ ပျံသန်းခဲ့သူ ဖြစ်သည်။ ကူးပါးမှာ (ဒီစီ ၄)၏ အခြေအနေကို ကြည့်ကာ စိုးရိမ်စိတ်ဖြစ်ပေါ်လာသည်။ ရေဒီယိုမှာ အားမရှိ။ မိုးလေဝသ သတင်းကိုပင် မဖမ်းယူနိုင်။ မိုးတိမ်ထူထပ်သဖြင့် ခရီးမပေါက်။ မောင်းနှင်လာသည်မှာ ယခု ခြောက်နာရီရှိပြီဖြစ်ငြားလည်း ပါလက်စတိုင်း ကမ်းခြေ အရိပ်အယောင်ကိုမျှ မမြင်ရ။

ချက်ချင်းပင် လေယာဉ်မှူးက ကူးပါးနံရိုးကိုပုတ်ကာ "ဟေး. . . . ရောက်ပြီလေ၊ ဟိုမှာ တယ်အဗစ်မဟုတ်လား"ဟု ဆိုသည်။

ကူးပါးလည်း တောင်ပံညာဘက်ဆီမှ အလင်းရောင်များကို ကြည့်သည်။ အလင်းရောင် ရေးရေးသာ မြင်ရသဖြင့် ဂျူးမြို့တော် မဟုတ်နိုင်။ မြေပုံကိုယူကာ စူးစမ်းသည်။

"ဘုရားသခင် ကယ်ပါ၊ အဲဒါ ပို့ဆက်ပဲ၊ ကျွန်တော်တို့ အီဂျစ်ပေါ် ရောက်နေပြီ"ဟု အလန့်တကြား အော်ပြောသည်။

လေယာဉ်မှူးက မြောက်ဘက်သို့ ပြန်လှည့်ပြီး ‌မောင်းသည်။ နာရီဝက်ရှိလျှင် တယ်အဗစ်မြို့ပေါ်သို့ ရောက်သွားသည်။ ကူးပါးလည်း 'ငှက်ကျား' ခေါ်သံကို ပြန်ထူးပြီး လေယာဉ်ပျံသံ ကြားလျှင် ကွင်းမှ မီးသုံးချက် တစ်ချက်ပြီးတစ်ချက် ထိုးပြရန် အချိန်းအချက် လုပ်သည်။ ခဏကြာလျှင် ပြေးလမ်းပေါ်သို့ ဆင်းကာ (ဒီစီ-၄)သည် ဘိတ်ဒါရတ်သို့ ဆိုက်ရသည်။

ပြတင်းမှ ကြည့်လိုက်လျှင် လေယာဉ်ပြေးလမ်းတစ်လျှောက် ခုန်ဆွခုန်ဆွ လုပ်နေသော လူများကို ကူးပါး မြင်ရသည်။ ခဏကြာလျှင် လေယာဉ်ဆီသို့ ဝိုင်းအုံပြေးလာသည်။ သူတို့ သုံးယောက်ကို သူရဲကောင်းအဖြစ် ချီးကျူးဂုဏ်ပြုကြသည်။

နက်ချရှုန်စစ်ဆင်ရေးမှူး ရှီမွန်အေဗီဒန်ကမူ (ဒီစီ-၄) ပေါ် ပြေးတက်ကာ စက်သေနတ်တစ်ရာ့လေးဆယ်ကို တစ်ခုပြီး တစ်ခု နမ်းသည်။

http://mmteashop.com



ဆာမီယာဂျာဘိုးသည် ဂျက်ဖာတွင် နေထိုင်သည့် ဖိနပ်ချုပ်သမားတစ်ယောက်၏သား ဖြစ်သည်။ ပိန်ပိန်ပါးပါးဖြစ်ပြီး နက်ကြုတ်နေသော ဆံပင်ကို နဖူးမှ နောက်သို့ တည့်တည့်လှန်ဖြီးထားသည်။ အသားမှာ ဝါညိုရောင်ရှိပြီး မျက်လုံးညိုတစ်စုံမှာ ညှိုးရိပ်သမ်းနေသည်။ သူသည် ငယ်စဉ်က အဖေ၏ ဖိနပ်ချုပ်ခုံတွင် ကူညီလုပ်ကိုင်ပေးခဲ့သည်။ ညပိုင်းတွင် ဂျက်ဖာနှင့် တယ်အဗစ်တို့ ဆက်နေသည့် ကမ်းခြေပေါ်က မီးမှိန်မှိန် အရက်ဆိုင်လေးများတွင် အချိန်ကုန်လွန်လေ့ရှိသည်။ တစ်ညတွင် အဝတ်ညစ်ထေးထေးနှင့် သူငယ်အိမ်နက်နက် ဆံပင်နက်နက် အမျိုးသမီးတစ်ယောက်ကို သူတွေ့သည်။ သူ့နာမည်မှာ ရက်ချယ်ပီ ဖြစ်သည်။ စတွေ့သည်မှ စ၍ ဂျာဘိုးသည် ရက်ချယ်ကို မခွာတော့ပေ။ ရက်ချယ်၏ အလုပ်အကိုင်ကို အာရပ်လူငယ်လေး စိတ်ဝင်စားသည်။ ရက်ချယ်သည် တယ်အဗစ် ဂျူးအေဂျင်စီတွင် လုပ်ကိုင်နေသော အတွင်းရေးမှူးတစ်ယောက်ဖြစ်သည်။ ဂျာဘိုးကား အာရပ်အဆင့်မြင့်ကော်မတီ၏ လျှို့ဝှက် ထောက်လှမ်းရေးသမားဖြစ်လေသည်။

ဘိတ်ဒါရက် လေယာဉ်ကွင်းသို့ အားဟတ်အက်ဗရီယယ်၏ လေယာဉ် ခေတ္တခဏဆင်းသက်ပြီးနောက် နှစ်ဆယ့်လေးနာရီကြာလျှင် ဂျာဘိုးသည် အက်ဘဒူခါဒါ၏ ဌာနချုပ်သို့ ရောက်သွားပြီး "ဂျူးများသည် တယ်အဗစ်တွင် စုဝေးတိုင်ပင်ကြပြီး ဂျေရုဆလမ်လမ်းဖွင့်ရေးကို အပြင်းအထန်စီစဉ်နေကြသည်"ဟု သတင်းပေးခဲ့သည်။ အာရပ်တို့ကို ဘက်အယ်ဝက်တောင်ကုန်းအထက်မှ တိုက်ထုတ်ရန် ဂျူးတို့ ကြိုးစားနေသည်။ ထိုစစ်ဆင်ရေးတွင် လူအများအပြား အသုံးပြုမည်။ လက်နက်သစ်များလည်း ထပ်မံရရှိသည်ဟူသော သတင်းများကို ဂျာဘိုး တင်ပြနိုင်ခဲ့သည်။ အာရပ်အဆင့်မြင့်ကော်မတီ၏ ထောက်လှမ်းရေးစနစ်သည် ခေတ်မမီ။ ထိုသတင်းမျိုး ကြားရသည့်အခါ အလွန့်အလွန် တိကျသည့် အစီရင်ခံစာတစ်စောင် ဖြစ်နေသည်။

ဂျေရုဆလမ် အဝင်လမ်းတွင် ဂျူးတို့ အပြင်းအထန် တိုက်ခိုက်မည်ကို အက်ဘဒူခါဒါ မျှော်လင့်ထားပြီး ဖြစ်သည်။ ဂျေရုဆလမ်ကို အထီးကျန်ထားဖို့ သူ့ရန်သူများက ခွင့်ပြုလိမ့်မည်မဟုတ်သည်ကို သူ သိသည်။ လက်နက်သစ်များ ရသည်ဆိုသော ဂျာဘိုး၏ သတင်းကြောင့် သူ တုန်လှုပ်သွားသည်။ နေဘီဒင်နီယယ်တွင် ဂျူးလက်နက်များ စို့စို့ပို့ပို့ ရလိုက်သည်။ သို့ငြားလည်း သူ စုဆောင်းမိသည့် လက်နက်များမှာ မူလကထက် မတိုးပွား။ အနောက်ဘက် သဲကန္တာရမှ တစ်ခါတစ်ရံ လက်နက်အနည်းငယ်ရသည်။ သူ့ဘက်မှာ လူအင်အားများသည်။ သို့ဖြစ်ရာ လက်နက်မပြည့်စုံသည့် ဟာဂါနားသည် ခံစစ်သာ ဆင်နိုင်မည်။ ပင်လယ်ဘက်မှ ရသည့် လက်နက်များဖြင့် ထိုးစစ်ကြီးတစ်ခု ဆင်နွှဲမည်ဆိုသည်မှာ တစ်ကိစ္စ ဖြစ်သည်။

ချက်ချင်းပင် ဒမတ်စကတ်သို့ အက်ဘဒူခါဒါ သွားသည်။ ကတိပေးထားသည့် ခေတ်မီလက်နက်များ သူ လိုချင်သည်။ ဆီးရီးယားမြို့တော် ဒမတ်စကတ်တွင် စိတ်ဓာတ်

http://mmteashop.com



ကျစရာကို သူနှင့် အီမိုင်ဂိုရီတို့ တွေ့ရသည်။ အာရပ်လောကတွင် ပြိုင်ဘက်များကြောင့် အစည်းပြေသည်ထက်ပြေလာပြီး အခြေအနေများ တင်းမာလာသည်။ သူ၏ ဝမ်းကွဲ အစ်ကို ဟတ်အာမင်ဟတ်ဆေနီကို မကျေနပ်သူ များပြားလာကြောင်း အက်ဘဒူခါဒါ သတိထားမိသည်။

ဒမတ်စကတ် အစည်းအဝေးတွင် စစ်ရေးအခြေအနေကို အက်ဘဒူခါဒါ တင်ပြသည်။ ထို့နောက် ဂျူးတို့၏ ထိုးစစ်လာတော့မည့်အကြောင်း သတိပေးသည်။ ဟာဂါနားသည် တောင်ကုန်းထိပ်မြို့ဖြစ်သည့် ကတ်စတယ်ကို ပထမထိုးစစ်ဆင် သိမ်းပိုက်နိုင်အောင် ကြိုးစားမည်။ ကတ်စတယ်မြို့ကို သိမ်းထားနိုင်သူသည် ဂျေရုဆလမ်လမ်းကို ထိန်းထားနိုင်သူဖြစ်သည်ဟု သူထင်ကြောင်း တင်ပြသည်။ ထိုလမ်းကို သိမ်းပိုက်ပြီးလျှင် ဂျူးတို့သည် ဂျက်ဖာနှင့် ဟိုက်ဖာတို့ကို သိမ်းရန် လွယ်ကူသွားမည်ဟု ဆိုသည်။

"နောက်ဆုံး . . . တစ်ယောက်တည်း ကျန်သည်အထိ တိုက်မယ်၊ ဒါပေမယ့် လက်နက်ကောင်း မရှိဘူး၊ ခေတ်မီလက်နက်တွေပေးမယ် ပြောတယ်၊ ဒါပေမယ့် အနောက်ဘက် သဲကန္တာရက ကုလားအုတ်တွေနဲ့ သယ်လာတဲ့ လက်နက်တွေပဲရတယ်" ဟု သူပြောသည်။ ထို့နောက် "သူ့ကို အမြောက်တွေနဲ့ ခေတ်မီရိုင်ဖယ်တွေပေးပါ။ သူ့ပြောက်ကျားတပ်သားများသည် ဂျူးထိုးစစ်ကို တွန်းလှန်ပါမည်"ဟု သူပြောသည်။

သူ့တင်ပြချက်များကြောင့် အစ္စမေးဆဖာဝပ်ပါရှား လှုပ်လှုပ်ရှားရှား မဖြစ်။ ပါရှားမှာ အာရပ်အဖွဲ့ချုပ်က ခန့်ထားသည့် စစ်ခေါင်းဆောင် ဖြစ်သည်။ ဂျူးရန်သူများက အက်ဘဒူခါဒါ၏ တိုက်ရည်ခိုက်ရည်ကို အထင်ကြီးသလောက် ဆဖာဝပ်ပါရှား ဘေးတွင် ဝိုင်းနေသည့် အာရပ်အမြဲတမ်းတပ်ဖွဲ့ အရာရှိများက အထင်မကြီး။ သူ့လူများသည် အမြောက်ပစ်တတ်သူများ မဟုတ်ဟု ဆဖာဝပ်က အက်ဘဒူခါဒါအား ပြောသည်။ ဂျူးများက သူတို့ကို တိုက်ခိုက်ကာ အမြောက်များကို သိမ်းသွားမည်သာ ဖြစ်သည်။ ချက်ရိုင်ဖယ်များ သင်္ဘောတစ်စင်းစာ ရောက်လာမည်။ ယင်းတို့မှာ ကောက်ဂျီ၏ တပ်များအတွက် ရည်ရွယ်ထားသည်။ အက်ဘဒူခါဒါမှာ ရှိသမျှနှင့် တိုက်ဖို့ပဲ ဖြစ်သည်။ အကယ်၍ ဟာဂါနားတပ်ဖွဲ့က ဟိုက်ဖာ သို့မဟုတ် ဂျက်ဖာကို သိမ်းလျှင် တစ်ပတ်အတွင်း ပြန်တိုက်ပြီး အက်ဘဒူခါဒါလက် အပ်မည်ဟု ဆဖာဝပ်ကဆိုသည်။

ပင်ကိုအားဖြင့် အက်ဘဒူခါဒါသည် ခံစားချက်ကို မျိုသိပ်နိုင်သူ ဖြစ်သည်။ သို့သော်လည်း ဆဖာဝပ်၏ စကားကို ကြားလျှင် ဒေါသဖြင့် သူ့မျက်နှာမှာ နီရဲလာသည်။ သူ့ရှေ့ကစားပွဲပေါ်ရှိ စာရွက်များကို ယူပြီး ဆုပ်လုံးကာ အီရတ်ဗိုလ်ချုပ်၏ ခေါင်းကို ပစ်ထည့်လိုက်ပြီး "ခင်ဗျား သစ္စာဖောက်ပဲ"ဟု အော်၍ ပြောသည်။

"ဂျေရုဆလမ်ကို မင်းတို့ သွားနဲ့ ကိုက်ထားရမယ်"ဟု ဒေးဗစ်ဘင်ဂူရီယန်က ဒိုဂျိုးဇက်ကို အော်၍ ပြောသည်။ သူ့အသံမှာ ဒမတ်စကတ်တွင် အက်ဘဒူခါဒါ အော်သည့် အသံလောက် မကျယ်။ သို့သော်လည်း လေးနက်သည့် အဓိပ္ပာယ်ပါသည်။

http://mmteashop.com



ဘင်ဂူရီယန်က ခေါ်သဖြင့် ဒိုဂျီးဇက်သည် လှုပ်လီလှုပ်လဲ့ ' ပိုက်ပါကပ် ' လေယာဉ် ကိုစီးကာ ဂျေရုဆလမ်မှ တယ်အဗစ်သို့ ရောက်လာသူ ဖြစ်သည်။ လမ်းပွင့်စဉ် ဂျေရု ဆလမ်မြို့ထဲ ရိက္ခာဘယ်မျှ ရောက်သလဲဆိုသည့်အပေါ် မူတည်ကာ နက်ချရှန်စစ်ဆင် ရေး အောင်မြင်မှုကို အဆုံးအဖြတ်ပေးမည် ဖြစ်သည်။ မြို့ထဲ ရိက္ခာရောက်ရေး စုဆောင်း ရေးကို တစ်ယောက်တည်းသာ ဘင်ဂူရီယန် တာဝန်ပေးချင်သည်။

ဒိုဂျီးဇက်သည် သူတာဝန်ပေးသူ ဖြစ်သည်။ ဂျီးဇက်တောင်းသမျှငွေကို ပေးရန် ဂျူးအေဂျင်စီ၏ ငွေထိန်း အယ်လီဇာကက်ပလန်အား မှာထားပြီး ဖြစ်သည်။

"ဘယ်တော့စနိုင်မလဲ" ဘင်ဂူရီယန်က မေးသည်။

"ဘယ်တော့ စစေချင်သလဲ" ဂျီးဇက်က ပြန်မေးသည်။

"ခုပဲ စတော့ကွာ"

အချိန်မှာ ညသန်းခေါင်ကျော်နေပြီ။ ဂျီးဇက် ထိုင်ရာမှ ထသည်။ သူ ရင်လေး သည်။ ဘင်ဂူရီယန်ပေးသည့် တာဝန်မှာ ကြီးမားသည်။ သူတစ်ယောက်တည်းအပေါ် တည်နေသည်။ "ဘုရားသခင် ကယ်တော်မူပါ၊ မအောင်မြင်ရင် ဘယ်လောက်ကြောက် စရာကောင်းမလဲ မသိဘူး" သူ စဉ်းစားမိသည်။

အနီးအနားရှိ အဆောက်အအုံတစ်ခုတွင် ဂျီးဇက် ရုံးခန်းဖွင့်ပြီး ဟာဂါနား အဖွဲ့ဝင်များကို ခေါ်ယူတာဝန်ပေးသည်။ တစ်ညလုံး အလုပ်လုပ်ကြရသည်။ ဂျေရု ဆလမ်မြို့ထဲသို့ ရိက္ခာတန်ချိန်သုံးသောင်း ရောက်သွားလျှင် စိတ်ချရပြီ သူ ထင်သည်။ ဘာတွေလိုချင်သည်ဟု လုပ်ဖော်ကိုင်ဖက်များအား စာရင်းပေးသည်။ သူတို့က တယ်အဗစ် မြို့တွင်ရှိသော ရိက္ခာ လက်ကားကုန်သည်များစာရင်းကို ဂျီးဇက်အား ပေးသည်။ မနက် အရုဏ်တက်လျှင် ဂျီးဇက်၏ အမိန့်အရ မြို့ထဲရှိ ရိက္ခာဂိုဒေါင်များကို ချိပ်ပိတ်သည်။ သူ့အမိန့်မပါဘဲ ပဲတစ်စေ့မျှ ထုတ်ခွင့်မပြု။

ဂျေရုဆလမ်သို့ ရိက္ခာများတင်ပို့ရေးအတွက် ကွန်ဗွိုင်းတစ်ခု စည်းရုံးရန် ဗြိတိသျှ တပ်မတော်ထွက် ဟာဂါနား အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ဟယ်ရီဂျက်နှင့် ဘရိုနီဆလပ် ဘာ-ရှဲမားတို့အား တာဝန်ပေးသည်။ အနည်းဆုံး ထရပ်ကားသုံးရာ လိုသည်ဟု ဂျီးဇက်က ဆိုသည်။ နှစ်ရက်လုံးလုံး စုစည်းသည်တွင် ခြောက်ဆယ်သာရသည်။ ကျန်သည့် ကားများ ရနိုင်ရန် နည်းလမ်းဟောင်းတစ်ခုကို အသုံးပြုသည်။ ယင်းမှာ တွေ့သမျှ ထရပ်ကားများကို ဖမ်းဆီးခေါ်ဆောင်ရန်ပင် ဖြစ်သည်။

ရောက်လာသမျှ ထရပ်ကားများကို ကွန်ဗွိုင်းဖွဲ့သည်။ အော်ကြီးဟစ်ကျယ် ကြိမ်း မောင်းနေကြသည့် ဒရိုင်ဘာများ၏ အသံများ ဆူညံနေသည်။ ဆယ်ကျော်သက် ဟာဂါနားစစ်သားလေးများက စတင်ဂန်းဖြင့် ချိန်ကာ ဗြိတိသျှတပ်မတော် စခန်းဟောင်း တစ်ခုဖြစ်သည့် ကဖာဘီလူသို့ပို့ပြီး နက်ချရှန်ကွန်ဗွိုင်း ဖွဲ့သည်။ ဒရိုင်ဘာဆိုသည်မှာ မကျေနပ်ဆုံး စိတ်အတိုဆုံး လူတစ်မျိုးဖြစ်သည်ကို ဘာ-ရှဲမား ယခုမှ သိရသည်။ "ကျွန်

http://mmteashop.com



တော်တို့ကို သူတို့ သိပ်မုန်းတယ်၊ ဘာဖြစ်နေတယ်ဆိုတာ သူတို့ မသိဘူး၊ သူတို့အထဲက တချို့မှာ အိမ်ကမိန်းမတွေ ကလေးမွေးနေတယ်၊ ကျွန်တော့်လူတွေက နေ့လယ်မွန်းတည့်မှာ ဆွဲခေါ်တယ်၊ ဒါမှမဟုတ် ညသန်းခေါင်မှာ ဆွဲခေါ်တယ်"ဟု ဘာ-ရှဲမား ပြန်လည်အမှတ်ရသည်။ များစွာသော ထရပ်ကားတို့မှာ ဒရိုင်ဘာများ ကိုယ်ပိုင်ဖြစ်ပြီး သူတို့၏ အသက်မွေးဝမ်းကျောင်းမှု တစ်ခုဖြစ်သည်။ သူတို့ကားများကို ဘာ-ရှဲမားလက်သို့ ကား ချည်း မအပ်နိုင်။ အိမ်က မိန်းမ ကလေးမွေးနေသည်မှာ အရေးမကြီး။ ကိုယ့်ကား အဆုံး မခံနိုင်။ ထို့ကြောင့် ဘာ-ရှဲမားတို့ ကံကောင်းသည်။

ကားဒရိုင်ဘာများကို ကျွေးမွေးရသည်မှာ တာဝန်ကြီးတစ်ခု ဖြစ်လာသည်။ ဘာ-ရှဲမားသည် ချက်ချင်း ဖြေရှင်းသည်။ တယ်အဗစ်မြို့၏ နာမည်အကြီးဆုံး ချာစကယ် စားသောက်ဆိုင်ထဲသို့ ဝင်သွားပြီး ပိုင်ရှင် ယယ်ခဲ့စကယ်ဝိန်းစတိန်းအား "ဂျူးနိုင်ငံတော်က ခင်ဗျားကို အလိုရှိတယ်"ပြောသည်။ သုံးမိနစ်အတွင်း သူ ဘာလိုချင်သည်ကို ပြောကာ ဒရိုင်ဘာများကို ဝိန်းစတိန်းလက်သို့ အပ်လိုက်သည်။ ထိုအချိန်မှာ နံနက် ဆယ့်တစ်နာရီ ဖြစ်သည်။ ညနေငါးနာရီတွင် ကဖာဘီလူ၌ စုဝေးလျက်ရှိသည့် လူလေးရာအတွက် ပူပူနွေးနွေး အစားအစာများကို ဝိန်းစတိန်း ပို့ပေးသည်။

ooo

http://mmteashop.com



## အပိုင်း (၂၀)

## မော်တော်ကား ဘမ်ပါပေါ်မှ စာလုံးခြောက်ခု

ကျောက်ဆောင်ထူထပ်သည့် တောင်ထိပ်တွင် ဇရာမလီးဂျင်းတပ်များ ပထမဆုံး ခံစစ်အရံအတားများ ဆောက်လုပ်ခဲ့သည်။ ဘက်အယ်ဝက် တောင်ကြားများတစ်ဖက်က မြောက်အရပ်တွင် နေဘီဆင်မျှုယယ် တောင်ထိပ်ရှိသည်။ သမိုင်းပုံပြင်အရ တမန်တော်သည် ထိုတောင်ထိပ်တွင် ထိုင်ကာ တိုက်ပွဲရှုံးသည့် အစ္စရေးနိုင်ငံကို တရားစီရင်သည်။ ထိုဒေသတွင် ဂျေရုဆလမ်မြို့ကို မတိုက်မီ မက်ကာဘီးဘုန်းကြီးတို့သည် အစာမစားဘဲနေခဲ့သည်။ ထိုအရပ်မှာပင် မြင့်မြတ်သည့် မြို့တော်ကို ပထမဆုံးအကြိမ်မြင်ရသည့် ခြသေ့်နှလုံးသားရှိသူ ရစ်ချတ်သည် ငိုကြွေးခဲ့သည်။ အရှေ့ဘက်တွင်မူ ဂျေရုဆလမ်ဆင်ခြေဖုံးကို အတိုင်းသား မြင်နိုင်သည်။ ပေ (၂၅၀၀)မြင့်သည့် တောင်ထိပ်အောက်တွင် ဂျေရုဆလမ်သို့ သွားသည့် လမ်းမကြီး တည်ရှိလေသည်။

ရာစုနှစ် နှစ်ဆယ်လုံးလုံး ထိုတောင်ထိပ်သည် ဂျေရုဆလမ်မြို့၏ သဘာဝ အစောင့်အရှောက်အဖြစ် တည်ရှိခဲ့သည်။ ယခု ပါလမက်၏ ဟား-အယ်တပ်မဟာမှ တပ်သား (၁၈၀)သည် သဖန်းပင်များအကြားမှ ထိုတောင်ထိပ်ကို တက်နေသည်။ အချိန်မှာ ဧပြီလ၏ မှောင်မိုက်ပြီး မိုးသည်းထန်သော ညတစ်ည ဖြစ်သည်။ သူတို့ ခေါင်းပေါ်မှ ပေအနည်းငယ်အမြင့်တွင် ကတ်စတယ်ရွာကလေး အိပ်မောကျလျက် ရှိသည်။ ဟာဂါနားတပ်ဖွဲ့က ပထမဆုံး တိုက်ခိုက်သိမ်းပိုက်မည့် ရွာဖြစ်သည်ဟု ဒမတ်စကတ်တွင် အက်ဘဒူခါဒါ ကြိုတင် ဟောကိန်းထုတ်ခဲ့သည်။

ကဖာအက်ဇီယွန်ကို ဗုံးကြဲတိုက်ခိုက်ခဲ့သူ နှစ်ယောက်အနက် တစ်ယောက်ဖြစ်သည့် အူဇီနာဆစ်သည် ကတ်စတယ်ရွာ တစ်ဖက်တစ်ချက်တွင် စက်သေနတ်ကိုင်တပ်သားများကို နေရာချထားခဲ့သည်။ သန်းခေါင်ကျော်လျှင် ရွာကို စတင်တိုက်ခိုက်သည်။ ရွာရှိ လက်နက်ကိုင် ငါးဆယ်အင်အားမှာ နာဆစ်၏ တပ်အင်အားနှင့် မယှဉ်သာ။ မကြာမီ သူတို့သည် ကတ်စတယ်ရွာကလေးကို စွန့်ခွာပြီး ည၏အမှောင်ထဲသို့ ထွက်ပြေးပျောက်ကွယ်သွားသည်။ ခွဲခြမ်းရေးဆန္ဒမဲပေးပြီးနောက် ပထမဆုံးအကြိမ် အာရပ်ရွာတစ်ရွာကို ဂျူးတို့ သိမ်းပိုက်လိုက်ခြင်း ဖြစ်သည်။

http://mmteashop.com



ဧပြီ (၃) စနေနေ့ မွန်းတည့်ပြီး မကြာမီအချိန်တွင် နာဆစ်၏ ပါလမက်တပ်များကို အနားပေးရန် ဂျေရုဆလမ်ဟာဂါနားအဖွဲ့မှ လူခုနစ်ဆယ် ရောက်လာသည်။ တပ်မှူးမှာ လတ်ဗီယန်လူမျိုး မော်ဒေချိုင်ဂါဇစ် ဖြစ်သည်။ ထိုဒေသ၏ အပြင်ဘက်တွင် ခံစစ်ကြောင်း ချထားရန် နာဆစ်က ဂါဇစ်အား အမိန့်ပေးသည်။ ထို့နောက် ရွာရှိ အိမ်များကို ဖျက်ဆီးရန် အမိန့်ပေးသည်။ သို့မှသာ ဂျေရုဆလမ်သွားရာလမ်းတွင် စောင့်ကြပ်တိုက်ခိုက်သည့် အခြေစိုက်စခန်း ပျက်စီးသွားမည်။

ကတ်စတယ် ကျဆုံးသည့်သတင်း ဒမတ်စကတ်သို့ ရောက်လျှင် အက်ဘဒူခါဒါဟတ်ဆေနီက သူ၏ ဂျေရုဆလမ် ဌာနချုပ်သို့ ချက်ချင်း သတင်းပို့ကာ ရွာကို ပြန်၍ အသိမ်းခိုင်းသည်။ ကာမယ်အိုင်ရီကက်၏ ဆက်သားများသည် တစ်ရွာမှ တစ်ရွာသို့ ပြေးသွားကာ ကတ်စတယ်ကို ပြန်သိမ်းရန် လူစုသည်။

နေဝင်သွားလျှင် အိုင်ရီကက်သည် တိုက်ပွဲစရန် အသင့်ရှိနေသည်။ သူက "နာရှမ်ဒီ အသင့်ရှိတဲ့ လူတွေ သွားကြတော့"ဟု အော်ပြောကာ ဂျူးများ တပ်စွဲထားသည့် ကတ်စတယ်ရွာရှေ့က ဌာဘာကျောက်တွင်းသို့ ချီတက်စေသည်။ သူ့နောက်မှ လိုက်ပါသွားကြပြီး အလာဟူအရှင်သာ အကြီးမြတ်ဆုံး ဖြစ်သည်ဟု ကြွေးကြော်ကြသည်။ ရွာသားများစွာက ခေါင်းဆောင်းအဖြူများ ဆောင်းမည်ဆိုသည်။ အမှောင်ထဲတွင် အဖြူရောင်မှာ လင်းခနဲ မြင်ရသည်။ သို့သော်လည်း သဲကန္တာရသားတို့အဖို့ စစ်တိုက်သည့်အခါ ခေါင်းဆောင်းမပါလျှင် ရှက်စရာကောင်းသည်ဟု မလေ့ထုံးစံက ဆိုသည်။ ကတုတ်ကျင်းများထဲမှ ဂျူးများကို တိုက်ထုတ်ပြီး ကျောက်ကျင်း အဆောက်အအုံများသို့ မောင်းထုတ်သည်။ တစ်ညလုံးတိုက်သော်လည်း ဂျူးများ ထွက်မပြေးကြ။ အာရပ်တို့ မအောင်မြင်။

အရုဏ်တက်လျှင် အီဘရာဟင်အဘိုယေး ခေါင်းဆောင်သည့် စစ်ကူတပ်များ ရောက်လာသဖြင့် စိတ်ဓာတ်များတက်လာသည်။ ထိုအကြိမ် တိုက်ထုတ်သည့်အခါ ဟာဂါနား အဖွဲ့ဝင်များ ကျောက်ကျင်းအဆောက်အအုံများကို စွန့်ခွာထွက်ပြေးကြသည်။ ထို့နောက် အိုင်ရီကတ်၏ တပ်သားများသည် ဂျူးများအား ကတ်စတယ်နှင့် ဝေးရာသို့ တိုက်ထုတ်သည်။ ယခုအချိန်တွင် အာရပ်များမှာ စစ်ပန်းလာသည်။ များစွာတို့မှာ နှစ်ဆယ့်လေးနာရီလုံးလုံး အစာမစားဘဲ နေခဲ့ကြရသည်။

ကတ်စတယ်ဝန်းကျင် ရွာများဆီသို့ အိုင်ရီကက်က ဆက်သားများစေလွှတ်သည်။ တစ်နာရီအတွင်း အာရပ်စစ်ခေါ်သံများကို ကြွေးကြော်ရင်း ဝတ်ရုံနက်ခြုံထားသော အမျိုးသမီးများ တိုက်ပွဲဖြစ်ပွားရာသို့ ရောက်လာကြသည်။ ခေါင်းပေါ်က တောင်းများတွင် ကြက်ဥများ၊ လေဘန်ဒိန်ခဲ၊ သံလွင်သီးများ၊ ခရမ်းချဉ်သီးများနှင့် အာရပ် ပေါင်မုန့်ပြားများ သယ်ဆောင်လာကြသည်။

တိုက်ပွဲပြန်၍ စသည်။ တိုက်ပွဲတစ်ဝက်ကျိုးသည်တွင် အာရပ်တို့မှာ ကျည်ဆန်များကုန်သွားသည်။ ထိုအခါ ဆက်သားနောက်တစ်သုတ် ရွာများသို့ လွှတ်လိုက်သည်။

http://mmteashop.com



"ကျည်ဆန်ရောင်းစရာ ရှိသလား၊ လက်ငင်းငွေချေမယ်"ဟု ရာမောလားမြို့ထဲ လှည့်၍ အော်နေသူတစ်ယောက်ကို အာရပ်လီးဂျင်း၏တပ်မှူး ဂွန်ဂလပ်တွေ့ရသည်။ သူ့ရှေ့မှာပင် ကျည်ဆန်နှစ်ရာ ဝယ်သည်ကို မြင်လိုက်ရသည်။ တူရကီကျည်ဆန်၊ ဂျာမန်ကျည်ဆန်၊ အင်္ဂလိပ် ကျည်ဆန်အချို့ကို သူ့ကားထဲထည့်ကာ နောက်တစ်မြို့သို့ ကျည်ဆန်ဝယ်ရန် မောင်းထွက်သွားသည်။ ဂွန်ဂလပ် အံ့သြမိသည်။

နေဝင်လျှင် ကတ်စတယ် ဆင်ခြေဖုံးသို့ ကျည်ဆန်အသစ်များ လားဝန်တင်ဖြင့် ရောက်လာပြီး တိုက်ပွဲအသစ်စရန် အသင့်ဖြစ်လာသည်။ သန်းခေါင်ကျော်ပြီးစတွင် ဂါဇစ်၏ ဟာဂါနားတပ်ဖွဲ့များနှင့် လက်ပစ်ဗုံး တစ်ကမ်းအလိုတွင် အိုင်ရီကက် သေနတ်မှန်ပြီး ဒဏ်ရာရသည်။ ရွာသားငါးရာဆီမှ တစ်ခုတည်းသော ရှေးဦးသူနာပြု ဆေးဝါးများရသဖြင့် ဆေးတပ်သားက သူ့ဒဏ်ရာကို ဆေးထည့်ပေးသည်။ ထို့နောက် အိုင်ရီကက် အော်ဟစ်ကန့်ကွက်နေသည့် အကြားက သူ၏ ဆေးတပ်သားသည် သူ့ကို ဂျေရုဆလမ်သို့ လားပေါ်တင်ကာ ပို့လိုက်သည်။

အိုင်ရီကက်သည် သူ၏ ရွာသားစစ်သားများ၏ စိတ်ဓာတ်ကို နားလည်သည်။ သူတို့သည် ခေါင်းဆောင်ကို ကိုးကွယ်သည်။ ခေါင်းဆောင်ကောင်းလျှင် ရွာသားများသည် သတ္တိရှိရှိ ရွှပ်ရွှပ်ချွံချွံ တိုက်ခိုက်နိုင်စွမ်းရှိသည်။ ခေါင်းဆောင်ကျလျှင် ဒဏ်ရာရလျှင် သူတို့ စိတ်ဓာတ်ပျက်ပြားပြီး အဖွဲ့အစည်းပျက်ပြားသည်။

အိုင်ရီကက် စိုးရိမ်သည့်အတိုင်း ဧပြီလေးရက် တနင်္ဂနွေနေ့ညတွင် အဖွဲ့အစည်း ပျက်ပြားသည်။ ဂါဇစ်နှင့် သူ့လူများ အာရပ်တိုက်စစ်ကိုခံရန် ပြင်ဆင်နေစဉ် သူတို့၏ ရန်သူများ တိုက်ပွဲမှ ထွက်ခွာသွားသည်ကို မြင်ရသည်။ သူတို့တစ်တွေ ရွာသို့ ပြန်ကြခြင်း ဖြစ်သည်။ တနင်္လာနေ့ အရုဏ်တက်တွင် အာရပ်တစ်ရာခန့်သာ ကျန်တော့သည်။ ကတ်စတယ်ကို ဂျူးတို့ ခိုင်ခိုင်မြဲမြဲ သိမ်းပိုက်သည်။

ဂျေရုဆလမ်မြို့ ပဉ္စမမြောက် ဂျော့ဘုရင်ရိပ်သာ လမ်းမကြီးပေါ်တွင် ယာဒင်၏ ကော်ဖီဆိုင်ရှေ့ အရုဏ်ဦး၏ အမှောင်ရိပ်၌ လူသုံးယောက် တီးတိုးပြောဆိုနေကြသည်။ သူတို့မှာ စတန်းဂိုဏ်း၊ အိုင်ယာဂန်ဂိုဏ်းနှင့် ဟာဂါနားအဖွဲ့တို့မှ ပုဂ္ဂိုလ်များ ဖြစ်သည်။ သူတို့ ပြောဆိုနေကြသည်ကို နားထောင်နေသူ တစ်ယောက်မျှ မရှိဟု ဟာဂါနားအဖွဲ့မှ လူက မှတ်သားထားသည်။ ယေရှုရန်ရှစ်တွင် လျှို့ဝှက်ရေးကို ကျင့်သုံးရသည့် အကြောင်းများရှိသည်။ သူကား စိတ်သဘောထားချင်း ကွဲနေသည့် အုပ်စုနှစ်ခုကို မနှစ်မြို့သူ ဒေးဗစ် ရှယ်လကီးယယ်၏ လူယုံတော်လက်ထောက်တစ်ယောက်ဖြစ်သည်။ သို့တိုင်အောင် သူတို့နှစ်ဦးကို ရှစ်ကဖိတ်ခေါ်ကာ ရှယ်လတီးယယ်အား ကူညီရန် ပြောဆိုခြင်း ဖြစ်သည်။

ဂျေရုဆလမ်တပ်မှူး ရှယ်လတီးယယ်တွင် တပ်သားအင်အား နည်းနေပြီး အရန်အင်အားမရှိ ဖြစ်နေသည်။ ထို့ကြောင့် ကတ်စတယ်တွင် ရှိနေသော ဂါဇစ်၏လူများကို အနားပေးရန် လူချင်း မဖလှယ်နိုင်။ ထို့အတူပင် သိမ်းပိုက်ထားသော အာရပ်ရွာအောက်ဘက်ရှိ ဂျူးလယ်ယာမြေစခန်းဖြစ်သည့် မို့တဇာကလူများ ချက်ချင်း အနားပေးရန် သူ

http://mmteashop.com



လူချင်း မဖလှယ်နိုင်။

သူ အကူအညီတောင်းသည်ကို မျှော်လင့်ထားသည့်အတိုင်းပင် အဖွဲ့နှစ်ခုက စာနာထောက်ထားခြင်း မရှိသည်ကို တွေ့ရသည်။ ထိုနှစ်ဖွဲ့က ရန်သူအာရပ်များကို မုန်းသလို ရှယ်လတီးယယ်ကို မုန်းသည်။ နက်ဖြန်ညတွင် အဖြေပေးမည်ဟု ရှစ်အား ထိုနှစ်ဖွဲ့က ပြောသည်။ အကူအညီပေးမည်ဆိုလျှင် တန်ဖိုးကြီးကြီးပေးရမည်။ ယင်းမှာ ဟာဂါနားတပ်ဖွဲ့ သူတို့အား လက်နက်နှင့် လက်ပစ်ဗုံး လုံလုံလောက်လောက် ပေးရမည် ဟု ဆိုသည်။

နောက်တစ်နေ့ညတွင် ကူညီရန် သဘောတူကာ ပေးမည်ဆိုသည့် လက်နက်များ ပေးရန် တောင်းဆိုသည်။ အုပ်စုနှစ်ခုစလုံး ဇူဘာကျောက်ကျင်းကို တိုက်ရန် စိတ်ကူး မရှိ။ စတန်းဂိုဏ်းခေါင်းဆောင်မှာ ယိုရှုအာဇယ်လတာဖြစ်ပြီး အိုင်ယာဂန်၏ ခေါင်း ဆောင်မှာ မော်ဒေချိုင်ရာအာနန် ဖြစ်သည်။ သူတို့ အောင်ပွဲခံရေးအတွက် ရှယ်လတီ ယယ်ထံမှ ပိုလျှံနေသော လက်နက်များကို လိုချင်သည်။ ထို့နောက် ဂျူး ဂျေရုဆလမ်ရပ် ကွက်တွင် သူတို့၏ ခေါင်းဆောင်မှုကို ထူထောင်ကြသည်။ ဂျေရုဆလမ်ကို သူတို့လည်း ပိုင်သည်ဆိုကာ ခွဲဝေယူကြမည်။ သူတို့က ဒေသတစ်ခုကို ရွေးချယ်ထားသည်။ လွယ် လွယ်နှင့်ရနိုင်သည်။ ယင်းမှာ ဂျေရုဆလမ်အနောက်ဘက် ဆင်ခြေဖုံးမှ ကျောက်ဆစ် သမားများ၊ ကျောက်ခွဲသူများ၏ ဒေယာယက်ဆင် အာရပ်ရွာကလေး ဖြစ်သည်။ လွန်ခဲ့ သည့် ရက်အနည်းငယ်က လက်ထပ်ပွဲသို့ သတို့သမီး အေလီယာဒါဝစ် အခမ်းအနားဖြင့် သွားခဲ့သည့်ရွာကလေး ဖြစ်သည်။

ကြက်သွန်ပုပ်နံ့ ထောင်းထောင်းထနေသည့် သင်္ဘောတစ်စင်းသည် တယ်အဗစ် ဆိပ်ကမ်းသို့ ကပ်လာသည်။ အက်စ်၊ အက်စ်နိုရာတွင် ပါလာသည့် ပစ္စည်းများကို အနံ့ ရသည်နှင့် ဗြိတိသျှအကောက်ခွန် အရာရှိများက စစ်ဆေးမနေတော့ဘဲ ကုန်ချခွင့်ပြု လိုက်သည်။ ကုန်တင်ကုန်ချ အလုပ်သမားများ ရောက်လာကြပြီး ကြက်သွန်များကို ဖယ်ရှားသည်။ ယင်းအောက်တွင် ချက်ရိုင်ဖယ်နှင့် စက်သေနတ် ဒထောင်ပေါင်းများစွာ ပါလာသည်။ အခက်အခဲများစွာကို ကျော်လွန်ပြီးနောက် အေးဟတ်၏ ပထမဆုံး လက်နက်သင်္ဘောသည် ဘုရားသခင်၏ စောင့်ရှောက်မှုကြောင့် အချိန်မီရောက်လာသည်။ နှစ်ဆယ့်လေးနာရီရှိလျှင် နက်ချရှုန် စစ်ဆင်ရေးစတော့မည်။ နိုရာတွင်ပါလာသည့် လက်နက်များသည် မကြာမီ တိုက်ပွဲ၏ အနိုင်အရှုံးကို အဆုံးအဖြတ် ပေးလိမ့်မည်။

နက်ချရှုန် စစ်ဆင်ရေးတွင်ပါဝင်မည့် နိုရာတွင် ပါလာသည့် လက်နက်များကို ထရပ်ကားများဖြင့် တင်ပို့ကြသည်။ သေနတ်များမှာ အမဲဆီထူထူသုတ်ထားသည်။ သူ့ တပ်ခွဲအတွက် လက်နက်များကို ညဆယ်နာရီတွင် အစ္စကာ ရှက်ဒမီ အပြည့်အစုံရသည်။ အမဲဆီများကို သုတ်ပစ်ရန် ဘာပစ္စည်းမျှ မရှိ။ အရုဏ်မတက်မီ သူ့တပ်ဖွဲ့သည် တိုက်ပွဲသို့ ထွက်ရမည်။ ရှက်ဒမီ ခဏစဉ်းစားသည်။ ထို့နောက် သူ့တပ်သားများအား အောက်ခံ

http://mmteashop.com



ဘောင်းဘီများ ချွတ်ပြီး အမဲဆီများကို သုတ်ပစ်ရန် အမိန့်ပေးလိုက်သည်။ အမျိုးသမီး တပ်သားများကိုမူ သေနတ်ပြောင်းတိုက်ရန် ဆံဆူးကြီးများကို အဖြုတ်ခိုင်းသည်။

ပါလမက်တပ်ဖွဲ့သို့ သူဝင်ခဲ့သည်မှာ ကြာပြီ။ ယခု ပထမဆုံးအကြိမ် ကျည်ဆန် အလုံအလောက် ရှက်ဒမိ ရသည်။ ကျည်ဆန်များကို ခြေအိတ်များတွင် ထည့်ခိုင်းပြီး ခါးပတ်တွင် ချည်နှောင်သယ်ယူရန် တပ်သားများကို ရှက်ဒမိ အမိန့်ပေးသည်။

ဟိန်းလက်စကော့သည် ဗြိတိသျှစစ်မှုထမ်းဟောင်းဖြစ်ပြီး ယခု တပ်ခွဲတစ်ခု၏ တပ်မှူးဖြစ်လာသည်။ သူ့တပ်ခွဲအတွက် (အမ်ဂျီ ၃၄) စက်သေနတ်များ ရသည်။ သူ့တပ်သားများမှာ ထိုစက်သေနတ်ကို မပစ်တတ်။ ဗြိတိသျှ တပ်မတော်မှ စက်သေနတ် ပစ်တတ်သူ တစ်ယောက်ကို ခေါ်လာပြီး ပစ်နည်းပြခိုင်းသည်။ သို့သော်လည်း တစ်ခါ ပစ်လျှင် ကျည်ဆန်တစ်ချက် ထွက်သည်ကို ဟိန်းလက်စတော့ တွေ့ရသည်။ သို့ဖြစ်ရာ တယ်အဗစ်သို့ ကားဖြင့် အမြန်သွားပြီး လက်နက်ပြင်တတ်သူတစ်ယောက်ကို ခေါ်ခဲ့ သည်။ တပ်ထွက်ရန်အမိန့်ကို သူ့တပ်သားများ စောင့်နေစဉ် လက်နက်ပြင်သူသည် တံစည်းဟောင်းတစ်ခုဖြင့် မောင်းတံများကို ပစ်၍ရအောင် တတ်နိုင်သမျှ ပြင်ဆင်ပေး သည်။

မေပြီ (၅)ရက်နေ့ည ကိုးနာရီတွင် ဂျူးတပ်ဖွဲ့များ စတင် တိုက်ခိုက်သည်။ တပ်ရင်း သုံးခုတွင် အင်အား ငါးရာစီ ရှိသည်။ ပထမတပ်ခွဲများသည် ကွန်ဗွိုင်း စတင် ထွက်ခွာ ရာဒေသ၏ အနီးတွင်ရှိသည့် အာရပ်ရွာနှစ်ခုနှင့် ဗြိတိသျှ တပ်မတော်စခန်းဟောင်း တစ်ခုကို အမြန်ဆုံးသိမ်းပိုက်ပေးသည်။ သူတို့နောက်မှ တပ်သားများသည် ဘက်အယ် ဝက် တောင်ကြားလမ်းအထက်ရှိ တောင်ကုန်းများဆီသို့ တက်ပြီး အမြင့်ဆုံး တောင်ထိပ် များကို သိမ်းပိုက်ရန် ကြိုးစားသည်။ အာရပ်တို့က အပြင်းအထန် ခုခံတိုက်ခိုက်သည်။ အာရပ်ရွာများဖြစ်သည့် ဆရစ်နှင့် ဘိတ်မားဆာတို့က သူတို့ကို တွန်းလှန်တိုက်ခိုက်သည်။ သို့သော်လည်း ဂျူးစစ်သားများသည် ရွာများနှင့် လမ်းမကြီးအကြားရှိ ဒေသများကို အောင်မြင်စွာ သိမ်းပိုက်နိုင်သည်။

အရှေ့ဖျားတွင် အချက်အချာကျသည့် ကတ်စတယ်ရွာမှာ ဟာဂါနားတပ်ဖွဲ့ များ၏ လက်ထဲတွင် ရှိနေသေးသည်။ သို့သော်လည်း ထိုရွာ၏ဟိုဘက်တွင် အာရပ် တပ်များသည် လမ်းမကြီးကို ဖြတ်ကျော်ပြီး ဂျူးစုပေါင်းလယ်ယာစခန်းဖြစ်သည့် မို့ တဇာကို တိုက်ခိုက်သည်။

မိမိတို့ဘက်က အဆုံးအရှုံးများရှိသော်လည်း စစ်ဆင်ရေး၏ ပထမတိုက်ပွဲများမှာ အောင်မြင်သည်။ သန်းခေါင်ရောက်လျှင် ဘက်အယ်ဝက် တောင်ကြားလမ်းနှင့် ဘေး ဘက်တောင်ပံများကို ဟာဂါနားတပ်ဖွဲ့က ထိန်းသိမ်းထားနိုင်ခဲ့သည်။ သို့ဖြစ်ရာ ပထမဆုံး ကွန်ဗွိုင်းကားများ စ၍ထွက်ရန် ရေဒီယိုဖြင့် အမိန့်ပေးလိုက်သည်။

http://mmteashop.com



ဗြိတိသျှ တပ်စခန်းဟောင်းဖြစ်သည့် ကဖာဘီလုစခန်းတွင် ဘရိုနီဆလပ်ဘာရှယ်မား ဖမ်းဆီးခေါ်ဆောင်လာသော ထရပ်ကားဒရိုင်ဘာများ၊ စက်ပြင်ဆရာများ၊ ဟာဂါနားတပ်သားများသည် ဒိုဂျိုးဇက်၏ အမိန့်အရ သိမ်းပိုက်ထားသော တယ်အဗစ်အစားအစာ ဂိုဒေါင်များတွင် စုရုံးနေကြသည်။ ပစ္စည်းများ ကားပေါ်သို့ တင်ရန် တယ်အဗစ်ဆိပ်ကမ်းမှ ကုန်တင်အလုပ်သမားကို ဟာဂါနားအဖွဲ့က ခေါ်လာသည်။ ခွန်အားဗလကောင်းသည့် ပုပုတုတ်တုတ်ခိုင်ခိုင် အလုပ်သမားများသည် လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် ကားပေါ်သို့ ကုန်များတင်သည်။ သူတို့ ခေါင်းဆောင်များက သူတို့စားရန် အထူးအစားအစာများဖြစ်သည့် ငါးသေတ္တာ၊ ထမင်း၊ ပန်းသီးနှင့် ဒိန်ခဲများမှာထားသည်။

တယ်အဗစ် စားသောက်ဆိုင်တွင် အယ်ခဲ့စကယ်ဝိန်းစတိန်းက "အော့တိုမက်တစ် သယ်ပို့ခါးပတ်ကြိုးများလား ထင်ရတယ်"ဟု သူတို့တစ်တွေ မြန်ဆန်ပုံကို ပြန်လည်သတိရကာ ပြောပြသည်။ "ငါးမိနစ်ရှိရင် ကားတစ်စီး ကုန်အပြည့်တင်ပြီးသွားတယ်၊ လူငယ်လေးနှစ်ယောက်က သူတို့ဘေးမှာ ရပ်နေပြီး သူတို့ ကုန်တင်နေတုန်း ဂီတာတီးဖျော်ဖြေတယ်၊ အလုပ်သမားတွေက ကုန်သေတ္တာတွေ၊ ရိက္ခာအိတ်တွေကို တစ်ယောက်လက်က တစ်ယောက်လက်ကို ဂီတသံစည်းချက်အလိုက် မနားဘဲ ပို့ပေးတယ်"ဟု ဝိန်းစတိန်းက ဆိုသည်။

လမ်း၏ အမှောင်ရိပ်ထဲတွင် ကားရပ်ရင်း ဘားရှယ်မားသည် ထရပ်ကားများ စတင်ထွက်ခွာသည်ကို စောင့်ကြည့်နေသည်။ ကားများမှာ အမျိုးပေါင်းစုံလင်သည်။ တနူဗား နို့ချက်စက်ရုံမှ ဗင်ကားများ၊ ဘက်ဖို့ကားများ၊ ဖို့ကားများ၊ စက်ရုံသုံး ထရပ်ကားများ၊ ပစ္စည်းလိုက်ပို့သည့်ကားများ၊ စုပေါင်းလယ်ယာမှ အမိုးဖွင့်ထရပ်ကားများ၊ နောက်တွဲကားအဖြူများ၊ ကောက်ရိုးတင် ဝက်ဝွန်းကားများ ဖြစ်သည်။ အရွယ်အစားမျိုးစုံ၊ ပုံစံမျိုးစုံ၊ ဆေးရောင်မျိုးစုံဖြစ်ပြီး များစွာတို့မှာ ကုန်ပစ္စည်းကြော်ငြာများ ရေးထားသည်။ ဆပ်ပြာ၊ ကလေးအစားအစာ၊ ဟိုက်ဖာမှ အသားဘူး၊ ရာမက်ဂန်မှ အုတ်ဖို သို့မဟုတ် တယ်အဗစ်ဖိနပ်စက်ရုံမှ ကြော်ငြာများ ဖြစ်သည်။ ဝန်ပေါ့ကားများက ရှေ့ဆုံးက မောင်းသွားသည်။ ဝန်လေးကားများ၊ နှေးသည့်ကားများ နောက်မှ လိုက်ပါသွားသည်။

မည်သည့်ကားတွင်မျှ ရှေ့မီးမရှိ။ ဘား-ရှယ်မားက ယင်းကို ဂရုတစိုက် စောင့်ကြည့်သည်။ သူ့လူများက ကားရှေ့မီးလုံးများကို ဖြုတ်ထားသည်။ သို့မှသာ ကွန်ဗွိုင်းကားတန်းတွင် မီးရောင်တလက်လက် မြင်ရမည်မဟုတ်။ အာရပ်လက်ဖြောင့်တပ်သားများ၏ ပစ်ကွင်းမဖြစ်နိုင်တော့။ ဟာလဒါ စုပေါင်းလယ်ယာစခန်းကျော်လျှင် အစောင့်များသည် ကားများပေါ်သို့ ခုန်တက်ကြသည်။ အစ္စကာရှက်ဒမီသည် အာလူးကားပေါ်ကို တက်ကာ အာလူးများကို လက်ဖြင့် ယက်ပြီး ဝပ်ကျင်းတူးကာ လိုက်ပါသွားသည်။

ဘား-ရှယ်မားသည် သူ့လူများ ဆွဲခေါ်လာသည့် ကားဒရိုင်ဘာများ၏ သုန်မှုန်နေသော မျက်နှာများကို ကြည့်သည်။ မျက်စောင်းထိုးပြီး လူတစ်ယောက်ကို သတိနိုင်

http://mmteashop.com



သည်ဆိုလျှင် သူသေမည်မှာ သေချာသည်ဟု တွေးမိသည်။ လရောင်အောက်တွင် တရွေ့ရွေ့သွားနေသော ကားတန်းကြီးမှာ အလွန်ကြီးမားသည့် ခူကောင်ကြီးတစ်ကောင်နှင့် တူသည်ဟု သူ ထင်သည်။ ညဉ့်၏ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသည့် ကားစက်သံများအကြား မွေးပျံ့ပျံ့လိမ္မော်ပန်းရနံ့ သင်းနေသည်။ ကားတန်းကြီးသည် ခြောက်မိုင်တိတိ လွင်ပြင်ကျယ်ကို မောင်းရသည်။ လမ်း၏ ဘယ်ဘက်ခပ်ပြေပြေ တောင်ကုန်းလေး တစ်ခုအထိ အတက်အဆင်း မရှိ။ ထိုကုန်းထက်တွင် လက်ထရမ်ထရက်ပစ် ဘုန်းကြီးကျောင်းသည် သံလွင်ပင်များအကြား မားမားရပ်နေသည်။ မြေနီရောင် ဘုရားကျောင်းမျှော်စင်ကို မြင်ရသည်။ ထို့နောက် ညာဘက်သို့ ဘုန်းကြီးကျောင်း စပျစ်ခြံအတိုင်း ကွေ့သွားပြီး ဘက်အယ်ဝက်တောင်ကြားလမ်းသို့ ဝင်သည်။ နောက်ဆုံးကား ဟာလဒါမှ လွန်သွားသည်ကို စောင့်ကြည့်ပြီးမှ ဘား-ရှယ်မားသည် ကွန်ဗွိုင်းနောက်ဆုံးမှ လိုက်သွားသည်။ အဝေးဆီမှ ရိုင်ဖယ်သံ တစ်ချက်တစ်ချက်ကြားရသည်။ သူတို့ ဘက်အယ်ဝက်သို့ ဝင်ပြီဟု သူ တွေးမိသည်။

ကွန်ဗွိုင်းတပ်မှူး ဟယ်ရီဂျက်သည် ရှေ့ဆုံးမှ လိုက်ပါသွားသည်။ သူ၏ အပြာရောင် (၁၉၄၇)ဖို့ကားကို ကျည်ဆန်သုံးခု ထိမှန်သည်။ တစ်ယောက်တည်း စောင့်ကြည့်နေသည့် အာရပ်လက်ဖြောင့်သမားတစ်ယောက်၏ လက်ချက်ဖြစ်ပါစေဟု ဆုတောင်းမိသည်။ သူ့နောက်မှ လိုက်ပါလာသည့် ကားများတွင် ယခင်က ဂျေရုဆလမ်လမ်းတွင် ပြေးသည့် ကားများမှာလို သံချပ်ကာအပြားမပါ။ အစွကာရှက်ဒမီသည် သူ့ခေါင်းထက်ရှိ မှောင်မည်းမည်း တောအုပ်ထဲတွင် ရန်သူတစ်ယောက်ယောက်ရှိလေမည်လား ရှာကြည့်သည်။ ဂျေရုဆလမ်သွားရာ လမ်းတစ်လျှောက်လုံးတွင် လူဆို၍ မုတ်ဆိတ်မွေးဖြူဖြူနှင့် အာရပ်အဘိုးအိုတစ်ယောက်သာ တွေ့ရသည်။

ဟယ်ရီဂျက် မျှော်လင့်သည့်အတိုင်းပင် တောင်ကုန်းများတွင် အာရပ်တပ်များ မရှိ။ ညအမှောင်ကို ဖြတ်သန်းပြီး ထရပ်ကားများသည် ဂျေရုဆလမ်ဆီသို့ တဖြည်းဖြည်း ရွေ့လျားနေကြသည်။ ကားအချို့မှာ ချောင်းအပစ်ခံရသဖြင့် တာယာများကို ထိမှန်ပြီး ပြားချပ်သွားကာ လမ်းဘေးသို့ ဆွဲသွားသည်။ အခြားကားအချို့မှာ အင်ဂျင်စက်ပူပြီး ရေဆူသဖြင့် အငွေ့များ ထွက်လာသည်ကို တွေ့ရသည်။ သူ့လူများက "ရှေ့ကို ဆက်မောင်း . . . ဆက်မောင်း"ဟု သတိပေးသည်။

ကွန်ဗွိုင်းကားတန်း မြို့ထဲသို့ ဝင်လာပြီဆိုသော သတင်းသည် ဂျေရုဆလမ်တွင် ပျံ့နှံ့သွားသည်။ ဂျက်ဖာလမ်းထဲသို့ လူအများ ပြေးဆင်းလာကြပြီး ကွန်ဗွိုင်းကို စောင့်ကြည့်နေကြသည်။ အကျီပွပွဝတ်ထားပြီး ခြေညှပ်ဖိနပ်စီးထားသော အမျိုးသမီးများ၊ ကျောင်းသားများ၊ ဘုရားကျောင်းတွင် မနက်ပိုင်း ဝတ်ပြုသွားမည့်သူများ ပဝါများကို ပခုံးမှာ တင်လျက် ထွက်လာကြသည်။ အချို့က ပြတင်းဖွင့်ကာ ကြည့်သည်။ အချို့ က အိမ်ခေါင်မိုးပေါ်တက်ကာ ကြည့်သည်။ အချို့က ဝရန်တာမှ ကြည့်သည်။ အံ့ဩ ကျေးဇူးတင်သည့် အမူအရာများကို သူတို့မျက်နှာများတွင် တွေ့ရသည်။ ကွန်ဗွိုင်းကားတန်းကို

http://mmteashop.com



သီချင်းဆိုအားပေးလက်ခုပ်တီးကာ ကြိုဆိုသည်။ သူတို့မှာ ဝတ်ပြုတ်နေကြသူများ ဖြစ်သည်။ ထိုရက်အတွင်း မာဂျရင်း နှစ်အောင်စ၊ အာလူး ပေါင်တစ်စိတ်၊ အသားခြောက် ပေါင်တစ်စိတ် ရာရှင်ဖြင့် အသက်ရှင်နေကြရသူများ ဖြစ်သည်။ နှစ်ပတ်လုံးလုံး မြို့တော်သို့ ကားတစ်စီး မရောက်လာ။ ယခုမူ ကားတွေ ဒါဇင်ပေါင်းများစွာ တစ်စီးနှင့် တစ်စီး ဘမ်ပါ ချင်းဆက်လျက် ကားပေါ်မှာ ရိက္ခာများ သယ်ဆောင်ရောက်လာသည်။

လမ်းဘေးမှ စောင့်ကြည့်နေသူအချို့ ငိုကြသည်။ ကလေးများက ထရပ်ကား များပေါ်သို့ တက်ကာ ပန်းများပေးကြသည်။ အမျိုးသမီးများက ကားရှေ့ခန်းသို့ ခုန်တက်ကာ ဒရိုင်ဘာများကို နမ်းရှုပ်ကြသည်။ ဆီဖာဒစ် လူအိုရုံရှေ့တွင် အဘွားအို တစ်ယောက် ထွက်လာပြီး ယေဟူဒါလက်ရှိကို ပွေ့ဖက်သည်။ ဂျေရုဆလမ်ကွန်ဗွိုင်းတွင် လိုက်ခဲ့ဖူး သည့် လူငယ်လေးယေဟူဒါလက်ရှိက သက်ပြင်းချပြီး "ငါ့ကို ဖက်တာ အဘွားကြီးမဟုတ် ဘဲ သူ့သမီးဆိုရင် ကောင်းမှာပဲ"ဟု တွေးမိသည်။ အစ္စကာရှက်ဒမီသည် ကားပေါ် လိုက်ပါလာရင်း "တို့မှာ အားရှိရင် တို့တစ်တွေ နိုင်ငံသစ်ထူထောင်နိုင်တယ်" ဟူသော စကားကို ကြားယောင်မိသည်။ ကျေးဇူးကို အထူးသိတတ်သည့် ဂျေရုဆလမ်မြို့သား များကို ကြည့်ပြီး ထိုစကားသည် သဘောတရားမဟုတ် လက်တွေ့အကောင်အထည် မြင်နေရပြီဟု ဆင်ခြင်မိသည်။ မျက်နှာထား သုန်မှုန်ရင်း လိုက်ပါလာသည့် ဒရိုင်ဘာ များသည်ပင် စိတ်ထားပြောင်းသွားကြသည်။ စိတ်လှုပ်ရှားနေသော လူများကို မြင်သည့် အခါ သူတို့တစ်တွေ မြို့တစ်မြို့ကယ်တင်လိုက်ပြီဟု ခံစားရလေသည်။

ပျော်ရွှင်ဖွယ် ထို ဧပြီနံနက်ခင်းတွင် ဂျေရုဆလမ်မြို့သားတို့ တစ်သက်လုံး သံမှို စွဲသလို အရာထင်နေမည့် အမှတ်ရစရာတစ်ခု ကြုံတွေ့ရသည်။ ယင်းမှာ ဟယ်ရီဂျက် စီးနင်းလိုက်ပါလာသည့် အပြာရောင်ဖို့ကား၏ ရှေ့ဘမ်ပါတွင် တွေ့ရသည့် မြင်ကွင်းတစ် ခုဖြစ်သည်။

ဘမ်ပါပေါ်တွင် ဂျက်က စာလုံးခြောက်လုံး ရေးထားသည်။ ယင်းမှာ "မင်းကို ဘယ်မှာ မေ့ထားလို့ ရနိုင်ပါ့မလဲ . . . အို ဂျေရုဆလမ်ရယ်" ဟူ၍ ဖြစ်လေသည်။

○○○

http://mmteashop.com



အပိုင်း (၂၁)

## မနေ့ညက ကျွန်တော်တို့ မစ်သတ်လိုက်တဲ့ အာရပ်တစ်ယောက်

နက်ချရှန် စစ်ဆင်ရေးအောင်ပွဲကို ကြိုဆိုကြသည့် လူအုပ်ကြီးနှင့် တစ်မိုင်ခွဲ ဝေးသည့် ဟီရောတ်ခါးအနီး ဘက်အယ်ဇာဟီရီ အာရပ်ရပ်ကွက်တစ်ခု၏ အိမ်တစ်အိမ်၏အိပ်ခန်းထဲတွင် ဒေါသထွက်နေသော အာရပ်ခေါင်းဆောင်တစ်ယောက် သူ့ဇနီးထံသို့ စာတစ်စောင်ရေးနေသည်။ ဂျေရုဆလမ်မြို့သို့ အက်ဘဒူခါဒါဟတ်ဆေနီ ပြန်လာသည့်အခါ ရန်သူများသည် မိမိတို့ ပိတ်ထားသည့် မြို့တော်ကို လာသည့်လမ်းကို ဖောက်ပြီး ဝင်လာကြပြီဟု အက်ဘဒူခါဒါ အချိန်မီသိရသည်။ သူ့ကားထဲတွင် ဆီးရီးယားတပ်မတော်က ပေးလိုက်သည့် ရိုင်ဖယ်ငါးဆယ်နှင့် ဒမတ်စကတ်ဈေးမှ သူ့ပိုက်ဆံဖြင့် ဝယ်ခဲ့သည့် ဘရင်းဂန်းသုံးခု ပါလာသည်။ ယင်းတို့မှာ ဆီးရီးယားခရီးမှအပြန် သူ ရခဲ့သည့် ခေတ်မီလက်နက်များ ဖြစ်သည်။

ဒမတ်စကတ်တွင် နောက်ဆုံးနေ့၌ အက်ဘဒူခါဒါအဖို့ အရင်ကလိုပင် စိတ်ညစ်စရာကြုံရသည်။ ပထမအကြိမ် ဆဖာဝတ်ပါရှားနှင့် တွေ့ခဲ့စဉ်က ဒေါသဖြစ်ခဲ့ရသော်လည်း ယခုတစ်ကြိမ်ထပ်တွေ့ရန် သူ ကြိုးစားသည်။ သူတို့နှစ်ယောက် တွေ့ဆုံဆွေးနွေးကြသည့် အစည်းအဝေးတစ်ခုတွင် ကတ်စတယ်ကို အိုင်ရိကက် ပြန်လည် မသိမ်းပိုက်နိုင်သေးကြောင်း သတင်းစကားကြားရသည်။

"ခင်ဗျားလူတွေ ကတ်စတယ်ကို ပြန်မထိန်းနိုင်ရင် ကောက်ဂျီကို အတိုက်ခိုင်းရမှာပဲ"ဟု ဆဖာဝတ်ပါရှားက ဆိုသည်။

အက်ဘဒူခါဒါကမူ လက်နက်များ ထပ်၍ ပေးရန် တောင်းဆိုသည်။ သူ့ကို ရိုင်ဖယ် ငါးဆယ်ပေးသည်။ ဆဖာဝတ်က ပေးခြင်းမဟုတ်၊ ဆီးရီးယားသမ္မတ ရှုကရီ အယ် ကူဝတ်ကလီက ပေးခြင်း ဖြစ်သည်။ အစည်းအဝေးမှ ထွက်အလာတွင် "ပါလက်စတိုင်းရဲ့သွေးနဲ့ သူ့နိုင်ငံသားတွေရဲ့ သွေးတွေဟာ ခင်ဗျားခေါင်းပေါ် စီးကျလိမ့်မယ်"ဟု အက်ဘဒူခါဒါ ဒေါသဖြင့် ပြောခဲ့သည်။

ယခုမူ သူ့ညီ၏အိမ်တွင် နားခိုခိုက် ဇနီးထံသို့ စာတစ်စောင် ရေးပြီးသွားသည်။ သူ့စာတွင် စကားအသုံးအနှုန်း ခမ်းနားစွာ တန်ဆာဆင်ထားသည်။ သို့သော်လည်း

http://mmteashop.com



ယင်းမှာ အာရပ်တို့၏ ခေါင်းဆောင်ကောင်းတစ်ယောက်၏ စိတ်လှုပ်ရှားမှုကို ဖော်ပြသည်။

*ချစ်တဲ့ဝါကြီးဟာ*

တို့တစ်တွေ သမိုင်းစာမျက်နှာတွေကို တခမ်းတနား အောင်ပွဲတွေနဲ့ ရေးခဲ့ပြီးပြီ။ အဲသည်လို ရေးနိုင်ဖို့ မလွယ်ဘူး။ နေ့ရောညပါ အားထုတ်ရတယ်။ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံရတယ်။ တကယ် တိုက်ပွဲဝင်ပြီဆိုတော့ တို့ရဲဘော်တိုင်းဟာ သူ့ကိုယ်သူ မေ့ထားတယ်။ သူ့ဆွေမျိုးတွေ၊ သားမယားတွေ၊ ပြီးတော့ ထမင်းစားဖို့နဲ့ အိပ်ဖို့ကိုတောင် မေ့ပြီး စွန့်ကြရတယ်။

ရန်သူဟာ အင်အားကြီးတယ်။ ဒါပေမယ့် ဘုရားသခင် အလိုကျ အတိုင်း တို့ . . . အောင်ပွဲခံမှာပဲ။

ထို့နောက် အရင်ညက ဒမတ်စကတ်တွင် ရေးစပ်ခဲ့သည့် စာမူတစ်ပုဒ်ကို သူ့သားဆီသို့ ပေးရန် ထိုစာအိတ်ထဲမှာပင် ထည့်လိုက်သည်။

ရဲဝံ့သူတွေရဲ့ ဒီမြေဟာ
တို့ ဘိုးဘွားပိုင်တဲ့မြေပဲ။
ဒီမြေကို
ဂျူးတွေ ပိုင်ဆိုင်ခွင့် မရှိဘူး။
ရန်သူက ဒီမြေမှာ ရောက်နေတော့
ငါ ဘယ်လို အိပ်ပျော်ပါ့မလဲ။
ငါ့နှလုံးသားထဲမှာ တစ်စုံတစ်ခု
တညီးညီး တောက်လောင်နေတယ်။
ငါ့တိုင်းပြည်က ငါ့ကို အလိုရှိနေပြီ။

ထိုစာကို ရေးပြီးသည့်အခါ အက်ဘဒူခါဒါသည် သူ့လက်ထောက်တစ်ယောက်ဖြစ်သည့် ပိန်ပိန်နှင့် မာကျစ်သည့် ဘာဂျဟတ်အဘိုဂါဘီယေး ဆိုသော ကျောင်းဆရာတစ်ယောက်ကို ခေါ်သည်။ သူ့ခေါင်းဆောင် ယခုလို ဒေါသဖြစ်သည်ကို အဘိုဂါဘီယေး မတွေ့ခဲ့ဘူးပေ။ "တို့တော့ သစ္စာဖောက်ခံရပြီ" ဟု သူပြောသည်။ ဆီးရီးယားတွင် နောက်ဆုံးည အယ်မာဇာလေဆိပ်၌ လက်နက်အပြည့်ရှိသော ဂိုဒေါင်တစ်ခု သူ တွေ့ခဲ့သည်။ ယင်းတို့မှာ သူ့ပြိုင်ဘက် ကောက်ဂျီအတွက် ဖြစ်သည်ဟု အက်ဘဒူခါဒါ ပြန်လည်ပြောပြသည်။ "သူတို့က တို့ကို လမ်းသုံးခုထဲက တစ်ခု အရွေးခိုင်းတယ်။ တို့ တစ်တွေ အီရတ်ကို ထွက်ပြေးပြီး မထင်မရှားပုန်းအောင်းနေနိုင်တယ်။ နောက်တစ်ခုက တို့တစ်တွေ ကိုယ့်ကိုယ်ကိုယ် သတ်သေကြဖို့ပဲ။ ဒါမှမဟုတ်ရင် ဒီဒေသမှာ တိုက်ရင်း အသေခံနိုင်တယ်" အက်ဘဒူခါဒါ ဒေါသဖြင့် ဆိုသည်။

http://mmteashop.com



နေဘီဒင်နီယယ်တွင် ဟာဂါနားတပ်ဖွဲ့ဆီက သိမ်းပိုက်မိသည့် သံချပ်ကာကား နှစ်ခုအနက် တစ်ခုကို သွား၍ယူရန် အဘိုဂါဘီယေးအား စေခိုင်းသည်။ တစ်ဖန် အီဘရာဟင် အဘိုဒါယေးကို သူ့လူတစ်ရာနှင့်အတူ ဗုတာကျောက်ကျင်းတွင် သူ့ကို လာ၍ တွေ့ရန် အမိန့်ပေးခိုင်းသည်။ မည်သို့ဖြစ်စေကာမူ အက်ဘဒူခါဒါတွင် တစ်စိတ်တည်းသာ ရှိသည်။ ယင်းမှာ သူကိုယ်တိုင် ခေါင်းဆောင်တိုက်ရစေ ကတ်စတယ်ကို ဂျူးတို့ လက်မှ ပြန်၍သိမ်းမည်။

ကတ်စတယ်တွင် မော်ဒေချိုင်း ဂါဇစ်နှင့် သူ၏ ဟာဂါနားအဖွဲ့ဝင် ခုနစ်ဆယ်တို့ ခြေကုန်လက်ပန်းကျနေသည်။ လေးရက်လုံးလုံး မနားတမ်း အပစ်ခံနေရသည်။ ဧပြီ (၇)ရက်နေ့ ညဆယ်နာရီတွင် အက်ဘဒူခါဒါ၏ တိုက်ခိုက်မှု စတင်သည်။ အာရပ်တို့တွင် လူသုံးရာ ရှိသည်။ ရွာရှေ့တည့်တည့်တွင် အဘိုဒါယေး ကွပ်ကဲ၍ သူ့လူများကို နေရာယူစေသည်။ ကျန်လူများကို နှစ်သုတ်ခွဲကာ ဘယ်ညာ ဖြန့်ထားသည်။ ဆဖာဝတ်က မပေးဟု ငြင်းလိုက်သည့် အမြောက်အစား အက်ဘဒူခါဒါတွင် စိန်ပြောင်းလေးခု ရှိသည်။ ယင်းတို့ကို ဗြိတိသျှတပ်မှ စစ်ပြေးလေးယောက်က ကွပ်ကဲပစ်ခတ်သည်။

တစ်နာရီခန့် ပြင်းပြင်းထန်ထန် ပစ်ခတ်အပြီးတွင် ဂါဇစ်နှင့် သူ့လူများကို အာရပ်တို့က ရွာ၏ရှေ့ဆုံးတန်းအိမ်များမှ တိုက်ထုတ်ရသည်။ သူ၏ ကွပ်ကဲရာဌာနဖြစ်သည့် ရွာလူကြီးအိမ်နှင့် ကိုက်တစ်ရာခန့်အလိုတွင် အာရပ်တို့ ရောက်လာသည်။ ရန်သူများအားနည်းဆုတ်ခွာနေပြီကို သိသည့် ဟီဘရွန်မှ ဆိတ်ကျောင်းသား ဒါယေးသည် အက်ဘဒူခါဒါထံသို့ ဆက်သားတစ်ယောက် စေလွှတ်သည်။ ထို့နောက် ရွာလူကြီး၏ အိမ်ကို မိုင်းခွဲရန် အဖွဲ့တစ်ခုကို လွှတ်လိုက်သည်။

မိနစ်အနည်းငယ်ရှိလျှင် ရွာလူကြီးအိမ်ထဲမှ သူ့တပ်များက စစ်ကူတောင်းသည်ကို ဂါဇစ် သိရသည်။ အဖွဲ့ဝင်များနှင့် အတူ စစ်ကူတောင်းသည့် နေရာသို့ ဂါဇစ် သွားသည်။ ထိုနေရာတွင် တစ်ယောက်မျှ မရှိ။ ရှေ့နားတွင် သံပုံးကြီး တစ်ခုကို ဂါဇစ် တိုက်မိသည်။ အာရပ်တို့ သံလွင်ဆီထည့်သည့် ပုံးမျိုး ဖြစ်သည်။ အထဲတွင် အနီရောင်အမှုန့်များ တွေ့ရပြီး မီးမကူးသေးသော စနက်တံတစ်ခုနှင့် ဆက်ထားသည်။ သူ့လူများ၏ ခပ်ကျယ်ကျယ် စစ်ကူတောင်းသံ ကြားသဖြင့် အဘိုဒါယေး၏ မိုင်းခွဲအဖွဲ့ လန့်ထွက်ပြေးခြင်း ဖြစ်သည်။ ဂါဇစ်သည် သူ့အမိန့်ပေးရာဌာနသို့ ပြန်သွားသည်။

အထဲသို့ ခြေချမိသည်နှင့် သူ့ဆာဂျင်မေဂျာ မေယာကာမီအော၏ အင်္ဂလိပ်လို ပြောသံကို ကြားရသည်။ "အဲဟိုက ဘယ်သူလဲဟေ့"၊ "တို့ပါကွ. . . " အာရပ်လို ဖြေသံ ကြားရသည်။ ကာမိအောသည် လက်ထဲက စတင်းဂန်းဖြင့် အိမ်ရှေ့ကုန်းစောင်းသို့ ကျည်တစ်ကတ် ဆွဲလိုက်သည်။ ထိုအသံကို ဂါဇစ် ကြားလိုက်ရသည်။ ရှေ့နှစ်ဆယ့်ငါးကိုက်အကွာ တောင်စောင်းတွင် သေနတ်မှန်ကာ လဲကျသွားသည့် အရိပ်မည်းမည်းတစ်ခုကို ဂါဇစ် မြင်လိုက်သည်။

http://mmteashop.com



သူ့လူများ မိုင်းမခွဲနိုင်ခဲ့သော်လည်း အဘိုဒါယေးက ဂါဇစ်၏ ခံတပ်ကို တစ်ညလုံး တိုက်သည်။ အရုဏ်မတက်မီလေးတွင် အရှေ့ဘက်တောင်ပံမှ ဆက်သားတစ်ယောက်ရောက်လာသည်။ သတင်းဆိုးတစ်ခု သူ ကြားရသည်။ ဟာဂါနားတပ်ဖွဲ့ဝင်များ ကတ်စတယ်နောက်ဘက်က တောင်ကုန်းအတိုင်း တက်သွားကြသည်ဟူသည့် သတင်းပင် ဖြစ်သည်။

သူ သတင်းပို့သည်ကို အက်ဘဒူခါဒါထံမှ မည်သို့မျှ ပြန်ကြားချက် မရ။ ထို့ကြောင့် စိတ်ဓာတ်ကျပြီး ဆုတ်ရန် အဘိုဒါယေး ဆုံးဖြတ်သည်။ ကတ်စတယ်ကို အာရပ်တို့ ပြန်လည်သိမ်းပိုက်ရန် စတုတ္ထအကြိမ် မအောင်မြင်ခြင်း ဖြစ်သည်။

ထိုအခိုက်တွင် ကတ်စတယ်ကို ပထမဆုံးအောင်မြင်သူ အူဇီနာဆစ် ခေါင်းဆောင်သည့် ပါလမက်တပ်ဖွဲ့ဝင် တစ်ဒါဇင်ခန့် ဂါဇစ်ထံသို့ ရတနာအပြည့်နှင့် ရောက်လာသည်။ ယင်းမှာ အက်စ်အက်စ်နိုရာနှင့် သယ်ဆောင်လာသည့် ကျည်ဆန်ငါးသောင်း ဖြစ်သည်။

ပါလမက်အဖွဲ့ဝင်များ ဂါဇစ်၏ လူများကို အနားပေး အစားဝင်မည်ဖြစ်ကြောင်း နာဆစ်က ကတိပေးသည်။ ထို့နောက် မှုန်ပျပျအရုဏ်တက်တွင် အောက်ဘက်က တောင်စောင်း၌ သေနေသူတစ်ယောက်ကို နာဆစ် သတိထားမိသည်။

"အဲဒါ ဘယ်သူလဲ" သူက မေးသည်။ "မနေ့ညက ကျွန်တော်တို့ ပစ်သတ်လိုက်တဲ့ အာရပ်တစ်ယောက်ပါ" ဂါဇစ်က ပြောသည်။

နာဆစ်သည် တောင်စောင်းသို့ တွားဆင်းသွားပြီး သေသူ၏အလောင်းကို ကျောပေါ် တင်ကာ သယ်ယူခဲ့သည်။ အိတ်ထဲတွင် စာရွက်စာတမ်းများကို စနစ်တကျရှာသည်။ ဒရိုင်ဘာလိုင်စင် တစ်ခု၊ ပါလက်စတိုင်းငွေတစ်ပေါင်၊ အမေရိကန်ကောင်စစ်ဝန် တစ်ယောက်နှင့် ပြောဆိုသည့် မှတ်စုတစ်ခုနှင့် ရှပ်အင်္ကျီအိတ်ထဲတွင် သားရေကုအာန်ကျမ်းစာတစ်အုပ်ကို ဂါဇစ် တွေ့ရသည်။

သူ့လူများကို ဆုတ်ခိုင်းပြီးနောက် အက်ဘဒူခါဒါကို အီဘရာဟင်အဘိုဒါယေး ရှာသည်။ ဘယ်မှာမျှ မတွေ့ရ။ ဂျေရုဆလမ်သို့ ပြန်သွားပြီထင်သဖြင့် လူလွှတ်အရှာခိုင်းသည်။ ထိုမှာလည်း မရှိ။ အက်ဘဒူခါဒါ ပျောက်ဆုံးနေသည်ဆိုသော ကောလာဟလ သတင်းပျံ့နှံ့လာသည်။ ဟီဘရွန်ဒါမှ ရာမောလားအထိ ရွာများမှ အာရပ်များသည် ကတ်စတယ်သို့ ရောက်လာကာ သူတို့ခေါင်းဆောင်ကို ဝိုင်း၍ ရှာကြသည်။ ဂျေရုဆလမ်တွင် အာရပ်ဈေးများ၌ လူများ မရှိတော့။ ရိုင်ဖယ်တစ်လက် ကိုင်နိုင်သူတိုင်းသည် မြို့မှ ထွက်ခွာသွားကြဟန်တူသည်။ ကျည်ဆန်ဈေးများ တက်လာသည်။ တစ်ခုကို တစ်သျှီလင် ပေးရသည်။ အမျိုးသားဘတ်စ်ကားကုမ္ပဏီသည် လိုင်းမပြေးတော့ဘဲ ကတ်စတယ်သို့ အာရပ်အပျော်တမ်းတပ်သားများအား ပို့ပေးသည်။ တက္ကစီဒရိုင်ဘာများ၊ ထရပ်ကားများ၊ ကိုယ်ပိုင်ကားပိုင်ရှင်များသည် တိုက်ပွဲဖြစ်ပွားရာသို့ အာရပ်တပ်သားများ ပို့ပေးရန် တာဝန်ယူကြသည်။

http://mmteashop.com



နံနက်ခင်း အလယ်ပိုင်းတွင် မော်ဒေချိုင်းနှင့် ပင်ပန်းနေသော သူ့လူများမှာ အဘက်ဘက်မှ ဝိုင်း၍ အပစ်ခံနေရသည်။ အာရပ်နှစ်ထောင်နီးပါး ကတ်စတယ်ကို ဝိုင်း၍ ပစ်ခတ်ကြသည်။ အော်ဟစ်ကာ လက်နက်များ မြှောက်ချီရင်း အဖြူအနက်စင်း ခေါင်းဆောင်းများ မိုးပေါ် လွှင့်တင်ရင်း ရှေ့သို့ အရှိန်အဟုန်နှင့် ချီတက်ကြသည်။

နာဆစ် သယ်ဆောင်လာသည့် ကျည်ဆန်များကို အထုပ်များတွင် ထည့်ပြီး ကြိုးချည်ကာ ပြတင်းတစ်ခုမှ တစ်ခုသို့ လွှဲပစ်ပြီး ပို့ပေးကြသည်။ အိမ်ပြင်ဘက်သို့ မည်သူမျှ မထွက်ရဲကြ။ ဂါဇစ်ကိုယ်တိုင် ဒယီးဒယိုင်ဖြင့် အိမ်ထဲလျှောက်ကာ အိပ်ပျော်သွားသော သူ့လူများ၏ ခြေထောက်များကို ကန်ကာ နှိုးပြီး ပစ်နိုင်သမျှ အပစ်ခိုင်းသည်။ မနှိုးလျှင် အိပ်မောကျသွားတော့မည် သေချာသည်။ နောက်ဆုံးတွင် ပါလမက်တပ်ဖွဲ့က စစ်ကူပေးမည်ဟု ကတိပေးသွားသည့် တပ်မှူးသည် နေ့လယ်တစ်နာရီတွင် ရောက်လာသည်။

"တို့ ဘာလုပ်ရမလဲ" နောက်ရောက်လာသူ တပ်မှူးက မေးသည်။

ဂါဇစ်က အဖြေမပေးနိုင်မီ စစ်သားတစ်ယောက်က "အာရပ်တွေ ရောက်လာကြပြီ" ဟုပြောသည်။ မှန်သည်။ ကိုက်အနည်းငယ်ဝေးသည့် ရွာလူကြီးအိမ်ကို အာရပ်တို့ သိမ်းပိုက်ထားသည်။

"ခင်ဗျား ဘယ်လိုစိတ်ကူးသလဲ" ပါလမက်တပ်မှူးက ဂါဇစ်ကို မေးသည်။ "ကျွန်တော်တော့ ဒီ ကတုတ်မှာပဲ" ဟု ဂါဇစ်က အဖြေပေးသည်။ ဆုတ်လမ်းမှာ တစ်ခုတည်းသာ ရှိသည်။ မတ်စောက်သည့် တောင်စောင်းအတိုင်း အောက်သို့ ဆင်းပြေးရန်ပင် ဖြစ်သည်။ သူတပ်သားများကို အမြန်ဆုံးဆုတ်ရန် အမိန့်ပေးသည်။

တောင်စောင်းအတိုင်း အောင်ပွဲခံအာရပ်များ ကတ်စတယ်သို့ ဝင်လာကြသည်။ ရိုင်ဖယ်များ မြှောက်ကာ အော်ဟစ်ကြသည်။ ရွာလူကြီးအိမ်တွင် တစ်စုံတစ်ယောက် အာရပ်အလံတစ်ခု လွှင့်ထူသည်။ သုံးရက် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပြီးနောက် ကတ်စတယ်သည် အာရပ်ရွာ ပြန်ဖြစ်သွားသည်။

အလံလွှင့်ထူထားပြီး မကြာမီမှာပင် "အလ္လာအက္ကဘာ"ဟု အလ္လာဟူဘုရားအား တိုင်တည်သံ ကြားရသည်။ အောင်ပွဲရ အသံမဟုတ်၊ ကြေကွဲပူဆွေးသည့် တိုင်တည်သံဖြစ်သည်။ နာဒီဗိုင်အီက စ၍ကြွေးကြော်သည်။ သူသည် လူအုပ်ကြီးနှင့်အတူ ကတ်စတယ်သို့ ရောက်လာသည်။ တောင်ကုန်းထိပ်ရှိရွာသို့ တက်ရင်း အက်ဘဒူခါဒါဟတ်ဆေနီ၏ အလောင်းကို ကျောက်တုံးအိမ်လေးတစ်ခု၏ လှေကားခုံပေါ် တွင် တွေ့ရသည်။

အက်ဘဒူခါဒါ ဟတ်ဆေနီ၏ အလောင်းကို တွေ့သည်တွင် အာရပ်အောင်ပွဲသည် အသုဘရှုပွဲအသွင်သို့ ပြောင်းသွားသည်။ အာရပ်အားလုံး သွေးရူးသွေးတန်း အော်ဟစ်ကြသည်။ သူတို့ ခေါင်းဆောင်၏ မျက်နှာကို နမ်းရှုပ်ငိုကြွေးကြသည်။ တချို့က သူတို့ခေါင်းကို ရိုင်ဖယ်များဖြင့် ရိုက်ကာ ကြေကွဲမှုကို သက်သေထူကြသည်။

အက်ဘဒူခါဒါကို ထမ်းစင်တစ်ခုပေါ် သို့ အသာအယာ ပွေ့တင်သည်။ မျက်နှာကို ရေဖြင့်သစ်ပြီး အဝတ်များကို ဆန့်ထုတ်သည်။ ထို့နောက် တစ်လက်ပြီး တစ်လက်

http://mmteashop.com



ပြောင်းကာ တောင်အောက်သို့ သယ်ယူခဲ့ကြသည်။ သူတို့နောက်မှ မျက်ရည်တရွှဲရွှဲနှင့် ရွာသားများ လိုက်ပါလာကြပြီး "အလ္လာအက္ကဘာ. . . အလ္လာအက္ကဘာ"ဟု ဟစ်ကြွေး ကြသည်။

အသုဘ အခမ်းအနား တောင်အောက်သို့ ဝေ့ဝိုက်ဆင်းသွားသည်ကို ကြည့်ရင်း နှလုံးမသာမယာရှိသော သူနှင့် နှစ်ဆယ့်လေးနာရီအတူ ရှိနေသော ကျောင်းဆရာ အဘိုဂါဘီယေးသည် ဤသို့ တွေးမိသည်။ "သူ့လိုလူဟာ အစားထိုးလို့ မရဘူး၊ သူမှ တို့ခေါင်းဆောင်၊ တစ်ယောက်တည်းသော တို့ခေါင်းဆောင်၊ ယခု သူကွယ်လွန်သွားပြီ"

ဂျေရုဆလမ်ရှိ ဟာဂါနားထောက်လှမ်းရေးသို့ အက်ဘဒူခါဒါ၏ အလောင်းမှ အူဇီနာဆစ်ယူလာသည့် ဒရိုင်ဘာလိုင်စင်နှင့် ကုအာန်ကျမ်းစာအုပ်ငယ်လေးတို့သည် အချိန်နောက်ကျပြီး ရောက်သွားသည်။ သူတို့ခေါင်းဆောင် အက်ဘဒူခါဒါ၏ အလောင်း ကို ရှာနေသော အာရပ်တို့ သူ့ကို တိုက်ခိုက်လိမ့်မည်ဟု ဂါဇစ်အား သတိပေးချိန် မရ လိုက်ပေ။ သို့သော်လည်း ရှယ်လတီးယယ်၏ ထောက်လှမ်းရေး အရာရှိ ယစ်ဇက်လယ်ဗီ သည် ထိုသတင်းကို အကျိုးရှိစွာ အသုံးချနိုင်သည်။ ကတ်စတယ်ကို ပြန်လည်သိမ်းပိုက် မိကြောင်း သိရသည့် ဂျေရုဆလမ်မြို့မှ အာရပ်များသည် အောင်ပွဲတခြိမ့်ခြိမ့် ခံနေသည်။ ထိုနေ့ညနေ ငါးနာရီခွဲတွင် လယ်ဗီ၏ အမိန့်အရ ဟာဂါနား၏ အာရပ်ဘာသာဖြင့် အသံလွှင့်ရေဒီယိုက အက်ဘဒူခါဒါ သေဆုံးသွားကြောင်း ပထမဆုံး အသိပေးလိုက် သည်။ ချက်ချင်းပင် အောင်ပွဲများရပ်သွားပြီး တစ်မြို့လုံးသွေးလန့်ကာ ငြိမ်ကျသွားသည်။

ဒမတ်စကတ်တွင် အစည်းအဝေးကျင်းပနေစဉ် သူ၏အတော်ဆုံးလက်ထောက် သေဆုံးသည့်သတင်းကို ဟတ်ချ်အာမင်ဟတ်ဆေနီ ကြားရသည်။ ထိုင်ရာမှ သူ ထသည်။

"လူကြီးမင်းများခင်ဗျား၊ မြင့်မြတ်သည့်စစ်ပွဲ၏ အာဇာနည်သူရဲကောင်းဖြစ်သူ အက်ဘဒူခါဒါဟတ်ဆေနီအား သင်တို့ထံသို့ ကျွန်ုပ်ပေးအပ်သည်။ အလ္လာဟူဘုရား သခင်၏ ကျေးဇူးတော်ပေတည်း"ဟု သူ ပြောသည်။ ထိုစကားများကို နားထောင်နေသော အီမိုင်းဂိုရီက ထိုစကားများသည် "ပါလက်စတိုင်း ခုခံရေးစစ်ပွဲ အဆုံးသတ်သွားပြီ။ ထိုပုဂ္ဂိုလ်သည် ခေါင်းဆောင်သူရဲကောင်း ဖြစ်သည်ဟု ကျွန်တော်တို့ယုံကြည်သည်။ သူ သေဆုံးသွားသည့်အခါ အရာရာတို့ ပြိုကွဲသွားပြီဟု ကျွန်တော်ထင်မိသည်" ဟု ရည်ညွှန်း ကြောင်း ပြောဆိုသည်။

○○○

http://mmteashop.com



## အပိုင်း (၂၂)

## အေးချမ်းသော ဒေယာယက်ဆင်ရွာကလေး

ခရီးသွားအိတ်နှစ်ခုတွင် လူသေအလောင်း နှစ်ခုထည့်၍ သယ်ရသည်က ယခု လောက် လေးမည် မဟုတ်။ ထို အိတ်မျိုးနှစ်ခုကို ခွေးထွက်အောင် ဖရက်ဒီဖရက်ကင်း တစ်ခုပြီးတစ်ခု သယ်ယူခဲ့ရသည်။ ဖရက်ဒီဖရက်ကင်းသည် ပဲရစ်အရက်ဆိုင် တစ်ခုတွင် အိုးရှင်းထရိတ်လေကြောင်း၏ လေယာဉ်မှူးများနှင့် တွေ့ခဲ့သူ ဖြစ်သည်။ ယခု စစ်ပြန် တိုက်တော့မည်။ သူသည် ဘုရင့်လေတပ်မတော်မှ လေယာဉ်မှူးတစ်ယောက် ဖြစ်သည်။ ပဲရစ်မြို့အပြင်ဘက် တောက်ဆတ်-လီနိုဘယ် လေယာဉ်ကွင်း၏ လေယာဉ်ကလပ် တစ်ခု၏ လေယာဉ်ရုံထဲမှ လေယာဉ်တစ်စင်းကို သူ မောင်းမည်။ ထိုလေယာဉ်မှာ အင်ဆန်ဗုံးကြဲလေယာဉ်ဖြစ်ပြီး ထိုလေယာဉ်များဖြင့် စစ်အတွင်းက နာဇီဂျာမနီနိုင်ငံ ပေါ်သို့ အကြိမ်ပေါင်းများစွာ ပျံသန်းခဲ့ဖူးသည်။ အာအေအက်ဖ် အပေါင်းအသင်းဟောင်း တစ်ယောက်၏အကူအညီဖြင့် ဟာဂါနားလေတပ်အတွက် အင်ဆန်အမျိုးအစားလေယာဉ် လေးစင်းဝယ်ရန် ဖရက်ကင်း စီစဉ်ပေးခဲ့သည်။

ပါလာသည့် ခရီးသွားအိတ်ကို လေယာဉ်ပေါ်သို့ တင်ပြီး စက်ခန်းသို့ သူ ဝင်သည်။ သူ၏ပထမဆုံး ရပ်နားရမည့်စခန်းမှာ ရောမလေဆိပ် ဖြစ်သည်။ ယင်းတွင် သူ ဆောင်ရွက် ရမည့် တာဝန်များ၏ နောက်ဆုံးညွှန်ကြားချက်များ ရမည်။ စက်နှစ်လုံးပါ အင်ဆန် လေယာဉ်တွင် ဘာအမှတ်အသားမျှ မရှိ။ မရှိသေးသောနိုင်ငံတစ်ခုကို ကိုယ်စားပြုကာ အေဒရီယတစ် ပင်လယ်ပေါ် ပျံသန်းပြီး ပစ်မှတ်တစ်ခုကို ဗုံးကြဲဖျက်ဆီးရမည်။ ခရီးသွား အိတ် နှစ်ခုတွင် ပေါင်တစ်ရာ ဗုံးနှစ်လုံးပါသည်။ ဖိယွန်းမှ ဘီရွတ်သို့ မောင်းနှင်နေသော အက်စ်အက်စ်လိုင်နိုကို ဗုံးကြဲနှစ်မြှုပ်ရမည်။ လိုင်နိုပေါ်တွင် ဆီးရီးယားကပ္ပတိန် အက်ဘဒူ အဇစ်ကယ်ရိုင်း ပရတ်တွင် ဝယ်ခဲ့သည့် ချက်ရိုင်ဖယ်ခြောက်ထောင်နှင့် ကျည်ဆံရှစ်သန်း ပါသည်။

ဖရက်ကင်းသည် အေဒရီယတစ်ပင်လယ်ကို တစ်ပိုင်းပြီးတစ်ပိုင်း ပိုက်စိပ်တိုက် ပျံသန်းကာ လိုင်နိုကို ရှာသည်။ ဖိယွန်းတွင် ရှိနေသော အေးဟာက် အက်ဇရီယယ်၏ ထောက်လှမ်းရေးသမားများက လိုင်နို စထွက်သည့်နေ့၊ အချိန်၊ ဦးတည်ခုတ်မောင်းသည့်

http://mmteashop.com



လမ်းကြောင်းနှင့် အမြန်နှုန်းတို့ကို ဖရက်ကင်းအား ပေးထားသည်။ သို့တိုင်အောင် သင်္ဘောကို ရှာ၍မရ။ သုံးရက်လုံးလုံး ရှာပြီးနောက် မုန်တိုင်းထန်သဖြင့် ဖရက်ကင်းမှာ သူ့ အင်ဆန်ဖုံးကြလေယာဉ်ကို လေဆိပ်မှာ ဆိုက်ထားရသည်။

နောက်တစ်နေ့ မနက်တွင် ပျောက်ဆုံးသွားသော သူ၏ ပစ်မှတ်ကို အီတလီ သတင်းစာများ၏ ပထမမျက်နှာတွင် တွေ့ရသည်။ လိုင်နိုသည် ဘာရီ ဆိပ်ကမ်းမြို့မြောက်ဘက် မယ်လဖက်တာ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည်။ ထိုဆိပ်ကမ်းတွင် အီတလီ အကောက်ခွန် အရာရှိတစ်ယောက်က သင်္ဘောပေါ်တွင် ပါလာသည့် လျှို့ဝှက်ကုန်ပစ္စည်းကို တွေ့သွားသည်။ ထို့နောက် သတင်းစာများတွင် အီတလီ ဆိပ်ကမ်းတစ်ခုသို့ လက်နက်အပြည့် တင်ထားသော သင်္ဘောတစ်စင်း ဆိုက်ရောက်လာကြောင်း ရေးသားဖော်ပြကြသည်။ ထိုအချိန်တွင် အီတလီ၌ ရွေးကောက်ပွဲ ကျင်းပနေသည်။ အေးဟတ်အက်ဗရီယယ်၏ ရဲဘော်မတစ်ယောက်ဖြစ်သည့် အေဒါဆယ်ရေးနာသည် အာဏာရ ခရစ်ယာန် ဒီမိုကရက်ပါတီမှ မိတ်ဆွေတစ်ယောက်နှင့် ဆက်သွယ်မိသည်။ လိုင်နိုတွင် ပါလာသည့် လက်နက်များမှာ အစိုးရဆန့်ကျင်ရေးကို လှုံ့ဆော်နေသည့် အီတလီကွန်မြူနစ်ပါတီသို့ ပို့ပေးသော လက်နက်များ ဖြစ်နိုင်သည်ဟု အေဒါဆယ်ရေးနားက ဆိုသည်။ အစိုးရက သင်္ဘောကို ချက်ချင်းဖမ်းဆီးပြီး သင်္ဘောသားများကိုဖမ်းကာ သင်္ဘောကို ဘာရီ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစေသည်။ အမှုကို မစစ်သေးဘဲ ဆိုင်းထားပြီး သင်္ဘောကို စစ်တပ်က စောင့်ရှောက်ထားသည်။

ဤတွင် ဟာဂါနားအဖွဲ့ သင်္ဘောကိုဖျက်ဆီးရန် အခွင့်အရေးတစ်ခုရသည်။ ဂျူးအဖွဲ့အစည်း၏ အရဲဝံ့ဆုံး မွန်ယာမာဒေါ်အား ဖျက်ဆီးရေးတာဝန်ပေးသည်။ မာဒေါ်သည် မိုင်းဗုံးကျွမ်းကျင်သူနှစ်ယောက်၊ ရေငုပ်သမားနှစ်ယောက်၊ ရေဒီယိုအော်ပရေတာတစ်ယောက်နှင့် ဒရိုင်ဘာတစ်ယောက်တို့ကိုခေါ်ကာ ဘာရီသို့ အမြန်သွားသည်။ သူတို့ကားမှာ ဂျီအမ်စီကားဖြစ်ပြီး အမေရိကန်စစ်ကားအဖြစ် အယောင်ဆောင်ထားသည်။ မိုင်းဗုံးများတွင် ဆီတိုင်ကီအပိုထည့်ပြီး အပေါ်က ဒီဒီတီဟု စာရေးထားသည်။

လိုင်နိုရှိရာသို့ ကုန်းလမ်းမှသွားရန် မလွယ်ကူ။ ပင်လယ်လမ်းမှ ညအခါသွားရမည်။ ပထမတစ်ကြိမ်တွင် အီတလီ အစောင့်တပ်သားများ သိသွားသဖြင့် ထွက်ပြေးခဲ့ရသည်။ ဧပြီ (၉)ရက်ည သန်းခေါင်တွင် ဒုတိယအကြိမ် ကြိုးစားသည်။

မိုင်းဗုံးကျွမ်းကျင်သူက ဗုံးကို သူ့ရင်ဘတ်မှာ တင်းတင်းချည်ထားပြီး ရေငုပ်သမားများက လှေကိုလှော်သည်။ မိုင်းဗုံးမှာ တီအင်တီယမ်းများ ထည့်ထားသည့် မော်တော်ဆိုင်ကယ်ဘီး ဖြစ်သည်။ စနက်တံသုံးခုကို လိင်တံစွပ်ရာဘာအိတ်များတွင် ထည့်ထားသည်။ ရိုမန်ကက်သလစ်တို့၏ အီတလီတွင် လိင်တံစွပ်ရာဘာအိတ်များမှာ တီအင်တီယမ်းဘီလူးလိုပင် အရှာရခက်သည်။ စနက်တံတစ်ခုတွင် ပိုတက်ဆီယမ်မှုန့်များ ထည့်ထားပြီး သတင်းစာစက္ကူဖြင့် ဆို့ထားသည်။ မော်တော်ဆိုင်ကယ်တိုင်ယာကို သင်္ဘော

http://mmteashop.com



ကိုယ်ထည်တွင်ကပ်ပြီး ဆာလဖျူရစ်အက်ဆစ် ပုလင်းခေါင်းကို ချိုးဖွင့်ပြီး ဗုံးထိပ်မှာ ထည့်မည်။ မာဒေါ်က အက်ဆစ်နှင့်ပိုတက်ဆီယမ်အကြားရှိသည့် သတင်းစာစက္ကူအဆို့၏ အလျားကို အသေအချာ တွက်ချက်ပြီး ဖြစ်သည်။ အက်ဆစ်က သတင်းစာစက္ကူကို လောင်စားနေစဉ် သူတို့ ထွက်ပြေးချိန်ရသည်။ အဆို့စက္ကူလုပ်ရန် ရောမထုတ် ဒေးလီး အမေရိကန်သတင်းစာကို ရွေးသည်။ ထိုသတင်းစာသည် ဇီယွန်ဝါဒီတို့ကို မထောက်ခံသူများ ဖြစ်သည်။

ညသည် တိတ်ဆိတ်လျက်။ လှေကလေးသည် စစ်တပ်ဆိပ်ကမ်းသို့ ခိုးဝင်သည်။ သင်္ဘောဦးပိုင်းကို ရေးရေးမြင်ရသည်။ အစောင့်များ၏ခြေသံကို ဖောက်ခွဲရေးသမားသုံးယောက် ကြားရသည်။ ရေငုပ်သမားများ သင်္ဘောဆီသို့ ကူးသွားကြသည်။ သင်္ဘော၏ ရေအောက်ပိုင်းကိုယ်ထည်မှာ ဗုံးကိုကပ်သည်။ ထို့နောက် ပြန်ကူးလာပြီး မာဒေါ်စောင့်နေသည့် ထရပ်ကားသို့ သွားကြသည်။ ခဏကြာလျှင် သူတို့ ရောမသို့ မောင်းသွားကြသည်။

မနက် လေးနာရီသာသာတွင် ပြင်းထန်သော ပေါက်ကွဲမှုကြောင့် ဆိပ်ကမ်းတစ်ခုလုံး တုန်ခါသွားသည်။ လိုင်နီတွင် အပေါက်ကြီးဖြစ်ကာ ရေဝင်သည်။ ဖြည်းဖြည်းချင်းပင် သင်္ဘောသည် ဘာရီဆိပ်ကမ်းရေအောက်သို့ မြုပ်သွားသည်။ သင်္ဘောနှင့်အတူ ကပ္ပတိန် အက်ဘဒူအဇစ်ကယ်ရိုင်း ဝယ်ခဲ့သည့် ရိုင်ဖယ်ခြောက်ထောင်နှင့် ကျည်ဆန်ရှစ်သန်း ရေအောက်သို့ ရောက်သွားသည်။

အက်ဘဒူခါဒါဟတ်ဆေနီ၏ အသုဘကို သွားကြသည့် အာရပ်များ ကတ်စတယ်သို့ ရောက်လာကြသည်။ သူ့ အလောင်းကို ရှာကြသည်။ မတွေ့ရလျှင် ဂျေရုဆလမ်သို့ ပြန်လာကြသည်။ ကတ်စတယ်ရွာမှာ လူသူမရှိသည့်နေရာ ဖြစ်လာ သည်။

ကျောင်းဆရာလေး အဘိုဂါဘီယေး ခေါင်းဆောင်သည့် လူလေးဆယ်လောက်သည် ကတ်စတယ်တွင် ကျန်ရစ်ခဲ့သည်။ "ဝင်တိုက်တော့ စည်းကမ်းမရှိဘူး၊ စနစ်မကျဘူး၊ တိုက်ပွဲအောင်တော့ ပိုဆိုးသေးတယ်"ဟု အန်နဝါနတ်ဆေဘီအား ဂါဘီယေး တိုင်တည်သည်။ နတ်ဆေဘီက တပ်များလွှတ်ပြီး သူ့ကို အနားပေးမည်။ ရိက္ခာများလည်း ချက်ချင်းပို့ပေးမည်ဟု ကတိပေးသည်။ အန်နဝါနတ်ဆေဘီမှာ ခွဲခြမ်းရေး ဆန္ဒမဲပေးသည့်ညက ပါလက်စတိုင်း ရေဒီယိုမှ အသံလွှင့်ရန် အာရပ်ဘာသာသို့ ပြန်ဆိုပေးသူ ဟာဇင်နတ်ဆေဘီ၏အစ်ကို ဖြစ်သည်။

နက်ချရှုန်စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲရမည်ဆိုလျှင် ကတ်စတယ်ကို မိမိဘို့လက် ပြန်သိမ်းရန်လိုသည်ဟု ဟာဂါနား ယူဆသည်။ ညသန်းခေါင်ကျော်လျှင် လူငယ်အရာရှိ ဒေးဗစ် ဒါဒို အီလဇာခေါင်းဆောင်သည့် ပါလမက်တပ်ခွဲနှစ်ခုသည် ကတ်စဘယ်ကို တိုက်ရန် ချီတက်လာသည်။ တိုက်ရန်ပြင်ဆင်နေသည်ကို အဘိုဂါဘီယေး မြင်သည်။ ရွာကိုသိမ်းထားရန် မတတ်နိုင်။ ရန်သူကိုလည်း ခံ၍မတိုက်နိုင်။ သူ့မှာ အင်အား

http://mmteashop.com



မရှိ။ မလိုအပ်ဘဲ အကျအဆုံးများမည်ကို ရှောင်ရန် ရှာကိုစွန့်လွှတ်မည် ဆုံးဖြတ်သည်။ ဤသို့ဖြင့် ဟာဂါနားအဖွဲ့သည် ကတ်စတယ်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ကာနယ် ဖိုအက်မာဒမ်သည် လည်ချောင်းထဲတွင် တစ်နေသော ဆိတ်သားခဘတ်ကို မျှောချရန် ရေခဲရေတစ်ခွက် သောက်သည်။ ထို့နောက် ရေဒီယိုကိုဖွင့်၍ နားထောင်သည်။ မည်သူပိုင်သည်ဟု မဖော်ပြသည့် လက်နက်အပြည့်ပါ သင်္ဘောတစ်စင်း ဘာရီတွင်ပေါက်ကွဲကာ နစ်မြုပ်သွားသည်ဟူ၍ ဒမတ်စကတ်နေ့လယ်သတင်းက ကြေညာသည်။ နာရီအနည်းငယ်ကြာလျှင် ဆီးရီးယား စစ်ထောက်ချုပ်ဗိုလ်ချုပ်ကြီး၏ နေ့လယ်စာစားပွဲကို သံကြိုးသတင်းတစ်ခုက အတည်ပြုချက် ပေးသဖြင့် အစားပျက်သွားသည်။ ကပ္ပတိန်အက်ဘဒူအဇစ်ကယ်ရိုင်းအား ပရတ်သို့ လက်နက်ဝယ်ရန် သူလွှတ်လိုက်သည်။ ယခု ရိုင်ဖယ်များ ဘာရီဆိပ်ကမ်းတွင် နုန်းထဲမြုပ်သွားပြီ။

အခြေအနေဆိုးသဖြင့် မာဒမ်ကိုယ်တိုင် အီတလီသို့ လိုက်သွားပြီး သင်္ဘောထဲမှ ရိုင်ဖယ်များကို ဆယ်ယူကာ နောက်ထပ်သင်္ဘောတစ်စင်းဖြင့် အရှေ့ဘက်သို့ ပို့ရန် စီစဉ်သည်။ နောက် ရက်အနည်းငယ်ကြာလျှင် ရေထဲမှ ဆယ်ယူခဲ့သည့်သင်္ဘော ရေပေါ်သို့ ပေါ်လာသည်ကို မာဒမ် စောင့်ကြည့်သည်။ ရနိုင်သမျှ လက်နက်များကို သယ်ယူသည်။ ကျည်ဆန်ရှစ်သန်းမှာ လုံးလုံးဆုံးရှုံးသည်။ ရိုင်ဖယ်များ ဘာရီသင်္ဘောကျင်းမှာ စုပုံနေသည်။ များစွာတို့ကို သံချေးဖျက်ဆေးဖြင့် တိုက်ချွတ်၍ အကောင်းဖြစ်အောင် ပြုလုပ်ရသည်။ ရောမမှ မာဒမ်ပြန်လာခဲ့ပြီး ရိုင်ဖယ်များ သယ်ယူရန် သင်္ဘောတစ်စင်း ရှာသည်။

အက်စ်အက်စ်လိုင်နိုနစ်မြုပ်သည့် သတင်းကြားရလျှင် အာရပ်လက်နက်ဝယ်သူများနှင့် လက်နက်ကုန်သည်များ အလုပ်ရှုပ်လာကြသည်။ ကမ္ဘာ့လက်နက်ကုန်သည်များ ဘီရွတ်နှင့် ဒမတ်စကတ်ဝန်ကြီးရုံးများသို့ ဝင်ထွက်လှုပ်ရှားကြသည်။ ချက်ကုန်သည်တစ်ယောက် ရိုင်ဖယ်ခြောက်ထောင်နှင့် ကျည်ဆန်ငါးသန်းကို သံလွင်ဆီနှင့် လဲမည်ဟုဆိုသည်။ စပိန်လက်နက်ကုန်သည်တစ်ယောက်က မော်ဇာနှစ်သောင်းနှင့် ကျည်ဆန်သန်းနှစ်ဆယ်ရောင်းရန်ရှိသည်ဟု ဆိုသည်။ အီတလီကုန်သည်ကမူ ၈၁ မီလီမီတာ မော်တာလေးရာနှင့် မော်တာကျည်ဆန် (၁၈၀, ၀၀၀)ပေးသွင်းနိုင်သည်ဟု ဆိုသည်။ ဆွစ်တစ်ယောက်က သံချပ်ကာကားပစ် အမြောက်များ ရောင်းချင်သည်။ ဟမ်းဘတ်ကုန်သည်တစ်ယောက်ကမူ ဟစ်တလာကိုယ်ပိုင် ဇိမ်ခံသင်္ဘောနှင့် စစ်လက်ကျန် ရေငုပ်သင်္ဘောတပ်ဖွဲ့တစ်ခု ရနိုင်မည်ဟုဆိုသည်။ တစ်ခါတစ်ရံ သူတို့ရောင်းမည့် လက်နက်များမှာ တကယ်ရှိသည်။ တစ်ခါတစ်ရံတွင်မူ ရောင်းချင်သူတို့၏ စိတ်ကူးထဲမှာသာ ရှိသည်။

“ဂီယူဆက် ဒိုရီယာ”ဟုခေါ်သော အီတလီကုန်သည်တစ်ယောက်ကမူ လိုချင်တာမှန်သမျှ တကယ်ရောင်းနိုင်သူ ဖြစ်သည်။ သူရောင်းခဲ့သည့် လက်နက်များကြောင့် နှစ်ပေါင်းနှစ်ဆယ်လုံးလုံး အီသီယိုပီးယား၊ စပိန်၊ ဂရိနှင့် တရုတ်တို့တွင် တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ ဒိုရီယာတွင် တပ်မတော်တစ်ခုလုံး ဖွဲ့စည်းနိုင်သည်အထိ ရောင်းရန် လက်နက်မျိုးစုံရှိသည်ဟု ဆိုသည်။ ထိုလက်နက်တို့ကို ကမ္ဘာပေါ်ရှိ မည်သည့်နေရာသို့

http://mmteashop.com



မဆို ပို့ပေးနိုင်သည်။ တန်ချိန်သုံးရာရှိသည့် အမြန်သင်္ဘောသုံးစင်း သူ့ကိုယ်ပိုင်ရှိသည်ဟု ဆိုသည်။ ဒိုရီယာထံမှ လက်နက်ဝယ်လျှင် လက်ငင်း ငွေအပြည့်ချေရမည်။ ဒေါ်လာနှင့် လက်ခံသည်။ ကျည်ဆန်တစ်တောင့် မရောင်းမီ ဆွစ်ဘဏ်သို့ သူ့ဘဏ်စာရင်း နံပါတ်ဖြင့် ပေးသွင်းနိုင်သည်ဟူသော သဘောတူညီချက်တစ်ခုကို လိုက်နာရမည်။

ဒုတိယကမ္ဘာစစ်တွင် ပြောင်မြောက်အောင်တိုက်ခဲ့သည့် တပ်မှူးဒူရောက်၏ စိတ်ကူးကို မည်သူမျှမမီ။ ဒူရောက်သည် ပောလီဆယ်လက်ဆီ၏ လေတပ်တွင် လေ့ကျင့်ရေးမှူးအဖြစ် အမှုထမ်းခဲ့ဖူးသည်။ ဒမတ်စကတ် ကာကွယ်ရေးဝန်ကြီးဌာနသို့ မော့စကွိတို ဗုံးကြဲတိုက်လေယာဉ်ခြောက်စင်း ရောင်းမည်။ လေယာဉ်မှူး အပြည့်အစုံပါမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်း မည်သည့် လေဆိပ်သို့မဆို ပို့ပေးရန် အသင့်ရှိသည်ဟုဆိုသည်။ ထို့ပြင် သူ့တွင် လေကြောင်းပို့ဆောင်ရေးကုမ္ပဏီတစ်ခု ထောင်ထားသည်။ (စီ-၄၆) ခြောက်စီး ရှိပြီးဖြစ်သည်။ တစ်ပတ်လျှင် လက်နက်တန်ချိန်ငါးဆယ် တင်ပို့ပေးနိုင်သည်ဟု ဆိုသည်။ သူ့လေယာဉ်များမှာ တကယ်မရှိ။ သို့သော်လည်း ငွေအမြောက်အမြား လက်ငင်းပေးချေရမည်ဟု သူ တောင်းဆိုသည်။

လက်နက်လိုက်လံဝယ်ယူသူ အာရပ်တို့မှာ စိတ်ကူးဉာဏ်အလွန်ကောင်းသည်။ လက်ဘနွန်မှ ရိယတ်ဆိုးထံသို့ သူ့ရဲဘော်တစ်ယောက်က လျှို့ဝှက်အစီရင်ခံစာတစ်ခု ပေးပို့သည်။ လက်ဘနွန်တွင် လေတပ်တစ်ခု တည်ဆောက်ရန် အကြံဉာဏ်ပေးခြင်းဖြစ်သည်။ သူရဲကောင်းတံဆိပ်ရ လေယာဉ်မှူးများစွာ စုဆောင်းပါ။ သူတို့ကို ပါလက်စတိုင်းသို့ စေလွှတ်ပြီး ဂျူးလေယာဉ်ပျံများကို အပိုင်စီးကာ ဘီရွတ်သို့ မောင်းယူရန် အမိန့်ပေးပါဟု ထိုစာက ဆိုသည်။

အာရပ်များနည်းတူ ပြောင်ပြောင်တင်းတင်း လက်နက်များ မဝယ်နိုင်သော်လည်း ဒေးဗစ်ဘင်ဂူရီယန်၏ လက်နက်ဝယ်သူများမှာလည်း အောင်မြင်မှုများစွာ ရှိသည်။ ရောမမြို့ဘူတာကြီးအနီး ဟိုတယ်တစ်ခုတွင်လည်းကောင်း၊ ပနားမားစီးတီးလေဆိပ် လေယာဉ်ရုံထဲတွင်လည်းကောင်း လေယာဉ်မှူးတစ်ရာခန့်သည် အမိန့်ကို စောင့်နေကြသည်။ သူတို့တွင် စိတ်ကူးယဉ်သူများ၊ ဇီယွန်ဝါဒီများ၊ ကြေးစားများ၊ စွန့်စားသူများ၊ ဂျူးနှင့် ဂျူးမဟုတ်သူများ ပါဝင်သည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပ၊ တောင်အာဖရိကနှင့် အာရှတို့မှ ရောက်လာကြသူများ ဖြစ်သည်။ သူတို့အထဲတွင် ဒတ်ချ်သန်းကြွယ်သူဌေး၊ အိန္ဒိယလေတပ်တွင် အမှုထမ်းခဲ့သူ ပါရှားတစ်ယောက်၊ တပ်နီမှ ထွက်ပြေးလာသူ တစ်ယောက်၊ တီဒဗလျူ ကပ္ပတိန်၊ သတင်းစာဆရာတစ်ယောက်၊ နွားနို့ရောင်းသူတစ်ယောက်၊ မီးသတ်သမားတစ်ယောက်နှင့် ဘရွတ်ကလင်ပုလိပ်တစ်ယောက်တို့ပင် ပါဝင်သည်။ သူတို့ကား အခြေခံနှစ်ခုတွင် တူညီကြသူများ ဖြစ်သည်။ ဂျူးနိုင်ငံတစ်ခု ဖြစ်ပေါ်လာစေချင်သည့် ဆန္ဒရှိသည်။ ပြီးတော့ ဒုတိယကမ္ဘာစစ်အတွင်း ပျံသန်းချိန် နာရီပေါင်း ထောင်ပေါင်းများစွာ အတွေ့အကြုံရှိသူများ ဖြစ်သည်။

http://mmteashop.com



လေယာဉ်မှူးများ လူမျိုးစုံဖြစ်သလို သူတို့မောင်းနိုင်သည့် လေယာဉ်မှာလည်း အမျိုးပေါင်းစုံလင်သည်။ ပနားမားစီးတီးလေဆိပ်တွင် ကွန်စတယ်လေးရှင်း အသစ်တစ်စင်းနှင့် စစ်လက်ကျန် (စီ-၄၆)ဆယ်စင်း ရှိသည်။ ကာလီဖိုးနီးယား၊ နယူးဂျာစီနှင့် ဖလော်ရီဒါလေဆိပ်များတွင် ကွန်စတယ်လေးရှင်းနှစ်စင်း၊ မတ်စတန်းငါးစင်းနှင့် ဖလိုင်းယင်းဖို့ထရက် သုံးစင်း အသင့်ရှိနေသည်။ အက်ဖ်ဘီအိုင်ကို မျက်ခြည်ဖြတ်ပြီး ဥရောပသို့ မောင်းပြေးရန် အသင့်ရှိနေသည်။

ဥရောပတိုက်ရှိ လေဆိပ်များတွင် ဂျာမနီရှိ အမေရိကန်သတ္တုဟောင်း ရောင်းသူတစ်ယောက်ထံမှ ဝယ်ထားသည့် နေ့စ်မင်းသယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်ဆယ့်ငါးစင်းဝှက်ထားသည်။ ရုပ်ရှင်ကုမ္ပဏီ အတုတစ်ခုက ရုပ်ရှင်ရိုက်ရာတွင် အသုံးပြုရန် ဗြိတိန်မှ ငှားရမ်းလာသည့် ဗျူးဖိုက်တာလေးစီးမှာ ကော်စီကာကျွန်း အေဂျက်စီယိုအနီး လေဆိပ်တစ်ခု၌ ရှိနေသည်။

လိုအပ်မည်ထင်၍ ဒေးဗစ်ဘင်ဂူရီယန်ဝယ်ထားသည့် လေယာဉ်ပျံများ ရှိသေးသည်။ သူ၏ မိတ်ဆွေများအား မက်ဆာရှမစ်ဆယ်စီး အမှာစာအတွက် အေးဟတ်အက်ဗရီယယ်အား ဒေါ်လာလေးသိန်း ပေးချေခိုင်းသည်။ နောက်ထပ် ထိုလေယာဉ်ဆယ့်ငါးစင်း မှာထားသေးသည်။

ဒေးဗစ်ဘင်ဂူရီယန်၏ သံတမန်များသည် တပ်မတော်အတွက် သံချပ်ကာ ကားများ၏အမြောက်များ ဝယ်ကြသည်။ လမ်းကြိတ်စက်ထဲတွင် ပိုလန်ရိုင်ဖယ်များထည့်၍ ပထမဆုံး ဟာဂါနာ့သို့ပို့သူ ယေဟူဒါအရာဇီမှာ စိတ်ကူးကောင်းပြီး အောင်မြင်မှု များစွာရသူ ဖြစ်သည်။ လက်နက်ဝယ်ယူရေးလုပ်ငန်း လွယ်ကူစေရန် သူကိုယ်သူ နီကာ ရေဂွာ၏ အထူးသံအမတ်အဖြစ် ဥရောပနိုင်ငံများသို့ ခန့်လိုက်သည်။ နိုင်ငံကူးလက်မှတ် အတုလုပ်ရန် ဒေါ်လာနှစ်သိန်း ကုန်ကျသည်။ လာဘ်ပေးရသည်လည်း ရှိသည်။ သူသည် နီကာရေဂွာ တပ်မတော်အတွက် ဥရောပမှ လက်နက်များ ဝယ်ယူမည်။ ယင်းမှာ သံတမန်လောကတွင် အရာဇီ၏ပထမစွန့်စားခန်း မဟုတ်သေး။ အီတလီတွင် ပုံနှိပ်သူ တစ်ယောက်နှင့်ပူးပေါင်းကာ သူ့လူများအတွက် ကုလသမဂ္ဂ နိုင်ငံကူးလက်မှတ်များ လုပ်ခိုင်းသည်။

နိုင်ငံကူးလက်မှတ် အတုများမှာ အလွန်သေသပ်သည်။ ကုလသမဂ္ဂမှ သံတမန်အစစ်များ အီတလီသို့ ရောက်လာသည့်အခါ အီတလီပုလိပ်က နိုင်ငံကူးလက်မှတ်အတုဖြင့် ခရီးသွားသည်ဆိုကာ အားလုံးကို ဖမ်းဆီးလိုက်သည်။ နီကာရေဂွာ သံအမတ်ကြီး၏ ပထမဆုံးလက်နက်ဝယ်ယူသည့် စာရင်းတွင် (၂၀)မီလီမီတာ ဟစ်စပါနိုဆူအီဇာ လေယာဉ်ပစ် အမြောက်ငါးခုနှင့် အမြောက်ကျည်ဆန် တစ်သောင်းငါးထောင်တို့ ပါဝင်သည်။ ယင်းတို့ကို တယ်အဗစ်သို့ သင်္ဘောဖြင့် တင်ပို့ရန် အသင့်ရှိနေသည်။

နယူးယောက်နှင့် လော့စ်အိန်ဂျလိမှ ထွက်မည့် အခြားသင်္ဘောများတွင် ပါလက်စတိုင်းရှိ ဂျူးတို့အတွက် ပစ္စည်းများတင်ပို့ရန် အသင့်ရှိနေသည်။ အမေရိကအရှေ့ဖျားမှ အနောက်ဖျားအတွင်းရှိ လိုလားသူများက ပို့သည့်ပစ္စည်းများ ဖြစ်သည်။ ပါလက်စတိုင်း

http://mmteashop.com



အတွက် ပစ္စည်းများတွင် လက်နက်နှင့်ကျည်ဆန်များမှအပ အစုံအလင် ပါဝင်သည်။ အမေရိကန်ပြည်ထောင်စု ပြည်နယ်အသီးသီးရှိ ဇီယွန်အဖွဲ့အစည်းများက ကူညီကြသည့် ပစ္စည်းများ ဖြစ်သည်။

ဝစ်စကွန်ဆင် သဲအိတ် (၃၅၀,၀၀၀)အိုဟိုင်းအိုးကမီးကျည် (၉၂၀,၀၀)နယူးဂျာဆီက သံခမောက် (၂၅,၀၀၀) ချီကါကိုက သံဆူးကြိုးတန်ချိန်တစ်ရာနှင့် ကာကီဆိုးဆေး ဆယ်တန်တို့ ကူညီကြသည်။ ဆန်ဖရန်စစ္စကိုကမူ ဇာခြင်ထောင်များ၊ မီနီယာပိုလစ်က မိုင်းရှာကိရိယာ ခြောက်ရာတို့ ပေးပို့သည်။ နယူးအော်လင်းကမူ ဆားများနှင့်ပင်နီစလင် ဆေးများပို့ပေးသည်။ နော်ဖော့ဗာဂျီးနီးယားကမူ စစ်သင်္ဘောအဟောင်းနှစ်စင်းနှင့် ရေခဲခွဲသင်္ဘောတစ်စင်းတို့ ကူညီသည်။

ပေးပို့သည့် ပစ္စည်းများမှာ အသုံးတည့်မည်ဖြစ်ပြီး အားရစရာကောင်းသည်။ သို့သော်လည်း ပါလက်စတိုင်းမြေပေါ် ရောက်မှ တန်ဖိုးရှိမည်ဟု ဒေးဗစ်ဘင်ဂူရီယန် သိသည်။ ဗြိတိသျှထိန်းသိမ်းမှုသက်တမ်း ကုန်ဆုံးတော့မည့်အချိန်တွင် ဗြိတိသျှတပ်များ သည် ပါလက်စတိုင်းကမ်းခြေကို မပြတ်မလပ် စောင့်ကြပ်နေသည်။ ဗြိတိသျှထိန်းသိမ်းမှု ကုန်ဆုံးချိန်နှင့် အာရပ်ကျူးကျော်မှုကို တိုက်ခိုက်ရန် လက်နက်များ ရောက်လာမည့် အချိန်တို့အကြား အချိန်များများ ရဖို့လိုသည်။ စစ်ပွဲအနိုင်အရှုံးကို ထိုတန်ဖိုးရှိသော အချိန်ပိုင်း မည်မျှရှိသည် မရှိသည်က အဆုံးအဖြတ်ပေးမည်ဟု ဒေးဗစ်ဘင်ဂူရီယန် သဘောပေါက်သည်။

လူလတ်ပိုင်း ပန်းရန်ဆရာ အာမက်အေးအစ်သည် သူ့မိန်းမကို အိပ်ပျော်နေရာမှ နှိုးသည်။ အိမ်နီးချင်းတို့အားလည်း နှိုးသည်။ မနက်လေးနာရီ ရှိနေပြီ။ ထိုအချိန်တွင် သူ့မိန်းမနှင့် တခြားအိမ်နီးချင်း လေးငါးခြောက်ယောက်သည် ရွာလူကြီး အိမ်ဘေးတွင် ရှိသည့် ဘုံမုန့်ဖိုသို့ ပေါင်မုန့်ဖုတ်ရန် သွားကြသည်။ အရဏ်တက်ချိန်တိုင်း ရွာသူအမျိုး သမီးတစ်သိုက် ဆောင်ရွက်နေကျအလုပ် ဖြစ်သည်။ ဧပြီလ တစ်နေ့တွင်မူ နာရီအနည်း ငယ်အတွင်း သူတို့တစ်တွေ အသက်ဆုံးရှုံးကြရသည်။

အေးအစ်သည် မော်ဇာသေနတ်အိုကြီးကိုလွယ်ကာ ရွာအဝင်ရှိ ကင်းတဲသို့ ပြန် လာသည်။ လောလောဆယ် ဘေးရန်မရှိသော်လည်း အာရပ်တို့၏ အလေ့အထ တစ်ခု အဖြစ် ကင်းစောင့်ကြသည်။ ယခုညတွင် အေးအစ်သည် အခြားပန်းရန်ဆရာ နှစ်ယောက်၊ ကျောက်ခဲသမားသုံးယောက်၊ ထရပ်ကား ဒရိုင်ဘာတစ်ယောက်တို့နှင့်အတူ အလှည့်ကျ ကင်းစောင့်သည်။ ညမှာ တိတ်ဆိတ်သည်။ ကတ်စတယ်ရွာဝန်းကျင်မှ သေနတ်သံ သဲ့သဲ့ နှင့် တယ်အဗစ်မှ ဂျေရုဆလမ်သို့ သွားသည့် လမ်းမကြီးဆီမှ သေနတ်သံ သဲ့သဲ့တို့ကို ကြားရသည်။ ဂျေရုဆလမ်၏ အနောက်ဘက်တွင် ကျောက်တောင်စောင်း၌ သူတို့၏ အေးချမ်းသော ရွာကလေး တည်ရှိသည်။ အေးချမ်းလွန်းရကား ဟာဂါနားတပ်မှူး ဒေးဗစ် ရှယ်လတီးယယ်က သူ့မှတ်တမ်းတွင် "ဆူပူမှုများ စကတည်းက အေးချမ်းနေသည့်

http://mmteashop.com



ရွာကလေး ဖြစ်သည်။ ဂျူးများ တိုက်ခိုက်သည့် နေရာစာရင်းထဲတွင် မပါ။ ပြင်ပမှ သူစိမ်းများ တစ်လက်မမျှ အကျူးကျော်မခံသည့်နေရာ"ဟု ရေးမှတ်ခဲ့သည်။

(၁၉၄၈)၊ ဧပြီလ (၉)ရက် သောကြာနေ့အထိကား အေးအစ်နှင့် သူ့အဖော်များသည် ယုန်လိုက်သည့်အခါနှင့် အနီးအနားရွာများမှ ပွဲလမ်းနေ့များတွင်သာ မော်ဇာ သေနတ်အိုကြီးများနှင့် တူရကီရိုင်ဖယ်များကို ပစ်ကြသည်။ နောက်ဆုံး သေနတ်သံများ ဆူညံစွာ ကြားရသည့်နေ့မှာ လွန်ခဲ့သည့်နှစ် ဆယ့်နှစ်ရက်က ဖြစ်သည်။ ဒေယာယက်ဆင်ရွာကလေးသို့ ရောက်လာသူ သတို့သမီးအေလီယာဒါဝစ်အား ကြိုဆိုသည့်နေ့တွင် သူတို့ မိုးပေါ်သို့ သေနတ်များ ထောင်ပစ်ကြသည်။ ကင်းစောင့်သူ ခုနစ်ယောက်သည် အေးဆေးတည်ငြိမ်စွာပင် အရဏ်တက်ချိန်ကို စောင့်ကြည့်နေကြသည်။

တစ်ရွာလုံး အိပ်မောကျနေသည်။ ဒေယာယက်ဆင်မှ ပြင်ပသို့ သွားရောက် အလုပ်လုပ်သူများသည် မွတ်စလင် ဥပုသ်ရက်တွင် ရွာသို့ ပြန်လာကြသည်။ အာမက် ခါလီသည် အယ်လင်ဘီတပ်တန်းလျားတွင် အလုပ်လုပ်သူ ဖြစ်သည်။ သူ့ညီဟာက်ဆန်မှာ ဘုရင်ဒေးဗစ်ဟိုတယ်တွင် အစောင့် ဖြစ်သည်။ ဗြိတိသျှများ ပြန်ကြတော့မည်ဖြစ်သဖြင့် အလုပ်မရှိတော့ဘဲ သူတို့နှစ်ယောက် ရွာသို့ ပြန်လာကြသည်။ ဂျေရုဆလမ်မြို့မှ အီဘရာဟင်ယေးကျောင်းမှာ စာစောပိတ်သဖြင့် မိုဟာမက်ဂျေလိုတား ကျောင်းသားလေးများ ပြန်ရောက်လာကြသည်။ ထိုညက မမျှော်လင့်သည့် ဧည့်သည်တစ်ယောက် ဒေယာယက်ဆင်သို့ ရောက်လာသည်။ သူကား ရွာ၏ မိန်းကလေးကျောင်းမှ ဆရာမ ဟာယတ်ဟာလီဘီ ဖြစ်သည်။ သူစီးနေကျ နံပါတ် (၃၈)ဂျေရုဆလမ်သို့ အပြန် ကားချုံခိုတိုက်ခိုက်ခံရသဖြင့် ဆရာမမှာ ရွာတွင် ထိုညက သောင်တင်နေခြင်း ဖြစ်သည်။

ရိုင်ဖယ်သေနတ်သံကြောင့် အိပ်ရာမှ လန့်နိုးကြသည်။ ထို့နောက် "အာမက် ရေ. . . . ဂျူးတွေ လာနေပြီ" ဆိုသော အော်သံတစ်ခု ကြားရသည်။ ကင်းတဲမှနေ၍ တောင်ကြားစမ်းချောင်းဆီမှ တက်လာသော လူများ၏ အရိပ်များကို ပန်းရန်ဆရာ မြင်ရသည်။ ရုတ်တရက်ချက်ချင်းပင် ရိုင်ဖယ်ပစ်သံများ ရွာပတ်လည်မှ ပေါ်ထွက်လာသည်။ အချိန်မှာ မနက်လေးနာရီ ဖြစ်သည်။ အေးချမ်းသော ဒေယာယက်ဆင် ရွာကလေး၏ ငြိမ်းချမ်းမှု ထာဝရ အဆုံးသတ်သွားလေပြီ၊

သုံးဘက်သုံးတန်မှ အိုင်ယာဂန်အဖွဲ့နှင့် စတန်းဂိုဏ်းတို့မှ ကွန်မန်ဒိုများ ထိုးစစ်ဆင်ရန် လာကြသည်။ နိုင်လျှင် ဂျေရုဆလမ်တွင် သူတို့အဖွဲ့များ၏ ဂုဏ်သိက္ခာတက်သွားမည်။ အိုင်ယာဂန်အဖွဲ့သည် တောင်ဘက်တွင် အနီးအနားရှိ ဘက်ဟာကယ်ရင် ဂျူးဆင်ခြေဖုံးမှ လာလမ်းအတိုင်း တက်လာကြသည်။ စတန်းဂိုဏ်းအဖွဲ့က မြောက်ဘက်မှ ထိုးစစ်ဆင်သည်။ အရှေ့ဘက်တွင် ရွာသို့ လာသည့် တစ်ခုတည်းသော လမ်းအတိုင်း အသံချဲ့စက်ပါသော သံချပ်ကာကားတစ်စီး မောင်းနှင်လာသည်။ အားလုံးမှာ တစ်ရာ သုံးဆယ့်နှစ်ယောက်သာ ပါဝင်သည်။ လျှို့ဝှက်စကားမှာ 'ညီညွတ်ခြင်း' (အက်ချဒတ်)

http://mmteashop.com



ဖြစ်သည်။ သူတို့၏ လက်နက်များကို ထိုတိုက်ပွဲအတွက် ညီညွတ်စွာ ခွဲတမ်းချ စုစည်းခဲ့သည်။ ဖောက်ခွဲရေးမိုင်းဗုံးများကို စတန်းဂိုဏ်းက ပေးသည်။ အိုင်ယာဂန်၏ လျှို့ဝှက်လက်နက်အရောင်းဆိုင်များမှ စတင်းဂန်းများ ဝေစုထည့်သည်။ ရိုင်ဖယ်များနှင့် လက်ပစ်ဗုံးများကို ဟာဂါနားတပ်ဖွဲ့က ပေးသည်။ ကတ်စတယ်ရှိ သူတို့တပ်ဖွဲ့များကို ထိုလက်နက်တို့က အထောက်အပံ့ပြုနိုင်မည် မျှော်မှန်းပြီး ပေးခြင်း ဖြစ်သည်။

ကင်းစောင့်များက တစ်အိမ်ပြီးတစ်အိမ်သို့ သွားကာ သတိပေးစဉ် ထိုးစစ်ဆင်သူတို့သည် ရွာ၏ ပထမအိမ်တန်းဆီသို့ စုဝေးသွားကြပြီး အသံချဲ့စက်ကား ရောက်အလာကို စောင့်နေကြသည်။ အသံချဲ့စက်ဖြင့် ထိုးစစ်စပြီကို ရွာသားများအား သတိပေးမည်။ အုပ်စုနှစ်ခု၏ခေါင်းဆောင်များ အချေအတင် ဆွေးနွေးကြပြီးနောက် ရွာသားများအား အိမ်များကို စွန့်ခွာထွက်ပြေးရန် သတိပေးဖို့ သဘောတူကြသည်။ အသံချဲ့စက်ပါသော သံချပ်ကာကားမှာ ရောက်မလာနိုင်။ သို့ဖြစ်ရာ ရွာသားများကို ဘယ်တော့မျှ သတိမပေးနိုင်။ သံချပ်ကာကားမှာ လမ်းဘေးထိုးကျသွားပြီး အသံချဲ့စက်မှာ အသံတိတ်သွားသည်။ နောက်ဆုံးတွင် ရွာထဲကို စက်သေနတ်နှင့် ထိုးပစ်သည်။ ဤသည်မှာ အချက်ပေးခြင်း ဖြစ်သည်။ မြောက်ဘက်နှင့် တောင်ဘက်တို့မှ တက်လာသည့် ထိုးစစ်ဆင်သူများသည် ရှေ့သို့ တိုးလာကြသည်။ "ညီညွတ်ရေး" စစ်ဆင်ရေး စပြီ။

"ဂျူးတွေ လာနေပြီ . . ." ဆိုသော အသံသည် အိပ်မောကျနေသော ရွာကလေး၏ လမ်းများတွင် ပဲ့တင်ထပ်သွားသည်။ ရွာသားများသည် ဖိနပ်ပင်မစီးနိုင်ဘဲ အချို့က ခြုံထည်တစ်စုံ ကိုယ်မှာလွှမ်းကာ အနောက်ဘက်သို့ ထွက်ပြေးကြသည်။ သူတို့အထဲတွင် ဂျေရုဆလမ်၌ ဂျူးတို့အား အိမ်ငှားစားသည့် ကုန်သည်လူချမ်းသာ မိုဟာမက်ဇိုင်ဒန်၏ မိသားစုလည်း ပါသည်။ သူ့အိမ်ထဲတွင် မိန်းကလေးကျောင်းမှ ကျောင်းဆရာမလေးတစ်ယောက်သာ ကျန်ရစ်ခဲ့သည်။ ဆရာမတာယတ်ဟာလီဘီသည် အဝတ်လဲကာ ရှေးဦးသူနာပြုဆေးသေတ္တာယူရန် ကျောင်းသို့ ပြေးသွားသည်။ ထို့နောက် လက်မောင်းတွင် လခြမ်းနီကြက်ခြေနီတံဆိပ်ကို ပတ်ပြီး သေနတ်ပစ်နေသည့် ဘက်သို့ ထွက်ပြေးသည်။ ခဏသာ သူ ပြေးနိုင်သည်။ ကျောင်းမှ အထွက် သုံးလေးလှမ်းတွင် သေနတ်မှန်ပြီး လဲကျသေဆုံးသွားသည်။ ရွာ၏ ဧည့်သည်တစ်ယောက် ပထမဆုံး သေသည့်အထဲ ပါသွားသည်။

ပထမဆုံး အပြေးဝင်လာကြပြီးနောက် အိုင်အာဂန်နှင့် စတန်းဂိုဏ်းတို့ စတင်ပစ်ခတ်သည်။ အကြမ်းဖက်သူများမှ ယခုလို တိုက်ပွဲမျိုး မကြုံဘူးခဲ့ပေ။ သူတို့မှာ တိုက်ပွဲအတွေ့အကြုံ မရှိ။ ယခုလို စစ်ဆင်ရေးအတွက် လေ့ကျင့်မှု အနည်းငယ်သာ ရှိသည်။ ရွာရှိ ယောက်ျားတိုင်းတွင် ရွာကို ကာကွယ်ရန် သေနတ်တစ်မျိုးမျိုး ရှိသည်။ ယင်းမှာ အာရပ်တို့ထုံးစံ ဖြစ်သည်။ ဒေယာယက်ဆင် ရွာသားတို့သည် သူတို့အိုးအိမ်ကို ကာကွယ်ပြီး ခုခံတိုက်ခဲ့သည်။ ခုခံပစ်ခတ်ပုံမှာ မျှော်လင့်မထားသဖြင့် ဝင်ရောက်တိုက်ခိုက်သူတို့

http://mmteashop.com



.အုံ့အားသင့်သွားသည်။ ပထမအိမ်တန်းကို ဖြတ်ကျော်ရန် ကျူးကျော်သူတို့အဖို့ နှစ်နာရီနီးပါး အချိန်ကြာသည်။ ပြီးမှ ရွာလယ်သို့ ရောက်သည်။ ရွာလယ်တွင် အုပ်စုနှစ်စု ဆုံမိကြသည်။

နှစ်ဖွဲ့ဆုံမိသဖြင့် အားရဝမ်းသာ ဖြစ်ကြသည်။ သို့သော်လည်း ဝမ်းသာရခြင်းမှာ ခဏမျှသာ။ သူတို့တွင် ကျည်ဆန်များ ကုန်သွားသည်။ သူတို့ နှစ်အုပ်စုဖက်က လေးယောက်သာ ကျဆုံးသော်လည်း တိုက်ပွဲအရှိန်မြင့်နေစဉ် လေ့ကျင့်မှုမရှိသော အကြမ်းဖက်သူများအဖို့ အကျအဆုံးများသည် ထင်သည်။ ထိပ်ပိုင်းခေါင်းဆောင်နှစ်ယောက် ဒဏ်ရာရသည်။ ပြန်ဆုတ်ရန်ပင် ဆွေးနွေးကြသေးသည်။ ခုခံတိုက်ခိုက်နေသော ရွာတစ်ရွာကို သိမ်းပိုက်ရန်မှာ ဘတ်စ်ကားစောင့်နေသော လူအုပ်ထဲသို့ လက်ပစ်ဗုံး တစ်လုံးပစ်သွင်းသည်လောက်မလွယ်ဟု မည်သူမျှ မထင်ခဲ့ပေ။ အိုင်ယာဂန် တပ်ဖွဲ့ခေါင်းဆောင် ဂီအိုရာသည် သူ့လူများကို ရှေ့သို့ အတင်းတက်ခိုင်းသည်။ ထို့နောက် သူ ဒဏ်ရာရသည်။ သူတို့အားလုံး သွေးရူးသွေးတန်းဖြစ်လာသည်။ ခုခံတိုက်ခိုက်မှု အရှိန်လျော့သွားလျှင် ဒေါသဖြစ်ကာ ဒေယာယက်ဆင်ရွာသားများကို ပစ်ခတ်တော့သည်။

လွန်ခဲ့သည့် ဆယ့်နှစ်ရက်က မင်္ဂလာဆောင်ခဲ့သည့် လင်မယားနှစ်ယောက်သည် အိမ်နီးချင်းသုံးဆယ့်သုံးယောက်နှင့် အတူ အိမ်များမှ ထွက်ပြေးကြသည်။ သူတို့အားလုံးကို နံရံတစ်ခုရှေ့တွင် တန်းစီခိုင်းပြီး ပစ်သတ်သည်။ လင်မယားနှစ်ယောက်သည် တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ကာ သေဆုံးသွားသည်။ သူတို့ အချစ်ကို ထာဝရတည်ရန် လက်ချင်းဆုပ်၍ သက်သေထူသွားကြသည်။ ပစ်သတ်ခံရသူထဲမှ မသေဘဲ ကျန်ရစ်သူ ဆယ့်နှစ်နှစ်သမီးဖာဟီမိဇိုင်ဒန်က ထိုသို့ ပြောပြသည်။ "ကျွန်မတို့ မိသားစုအားလုံးကို ဂျူးတွေက နံရံမှာ တန်းစီရပ်ခိုင်းတယ်၊ ပြီးတော့ သေနတ်နဲ့ ပစ်တယ်၊ ကျွန်မနံဘေး သေနတ်မှန်တယ်၊ ဒါပေမယ့် ကလေးအားလုံးလိုလို မသေကြဘူး၊ အဖေအမေတွေနောက်မှာ ပုန်းနေကြလို့ပဲ၊ ဒါပေမယ့် ကျွန်မတို့နဲ့အတူ ထွက်ပြေးလာကြပြီး နံရံမှာ တန်းစီရပ်ခဲ့သူတွေအားလုံး သေတယ်၊ ကျွန်မအဖေ၊ အမေ၊ ကျွန်မအဘိုးနဲ့ အဘွား၊ ကျွန်မဦးလေးတွေနဲ့ အဒေါ်တွေ သူတို့ရဲ့ သားသမီးတချို့ အားလုံးသေတယ်"

မသေဘဲ လွတ်မြောက်လာသူများ ပြန်လည်ပြောပြသည့် အထဲတွင် ကွန်မန်ဒို အုပ်စုနှစ်ခုမှ အမျိုးသမီးအဖွဲ့ဝင်များသည် ရက်စက်ကြမ်းကြုတ်သည့် နေရာတွင် ယောကျ်ားများနှင့် ယှိုးစွဲလိုက်သည်ဟူသော အဖြစ်မျိုး ပါရှိသည်။ ဒေယာယက်ဆင်ရွာလေးမှာ ငရဲပြည်နှင့် တူသည်။ အော်ဟစ်သံများ၊ လက်ပစ်ဗုံးပေါက်ကွဲသံများ ကြားနေရသည်။ သွေးညှီနံ့၊ ယမ်းနံ့နှင့် မီးခိုးနံ့တို့ နံစော်နေသည်။ ကျူးကျော်သူတို့သည် ရွာသားများကို သတ်သည်။ ပစ္စည်းများ လုယက်သည်။ နောက်ဆုံးအမျိုးသမီးများကို မုဒိမ်းကျင့်သည်။

http://mmteashop.com



ဂျေရုဆလမ်မှ အိုင်ယာဂန်တပ်မှူး မော်ဒေချိုင်းရာ အာနန်သည် မနက်ကိုးနာရီ လောက်တွင် ဒေယာယက်ဆင်သို့ ရောက်လာသည်။ ခုခံပစ်ခတ်နေသည့် အိမ်အချို့ကို ဖျက်ဆီးရန် သူ ဆုံးဖြတ်သည်။ သေနတ်သံ တစ်ချက်တစ်ချက် ကြားရသည့် အိမ်များကို ဒိုင်းနမိုက်ဗုံးဖြင့် ခွဲသည်။ အရေးအကြီးဆုံးပစ်မှတ်မှာ ရွာလူကြီးအိမ် ဖြစ်သည်။ မိနစ် အနည်းငယ်တွင် "ရွာလူကြီးအိမ် ပျက်စီးသွားတယ်၊ အလောင်းတွေ အပိုင်းပိုင်းအပြတ် ပြတ် ဖြစ်သွားတယ်"ဟု ရာအာနန်ပြောသည်။

မုန့်ဖုတ်သည့် မီးဖိုမှာမူ အလွန်လေးသည့် သံတံခါးကြောင့် မပျက်စီးဘဲ ကျန်ရစ် သည်။ အထဲတွင် အီအစ်၏ မိန်းမနှင့် ကြောက်ရွံ့နေသော သူ့မိတ်ဆွေများ ရှိသည်။ အပြင်ဘက်က အသံတစ်ခုကို သူတို့ ကြားရသည်။ "ထွက်လာခဲ့ကြ. . . ဘာမှ မဖြစ် တော့ဘူး"ဟု အသံကဆိုသည်။ အမျိုးသမီးများ မထွက်ဘဲနေသည်။ ရွာလူကြီး၏ သမီး ရှာဖီကာဆမ်မိုးကမူ အပြင်ဘက်က အသံသည် အာရပ်သံဝဲနေသည်ဟု သတိထားမိ သည်။

ဤနည်းဖြင့် ဆယ့်ငါးအိမ်ကျော်ကျော်ကို ဖျက်ဆီးသည်။ အိုင်ယာဂန်တွင် ဒိုင်းနမိုက်ကုန်မှ ရပ်သွားသည်။ အသက်မသေသူများ ကြောက်လန့်ထွက်ပြေးကြပြီး မပျက်စီးသော အိမ်များထဲ ဝင်၍ ပုန်းသည်။ အိုင်ယာဂန်ကွန်မန်ဒိုများသည် ကျန်နေ သည့် အိမ်များသို့ တစ်အိမ်ပြီးတစ်အိမ်ဝင်၍ ရှာသည်။ စတင်းဂန်းနှင့် အိမ်ထဲပစ်သည်။ လက်ပစ်ဗုံးနှင့် ပစ်သည်။ ရွာသားများရှေ့မှာပင် ယခင်ကနည်းတူ ရက်ရက်စက်စက် သတ်ဖြတ်သည်။ မွန်းမတည့်မီ ကျောင်းသားလေး မိုဟာမက်ဂျေဘာသည် "အိမ်ထဲက သူ့အိပ်ရာအောက်တွင် ပုန်းနေရာမှ ဂျူးများ အိမ်ထဲဝင်သွားသည်ကို မြင်သည်။ အိမ် ရှိလူကုန် အပြင်ဘက် မောင်းထုတ်တယ်၊ နံရံမှာ တန်းစီရပ်ခိုင်းပြီး ပစ်သတ်တယ်၊ အမျိုးသမီးတစ်ယောက်ဆိုရင် သုံးလသားလေးပိုက်ပြီး ပြေးထွက်လာတယ်၊ သူ့ကိုလည်း ပစ်သတ်တယ်"ဟု မိုဟာမက်ဂျေဘာက ပြောပြသည်။

မွန်းတည့်ပြီးနောက် မုန့်ဖိုထဲမှ ပုန်းနေကြသူများ မထွက်လျှင် မုန့်ဖိုအပေါ်တွင် ဒိုင်းနမိုက်တင်ကာခွဲမည်ဟု ဂျူးကျော်သူတို့က ခြိမ်းခြောက်သည်။ ရွာလူကြီး၏သမီး ပထမဆုံးထွက်လာသည်။ သူ့အိမ်အပျက်အစီးထဲတွင် သူ့အမေနှင့် အစ်ကိုနှစ်ယောက် ၏ အလောင်းများကို တွေ့ရသည်။ တစ်ရွာလုံး အသံမထွက်ဘဲ တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံ ပေါ်ထွက်လာသည့် ငိုရှိုက်သံကိုသာ ကြားရသည်။ ချစ်စရာ နွေဦးနေရောင် ခြည်က အပျက်အစီးများကို အနွေးဓာတ်ပေးသည်။

ညီညွတ်ရေးစစ်ဆင်ရေး ပြီးဆုံးသွားပြီ။ အိုင်အာဂန်နှင့် စတန်းဂိုဏ်းတို့ အောင်ပွဲ ခံရပြီ။ ဒေယာယက်ဆင်ကို သူတို့ ပိုင်ဆိုင်ပြီ။

အာရပ်ထောင်ပေါင်းများစွာ အက်ဘဒူခါဒါဟတ်ဆေနီ၏ အသုဘအခမ်းအနား ကျင်းပရာ ဂျေရုဆလမ်မြို့သို့ ရောက်လာကြသည်။ ပန်းများနှင့် ပါလက်စတိုင်း လှုပ်ရှားမှု

http://mmteashop.com



အလံ လွှမ်းထားသည့် သူ့အလောင်းကို ထင်းရှူးခေါင်းတွင် ထည့်ပြီး သူ့ညီ၏အိမ်ဧည့်ခန်းတွင် ပြင်ဆင်ထားသည်။ လွန်ခဲ့သည့် လေးဆယ့်ရှစ်နာရီက ထိုအိမ်မှာပင် ထိုင်ကာ နောက်ဆုံးစာ ရေးခဲ့သည်။ မွတ်စလင်ထုံးစံအရ အမြန်ဆုံး သင်္ဂြိုဟ်ရမည်ဖြစ်ရာ ဂျေရုဆလမ်သို့ သူ့ဇနီးနှင့် သားသမီးများ အချိန်မီ ရောက်မလာနိုင်။ သူ့နောက်လိုက်များအတွက် လက်နက်ဝယ်သည့်ငွေ ပါလက်စတိုင်းပေါင် ခြောက်ထောင်ကြွေးပေးရန် ရှိသည်ကို မိသားစုက ဆပ်ရန် မှာကြားခဲ့သည်။ ဤသည်မှာ သူထားခဲ့သည့်အမွေဖြစ်သည်။

အသုဘအခမ်းအနား စတင်ခါနီးတွင် လမ်းမကြီးများ၊ လမ်းကြိုလမ်းကြားများတွင် လူအများ တိုးမပေါက်အောင် ရောက်လာကြသည်။ သိုးကျောင်းသားများ၊ အနောက်တိုင်းဝတ်စုံပြည့် ဝတ်ထားသူများ၊ ဦးထုပ်ဆောင်းထားသူများ လူအုပ်ထဲတွင် ရှိကြသည်။ သူတို့သည် ဆယ့်နှစ်နှစ်အတွင်း အက်ဘဒူခါဒါက လက်နက်ကိုင်တော်လှန်ရန် လှုံ့ဆော်သည်တွင် ပါဝင်ခဲ့ကြသူများ ဖြစ်သည်။ ရိုင်ဖယ်များကို ရင်မှာအပ်ကာ ငိုကြွေးကြသည်။ အက်ဘဒူခါဒါသည် သူတို့၏ အဖေတစ်ယောက်လည်း ဟုတ်သည်။

အသုဘခေါင်း အိမ်ထဲမှသယ်လာလျှင် ထိပ်ဆုံးမှ လူက ပစ္စတိုကို မိုးပေါ်သို့ ပစ်သည်။ သေနတ်သံကြားလျှင် ဂျေရုဆလမ်တစ်မြို့လုံးရှိ အာရပ်များသည် မိုးပေါ်သို့ သေနတ်များ ထောင်ပစ်ကြသည်။ တယ်လီဖုန်းကြိုးများ၊ လျှပ်စစ်ကြိုးများကို သေနတ်မှန်သည်။ ဘေးမှ ရပ်ကြည့်နေသူနှစ်ယောက် သေနတ်မှန်သဖြင့် သေဆုံးသွားသည်။ “ကျည်ဆန်တွေ နှမြောစရာကောင်းလိုက်တာ၊ ပါလက်စတိုင်း တစ်ဝက်လောက်ကို သိမ်းပိုက်နိုင်တဲ့ ကျည်ဆန်တွေပဲ” အန်နဝါနတ်ဆေဘီ တွေးမိသည်။

ဤသို့ဖြင့် ဂျေရုဆလမ်တွင် အကြီးကျယ် အခမ်းနားဆုံး အသုဘတစ်ခုကို မြို့သားတို့ ကြုံတွေ့ရသည်။ မွတ်စလင်ထုံးစံအတိုင်း အက်ဘဒူခါဒါခေါင်းကို တစ်လက်ဖြင့် တစ်လက်ပြောင်း၍ သယ်သည်။ လှုပ်ယမ်းနေသော လက်ပင်လယ်ကြီးနှင့် တူသည်။ သူတို့ခေါင်းပေါ်ကျော်သွားသည့် အသုဘခေါင်းကို စက္ကန့်ပိုင်းလောက် လက်ဖြင့် ထိလိုက်ရလျှင် ဂုဏ်ယူစရာကောင်းသည်ဟု ခံယူထားကြသည်။ ဒမတ်စကတ်တံခါးကို ဖြတ်ပြီး ဆိုလိုမွန်လမ်းနှင့် ဗိုင်ယာဒိုလိုဆာလမ်းအတိုင်း ဟာရမ်အက်ရှိရှယ်ရစ် ကွင်းကြီးထဲသို့ သယ်ဆောင်သွားကြသည်။ ထိုနေရာတွင် အဋ္ဌဂံ ကျောက်တုံးလိပ်ခုံး၌ အက်ဘဒူခါဒါ ဟာတ်ဆေနီကို နောက်ဆုံး ဂုဏ်ပြုကြသည်။ သူ၏ သူမတူစွမ်းဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် သူ့ကို လိပ်ခုံးကျောက်တုံးတွင် မြှုပ်နှံခွင့်ပြုသည်။ ယင်းအဆောက်အအုံမှာ တမန်တော်မိုဟာမက် ကောင်းကင်ဘုံသို့ တက်သွားသည်ကို ယုံကြည်ကြသည့် အထွတ်အမြတ်ဌာနတစ်ခု ဖြစ်သည်။

တစ်မနက်ခင်းလုံး ကွင်းအပြင်ဘက်တွင် လူအများ ငိုကြွေးကြသည်။ သူ့အကြောင်း ပြောကြသည်။ သူသည် သာမန်လူတစ်ယောက် မဟုတ်။ သူ့ခေါင်းဆောင်မှုကို

http://mmteashop.com



များစွာမျှော်လင့်အားထားကြပြီး သူ့ကို သူတို့အသည်းနှလုံးတစ်နေရာမှာ သိမ်းထား အမှတ်ရနေရမည် ဖြစ်လေသည်။

အိုမာဗလီနှင့် မိုင်အနည်းငယ်ဝေးသည့် ဂျေရုဆလမ်၏ အနောက်ဘက်မြို့ အစွန်အဖျားတွင် အခြား အာရပ်အလောင်းများကို မြှုပ်နှံသင်္ဂြိုဟ်မည်။ ဒေယာယက်ဆင်တွင် အသတ်ခံရသော ယောကျ်ား၊ မိန်းမနှင့် ကလေးများကို ကျောက်ကျင်းတွင် သချိုင်း လုပ်ကာ မြှုပ်နှံကြမည်။

ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ ဆွစ်လူမျိုး ကိုယ်စားလှယ် ဂျက်ကီဒီရေးနီးယားသည် ပထမဆုံးအဖွဲ့ကို ခေါင်းဆောင်ကာ တိုက်ပွဲဖြစ်ပွားရာ ဒေယာယက်ဆင်သို့ ရောက်သွားသည်။ တစ်ခါက ကြက်ခြေနီသည် သူ့အသက်ကို ကယ်ခဲ့သည်ဟု အိုင်ယာဂန်အဖွဲ့ဝင် ဂျာမန်ဇာတိတစ်ယောက်က ရေးနီးယားကို ပြောပြသည်။ သူဝင်၍ ပြောသဖြင့် အစောင့် များက ရေးနီးယားကို ရွာထဲသို့ ဝင်ခွင့်ပြုခြင်းဖြစ်သည်။

တွေ့ရသည့် မြင်ကွင်းကြောင့် ရေးနီးယား သက်ပြင်းချမိသည်။ ထိုညက သူ့ ဒိုင်ယာရီတွင် ဤသို့ရေးမှတ်သည်။ "ပထမဆုံး မြင်ရသည်မှာ လူအများ ဥဒဟို ပြေးလွှား နေခြင်း ဖြစ်သည်။ အိမ်ထဲပြေးဝင်ကြသည်။ အိမ်ထဲမှ ပြေးထွက်ကြသည်။ သူတို့လက် ထဲတွင် စတင်းဂန်းများ၊ ပစ္စတိုများ၊ အာရပ်ဓားရှည်များ ကိုင်ဆောင်ထားကြသည်။ အရူး တစ်ပိုင်း ဖြစ်နေကြဟန်တူသည်။ အလွန်လှသည့် မိန်းကလေးတစ်ယောက် သွေးများ ပေကျံနေသော ဓားတစ်ချောင်းကိုင်ထားသည်ကို ကျွန်တော်မြင်ရသည်။ အော်ဟစ်သံ များ ကြားရသည်။ 'ကျွန်တော်တို့ ရှင်းလင်းနေတုန်းပဲ ရှိသေးတယ်' ဟု ဂျာမန်မိတ်ဆွေက ကျွန်တော့်ကို ပြောသည်" ထို့နောက် ကြောက်စရာမြင်ကွင်းတစ်ခုကို ရေးနီးယား ဤသို့ ရေးမှတ်သည်။ "သူတို့တဲရှေ့တံခါးခုံတွင်ကုန်းနေကြသော အသက်ကြီးကြီး ယောကျ်ား တစ်ယောက်နှင့် မိန်းမတစ်ယောက်ကို အမျိုးသမီးတစ်ယောက်က ဓားဖြင့် ထိုးသတ်သည်"

ရေးနီးယားသည် မြင်ကွင်းကြောင့် ကြက်သေသေသွားပြီး ပထမဆုံး အိမ်ထဲသို့ ပြေးဝင်သည်။ "ပစ္စည်းမှန်သမျှကို ခုတ်ဖြတ်ထားသည်။ အလောင်းများ ပြန့်ကျဲနေသည်။ ရှင်းလင်းရေးကို သေနတ်များ၊ လက်ပစ်ဗုံးများဖြင့် ပြုလုပ်ပြီး ဓားဖြင့် အဆုံးသတ်သည်။ ယင်းကို လူတိုင်းမြင်နိုင်သည်။ အရိပ်တစ်ခုတွင် လှုပ်နေသည့်အရာတစ်ခုကို ရုတ်တရက် သူမြင်လိုက်သည်။ ကုန်း၍ ကြည့်သည်။ ခြေထောက်ကလေးတစ်ခု ပူပူနွေးနွေးပင် သူတွေ့ ရသည်။ ယင်းမှာ ဆယ်နှစ်သမီးလေးတစ်ယောက်၏ ခြေထောက်ဖြစ်သည်။ ဒဏ်ရာ ရသော်လည်း အသက်ရှင်နေသေးသည်။ သူ၏ ဂျာမန်အစောင့်ကို အမိန့်ပေးကာ သူနာပြု ကားသို့ သယ်သွားစေသည်။ ထို့နောက် ဆက်လက်၍ ဒဏ်ရာရသူများကို ရှာခွင့်ပြုရန် ဒေါသဖြင့် သူ တောင်းဆိုသည်။ ထင်းပုံနောက်တွင် ကြောက်ရွံ့စွာ ပုန်းအောင်းနေသည့် ကိုယ်တစ်ပိုင်းသေနေသော အဘွားကြီးတစ်ယောက်နှင့် သေတော့မည့် ယောကျ်ား ဘစ်ယောက်ကို တွေ့ရသည်။ စုစုပေါင်း အလောင်းနှစ်ရာလောက် တွေ့ခဲ့ရသည်။

http://mmteashop.com



ယင်းတို့အနက် တစ်ယောက်မှာ "ကိုယ်ဝန်ရှစ်လရှိသော မိန်းမတစ်ယောက် ဖြစ်သည်။ ဗိုက်တွင် သေနတ်ဒဏ်ရာတွေ့ရသည်။ အကျီတွင် လောင်နေသော ယမ်းမှုန့်များကို ကြည့်ရခြင်းအားဖြင့် တေ့ပြီး သတ်ထားခြင်းဖြစ်သည်" ဟု ဒိုင်ယာရီတွင် သူ ရေးမှတ်သည်။

လုံခြုံရေးကောင်စီ၏ နေ့လယ်အစည်းအဝေးတွင် ဒေယာယက်ဆင်လူသတ်ပွဲ အကြောင်းကို မဟာမင်းကြီး ဆာအယ်လင်ကန်နင်ဟမ်ထံ ပထမဆုံး အစီရင်ခံစာရောက်လာသည်။ ဟာဂါနားအဖွဲ့နှင့် သူ အဆက်အသွယ်ရှိသည်။ ထိုအဖွဲ့က ယခုလို အမှုကိစ္စများ ပြုလုပ်လိမ့်မည် မဟုတ်ဟု သူသိရသည်။ အိုင်ယာဂန်နှင့် စတန်းတို့၏ လက်ချက်ဖြစ်ကြောင်း ဆာအယ်လင် ယုံကြည်သည်။ "အေး. . . အဲဒီလူယုတ်မာတွေကို ခင်ဗျားတို့ ဖမ်းရမယ်၊ အဲဒီသွားပြီး လူယုတ်မာတွေကို ဖမ်းခဲ့" ဟု တပ်မှူး ဆာဂေါ်ဒန်မက်မီလန်အား ပြောသည်။

ကန်နင်ဟမ်အဖို့ ဒေယာယက်ဆင်မှာ ပါလက်စတိုင်းတွင် စိတ်ရှုပ်စရာ အကောင်းဆုံး ဒေသများအနက် တစ်ခုဖြစ်သည်။ သူနှင့် တစ်နိုင်ငံတည်းသား စကော့တလန်သားက သူ့တွင် တပ်များ မရှိဟု ငြင်းသည်။ အစည်းအဝေးတက်သူ ဂျေရုဆလမ်မင်းကြီးဂျိမ်းပေါလောက် စိတ်ထဲတွင် "မက်မီလန်သည် သူ့တပ်များကို ထိုကိစ္စအတွက် အသုံးပြုချင်ဟန်မတူ"ဟု သဘောပေါက်မိသည်။ ဗြိတိသျှအကျိုးစီးပွား ထိခိုက်မှုသာ တပ်များ သုံးမည်ဟူသော သူ့ပေါ်လစီနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

ထိုအခါ စိတ်ဆိုးမာန်ဆိုးဖြင့် ကန်နင်ဟမ်သည် အာအေအက်ဖ်တပ်မှူးအား လေကြောင်းမှ တိုက်ခိုက်ရန် ပြောသည်။ တပ်မှူးသဘောတူသည်။ သို့ရာတွင် အာအေအက်ဖ်သည် အပေါ့စားဗုံးကြဲလေယာဉ်များကို ယမန်နေ့က အီဂျစ်သို့ ပို့ခဲ့သည်။ ဒုံးပျံများကို အီရတ်နိုင်ငံ ဟက်ဘာနီးယားသို့ ပို့ထားသည်။ ယင်းတို့ကို ပြန်ခေါ်လျှင် နှစ်ဆယ့်လေးနာရီကြာမည်။

လုံခြုံရေးကော်မတီအစည်းအဝေး မပြီးမီ ဗုံးကြဲတိုက်ခိုက်ခြင်းကို ခွင့်မပြုနိုင်သည့် အကြောင်းတစ်ခု ပေါ်လာသည်။ ဒေယာယက်ဆင်တွင် တပ်ချရန် ဟာဂါနားအဖွဲ့က သွားနေပြီဆိုသည့် သတင်းပင် ဖြစ်သည်။ ပထမအဖွဲ့ကို အီလီယာဟုအေရီယယ်လီ ခေါင်းဆောင်သည်။ သူကား ဗြိတိသျှတပ်မတော်တွင် ခြောက်နှစ်အမှုထမ်းခဲ့သည့် ပညာရှင် စစ်မှုထမ်းဟောင်းတစ်ယောက်ဖြစ်ပြီး ဂက်ဒနာလူငယ်အဖွဲ့ကို ကွပ်ကဲသူ ဖြစ်သည်။ သူတွေ့ရသည့် မြင်ကွင်းမှာ 'အလွန့်အလွန် ရိုင်းစိုင်းသည့် လုပ်ရပ်များ' ဖြစ်သည်။

အသတ်ခံရသူများမှာ အနည်းငယ်မှလွဲ၍ အားလုံး အဘိုးအိုများ မိန်းမများနှင့် ကလေးများဖြစ်သည်ကို အေရီယယ်လီ တွေ့ရသည်။ သေသူအားလုံးမှာ မတရားအသတ်ခံရခြင်းဖြစ်သည်။ သူတို့လက်ထဲတွင် ခုခံသည့် လက်နက်တစ်စုံတစ်ရာ မတွေ့ရဟု အေရီယယ်လီ ထင်မိသည်။ သူ့ဂက်ဒနာအဖွဲ့ဝင် လူငယ်လေးများကို ရွာထဲဝင်ပြီး

http://mmteashop.com



အနိဋ္ဌာရုံများအား ကြည့်ခွင့်မပြု။ ရှင်းလင်းစရာရှိသည်တို့ကို သူ့အရာရှိများနှင့် အတူ စတင်ရှင်းလင်းသည်။

ရှယ်လတီးယယ်၏ လက်ထောက် 'ယေရှုရန်ရှစ်' သည် လူသတ်သမားများအား လူသတ်လက်နက်များကို ထုတ်ပေးခဲ့သူ ဖြစ်သည်။ ယခု လူစုလူဝေးနှင့်အတူ ရွာထဲသို့ ရောက်လာသည်။ လူသတ်သမားများက သူ့ကို အကူအညီပေးမည်ဟု ပြောသွားသည်။ ယခုမူ သူတို့သည် "အသက်ရှင်လျက် တွေ့ရသူမှန်သမျှ သတ်သည်။ ရွာထဲမှာ အသက်ရှင်နေသူများသည် ရန်သူများ ဖြစ်သည်ဟု သူတို့ထင်သည်။ အကုန်လုံး သတ်ရမည်ဟု စိတ်ရိုင်းဝင်နေကြသူများဖြစ်သည်"ဟု မှတ်တမ်းတင်သည်။

စတန်းဂိုဏ်းတပ်မှူးအား "ခင်ဗျား အတော်စက်ဆုပ်စရာ ကောင်းတဲ့လူပဲ"ဟု သူပြောသည်။ ရှစ်၏လူများသည် ရွာလယ်ကွက်လပ်တွင် စတန်းဂိုဏ်းမှ လူများကို ဝိုင်းထားသည်။ နှစ်ဖက်စလုံး ရန်စောင်နေကြသည်။ ရှစ်က ရှယ်လတီးယယ်ထံ ဝိုင်ယာလက်ဖြင့် အခြေအနေကို အစီရင်ခံသည်။ ရှယ်လတီးယယ်က သူတို့ထံမှ လက်နက်သိမ်းခိုင်းသည်။ "လက်နက်မချရင် အားလုံးပစ်သတ်"ဟု အမိန့်ပေးသည်။

ရှစ်သည် သူတို့ကိုကြည့်ကာ စက်ဆုပ်လာသည်။ စတန်းဂိုဏ်းမှ မကျေနပ်သူများက လက်နက်ချမည် မဟုတ်။ တိုက်ခိုက်ရလိမ့်မည်ဟု ရှစ်နားလည်သည်။ သူတို့လုပ်ရပ်ကို စက်ဆုပ်သော်လည်း အုပ်စုနှစ်ခုမှ လူများကို သူ ပစ်မသတ်နိုင်။ ဂျူးသမိုင်းတွင် အချင်းချင်း သတ်ဖြတ်ကြသည့် ပုံဝတ္ထုများ အများကြီး ရှိသည်။

"ကျွန်တော် မသတ်နိုင်ဘူး" သူ ပြန်ပြောသည်။

"ဘာ လုပ်နိုင်တယ် မလုပ်နိုင်ဘူးဆိုတာ ပြန်ပြောမနေနဲ့၊ ငါ ပြောတာ အမိန့်ပဲ" ဟု ရှယ်လတီးယယ်က ဆိုသည်။

"ဒီမှာ ဒေးဗစ် .... ခင်ဗျား စဉ်းစားနော်၊ ခင်ဗျားနာမည် တစ်သက်လုံး ညစ်ထေးသွားမယ်၊ ဂျူးလူမျိုးတွေက ခင်ဗျားကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး" ရှစ်က တောင်းပန်သည်။

နောက်ဆုံးတွင် ရှယ်လတီးယယ် လက်ခံသည်။ စတန်းဂိုဏ်းအဖွဲ့ဝင်များအား ရွာကို ရှင်းလင်းခိုင်းသည်။ အလောင်းများကို ဒေယာယက်ဆင်ကျောက်ကျင်းသို့ သယ်သွားစေပြီး ကျောက်ပြားများအပေါ် ချသည်။ ပြီးလျှင် ဓာတ်ဆီလောင်းကာ မီးရှို့လိုက်သည်။

"အဲဒီနေ့ဟာ အလွန်သာယာတဲ့ နွေဦးနေ့တစ်နေ့ပဲ၊ ဗာဒံပင်တွေမှာ အပွင့်တွေဝေနေတယ်၊ နေရာအနှံ့အပြားဆီက လူသေပုပ်စော်နံနေတယ်၊ သွေးညှီနံ့ ဟောင်နေတယ်၊ ကျောက်ကျင်းဆီက အလောင်းမီးရှို့တဲ့ အနံ့တွေ ပျံ့နှံ့လာတယ်" ဟု ရှစ် ပြန်ပြောင်းအမှတ်ရမိသည်။

✿ ✿ ✿

http://mmteashop.com



ဒေယာယက်ဆင် ကျောက်ကျင်းမှ မိုးယံသို့ လွင့်ပါးလာသည့် မီးခိုးလုံးကြီးများသည် နိုင်ငံသစ်၏ ကိုယ့်လိပ်ပြာ ကိုယ်လန့်သည့်စိတ်တွင် အစွန်းအထင်း ထင်လာတော့မည်။ ဂျူးဒီယာတောင်ကုန်းမှ ရွာကလေးသည် နောင်လာမည့် နှစ်များတွင် ပါလက်စတိုင်းလူမျိုးတို့၏ အဖြစ်ဆိုးကို သတိရစေသည့် သင်္ကေတတစ်ခု ဖြစ်လာမည်။ ယင်းအဖြစ်ကို အိုင်ယာဂန်နှင့် စတန်းဂိုဏ်းတို့၏လုပ်ရပ်များက ဖန်တီးခြင်း ဖြစ်သည်။ ရောက်လာမည့်လများတွင်း ဂျူးသုံ့ပန်းများသည် ဒေယာယက်ဆင် ဆိုသောအသံကို ကြားချင်တော့မည်မဟုတ်။ ပြုခဲ့သည့်အမှုအတွက် ကောင်းကျိုး ဆိုးပြစ်တို့ကို သူတို့ ခံကြရလိမ့်မည်။

ဒေယာယက်ဆင် အဖြစ်ဆိုးကို ကြားလျှင် ပါလက်စတိုင်းရှိ ဂျူးအများစုက တုန်လှုပ်ထိတ်လန့်ပြီး ပြင်းပြင်းထန်ထန် ရှုတ်ချကြသည်။ အကြမ်းဖက်သူများ၏ လုပ်ရပ်ကို ဂျူးအေဂျင်စီက ချက်ချင်းပင် ရှုတ်ချပြီး သူတို့နှင့် အဆက်ဖြတ်သည်။ ဒေးဗစ်ဘင်ဂူရီယန်က ထိုဖြစ်ရပ်ကြောင့် တုန်လှုပ်မိကြောင်း ဘုရင်အက်ဘဒူလာထံ သံကြိုးရိုက်အကြောင်းကြားသည်။ ဂျေရုဆလမ် ဂျူးဂိုဏ်းချုပ်ဘုန်းကြီးက ထိုလူသတ်ပွဲတွင် ပါဝင်သူများအား ဘုရားကျောင်းအနေဖြင့် အဆက်ဖြတ်သည်။

ထိုအနိဋ္ဌာရုံကို ကမ္ဘာသို့ ကြေညာရန် အာရပ်တို့တွင် ဝတ္တရားရှိသည်။ ဟာဇမ်နက်ဆေဘီနှင့် ဂျေရုဆလမ် အာရပ်အဆင့်မြင့်ကော်မတီ၏ အတွင်းရေးမှူး ဟတ်စိန်ခါလီဒီတို့ နာရီပေါင်းများစွာ ဘယ်ပုံတင်ပြရမည်ဆိုသည်ကို အကြံရခက်နေသည်။ အာရပ်နိုင်ငံများမှ အာရပ်များ သူတို့နိုင်ငံ အစိုးရများအား ဖိအားပေးစေချင်သည်။ သို့ဖြစ်ရာ ဒေယာယက်ဆင် လူသတ်ပွဲသတင်းကို ရက်စက်မှုအားလုံး ကြောက်စရာကောင်းပုံတို့ကို ဖော်ပြပြီး အသံလွှင့်ရန် ဆုံးဖြတ်ကြသည်။ နောင်တစ်ချိန်တွင် ဤသို့ အသံလွှင့်ခြင်းမှာ သူတို့၏ 'မဟာအမှား' ပင်ဖြစ်သည်ဟု နတ်ဆေဘီ ဝန်ခံသည်။ အသေးစိတ် ဖော်ပြကြေညာသဖြင့် အာရပ်အစိုးရများ၏ စိတ်ထားကား မပြောင်း။ ပါလက်စတိုင်းရှိ အာရပ်တို့မှာ ချက်ချင်းပင် ကြောက်လန့်စိတ် မလုံခြုံစိတ်တို့၏ ဖိစီးနှိပ်စက်ခြင်းကို ခံရသည်။ ဆုံးဖြတ်ချက်မှားသဖြင့် အာရပ်ဝါဒဖြန့်သမားတို့ အရှေ့အလယ်ပိုင်းကို ခြောက်လှန့်သည့် ပြဿနာတစ်ခုနှင့် ရင်ဆိုင်ရသည်။ ယင်းမှာ ပါလက်စတိုင်း အာရပ်ထောင်ပေါင်းများစွာ ဒုက္ခသည်များအဖြစ် ထွက်ပြေးကာ အခြားအာရပ်နိုင်ငံများတွင် ခိုလှုံကြခြင်း ဖြစ်လေသည်။

ဖော်ဇီအယ်ကောက်ဂျီသည် စကားတည်သူ ဖြစ်သည်။ ဆယ်ရက်အတွင်း ဒုတိယအကြိမ် သူ၏တပ်များ ဂျူးအချက်အချာ အနေအထားဖြစ်သည့် ဂျက်ဇရီးချိုင့်ဝှမ်းရှိ မစ်ရှမာဟာအီမက် စုပေါင်းလယ်ယာစခန်းသို့ ချီတက်စေသည်။ ထိုသို့ တိုက်ပွဲဝင်မည်ဖြစ်ကြောင်း ဟာဂါနားထောက်လှမ်းရေးသမား ယေဟိုရှုဝါပါလမွန်အား ကတိပေးခဲ့သည်။ ဘီရတ်ဇဗီတိုက်ပွဲတွင် ကောက်ဂျီ၏တပ်များ အထိနာခဲ့သည်။

သို့တိုင်အောင် ကောက်ဂျီသည် တိုက်ပွဲတွင် လက်နက်သစ်တစ်ခု အသုံးပြုသည်။

http://mmteashop.com



အမြောက်တပ်ပင် ဖြစ်သည်။ နာရီပေါင်းများစွာ ကြာသည်အထိ အကူအညီကင်းမဲ့နေသော ဂျူးစုပေါင်းလယ်ယာစခန်းသို့ သူ့အမြောက်များကပစ်ခတ်သည်။ အမြောက်ပစ်ရပ်လိုက်သည့်အခါ သူမျှော်လင့်ထားသည့် အလံဖြူကို မမြင်ရ။ ဟာဂါနားအဖွဲ့မှ ရိုင်ဖယ်များဖြင့် ပြန်လည်ပစ်ခတ်သည်ကိုသာ ခံရသည်။ ကောက်ဂျီ၏တပ်များ အလွယ်တကူအောင်ပွဲရမည် မျှော်လင့်ပြီး လာခဲ့ကြသည်။ ယခု အထိတ်ထိတ်အလန့်လန့်နှင့် ဆုတ်ပြေးကြသည်။ ကောက်ဂျီသည် သူ့စကားသူ မတည်သဖြင့် ဗိုလ်ချုပ် ဆာဂေါ်ဒန်မက်မီလန် ဒေါသဖြစ်သည်သာ အဖတ်တင်သည်။ ဗြိတိသျှတို့က ကြားဝင်ပြီး ထိုဒေသတွင် အပစ်အခတ်ရပ်စဲရေး အာဏာတည်စေခဲ့သည်။

ယခု ဒုတိယအကြိမ် ကောက်ဂျီတိုက်ပွဲစရန် အသင့်ဖြစ်နေသည်။ ထို့အတူ ယေဟိုရှုဝါပါလမွန်ကလည်း အသင့်ပြင်ထားသည်။ အပစ်အခတ်ရပ်စဲရေး ကာလအတွင်း မစ်ရှမာဟာအီမက်ဒေသသို့ စစ်ကူတပ်များကို ပါလမွန် အလုံးအရင်းနှင့် ချထားသည်။ သူ့လူဆယ်ယောက်ခန့်နှင့် ကောက်ဂျီ၏ နောက်ဘက်တောင်သို့ဝင်၍ သတင်းယူသည်။ တောင်ကုန်းတစ်ခုထိပ်မှ နေ၍ အာရပ်တို့၏ စစ်ပြင်ဆင်မှုကို စစ်မြေပြင်သုံး မှန်ပြောင်းဖြင့် ကြည့်သည်။ ကားတစ်စီး ခေါက်တုံ့ခေါက်ပြန် သွားနေသည်ကို မြင်ရသည်။ ကောက်ဂျီ၏ အမိန့်များကို သယ်ယူလာခြင်းဖြစ်သည်မှာ သေချာသည်။ ကားသွားရာသို့ လိုက်၍ကြည့်လျှင် ကောက်ဂျီ၏ (၇၅-မီလီမီတာ) အမြောက်ခုနစ်ခုနှင့် (၁၀၅-မီလီမီတာ)သုံးခုတို့သည် မှန်ပြောင်းတွင် ပေါ်လာသည်။

သူ မျှော်လင့်သည့်အတိုင်းပင် ကောက်ဂျီမှာ လက်နက်မပြည့်စုံ။ ပါလမာတပ်ဖွဲ့အတွက် လိုအပ်နေသည့် အမြောက်များ ဖြည့်ပေးရန် ပါလမွန်စိတ်ကူးရသည်။ တပ်ကူများကို သူ့ဆီခေါ်ပြီး အာရပ်အမြောက်တပ်ဖွဲ့ကို အပြင်းအထန် ဝင်၍ တိုက်သည်။

သူ မျှော်လင့်သလို မဖြစ်လာ။ ကောက်ဂျီ၏ အမြောက်တပ်ဖွဲ့ဝင်များက သူတို့ အမြောက်ကို ကယ်တင်နိုင်ခဲ့သည်။ မည်သို့ဖြစ်စေ အရေးကြီးသည့် နောက်ဆက်တွဲဖြစ်ရပ်များ ကြုံရသည်။ ကောက်ဂျီတပ်များ၏ နောက်ဘက်ကို ဝင်၍ တိုက်သံကြားရသည်။ လွတ်မြောက်ရေးတပ်သားများသည် ထိတ်လန့်ကာ တိုက်ပွဲမှ ထွက်ပြေးကြသည်။ ခဏအတွင်းမှာပင် မစ်ရှမာဟာအီမက်စခန်းကို တိုက်သူများ တပ်ပျက်သွားသည်။

သူ့တပ်များ ရှုံးရသည်ကို ဒမတ်စကတ်ရှိ အထက်လူကြီးများအား ကျေနပ်လောက်အောင် ဖြေရှင်းချက်ကို ကောက်ဂျီပေးနိုင်ခဲ့သည်။ ဆဖာဝတ်ပါရှားထံသို့ ကောက်ဂျီ သံကြိုးစာတစ်စောင် အကြမ်းရေးသည်။ ဂျူးများတွင် တင့်ကား (၁၂၀)ရှိပြီး အပေါ့ဆုံးတင့်ကားမှာ ခြောက်တန်သာရှိသည်။ ထို့ပြင် (၇၅ - မီလီမီတာ)အမြောက်တပ်ဖွဲ့ ဆယ့်နှစ်ခု၊ ဗုံးကြဲလေယာဉ်နှင့် တိုက်လေယာဉ် ခြောက်စင်းရှိသည်။ ခြေလျင်တပ်မတစ်ခုရှိပြီး ယင်းမှ တပ်ရင်းတစ်ခုတွင် ဂျူးမဟုတ်သည့် ရုရှား ကွန်မြူနစ်များ ဦးစီးသည်ဟု သံကြိုးစာက ဆိုသည်။

http://mmteashop.com



ထိုသံကြိုးစာကို ပို့ပြီးနောက် စိတ်အတည်အငြိမ်မရှိသော ကောက်ဂျီသည် ဂျက်ဘာရှာ သူ့ဌာနချုပ်သို့ ပြန်လာသည်။ ဌာနချုပ်တွင်မူ မပျော်ပိုက်စရာ တစ်နေ့တာကို နှစ်သိမ့်မည့် တစ်စုံတစ်ရာ စောင့်နေသည်။ ကောက်ဂျီမှာ ဂျာမန်ဗိုလ်ချုပ်တစ်ယောက် မဖြစ်နိုင်သော်လည်း ဂျာမန်ခင်ပွန်းတစ်ယောက်ကား ဖြစ်နိုင်သေးသည်။ ထိုနေ့ကား သူ၏မွေးနေ့ ဖြစ်သည်။ ဌာနချုပ်တွင် မွေးနေ့ကိတ်တစ်ခု၊ အယ်လင်ဘီတံတားကို ဖြတ်ကျော်၍ သယ်ယူလာခဲ့သည့် ရှန်ပိန်တစ်ပုလင်းတို့ဖြင့် သူ၏ ဂျာမန်ဇနီးအင်နာအယ်လီဇာက စောင့်ကြိုနေလေသည်။

ဝဝဝ

http://mmteashop.com



## အပိုင်း (၂၃)

## နှုတ်ဆက်ပါတယ် အချစ်ရေ

ထွက်စပြုသည့် ကွန်ဗွိုင်းကားတန်းနောက်သို့ လူလတ်ပိုင်းအရွယ် လူနှစ်ယောက် ပြေးလိုက် ရပ်လိုက်နှင့် အမီလိုက်သည်။ သူတို့ နောက်ကျကျန်ရစ်ခဲ့သည်။ တစ်ယောက်က မပြေးတော့ဘဲ ရပ်နေသည်။ နောက်တစ်ပတ် ကွန်ဗွိုင်းနှင့် လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သူ့အဖော်က "နေပါဦး၊ နေပါဦး"ဟု အော်ကာ ပြေးလိုက်သည်။ သူကား ဒေါက်တာမိုရှေဘင်ဒေးဗစ် ဖြစ်သည်။ သူတို့ သွားကြမည့် စကိုးပတ် တောင်ကုန်းရှိ ဟာဒက်ဆားဆေးရုံနှင့် ဟီဘရူးတက္ကသိုလ်တွင် သူသည် အရေးပါသည့် အခန်းမှ ပါဝင် ဦးဆောင်သူ ဖြစ်သည်။

ထိုခဏတွင် ဘုရားသခင်က စေလွှတ်လိုက်လေသလားမသိ။ ရှားရှားပါးပါး တက္ကစီတစ်စီး လမ်းအတိုင်း ဆင်းလာသည်။ ဘင်ဒေးဗစ်တား၍ လိုက်သွားသည်။ မိနစ်အနည်းငယ်ကြာလျှင် ကွန်ဗွိုင်းကို မီသည်။ ကားတစ်စီးပေါ်သို့ ခုန်တက်ပြီး လိုက်ပါသွားသည်။

ခွဲခြမ်းရေး ဆန္ဒမဲပေးပြီးနောက် ဆေးရုံနှင့် တက္ကသိုလ်ကို ထောက်ပံ့ရန်မှာ ဂျူးအေဂျင်စီ၏ တာဝန်တစ်ခု ဖြစ်လာသည်။ ဒေါက်တာ ဘင်ဒေးဗစ်မှာ ထိုဌာနနှစ်ခုနှင့် နှောင်ဖွဲ့နေသည်။ စကိုးပတ်တောင်ကုန်းသို့ သွားသည့် လမ်းသည် အာရပ်အင်အားကြီး ဒေသတစ်ခုဖြစ်သည့် ရှိတ်ဂျာရားကို ဖြတ်သွားရသည်။ ဒီဇင်ဘာလောက်ကစ၍ အာရပ်တို့ချုံခိုတိုက်သဖြင့် ထောက်ပံ့ရေးကွန်ဗွိုင်းကား တစ်ပတ်တစ်ကြိမ်သာ ဂျူးအေဂျင်စီက ပို့နိုင်သည်။ လွန်ခဲ့သည့် လကမူ ချုံခိုတိုက်ခိုက်ခြင်း နည်းပါးသွားသည်။ ဧပြီ (၁၃) အင်္ဂါနေ့တွင် ကွန်ဗွိုင်းသည် စကိုးပတ်တောင်ကုန်းသို့ ချောချောမောမော ရောက်သွားမည် မျှော်လင့်ထားကြသည်။

ပထမဆုံးတွေ့ရသည့် ဟာဂါနား ကင်းတပ်ဖွဲ့မှ ဂျူးအရာရှိ မိုရှေဟီးလမင်းက ကွန်ဗွိုင်းကို တား၍ ထုံးစံအတိုင်း စစ်ဆေးသည်။ သူနှင့် အတူ ဗြိတိသျှပုလိပ် အင်စပက်တော် 'ဝက်' ပါသည်။

http://mmteashop.com



"သွားနိုင်ပြီ၊ လမ်းမှာ အန္တရာယ် မရှိဘူး၊ အခုပဲ ကင်းလှည့်ပြန်လာခဲ့တယ်"ဟု ဝက်က ဆိုသည်။

စကိုးပတ်တောင်ကုန်းသို့ နှစ်မိုင်ခွဲသာ ဝေးသည်။ ရှေ့ဆုံးတွင် သံချပ်ကာကား က ခေါင်းဆောင်သည်။ ယင်းနောက်တွင် ဂျူးကြက်ခြေနီအမှတ်အသားပါသည့် သူနာပြုယာဉ်တစ်စီး လိုက်ပါသည်။ ထို့နောက် ဘတ်စ်ကားနှစ်စီး၊ နောက်ထပ် သူနာပြုယာဉ်တစ်စီး၊ ထရပ်ကားလေးစီး၊ နောက်ပိုင်းကို အကာအကွယ်ပေးရန် သံချပ်ကာကားတစ်စီးတို့ အစီအစဉ်အတိုင်း မောင်းနှင်သွားကြသည်။ ထရပ်ကားတစ်စီးကို မောင်းသူမှာ တုတ်ခိုင်ခိုင် သူငယ်လေးဘင်ဂျမင်အာဒင် ဖြစ်သည်။

အပစ်အခတ် နည်းသည့်အခါများတွင် လမ်းကြိုလမ်းကြားကို ဖြတ်ကာ လယ်ကွင်းများမှတစ်ဆင့် တောင်ကုန်းသို့ ရောက်အောင် သူ မောင်းနိုင်သည်။ ယနေ့ တွင်မူ ဟာဂါနာအဖွဲ့က သူ့ကားကို ကွန်ဗွိုင်းတွင် လိုက်ပါရန် ခေါ်လာသည်။ သူ့တွင် ခရီးသည်တစ်ယောက် ပါသည်။ ဟာဒက်ဆားဆေးရုံတွင် သူ့မိန်းမ ကလေးမွေးသည်ကို သွား၍ ကြည့်ရန် တောင်းတောင်းပန်ပန်နှင့် လိုက်လာခြင်း ဖြစ်သည်။

သူ့ကား ရှေ့ကကားများနှင့် သူနာပြုယာဉ်များတွင် အလွန်အဖိုးတန်သူများ ပါသွားသည်။ ပါမောက္ခများ၊ ဆရာဝန်များ၊ သုတေသီများနှင့် ပညာရှင်များ ဖြစ်သည်။ သူတို့သည် ဥရောပတိုက် ထင်ရှားသည့် တက္ကသိုလ်ကျောင်းထွက်များ ဖြစ်သည်။ ဥရောပ တွင် နာဇီတို့ရန်မှ ထွက်ပြေးလာကြပြီး ဂျေရုဆလမ်တွင် ဆေးရုံများ၊ ဓာတ်ခွဲခန်းများ၊ သုတေသနဌာနများ သူတို့ တည်ထောင်ကြသည်။ ထူထောင်စ ဂျူးနိုင်ငံသစ်ကို ကူညီရန် ဘာလင်၊ ဗီယင်နာနှင့် ကရာကော်တို့မှ သူတို့ ရောက်လာကြသည်။ အမေရိကန် ဂျူးလူမျိုးတို့၏ ထောက်ပံ့ငွေဖြင့် ပါလက်စတိုင်းနိုင်ငံအနှံ့အပြားတွင် ဆေးရုံများ တည် ထောင်သည်။ ယင်းတို့အနက် စကိုးပတ်တောင်ကုန်းပေါ်က ဂျူးဆေးပညာကျောင်းသည် အရေးအကြီးဆုံး ဖြစ်ပြီး ခေတ်အမီဆုံး ဆေးရုံတစ်ခု ဖြစ်သည်။

ပထမဆုံး သူနာပြုယာဉ်တွင် ဒရိုင်ဘာဘေးထိုင်ခုံတွင် မျက်စိပါရဂူချိမ်းယက်စကီ လိုက်ပါသွားသည်။ သူသည် ဟာဒက်ဆားဆေးရုံ၏ ညွှန်မှူးဖြစ်ပြီး ကမ္ဘာကျော် မျက်စိ ပါရဂူ ဖြစ်သည်။ သူ့နောက်ဘက်က ကားထဲတွင် သူ့ဇနီး၊ အခြားဆရာဝန် ခြောက်ယောက်၊ သူနာပြုတစ်ယောက်နှင့် ဒဏ်ရာရသူတစ်ယောက်ပါလာသည်။

ယက်စကီသည် ဂျေရုဆလမ်တွင် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က နေထိုင်ခဲ့သူ ဖြစ်သည်။ သည်လမ်းကို သူ ကောင်းကောင်းသိသည်။ သံချပ်ကာကား၏ အပေါက် ကျဉ်းလေးမှ အပြင်ဘက်သို့ သူကြည့်သည်။ တစ်နေရာတွင် သူ ထမင်းစားခဲ့ဖူးသည့် ထင်ရှားသော အာရပ်မိသားစုတစ်ခု၏ အိမ်ကြီးကို မြင်ရသည်။ ထို့နောက် ဧည့်သည် များကို အကျအန ဧည့်ခံကျွေးမွေးတတ်သည့် ကေတီအင်ကိုနီးယပ်၏အိမ်။ ထိုအိမ်တွင် ယခု တောင်ပေါ်သား ခြေမြန်တပ်မှ ရဲဘော်နှစ်ဆယ် ကင်းစောင့်နေကြသည်။ ယက်စကီ နှင့် သူ့ဇနီးဖင်နီသည် တောင်ကုန်းပေါ်က အိမ်တွင် အတော်ကြာနေခဲ့သည်။ ဂျေရု

http://mmteashop.com



ဆလမ်မြို့ဟောင်းကြီးကို သူတို့အိမ်ပြတင်းများမှ မြင်နေရသည်။ အလွန်လှသည့် ရှုခင်း ဖြစ်သည်။ အရှေ့ဘက်ဆီတွင် အချိန်နှင့်အမျှ အသွေးအရောင်ပြောင်းနေသည့် မိုအက် တောင်ကုန်းကို မြင်ရသည်။ သို့ဖြစ်ရာ ချိမ်းနှင့် ဖင်နီတို့ စကိုးပတ်တောင်ကုန်းသို့ မြန်မြန် ရောက်ချင်နေသည်။

ယတ်စကီနှင့် ဆန့်ကျင်ဘက်စိတ်ထားရှိသူ တစ်ယောက်မှာ ဒုတိယသူနာပြု ယာဉ်တွင် လိုက်ပါလာသည့် အယ်စသာပတ်စမင်း ဖြစ်သည်။ အမေရိကန် မုဆိုးမလေး ဖြစ်ပြီး ဆေးရုံ၏ ကင်ဆာဌာန လူမှုဝန်ထမ်းဌာနခွဲ၏ ညွှန်မှူးတစ်ယောက် ဖြစ်သည်။ ကွန်ဗွိုင်းနှင့် အတူ မလိုက်ချင်ဘဲ လိုက်ပါလာခဲ့ရသည်။ ဂျေရုဆလမ်တွင် ဆယ့်ငါး နှစ်အရွယ် သားတစ်ယောက် ကျန်ရစ်ခဲ့သည်။ သူ့သားငယ်သည် ဂက်ဒနာအဖွဲ့အတွက် ဖောက်ခွဲဗုံးများ တပ်ဆင်ရာတွင် ဒဏ်ရာရခဲ့ပြီး ယခု နာလန်ထစ ဖြစ်သည်။ သားက အမေကို လိုက်သွားပါဟု အတင်းထည့်သဖြင့် ကွန်ဗွိုင်းအမီ ပြေးလိုက်လာခြင်း ဖြစ်သည်။

သူနာပြုယာဉ်ထဲတွင် မှောင်နေသည်။ တစ်ယောက်ကို တစ်ယောက် သဲသဲကွဲကွဲ မမြင်ရ။ "ရှိတ်ဂျာရားကျော်ခဲ့ပြီ"ဟု ဒရိုင်ဘာက ပြောသည့်အခါ ခရီးသည်များ တစ် ယောက်နှင့်တစ်ယောက် စကားပြောနိုင်လာသည်။ ဒေယာယက်ဆင်တွင် ဒဏ်ရာရခဲ့သူ အိုင်ယာဂန်အဖွဲ့ဝင် နှစ်ယောက်ပင် ပြုံးနိုင်ရယ်နိုင် ဖြစ်လာသည်။ သူနာပြုတစ်ယောက် သာမို့ဓာတ်ဘူးမှ လက်ဖက်ရည်ကို ငှဲ့ပြီး နည်းနည်းစီ ဝေငှသည်။

သူတို့မှာ ဖြစ်ပေါ်လာမည့် အခြေအနေကို မသိ၍ ပျော်နေကြခြင်း ဖြစ်သည်။ လမ်းဘေးက ကျင်းတစ်ခုထဲတွင် လျှပ်စစ်မိုင်းဗုံးတစ်ခုကို ဖောက်ခွဲရန် အသင့်စောင့် နေသူတစ်ယောက် ရှိသည်။ သူကား စက်ချုပ်သမား မိုဟာမက်နက်ဂါ ဖြစ်သည်။

ကွန်ဗွိုင်းရောက်လာချိန်နှင့် ကိုက်၍ ခလုတ်ကို သူ နှိပ်မည်။ လွန်ခဲ့သည့် လေးဆယ့်ရှစ်နာရီက ဂျူးကွန်ဗွိုင်းတစ်သုတ် ထွက်မည့်အချိန်ကို ဗြိတိသျှအရာရှိတစ် ယောက်ထံမှ နက်ဂါ သတင်းရခဲ့သည်။ နက်ဂါ၏ ရဲဘော်များသည် ကွန်ဗွိုင်းကို ပစ်ခတ် တိုက်ခိုက်နိုင်သည်။ ဗြိတိသျှကင်းလှည့်အဖွဲ့ကိုသာ မတိုက်ခိုက်ရဟု သတင်းပေးသူ အရာရှိက မှာသည်။

ဗြိတိသျှအရာရှိ၏ စကားသည် မိုင်းခွဲရန် ဖိတ်ခေါ်ချက်ဖြစ်သည်ဟု နက်ဂါယူဆ သည်။ စကိုးပတ်တောင်ကုန်းသည် ဟာဂါနားစခန်းတစ်ခု ဖြစ်သည်။ တစ်ခါတစ်ရံ ရန်သူ သည် အာရပ်ဒေသသို့ နောက်ဘက်မှဝင်၍ ပစ်ခတ်လေ့ ရှိသည်။ သတင်းရပြီးနောက် တစ်နေ့တွင် နက်ဂါ၏ အပ်ချုပ်ဆိုင်နောက်ဘက်က အခန်းထဲတွင် သူ့ရဲဘော်များ ချုံခို တိုက်ခိုက်ရေးအစီအစဉ်များ ပြုလုပ်ကြသည်။ မိုင်းခွဲတိုက်ခိုက်ရန် အကောင်းဆုံး နေရာဖြစ်သည့် အိုရီယင်ဟိုတယ်အလွန် ဆိုက်ပရပ်ပင်အုပ်အုပ်များအနီး လမ်းဘေး ကျင်းတစ်ခုမှ မိုင်းခွဲမည်။ ထိုနေရာတွင် လမ်းသည် လွင်ပြင်သို့ အဆင်းဖြစ်၍ ပြေလာ သည်။ဂျူးတို့ စိတ်အေးလက်အေး မောင်းနှင်မည့်နေရာ ဖြစ်သည်။

http://mmteashop.com



ကွန်ဗွိုင်းကားများဆီမှ စက်သံများ ကြားရသည်။ လမ်းကွေ့တွင် ရှေ့ဆုံးကားကို မြင်ရသည်။ နက်ဂါသည် ကားတန်းကို စောင့်ကြည့်နေသည်။ သူ့ဆီသို့ ကားများ တဖြည်းဖြည်း လာနေသည်မှာ နောက်ချေးပိုးနက်ကြီးတစ်ကောင် တရွေ့ရွေ့လာနေသည်နှင့် တူသည်ဟု နက်ဂါထင်သည်။ သူ့လက်များ တင်းမာလာပြီး ခလုတ်ကို နှိပ်ချလိုက်သည်။ ပေါက်ကွဲသည့်အရှိန်ကြောင့် နက်ဂါဝပ်နေသည့်ကျင်း သိမ့်သိမ့်တုန်သွားသည်။ သံချပ်ကာကားကို မီးခိုးလုံးများ ဖုံးသွားသည်။ မီးခိုးများ လွင့်သွားသည့်အခါ နက်ဂါ မျက်တောင်ခတ်ပြီး ပစ်မှတ်သို့ကြည့်သည်။ ခလုတ်နှိပ်စောသွားသည်။ ကားကို မထိဘဲ ကားရှေ့နားက လမ်းပေါ်တွင် ဧရာမကျင်းကြီးတစ်ခု ဖြစ်သွားသည်ကို တွေ့ရသည်။ ဒရိုင်ဘာသည် ကားကို မထိန်းနိုင်ဘဲ ရှေ့သို့ မောင်းသွားရာ ကျင်းထဲသို့ ကား ရောက်သွားသည်။

ကွန်ဗွိုင်းကားတန်းကြီး ရပ်သွားသည်။ အက်စ်သာပတ်စမင်း၏ သူနာပြုယာဉ်မှာ တုံ့ခနဲ ရပ်သွားသဖြင့် သူ့လက်ထဲက သာမို့ဓာတ်ဘူး လွတ်ကျသွားသည်။ နက်ဂါက သူ့ရဲဘော်များကို အချက်ပေးလိုက်လျှင် ရပ်နေသော ကွန်ဗွိုင်းကားတန်းကြီးဆီသို့ ပစ်ခတ်ကြသည်။

မိုင်းဗုံးပေါက်ကွဲသံ သေနတ်သံများကို ဂျေရုဆလမ်တစ်မြို့လုံး ကြားရသည်။ အနီးအနားရွာများနှင့် မြို့ရိုးဟောင်းတစ်ဝိုက်မှ အာရပ်များ ကားတန်းဆီသို့ ပြေးလာကြသည်။ သေနတ်သံ အော်ဟစ်သံများ ဆူညံနေသည်။ "ဒေယာယက်ဆင်" ဟူသော အသံများကိုလည်း ကြားရသည်။ "ဒေယာယက်ဆင် လူသတ်ပွဲအတွက် လက်စားချေရမည်" ဟူ၍ ဟစ်ကြွေးကြသည်။

တစ်မိုင်ခန့်ဝေးသည့် ဂျေရုဆလမ်မြို့ စိန့်ပေါ်လ်ဂျာမန်တည်းခိုဂေဟာတွင် တောင်ပေါ်သားခြေမြန်တပ်မှ တပ်ခွဲသုံးခု စခန်းချနေသည်။ အချက်ပြဆက်သွယ်ရေးတပ်သားက စာရွက်တစ်ရွက်ကို တပ်မှူး ကာနယ်ဆီသို့ ယူလာသည်။ "ဘာလဲဟေ့"ဟု ကာနယ်က မေးသည်။ အင်တိုနီးယက်ဂေဟာတွင် စခန်းချနေသည့် စစ်သားများထံမှ ပေးပို့လိုက်သည့် ကွန်ဗွိုင်းကားတန်း အတိုက်ခံနေရကြောင်း သတင်း ဖြစ်သည်။

တပ်မှူးမှာ ကာနယ်ဂျက်ချာချီ ဖြစ်သည်။ (၁၉၂၆)တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ တောင်ပေါ်သား ခြေမြန်တပ်ရင်းသို့ သူ ဝင်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဒန်းကတ်၌ တိုက်ခိုက်ခဲ့ရသည်။ စစ္စလီကျွန်းသိမ်းတပ်တွင် ပါဝင်ခဲ့ပြီး ဂျာမနီနိုင်ငံ ဒါချောမြို့သို့ ဝင်ရောက်သိမ်းပိုက်ခဲ့ရာတွင်လည်း ပါဝင်ခဲ့သူ ဖြစ်သည်။ သူကား လေးဆယ့်ရှစ်နှစ်အရွယ်ရှိ စကော့လူမျိုး ဖြစ်သည်။ ယခု တောင်ပေါ်သားတပ်ရင်း၏ ဒုတိယတပ်ရင်းမှူးအဖြစ် တာဝန်ယူနေသည်။ စကိုးပတ်တောင်ကုန်းနှင့် ဂျေရုဆလမ်မြို့အကြား မြေအနေအထားကို သူ ကောင်းကောင်းသိသည်။ ထိုလမ်းလုံခြုံရေးကို လပေါင်းများစွာက သူ တာဝန်ယူထားရသည်။ သို့ဖြစ်ရာ ချာချီသည် ဒင်ဂိုသံချပ်ကာကားပေါ်သို့ ပြေးတက်ကာ

http://mmteashop.com



ချုံခိုတိုက်ပွဲဖြစ်သည့်နေရာသို့ အမြန်ထွက်သွားသည်။

အက်စသာ ပတ်စမင်း စီးလာသည့် သူနာပြုယာဉ်မောင်းဒရိုင်ဘာသည် ကားကို နောက်ပြန်လှည့်ပြီး မောင်းထွက်ပြေးရန် ကြိုးစားသည်။ သူတို့နောက်တွင် ဘင်ဂျမင် အာဒင်၏ ခြောက်တန်ထရပ်ကားမှာ လက်ပစ်ဗုံးမှန်သဖြင့် တိုင်ယာများ ပြားချပ်သွားသည်။ သူလည်း နောက်ပြန်လှည့်ရန် ကြိုးစားသည်။ သူ့ခြေရင်းတွင် ပါလာသည့် ခရီးသည်က နောက်ဆုံးမွေးသည့် သူ့ကလေးကို မြင်ရတော့မည် မဟုတ်ဟု ညည်းညူနေသည်။ အာဒင်သည် သူ့ထရပ်ကားကို တစ်လက်မချင်း နောက်သို့ လှည့်ကာ ဂျေရုဆလမ်သို့ မောင်းပြေးသည်။ သူတို့နောက်သို့ ထရပ်ကားသုံးစီး၊ အက်စ်သာပတ်စမင်း၏ သူနာပြုယာဉ်နှင့် နောက်ဆုံးက လိုက်လာသည့် သံချပ်ကာကားတို့ လိုက်သွားကြသည်။

ကာနယ်ချာချီရောက်သွားသည့်အချိန်တွင် ရှေ့ဆုံးက သံချပ်ကာကား၊ ယတ်စကီ၏ သူနာပြုယာဉ်နှင့် ဘတ်စ်ကားနှစ်စီးတို့မှာ နက်ဂါ၏ ထောင်ချောက်တွင် ပိတ်မိနေကြသည်။ အဘက်ဘက်မှ လက်နက်ကိုင် အာရပ်များ လာနေသည်။ သံချပ်ကာကားထဲမှ ဂျူးတို့က အာရပ်တို့ကို ခုခံပစ်သည်။ ချာချီက ပါးစပ်တွင် လက်နှစ်ဖက်ကာပြီး အပစ်အခတ်ရပ်ရန် အော်ပြောသော်လည်း သူ့အသံသည် သေနတ်သံများအကြားတွင် ပျောက်သွားသည်။ အခြေအနေဆိုးသည်ကို သူသိသည်။ လမ်းဘေးတစ်လျှောက်လုံးရှိ အိမ်များတွင် အာရပ်များ နေရာယူထားသည်။ ဂျူးတို့ လွတ်မြောက်နိုင်ဖွယ် မမြင်။

ဆယ်နာရီခွဲတွင် ဂျေရုဆလမ် စစ်ဌာနချုပ်သို့ ကာနယ်ချာချီ ရေဒီယိုဖြင့် ဆက်သွယ်သည်။ အသက်ကယ် သံချပ်ကာကားအုပ်စုတစ်ဝက်ခန့်ပို့ရန်၊ အာရပ်များနေရာယူထားသည့် အိမ်များကို အမြောက်နှင့်ပစ်ခတ်ဖို့ အမိန့်ပေးနိုင်မည့် အရာရှိတစ်ယောက်ပို့ရန်နှင့် သူ့တပ်မှ သုံးလက်မမော်တာများ ပစ်ခတ်နိုင်ခွင့်ပြုရန်တို့ကို သတင်းပို့သည်။ သူ့တောင်းဆိုချက် သုံးခုအနက် ဒုတိယနှစ်ချက်ကို ငြင်းပယ်သည်။ တစ်ဖန် သူ့ဆီသို့ အသက်ကယ် သံချပ်ကာကားများ ရောက်လာရန် တစ်နာရီလောက် ကြာဦးမည်။ အခြေအနေကို လျစ်လျူရှုခြင်းသည် ဗြိတိသျှ စစ်ဌာနချုပ်၏ စိတ်မဝင်စားသော တုံ့ပြန်မှု ဖြစ်သည်။ ဗျူရိုကရေစီ ချုပ်ကိုင်မှုနှင့် မကျွမ်းကျင်မှုတို့ကြောင့် ကြန့်ကြာခြင်း ဖြစ်နိုင်သော်လည်း ဒေယာယက်ဆင်တွင် ရမ်းကားသွားသည့် ဂျူးတို့ကို ပြစ်ဒဏ်ခတ်လိုသည်မှာ ထင်ရှားသည်။ နက်ဂါအား မီးစိမ်းပြလိုက်သည့် တပ်မှူး၏ အဆင့်တွင် ဂျူးတို့အား မလိုလားသည့်စိတ်ဖြင့် ပူးပေါင်းကြံစည်မှု ရှိသည်မှာလည်း ထင်ရှားသည်။ သို့ဖြစ်ရာ ကွန်ဗွိုင်းကားတန်းကို အချိန်မီ လာရောက်မကယ်လျှင် ဗြိတိသျှတို့ဘက်တွင် ဘာဝန်ရှိသည်ဟု ကာနယ်ချာချီ ခံယူသည်။

ချာချီသည် အခြေအနေဆိုးမှ ကယ်တင်ရန် ဆုံးဖြတ်ထားပြီးဖြစ်ရာ စိန့်ပေါ်ဇာဟာသို့ ပြေးသွားပြီး ထရပ်ကားတစ်စီးနှင့် သံချပ်ကာကားငယ်လေးတစ်စီး ဆွဲယူလာသည်။ သူကိုယ်တိုင် တိုက်ပွဲဆင်မည်။

http://mmteashop.com



ဟာဂါနားအဖွဲ့သည် ယခုဖြစ်ပျက်နေသည့် အခြေအနေကို မသိ။ သို့ဖြစ်ရာ ချာချီ တတ်နိုင်သမျှဆောင်ရွက်သည်မှာ မှတ်တမ်းတင်လောက်သည်။ ဂျေရုဆလမ် တစ်ဖက်အစွန်တွင် ဟာဂါနားဆောင်ရွက်နေပုံကို နားစွင့်နေသည့် ကွန်ဗွိုင်းတစ်ခုရှိသည်။ ယင်းမှာ နက်ချူရှန် စစ်ဆင်ရေးဖြင့် ဂျေရုဆလမ် လမ်းမကြီးကို ဖွင့်ပြီးနောက် တယ်အဗစ်မှ ထွက်လာသည့် ဒုတိယကွန်ဗွိုင်း ဖြစ်သည်။ ဒေးဗစ်ရှယ်လတီးယယ်သည် ဂျက်ဖာလမ်းအတိုင်း ထွက်သွားသည့် ကွန်ဗွိုင်းသို့ သွားကာ တပ်မှူးထံ သံချပ်ကာကားများ ငှားသည်။ တပ်မှူးက မပေး။ ငြင်းလိုက်သည်။ တယ်အဗစ်သို့ အမြန်ဆုံး ပြန်လာရမည်ဟူသောအမိန့် ရှိသဖြင့် ငြင်းလိုက်ခြင်း ဖြစ်သည်။ ရှယ်လတီးယယ်အဖို့ သူ့တပ်ဖွဲ့မှ ကိုယ်ပိုင်ကား သုံးစီးသာ ရှိသည်။ ယင်းကို အရာရှိငယ်တစ်ယောက် ဖြစ်သည့် ဇဗီဆိုင်နိုင်းက ခေါင်းဆောင်သည်။

စစ်ဆင်ရေးမှာ ပြင်းထန်သည့် ဆန့်ကျင်မှုနှင့်ကြုံရသည်။ ပထမဆုံးကားကို ဝိုင်း၍ပစ်သည်။ အများအပြားဒဏ်ရာရပြီး ပိတ်မိနေသော ပထမကွန်ဗွိုင်းကို ကျော်ဖြတ်ကာ ဒဏ်ရာရသူများကို ဟာဒက်ဆားဆေးရုံသို့ အရောက်ပို့သည်။ နောက်ဆုံးကားသည် သေသူနှင့် ဒဏ်ရာရသူများကို တင်ကာ ဂျေရုဆလမ်သို့ ပြန်ပြေးသည်။ ဆိုင်နိုင်း၏ ကားကို မောင်းသူမှာ လမ်းမသိသည့် တယ်အဗစ်မှ ဒရိုင်ဘာ ဖြစ်သည်။ မိုင်းထိထားသော ကျင်းထဲသို့ ထိုးကျသွားသည်။ ကားထဲ ပါသွားသူတို့အနက် တစ်ယောက်သာ အသက်ရှင်သည်။ ဒရိုင်ဘာမှာ ကြောက်လန့်ပြီး ဆက်၍မသွားနိုင်တော့ဟု ဆိုသည်။

ဒရိုင်ဘာလေး၏ ခေါင်းကို ဆိုင်နိုင်းက သေနတ်နှင့်တေ့ပြီး "အာရပ်တွေ လက်ချက်နဲ့ အသေခံမလား၊ ဒါမှမဟုတ် ငါ့လက်ချက်နဲ့အသေခံမလား၊ ကားဆက်မမောင်းရင် မင်းကို ပစ်သတ်မယ်" ဟု ပြောသည်။ ဒရိုင်ဘာ ကားစက်နှိုးစဉ် အပြင်ဘက်တွင် ဗုံးတစ်လုံး ထပ်မံပေါက်ကွဲသည်။ အာရပ်၏မိုင်းကြောင့် ရှေ့ဘီးတစ်ခု ပြုတ်ထွက်သွားသည်။ ဆိုင်နိုင်း၏ ကားထဲတွင် ပါလမက်တပ်ဖွဲ့ဝင် ပါသည်။ သူတို့လည်း နက်ဂါ၏ ထောင်ချောက်တွင် နောက်ထပ် ပိတ်မိသွားသည်။

ထိုအချိန်တွင် ကာနယ်ချာချီသည် ဂျီအမ်စီ တစ်စီးနှင့် သံချပ်ကာ ကားငယ်လေးတစ်စီးတို့ကို ခေါင်းဆောင်ကာ မိုင်းထိသည့်နေရာသို့ ရောက်လာသည်။ ပိတ်မိနေသော ခရီးသည်များတွင် ဒေါက်တာယက်စကီတို့ လင်မယားပါသည် သိရသဖြင့် အံ့ဩမိသည်။ လွန်ခဲ့သည့် တစ်ပတ်လောက်က စကိုးပတ် တောင်ကုန်းပေါ်ရှိ ယက်စကီတို့ အိမ်တွင် သူ အစာစားခဲ့သေးသည်။ ချာချီသည် ဒင်ဂိုသံချပ်ကာကားငယ်နှင့်အတူ ထောင်ချောက်မိနေသည့် ယာဉ်တန်းဆီသို့ မောင်းနှင်သွားသည်။

"အာရပ်တွေက ငါ့ကိုပစ်ရင် သူတို့ကို မင်းကပြန်ပစ်"ဟု သံချပ်ကာကားထဲမှ သေနတ်ပစ်သူ ကက်ဆီဒီကို ချာချီမှာသည်။ ထို့နောက် ကားထဲမှထွက်ကာ ယာဉ်တန်း နောက်ဆုံးကားတစ်စီးကို တုတ်ဖြင့်ရိုက်သည်။ တံခါးလာဖွင့်သူ သူနာပြုဆရာမအား သူ၏ သံချပ်ကာကားဆီသို့ ပြေးရန် ပြောသည်။

http://mmteashop.com



"ကျွန်မတို့ မသေဘူးလို့ ရှင်အာမခံနိုင်လို့လား"သူနာပြု ဆရာမကမေးသည်။

"ဟင့်အင်း၊ အာမ မခံနိုင်ဘူး၊ တံခါးဖွင့်ပြီး အဲဒီကိုသာ ပြေးကြပေတော့"

"ကျွန်မတို့ အားလုံး သေမှာပေါ့"ဆရာမက ပြန်၍ အော်သည်။

"အဲဒီအဝဲမှာနေရင်လည်း သေမှာပဲ" ဟု ချာချီက ဆိုသည်။

ထိုအခါ ကားထဲမှ အသံတစ်သံ ကြားရသည်။ "ခင်ဗျားရဲ့ စစ်သားတွေက ဘာဖြစ်လို့ အာရပ်တွေကို မောင်းမထုတ်သလဲ"

ချာချီ ဒေါသထွက်လာသည်။ သူ့အသက်ကိုပင် စွန့်ကာ ဤလူများကို ကယ်ရအောင် သူ လာခဲ့သည်။ ယခုမူ သူ့ကို ပြန်၍ ဆင်ခြေတက်နေသည်နှင့် ကြုံနေရသည်။ "ဟာဂါနား တပ်ဖွဲ့က လာပြီး ကယ်တင်တဲ့အထိ ကျွန်တော်တို့ စောင့်နေမယ်" ဟု အသံတစ်သံက ဆိုသည်။

ထိုအချိန်မှာပင် သူ့နောက်ဘက်က အော်ဟစ်သံတစ်ခု ကြားရသည်။ သံချပ်ကာကားမှ သေနတ်ပစ်သူ ကက်ဆီဒီလည်ပင်းတွင် သေနတ်မှန်သည်။ ချာချီက ပိတ်မိနေသော ခရီးသည်များကို ထွက်ပြေးရန် နောက်ဆုံး အခွင့်အရေးပေးသည်။ သူတို့က ငြင်းသည်။ ချာချီလည်း ကက်ဆီဒီဆီသို့ ဒယီးဒယိုင် ပြေးသွားပြီး အင်တိုးနီးယပ်ဂေဟာသို့ သယ်ပို့ပေးသည်။ ဂျူးတို့ကို ကယ်တင်ရန် အပြင်းအထန် ကြိုးစားသည့် ဗြိတိသျှတို့ဘက်က အားထုတ်မှုတစ်ခု မအောင်မြင်။

ကွန်ဗွိုင်းယာဉ်တန်း သေမင်းတံခါးဝတွင် ပိတ်မိနေသည်ကို ဂျေရုဆလမ် မြို့သူမြို့သား တစ်ဝက်လောက် မြင်နေရသည်။ အိမ်ခေါင်မိုးများ၊ အိမ်ဝရန်တာများ၊ ပြတင်းများ၊ အစိုးရအိမ်တော်နှင့် စကိုးပတ်တောင်ကုန်းတို့မှစီး၍ မြင်နေရသည်။ လာရောက်ကယ်တင်ပါဟု အကြိမ်ပေါင်းများစွာ အကြောင်းကြားသော်လည်း ဗြိတိသျှတို့က ဘာမျှတုံ့ပြန်ခြင်း မပြုဘဲ သည်အတိုင်းကြည့်နေသည်။

ပထမဆုံး အကြောင်းကြားပြီးနောက် နှစ်နာရီအကြာ ဆယ့်တစ်နာရီခွဲတွင် ပထမဆုံး အသက်ကယ် သံချပ်ကာကားများ ရောက်လာသည်။ ရှေ့ဆုံးကားမှ ပစ်သံကြားရသည်။ သို့သော်လည်း သေနတ်ဂျမ်းဖြစ်သွားသည်။ နောက်နှစ်နာရီကြာမှ စစ်ကူကားများ ထပ်၍ရောက်လာသည်။ မော်တာပစ်ခွင့်ကို မွန်းတည့်မှ ကာနယ်ချာချီရသည်။ သည့်ထက်ကြီးသည့် လက်နက်ကြီးများ ပစ်ခွင့်ကိုမူ လုံးဝမရ။ ဟာဂါနားတပ်ဖွဲ့ဝင်များ ကြားဝင်လျှင် သူ့လူများ အပစ်ခံရလိမ့်မည်ဟု ဗြိတိသျှတို့က ခပ်ပြတ်ပြတ်သတိပေးသည်။

ဇဗီဆိုင်နိုင်း၏ သံချပ်ကာကား တစ်ခုတည်းသာ အာရပ်ရာပေါင်းများစွာကို ခံ၍ပစ်နေသည်။ ကားထဲတွင် အခြေအနေမှာဆိုးသည်။ ပထမဆုံး သေနတ်မှန်၍ သေသူမှာ ရှေးဦးသူနာပြုတစ်ယောက် ဖြစ်သည်။ ကားကြမ်းပြင်တွင် သွေးများ အိုင်ထွန်းနေသည်။ ဒဏ်ရာရသူတို့ လဲနေကြသည်။ ရှင်သူတို့ တစ်ဖက်မှတစ်ဖက်သို့ ခုန်ကူးကာ သံချပ်ကာအပေါက်များကြားမှ စတင်းဂန်းများဖြင့် ပြန်၍ပစ်ရန် ကြိုးစားကြသည်။ ထိုစဉ် ဒဏ်ရာ

http://mmteashop.com



ရသူများအပေါ် နင်းမိသည်။ အော်သံကြားလျှင် မသေသေးသူ ဖြစ်သည်ဟု သိရသည်။ ဒဏ်ရာရသူများကို ကြည့်ရှုဆေးထည့်ပေးမည့်သူ မရှိ။ တဖြည်းဖြည်း သွေးလွန်ကာ သေကြရသည်။

လမ်းဘေးတွင် ဆယ့်သုံးနှစ်အရွယ် ဂျမေးဘာဇီယန်ဆိုသော အာရပ်ကလေး တစ်ယောက် သူ့ဘေးကလူများ စောင်စုတ်များကို ခုတ်ဆီဆွတ်ကာ ကားများဆီသို့ ပစ်သွင်းသည်ကို ကြည့်နေသည်။

သုံးနာရီ ဆယ့်ငါးမိနစ်တွင် သူနာပြုယာဉ် ဒရိုင်ဘာဘေး၌ ထိုင်နေသော ဒေါက်တာ ယတ်စကီသည် အပေါက်ကလေးတစ်ခုမှ နောက်ဘက်သို့ ငုံ့စောင်းကြည့်သည်။ သူ့နောက်ဘက် ကိုက်တစ်ရာလောက်တွင် ဂျမေးဘာဇီယန် မြင်သည့် လူများ၏ အဖျက်လုပ်ငန်းကို မြင်ရသည်။ သူ့မိတ်ဆွေ အပေါင်းအဖော်များ စီးလာသည့် ဘတ်စ်ကား နှစ်စီး လိမ္မော်ရောင် မီးတောက်များအောက်တွင် မီးလောင်နေသည်ကို ဒေါက်တာ ယတ်စကီမြင်ရသည်။ သူ့ဇနီးဘက်သို့ လှည့်ကာ "နှုတ်ဆက်ပါတယ် အချစ်ရေ၊ တို့ဘဝ နိဂုံးချုပ်တော့မယ်"ဟု ဆိုသည်။

ထို့နောက် ယတ်စကီက ရှေ့ဘက်သို့ပြန်အလှည့်တွင် ယာဉ်ကြမ်းပေါ်သို့ ငိုက်စိုက်ကျသွားသည်။ သူ့ဆီသို့ သူ့ဇနီး ပြေးသွားသည်။ ဟာဒက်ဆား ဆေးရုံညွှန်မှူး သေဆုံးသွားပြီ။ သူ့ဇနီးဘက်သို့ လှည့်၍ စကားပြောခိုက် သံချပ်ကာကားအပေါက်ကြားမှ ဝင်လာသည့် ကျည်ဆန်က သူ့ကို မှန်ခြင်း ဖြစ်သည်။

ခဏနေလျှင် သူနာပြုယာဉ်တံခါးခေါက်သံကို ကြားရသည်။ "မြန်မြန်ဖွင့်စမ်း" စူးရှသည့် အော်သံဖြစ်သည်။ မီးလောင်သည့် ဘတ်စ်ကားများမှ မသေဘဲ ကျန်ရစ်သူ တစ်ယောက်က လာ၍ဖွင့်ခိုင်းခြင်း ဖြစ်သည်။ "ဒီထဲမနေနဲ့ ပြေးကြ၊ ခင်ဗျားတို့ အားလုံး ကင်ပြီးသားဖြစ်သွားမယ်" ထိုစကားကြားသည့် သူနာပြုယာဉ်မောင်း ယီမင်လေးသည် တံခါးကိုဖွင့်ပြီး အပြင်သို့ ဆင်းသည်။

ကားထဲမှ ခရီးသည် ဒေါက်တာ ယေဘူဒါတစ်ယောက်လည်း ဒရိုင်ဘာလေး နောက် လိုက်မည် ဆုံးဖြတ်လိုက်သည်။ ဤကွန်ဗွိုင်းတွင် အစက သူပါဖို့မဟုတ်။ ရဲဘော် ဆရာဝန်တစ်ယောက်ကိုယ်စား သူလိုက်ပါခဲ့ခြင်း ဖြစ်သည်။ အပြင်ဘက်သို့ ရောက်ပြီး လမ်းဘေးကျင်းတစ်ခုထဲ လှိမ့်ချလိုက်သည်။ "အင်း ဒီနေရာမှာ စီးကရက်သောက်လို့ တောင် ရသားပဲ" ဟု စိတ်ကူးပေါ်မိသည်။ သို့သော်လည်း ခပ်လှမ်းလှမ်းမှ သေနေသူ တစ်ယောက်ကိုမြင်ပြီး အန်တိုနီးယပ်ဂေဟာဆီသို့ တွားသွားသည်။ သူ သွားနေသည်ကို ဂျမေးဘာဇီယန် မြင်သည်။ သူ့ကို ဝိုင်း၍ပစ်ကြရာ နောက်ကျောသို့ သေနတ်တစ်ချက်မှန်သည်။ သို့သော်လည်း အန်တိုနီးယပ်၏ ပန်းခြံနား ရောက်သည်အထိ အားယူ၍သွားသည်။ "အတော်ကံကောင်းတဲ့လူပဲ"ဟု ဆယ့်သုံးနှစ်သား ဂျမေးကားစိတ်ထဲမှာ အောက်မေ့မိပြီး သက်ပြင်းတစ်ချက် သူချသည်။

http://mmteashop.com



ကေတီအန်တိုနီးယပ်အိမ်ထဲတွင် ယောက်ယက်ခတ်နေသည်။ ပါကေးကြမ်းပြင်ပေါ်တွင် ဒဏ်ရာရသူ အာရပ်၊ ဂျူးနှင့် ဗြိတိသျှတို့ ပြန့်ကြဲနေကြသည်။ တောင်ပေါ်သား ခြေမြန်တပ်ရင်းမှ ကပ္ပတိန် ဂျိမ်းကရောဖို့သည် ဟာဒက်ဆားဆေးရုံသို့ သွားပြီး ဒဏ်ရာရသူများကို ပြုစုရန် ဆရာဝန်တစ်ယောက် ခေါ်လာသည်။

မိုဟာမက်နက်ဂါ မိုင်းခွဲအပြီး ခြောက်နာရီအကြာ ညနေ သုံးနာရီခွဲမှ ဗြိတိသျှစစ်ဌာနချုပ်က သူ့တပ်များကို ဝင်ရောက်ထိန်းသိမ်းရန် အမိန့်ပေးသည်။ ချာချီနှင့် တောင်ပေါ်သားစစ်သားများ ကပ္ပတိန် မိုက်ကယ်နေလာလေးလင်းနှင့် သူ့သံချပ်ကာကားများက အကာအကွယ်အဖြစ် ပစ်ခတ်ပေးသည်။ မိုက်ကယ်၏ သံချပ်ကာကားများ ထောင်ချောက်အနီးသို့ ရောက်လျှင် အကာအကွယ်အဖြစ် မီးခိုးမှိုင်းလွှတ်ပေးရန် ရေဒီယိုဖြင့် နောက်ဘက်သို့ ဆက်သွယ်သည်။ ဘယ်လိုမီးခိုးမှိုင်းမျိုးလဲ မေးနေသဖြင့် မိုက်ကယ် ဒေါသဖြစ်ရသည်။ နောက်ဆုံးတွင် သူ့ကားတွင် ရှိသမျှ မီးခိုးမှိုင်းအားလုံးကို ထုတ်လွှတ်လိုက်သည်။

ထောင်ချောက်မိနေသော ကားများထဲမှ ကျန်ရစ်သူများကို ကားထဲမှ ခေါ်ထုတ်သည်။ သို့ြောလည်း လူခြောက်ယောက်ပင် မပြည့်ချင်။

ဒဏ်ရာရသူ တစ်ယောက်မှာ ဇီဆိုင်နိုင်း ဖြစ်သည်။ သတိမရဘဲ ကယောင်ကတမ်း ပြောနေသည်။ ဆိုင်နိုင်းကို ထမ်းစင်ဖြင့် တင်ကာ ဟာဒက်ဆားဆေးရုံသို့ ပို့သည်။ ဆရာဝန်တစ်ယောက်ရောက်လာပြီး ဘယ်သူ့ကို အရင်ကြည့်ရမည်လဲ စူးစမ်းသည်။ ဆိုင်နိုင်းမျက်နှာကို ကြည့်ကာ "သူမဟုတ်သေးဘူး၊ အာရပ်ထဲက တစ်ယောက်ပဲ"ဟု ဆရာဝန်ဆိုသည်။ ဆိုင်နိုင်းမှာ အားမရှိသဖြင့် ဘာမျှပြန်မပြောနိုင်။ သွေးလွန်သဖြင့် ခေါင်းထဲမှာ မူးဝေနေသည်။ သူနာပြုဆရာမတစ်ယောက်က ဆိုင်နိုင်းကို လှမ်း၍ကြည့်သည်။ "ဘုရားသခင်ကယ်တော်မူပါ၊ အဲဒါ အာရပ်မဟုတ်ဘူး၊ အဲဒါ ဇီဆိုင်နိုင်းရှင့်"ဟု ဆိုသည်။

ညအမှောင်ရောက်လာလျှင် အားလုံး တိတ်ဆိတ်သွားသည်။ မီးခိုးအနည်းငယ် မိုးပေါ်သို့ တက်နေဆဲ ဖြစ်သည်။ မီးလောင်ထားသည့် လူသေများ အနံ့အသက်များ ပုပ်ဟောင်လာသည်။

အနည်းဆုံး ယောက်ျား မိန်းမ ခုနစ်ဆယ့်ငါးယောက်ထက်မနည်း သေသည်။ မီးတောက်များ အကြားတွင် အလောင်းနှစ်ဆယ့်လေးခုမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိနိုင်တော့ပေ။

နောက်တစ်နေ့ မနက်တွင် ဟာဂါနား ကင်းစခန်းမှ မိုရှေဟီးလမင်းသည် အပျက်အစီးများ အကြားမှ ဦးထုပ်တစ်ခု၊ နားကြပ်တစ်ခုနှင့် မျက်မှန်တစ်လက် တွေ့သည်။ ထို့နောက် အကြွင်းအကျန်များကို ဖျက်ဆီးရန် ဗြိတိသျှလက်သို့ အပ်လိုက်သည်။

http://mmteashop.com



ဒီဇင်ဘာမှာတုန်းကလိုပင် ကိုင်ရိုင်မြို့က ဆာအယ်နီး လမ်းမကြီးရှိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးရုံးခန်းတွင် ခေါင်းဆောင်များ စုဝေးရောက်ရှိနေကြသည်။ သည်တစ်ကြိမ်တွင်မူ သဲကန္တာရကို ဖြတ်တိုက်လာသည့် ခမ်ဆင်တောင်လေသည် သူတို့မျက်နှာများကို အပူငွေ့ပေးပြီး ဖုန်မှုန့်များပက်ဖြန်းနေသည်။ အာရပ်အဖွဲ့ချုပ် ခေါင်းဆောင်တို့သည် ညဉ့်နက်သည်အထိ အချေအတင်ဆွေးနွေးကြသည်။

ပါလက်စတိုင်း အခြေအနေသည် အရေးကြီးသည့် အချိန်သို့ ရောက်လာသည်။ စောစောပိုင်းက အာရပ်ပြောက်ကျားတို့၏ တိုက်ပွဲများ အောင်မြင်သည်။ ယခုမူ အခြေအနေက ပြောင်းပြန်ဖြစ်နေသည်။ ဂျေရုဆလမ် လမ်းမကြီးကို ဟာဂါနားက ယာယီပြန်ဖွင့်နိုင်ခဲ့သည်။ အာရပ်ခေါင်းဆောင် အက်ဘဒူခါဒါဟတ်ဆေနီ ကျဆုံးခဲ့သည်။ ကောက်ဂျီ၏ လွတ်မြောက်ရေးတပ်များ ထင်တိုင်းမပေါက်။ ဒေယာယက်ဆင် လူသတ်ပွဲကြောင့် အာရပ်များ ပါလက်စတိုင်းမှ ထွက်ပြေးကြသည်။ ဘာရီဆိပ်ကမ်းတွင် ရိုင်ဖယ်ခြောက်ထောင်နှင့် ကျည်ဆန်ရှစ်သောင်း ရေအောက်၌ ဆုံးရှုံးခဲ့ရသည်။ အရှုံးများ ရင်းစားရနိုင်ရန်မှာ အာရပ်နိုင်ငံများ၏ တပ်မတော်များ ဝင်ရောက်တိုက်ခိုက်ရေးအပေါ် တည်သည်။

လွန်ခဲ့သည့် ခြောက်လကမူ သူ့ကို ရန်သူ၏ နည်းဗျူဟာမှာ ပါလက်စတိုင်းတွင် ဗြိတိသျှ ထိန်းသိမ်းမှုကာလ ကုန်ဆုံးလျှင် အာရပ်တို့က ဂျူးနိုင်ငံသစ်ကို တိုက်မည်ဟူသော အယူအဆအပေါ် အခြေခံသည်။ ထို့ကြောင့် ဘင်ဂူရီယန်က ဂိုလ်ဒါမေယာကို အမေရိကသို့ လွှတ်ကာ ငွေစုဆောင်းသည်။ အရှေ့ဥရောပသို့ လက်နက်ဝယ်ခိုင်းသည်။ သို့ရာတွင် အာရပ် ခေါင်းဆောင်တို့ကမူ ဒီဇင်ဘာ ·သဘောတူညီချက်ကိုပင် မပြည့်ဆည်းနိုင်ကြပေ။

သူတို့မှာ စစ်ကို ရွေးစရာမလို။ လွန်ခဲ့သည့် လအနည်းငယ်ကထက် ပါလက်စတိုင်း ဖြေရှင်းရေး အခြေအနေကောင်းသည်။ အနောက်နိုင်ငံများက ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းချင်ကြသည်။ ပြောက်ကျားစစ်ဖြင့် မအောင်မြင်သည့်တိုင် အာရပ်တို့မှာ သံတမန်နည်းအရ အောင်ပွဲခံနေရသည်။ အမေရိကန်ပြည်ထောင်စုက ခွဲခြမ်းရေးအစားကုလသမဂ္ဂ ထိန်းသိမ်းမှုအောက်သို့ ပို့ချင်သည်။ ယခုအခါ ကုလသမဂ္ဂက နှစ်ဖက်စလုံးအား အပစ်အခတ်ရပ်စဲရန် ပန်ကြားသည်။

အပစ်အခတ်ရပ်စဲပြီးနောက် ပါလက်စတိုင်းခွဲခြမ်းရေးကိစ္စကို အခြေအမြစ်က ပြန်လည် စူးစမ်းလေ့လာမည်ဟူသော စိတ်ကူးတစ်ခု ပါရှိသည်။ အာရပ်ခေါင်းဆောင်များသည် ထို အခွင့်အရေးကို အမိဖမ်းကာ သည့်ထက်ပိုကောင်းသော ပါလက်စတိုင်း အရေး ဖြေရှင်းနည်းကို သံတမန်နည်းအရ ချဉ်းကပ် ဆွေးနွေးနိုင်သည်။ သို့မဟုတ် ဟတ်ချ်အာမင်၏ ပြောက်ကျားတပ်များက ဂျူးတို့ကို နိုင်အောင်မတိုက်နိုင်လျှင် အာရပ်နိုင်ငံများက ပေါင်းစည်းကာ စစ်ရေးဆင်နွှဲသင့်သည်။

http://mmteashop.com



အာရပ်အဖွဲ့ချုပ် အသိုင်းအဝိုင်းသို့ နောက်ဆုံးဝင်လာသူမှာ ဟတ်ချ်အာမင် ဟတ်ဆေနီ ဖြစ်သည်။ သူကလွဲလျှင် အားလုံးသည် မျှမျှတတ အတွေးအခေါ်ရှိသူများ ဖြစ်ပြီး ပညာတတ်များ ဖြစ်ကြသည်။ မိမိတို့၏ တော်လှန်ရေးက အာရပ်လောက၏ အနေအထားကို ချက်ချင်း ပြောင်းလဲပစ်နိုင်လိမ့်မည်ဟု တွေးခေါ်သည့် အစွန်းရောက် ခေါင်းဆောင်များတွင် သူတို့မပါ။ သူတို့သည် တည်ငြိမ်သည့် ဘူဇွာများ ဖြစ်သည်။ စွန့်စွန့်စားစား လှုပ်ရှားလိုသူများ မဟုတ်။ အပြောင်းအလဲကိုလည်း မလိုလားကြ။ တစ်ဦးချင်းအနေဖြင့်မူ လူထုနှင့် အနေဝေးပြီး တစ်ချိန်က သူတို့ကို အုပ်စိုးခဲ့သည့် အနောက်နိုင်ငံသားများနှင့်ပို၍ နီးစပ်သည်။ အနောက်ယဉ်ကျေးမှုကို သူတို့ ကြိုက်နှစ်သက်သည်။ ဆီးရီးယားမှ ဂျမေးမာဒမ်သည် မက်မန်းသီးခြံစိုက်ပြီး အာရပ်ကဗျာကို ရွတ်ဖတ်နေချင်သူ ဖြစ်သည်။

လက်ဘနွန်မှ ရီးယက်ဆိုးသည် ဂန္ထဝင်စာပေကို ဖတ်ရှုလေ့လာသည်။ သူ့အိပ်ရာဘေးတွင် မွန်တိန်း၊ ဒေးတတ်နှင့် ရှုးဆိုးတို့၏ စာအုပ်များ အမြဲရှိသည်။ ညဘက်တွင် ယင်းတို့အနက် တစ်ခုခုဖတ်ပြီးမှ အိပ်ပျော်သူ ဖြစ်သည်။ အက်ဇမ်ပါရှားသည် အလွန်ယဉ်ကျေးသိမ်မွေ့သည်။ လူကြီးလူကောင်းပီသပြီး ဆရာဝန်ဘွဲ့တစ်ခု သူ ရခဲ့သည်။ အီဂျစ်ပါလီမန်တွင် အသက်အငယ်ဆုံး ကိုယ်စားလှယ်ဖြစ်သည်ကို သူ ဂုဏ်ယူသည်။ သူသည် အာရပ်အဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ်တာဝန်ကို ယူထားသည်။ အီရတ်မှ နူရီအက်ဆက်သည် သဲကန္တာရထဲတွင်ထက် လန်ဒန်တွင် ပို၍ပျော်မွေ့သူ ဖြစ်သည်။

တစ်ဦးချင်းမူ သူတို့မှာ အလွန်တော်သူများ ဖြစ်သည်။ သို့သော်လည်း သူတို့၏ စုပေါင်းခေါင်းဆောင်မှု အောက်တွင်ကား အာရပ်လူမျိုးတို့မှာ ပျက်စီးဆုံးပါးခြင်းသို့ ရှေးရှုနေသည်။ "ဂျူးတို့ကို သူတို့ မချေမှုန်းနိုင်ဟူ၍ကား ဘယ်တော့မှ သူတို့စိတ်ကူးထဲတွင် မရှိ" ဟု အမ်မမ်မြို့ရှိ ဗြိတိန်၏ သံအမတ်ကြီး ဆာအလက်ဘက်ဘရိုက်က ဆိုသည်။

သူတို့သည် နိုင်ငံခြားသားများနှင့် ပြောဆိုဆက်ဆံလျှင် ကျိုးကြောင်း ဆင်ခြင်တုံတရားအပြည့် ရှိသည်။ ပြည်သူနှင့် ဆက်ဆံသည့်အခါတွင် စကားလုံး ကြီးကြီးကျယ်ကျယ်များပြောကာ အထင်ကြီးအောင် လုပ်တတ်သည်။ ဂျူးကို သူတို့လောက်မုန်းသူ မရှိဟု ထင်အောင် ဟောပြောစည်းရုံးတတ်သည်။ ယခု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးရုံးသို့ ရောက်လာသူအားလုံး "ဂျူးတွေကို ပင်လယ်ထဲ မောင်းထုတ်မယ်" ဟု ကြွေးကြော် ကြသည်ကို အတည်ယူ၍မရ။ သူတို့ သတိမေ့နေတာ တစ်ခုရှိသည်။ သူတို့ ရန်သူဖြစ်သည့် ဂျူးတို့သည် ဟစ်တလာ၏ ဓာတ်ငွေ့ခန်းထဲသို့ သူတို့အမျိုးသား ခြောက်သန်းမောင်းနှင်ခံရပြီး စတေးခံခဲ့ရသည်ကို မြင်ဖူးသူများ ဖြစ်သည်ကို သူတို့ မေ့နေသည်။ ကိုင်ရို နိုင်ငံခြားရေးဝန်ကြီးရုံးတွင် သူတို့ ကြိမ်းမောင်းသည့် စကားများကို အတည်ဟု မယူနိုင်သော်လည်း တယ်အဗစ် လမ်းဘေးစကြိုတို့တွင် ထိုအကြောင်း ဖတ်ရသူတိုင်းက အတည်ဟု ယူဆလက်ခံကြသည်။

http://mmteashop.com



အက်ဇမ်ပါရှားသည် အရင်ကအတိုင်းပင် ပါလက်စတိုင်းတွင် စစ်ရေးအရ ဖြေရှင်းရန်ကို ဆက်လက်တင်ပြသည်။ သူ့ရဲဘော်အာရပ်ခေါင်းဆောင်များအား အခြားနည်းလမ်းရွေးရန် အက်ဇမ်ပါရှား မတင်ပြ။ သို့သော်လည်း ဗြိတိသျှ သံအမတ်ကြီး ဆာရိုနယ်ကင်းဘဲနှင့် တိတ်တဆိတ်တွေ့ဆုံပြီး ဗြိတိသျှအစိုးရအား ပါလက်စတိုင်းတွင် နောက်တစ်နှစ်ဆက်၍ နေရန် တိုက်တွန်းပေးပါဟု ဆိုသည်။ ဗြိတိသျှတို့က အာရပ်တို့အား စစ်ရေးအရ မဖြေရှင်းရန် ကြံဆောင်ပေးလိမ့်မည်ဟု သူ မျှော်လင့်သည်။

ဂျမေးမာဒမ်၏ ဆီးရီးယား အစိုးရသည် ဂျူးတို့အား ပင်လယ်ထဲ မောင်းထုတ်မည်ဟု ထိုနှစ် တစ်ဆောင်းလုံး ကြွေးကြော်ခဲ့သည်။ သို့သော်လည်း သူ့ဇနီးသည် ဂျေရုဆလမ်သို့ မှန်မှန်သွားကာ သူ၏အစာအိမ်ရောဂါကို မိသားစု ဂျူးဆရာဝန်နှင့် ကုသခဲ့သည်။ ထရန်းစ်ဂျော်ဒန်ဘုရင် အက်ဘဒူလာသည် သူ့နိုင်ငံတော်ဘုန်းမီးနေလတောက်ပအောင် စစ်တပ်ကို အသုံးပြုခဲ့သည်။ သူ့စစ်တပ်သည် ဂျူးကို တိုက်ရန် မပါဝင်။ အီဂျစ်၏ ဒူကရာရှီပါရှားကမူ ပါလက်စတိုင်းမှ ဂျူးတို့ကို တိုက်ထုတ်ရန်ထက် စူးအက်တူးမြောင်းမှ ဗြိတိသျှကို တိုက်ထုတ်ရန် ပို၍ စိတ်ဝင်စားသည်။ အီရတ်၏ နူရီအက်ဆက်သည် သူ့စစ်တပ် ဘယ်မျှတိုက်ရည်ခိုက်ရည် ကောင်းကြောင်း အမြဲ ပြောခဲ့သည်။ သို့သော်လည်း တကယ့်အရေးတွင်မူ သူ့စစ်တပ်သည် ဂျူးကို တိုက်သည့် စစ်မျက်နှာသို့ မရောက်လာခဲ့ပေ။ ပါလက်စကိုင်းခွဲခြမ်းရေး မဖြစ်မြောက်အောင် စစ်ရေးအရ တိုက်ခိုက်ပါဟု အတိုက်တွန်းဆုံးမှာ လက်ဘနွန်၏ ရိယတ်ဆိုး ဖြစ်သည်။ ထရန်းစ်ဂျော်ဒန်၏ဘုရင်အက်ဘဒူလာသည် သူနှင့်စာလျှင် ဂျူးအေဂျင်စီနှင့်ပို၍ သင့်မြတ်သည်။ ပြီးခဲ့သည့် ခုနစ်လအတွင်း ပဲရစ်ရှိ သူ၏ဟိုတယ်ခန်းတွင် နံနက် (၇)နာရီတိုင်း ဂျူးအေဂျင်စီ၏ တူဗီယာအဇာနီနှင့် မှန်မှန်တွေ့ဆုံခဲ့သည်။

"ခင်ဗျားတို့နဲ့ ငြိမ်းချမ်းရေးလုပ်ဖို့ ကျွန်တော်တို့ ဇွတ်အတင်းခိုင်းမှ ဖြစ်မယ်ဆိုတာ အမေရိကန်တွေ သဘောပေါက်အောင် လုပ်ရမယ်။ ကျွန်တော်တို့က ငြိမ်းချမ်းရေးလုပ်ချင်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအရ ငြိမ်းချမ်းရေးလုပ်ဖို့က ဇွတ်အတင်းခိုင်းမှ ဖြစ်နိုင်မယ်" ဟု တူဗီယာအား သူ ပြောသည်။

ဧပြီ (၁၆)တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပရန် ရှိသည်။ ထိုအစည်းအဝေးသို့ ပါလက်စတိုင်းအား ကုလသမဂ္ဂ အုပ်ထိန်းမှုအောက်တွင် ထားရှိရန် အမေရိကန်၏ အဆိုပြုချက်တစ်ခုကို ကိုင်ရိုမြို့ရှိ အမေရိကန်သံရုံး ပထမအတွင်းဝန်ဂျော့အယ်လင်က အက်ဇမ်ပါရှားအား တင်ပြသည်။ အာရပ်အဖွဲ့ချုပ်၏ သဘောထားကို ဂျော့အယ်လင် သိချင်သည်။ ဟတ်ချ်အာမင်ဟတ်ဆေနီက ယင်းအဆိုကို ဆွေးနွေးရန် ဆီးရီးယား၊ ထရန်းစ် ဂျော်ဒန်နှင့် ပါလက်စတိုင်းတို့ ပါဝင်သည့် အထူးကော်မတီတစ်ခု ဖွဲ့စည်းရန် ချက်ချင်းပင် အကြံပြုသည်။ ထို့နောက် မိနစ်အနည်းငယ်ကြာသည်တွင် ကုလသမဂ္ဂ၏ စေ့စပ်ဆွေးနွေးရေး အဆိုပြုချက်ကို အမြန်ဆုံး ပြန်ကြားရန် ထိုကော်မတီက စဉ်းစားသည်။

http://mmteashop.com



လေးဆယ့်ရှစ်နာရီအတွင်း ကိစ္စနှစ်ခုစလုံးကို ဆွေးနွေးကာ အစီရင်ခံစာတစ်ခု အသင့် ဖြစ်သည်။ အနည်းငယ်ပြင်ဆင်ပြီး နယူးယောက်သို့ ပို့လိုက်သည်။ ပြန်ကြားချက်မှာ မည်သူမျှ လက်ခံနိုင်စရာ အကြောင်းမရှိ။ အောက်ပါတို့ သဘောတူမှ စေ့စပ်ဆွေးနွေးရေးကို အာရပ်တို့ လက်ခံမည်ဟုဆိုသည်။ ယင်းတို့မှာ ဟာဂါနားအဖွဲ့ ဖျက်သိမ်းရမည်။ စတန်းဂိုဏ်းနှင့် အိုင်ယာဂန်ဂိုဏ်းတို့ လက်နက်ရုပ်သိမ်းရမည်။ ပါလက်စတိုင်းသို့ ပြည်ပမှ ဂျူးများ နောက်ထပ်မဝင်ရ။ ပါလက်စတိုင်းသို့ ရောက်နေသည့် ပြည်ပမှ ဂျူးများကို လက်မခံဘဲ နှင်ထုတ်ရမည်။ ပါလက်စတိုင်း ထိန်းသိမ်းမှုကို ကုလသမဂ္ဂလက်အောက်တွင် မထားနိုင်။ အာရပ်နိုင်ငံများ ပါဝင်သည့် အဖွဲ့က ထိန်းသိမ်းမည်။ ပြီးလျှင် အာရပ်ပါလက်စတိုင်းနိုင်ငံ ထူထောင်မည်။ ထိုပြန်ကြားချက်အရ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှိုင်းဟင်ဒါဆင်၏ စီမံကိန်းသည် ပျက်ပြားသွားသည်။

စေ့စပ်ဆွေးနွေးရေးကို မလိုလားလျှင် စစ်တိုက်ရန်သာ ရှိတော့သည်။ သို့ဖြစ်လျှင် စစ်အတွက် ပြင်ဆင်ရမည်။ ပြောသလောက်ကား မလွယ်။ ပထမဆုံးအကြိမ် ကိုင်ရိုတွင် တွေ့ကြစဉ် ရန်ပုံငွေအတွက် အာရပ်နိုင်ငံများက စတာလင်ပေါင် လေးသန်းပေးရန် သဘောတူခဲ့သည်။ တကယ်တမ်းတွင်ကား ဆယ်ပုံတစ်ပုံသာ စုဆောင်းနိုင်ခဲ့သည်။ အာရပ်လီးဂျင်းတပ်မှ လွဲလျှင် လွန်ခဲ့သည့် လေးလအတွင်း မည်သည့် အာရပ်စစ်တပ်မျှ စစ်ပြင်ဆင်မှု ထိထိရောက်ရောက် မလုပ်ရသေး။ လက်နှိပ်စက် ရိုက်ထားသော ဆယ့်ငါးမျက်နှာရှိ စီမံကိန်းနှင့် အတူ မြေပုံသုံးခု ပါရှိသည့် ပြင်ဆင်မှုတစ်ခုသာ ပြီးစီးသည်။ ထိုစီမံကိန်းမှာ ပါလက်စတိုင်းသို့ ဝင်ရောက်သိမ်းပိုက်ရေး ဖြစ်သည်။

ထိုစီမံကိန်းကို မေဂျာဝပ်စဖီတဲ ရေးဆွဲသည်။ စောစောပိုင်းက "တဲ" သည် ဟာဂါနားအဖွဲ့အင်အားကို အထင်မသေးရန် ဆာဖဝပ်ပါရှားအား သတိပေးခဲ့ဖူးသည်။ သူ့စီမံကိန်းအရ မြောက်ဘက်စစ်မျက်နှာတွင် လက်ဘနွန်၊ ဆီးရီးယားနှင့် လွတ်မြောက်ရေးတပ်များကို အီရတ်သံချပ်ကာကားတပ်က ရှေ့ဆောင်ကာ ထိုးစစ်ဆင်ပြီး ဟိုက်ဖာဆိပ်ကမ်းမြို့ကို သိမ်းမည်။ တောင်စစ်မျက်နှာတွင် လက်ဘနွန်၊ ဆီးရီးယားနှင့် လွတ်မြောက်ရေးတပ်များကို အီရတ်သံချပ်ကာကားတပ်က ရှေ့ဆောင်ကာ ထိုးစစ်ဆင်ပြီး ဟိုက်ဖာဆိပ်ကမ်းမြို့ကို သိမ်းမည်။ တောင်စစ်မျက်နှာတွင် သေးမြှောင်သော ကမ်းရိုးတန်းကို အီဂျစ်စစ်တပ်က ဦးဆောင်ချီတက်ကာ ဂျက်ဖာမြို့ကို သိမ်းပိုက်မည်။ ထိုအခါ ဂျူးနိုင်ငံသစ်တွင် ပယ်လယ်ဆိပ်ကမ်းမြို့များ လက်လွတ်သွားပြီး ဗြိတိသျှတို့ ဆုတ်ခွာပြီးနောက် လူနှင့်လက်နက်တို့ ပြည်ပမှဝင်ရန် လွယ်ကူတော့မည် မဟုတ်။ တစ်ချိန်တည်းမှာပင် ဂျူဒီယာတောင်ကုန်းမှ တယ်အဗစ်မြောက်ဘက်ပင်လယ် ကမ်းစပ်အထိ ကမ်းရိုးတန်းကို အာရပ်လီးဂျင်းတပ်နှင့် အီရတ်တပ်မတော်မှ ကျန်ရှိနေသည့် တပ်တို့က နှစ်ပိုင်းဖြတ်လိုက်မည်။ ထိုအခါ ဂျူးပြန်လည်နေရာချထားရေးစခန်းများ ထက်ခြမ်းကွဲသွားမည်။ ထိုစစ်ဆင်ရေးသည် ဆယ့်တစ်ရက်သာ ကြာမည်။

http://mmteashop.com



ဤသို့ စစ်ဆင်နိုင်ရန် အာရပ်စစ်တပ်များကို စစ်သေနာပတိချုပ်တစ်ယောက်၏ လက်အောက်တွင် ထားရှိရမည်ဟု "တဲ"က တောင်းဆိုသည်။ ထိုတပ်များ စုစည်းနိုင်ခဲ့လျှင် "တဲ" ၏ စီမံကိန်းသည် အောင်မြင်နိုင်ရန် များစွာ အခွင့်သာသည်။ ယင်းစီမံကိန်းမျိုးကို ဘင်ဂူရီယန် ကြောက်ခြင်းပင် ဖြစ်သည်။

စစ်ဆင်ရေး အောင်မြင်နိုင်ရန်မှာ တစ်ယောက်နှင့်တစ်ယောက် ကြည့်မရ လောက်အောင် ရန်စောင်နေကြသည့် ဘုရင်နှစ်ဦးပေါ် တည်သည်ဟု ရိယက်ဆိုးနှင့် ဂျမေးမာဒမ်တို့သိသည်။ တစ်ယောက်မှာ ထရန်းစ်ဂျော်ဒန်ဘုရင် အက်ဘဒူလာဖြစ်သည်။ အခြား တစ်ယောက်မှာ သူ၏ ဝန်ကြီးချုပ် သမိုင်းပါမောက္ခ၏ စစ်ရေးအဆိုပြုချက်ကို ဖယ်ရှားခဲ့သည့် အီဂျစ်ဘုရင် ဖာရောက် ဖြစ်သည်။

ဖာရောက်သည် နိုင်ငံခြားရေးဝန်ကြီးရုံးနှင့် မလှမ်းမကမ်းအဆောက်အအုံ တစ်ခုတွင် ညစဉ် ရုံးထိုင်သည်။ ရုံး၏ နာမည်ကို တံခါးထိပ်၌ ACRE ဟူ၍ ဆိုင်းဘုတ် တပ်ဆင်ထားသည်။ အီဂျစ်ဘုရင့် အော်တိုမော်ဘိုင်း ကလပ် (Automobile Club Roya d' Egypte = ACRE) ၏နာမည် ဖြစ်သည်။ ထိုရုံးခန်းတွင် ညစဉ်ထိုင်ကာ ဖဲကစားသည်။ စားပွဲပေါ်တွင် ရေခဲစိမ်လိမ္မော်ရည်နှင့် ဆိုဒါရည်တို့ ရှိသည်။ ပါလက် စတိုင်းခွဲခြမ်းရေးကို အီဂျစ်တစ်နိုင်ငံလုံးက စိတ်မဝင်စား။ အီဂျစ်တွင် အာရပ်နှင့် ဂျူး တို့ ရှေးကတည်းက သင့်မြတ်ခဲ့သည်။ သို့ဖြစ်ရာ သူနှင့် မှန်မှန် ဖဲကစားသူ တစ်ဝက်ခန့်မှာ ဂျူးလူမျိုးများ ဖြစ်သည်။

ဖာရောက်သည် ပါလက်စတိုင်းခွဲခြမ်းရေးကို စိတ်မဝင်စား။ သူသည်(၁၉၄၈) ခုနှစ်တွင် နှစ်ဆယ့်နှစ်နှစ်ရှိပြီ။ သူ့အဖေ ကွယ်လွန်ခဲ့သဖြင့် ဆယ့်နှစ်နှစ်စောပြီး ထီးနန်း အရိုက်အရာရခဲ့သည်။ ငယ်ရွယ်ပျိုမြစ်သည်။ အားကစား ဝါသနာထုံသည်။ နိုင်ငံသား တို့က သူတို့ဘုရင်ကလေးကို ချစ်သည်။ အကြောင်းသုံးခုကြောင့် ဘုရင်ကလေးသည် စိတ်ရှိလက်ရှိ မပျော်ရွှင်နိုင်။ ပထမအကြောင်းမှာ သူ့ခန္ဓာကိုယ်တည်ဆောက်မှုနှင့် သက်ဆိုင်သည်။ ဒုတိယအကြောင်းမှာ နိုင်ငံရေး ဖြစ်သည်။ (၁၉၄၂) ဇန်နဝါရီတွင် ဂျာမန်ဗိုလ်ချုပ် ရွှန်းမဲသည် စူးအက်တူးမြောင်းကို သိမ်းပိုက်ရန် ပြင်ဆင်သည်။ ထိုအခိုက် ဗြိတိန်၏ ကိုင်ရိုသံအမတ် ကြီးသည် ခြောက်လုံးပြူး ကိုင်ကာ ဖာရောက်အား ခြိမ်းခြောက် သည်။ ဂျာမန်လိုလားသည့် ဝန်ကြီးချုပ်ကို ဖြုတ်ပြီး ဗြိတိန်လိုလားသည့် ဝန်ကြီးချုပ်ကို ခန့်ရမည်ဟု ဆိုသည်။ ထိုအခါမှစ၍ ဖာရောက်သည် ဗြိတိန်ကို အမုန်းကြီး မုန်းခဲ့သည်။ တတိယအကြောင်းမှာ (၁၉၄၄)တွင် ဖြစ်ပွားသည့် မော်တော်ကားတိုက်မှုနှင့် ဆက်နွယ်ခဲ့ သည်။ မတော်တဆ ကားတိုက်မှုဖြစ်ပွားပြီး ဘုရင်ကလေး၏ ခန္ဓာကိုယ်တွင်း ဇီဝကမ္မများ ပြောင်းလဲသွားကာ အလွန်အမင်း ဝလာသည်။

(၁၉၄၈) ခုနှစ်တွင် ဖာရောက်ဘုရင်ကလေးသည် ထီးမွေနန်းမွေခံတစ်ယောက် ဖြစ်လာသည်။ ထိုအခါ အီဂျစ်၏ သမိုင်းစဉ်လာထွန်းပြောင်မှုကို ပြန်လည်ဖော်ကျူး

http://mmteashop.com



ခြင်းဖြင့် သူ့ဘဝနှင့် သူ့လူမျိုးကို ပြန်လည်ဂုဏ်တင်လိုသည်။ အီဂျစ်ထီးနန်းနှင့် အီဂျစ်အင်ပါယာသည် ယူဖရေးတီးမြစ်ဝှမ်းမှ နိုင်းမြစ်ဝှမ်းအတွင်း ဘုန်းမီးနေလ တောက်ပလိုသည်။ အာရပ်ခေါင်းဆောင်များကို သူ ဂရုစိုက်စရာမလို။ သူနှင့် တန်းမဆိုင်ဟု ယူဆသည်။ ယင်းတို့အနက် အမ်မမ်မြို့မှ စစ်တုရင်ကစားသည့် အက်ဘဒူလာကို သူ အလွန်မုန်းသည်။ အက်ဘဒူလာသည် သူအလွန်မုန်းသည့် ဗြိတိသျှတို့၏ အရှေ့အလယ်ပိုင်း လက်စွဲတော်တစ်ဦးမဟုတ်လား။

သို့ပြားလည်း ထိုနှစ် နွေဦးတွင်မူ ဖာရောက်ဘုရင်လေးသည် ထီးနန်းကိစ္စတို့ကို စိတ်မဝင်စားလှ။ ညပိုင်းတွင် သူ ဖဲကစားသည်။ ပြီးလျှင် ကိုင်ရိုမြို့တွင်း ညကလပ်များသို့ သူလည်ပတ်သည်။ သူနှင့်အတူ လမ်းသွားရင်း အိပ်ငိုက်တတ်သည့် အချစ်တော် မျောက်ကလေးတစ်ကောင် ပါလာသည်။

အန်တိုနီယိုပူလီသည် လမ်းမှားပြီး အလုပ်အကိုင်ရွေးမိသည်။ သူ့မိဘများသည် ဇာတိနေပယ်ကို စွန့်ကာ ဘရားဇီးနိုင်ငံ အမေဇုန်မြစ်ဝှမ်းတွင် စီးပွားရှာသွားကြသည်။ သူကား မွေးချင်းကိုးယောက်အနက် အငယ်ဆုံး ဖြစ်သည်။ ပူလီသည် လမ်းမှားပြီး နိုင်းမြစ်ဝှမ်းသို့ ရောက်လာခဲ့သည်။ ဆွေမျိုးများရှိရာ အီဂျစ်သို့ ပြန်လာရာမှ လျှပ်စစ်မီးပြင်သူ ဦးလေးတစ်ယောက်ထံဝင်၍ လုပ်ကိုင်သည်။ ဦးလေးက နန်းတော်ကြီးမှ ဘုရင့် မီးပြင်ဆရာ ဖြစ်သည်။ တစ်နေ့တွင် အိမ်ရှေ့မင်းသားလေး ဖာရောက်၏ လျှပ်စစ် မီးရထားကို ပြင်ရန် နန်းတော်ကြီးသို့ သူ့အား ဆင့်ခေါ်သည်။ ထိုအခါမှစ၍ သူနှင့် ဖာရောက်ဘုရင်လေးတို့မှာ တစ်သက်တာမိတ်ဆွေများ ဖြစ်သွားကြသည်။

(၁၉၄၈)တွင် အန်တိုနီယိုပူလီသည် ဖာရောက်ဘုရင်လေး၏ အိမ်တော်ဝန်ဖြစ်လာသည်။ သူ့လခသည် ဝန်ကြီးချုပ်၏လခထက် နှစ်ဆခွဲပိုသည်။ ကျွမ်းကျင်သည့် အလုပ်တစ်ခုကြောင့် အန်တိုနီယိုပူလီ လခကောင်းခြင်း ဖြစ်သည်။ ကိုင်ရို၏ အမှောင်ရိပ်တွင် အန်တိုနီယိုသည် အီဂျစ်ဘုရင်လေးအတွက် မိန်းမများ အရှာကောင်းသည်။ ထို (၁၉၄၈) ဧပြီလကမူ အန်တိုနီသည် ဘုရင်လေးနှင့် တစ်စုံတစ်ယောက်အား တိတ်တဆိတ် တွေ့ပေးသည်။ ယင်းတွေ့ဆုံပွဲက သူတို့မြေ၏ သမိုင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေခဲ့သည်။ ဘုရင်လေးနှင့် တွေ့သူမှာ လက်ဘနွန်မှ ရီယတ်ဆိုး ဖြစ်သည်။

ဘုရင်လေး၏ ကိုယ်ပူဘဲနန်းတော် ပန်းခြံများတွင် ညတိုင်းလိုလိုပင် ဆိုးနှင့် ဖာရောက်တို့ စကားပြောကြသည်။ ဆိုးသည် စကားပြောကောင်းသူဖြစ်သည်။ ဖာရောက်အား ပါလက်စတိုင်းစစ်ပွဲတွင် ပါလာအောင် သူ ဆွေးနွေးသည်။ ဖာရောက်က သည်းညည်းခံနားထောင်သည်။

ဖာရောက်၏ စိတ်ကူးစိတ်သမ်းကို လှုပ်ရှားစေနိုင်မည့် စကားလုံးများကို "ဆိုး"သိသည်။ ဗြိတိသျှတို့ ပါလက်စတိုင်းမှ ဆုတ်ခွာလျှင် အာရပ်များ ထိုမြေသို့ အလုံးအရင်းနှင့် ဝင်ရောက်ကာ အာရပ်နိုင်ငံတစ်ခု ထူထောင်မည်။ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည့်

http://mmteashop.com



အာရပ်စစ်တပ်များ ပါလက်စတိုင်းမြေတွင် ဆုံစည်းကြသည့်ပွဲတွင် အီဂျစ်တပ်မတော် မပါလျှင် အီဂျစ်အဖို့ရော ဖာရောက်အဖို့ပါ ဝမ်းနည်းစရာ မဖြစ်ပေဘူးလား။ ထိုပွဲတွင် အီဂျစ်တို့ ရှောင်နေလျှင် သူ၏ ရန်သူများဖြစ်ကြသည့် အက်ဘဒူလာနှင့် ဗြိတိသျှတို့ ဝမ်းသာမည်အမှန် ဖြစ်သည်။ ပါလက်စတိုင်းတွင် မကြာမီ အာရပ်မင်းဆက်နိုင်ငံ တစ်ခုဖြစ်လာတော့မည်။ အီဂျစ်မင်းဆက် ဖြစ်မည်လား၊ ဟာရှိုမိုက်မင်းဆက်ဖြစ်မည်လား ဆိုသည်ကို အဆုံးအဖြတ်ပေးနိုင်မည့်သူမှာ ဖာရောက်သာ ဖြစ်သည်ဟု "ဆိုး"က ပြောသည်။

အကယ်၍ ဖာရောက်သာ ဆန္ဒရှိခဲ့လျှင် သူကိုယ်စား ဟတ်စူအာမင်ဟတ်ဆေနီကို ပါလက်စတိုင်းတွင် ကိုယ်စားလှယ်ထားနိုင်မည်။ ထိုအခါ ဖာရောက်၏ ဩဇာသည် ခါတန်မှ ဂျေရုဆလမ်အထိ ကျယ်ပြန့်မည်။ ခေတ်သစ် အစ္စလာမ်ဂိုဏ်းချုပ်တစ်ခုပေါ် လာတော့မည်။ ယင်းမှ ဌာနချုပ်သည် ကိုင်ရိုမြို့တွင် အခြေစိုက်မည်။ ကွန်စတန်တီနိုပိုမြို့ (ယခု-အစ္စတန်ဘူ) တွင် အခြေစိုက်မည် မဟုတ်။

ညသန်းခေါင်ကျော် ဆွေးနွေးပွဲများပြီးလျှင် နံနက် နှစ်နာရီ (သို့မဟုတ်) သုံးနာရီလောက်တွင်"ဆိုး"သည် ကိုင်ရို၏ အကြီးဆုံး သတင်းစာတိုက်ဖြစ်သည့် အယ်အာရမ်ရှိ မိတ်ဆွေများဆီသို့ ဝင်ရောက်စကားပြောသည်။ "ဆိုး"သည် ဧပြီလလယ် တစ်ညတွင် အယ်ဒီတာစားပွဲသို့ ရောက်သွားသည်။ "ကျွန်တော်ပြောမယ့်စကားကို ခင်ဗျား သတင်းစာမှာ ထည့်လို့ မဖြစ်သေးဘူး" ဟု သူက ဆိုသည်။ ခါတိုင်းလိုပင် ဖာရောက်၏ နန်းတော်ပန်းခြံထဲတွင် သူတို့ စကားပြောကြသည့်အကြောင်း ပြန်လည်ပြောပြသည်။

"ဒီတစ်ခါတော့ သူ့ကို သဘောပေါက်အောင် ပြောလို့ရပြီဗျ၊ ခွဲခြမ်းရေးပြီးကတည်းက အကောင်းဆုံးသတင်းကို ကျွန်တော်ပေးမယ်၊ ဒီစစ်ထဲမှာ အီဂျစ်ဝင်တော့မယ်"ဟု ပြုံးကာ သူ ပြောသည်။

ooo

http://mmteashop.com



(အပိုင်း (၂၄))

## တိုက်ကြမော့ တိုက်ကြမော့ တိုက်ကြမော့

အက်ဘဒူခါဒါဟတ်ဆေနီ ကျဆုံးသဖြင့် အာရပ်တို့မှာ ပြောက်ကျားနည်းဗျူဟာနှင့် ဂျေရုဆလမ်၏ ပတ်ဝန်းကျင်စည်းရုံးရေးတို့တွင် အပြောင်းအလဲကြီးများ ပြုလုပ်ရသည်။ အက်ဘဒူခါဒါ၏ နေရာတွင် ဟတ်ဆေနီမိသားစုမှ ခါလက်ဟတ်ဆေနီကို မတ်ဖတီက ခန့်ထားသည်။ ခါလက်သည် ပါလက်စတိုင်း ပုလိပ်အဖွဲ့ဝင် အရာရှိတစ်ယောက်ဖြစ်ပြီး အသက်လေးဆယ်သာ ရှိသေးသည်။ သူ၏ ဥပမိရုပ်မှာ ဆွဲဆောင်မှုမရှိ၊ အာရပ်တို့၏ ဂျေရုဆလမ်သိမ်းပိုက်ရေး တပ်ပေါင်းစုသည် အုပ်စု အကြီးအကဲများစွာ စုပေါင်းထားသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ခါလက်ဟတ်ဆေနီ၏ ဩဇာသည် သူတို့အပေါ် မသက်ရောက်နိုင်။ ဗြိတိသျှတို့ ဆုတ်ခွာတော့မည်ဆိုလျှင် အာရပ်တို့မှာ ကျောချင်းကပ် ရင်ချင်းအပ်ရတော့မည်။ သို့ဖြစ်ရာ ဂျေရုဆလမ် ပတ်ဝန်းကျင်တွင် အုပ်စုငယ်လေးများ ဖွဲ့စည်းရန် ပြင်ဆင်သည်။ ဟီဘရွန်မှ သိုးကျောင်းသား အီဘရာဟင်အဘိုဒါယေးသည် ကာတာမွန်တပ်ကို ဦးစီးမည်။ ကဖာအက်ဇီယွန်တွင် ကွန်ဗွိုင်းကားတန်းကို ချုံခိုတိုက်ရာ၌ ဦးစီးခဲ့သည့် ကာမယ်အိုင်ရိကက်က တောင်ဘက်နယ်မြေတွင် တပ်ကို ဦးစီးမည်။ ပုလိပ်အင်စပက်တော်ဟောင်းတစ်ယောက်ဖြစ်သည့် မိုနီယာအဘိုဖာဒယ်သည် ပုလိပ်အဖွဲ့ဝင်ဟောင်းများနှင့်အတူ ဂျေရုဆလမ်မြို့လယ်တွင် တာဝန်ယူဦးစီးမည်။ ကတ်စတယ်တွင် ချန်နေခဲ့သူ ကျောင်းဆရာဘာဂျက်အဘိုဂါတီယေးသည် မြောက်ဘက်နယ်မြေတွင် တပ်ကို ဦးစီးမည်။ နောက်ထပ် တပ်မှူးတစ်ယောက် တိုးလာသည်။ သူကား သုံးဆယ့်လေးနှစ်အရွယ်ရှိ အီရတ်ဘဏ်စာရေး ဖာဒယ်ရာရှစ် ဖြစ်သည်။ မြို့တော်သို့ အပျော်တမ်း တပ်သားငါးရာနှင့်အတူ မကြာသေးမီက ရောက်လာသည်။

ဘက်အယ်ဝက်တွင် ရှိနေသည့် အက်ဘဒူခါဒါ၏ လက်ကျန်အဖွဲ့ကို အီမိုင်းဂိုရိက တာဝန်ယူအုပ်ချုပ်သည်။ အက်ဘဒူခါဒါကျဆုံးသဖြင့် အာရပ်တို့ အထိနာခဲ့သည်။ တစ်ဖန် ဂျေရုဆလမ်လမ်းဖွင့်လှစ်သည့် နက်ချရှုန်စစ်ဆင်ရေးကြောင့် ထိုလမ်းတွင် တပ်စွဲထားသည့် ပြောက်ကျားများ ကစဉ့်ကရဲ ဖြစ်ခဲ့ရသည်။ ဒေယာယက်ဆင် လူသတ်ပွဲကြောင့် အချက်အချာကျသည့် တောင်ကုန်းများတွင် တပ်စွဲခဲ့သည့် ပြောက်ကျားတပ်များ

http://mmteashop.com



ပျက်သွားသည်။ တောင်ကုန်းဒေသရှိ ရွာများမှ အာရပ်များ ထွက်ပြေးကြသည်။ လက်နက် အနည်းငယ်သာ ရှိသည်၊ ငွေလည်း မရှိ။ လူတွေအားလုံး စိတ်ဓာတ်ကျနေသည်ကို အီမိုင်း ဂိုရီ တွေ့ရသည်။

ချုံခိုတိုက်နည်းမှာ လူအင်အား များစွာလိုသည်။ ထိုနည်းဗျူဟာကို ဂိုရီ စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။ လူအနည်းငယ်သာ လိုသည့် လမ်းပိတ်ဆို့နည်းကို ပြန်လည် အသုံး ပြုမည်။ ယင်းမှာ တစ်ချိန်က အက်ဘဒူခါဒါ စွန့်ပယ်ခဲ့သည့် နည်းဗျူဟာ ဖြစ်သည်။ ဂျေရုဆလမ်ရှိ အာရပ်ဘဏ်များမှ စတာလင်ပေါင်တစ်သောင်း ကောက်ခံသည်။ ထို့နောက် တစ်ရွာပြီး တစ်ရွာဝင်ကာ ကြေးစားစစ်ဝန်ထမ်းများ စုဆောင်းသည်။

ရန်သူအာရပ်တို့ ကစဥ့်ကရဲဖြစ်သည့် အခွင့်ကောင်းကို ယူကာ ဟာဂါနား တပ်ဖွဲ့ ပြန်၍ လှုပ်ရှားလာသည်။ ဧပြီလ (၅) ရက်နေ့တွင် ဂျေရုဆလမ်လမ်းမကြီး ပွင့်သွားပြီး နောက် ကွန်ဗွိုင်းယာဉ်တန်းကြီး သုံးခု မြို့တော်သို့ ရောက်လာခဲ့ပြီး ဖြစ်သည်။ စတုတ္ထ ကွန်ဗွိုင်းအတွက် စီစဉ်ရသည်။ ယင်းမတိုင်မီ ဂျေရုဆလမ်ဟာဂါနားအဖွဲ့က တယ်အဗစ်သို့ ကြေးနန်းတစ်စောင် ပို့သည်။ ရှယ်လတီးယယ်၏ ထောက်လှမ်းရေးအရာရှိများ၏ သတင်းအရဆိုလျှင် ဗြိတိသျှတို့သည် သူတို့ထိန်းသိမ်းမှုကာလ မကုန်ဆုံးမီ ဂျေရုဆလမ်၏ အရေးကြီးသော နေရာများမှ ဆုတ်ခွာမည်။ ယင်းမှာ ဧပြီနောက်ဆုံးရက်များတွင် ဖြစ် သည်။ သူတို့၏ နေရာတွင် ဝင်ရောက်တပ်စွဲရန် ရှယ်လတီးယယ်က ဟာ-အယ်ပါ လမက် တပ်မဟာကို တာဝန်ယူစေချင်သည်။ ထိုတပ်များနှင့်ဆိုလျှင် မြို့တွင်းသို့ ထိထိရောက် ရောက် တိုက်ခိုက်ပြီး တပ်စွဲနိုင်သည်။ "ဂျေရုဆလမ်စစ်ပွဲ အနိုင်အရှုံးဟာ ခင်ဗျားတို့ဆီက တပ်ကူအင်အားအပေါ် တည်တယ်"ဟု ရှယ်လတီးယယ်က ဆိုသည်။

ရှယ်လတီးယယ် ပေးပို့လိုက်သည့် သံကြိုးကြောင့် တယ်အဗစ်ဌာနချုပ်မှာ အဆုံးအဖြတ်ပေးရန် အခက်အခဲ ရှိလာသည်။ ဂျေရုဆလမ်လမ်းတစ်လျှောက်ရှိ အာရပ် ရွာများစွာကို တပ်မဟာက မရှင်းလင်းရသေး။ ကတ်စတယ်တစ်ရွာသာ ဖျက်ဆီးခဲ့ပြီးဖြစ် သည်။ အက်ဘဒူခါဒါဟတ်ဆေနီ ကျဆုံးခဲ့သည့် သူကြီးအိမ် အနီးတစ်ဝိုက်သည် ပါလ မက်၏ အောင်ပွဲရဒေသ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အီမိုင်းဂိုရီ နည်းဗျူဟာပြောင်းရန် ဆုံးဖြတ်သည်။ မြို့တော်သို့သွားမည့် နောက်ထပ်ကွန်ဗွိုင်းကို ခေါင်းဆောင်မည့်သူမှာ ယစ်ဇက်ရာတင် ဖြစ်သည်။

ကွန်ဗွိုင်းသည် ဧပြီ (၂၀)ရက် အရုဏ်မတက်မီက ဟာဘီလုမှ ထွက်သည်။ ထရပ်ကား သုံးရာနီးပါး ပါဝင်သည်။ ဂျုံ၊ သကြား၊ ဆန်နှင့် မာဂျရင်းတို့အပြင် ဘာသာရေး ပွဲတွင် စားသောက်သည့် ပေါင်မုန့်များလည်း ပါဝင်သည်။ ယာဉ်တန်းရှေ့ဆုံးက ရိုးရိုး ကားပေါ်တွင် အာရပ်လက်ဖြောင့်တပ်သားတို့ အလွယ်တကူ ပစ်နိုင်သည့် ပုဂ္ဂိုလ်တစ် ယောက် ပါလာသည်။ သူကား တစ်ခေါင်းလုံး ဖြူဖွေးနေသည့် ဒေးဗစ်ဘင်ဂူရီယန် ဖြစ်သည်။

http://mmteashop.com



ကွန်ဗွိုင်းကားတန်းသည် ဆယ့်ခြောက်မိုင်ရှည်သည်။ ပထမဆုံး ကားများ ဂျေရုဆလမ်သို့ ချောချောမောမော ရောက်သည်။ ထို့နောက် အီမိုင်းဂိုရီ၏ ရဲဘော်များက နောက်ကျန်ကားများကို တိုက်ခိုက်သည်။ သူ့လူများ ရက်စက်ပုံကိုကြည့်ကာ ဂိုရီ အံ့ဩမိသည်။ အာရပ်တစ်ယောက်သည် ဓိုက်ဖြင့် ရှပ်ကာ တွားတက်သွားပြီး ရပ်နေသည့် ကားတစ်စီးအောက်သို့ ဝင်သည်။ ထို့နောက် ကားမှ ဓာတ်ဆီပုံးကို ဆွဲယူကာ ကတ္တရာလမ်းပေါ် ဖျန်းပြီး မီးရှို့ကာ ထွက်ပြေးသည်။ လမ်းဘေးက ချိုင့်ထဲသို့ ကိုယ်ကို လိမ့်ချလိုက်သည်။ မီးတောက်လွတ်အောင် မနည်းပြေးရသည်။ ထိုမြင်ကွင်းကို အီမိုင်းဂိုရီ ကြည့်ပြီး အံ့ဩမိသည်။

ဒိုဂျိုးဇက်သည် ဂျေရုဆလမ်၏ ကုန်ရုံများတွင် တစ်နေ့လုံးစောင့်ကာ ထရပ်ကားများ၌ ပါလာသည့် ရိက္ခာအရေအတွက်ကို စာရင်းမှတ်သည်။ ဒေးဗစ်ဘင်ဂူရီယန်က သူ့ကို တာဝန်ပေးသည့်အခါ ရိက္ခာတန်ချိန် သုံးထောင်ရအောင် သယ်ယူရမည်ဟု ဆိုသည်။ ရာရှင်စနစ်ဖြင့် ဖြန့်ဖြူးသည့်တိုင် ထိုရိက္ခာမှာ ဂျေရုဆလမ်ရှိ ဂျူးများအတွက် နှစ်လစာသာ ဖြစ်သည်။ သို့တိုင်အောင် ရိက္ခာတန်ချိန် တစ်ထောင့်ရှစ်ရာသာ သူရသည်။ ညနေစောင်းလာလျှင် ဂိုရီ၏ ချုံခိုတိုက်ခိုက်ခြင်းမှ လွတ်မြောက်လာသည့် ထရပ်ကားဦးရေ နည်းသည်ထက် နည်းလာသည်။ သူရခဲ့သည့် တန်ချိန် တစ်ထောင့်ရှစ်ရာအပြည့် ဂျေရုဆလမ်ကုန်ရုံများသို့ မရောက်။ မြို့တော်၏လိုအပ်ချက် တစ်ဝက်ပင် မပြည့်ချင်။ စာရင်းမှတ်ရင်း "မလောက်သေးဘူး" ဟု သူ့စိတ်ထဲတွင် ရေရွတ်သည်။

နောက်ဆုံးကား ဝင်လာသည့်အခါ မှောင်နေပြီ။ ဘက်အယ်ဝက်တွင် အီမိုင်းဂိုရီ၏ ရဲဘော်များသည် လမ်းပိတ်ဆို့ရန် အပြင်းအထန် ပြင်ဆင်နေကြသည်။ သည်တစ်ခါ လမ်းပိတ်ဆို့ထားသည်မှာ အတော်ကြာမည်။ ဂျူးတို့နေသည့် ဂျေရုဆလမ်သည် ရန်သူ အဝိုင်းခံနေရပြီ။

အခန်းထဲသို့ လမ်းလျှောက်၍ သူ မဝင်။ ခြေသံပြင်းပြင်း ဆောင့်နင်းပြီး ဝင်လာသည်ဟု ချိန်ဟောလား ထင်သည်။

ခြေဆောင့်နင်းပြီး မျက်မှောင်ကြုတ်ကာ ဝင်လာသူမှာ ဒေးဗစ်ဘင်ဂူရီယန် ဖြစ်သည်။ သူ စိတ်ဆိုးနေသည်။ ပထမဆုံး ဒေးဗစ်ရှယ်လတီးယယ်နှင့် ရင်ဆိုင်သည်။ ရှယ်လတီးယယ်က ကဖာအက်ဇီယွန်နှင့် ဂျေရုဆလမ် ဂျူးရပ်ကွက်တို့မှ ဂျူးများ ဆုတ်ပေးရမည်ဟု တင်ပြခဲ့သည်။ ထိုတင်ပြချက်ကို သူလက်မခံ။ "ဘယ်စခန်းကမှ ဂျူးတွေ ဆုတ်မပေးရဘူး" ရှယ်လတီးယယ်ကို အော်ပြောရင်း စားပွဲကို လက်သီးဖြင့် ထုသည်။

ရှယ်လတီးယယ်က သူ့သဘောထားကို ရဲရဲဝံ့ဝံ့ တင်ပြသည်။ သို့သော်လည်း ဘင်ဂူရီယန်က အပြောမခံ။ သူ့စကားကို ဖြတ်ပြီး "ဘယ်စခန်းကမှ ဆုတ်မပေးနိုင်ဘူး" ဟု လည်ချောင်းသံဖြင့် အော်ပြောသည်။ ဘင်ဂူရီယန်တွင် အကြောင်းပြချက် ရှိသည်။ ရှယ်လတီးယယ်၏ အဆိုပြုချက်ကို လက်ခံခဲ့လျှင် နေဂီသဲကန္တာရတွင် သူချထားသည့်

http://mmteashop.com



ဂျူးစခန်းများ ဘယ်ထွက်ပြေးရမည်လဲ။ အီဂျစ်တို့တက်လာခဲ့သော် သူတို့မှာ ပြေးစရာမြေ ရှိမည်မဟုတ်ပေ။

သူရောက်လာသည့် အချိန်သည် အခြေခံနိုင်ငံရေး အပြောင်းအလဲနှင့် တိုက်ဆိုင်နေသည်။ ဂျေရုဆလမ်ကို ကုလသမဂ္ဂ ထိန်းသိမ်းမှုအောက်တွင် ထားမည်ဆိုလျှင် ထိုစီမံချက်ကို လိုက်နာရန် အသင့်ရှိသည်။ အကယ်၍ ဂျေရုဆလမ်သို့ ကုလသမဂ္ဂ အာဏာပိုင်အဖွဲ့ ရောက်လာခဲ့လျှင် ထောက်ခံရန် ရှယ်လတီးယယ်အား ပထမဆုံးပေးသည့် ညွှန်ကြားချက်များပါပြီး ဖြစ်သည်။ ဂျူးအေဂျင်စီက ထိုအကြံအစည်ကို အကောင်အထည်ဖော်ရန် ထောက်ခံသည့် နိုင်ငံများသို့ တင်ပြခဲ့ပြီး ဖြစ်သည်။ နောက်ဆုံးစာမှာ ချိန်းဝိုက်ဇမန်းက ဟယ်ရီထရူးမင်းထံသို့ ဧပြီ (၂၀)တွင် တရားသူကြီး ဆင်မျူရယ်ရိုစ်မင်းကိုယ်တိုင် ပေးခဲ့သည်။ ထိုနေ့တွင် ဘင်ဂူရီယန်မှာ ဂျေရုဆလမ်သို့အလာ ဘက်အယ်ဝက်တွင် ချုံခိုအတိုက်ခံရသည့် ယာဉ်တန်းတွင်ပါလာပြီး မနည်းပင် လွတ်အောင် ထွက်ပြေးခဲ့ရသည်။ စာတွင် ဤသို့ ပါရှိသည်။

*ဂျေရုဆလမ်အတွက် ခုခံတိုက်ခိုက်ရန် ဂျူးတို့ကိစ္စမဟုတ်။*

*(ဝိုက်ဇမန်းက ရေးခဲ့သည်)။ ဂျေရုဆလမ်မှာ တစ်ကမ္ဘာလုံးနှင့် ဆိုင်သည့် ဒေသဖြစ်ပြီး ခရစ်ယာန်များ၊ အစ္စလာမ်များနှင့် ဆက်စပ်နေသည့် ဒေသဖြစ်သည်။ ထို့ကြောင့် ဂျေရုဆလမ်သည် ဂျူးနိုင်ငံတော်သစ် နယ်နိမိတ်စာရင်းတွင် ရှိရမည်ဟူသော အဆိုကို ဂျူးတို့စွန့်လွှတ်ရန် အမေရိကန် ဦးဆောင်ပြီး ပြင်သစ်၊ ဘယ်လ်ဂျီယန်နှင့် ဟော်လန်တို့က တိုက်တွန်းခဲ့သည်။ ဂျူးတို့သည် ဂျေရုဆလမ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂက တာဝန်ယူ ထိန်းသိမ်းမည်ဆိုလျှင် ဆက်လက် ဆောင်ရွက်ကြဖို့ပင် ဖြစ်သည်။*

ယခုမူ နောက်ဆုံး တင်ပြခဲ့သည်ကို မည်သို့ တုံ့ပြန်မည်လဲဟု ဘင်ဂူရီယန် နားမလည်နိုင် ဖြစ်ရသည်။ ကုလသမဂ္ဂ ထိန်းသိမ်းမှုအောက်တွင်ထားရန် တင်ပြခဲ့သူတို့က သူတို့စကားကို သူတို့ မသိကျိုးကျွန်ပြုလျက် ရှိနေသည်။ အာရပ်တို့က စစ်ရေးအရ ထပ်တလဲလဲ တိုက်ခိုက်နေသည်။ သို့ဖြစ်ရာ ဂျူးတို့အဖို့ ကုလသမဂ္ဂ ထိန်းချုပ်မှုကို နာခံမည်ဟူသော မူလဆုံးဖြတ်ချက်ကို လိုက်နာရန် အကြောင်းမရှိတော့ဟု ဘင်ဂူရီယန် စဉ်းစားမိသည်။ မြို့တော်၌ အာရပ်တို့မှာ အစည်းပြေလျက်ရှိရာ ဟာဂါနားအဖို့ အခွင့်ကောင်းတစ်ခု ဖြစ်သည်ဟူ၍လည်း ဘင်ဂူရီယန် ဆင်ခြင်မိသည်။

ကဖာအက်ဇီယွန်ဖြစ်ရပ်နှင့် ပတ်သက်၍ ဘင်ဂူရီယန်သည် ရှယ်လတီးယယ် အပေါ် ယုံကြည်မှု လျော့နည်းသွားသည်။ ရှယ်လတီးယယ်၏ တပ်များနှင့် ပါလမက်၏ ဟာအယ်တပ်မဟာကို ပါလမက်တည်ထောင်ဖွဲ့စည်းသူ ယစ်ဇက်ဆာဒေးအောက်တွင် ယာယီထားရန် ဘင်ဂူရီယန် ဆုံးဖြတ်လိုက်သည်။ ယစ်ဇက်ဆာဒေးမှာ ဆပ်ကပ်ထဲတွင် နပန်းသမား ဖြစ်ခဲ့ဖူးသည်။ ပါလက်စတိုင်း ခွဲခြမ်းရေး ဆန္ဒမဲပေးသည့်ညက မဲတစ်မဲ

http://mmteashop.com



ရတိုင်း ဗော့ဒကာတစ်ကျိုက်သောက်ကာ ဩဘာပေးခဲ့သူ ဖြစ်သည်။ ယခုသူက "တိုက်ကြဟေ့. . တိုက်ကြဟေ့. . တိုက်ကြဟေ့" ဟု သူ့စစ်သားများအား အမိန့်ပေးမည်။ သူ့အပေါ် အားထားနိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။

နောက်တစ်နေ့မနက်တွင် ဂျေရုဆလမ် မြို့တံတိုင်း နံရံများပေါ်၌ အစိမ်းနှင့် အနက်ရောင် ဟီဘရူးပိုစတာများ ကပ်ထားသည်ကို တွေ့ရသည်။ ဂျူးတို့၏ ဂျေရုဆလမ် မြို့တော်ကောင်စီ ဖွဲ့စည်းခြင်းကို ကြေညာအသိပေးသည့် ပိုစတာ ဖြစ်သည်။ ဂျေရုဆလမ်ကို ကုလသမဂ္ဂထိန်းသိမ်းမှုအောက်တွင် ထားရှိရန် အစီအစဉ်ပြီးဆုံးသွားပြီ။ ယခု ဂျေရုဆလမ်သည် တစ်ကမ္ဘာလုံးနှင့် မဆိုင်။ အပြီးအပိုင် တိုက်ခိုက်သိမ်းပိုက်နိုင်မည့် အားကြီးသူကသာ ပိုင်ဆိုင်တော့မည်။

ယစ်ဇက်ဆာဒေးသည် အချိန်ဆိုင်းမနေဘဲ ဂျေရုဆလမ်ကို တိုက်ခိုက်သိမ်းပိုက်ရန် ပြင်ဆင်သည်။ ဗြိတိသျှတို့ ဆုတ်ခွာမည့် အချိန်ကို မစောင့်နိုင်။ မြို့တွင်းရှိ အာရပ်အင်အားကြီး ဒေသများကို အတင်းဝင်ရောက် တိုက်ခိုက်သိမ်းပိုက်မည်ဟု ဟာအမ်တပ်မဟာတပ်မှူး ယစ်ဇက်ရာတင်အား ဆာဒေး ဖွင့်ပြောသည်။

"အဲဒီလို သိမ်းပိုက်နိုင်မယ်ဆိုရင် ဗြိတိသျှတပ်တွေ မထွက်ခွာခင် လေးဆယ့်ရှစ်နာရီအတွင်းမှာ ဂျေရုဆလမ်ဟာ ကျွန်တော်တို့ လက်ထဲရောက်မှာပဲ" ဟု ဆာဒေးကတိပြုသည်။

ဆာဒေးက သူ စစ်ဆင်ရေးကို သုံးပိုင်းခွဲထားသည်။ ပထမ မြို့တွင်းသို့ ကောက်ကျိအမြောက်နှင့် လှမ်း၍ပစ်သည့် နေဘီဆင်မျှယယ်တောင်ကုန်းထိပ်ကို သိမ်းမည်။ ဒုတိယမြောက်ဘက်တွင် အာရပ် ရပ်ကွက်ဖြစ်သည့် ရှိတ်ဂျာရားသိမ်းမည်။ သို့မှ စကိုးပတ်တောင်ကုန်းနှင့် အဆက်အသွယ် မပြတ်နိုင်မည်။ ထို့နောက် ချက်ချင်းပင် အောလန်တောင်ကုန်းသို့ ချီတက်ကာ မြို့တော်မြောက်ပိုင်း တောင်ကုန်းဒေသတစ်ခုလုံးကို ရှင်းလင်းသုတ်သင်မည်။ ထိုအခါ အာရပ်လီးဂျင်းတို့ ဂျေရုဆလမ်နှင့် ဆက်သွယ်နေသည့် လမ်းမှာ ပြတ်တောက်သွားမည်။ တစ်ချိန်တည်းမှာပင် တောင်ဘက်ပိုင်းတွင် ဂျာဆင်၏ တပ်များက အာရပ် ရပ်ကွက်များဖြစ်သည့် ကာတာမွန်၊ ဂျာမန်ကိုလိုနီ၊ တယ်လ်ပီယော့နှင့် ဆီလ်ဝန်တို့ကို သိမ်းမည်။ သို့ဖြင့် မြို့တော်တစ်ခုလုံးကို ဂျူးတပ်များ ဝိုင်းထားမည်။

ဤသည်မှာ အလွန်ရိုးသည့် စစ်ဆင်ရေးစီမံကိန်းတစ်ခု ဖြစ်သည်။ နောင် အနှစ်နှစ်ဆယ်ကြာသည့်အခါ အစ္စရေးစစ်သားများသည် ထိုစစ်ဆင်ရေးကို အသုံးပြုရန် ဒိတ်ကူးပေါ်လာကြသည်။ ဆာဒေးက ဤစစ်ဆင်ရေးကို "ဂျေဘုဆီ စစ်ဆင်ရေး"ဟု နာမည်ပေးသည်။ လွန်ခဲ့သည့် နှစ်ပေါင်းလေးထောင်က ဆီးမိုက်အနွယ်တစ်ခု စခန်းချခဲ့သည့်ဒေသ၏ အမည် ဖြစ်သည်။ ဂျေဘုဆီ စစ်ဆင်ရေး အောင်မြင်ရန်မှာ ဗြိတိသျှတို့က ဘယ်လောက်အထိ ဝင်ရောက်စွက်ဖက်မည်လဲဆိုသည့် ခြွင်းချက်တစ်ခုအပေါ် ဘည်သည်။

http://mmteashop.com



ကိုင်ရိုင်မြို့တွင် ဘုရင်၏ အတွင်းလူယုံတော်များ စုဝေးရာ မိုဟာမက် အလီကလမ်သို့ ဖာရောက်ဘုရင်၏ ဝန်ကြီးချုပ် နိုကရာရှီပါရှားအား နေ့လယ်စာစားပွဲ တက်ရန် ဖိတ်ကြားသည်။ ဖာရောက်ဘုရင်က ဂျူးတို့အား စစ်ကြေညာချင်ကြောင်း ဝန်ကြီး ချုပ်အား အသိပေးသည်။ နိုကရာရှီက ပါလီမန်ကို တင်ပြရမည်။ သို့မဟုတ်လျှင် စစ်ကြေညာပေးမည့် ဝန်ကြီးချုပ် တစ်ယောက်ကို ဖာရောက်ဘုရင်က ရှာမည်။

သူ့လက်ထောက်များက နိုကရာရှီတွင် အားနည်းချက်တစ်ခုရှိသည်ဟု ယူဆကြသည်။ ယင်းမှာ နိုကရာရှီသည် အရာရာကို လိုချင်ခြင်းပင် ဖြစ်သည်။ စစ်ဖြစ်သည့် အထဲတွင် သူ မပါချင်။ သို့သော် ဝန်ကြီးချုပ်ရာထူးကိုလည်း မစွန့်ချင်။ ယခုမူ သူ့စိတ်ထားပြောင်းမှ ဖြစ်မည်ဟု နားလည်လာသည်။ ပထမဆုံးအနေဖြင့် အီဂျစ်တပ်မတော် စစ်သေနာပတိချုပ် မိုဟာမက်ဟိုက်ဒါပါရှားနှင့် အစည်းအဝေးပွဲတစ်ခု ကျင်းပသည်။

အီဂျစ်တပ်မတော်သည် စစ်တိုက်ရန် အသင့် ရှိနေသည်ဟု နိုကရာရှီအား ဟိုက်ဒါအာမခံသည်။ "မည်သို့ဖြစ်စေ ဂျူးများနှင့် စစ်တိုက်စရာမလို။ စစ်ရေးပြ ချီတက်ပွဲတစ်ခုသာ ဖြစ်မည်။ အီဂျစ်တပ်မတော်သည် နှစ်ပတ်အတွင်း တယ်အဗစ်သို့ ရောက်သွားမည်"ဟု ဟိုက်ဒါက ဆိုသည်။

နောက် ရက်အနည်းငယ်ကြာလျှင် နိုကရာရှီထံသို့ ဗြိတိသျှသံအမတ်ကြီး ဆာရော်နယ်ကင်းဘဲ မော်တော်ဆိုင်ကယ် အစောင့်အကြပ်နှင့် ရောက်လာသည်။ ဗြိတိန်သည် ပါလက်စတိုင်းတွင် လက်နက်ကိုင် တိုက်ပွဲတစ်ခု ဖြစ်ပွားမည်ကို အလိုမရှိ။ အားပေးခြင်းလည်း မပြုနိုင်။ ဗြိတိန်သည် ကုလသမဂ္ဂ အဆုံးအဖြတ်ဖြစ်သည့် ပါလက်စတိုင်းခွဲခြမ်းခြင်းကို ထောက်ခံထားပြီး ဖြစ်သည်။ မိတ်ဆွေအာရပ်နိုင်ငံတစ်ခုခုက အကြံဉာဏ်ပေးပါဟု တောင်းခံလျှင် အာရပ်ဂျူးတိုက်ပွဲတွင် မပါဝင်ရန်နှင့် ခွဲခြမ်းခြင်းကို လက်ခံရန် ပြောမည်ဖြစ်သည်ဟု သံအမတ်ကြီးက ရှင်းပြသည်။

သို့သော်လည်း အကယ်၍ အီဂျစ်က ထိုစစ်ပွဲတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့လျှင် ဗြိတိန်က တားမြစ်လိမ့်မည်မဟုတ်။ အီဂျစ်စစ်တပ်များ ချီတက်လှုပ်ရှားရာတွင်လည်း အဟန့်အတား ပြုလိမ့်မည်မဟုတ်။ အကယ်၍ စစ်ပွဲတွင် အီဂျစ်ပါဝင်ရန် ဆုံးဖြတ်ပြီးဖြစ်ကာ လက်နက်ခဲယမ်း အလိုရှိခဲ့လျှင် စူးအက်တူးမြောင်းလက်နက်တိုက်များသို့ လာရောက်၍ လက်နက်များ အကူအညီယူနိုင်သည်။ သို့သော်လည်း နှစ်ချက်ကို လိုက်နာရမည်။ ပထမ လက်နက်များ ကြိုက်သလောက် ယူသွားနိုင်သည်။ ဒုတိယ နှစ်ဦးနှစ်ဖက်နှင့် ပတ်သက်နေသည့် ဆူဒန်ပြဿနာ ဖြေရှင်းရေးကို အဖြေပေါ်လာအောင် စေ့စပ်ဆွေးနွေးရမည်။

နိုကရာရှီသည် သူ၏ ပေါ်လစီကိုပြောင်းရန်အသင့် ရှိသည်။ ဆာရော်နယ်၏ စကားများသည် ကြိုဆိုလက်ခံသင့်သည့် စကားများဖြစ်သည် မဟုတ်လား။ နောက်ပိုင်းရက်များတွင် ကိုင်ရိုသတင်းစာများသည် ပါလက်စတိုင်း သတင်းကို မျက်နှာဖုံးသတင်း

http://mmteashop.com



များအဖြစ် ဖော်ပြလာကြသည်။ မြို့တော်အချက်အချာနေရာများတွင် လူကြိုက်များသည့် ပိုစတာများကို တွေ့ကြရသည်။ သွေးများ တစ်စက်စက်ကျနေသော ဓားမြှောင်တစ်ခုပုံကို ကိုင်ရိုမြို့သားတို့ တွေ့ကြရသည်။ ဓားမြှောင်လက်ကိုင်တွင် ဒေးဗစ်ဘုရင်ကြီး၏ ကြယ် အမှတ်တံဆိပ် ပါရှိသည်။

နိုကရာရှိကို သတိပေးသူအချို့ ရှိသည်။ တစ်ယောက်မှာ သတင်းစာဆရာ မိုဟာမက် ဟက်ဆန်နန်ဟေဆယ် ဖြစ်သည်။ ဟေဆယ်သည် ပါလက်စတိုင်းသို့ ရောက်ဖူးသည်။ သူ့သတင်းစာတွင် ဂျူးတို့သည် သတ္တိရှိသူများဖြစ်ကြောင်း စည်းလုံးမှုရှိသည့် ရန်သူများဖြစ်ကြောင်း ရေးသားဖော်ပြသည်။ ဟေဆယ်ကို နိုကရာရှီ ခေါ်၍တွေ့သည်။ သူ့ဆောင်းပါးများသည် အီဂျစ်စစ်သားတို့ကို စိတ်ဓာတ်ကျစေသည်။ အထူးသဖြင့် စိတ်မပါ့တပါနှင့် သူ့နိုင်ငံကို စစ်ပွဲတစ်ခုထဲသို့ ဆွဲသွင်းခံရသည့် သမိုင်းပါမောက္ခဟောင်း ဖြစ်သူ နိုကရာရှီမှာ ပို၍ စိတ်ဓာတ်ကျသည်။

အဝေးပြော တယ်လီဖုန်းတွင် ပြောဆိုနေကြသည့်အသံများက စစ်တိုက်ရန် အသင့်ဖြစ်နေပြီဆိုသော ဟိုက်ဒေါပါရှား၏ တပ်မတော် အသင့်မဖြစ်ကြောင်းကို ဖော်ပြသည်။ ဟိုက်ဒေါ၏ စစ်သားများ တယ်အဗစ်သို့ ချီတက်မည်ဆိုလျှင် ဘယ်လမ်းက သွားမည်ကို ပထမဆုံး သိဖို့လိုသည်။ အီဂျစ်တပ်မတော်တွင် ပါလက်စတိုင်းနိုင်ငံအတွင်း လမ်းများကိုဖော်ပြသည့် မြေပုံများမရှိ။ ဂျေရုဆလမ်မြို့မှ ဗျူကား အရောင်းအဝယ် လုပ်သူ ဂျော့ဒီအား မြေစာရင်းဌာနမှ မြေပုံငါးဆယ်ခိုးယူပြီး ဟိုက်ဒေါပါရှားဆီသို့ ပို့ပေးရန် တာဝန်ပေးသည်။ သို့မှသာ ဟိုက်ဒေါ၏ တပ်များသည် တယ်အဗစ်သို့ ဘယ်လမ်းက ချီတက်ရမည်ကို အစီအစဉ် ရေးဆွဲနိုင်မည် ဖြစ်သည်။

ooo

http://mmteashop.com



## အပိုင်း (၂၅)

## ဂလပ်ပါးရှား၏သဘောထား

ဂျူးလူမျိုး စတင်မွေးဖွားသည်ကို အမှတ်ရသောအားဖြင့်လည်းကောင်း၊ နိုင်ငံသစ်တစ်ခုအဖြစ် ပြန်လည် မွေးဖွားမည်ကို ကြိုဆိုသောအားဖြင့်လည်းကောင်း (၁၉၄၈) ဧပြီလ (၂၃) ညချမ်းတွင် ဂျူး နွေဦးဘာသာရေးပွဲကို အစဉ်အလာအတိုင်း ကျင်းပသည်။

ဘာသာရေးပွဲ၏ အရေးအကြီးဆုံး အခမ်းအနားမှာ မိသားစုစားသောက်ပွဲ ဖြစ်သည်။ ထိုပွဲတွင် စားစရာများ ပြည့်ပြည့်စုံစုံ ပါဝင်သည်။ ပထမဆုံး အရေးကြီးသည်မှာ မတ်ဇိုမုန့်ကြွပ် ဖြစ်သည်။ တဆေးဖြင့် မဖောက်ရသည့် ဂျုံမှုဖုတ်ထားသည့် မုန့်ကြွပ်သည် အီဂျစ်ပြည်မှ အစ္စရေးသို့ အလျင်အမြန် ဆုတ်ခွာရသဖြင့် အမြန်ဖုတ်ရသည့် ဖြစ်ရပ်ကို သတိရစေသည်။ ဝတ်ပြုမည့်ညတွင် စားပွဲအလယ်တည့်တည့်၌ အစ္စရေးတို့ ထွက်ပြေးသည့်ညတွင် သိုးငယ်လေးများကိုသတ်၍ ပူဇော်သည့် အမှတ်အသားအဖြစ် အရိုးကင် ကြက်ဥဖုတ်၊ အီဂျစ်တို့၏ အနှောင်အဖွဲ့တွင် နေရသည်မှာ ခါးသီးရွံ့မုန်းစရာ ကောင်းသည်ကို သတိရသည့် အနေဖြင့် ဆေးရွက်ခါးများ၊ နွေဦး၏သရုပ်ကို ပေါ်စေရန် ဟင်းခတ်အမွှေးပင်၊ အနှောင်အဖွဲ့ခံရသဖြင့် ဝမ်းနည်းငိုကြွေးသည့် မျက်ရည်စတို့ အမှတ်အသားအဖြစ် ဆားရည်၊ ဖာရိုးဘုရင်များအတွက် အစ္စရေးတို့ ပြုလုပ်ပေးရသည့် အုတ်များ၏ အထိမ်းအမှတ်အဖြစ် ခုတ်ထစ်ထားသည့် ပန်းသီး၊ သစ်စေ့များနှင့် သစ်ကြမ်းပိုးခေါက်တို့ ရောနယ်ထားသည့် ပစ္စည်းများ ပါဝင်ရသည်။ သို့မှပြည့်စုံသည်။ ဆုတောင်းဝတ်ပြုရင်း အီဂျစ်မှ ထွက်ပြေးသည့် အကြောင်းကို ရေးစပ်ထားသည့် ဟက်ဂါဒါး သီချင်းတို့ကိုဆိုရင်း ယင်းအစားအစာများကို စားသောက်ကြရသည်။ ဘုရားကျောင်းကို ရောမကေရာင် "တိုက်တက်" ဖျက်ဆီးပြီးနောက် နှစ်ပေါင်း နှစ်ထောင်အကြာတွင် ကမ္ဘာအနှံ့အပြားသို့ လွင့်ထွက်သွားကြသည့် လူမျိုးတစ်မျိုးသည် ထိုဘာသာရေးပွဲကို ကျင်းပရင်း "နောက်နှစ် ဂျေရုဆလမ်မှာ ပြန်တွေ့ကြမယ်" ဟု ကတိကဝတ်ပြုကြသည်။

(၁၉၄၈) ဧပြီတွင် ဂျူးလူမျိုးတစ်သိန်းသည် ဂျေရုဆလမ်တွင် နွေဦးဘာသာရေးပွဲကို ကျင်းပသည်။ ထိုသူတို့အဖို့ 'နောင်နှစ်' ဆိုသည်မှာ မဝေးတော့ပြီ။ သို့တိုင်

http://mmteashop.com



အောင် ဂျေရုဆလမ်တွင် သူတို့ ဆုံစည်းဖို့မလွယ်လှပေ။ ပါလက်စတိုင်းကိုဝင်၍ တိုက်ပြီး ဂျေရုဆလမ်ကို သိမ်းပိုက်ခဲ့သည့် အီဂျစ်စူလတန်လက်ထက်မှစ၍ မည်သည့်ဘုန်းကြီး၊ မည်သည့်ဂျူးလူမျိုးမှ ကြေကွဲဖွယ်မြို့ရိုးတွင် ဆုတောင်းပတ္ထနာ မပြုနိုင်ခဲ့ကြ။ ဂျေရုဆလမ်တွင် နေထိုင်လျက်ရှိသည့် အာရပ်တို့က ဂျူးဘုန်းကြီး အစုလေးတစ်စုကိုပင် မြို့တွင်းသို့ ဝင်ခွင့်မပြု။

ကြေကွဲဖွယ်မြို့ရိုးနှင့် အနီးဆုံးနေထိုင်သည့် ဂျူးတို့မှာ မြို့ဟောင်းကြီး၏ ဂျူးရပ်ကွက်တွင် ပိတ်မိနေကြသူများ ဖြစ်သည်။ နွှေဦးဆုတောင်းပွဲတွင် သူတို့အားလုံး ဆင်နွှဲနိုင်ရန် ပွဲတော်ကို နှစ်စုခွဲ၍ ကျင်းပသည်။ တစ်ခုမှာ အက်ရှ်ခိနာဆင်ဟု ခေါ်သော ပိုလန်နှင့်ဂျာမန်နွယ် ဂျူးများအတွက် ဖြစ်သည်။ သူတို့ပြီးလျှင် နောက်အုပ်စုတစ်ခုဖြစ်သည့် ဆေဖာဒင်ခေါ် စပိန်နှင့်ပေါ်တူဂီနွယ် ဂျူးတို့က နောက်တစ်လှည့်ဆင်နွှဲကြသည်။ သို့မှသာ ကင်းတာဝန်ယူထားသည့် ဟာဂါနားတပ်ဖွဲ့အားလုံး တစ်ပွဲပွဲတွင် ဆုတောင်းပတ္ထနာပြုနိုင်မည်။

ဂျေရုဆလမ်မြို့သစ်တွင် ဒိုဂျိုးဇက် နွှေဦးဆုတောင်းပွဲ အထူးရာရှင်ကို သတ်မှတ်ဝေငှသည်။ အာလူး နှစ်ပေါင်၊ ကြက်ဥ နှစ်လုံး၊ ငါး ပေါင်ဝက်၊ မတ်ဇိုပေါင်မုန့် လေးပေါင်၊ အသား ပေါင်ဝက်နှင့် သစ်သီးခြောက် အောင်စဝက်တို့ ပါဝင်သည်။ ယင်းရာရှင်ဖြင့် ပွဲလမ်းမကျင်းပနိုင်ငြားလည်း ငတ်ပြတ်နေသော မြို့သားတို့အဖို့ အထူးရာရှင် ဖြစ်သည်။

နွှေဦးဆုတောင်းပွဲ ဆင်နွှဲနေစဉ် အိမ်ပြင်ဘက်မှ အိမ်တံခါးကို ခေါက်လျှင် ပွဲပျက်သွားပြီဟု ဂျေရုဆလမ်မိသားစု အများစုက ယူဆကြသည်။ အချို့ကမူ တံခါးခေါက်သည်မှာ တမန်တော်အီလီဂျားသည် ဘုရားသခင်ထံမှ ကမ္ဘာကြီးအေးချမ်းမည့် သတင်းစကားကို ယူလာခြင်း ဖြစ်သည်။ ဆုတောင်းပွဲဆင်နွှဲသည့် ထမင်းစားပွဲတွင် ဝိုင်တစ်ပုလင်းထားရှိရသည်။ တစ်ခါတစ်ရံ တံခါးခေါက်သူသည် သက်ရှိလူသားဖြစ်ပြီး ငြိမ်းချမ်းရေးမဟုတ်ဘဲ စစ်ပွဲသတင်းစကားကို ယူလာတတ်သည်။ ဟာဂါနားတပ်ဖွဲ့၏ ကိုယ်စားလှယ်တစ်ယောက် ရောက်လာပြီး ထိုအိမ်မှ အဖေ သို့မဟုတ် သားတစ်ယောက်ယောက် ယစ်ဇက်ဆာဒေး ဆင်နွှဲမည့် ထိုးစစ်တွင် ပါဝင်ရန် အသင့်ဖြစ်နေဖို့ လာရောက်သတိပေးတတ်သည်။

ဘင်ယေဟူဒါလမ်းထောင့်အနီး ဟစ္စတာဒရတ် အလုပ်သမားအဖွဲ့၏ သမဝါယမ စားသောက်ဆိုင်တွင် ကျင်းပသည့် နွှေဦးဆုတောင်းပွဲမှာ အမှတ်ရစရာ ကောင်းသည်။ ယင်းပွဲတွင် လွန်ခဲ့သည့် သုံးပတ်က တယ်အဗစ်မှ အတင်းအကျပ် ဆွဲခေါ်လာခဲ့သည့် ထရပ်ကားဒရိုင်ဘာ နှစ်ရာ့ရှစ်ဆယ်တို့ ပါဝင်ဆင်နွှဲကြသည်။ သူတို့သည် မသေဘဲ ကျန်ရစ်သူများဖြစ်ပြီး အီမိုင်းဂိုရီ၏ အဖွဲ့က ဂျေရုဆလမ်လမ်းမကြီးကို ပိတ်ဆို့လိုက်သဖြင့် မြို့ထဲတွင် ပိတ်မိနေကြသူများ ဖြစ်သည်။ မြို့တော်ကြီးတွင် နေထိုင်သည့်ဂျူးများ

http://mmteashop.com



အငတ်ဘေးမဆိုက်ရောက်အောင် "ရိက္ခာ" ပစ္စည်းများပို့ရန် သူတို့ရောက်လာကြသည်။ ယခုမူ သူတို့ပါ မြို့သားတို့နှင့်အတူ အငတ်ခံကြရတော့မည့်ကိန်း ဆိုက်လာသည်။

ဆုတောင်းပွဲကို ဒိုဂျိုးဇက်က ဦးစီးကျင်းပသည်။ စားစရာ အနည်းငယ်သာ ရှိသည်။ သို့သော် ပျော်စရာကောင်းသည်။ အားလုံး ပျော်ကြသည်ဟု ဂျိုးဇက်က ဆိုသည်။

ထမင်းစားပွဲအပြီးတွင် တမန်တော် အီလီဂျား အခန်းထဲသို့ ဝင်ရောက်ဆင်နွှဲနိုင်ရန် တစ်ယောက်က တံခါးကို ဖွင့်ပေးထားသည်။ သူသောက်မည့် ဝိုင်အရက်ခွက်ကို စားပွဲအလယ်မှာတင်ထားသည်။ ထရပ်ကား ဒရိုင်ဘာများအားလုံး မတ်တတ်ရပ်ပြီး ဆုတောင်းကြသည်။ "နောင်နှစ် ဂျေရုဆလမ်မှာ ဆုံကြမည်၊ မိစ္ဆာတို့လက်မှ ကယ်တင်ရမည့်သူ ရောက်လာမည်"။

ဂျေရုဆလမ်မြို့ကို ဂျူးတို့ သိမ်းပိုက်နိုင်ရန် ဂျေဘုဆီ စစ်ဆင်ရေး၏ ပထမ အဆင့်တွင် အကျအဆုံးများသည်။ နေဘီဆင်မျူးယယ်တောင်ကုန်းပေါ်တွင် တပ်စွဲထားသည့် အာရပ်တို့ကို တိုက်ထုတ်သည့် စစ်ပွဲ၌ ပါလမက်အဖွဲ့ဝင် သုံးဆယ့်ငါးယောက် ကျဆုံးသည်။ ယင်းမှာ ဧပြီ (၂၆) ညတွင် ဖြစ်သည်။ ထိုညနေမှာပင် ဂျေဘုဆီ စစ်ဆင်ရေး ဒုတိယအဆင့် စတင်သည်။ ဤတွင်လည်း ဗြိတိသျှတပ်များ၏ ဟန့်တားခြင်းကို ခံရသည်။ ရှိတ်ဂျာရား အာရပ်ရပ်ကွက်ကို ယစ်ဇက်ဆာဒေး၏ တပ်များက ဝင်ရောက် သိမ်းပိုက်သည်။ သူ့တပ်ဖွဲ့ဝင်များကို ဗြိတိသျှတပ်မတော် ဆုတ်ခွာမည့် လမ်းတစ်ဖက် တစ်ချက်တွင် ချထားသည်။ ဗြိတိသျှတပ်၏ မြို့စောင့်တပ်မှူး ဗိုလ်မှူးချုပ် စီ၊ ဖီ၊ စပလော့ ဂျုန်းက သူတို့အား ခြောက်နာရီအတွင်း နေရာယူထားသည့် ဒေသမှ ဆုတ်ပေးရမည်။ သို့မဟုတ်လျှင် တိုက်ထုတ်ရမည်ဟု ပြောသည်။

"သူတို့ဆုတ်မှာကို ဘယ်သူကများ တားနေလို့လဲ" ဒိုဂျိုးဇက်သည် ဗိုလ်မှူးချုပ်၏ အမိန့်ကို ဖတ်ရင်းဆိုသည်။ "ဂျူးတွေနဲ့ အာရပ်တွေက သူတို့ကို ဒီမြေပေါ်က ဆုတ်သွားချင်နေတာ ကြာလှပြီဆိုတာ ဗြိတိသျှတွေ မသိဘူးလား"

ဂျုန်းက ခြိမ်းခြောက်ခြင်း မဟုတ်။ အတည်ပြောခြင်း ဖြစ်သည်။ ဧပြီ (၂၇) ညနေ ခြောက်နာရီတိတိတွင် တောင်ပေါ်သား ခြေမြန်တပ်ရင်းနှင့်အတူ သံချပ်ကာ ကားတပ်၊ စစ်မြေပြင် အမြောက်တပ်တို့ ဆုတ်ခွာသွားကြသည်။ ထိုတပ်များကိုမြင်လျှင် ယစ်ဇက်ဆာဒေး၏ တပ်သားများသည် တစ်ခုတည်းသော သူတို့ပိုင် ဗြိတိသျှလုပ် ဘဇူကာ အမြောက်ကိုယူကာ စကိုးပတ်တောင်ကုန်းမှ ဆုတ်ခွာသွားကြသည်။

ဆာဒေးသည် ဂျေဘုဆီ စစ်ဆင်ရေး တတိယဆင့်ကို တစ်မျိုးပြောင်းရန် စိတ်ကူးရလာသည်။ ကာတာမွန်ရပ်ကွက်ရှိ ချမ်းသာသော အာရပ်တို့ကိုရွေး၍ တိုက်ထုတ်ရန် သူ စီစဉ်သည်။ ထိုရပ်ကွက်တွင် ဆယ်မီရာမစ်ဟိုတယ်ကို မစ်ရှေးရှာချမ်း ဗုံးခွဲဖျက်ဆီးခဲ့သည်။ ထိုအခါ ထိုရပ်ကွက်မှ ချမ်းသာသော ကုန်သည်ကြီးများ ထွက်ပြေးကြသည်။ သို့သော် သူတို့နေရာတွင် အီဟရာဟမ် အဘိုဒါယေး ခေါင်းဆောင်သော

http://mmteashop.com



မတ်ဖတီ၏ အဖွဲ့ဝင်များ ဝင်ရောက်တပ်စွဲကြသည်။ မကြာသေးမီကမှ အီရတ် အပျော်တမ်းတပ်သားများလည်း ရောက်လာသည်။ ကာတာမွန်ရပ်ကွက်ရှိ ကျောက်တုံးအိမ်များတွင် အာရပ်ရန်သူများသည် ဂျေရုဆလမ်၏ တောင်ပိုင်းဂျူးရပ်ကွက်ကို မျက်နှာမူကာ နေရာယူ တပ်စွဲထားသည်။

ကာတာမွန်တွင် အမြင့်ဆုံးနေရာ၌ရှိသည့် အဆောက်အအုံနှစ်ခုကို ပထမဆုံးတိုက်ရန် ဆာဒေး ရွေးချယ်သည်။ အဆောက်အအုံနှစ်ခု၏ထိပ်တွင် သေးသေးသွယ်သွယ် စိန့်ဆီရီ၏ လက်ဝါးကပ်တိုင်များ မိုးယံထက်သို့ ထိုးထွက်နေသည်ကို အဝေးကမြင်ရသည်။ ထိုနေရာတွင် ထင်းရှူးပင်များ၊ ဆိုက်ပရပ်ပင်များအလယ်၌ ဂရိအော်သိုဒေါက်စ်စိန့်ဆီမီယွန် ဘုန်းကြီးကျောင်းတစ်ခု တည်ရှိသည်။ ဆာဒေး၏ တပ်သားများသည် ဘုန်းကြီးကျောင်းအောက်ရှိ လှိုဏ်ကြားအတိုင်း ပြေးဝင်လာပြီး ဆူးပင်များ ဖုံးလွှမ်းနေသည့် မတ်စောက်စောက် တောင်ကုန်းအတိုင်းတက်ကာ ပစ်ခတ်တိုက်ခိုက်ကြသည်။ အဘိုဒါယေး၏ ပြောက်ကျားတပ်ဖွဲ့ဝင်များနှင့် အီရတ်အပျော်တမ်းတပ်ဖွဲ့ဝင်တို့က အပြင်းအထန် ခုခံတိုက်ခိုက်ကြသည်။ သို့သော်လည်း ပါလမက်တပ်သားများသည် ဘုန်းကြီးကျောင်းထဲသို့ ဓားလွတ်များ၊ လှံစွပ်များ၊ လက်ပစ်ဗုံးများ ကိုင်ဆောင်ကာ တစ်ခန်းဝင်တစ်ခန်းထွက် ဝင်ရောက်တိုက်ခိုက်သည်။ နောက်ဆုံးတွင် အာရပ်တို့သည် ကိုက်တစ်ရာခန့် ဝေးပြီး အစိမ်းရောင် တရုတ်ကတတ် ပြတင်းများရှိသည့် သုံးထပ်အဆောက်အအုံတစ်ခုသို့ ပြေးဝင်သွားကြသည်။

အဘိုဒါယေးသည် ပြန်လည်တိုက်ခိုက်ရန် သူ့တပ်သားများကို စုစည်းသည်။ ဗြိတိသျှအစစ်အဆေးကို ရှောင်နိုင်ရန် လားဝန်တင်များဖြင့် မြို့တော်ဟောင်းကြီးထဲမှ သုံးလက်မ မော်တာလေးခုကို အဘိုဒါယေး သယ်ဆောင်လာသည်။ စစ်ပန်းနေသော သူ့တပ်သားများကို ကူညီရန် ရွာသားနှစ်ရာကို နှစ်ဆယ့်တစ်နှစ်သားရှိ အကြီးအကဲတစ်ယောက် ခေါင်းဆောင်ပြီး စစ်ကူရောက်လာသည်။

ဘုန်းကြီးကျောင်းထဲတွင် အခြေအနေမှာ တင်းမာလာသည်။ အာရပ်လက်ဖြောင့်တပ်သားများသည် အလွန်လက်တည့်သည်။ ဂျူးတစ်ယောက် ဘုန်းကြီးကျောင်းအပြင်ဘက်က လက်ဝှေ့ယမ်းပြသည်။ သူ့ကိုလှမ်းပစ်လိုက်ရာ ဂျူး၏ လက်ချောင်းထိပ်တစ်ခုပြတ်ထွက်သွားသည်။ ကျောင်းခေါင်မိုးပေါ်တွင် ချက်စက်သေနတ်ဘေး၌ ဂျူးခြောက်ယောက် သေဆုံးသည်။ အားလုံးကို လက်ဖြောင့်တပ်သားက ပစ်ခတ်ခြင်းဖြစ်သည်။ လူငယ်တပ်ခွဲမှူး ဒေးဗစ်အယ်လာဇာသည် သူငယ်ချင်းတစ်ယောက်ကို ခေါင်မိုးပေါ်မှ သယ်ယူလာပြီး လွတ်ရာသို့ ပြေးရန် ကြိုးစားသည်။ သူငယ်ချင်းမှာ မော်တာကျည်ဆန်မှန်သဖြင့် ခြေတစ်ဖက်ပြတ်သွားသည်။ သူငယ်ချင်းက အယ်လာဇာအား သူ့ကိုပစ်သတ်လိုက်ရန် တောင်းပန်သည်။ "ငါခြေပြတ်နေပြီကွာ" ဟု တိုးတိုးဆိုသည်။ အယ်လာဇာက မော်ဖင်းထိုးပေးပြီး နှစ်သိမ့်စကား ဆိုသည်။ မိနစ်အနည်းငယ်ကြာပြီး ထိုနေရာသို့ အယ်လာဇာ ပြန်လာသည့်အခါ သူ့သူငယ်ချင်း သေနေသည်ကို

http://mmteashop.com



တွေ့ရသည်။ သူ့သူငယ်ချင်းသည် ပြတင်းတစ်ခုဆီသို့ လိုမ့်သွား ပြီး မှန်ကွဲတစ်ခုကိုယူကာ သွေးလွှတ်ကြောကို ဖြတ်လိုက်၏။ သွေးလွန်ပြီး သေဆုံးရခြင်း ဖြစ်လေသည်။

ဘုန်းကြီးကျောင်းထဲတွင် သေသူ၊ ဒဏ်ရာရသူ အများအပြား ပြန့်ကျဲနေသည်။ အရာရှိအားလုံး ဒဏ်ရာရသည်။ ရေဒီယိုအဆက်အသွယ် ပြတ်တောက်သွားသည်။ ရှေ့ဦးသူနာပြုများလည်း ခြေကုန်လက်ပန်းကျလာသည်။ ခဲယမ်းမီးကျောက်များ မရှိတော့။ ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ယောက် အာရပ်ရှေ့တန်းကို ဖောက်ထွက်ကာ ဆေးဝါးများ ခဲယမ်းမီးကျောက်များနှင့်အတူ ရောက်လာသည်။

ဘုန်းကြီးကျောင်းဝန်းကျင်ရှိ ဆိုက်ပရပ်ပင်များ၊ ဆူးပင်များအကြားတွင် သေဆုံးနေသော အာရပ်များကို တွေ့ရသည်။ သူတို့ဘက်ကလည်း အကျအဆုံးများ သည်။ အဘိုဒါယေးမှာ ကျောရိုးတွင် လက်ပစ်ဗုံး အစအနတစ်ခုမှန်သည်။ နာကျင် သည်ကို အမှုမထားဘဲ လူနှစ်ယောက်ထမ်းထားသည့် ကုလားထိုင်ထမ်းစင်ပေါ် မှနေ၍ သူ့တပ်သားများကို ကွပ်ကဲသည်။

ဘုန်းကြီးကျောင်းကို သူ့တပ်သားများဆက်၍ ထိန်းမထားနိုင်သည်ကို ဂျူး အရာရှိ အေလီယာဟုဆေလာ ရာနာနာ ဆင်ခြင်သုံးသပ်မိသည်။ လက်နက်ချရန်လည်း မဖြစ်နိုင်။ လက်နက်ချလျှင် တစ်ပြုံလုံး ပစ်သတ်ခံရမည်။ ဒဏ်ရာရသူများကို သယ်ဆောင် နိုင်မည့်လူ မရှိတော့သည်ကို သူသိသည်။ သို့ဖြစ်ရာ ကျန်တပ်ခွဲနှစ်ခုကို သုံးစုခွဲရန် ရာနာနာ ဆုံးဖြတ်သည်။ လမ်းလျှောက်နိုင်သည့် ဒဏ်ရာရသူတို့နှင့်အတူ အကာအကွယ် အဖြစ် ပစ်ခတ်ပေးမည့်သူတို့ပါ ဘုန်းကြီးကျောင်းနောက်ဘက်မှ ဖောက်ထွက်ရန် ကြိုးစား သည်။ ကျန်လူများက ဒဏ်ရာရသူတို့ကို သယ်ဆောင်ကာ နောက်က လိုက်လာမည်။ သူနှင့်အရာရှိငါးယောက်က ဒဏ်ရာရသူများနှင့်အတူ နေရစ်ခဲ့ပြီး ရန်သူကို ပစ်ခတ်သည်။ ထို့နောက် ဘုန်းကြီးကျောင်းကို ဗုံးခွဲဖျက်ဆီးပြီး အားလုံးအသေခံကြမည်။ ဤသို့ အသေ ခံရသည်က အီရတ်တို့၏ဓားဖြင့် သေရသည်ထက်တော့ တော်သေးသည်ဟု ရာနာနာ သဘောရသည်။

ပထမအုပ်စု ထွက်သွားကြပြီ။ ယင်းတို့အနက် သုံးဆယ်သာ အသက်မသေဘဲ လွတ်ရာသို့ရောက်သည်။ ဒုတိယအုပ်စုထွက်ရန် ပြင်ဆင်နေစဉ်မှာပင် ကိုက်နှစ်ရာ လောက်အဝေးတွင် အာရပ်တပ်မှူး အဘိုဒါယေးသည် တယ်လီဖုန်းတစ်ခု ကောက်ကိုင် ပြီး စကားပြောသည်။ တစ်ဖက်တွင် ကိုင်ရိုမြို့မှ ဟတ်ချ်အာမင်ဟတ်ဆေနီက ဖုန်းကို ကိုင်ကာ နားထောင်သည်။ အဘိုဒါယေးမှာ စိတ်နှလုံးကြေကွဲနေသည်။ တိုက်ပွဲတွင် ဆက်၍ မတိုက်နိုင်တော့သည်ကို မတ်ဖတီအား သူတောင်းပန်သည်။ သူ့လူများ အားကုန်နေပြီ။ မူလတပ်ဖွဲ့ဝင်ခြောက်ယောက်သာ ဒဏ်ရာမရဘဲ ရှိနေသည်။ ခဲယမ်း မီးကျောက် မရှိ။ မော်တာကျည်ဆန် မရှိ။ "ကျွန်တော်တို့ တိုက်ပွဲရှုံးပြီ" ဟု ငိုရှိုက်ကာ သူပြောသည်။

http://mmteashop.com



အဘိုဒါယေး တယ်လီဖုန်းပြောနေစဉ် ဂျူးအေဂျင်စီ မြေအောက်ခန်းတွင် ဟာဂါနား ထောက်လှမ်းရေးအရာရှိတစ်ယောက်က နားစွင့်နေသည်။ ဂျေရုဆလမ်၏ အာရပ်ခေါင်းဆောင်များ၊ ဗြိတိသျှအရာရှိကြီးများ တယ်လီဖုန်းပြောသည်ကို ဂျူးအေဂျင်စီမှ ဖြတ်၍ နားထောင်သူများ နှစ်ဆယ့်လေးနာရီလုံးလုံး ရှိနေကြသည်။ အဘိုဒါယေး၏ စကားများကို ရှယ်လတီးယယ်၏ ဌာနချုပ်သို့ သတင်းပို့လိုက်သည်။

ပါလမက်အဖွဲ့ ဒုတိယအုပ်စု ဘုန်းကြီးကျောင်းမှ မထွက်မီ ရေဒီယိုအသံ မြည်လာသည်။ အဘိုဒါယေး၏ တိုက်ပွဲရှုံးပြီဆိုသော စကားကို သူတို့အား အသိပေးပြီး ကြံ့ကြံ့ခံရန် တိုက်တွန်းသည်။ ခဏကြာလျှင် အာရပ်တို့၏ ပစ်ခတ်သံများ နားလာသည်။ ညရောက်လျှင် ဘုန်းကြီးကျောင်းသို့ ပါလမက် စစ်ကူရောက်လာသည်။ စိန့်ဆီမီယွန် ဘုန်းကြီးကျောင်းမှ ဆုတ်ရန် မလိုတော့ပေ။ ဂျေဘုဆီစစ်ဆင်ရေး ပထမအဆင့်လည်း အောင်မြင်ပြီ။

စိန့်ဆီမီယွန် ဘုန်းကြီးကျောင်းမှာ ဂျူးတို့လက်ထဲ ရောက်သွားပြီဖြစ်ရာ ကာတာမွန်ရပ်ကွက်ကို သိမ်းပိုက်ရန် ' ယိုးဆက်နေဗို ' အား တာဝန်ပေးသည်။ နေဗိုမှာ အသက်နှစ်ဆယ့်ရှစ်နှစ် အရွယ်ရှိ လူငယ်တစ်ယောက်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ် ချက်တာနူးဂါးမှ ဇီယွန်ဝါဒီ မိဘများနှင့်အတူ အခါလည်သား အရွယ်၌ ပါလက်စတိုင်းသို့ လိုက်လာသူ ဖြစ်သည်။ နေဗိုသည် အလုပ်မျိုးစုံ လုပ်ဖူးသည်။ ဓာတုဗေဒပညာရှင် တစ်ယောက် ဖြစ်ခဲ့သည်။ စုပေါင်းလယ်ယာသမဝါယမ တစ်ခု ထူထောင်ရာတွင် ပါဝင်ခဲ့သည်။ ဟာဂါနားတပ်ဖွဲ့မှ ဖွင့်လှစ်သည့် ပထမအရာရှိ သင်တန်းတွင် ဂုဏ်ထူးနှင့်အောင်မြင်ခဲ့သည်။ ဘုရင့်အမြောက်တပ်တွင် ဆာဂျင်မေဂျာ အဖြစ် အမှုထမ်းခဲ့ဖူးသည်။ လန်ဒန် ဘောဂဗေဒကျောင်းတွင် သင်ကြားခဲ့ဖူးသည်။ သံတမန်အရာရှိလည်း လုပ်ခဲ့ဖူးသည်။

နေဗိုသည် သူ့တပ်များကို ကာတာမွန်ရပ်ကွက် ဗဟိုဒေသတွင် မျဉ်းပြိုင်လမ်း နှစ်ခု ချထားပြီး အပြေးအလွှား ချီတက်စေသည်။ တစ်နေရာတွင် အီရတ် ကောင်စစ်ဝန်ရုံးမှ အာရပ်လီးဂျင်း သံချပ်ကာကားနှစ်စီး ထွက်လာပြီး သူတို့ကို ပစ်ခတ်သည်။ အတွေ့အကြုံမရှိသေးသော သူ့တပ်သားများ ထိတ်လန့်ကြောက်ရွံ့မည်ကို စိုးရိမ်၍ ထုထည်ကောင်းကောင်း အဆောက်အအုံတစ်ခုထဲသို့ ပြေးဝင်ခိုင်းပြီး နှစ်လက်မမော်တာများကို ဘဇူကာသဖွယ် အသုံးပြုရန် အမိန့်ပေးသည်။ သံချပ်ကာကားနှစ်စီး ပြန်လှည့်သွားလျှင် သူ့တပ်သားများ ဝမ်းသာအားရ ဆက်လက်ချီတက်ကြသည်။

နေဗို၏ တပ်သားများ ရုတ်တရက် ဝင်ရောက်သိမ်းပိုက်သည်တွင် အာရပ်အရပ်သားတို့မှာ မိနစ်ပိုင်းအတွင်း လက်လွတ်ထွက်ပြေးကြရသည်။ ထိုသတင်းကြားလျှင် ဒိုဂျိုးဇက်သည် သူ့တပ်သားများအား ကာတာမွန်ရပ်ကွက်သို့ ဝင်ပြီး ရနိုင်သမျှ အစားရေစာ ရိက္ခာတို့ကို ရနိုင်သမျှ သယ်ယူရန် အမိန့်ပေးသည်။ စွန့်ပစ်သွားသော အိမ်များ

http://mmteashop.com



တွင် ပစ္စည်းအလျှံအပယ်တွေ့ရသည်။ ထမင်းပွဲများ ပြင်ထားရင်း ထွက်ပြေးကြသည့် အဖြစ်ကို တွေ့ရသည်။ အချို့မှာ စားရင်းတန်းလန်း ထမင်းပွဲများ၊ အချို့အိမ်များတွင် ခက်ရင်းများတွင် အသားတုံးများကိုထိုးလျက်၊ အချို့အိမ်များတွင် မီးဖိုများဖွင့်လျက် ထမင်းဟင်းများ မီးသွေးတုံးဖြစ်လျက်၊ ကော်ဖီအိုးများအောက်တွင် ဓာတ်ငွေ့များ တောက်လောင်လျက်၊ ရေချိုးကန်များတွင် ရေများလျှံကျလျက် တွေ့ ရသည်။ အာရပ်တို့ ကာတာမွန်မှ အမောတကော ထွက်ပြေးခြင်း၏ လက္ခဏာများ ဖြစ်သည်။ ငတ်ပြတ် နေသော ဂျူးများအတွက် ထိုအိမ်များမှ စားနပ်ရိက္ခာ အတော်များများရလိုက်သည်။ ဒိုဂျိုးဇက်၏ သကြားဂိုဒေါင်နှင့် ဟင်းချက်ဆီ ဂိုဒေါင်တို့တွင် ရိက္ခာပြတ်လပ်နေရာမှ ရိက္ခာအသစ်များ ဝင်လာသည်။ အိမ်တစ်အိမ်မှ ကဗီယာခေါ် ငါးပိထောင်းတစ်စည် ရသည်။ ယင်းမှာ အော်သိုဒေါက် ဂျူးတို့ မစားရသည့် တားမြစ်အစားအစာ ဖြစ်သည်။ အစားကောင်းတပ်မက်သူ ဂျူးတပ်မှူး ဒေးဗစ်ရှယ်လတီးယယ်အဖို့ ထိုပစ္စည်းကို အလဟဿ အဖြစ်မခံနိုင်။ မားမလိတ်ယိုထည့်သည့် စည်ထဲတည့်ပြီး ရှနဲလား စခန်းတွင် နံနက်စာ စားသည့်အခါ ယိုအဖြစ် သူ စားသည်။

ဂျိုးဇက်၏ တပ်သားများကို အားကျပြီး လုယက်သူများ ပေါ်လာသည်။ နေဗိုက လုယက်သူများအား ခြေထောက်ကို အပစ်ခိုင်းသည်။ သို့ငြားလည်း အတင့်ရဲသူတို့က သေရမှာ မကြောက်ဘဲ အာရပ်အိမ်များသို့ဝင်ကာ ရသမျှ လုယက်ယူငင်ကြသည်။ နောက်တစ်နေ့မနက်တွင် ကာတာမွန်မှ ထွက်ပြေးသည့် အာရပ်တစ်ယောက်အား အလုပ်အတူလုပ်ဖက် ဂျူးတစ်ယောက်က သူ့အိမ်အခြေအနေကို တယ်လီဖုန်းဆက်ကာ သတင်းပေးသည်။ "ဘာမှမကျန်တော့ဘူး၊ အိမ်ရှေ့တံခါးက တံခါးရွက်တွေကိုတောင် ပတ္တာဖြုတ်ပြီး ယူသွားကြတယ်" ဟု ပြောသည်။

" နိုင်ငံရေးဆိုတာ စစ်တုရင်ကစားတာနဲ့ တူတယ်။ ရန်သူ့ပိုင်နက်ထဲ နယ်ရုပ် တွေ ဇွတ်အတင်းတက်လို့မဖြစ်ဘူး၊ အကွက်ကို စောင့်ရမယ်" ဟု ထရန်းစ်ဂျော်ဒန် ဘုရင် အက်ဘဒူလာက မုတ်ဆိတ်မွေးကို သပ်ရင်းပြောသည်။ သူ့ဆီသို့ စုရုံးရောက်ရှိ လာကြ သော အာရပ်ခေါင်းဆောင်များအား သတိပေးစကားပြောခြင်း ဖြစ်သည်။ ဘုရင်ကလေး သည် နန်းတော်ထဲသို့ နေရာများပြီး ရောက်လာသူနှင့်တူနေသည်။ တကယ်က သူသည် သဲကန္တာရတဲနန်းတွင် ပျော်မွေ့ပြီး ကုလားအုတ်တပ်ဖြင့် သွားလာတတ်သည့် ဟေဂျာစီ မျိုးနွယ်မှ ဆင်းသက်လာသူ ပဒေသရာဇ်တစ်ယောက် ဖြစ်သည်။

အီဂျစ်ဘုရင် ဖာရောက်မှ ဂျူးတို့ကို စစ်ကြေညာမည်ဟု အာရပ်ခေါင်းဆောင် တို့အား ကတိပေးခဲ့သည်။ ထိုကတိစကားမျိုး အက်ဘဒူလာဆီက ရနိုင်လိမ့်မည်မထင်။ သူ့အနေအထားမှာ အကျဉ်းအကျပ်တွင် ရောက်နေသည်။ စစ်တုရင်ကွက်များကို ဖြေရှင်း ရာ၌ ခက်ခဲသလိုပင် ခက်ခဲသည်။ အာရပ်ခေါင်းဆောင်များနှင့် သူ မဆန့်ကျင်လို။ သူသည် အကောင်းကြိုက်သူ ဖြစ်သည်။ ဘုံဘေမှ အိန္ဒိယရေမွှေးကိုမှာ၍ သုံးသည်။ ဗြိတိသျှတို့နှင့်

http://mmteashop.com



အက်ဘဒူလာသည် အဆက်အသွယ်မပြတ်ခဲ့ပေ။ သူ၏ နန်းသုံး သမား တော်ကြီး ဒေါက်တာမိုဟာမက်အယ်ဆာတီကို ဂျေရုဆလမ်လွှတ်ကာ ဂျူးအေဂျင်စီနှင့် နားလည်မှု ယူထားသည်။ ပါလက်စတိုင်းခွဲခြမ်းမှုကို လက်ခံသူ အာရပ်ခေါင်းဆောင်ဆို၍ သူတစ်ယောက်သာ ရှိသည်။ ထိုသဘောထားကို ဗြိတိသျှ သို့မဟုတ် ဂျူးတို့အား တိုးတိုး ပြောထားသော်လည်း ရဲဘော် အာရပ်ခေါင်းဆောင်များကိုမူ မပြောရဲ။ ခွဲခြမ်းမှုထောက် ခံလျှင် အသတ်ခံရနိုင်သည်။ သို့မဟုတ် ထီးနန်းဆုံးရှုံးနိုင်သည်။ မည်သို့ဖြစ်စေ ညီနောင် အာရပ်များကို သတိပေးရန် သူ့တာဝန် ဖြစ်သည်။

အကယ်၍ စစ်ပြိုင်တိုက်ခိုက်ရမည်ဆိုလျှင် သူသည် "ရှေ့တန်းတွင် တိုက်ခိုက် နေသောတပ်များနှင့်အတူ လိုက်ပါမည်" ဟု အက်ဘဒူလာ ကတိပေးသည်။ "သို့သော် လည်း စစ်မတိုက်မီ ကျွန်တော်အကြံပေးတာက ဂျူးတွေကို ပစ်ခတ်ခြင်းမပြုဘဲ သူတို့ ဘာလိုချင်သလဲ မေးရမယ်" ဟု အက်ဘဒူလာက ဆိုသည်။ ဟာဂါနားတပ်ဖွဲ့သည် "အကျအန လေ့ကျင့်ထားပြီးဖြစ်သည်။ ခေတ်မီလက်နက်များရှိသည်"ဟု သတိပေးသည်။ ပါလက်စတိုင်းမှာနေသည့် အာရပ်များ ရာနှင့်ထောင်နှင့်ချီကာ တခြားနိုင်ငံများသို့ ထွက်ပြေး ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ ဂျူးတွေချီတက်လာစဉ် အာရပ်တွေ ထွက်ပြေးနေသည်။ နက်ဖြန်ဆိုလျှင် ဂျူးတွေ ထောင်ချီပြီး ရောက်လာကြမည်။ ပင်လယ်ကမ်းမြောင် ဒေသအတိုင်း ဂါဇာသို့၊ ထိုကမှ အက်ကာသို့ သူတို့ ရောက်လာကြလိမ့်မည်၊ သူတို့ကို အာရပ်တွေ ဘယ်လိုတားမည်လဲ၊ "ခင်ဗျားတို့ကို ကျွန်တော်တို့ အသိအမှတ် မပြုဘူး"ဟု ပြောမည်လား။ သည့်နောက် အလာဟူ ဘုရားသခင်က သူ့အလိုတော်အတိုင်းဆောင်ရွက် လိမ့်မည်"

အက်ဘဒူလာက ဆက်၍ပြောသည်။ "နက်ဖြန် ဂျက်ဖာက၊ ဟိုက်ဖာက ဒါမှ မဟုတ် တခြားဒေသက အာရပ်တွေ အုပ်စုလိုက် ရောက်လာကြပြီး ဂျူးတွေနဲ့ နားလည်မှု ယူမယ်ဆိုရင် အာရပ်ခေါင်းဆောင်တွေ အာရပ်နိုင်ငံတွေ ပြီးတော့ အာရပ်အဖွဲ့ချုပ်တို့ဟာ အခုကိစ္စကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်တော့မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ကျိန်တွယ် ပြောရဲတယ်"

မည်သို့ဖြစ်စေ အမ်မမ်သို့ အာရပ်ခေါင်းဆောင်များ စုဝေးရောက်ရှိလာကြ သည်မှာ သည်စကားမျိုး နားထောင်ရန် ရောက်လာခြင်း မဟုတ်။

အာရပ်တို့မှာ စစ်တိုက်လျှင် သူတို့နိုင်မည် ယုံကြည်သည်။ ပါလက်စတိုင်းမှ ဗြိတိသျှတို့ ထွက်ခွာလျှင် နယ်ခြားဒေသများတွင် အာရပ်စစ်တပ်များ အလုံးအရင်းနှင့် ချထားမည်။ ထိုအခါ ဂျူးတို့ ခုခံနိုင်မည် မဟုတ်ဟု ယုံကြည်သည်။ ဤကိစ္စများကို ဆွေးနွေးရန် အမ်မမ်သို့ ရောက်လာကြသည့် အာရပ်ခေါင်းဆောင်တို့နှင့်အတူ သက်ဆိုင် ရာ စစ်ဗိုလ်ချုပ်များလည်း ပါလာသည်။ အက်ဘဒူလာ ငြိမ်းချမ်းရေးစကား ပြောနေ သည်ကို တစ်နေ့လယ်ခင်းလုံး စစ်ဗိုလ်ချုပ်များ စောင့်နေကြသည်။ အက်ဇမ်ပါရှားက

http://mmteashop.com



ဘုရင်အက်ဘဒူလာအား "ယခုလို ငြိမ်းချမ်းရေးစကားပြောသဖြင့် ကျေးဇူးတင်ကြောင်း ပြီးလျှင် စစ်ဗိုလ်ချုပ်ကြီးများ မည်သို့ ပြောမည်လဲ နားထောင်ကြမည်" ဟု ဆိုသည်။ ပါလက်စတိုင်းသို့ ဝင်ရောက်တိုက်ခိုက်သည့်အခါ စစ်ရေးစစ်ရာ သဘောထားများ၊ ပြဿနာများ မည်သို့ရှိသည်ကို တင်ပြရန် ဖိတ်ခေါ်သည်။

တစ်နေ့လယ်ခင်းလုံး သူတို့ ဆွေးနွေးကြသည်။ စစ်တိုက်လျှင် နိုင်မည်ဟု အားလုံး ယုံကြည်ကြသည်နှင့်အညီ ခေါင်းဆောင်တိုင်းက 'တယ်အဗစ်'သို့ သူတို့နိုင်ငံ၏ တပ်များ ချီတက်မည် ဆိုကြသည်။ ပါလက်စတိုင်း မြေပုံများကို ကြည့်ကြသည်။ ဘယ် လမ်းက တက်မည်၊ မည်သည့်နိုင်ငံ၏တပ်က မည်သည့်ဒေသကို တာဝန်ယူရမည်။ အင်အားဘယ်ရွေ့ဘယ်မျှ ဖြည့်တင်းမည် စသည်တို့ကို ဆွေးနွေးကြသည်။

နိုင်ငံရေးသမားများ ဗိုလ်ချုပ်ကြီးများ ကြုံတွေ့ရသည့် အခက်ခဲဆုံးကိစ္စမှာ တပ်များအားလုံးကို ဘယ်ပုံစုစည်းဖွဲ့စည်းမည်လဲ ဆိုသောကိစ္စ ဖြစ်သည်။ စစ်ဆင်ရေး ပူးတွဲကွပ်ကဲမှု ဦးစီးအဖွဲ့ ရွေးချယ်ရေးနှင့် ဦးစီးမှူး ခန့်ထားရေးတို့ကို စဉ်းစားကြသည်။ အက်ဘဒူလာက သူ၏ အာရပ်လီးဂျင်းတပ်ကို အခြားအာရပ်နိုင်ငံ၏ ကွပ်ကဲမှုအောက် မထားနိုင်။ အီဂျစ်ဘုရင် ဖာရောက်ကလည်း သူ၏စစ်တပ်ကို ပြိုင်ဘက် သဲကန္တာရ အာရပ်များ၏ လက်အောက်တွင်မထားနိုင်။ အာရပ်လီးဂျင်း၏ တိုက်ရည်ခိုက်ရည် အရှိဆုံး တပ်မှူး ဂွန်ဂလပ်ကို ယခုရောက်လာကြသည့် မည်သည့် အာရပ်ဗိုလ်မှူးကြီးများ ကမျှ မယုံကြည်။

အက်ဘဒူလာအဖို့ နိုင်ငံရေးအရ ခေါင်းဆောင်မှု မရနိုင်မှန်းသိသည်။ သို့ဖြစ်ရာ စစ်ရေးခေါင်းဆောင်မှုကို သူလိုချင်သည်။ ထို့ကြောင့် "သူ့ကို ပူးတွဲစစ်ဦးစီးအဖွဲ့၏ တပ်မှူး ခန့်ပါလား" ဟု တင်ပြသည်။ သူ့အဆိုပြုချက်ကြောင့် အားလုံး စိတ်မသက်မသာ ဖြစ်ကာ ဘာစကားမျှ မပြောကြတော့ဘဲ ငြိမ်ကျသွားသည်။ သူ့ကို တပ်မှူးခန့်ရန် မည်သူကမျှ သဘောတူမည် မဟုတ်သည်ကို အီဂျစ်မှ အက်ဇမ်ပါရှားသိသည်။ ထို့ကြောင့် အခြေ အနေဆိုးမှ လွတ်မြောက်အောင် စကားလုံး လှလှလေးများသုံးကာ ဤသို့ ပြောသည်။ "ကျွန်တော်တို့အားလုံးဟာ အက်ဘဒူလာရဲ့ နိုင်ငံမှာ ဧည့်သည်တွေ မဟုတ်လား၊ သည်တော့ သူက ကျွန်တော်တို့ကို ကွပ်ကဲတာပေါ့ဟုတ်လား"ဟု အက်ဇမ်ပါရှား အလိမ္မာ စကားဆိုသည်။

သူ့စကားများကို ဆုံးဖြတ်ချက်အဖြစ် စာရွက်ပေါ်တွင် မှတ်တမ်းတင်၍ မထား။ သို့သော်လည်း ယင်းတို့မှာ အက်ဘဒူလာကို နှစ်သိမ့်သည့်စကားများ ဖြစ်သည်ကို အားလုံး နားလည်ကြသည်။ မည်သို့မျှ အဖြေရှာမရ။ နောက်ဆုံးတွင် အာရပ်နိုင်ငံတိုင်းက အမ်မမ် မြို့ပြင်ဘက် အာရပ်လီးဂျင်း အခြေစိုက်စခန်း ဖြစ်သည့် ဇာကာသို့ မိမိတို့ စစ်တပ်၏ ဆက်သွယ်ရေးတပ်မှူးများကို စုပေါင်းကွပ်ကဲမှု ဦးစီးအဖွဲ့တွင် လာရောက် ရုံးထိုင်ရန် ခန့်ထားရမည်ဟု ဆုံးဖြတ်ကြသည်။

http://mmteashop.com



ညီလာခံပြီးဆုံးသည့်အခါ အာရပ်လီးဂျင်း၏ ဗြိတိသျှအရာရှိတစ်ယောက်ဖြစ်သည့် လက်ဖတင်နင်ကာနယ် အားကွတ်ကာသည် အီရတ်ခေါင်းဆောင်ကြီး တစ်ယောက်ကို အမ်မမ်မြို့လယ်သို့ ကားဖြင့် လိုက်ပို့သည်။

"အစည်းအဝေးက ဘယ်လိုလဲ" ဟု ယဉ်ကျေးစွာပင် ကွတ်ကာက မေးသည်။

"အောင်မြင်တယ်၊ ကျွန်တော်တို့တစ်တွေ ကိုယ့်တပ်ကိုယ် တာဝန်ယူပြီး တိုက်ကြဖို့ ဆုံးဖြတ်ကြတယ်"ဟု အီရတ်ခေါင်းဆောင်ကြီးက ဆိုသည်။

အမ်မမ်မြို့တွင် အာရပ်တပ်များက ပါလက်စတိုင်းကို ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်နေစဉ် မိုင်ငါးဆယ်ဝေးသည့် ဂျော်ဒန်မြစ်တစ်ဖက်ကမ်း နာဟာရာယင် စုပေါင်းလယ်ယာစခန်း၌ အရပ်ဝတ်ဝတ်ထားသည့် အာရပ်တပ်မတော်အရာရှိတစ်ယောက်သည် ဟာဂါနားအဖွဲ့ ကိုယ်စားလှယ်တစ်ယောက်နှင့် အထူးအရေးကြီးသည့် ကိစ္စတစ်ခုကို လျှို့ဝှက်ဆွေးနွေးနေသည်။ သူ၏ဘုရင်က စစ်တိုက်ရန် စိတ်မပါ့တပါ ထောက်ခံနေစဉ် ဂလွန်ဂလပ်သည် ဂျူးစုပေါင်းလယ်ယာစခန်းသို့ အရာရှိတစ်ယောက်စေလွှတ်ကာ ရင်ဆိုင်ရတော့မည့် အာရပ်ဂျူးစစ်ပွဲတွင် အာရပ်လီးဂျင်း အနေဖြင့် ဘေးရှောင်နေမည့် နည်းလမ်းများကို ဆွေးနွေးစေသည်။

ဂလွန်ဂလပ်၏ ကိုယ်စားလှယ်မှာ ကာနယ် ဒက်စမွန်ဂိုလဒီ ဖြစ်သည်။ သူက ပါလက်စတိုင်းကို အေးချမ်းစွာ ခွဲခြမ်းကြမည်ဟု ဆိုသည်။ အာရပ်လီးဂျင်းက အာရပ်တို့ နေသည့်အပိုင်းကို သိမ်းပိုက်မည်။ ဟာဂါနားက ဂျူးတို့နေသည့်အပိုင်းကို သိမ်းပိုက်မည်။ ဂျေရုဆလမ်ကမူ နှစ်ဖက်စလုံး ဆုတ်ခွာပေးရမည်။ ထိုစကားကြားလျှင် ဟာဂါနားမှ ရှလိုမိုရှာမီးယား အံ့အားသင့်သွားသည်။

ခွဲခြမ်းရေးဖြင့် သတ်မှတ်ထားသည့် နယ်နိမိတ်မျဉ်းများကို အာရပ်လီးဂျင်းတပ်များက မဖြတ်သေးဘဲ နှစ်ရက် သုံးရက်လောက်စောင့်နေမည်။ ဟာဂါနားတပ်ဖွဲ့ကို သူ၏ နယ်နိမိတ်အတွင်း ပြင်ဆင်ချိန်ပေးရန် ဖြစ်သည်။ ဤသို့ဖြင့် စစ်မဖြစ်အောင် ရှောင်နိုင်လိမ့်မည်ဟု ဂိုလဒီက ရှာမီးယားအား တင်ပြသည်။ ဂိုလဒီက သူသည် ဂလပ်ပါရှား၏ကိုယ်စား ပြောကြားနေခြင်း ဖြစ်သည်။ ပါလက်စတိုင်းတွင် ဟာဂါနားအဖွဲ့က မည်သို့ စီစဉ်မည်လဲဟု မေးသည်။ ဂျူးနိုင်ငံအဖြစ် သတ်မှတ်ပေးထားသည့် နယ်နိမိတ်ထဲမှာ နေမည်လား သို့မဟုတ် နိုင်ငံခဲ့ထွင်မှာလား။

ရှာမီးယားက အတိအကျ မဖြေ။ နယ်နိမိတ်မျဉ်းဆိုသည်မှာ နိုင်ငံရေးသမားများနှင့် ဆိုင်သည်။ စစ်သားများ၏ ကိစ္စမဟုတ်။ သို့သော် တကယ်တမ်း လှုပ်ရှားပြီဆိုလျှင် ဟာဂါနားသည် ပါလက်စတိုင်းတစ်ခုလုံးကို သိမ်းပိုက်နိုင်စွမ်းရှိသည်။ အာရပ်လီးဂျင်းက ဂျေရုဆလမ်ကိုမတိုက်လျှင် ထိုဒေသတွင် တိုက်ပွဲများ ဖြစ်ပွားမည်မဟုတ်။ ဂိုလဒီ၏ သတင်းစကားကို အထက်လူကြီးများအား တင်ပြပေးမည်ဟု ရှာမီးယား ကတိပြုသည်။

http://mmteashop.com



ကာတာမွန်တွင် ဟာဂါနားကို ခေါင်းဆောင်သူမှာ အလွန်တက်ကြွသည့် ယိုးဆက်နေဗို ဖြစ်သည်။ ကာတာမွန်တိုက်ပွဲတွင် အောင်မြင်ခဲ့သော်လည်း နောက်တိုက်ပွဲတစ်ခုတွင် နေဗို လက်မြောက်အရှုံးပေးရမလို ဖြစ်လာသည်။ ယခုတိုက်ပွဲမှာ အချစ်တိုက်ပွဲ ဖြစ်သည်။ ယောက္ခမလောင်းဖြစ်သည့် အမျိုးသမီးကြီးက သူ့သမီးနှင့် နေဗိုအား သဘောမတူ။ သမီးဆီသို့ အလည်သွားလျှင် မကြည်မသာလက်ခံသည်။

နေဗို၏ချစ်သူမှာ နာအိုမီ ဖြစ်သည်။ သူတို့နှစ်ယောက် (၁၉၄၅) ဆောင်းရာသီတွင် လန်ဒန်၌ တွေ့ကြသည်။ ထိုအချိန်က နေဗိုသည် ဗြိတိသျှတပ်မတော်၌ စစ်သင်တန်းတက်နေသော ကျောင်းသားတစ်ယောက် ဖြစ်သည်။ နာအိုမီက အခြားပါလက်စတိုင်း လူငယ်လူရွယ်များနှင့်အတူ နေဗိုကို သူ့မွေးနေ့ပွဲသို့ တက်ရန် ဖိတ်ခေါ်သည်။ နောက်တစ်လကြာလျှင် လန်ဒန်မြို့ထဲ လမ်းတစ်ခုဖြတ်အကူးတွင် နေဗိုက နာအိုမီအား ချစ်ရေးဆိုသည်။

နာအိုမီ၏ အမေက သမက်လောင်းအား မနှစ်သက်။ နေဗိုသည် ရည်ရွယ်ချက်က မည်မည်ရရ မရှိ။ ပညာအခြေခံ မကောင်း။ ကြီးပွားစရာအကြောင်း မမြင်။ သူ့ သမက်ဖြစ်နိုင်သည့် အရည်အချင်းများ မပြည့်စုံဟု ယူဆသည်။ သမီးနှင့်သဘောမတူ ဟု ခပ်ပြတ်ပြတ်ပြောခဲ့သည်။ နာအိုမီ စုပေါင်းလယ်ယာ သမဝါယမလုပ်ငန်းများလေ့လာရန် ပါလက်စတိုင်းသို့ သွားသည့်အခါ အမေက စိတ်မချ။ ဂျေရုဆလမ်တွင် နာအိုမီအခြေစိုက်ရန် ဆုံးဖြတ်သည့်အခါ နေဗိုနှင့် ချစ်စခန်းဖွင့်ရန်မလွယ်။ အမေက "ဂျေရုဆလမ်သို့ သူလိုက်လာပြီ"ဟု သံကြိုးရိုက်သည်။

ဂျေရုဆလမ်၏ လူနေမှုဘဝမှာ စိတ်ညစ်စရာကောင်းသည်။ အထိတ်ထိတ် အလန့်လန့် နေရသည်။ သို့သော်လည်း နာအိုမီ၏ အမေက မမူ။ ရိက္ခာပြတ်လပ်သည်။ အန္တရာယ်နီးသည်။ သူ့အမေကမူ စစ်အတွင်းက လန်ဒန်မြို့တွင် ဂျာမန်တို့ ဗုံးမိုးရွာသည့်အကြားမှာ သူ နေခဲ့ဖူးသည်။ သူ မကြောက်ဟု ဆိုသည်။ သမီးက အမေအား လန်ဒန်မြို့သို့ ပြန်လွှတ်သည်။ အမေကြီးက ခေါင်းမာသည်။ သမီးနှင့်အတူ ဂျေရုဆလမ်မှာပဲ နေတော့မည်ဟု ဆိုသည်။

နေဗိုသည် သူရဲကောင်း ဖြစ်သည်။ အမေ သဘောတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ နာအိုမီကို သူ လက်ထပ်ယူရန် ဆုံးဖြတ်ထားသည်။ "တို့ လက်ထပ်ကြတော့မယ်" ဟု နာအိုမီအား အသိပေးသည်။

နာအိုမီ၏မျက်နှာ ညှိုးကျသွားသည်။ နေဗို၏စကားသံတွင် သန္နိဋ္ဌာန်ချပြီးသည်ကို သူသိသည်။ အဆုံးအဖြတ် အချိန်တစ်ခုရောက်လာပြီ။ ကောင်းပြီလေ။ လက်ထပ်တော့မည်ဟု နာအိုမီ ဆုံးဖြတ်လိုက်သည်။ ဘုန်းကြီးတစ်ပါး ရှာခဲ့ပါ။ သူ့ သူငယ်ချင်း မိန်းကလေးတစ်ယောက်၏အိမ်တွင် လက်ထပ်အခမ်းအနား ပြုလုပ်မည်ဟု ဆိုသည်။

http://mmteashop.com



ဗြိတိသျှတို့ကြောင့် အပစ်အခတ် ရပ်ခဲ့ရသဖြင့် ကာတာမွန်ရပ်ကွက်ကို ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ဂျေဘုဆီစစ်ဆင်ရေး အဆုံးသတ်ခဲ့ရသည်။ ဂျေရုဆလမ်မြို့ ကွပ်ကဲရေးကို ယစ်ဇက်ဆာဒေးက ဒေးဗစ်ရှယ်လတီးယယ်လက်သို့ ပြန်၍ အပ်ခဲ့သည်။ ရှယ်လတီးယယ်သည် ဗြိတိသျှတို့ ဆုတ်ခွာသည့်နေ့တွင် ဂျေရုဆလမ်မြို့လယ် အချက်အချာကျသော အဆောက်အအုံများကို သိမ်းပိုက်ရန် ထပ်မံစီစဉ်သည်။ ထိုတာဝန်ကို ပုလိပ်အရာရှိ အေရီယေးရှားအား ပေးလိုက်သည်။ "ရှား" မှာ နာမည်ကောင်းရဖို့ ကြုံလာပြန်ပြီ။ ဗြိတိသျှတပ်မှ မေဂျာတစ်ယောက်က ဂျေရုဆလမ်မှ ဗြိတိသျှတပ်များ ဆုတ်ခွာမည့် အစီအစဉ်များကို သူ့အားပေးသည်။ မြို့တွင်းရှိ ဗြိတိသျှတပ်ဖွဲ့အသီးသီး မည်သို့ဆုတ်မည်။ မည်သည့်လမ်းက ဆုတ်မည်၊ မည်သည့်နေရာတွင် စုဝေးကြမည် စသည်တို့ ပါရှိသည်။ သို့သော်လည်း ကွက်လပ်ကျန်ခဲ့သည့် စာရွက်များ ရှိသေးသည်။ နောက်ဆုံး အချိန်တွင်မှ လက်ရေးဖြင့် ဖြည့်မည့်အစီအစဉ်များတွင် "ရှား"သိချင်သည့် အချက်အလက်များ ပါရှိသည်။ မြို့တွင်းရှိ ဗြိတိသျှတပ်စွဲထားသော အဆောက်အအုံများမှ တပ်ဖွဲ့များ ဆုတ်ခွာမည့် အချိန်အတိအကျ အသေးစိတ်ပါရှိသည်။

"ရှား" က ထိုအဆောက်အအုံတို့တွင် အလုပ်လုပ်နေကြသော ဂျူးအလုပ်သမားတို့အား နောက်ဆုံး အချိန်အထိ အလုပ်လုပ်နေကြရန် ဆွေးနွေးထားသည်။ ဗြိတိသျှတပ်ဖွဲ့များ ထွက်ခွာပြီးနောက် သူ့တပ်များ ဝင်ရောက်နေရာမယူမီအတွင်း အဖိုးတန်အချိန်ကလေးတွင် လူသူမပြတ်ဘဲ ရှိနေစေချင်သည်။ သူတို့မှာ စစ်ပညာသင်ထားကြသူများ မဟုတ်။ လက်သမား၊ လက်နှိပ်စက်ရိုက်သူ၊ မီးစက်မောင်းသူ စသည်တို့ ဖြစ်သည်။ သူတို့ကို ပလေးယားတပ်ဖွဲ့ဟု နာမည်ပေးထားသည်။ သူတို့လက်ထဲသို့ ပလေးယားစီးကရက်ဘူးတွင် တင်အင်တီ ယမ်းဘီလူးနှင့် စနက်တံတပ်ထားသည့် လက်ပစ်ဗုံးများ ပေးထားသည်။ ထိုလက်ပစ်ဗုံး ခြောက်ရာကို စာတိုက်ကြီး၊ တယ်လီဖုန်းခလုတ်ရုံ၊ ဘာကလေဘဏ်တိုက်နှင့် ရုံးအဆောက်အအုံများထဲသို့ လူမသိအောင် ပို့ထားသည်။

"ရှား"အတွက် လက်ပစ်ဗုံးလုပ်ပေးသူတစ်ယောက်မှာ ဘရွန့်မှ ဂျူးဘုန်းကြီး၏သား ကာမိချာနီ ဖြစ်သည်။ ဟာဂါနားသို့ ဝင်ရန် အတော်လေး ကြိုးစားခဲ့ရသူ ဖြစ်သည်။ ပထမစက်သေနတ်သမားအဖြစ် အမှုထမ်းသည်။ ထို့နောက် လက်ပစ်ဗုံးစက်ရုံသို့ သူ့ကို ပို့လိုက်သည်။ ထိုစက်ရုံတွင် ဟီဘရူးတက္ကသိုလ်မှ ဓာတုဗေဒကျောင်းသားများနှင့် ပူးပေါင်းကာ လက်ပစ်ဗုံး ထုတ်လုပ်သည်။ သူတို့လုပ်သည့် လက်ပစ်ဗုံးတွင် ထူးခြားသော နည်းတစ်ခုကို အသုံးပြုသည်။ ယင်းမှာ ဖျပ်ခနဲ လင်းလက်သည့် အလင်းရောင်ကို အသုံးပြုသည့်နည်း ဖြစ်သည်။ ဘက်ထရီနေရာတွင် တီအင်တီယမ်းဘီလူးကို အစားထိုးအသုံးပြုသည်။ ထိပ်ကအဖုံးတွင် ဆာလဖျူရစ်အက်ဆစ်ဘူးကလေးကို ပိုတက်ပုလင်းလေးထဲတွင် ထည့်ထားသည်။ ဖျပ်ခနဲလင်းပြီး အက်ဆစ်ပုလင်းကို ပင်ချောင်းလေးတစ်ခုက ရိုက်ချိုးလိုက်သောအခါ အက်ဆစ်များ တီအင်တီယမ်းဘီလူးပေါ်သို့ကျပြီး လက်ပစ်ဗုံး ပေါက်ကွဲသည်။

http://mmteashop.com



ကာမိ၏ အလုပ်မှာ ဘင်ယေဟူဒါလမ်း တိုက်တစ်ခု၏ ခေါင်မိုးပေါ်တွင် လက်ပစ်ဗုံး နောက်ဆုံးအဆင့်ကို တပ်ဆင်ရသည်။ ဖျပ်ခနဲအလင်း၏ ထိပ်ကို ဝက်အူရစ်ကျပ်ရခြင်း ဖြစ်သည်။ ကာမိသည် ဝက်အူရစ်ကို ကျပ်သည့်အခါ နောက်ဆုံးအဆင့်ရောက်မရောက် နားနားကပ် နားထောင်ရသည်။ ဘာသံမျှမကြားလျှင် အဆင်ချောသည်။ စီစီသံကြားလျှင်ကား ဝက်အူအရစ် လွန်သွားပြီ။ တိုက်ခေါင်မိုးပေါ်က အမြန်ပြေးပေတော့။

ထိုလက်ပစ်ဗုံးမှာ ခေတ်မမီ။ အသုံးပြုသူများမှာ ကိုယ့်လက်နက်နှင့်ကိုယ် ပြန်ခံရသည့်အဖြစ်မျိုး ကြုံရနိုင်သည်။ အန္တရာယ်မရှိအောင် လှုပ်ရှားမှုများ ကွက်တိဖြစ်ဖို့ အရေးကြီးသည်။ ယခုလည်း ဗြိတိသျှတပ်များ သိမ်းပိုက်ထားသည့်နေရာများကို လျင်မြန်စွာ ဝင်ရောက်တပ်စွဲရန် စီစဉ်သူများအပေါ် များစွာ တည်သည်။ အာရပ်များမဦးမီ ဂျူးတို့က လက်ဦးနှင့်ရန် ပလေးယားတပ်ဖွဲ့များအပေါ် တည်သည်။ "ရှား" သိမ်းပိုက်ရန် ရည်ရွယ်သည့် အဆောက်အအုံ နှစ်ခုရှိသည်။ ရုရှားဝင်းနှင့် အီတလီဆေးရုံတို့ ဖြစ်သည်။ ရုရှားဝင်းသည် ဘီဗင်ဂရက် အလယ်ခေါင်တွင်ရှိပြီး အီတလီဆေးရုံသည် အလွန်မြင့်သည့် အဆောက်အအုံ ဖြစ်သည်။ ယင်း၏မျှော်စင်များသည် ဂျေရုဆလမ်မြို့လယ်ကို အုပ်မိုးထားသည်။ "ရုရှားဝင်း" ကို အာရပ်လိုလားသည့် ဗြိတိသျှ ပုလိပ်အရာရှိ တစ်ယောက် အုပ်ချုပ်သည်။ သူ့ကို "ရှား" ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းမည်။ အီတလီဆေးရုံ သိမ်းပိုက်ရန်ကိုမူ ဗိသုကာပညာရှင် ဒန်ဘင်ဒေါအား တာဝန်ပေးထားသည်။ အီတလီဆေးရုံဝင်းကို ဗြိတိသျှ မေဂျာတစ်ယောက်က သိမ်းပိုက်ထားသည်။

မေဂျာမှာ ပေါင်းလို့ သင်းလို့ ကောင်းသူဟု ဘင်ဒေါသိရသည်။ တစ်ညတွင် သံဆူးကြိုး ကာထားသည့် ဆေးရုံဝင်းနား သူလျှောက်လာစဉ် ဘင်ဒေါက လက်ဖက်ရည်သောက်ဖိတ်သည်။ အချိန်းအချက်လုပ်ကာ မမျှော်လင့်ဘဲ (အက်‌... ၅) ဟု အာရပ်လိုခေါ်သည့် ခွေးအနက်တစ်ကောင် ယူလာစေသည်။

"သိပ်ချစ်စရာကောင်းတဲ့ ခွေးလေးပဲ" မေဂျာက ပြောသည်။

"ဟုတ်တယ်၊ ဒါပေမယ့် သူ့ကို ကျွန်တော်တို့ စွန့်ရတော့မယ်၊ မမွေးနိုင်တော့ဘူး" ဟု ပြောသည်။ ထိုအချိန်က ဂျူးတို့နေသည့် ဂျေရုဆလမ်တွင် အစားအသောက် အလွန်ရှားပါးသည်။ အထူးသဖြင့် အမဲသားဝယ်၍မရ။ တဖြည်းဖြည်းငတ်ပြီး သေမှာတော့ မခံနိုင်၊ သတ်ပစ်လိုက်တော့မည်ဟု ဘင်ဒေါက ပြောသည်။

"သတ်စရာမလိုပါဘူးလေ၊ မလုပ်နဲ့" မေဂျာက တားသည်။ မေဂျာက ဘင်ဒေါအား ရာရှင်ကတ်တစ်ခုထုတ်ပေးသည်။ "အဲဒါကို ဆေးရုံ ထမင်းစားခန်းက ဆာဂျင်ဆီယူသွား သူက ခွေးကို ကောင်းကောင်းကျွေးလိမ့်မယ်"ဟု ဆိုသည်။

ထိုနေ့မှစ၍ ဘင်ဒေါသည် ညနေ (၆) နာရီတိုင်း ဆေးရုံမီးဖိုသို့ ခွေးကိုခေါ်ဆောင်သွားသည်။ ဆာဂျင်က အမဲသားဘူးဖောက်ကာ ခွေးကိုကျွေးသည်။ ဘင်ဒေါမှာ

http://mmteashop.com



တံတွေးမျိုချရင်း ခွေးကလေးစားသည်ကို ကြည့်နေရသည်။

သူထံသို့ ရောက်လာသည့် ဧည့်သည်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျော့၊ စီ၊ မာရှယ်က သူ့ရုံးခန်းထဲရှိ ပါလက်စတိုင်း မြေပုံချိတ်ဆွဲထားသည့် အခန်းသို့ ခေါ်သွားသည်။ "ဒီနေရာမှာ ခင်ဗျားတို့ကို အာရပ်တွေဝိုင်းထားတယ်" ထိုသို့ပြောကာ နေဂိဒေသကို ထောက်ပြသည်။ "ဟောဒီနေရာမှာ တခြားအာရပ်တွေက ခင်ဗျားတို့ကို ဝိုင်းထားတယ်" ဒီတစ်ကြိမ်တွင် ဂယ်လီလီကုန်းမြင့်ဒေသကို ထောက်ပြသည်။ "ခင်ဗျားတို့ ပတ်လည်မှာ အာရပ်နိုင်ငံတွေ ဝိုင်းနေတယ်၊ ခင်ဗျားတို့မှာ ပြေးစရာဆိုလို့ ပင်လယ်ပဲ ရှိတယ်၊ ဘယ်လိုလုပ်ပြီး အာရပ်ထိုးစစ်ကို ခင်ဗျားတို့ ခံနိုင်မှာလဲ"

ဧည့်သည်မှာ ဂျူးအေဂျင်စီ၏ နိုင်ငံခြားရေး အတွင်းရေးမှူး မိုရှေရှာရက် ဖြစ်သည်။ "ခင်ဗျားတို့က ပါလက်စတိုင်း ပင်လယ်ကမ်းမြောင်ဒေသမှာ နေကြတယ်၊ အာရပ်တွေက တောင်တန်းတွေ တောင်ကုန်းတွေပေါ်မှာနေတယ်။ ခင်ဗျားတို့မှာ လက်နက်တွေရှိတာ ဟာဂါနားတပ်ဖွဲ့ရှိတာ ကျွန်တော်သိတယ်။ ဒါပေမယ့် အာရပ်တွေမှာ အမြဲတမ်းတပ်တွေရှိတယ်။ သူတို့က လေ့ကျင့်ပြီး စစ်သားတွေ၊ သူတို့မှာ လက်နက်ကြီးတွေရှိတယ်။ ဘယ်လိုလုပ်ပြီး သူတို့ ထိုးစစ်ကို ခင်ဗျားတို့ ခံနိုင်မှာလဲ"

နိုင်ငံခြားရေးဝန်ကြီး၏ ထင်မြင်ချက်ကို ကြားလျှင် ဂျူးသံတမန် အကျပ်ရိုက်သွားသည်။ ဂျူးတို့မှာ နိုင်ငံသစ် ထူထောင်ကြောင်း ကြေညာတော့မည်။ ဤသည်ကို အမေရိကန်က မကြေညာပါနှင့်ဦးဟု တားနေသည်ဟု မိုရှေရှာရက် သဘောပေါက်သည်။

အရှေ့အလယ်ပိုင်းတွင် ရှိသည့် မာရှယ်၏ သံအမတ်များက ဗြိတိသျှတို့ ဆုတ်ခွာပြီးနောက် အကယ်၍ ဂျူးတို့က နိုင်ငံသစ်ထူထောင်ကြောင်း ကြေညာခဲ့လျှင် အာရပ်တို့ ဝင်ရောက်တိုက်ခိုက်မည်မှာ သေချာသည်ဟု သတင်းပို့ကြသည်။ အချိန်မှာ တစ်ပတ်သာ ရှိတော့သည်။ အမေရိကန်က စစ်ရေးအရ ဝင်ရောက်တားဆီးမှ ဂျူးတို့ မျိုးမပြုတ်မည်ဟု သံအမတ်များက သတိပေးကြသည်။ အမေရိကန်အစိုးရ ထိပ်ပိုင်းကမူ ပါလက်စတိုင်းသို့ အမေရိကန်တပ်များ နှစ်ပတ်အတွင်း ဝင်ရောက်တပ်စွဲသင့်သည်ဟု စဉ်းစားကြသည်။ သည့်အရင်တစ်နေ့ကမူ သမ္မတထရူးမင်းသည် သူ၏ ဥပဒေအကြံပေး အရာရှိ အန်းနက်ဂရော့ထံသို့ ထိပ်တန်းလျှို့ဝှက်စာတစ်စောင် ပေးပို့သည်။ ကွန်ဂရက်၏ သဘောတူညီမှုကို မစောင့်ဘဲ သမ္မတအာဏာကို သုံးကာ အမေရိကန်တပ်များအား ပါလက်စတိုင်းသို့ ဝင်ရောက်သင့်မသင့်ကို အကြံပေးရန် အသိပေးသည့်စာ ဖြစ်သည်။

စိတ်ရှုပ်စရာ အခြေအနေနှင့် ရင်ဆိုင်နေရသည့် နိုင်ငံခြားရေးဌာနသည် ဂျူးနိုင်ငံသစ် ကြေညာမည့် အစီအစဉ်ကို ခဏဆိုင်းထားပြီး ကြားဝင်စေ့စပ်ရန် အတော်လေး ခရီးပေါက်အောင် လုပ်ကိုင်ဆောင်ရွက်သည်။ ဂျော့မာရှယ်က သမ္မတစီးသည့် လေယာဉ်ဖြင့် ရှာရက်ကို ဂျေရုဆလမ်သို့ ပို့ပေးမည်။ သူနှင့်အတူ အမေရိကန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယန် (လုံခြုံရေးကောင်စီက ပါလက်စတိုင်း စေ့စပ်ရေးကော်မရှင်တွင် ပါဝင်ရန် အမည်

http://mmteashop.com



ပေးထားသည့် သုံးနိုင်ငံ) နှင့် အာရပ်ကိုယ်စားလှယ်များ လိုက်ပါမည်။ ဂျေရုဆလင်တွင် ခေ့စပ်ဆွေးနွေးကြမည်။ ရှာရက်က အဆိုပြုချက်ကို ငြင်းပယ်လိုက်သည်။ သို့သော်လည်း ဝါရှင်တန်သို့ ရောက်လာပြီး မာရှယ်လိဗတ်တို့နှင့် သူကိုယ်တိုင် တွေ့မည်။ ပြီးမှ ဂျေရုဆလင်သို့ ပြန်မည်။

မာရှယ်ပြောပြီးလျှင် လိုဗက်က ရှာရက်ဘက်သို့ လှည့်ကာစတင်ပြောဆိုသည်။ အကယ်၍ ဂျူးအေဂျင်စီက နိုင်ငံသစ်မကြေညာသေးဘဲ အာရပ်ထိုးစစ်ကို ရှောင်နိုင်မည်ဆိုလျှင် အမေရိကန်သည် စစ်ဖြစ်နေသော နိုင်ငံများအကြား ဝင်ရောက်ဖျန်ဖြေသည့်နည်းမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်စုကို ဝင်ရောက်ကူညီသည့်အနေဖြင့် ကြားဝင်မည်။ သို့မဟုတ်ဘဲ ဂျူးတို့က အစ္စရေးနိုင်ငံသစ်ကြေညာမည့် ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဆိုကာ အာရပ်တို့က ထိုးစစ်ဆင်နွှဲမည်ဆိုလျှင် ပါလက်စတိုင်းရှိ ဂျူးတို့ကို အမေရိကန်က အကူအညီမပေးနိုင်။ နိုင်ငံသစ်ကြေညာပြီးပြီဖြစ်ရာ ကိုယ့်နိုင်ငံကိုယ်ကာကွယ်ရန်သာရှိတော့သည်။

ဂျူးသံတမန်ရှာရက်၏ အဖြေမှာ နိုင်ငံသစ် ကြေညာမည့်ဆုံးဖြတ်ချက်ကို တယ်အဗစ်ရှိ အဖွဲ့ဝင် ဆယ့်သုံးဦးပါဝင်သော ဂျူးအေဂျင်စီက ဆုံးဖြတ်လိမ့်မည်။ နောက်တစ်နေ့ နယူးယောက်တွင် ဂျူးအေဂျင်စီ အဖွဲ့ဝင်များနှင့်တွေ့သည့်အခါ နိုင်ငံခြားရေးဝန်ကြီး မာရှယ်၏ အဆိုပြုချက်ကို စဉ်းစားသင့်ကြောင်းပြောပြသည်။ အများစုက သဘောတူသည်။ အုံ့ဩစရာပင်ကောင်းသည်။

တယ်အဗစ်သို့ပြန်ရန် လေယာဉ်ပျံပေါ် မတက်မီ ရှာရက်၏နာမည်ကို အသံချဲ့စက်မှ ခေါ်ပြီး လူတစ်ယောက်က အရေးတကြီးစကားပြောချင်ပါသည်ဟု ဆိုသည်။ ရှာရက်ကို စကားပြောချင်သူမှာ ဝါးဒေါ့အက်စတိုးရီးယား ဟိုတယ်ပေါ်က အိပ်ရာထဲတွင် လဲနေသူ လူမမာ ချိမ်းဝိုက်ဇမန်း ဖြစ်သည်။ ဝိုက်ဇမန်းသည် လျှို့ဝှက်ချက်တစ်ခုတွင် ပါဝင်ခဲ့သူတစ်ယောက် ဖြစ်သည်။ သူသေပြီး ဆယ်နှစ်ကြာမှ ထိုလျှို့ဝှက်ချက်ကို ဖော်ထုတ်ရမည် ဖြစ်သည်။ တရားသူကြီး ဆယ်မျူယယ်ရိုစမင်းက သူ (ဝိုက်ဇမန်း) နောက်ဆုံးရေးသည့်စာကို အိမ်ဖြူတော်သို့ ယူသွားသည့်အခါ သမ္မတက "ဒေါက်တာ ဝိုက်ဇမန်းကို တို့ကတိပေးထားတာ တစ်ခုရှိတယ်" ဟု ပြောသည်။ "အကယ်၍ ဂျူးနိုင်ငံသစ် ကြေညာပြီဆိုလျှင် အမေရိကန်ပြည်ထောင်စုက ချက်ချင်းထောက်ခံရန် ကြိုးစားပါမည်" ဟု ထရူးမင်း ကတိပေးခဲ့သည်။

ဝိုက်ဇမန်းမှာ နေမကောင်းသဖြင့် အသံများ တုန်ယင်ယင်ဖြစ်နေသည်။သူသည် နောက်ဆုံးစကားတစ်ခွန်းကို ရှာရက်အား တယ်လီဖုန်းက ပြောသည်။ "ဂျူး နိုင်ငံသစ် အမြန်ကြေညာပါ၊ ဒါမှမဟုတ် ဘယ်တော့မှ မကြေညာနဲ့" ဟု ရင်ခေါင်းသံဖြင့် ပြောသည်။

ဂျေရုဆလင်တွင် အမြောက်သံကြောင့် မြို့ပျက်လုမတတ် ထိတ်လန့်ကြသည်။ ဂယ်လိလီကို မသိမ်းနိုင်သဖြင့် ကောက်ဂျီသည် သူ့တပ်ကို ဂျူဒီယာတောင်ကုန်းပေါ် သို့

http://mmteashop.com



ခေါ်လာသည်။ နေဘီဆင်မျူးယယ်မှနေ၍ သူ့အမြောက်တပ်သားများအား ဂျေရုဆလမ် ဂျူးရပ်ကွက် အိမ်ခေါင်မိုးများပေါ်သို့ ပစ်ခိုင်းသည်။

ထိုအမြောက်သံများသည် အခမ်းအနားတစ်ခုကို ဂုဏ်ပြုနေသည်။ ယိုးဆက် နေဗိုသည် သူ့ချစ်သူ ဆံပင်နီနီ ကောင်မလေးနှင့် လက်ထပ်တော့မည်။ နေအိုမီ၏ သတို့သမီးဝတ်စုံမှာ လက်ထပ်ပွဲအတွက် သူကြိုတင်ဝယ်ထားသည့် အင်္ကျီဖြူနှင့် ဂါဝန် ဖြူတို့ ဖြစ်သည်။ ယင်းတို့ကို အမေမသိအောင် သိမ်းထားခဲ့ရသည်။ မျက်နှာဖုံး ဇာပဝါ ဝယ်ရန်ကိုမူ မေ့နေသည်။ နောက်ဆုံးအချိန်တွင်မှ သတိရကာ သူငယ်ချင်းမ တစ်ယောက်၏ ဦးထုပ်မှ ဖြုတ်ယူခဲ့သည်။

လက်ထပ်ပွဲ စတော့မည်။ နေအိုမီ၏ သူငယ်ချင်းတစ်ယောက်၏ အခန်းသို့ ဘုန်းကြီးတစ်ပါးကို နေဗို ခေါ်ဆောင်လာသည်။ သည်တော့မှ အရေးကြီးသည့် အချက် တစ်ခုမေ့သွားသည်ကို သတိရလာသည်။ လက်ထပ်အခမ်းအနားကွင် သက်သေပြုရန် လူဆယ်ယောက်လိုသည်။ ဆယ့်သုံးနှစ်ထက်ကြီးသည့် ယောကျာ်းဆယ်ယောက် ရှိရမည်။ လူကြီးသူကြီးအရာထားကာ တိုင်တည်ကန်တော့ရမည်။ ဤသည်မှာ ဂျူးမင်္ဂလာဆောင်၏ စည်းကမ်းသတ်မှတ်ချက်တစ်ခု ဖြစ်သည်။ ယခုအခန်းထဲတွင် ယောကျာ်း လေးယောက် သာ ရှိနေသည်။

သတို့သမီး၊ သတို့သား၊ လူပျိုရံနှင့် ဘုန်းကြီးတို့သည် လမ်းပေါ်သို့ ပြေးဆင်း သွားကာ သက်သေပြုမည့်သူများ ရှာသည်။ လမ်းများမှာ ကောက်ဂျီ၏ အမြောက်သံ ကြောင့် လူသူကင်းမဲ့နေသည်။ အနီးအနားတွင် ဖြတ်သွားသည့် ပါလမက်တပ်သား လေးယောက်ကို တွေ့သဖြင့် ဆွဲခေါ်လာသည်။ သူတို့ကို နေအိုမီနှင့် နေဗိုတို့၏ ခေါင်း ထက်တွင် အဆောင်အယောင်များ အုပ်မိုးကိုင်ဆောင်ရန် တာဝန်ပေးသည်။ ကျန်လူ များရှာရန် နေအိုမီ၏ အမျိုးသမီးသူငယ်ချင်းတစ်ယောက် ဂျူးအေဂျင်စီသို့ ပြေးသွား သည်။ "မြန်မြန်လိုက်ခဲ့ကြပါ၊ လက်ထပ်ပွဲအတွက် ဆယ်ယောက်လိုနေပါတယ်"ဟု လူ စုသည်။

သူလူစုပုံ ဟန်ကျသည်။ လိုသည့်ယောကျာ်းများ ရလာသည်။ လက်ထပ်ပွဲစ တော့မည့်အချိန်တွင် တံခါးခေါက်သံ ကြားရသည်။ ဝင်လာသူမှာ ဂျူးအေဂျင်စီမှ အင်္ဂလိပ်အလုပ်သမားတစ်ယောက်ဖြစ်ပြီး နာအိုမီ၏မိခင်နှင့် ရင်းနှီးသည့် မိတ်ဆွေ တစ်ယောက်ဖြစ်နေသည်။ သိမ်မွေ့သည့်ဝတ်စုံ ဝတ်ထားပြီး လည်စီးအနက်စီးထားသည်။ "သနားစရာ ကလေးမပဲ၊ အရပ်လူကြီးဆယ်ယောက် မင်းရှာနေတာ ငါသိတယ်" တိုးတိုး သူပြောသည်။ "အခုလို ဂျေရုဆလမ်ရဲ့ နွေဦးရာသီမှာ အရပ်လူကြီးတွေတက်ဖို့ အခမ်း အနားက အသုဘအခမ်းအနားပဲ" ဟု ဆိုသည်။

အခမ်းအနားပြီးဆုံးလျှင် နေဗိုသည် ဖန်ခွက်တစ်ခုကို ဖနောင့်ဖြင့် နင်းချေ လိုက်သည်။ သုံးမိုင်အဝေးတွင်ရှိသည့် ဘုရားကျောင်းတစ်ခု ဖျက်ဆီးခံရသည်ကို ဝမ်း နည်းသည့် သင်္ကေတအပြုအမူ ဖြစ်သည်။ ပြီးလျှင် နေဗိုသည် နာအိုမီကို တအားနမ်း

http://mmteashop.com



သည်။ ထို့နောက် ဟာဂါနားတပ်ဖွဲ့တွင် တာဝန်ထမ်းရန် ထွက်သွားသည်။ နာအိုမီလည်း သူ့အမေဆီသို့ ပြန်သွားသည်။ နောက်ဆုံးတစ်ချိန်တွင် နာအိုမီကို သူတကယ်လက်ထပ်ရလိမ့်မည်။ ထိုအချိန်ကား လိုသေးသည်။ ယခုမူ သတို့သမီးအားနမ်းရုံဖြင့် သူကျေနပ်ရလေသည်။

သမ္မတထရူးမင်းသည် သူ့ဘေးပတ်လည်တွင် ရှိနေသောသူများကို တရားသူကြီးတစ်ယောက်က သူ့ရှေ့ရောက်လာသော အမှုသည်များအား ကြည့်သည့်နည်းတူ ကြည့်ရှုအကဲခတ်သည်။ ရှာရက်ထွက်ခွာသွားပြီးနောက် လေးဆယ့်ရှစ်နာရီအကြာတွင် သူ၏ အကြံပေးအရာရှိများအား သူ့အစိုးရ၏ နိုင်ငံရေးဝါဒကို အချေအတင်ဆွေးနွေးရန် ဆင့်ခေါ် ထားခြင်း ဖြစ်သည်။ အကယ်၍ ဂျူးအေဂျင်စီက မာရှယ်၏ အကြံပေးချက်ကို မလိုက်နာဘဲ မေ (၁၄) ရက်တွင် ဂျူးနိုင်ငံသစ် ထူထောင်ကြောင်း ကြေညာမည်ဆိုလျှင် အမေရိကန်ပြည်ထောင်စုသည် နိုင်ငံသစ်ကို အသိအမှတ်ပြုရမည်လား။

ဟယ်ရီထရူးမင်းအဖို့ကား ဘာပြဿနာမျှ မရှိ။ ချိမ်းဝိုက်ဇ်မန်းအား ကတိပေးခဲ့သည့်အတိုင်း ဂျူးနိုင်ငံသစ်ကို အသိအမှတ်ပြုချင်သည်။ သို့သော်လည်း အလွန်အရေးကြီးသည့် ကိစ္စတစ်ခုကို သူ၏ လုပ်ဖော်ကိုင်ဖက် အကြံပေးများ ဆန္ဒမပါဘဲ မဆုံးဖြတ်ချင်။ သူ့စားပွဲတစ်ဖက်တွင် နိုင်ငံခြားရေးဝန်ကြီး ဂျော့၊ စီမာရှယ် ထိုင်နေသည်။ သူနှင့်အတူ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရောဘတ်လိုဗက် ရှိသည်။ သူတို့နှင့် မျက်နှာချင်းဆိုင်တွင် သမ္မတ၏ အထူးအကြံပေးအရာရှိ ကလတ်ကလစ်ဖို့နှင့် သူ့နိုင်ငံရေးအကြံပေး ဒေးဗစ်နိုင်းတို့ ထိုင်နေကြသည်။

မာရှယ်ထ၍ ဂျူးနိုင်ငံသစ်ကို အသိအမှတ်မပြုရန် စတင်ပြောကြားသည်။ သူ့ဌာနမှ သံတမန်များကလည်း သူ့ကို တညီတညွတ်တည်း ထောက်ခံကြသည်။ အရှေ့အလယ်ပိုင်းမှ သံအမတ်တစ်ယောက်ဖြစ်သည့် ဂျော့ဝက်စ်ဝပ်က သံကြီးရိုက်ပြီး သူ့သဘောထားကို တင်ပြသည်။ "အကယ်၍ အမေရိကန်ပြည်ထောင်စုက ဂျူးနိုင်ငံကို အသိအမှတ်ပြုမည်ဆိုလျှင် ထို့နောက် တစ်ဆက်တည်း ဇီယွန်ဝါဒကို ဝေဖန်ပိုင်းခြားခြင်းမရှိဘဲ ထောက်ခံမည်ဆိုလျှင် ရုရှားတို့သည် အရှေ့အလယ်ပိုင်းတွင် နောင်နှစ်ပေါင်းနှစ်ဆယ်အတွင်း ဩဇာအကြီးဆုံး အင်အားစုတစ်ခု ဖြစ်လာမည်"ဟု ဝက်စ်ဝပ်ကဆိုသည်။ သူ့အသံကြီးနှင့်အတူ သူ့သဘောထားကို ထောက်ခံသော သံအမတ်များ၏ သတင်းစကားများ တစ်ခုပြီးတစ်ခု ရောက်လာသည်။ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် သူတို့၏ သဘောထားကို အလွယ်တကူ ပစ်ပယ်၍ မဖြစ်နိုင်။ သူသည် ဇီယွန်ဝါဒီတို့ကို ကြင်နာသက်ဝင်သူ ဖြစ်သည်။ သို့ငြားလည်း ရှာရက်အား သူပြောခဲ့သည့်အတိုင်း ဇီယွန်တို့၏ နိုင်ငံသစ်သည် အာရပ်ထိုးစစ်ကို ကြံ့ကြံ့ခံနိုင်မည်မထင်။ အသိအမှတ်ပြုရေးကို ဆိုင်းငံ့ထားရမည်။ ဂျူးနိုင်ငံသစ်က သူတို့ အင်အားရှိပါသည်ဟု ကမ္ဘာကို မပြနိုင်သရွေ့ နိုင်ငံသစ်ကို အသိအမှတ် မပြုနိုင်။

http://mmteashop.com



မာရှယ်ပြီးလျှင် ကလစ်ဖို့ စကားပြောသည်။ သူက မာရှယ်နှင့် ဆန့်ကျင်ဘက် အနေအထားမှာ ရပ်တည်သည်။ ဂျူးနိုင်ငံသစ်ကို အသိအမှတ်ပြုရုံမျှမက ပထမဆုံး အသိအမှတ်ပြုသည့် နိုင်ငံအဖြစ် ရပ်တည်မည်။ သို့မှသာ ပါလက်စတိုင်းတွင် ထားရှိသော အမေရိကန်၏ ပေါ်လစီနှင့် တစ်ထပ်တည်းကျမည်ဟု တင်ပြသည်။

ကလစ် အံ့အားသင့်ရသည်မှာ မာရှယ်က သူ့ တင်ပြချက်များကို မချေပ။ သို့သော်လည်း သူတို့ဆွေးနွေးနေသည့် အကြောင်းအရာ လမ်းမှားနေသည်ဆိုသည်ကို တင်ပြသည်။ သူက သမ္မတအား "ဒါဟာ သဘောထား မှန်မမှန် ဆွေးနွေးကြတဲ့ အစည်းအဝေးလား၊ အသိအမှတ် ပြုရေးဟူသည် နိုင်ငံရေး အခြေခံနှင့် ဆုံးဖြတ်ရမည့်ကိစ္စ မဟုတ်။ နိုင်ငံရေး ပါဝင်ပတ်သက်လာပြီ ဆိုလျှင် မစ္စတာကလစ်ဖို့သည် ဤအစည်းအဝေးတွင် တက်စရာအကြောင်း မရှိ။ ယခု အစည်းအဝေးမှာ နိုင်ငံခြားရေးဝါဒနှင့်ဆိုင်သည့် လေးနက်သည့်ကိစ္စတစ်ခု ဖြစ်သည်။ နိုင်ငံရေးနှင့် အယူအဆတို့သည် ဤ အစည်းအဝေးသို့ တက်လာစရာ အကြောင်းမရှိ" ဟု တင်ပြသည်။

ထရူးမင်း၏ အစည်းအဝေးမှာ ဂျူးနိုင်ငံသစ်အား အသိအမှတ် ပြုရေးမှသည် နိုင်ငံခြားရေးဝန်ကြီး၏ဌာနနှင့် လုံးဝသက်ဆိုင်သော ကိစ္စဖြစ်လာသည်။ အစ္စရေးနိုင်ငံသစ်အား အသိအမှတ်ပြုရေး အခြေအတင် ပြောကြဆိုကြသည်မှာ သူ့ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ကို ကျူးကျော်ရာ ရောက်သည်။ သူ့ဂုဏ်သိက္ခာကို စော်ကားရာရောက်သည်ဟု မာရှယ် ရှင်းရှင်းလင်းလင်း ပြောသည်။ သို့ဖြစ်ရာ မာရှယ်ကို ကျော်လွန်ပြီး ဆုံးဖြတ်ခြင်းသည် သူ့ကိုရာထူးမှ နုတ်ထွက်ခိုင်းခြင်း သဘောသက်ရောက်သည်ဟု ကလစ်ဖို့ သဘောပေါက်သည်။

သမ္မတသည် ခေါင်းငိုက်စိုက်ချကာ သူ့စားပွဲပေါ်မှ စာရွက်စာတမ်းများကို သိမ်းသည်။ သူ့အစိုးရအဖွဲ့တွင် မာရှယ်လောက် အားကိုးရသူ မရှိသည်ကိုသိသည်။ ဂျူးနိုင်ငံသစ်ကို ထရူးမင်း မည်မျှ အသိအမှတ်ပြုချင်ငြားလည်း သူလေးစားသည့် ပုဂ္ဂိုလ်ကြီးကို သူ ငဲ့သည်။ မာရှယ်ကို ထရူးမင်း တစ်ချက်စွေ၍ ကြည့်သည်။ သူ့နိုင်ငံခြားရေးဝန်ကြီးနှင့် သဘောထား ကွဲလွဲရမည့် အလုပ်မျိုး၊ တန်ဖိုးကြီးကြီး ပေးရမည့် အလုပ်မျိုး သူ မလုပ်တော့ပြီ။

"ခင်ဗျား တင်ပြချက်တွေအတွက် ကျေးဇူးတင်ပါတယ်၊ ခင်ဗျားထောက်ခံချက်ကို ကျွန်တော်လက်ခံပါတယ် ဗိုလ်ချုပ်၊ အခုအချိန်မှာတော့ အမေရိကန်ပြည်ထောင်စုဟာ ပါလက်စတိုင်းက ဂျူးနိုင်ငံသစ်ကို အသိအမှတ်မပြုပါဘူး" ထရူးမင်းက ဆိုသည်။

ooo

http://mmteashop.com



အပိုင်း (၂၆)

## တို့ပြန်လာမယ်

တရားသူကြီးချုပ် ဆာဝီလျမ်ဖစ်ဂျရယ်သည် ရုံးမင်းကုလားထိုင်မှ တရားခွင်ကို စိုက်ကြည့်နေသည်။ ပါလက်စတိုင်း ဗြိတိသျှတရားရုံးတွင် နောက်ဆုံးအမှုကို ကြားနာနေစဉ် အပြင်ဘက်တွင် သေနတ်သံများ ပြတ်တောင်းပြတ်တောင်း ကြားနေရသည်။ ဘယ်အမှုမှ ပါလက်စတိုင်း၏ သရုပ်ကို ယနေ့အမှုလောက် ထင်ဟပ်စေနိုင်မည်မထင်။ ဆာဝီလျမ် စစ်ဆေးနေသည်မှာ မြေလေးတစ်ကွက်ကို အာရပ်တစ်ယောက်နှင့် ဂျူး တစ်ယောက် သူပိုင်ထိုက် ကိုယ်ပိုင်ထိုက် အချင်းများနေကြသည့်အမှု ဖြစ်သည်။

အမိန့်ချမှတ်ပြီးနောက် ဆာဝီလျမ်သည် ရုံးမင်းကုလားထိုင်မှ ထကာ တရားရုံးမှ ထွက်ခွာသည်။ ရုံးတွင် လူရှင်းသွားသည့်အခါ ဆာဝီလျမ် ပြန်လာပြီး ခြင်္သေ့နှစ်ကောင်နှင့် ယူနီကောင်းရုပ်တို့ပါသည့် ဒိုင်းကို သူကိုယ်တိုင် နံရံမှ ဖြုတ်ချသည်။ ယင်းမှာ ဗြိတိသျှ အစိုးရ၏ တော်ဝင်အမှတ်တံဆိပ် ဖြစ်သည်။ နံရံမှ ဖြုတ်ချစဉ် ပါလက်စတိုင်းတွင် ဗြိတိသျှ တရားမျှတမှုအဆုံးသတ်ပြီဟု သူ တွေးမိသည်။ ထို့နောက် ရုံးခန်းသို့ ပြန်လာပြီး ဝတ်ရုံနက်နှင့် ခေါင်းဆောင်းဖြူတို့ကို ချွတ်မှာချွတ်သည်။ ဥပဒေစာအုပ်များကို တစ်ချက်ကြည့်သည်။ ထို့နောက် စားပွဲပေါ်က ရွှေမင်အိုးမင်တံတို့ကို ဖျတ်ခနဲကြည့်ကာ ရုံးခန်းထဲမှ ထွက်သွားသည်။ တံခါးဝတွင် ခဏရပ်သည်။ တံခါးကို မပိတ်ဘဲ သော့တန်းလန်းနှင့် ဖွင့်ထားခဲ့သည်။ သူ့ရုံးခန်းကို ဆက်ခံမည့်လူအတွက် တံခါးဖွင့်ကာ သော့အပ်ခဲ့ခြင်းသဘော ဖြစ်သည်။

ဤသို့ဖြင့် မြင့်မြတ်သောမြေတွင် ရုံးစိုက်သည့် ဗြိတိသျှရုံး ရာပေါင်းများစွာသည် ပါလက်စတိုင်းတွင် ဗြိတိသျှအုပ်ချုပ်ရေး နှစ်ပေါင်းသုံးဆယ်ကာလ၏ နိဂုံးသို့ ရောက်လေပြီ။ မေလ ဒုတိယပတ်တွင် ဗြိတိသျှတို့သည် ပါလက်စတိုင်းမှ ဆုတ်ခွာတော့မည်။ သူတို့နှင့်အတူ ပစ္စည်း (၂၂၇၁၇၈) တန် ပါသွားမည်။ ယင်းတွင် မြေပုံငါးဆယ့်ကိုးတန်နှင့် ရုံးမှတ်တမ်း (၂၅) တန်ပါသွားမည်။ ဗြိတိသျှတို့ ပါလက်စတိုင်းမှ ထွက်ခွာတော့မည်ဆိုလျှင် ဗြိတိသျှတို့၏ လူမှုအဆောင်အယောင်အားလုံး သူတို့နှင့်အတူ ပါသွားတော့မည်။ နာဖီစတိုးတွင် မရောင်းရဘဲ ကျန်နေသည့် စီးကရက်၊ ဝီစကီ၊ မားမလိတ်ယိုဘူးနှင့်

http://mmteashop.com



အိန္ဒိယလက်ဖက်ခြောက်တို့လည်း အင်္ဂလန်သို့ ပြန်ပို့ရန် သိမ်းဆည်းသည့် သေတ္တာများထဲ ရောက်သွားသည်။

နောက်ဆုံးရက်များတွင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဆာအယ်လင် ကန်နင်ဟမ် စဉ်းစားမရ။ "ဘာလုပ်ရမည် ဆိုတာ ဘယ်သူဆီကမှ ညွှန်ကြားချက်မရဘူး" ဟု ထိုကာလကို သူ ပြန်ပြောင်းသတိရသည်။ ဂျေရုဆလမ်ကို နိုင်ငံတကာအုပ်ချုပ်မှု အောက် ထားရှိလိမ့်မည်ဟု သူ မျှော်လင့်ခဲ့သည်။ သို့သော် "ဘယ်သူကမှ အဲဒီအတိုင်း လုပ်ဖို့ မကြိုးစားကြဘူး၊ ခရစ်ယာန်လောကတစ်ခုလုံးက ပူးပေါင်းဆောင်ရွက်တာ၊ လိုတဲ့ အကူအညီပေးတာတို့ ဘာတစ်ခုမှမရှိဘူး။ နည်းနည်းလေးမှ စိတ်မဝင်စားကြဘူး"ဟု ဝမ်းနည်းစွာ ပြောပြသည်။

မြင့်မြတ်သော ဂျေရုဆလမ်မြို့တွင် စေ့စပ်ရေးလုပ်ရန် သူ ကြိုးစားသည်။ သို့သော်လည်း စောစောပိုင်းတွင် အာရပ်တို့ဘက်က သူတို့နိုင်မည် မျှော်လင့်ကြပြီး စေ့စပ်ရေးကိုလက်မခံ။ ဟာဂါနားတပ်ဖွဲ့ကလည်း ဘင်ဂူရီယန် ခေါင်းဆောင်မှုဖြင့် မြို့တော်ကို သိမ်းပိုက်ရန် ဆုံးဖြတ်ထားရာ သူတင်ပြသည့် စေ့စပ်ရေးကို အလေး မထားပေ။

ဂျေရုဆလမ်တွင် သံတမန်များသလောက် ငြိမ်းချမ်းရေးအစီအစဉ်လည်း များ သည်။ ကြက်ခြေနီကိုယ်စားလှယ်က ကြက်ခြေနီအလံလွှင့်ထူကာ ဂျေရုဆလမ်ကို ကာကွယ်မည် ဆိုသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ကိုယ်စားပြုသည့် အမေရိကန်၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံကောင်စစ်ဝန်တို့သည် စစ်တိုက်ရန်ပြင်ဆင်နေကြသော အဖွဲ့ များအား မနားမနေ ဖျန်ဖြေစေ့စပ်သည်။ ကုလသမဂ္ဂ၏ ပွဲဘာလိုဒီအက်ဆာရိတ်က လည်း သူ၏ ကုလသမဂ္ဂသြဇာကို အသုံးပြုရန် ကြိုးစားသည်။ သို့သော်လည်း နယူးယောက်ရှိ သူ့အထက်လူကြီးများက ဘာမျှ မလှုပ်ရှား။ ဒေသခံအင်အားစုများက လည်း သူ့ကို အသိအမှတ်မပြု။ လူတွေအချင်းချင်း သတ်ကြမည်ကို သူ တားဆီးနေစဉ် မှာပင် သူ၏ ကုလသမဂ္ဂ ပါလက်စတိုင်း ကော်မတီက ဂျေရုဆလမ်တွင် ဘတ်စ်ကား များ အလုံအလောက်ပြေးရန် တင်ပြသည်ကို သူ့ဒိုင်ယာရီ၌ မှတ်ထားလိုက်သည်။

စိတ်ထားကောင်းဖြင့် ယခုလို ကြိုးစားကြသော်လည်း ဘာတစ်ခုမျှ အကောင် အထည်ပေါ်မလာ။ သို့ဖြစ်ရာ ဆာအယ်လင်အဖို့ လုပ်စရာတစ်ခုသာ ကျန်တော့သည်။ ယင်းမှာ မိတ်ဆွေကောင်းများကို နှုတ်ဆက်ရန်ပင် ဖြစ်သည်။

တစ်နေ့လယ်ခင်းတွင် ပါလက်စတိုင်း အုပ်ချုပ်ရေးအဖွဲ့ဝင် အကြီးတန်း အာရပ်အရာရှိများ၊ ဂျူးအရာရှိများ ဆာအယ်လင်၏ အိမ်သို့ နှုတ်ဆက်ရန် ရောက်ရှိ လာကြသည်။ "လူကြီးမင်းများလုပ်စရာ ဘာမှမရှိတော့ပါဘူး၊ ဂွတ်ဘိုင် ကံကောင်း ပါစေ"ဟု ဆာအယ်လင် နှုတ်ဆက်သည်။ ဘုရင့်အစိုးရ၏ အမှုထမ်းအဖြစ်မှ သူတို့ ထွက်ကြရတော့မည်။

http://mmteashop.com



ထိုနေ့ နေ့လယ်ခင်းတွင် ဧည့်သည်တစ်ယောက် ဆာအယ်လင်ကိုလာ၍ တွေ့သည်။ သူတို့နှစ်ယောက်အကြား ပြဿနာများ ခြားထားသော်လည်း တစ်ယောက်ကို တစ်ယောက် လေးစားကြသည်။ ဆာအယ်လင်နှင့် ဂိုလ်ဒါမေယာတို့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံခဲ့ကြသည်။ ယခုလည်း ပြောစရာ ဆိုစရာများ ပြောပြီးလျှင် ဆာအယ်လင်က ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ တစ်ခုပြောသည်။

"ခင်ဗျားရဲ့သမီးဟာ နေဂီကမြို့သစ်တစ်ခုမှာ ရှိတယ်ထင်တယ်၊ စစ်ဖြစ်တော့မယ်၊ အဲဒီနေရာတွေက မလုံခြုံဘူး၊ အီဂျစ်တွေက အဲဒီဒေသကို အတင်းဝင်တိုက်မှာပဲ၊ သူ့ကို ဂျေရုဆလမ်က ခင်ဗျားဆီမှာ ခေါ်ထားပါလား" ဆာအယ်လင်က အကြံပေးသည်။

ဂိုလ်ဒါမေယာသည် ဆာအယ်လင်၏ စိတ်ထားကြောင့် အတော်လေး စိတ်ထိခိုက်မိသည်။ "ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အဲဒီ အိုးသစ်အိမ်သစ် ထူထောင်ကြဖို့ မြို့သစ်တွေကလူငယ်အမျိုးသား အမျိုးသမီးလေးတွေမှာ မိခင်တွေ ကိုယ်စီရှိကြပါတယ်။ သူတို့ အမေက သားတွေသမီးတွေကို အိမ်ပြန်ခေါ်ထားမယ်ဆိုရင် ဝင်လာမယ့် အီဂျစ်တွေကို ဘယ်သူတိုက်မလဲ"

"ဂျေရုဆလမ်သည် အိုးသစ်အိမ်သစ် ထူထောင်နေသည့် မြို့သစ်ကြီးတစ်ခုနှင့်တူသည်" ဗြိတိသျှတို့ ထွက်ခွာခါနီး အခြေအနေကို မြို့သူ မြို့သားတစ်ယောက်က ယခုလို ပြောပြသည်။ ဂျေရုဆလမ်သည် နက်ချရှုန် ကွန်ဗွိုင်းများ မြို့တွင်းသို့ ဝင်လာစဉ်က ပျော်ရွှင်စွာ ကြိုဆိုကြသည့်အနေအထားမျိုး မဟုတ်တော့။ ထိုစဉ်က သယ်ဆောင်လာသည့် ရိက္ခာတန်ချိန် တစ်ထောင့်ရှစ်ရာအနက် တစ်ဝက်ကို ဒိုဂျိုးဇက်က သူ့ဂိုဒေါင်များတွင် ထည့်သွင်းသော့ပိတ်ကာ မြို့ကို ရန်သူဝိုင်းထားလျှင် စားသုံးရန် စုဆောင်းထားသည်။ ထိုရိက္ခာကို တစ်ပတ်တစ်ကြိမ် မြို့နေလူထုအား ရာရှင်စနစ်ဖြင့် ဝေငှပေးသည်။ နောက်ဆုံးအချိန်တွင် ဝေငှသည့်ရိက္ခာ အရေအတွက်ကို ကြည့်ခြင်းအားဖြင့် ဂျေရုဆလမ် ဘယ်လောက် အခြေအနေဆိုးနှင့်ရင်ဆိုင်နေရသည်မှာ သိသာလှသည်။ လူတစ်ယောက်အတွက် ငါးခြောက်၊ ပဲ၊ ကုလားပဲနှင့် မာကာရိုနီ ·သုံးအောင်စစီပေးပြီး မာဂျရင်း တစ်အောင်စခွဲစီပေးသည်။

မာဟိန်းယေဘူဒါ လဟာပြင်ဈေးတွင် ရောင်းစရာ ဘာတစ်ခုမျှ မရှိ။ ငါး လတ်လတ်ဆတ်ဆတ်ဝယ်၍ မရနိုင်။ ညအခါများတွင် ဒိုဂျိုးဇက်၏ ထောက်လှမ်းရေး သမားများသည် ရင်းနှီးသော အာရပ်ရွာများသို့ ရောက်လာကြပြီး သီးနှံများနှင့် အမဲ ပေါ်ရန် သိုးငယ် တစ်ကောင်နှစ်ကောင် လာ၍ ရှာကြသည်။ ဂျေရုဆလမ်တွင် ပေါင်မုန့်ဖိုနှစ်ဆယ့်ကိုးခုရှိရာ ယခုမူ မီးထင်းသက်သာအောင် ငါးခုသာ ဖုတ်ခွင့်ပြုထားသည်။ မြို့နေလူအားလုံးအတွက် တစ်နေ့ ပေါင်မုန့် နှစ်သောင်းငါးထောင်သာ ဖုတ်ခွင့်ပြုသည်။ ထိုအရေအတွက်မှာ ဂျေရုဆလမ်မြို့သား တစ်ယောက်ကို ပေါင်မုန့်တစ်လုံး၏ လေးပုံ တစ်ပုံသာ ပေးနိုင်သည်။ အလုပ်သမားများ၏ လုပ်အားစွမ်းရည် အပြည့်အဝ ရနိုင်ရန်

http://mmteashop.com



ဂျိုးဇက်၏ ရိက္ခာကော်မတီက တစ်နေ့ ထမင်းပွဲ ငါးထောင်ကျွေးနိုင်မည် စုပေါင်းမီးဖို တည်ထောင်ကာ အလုပ်သမားတစ်ယောက်ကို တစ်ပတ်လျှင် အာဟာရဖြစ်သော ထမင်း နှစ်ကြိမ် ကျွေးရန် စီစဉ်သည်။ ဘင်ယေဟူဒါလမ်းက ကဖေးများမှာ ချောကလက်ကိတ် သို့မဟုတ် ပန်းသီးပေါင်မုန့်လိပ်များမှာ ကောင်းသည်ဟု ကျော်ကြားသည်။ ယခုမူ ပေါင်မုန့် ပါးပါးတွင် ယိုပါးပါးသုတ်ထားသည်ကိုသာ ရနိုင်သည်။ သို့ဖြစ်ရာ မှောင်ခိုဈေးသည် မလွဲမသွေ ပေါ်ပေါက်လာသည်။ ကြက်ဥတစ်လုံးကို သံလွင်သီး ခုနစ်လုံးပေးမှ ရောင်း သည်။ ပစ္စည်းလဲရန် မက်မန်းသီးတစ်ပုံး သယ်လာနိုင်သူသည် သူဌေးဖြစ်သည်။ ဗြိတိသျှ ဂျူးအနည်းငယ်သည် ထွက်ခွာမည့် ဗြိတိသျှတပ်များနှင့်အတူ လိုက်သွားကြမည်။ သူတို့ အထဲက အချို့သည် သိမ်းထားသည့် ရိက္ခာများကို အဆမတန် ဈေးတင်ကာ ရောင်းကြ သည်။

ရိက္ခာအခြေအနေ ဆိုးသလို မီးထင်း အခြေအနေကလည်း ဆိုးသည်။ ညတွင် ဘတ်စ်ကားများ မဆွဲ။ တက္ကစီများ ပျောက်သွားသည်။ ကိုယ်ပိုင်ကားများကို ဟာဂါနားက သိမ်းထားသည်။ ထမင်းချက်ရန် ရေနံဆီမရှိ။ မှောင်ခိုဈေးတွင် ရေနံဆီတစ်ပုံး ဆယ့်နှစ် ပေါင် ပေးဝယ်ရသည်။ ထိုအခါ အိမ်ပြင်ခြံဝင်းထဲထွက်၍ မီးဖိုကာ ထမင်းဟင်း ချက်ကြ သည်။

တစ်ချိန်လုံး မှောင်နေသည့် သူနေထိုင်ရာ ဂျူးမြို့တော်မှ တစ်ညလုံးလင်း နေသည့် အာရပ်ရပ်ကွက်များကို မီးစက်မန်နေဂျာ အလက်ဇင်းဒါးဆင်းဂါး သည်အတိုင်း ကြည့်နေရသည်မှာ ရက်သတ္တပတ်များစွာ ရှိခဲ့ပြီ။ ဗြိတိသျှလက်ထက်မှာ ကတည်းက ဂျူးရပ်ကွက်သို့ လာသည့်မီးကို သူ တမင်ဖြတ်သည်။ မီးအား ချွေတာစုဆောင်းရသည်။ ကာတာမွန်ရပ်ကွက်ကို သိမ်းပြီးနောက် မီးစက်သို့ သူပြန်ဝင်သည့်အခါ မီးအား တန် လေးရာသာ ကျန်တော့သည်ကို ဆင်းဂါး သတိထားမိသည်။ ယခင်က ချွေတာခဲ့သည့် အရှိန်အတိုင်း မီးစက်ရှိ ဒီဇယ်လျှပ်စစ်ထုတ်စက်အားလုံးကို မမောင်းတော့ဘဲ တစ်လုံးသာ မောင်းပြီး အလှည့်ကျ မီးပေးသည်။

မေ (၇) ရက်နေ့ နေ့လယ်တွင် ရုတ်တရက် ရေပြတ်သွားသည်။ ဂျေရုဆလမ် တစ်မြို့လုံး ရေဘုံဘိုင်များတွင် ရေတစ်စက်မျှ မရှိ။ မိုင်ပေါင်းများစွာဝေးသည့် ရတ်အယ် အင်တွင် အာရပ်တို့က မြို့သို့ပေးသည့် ရေပိုက်လိုင်းကို ဖြတ်လိုက်သည်။ "ဂျေရုဆလမ် ဂျူးတွေကို ရေအငတ်ထားပြီး သတ်မယ်" ဟူသော အာရပ်ထိပ်သီးတို့၏ ကြုံးဝါးချက် အကောင်အထည်ပေါ်လာခြင်း ဖြစ်သည်။

ဒိုဂျိုးဇက်နှင့် သူ၏ ရေပေးဝေရေးပါရဂူ ဇဗီလေဘိုဝစ်တို့ အမြော်အမြင်ရှိ သဖြင့် တစ်မြို့လုံး ဒုက္ခမရောက်ခြင်း ဖြစ်သည်။ ဇန်နဝါရီလမှစ၍ မြို့တော်ရေတိုင်ကီ များတွင် အရေးပေါ်အခြေအနေ၌ အသုံးပြုရန် ရေပိုရေလျှံစုဆောင်းခဲ့သည်။ ယခုမူ ဇဗီတွင် စုဆောင်းထားသည့် ရေ (၁,၁၅၁,၀၀၀) ကုဗမီတာရှိနေသည်။ ချွေတာသုံး

http://mmteashop.com



စွဲမည်ဆိုလျှင် တစ်မြို့လုံးအတွက် (၁၁၅) ရက်စာ ရေရှိသည်။ သူနှင့် သူ့မိန်းမတို့လည်း အများနည်းတူ ရေကို ချွေတာသုံးသည်။ ပါလက်စတိုင်း နွေရာသီ၏ ချစ်ချစ်တောက် အပူတွင် လူတစ်ယောက်အတွက် တစ်နေ့ ရေနှစ်ဂါလံ ပေးဝေသည်။ ထိုရေတွင် နေ့စဉ် သောက်ရေလေးပိုင့်ပါသည်။ ကျန်သည့်ရေဖြင့် ချက်ပြုတ်လျှော်ဖွပ် သုံးစွဲကြရသည်။

အကောင်းဆုံးမှာ ရေရှိရာသို့ သုံးသူမလာဘဲ သုံးသူရှိရာသို့ ရေကိုပို့ပေးခြင်း ဖြစ်သည်ဟု လေဘိုဝစ် သဘောရသည်။ လုပ်အားပေး စုဆောင်းပြီး လားဆွဲမြင်းဆွဲ ရေတိုင်ကီများဖြင့် လှည့်လည်ရေဝေသည်။ နွေ၏အပူထဲတွင် အိမ်ရှင်မများသည် အာရပ် အမြောက်ဆန်များကို ရှောင်တိမ်းရင်း ရေဝေမည့် လားဆွဲရေတိုင်ကီလှည်းကို ပုလင်းများ၊ ပုံးများ၊ ရေနွေးကရားများကိုင်ကာ စောင့်ကြသည်။

ဂျေရုဆလမ်သည် ဂျေရုဆလမ်သာဖြစ်လေရာ ဘုရားသခင်၏ စောင်မကြည့် ရှုမှုမရှိဘဲ အာရပ်ပိတ်ဆို့မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်မည်မဟုတ်။ ဧပြီတွင် နက်ချွန် ကွန်ဗွိုင်း ကားများမရောက်မီ 'ခူဘေဇာ' ဟု ခေါ်သည့် စားပင်တစ်မျိုး မြေမှ အညှောက်ထွက်ပြီး ပေါက်လာသည်။ ငတ်ပြတ်နေသော မြို့သားတို့အဖို့ စားစရာအပင်တစ်ခု ပဒေသာပင်လို ပေါက်လာခြင်း ဖြစ်သည်။ ခူဘေဇာဟူသည် ဟင်းနုနယ်တစ်မျိုးဖြစ်ပြီး နွေဦးမိုးတစ်သုတ် ပက်ဖျန်းလိုက်သည်တွင် ပြူထွက်လာသည်။ ယင်းတွင် အာဟာရဓာတ်အပြည့်ပါသည်။ အိမ်ရှင်မများ ဟင်းနုနယ် အခူးထွက်ကြသည်။ ဗြိတိသျှတို့ မဆုတ်ခွာမီလေးတွင် ဂျေရုဆ လမ်မြို့၌ သုံးရက်ဆက်တိုက် မိုးကြီးရွာသွန်းသည်။ ဟင်းနုနယ်တို့ မမျှော်လင့်ဘဲ မြေမှ ထွက်လာကြသည်။ "အား. . . ဘုရားသခင်ဟာ တို့နဲ့အတူရှိနေတယ်။ အီဂျစ်က နောက်ဆုံးထွက်လာတုန်းက ဘုရားသခင်ကလမ်းမှာ စားစရာသောက်စရာတွေ လာ ပေးတယ်၊ အခုတစ်ကြိမ်မှာတော့ ကန်တွေအိုင်တွေ ရေပြည့်အောင် မိုးရွာချတယ်၊ ဟင်းနုနယ်တွေ ပေါက်စေတယ်" ဟု ဂျေရုဆလမ် ပညာရှိတို့က မိန့်ဆိုကြလေသည်။

မြို့ဟောင်းကြီး၏ အုတ်စီလမ်းကြားများနှင့် ခြံကြီးများတွင် ခူဘေဇာ ဟင်းနုနယ် ပင်များမပေါက်၊ ဂျူးရပ်ကွက်တွင် အရပ်သား ထောင့်ခုနှစ်ရာနှင့် ခုခံရေးတပ်သား နှစ်ရာ တို့မှာ ဆန့်ကျင်ဘက် နှစ်ကမ္ဘာတွင် နေထိုင်ကြသူများ ဖြစ်နေသည်။ တစ်ဖက်တွင် ရိုင်ဖယ်ပစ်သံများ အဆက်မပြတ် ကြားနေရပြီး၊ အခြားတစ်ဖက်တွင် ဘုရားကျောင်း များမှ ဆာလံကျမ်း ရွက်ဖတ်သံများကြားနေရသည်။ အိမ်ခေါင်မိုးများပေါ်မှနေ၍ စစ်သား လေးများသည် အာရပ်လက်ဖြောင့်တပ်သားများကို လိုက်လံရှာဖွေသည်။ သူတို့အောက်က ဘုရားကျောင်းများတွင် အသက်ကြီးကြီး ဘုန်းကြီးများသည် ဂျူးသုတ္တန်ကျမ်းများကို ရွတ်ဆိုနေကြသည်။

ဂျူးရပ်ကွက်ကို အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ သဘောထားကွဲလျက် ရှိသည်။ ရှယ်လတီးယယ်ကမူ ဂျူးရပ်ကွက်ကို အကာအကွယ်ပေးရန် ခက်သောကြောင့် ရပ်ကွက်မှ ထွက်ခွာသွားကြရန် တင်ပြသည်။ လူကြီးပိုင်းကမူ အာရပ် အိမ်နီးချင်းတို့

http://mmteashop.com



နှင့် ပြေလည်အောင် ဆက်ဆံနိုင်သည်။ ဟာဂါနားတပ်ဖွဲ့ အကာအကွယ်ပေးရန် မလိုဟု ဆိုသည်။ ဆာအယ်လင်ကန်နင်ဟမ်ကမူ ဂျေရုဆလမ်၏ ဂိုဏ်းချုပ် ဘုန်းတော်ကြီး အိုင်ဆက်ဟာဇော့အား ထိုရပ်ကွက်ကို စွန့်ရန် အကြံပေးသည်။ ဟာဇော့က လက်မခံ။

ဘုန်းကြီး ဝိန်ကာတင်၏ အိမ်မှ ထွက်အသွား အဖမ်းခံရသည့် အီဗရာဟမ် ဟောဝယ်ရင်သည် ပြန်မလာနိုင်တော့ပေ။ သူ့နေရာတွင်ပင် တပ်မှူးအဖြစ် မိုရှေရတ် စနက်က ဆက်ခံသည်။ သူကား လေအေးလေးနှင့် ပြောတတ်သည့် ချက်တစ်ယောက် ဖြစ်သည်။ မိုရှေရတ်စနက်၏တပ်တွင် လူချစ်လူခင်များသည့် အရာရှိတစ်ယောက်မှာ နှစ်ဆယ့်တစ်နှစ်အရွယ်ရှိ ဟီဘရူးတက္ကသိုလ်ကျောင်းသား အီမင်ညျူဝယ်မိုင်ဒက် ဖြစ်သည်။ သူသည် လက်နက်မျိုးစုံနှင့် ပေါက်ကွဲဗုံးများကို တခြားစီ ရွေးချယ်တတ်သူ ဖြစ်သည်။ သူ့ရဲဘော်များက သူ့လက်ကို 'ရွှေလက်'ဟု နာမည်ပေးသည်။

ရတ်စနက်၏ တပ်သားများတွင် နေရာမှားပြီး ရောက်လာသူ တစ်ယောက် ရှိသည်။ သူကား အင်္ဂလိပ်အမျိုးသမီး အက်စသာကိုင်လင်ရိုး ဖြစ်သည်။ စကားနည်းသည်။ ဆံပင် နက်မှောင်ပြီး အသက်နှစ်ဆယ့်နှစ်နှစ်သာ ရှိသေးသည်။ အက်စသာကို ဘုရားတရားအလွန်ကိုင်းရှိုင်းသည့် အော်သိုဒေါက် မိသားစုမှ လန်ဒန်တွင်မွေးဖွားသည်။ စစ်အတွင်း ဂျာမန်ဗုံးဒဏ်ကို သူ့အဖေနှင့်အတူ ကြံ့ကြံ့ခံကာ မီးသတ်တပ်ဖွဲ့သို့ အပျော်တမ်း ဝင်ရောက်ဆောင်ရွက်သည်။ စစ်ပြီးလျှင် သေမင်းစခန်းမှ အကျဉ်းသားများ၏ ဖြစ်အင်ကို စာနာစိတ်ဝင်ကာ ပါလက်စတိုင်းသို့ (၁၉၄၆) တွင် ရောက်လာပြီး ကျောင်း ဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ထို့နောက် ဟာဂါနားတပ်ဖွဲ့တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သည်။ (၁၉၄၈) ဆောင်းရာသီနှင့် နွေဦးကာလ တစ်လျှောက်လုံး တစ်ခုတည်းသော ဆန္ဒကို အကောင်အထည်ဖော်ရန် သူ ကြိုးစားသည်။ အတိုင်းတိုင်း အပြည်ပြည်သို့ လွင့်စဉ်ထွက်ပြေးကြသည့် ဂျူးများ နိုင်ငံရင်းသို့ ပြန်လာပြီး နိုင်ငံသစ်ထူထောင်ရာတွင် သူလည်း ပါဝင်ဆောင်ရွက်လိုသည်။ ရဟူဒိပသကာ ပွဲတော်အပြီးတွင် သူ့ဆန္ဒအတိုင်း ဟာဂါနားသို့ ဝင်ခွင့်ပြုသည်။ အက်စသာကိုင်လင်ရိုးသည် သူနာပြုအဖြစ် တာဝန်ယူကာ ဂျူးရပ်ကွက်ကို ကာကွယ်ရန် ရောက်လာခြင်း ဖြစ်လေသည်။

ဂျူးရပ်ကွက်၏ အချက်အချာဒေသမှာ ဂျူးလမ်းမပင် ဖြစ်သည်။ ယင်းသည် ဇီယွန်တံခါး၏ အောက်ဘက်မြို့ဟောင်း မြို့ရိုးနံရံမှ လူဘင်စကီဂေဟာအထိ ရှည်သည်။ လူဘင်စကီဂေဟာသည် မြောက်ဘက်အစွန်တွင် ခြောက်ပေကျယ်သည့် အဆောက်အအုံ တစ်ခု ထိုးထွက်သွားပြီး တူးမြောင်းတစ်ခုပေါ် ဖြတ်ကျော်သည့် ခုံးတံတားအဖြစ် တည်ရှိနေသည်။ ထိုအဆောက်အအုံအောက်တွင် သံတခါးတစ်ခုရှိသည်။ ယင်းက အာရပ် ရပ်ကွက်နှင့် ဂျူးရပ်ကွက်တို့ကို ပိုင်းခြားထားသည်။ ဂျူးလမ်းမ၏ အနောက် ဘက်တွင် ဂျူးရပ်ကွက်သည် ခြံဝင်းကြီးတစ်ခုနှင့် တူသည့် အာမေနီယန်ရပ်ကွက် နယ်နိမိတ်အစသို့ နိမ့်ဆင်းသွားသည်။ တောင်ဘက်တွင် မြို့ရိုးဟောင်းနံရံများက စည်းသတ် အကာ

http://mmteashop.com



အကွယ်ပေးထားသည်။ ထိုကလွန်လျှင် ကစ်ဒရွန်ချိုင့်ဝှမ်းနှင့် တစ်ဆက်တည်း ရောစပ်သွားသည်။

အနောက်ဘက်တွင်မူ အာရပ်တို့ကို ဟန့်တားမည့် အာမေနီယန်တို့အပေါ်တွင် ဂျူးတို့၏လုံခြုံမှု များစွာ တည်နေသည်။ အာရပ်တို့က အာမေနီယန်ရပ်ကွက်ကို စတင်ထိုးဖောက်နိုင်သည်။ မြောက်ဘက်နှင့် အရှေ့ဘက်တို့မှာ အကာအကွယ်ကောင်းကောင်း မရှိ။ အရေးကြီးသည့် နေရာနှစ်ခု ရှိသည်။ ယင်းတို့က အကာအကွယ်ပေးနိုင်သည်။ ပထမနေရာမှာ ဂျူးရပ်ကွက်၏ အနောက်မြောက်ထောင့်တွင်ရှိသည့် ဝါဆောအဆောက်အအုံဖြစ်သည်။ ဝါဆောမြို့မှ ဂျူးများက ဆောက်လုပ်သည့် သုံးထပ်အဆောက်အအုံများ အပါအဝင် အဆောက်အအုံများ ဖြစ်သည်။ ယင်းတို့တွင် ဘုရားကျောင်းတစ်ခု၊ စာသင်ခန်းများနှင့် ပညာရှင်များနေထိုင်သည့် အခန်းများ ပါဝင်သည်။ အားလုံးစုပေါင်းကာ ဟာဂါနား အင်အားကြီးစခန်းတစ်ခု ဖြစ်လာသည်။

ဝါဆော အဆောက်အအုံ၏ အရှေ့ဘက်တွင် လှေကားလမ်းဟုခေါ်သည့် လမ်းကလေးတစ်ခု ရှိသည်။ လမ်းမှာ ကျဉ်းပြီး တစ်ဖက်တစ်ချက်တွင် တစ်ထပ်အိမ်ကလေးများ ရှိသည်။ လမ်းဆုံးတွင် အဓိကရ အဆောက်အအုံတစ်ခု ရှိသည်။ ယင်းမှာ နှစ်ဆန်ဘက် ဘုရားကျောင်းဖြစ်ပြီး ထိုရပ်ကွက်တွင် အမြင့်ဆုံး ဖြစ်သည်။ လေးထောင့်အောက်ခံကိုယ်ထည်ကို အထက်တွင် လိပ်ခုံးအမိုးတင်ထားသည်။ (၁၈၇၀)တွင် ဩစတြီးယားပြည့်ရှင်မင်း ဖရန့်ဂျိုးဆက်၏ကောင်းမှု ဖြစ်သည်။ လိပ်ခုံးတွင် ပြတင်းငါးခုသည် အရပ်ရှစ်မျက်နှာသို့ ပွင့်နေသည်။ လိပ်ခုံးအောက်၌ ခန်းမတစ်ခုကို ခုံးသုံးခုဖြင့် ဖွဲ့ထားသည်။ ယင်းမှာ ဘုရားကျောင်း၏ အမျိုးသမီးများ စုဝေးရာနေရာ ဖြစ်သည်။ လိပ်ခုံးပတ်လည် ထိုင်ခုံများမှာ ဟာဂါနားကာကွယ်ရေးတပ်သားများ အနှစ်သက်ဆုံး ခံစစ်အနေအထား ဖြစ်သည်။ အဝေးသို့ ကြည့်လိုက်လျှင် အောလစ်တောင်ကုန်းဘက်၌ အာရပ်လူနေအိမ်များ၏ ခေါင်းမိုးများကို မြင်နေရသည်။ ပတ်ပတ်လည်မှာ အာရပ်ထိုးစစ်ကို ထိုလိပ်ခုံးမှ ခုခံနိုင်သည်။

အိုင်ယာဂန်တပ်ဖွဲ့သည် သုံးနှစ်သုံးမိုး မြေအောက်လှုပ်ရှားမှုကို ဦးဆောင်ခဲ့ရာ သူတို့အဖို့ တစ်နည်းအားဖြင့် အခြေအနေကောင်းကို ဖန်တီးတည်ဆောက်နိုင်ခဲ့သည်။ သူတို့တွင် လက်နက်အင်အားနည်းသည်။ ထိုအခါ အဖွဲ့ဝင်ကျောင်းဆရာမ လီယားဗတ်သည် ပလေးယားစီးကရက် သံဘူးခွံများကို လက်ပစ်ဗုံးအဖြစ် တပ်ဆင်သည်။ ဆရာမလီယား၏ တပည့်ဟောင်းများက ဗြိတိသျှစစ်သားများ လွှင့်ပစ်ခဲ့သည့် စီးကရက် သံဘူးခွံများကို လိုက်လံစုဆောင်းပေးရသည်။ အသက်ကြီးကြီး အိမ်ထောင်ပရိဘောဂ တပ်ဆင်သူတစ်ယောက်က လက်ပစ်ဗုံး စနက်တံများကို သစ်သားမီးခြစ်ဆံ ယမ်းများဖြင့် တပ်ဆင်သည်။ ထို့နောက် လက်ပစ်ဗုံးများကို စုစည်း ချည်နှောင်သည်။ အန္တရာယ်အများဆုံး အလုပ်ကို ဆရာမ လီယားက သူ့ယောက်ျားအား ခိုင်းသည်။ ယင်းမှာ စနက်တံများကို

http://mmteashop.com



လွှအငယ်စားလေးဖြင့် ဖြတ်ရသည့်အလုပ် ဖြစ်သည်။ လွှတိုက် တစ်ချက် လွဲသွားလျှင် ပေါက်ကွဲပြီး လက်ပြတ်သွားနိုင်သည်။ သူ့ယောကျ်ား၏ လက်များမှာ တည်ငြိမ်သည်ကို ဆရာမသိသည်။ ထိုလက်များသည် နှစ်ပေါင်းများစွာ ကျင့်ထားသည့် တယောကြိုးကြိုးများကို တီးခတ်သည့် ဂီတသမားတစ်ယောက်၏ လက်များ ဖြစ်သည်။

သူတို့ သိမ်းပိုက်ထားသည့် ရပ်ကွက်သို့ တစ်ပတ်နှစ်ကြိမ် လက်နက်များကို ဗြိတိသျှစစ်သားများက စောင့်၍ စစ်ဆေးသည့် ကွန်ဗွိုင်းကားများပေါ်တွင် တင်၍ နည်းအမျိုးမျိုးသုံးကာ ပို့ပေးသည်။ ပေါင်မုန့်ထဲတွင် လက်ပစ်ဗုံး စနက်တံများထည့်၍ ယူသည်။ ဂျုံအိတ်ထဲတွင် ပစ္စတိုများ ဝှက်၍ယူသည်။ ပဲနီအိတ်တွင် ကျည်ဆန်များဝှက်သည်။ အရေးအကြီးဆုံး ခိုးသွင်းပစ္စည်းမှာ လီတာ (၂၀၀)ပါ ရေနံဆီစည်ကြီး ဆယ်ခုဖြစ်သည်။ ရေနံဆီစည်ထဲတွင် စတင်းဂန်း၊ ကျည်ဆန်နှင့် လက်ပစ်ဗုံးတို့ကို အံဝှက်ဖြင့် ထည့်ယူခဲ့သည်။

ဗြိတိသျှတို့ ဆုတ်ခွာတော့မည်မှာ သေချာသည်။ သို့ဖြစ်ရာ ဂျူးရပ်ကွက်မှ ဟာဂါနားတပ်ဖွဲ့အတွက် ကျည်ဆန်များ ရနိုင်သမျှ စုဆောင်းသယ်ယူဖို့ အရေးကြီးသည်။ ဗြိတိသျှ အစောင့်လိုက်ပါသည့် ကွန်ဗွိုင်းနှင့်သယ်လျှင် ဘေးကင်းတန်သလောက် ကင်းသည်။ သို့သော်လည်း မေလဆန်းတွင် မြို့သစ်၌ ရေနံဆီ မရှိတော့ဟု အကြောင်းကြားသည်။ ရေနံဆီစည်တွင် လက်နက်ဝှက်ယူရမည်ဖြစ်ရာ "ပုံးထဲရေထည့်ပြီး အပေါ်ပိုင်းမှ ရေနံဆီနည်းနည်းထည့်ခဲ့။ ဒါမှ ပုံးဖွင့်လိုက်ရင် ဆီနံ့ရပြီး စိတ်ချရမယ်"ဟု မှာကြားရသည်။

ဂါရှန်ဖင်းဂါးသည် အရပ်ဝတ်ဖြင့် ဇီယွန်တံခါးဝမှစောင့်ကာ ပစ္စည်းများ သယ်လာသည့်ကွန်ဗွိုင်းကားတန်းကို စောင့်ကြည့်သည်။ ထိုနေ့ကား ချစ်ချစ်တောက်ပူသည့်နေ့ ဖြစ်သည်။ ရေနံဆီဆယ်စည်ကို ဗြိတိသျှကင်းလက်သို့ အပ်လိုက်သည်။ အရာရှိတစ်ယောက်က ဒုတိယစည်ကိုဖွင့်ကာ တုတ်ဖြင့် ထိုးစမ်းကြည့်သည်။ ထို့နောက် ကျန်သည့်အထဲမှ နှစ်စည်ကို ကြုံရာကျပန်းရွေးကာ တုတ်ထိုးစစ်ဆေးသည်။ ထို့နောက် သယ်ယူမည့် ဂျူးအလုပ်သမားတစ်စုကို ခေါင်းညိတ်၍ ခိုင်းသည်။ သူတို့သည် ဗြိတိသျှစစ်သားများရှေ့မှဖြတ်ကာ ဂျူးလမ်းထဲသို့ ရေနံဆီစည်များကို လှိမ့်ယူသွားသည်။

သယ်ယူစဉ် ဖင်းဂါး ခေါင်းနားပန်းကြီးဖို့ ကြုံရသည်။ စည်တစ်ခုမှာ ပေါက်ပြီး ရေများစိမ့်ထွက်သည်။ ပူချစ်သည့် ကတ္တရာလမ်းပေါ်သို့ ကျသည့်ရေသည် ရေငွေ့ပြန်တက်သွားသည်။ ဖင်းဂါးမှာ တုန်တုန်ယင်ယင်ဖြစ်လာပြီး ဗြိတိသျှစစ်သားကို ကြည့်သည်။ သူ့ခြေထောက်နားက ရေကွက်ကို ဗြိတိသျှစစ်သားမသိ။ တခြား ဘယ်သူမျှလည်း သတိမထားမိ။ သို့နှင့် လူမသိဘဲ ရေနံဆီစည်များ ဘေးကင်းစွာ ဂျူးရပ်ကွက်ထဲသို့ ရောက်သွားသည်။ သူတို့ဘေးမှာရပ်နေသည့် မုန်ဆိတ်ဖြူဖြူနှင့် ဘုန်းကြီးက သတိထားမိသည်။ ပြီးတော့ ဖင်းဂါးကို ကြည့်သည်။

http://mmteashop.com



"အဲဒီအင်္ဂလိပ်တွေ ဘယ်လိုဟာတွေလဲ၊ သူတို့စစ်ပွဲတွေ တိုက်ခဲ့လှပြီ၊ လူတွေလည်း သတ်ခဲ့လှပြီ။ ရှုံးခဲ့တဲ့စစ်ပွဲတွေလည်း မရေနိုင်ဘူး၊ ဘာဖြစ်လို့ သူတို့ စစ်တိုက်ကြသလဲ၊ ရေနံအင်ပါယာကြီးတစ်ခု ပိုင်ဆိုင်ချင်လို့ မဟုတ်လား။ ဒါနဲ့တောင် ရေနံနဲ့ရေကို ဘယ်လို ခွဲခြားရမလဲဆိုတာ သူတို့ မသိဘူး" ဟု ဘုန်းကြီးက ဖင်းဂါးအား တိုးတိုး ပြောသည်။

ဒမတ်စကတ်ဈေးများတွင် ဖော်ဇီအယ်ကူတပ်သည် လိုချင်သည့် ပစ္စည်းများကို ဝယ်သည်။ စနက်တံ၊ ဖောက်ခွဲကိရိယာ၊ ချိန်ကိုက်ကိရိယာနှင့် ကြိုးများကို ထိုဆိုင်များတွင် လိုသလောက် ရနိုင်သည်။ ပါလက်စတိုင်း ပို့သတင်းစာတိုက်၊ ဘင်ယေဟူဒါလမ်းနှင့် ဂျူးအေဂျင်စီ အဆောက်အအုံတို့ပြီးလျှင် ဂျူးရပ်ကွက်ကို ဖုံးခွဲရန် သူ စိတ်အားထက်သန်လျက်ရှိသည်။ ဂျူးရပ်ကွက်မှ လမ်းကျဉ်းကလေးများ၊ ယိုင်ရွဲ့နေသော တိုက်အိုများကို သူကောင်းကောင်းသိသည်။ ဂျူးတို့ထက် သူက ပို၍ သိသည်မှာ ထိုရပ်ကွက်တွင် ငယ်စဉ်က ပြေးလွှား ဆော့ကစားခဲ့ဖူးသောကြောင့် ဖြစ်သည်။ ထိုရပ်ကွက်မှာပင် လက်ပစ်ဗုံးကို ပထမဆုံးပစ်ခွဲကာ သူ့ဘဝသစ် စခန်းသစ်စတင်ခဲ့ခြင်း ဖြစ်သည်။

သူ့အိတ်ထဲတွင် ဆီးရီးယား ပေါင်တစ်သောင်းငါးထောင်ပါသည်။ မတ်ဖတီ၏ လက်ဆောင်ဖြစ်ပြီး စစ်ဆင်ရေးစရန်၊ စရန်သတ်ခြင်း ဖြစ်သည်။ တစ်ဖန် အာရပ်ခေါင်းဆောင်ထံမှ စာတစ်စောင်လည်း ရထားသည်။ စာတွင် လူနှစ်ဆယ့်ငါးယောက်ပါဝင်သည့် 'တက်မီယာ'ခေါ် ဖုံးခွဲယူနစ်များ ဖွဲ့စည်းရန် ကူတပ်အား အာဏာကုန်လွှဲအပ်ထားသည်။ ထိုယူနစ်အဖွဲ့ဝင်များသည် ဒမတ်စကတ်တွင် ဖော်ဇီဝယ်ထားသည့် မိုင်းဗုံးစနက်တံများ၊ မီးဘူးများကို အိုမာဗလီကျောင်းမှ ဂျူးရပ်ကွက် ပစ်မှတ်သို့ သယ်ယူကြမည်။

သူ့အိတ်ထဲမှာရှိသည့် ပေါင်တစ်သောင်းငါးထောင်ကို ကုန်အောင် သုံးပြီးနောက် ကားသုံးစီးအပြည့်စာ ဖောက်ခွဲပစ္စည်းများ ကူတပ်စုဆောင်းမိပြီး ကျေနပ်အားရဖြစ်မိသည်။ ထို့နောက် ဂျေရုဆလမ်သို့ သူ သွားလေသည်။

ဗြိတိသျှအာဏာပိုင်တို့ကို အန်တုကာ ဟာဂါနားတပ်ဖွဲ့သည် ဂျေရုဆလမ်မြို့လယ်တွင် ပထမဆုံးအကြိမ် ဝတ်စုံပြည့် စစ်ရေးပြ အခမ်းအနားတစ်ခု ကျင်းပသည်။

တပ်သားများ ဝတ်ထားသည့် ဝတ်စုံများမှာ အရောင်အသွေးစုံလင်သည်။ အလုပ်သမားဝတ်စုံများ၊ ကာကီဆွယ်တာများ၊ ဘောင်းဘီတို၊ ဘောင်းဘီရှည် သို့မဟုတ် ဂါဝန်ဝတ်ထားသော မိန်းကလေးများ ပါဝင်သည်။ ခေါင်းထက်တွင် အချို့က အမေရိကန်စစ်တပ်မှ ပိုလျှံသည့် သိုးမွေးဦးထုပ်များ၊ ဗြိတိသျှ သံခမောက်များ၊ အနားကျယ် ဩစတြေးလျ ဦးထုပ်များ ဆောင်းထားကြသည်။ ထို့အတူ ကိုင်ထားသည့် လက်နက်များမှာလည်း ထွေပြားသည်။

http://mmteashop.com



အလေးပြုခံစင်မြင့်ထက်တွင် ဒေးဗစ်ရှယ်လတီးယယ် ခပ်တောင့်တောင့်ရပ်ကာ ပြန်လည်အလေးပြုသည်။ ဗြိတိသျှတို့ ဆုတ်ခွာလျှင် ဂျေရုဆလမ်မှာ ဆက်လက်မှီတွယ်နိုင်ပါဦးမည်လားဟု သံသယဝင်ကာ အားငယ်နေသော ဂျူးများ အားတက်စေရန် ရှယ်လတီးယယ်၏ တပ်များ စစ်ရေးပြခြင်း ဖြစ်သည်။

သူတို့ ကိုင်ဆောင်ထားသည့် လက်နက်များမှာ ရင်ဆိုင်ရမည့် စစ်ပွဲအနေအထားနှင့်ဆိုလျှင် သေးသိမ်ပြီး ရယ်စရာကောင်းသည်။ ဟီရိုရှီးမားကို အဏုမြူဗုံးချပြီးနောက်ပိုင်းတွင် ဂျေရုဆလမ်မြို့တော်ကို သိမ်းပိုက်မည့်သူများ၏ လက်နက်အင်အားမှာ စတင်းဂန်းငါးဆယ့်ငါးခု၊ စက်သေနတ်လေး ခုနစ်ဆယ်၊ ဩစတြေးလျ စက်သေနတ်ကြီးသုံးခု၊ သုံးလက်မစိန်ပြောင်းခြောက်ခု၊ ဟာဂါနားစက်ရုံမှ တီထွင်ထုတ်လုပ်သည့် ဒေဗစ်ကာ စိန်ပြောင်းသုံးခု၊ လက်ဖြစ် လက်ပစ်ဗုံး ရှစ်ထောင်နှင့် ကမယ်လားမှ အာရပ်တစ်ယောက် ရောင်းသွားသည့် ထရပ်ကားတစ်စီးတိုက် ရိုင်ဖယ်ကျည်ဆန် တစ်သန်းတို့ ဖြစ်သည်။

ထိုတပ်များမှာ အမြင်တွင် အားရစရာကောင်းသော်ငြား စိတ်ဓာတ်ပျက်ပြားကာ စည်းကမ်းမရှိသော မြို့ထဲမှ ရှယ်လတီးယယ်၏ တပ်သားများထက် တိုက်ရည်ခိုက်ရည် ရှိကြသည်။

ရှယ်လတီးယယ်ကား ရှေးရိုးသမား ဖြစ်သည်။ ဂျေရုဆလမ်ကို တိုက်ခိုက်ရာတွင် သူ၏ ချည့်နဲ့နဲ့တပ်များ မအောင်မြင်ဘဲ ကစဥ့်ကလျား ဖြစ်သွားခဲ့လျှင် ဂျေရုဆလမ်တစ်ခုလုံးကို အာရပ်တို့ ဝင်၍ သိမ်းပိုက်လိမ့်မည်။ ဘင်ဂူရီယန်၏ဆန္ဒအတိုင်း ရှုပ်ရှုပ်ခွဲခွဲ တစ်ခါတည်း အနိုင်တိုက်ခြင်းထက် သမားရိုးကျ စစ်ဗျူဟာအတိုင်း တိုက်ချင်သည်။ ဗြိတိသျှတို့ ဆုတ်ခွာလျှင် 'ပစ်ချ်ဖို့' စစ်ဆင်ရေးဟု ခေါ်သည့် စစ်ကြောင်းကြီးသုံးခု ချီတက်ကာ စစ်ဆင်ချင်သည်။ ဂျေရုဆလမ်မြို့လယ်ပိုင်းတွင် မြောက်မှတောင်အထိ တစ်ဆက်တည်းရှိသည့် စစ်ကြောင်းများ ချီတက်စစ်ဆင်ချင်သည်။ မြောက်ပိုင်းတွင် ရိတ်ဂျာရားရပ်ကွက်ကို သိမ်းပိုက်ပြီး စကိုးပတ်တောင်ကုန်းပေါ်ရှိ အဆောက်အအုံများနှင့် အဆက်အသွယ်မပြတ်အောင် စစ်ဆင်ချင်သည်။ တောင်ပိုင်းတွင် သူ့တပ်များသည် ဗြိတိသျှတို့၏ အယ်လင်ဘီ စစ်တန်းလျားများကို သိမ်းမည်။ ထို့နောက် အာရပ်လူနေရပ်ကွက်များဖြစ်သည့် ကာတာမွန်နှင့်ဂျေရုဆလမ် အာရပ်မြို့ကို အဆက်ဖြတ်လိုက်ချင်သည်။ အရေးအကြီးဆုံးတာဝန်မှာ မြို့လယ် ဘီဗင်ဂရက်ရပ်ကွက်မှ ရုံးအဆောက်အအုံများကို ဝင်ရောက်သိမ်းပိုက်ခြင်း ဖြစ်သည်။

ဤရည်မှန်းချက်သုံးခု အောင်မြင်မှသာ ဂျေရုဆလမ်မြို့ဟောင်းကို သိမ်းပိုက်ရန် အသင့်ဖြစ်ပြီဟု ရှယ်လတီးယယ် ပြောနိုင်မည်။ သူ၏ မျှော်လင့်ချက်များနှင့် စစ်ဆင်ရေးများ အကောင်အထည်ဖော်နိုင်ရန် အချိန်တည်းဟူသော ကန့်သတ်ချက်ကို စောင့်ရမည်။ သူ့လို ရှေးရိုးသမား၏ အကြံအစည်များကို အချိန်က လိုက်လျောချင်မှ လိုက်လျောမည်။

http://mmteashop.com



ဗြိတိသျှ ဆုတ်ခွာသည့်အချိန်နှင့် ဂျေရုဆလမ် တောင်ကုန်းတန်းပေါ် တွင် အာရပ် လီးဂျင်း၏ သဲရောင်သံချပ်ကာ,ကားများ ပေါ်လာမည့် အချိန်အကြား သူ လှုပ်ရှားရမည် ဖြစ်သည်။

ဒေးဗစ်ရှယ်လတီးယယ်၏ ရန်သူအာရပ်များသည် ဂျေရုဆလမ်၏ ထင်ရှား သည့် မြေတစ်ကွက်ပေါ်က စာသင်ကျောင်းတစ်ခုတွင် ဌာနချုပ်ဖွင့်ထားသည်။ ထိုနေရာမှာ ခရစ်တော် သက်ရှိထင်ရှားရှိချိန်တွင် အုပ်စိုးသည့် ဟီးရော့ဘုရင်ကြီး၏ နန်းတော်နေရာ ဖြစ်သည်။ ထိုနေရာမှ လက်ဝါးကပ်တိုင်တွင် ကားတင် အသတ်ခံရန် ကယ်လဗရီဒေသသို့ ခရစ်တော် စတင်ချီတက်သည်။ တစ်နည်းဆိုလျှင် ခရစ်ယာန် ဘာသာသည် ထိုနေရာမှ ကမ္ဘာတစ်ဝန်းသို့ စတင်ပျံ့နှံ့သည်။

မြို့ဟောင်း မြို့ရိုးနံရံအတွင်း ကိုက်နှစ်ရာ့ငါးဆယ်အကွာတွင် ဂျေရုဆလမ်၏ ထင်ရှားကျော်ကြားသည့် အာရပ်ဌာနတစ်ခုဖြစ်သည့် ရောဒါးကျောင်း အဆောက် အအုံတည်ရှိသည်။ အာရပ်မျိုးချစ်စိတ် စတင်မွေးဖွားရာ နေရာလည်း ဖြစ်သည်။

ဒေးဗစ်ရှယ်လတီးယယ်၏ ဌာနချုပ်သည် စစ်ဌာနချုပ်ကောင်းတစ်ခုနှင့် တူ သည်ဆိုလျှင် သူ့ပြိုင်ဘက် အာရပ်တို့၏ စစ်ဌာနချုပ်သည် ဈေးတစ်ခုနှင့်တူသည် ဆိုရ မည်။ စစ်ဌာနချုပ်တည်ရာ စာသင်ကျောင်းထဲတွင် စိန်ပြောင်းများ၊ စက်သေနတ်ကျည် ဆန်များ၊ စတင်းဂန်းကလစ်များ ပြန့်ကျဲနေသည်။ ထောင့်တစ်နေရာတွင် ရိုင်ဖယ်များ ထောင်ထားသည်။ ခုံတန်းလျားများပေါ်တွင် ပစ္စတိုများ ပစ်တင်ထားသည်။

လက်နက်နှင့် ခဲယမ်းမီးကျောက်များထက် ရောဒါးကျောင်းမှ အာရပ်များသည် ခေါင်းဆောင်မှုလိုနေသည်။ ခေါင်းဆောင်ဖြစ်နိုင်မည့်သူမှာ မကြာသေးမီက အိုမာဗလီ တွင် မြုပ်နှံခဲ့ရသည့် အက်ဘဒူခါဒါဟတ်ဆေနီ ဖြစ်သည်။ သူ့ကိုဆက်ခံမည့် ခါလက် ဟတ်ဆေနီကိုမူ နောက်လိုက်များက အနည်းငယ် နှစ်သက်အားထားသည်။ အီရတ် ခေါင်းဆောင် ဖာဒယ်ရာရှစ်ကို လူတိုင်းက ရွံမုန်းသည်။ သူသည် တစ်ချိန်လုံး ပါရှား ကော်ဇောများ စုဆောင်းခြင်းဖြင့် အချိန်ဖြုန်းနေသည်။ အဘိုဒါယေးမှာ ကာတာတွင် ဒဏ်ရာရပြီး ခြေထောက်မသန်။

သို့ဖြစ်ရာ ပြိုင်ဘက်များကြောင့် အာရပ်ခေါင်းဆောင်မှုမှာ အထက်ပိုင်းနှင့် အောက်ပိုင်းတွင် ကင်းမဲ့နေသည်။ ကျောင်းခန်းထဲသို့ ဝင်ကြထွက်ကြသည်။ ဆွေးနွေး ကြသည်။ ရန်ဖြစ်ကြသည်။ တစ်ယောက်ကိုတစ်ယောက် အော်သည်။ ထိုအသံများ အကြား အနီးအနားရှိ ဗလီမျှော်စင်ထိပ်များမှ ဝတ်ပြုရန် နှိုးဆော်သံများကို ကြားရသည်။

ဗြိတိသျှတို့ ဆုတ်ခွာလျှင် ဂျေရုဆလမ်၏ အချက်အချာနေရာတို့ကို ဝင် ရောက်တပ်စွဲရမည်ဟု အာရပ်တို့ကလည်း အကြံအစည် ရှိသည်။ ပုလိပ်အရာရှိဟောင်း မိုနီယာ အဖိုဖာဒယ်သည် ပုလိပ်အဖွဲ့ ဌာနချုပ်တွင် မြေပုံပေါ်၌ အရေးကြီးသည့် (၁၃၈) နေရာနှင့် အဆောက်အအုံများကို အမှတ်အသားပြုထားသည်။ သူ့လူများ ဝင်ရောက်

http://mmteashop.com



သိမ်းပိုက်ရမည်။ သို့သော်လည်း အာရေယေးရှားနှင့် ဒေးဇစ်ရှယ်လတီးယယ်တို့လိုကား စနစ်တကျ စီမံကိန်း မရှိ။ တခြားနေရာများမှာလိုပင် ထိုတာဝန်ကိုလည်း တစ်ဦးချင်း ခေါင်းဆောင်မှုဖြင့် ဆောင်ရွက်သွားရမည် ဖြစ်သည်။

အာရပ်ဌာနချုပ်တွင် ရိုမန်ကက်သလစ် ဘုန်းကြီးတစ်ပါးသည် အာရပ်တို့ကို အားတက်သရော ထောက်ခံအားပေးလျက် ရှိသည်။ သူကား သစ်တောအလုပ်သမား တစ်ယောက်၏သား ဘုန်းကြီး အီဘရာဟင်အာယတ် ဖြစ်သည်။ အာရပ်အရေးကိစ္စကို သူ့ဘုရားကျောင်း အရေးကိစ္စထက် ပို၍ အလေးပေးသည်။ အီတလီမိတ်ဆွေတစ်ယောက် အကူအညီဖြင့် အီတလီကောင်စစ်ဝန်တစ်ယောက်ထံမှ စာတစ်စောင် သူယူလာပြီး အာရပ်တို့အား ပေးအပ်သည်။ အရေးရှိလျှင် အာရပ်တို့သည် ဂျေရုဆလမ်မြို့တွင် အီတလီဆေးရုံကို အသုံးပြုနိုင်သည်ဟု ထိုစာတွင် ခွင့်ပြုထားသည်။ ဆေးရုံသို့ ဝင်ရန် သော့တစ်ချောင်းလည်း ပေးလိုက်သည်။

ရောဒါးကျောင်း အာရပ်ဌာနချုပ်တွင် အမျိုးသမီး တစ်ယောက်သည် အာရပ်အရေးကိစ္စအတွက် ထက်ထက်သန်သန်ဆောင်ရွက်သည်။ သူက နင်မရာတင်းနတ် ဖြစ်သည်။ ဂျူးအေဂျင်စီ အောက်ဆုံးထပ်တွင် အာရပ်ခေါင်းဆောင်များ တယ်လီဖုန်း ပြောသည်ကို ခိုး၍ နားထောင်သူများ ရှိသည်။ ယခုမူ လွန်ခဲ့သည့် ခြောက်လလောက်ကစ၍ နင်မရာသည် အာရပ်ခေါင်းဆောင်များ အချင်းချင်း ပြောနေကြသည်ကို ကြားဖြတ်ပြီး ရန်သူ ကြားသွားမည်ဟု သတိပေးဖော်ရလာသည်။

နင်မရာ၏မိခင်မှာ ကိုယ်ဝန်ဆောင်စဉ် ကလေးနှစ်ဆယ့်နှစ်ယောက် ပျက်စီးခဲ့သူ ဖြစ်သည်။ သူ့ကို မွေးတော့ ဗေဒင်ဆရာတစ်ယောက်က 'ကျားမ' ဟု နာမည်ပေးရန် အကြံပေးသည်။ ဤသို့ဖြင့် ကျားမ နင်မရာတင်းနတ်သည် ညီအစ်မ ဂျူးတယ်လီဖုန်း အော်ပရေတာများနည်းတူ အာရပ်အရေးကိစ္စကို ကူညီရန် စိတ်ပိုင်းဖြတ်သည်။ အာမေနီယမ် အင်ဂျင်နီယာ တစ်ယောက်၏ အကူအညီဖြင့် ရောဒါးကျောင်းတွင် တယ်လီဖုန်းပစ္စည်းများကို တစ်ခုပြီးတစ်ခု ပိုက်ဆံအိတ်ထဲ သို့မဟုတ် ဂါဝန်အောက် ဝှက်ယူလာပြီး ရောဒါးကျောင်း၌တပ်ဆင်သည်။ နှစ်ပတ်လုံးလုံး 'ကျားမ'သည် ရင်ခွင်ထဲတွင် ကြောင်လေးတစ်ကောင် ပွေ့ထားပြီး ရှေ့က စားပွဲပေါ်၌ ခြောက်လုံးပြူးတစ်လက် ချထားကာ ဂျေရုဆလမ် (၂၅၂၉၀) ကို သူ ဖြေကြားသည်။ ယင်းမှာ ရောဒါးဌာနချုပ်၏ တယ်လီဖုန်းနံပါတ် ဖြစ်လေသည်။

ဂျူးအေဂျင်စီနည်းတူ နင်မရာမှတစ်ဆင့် ဖုန်းခေါ်ကြသူများတွင် လက်နက်ကိစ္စ ပြောကြသူ များသည်။ အီဂျစ်ဘုရင် ဖာရောက်၏ တစ်ဦးချင်း လက်ဆောင်အဖြစ် အာရပ်ပိုင် လက်နက်ကြီးစာရင်းတွင် နှစ်ဆတိုးသွားသည်။ ယင်းမှာ အများဆုံး ရောက်လာသည့်လက်နက်များ ဖြစ်သည်။ စက်သေနတ် ဆယ့်ငါးခု၊ နှစ်ပေါင်ဒါအမြောက် နှစ်ခုနှင့် နှစ်လက်မစိန်ပြောင်း ခုနစ်ခုတို့ ဖြစ်သည်။

http://mmteashop.com



ဆာမီဟာဒါဝီသည် ဗြိတိသျှတို့ကို မယုံကြည်။ ပါလက်စတိုင်း ခွဲခြမ်းရေး ဆန္ဒမဲပေးသည့်ညက "ဗြိတိသျှတွေ ဘယ်တော့မှ ပါလက်စတိုင်းက ခွာမှာမဟုတ်ဘူး" ဟု တစ်ကိုယ်တည်း ပြောခဲ့သည်။ သူသည် ဗြိတိသျှအုပ်ချုပ်ရေး လက်အောက်တွင် လုပ်ကိုင်ခဲ့သည့် အမှုထမ်းတစ်ယောက် ဖြစ်သည်။ ယခု ဗြိတိသျှတို့ ဆုတ်ခွာတော့မည်။ သူလည်း အိမ်မှ ထွက်သွားတော့မည်။ အိမ်တံခါးကို သော့ပိတ်သည်။ အိမ်ရှေ့ခြံဝင်းထဲတွင် လီလီပန်းများမှာ ခူးမည့်သူ မရှိ။ ကလေးများ ဆော့ကစားထားသည့် အရုပ်များ၊ ကစားစရာများ ပြန့်ကျဲနေသည်။ ယခုမူ မြို့ဟောင်းကြီးတွင် သူ့မိသားစုနှင့်အတူ စိတ်ချလက်ချ သွား၍နေတော့မည်။

သူ့စိတ်ကူးသည် ဗြိတိသျှအုပ်ချုပ်ရေး ရုပ်သိမ်းတော့မည့် အချိန်တွင် ဂျေရုဆလမ်ဝန်းကျင်၌ နေထိုင်ကြသည့် အာရပ်များ၏ စိတ်ကူးနှင့် မတူသည့် လူတစ်ယောက်တည်း၏ စိတ်ကူးမျိုးမဟုတ်။ အခြားအာရပ်များလည်း အိုးအိမ်ကိုစွန့်ကာ အေးချမ်းရာသို့ ရှောင်ကြသည်။

ခရစ္စမတ်ပြီးကတည်းက ပြည်ပသို့ ထွက်သွားကြသူများ များလာသည်။ ဘီရွတ်၊ အမ်မမ်နှင့်ဒမတ်စကတ်သို့ သွားကြသည်။ သူတို့ရပ်ကွက်ကို ဗုံးခွဲမည်ဟု တယ်လီဖုန်းပေါ်က ခြောက်လှန့်သဖြင့် ထွက်ပြေးသူများ ရှိသည်။ အချို့မှာ မိုးနှင့်အတူ မုန်တိုင်းပါလာမည်ကို ကြောက်သဖြင့် မုန်တိုင်းလွတ်ရာမြို့များသို့ ထွက်ပြေးခိုလှုံကြသည်။ များသောအားဖြင့်ကား ပိုက်ဆံရှိသူများ ထွက်ခွာသွားကြသည်သာ များသည်။ သူတို့နောက်သို့ မတ်ဖတီ၏ နိုင်ငံရေးခေါင်းဆောင်များ လိုက်သွားကြသည်။

အာရပ်ထိပ်တန်းကော်မတီမှ နှစ်ယောက်သာ ဂျေရုဆလမ်တွင် ကျန်ရစ်ခဲ့သည်။ သူတို့မှာ ကျန်းမာရေးမကောင်းသူ ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်တွင်း အဘိုးကြီးများ ဖြစ်သည်။ "ဂျူးကို ပင်လယ်ထဲ မောင်းထုတ်မည်"ဟု မကြာခဏ ကြွေးကြော်ခဲ့သည့် ခေါင်းဆောင်များသည် ရန်သူမောင်းထုတ်ရေးတာဝန်ကို တစ်ပါးသူများလက်ထဲ အပ်ထားခဲ့ကြပြီး သူတို့ကိုယ်တိုင်က ခပ်လှမ်းလှမ်း အာရပ်နိုင်ငံမြို့တော်များတွင် လုံခြုံဘေးကင်းစွာ ရှောင်တိမ်းသွားကြသည်။

မြို့ဟောင်းကြီးအတွင်းဘက်တွင် အဏ္ဏဝါနတ်ဘေဘီခေါင်းဆောင်ပြီး မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းရန် ကြိုးစားသည်။ သို့သော်လည်း မအောင်မြင်။ လုပ်ငန်းများပြားခြင်း၊ ကျွမ်းကျင်မှု မရှိခြင်းတို့ကြောင့် လက်လျှော့လိုက်ရသည်။ ထိုအခါ သံသယရှိခြင်း၊ စိတ်အေးလက်အေး မနေရခြင်း၊ ကြောက်ရွံ့ခြင်းတို့ကြောင့် မြို့မှခွာသူ ပို၍ များလာသည်။ အချို့မှာ ဆာမိဟာဝါဒီတို့လို အိမ်နှင့်နီးရာတွင် ခေတ္တခဏခိုလှုံနိုင်ကြသည်။ အခြားသူများမှာ အိမ်နီးချင်းနိုင်ငံရောက်မှ ခရီးလမ်း ဆုံးတော့သည်။ သူတို့ပြေးရသည့် ခရီးတာမှာ ဝေးလှသည်။

http://mmteashop.com



သူတို့မထွက်ခွာမီ ထရပ်ကားများ၊ လှည်းများနှင့် ပစ္စည်းများကို အရင်ဆုံး သယ်ပို့ကြသည်။ ဘေးကင်းရာအရပ်တို့မှာ ဂျေရုဆလမ်မြို့၏ ကွန်ဗင့် မယ်သီလရှင်ကျောင်းနှင့် ဘုန်းကြီးကျောင်းများ ဖြစ်သည်။ ထာဝရဘုရားသခင်၏ အရိပ်အာဝါသကို ခိုလှုံကြသူများသည် လောကီစည်းစိမ်မှန်သမျှ စွန့်လွှတ်ကာ အနေအထိုင် အစားအသောက် ခြိုးခြံနေထိုင်ကြသည်။ ယခု သူတို့၏ ကျောင်းသခ်မ်းများသို့ ကော်ဇောများ ကြွေပန်းကန်စုံများ၊ ငွေပန်းကန်များ၊ ငွေဇွန်းများ ရောက်လာသည်။ မာမီလာလမ်းမှ အလှကုန်စတိုးပိုင်ရှင် အမ်မီလီကက်ရှရမ်သည် သူ့ပစ္စည်းများကို 'ညီမငယ်များကွန်ဗင့်' ကျောင်းသို့ ပို့သည်။ သီလရှင်များအဖို့ အဝတ်ဖွပ်ဆပ်ပြာဝါတစ်တောင့် အသုံးပြုရလျှင် ပင် ဇိမ်ခံပစ္စည်းတစ်ခု ပိုင်ဆိုင်ရသလို သဘောထားကြသူများ ဖြစ်သည်။ ယခုမူ တစ်နာရီအတွင်း သူတို့ ကွန်ဗင့်ကျောင်းသို့ နိုင်လွန်ခြေအိတ်များ၊ ပိုးသားဘရာစီယာများ၊ ပြင်သစ်ရေမွှေးများ၊ ကိုယ်သုံး ဆပ်ပြာမွှေးများ၊ နှုတ်ခမ်းနီဆိုးဆေးများ၊ ပါးနီခြယ်ဆေးများ၊ မျက်တောင်ဆိုးဆေးများ စသည့် သူတို့ဘဝနှင့် လုံးဝမအပ်စပ်သော ပစ္စည်းများ အလျှံပယ် ရောက်လာသည်။

ညက ပစ်ကြခတ်ကြသည်။ ဘရာဟင်အဘိုဟာဝါသည် ကြောက်လန့်ပြီး အယ်လင်ဘီ စစ်တန်းလျားသို့ ပြေးကာ ဗြိတိသျှစစ်သားများထံမှ ဓာတ်ဆီတစ်ပုံး ဝယ်သည်။ ထို့နောက် တက္ကစီတစ်စီးခေါ်ကာ ဓာတ်ဆီပေးပြီး ထွက်ပြေးကြရန် စီစဉ်သည်။ ကလေးခြောက်ယောက်ကို ကားထဲပို့သည်။ မသွားမီ သူ့မိန်းမက ပစ္စည်းများကို သယ်နိုင်သမျှ သယ်ရန် ထုပ်ပိုးသည်။ အပ်ချုပ်စက်နှင့် ရေဒီယိုတို့ကို မမေ့။ ပိုက်ဆံကိုမူ သူ့ဘရာစီယာထဲ ထည့်သည်။ ကုလားထိုင်ကို မပွန်းပဲ့ရအောင် အဝတ်ဖြင့်ပတ်ကာ ချည်သည်။ ဘရာဟင်က အပ်ချုပ်စက်နှင့် ရေဒီယိုတို့ကို ထားခဲ့ရန် ပြောသည်။ အိမ်မှ ခေတ္တခဏ ရှောင်တိမ်းခြင်းသာ ဖြစ်သည်။ မကြာမီ ပြန်လာမည်။ ထိုအခါ အာရပ်တပ်မတော်သည် မြို့ကို သိမ်းပိုက်ပြီး ဖြစ်နေမည်ဟု ဘရာဟင် ယုံကြည်သည်။ ရှစ်ရက်ရှိလျှင် အိမ်ကို ပြန်လာမည်ဟု သူ့မိန်းမအား ဘရာဟင် ပြောသည်။

ကြေးတိုင်ဌာနတွင် အနှစ်နှစ်ဆယ် အမှုထမ်းခဲ့သော ဂျမေးတူကန်မှာ ချက်ချင်းပင် အမြန်မှန်ရလာသည်။ မြို့ဟောင်းကြီးမှ သေတ္တာတစ်လုံးဖြင့် ထွက်လာခဲ့ပြီးနောက် သူ့အိမ်ခန်းသို့ တယ်လီဖုန်း ပြန်ဆက်သည်။ သူ့ဖုန်းနံပါတ် (၂၈၂၆) မှ သူမသိသော အသံတစ်ခုက ပြန်၍ထူသည်။ "ရှလုမ်. . . "တဲ့ ။

အမ်ဘရာခါလစ်ဒီသည် အိမ်တွင်းစာကြည့်ခန်း တရုတ်ကတ်များကို ပိတ်သည်။ ယခုမူ စာကြည့်တိုက်တွင် စာအုပ်များမရှိတော့။ အဖိုးတန်စာအုပ်များကို မြို့ဟောင်းကြီးမှ ဘုန်းကြီးကျောင်းတစ်ခုတွင် သိမ်းထားပြီး ဖြစ်သည်။ အခန်းကို ပြန်လည်စောင်းငဲ့ကြည့်ရှုပြီး မီးဖိုသို့သွားကာ ထမင်းချက် အဒီဇာကို နမ်းရှုပ် နှုတ်ဆက်သည်။

"ကျောင်းထွေဖွင့်ရင် တို့ပြန်လာမယ်"အမ်ဘရာ တိုးတိုးပြောသည်။ ထို့နောက်

http://mmteashop.com



အိမ်ရှေ့တံခါးမှ သူ ထွက်လာခဲ့သည်။ ထို့နေ့ကား မှုန်မှိုင်းနေသည်။ ကောင်းကင်တွင် မိုးသားများ ရှိနေသည်။ သူ့ယောက်ျား၏ ကောလိပ်ကျောင်းကို လှမ်းမြင်နေရသည်။ ပြတင်းများ ပိတ်ထားသည်။ ကျောင်းသားများ သွားလာနေကျနေရာများတွင် စစ်သားများလမ်းလျှောက်နေသည်ကို တွေ့ရသည်။

သူ့ယောက်ျားက ခေါင်းဆောင်ပြီး မိသားစုခြောက်ယောက် တက္ကစီထဲဝင်သည်။ ကားစက်နိုးလျှင် အမ်ဘရာသည် အိမ်ကိုလှည့်ကြည့်သည်။ "ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ တို့အိမ်လေးပဲ" သူ့ရင်ထဲမှာ တသသဖြစ်လာသည်။ ရှေ့ခန်းတွင် ထိုင်နေသည့် သူ့ယောက်ျားသည် မျက်နှာကြီး နီရဲကာ ကားမှန်ရှေ့ကိုသာ စိုက်ကြည့်နေသည်။ သူတည်ထောင်ခဲ့သည့် ကျောင်းကို လှည့်စောင်းမျှ မကြည့်။ အမ်ဘရာ၏ ဘေးတစ်ဖက်တွင် သမီးငယ်တစ်ယောက်သည် အရုပ်ကလေးတစ်ခုကို ပိုက်ထားသည်။ အခြားတစ်ဖက်တွင် အငယ်ဆုံးသား တာရစ်သည် ဝက်ဝံရုပ်လေးကို ပွေ့ထားသည်။ ကားထွက်ပြီး ကားမှန်ပြတင်းတွင် နောက်ဆုံးဆိုက်ပရပ်ပင် ရိပ်ခနဲ ကျန်ခဲ့သည့်အခါ အမ်ဘရာ မအောင့်အီးနိုင်တော့ဘဲ ငိုချလိုက်သည်။

သူ့ဘေးတွင် ထိုင်နေသည့် ကလေးများက "မငိုပါနဲ့ မာမာရယ်၊ သမီးတို့ ပြန်လာကြမှာပါ" ဟု ပြောသည်။

အမ်ဘရာခါလစ်ဒီ၏ ကလေးများ ပြောသည်မှာ မှားသည်။ သူတို့တစ်တွေ အဖေကြီးပြုစုပျိုးထောင်ခဲ့သည့် အာရပ်ကောလိပ်ပရိဝုဏ်သို့ ဘယ်သောအခါမျှ ပြန်မလာနိုင်တော့ပေ။

သူတို့ ထွက်ပြေးပြီးနောက် ဟာဂါနားအဖွဲ့က အရေးကြီးသည့် နေရာဒေသများကို အာရပ်တပ်များ မရောက်လာမီ သိမ်းပိုက်ရန် ဆုံးဖြတ်သည်။

ပထမဆုံး ကျဆုံးသည့် မြို့ကြီးတစ်မြို့မှာ တိုင်ဘားရီးယတ် ဖြစ်သည်။ ရောမဧကရာဇ်များ အနားယူ အပန်းဖြေသည့် ရှေးဟောင်း မြို့ကြီးတစ်ခုဖြစ်ပြီး ဧပြီ (၁၈) တွင် ဟာဂါနားတပ်ဖွဲ့လက်အောက်သို့ ရောက်သွားသည်။ ထိုမြို့ကို သိမ်းပိုက်ပြီးနောက် ဟာဂါနားသည် အောင်ပွဲများ ဆက်တိုက်ခံရသည်။ နှစ်ဆယ့်လေးနာရီ အပြင်းအထန် တိုက်ပွဲဖြစ်ပြီး ဂျူးတပ်မတော်သည် ဟိုက်ဖာ ပင်လယ်ဆိပ်ကမ်းမြို့ကို သိမ်းပိုက်သည်။ ကာဘာလာ ရှေးဟောင်းကျမ်းများ ထွန်းကားရာ ဆာဖက်မြို့ကို မေလဆန်းတွင် သိမ်းပိုက်သည်။ မြောက်ပိုင်း ဂယ်လီလီဒေသတွင်ရှိသည့် မြို့ငယ်လေးများ၊ ရွာငယ်လေးများ တစ်ဒါဇင်ခန့်သည် ဂျူးထိန်းသိမ်းမှုအောက်သို့ ရောက်သွားသည်။

ဂျူးထိုးစစ်ကို ဗြိတိသျှတို့က တစ်နေရာတွင် တားဆီးစွက်ဖက်သည်။ ယင်းမှာ တယ်အဗစ်နားတွင်ရှိသည့် ဂျက်ဖာဆိပ်ကမ်းမြို့ဖြစ်သည်။ ဗြိတိသျှတို့ လက်ပိုက်ကြည့်နေသည်ဟူသော အာရပ်ဝေဖန်ချက်ကြောင့် နိုင်ငံခြားရေးဝန်ကြီး အန်းနက်ဘီဗင်က ဆာဂေါဒန်မက်မီလန်အား တိုက်ရိုက်အမိန့်တစ်ခု ပေးသည်။

http://mmteashop.com



"ခင်ဗျားတပ်တွေကို ဂျက်ဖာမှာချထား၊ ပြီးတော့ ဂျက်ဖာကို အာရပ်တွေအတွက် ပြန်သိမ်းပေး" ဆိုသည့် အမိပ္ပာယ်သက်ရောက်သည့် အမိန့်ပင် ဖြစ်သည်။

ထိုအမိန့်ကြောင့် မက်မီလန်သည် ခွဲခြမ်းရေး ဆန္ဒမဲပေးပြီး နောက်ပိုင်းတွင် အာရပ်-ဂျူး အရေးကိစ္စများ၌ သူ့စစ်သားများ ပါဝင်ပတ်သက်ခြင်းမရှိစေရဟူသော မူလသဘောထားကို ဆန့်ကျင်ကာ မလုပ်ချင်ဆုံး အလုပ်တစ်ခုကို သူလုပ်ရသည်။ သူ့တပ်များက ချီတက်လာသည့် အိုင်ယာဂန်တပ်များကို တားဆီးသည်။ သို့သော်လည်း ဂျက်ဖာကို သိမ်းပိုက်ကာ ပြန်လည်ပေးအပ်ရန် အာရပ်တစ်ယောက်မျှ မြို့ထဲတွင်မရှိ။ မေလဆန်းလောက်ကတည်းက ဂျက်ဖာလူဦးရေ ခုနစ်သောင်းအနက် ခြောက်သောင်းငါးထောင်သည် ဘေးကင်းရာသို့ ထွက်ပြေးသွားကြသည်။

ပါလက်စတိုင်း အနှံ့အပြားတွင် အကြောင်းအမျိုးမျိုးကြောင့် အနိဋ္ဌာရုံများကြုံရသည်။ တစ်ခါတစ်ရံ ဟာဂါနာတပ်ဖွဲ့၏ ပေါ်လစီကြောင့် ဖြစ်ပေါ်ရသည်။ အထက်ဂယ်လီလီဒေသတွင် အာရပ်များကို ရှင်းလိုသည်။ အာရပ်ထိုးစစ်ကို သူ၏စစ်ပန်းနေသော တပ်ဖွဲ့များ အသုံးမပြုဘဲ ဟန့်တားချင်သည်။ ဤသို့ဖြင့် ပါလမက်တပ်ဖွဲ့၏ ယီဂယ်အယ်လုန်သည် စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲတစ်ခု ဆင်နွှဲသည်။ အာရပ်ရွာများမှ ရွာသားများနှင့် အများဆုံး အဆက်အသွယ်ရှိသည့် ဂျူးများကို တွေ့ဆုံပြီး ဂျူးတပ်ကြီးတစ်တပ် ချီတက်လာပြီး၊ ဂယ်လီလီသို့ မကြာမီ ရောက်လာတော့မည်။ ထိုအခါ ဟူလေ (ဟူလေ ရေအိုင်ဒေသ) ရွာများအားလုံးကို မီးတင်ရှို့မည်။ အချိန်ရှိခိုက် အာရပ်တို့ ထွက်ပြေးကြဖို့ကောင်းသည်ဟု တိုးတိုးသတင်းပေးစေသည်။ ထိုနည်းဗျူဟာ လုံးဝ အောင်မြင်သည်။

ကြောက်စိတ်နှင့် မရေရာသည့် အခြေအနေတို့က အာရပ်များအား မိမိတို့အိုးအိမ်ကို စွန့်ခွာထွက်ပြေးရန် နှိုးဆော်သည်။ ထိတ်ထိတ်ပျာပျာ ဖြစ်ခြင်းသည် လူမျိုးတစ်မျိုးတည်း၏ စရိုက်ဟူ၍ သတ်မှတ်ချက် မရှိ။ ထို့အတူ ကြောက်လန့်စိတ်သည်လည်း လူတစ်ယောက်တည်းကိုသာ စိုးမိုးထားသည် မဟုတ်။ (၁၉၄၀) တွင် မိမိတို့နိုင်ငံကို ဝင်ရောက်သိမ်းပိုက်မည့် ရန်သူများအား ပြင်သစ်နှင့် ဘယ်လ်ဂျီယံတို့ ကြောက်လန့်သည့်နည်းတူ စဉ်းစားဉာဏ်နည်းသည့် ပါလက်စတိုင်းမှ အာရပ်တို့သည်လည်း ကြောက်လန့်ကာ အိမ်မှပြေးရန် လမ်းများပေါ်သို့ ထောင်သောင်းချီ၍ ရောက်သွားကြသည်။ ပြေးရင်းလွှားရင်း လမ်းမှာ တွေ့သူများအား ဂျာမန်စစ်သားများသည် သီလရှင်ပါမကျန် မုဒိမ်းကျင့်ပြီး ကလေးများကို သတ်ဖြတ်သည်ဟု ပြင်သစ်နှင့်ဘယ်လ်ဂျီယံ စစ်ပြေးဒုက္ခသည်တို့က ပြောကြသည့်နည်းတူ အာရပ်တို့သည်လည်း ဒေယာယက်ဆင် လူသတ်ပွဲကြီးကို ကိုးကားကာ အချင်းချင်း ပြောပြကြသည်။

ဤသို့ဖြင့် အာရပ်တို့သည် ပိုင်ဆိုင်သည့် ပစ္စည်းအချို့ကို ရနိုင်သမျှ စုဆောင်းထုပ်ပိုးကာ ထွက်ပြေးကြသည်။ ကလေးငယ်များကို ရင်ခွင်မှာပိုက်ပြီး ပစ္စည်းကို ကျန်လက်တစ်ဖက်ဖြင့် ဆွဲကာ ပြေးကြသူများ ရှိသည်။ အချို့သည် ခနော်နီခနော်နဲ့ ဘတ်စ်

http://mmteashop.com



ကားခေါင်မိုးများပေါ်တက်ကာ ပြေးကြသည်။ အချို့က တက္ကစီသုံးနိုင်သည်။ အချို့မှာ ခြေလျင်တစ်မျိုး၊ ဘိုင်စကယ်စီးကာ တစ်မျိုး၊ လားစီးကာ တစ်မျိုး ပြေးကြသည်။ သူတို့သည် ဂျူးအိမ်နီးချင်းတို့နှင့်မတူ။ ပြေးစရာနေရာ ရှိသည်။ ပြေးရင်းပင် အမ်ဘာရာခါလစ်ဒီ၏ ကလေးများ ယုံကြည်သလို "တို့ပြန်လာမည်" ဟု ယုံကြည်ကြသည်။ သူတို့ မှားသည်။

၀၀၀

http://mmteashop.com



အပိုင်း (၂၇)

## ခဲနှင့်အပစ်ခံပြီး အသေခံကြမေ့ါ

အီဂျစ်ပါလီမန် အဆောက်အအုံကြီးထဲတွင် လျှို့ဝှက် အစည်းအဝေးတစ်ခု ကျင်းပနေသည်။ အပြင်ဘက်တွင် ပုလိပ်တပ်ဖွဲ့များ ဟိုတစ်နေရာ သည်တစ်နေရာ ဝိုင်းထားသည်။ လွန်ခဲ့သည့်လက သတင်းစာများမှ ပြည်သူတို့ကို လှုံ့ဆော်ချက် အောင်မြင်သည့် သဘောကို ပြသည့်အနေဖြင့် ပါလီမန်တွင် ကိုယ်စားလှယ်များ စုဝေးရောက်ရှိလာကြခြင်း ဖြစ်သည်။

ပါလီမန်တွင် အမူအရာတို့မှာ တည်ကြည် ခံ့ညားသည်။ အလုပ်သဘော သက်ရောက်သည်။ မာမွတ်နိုအရာရှိပါရှားသည် လွတ်တော် ဥက္ကဋ္ဌရှေ့ရှိ သူ့နေရာမှထကာ စုဝေးရောက်ရှိလာကြသော ကိုယ်စားလှယ်များကို တစ်ချက်စွေ၍ ကြည့်သည်။ သူ့လက်ထဲတွင် မနက်က ရေးထားသည့်မိန့်ခွန်းကို ကိုင်ဆောင်ထားသည်။ အချိန်မှာ (၁၉၄၈) မေ(၁၁) ရက် အင်္ဂါနေ့ ညနေခြောက်နာရီ ဖြစ်သည်။ တစ်ခါက နိုကရာရှိပါရှား တိမ်းရှောင်ချင်သည့် အချိန်တစ်ချိန်သို့ ဆိုက်ရောက်လာသည်။ သူသည် တည်ငြိမ်စွာပင် မမွေးဖွားသေးသည့် ပါလက်စတိုင်းနိုင်ငံထဲက ဂျူးနိုင်ငံသစ်ကို စစ်ကြေညာသည်။

မိန့်ခွန်းကို သူဖတ်ကြားပြီးသည့်အခါ မကျေနပ်သည့် အသံတစ်ခုက သူစစ်ကြေညာသည်ကို ထ၍ ကန့်ကွက်သည်။ "စစ်တပ်က အဆင်သင့် ဖြစ်ပြီလား" ဟု ယခင် ဝန်ကြီးချုပ် အာမက်ဆစ်ကီပါရှားက မေးသည်။

မေးခွန်းကို လှောင်ပြောင်သည့် အသံများ၊ လေချွန်သံများ အကြားတွင် နိုကရာရှိ တည်ငြိမ်စွာပင် အဖြေပေးသည်။ "စစ်တပ်အသင့်ရှိနေပြီ၊ ကျွန်တော် တာဝန်ယူပါတယ်"

နှစ်နာရီအတွင်း ပါလီမန်အစည်းအဝေး ပြီးဆုံးသည်။ အစည်းအဝေးက နိုကရာရှိပါရှား၏ စစ်ကြေညာခြင်းနှင့် စစ်တပ်အတွက် ဘတ်ဂျက်ငွေ အပိုဒေါ်လာ ခြောက်သန်း သတ်မှတ်ခြင်းတို့ကို ထောက်ခံအတည်ပြုသည်။

ဆိုင်နိုင်းကျွန်းဆွယ် အယ်အာရှစ် ပင်လယ်ကမ်းခြေဒေသတွင် အင်အားလေးသောင်းအနက် တစ်သောင်းငါးထောင်ရှိသည့် စစ်သားများသည် အီဂျစ် အထူးတပ်ဖွဲ့တွင်

http://mmteashop.com



စုဝေးရောက်ရှိလာကြသည်။ ယင်းတပ်များအနက် တပ်မဟာနှစ်ခုမှ တပ်ရင်းလေးခုသာ စစ်တိုက်ရန် အသင့်ရှိနေသည်ဟု တပ်ဖွဲ့၏ ဒုတိယတပ်မှူး ဆူဒန်ကာနယ် မိုဟာမက်နာဂစ်က ပြောဆိုကာ သူ့အထက်လူကြီးများသည် ပျက်စီးဆုံးပါးမည့် ဘေးအန္တရာယ်တစ်ခုကို ကြုံဆိုနေသည်ဟု သတိပေးကန့်ကွက်သည်။

ထိုအခါ မေဂျာဂျင်နရယ် အာမက်အလီအယ် မူအာပီက တိုက်ပွဲအနည်းငယ်သာ တိုက်ရမည်။ ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည့်သူ မရှိဟု ချေပသည်။

ပါလက်စတိုင်း ပင်လယ်ကမ်းမြောင်ဒေသ အခြားတစ်ဖက်စွန်းရှိ လက်ဘနွန်နိုင်ငံ ဆစ်ဒွန်ဆိပ်ကမ်းတွင် အခြားတပ်ဖွဲ့ဝင် လက်နက်ကိုင် တပ်သားရှစ်ရာ သင်္ဘောပေါ်မှ ဆင်းသည်။ သူတို့သည် အာရပ်တပ်မတော်တွင် တစ်နေရာယူကာ ပါဝင်တိုက်ခိုက်မည့်သူများ ဖြစ်သည်။ ပခုံးထက်တွင် သိုးမွေးခေါင်းဆောင်းများ တင်ထားပြီး ကုအာရ်ကျမ်းထည့်သည့်အိတ်ကို လည်ပင်းလွယ်ထားသည့် မော်ရိုကိုတပ်သားများသည် မြင့်မြတ်သော အစ္စလာမ်စစ်ပွဲတွင် ပါဝင်ရန် မြောက်အာဖရိကကို ကိုယ်စားပြုသူများဖြစ်သည်။ လက်ဘနွန်၏ဝန်ကြီးချုပ် ရီယတ်ဆိုးက တောင်ဘက်ဆီသို့ လက်ညှိုးညွှန်ပြီး သူတို့ကို ဂျေရုဆလမ်သွားသည့် လမ်းပေါ်သို့ ပို့ပေးသည်။ ထို့နောက် ဖရောက်ကို စစ်ထဲဝင်ရန် ဖျောင်းဖျခဲ့သည့် ဝန်ကြီးချုပ်သည် သူ့မြို့တော်သို့ပြန်ကာ ဘီရွတ်မြို့၏ ရှေးဟောင်းရပ်ကွက်ဖြစ်သည့် လူဦးရေထူထပ်သည့် ဂျူးရပ်ကွက်ကို ကာကွယ်ရန် သူ၏ စစ်တပ်ငယ်လေးမှ တပ်တစ်တပ်ကို အမိန့်ပေးသည်။ အရှေ့အလယ်ပိုင်းတွင် ညီအစ်ကိုချင်းသတ်သည့် သဘာဝကို ရီယတ်ဆိုး ကောင်းစွာ နားလည်သည်။

သမိုင်းစဉ်လာအရ အိုမာယတ် မင်းဆက်တို့ စိုးစံခဲ့သည့် မြို့တော်သည် အရှေ့အလယ်ပိုင်းတွင် တပ်မြို့နှင့်အတူဆုံး မြို့တော်တစ်ခု ဖြစ်သည်။ ဒမတ်စကတ်မြို့တွင် ဆီးရီးယား သံချပ်ကာကားများ စစ်ရေးပြသံ ဆူညံနေသည်။ ဂျမေးမာဒမ်၏ တောင်းပန်ချက်အရ ဆီးရီးယားပါလီမန်က စစ်ကြေညာရန် အသင့်ရှိနေသည်။ ထို့ပြင် ပါလက်စတိုင်းတွင် ဗြိတိသျှအုပ်ချုပ်ရေး မရုပ်သိမ်းမီ နှစ်နာရီအလိုတွင် နယ်ခြားလမ်းများကို ပိတ်ထားမည်ဟူ၍လည်း ကြေညာသည်။ ဆီးရီးယားတပ်မတော်တွင် စစ်သားသစ် ငါးထောင်တိုးလာမည်ဖြစ်ရာ သူတို့ကို ကျွေးမွေးရန်အတွက် ပါလီမန်က ဆီးရီးယားပေါင်ခြောက်သန်း သုံးခွင့်ပြုသည်။

အိုရီးယင့်ပဲလေ့ဟိုတယ်တွင် ဟတ်ချ်အာမင်ဟတ်ဆေနီသည် ကျည်ကာအင်္ကျီဝတ်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် လှုပ်ရှားသည်။ အာရပ်တပ်များကို ညွှန်ကြားအုပ်ချုပ်နေသူများနှင့် သူ့ပြိုင်ဘက် အက်ဘဒူလာဘုရင်တို့က ကြိုးကိုင်နေကြသည်ကို သူစိတ်မချမ်းသာ။ ပါလက်စတိုင်းတွင် အာရပ်နိုင်ငံ ထူထောင်ပြီး အစိုးရအဖြစ် သူ၏ အာရပ်ထိပ်သီးကော်မတီက အုပ်ချုပ်စေမည်ဟု ဟတ်ချ်အာမင်က စီစဉ်လျာထားသည်။ ယင်းကို ဘုရင် အက်ဘဒူလာက ဟန့်တားနိုင်ခဲ့သည်။ ထိုစီမံချက်အစား ပါလက်စတိုင်း၏ အာရပ်နယ်မြေများနှင့် ဂျူးနယ်မြေတို့ကို ပူးပေါင်းပြီး အာရပ်အုပ်ချုပ်မှုအောက်တွင် ထားမည်။

http://mmteashop.com



ဟတ်ချ်အာမင် စိတ်ဆိုးနေသည်။ သူ့ကျေးဇူးရှင်ဘုရင်ဖာရောက်ထံ သံကြိုးစာ တစ်စောင်ပေးပို့ပြီး အီဂျစ်က စစ်ကြေညာသဖြင့် ဝမ်းသာကြောင်း ပြောကြားသည်။ ထို့နောက် အယ်အာရစ်တွင် တပ်စွဲနေသော အီဂျစ်စစ်ဌာနချုပ်သို့ ဆက်သားတစ်ယောက် စေလွှတ်သည်။ သူ့တာဝန်မှာ အီဂျစ်စစ်သားများသည် ဂျော့ဒ်ပေးသည့် ပါလက်စတိုင်း မြေပုံလမ်းအတိုင်း ချီတက်ဖို့ နှိုးဆော်ရန်ပင် ဖြစ်သည်။ ထိုမြေပုံထဲက လမ်းသည် တယ်အဗစ်သို့ မရောက်၊ ဂျေရုဆလမ်သို့ ရောက်သည်။ ဟတ်ချ်အာမင်မှာ မတ်ဖတီ လုပ်ခဲ့သော မြို့တော်မှ ထွက်လာခဲ့သည်မှာ ဆယ့်နှစ်နှစ်ရှိပြီ။ ယခုမူ ဂျေရုဆလမ်သို့ သူ ပြန်ချင်သည်။ အကယ်၍ သူ့ပြိုင်ဘက် ဂျော်ဒန်ဘုရင် အက်ဘဒူလာက ဂျေရုဆလမ်ကို သိမ်းပိုက်လျှင် "အယ်အက်ဆာ" မြို့နန်းကို ပြန်လည်ရယူရန် သူ့ အခွင့်အလမ်းမှာ ဂျူးရန်သူများက ဂျေရုဆလမ်ကို သိမ်းပိုက်လျှင် အခွင့်အလမ်း နည်းသွားမည့်နည်းတူ နည်းသွားမည် ဖြစ်သည်။

အက်ကာဘာ ဆိပ်ကမ်းသည် နေရောင်ခြည်အောက်တွင် ပယ်လယ်ဆီသို့ ထိုးထွက်နေသည်။ ယခင်က ထိုဆိပ်ကမ်းတွင် တီအီးလောရင့်သည် လက်နက်များ သယ်လာပြီး ဟေဂျာဇီမီ ရထားလမ်းအတိုင်း ဒမတ်စကတ်သို့ ပို့ခဲ့သည်။ ယခု နောက်ထပ် စစ်ပွဲတစ်ခုအတွက် ခဲယမ်းမီးကျောက်များကို လော့ရင့်သင်္ဘောဆိပ်တွင် သင်္ဘောပေါ်မှ ချသည်။ ယင်းတို့မှာ ဖေဖော်ဝါရီလတွင် ဂွန်ဂလပ်ဝယ်ခဲ့သည့် လက်နက်ခဲယမ်း မီးကျောက်များ ဖြစ်သည်။

ယင်းတို့ကို သယ်ယူရန် လက်ဖတင်နင်ကလေး နီဂယ်ဘရွမ်မိတ်စောင့်နေသည်။ တစ်ဖန် နောက် လေးဆယ့်ရှစ်နာရီအတွင်း အလွန်အရေးကြီးသည့် ကုန်ပစ္စည်းများ နောက်ထပ် ရောက်လာဦးမည်။ ယင်းတို့မှာ အာရပ်လီးဂျင်း၏ အမြောက်တပ်အတွက် အမြောက်ကျည်ဆန် ထောင်ပေါင်းများစွာ ဖြစ်သည်။

သင်္ဘောနှစ်စင်းစာ ခဲယမ်းမီးကျောက်များသည် လာမည့်ဘေးကို ပြေးတွေ့ရန် အာရပ်လီးဂျင်းက ပြင်ဆင်ထားသည့် ကဏ္ဍတစ်ခု ဖြစ်သည်။ ဗြိတိသျှအစိုးရက ထရန်းစ် ဂျော်ဒန်အစိုးရအား ရက်သုံးဆယ် စစ်ပွဲတစ်ခုအတွက် ကျည်ဆန်အလုံအလောက် ပေးမည်ဟု တရားဝင်သဘောတူညီချက် ပြုလုပ်ထားသည်။ အာရပ်လီးဂျင်းသည် တရားမဝင်ဘဲ ခဲယမ်းမီးကျောက်များ အများအပြား နောက်ထပ်ရရန် ရှိသေးသည်။ လွန်ခဲ့သည့် ခြောက်ပတ်မှစကာ ဗြိတိသျှတို့သည် ကျည်ဆန်အပိုများကို ပင်လယ်ရေထဲ သို့ စွန့်ပစ်နေသည်။ ဂွန်ဂလပ်၏ အဆက်အသွယ်ကြောင့် ထိုကျည်ဆန်များသည် လီးဂျင်း၏ ထရပ်ကားများထဲသို့ ရောက်လာကြသည်။

လီးဂျင်းတပ်သည် အင်အား (၇၀၀၀၀) အထိ တိုးချဲ့ထားသည်။ ယင်းအနက် (၄၅၀၀) ကို ယန္တရားတပ်ရင်းလေးခုသို့ ခွဲဝေတာဝန်ချထားသည်။ လီးဂျင်းတပ်သားများ ဝတ်ဆင်သည့် ထင်ရှားသော အနီနှင့်အဖြူစင်း ခေါင်းဆောင်းပဝါသည် ထရန်းစ်ဂျော်ဒန်

http://mmteashop.com



သားတို့ တမြတ်တနိုး ပိုင်ဆိုင်လိုသည့် အဆင်တန်ဆာတစ်ခု ဖြစ်သည်။ အက်ဘဒူလာ၏ နိုင်ငံပိုင်နက်အတွင်း လှည့်လည်သွားလာနေထိုင်သော ဘင်နီဆာကာနှင့် ဟိုဝေတတ်မျိုးနွယ်ဝင်များ ဆင်မြန်းသည့် ဂုဏ်ထူးဆောင် အဆင်တန်ဆာတစ်ခု ဖြစ်သည်။ လီးဂျင်းတပ်ဖွဲ့ဝင်များသည် တင်းကျပ်သည့် စည်းကမ်းဘောင်အတွင်း လေ့ကျင့်ပြီး စစ်သားများဖြစ်သည်။ ဟာဂါနားတပ်ဖွဲ့ဝင်တို့က အာရပ်တပ်ဖွဲ့ဝင်များအနက် သံသယ အရှိဆုံးသော အင်အားစု ဖြစ်သည်။

ဗြိတိသျှလက်နက်များသည် သဲကန္တာရတိုက်ပွဲများတွင် များစွာ အသုံးဝင်သည်။ သံချပ်ကာကားပစ်သည့် ခြောက်ပေါင်အမြောက်များ၊ စစ်မြေပြင်သုံး (၂၅) ပေါင်ဒါ အမြောက်များ၊ သုံးလက်မစိန်ပြောင်းများနှင့် မာမွန်ဟာရင်တန် သံချပ်ကာကား ငါးဆယ်ပါသည့် တပ်ဖွဲ့တစ်ခုတို့ ဖြစ်သည်။ ယင်းတို့ကို ခေါင်းဆောင်ရန် မြန်မာပြည်၊ ကရိကျွန်း၊ အယ်အယ်လာမိန်းနှင့် ရှင်းလင်းစစ်မြေပြင်တို့တွင် တိုက်ခဲ့သည့် ဗြိတိသျှစစ်သားဟောင်းကြီးများကို ဂလပ် ရွေးချယ်စုဆောင်းထားသည်။

အမ်မမ်ညီလာခံက စစ်မျက်နှာ ခွဲဝေပေးသည်။ လီးဂျင်းတပ်ဖွဲ့က ဂျေရုဆလမ်မှ နေဘလု စစ်မျက်နှာတွင် အလယ်ပိုင်းကို တာဝန်ယူတိုက်ခိုက်ရမည်။ အီဂျစ်တို့က တောင်ဘက် ဘက်သယ်ဟမ်အထိ တာဝန်ယူရမည်။ ဆီးရီးယားနှင့် အီရတ်တို့ကမူ ဂယ်လီလီတွင် "သိုးခြံသို့ဝင်၍ အုပ်သည့် ဝံပုလွေ" လို တိုက်ခိုက်ရမည်ဟု ဂလပ်က ခပ်လှောင်လှောင် ပြောသည်။

ဂလပ်၏ ပထမဆုံး ဆောင်ရွက်ရမည့် တာဝန်မှာ အန်းနက်ဘီဇင်နှင့် ဘုရင်အက်ဘဒူလာ၏ ဝန်ကြီးချုပ် အဘိုဟိုဒါတို့ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ ယင်းကို ဟာဂါနားသို့ ကာနယ်ဟိုလ်ဒီ သွားရောက်စေ့စပ်စဉ်က အရိပ်အမြွက် တင်ပြခဲ့ပြီး ဖြစ်သည်။ ဂျော်ဒန်ကို ဖြတ်သန်းသည့်အခါ အာရပ်နိုင်ငံတို့အား တာဝန်ပေးထားသော နေရာအတွင်းမှာ နေရမည်ဟု ဗြိတိသျှအရာရှိများကို ဂလပ် တင်းတင်းကျပ်ကျပ် အမိန့်ပေးထားပြီး ဖြစ်သည်။

နည်းဗျူဟာကို ဂလပ် ဆင်ခြင်သည်။ ဟိုက်ဖာ၏ အရှေ့ဘက်မှ တောင်ဘက်ဘီယာရှီဘာအထိ တောင်တန်းကြီးတစ်ခု ကာဆီးနေသည်။ ဟိုးရှေးပဝေသဏီကပင် ထိုတောင်တန်းကြီး တည်ရှိနေခဲ့သည်။ ထိုတောင်တန်းသည် ပါလက်စတိုင်း အတွင်းပိုင်းသို့ ပင်လယ်ဘက်မှ သွားရာတွင် အလွန်ကြီးမားသည့် အတားအဆီးကြီးတစ်ခု ဖြစ်သည်။ ဂလပ်၏ ရည်ရွယ်ချက်မှာ "စစ်ပွဲတစ်ခု တိုက်လေဟန်ဆောင်ခြင်း" ဖြစ်လေရာ သူ့တပ်များကို ထိုတောင်တန်းတစ်လျှောက်တွင် လှုပ်ရှားစေမည်။ တစ်နေရာမှ တစ်နေရာသို့ ဖျတ်ခနဲ ခုန်ကူးမည်။ ယင်းသို့ လှုပ်ရှားခြင်းဖြင့် တောင်ကြားလမ်းများကို ဖြတ်ရန် ကြိုးစားသည့် မည်သည့် ဂျူးတို့ကိုမဆို ပိတ်ဆို့တားဆီးရန်ပင် ဖြစ်သည်။

ဂလပ်၏ စီမံချက်များတွင် ဂျေရုဆလမ်ကို အလေးမထားပေ။ ဂျေရုဆလမ်ကို

http://mmteashop.com



ဂလပ် နှစ်နှစ်ကာကာ ချစ်ခင်နှစ်သက်ခြင်း မရှိ။ သူ့လီးဂျင်းမှ အာရပ်များသည် သဲကန္တာရတွင် နေထိုင်သူများ ဖြစ်သည်။ အာရပ်လီးဂျင်းကို ဂျေရုဆလမ်နှင့် ဝေးဝေးထားရန် သူ ဆုံးဖြတ်ထားသည်။ ဂျေရုဆလမ်မြို့တွင်း ဝင်တိုက်လျှင် သူ့လူများ၏ လက်နက်ကြီး စွမ်းအားသည် တစ်အိမ်ဝင်တစ်အိမ်ထွက် တိုက်ရင်း ပြုန်းတီးသွားလိမ့်မည်။ ဂျူးများသည် မြို့သားများဖြစ်ပြီး မြို့တွင်းတိုက်ပွဲများတွင် သူ၏ ဘီဒိုအင်းမျိုးနွယ်စုများထက် ပို၍ ကျွမ်းကျင်သည်။ ဂျေရုဆလမ်ကို သိမ်းပိုက်ရန် တပ်သားနှစ်ထောင်လိုသည်။ ယင်းမှာ သူ့အင်အား၏တစ်ဝက် ဖြစ်သည်။ တစ်ဖန် သူမဟာမိတ်ဖွဲ့ထားသည့် ဗြိတိန်သည် ဂျေရုဆလမ်ကို ကုလသမဂ္ဂ အုပ်ချုပ်မှုအောက်ထားရန် ဆန္ဒရှိနေသည်။ ထရန်းစ်ဂျော်ဒန်သည် အန်းနက်ဘီဗင်နှင့် လျှို့ဝှက်သဘောတူညီချက်တစ်ခုရှိခဲ့သည်။ ဂလပ်အဖို့ သူ့တပ်များ ဂျေရုဆလမ်မြို့ရိုးတွင်းသို့ ထိုးဖောက်ပြီဆိုလျှင်ပင် ဘီဗင်နှင့် ထရန်းစ်ဂျော်ဒန်တို့၏ အစီအစဉ် ပျက်ပြားသွားနိုင်သည်။

ဂွန်ဂလပ်က သူ့လီးဂျင်းတပ်များကို စစ်ပွဲတစ်ခု တိုက်လေဟန်ဆောင်ရန် ဆုံးဖြတ်သည်ကို နောက်ပိုင်းတွင် မကျေနပ် ကန့်ကွက်ကြသူများပေါ်လာသည်။ ကိုင်ရိုလူထု၊ ဘက်ဂဒက်လူထုနှင့် ဒမတ်စကတ်လူထုတို့ပြင် အမ်မမ်ဈေးလူထုတို့က ဟန်ဆောင်စစ်ပွဲ မဟုတ်ဘဲ တကယ့်စစ်ပွဲတစ်ခု ဆင်နွှဲရန် ဆန္ဒပြကြသည်။

ပါလက်စတိုင်းမှ အမ်မမ်ကို ပြေးလာကြသည့် အာရပ်များက ရင်နင့်ဖွယ်ဖြစ်ရပ်များကို ပြောပြသည်။ လက်နက်ရှာသူ၊ ကျည်ဆန်ရှာသူတွေ ခြေချင်းလိမ်နေသည်။ အမ်မမ်သို့ ရောက်လာသူများတွင် ဂျေရုဆလမ်ခေါင်းဆောင်များ၏ ကိုယ်စားလှယ် အဖွဲ့ တစ်ခုလည်း ပါသည်။ သူတို့သည် မာနကိုမျိုသိပ်ကာ ဘုရင် အက်ဘဒူလာ နန်းတော်သို့ ဝင်ရောက်ခစားကာ လက်နက်တောင်းကြသည်။ သူတို့ကား မက်ဖတီ၏ နောက်လိုက်များ ဖြစ်သည်။ ဂျေရုဆလမ် ရန်သူလက်ကျမည်ဆိုလျှင် အာရပ်တို့အဖို့ အဆုံးရှုံးကြီး ဆုံးရှုံးခြင်း ဖြစ်ကြောင်း လျှောက်သည်။

ဂျော်ဒန်ဘုရင်ကလေးသည် သူတို့စကားကို မသက်မသာ နားထောင်သည်။ ဂျေရုဆလမ် အရေးကြီးကြောင်း သူ့ကိုသတိပေးစရာမလို။ သို့သော်လည်း သူ့ထံရောက်လာကြသူတို့ကို မနှစ်မြို့သည့် အမူအရာမပြဘဲ မနေနိုင်။ မျိုသိပ်ရခက်သည်။ မတ်ဖတီ၏ အာရပ်ထိပ်တန်း ကော်မတီအဖွဲ့ဝင် ငွေထိန်းအား "ခင်ဗျားဟာ မတ်ဖတီရဲ့ ရာဇဝတ်ကောင်တွေအတွက် ငွေကောက်ခံပေးလေ့ရှိတဲ့လူပဲ၊ အခုကျွန်တော့်ဆီလာပြီး ပိုက်ဆံတောင်းပြန်ပြီ၊ ခင်ဗျား အတော်ရဲတင်းတယ်" ဟု ပြောသည်။

ဧည့်သည်များ တစ်ယောက်တစ်ပေါက်ပြောကြသည်။ သူတို့တွင် လက်နက်မရှိတော့ကြောင်း၊ ကျည်ဆန်မရှိတော့ကြောင်း၊ ထောက်ပံ့မည့်သူ လိုနေကြောင်း ပြောကြသည်။ "ကျည်ဆန်တွေ မရှိတော့ဘူးခင်ဗျ၊ မြို့တော်ကို ကာကွယ်ဖို့ ခဲနဲ့ပစ်ရမလို ဖြစ်နေပြီ" ဟု ဆိုသည်။

http://mmteashop.com



"ဒါဖြင့် ခဲနဲ့ပစ်ပြီး အသေခံကြပေါ့" ဘုရင်ကလေးက အေးစက်စက် ပြန်ပြောသည်။

ထိုနေ့ ညနေပိုင်းတွင် ဗြိတိသျှ သံအမတ် ဆာအလက်ကတ်ဘရိုက်၏ အိမ်ဘေး တံခါးပေါက်သို့ ကားတစ်စီး ထိုးရပ်သည်။ သံအမတ်ကြီးအား အမ်မမ်မြို့ပြင်ဘက် အိမ်တစ်အိမ်တွင် ဆွေးနွေးရန် လာရောက်ခေါ်ဆောင်ခြင်း ဖြစ်သည်။ သူတို့ အာရပ်အဖွဲ့ ချုပ်၏ အတွင်းရေးမှူးချုပ် အက်ဇမ်ပါရှား စောင့်နေသည်။

ယခု ကြုံရမည့်စစ်ပွဲတွင် စူးအက်တူးမြောင်းဒေသ၌ အီဂျစ်တို့ သွားလာလှုပ်ရှား ကြသည်ကို ဗြိတိသျှတပ်မတော်က မနှောင့်ယှက်ပါဟူသော ကတိကို အက်ဇမ်လိုချင် သည်။ ထိုသို့ သဘောတူရန်မှာ ဗြိတိသျှအစိုးရ၏ ပေါ်လစီနှင့် မညီမညွတ် ဖြစ်မည် ထင်သည်ဟု ကတ်ဘရိုက်က ပြောသည်။ တရားဝင်အဖြေရရန် လန်ဒန်သို့ မေးကြည့် မည်။ သို့သော်လည်း ဗြိတိသျှတပ်များက ဝင်ရောက်တားဆီးမည်ဟု ရှင်းရှင်းပြတ်ပြတ် ပြောမည်မဟုတ်။ သို့ဖြစ်ရာ ထိုကိစ္စနှင့်ပတ်သက်၍ သူ့အဖြေမှာ ဘာမျှမပြောနိုင်ဟု ဆာအလက်ကတ်ဘရိုက်က ပြောသည်။

အာရပ်ခေါင်းဆောင်ကို လိုချင်သည့်အဖြေ မပေးနိုင်သော်လည်း ယင်းစကား များမှာ ဗြိတိသျှပေါ်လစီကို အကောင်းဆုံး ထင်ဟပ်ချက်များ ဖြစ်သည်။ အာရပ်တို့ စစ်ပြိုင်ရန် ဆုံးဖြတ်သည်ကို ဗြိတိသျှနိုင်ငံခြားရေးရုံးက လုံးလုံး သဘောမကျ မဖြစ်။ ဖြစ်ရပ်များမှာ နိုင်ငံခြားရေးရုံးမှ မျှော်လင့်ထားသည့်အတိုင်း အကောင်အထည် ပေါ်လာ သည်ထင်ရသည်။ ဖြစ်လာမည့်စစ်ပွဲသည် "အလွန်တိုတောင်းမည်၊ ကုလသမဂ္ဂက ချက်ချင်းဝင်၍ တားဆီးထိန်းသိမ်းမည်ဖြစ်သည်" ဟု ဗြိတိသျှ နိုင်ငံခြားရေးရုံးက ခန့်မှန်း သည်။

တကယ်တော့ အန်းနက်ဘီဗင်က အာရပ်မိတ်ဆွေတစ်ယောက်အား နှစ်ယောက် ချင်းတွေ့သည့်အခါ "စစ်တိုက်ရင်လည်း နှစ်ပတ်အတွင်း ပြတ်အောင်တိုက်၊ နှစ်ပတ်အထိ တော့ ကျွန်တော်တို့ ကူညီနိုင်မယ်ထင်တယ်၊ သည့်နောက်တော့ သံတမန်နည်းနဲ့ပဲ ကျွန်တော်တို့ ကူညီနိုင်မယ်" ဟု သတိပေးစကားပြောခဲ့သည်။

"စစ်ပွဲတွင် အာရပ်တို့ ကျေနပ်စရာ ကောင်းလောက်အောင် အောင်ပွဲရနိုင်သည်" ဟု ဘီဗင်နှင့် သူ့ရဲဘော်များ ကြို၍ မြင်သည်။

အမ်မမ်မြို့မှ ဗြိတိသျှသံအမတ်သည် အတော်လေး ပွင့်လင်းသည်။ နောင်နှစ် ပေါင်း နှစ်ဆယ်ကြာသည့်တိုင် ဆာအလတ်ကတ်ဘရိုက်က "ကျွန်တော်တို့က အာရပ် တွေကို အလံစိမ်းသွားပြတာပဲ" ဟုပြောသည်။

အမ်မမ်မြို့မြောက်ဘက် ခုနစ်ဆယ့်ငါးမိုင်တွင် ကားအနက်တစ်စီးသည် အာရပ် လီးဂျင်း ကင်းစခန်း၌ ထိုးရပ်သည်။ အစောင့်သည် ကားထဲတွင် နောက်ခန်း၌ ထိုင်နေ သော ဇာပဝါနက်ဖြင့် မျက်နှာကိုဖုံးထားသည့် ကိုယ်လုံးကိုယ်ထည်ကြီးကြီး အမျိုးသမီးကြီး ကို စူးစိုက်ကြည့်သည်။ သူ့ဘေးတွင် အက်စထရာကနိဦးထုပ်ဆောင်းထားသည့် ခပ်ဝဝ

http://mmteashop.com



ယောက်ကျားတစ်ယောက် ထိုင်နေသည်။ ဒရိုင်ဘာက အစောင့်ဆီသို့ ကိုယ်ကိုယိမ်းကာ စကားတစ်ခွန်း တိုးတိုးပြောသည်။ "ဇာဘာတီ"။ ယင်းမှာ လျှို့ဝှက်စကား မဟုတ်။ ဒရိုင်ဘာ၏ နာမည်ဖြစ်သည်။ ဒရိုင်ဘာမှာ စာတတ်သည့် အီရတ်ကာဒ်လူမျိုး တစ်ယောက် ဖြစ်ပြီး ဘုရင်အက်ဘဒူလာ၏ သစ္စာအရှိဆုံး တပည့်တစ်ယောက် ဖြစ်သည်။ အစောင့်က အလေးပြုကာ ကားကိုဆက်၍မောင်းရန် လက်ပြသည်။

အမ်မမ်သို့သွားသည့် သုံးနာရီခရီးအတွင်း ဆယ်ကြိမ်ရပ်ပြီး အစစ်ဆေးခံရသည်။ တစ်ကြိမ်စစ်ဆေးခံတိုင်း ဇာဘာတီက သူ့နာမည်ကို တိုးတိုးပြောကာ ရှေ့ဆက်မောင်းသည်။ ဂျော်ဒန်မြစ်ဆီသို့ လာနေကြသော အာရပ်လီးဂျင်း၏ သံချပ်ကာကားများ ရိပ်ခနဲ ဖြတ်သွားလျှင် အမျိုးသမီးကြီး၏ မျက်လုံးများသည် ကားနောက်သို့ လိုက်ကြည့်သွားသည်။ အမ်မမ်ရောက်လျှင် လေဆိပ်သွားသည့် လမ်းအထက်က ကျောက်တုံးအိမ် တစ်ခုသို့ တိုက်ရိုက်မောင်းသွားသည်။ ထိုအိမ်သည် ဘုရင့်နန်းတော်နှင့် သဲချောင်းတစ်ခု ခြားသည်။ သူတို့ကို ကျောက်တုံးနက် မီးဖိုကြီးတစ်ခုရှိသည့် အစိမ်းရောင် အခန်းတစ်ခု ထဲသို့ ဧည့်ကြိုက ခေါ်သွားသည်။ ဧည့်ဝတ်ပြုသည့် လက်ဖက်ရည်တစ်ကျိုက်သောက်စဉ် တံခါးဝတွင် သူတို့တွေ့ချင်သည့် အားနည်းသော ပုဂ္ဂိုလ်တစ်ယောက်၏ အရိပ်ပေါ် လာသည်။ အမျိုးသမီးကြီး ထိုင်ရာမှထကာ ထရန်းစ်ဂျော်ဒန်ဘုရင်အား နှုတ်ခွန်းဆက် စကားတစ်ခွန်းဆိုသည်။

"ရှလုမ်"

ဂိုလ်ဒါမေယာသည် အသက်စွန့်ကာ ဘီဒိုအင်းကေရာဇ်နှင့် ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် စကားပြောရန် ရောက်လာခဲ့ခြင်း ဖြစ်သည်။ ဟီဘရူးလို "ရှလုမ်"ဟု နှုတ်ဆက်လျှင် ဘုရင်အက်ဘဒူလာက အာရေဗီလို "ဆလမ်" ဟု ပြန်ကြားသည်။ သူမကို ဒေးဗစ်ဘင်ဂူရီယန်က လွှတ်လိုက်ခြင်း ဖြစ်သည်။ အာရပ်လီးဂျင်းသည် ဆိုက်ရောက် လာမည့် စစ်ပွဲတွင် မပါဘဲနေရန် ကတိစကားတစ်ခုကို ဂိုလ်ဒါမေယာ လိုချင်သည်။

ဂိုလ်ဒါမေယာ တွေ့ရသည့်ပုဂ္ဂိုလ်မှာ ဝမ်းနည်းကြေကွဲပြီး စိတ်နှလုံး ချောက်ချား နေသော ဘုရင်တစ်ပါး ဖြစ်နေသည်။ သူ့တိုင်းသူပြည်သားများက စစ်ပြိုင်ရန် ဟစ်ကြွေး တောင်းဆိုနေကြသည်။ ပြည်သူကို သူ မလွန်ဆန်နိုင်။ ညီနောင်အာရပ်နိုင်ငံများက သူ့ကို သူတို့အကြံအစည်ထဲ အတင်းဆွဲသွင်းသည့်အခါ သူ့မှာဆန္ဒရှိတိုင်း မဆောင်ရွက်နိုင်။ သို့တိုင်အောင် အက်ဘဒူလာ စိတ်မလျှော့။ သူ၏သမားတော်ဆက်သား ဒေါက်တာ အယ်ဆာတီမှတစ်ဆင့် ဂျူးခေါင်းဆောင်များထံသို့ သတင်းစကားတစ်ခုပါးလိုက်သည်။ သူ့ကို အခွင့်အရေးတစ်ခု ပေးပါ။ ထိုအခါ အာရပ်ခေါင်းဆောင်များနှင့် ဆွေးနွေးပြီး စစ်အစား ငြိမ်းချမ်းရေးကို သူရအောင် ဆောင်ရွက်ပါမည်ဟု သတင်းစကားပါးလိုက်ခြင်း ဖြစ်သည်။

http://mmteashop.com



သူပါးလိုက်သည့် သတင်းစကားကြောင့် ဂိုလ်ဒါမေယာရောက်လာခြင်း ဖြစ်သည်။ ရန်သူဝိုင်းထားသော ဂျေရုဆလမ်မှ လေယာဉ်စီးကာ ဂိုလ်ဒါ ခရီးထွက်ခဲ့သည်။ ဟိုက်ဖာတွင် အကျီချုပ်ဆိုင်တစ်ခုက သူ့အတွက် အာရပ်အဝတ်အနက် ခပ်မြန်မြန်ချုပ်ပေးလိုက်သည်။ အာရပ်အသွင်ဆောင်ကာ သူ ခရီးထွက်ခဲ့သည်။

ယခုအခါ အမ်မမ်တွင် တမန်တော်မှ တိုက်ရိုက်ဆင်းသက်သည့် သဲကန္တာရ ဘုရင်တစ်ပါးနှင့် ကီမြို့မှ လက်သမားတစ်ယောက်၏ သမီးတို့ ဆုံတွေ့ကြပြီး စစ်တစ်ခု ရှောင်ရှားရန် အဖြေရှာကြသည်။

ဘုရင်အက်ဘဒူလာက သူတောင်းဆိုသည့် အခွင့်အရေးကို ထပ်မံရှင်းပြသည်။ "ဂျူးနိုင်ငံ ထူထောင်သည်ကို မကြေညာသေးဘဲ ရွှေ့ဆိုင်းထားပါ။ ဂျူးတို့ သူတို့နေသည့် ဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးထူထောင်ပြီး ပါလက်စတိုင်းနိုင်ငံကို ညီညွတ်အောင် တည်ဆောက်ပါ။ အာရပ်ကိုယ်စားလှယ်နှင့် ဂျူးကိုယ်စားလှယ်တို့ အညီအမျှပါသည့် ပါလီမန်တစ်ခုထူထောင်ပြီး ဘယ်လမ်းဘယ်စခန်းသွားကြမည်ကို စဉ်းစားဆွေးနွေးကြပါ။ ငြိမ်းချမ်းရေးကို သူလိုချင်ပါသည်။ သူ့အဆိုပြုချက်များကို လက်မခံပါဟုဆိုလျှင် စစ်တစ်ခု မရှောင်သာဘဲ ဖြစ်ကြရတော့မည်"ဟု ဧည့်သည်တော်အား ပြောပြသည်။

"ထိုအဆိုပြုချက်များကို လက်မခံနိုင်ပါ" ဟု ဂိုလ်ဒါက ဘုရင်အက်ဘဒူလာအား ပြောပြသည်။ ပါလက်စတိုင်းနိုင်ငံတွင် နေထိုင်လျက်ရှိသော ဂျူးလူမျိုးတို့သည် အာရပ်အိမ်နီးချင်းနိုင်ငံတို့နှင့် ငြိမ်းချမ်းစွာ ရပ်တည်လိုပါသည်။ သို့သော်လည်း သူတို့ပိုင်မြေကို စွန့်လွှတ်ပြီးမှ ရယူသည့် ငြိမ်းချမ်းရေးမျိုးကို မလိုချင်ပါ။ သို့ပြားလည်း ငြိမ်းချမ်းရေး တည်ရှိနေမည်ဆိုလျှင် ကုလသမဂ္ဂသတ်မှတ်သည့် နယ်နိမိတ်များကို ဂျူးအေဂျင်စီက လက်ခံရန် အသင့်ရှိသည်။ သို့မဟုတ်ဘဲ စစ်ပြိုင်ရတော့မည်ဆိုလျှင် သူ့လူမျိုးများသည် အင်အားရှိသမျှ တိုက်မည်။ ပြီးတော့ သူတို့အင်အားသည်လည်း လွန်ခဲ့သည့်လများ အတွင်း အတိုင်းအဆမရှိ တိုးပွားလာသည်ဟု ဘုရင်ကလေးအား ပြောပြသည်။

"ဂျူးတို့သည် ရန်သူဟူသမျှကို တွန်းလှန်မည်ဆိုသည်ကို ယုံကြည်ပါသည်။ သို့သော်လည်း သူတို့ နောက်ဆုံးတွေ့ကြပြီးနောက် အခြေအနေများ ပြောင်းလဲလာသည်" ဟု အက်ဘဒူလာက ဆိုသည်။

ဂိုလ်ဒါနှင့်အတူ ပါလာသူမှာ အလွန်ထက်မြက်သည့် အရှေ့တိုင်းပါရဂူ တစ်ယောက်ဖြစ်သည့် အက်ဇရာဒါနင် ဖြစ်သည်။ သူက ဂျူးတို့သာလျှင် ဘုရင်မင်းမြတ်၏ တကယ့်မိတ်ဆွေစစ်များ ဖြစ်သည်ဟု ပရိယာယ်ကြွယ်ကြွယ် ပြောပြသည်။

အက်ဘဒူလာက ယခုလို ပြန်ကြားသည်။ "ကျွန်တော်သိပါတယ်၊ ကျွန်တော့် အမြင် ကြည်လင်ပါတယ်၊ ခင်ဗျားတို့ကို အလာဟူ ဘုရားသခင်က ဒီမြေကို ပြန်ခေါ်တယ်၊ အားသစ်တွေပေးတယ်၊ ဥရောပကို ထွက်ပြေးကြရတဲ့ ဆီးမိုက်နွယ်တွေ အခု အရှေ့ဆီးမိုက်ကို ပြန်လာပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်တယ်၊ အရှေ့ဆီးမိုက်က

http://mmteashop.com



ခင်ဗျားတို့ရဲ့ ပညာနဲ့ တီထွင်ဉာဏ်တွေကို လိုချင်နေပါတယ်၊ ဒါပေမယ့် အခြေအနေက မလွယ်ဘူး" ဟုဆိုသည်။ ထို့နောက် "သည်းခံပြီးစောင့်ပါ" ဟု တိုက်တွန်းသည်။

"ဂျူးလူမျိုးတို့သည် နှစ်ပေါင်းနှစ်ထောင် သည်းခံပြီး စောင့်ခဲ့ပါသည်။ ဂျူးနိုင်ငံသစ်သည် လက်တစ်ကမ်းသာလိုတော့သည်။ မရှေ့ဆိုင်းနိုင်။ နှစ်ဖက်အကြား နားလည်မှု မရနိုင်ဘဲ ဘုရင်မင်းမြတ်က စစ်ပြိုင်လိုသည်ဆိုလျှင် ကျွန်ုပ်မ စိတ်မကောင်းပါဘူး၊ စစ်ရေးနဲ့ပဲ ဖြေရှင်း ရတော့မှာပဲ" ဟု ဂိုလ်ဒါ ပြောပြသည်။ စစ်ဖြစ်လျှင် မိမိတို့နိုင်မည်။ထို့နောက် စစ်ပြီးလျှင် အချုပ်အခြာအာဏာပိုင် နိုင်ငံနှစ်ခု၏ ကိုယ်စားလှယ်များအဖြစ် ပြန်လည်တွေ့ဆုံကြမည်ဟူ၍ ဂိုလ်ဒါ ပြောပြသည်။

ဆွေးနွေးပွဲ၏ အထွတ်အထိပ် အချိန်တစ်ခုသို့ ရောက်လာသည်။ အက်ဘဒူက သူ၏ တကယ့်ရည်ရွယ်ချက်များကို ဧည့်သည်များအား ပြောပြမည်ဆိုလျှင် သူတို့သည် တစ်စုံတစ်ခုတွင် သဘောတူညီမှု ရနိုင်စရာအကြောင်း ရှိသည်။ သူ့ရည်ရွယ်ချက်ကို မပြော။ သူသည် မာနရှိသည့် ဘုရင်ကလေး ဖြစ်သည်။ သူပြောချင်သည့် စကားကို ရင်ထဲတွင် သိမ်းထားကာ သေသည်အထိ သင်္ချိုင်းသို့ ယူသွားမည့်သူ ဖြစ်သည်။ မေလ တစ်ညတွင် ယခုဇာတ်လမ်း စခဲ့သည်။ ထိုစဉ်က သူလျှောက်လှမ်းရန် ရွေးချယ်ခဲ့သည့် လမ်းမှာ အန္တရာယ်ထူပြောသည့်လမ်း ဖြစ်သည်။ သူ့အစီအစဉ်များကို အာရပ်မဟုတ်သည့် လူတစ်စုသို့သာ ပြောကြားခဲ့သည်။ ထိုပုဂ္ဂိုလ်တို့မှာ ဂျွန်ဂလပ်နှင့် သူ၏ အာရပ် လီးဂျင်းမှ ဗြိတိသျှအရာရှိများ ဖြစ်သည်။ ဧည့်သည်များအား "ကျွန်တော် ဝမ်းနည်းပါတယ်၊ လူတွေ သေကျေမယ်၊ သွေးမြေကျမယ်၊ အဲဒီအတွက် စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့ ထပ်မံတွေ့ဆုံနိုင်မယ် မျှော်လင့်ပါတယ်၊ အဆက်အသွယ် ပြတ်မသွားဖို့ မျှော်လင့်ပါတယ်" ဟု ပြောပြသည်။

အာရပ်နှင့်ဂျူးတို့ ပထမဆုံးအကြိမ် ရင်ဆိုင်တိုက်ခိုက်ကြမည်ကို တားဆီးရန် ကြိုးစားသည့် ဆွေးနွေးပွဲတစ်ခု ပြီးဆုံးသွားသည်။ ပြန်လည်မထွက်ခွာမီ ဂိုလ်ဒါမေယာက သူနှင့်အတူလိုက်ပါလာသည့် ဒါနင်အား "ဂျူးတစ်ယောက်ရဲ့အသက်ကို ကယ်နိုင်မယ့် နည်းလမ်းရှိမယ်ဆိုရင် ကျွန်ုပ်မ ငရဲပြည်ကို သွားရဲပါတယ်"ဟု ပြောသည်။ ထို့နောက် ဝမ်းနည်းစွာပင် ထိုင်ရာမှထသည်။ ထိုညက မည်သည့် အသက်တစ်ချောင်းကိုမျှ မကယ်တင်နိုင်ခဲ့ဟု သတိထားမိသည်။

တံခါးဝတွင် အက်ဘဒူဆီသို့ ဒါနင် လှည့်ကြည့်သည်။ သူတို့နှစ်ယောက် မိတ်ဆွေဖြစ်ခဲ့ကြသည်မှာကြာပြီ "ဘုရင်မင်းမြတ် ဗလီကို ဘုရားဝတ်ပြုဖို့ သွားတဲ့အခါ လူတွေ ခင်ဗျားဆီလာပြီး ခင်ဗျားဝတ်ရုံကို နမ်းရှုပ်ကြလိမ့်မယ်၊ တစ်နေ့မှာ လူတစ်ယောက်က အဲဒီကို ပြေးလာပြီး ခင်ဗျားကို ပစ်သတ်လိမ့်မယ်" ဟု ဒါနင်ပြောသည်။

"ချစ်တဲ့မိတ်ဆွေကြီး၊ ကျွန်တော်ဟာ လွတ်လပ်တဲ့ လူတစ်ယောက်အဖြစ် မွေးလာခဲ့တယ်၊ ပြီးတော့ ကျွန်တော်ဟာ ဘီဒိုအင်းသဲကန္တာရသားတစ်ယောက် ဖြစ်တယ်၊

http://mmteashop.com



ကျွန်တော့်အစောင့်တွေရဲ့ အကျဉ်းသားဖြစ်လာဖို့ ကျွန်တော့်အဖေလမ်းကို ကျောခိုင်းပြီး မလျှောက်နိုင်ဘူး" ဟု အက်ဘာဒူလာက ပြန်ကြားသည်။

သုံးဦးသား လက်ဆွဲနှုတ်ဆက်ကြသည်။ ဘုရင်ကလေးသည် ဝတ်ရုံဖြူနှင့် ခေါင်းဆောင်းကို ဝတ်ဆင်ကာ လှေကားထစ်ပေါ်တွင်ရပ်ရင်း ဖြည်းဖြည်းလက်ဝှေ့ယမ်းနှုတ်ဆက်သည်ကို နောက်ဆုံးမြင်ကွင်းအဖြစ် ဒါနင်နှင့် ဂိုလ်ဒါတို့ မြင်ကြရသည်။

၀၀၀

http://mmteashop.com



## အပိုင်း (၂၈)

## တစ်မဲအသာဖြင့်

ကဖာအက်ဇီယွန် စခန်းသစ်၏ အမှောင်ထုကို ဖောက်ထွင်းကာ အကော်ဒီယန်နှင့် သီချင်းသံများ ပေါ်ထွက်လာသည်။ ဂီတသံမှာ တစ်ခါတစ်ရံ လွမ်းဆွတ်ဖွယ်ကောင်းသည်။ တစ်ခါတစ်ရံ ဒေါသသံ ပေါ်လွင်လာသည်။ ဗီယင်နာကဗျာဆရာ ဇဗီဘင်ဂျိုးဇက်သည် သူ့သီချင်းတစ်ပုဒ်ကို အကော်ဒီယန်ဖြင့်တီးကာ သူ့ပတ်လည်က လူငယ်များကို သီဆိုဖျော်ဖြေနေသည်။ "ငါတာဝန်မကျေရင် ရဲဘော်ရယ် ငါ့သေနတ်ကိုယူပြီး ငါ့ကို လက်စားချေပါလား" ဟာဂါနားတပ်ဖွဲ့မှ ငယ်ရွယ်သူ ယောကျာ်းလေးများ မိန်းကလေးများသည် သံပြိုင်ပိုဒ်ကို တိုးတိုးလိုက်၍ စိတ်ပါလက်ပါ သီဆိုကြသည်။

နေဘီဒင်နီယယ်တွင် မြို့သစ်သို့ ပစ္စည်းပို့လာသည့် ကွန်ဗွိုင်းအတိုက်ခံရပြီးနောက် ခြောက်ပတ်အတွင်းတွင် အဖြစ်အပျက်တွေက တစ်ပုံတစ်ပင်။ ဧပြီ (၁၂) တွင် မြို့သစ်တွင် နေထိုင်သူတို့အား စစ်ရေးတာဝန်တစ်ခုပေးသည်။ ယင်းမှာ ဂျေရုဆလမ် နှင့် ဟီဘရွန် အကြား သွားလာနေသည့် အာရပ်များကို အနှောင့်အယှက်ပေးရန် ဖြစ်သည်။ ထို့နောက် ဧပြီ(၃၀)တွင် မြို့သစ်နေသူများ အမိန့်တစ်ခု ထပ်မံရရှိသည်။ ပါလမက်က အာရပ်တို့ နေထိုင်သည့် ကာတာမွန်ရပ်ကွက်ကို တိုက်မည်။ ထိုအခိုက် ဂျေရုဆလမ်တောင်ပိုင်း အခြေစိုက်စခန်းများတွင် နေထိုင်သူတို့က မော်တော်ကားလမ်းကို ပိတ်ဆို့ရမည်။ သို့မှသာ ဟီဘရွန်သို့ အာရပ်စစ်ကူများ ရောက်မလာနိုင်မည် ဖြစ်သည်။

"ဂျေရုဆလမ် ထာဝရတည်တံ့ရေး"အတွက် တာဝန်ယူရမည်ဟု အလွန်အန္တရာယ်များသည့်အလုပ်ကို ကဖာအက်ဇီယွန်၏ တပ်မှူး မိုရှေဆီလဘာရှမစ်က သူ့လူများအား တာဝန်ပေးသည်။ ဆီလဘာရှမစ်မှာ နာဇီအကျဉ်းစခန်းတွင် နှစ်ပေါင်းများစွာ နေခဲ့ရသူဖြစ်သည်။ သူ့လူများသည် ပေးသည့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သည်။ လမ်းပိတ်ဆို့ရန် အတားအဆီးများချထားသည်။ တယ်လီဖုန်း အဆက်အသွယ်များကိုဖြတ်သည်။ ကားများကို ချုံခိုတိုက်ခိုက်သည်။ အာရပ်တို့မှာ မတုံ့ပြန်ဘဲ မနေနိုင်။ မေ(၄)ရက်နေ့ အရုဏ်တက်တွင် ပါလက်စတိုင်းမြေပေါ်တွင် ပထမဆုံးအကြိမ် ယူနီဖောင်းဝတ် အမြဲတမ်းစစ်တပ်ကြီးတစ်တပ် သံချပ်ကာကားများကို အကာအကွယ်ယူကာ ချီတက်လာသည်ကို

http://mmteashop.com



ဂျူးစစ်သားများ မြင်ရသည်။ သေနင်္ဂဗျူဟာအရ အရေးကြီးသည့် နေရာဒေသတွင် အခြေစိုက်နေသည့် ဂျူးစခန်းများကို မေ(၁၄) မတိုင်မီ ချေမှုန်း သုတ်သင်ရှင်းလင်းရန် အာရပ်လီးဂျင်က ထိုးစစ်ဆင်ခြင်း ဖြစ်သည်။

မြို့သစ်မှ ပါလမက်တပ်ဖွဲ့ဝင်များသည် ဂျေရုဆလမ် ဟီဘရွန်လမ်းတစ်လျှောက်ရှိ ရှရှားတို့စွန့်ခွာသွားသည့် အော်သိုဒေါက်ဘုန်းကြီးကျောင်းတွင် ရှေ့တန်းစစ်မျက်နှာတစ်ခု ဖွင့်ကာ ကင်းစခန်းများ ချထားသည်။ ထိုရှေ့တန်းစစ်မျက်နှာသို့ သံချပ်ကာကားတပ်နှစ်တပ် ချီတက်လာပြီး အနီးကပ်ပစ်ခတ်ချေမှုန်းသည်။ ထို့နောက် အာရပ်ရွာသားများ ရာချီလိုက်ပါလာသည့် လီးဂျင်တပ်၏ ဘီဒိုအင်းခြေလျင်တပ်ရင်းက ဝင်ရောက်တိုက်ခိုက်သည်။ ဘုန်းကြီးကျောင်းကို ခြေကုပ်ယူထားသည့် ဂျူးစစ်သားများ မြို့သစ်စခန်းသို့ ဆုတ်ပြေးရသည်။

ခပ်မြန်မြန် လက်ရေးအသေ့ာနှင့်ရေးထားသည့် စာတစ်စောင်ကြောင့် ဂျူးကိုလိုနီကို ထိုနေ့တွင် ဆက်၍မတိုက်ရန် အကြောင်းဆိုက်လာသည်။ ဟီဘရွန်လမ်းကို ဂလပ်ပါရှား ပြန်၍ဖွင့်ချင်သည်။ တိုက်ပွဲကြီးများ မတိုက်ချင်သေး။ သို့ဖြစ်ရာ ထိုးစစ်ခေါင်းဆောင်နေသည့် အရာရှိထံ အမိန့်ပေးပြီး ရပ်နားစေသည်။ အောင်ပွဲလက်တစ်ကမ်းလိုတော့သည့်အချိန်တွင် ဆက်၍မတိုက်ရသည့် မေဂျာတဲသည် သူ့ဘေးရှိ အာရပ်ရွာသားများအား "တို့ပြန်လာမယ်" ဟုပြောခဲ့သည်။

မေ(၁၁)ရက် ညနေပိုင်းတွင် မူဇမ်ဘင်ဂျိုးဇက်၏ အကော်ဒီယန်သံကို နားထောင်ရင်း မြို့သစ်တွင် ရယ်နိုင်မောနိုင် ရှိလာသည်။ အခိုက်အတန့်တွင်ကား ကဖာအက်ဇီယွန်မှ စစ်သားလေးများသည် ဘဝကို ခဏတာ မေ့ထားနိုင်ကြလေသည်။

သို့သော် ကြာကြာမခံပါ။ ယာကွပ်အေဒယ်စတိန်းသည် သူငယ်ချင်းမ သူနာပြုဆရာမလေးကို ဆေးရုံသို့ပြန်ပို့ပြီး နှုတ်ဆက်ခဲ့သည်။ သူ့စိတ်ထဲတွင် လာမည့်ဘေးကို တွေးကြောက်နေသည်။ သူ့ဇာတိ ပိုလန်နိုင်ငံသစ်တောများထဲတွင် ပါတီဝင်တပ်ဖွဲ့များနှင့် ဂျာမန်ဝေးမားတပ်များကို တိုက်ခဲ့ဖူးသည့် အတွေ့အကြုံရှိခဲ့သည်။ ယခု ကဖာအက်ဇီယွန်တွင်လည်း ထိုဘေးအန္တရာယ်မျိုး ခြောက်လှန့်နေသည်ဟု ထင်သည်။

"ကိုယ်ပြောမယ် နားထောင်နော်၊ သူတို့ပြန်လာကြလိမ့်မယ်လို့ ကိုယ်ထင်နေတယ်၊ မင်းနဲ့ကိုယ် ပြန်မှတွေ့နိုင်ပါ့မလားမသိဘူး" အယ်လ်ဒါစတိန်းက သူ့ သူငယ်ချင်းမလေးကို ပြောသည်။

သူပြောသည်မှာ မှန်သည်။ လီးဂျင်းတပ်ပြန်လာနေပြီး ဗြိတိသျှတပ်မှူးမသိလိုက်ဘဲ စစ်သားဒါဇင်ပေါင်းများစွာသည် ထိုအချိန်တွင် သံချပ်ကာ,ကားများပေါ်သို့ ရောက်နေကြပြီ။ ဟီဘရွန်နှင့် အနီးဝန်းကျင်ရွာတို့မှ ရွာသားအပျော်တမ်းတပ်သားများသည် ထရပ်ကားများပေါ် ပြေးတက်ကြပြီး ကဖာအက်ဇီယွန်သို့ ရှေးရှုချီတက်ကြသည်။

မေ (၁၂) ဗုဒ္ဓဟူးနေ့ မနက်လေးနာရီတွင် သူတို့ စတင်တိုက်ခိုက်သည်။ အမြောက်

http://mmteashop.com



ဆန် ပေါက်ကွဲသဖြင့် အေဒယ်စတိန်း အိပ်ရာမှလန့်နိုးသည် ။ ညဝတ်အင်္ကျီနှင့် သူ့တာဝန်ကျရာသို့ ပြေးသွားသည်။ ကတုတ်ကျင်းထဲအဝင်တွင် အရှေ့ကောင်းကင်မှ ရောင်နီပျို့လာသည်ကို မြင်ရသည်။ သူတို့ဝန်းကျင်က တောင်ကုန်းလေးများ အထက်တွင် နှင်းမှုန်မှုန်၌ နေရောင်ကို ဝိုင်းဝိုင်းသာ မြင်ရသည်။

သူပြောသည်မှာ ယခုမှန်လာပြီး ကဖာအက်ဇီယွန်၏ နောက်ဆုံးတိုက်ပွဲသည် ယခုမှ အစပျိုးသည်။ လွန်ခဲ့သည့် ရှစ်ရက်ခန့်က မေဂျာတဲ ကတိစကားတစ်ခု ထားခဲ့သည်။ ဂျူးကိုလိုနီကို အမြစ်က လှန်ပစ်မည်ဟု သူ ဆိုခဲ့သည်။ ပရိယာယ်တစ်ခုသုံးကာ နောက်တွန့်နေသော လီးဂျင်းတပ်မှူးအား သူ့အကြောင်းကောင်းစွာပြရမည်။ ဟီဘရွန်မှာရှိသည့် သူ့လက်ထောက် ကပ္ပတိန်ဟစ်ကမက်မူဟဲယားအား ဂျွန်ဂလပ်ထံသို့ ရေဒီယိုဖြင့်ဆက်သွယ်ကာ သူတို့ ကွန်ဗွိုင်းကို ကိုလိုနီက ပစ်ခတ်တိုက်ခိုက်ကြောင်း သတင်းပို့ခိုင်းသည်။

မူတဲယားသည် ခြေလျင်တပ်ခွဲတစ်ခုနှင့် စတင်တိုက်ခိုက်သည်။ သံချပ်ကာ,ကားတစ်အုပ်စုနှင့် အာရပ်ရွာသား ရာပေါင်းများစွာပါဝင်သည်။

ရုရှား ဘုန်းကြီးကျောင်းကို မိုဟဲယား တိုက်ခိုက်သည်မှာ ခဏသာကြာသည်။ ဘုန်းကြီးကျောင်းကို ရန်သူ့လက်မကျအောင် ကာကွယ်သည့်တပ်များ ဆုတ်ခွာရသည်။ တပ်အဆုတ်တွင် မနေ့ညနေက ရဲဘော်များကို သီချင်းဆို ဖျော်ဖြေသည့် ကဗျာဆရာဇဗိဘင်ဂျိုးဇက် အပြင်းအထန် ဒဏ်ရာရသည်။ မိုရှေဆီလဗာရှမစ် သေနတ်မှန်ကာ ကျဆုံးသည်။ နာဇီအကျဉ်းစခန်းမှ လွတ်မြောက်လာသည့် မိုရှေသည် သူ့သူငယ်ချင်း ကဗျာဆရာနှင့် မလှမ်းမကမ်းမှာ သေပွဲဝင်သည်။

ဘုန်းကြီးကျောင်း သူတို့လက်ထဲရောက်ပြီးနောက် မိုဟဲယား၏ တပ်သားများသည် သစ်တစ်ပင်စခန်းသို့ ချီတက်သည်။

ဗြိတိသျှ ဘဇူကာတစ်လက်က သူတို့ကို ဆီးကြိုပစ်ခတ်သည်။ သို့သော်လည်း သံချပ်ကာကားများကို မဖျက်ဆီးနိုင်။ ဘဇူကာတွင် ကျည်ဆန်ခြောက်ခုလောက်သာ ရှိသည်။ ထိုကမှ အာရပ်တို့သည် ထီးတည်း တည်နေသော တယ်လီဖုန်းအိတ်ချိန်းဆီသို့ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်သည်။ အော်ပရေတာများသည် ခုခံအားမရှိတော့ဘဲ တယ်လီဖုန်းခလုတ်ခုံကို ပုဆိန်ဖြင့် ခုတ်ထစ်ဖျက်ဆီးကာ ထွက်ပြေးကြသည်။ ထို့နောက် ထိုဒေသတစ်ခုလုံး တယ်လီဖုန်း အဆက်သွယ် မရတော့ပေ။

မိုဟဲယား၏ ပထမရည်မှန်းချက် အောင်မြင်သည်။ ယခု ကဖာအက်ဇီယွန်ကို လေးစုကွဲသွားအောင် တိုက်ခိုက်ရန်သာ ရှိတော့သည်။ အုပ်စုတစ်ခုစီ သူ တိုက်မည်။

တယ်အဗစ်တွင် ဒေးဗစ်ဘင်ဂူရီယန်သည် အရေးကြီးသည့် အစည်းအဝေးတစ်ခု တက်ရန် ပြင်ဆင်နေသည်။ ယခု မေလ နေ့လယ်ခင်းတွင် ဆယ့်သုံးဦးကောင်စီသည် ဂျူးနိုင်ငံသစ်ထူထောင်ကြောင်း ကြေညာမည် မကြေညာမည်ကို ဆုံးဖြတ်မည်။ ဆယ့်သုံးဦး

http://mmteashop.com



ကောင်စီမှာ ဂျူးအေဂျင်စီကို ပြင်ဆင်ဖွဲ့စည်းထားသည့် ကောင်စီဖြစ်ပြီး နိုင်ငံသစ်ကြေညာလျှင် ယာယီအစိုးရ ဖြစ်လာမည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာရှယ်၏ တင်းမာသော သတိပေးစကားနှင့် ပါလက်စတိုင်းနယ်စပ်တွင် စုဝေးနေကြသည့် အာရပ်တပ်များကို သူတို့ ဆယ့်သုံးဦးကောင်စီက အဖြေပေးမည်။ ကောင်စီတွင် မာရှယ်တင်ပြသည့် စေ့စပ်ဆွေးနွေးရေးကိုလက်ခံပြီး နိုင်ငံသစ်ကြေညာခြင်းကို ဆိုင်းငံ့ထားရန် သဘောတူသူတို့မှာ အများစုဖြစ်နေသည်။ မဲချင်း မတိမ်းမယိမ်းရှိသဖြင့် ဘင်ဂူရီယန်သည် ဂျေရုဆလမ်သို့ ပိုက်ပါကပ်လေယာဉ်တစ်စီး လွှတ်ကာ အော်သိုဒေါက်ဘုန်းကြီးတစ်ပါးကို အခေါ်ခိုင်းသည်။

ဘင်ဂူရီယန်အဖို့ စဉ်းစားစရာမရှိ။ ချိန်းဝိုက်ဇမန်း ပြောသည့် စကားကို သူသဘောတူသည်။ ဂျူးနိုင်ငံသစ် ယခု ကြေညာလျှင် ကြေညာ။ သို့မဟုတ် နောင်ဘယ်တော့မျှ ကြေညာနိုင်မည်မဟုတ်ဟု ဝိုက်ဇမန်းက ပြောခဲ့သည်။ ဆုတ်ဆိုင်းနေလျှင် သွေးအေးသွားလိမ့်မည်။

မာရှယ်ကို သူလေးစားသော်လည်း နိုင်ငံသစ် မကြေညာလျှင် အာရပ်တို့ ဝင်ရောက်တိုက်ခိုက်မည် မဟုတ်ဟူ၍ သူ မယုံကြည်။ နိုင်ငံသစ် ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ အာရပ်တို့ ဝင်၍ တိုက်မည်မှာ သေချာသည်။ ထိုအခါ ပါလက်စတိုင်းတွင် ဂျူးတို့ ရပ်တည်ရေး ခက်ခဲသွားမည်။ နိုင်ငံသစ်ထူထောင်နိုင်လျှင် အာရပ်တို့နည်းတူပင် ပြောင်ပြောင်တင်းတင်း လက်နက်ဝယ်နိုင်မည်။ ပါလက်စတိုင်းသို့ လက်နက်များ သယ်ဆောင်ရန် ကိုယ်ပိုင်ရေကြောင်းဌာနတစ်ခု ထူထောင်နိုင်မည်။ နိုင်ငံသစ် ထူထောင်လျှင် ဂျူးတို့ စိတ်ဓာတ်တက်လာမည်။ လူမျိုးတစ်မျိုးအတွက် ကိုယ်ပိုင်နိုင်ငံတစ်ခု ရှိလာမည်။ အခက်အခဲကာလများတွင် နိုင်ငံတစ်ခုရှိလျှင် မားမားမတ်မတ်ရပ်တည်နိုင်မည်။

ဆယ့်သုံးဦးကောင်စီတွင် ဘင်ဂူရီယန်ကို ဆန့်ကျင်သူများက စေ့စပ်ဆွေးနွေးလျှင် အချိန်ကြာမည်။ ပြင်ဆင်ချိန်ရသည်။ ယခုချက်ချင်း နိုင်ငံသစ် ကြေညာမည်ဆိုလျှင် ဂျူးတို့ နှစ်ရှည်လများက အိပ်မက် မက်ခဲ့ရသည့် ဂျူးနိုင်ငံသစ်သည် အာရပ်တို့နှောင့်ယှက်သဖြင့် ပျက်စီးဆုံးပါးရလိမ့်မည်ဟု ယူဆသည်။ နောက်တစ်ချက် ရှိသေးသည်။ စစ်အတွင်း နာဇီသတ်သဖြင့် ဂျူးခြောက်သန်းသေဆုံးခဲ့ရသည်။ ယခု နောက်ထပ်မည်မျှ အသေခံရဦးမည်လဲ။ မည်မျှ အသေခံနိုင်မည်လဲ။ သူတို့ ထူထောင်ထားသည့် စစ်တပ်ထဲတွင် သဘောထားအယူအဆ ကွဲပြားမှုများ ရှိနေသည်ကိုလည်း သတိချပ်မိသည်။

နိုင်ငံသစ် ထူထောင်စဉ် အာရပ်တို့ကို တိုက်ခိုက်ရင်း ဟာဂါနားတပ်ဖွဲ့သည် တပ်မတော်တစ်ခုအသွင်သို့ ပြောင်းသွားနိုင်သည်။ ဘင်ဂူရီယန်က ဗြိတိသျှပုံစံ တပ်မတော်မျိုး တည်ထောင်ချင်သည်။ ဟာဂါနား ခေါင်းဆောင်မှုအောက်တွင်

http://mmteashop.com



မြေအောက်လှုပ်ရှားမှုများ၌ ကြီးပြင်းခဲ့ရသည့် စစ်သားများသည် နိုင်ငံဆိုတာဘာလဲ၊ စစ်ဆိုတာ ဘာလဲဟူ၍ပင် သဲသဲကွဲကွဲ မသိကြ။ သူတို့မှာ စုပေါင်းလယ်ယာစခန်းများ၊ စုပေါင်းသမဝါယမစခန်းများကို ကာကွယ်ရင်း ကြီးပြင်းခဲ့ကြရသည်။ စစ်တစ်ခု တိုက်ရင်း ထုသားပေသား ရလာသူများ မဟုတ်။ ခြားနားချက်ကို သူတို့ နားမလည်။ စစ်တစ်ခု ဖြစ်လျှင် တယ်အဗစ်မှ လူတစ်ယောက်ကိုခေါ်ကာ ဘီယာရှီးဘားမြို့ (တောင်ပိုင်း နေဂီဒေသ)တွင် နေရာချထားနိုင်သည်။ ယင်းမှာ နိုင်ငံအတွက်ဖြစ်ပြီး ဘီယာရှီးဘား မြို့အတွက် သက်သက်မဟုတ်။ နိုင်ငံအတွက် အသက်စွန့်ဖို့ အသင့်ရှိရမည် ဖြစ်သည်။ တပ်မတော်သစ်အတွက် ဒုတိယကမ္ဘာစစ်တွင် ဗြိတိသျှများနှင့် လက်တွဲတိုက်ခဲ့သူများ ကို ဘင်ဂူရီယန် အားကိုးသည်။ စစ်ကာလတွင် ပါလက်စတိုင်းမှာ နေသူများကို သူ အားမကိုး။

ထိုသဘောထားသည် ပါလမက်အဖွဲ့ဝင် (၅၂၀၀) အကြား ပျံ့နှံ့ကာ မကျေနပ်မှုများ ပေါ်ပေါက်လာသည်။ ပါလမက်၏ ခေါင်းဆောင်မှုမှာ ဘင်ဂူရီယန်၏ နိုင်ငံရေး ပြိုင်ဘက်အုပ်စု ဖြစ်သည်။ 'မာပမ်'ပါတီမှ စုစည်းထားခြင်း ဖြစ်သည်။ သူ၏ 'မာပမ်' ပါတီထက်ပို၍ လက်ဝဲယိမ်းသည့် ဆိုရှယ်လစ်အစုအဝေး ဖြစ်သည်။ တစ်နေ့တွင် ပါလမက်ကို အသုံးပြုကာ လက်ဝဲအုပ်စုက အာဏာသိမ်းမည်ဟု ဘင်ဂူရီယန် သံသယ ရှိနေသည်။ သို့ဖြစ်ရာ တင်းတင်းကျပ်ကျပ် ထိန်းချုပ်ရန် ဘင်ဂူရီယန် စတင် ဆောင် ရွက်သည်။

အစွရေး ဂယ်လီလီ၏တာဝန်ကို ဘင်ဂူရီယန် စတင် ရုပ်သိမ်းသည်။ ဂယ်လီလီ သည် ပါလမက် ထိပ်တန်းခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ ထိုအခါ သူ့ကို ပြန်၍ နေရာပေးရန် တောင်းဆိုကြသည်။ သို့သော်လည်း ပါလမက်၏ လွတ်လပ်စွာ ဖွဲ့စည်း တည်နေမည့် နေ့များ မရှိတော့ပြီ။ ဖျက်သိမ်းရမည်ဟု ဘင်ဂူရီယန် မှတ်ထားသည်။

ဂျူးအခြေအနေသည် စက္ကူပေါ်တွင် ထင်သလောက်မဆိုး။ စုစုပေါင်း သင်တန်း ဆင်းပြီးသူ ခြောက်သောင်းရှိသည်။ နိုင်ငံခြားမှရောက်လာသူ နှစ်သောင်းရှစ်ထောင်တို့မှာ စစ်မှုထမ်းအရွယ် ရောက်ပြီဖြစ်ပြီး ဗြိတိန်၏ ဆိုက်ပရပ် အကျဉ်းစခန်း၌ ပါလက် စတိုင်းတွင် ဗြိတိသျှ ထိန်းသိမ်းမှုကာလ ကုန်ဆုံးလျှင် ပြန်လာရန် သင်္ဘောစောင့်နေကြ သည်။ အခြား စစ်မှုထမ်းများမှာ ဥရောပမှ လာနေကြပြီ ဖြစ်သည်။

နေရာတိုင်းတွင် အာရပ်တို့က အသာစီးရထားသည်။ တူလကမ်ဒေသတွင် အာရပ်တို့မှာ ပင်လယ်နှင့် ဿယ်မိုင်သာဝေးသည်။ ဂျူးမြို့သစ်စခန်းများကို နှစ်ပိုင်း ကွဲသွားအောင် ဖြတ်နိုင်သည့် အင်အားရှိသည်။ အာရပ်မြို့ကြီးများဖြစ်သည့် လစ်ဒါနှင့် ရမ်မလေတို့သည် တယ်အဗစ်မြို့လယ်နှင့် မိနစ်အနည်းငယ်ခရီးသာ ဝေးသည်။ နေဂီ စခန်းသည် အာရပ် သံချပ်ကာကားတပ်အတွက် လမ်းပွင့်နေသည်။ ဂျေရုဆလမ်မှာ လုံးဝအဆက်ပြတ်နေသည်။ နက်ချရှုန်စစ်ဆင်ရေးတစ်ခု ထပ်၍ ဆင်နွှဲသည့်အခါ မအောင်မြင်။

http://mmteashop.com



တစ်ဖန် ဟာဂါနား၏ စစ်လက်နက်ပစ္စည်းအခြေအနေမှာ ဆိုးသည်။ စစ်သား ခြောက်သောင်းအနက် နှစ်သောင်းကို လက်နက်တပ်ဆင်မည်ဆိုလျှင်ပင် မပြည့်စုံ။ ဟိမ်းဆလာဗိုင်း၏ မြေအောက် လက်နက်စက်ရုံမှ စတင်းဂန်းအပို (၇၀၀၀) ထုတ်လုပ်ပေးသည်။ ယင်းတို့မှာ လက်နက်ငယ်များသာ ဖြစ်သည်။ လက်နက်ကြီးများ မပြည့်စုံ။ စစ်လေယာဉ်တစ်ခုမျှ မရှိ။ ဂျူးဆက်အေဒါ၏ အလုပ်ရုံများမှ သံချပ်ကာကားများ ထုတ်လုပ်ပေးနိုင်သော်လည်း ဂလပ်၏ သံချပ်ကာကားမှ အမြောက်များနှင့် အီဂျစ် သံချပ်ကာကားတပ်၏ တိုက်ခိုက်မှုတို့၏ဒဏ်ကို မခံနိုင်။

ဘင်ဂူရီယန်၏လက်ဝယ်တွင် ဂျူးနိုင်ငံသစ် ကြေညာနိုင်မည့် မျှော်လင့်ချက်များ ရှိနေသည်။ အေးဟတ်အက်ဗရီယယ်နှင့် ယေဟူဒါအရာဇီတို့ နိုင်ငံခြားတွင် ဝယ်ထားသည့် လက်နက်စာရင်း ဖြစ်သည်။ ဂျူးနိုင်ငံသစ်ကြေညာလျှင် တရားဝင် သယ်ယူနိုင်မည်။ ထိုလက်နက်စာရင်းများကို ကိုင်ဆောင်ကာ ဂျူးအမျိုးသား ရန်ပုံငွေအဖွဲ့၏ တယ်အဗစ် ဌာနချုပ်သို့ အစည်းအဝေးတက်ရန် ဘင်ဂူရီယန် ရောက်လာသည်။

"သူတို့နီးလာပြီ၊ လေယာဉ်နဲ့ အကူအညီမြန်မြန်ပို့ပါ"

ကဖာအက်ဇီယွန်စခန်းသစ် ဆက်သွယ်ရေးရုံးခန်းတွင် ပိုလန်ဇာတိ ရေဒီယို အော်ပရေတာ အယ်လီဇာဗိယွတ်ဝင်ဂါ၏ လက်များက ခပ်သွက်သွက် သတင်းပို့နေသည်။ အရေးတကြီး အက်စ်အိုအက်စ် အကူအညီတောင်းရသည်မှာ စခန်းသစ်၏ အခြေအနေဆိုးသောကြောင့် ဖြစ်သည်။ "လူ၊ လက်နက်နဲ့ ကျည်ဆန် မလုံလောက်ဘူး၊ ဒီည အတတ်နိုင်ဆုံးကူညီပါ၊ သေတဲ့လူနဲ့ ဒဏ်ရာရသူတွေကို မပြုစုနိုင်တော့ဘူး" နောက်ထပ် သတင်းစကားတစ်ခုက ဆိုသည်။ အာရပ်လီးဂျင်း၏ သံချပ်ကာကားမှ အမြောက်များသည် စခန်းမြို့အဆောက်အအုံများကို ထိမှန်ပြီး အားလုံးလိုလို ပျက်စီးသည်။

ထိုအုပ်စု၏ တပ်မှူးသစ် အက်ဘရတ်တာမိယာသည် မေ (၄)ရက်နေ့တွင် ဒဏ်ရာပြင်းထန်စွာရသည်။ မိုရှေဆီလဘာရှမစ် ကွယ်လွန်ပြီးနောက် သူ့ကို ဆေးရုံမှ ခေါ်ယူလာရာ ထမ်းစင်ပေါ်မှ အမိန့်ပေးသည်။

တခြား စစ်မျက်နှာတွင် ကပ္ပတိန် ဟစ်ကမက်မိုဟဲလားသည် မေဂျာတဲထံသို့ သူ့အခြေအနေကို သတင်းပို့ကာ တပ်ကူတောင်းသည်။ သူ့ဆီသို့ တပ်စုနှစ်စုပို့သည်။

ညနေပိုင်းတွင် လီးဂျင်းတပ်များဆီမှ အမြောက်ပစ်သံမှာ ပို၍ များလာသည်။ မိုဟဲယား၏ သံချပ်ကာကားများမှ ပစ်ခတ်သံမှာလည်း ဆူညံနေသည်။ ကျောက်တုံးတောင်ကုန်းလေးတစ်ခုမှာ မြို့သစ်၏ ရှေ့တန်းခံတပ် ဖြစ်လာသည်။ ထိုခံတပ်စခန်းမှ နှစ်လက်မ,မော်တာဖြင့် တက်လာသောကားများကို ပစ်သည်။ ကားကိုပစ်ရာတွင် ကားတိုင်ယာကို မှန်အောင်ပစ်သည်။ သူတို့ နည်းဗျူဟာ အောင်မြင်သည်။ မိုဟဲယား၏ကားများသည် သစ်တစ်ပင်စခန်းသို့ တိုင်ယာများပြားချပ်ကာ ပြန်ဆုတ်လာသည်။ ကျောက်တုံးတောင်ကုန်းပေါ်ရှိ ရဲဘော်များက ကဖာအက်ဇီယွန်ရှိ ရဲဘော်များကို တစ်ညတာ အသက်ရှင်ခွင့်ရအောင် ကူညီလိုက်ခြင်း ဖြစ်သည်။

http://mmteashop.com



ဂျူးအမျိုးသား ရန်ပုံငွေဌာနချုပ်တွင် ဒေးဗစ်ဘင်ဂူရီယန်သည် ဆယ့်သုံးဦးကော်မတီမှ ကိုးယောက်နှင့် မျက်နှာချင်းဆိုင်ရသည်။ သုံးယောက်မှာ အစည်းအဝေးသို့ ရောက်မလာ။ သူတို့ မျက်နှာများကို ဘင်ဂူရီယန် စူးစမ်းသည်။ သူတို့သည် အကြောင်းအမျိုးမျိုးနှင့် အစည်းအဝေးသို့ ရောက်လာကြသူများ ဖြစ်သည်။ သုံးယောက်မှာ ဘုန်းကြီးများဖြစ်ပြီး ပါလက်စတိုင်းမြေသည် ဘာသာရေးအတွက် အမြတ်မြေဖြစ်သည်ဟူသော ခံယူချက်ဖြင့် ကောင်စီသို့ ဝင်လာကြသူများ ဖြစ်သည်။ ဂိုလ်ဒါမေယာ၊ အယ်လီဇာကက်ပလန်နှင့် မိုရှေရှာရက်တို့မှာ ဂျူးအေဂျင်စီကို ဆက်ခံသူများ ဖြစ်သည်။ ကျန်ပုဂ္ဂိုလ်များမှာ ယာယီအစိုးရဖွဲ့မည့် အခြေအနေကြောင့် ရာထူးခန့်ရန် လျာထားချက်အရ ရောက်လာကြသူများ ဖြစ်သည်။

ဘင်ဂူရီယန်သည် ကောင်စီဝင်ကိုးဦး၏ မျက်နှာများကို အကဲခတ်ကာ စိတ်မသက်မသာ ဖြစ်မိသည်။ ရှာရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာရှယ်နှင့်တွေ့ခဲ့ပုံကို ရှင်းပြလျှင် ဘင်ဂူရီယန်၏ မာပိုင်ပါတီမှ အဖွဲ့ဝင် သုံးပုံတစ်ပုံမှာ တွေတွေဝေဝေ ဖြစ်သွားသည်။ ဂိုလ်ဒါမေယာက ဘုရင်အက်ဘဒူလာနှင့် တွေ့ခဲ့ပုံ ပြောပြသည့်အခါ သံသယတွေ ဝင်ကြသည်။ ထို့နောက် ကောင်စီက သိချင်သဖြင့် ယီဂယ်ယာဒင်က အာရပ်စစ်တပ်များနှင့် ဟာဂါနားတပ်ဖွဲ့များ အနေအထားကို ရှင်းလင်းတင်ပြသည်။

ဂျင်နရယ်မာရှယ် တင်ပြသည့် စေ့စပ်ဆွေးနွေးရေးလမ်းကို လိုက်မည်ဆိုလျှင် အသက်ရှူချိန်ရပြီး လက်နက်စုဆောင်းချိန်ရသည်။ ထို့ကြောင့် လက်ခံသင့်သည်ဟု ယာဒင် ယူဆသည်။ စေ့စပ်ရေးကို လက်မခံဘဲ စစ်ဖြစ်လာပြီဆိုလျှင် ဟာဂါနားမှာ အပြင်းအထန် ခံရမည်။ ဆီးရီးယားက ဘယ်လို တုံ့ပြန်မည်ကို သူတို့ သိသည်။ ထောက်လှမ်းရေးက ဆီးရီးယားဌာနချုပ်တွင် စုံစမ်းနိုင်ခဲ့သည်။ အီရတ်၊ အီဂျစ်နှင့် အာရပ်လီးဂျင်းတို့၏ အစီအစဉ်များကိုမူ မသိရ။ လက်ရှိ အခြေအနေအတိုင်းဆိုလျှင် အနိုင်အရှုံး ငါးဆယ်-ငါးဆယ် သူ ခန့်မှန်းသည်။ ဘင်ဂူရီယန်စ၍ စကားပြောသည်။

"တို့တစ်တွေ စိတ်ဓာတ်ပျက်ပြားမှာ စိုးတယ်"ဟု အစချီသည်။ ယခုပင် ပါလက်စတိုင်းမြေမှာ ပျက်စီးနေပြီ။ ရန်သူက ဘယ်နေရာကိုမျှ မသိမ်းပိုက်နိုင်။ လူသူသေကျေ ပျက်စီးလျှင် နယ်မြေဆုံးရှုံးလျှင် ပို၍ ထိခိုက်ကြမည်။ ရင်ဆိုင်ရမည့်တိုက်ပွဲများတွင် လူသူကျဆုံးနိုင်သည်။ မြေဆုံးရှုံးနိုင်သည်။ အင်အား လျော့နည်းနိုင်သည်။ ယင်းကြောင့် ပြည်သူတို့ စိတ်ဓာတ်ကျမည်။ သူ ခဏရပ်သည်။ ပြီးလျှင် လက်ဝယ်ရှိ ဖိုင်တွဲနှစ်ခုကို ဖွင့်ကာ အစီရင်ခံစာ နှစ်ခုကို ဖတ်ပြသည်။ ရှာရက်သို့ သတိပေးစကားပြောသူ မာရှယ် မသိသည့် အချက်များကို သူသိသည်။ မိမိတို့ လက်ဝယ်တွင် အခြေအနေကို ပြောင်းလဲပစ်နိုင်သည့် လက်နက်များ ပိုင်ဆိုင်နေပြီ။

ထို့နောက် လက်နက်အခြေအနေကို ရှင်းပြသည်။ အတ်ဗရီယယ်ဝယ်ခဲ့သည့် လက်နက်ပစ္စည်းများမှာ ရိုင်ဖယ် (၂၅၀၀၀)၊ စက်သေနတ် (၅၀၀၀) ကျည်ဆန် (၅၈) သန်း၊ ဟိုဝစ်ဇာအမြောက် (၁၇၅) နှင့် လေယာဉ်ပျံအစီး (၃၀) တို့ ဖြစ်သည်။ အရာဇီက

http://mmteashop.com



တင့်ကား ဆယ်စီး၊ လေယာဉ်ပစ်အမြောက် (၃၅)၊ (၁၂၀) မီလီမီတာ မော်တာ(၁၂) (၆၅)မီလီမီတာ အမြောက် (၅၀)၊ ရိုင်ဖယ် (၅၀၀၀) စက်သေနတ်ကြီး (၂၀၀) အမြောက်ကျည်ဆန်နှင့် မော်တာကျည်ဆန် (၉၇၀၀၀) နှင့် လက်နက်ငယ်ကျည်ဆန် (၉) သန်းတို့ကို ဝယ်ခဲ့သည်။

ထိုဂဏန်းများကြောင့် သူ့ရဲဘော်များ အားတက်မည်အမှန်။ ထိုလက်နက်များ ပါလက်စတိုင်းတွင် အလုံးအရင်းလိုက် ရှိနေခဲ့လျှင် အခြေအနေကို တည်တည်ငြိမ်ငြိမ် သုံးသပ်နိုင်မည်။ ယခုမူ ထိုသို့ မဖြစ်နိုင်။ ထိုလက်နက်များ ပါလက်စတိုင်းသို့ရောက်အောင် သယ်ဆောင်ရာတွင် စစ်အခြေအနေသာမက အချိန်နှင့် အပျက်အစီးတို့ကိုလည်း ထည့်သွင်း စဉ်းစားရမည်။ ထိုလက်နက်များ လုံးလုံးခဲခဲ တိုင်းပြည်ထဲမရောက်မီ အာရပ်တပ်များ ပါလက်စတိုင်းသို့ ဝင်လာကြတော့မည်။ ဂျူးတို့မှာ သံမဏိစိတ်ဓာတ် ရှိရမည်။ ကြံ့ခိုင်ရမည်။ သို့တိုင်အောင် "တို့အောင်ပွဲခံရမှာ သေချာတယ်၊ အောင်မြင်မှာ အမှန်ပဲ"ဟု သူ ဟစ်ကြွေးသည်။

သူတို့ ခေါင်းဆောင်၏ ညှို့ဓာတ်အပြည့်ရှိသော မျက်နှာကို ကြည့်ကာ အခြားခေါင်းဆောင်များ စကားတစ်ခွန်းမျှ မပြောကြတော့ပေ။ ဘင်ဂူရီယန်က မဲခွဲစေသည်။ လေးမဲငါးမဲဖြင့် နိုင်ငံသစ် ကြေညာရေးဘက်က နိုင်သည်။ ထိုမဲတစ်ပြားအရ ဂျူးနိုင်ငံသစ် ပြန်လည် မွေးဖွားလာခဲ့လေသည်။

ကောင်စီက ဆက်လက်လုပ်ဆောင်ရမည်တို့ကို စဉ်းစားသည်။ နိုင်ငံသစ် ကြေညာခြင်း၏ ထုံးတမ်းစဉ်လာများ ဖြစ်သည်။ တစ်ယောက်က နိုင်ငံသစ်၏ နယ်နိမိတ်သည် ကုလသမဂ္ဂ ခွဲခြမ်းရေးဆုံးဖြတ်ချက်အတိုင်း တည်စေရမည်ဟု ဆိုသည်။

ဘင်ဂူရီယန်က ထိုအဆိုပြုချက်ကို ပယ်ချသည်။ အမေရိကန်တို့သည် သူတို့၏ လွတ်လပ်ရေး ကြေညာစာတမ်းတွင် နယ်နိမိတ်ကို မဖော်ပြ။ ဂျေရုဆလမ်ကို ကုလသမဂ္ဂ ထိန်းချုပ်မှုအောက် ထားမည်ဟူသော ခြွင်းချက်ကလွဲလျှင် ဂျူးတို့က ပါလက်စတိုင်း ခွဲခြမ်းရေးကို လက်ခံခဲ့သည်။ အာရပ်တို့က ဘာအခွင့်အရေးမျှ မတောင်းဆိုခဲ့။ သူတို့၏ နယ်နိမိတ်များသည် စစ်ပွဲတစ်ခု၏ ရလဒ်အတိုင်းဖြစ်မည်။ "တို့အဖို့တော့ လက်တွေ့ကျတဲ့ နယ်နိမိတ်ရှိတဲ့ နိုင်ငံတစ်ခု ဖြစ်လာမှာပဲ။ အခု တို့ကြေညာမယ့် နိုင်ငံသစ်ဟာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ ဖြစ်ပေါ်လာမယ့်နိုင်ငံ မဟုတ်ဘူး။ ဒီနေ့ ပိုင်ဆိုင်ရပ်တည်နေတဲ့ နိုင်ငံပဲ" ဟု သူ ပြောသည်။

နိုင်ငံ၏ နာမည်ကို စဉ်းစားကြသည်။ "ဇီယွန်" နှင့် "အစ္စရေး" နှစ်ခုအနက် ဘင်ဂူရီယန်၏ တိုက်တွန်းချက်အရ "အစ္စရေး" ကို လက်ခံသည်။

နောက်ဆုံးတစ်ခု ကျန်သည်။ နိုင်ငံသစ် ကြေညာမည့် နေ့ရက်နှင့်အချိန် ဖြစ်သည်။ မေ (၁၄) သောကြာနေ့ည သန်းခေါင်တွင် ကြေညာမည်။ ယင်းမှာ ဥပုသ်၏ အလယ် ဖြစ်သည်။ အော်သိုဒေါက်တို့မှာ ထိုအချိန်တွင် မော်တော်ကားစီးပြီး ခရီးမသွားနိုင်။ သို့မဟုတ် နိုင်ငံသစ် ကြေညာချက်တွင် သူတို့ လက်မှတ်မထိုးနိုင်။

http://mmteashop.com



အစည်းအဝေးတက်သူ တစ်ယောက်က ဂျူးအစဉ်အလာ ဘာသာတရား ထုံးစံအရ ကြေညာရမည့်ရက်ကို မေ (၁၄) သောကြာနေ့ (၄) နာရီဖြစ်ရမည်။ ထိုအချိန်အခါသည် ဟီဘရူးပြက္ခဒိန်အရ သက္ကရာဇ် (၅၇၀၈) အိုင်ယာလမ်၏ ပဥ္စမနေ့ ဖြစ်လေသည်။

ကဖာအက်ဇီယွန်၏ညမှာ တိတ်ဆိတ်နေသည်။ ကြယ်ပွင့်များ လက်နေသည့် ကောင်းကင်ကို သူတို့ မျှော်၍ကြည့်သည်။ ကယ်တင်မည့် လေယာဉ်ပျံများ ရောက်လာလေမည်လား။ မျှော်လင့်ချက်မှာ အကောင်အထည်မပေါ်။ လေယာဉ်အနည်းငယ်က နိုင်ငံတစ်ခုလုံး၏ မျှော်လင့်ချက်များကို မဖြည့်ဆည်းနိုင်။ လေယာဉ်ပေါ်မှ ချပေးသည့် လက်နက်အချို့နှင့် ဆေးပစ္စည်းများမှာ သတ်မှတ်သည့်နေရာ အပြင်ဘက်မှာ ကျသည်။

အမှောင်ရိပ်တွင် အဖွဲ့တစ်ဖွဲ့သည် မိုင်းဗုံးများကို စခန်းသစ်၏ ချဉ်းကပ်လမ်းများတွင် မြှုပ်ရန် ပြင်ဆင်ကြသည်။ တပ်မှူး တာမီယာက ဒဏ်ရာရသူ သုံးဆယ့်ငါးယောက်ကို အခြား ကိုလိုနီများသို့ ပို့ရန် ဆုံးဖြတ်သည်။ ဒေါက်တာအေရွန်ဝင်းစဘတ်ခေါင်းဆောင်သည့် ဒဏ်ရာရသူများသည် တောင်ကြားလမ်းအတိုင်း ဆုတ်ခွာသည်။ တာမီယာသည် အာရပ်နယ်မြေများကို ဖြတ်ကျော်ကာ မတ်ဆီသို့သွားသည်။ ထိုစခန်းသစ်တွင် လူစုပြီး နောက်တစ်နေ့ မနက်တွင် အာရပ်တို့အား တိုက်ခိုက်မည်။

ဂျယ်ရီကိုအနီး တပ်စခန်းတစ်နေရာတွင် တယ်လီဖုန်းမြည်သံကြောင့် စစ်သားတစ်ယောက် လန့်၍ နိုးသည်။ "ပါရှားလား"ဟု သူမေးစဉ် မေဂျာတဲသည် အိပ်ရာထဲမှ လူးလဲထကာ တယ်လီဖုန်းကို ကောက်၍ကိုင်သည်။ 'ပါရှား' ဆိုသူမှာ အာရပ်လီးဂျင်းတွင် သူတစ်ယောက်သာ ရှိသည်။ အက်ဘဒူလာတဲ၏ဘဝမှာလည်း ပါရှားတစ်ယောက်တည်းသာ ရှိသည်။ ဂလပ်၏ အဆက်အသွယ်ကို သူ စောင့်နေသည်။ ဂလပ်၏အသံမှာ တုံ့ဆိုင်းထစ်အသည်။ ဘီဒိုအင်းသဲကန္တာရစကားကို အာရပ်သံဖြင့် ပြောနိုင်သည့် အင်္ဂလိပ်လူမျိုးဆို၍ သူတစ်ယောက်သာ ရှိသည်။ ဂလပ်က ဆဋ္ဌမတပ်ရင်းတပ်မှူးအား သူ့လူများကို စုစည်းကာ ကဖာအက်ဇီယွန်သို့ အမြန်ချီတက်ရန် အမိန့်ပေးသည်။ "ကပ္ပတိန် မူဟဲယား ဒုက္ခတွေ့နေပြီ" ဟု ဂလပ်က ပြောသည်။

မေဂျာတဲ ပြုံးသည်။ သူ အကွက်ဆင်သည်မှာ အရာထင်သည်။ သူ့လူများကို အသင့်ဖြစ်စေသည်။ ထို့နောက် ဂျစ်ကားပေါ်သို့ တက်သည်။ ပါလက်စတိုင်းတွင် အာရပ်လီးဂျင်း၏ ပထမဆုံး အောင်ပွဲကို ကိုယ်တိုင် ခေါင်းဆောင်ချင်စိတ် ပြင်းထန်နေသည့် "တဲ" သည် မော်တော်ကားများကို ရှေ့သို့ မောင်းနှင်ရန် လက်ပြ အမိန့်ပေးသည်။

"တဲ"၏ နှုတ်ခမ်းမွေးမှာ မည်းနက်နေသည်။ မျက်လုံးအိမ်မှာ ညိုသည်။ ပြုံးလိုက်လျှင် ဖြူဖွေးသောသွားများ ပေါ်လာသည်။ မျက်နှာနှင့်ခေါင်းကို အဖြူနှင့်အနက်စင်းကျားခေါင်းဆောင်းဖြင့် ရစ်ပတ်ထားသည်။ "တဲ"သည် ဟောလီးဝုဒ်က ရိုက်ကူးသည့် အာရပ်သဲကန္တာရ ဇာတ်လမ်းတစ်ခုတွင် ခေါင်းဆောင်မင်းသား ဖြစ်နိုင်သည်။ သူ့ကို မွေးလာသည့်အခါ အမေကပွေ့ချီပြီး ပြတင်းသို့ ခေါ်သွားစဉ် သူ့လူမျိုးများ၏ သမိုင်းမှတ်တိုင်တစ်ခု ပြောင်းလဲလာသည်ကို မွေးဖွားစ "တဲ" မြင်လိုက်ရသည်. ..င်းမှာ သူ့ဇာတိ

http://mmteashop.com



အိုင်အာဘစ်မြို့၏ လမ်းများထဲတွင် တူရကီစစ်သားများ ဆုတ်ခွာထွက်သွားသည့် မြင်ကွင်းပင် ဖြစ်သည်။ တူရကီအာဏာပိုင်တို့၏ နေရာတွင် ဗြိတိသျှတို့ ဝင်၍ နေရာယူသည်။ ဆယ့်ရှစ်နှစ်သားအရွယ်သာ ရှိသေးသည့် "တဲ"သည် ဗြိတိသျှအုပ်ချုပ်ရေးကို ကန့်ကွက်ဆန္ဒပြသဖြင့် အဖမ်းခံရပြီး ထောင်ကျသည်။ သို့တိုင်အောင် နောင်ခုနှစ်နှစ်ရှိသည့်အခါ ဗြိတိသျှ စစ်ဝတ်စုံဝတ်ပြီး အနီအဖြူစင်းခေါင်းပေါင်းကို ဆင်ယင်ကာ လောရင့်၏နောက်လိုက်များ ဖွဲ့စည်းသည့် လီးဂျင်းတပ်သို့ သူဝင်သည်။

(၁၉၄၇)နိုဝင်ဘာ (၃၀)တွင် ပါလက်စတိုင်း ခွဲခြမ်းရေး မဲဆန္ဒပေးသည်ကို ဗြိတိသျှအရာရှိများ ထမင်းစားခန်းတွင် သူနားထောင်ရသည်။ ပါလက်စတိုင်း ခွဲခြမ်းရေး သတင်းကြောင့် ဗြိတိသျှအရာရှိတစ်ယောက်မျှ လှုပ်လှုပ်ရှားရှား မဖြစ်။ နောင်အခါ သူတစ်ယောက်သာ စိတ်ပါဝင်စားစွာ ထိုသတင်းကို နားထောင်သည့်အဖြစ်ကို ပြန်လည် ဆင်ခြင်မိသည်။ အာရပ်တွေ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရပြီဟု သူ ယူဆသည်။ ထိုနေ့က ဗြိတိသျှတပ်မှူး၏ သဘောတူညီချက် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကဖာအက်ဇီယွန်ကို သူသိမ်းပိုက်မည်။ ဤသို့ဖြင့် "ပါလက်စတိုင်း ခွဲခြမ်းရေး တရားမျှတမှု မရှိခြင်း" ကို မကျေနပ်သောအားဖြင့် သူ တတ်နိုင်သမျှ လုပ်ဆောင်မည်ဟု "တဲ" ဆုံးဖြတ်လိုက်သည်။

ooo

http://mmteashop.com



အပိုင်း (၂၉)

## နောက်ဆုံးပညာ

ဗိုအက်တင်းနတ်၏ လုပ်သက်မှာ နှစ်ဆယ့်နှစ်နှစ်ရှိပြီ။ မနက်တွင် ဤသို့ လုပ်ငန်းခွင် အစပျိုးသည်။ တူရကီ ကော်ဖီတစ်ခွက် ကိုင်ပြီး မနက်သတင်းစာကို ကြည့်သည်။ ထို့နောက် သတင်းစာတွင် ပါသည့်သတင်းတို့ကို အပေါင်းအသင်းများနှင့် ပြောဆို ဆွေးနွေးနောက်ပြောင်သည်။ သူသည် ဂျေရုဆလမ် ဓာတုဗေဒစမ်းသပ်ရုံ တစ်ခုတွင် အလုပ်လုပ်သည်။ ယနေ့ကား မေ(၁၃) ဖြစ်သည်။ စကားပြောဖော် နှစ်ယောက်သာ ရှိသည်။ ထိုနေ့က ရယ်စရာ စကားများမပြောကြ။ တင်းနတ်နှင့် အဖော်နှစ်ယောက် ဝမ်းနည်းတည်ငြိမ်စွာ ထိုင်ပြီး တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ သူတို့အဖို့ လုပ်စရာအလုပ် မရှိ။ တင်းနတ်သည် ညနေပိုင်း အလုပ်ရုံပိတ်သည်အထိ ရှိနေသည်။ မပိတ်မီ ဆေးညွှန်ကြားရေးမှူး ရုံးသို့သွားကာ လက်မှတ်တစ်ခုယူသည်။ ညွှန်မှူးက သူ့ကို လက်မှတ်တစ်ခုပေးပြီး "ဟောဒီမှာ" ဟူ၍ စကားသုံးခွန်းသာပြောသည်။ သည့်ထက်ဘာမျှ ပို၍မပြော။ လက်ဆွဲနှုတ်ဆက်ခြင်း မရှိ။ ကျေးဇူးစကား မဆို။ ဂွတ်ဘိုင်လည်း မနှုတ်ဆက်။ ကံကောင်းပါစေဟူ၍လည်း မပြော။ ဗိုအက်တင်းနတ်အဖို့ ထိုခပ်ပြတ်ပြတ်စကားသုံးခုဖြင့် သူ၏ ဗြိတိသျှအင်ပါယာ အမှုထမ်းသက် နှစ်ဆယ့်ရှစ်နှစ် ဆုံးခန်းတိုင်ခဲ့လေသည်။

သူ့ဓာတ်ခွဲခန်းသို့ ပြန်လာသည်။ တစ်နှစ်အတွက် ပေးထားသည့်ဆေးများ၊ ဓာတုပစ္စည်းများထည့်သည့် ဗီရိုကို ပိတ်ရမည်။ သည်တစ်ကြိမ်တွင် ဗီရိုသော့ကို တန်းလန်းထားခဲ့သည်။"ဘာလို့ ပိတ်နေရမှာလဲ၊ ဂျူးတွေလက်ထဲ ဒါတွေ ရောက်မယ့်ဟာပဲ၊ ဆေးဝါးတွေ သူတို့ယူမယ်၊ အဆောက်အအုံလည်းယူမယ်၊ တစ်နိုင်ငံလုံးကို သူတို့ရမှာပဲ"ဟု တစ်ယောက်တည်း တွေးမိသည်။

ဂျက်ဖာလမ်း မြူနီစီပယ်ရုံးတွင် ဗြိတိသျှ အကြီးအကဲသည် မြူနီစီပယ်၏ ဘဏ်လက်ကျန်တစ်ဝက်ဖြစ်သည့် (၂၇၅၀၀) စတာလင်ပေါင်ကို အာရပ်နှင့် ဂျူးအလုပ်သမားများ၏ ကိုယ်စားလှယ်များလက်သို့ အပ်သည်။ အင်တွန်ဆာဖီးသည် သူရသည့် ချက်လက်မှတ်ကိုကြည့်ကာ အံ့သြနေမိသည်။ အတော်များသည့် ငွေဖြစ်နေသည်။ သို့နှင့်

http://mmteashop.com



ချက်လက်မှတ်ကို စိတ်အချရဆုံးနေရာသို့ သူအပ်မည်။ ယင်းမှာ မြူနီစီပယ်ရုံး မီးခံသေတ္တာဖြစ်သည်။ ထို့နောက် အမှိုက်လှည်းဆယ့်သုံးစီးကို ဂျက်ဖာတာခါးအတွင်း သယ်ဆောင်သွားသည်။

ထိုနေ့မနက်က ဂျေရုဆလမ်မြို့ အုပ်ချုပ်ရေးဌာနတွင် ခေါင်းအအေးဆုံးထားနိုင်သူမှာ အင်တွန်၏အစ်ကို အီမိုင်းဆာဖီး ဖြစ်သည်။ သူ့ဌာနတွင်ရှိနေသည့် စာရွက်စာတမ်းများကို လုံခြုံသည့်နေရာသို့ သူပို့သည်။ ဤစာရွက်စာတမ်းမရှိဘဲ ဘယ်လူမျိုး၊ ဘယ်နိုင်ငံ၊ ဘယ်လောက်သေးသည့် မြူနီစီပယ်ရုံးဖြစ်စေ မတည်ရှိနိုင်ဟု သူသိသည်။ ယင်းတို့မှာ အာရပ်မြို့သူမြို့သားတို့၏ ဝင်ငွေခွန်မှတ်တမ်းများ ဖြစ်လေသည်။

ဗြိတိသျှထိန်းသိမ်းရေး၏ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်စတပ်သည် ဂျေရုဆလမ်ရှိ သတင်းထောက်အားလုံးကို ပြန်ကြားရေးရုံးသို့ ခေါ်ကာ ဂျေရုဆလမ်တွင် ဗြိတိသျှအုပ်ချုပ်ရေး မေ (၁၅) တွင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း ကြေညာသည်။ တစ်ဖန် ဗြိတိသျှစစ်သားအနည်းငယ် နောက်တစ်ပတ်အထိ မြို့၌ရှိနေဦးမည်ဟု ရှင်းပြသည်။

စတပ်၏ ကြေညာချက်သည် ပရိယာယ်တစ်ခု ဖြစ်သည်။ ဗြိတိသျှတို့ ထွက်ခွာလျှင် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်ကြမည်မှာ သေချာသည်။ သည်ကြားထဲ ဗြိတိသျှစစ်သားများ ပိတ်မိနေမည် စိုးရိမ်သည်။ သို့ဖြစ်ရာ တပ်မဟာမှူး စီးပီဂျုန်းသည် သူ့တပ်များကို ထိုနေ့ည သန်းခေါင်တွင် အားလုံးဆုတ်ရန် စီစဉ်သည်။ အစစအရာရာ ချောမောလျှင် နောက်တစ်နေ့မနက်တွင် ဂျေရုဆလမ်၌ ဗြိတိသျှစစ်သားတစ်ယောက်မျှ ရှိတော့မည် မဟုတ်။ မနက်တိုင်း သတင်းကြေညာချက် ထုတ်ပြန်နေကျ ပြန်ကြားရေးရုံးတွင် နောက်တစ်နေ့မနက်၌ မည်သူ့ကိုမျှ တွေ့ရတော့မည်မဟုတ်။

စတပ်၏ ကြေညာချက်သည် မြို့သူမြို့သားများ စိတ်ဓာတ်မပျက်ပြားစေရန် ထုတ်ပြန်သည့် ကြေညာချက်တစ်ခုသာ ဖြစ်သည်။ သူတို့တပ်များ ရက်အတန်ကြာ ရှိနေဦးမည်ဆိုသည့် ပရိယာယ်စကားသာ ဖြစ်သည်။ ထို့နေ့မနက်မှာပင် ဗြိတိသျှထိန်းသိမ်းရေးအစိုးရ၏ အတွင်းဝန်ချုပ် ဆာဟင်နရီဂါနေးသည် ကုလသမဂ္ဂမှ ပါဘလို ဒီအက်ဇကာရိတ်အား "နောက်ရက်ပိုင်းမှာ ဘာမှဖြစ်မှာမဟုတ်ဘူး" ဟု ပြုံးရယ်ကာ ပြောကြားသည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ ကိုယ်စားလှယ်သည် စိတ်ချလက်ချပင် အမ်မမ်မြို့သို့ တစ်ညအိပ်ခရီးထွက်သွားသည်။

ဟာဂါနား ဌာနချုပ်ရုံးပေါ်မှ လူနှစ်ယောက် မှန်ပြောင်းတစ်ခုစီဖြင့် တယ်အဗစ်ဆိပ်ကမ်းသို့ လာနေသော အက်စ်အက်စ်ဘိုရီးသင်္ဘောကို စောင့်ကြည့်နေသည်။ ဗြိတိသျှတို့ မဆုတ်ခွာမီ လေးဆယ့်ရှစ်နာရီအလိုတွင် အမြောက်ငါးခု ကျည်ဆန် (၄၈၀၀၀) တင်ဆောင်လာသည့် ထိုသင်္ဘော ဘေးရန်ကင်းစွာ ဆိပ်ကမ်းသို့ ကပ်စေချင်သည်။ ယင်းမှာ ဒေးဗစ်ဘင်ဂူရီယန် ကတိပြုထားသည့် လက်နက်များမှ အချို့အဝက်ဖြစ်သည်။

ရုတ်တရက်ချက်ချင်းပင် တစ်ယောက်က အလန့်တကြား အော်သည်။ သူကား ဂျိုးဆက်အေဗီဒါဖြစ်ပြီး သူ့မှန်ပြောင်းထဲတွင် ဗြိတိသျှ ဖျက်သင်္ဘောတစ်စီး ဘိုရီးဆီသို့

http://mmteashop.com



ခုတ်မောင်းသွားသည်ကို မြင်သောကြောင့် အော်ခြင်း ဖြစ်သည်။ အေဗီဒါက ဖြစ်ပျက်သမျှကို ဌာနချုပ်သို့ သတင်းပို့သည်။ ဗြိတိသျှ အကောက်ခွန်အရာရှိများက ဘိုရီးကို စစ်ဆေးရာ ခရမ်းချဉ်သီးယိုများ၊ အာလူးများနှင့် ကြက်သွန်များကို တွေ့သည်။ ဤတွင် မကျေနပ်သဖြင့် သင်္ဘောကို ထပ်မံစစ်ဆေးရန် ဟိုက်ဖာသို့ မောင်းစေသည်။

အေဗီဒါက ဘိုရီးကပ္ပတိန်ထံ သင်္ဘောသားသုံးယောက် စက်ခန်းသို့သွားပြီး သင်္ဘောစက်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖျက်ကာ သင်္ဘောစက်ပျက်သွားပြီး ဆက်မခုတ်နိုင်ဟုပြောရန် ညွှန်ကြားသည်။ သို့သော်လည်း မအောင်မြင်။ ဗြိတိသျှတို့က သူတို့လက်ထက်တွင် ပါလက်စတိုင်းရှိ ဂျူးတို့လက်သို့ လက်နက်များမရောက်အောင် တားဆီးရန် ဆုံးဖြတ်ထားပြီးဖြစ်ရာ ဗြိတိသျှဖျက်သင်္ဘောတစ်စင်း ဘိုရီးဆီသို့ ခုတ်မောင်းသွားပြီး ကမ်းရိုးတန်းအတိုင်း ဟိုက်ဖာသို့ တွဲခေါ်သွားသည်။

ကဖာအက်ဇီယွန်တွင်လည်း အခြေအနေမကောင်း။ အက်ဘဒူလာတဲ၏ သံချပ်ကာ ကားများသည် ကျန်ရစ်နေသည့် စစ်သားတစ်ရာငါးဆယ်ကို ချေမှုန်းရန် ချီတက်လာနေပြီ ဖြစ်သည်။

အာရပ် ဆဋ္ဌမလီးဂျင်းတပ်မှူး ကပ္ပတိန်မိုဟဲယားသည် သူ၏ သံချပ်ကာ ကားတပ်ကို ဖြန့်၍ ချထားသည်။ လီးဂျင်းတပ်သားများနှင့်အတူ ပစ္စည်းများလုယူရန် လိုက်ပါလာသည့် ရွာသားအပျော်တမ်းတပ်သားများလည်း ပါသည်။ စုပေါင်းမြို့သစ် စခန်းကို ကွက်လပ်မကျန်အောင် လီးဂျင်းတပ်သားများဝိုင်းထားသည်တွင် တစ်ခါတစ်ရံ ကိုယ့်လူချင်းပင် မှား၍ ပစ်ခတ်မိကြသည်။

မနက် (၁၁း၃၀) နာရီတွင် တိုက်ပွဲစသည်။ ဂျူးများက ပြောင်မြောက်စွာ ခုခံသည်။ အလယ်စခန်းတွင် စက်သေနတ်တစ်လက်ကို တစ်နေရာမှ တစ်နေရာသို့ သယ်ကာ ခုခံပစ်ခတ်သည်။ နောက်ဆုံးတွင် ကျည်ဆန်ကုန်လျှင် လက်နက်များကို ချိုးဖျက်ကာ ထွက်ပြေးသွားကြသည်။ ဤသို့ဖြင့် ကဖာအက်ဇီယွန်စခန်း၏ အလယ်ဗဟိုစခန်းသို့ ဝင်သည့် တံခါးပေါက် ပွင့်သွားသည်။

ကွပ်ကဲရေးဌာနမှ တယ်လီဇာဖိယွတ်ဝင်ဂါက ဂျေရုဆလမ်သို့ "အာရပ်တွေ စခန်းထဲ ဝင်လာပြီ" ဟု သတင်းပို့သည်။ တိုသတင်းကြားလျှင် မူလက ကဖာအက်ဇီယွန်မှ ဆုတ်ရန် တိုက်တွန်းခဲ့သည့် ဒေးဗစ်ရှယ်လတီးယယ် မျက်ရည်ကျမိသည်။ ထို့နောက် ရေဒီယိုသတင်းပို့သူ ပိုလန်သူကလေးက "အာရပ်တွေ နေရာအနှံ့ရောက်နေပြီ။ ထောင်ချီပြီး တက်လာကြတယ်။ တောင်ကုန်းတွေပေါ်မှာ အာရပ်တွေ မည်းနေတာပဲ" ဟု ဆက်၍ ပြောသည်။

မိနစ်အနည်းငယ်ကြာလျှင် ကွပ်ကဲရေးဌာန အိမ်ခေါင်မိုးပေါ်တွင် အယ်လီဇာ၏ မည်းမည်းရိပ်ရိပ်သဏ္ဌာန်ကို မြင်ကြရသည်။ သွေးစွန်းနေသော အဝတ်ဖြူတစ်ခုကို ရေဒီယိုအင်တင်နာတွင် ချည်ကာ သူ ဝှေ့ယမ်းနေသည်။ စခန်းထဲမှ စစ်သားများက အယ်လီဇာ၏အလံကို မမြင်သဖြင့် ဆက်သားများ ပြေးထွက်လာကာ လက်နက်ချပြီဟု

http://mmteashop.com



အကြောင်းကြားသည်။ ခဏကြာလျှင် သေနတ်သံရပ်သွားသည်။ ဂျူးမြို့သစ်စခန်းထဲမှ တစ်ယောက်ပြီးတစ်ယောက် ဒယီးဒယိုင်ထွက်လာကြသည်။ အချို့မှာ လက်နက်ချသည့် ဆုံးဖြတ်ချက်ကြောင့် စိတ်လက်ပေါ့ပါးသွားကြဟန်တူသည်။ အခြားသူတို့ စိတ်မချမ်းသာ။ အော့စ်ဝစ်လူသတ်စခန်းမှ မသေဘဲ ကျန်ရစ်ခဲ့သည့် ပိုလန်သူ အချောအလှ ဇီပိုရာရို့ ဆင်ဖဲသည် ကျုကျုပါအောင်ငိုသည်။ ယားကော့အေဒယ်စတိန်းသည် ဆန္ဒပြသည့် အနေဖြင့် ရိုင်ဖယ်ကို ရိုက်ချိုးသည်။

ဌာနချုပ်ရှေ့ ကွက်လပ်ထဲသို့ မသေဘဲ ကျန်ရစ်သူငါးဆယ် ရောက်လာသည်။ သူတို့အထဲတွင် အယ်လီဇာဖီယွတ်ဝင်ဂါလည်း ပါသည်။ သူ၏ ရေဒီယိုသတင်းပို့ခြင်းနှင့် လက်နက်ချအလံလွှင့်ခြင်းတို့သည် ပါလက်စတိုင်းတစ်ခွင်သို့ သမိုင်းပုံပြင်ပမာ ပျံ့နှံ့သွားသည်။ ယားကော့အေဒယ်စတိန်းသည် လွန်ခဲ့သည့် နှစ်ရက်က ဆေးရုံသို့ လိုက်ပို့ခဲ့သည့် သူနာပြု ဆရာမလေးကိုရှာသည်။ သူစိုးရိမ်သလိုပင် သူတို့ပြန်မတွေ့ကြတော့ပေ။ ဆရာမလေး သေဆုံးသွားသည်။ ယစ်ဇက်ဘက်ဆီရာသည် ကဖာအက်ဇီယွန်သို့ သူခေါ်လာခဲ့သည့် ညီအစ်ကိုလေးယောက်နှင့် နှမအစ်မများကို ရှာသည်။ ယင်းတို့အနက် နာဟမ်တစ်ယောက်သာ အသက်ရှင်သည်။

အာရပ်အပျော်တမ်းတပ်သားများက သူတို့ကိုဝိုင်းပြီး "ဒေယာယက်ဆင်" ဟု အော်ကာ ထိုင်ချည်ထချည် လုပ်ခိုင်းသည်။

ရုတ်တရက် ချက်ချင်း စက်သေနတ်သံကြားရသည်။ သူ့ဘေးမှ လူများ လဲကျသွားသည်ကို အေဒယ်စတိန်းမြင်လိုက်ရသည်။ "သွားပြီ သေတော့မှာပဲ" ဟု သူ တွေးမိသည်။ သူ့ရဲဘော်တစ်ယောက်၏ရင်ဘတ်သို့ လုံ့စွပ်တစ်ခုဝင်သွားသည်ကို မြင်လိုက်ရသည်။ သို့နှင့် သူလည်းသေတော့မည့် ယောက်ျား၊ မိန်းမများအကြားမှ ရုန်းထွက်ကာ ခြေဦးတည့်ရာသို့ ပြေးသည်။

မြို့သစ်၏ အစွန်ရှိ စပျစ်ခြံကလေးတွင် နာဟမ်ဘင်ဆီရာ ဝင်ရောက်ခိုလှုံသည်။ ခဏကြာလျှင် ပစ္စည်းလုရန် နောက်ကလိုက်လာသည့် အာရပ်များ၏ အသံကို ကြားရသည်။ သူ ငြိမ်နေသည်။ ညရောက်သည်အထိ ထိုခြံလေးထဲတွင် ခိုလှုံနေမည်။ ထိုစဉ် "ယဟု. . . ဂျူးတွေ" ဟူသော အသံများ ကြားရသည်။ ဆက်တိုက်ပင် သေနတ်သံများ ထွက်ပေါ်လာသည်။

အေဒယ်စတိန်းနှင့် အခြားသုံးယောက်သည် မြို့အစွန် ကျောက်တံတိုင်းပေါ် ကျော်တက်ကာ လျှိုကလေးတစ်ခုထဲသို့ ပြေးဝင်ပုန်းအောင်းသည်။ ချစ်သူများ ချိန်းတွေ့သည့်နေရာ ဖြစ်သည်။ ကျောက်တုံးကြီးများအကြား တိုးဝင်သွားလျှင် အပေါ်က သစ်ကိုင်းများ မိုးထားသည့်နေရာတစ်ခုသို့ ရောက်သွားသည်။ လုံခြုံမှုရှိပြီ။ ချစ်သူတို့ကို နွေးထွေးစွာ ကြိုဆိုသကဲ့သို့ သူတို့ကိုလည်း ထိုနေရာကကြိုဆိုသည်။ သို့သော်လည်း ချက်ချင်းပင် သစ်ကိုင်းတစ်ခုကို ခေါက်သည့်အသံကြားရသည်။ သူတို့အထက်တွင် ပါးရေများ ရှုံ့တွနေပြီး သွားတစ်ချောင်းမျှမရှိသည့် အာရပ်အဘိုးအိုတစ်ယောက်ကို တွေ့ရသည်။

http://mmteashop.com



"မကြောက်နဲ့" ဟု သူကပြောသည်။

ထိုအခိုက်မှာပင် အာရပ်တပ်သားများရောက်လာပြီး အေဒယ်စတိန်းနှင့် ယစ်ဇက်ဘင်ဆီရာတို့ကို ဆွဲထုတ်သွားကာ နံရံတစ်ခုတွင်ရပ်ခိုင်းသည်။ အာရပ်အဘိုးအိုက သူတို့ရှေ့တွင် ကာဆီးရပ်တန့်ပြီး သူ့ကိုယ်နှင့်ကွယ်ထားသည်။ "မင်းတို့ လူတွေ သတ်ခဲ့ပြီးပြီ၊ တော်လောက်ရောပေါ့" ဟု ဆိုသည်။

"တိတ်စမ်း. . . ငြိမ်ငြိမ်မနေရင် ခင်ဗျားကိုပါ သတ်ရလိမ့်မယ်" ဟု အာရပ်တစ်ယောက်က ဆိုသည်။

"ဟင့်အင်း . . . မဖယ်နိုင်ဘူး၊ သူတို့ကို ငါ့အကာအကွယ်ပေးရလိမ့်မယ်" ဟု ဆိုသည်။ ထိုစဉ် လီးဂျင်းတပ်သားနှစ်ယောက်ရောက်လာသည်။ အေဒယ်စတိန်းနှင့် ဘင်ဆီရာတို့ကို ခေါ်ဆောင်သွားစဉ် လှိုဏ်ထဲမှ သေနတ်သံများ ကြားရသည်။ ကျန်ရစ်သူနှစ်ယောက်သေပြီထင်သည်။

စာသင်ကျောင်းတစ်ခု နောက်ဘက်က ကျင်းတစ်ခုထဲသို့ အခြားသူများနှင့်အတူ အယ်လီဇာဖိယွတ်ဝင်ဂါ ပြေးဝင်ခိုလှုံသည်။ သူတို့နောက်သို့ အာရပ်များ လိုက်သွားပြီး စတင်းဂန်းနှင့် ပစ်သည်။ အယ်လီဇာ၏ စူးစူးရှရှအော်သံကြောင့် အပစ်ရပ်ပြီး သူတို့ထဲမှ တစ်ယောက်အယ်လီဇာကို ဆွဲထုတ်သည်။ အာရပ်တွေ ဝိုင်းလာပြီး ဘယ်သူ အရင်အဓမ္မကျင့်မည်ဟု စကားများကြသည်။ နောက်ဆုံးတွင် အာရပ်နှစ်ယောက်က အယ်လီဇာကို မီးခိုးလုံးများထွက်နေသည့် အိမ်များအကြားမှ တောအုပ်တစ်ခုသို့ ခေါ်သွားသည်။ ရောက်လျှင် အဝတ်များကို ဆွဲဆုတ်ကြသည်။

ရုတ်တရက် ချက်ချင်းပင် သေနတ်သံကြားရပြီး အာရပ်နှစ်ယောက် သူ့ခြေထောက်အောက်မှာ ပုံလဲကျသွားသည်ကို အယ်လီဇာတွေ့ရသည်။ အံ့အားသင့်ကာ ခေါင်းမော့ကြည့်လိုက်သည်တွင် အာရပ်လီးဂျင်း အရာရှိတစ်ယောက်နှင့်အတူ သူကိုင်ထားသော စတင်းဂန်းပြောင်းဝမှ မီးခိုးထွက်နေသည်ကို တွေ့လိုက်ရသည်။ လက်ဖတင်နင်နဝပ် ဂျဘာအယ်ဟာမွတ်သည် အိတ်ထဲမှ ပေါင်မုန့်တစ်ပိုင်းကိုထုတ်ပြီး သူ့ကို ပေးသည်။

"ရော့စားလိုက်" အယ်လီဇာ ပေါင်မုန့်ကိုစားသည်။ ထို့နောက် "မင်းကို ငါကယ်တင်လိုက်ပြီ" ဟု ပြောကာ သံချပ်ကာကားသို့ ခေါ်သွားသည်။

သူတို့ထွက်လာသည့်အခါ စုပေါင်းလယ်ယာစခန်းတွင် လုယက်၍ရသည့် ပစ္စည်းများကို ဝေစုခွဲရင်း စကားများရန်ဖြစ်နေကြသည့် အာရပ်ရွာသားများ၏ အသံများကိုသာ ကြားရသည်။ ထိုစခန်းတွင် ပါလမက် တာဝန်ပေးထားသူတို့အနက် အယ်လီဇာတစ်ယောက်သာ အသက်ရှင်ကျန်ရစ်သည်။ မေဂျာတဲ စတင်တိုက်ခိုက်သည့်အခါ ကိုလိုနီတွင် နေထိုင်ကြသူ ရှစ်ဆ[illegible]စ်ယောက် ရှိသည်။ ယင်းတို့အနက် သုံးယောက်သာ မသေမပျောက် ကျန်ရစ်သ[illegible]၊ ယားကော့အေဒယ်စတိန်း နာဟမ်နှင့် ယစ်ဇက်ဘင်ဆီရာတို့ ဖြစ်သည်။

http://mmteashop.com



အမ်မမ်မြို့တွင် ဝင်ထွက်သည့် အာရပ်လီးဂျင်းတပ်သားများကို အာရပ်တပ်များက လက်များ ဝှေ့ယမ်း နှုတ်ဆက်ကြသည်။ ဒုတိယတပ်ရင်းမှ လက်ထောက်တပ်ရင်းမှူး အလီအဘိုနုဝါ၏ စိတ်ထဲတွင် "တို့အပေါ် မျှော်လင့်ချက်ထားနေကြပါလား" ဟူ၍ ဖြစ်ပေါ်မိသည်။ "ပါလက်စတိုင်း ညီနောင်များကို တို့ကယ်တင်မည်" ဟူသော စိတ်ထားမျိုး တပ်စုမှူးယွတ်ဆက်ဂျယ်ရီးတွင် ဖြစ်ပေါ်မိသည်။ သူတို့သည် မင်္ဂလာဆောင်တစ်ခုသို့ သွားရောက်ချီးမြှင့်မည့်သူများနှင့်လည်း တူလေသည်။

အာရပ်တပ်မတော် ပူးတွဲစစ်ဌာနချုပ်တွင်မူ တက်တက်ကြွကြွမရှိ။ အက်ဇမ်ပါရှားက ' အားလုံး စိတ်ရှုပ်ထွေးနေကြသည်' ဟု မှတ်တမ်းတင်သည်။ အီဂျစ်မှ စေလွှတ်သည့် တပ်မဟာမှူးများသည် စိတ်ကူး ကြည်ကြည်လင်လင် မရှိ။ သူတို့၏ အီဂျစ်တပ်သားများ ဘယ်လိုစစ်ဆင်ရမည်ကိုပင် မှန်းဆမတတ်ပေ။ အီရတ်တို့ကမူ တပ်များ လုံးဝမပို့။

မေ (၁၃) တွင် ဒမတ်စကတ်ရှိ ဗိုလ်ချုပ်ဆဝတ်ပါရှားထံမှ သံကြိုးတစ်စောင် ရောက်လာသည်။ "သဘောတူညီထားသည့် စစ်ဆင်ရေး စီမံချက်အကျဉ်းသည် ဆုံးရှုံးမည့် လမ်းသို့ဆိုက်မည် ဖြစ်ရကား ကျွန်တော်၏ နှုတ်ထွက်လွှာကို တင်သွင်းပါသည်"ဟု သံကြိုးက ဆိုသည်။ ထိုအခါ ပို၍ ရှုပ်ထွေးသွားသည်။ အဇမ်ပါရှားက သူ့နေရာတွင် ဆလာဒင်၏ ဗိုလ်ချုပ်များထဲမှ ကဒ်လူမျိုး နာရိတ်ဒင်မာမွတ်ကို အစားထိုး ခန့်ထားလိုက်သည်။

အခြား ဗြိတိသျှတို့ အဖို့ကား နောက်တစ်နေ့မနက် တာဝန်ပြီးဆုံးတော့မည်ဖြစ်၍ အထုပ်အပိုး ပြင်နေကြသည်။ ဂျေရုဆလမ်မြို့ထဲက ဈေးများတွင် ဗြိတိသျှစစ်သားများသည် အမှတ်တရပစ္စည်းများ လိုက်လံဝယ်ယူနေကြသည်။ ကာနယ်ဂျက်အချီသည် ကော်ဇောနှစ်ခုကို မျက်စိကျနေသည်။ ပေါင်တစ်ရာတောင်းနေသည့် ဈေးသည်လက်ထဲသို့ ဆယ်ပေါင်တန်လေးရွက် အတင်းထည့်ကာ "ရတုန်းယူထား၊ နက်ဖြန်ဆိုရင် ဂျူးတွေ ရောက်လာပြီး အလကား ယူသွားလိမ့်မယ်" ဟု ပြောကာ ကော်ဇာနှစ်ခုကို ယူခဲ့သည်။

ဗြိတိသျှစစ်သားများမှာ ဆုံးဖြတ်ချက်တစ်ခု ချရတော့မည်။ သူတို့ဖြစ်ရပ်မှာ ရိုးနေပြီ။ ရောက်သည့် အရပ်တွင် ချစ်ကြိုက်သည့် ရည်းစားကလေးများကို သည်အတိုင်း ပစ်ထားခဲ့ရမည်လား။ သို့မဟုတ် ရောက်ရာအရပ်မှာ နေခဲ့ပြီး ဘဝသစ်ထူထောင်ရမည်လား။ သူတို့အထဲတွင် မိုက်စကော့ကား တွေဝေ၍မနေ။ အိမ်ပြန်ကြရတော့မည်ဆိုလျှင် ဟာဂါနားတပ်ဖွဲ့မှ ဗီဗီယန်ဟားဇော့ လက်အောက်တွင် အမှုထမ်းရန် ဆုံးဖြတ်လိုက်သည်။ သူနှင့်အတူ တစ်စုံတစ်ခု ယူခဲ့ရမည်လားဟု မေးသည်။ ဟားဇော့က ဟာဂါနားအတွက် အမြောက်တစ်လက် ယူခဲ့ရန် သိမ်မွေ့စွာပင် အကြံပြုသည်။

သို့နှင့် မေ (၁၃) နေ့လယ်ခင်းတွင် မေဂျာ မိုက်စကော့သည် ဝန်ချီစက်တစ်ခု ထရပ်ကားတစ်စီးနှင့် ဗြိတိသျှစစ်သားသုံးယောက်တို့ကို ခေါ်ကာ ဟိုက်ဖာစစ်လက်နက်ဌာနသို့ ရောက်သွားသည်။ ဂျေရုဆလမ်တပ်တွင် ရမ်မဲလား အပြင်ဘက်၌ အမြောက်

http://mmteashop.com



တစ်ခု လမ်းချော်ပြီး ကားတိုက်ခံရသဖြင့် ပျက်စီးသွားသည်။ တပ်များ ဆုတ်ခွာနေစဉ် အရေးပေါ် အသုံးလိုချင်လိုမည်ဖြစ်၍ တစ်ခု ခဏအစားလိုချင်သည်ဟု တပ်မှူးအား တောင်းဆိုသည်။

"မင်းဘာသာမင်း ကြည့်ပြီး ယူသွားလေ"ဟု အမြောက်ထားရာဘက်သို့ လက်ညှိုးညွှန်ကာ ဗိုလ်ချုပ်က ခွင့်ပြုသည်။ ဟာဂါနားအတွက် ပထမဆုံး စစ်မြေပြင်သုံး အမြောက်တစ်ခု ရလာခဲ့သည်။

ဗြိတိသျှစစ်သားများ ပါလက်စတိုင်းတွင် နေရစ်ခဲ့ရန် ဘယ်အမျိုးသမီး၏ ဆန္ဒမျှမပါ။ သူတို့ဘာသာ သူတို့ ဆုံးဖြတ်ခြင်း ဖြစ်သည်။ ပါလက်စတိုင်းတွင် တာဝန်ထမ်းဆောင်ရန် ရောက်လာကြသည့် ဗြိတိသျှစစ်သားများသည် သံယောဇဉ်များ ဖြစ်လာပြီး ခင်တွယ်ရာဘက်သို့ ရောက်သွားကြသည်။ အရပ်ဝတ်များဝတ်ဆင်ထားသည့် ဗြိတိသျှစစ်သားသုံးယောက်သည် အာရပ်ခေါင်းဆောင် အင်တွိုင်းဆာဘဲလား၏ အိမ်သို့ ဝင်သွားပြီး အာရပ်တို့ဘက်က အမှုထမ်းရန် သူတို့ကိုယ်သူတို့ အပ်နှင်းသည်။

ညရောက်လျှင် ဟာဂါနားတပ်ဖွဲ့သည် ဗြိတိသျှ တပ်မတော်စခန်းများအားလုံးကို ဝင်၍ စီးလျက်သားဖြစ်နေပြီ။ ဇီယွန်တံခါးပတ်လည်ရပ်ကွက်များ၊ အာမေနီယန်ရပ်ကွက် အချက်အချာဒေသများတွင် ဟာဂါနားတပ်ဖွဲ့တို့ နေရာယူပြီး ဖြစ်သည်။ ဤသို့ဖြင့် ဂျေရုဆလမ် မြို့သိမ်း ပထမတိုက်ပွဲလေးများတွင် အင်အားမရှိသေးသော ဂျူးတို့ ပထမအောင်ပွဲခံစ ပြုလေသည်။

ရှနဲလားကျောင်းတွင် ခိုလှုံနေသော ယိုဆက်နေဗိုသည် ဂျေရုဆလမ်မှ ဗြိတိသျှတို့ ဆုတ်ခွာသည်ကို အားရဝမ်းသာ ကြိုဆိုသည်။ သူ့ယောက္ခမကြီးအတွက် စိတ်အေးရပြီ။ အဘွားကြီးသည် အာရပ်ပိတ်ဆို့ထားသည့်နေရာကို ဖြတ်ကျော်ရန် ပါလမက်ကွန်ဗွိုင်းတစ်ခုနှင့်အတူ ပင်လယ်ဆိပ်ကမ်းဘက်သို့ ထွက်ခွာသွားသည်။ ကွန်ဗွိုင်းထွက်သွားလျှင် နေဗိုနှင့် နာအိုမီတို့ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ထားလိုက်ကြသည်။ "တို့ ဒီည အိမ်ပြောင်းလာမယ်နော်" ဟု နေဗိုက ပြောသည်။

မိန်းမတို့၏ သဘာဝတစ်ခုက နာအိုမီကို ရုတ်တရက် ဟန့်တားလိုက်သည်။ "ဟင့်အင်းကွယ်၊ ဒီညတော့ မလာခဲ့နဲ့၊ နက်ဖြန်မှ ပြောင်းလာနော်၊ နက်ဖြန်မနက်ဆယ်နာရီ ကဖေးအက်တာရာမှာ ဆုံကြမယ်"ဟု နာအိုမီက ဆိုသည်။

ကဗာအက်ဇီယွန် တောင်ကုန်းဒေသတွင် ငြိမ်သက်သွားသည်။ အရန်မြို့ငယ်လေးများဖြစ်သည့် မတ်ဆိုး၊ အိန်ဆူရင်နှင့် ရီဗာဒင်တို့နှင့် အဆက်ပြတ်သွားသည်။ ယခုမူ လက်နက်အနည်းငယ်ဖြင့်သာ ကိုယ့်မြို့ကိုယ့်ရွာကို ကာကွယ်နေရပြီး ပြင်ပအကူအညီကို စောင့်မျှော်နေကြသည်။

ထို အရန်မြို့ငယ်ရွာငယ်များကို ဝင်ရောက်သိမ်းပိုက်မည့်သူများမှာ မေဖျာတဲ၏ လူများ မဖြစ်နိုင်။ ဗြိတိသျှ အုပ်ချုပ်မှုကာလမကုန်ဆုံးမီကပင် တဲသည် သူ့တပ်များကို

http://mmteashop.com



ဂျော်ဒန်မြစ် တစ်ဖက်ကမ်းသို့ ဆုတ်ခွာစေပြီး ဂျယ်ရီကိုတွင် စခန်းချထားသည်။ အရန်မြို့များကို စောင့်ကြပ်ရန် အာရပ်အပျော်တမ်းတပ်ဖွဲ့များအား တာဝန်ပေးထားသည်။

တာဝန်များ အသားမကျမီ ကဖာအက်ဇီယွန်သို့ အာရပ်ရွာသားများ ထောင်ချီပြီး ရောက်သွားကြသည်။ ရနိုင်သမျှ ပစ္စည်းများကို ထရပ်ကားများပေါ် တင်ဆောင်သယ်ယူကြသည်။

ပစ္စည်းသယ်ယူသည့် လုပ်ငန်းပြီးဆုံးလျှင် ဟတ်ချ်အာမင်က သူ့လက်ထောက် အက်ဘဒူလင်ရှာလပ်အား ကဖာအက်ဇီယွန်၏ အရန်မြို့သုံးခုကို တစ်စမကျန်ဖျက်ဆီးရန် တာဝန်ပေးသည်။ လက်စားချေမခံနိုင်သည့် အိန်ဆူရင်စခန်းက ရှယ်လတီးယယ်၏ ဌာနချုပ်သို့ အသိပေးကာ ညတွင်ဝိုင်းထားသည့် အာရပ်တို့ကို ဖောက်ထွင်းကာ ဂျေရုဆလမ်သို့ ခြေလျင်လျှောက်သွားရန် ဆုံးဖြတ်သည်။

ရှယ်လတီးယယ်က နေမြဲနေရန် တောင်းပန်သည်။ သို့မဟုတ်လျှင် လူသတ်ပွဲ တစ်ခု ထပ်မံဖြစ်ပွားဦးမည်။ ထို့နောက် အချိန်ယူကာ ကြက်ခြေနီအဖွဲ့ ကြားဝင်ရန် ရှယ်လတီးယယ် စီစဉ်သည်။ ဘယ်လ်ဂျီယမ်၊ ပြင်သစ်နှင့် အမေရိကန် ကောင်စစ်ဝန်တို့ကိုလည်း ဝင်ရောက်ကယ်တင်ရန် အကြောင်းကြားသည်။

ဤသို့ဖြင့် ဂျက်ဖာတံခါးသို့ ဆာအက်ဒမန်အယ်လင်ဘီ ဝင်ရောက်ခဲ့သည့် ဗြိတိသျှအုပ်ချုပ်ရေးသည် နှစ်ပေါင်းသုံးဆယ်၊ ငါးလနှင့် လေးရက်အကြာတွင် ပါလက်စတိုင်းတွင် အဆုံးသတ်မည့် နောက်ဆုံးညနေခင်းသို့ ရောက်လာသည်။

ဗြိတိသျှများသည် သူ့နည်းနှင့်သူ နှုတ်ဆက်ပွဲများ ကျင်းပသည်။ ဂျူးလိုလားသူများက ဂျူးတို့ ဆက်ခံရေးကို လမ်းဖွင့်ပေးသည်။ ဂိုးရှမစ်၏ ဘော်ဒါခန်းသို့ ဗိဗီယန် ဟားဇော့၏ လက်အောက်၌ အမှုထမ်းခဲ့ကြသည့် ဗြိတိသျှစစ်သားများ စုဝေးရောက်ရှိလာကြသည်။ သူတို့ကို ဟားဇော့က "နောက်ဆုံးညစာ" ဖြင့် တည်ခင်းဧည့်ခံသည်။

ထိုစဉ် အာရပ်တို့ တာဝန်ယူလွှင့်ထုတ်သည့် ပါလက်စတိုင်း ရေဒီယိုက ညကိုးနာရီတွင် ဗြိတိသျှအုပ်ချုပ်ရေး၏ အရေးကြီးသော သတင်းကြေညာချက်ကို စောင့်မျှော်နားဆင်ရန် သတိပေးနှိုးဆော်သည်။ ခပ်ကြောင်ကြောင် သတင်းစာဆရာအနည်းငယ်ကမူ ဗြိတိသျှတို့ ဆုတ်ခွာမည်မဟုတ်ကြောင်း သတင်းကြေညာလိမ့်မည်ဟု ဆိုသည်။

ဘုရင်ဒေးဗစ်ဟိုတယ်တွင် အစိုးရအရာရှိကြီးများ စုဝေးကြသည်။ ဝမ်းနည်းစရာကောင်းသည့် ညချမ်း ဖြစ်သည်။ အီတလီဆေးရုံတွင် ဗြိတိသျှအရာရှိ ထမင်းစားခန်း၌ တာဝန်ရှိသူ တပ်ကြပ်ကြီးက နောက်ဆုံး သိုးသားဘူးကို ဖောက်ကာ ဗိသုကာဒင်ဘင်ဒေါက်၏ ခွေးကို ကျွေးသည်။

"အဲဒါနောက်ဆုံး သိုးသားဘူးပဲ၊ ဒီည တို့သွားတော့မယ်" ဟု တပ်ကြပ်ကြီးက ဆိုသည်။

"ဘယ်အချိန်လဲ" ဘင်ဒေါက မေးသည်။

http://mmteashop.com



"ဆယ့်နှစ်နာရီခွဲ" ဟု ထမင်းချက်က ဖြေသည်။ နာရီဝက်အကြာတွင် ဘင်ဒေါ၏ စေ့ဆော်ချက်အရ ဟာဂါနားသည် ဆေးရုံဝန်းကျင်တွင် အသင့်နေရာယူထားသည်။

အစိုးရအိမ်တော်ကြီး၏ ထမင်းစားခန်းမတွင် ဆာအယ်လင်တန်ကန်နင်ဟမ်၏ နှုတ်ဆက်ထမင်းစားပွဲ ကျင်းပနေသည်။ တောင်ပေါ်သားခြေလျင်တပ်ရင်း၏ ဂီတအဖွဲ့က တေးဂီတကို ငြိမ့်ငြောင်းသာယာစွာ တီးမှုတ်နေသည်။ ဂုဏ်ထူးဘွဲ့ထူး အဆောင်အယောင်တံဆိပ်များ တပ်ဆင်ထားသည့် အရာရှိကြီးများသည် ငြိမ့်ငြောင်းသည့် ဂီတကြောင့် စိတ်လက်ပေါ့ပါးလျက် ရှိပြီး အချင်းချင်း စကားစမြည် ပြောဆိုနေကြသည်မှာ ပါလက်စတိုင်းတွင် သူတို့ ကြာရှည်ကြာမျော နေသွားတော့မည့် သဏ္ဌာန်မျိုးပေါ်လွင်နေသည်။

ကိုးနာရီမထိုးမီ မိနစ်အနည်းငယ် အလိုတွင် ရိုးစရှိုက် ကားနက်ကြီးတစ်စီးသည် သံချပ်ကာ ကားနှစ်စီး ခြံရံပြီး ပါလက်စတိုင်းအသံလွှင့်ဌာနသို့ ရောက်လာသည်။ အသံလွှင့်ဌာန မန်နေဂျာရာဂျီဆေယွန်သည် ရုံးခန်းပြတင်းမှ ပြူကြည့်ပြီး အရေးကြီးသည့် ကြေညာချက်တစ်ခု ပြည်သူများသို့ ပြောကြားမည့် ပုဂ္ဂိုလ်ရောက်လာပြီဟု နားလည်လိုက်သည်။

နီရဲသော မျက်နှာတွင် မှုန်တေတေအမူအရာဖြင့် ဆာအယ်လင်တန်ကန်နင်ဟမ် ကားပေါ်မှဆင်းသည်။ အာရပ်မန်နေဂျာသည် သူ့ကို စတူဒီယိုအေသို့ ခေါ်ဆောင်သွားသည်။ ကိုးနာရီတိတိရှိလျှင် အာရပ်စစ်ချီသီချင်းသံ ရပ်သွားပြီး ဗြိတိသျှမဟာမင်းကြီးက အရေးကြီးသည့် ကြေညာချက်တစ်ခုကို ပြောကြားပါလိမ့်မည်ဟု ကြေညာသည်။ မန်နေဂျာက လက်ညှိုးညွှန်ကာ စကားပြောနိုင်ပြီဖြစ်ကြောင်း အရိပ်ပြသည်။

ဆာအယ်လင်၏ လည်ချောင်းသံသည် စိတ်လှုပ်ရှားသဖြင့် ဆို့ဆို့ကျပ်ကျပ်ဖြစ်နေသည်ဟု ပထမဆုံး စကားလုံးများကို ကြားရသည့် အသံလွှင့်ဌာန မန်နေဂျာ ဆေယွန်ထင်မိသည်။ ဗြိတိသျှမဟာမင်းကြီးသည် ပါလက်စတိုင်းပြည်သူတို့အား နှုတ်ဆက်စကားပြောသည်ဟုလည်း ဆေယွန်ထင်သည်။ သူ့မိန့်ခွန်းမှာ တိုပြီး ဝမ်းနည်းသံပါသည်။ ပြီးလျှင် အသံလွှင့်ခန်းထဲမှ ထွက်လာသည်ကို အမှုထမ်းများ စကားတစ်ခွန်းမျှ မပြောဘဲ စောင့်ကြည့်နေကြသည်။

ဆေယွန်က "အာရပ်ဘာသာစကားဖြင့် တစ်ခုခုများ ပြောလိုပါသလား" ဟု ရိုသေစွာ မေးသည်။

"မပြောတော့ဘူး" မဟာမင်းကြီးသည် တိုးတိုးပဲ ပြန်ပြောသည်။ ထို့နောက် "ဘုရားသခင် ဘုရင်မင်းမြတ်ကို စောင့်ရှောက်တော်မူပါ ခေတ်ပြားဖွင့်ပါလား။ အဲဒီဆုတောင်းသံကို ခင်ဗျားတို့ နောက်ဆုံးဖွင့်ရဖို့ပဲ" ဟု ဆိုသည်။

တယ်အဗစ်တွင် ဒေးဗစ်ဘင်ဂူရီယန်သည် ညဦးနက်သည်အထိ စာကြည့်ခန်းထဲတွင် အလုပ်လုပ်သည်။ သူ့ရှေ့စားပွဲပေါ်တွင် မကြာမီ ကမ္ဘာသို့ ကြေညာချက် အပြည့်

http://mmteashop.com



အစုံ ရှိသည်။ ထိုကြေညာချက်မှာ ဆာအယ်လင်ကန်နင်ဟမ် ထွက်ခွာသွားသဖြင့် လစ်လပ်ကျန်ရစ်ခဲ့သည့် အစိုးရအာဏာကို အာဏာပိုင်အသစ်က ဝင်ရောက်နေရာယူတော့မည်ဖြစ်ကြောင်း ကြေညာချက် ဖြစ်သည်။ ယင်းသည်ပင် ဂျူးနိုင်ငံသစ် ထူထောင်သည့် တရားဝင် ကြေညာချက်၏ မူကြမ်း ဖြစ်လေသည်။

○○○

http://mmteashop.com



## အပိုင်း (၃၀)

## အိုင်ယာလမ်၏ ပဥ္စမနေ့

လမ်းဘေးသံဆူးကြိုး ကြိုးတန်းများအနီးတွင် လူနှစ်ယောက် စကားပြောနေကြသည်။ တစ်ယောက်မှာ ဆီဗင်ဂရက်မှ ဗြိတိသျှအရာရှိတစ်ယောက် ဖြစ်သည်။ နောက်တစ်ယောက်မှာ ပုလိပ်အရာရှိဟောင်းတစ်ယောက်ဖြစ်ပြီး ဗြိတိသျှတို့ ဆုတ်ခွာလျှင် သူတို့စခန်းများတွင် ဝင်ရောက်နေရာယူရန် ဒေးဗစ်ရှယ်လတီးယယ်က တာဝန်ပေးထားသူဖြစ်သည်။

"ကျွန်တော်သွားတော့မယ် ဂွတ်လပ်" ဟု အရာရှိက နှုတ်ဆက်သည်။

အေရီယေးရှားက သူ့ကို ခဏတားထားသည်။ "နေပါဦး ကျေးဇူးတင်တဲ့အနေနဲ့ ခင်ဗျားကို လက်ဆောင်တစ်ခု ပေးပါရစေ။ ဂျေရုဆလမ်မှာရှိတဲ့ ဂျူးတွေ အသတ်မခံရအောင် ခင်ဗျားကူညီခဲ့ပါတယ်"။ ဟာဂါနားအဖွဲ့ဝင် "ရှား"က ရွှေနာရီတစ်ခု လက်ဆောင်ပေးသည်။ အင်္ဂလိပ်၏နာမည်ကို ရေးထိုးထားသည်။ နေ့ရက်လည်းပါသည်။ "အိတ်ချ်ထံမှ ကျေးဇူးတင်လျက်" ဟူသော စာတန်းတစ်ခု ရေးထိုးထားသည်။

"ရှား"သည် လက်ဆွဲနှုတ်ဆက်ပြီး သူ့ဌာနချုပ်သို့ ပြန်လာခဲ့သည်။ ဌာနချုပ်တွင် အချင်းချင်း ဆက်သွယ်နိုင်သည့် တယ်လီဖုန်း စနစ်တစ်ခု တပ်ဆင်ထားသည်။ ဂျေရုဆလမ်မြို့လယ် အိမ်ခေါင်မိုးများပေါ်မှ ကင်းတပ်ဖွဲ့ဝင်များနှင့်လည်း စကားပြောနိုင်သည်။ ဆီဗင်ဂရက်ပတ်လည်ရှိ အိမ်ခန်းများတွင် စောင့်နေကြသည့် တပ်သားများနှင့်လည်း ဆက်သွယ်နိုင်သည်။ ဗြိတိသျှစစ်တပ်သုံး သံဆူးကြိုးဖြတ်သည့် ကိရိယာရာပေါင်းများစွာလှောင်ထားသည့် ကုန်သည်တစ်ယောက်နှင့် သွားတွေ့ရာ လိုလိုမည်မည် တစ်ခုနှစ်သျှိလင်နှုန်းဖြင့် ဝယ်ထားလိုက်သည်။ ဘီဗင်ဂရက်ကို ကာရံထားသည့် သံဆူးကြိုး တောကြီးကို ဖြတ်ရာ၌ အသုံးဝင်မည် သေချာသည်။ "ရှား"သည် အလွန်စေ့စပ် သေချာသူ ဖြစ်သည်။

ယခုမူ ရှား၏အစီအစဉ်များ အကောင်အထည်ပေါ်လာပြီ။ ခလုတ်ခုံတစ်ခုတွင် မီးသီးတစ်ခု လင်းလာသည်။ အိမ်ခေါင်မိုးများပေါ်မှ ဆက်သွယ်ခြင်း ဖြစ်သည်။ စာတိုက်ကြီးမှ ဗြိတိသျှတပ်သားများ ဆုတ်ခွာသည်ကို သတင်းပို့သည်။ "ရှား"က နာရီကိုကြည့်သည်။ အင်္ဂလိပ်မိတ်ဆွေ၏စကားသည် တိကျမှန်ကန်သည်။ ယခု လေးနာရီထိုးပြီ။

http://mmteashop.com



နော်တာဒမ်နှင့် ဘီဗင်ဂရက်တို့တွင် လည်းကောင်း၊ အယ်လင်ဘီစစ်တန်းလျားများနှင့် အယ်အယ်လာမိန်း စစ်တန်းလျားများတွင် လည်းကောင်း၊ ဆီးပွဲကောင်ဆယ်တောင်ကုန်းနှင့် လူသူမရှိသော ဘုရင်ဒေးဗစ်ဟိုတယ်တို့တွင်လည်းကောင်း ပထမဆုံးနေရောင် ပြူထွက်လာသည်နှင့် ဗြိတိသျှတပ်သားများသည် ထွက်ခွာရန် ပြင်ဆင်ကြသည်။ စစ်သားများသည် အိတ်များကို ကားများပေါ် ပစ်တင်ကြသည်။ အရပ်သား ဗြိတိသျှများသည် အထုပ်အပိုး ပြင်ကြသည်။ အမှတ်တရပစ္စည်းများ သိမ်းဆည်းကြသည်။ တစ်မြို့လုံး ကားသံများ ဆူညံနေသည်။

တပ်မဟာမှူး စီပီဂျုန်းသည် ဆက်သွယ်ရေးအရာရှိများအတွက် စကားဝှက် တစ်ခု ရွေးပေးသည်။ (၁၉၄၈) မေ (၁၄) ရက် မနက်ခင်းအတွက် စကားဝှက်မှာ 'ကော့' (Code) ဖြစ်သည်။

မနက်ခုနစ်နာရီတွင် တပ်များအားလုံး အသင့်ဖြစ်နေပြီ။ ဇီယွန်တောင်ကုန်းပေါ်မှ ဆပ်ဖော့တပ်ရင်း ဆင်းလာသည်။ တောင်ပေါ်သားတပ်ရင်းသည် အိတ်ပုလွေများ သယ်ဆောင်ကာ နော်တာဒမ် အဆောက်အအုံသို့ ချီတက်သွားကြသည်။ ကပ္ပတိန်မိုက်ကယ်နေလာလေးလင်းသည် ပထမ သံချပ်ကာကားတပ်ဖွဲ့ကို ရှေ့ဆောင်ကာ ဗြိတိသျှ ဇုန်နှင့် ဂျေရုဆလမ် အရပ်သားများအား စည်းခြားထားသည့် သံဆူးကြိုးများ အကြားရှိ လမ်းအတိုင်း ချီတက်လာသည်။ မြို့ထဲသို့ ဝင်လာလျှင် နေလာလေးလင်းက ဝမ်းနည်းစွာ မှတ်ချက်စကားတစ်ခွန်းဆိုသည်။ "ကျွန်တော်တို့ကို ထွက်ကြည့်မယ့်သူတောင် မရှိဘူး"

ဗြိတိသျှတို့၏ စိတ်ထဲတွင် အပေါ့ပါးကြီး ပေါ့ပါးသွားသည်။ သူတို့သည် နှစ်ဖက်အသင်းအကြား အကန်ခံနေရသည့် ဘောလုံးနှင့် တူသည်ဟု ခံစားကြရသည်။ ယခု လွတ်လပ်သွားပြီ။

မေဂျာဒင်ဘိုနာသည် (၁၉၁၈) မေလ တစ်နံနက်ခင်းတွင် စစ်ထဲဝင်သူ ဖြစ်သည်။ ယခု စစ်မှုထမ်းသက် သုံးဆယ်ရှိပြီ။ ယခု နောက်ဆုံးစစ်မှုထမ်းခြင်း ဖြစ်သည်ဟု သူ မျှော်လင့်ထားသည်။ ထိုနေ့က ဆွမ်မီးတိုက်ပွဲအပြီးတွင် ပြင်သစ်မြေပေါ်၌ ဒေါဒင်ဖင့်၌ ယူနီယံဂျက်အလံကို သူကိုယ်တိုင် လွှင့်တင်ခဲ့သည်။ ယခုမူ ဂျေရုဆလမ်တွင် ယူနီယံဂျက်အလံကို အလံတိုင်မှ ချရန် သူ တာဝန်ယူရသည်။

ဂျင်နရယ်ဂျုန်းသည် အစိုးရအိမ်တော်ထဲဝင်ကာ ဘာများကျန်ရစ်သေးသလဲဟု ရှာဖွေသည်။ ဆာအယ်လင် စစ်ရုံးခန်းတွင် စားပွဲပေါ်၌ ဘာတစ်ခုမျှမရှိ။ ပင်အပ်တစ်ချောင်းပင် မတွေ့ရ။ လူနေသည့် အဆောက်အအုံမှ ဟုတ်ပါလေရဲ့လားဟု အောက်မေ့မိသည်။

တရားသူကြီးချုပ် ဆာဝီလျံဖစ်ဂျရယ်သည် ဂျေရုဆလမ်မြို့ အစွန်လမ်း အကွေ့တွင် ပါလက်စတိုင်းတစ်ယောက် မြည်းစီးကာ ဘက်သယ်ဟမ်ဆီသို့ သွားနေသည်ကို တွေ့ရသည်။ သူတို့ ဆုတ်ခွာလာသည်ကို ခေါင်းမော်၍ ကြည့်ဖော်ပင်မရ။ ကားပြတင်းမှ

http://mmteashop.com



ကြည့်ရင်း "တို့တပ်တွေ အနှစ်သုံးဆယ်အတွင်း ဘာအပြောင်းအလဲတစ်ခု မှတ်မှတ်ရရ လုပ်ပေးနိုင်ခဲ့သလဲ" ဟု သူ့ကိုယ်သူ မေးမိသည်။

သူတို့သာ ဆုတ်ခွာနေကြသည်မဟုတ်။ အခြားသူများလည်း ထိုအရပ်ကို စွန့်ခွာနေကြသည်။ ဆာအယ်လင်ကန်နင်ဟမ်သည် လွန်ခဲ့သည့် နာရီပိုင်းတွင် ရေဒီယိုမှ နှုတ်ဆက်စကားဆိုသည်။ ထို့နောက် ရာဂျီဆေယွန်သည်"ပါလက်စတိုင်း သက်တော်ရာကျော် ရှည်ပါစေ" ဟု ဟစ်ကြွေးကာ သူလည်း အသံလွှင့်ရုံဌာနမှ ထွက်ခွာသည်။

မြို့တော်မှ ထွက်ခွာလာခဲ့ပြီးနောက် ရှိတ်ဂျာရားကုန်းမြင့်မှ နောက်ပြန်လှည့်ကြည့်သည်။ သူမြင်ရသည့် မြင်ကွင်းမှာ နိမိတ်မကောင်း။ သူရုံးထိုင်ခဲ့သည့် ပါလက်စတိုင်း အသံလွှင့်ဌာန၌ အပြာနှင့် အဖြူရောင် ဇီယွန်အလံတစ်ခု လေတွင်လွင့်နေသည်ကို သူ မြင်ရသည်။

ဘီဗင်ဂရက်စခန်းတွင်းသို့ အေရီယေးရှား၏ စစ်သားများ ပထမအသုတ် ချီတက်သွားကြသည်။

မနက်ရှစ်နာရီတွင် "ရှား"၏ ပထမတပ်ဖွဲ့များသည် ဘီဗင်ဂရက် အနောက်မြောက်ဖျားမှ စတင်ဝင်ရောက်သည်။ ဗြိတိသျှတပ်သားများအားလုံး မဆုတ်ခွာမီမှာပင် "ရှား" ၏ တပ်ဖွဲ့ဝင်များသည် အနောက်မြောက်ဘက် အဆောက်အအုံများကို သိမ်းမိနေပြီ။

စာတိုက်ကြီးထဲသို့ ဝင်ရောက်တပ်စွဲခဲ့သည့် "ရှား"၏ တပ်သားလေးဆယ်သည် တယ်လီဖုန်းများမှတစ်ဆင့် အာရပ်များကို ခြိမ်းခြောက်သည်။ အဆောက်အအုံတစ်ခု သိမ်းပိုက်ပြီးတိုင်း တပ်သားတစ်ယောက်က တယ်လီဖုန်းဖြင့် "ရှား"ထံသို့ "ခင်ဗျားစာရင်းထဲက ဖျက်လိုက်တော့" ဟု သတင်းပို့သည်။

ဂျေရုဆလင်၏ တခြားနေရာများတွင် ဒေးဗစ်ရှယ်လတီးယယ်၏ စစ်ဆင်ရေး စတင်သည်။ ဟဇ္ဇဘာဒရက် အဆောက်အအုံ ဌာနချုပ် ခေါင်မိုးပေါ်မှတစ်ဆင့် ရှယ်လတီးယယ်၏ ထောက်လှမ်းရေးအရာရှိ ယစ်ဇက်လယ်ဗီသို ဟိုက်ဖာဆီသို့ ဆုတ်ခွာသွားသော ဗြိတိသျှတပ်များကို မျက်ခြည်မပြတ် စောင့်ကြည့်သည်။ စကိုးပတ်တောင်ကုန်းကို ဗြိတိသျှတို့ ကျော်သွားလျှင် မီးရှို့ယာရင် လမ်းများတွင်ရှိသည့် သူ့တပ်သားများကို စတင်တိုက်ခိုက်ခိုင်းသည်။ တိုက်ပွဲများမှာ လျင်မြန်သည်။ ခဏအတွင်းမှာပင် ပါလက်စတိုင်း ပုလိပ်သင်တန်းကျောင်း အဆောက်အအုံများနှင့် ရှိတ်ဂျာရားတို့ကို သိမ်းပိုက်မိသည်။ ကိုးနာရီလောက်တွင် တပ်စွဲထားသူတို့နှင့် ကူးသန်းသွားလာနိုင်သည်အထိ အဆက်အသွယ်ရသည်။

တောင်ဘက်တွင် အက်ဗရမ်အူဇေလီသည် အယ်လင်ဘီစစ်တန်းလျားများကို ဝင်ရောက်သိမ်းပိုက်သည်။ ဟာဂါနားတပ်ဖွဲ့သည် တောင်ဘက်စစ်မျက်နှာ တစ်ခုလုံးတွင် ဘူတာရုံမှသည် ဂျူးရပ်ကွက်များဖြစ်သည့် မေကျော်ဟာယင်နှင့် ကယ်လပီယော၊ ထိုမှ

http://mmteashop.com



သည် တောင်ဘက်မြို့အဝင်ဝ ရာမက်ရက်ချယ် အိုးအိမ်စခန်းသစ်များအထိ ထိန်းသိမ်းထားနိုင်ခဲ့သည်။ အယ်လင်ဘီ စစ်တန်းလျားသိမ်းရန် အူဂေလီတွင် တပ်စိတ်နှစ်ခု၊ ဒါဗီကာနော်တာ တစ်ခုနှင့် မော်တာကျည်ဆန် သုံးခုသာ ရှိသည်။ အချိန်က မလုံလောက်။ အီရတ်အပျော်တမ်းတပ်ဖွဲ့ဝင်များ စစ်တန်းလျားသို့ ပထမဆုံးရောက်လာပြီး သူ၏ ထိုးစစ်အရှိန်ကို တန့်သွားစေသည်။

အီရတ်တပ်သားများ ချက်ချင်းဝင်၍ တိုက်သည်မှာ ခြွင်းချက် ဖြစ်သည်။ နေရာတိုင်းမှာပင် ဗြိတိသျှတို့ ဆုတ်ခွာသွားကြပြီး ရှယ်လတီးယယ်၏ လူများ ဝင်၍တိုက်သည်ကို အာရပ်တို့ အံ့အားသင့်နေကြသည်။ ဘုန်းကြီး အီဘရာဟင်အာယတ်သည် အီတလီကောင်စစ်ဝန်ထံမှ ရဟန်းမင်းကြီး၏ အလံနှင့် အခွင့်အာဏာလွှဲအပ်သည့်စာကို ကိုင်ဆောင်ကာ အီတလီဆေးရုံသို့ သွားသည်။ မတ်ဖတီ၏ကိုယ်စား သူသိမ်းပိုက်မည် စိတ်ကူးသည်။ သို့သော် ဒန်တင်ဒိုး၏ တပ်သားများ ရောက်နေကြပြီ။

အီရတ်လူမျိုး ဖာဒယ်ရာရှစ်နှင့် အမည်ခံတပ်မှူး ခါလက်ဟတ်ဆေနီတို့မှာ ဌာနချုပ်မှ တစ်လက်မလေးမျှ မရွေ့ကြ။ အဘိုဖာဒယ်၏ အာဏာကို ဖိနပ်ချုပ်သမား၏ သား နှစ်ဆယ့်ငါးနှစ်သား ဟာဖက်ဘာရာဘတ်က သိမ်းကာ ခေါင်းဆောင်လုပ်မည်ဟု ပြင်နေသည်။ နောက်လိုက်များက သူ့ကို "ဗိုလ်ချုပ်"ဟု ခေါ်ကြသည်။ အီမိုင်းဂိုရီသည် လူခြောက်ရာကို ခေါင်းဆောင်ကာ ယစ်ဇက်လယ်ဗီ၏ စစ်တပ်များ သိမ်းပိုက်ထားသည့် တောင်စောင်းအတိုင်း ဆင်းရန် စီစဉ်သည်။ သို့သော်လည်း ဂိုရီရက် အတွက်များသည်။ ဗြိတိသျှတို့ မေ(၁၅)တွင်မှ ဆုတ်ခွာမည် သူက ထင်သည်။ သူ့လူများသည် ဂျေရုဆလမ်နှင့် နာရီပေါင်းများစွာဝေးသည့် နေရာများတွင် ရှိနေကြသည်။ အမေရိကန်ကိုလိုနီ ရှိတ်ဂျာရား အောက်ဘက် ဒမတ်စကတ်တံခါးနှင့် နော်ဘာဒမ်အကြား မြို့ဟောင်း ပြင်ဘက်က အာရပ်ရပ်ကွက်တို့တွင်သာ အာရပ်တိုက်ခိုက်မှုများ ထိရောက်သည်။ ရှယ်လတီးယယ်၏ တပ်သားများကို ဆီးရီးယား မွတ်စလင်ညီနောင်များ၊ အီရတ်နှင့် လက်ဘနွန် အပျော်တမ်းတပ်သားများအား ခေါင်းဆောင်သည့် ကျောင်းဆရာ ဘာဂျက်အဘိုဂါဘီယေးက ထိရောက်စွာ တိုက်ခိုက်နိုင်သည်။

ဂျေရုဆလမ်နှင့် ခေါင်မိုးပေါ်မှနေ၍ အာရပ်များ မြို့သစ်စခန်းသုံးခုဆီသို့ အုပ်လိုက်ချီတက်သွားသည်ကို ပါလမက်တပ်ဖွဲ့ ကဗျာဆရာ ယူရီရယ်အိုဖတ် မြင်ရသည်။ လူအုပ်ကြီးမှာ များလွန်းရကား ဂျေရုဆလမ်နှင့် ဟီဘရွန်အကြား ရွာများတွင် လူမှရှိပါသေးရဲ့လားဟု အိုဖတ် အောက်မေ့မိသည်။

ကြက်ခြေနီအသင်းက အပစ်အခတ်ရပ်စဲရေးကို မနက် (၄) နာရီမှ စတင်အကောင်အထည်ဖော်သည်။ အာရပ်တို့သည် စခန်းသုံးခုမှ ရွာသားများကို ရေတွင်နှစ်သတ်ရန် အခွင့်အရေးရသည်ဟု အားရဝမ်းသာ ဖြစ်ကြသည်။ ခုခံသူတို့မှာ စိတ်ပျက်လက်ပျက် စောင့်ဆိုင်းနေကြသည်။ ကြက်ခြေနီအဖွဲ့ဝင်များသည် ပင်လယ်ထဲသို့ ဆင်းကာ

http://mmteashop.com



အော်ဟစ်တားမြစ်ကြသည်။ ခေါင်းဆောင်များက အာရပ်လီးဂျင်းသို့ လက်နက်ချရန် တိုက်တွန်းသည်။

မြို့သစ်စခန်းများက အမျိုးသမီးများနှင့် ဒဏ်ရာရသူများ သူနာပြုကားပေါ် ရောက်မှ လက်နက်ပေးအပ်မည်ဟု ဆိုသည်။ "ဒီည တို့တစ်တွေ ဒီမှာ မရှိကြတော့ဘူး၊ အက်ဇီယွန်မြို့သစ်ရဲ့ အခန်းကဏ္ဍ ဒီမှာ တစ်ခန်းရပ်ပြီ" ဟု ကြေညာသည်။

ထရပ်ကားများပေါ် လိုက်ပါသွားစဉ် မြို့သစ်များ မီးလောင်နေသည်ကို မြင်ရသည်။ အာရပ်များ တစ်အုပ်ပြီးတစ်အုပ် တက်လာကြပြီး သူတို့ စိုက်ပျိုးခဲ့သည့် စပျစ်ပင်များကို ဆွဲနှုတ်ကြသည်။

ဟိုက်ဖာဆိပ်ကမ်းတွင်လည်း ဟာဂါနားတို့ ဆုံးရှုံးမှုကို ကြုံရသည်။ ဆိပ်ကမ်းအလုပ်သမားများက အက်စ်အက်စ်ဘိုရီးကို ဆိပ်ကမ်းတွင်ကပ်၍ ကြိုးချည်ပြီးနောက် ဗြိတိသျှ တပ်စိတ်တစ်စိတ်က သင်္ဘောကို ဝိုင်းသည်။ မည်သူမျှ သင်္ဘောပေါ် တက်ခွင့်မရှိ။ သင်္ဘောပေါ်မှလည်း မည်သူမျှ မဆင်းရဟု ကြေညာသည်။

အက်ဇီယွန်မြို့သစ်၏ ကံကြမ္မာကိုကြားရလျှင် ဒေးဗစ်ရှယ်လတီးယယ် မျက်ရည်ကျသည်။ သို့သော်လည်း သူနှင့် သူ့လူများ၏ အခြေအနေ တိုးတက်နေသည့် သတင်းများကို ကြားရသည်။

ဘီဗင်ဂရက်တွင် တပ်စွဲနေသော အာရပ်များကို အာရီယေးရှယ် တပ်သားများက တိုက်ထုတ်နိုင်ခဲ့သည်။ ဟာဂါးနားတပ်ဖွဲ့ဝင်များသည် အဆောက်အအုံများထဲသို့ ပြေးဝင်ကြသည်။ ဗြိတိသျှတို့သည် စနစ်တကျဆုတ်ခွာသွားသော်လည်း ပစ္စည်းအများအပြား မသယ်ယူဘဲ ကျန်ရစ်ခဲ့သည်။ အဆောက်အအုံ တစ်ခုထဲတွင် ဖိနပ်အရန်လေးသောင်း တွေ့ရသည်။ ရုံးတစ်ခုမှ လက်နှိပ်ဓာတ်မီး အများအပြား ရရှိသည်။ ဂျေရုဆလင် မြို့တစ်ဝက်ကို မီးလင်းစေနိုင်လောက်အောင် များသည်။

အစိုးရဆေးရုံရှေ့တွင် အိုင်ယာဂန် စစ်သားတစ်ယောက်က သိုးတစ်အုပ်ကို တွေ့သည်။ ယင်းတို့မှာ ဒေါက်တာဟာဟက်ဆစ်ဘူလော့၏ သိုးများ ဖြစ်သည်။ သူ့လက်တွင် ပတ်ထားသည့် ကြက်ခြေနီတံဆိပ်ကိုပြကာ ဘူလော့က အိုင်ယာဂန် တပ်သားအား သိုးအုပ်ကို ကူ၍ အမောင်းခိုင်းသည်။

"သိုးတွေမှာရော ကြက်ခြေနီလက်ပတ်ပါသလား"ဟု အိုင်ယာဂန် တပ်သားက မေးသည်။ ဒေါက်တာဘူလော့ မဖြေမီပင် "ဒါဖြင့် သူတို့ကံဆိုးတယ်၊ သိုးတွေကို ကျွန်တော်ပိုင်တယ်"ဟု ဆိုသည်။

ဂျေရုဆလင်မြူနီစီပယ် အဆောက်အုံကို "ရှား"၏ တပ်ကသိမ်းပိုက်လိုက်သည်။ ယင်းမှာ ဂျေရုဆလင်တွင် စိတ်အချရဆုံးနေရာဟု အင်ယွန်ဆာဖီယေး ယူဆသည်။ ယခုမူ သူအပ်ထားသည့် ပေါင် (၂၇,၅၀၀) တန်ချက်လက်မှတ်တစ်ခု ဂျူးလက်ထဲ ရောက်သွားပြီ။

http://mmteashop.com



တောင်ပိုင်းတွင် အာရပ်တို့ သတင်းစကားတစ်ခု ကြားရသည်။ အက်ဗရမ်အူလီ၏ ဒေဝီကာ မော်တာသည် အလွန်အသံမြည်သည်။ ပထမကျည်ဆန် မပေါက်ကွဲ။ ဒုတိယ ကျည်ဆန် တုန်ဟည်းပေါက်ကွဲသည်။ အီရတ်တပ်သားများက ဂျူးတို့တွင် အဏုမြူဗုံးလို လက်နက်များရှိသည်ဟု တယ်လီဖုန်းမှတစ်ဆင့် သတင်းပေးသည်။ နောက်ဆုံး ကျည်ဆန် ပေါက်ကွဲသည့်အခါ အီရတ်များ ထွက်ပြေးကြသည်။

မြောက်ဘက်တွင် ယစ်ဇက်လယ်ဗီ၏ တပ်များသည် ဂျူးသချိုင်းဟောင်းမှစ၍ ပုလိပ်အတတ်သင်ကျောင်း တန်းလျားများ၊ ရှိတ်ဂျာရား ရပ်ကွက်နှင့် စကိုးပတ်တောင် တန်းတို့ကို တစ်ဆက်တည်း သိမ်းပိုက်ထားသည်။ ဘင်ဂူရီယန်၏ အမိန့်ကိုဆန့်ကျင်ပြီး နေဗီယားကော့ မြို့သစ်စခန်းမှ ဂျူးများကို သူ့ပိုင်နက်အတွင်း ပြောင်းရွှေ့ကြရန် လယ်ဗီ အမိန့်ပေးသည်။

ညနေစောင်းသော် တိုက်ပွဲငြိမ်သွားသည်။ ရှယ်လတီးယယ်က တယ်အဗစ်သို့ ရေဒီယိုဖြင့် "ရန်သူ အာရပ်များ အခြေအနေ မကောင်း" ဟု သတင်းပို့သည်။ ထိုအချိန် မှာပင် ဂျေရုဆလမ် အာရပ်ဌာနချုပ်က ဟက်ချ်အာမင်ဟတ်ဆေနီထံသို့ "အခြေအနေ ဆိုးသည်၊ ဂျူးများ မြို့ဟောင်းတံခါးဝသို့ ချဉ်းကပ်လာနေပြီ" ဟု သတင်းပို့သည်။

ဂျေရုဆလမ်တွင် ထိုနေ့က အပျော်ဆုံး လူတစ်ယောက်သည် ဘင်ယေဟူဒါ လမ်းအတိုင်း အာတာရာဖီးသို့ လျှောက်လာသည်။ သူကား ယိုဆက်နေဗို ဖြစ်သည်။ အောင်ပွဲနှစ်ခု သူ ကျင်းပမည်။ ပထမတစ်ခုမှာ သူ၏ အိမ်ထောင်သည်ဘဝ အစပျိုး ခြင်းဖြစ်ပြီး ဒုတိယတစ်ခုမှာ ဂျေရုဆလမ်၏ခေတ်သစ် အစပျိုးခြင်း ဖြစ်သည်။ သတို့ သမီးက သူ့ကို ခပ်တည်တည်ကြည့်ကာ သတိပေးသည်။

"အမေ ပြန်ရောက်နေတယ်၊ ကွန်ဗွိုင်းသွားလို့ မရဘူး"

ပါဘာလိုဒီလက်ဇကာရိတ်သည် အမ်မမ်မြို့မှ ပြန်လာသည့် အခါ စိတ်မချမ်းသာ စရာများ ကြုံတွေ့ရသည်။ ဗြိတိသျှ အုပ်ချုပ်ရေးအဖွဲ့က အက်ဇကာရိတ်၏ ကုလသမဂ္ဂ အဖွဲ့ကို လိမ်ညာသွားသည်။

ဆာဟင်နရီဂါနေးက "ဗြိတိသျှတို့ မဆုတ်ခွာသေးပါဘူး"ဟု ပြောခဲ့သော်လည်း ယခု သူတို့ မရှိကြတော့ပြီ။

ကုလသမဂ္ဂက ဇကာရိတ်အား အဖြေတစ်ခုရှာရန် ပါလက်စတိုင်းသို့ စေလွှတ် ခဲ့သည်။ ကမ္ဘာ့အဖွဲ့အစည်းသည် ထိန်းသိမ်းနိုင်မည့် ခေါင်းဆောင်တစ်ယောက် မပို့ နိုင်လျှင် ဖျန်ဖြေရေးသမားတစ်ယောက် စေလွှတ်ရတော့မည်။ ထိုတာဝန်ကို ယူရန် ကောင်ဖော့ဘာနာဒေါ့အား ရွေးချယ်သည်။

ကမ္ဘာအရပ်ရပ်မှ ဟီဘရူး လူမျိုးများသည် တယ်အဗစ်မြို့ လယ်ရှို့သာချိုင်း လမ်းမကြီးပေါ်ရှိ ကျောက်တုံး အဆောက်အအုံသို့ စုဝေးရောက်ရှိလာကြသည်။ မေလ သောကြာနေ့၊ နေ့လယ်ခင်းသည် သမိုင်းတွင်မည့်နေ့ ဖြစ်သည်။

http://mmteashop.com



ထိုအဆောက်အအုံသည် တယ်အဗစ်၏ ပထမဆုံး မြို့တော်ဝန်မေယာဒစ်ဇင်းဂေါ့၏အိမ် ဖြစ်ခဲ့သည်။ ပြင်ဘက်တွင် ဟာဂါနားစစ်ပုလိပ်တပ်ဖွဲ့က ဧည့်သည်တော်နှစ်ရာ၏ ကိုယ်စားလှယ် ခန့်အပ်လွှာများကို စစ်ဆေးသည်။ သူတို့သည် လူမျိုးစုံကို ကိုယ်စားပြုသူများ ဖြစ်သည်။ အချို့မှာ ဟူလေးနွံတောတွင် ငှက်ဖျားရောဂါဒဏ်ခံရပြီး ကံကောင်းသဖြင့် မသေသူများ ဖြစ်သည်။ အချို့မှာ ဂျာမနီ သေမင်းစခန်းများမှ လွတ်မြောက်လာကြသူများ ဖြစ်သည်။ သူတို့ကို နံရံပေါ်ရှိ ဓာတ်ပုံထဲမှ ပုဂ္ဂိုလ်တစ်ယောက်က ငုံ့ကြည့်နေသည်။ သူကား ဇီယွန်ဝါဒကို ထူထောင်ခဲ့သည့် ဗီယင်နာမြို့သား သီယိုဒိုဟာဇယ် ဖြစ်သည်။

လေးနာရီတိတိတွင် ဒေးဗစ်ဘင်ဂူရီယန်က ထိုင်ရာမှ ထပြီး စားပွဲပေါ်တွင် သစ်ကြားသားတူကလေးဖြင့် ခေါက်သည်။ သူ့ရှေ့တွင် သူဖတ်ကြားမည့် ကြေညာစာတမ်း တစ်ခု အသင့်ရှိနေသည်။

"အစ္စရေး ရေမြေတွင် ဂျူးလူမျိုးတို့ လူဖြစ်လာခဲ့ကြသည်" ခဏရပ်သည်။ အသံကို မြှင့်သည်။ "နိုဝင်ဘာ (၂၉) ရက်နေ့မှာ ပျော်ရွှင်သူတွေနှင့်အတူ ကျွန်တော် ငိုခဲ့ရသည်" သူဖတ်နေသည့် ကြေညာစာတမ်း အကောင်အထည်ဖော်ရန် နှစ်နှစ် စောင့်ခဲ့ရသည်။

". . . ဂျူးလူမျိုးတို့သည် အခြားလူမျိုးများနည်းတူ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ထူထောင်ပိုင်ခွင့်ရှိသည်။ သို့ဖြစ်ရာ ဂျူးလူမျိုးတို့၏ သဘာဝပိုင်ခွင့်အရ၊ ထို့ပြင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ ပါလက်စတိုင်းတွင် ဂျူးနိုင်ငံတစ်ခု ကျွန်တော်တို့ ထူထောင်ကြောင်း ကြေညာသည်။ ထိုနိုင်ငံကို အစ္စရေး ဟု ခေါ်တွင်မည်"

ထို့နောက် နိုင်ငံသစ်ကို လမ်းညွှန်သည့် သဘောတရားများကို တစ်ခုပြီးတစ်ခု ရှင်းလင်းကြေညာသည်။ လွတ်လပ်ခွင့်၊ တရားမျှတရေး၊ အစ္စရေး တမန်တော်များက လက်ခံသည့် ငြိမ်းချမ်းရေး၊ ဘာသာအယူဝါဒ၊ လူမျိုး၊ ယောက်ျား မိန်းမ မခွဲခြားသည့် လူမှုအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး တန်းတူရည်တူ ခံစားပိုင်ခွင့် အပြည့်အဝရှိသည်။ ဘာသာအယူဝါဒတိုင်း၏ အထွတ်အမြတ်ဖြစ်သည့် မြင့်မြတ်သော နေရာဌာနတို့ကို ကာကွယ်မည်။ ကုလသမဂ္ဂ ကြေညာစာတမ်းနှင့်အညီ သစ္စာရှိရှိ လိုက်နာကျင့်သုံးမည်။

ခန်းမတစ်ခုလုံး ငြိမ်သက်စွာ နားထောင်ကြသည်။

"ဂျူးလူမျိုးများကို နိုင်ငံသစ်ထူထောင်ရာတွင် အကူအညီပေးရန်နှင့် အစ္စရေးနိုင်ငံကို နိုင်ငံပေါင်းစုံ မိသားစုတွင် လက်ခံရန် ကုလသမဂ္ဂအား ပန်ကြားပါသည်"

"တန်ခိုးတော် အနန္တအရှင်ကို ကျွန်တော်တို့ ယုံကြည်သောအားဖြင့် ဤကြေညာစာတမ်းကို တယ်အဗစ်မြို့တော်တွင် သက္ကရာဇ် (၅၇၀၈) တွင် အိုင်ယာလမ်၏ ပဥ္စမနေ့၊ (၁၉၄၈)မေလ ဆယ့်လေးရက်နေ့တွင် နိုင်ငံတော်ကောင်စီ အစည်းအဝေး၌ ကြေညာအပ်ပါသည်"

http://mmteashop.com



တစ်ဦးပြီးတစ်ဦး ကြေညာစာတမ်းတွင် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် (၁၉၃၉)တွင် ထုတ်ပြန်သည့် ဗြိတိသျှအစိုးရ၏ စက္ကူဖြူစာတမ်းတွင် သတ်မှတ်သော ဂျူးမြေဝယ်ယူရေး၊ နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းနှင့် ပတ်သက်သည့် ထိန်းချုပ်မှုတို့ ပျက်ပြယ်ပြီဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ နိုင်ငံသစ်က ထုတ်ပြန်သော တရားဥပဒေအားလုံးသည် အတည်ဖြစ်ပြီဟူ၍ ကြေညာသည်။

ညနေ (၄း၃၇) တွင် အစည်းအဝေး ပြီးဆုံးသည်။ အခမ်းအနားတစ်ခုလုံး နာရီဝက်နီးပါးသာ ကြာသည်။ ဤသို့ဖြင့် အစ္စရေးနိုင်ငံသစ် အကောင်အထည် ပေါ်လာလေသည်။

တစ်ချိန်တည်းလိုလိုပင် နိုင်းမြစ်ကမ်းပေါ်တွင် အခြား အခမ်းအနားတစ်ခု ကျင်းပသည်။ အီဂျစ်ဘုရင် တပ်မတော်အရာရှိကောလိပ်၏ ဒီပလိုမာဘွဲ့အပ်နှင်းသည့် အခမ်းအနား ဖြစ်သည်။ တယ်အဗစ်တွင် ကြေညာသည့် ကြေညာစာတမ်းသည် လူအချို့၏ ဘဝခရီးကို ထိုသင်တန်းတက်သူ အသက်သုံးဆယ်အရွယ် ပုဂ္ဂိုလ်တစ်ယောက်လောက် မည်သူမျှ သက်ဆိုင်ပတ်သက်လာမည် မဟုတ်ပေ။ ဆာလာဒင် (၁၁၃၈-၁၁၉၃) အီဂျစ်နှင့် ဆီးရီးယား၏ စူလတန်ဘုရင်ကြီးနောက်ပိုင်းတွင် သူ့ကို တစ်မျိုးသားလုံး၏ ခေါင်းဆောင်ကြီးအဖြစ် ကြိုဆိုကြပြီး ကမ္ဘာ့နိုင်ငံရေးရှေ့တန်းသို့ သူ့ကို ပို့ဆောင်ပေးကြသည်။ သူကား ကပ္ပတိန် ဂါမယ်အက်ဘဒယ်နက်ဆာ ဖြစ်သည်။ ပထမဆုံးအကြိမ် အထူးတာဝန်တစ်ခုကို သူ့အား အပ်နှင်းသည်။ လေးဆယ့်ရှစ်နာရီအတွင်း ဆဋ္ဌမတပ်ရင်း၏ ဦးစီးအရာရှိအဖြစ်ခန့်အပ်ကာ တယ်အဗစ်မြို့သို့ ချီတက်စေပြီး ဘင်ဂူရီယန် ကြေညာခဲ့သည့် နိုင်ငံတော်သစ်ကို ချေမှုန်းရမည် ဖြစ်သည်။

ညရီဆည်းဆာပျိုးလာပြီ။ တောင်ဘက် အဝေးတစ်နေရာတွင် မိုအက်တောင်နှင့် ဂျူဒီယာတောင်အကြား ငြိမ်သက်သော ပင်လယ်သေပေါ်သို့ နေရောင်ခြည်ထိုးကျသည်။ အလင်းတန်းများ တဖျပ်ဖျပ် ရောင်ပြန်ရိုက်သည်။ ကန်ရေပြင်သည် ငွေသားကြေးမုံပြင်နှင့်တူသည်။ အာရပ်လီးဂျင်းတပ် စုဝေးရာဒေသကို အီဂျစ်အရှေ့ဘက် ငါးမိုင်အကွာတွင် ဂွန်ဂလပ် သတ်မှတ်သည်။ တစ်နှစ်ပတ်လုံး စိမ်းလန်းသည့် ရိုရိုဒင်ဒရွန်နှင့် ကျူပင်များပေါက်ရောက်သည့် ရှုအစ်ဝါဒီ ကန္တာရဒေသတွင် ဂျော်ဒန်မြစ်နှင့် အယ်လင်ဘီတံတား တည်ရှိသည်။ မြစ်၏တစ်ဖက်တွင် ဂျယ်ရီကိုမြို့မှ ကျောက်တုံးအိမ်များ၏ ခေါင်မိုးများကို လှမ်း၍ မြင်နေရသည်။ ယင်း၏ဟိုဘက်တွင် ပေလေးထောင်မြင့်သည့် ပါလက်စတိုင်း တောင်တန်းနံရံကြီးများ တည်ရှိလေသည်။

ဂျယ်ရီကို၏နောက်ဘက် "သွေးဆောင်တောင်နှင့် ကဲရစ်ဘရွတ်ဒေသ၏ အကြားတွင် ခင်ရိုးတန်းလေးတစ်ခုသည် ထိုတောင်တန်းဆီသို့ ရှေးရှုပြေးတက်သွားသည်။ ပေါင်လေးထောင် အကုန်အကျခံကာ ဂျယ်ရီကို၏ ဟိုတစ်ဖက်က ရွာသားများသည် ထိုဒေသကို သူ၏ သံချပ်ကာကားများ၊ မော်တော်ယာဉ်များ မောင်းဝင်နိုင်အောင်

http://mmteashop.com



ပြုပြင်ပေးခဲ့သည်။ ရန်သူ၏ မြေပုံပေါ်တွင် ထိုဒေသ၏ အမှတ်အသားများ မရှိ။ သူ့ရှေ့တွင် အာရပ်လီးဂျင်း၏ တပ်သား (၄၅၀၀) စုဝေးရောက်ရှိနေသည်။ ညသန်းခေါင်ချိန်တွင် တောင်ကြော ခင်တန်းအတိုင်း ပါလက်စတိုင်းမြေထဲသို့ လီးဂျင်းတပ်များ ချီတက်ဝင်ရောက်မည် ဖြစ်သည်။

ဂျွန်ဂလပ် စိတ်ကူးနေစဉ်မှာပင် ဆီဒင်ကား အမည်းတစ်စီး ရောက်လာသည်။ ဘုရင်အက်ဘဒူလာသည် ဗြိတိသျှ ယူနီဖောင်းဝတ်ဆင်ကာ ကားပေါ်မှဆင်းလာပြီး အလေးပြုခံ စင်မြင့်ပေါ်သို့ တက်သည်။ ထိုစဉ် တောင်ဘက် ကောင်းကင်ယံသို့ မည်းမည်းရိပ်ရိပ် အတန်းကြီးတစ်ခု တက်လာသည်။ သဲမုန်တိုင်း၏ ရှေ့တော်ပြေး ဖြစ်သည်။ စစ်တီးဝိုင်းက ထရန်းစ်ဂျော်ဒန် အမျိုးသားသီချင်းကို တီးမှုတ်သည်။ ဘုရင်ကလေးက တပ်သားများကို အလေးပြုသည်။ ထိုတပ်သားများသည် ဗြိတိသျှတို့က သူ့အားနေရာချထားသည့် သဲကန္တာရလျောင်အိမ်ထဲမှ သူ့ကို ဆွဲထုတ်မည့်သူများ ဖြစ်သည်။

အက်ဘဒူလာ စကားပြောရန် ငြင်းဆိုသည်။ စကားပြောမည့် အစား ခြောက်လုံးပြူးကို ဆွဲထုတ်ကာ လေထဲသို့ ပစ်သည်။ ပြီးတော့ "ဂျေရုဆလမ်ကို ချီတက်မယ်"ဟု သူ ဟစ်ကြွေးသည်။

ဒေးဗစ်ဘင်ဂူရီယန်၏ ကြေညာချက်ကို ဂျူးနိုင်ငံသစ် ပိုင်နက်နယ်မြေ အနှံ့အပြားသို့ ဖြန့်ချိသည်။ ဂယ်လီလီနှင့် နေဂီတွင် စစ်သားများ သေနတ်ကို ဘေးချကာ နားထောင်ကြသည်။ တယ်အဗစ်တွင် ပျော်လွန်းသဖြင့် ကကြသည်။ ဒေးဗစ်ရှယ်လတီးယယ်နှင့် သူ့အရာရှိများသည် ဂျူးအေဂျင်စီ အသံလွှင့်ခန်းတွင် မိန့်ခွန်းကို နားထောင်ကြသည်။ နောင်အခါ တစ်ယောက်က ဤသို့ ပြန်ပြောင်းအမှတ်ရသည်။ "နိုင်ငံသစ် ဆိုတာ ဘာလဲလို့ ကျွန်တော်သိတယ်။ သွေးမြေကျရမှာပဲ၊ ကဖာအက်ဇီယွန်မှာ သွေးမြေ အကျခံခဲ့ကြပြီးပြီ" ဆိုသည်။

ပြင်သစ် ကောင်စစ်ဝန်ရုံးတွင် ဗီပီယန်ဟားဇော့သည် ထိုင်ရာမှထကာ ယခုအချိန်မှစပြီး သူသည် လွတ်လပ်သော ဂျူးနိုင်ငံ၏ ကိုယ်စားလှယ်ဖြစ်ပြီဟု ကြေညာသည်။ ထိုစဉ် မဒမ်နုယူဗီးသည် အိမ်ရှင်မကောင်းပီသစွာ သေနတ်များ ကောင်စစ်ဝန်ရုံး ပြတင်းကိုလာ၍ ထိမှန်နေသည့်အကြားက ရှမ်ပိန်လင်ပန်းကို သယ်ယူလာပြီး ဧည့်သည်များကို ကမ်းလင့်သည်။

အခြားနေရာများတွင်လည်း ပျော်ကြသည်။ သို့သော်လည်း ပျော်စရာအချိန် မဟုတ်။ ဒဏ်ရာရသူ ရခဲ့ပြီ။ သေသူ သေခဲ့ပြီ။ နိုင်ငံသစ်သည် မကြာမီအတွင်း အတိုက်ခိုက်ခံရမည်ဟု ဟာဂါနားအရာရှိငယ်တစ်ယောက်က မှတ်သားထားသည်။

ဂျေရုဆလမ်မြို့လယ် အိမ်တစ်အိမ်တွင် ဥပုသ်နေ့ကို ကြိုဆိုသောအားဖြင့် ဆုတောင်းပွဲကျင်းပသည်။ မီးမထွန်းရဲ၊ မှောင်ထဲမှာ စမ်းတဝါးဝါးနှင့် ဆုတောင်းစာအုပ်ကို တစ်ယောက်လက်မှ တစ်ယောက်လက်သို့ ပေးသည်။ သူတို့၏ ခေါင်းဆောင်ဂျက်

http://mmteashop.com



ကော့ ဘင်အားကမ္ဘ သူ့ဘဝတွင် မမေ့နိုင်သော ဆုတောင်းပွဲဖြစ်သည်ဟု အမှတ်ရနေသည်။ သူတို့က "အို အဘ ဘုရားသခင်၊ သင့်ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ကျွန်ုပ်တို့ကို ငြိမ်းချမ်းရေးပေးသူ အစ္စရေးမြေနှင့် ဂျေရုဆလမ်ကို စောင့်ရှောက်တော်မူသည့်အို. . . အဘ ဘုရားသခင်" ဆုတောင်းသံ ပျံ့လွင့်နေသည်။

အက်ဇ်ယွန်အုပ်စုမှ မသေဘဲ ကျန်ရစ်ခဲ့သူ (၃၅၉)ယောက်သည် ဂျူးနိုင်ငံသစ်မွေးဖွားလာသည့် ဥပုသ်နေ့ ညနေခင်းကို နာကျင်မှုများစွာဖြင့် အမှတ်ရနေကြသည်။ သူတို့ကို ဟီဘရွန်လမ်းမကြီးအတိုင်း စခန်းတစ်ခုသို့ အာရပ်များက ခေါ်ဆောင်သွားသည်။ လမ်းတွင် ဆဲရေးတိုင်းထွာကြသည်။ တံတွေးထွေးကြသည်။ အာရပ် အရပ်သားများက သူတို့ သွေးကိုသောက်ချင်ကြသည်။ အာရပ်လီးဂျင်းတပ်များကြောင့်သာ သူတို့ဆက်လက်အသက်ရှင်နေခြင်း ဖြစ်သည်။ သူတို့မှာ အော့ဇဝစ်၊ ဒါချော့နှင့် တူချင်ဝေါ်နာဇီ အကျဉ်းစခန်းများမှ မသေဘဲ ကျန်ရစ်သူများ ဖြစ်သည်။ ယခုတိုင် သူတို့ကိုယ်တွင်အမှတ်အသား နံပါတ်များ ရှိနေသေးသည်။ ယခု သူတို့ကို လွတ်ရာကျွတ်ရာသို့ ခေါ်ဆောင်လာခြင်း မဟုတ်။ သံဆူးကြိုးကာထားသည့် နောက်အကျဉ်းစခန်းတစ်ခုသို့ ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

ဟိုက်ဖာဆိပ်ကမ်းတွင် ယူနီဖောင်းဝတ် ဗြိတိသျှရေတပ်အရာရှိ တစ်ယောက်အက်စ်အက်စ်ဘိုရီး၏ ပဲ့ကိုင်စင်သို့ တက်လာပြီး သင်္ဘောကပ္ပတိန်ကို အလေးပြုသည်။ လက်ကနာရီကိုကြည့်ပြီး "အခု ဆယ်နာရီရှိပြီ။ နောက်နှစ်နာရီကြာရင် ပါလက်စတိုင်းမှာဗြိတိသျှ အုပ်ချုပ်ရေးကာလ ပြီးဆုံးပြီ။ အဲဒီအချိန်မှာ အစောင့်တွေအားလုံးရုပ်သိမ်းပြီးဒီသင်္ဘောနဲ့ သင်္ဘောမှာ ပါလာတဲ့ ပစ္စည်းတွေအားလုံး ခင်ဗျားလက်ကို ပြန်အပ်မယ်"ဟုပြောသည်။

ဘိုရီး၏ ကပ္ပတိန်သည် ဗြိတိသျှအုပ်ချုပ်ရေး ဆုံးခန်းတိုင်တော့မည့်အကြောင်းကို စဉ်းစားနေစဉ် အရာရှိက အလေးပြုကာ "ဂွတ်လပ်"ဟု နှုတ်ဆက်ပြီး သင်္ဘောပေါ်မှ ပြန်ဆင်းသွားသည်။

ဆိပ်ကမ်းတစ်နေရာတွင် ယူရယ်လီယတ် သင်္ဘောပေါ်သို့ ဆာအယ်လင်ကန်နင်ဟမ် ဖြည်းညင်းစွာ တက်သွားပြီး ပဲ့ကိုင်စင်တစ်နေရာတွင် ရပ်နေသည်။ သင်္ဘောကပ္ပတိန်က အလယ်ရှိ သစ်သားခုံမြင့် တစ်ခုပေါ်တက်ရန် အရိပ်ပြသည်။ ခုံမြင့်ပေါ်ကန်နင်ဟမ်ရောက်လျှင် ဆိုင်းကြိုးများဖြုတ်ကာ ဆိပ်ကမ်းမှ သင်္ဘောခွာသည်။ သင်္ဘောသည် ဖြည်းဖြည်းပင် ရေလက်ကြားတွင်းသို့ ဝင်ရောက်သည်။ ပင်လယ်ပြင်သို့ ထွက်သည့်လမ်းတစ်လျှောက်တွင် လေယာဉ်တင်သင်္ဘော၊ ဖျက်သင်္ဘောဒါဇင်ဝက်ခန့် စောင့်ကြပ်လိုက်ပါရင်း မြေထဲပင်လယ်ဆီသို့ ရှေးရှုခုတ်မောင်းသည်။ သင်္ဘောကုန်းပတ်များပေါ်တွင် အဖြူရောင်ဝတ် ရေတပ်သားများက ကန်နင်ဟမ်ကို အလေးပြုကြသည်။ အချက်ပေးတစ်ခုအရ မီးမောင်းအားလုံးသည် ယူရယ်လီယတ်စင်မြင့်ဆီသို့ ထိုးထား

http://mmteashop.com



သည်။ ထိုစဉ် "ဘုရင်မင်းမြတ်ကို ဘုရားသခင် ကယ်တင်စောင့်ရှောက်တော်မူပါ" သီချင်းကို တီးမှုတ်ကြသည်။

"ပွဲတစ်ခု ပြီးသွားပြီ"ဟု ကန်နင်ဟမ် တွေးမိသည်။ သီချင်းဆုံးလျှင် သူ၏ စကော့သွေးကို ဖြေဖျော်သောအားဖြင့် "တောင်ပေါ်သားတမ်းချင်း"ကို စစ်တီးဝိုင်းက တီးမှုတ်သည်။ မဟာမင်းကြီး မျက်ရည်လည်သည်။

"အစကောင်းသော်လည်း အနှောင်းမသေချာ၊ မျှော်လင့်ချက်များအားလုံး ပျက်ပြားသွားပြီ" ဟု လော့အယ်လင်ဘီ စဉ်းစားမိသည်။ သူသည် ဂျက်ဖာတဲခါးတွင် မြင်းပေါ်မှဆင်းကာ လျှောက်သည်။ ဤမြေကို သိမ်းပိုက်ရာတွင် ဗြိတိသျှ အများအပြား သွေးမြေကျခဲ့ရသည်။ အကောင်အထည် မဖော်နိုင်သည့် ကတိစကားများဖြင့် ဤမြေကို အုပ်ချုပ်ခဲ့သည်။ ယခုမူ အောင်မြင်မှုထက် ဆုံးရှုံးမှုများစွာဖြင့် မိမိတို့ ဆုတ်ခွာကြတော့မည်။

ဆာအယ်လင်၏ ခရူဆာသင်္ဘောသည် သုံးမိုင် ကန့်သတ်ချက်သို့ ရောက်သည်တွင် ပါလက်စတိုင်း၌ ဗြိတိသျှအုပ်ချုပ်ရေး ပြီးဆုံးကြောင်း ပြသရန် ပြင်ဆင်သည်။ သင်္ဘောဦးမှ ပုံအထိ မီးပန်းများပစ်ဖောက်သည်။ နောက်ဆုံးမီးပန်း ပင်လယ်ပြင်ထဲသို့ စိုက်ကျသွားသည့်အခါ ဆာအယ်လင်စိတ်ထဲတွင် "ဒါ နိဂုံးပဲ။ အားလုံးပြီးဆုံးသွားပြီ"ဟု ဖြစ်ပေါ်မိသည်။

နာရီကို သူ ကြည့်သည်။ ထို့နောက် သက်ပြင်းချသည်။ ဗြိတိသျှ၏ ပါလက်စတိုင်း အုပ်ချုပ်ရေးသည် ချောချောမောမော အဆုံးသတ်ခြင်းသို့ မရောက်။ တစ်ခု မှားနေသည်။ တစ်နာရီစောကာ ပြီးဆုံးသွားခြင်း ဖြစ်သည်။ ယခုမှ ညဆယ့်တစ်နာရီ ရှိသေးသည်။ သင်္ဘောကပ္ပတိန်သည် ဗြိတိသျှနွေရာသီ စံတော်ချိန်နှင့် ပါလက်စတိုင်း စံတော်ချိန်ကို ညှိရန် မေ့လျော့သွားဟန်တူသည်။

ooo

http://mmteashop.com

# အခန်း (၅)

ဂျေရုဆလမ်–နှစ်ပိုင်းကွဲနေသော မြို့တော်
(၁၉၄၈) မေ (၁၅) မှ (၁၉၄၈) ဇူလိုင် (၁၇) အထိ

http://mmteashop.com



## အပိုင်း (၃၁)

## သူတို့ ကြုံကြုံခံမည်

အလင်းရောင် ခပ်မှိန်မှိန်ရှိသော စကြံသို့ ရထားတစ်စင်း ဥသြသံပေးကာ ဝင်လာသည်။ တွဲများမြည်သံပေးကာ ထိုး၍ရပ်သည်။ စကြံတစ်လျှောက်တွင် စစ်မြေပြင်သို့ ထွက်ခွာမည့် စစ်သားများ၏ ဇနီးများ၊ မိဘများ၊ မိတ်ဆွေများ၊ သားသမီးများ လက်ခုပ်လက်ဝါးတီးကာ ဆူညံစွာ အော်ဟစ်နှုတ်ဆက်ကြသည်။ အီဂျစ်ဆဋ္ဌမခြေလျင်တပ်ရင်းမှ စစ်သားများ ရယ်မောကာ လက်ဝှေ့ယမ်းနှုတ်ဆက်သည်။ သူတို့သည် ဆိုင်နိုင်းသို့ စစ်တိုက်ရန် ထွက်ခွာကြမည့်သူများ ဖြစ်သည်။ သို့သော်လည်း ကိုင်ရိုအဘာတ်ဆီယာဘူတာကြီးသို့ လိုက်လံပို့ဆောင်သူများလိုပင် ရွှင်လန်း မြူးကြွနေသည်။

ညသန်းခေါင်တွင် ကိုင်ရိုရေဒီယိုမှ မာရှယ်လော ထုတ်ပြန်ကြေညာသည်။ အယ်အက်ဇကာ အကြီးအကဲက "မြင့်မြတ်သည့် စစ်ပွဲစပြီ" ဟု ကြေညာသည်။ ပါလက်စတိုင်းသို့ အီဂျစ်တပ်မတော်ဝင်ရောက်သည်မှာ "ဇီယွန်ဝါဒီတို့ လက်အောက်မှ ကယ်တင်ရန်ဖြစ်ပြီး ငြိမ်းချမ်းရေးကို ပြန်လည်သယ်ဆောင်လာကြလိမ့်မည်" ဟု ဝန်ကြီးချုပ် နိုကရာရှီပါရှားက ကြေညာသည်။ အယ်လမာဇာလေဆိပ်တွင် အီဂျစ်၏ ဗုံးကြဲလေယာဉ်များကို လေတပ်သားများက ဗုံးများတင်ပေးသည်။ စစ်ပွဲတွင် ပထမဆုံး ဗုံးကြဲတိုက်ခိုက်ရန် ဖြစ်သည်။

နိုင်းမြစ်ကို မျက်နှာပြုနေသည့် ဆယ်မီရာမစ်ဟိုတယ် ခေါင်မိုးဥယျာဉ်တွင် ဖယောင်းတိုင်မီးအောက်၌ ယူနီဖောင်းဝတ်ပုဂ္ဂိုလ်တစ်စု စုဝေးကာ စစ်အခြေအနေကို တိုင်ပင်ဆွေးနွေးနေကြသည်။ ဘုရင်ဖာရောက်သည် သေနာပတိချုပ်ယူနီဖောင်း ဝတ်ဆင်ထားပြီး ရှေ့တွင် ဖြန့်ထားသော မြေပုံ၌ တယ်အဗစ်သို့ ချီတက်သည့် တပ်မတော်၏ အောင်ပွဲကို စစ်ဆင်ရေးဦးစီးမှူးများနှင့်အတူ လေ့လာနေသည်။ ဘုရင်ဖာရောက်ဘေးတွင် အလွန်ချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက် ရှိနေသည်။

စစ်သတင်းများ ကြေညာပြီးနောက် ကိုင်ရိုရေဒီယိုတွင် အမျိုးသမီးတစ်ယောက်၏ သီချင်းသံကို ကြားရသည်။ ဘဲလေးအဆိုတော် အွမ်ခါလဆမ်၏ စစ်သီချင်းသံ ဖြစ်သည်။ မေ(၁၅)ရက်နေ့ မနက်တွင် သူဆိုသည့် သီချင်းမှာ "ဂျေရုဆလမ်" ဖြစ်လေသည်။

http://mmteashop.com



အာရပ်ကမ္ဘာတစ်ခုလုံး သူ့အသံကို ဖမ်းယူနားထောင်ကြသည်။ မည်သည့်မေးခွန်း၊ မည်သည့်သီချင်း၊ မည်သည့်မျိုးချစ်စိတ်ဓာတ်တက်ကြွဖွယ် သီချင်းမျှ အာရပ်လူထု၏ စိတ်ဓာတ်ကို သူ့အသံလောက် နှိုးဆွလှုပ်ရှားစေနိုင်မည် မဟုတ်။

ဘီရွတ်မြို့ ဝန်ကြီးချုပ်နေအိမ်တွင် ဝန်ကြီးချုပ်က သမီးများကို အိပ်ရာမှနှိုးကာ သီချင်းသံကို နားထောင်စေသည်။ တမန်တော်သည် ကျောက်တုံးလိပ်ခုံးမှာ ကောင်းကင်သို့ ကြွသွားသည့်အကြောင်း အွမ်ခါလဆမ် သီဆိုပြီးသည့်အခါ သူ့အဖေ၏ မျက်လုံးများတွင် မျက်ရည်များ ပြည့်လျှမ်းလာသည်ကို ဝန်ကြီးချုပ်ရိယတ်၏ သမီးကြီး အေလီယာမြင်ရသည်။ "ဘုရား. . ဘုရား ကျောက်တုံးကြီး ကျွန်တော်တို့ လက်ဝယ်အစဉ်အမြဲ ရှိနေပါစေ" ဟု ရိယတ် ဆုတောင်းသည်။

ဒမတ်စကတ်မြို့တွင် ဆီးရီးယားအစိုးရက နယ်ခြားအားလုံးကို ပိတ်လိုက်ပြီး မာရှယ်လော စစ်ဥပဒေ ထုတ်ပြန်ကြေညာသည်။ ထို့နောက် ရေဒီယိုမှ စစ်ချီသီချင်းများကို အဆက်မပြတ် လွှင့်ထုတ်နေသည်။ ဘဂ္ဂဒက်တွင် နူရီအက်ဆက်သည် နှစ်ပတ်အတွင်း သူ့တပ်များ ဟိုက်ဖာကို သိမ်းမည်ဟု ကြေညာပြီး တပ်သားနှစ်ထောင်သာ ပါလက်စတိုင်းသို့ စေလွှတ်သည်။ ဆာအလက်ကတ်ဘရိုက်က "သူတို့တပ်မှူးသည် ကျပ်မပြည့်သူ ဖြစ်သည်။ တစ်စိတ်တစ်ခုကိုပင် ကောင်းစွာ အုပ်ချုပ်နိုင်သူ မဟုတ်" ဟု ဝေဖန်သည်။ နူရီကမူ ပါလက်စတိုင်းသို့ သဲကန္တာရလူမျိုးစု စစ်သည်ပေါင်း နှစ်သန်းမှ သုံးသန်းအထိ ချီတက်ကြလိမ့်မည်ဟု ဆိုသည်။ ဟတ်ချ်အာမင်ဟတ်ဆေနီ၏ ပြောရေးဆိုခွင့်ရှိသူ အာမက်ရှုကိုင်ရီက အာရပ်တို့၏ ပန်းတိုင်သည် ဂျူးနိုင်ငံချေမှုန်းရေးဖြစ်သည်ဟု ကြေညာသည်။

ည (၁၂)နာရီ(၅)မိနစ်တိတိတွင် အာရပ်လီးဂျင်း၏ ရှေ့ပြေးတပ်ဖွဲ့ စတင်ချီတက်သည်။ အမိုးဖွင့်ထားသော ဂျစ်ကားကိုစီးလျက် ကပ္ပတိန် မာမွတ်ရှိဆန်က တပ်ကို ခေါင်းဆောင်သည်။ ထိုညက လရောင်မရှိ။ ကားများကို ရှေ့မီးမဖွင့်ဘဲ မောင်းသည်။

ခွဲခြမ်းရေး ဆန္ဒမဲပေးသည့်ညကလိုပင် ဒေးဗစ်ဘင်ဂူရီယန်သည် မေ (၁၄) ရက်တွင် စောစောအိပ်ရာဝင်သည်။ အနာဂတ်တိုက်ပွဲများအတွက် အားမွေးရမည်။ ည တစ်နာရီကျော်ကျော်တွင် သူ့ဆီသို့ တယ်လီဖုန်းသတင်းစကားတစ်ခု ရောက်လာသည်။ အမေရိကန်သည် ဂျူးနိုင်ငံသစ်ကို တရားဝင် အသိအမှတ်ပြုသည်ဆိုသည့် သတင်းဖြစ်သည်။

မေ (၉) တွင် ဝါရှင်တန် သမ္မတရုံးခန်း၌ ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ပြောင်းလဲရန် အပြင်းအထန် ကြိုးစားကြသည်။ ကလပ်ကလစ်ဖို့က နိုင်ငံခြားရေးဝန်ကြီး ဂျော့မာရှယ်အား သူ့ရပ်တည်ချက်ကို ပြောင်းလဲရန် ဖျောင်းဖျသည်။ ထို့နောက် ဂျူးနိုင်ငံသစ်ကို အသိအမှတ်ပြုရန် တင်ပြသည်။ မာရှယ်လက်ခံသည်။ ထရူးမင်းလည်း ဝမ်းသာအားရဖြစ်ကာ ကလစ်ဖို့အား အသိအမှတ်ပြုသည့်အဆို တင်သွင်းရန် ပြင်ဆင်စေသည်။ ထိုအချိန်မှာပင် တယ်အဗစ်ပြတိုက်တွင် လွတ်လပ်ရေး အခမ်းအနားတစ်ခု ကျင်းပရန်

http://mmteashop.com



စိစဉ်နေသည်။ ကလစ်ဖို့က ဝါရှင်တန်တွင် ရှိနေသော ဂျူးအေဂျင်စီ၏ ကိုယ်စားလှယ် အီလျာဟုအီလက်ကို ခေါ်တွေ့ပြီး "ခင်ဗျားက ကျွန်တော့်ဆီ စာတစ်စောင်ရေးပြီး ခင်ဗျားတို့ကို အသိအမှတ်ပြုဖို့ တောင်းဆိုပါ" ဟု ပြောသည်။

ထိုစာကိုရေးရန် အီလက် အသင့်ရှိသည်။ သို့သော်လည်း နိုင်ငံသစ်၏ နာမည်ကို သူမသိ။ သို့ဖြစ်ရာ "ဂျူးနိုင်ငံသစ်"ကို အသိအမှတ်ပြုပါဟု အိမ်ဖြူတော်သို့ စာရေးပေးပို့သည်။ ထိုစာ သူ့ရုံးခန်းမှ ထွက်သွားပြီး ခဏအကြာတွင် ရေဒီယိုက နိုင်ငံသစ်၏ နာမည်ကို ကြေညာသည်။ အီလက်၏ ဒုတိယစာသည် ပထမစာနောက်သို့ အမီလိုက်သည်။ ပထမစာကို အိမ်ဖြူတော် တံခါးဝ၌ မီသည်။ အစ္စရေးနိုင်ငံဆိုသော စကားလုံးကို မင်ဖြင့် ပြင်ဆင်ဖြည့်စွက်သည်။ ဗြိတိသျှ အုပ်ချုပ်ရေးကာလ ကုန်ဆုံးပြီးနောက် ဆယ့်နှစ်မိနစ်အကြာ ညနေ (၆း၁၂) နာရီတွင် သမ္မတထရူးမင်းက အသစ်မွေးဖွားလာသော ဂျူးနိုင်ငံသစ်ကို အသိအမှတ်ပြုကြောင်း ကြေညာသည်။

ကျေးလူးတင်ကြောင်း ဟာဂါနား၏ လျှို့ဝှက်အသံလွှင့်စက်ဖြင့် အသံလွှင့်နေစဉ် ကိုင်ရိုင်မှ ဗုံးကြဲလေယာဉ်ပျံများ တယ်အဗစ်မြို့ပေါ်သို့ ရောက်လာသည်။ ဗုံးကျသဖြင့် အသံလွှင့်ရုံသိမ့်သိမ့်တုန်သွားသည်။ မိုက်ကရိုဖုန်းထဲသို့ ပဲ့တင်သံများ ရောက်သွားသည်။ ယခု ကြားရသည့်အသံများသည် နိုင်ငံသစ်၏ လွတ်လပ်ရေးစစ်ပွဲတွင် ပထမဆုံး ကြားရသည့် ရန်သူ၏ဗုံးကြဲသံများဖြစ်သည်ဟု ဘင်ဂူရီယန် အသံလွှင့်လိုက်သည်။

အပျက်အစီးများကို ဘင်ဂူရီယန် စစ်ဆေးကြည့်ရှုသည်။ "တိုင်းသူပြည်သားတွေ ကြောက်ကြသလား" သူ့ကိုယ်သူ မေးကြည့်သည်။

သူတို့ မျက်နှာများတွင် စိုးရိမ်ပူပန်ခြင်းကို တွေ့ရသည်။ သို့သော်လည်း မျက်ရည်များ မကျ။ ချောက်ချောက်ချားချား မဖြစ်။ သူတို့ "ကြံ့ကြံ့ခံမည်"ဟု ဝန်ကြီးချုပ် ယုံကြည်သည်။

ဘုရင်အက်ဘဒူလာသည် သတင်းစာဆရာ ဧည့်သည်များကို ဧည့်ခံစကားပြောသည်။

"ဟုတ်တယ်၊ အာရပ်နိုင်ငံတွေက စစ်တိုက်နေကြပြီ၊ ကျွန်တော်တို့ကလည်း သူတို့ဘက်က ရပ်တည်ရမှာပဲ၊ ဒါပေမယ့် အမှားတစ်ခုလုပ်ခဲ့တဲ့အတွက် နောင်တစ်နေ့မှာ အတော်ထိခိုက်နစ်နာလိမ့်မယ်၊ ဂျူးတွေကို နိုင်ငံသစ်တစ်ခု ထူထောင်နေထိုင်ခွင့် မပေးတဲ့အတွက် ကျွန်တော်တို့ နောင်တရကြလိမ့်မယ်၊ ကျွန်တော်တို့ လမ်းမှားကို လိုက်နေကြတယ်၊ အခုအထိ လမ်းမှား လိုက်နေတုန်းပဲ" ဟု သူပြောသည်။

ဘုရင်ကလေးသည် ပြောလက်စ စကားကို ရပ်လိုက်သည်။ ထို့နောက် ခပ်ယဲ့ယဲ့ပြုံးကာ ဖြည့်စွက်ပြောဆိုသည်။ "အဲဒီစကားကို ကျွန်တော်ပြောတယ်လို့ ခင်ဗျားတို့ သတင်းစာတွေမှာ ဖော်ပြရင် ကျွန်တော်ကတော့ တရားဝင် အပြတ်ငြင်းမှာပဲ၊ ပြီးတော့ ခင်ဗျားတို့ လိမ်တာလို့ ပြောမယ်"

http://mmteashop.com



ဂျူးနိုင်ငံသစ်၏ ပထမနေ့တွင် ဂျေရုဆလမ် မြို့ဟောင်း၏ အနောက်မြောက်ဘက် မတ်စရာရာရပ်ကွက်တွင် ဘာဂျက်အဘိုဂါဘီယေး၏ တပ်များက အပြင်းအထန်ခုခံတိုက်ခိုက်နေသည်။ မနက် ခုနစ်နာရီတွင် မတ်စရာရာနှင့် မျက်နှာချင်းဆိုင် နော်တာဒမ်ဆေးရုံရှိပ်သာကို ဟာဂါနားတပ်ဖွဲ့က အာရပ်တို့လက်မှ သိမ်းပိုက်လိုက်သည်။ ချက်ချင်းပင် မြို့သူမြို့သားများအား "မြို့ဟောင်းထဲ ပြန်သွားကြ၊ မသွားရင် သေလိမ့်မယ်" ဟု အသံချဲ့စက်များက သတိပေးသည်။

သို့ပြားလည်း အဘိုဂါဘီယေးသည် ထိုဒေသမှ ဆုတ်ခွာရန် ငြင်းဆန်နေသည်။ နောက် နှစ်နာရီအတွင်း သူ့တပ်သားများသည် ဟာဂါနားတပ်ဖွဲ့ကို အပြင်းအထန်ခုခံတိုက်ခိုက်သည်။

ဂရိကိုလိုနီ၊ ဂျာမန်ကိုလိုနီနှင့် အထက်ဘီကားရပ်ကွက်တို့မှာ အယ်လင်ဘီစစ်တန်းလျားများနှင့် အဆက်ပြတ်သွားသည်။ မကြာမီ စစ်နိုင်သူများ၏ လုပ်ရိုးလုပ်စဉ်အတိုင်း အရပ်သားများကို လုယက်ကြသည့် လုပ်ငန်းများစတင်သည်။

သူ့အိမ်ဘေးက မြင်းလှည်းဆွဲသည့် မြင်းတစ်ကောင်ကို ဖမ်းဆီးချည်နှောင်ပြီး သတ်ဖြတ်ကာ အသားများကို တစ်စစီလှီးဖြတ်ယူကြသည်ကို နိမ်းဟာလီဘီ မြင်ရသည်။ လမ်းတစ်လျှောက်တွင် မော်တော်ကား တာယာများ၊ ရေနံဆီပုံးနှင့် အဝတ်အထုပ်လိုက်တို့ကို အိမ်တစ်အိမ်မှ လုယူလာကြသည့် လူအုပ်ကို ဟာလာဘီ ထပ်မံတွေ့ကြုံရသည်။ ဟာလာဘီ ရင်တလှပ်လှပ် ဖြစ်ရသည်မှာ မိတ်ဆွေတစ်ယောက်၏ ကားရုံတွင် သိမ်းဆည်းထားခဲ့သော သူ၏ အစိမ်းရောင် ဝီလီဂျစ်ကားကို မောင်းနှင်ပြေးသွားသည်ကို မြင်လိုက်ရသည့်အခါတွင် ဖြစ်သည်။

သူများပစ္စည်း လုသူများထဲတွင် ဟာဂါနားတပ်ဖွဲ့ဝင်များလည်း ပါဟန်တူသည်။ အာရပ်မော်တော်ကား ရောင်းဝယ်သူတစ်ယောက်က ဟီဘရူးဘာသာဖြင့် ရေးသားသည့် စာတစ်စောင် ဟာဂါနားအဖွဲ့သို့ လာ၍ပြသည်။ သူ့ဆိုင်မှ မော်တော်ကားတာယာ အသစ် (၁၈၀) သိမ်းယူသွားပြီး လက်မှတ်ပေးထားခဲ့ခြင်း ဖြစ်သည်။ ဟာဂါနားအဖွဲ့ဝင် များက "တို့ဘာမှ မတတ်နိုင်ဘူး"ဟု ပြောလိုက်သည်။

ဂျေရုဆလမ်ကို သိမ်းပိုက်ရန် ကြိုးစားကြသည့် ဂျူးနှင့်အာရပ်တို့ နှစ်ဖက်စလုံး သွေးမြေကျခဲ့ကြသည်။ ဒဏ်ရာရသူ အများအပြားရှိသည်။ စကိုးပတ်တောင်ကုန်းပေါ်ရှိ ဆေးရုံကို အသုံးပြုနိုင်သဖြင့် ဂျူးဆေးဝန်ထမ်းအဖွဲ့သည် အနီးဝန်းကျင်ရှိ အဆောက်အအုံများကို စစ်ဆေးရုံအသွင်သို့ ပြောင်းလဲလိုက်သည်။

ပတ်တီး၊ ပလတ်စမာ၊ ပဋိဇီဝဆေးနှင့် သွေးပုလင်းနှစ်ထောင်ကို ဆေးခန်းများတွင် မျှဝေသုံးစွဲကြရသည်။ ရေမရှိ၊ အနာကို ရေမဆေးနိုင်။ လျှပ်စစ်မီးမရှိသဖြင့် လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် ခွဲစိတ်ကြရသည်။ မေးခိုင်ပိုးကာကွယ်သည့် သွေးရည်ကြည်နှင့် မော်ဖင်းတို့ လုံးဝမရှိ။

http://mmteashop.com



ဂျေရုဆလမ်၏ ဂျူးတို့အဖို့ ဒေါက်တာအက်ဒဝပ်ဂျိုးဇက်လို ဝမ်းဗိုက်ခွဲစိတ် ဆရာဝန်များ ရှိနေသည်မှာ ကံကောင်းသည်။ ဟာဂါနား ဒဏ်ရာရသူများကို သူ ခွဲစိတ် ကုသပေးခဲ့သည်။

ဒေါက်တာအက်ဒဝပ်နှင့် မလှမ်းမကမ်းတွင် အာရပ်ဆရာဝန် ဒေါက်တာ အီဘရာဟင်တယ်အီးသည် အစွမ်းကုန် သူ့လူနာများကို ပြုစုကုသသည်။ သူသည် ဝမ်း ဗိုက်ခွဲစိတ်သူ ဆရာဝန်မဟုတ်။ တစ်ခါမျှ မခွဲစိတ်ဘူးခဲ့ပေ။ သူ့တွင် လက်ထောက်မရှိ။ တစ်ဦးတည်းသော သူနာပြုဆရာမမှာလည်း တစ်နေရာတွင် အလုပ်များနေသည်။ ဩစတြီးယား ရိပ်သာတွင် အရေးပေါ်ဆေးခန်းတစ်ခု အာရပ်တို့ ဖွင့်လှစ်သည်။ ဆေး ပစ္စည်းများ စုဆောင်းသည်။ အစိုးရဆေးရုံနှင့် အလှမ်းဝေးသည့် နေရာတွင် တည်ရှိရာ သူ့ဆေးခန်းသည် သချိုင်းသို့ မရောက်မီ တစ်ထောက်နားသည့် စခန်းအဖြစ်သာ ဆောင် ရွက်နိုင်သည်။

ဒေါက်တာတယ်အီးကို ညွှန်ကြားမည့်သူလည်း မရှိ။ ဒေါက်တာဟက်ဆစ်ဘူ လော့မှာ အစိုးရဆေးရုံတွင် ပိတ်မိနေသည်။ သူ့ဆီသို့ မလာနိုင်။ တယ်အီး အားကိုး နိုင်သည်မှာ လန်ဒန်တွင် ခြောက်ဂီနီပေးကာ ဝယ်ခဲ့သည့် လပ်နှင့်ဘေလီ၏ အရေးပေါ် ခွဲစိတ်ခြင်း စာအုပ်ထူကြီးသာ ဖြစ်သည်။ ခွဲစင်ပေါ်တွင် သေတော့မည့် လူနာကိုကုသရန် ထိုစာအုပ်ထဲမှ ညွှန်ကြားချက်များကို သူဖတ်ကာ သူ ကယ်တင်နိုင်ခဲ့သည်။

အစ္စရေးစစ်ဆင်ရေးမှူး ယီဂယ်ယာဒင်အဖို့ကား ထိုညနေက ဂျူးနိုင်ငံသစ်မှာ **“သူ့ခန္ဓာကိုယ်ကို ကာကွယ်ရန် လက်ကိုင်ပဝါတစ်ခုသာရှိသည့် ကိုယ်လုံးတီး အမျိုး သမီးတစ်ယောက်နှင့် တူသည်”ဟု နှိုင်းသည်။ အမျိုးသမီးကလေး ဘာကို ကာကွယ်ရမည် မသိ ဖြစ်နေသလို ယီဂယ်ယာဒင်လည်း ဘယ်ဒေသကို အကာအကွယ်ပေးရမည်မသိ ဖြစ်နေသည်။** မေ (၁၅) စနေနေ့တွင်မူ အစ္စရေး ရင်ဆိုင်နေရသည့် အန္တရာယ်မှာ ဂျေရုဆလမ် မဟုတ်၊ ပါလက်စတိုင်းထဲသို့ တောင်ဘက်မှ အလုံးအရင်းနှင့် ဝင်လာသည့် အီဂျစ်တပ်များ ဖြစ်သည်ဟု ယုံကြည်သည်။

လက်ထရမ်တွင် သူ၏ ယခု နံပါတ်ငါးတပ်ရင်းပျက်သွားသည်ကို ဂီဗာတီတပ် မဟာမှ တပ်ရင်းတစ်ခု အစားထိုးရန် ယစ်ဇက်ရာဘင် တောင်းဆိုသည်ကို ယီဂယ်ယာ ဒင်ပယ်ချသည်။ ဂီဗာတီတပ်များသည် တောင်ပိုင်းတွင် ဖာရောက်၏တပ်များကို ရင်ဆိုင် ရမည်ဟု ဆိုသည်။ ဤသို့ဖြင့် အာရပ်နှင့် ဟာဂါနားတို့ စွန့်ပစ်ခဲ့သည့် လက်ထရမ်ကုန်း မြင့်ဒေသသည် နာရီအနည်းငယ်မျှ လူသူကင်းမဲ့နေသည်။

မိုင်ပေါင်း ထောင်ပေါင်းများစွာ ဝေးသည့် နယူးယောက်မြို့ ဂါဒေါ့ အက်စတိုး ရီးယား ဟိုတယ်တွင် ချိမ်းဝိုက်ဇမန်းအိပ်ရာပေါ်၌ လဲနေသည်။ သူ့ဘေးတွင် မိတ်ဆွေ များ ဝိုင်းနေသည်။ ဇီယွန်ဝါဒ ရှင်သန်ရန် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြသည့် ချိမ်းဝိုက် ဇမန်းသည် မည်သူနှင့်မျှ မယှဉ်နိုင်သည့် တစ်ယောက်တည်းသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ့ကို

http://mmteashop.com



ဂုဏ်ပြုရန် သူ၏ အတွင်းရေးမှူး ဂျိုးဇက်လင်တန်က ရှမ်ပိန်ခွက်ကိုကိုင်ပြီး "နှစ်ပေါင်း နှစ်ထောင်အတွင်း ဂျူးနိုင်ငံ၏ ဥက္ကဋ္ဌကြီးကို ဂုဏ်ပြုပါသည်" ဟု ဆိုကာ ဝိုင်ကို သောက်ကြသည်။

 OOO

http://mmteashop.com



## အပိုင်း (၃၂)

## တစ်နှစ်တွင် အလှဆုံးလ

ဩစတြီးယားရိပ်သာတွင် ဝင်ရောက်ခိုလှုံသည့် အလုပ်လက်မဲ့ အာရပ်အမှုထမ်းတစ်ယောက်သည် ဘက်ထရီဖြင့် ဖွင့်ရသည့် ရေဒီယိုကို ကလိနေသည်။ မေ(၁၄)ကတည်းက အာလာဒင်နာမာရီသည် သူ့ကိုယ်သူ ပြန်ကြားရေးဝန်ကြီးအဖြစ် ခန့်ထားသည်။ အလုပ်မရှိသဖြင့် နှစ်ရက်အတွင်း အာရပ်များမှာ ဂျေရုဆလမ်မြို့ထဲတွင် တစ်နေရာပြီး တစ်နေရာ လက်လွတ်နေသည်။ သို့သော်လည်း နာမာရီ၏ ရေဒီယိုသတင်းစကားကို ကြားရသည့်အခါ သူတို့အားတက်သည်။

ရေဒီယိုပိတ်ပြီး သူ့ရဲဘော် ဂျေရုဆလမ်မြို့သားတို့အတွက် သတင်းထုတ်ပြန်ချက်တစ်ခု ရေးသည်။ ယခု တနင်္ဂနွေနေ့ ဖြစ်သည့် မေ(၁၆)တွင် ရမ်မဲလားရှိ ပါလက်စတိုင်း ရေဒီယိုမှ အသံလွှင့်ချက်အရ အာရပ်တပ်သားများသည် စစ်မျက်နှာတိုင်း၌ ရှေ့တန်းသို့ ချီတက်နေကြသည်။ အောင်ပွဲများ တစ်ခုပြီး တစ်ခုရှိနေသည်ဟု သူသတင်းပေးသည်။

"အီရတ်တပ်များသည် ပါလက်စတိုင်း တစ်နိုင်ငံလုံးနီးပါးကို လျှပ်စစ်မီးပေးသည့် ရူတင်းဘတ် ဓာတ်အားပေးရုံကို သိမ်းပိုက်ခဲ့သည်" ဟု ကြေညာသည်။

ကိုင်ရို ရေဒီယိုက "အီဂျစ်တပ်မတော်သည် ခန်ယူနစ်မှတစ်ဆင့် ဂါဇာဒေသသို့ ရောက်လာသည်။ ရည်မှန်းချက်ထက်ပို၍ အောင်မြင်သည်"ဟု ဆိုသည်။

အီရတ် ရေဒီယိုက လက်ဘနွန်တပ်မတော်သည် အောင်ပွဲခံရင်း ဆက်လက်ချီတက်သည့် လမ်းတစ်လျှောက်တွင် ဂျူးမြို့သစ်စခန်းများ၏ ခံကတုတ်များကို ရှင်းလင်းဖျက်ဆီးခဲ့သည်ဟု ခပ်ကြွားကြွား ကြေညာသည်။

အာရပ်အောင်ပွဲများ ကြေညာပြီးနောက် သူ့အောက်ထပ်မှာရှိသည့် ဩစတြီးယားရိပ်သာသို့ အမြန်ဆုံး ငွေကြေးလှူဒါန်းကြရန် ဆော်ဩကြသည်။

ထိုနေ့မနက်က ထုတ်ပြန်ချက်များတွင် ဤတစ်ချက်သာ မှန်ကန်သည်။ အီရတ်များ သိမ်းပိုက်သည့် ရူတင်းဘတ် ဓာတ်အားပေးစက်ရုံသည် ထရန်းစ်ဂျော်ဒန်ပိုင်နက်ထဲတွင် ရှိသည်။ ခန်ယူနစ်နှင့် ဂါဇာတို့မှာ အာရပ်စစ်စစ်များ နေထိုင်သည့် ဒေသများဖြစ်

http://mmteashop.com



သည်။ ဂျော့ဒီသည် နာမာရီ၏ သတင်းထုတ်ပြန်ချက်ကို ဖတ်သည်။ ထို့နောက် ဘီယာရှီဘာဟီဘရွန်နှင့် ဘက်သယ်ဟာမ်တို့တွင် အီဂျစ်များ အောင်ပွဲခံရသည့် သတင်းများကို နားထောင်ရသည်။ ထို့နောက် ဂျော့ဒီ စိတ်ဆိုးဒေါသဖြစ်သည်။ မိတ်ဆွေတစ်ယောက်အား "ကျုပ်ပေးတဲ့ မြေပုံတွေကို သူတို့မကြည့်ဘူးနဲ့တူတယ်။ သူတို့ သိမ်းပိုက်တဲ့ နယ်မြေအားလုံးဟာ အာရပ်ပိုင်နယ်မြေချည်းပဲ" ဟု ပြောသည်။

ထိုနေ့က ဒေးဗစ်ဘင်ဂူရီယန်၏ ဒိုင်ယာရီတွင် အလားတူ သတင်းများကို ရေးမှတ်သည်။ သူတို့ဘက်က ဆုံးရှုံးသည့် သတင်းများဖြစ်သည်။ မြောက်ပိုင်းတွင် အင်အားငါးရာရှိသည့် တပ်ရင်းတစ်ခုတွင် တစ်ရာ့ငါးဆယ် ကျဆုံးသည်။ အထက်ဘီကား ဒေသတွင် အခြေအနေဆိုးသည်။ တပ်သားများ စိတ်ဓာတ်ကျသည်။ နီယာအမ်၊ နီရင်နှင့် ကဖာဒါရင်နှင့် မြို့သစ်စခန်းများတွင် အီဂျစ်တို့ ဝင်ရောက်တိုက်ခိုက်သည်။ ကြံ့ကြံ့ခံနိုင်မည် မထင်။

"အီဂျစ်တပ်များ ကမ်းခြေအတိုင်း တက်လာသည့် သတင်းများကြားရသည်။ တောင်ပိုင်းမှာ ဟင်းလင်းပွင့်နေသည်"ဟု ဘင်ဂူရီယန် ရေးမှတ်သည်။

ဂျေရုဆလမ် သိမ်းပိုက်ရေးစစ်ပွဲတွင် မြို့သူမြို့သား အလွှာအမျိုးမျိုး ယောကျ်ား၊ မိန်းမ မကျန် ပါဝင်ဆင်နွှဲကြသည်။ ထိုအထဲတွင် ဘာသာရေးသမားများလည်း ပါဝင်သည်။ ဘုန်းကြီးများ၊ စာသင်သားများ၊ သီလရှင်များ နေထိုင်ရာ ကွန်ဗင့်များ၊ ဘုန်းကြီးကျောင်းများတွင် ဒုက္ခသည်များ ပြည့်ကျပ်လာသည်။

ဂျေရုဆလမ်တွင် ဗိသုကာ အဆန်းတကြယ် လက်ရာဖြင့် ဆောက်လုပ်ထားသည့် ကွန်ဗင့်ကျောင်းတစ်ခု ရှိသည်။ ထို ကွန်ဗင့်တွင် ပြင်သစ်သီလရှင် နှစ်ဆယ့်ကိုးယောက် သီတင်းသုံးနေသည်။

သူတို့သည် ယောကျ်ားဆို၍ သူတို့ဘုန်းတော်ကြီး တစ်ယောက်ကိုသာ မြင်ဖူးသည်။ ယောကျ်ားနှင့် မတွေ့ရသည်မှာ နှစ်ပေါင်းငါးဆယ်ရှိပြီ။ ရောက်လာသည့်နေ့က ဂျေရုဆလမ် မြို့ထဲဖြတ်ကာ ကျောင်းသို့ လာခဲ့ကြသည်။ သေတော့မှ ဂျေရုဆလမ်မြို့ကို ဖြတ်မည်။ လွန်ခဲ့သည့် ညကမူ ယောကျ်ားမမြင်ဘူးသည့် သီလရှင်များသည် အာရပ်များ၊ ဂျူးများ ပြေးဝင်လာသည်ကို တွေ့ရသည်။ ပထမ လေးဆယ့်ရှစ်နာရီအတွင်း အဆောက်အအုံနှင့် ခေါင်မိုးကို၊ အာရပ်များက ပထမသိမ်းပိုက်သည်။ ထို့နောက် ဟာဂါနားက တစ်လှည့်သိမ်းပိုက်သည်။ ထို့နောက် အာရပ်များက ထပ်၍ သိမ်းပိုက်သည်။ ဝင်လာသူတိုင်းကို သီလရှင် ဂိုဏ်းအုပ်ကြီးနှင့် သူ့လက်ထောက်တို့က ထွက်သွားကြရန် ပြောသည်။ သူတို့သည် ကြားနေသူများ ဖြစ်သည်ဟူ၍လည်း ရှင်းပြသည်။

နောက်ဆုံးတွင် တနင်္ဂနွေနေ့၌ သီလရှင် ဂိုဏ်းချုပ်ကြီးက တစ်ခုဆုံးဖြတ်သည်။ သီလရှင်များ ဝတ်ပြုတရားဘာဝနာ ပွားများနေသည်ကို ခဏရပ်ပြီး အားလုံးဂျေရုဆလမ်မြို့ကိုဖြတ်ကာ ရှိမန်ကက်သလစ် ဘုန်းကြီးကျောင်းသို့ ဝင်ရောက်ခိုလှုံရန် ဆုံးဖြတ်သည်။ ထိုအချိန်တွင် ဟာဂါနားတပ်ဖွဲ့သည် အဆောက်အအုံကို အာရပ်တို့ထံမှ ပြန်၍ တိုက်ခိုက်

http://mmteashop.com



ယူရန် ပြင်ဆင်နေသည်။ သီလရှင်များသည် ရိုမန်ကက်သလစ်ကျောင်းသို့ ရောက်ရန် ငါးမိနစ် အပြေးအလွှားသွားကြသည်။ ရောက်လျှင် ဂိုဏ်းချုပ်၏ ဧည့်ခန်းမတွင် နေရာယူကြသည်။ တစ်ယောက်စီကို ကတ္တီပါကုလားထိုင်ကြီးတစ်ခုစီပေးပြီး နံရံဘက်လှည့်ကာ ယာယီအခန်းငယ်တစ်ခု ဖန်တီး၍ ဘာဝနာပွားများကြရသည်။ ထိုနေ့ ညဦးပိုင်းတွင် ရိုမန်ကက်သလစ် ဘုရားကျောင်း၌ စုဝေးကာ ကျမ်းစာများ ရွတ်ဖတ်ကြ သည်။ ထို့နောက် ပျော်ရွှင်စွာပင် ပြင်သစ်ဆုတောင်းသီချင်းတစ်ပုဒ်ကို သံပြိုင်သီဆိုကြသည်။ "ယခု မေလ ဖြစ်သည်။ မယ်တော်မေရီ၏ လဖြစ်သည်။ သည်လသည် တစ်နှစ်လုံးတွင် အလှဆုံးလ ဖြစ်သည်"

မြို့ဟောင်း ဂျူးရပ်ကွက်ကို ဖော်ဇီအယ်ကူတပ် ဝင်ရောက်တိုက်ခိုက်ရန် ပြင်ဆင်သည်။ သူ့တွင် ပြည်တွင်းဖြစ် မိုင်းဗုံးနှစ်ဆယ့်ငါးလုံးရှိသည်။ ဂျူးရပ်ကွက်ထဲဝင်ကာ မိုင်းဗုံးတစ်လုံးစီခွဲသည်။

ပထမပစ်မှတ်မှာ ဝါဆောအဆောက်အအုံရှိ ဟာဂါနားတပ်ဖွဲ့ ဖြစ်သည်။ အပျော်တမ်းတပ်သား နှစ်ဆယ့်ငါးယောက်ကို သူ့နောက်လိုက်ရန် ခေါ်ထားသည်။ စီးကရက်တစ်လိပ်မီးညှိပြီး ပါးစပ်မှာတပ်ကာ သူ့တပ်ရှေ့က သွားသည်။ စနက်တံကို စီးကရက်မီးဖြင့် ရှို့သည်။ ပြေးသွားရင်း ယမ်းမှုန့်များ ပေါက်ကွဲပြီး သူ့မျက်နှာကို စင်သည်။ မိုင်းဗုံးကို ပစ်ကာ မှောက်ပြီး အကာအကွယ်ယူသည်။ ဒုတိယမိုင်းဗုံးကို ထရပ်ကား ဒရိုင်ဘာ အယ်ယွန်ဆီလက်သို့ ပေးသည်။ ထို့နောက် ခြောက်လုံးပြူးဖြင့် ချိန်ပြီး ပြေးခိုင်းသည်။ ဗုံးသည် ယွန်ဆီ၏ ခေါင်းပေါ်တွင် လှုပ်ယမ်းနေသည်။

သုံးကြိမ်ပြေးခိုင်းပြီးနောက် ယွန်ဆီက "ခင်ဗျား ကျွန်တော့်ကို ပစ်သတ်လိုက်၊ မလုပ်နိုင်ဘူး၊ ကျွန်တော်ထပ်ပြီး မပြေးနိုင်ဘူး" ဟု ပြောသည်။

ကူတပ်က သူ့တပ်ဖွဲ့မှ ဆယ့်လေးနှစ်သား ဆာကာဘားဂါနီကို ဗုံးခွဲခိုင်းသည်။ ဂါနီ ဒူးတဆတ်ဆတ်တုန်ပြီး ပြေးရန်ပြင်သည်။ ထိုစဉ် အသက်ကြီးသူတစ်ဦးက သူ့ထံမှ ဗုံးကိုလုယူပြီး "အလ္လာအက်ကဘာ"ဟု အော်ကာ ပြေးသွားသည်။ ကတုတ်ကျင်းထဲမှ ဟာဂါနား စစ်သားနှစ်ယောက်က စတင်းဂန်းဖြင့် အဘိုးကြီးကို ပစ်လိုက်သည်။

ထိုဖြစ်ရပ်မှာ ခဏတာမျှသာကြာသည်။ မြို့နေရာတိုင်းတွင် အာရပ်အပျော်တမ်းတပ်ဖွဲ့ဝင်များသည် ဂျူးရပ်ကွက်များကို တိုက်ခိုက်ကြသည်။ အပြင်းထန်ဆုံးမှာ အနောက်ဘက်တောင်ပံ ဂျူးနှင့် အာမေနီယမ်ရပ်ကွက်တို့ ယှဉ်၍ တည်ရှိသည့်နေရာတွင် ဖြစ်သည်။ တစ်ခန်းဝင် တစ်ခန်းထွက်၊ လမ်းထောင့်တစ်ခုမှ တစ်ခုသို့ ခုန်ကူးကာ တိုက်ခိုက်သည်။ ဟာဂါနားတို့က အပြင်းအထန် ခုခံသော်လည်း အာရပ်များ တဖြည်းဖြည်း ရှေ့သို့ ရောက်လာသည်။

အက်စသာကိုလင်ဂိုးသည် လန်ဒန်လမ်းမများပေါ်တွင် လျှောက်သလို တိုက်ပွဲဖြစ်နေသည့်အကြား ခပ်တည်တည် လျှောက်သွားကာ ကျည်ဆန်များ၊ စားစရာများ ဝေငှသည်။ စခန်းတိုင်းသို့ သူဝင်ပြီး အားပေးစကားပြောသည်။ လင်ပန်းတစ်ခုတွင်

http://mmteashop.com



ဆင်းဒဝစ်များ သဲပေနေသည်ကိုတွေ့လျှင် အိမ်ရှင်တို့အား တိုးတိုးသတိပေးသည်။ အင်္ဂလန်တွင် ဂျာမန်တို့ ဗုံးကြဲခိုက် အဖိုးတန် အစားအစာများ မပျက်စီးရန် သတိထားကြသည်ဟု သူဆိုသည်။ ဆယ့်ငါးမိနစ်ရှိလျှင် ဆင်းဒဝစ် အသစ်များယူလာပြီး ဝေငှသည်။

ထိုသို့ ပြေးလွှားနေစဉ် အရှိန်မပြင်းသော ကျည်ဆန်တစ်ခုက သူ့တင်ပါးကို လာ၍မှန်သည်။ အာရပ်တိုက်ခိုက်မှု ပြင်းထန်နေချိန်တွင် မည်သူ၏ အကူအညီကိုမျှ မယူဘဲ ဆေးရုံသို့ ထော့နဲ့ထော့နဲ့ သူ ပြေးသွားသည်။

ထိုနေ့က ကြေကွဲစရာ ဖြစ်ရပ်တစ်ခုကြုံရသည်။ အီမင်ညျူဝယ်မိုင်ဒက်သည် အိမ်တစ်အိမ်၌ ဗုံးထောင်ရန် သွားသည်။ ဗုံးမှာ အိုင်ယာဂန်အိမ်တွင်းစက်ရုံထွက် ဗုံးဖြစ်သည်။ မကျွမ်းကျင်သဖြင့် သူထောင်သည့်ဗုံး ပေါက်ကွဲကာ အဆောက်အအုံ တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။

နောက်တစ်နာရီတွင် သူ့ရည်းစား ရီကာမေနာချေက အီမင်ညျူဝယ်ကို ဆေးရုံ၌ သွားတွေ့သည်။ အီမင်ညျူဝယ်ကို ထမ်းစင်တစ်ခုပေါ်တွင် မျက်နှာ၌ ပတ်တီးများ စည်းလျက် တွေ့ရသည်။

"သူမသေဘူးနော်" ရီကာက ဆရာဝန်အား မေးသည်။ ဆရာဝန်က ခေါင်းညိတ်အဖြေပေးသည်။ အီမင်ညျူဝယ်မှာ ဖြည်းဖြည်းအသက်ရှူနေသည်။ လက်တစ်ဖက် ပြတ်သွားသည်။ ကျန်တစ်ဖက်မှာ သုံး၍မရ။ အဆိုးဆုံးမှာ မျက်စိနှစ်ဖက်စလုံး ကန်းသွားခြင်းပင် ဖြစ်သည်။

မြို့တွင်း တိုက်ပွဲများတွင် အာရပ်တို့ အသာစီးရနေသည်။ တစ်ရက်တိုက်သည်တွင် ရပ်ကွက်လေးပုံတစ်ပုံကို သိမ်းပိုက်နိုင်ခဲ့သည်။ ကြောက်လန့်သည့် အရပ်သားများ စတမ်ဘူလီဘုရားကျောင်းသို့ ပြေးဝင်ခိုလှုံကြသည်။

စိုးရိမ်သည့် အမေများက ပျောက်နေသော ကလေးများကို ရှာသည်။ နောက်ဆုံး တစ်ပြိုင်နက်တည်းပင် အမေများက "လက်နက်ချပါ အလံဖြူတင်ပါ။ ကျွန်မတို့ အသက်တွေ ကယ်ပါဦး" ဟု အော်ဟစ်တောင်းဆိုကြသည်။ "အာရပ်နဲ့ ကျွန်မတို့ သင့်သင့်တင့်တင့် နေတယ်၊ လက်နက်ချလိုက်ရင် သူတို့နဲ့အတူ အေးအေးချမ်းချမ်းနေနိုင်မှာပါ"ဟု ဟာဂါနားတပ်ဖွဲ့များအား တောင်းဆိုသည်။

ဟာဂါနားခေါင်းဆောင်များ ဦးနှောက်ခြောက်သွားသည်။ "တပ်ကူပို့ပါ၊ အခြေအနေဆိုးတယ်" ဟုသာ သတင်းပို့နိုင်သည်။

ထိုအခိုက် ဘုန်းကြီးများဖြစ်ကြသည့် ဂွန်ပါကင်းမင့်ဇဘက်နှင့် ဟာဇန်တို့ ဟာဂါနား ဌာနချုပ်သို့သွားကာ တပ်မှူးအား လက်နက်ချရေး စေ့စပ်ရန် သဘောတူဖို့ တောင်းဆိုသည်။ အပြစ်မဲ့သော အရပ်သားများအားလုံး သေကုန်မည်ဟု ဝါနာဂါတင်က ပြောသည်။ နောက်ဆုံးတွင် တပ်မှူးရတ်စနက်က သဘောတူလိုက်သည်။

http://mmteashop.com



"ကောင်းပြီလေ၊ စေ့စပ်ကြပေါ့" ဟု တိုးတိုး သူ ပြောသည်။

နာရီဝက်ရှိလျှင် အီတာလျံ ဘုန်းတော်ကြီး အယ်လဘာတိုဂိုရီသည် ဝိန်ဂါတင်ထံမှ တယ်လီဖုန်းခေါ်သံကြားရသည်။ "အာရပ်တို့ဘက်က လက်နက်ချ စည်းကမ်းများသည်။ သတ်မှတ်ပေးရန် ကြိုးစားပါ"ဟု ဝိန်ဂါတင်က သတိပေးသည်။ စိတ်ဓာတ်ပျက်ပြားနေသော အာရပ်ဌာနချုပ်တွင် သေစပြုနေသည့် မီးကျီးခဲပေါ်သို့ လေပြည်လေညင်းပက်ဖျန်းသည်နှင့် တူလေသည်။

အာရပ်ခေါင်းဆောင်များက ရပ်ကွက်နေဂျူးတို့ကို ကြက်ခြေနီ ရှေ့ဆောင်မှုဖြင့် ဂျေရုဆလမ်မြို့သစ်သို့ ပြန်လာနိုင်ကြပြီဟု ဘုန်းကြီးဂိုရီအား အကြောင်းကြားသည်။ တိုက်ပွဲဝင် စစ်သားများကို သုံ့ပန်းအဖြစ် ဖမ်းဆီးရလိမ့်မည်ဟု ဆိုသည်။ ဝိန်ဂါတင် စိတ်ပျက်သွားသည်။ သူ့မျက်စိထဲတွင် ကဖာအက်ဇီယွန်၌ အာရပ်ရွာသားများ အသတ်ခံရသည်ကို မြင်ယောင်နေသည်။ ဂွန်ကလပ်၏ စစ်သားများထံ သူတို့လက်နက်ချလိုကြသည်။ မတ်ဖတီ၏ အဖွဲ့ဝင်များထံ လက်နက်မချချင်။ သို့ပေမယ့် "အာရပ်လီးဂျင်းက ဘယ်မှာလဲ"သူ မေးကြည့်သည်။

တစ်နေ့လုံး မြို့ဟောင်းမှလာသည့် သတင်းစကားများကြောင့် ရှယ်လတီးယယ် စိတ်ပျက်သည်။ ဂျူးရပ်ကွက်သည် ဆယ့်ငါးမိနစ်ထက် ပို၍မခံ။ အာရပ်တို့လက်ရောက်တော့မည်ဟု ဆိုသည်။ သို့ဖြစ်ရာ မြို့ဟောင်းကိုဝိုင်းရန် အကြံကို လျှော့လိုက်ပြီး ဂျူးရပ်ကွက်ကို ကယ်တင်မည်။ ဂျက်ဖာတံခါးတွင် အာရပ်တို့ မစုဝေးနိုင်ရန် အာရုံလွှဲတိုက်ခိုက်မှုနှစ်ခု ပြုလုပ်မည်။ တစ်ခုမှာ တံခါးသစ်တွင် အိုင်ယာဂန်နှင့် စတန်းတို့ကို တိုက်စေပြီး လက်ယာဘက်တွင် ဇီယွန်တောင်တန်းကို ပါလမက်တပ်ဖွဲ့က တိုက်ခိုက်မည်။

အိုင်ယာဂန်၊ စတန်းဂိုဏ်းနှင့် ပါလမက်တို့က အာရုံလွှဲတိုက်ခိုက်ခြင်းတို့သည် မြို့ဟောင်းကို သူ၏ ကိုယ်ပိုင်တပ်များက သိမ်းယူပြီး သူ့ဂုဏ်သတင်း မြှင့်တင်ရန် ဖြစ်သည်ဟု သံသယဝင်ကြသည်။ ပါလမက်၏ ယစ်ဇက်ရာဘင်နှင့် ဂျိုးဆက်ဟာဘင်တင်တို့က သူ့အကြံအစည်အောင်မြင်မည် မယုံကြ။ ဂျက်ဖာတံခါးကို တိုက်ခြင်းသည် ရာဘင်အဖို့ 'ကျောက်တုံးကို ခေါင်းနှင့်ဝင်တိုက်သည်နှင့်တူသည်' ဟု ထင်သည်။ သူတို့က မင်ဒယ်ဘွန်ဂေဟာမှတစ်ဆင့် မြို့ဟောင်း၏ အရှေ့မြောက်ထောင့်သို့ တိုက်ခိုက်ကာ ဂျေရုဆလမ်မြို့သို့ ဝင်ရောက်သည့် အရေးကြီးသောလမ်းများကို ထိန်းထားနိုင်လိမ့်မည်ဟု ယုံကြည်သည်။

"ဒီစစ်ကို ဘယ်လို တိုက်ရမယ်ဆိုတဲ့ ခင်ဗျားတို့ အကြံဉာဏ်ကို ကျွန်တော် မလိုချင်ဘူး၊ ကျွန်တော်ပြောချင်တာက ခင်ဗျားတို့ ကျွန်တော်ခိုင်းတဲ့အတိုင်း တိုက်မလား၊ မတိုက်ဘူးလား၊ ဒါပဲ"

သူ့တပ်မှ အရာရှိများက ရှယ်လတီးယယ်၏ စစ်ဗျူဟာကို သဘောမတူ။ ဒေးဗစ်မျှော်စင်ပေါ်မှ စက်သေနတ်တစ်ချက်မွှေ့ယမ်းလိုက်လျှင် တိုက်ပွဲရပ်သွားမည်ဟု ယစ်ဇက်လယ်ဗီက သတိပေးသည်။ ဇယ်လမန်မတ်ကလည်း သဘောမတူ။

http://mmteashop.com



သို့ပြောလည်း ရှယ်လတီးယယ် စိတ်ထားမပြောင်း။ သူ့နည်းဗျူဟာကို ယုံကြည်သည်။ အစီအစဉ်နှစ်ခု သူ ပြင်ဆင်ထားသည်။ တစ်ခုမှာ ဂျူးနိုင်ငံသစ်အလံကို ဒေးဗစ်မျှော်စင်ပေါ်တွင် လွှင့်ထူရန် ဖြစ်ပြီး၊ နောက်တစ်ခုမှာ ဒေးဗစ်မျှော်စင်ခြေရင်းတွင် ယဇ်ပူဇော်ရန် သိုးငယ်လေးတစ်ကောင် ရှာထားခြင်း ဖြစ်သည်။ ဂျေရုဆလမ်၏ မြေကတုတ်များကို ဂျူးများလက်အပ်ပြီးနောက် ထိုအစီအစဉ်နှစ်ခုကို သူ ပြုလုပ်မည်။

ooo

http://mmteashop.com



## အပိုင်း (၃၃)

## ဂျေရုဆလမ်ကို ကယ်တင်ပါ

လမိုက်ည။ မေ (၁၇) မနက် လေးနာရီတွင် ထရန်းစ်ဂျော်ဒန်ဘုရင်သည် အိပ်ရာမှထကာ ဘုရားနှင့်စကားပြောသည်။

ထိုစဉ် သူ့ကိုယ်ရံတော် ဟက်ဇာအင်မာဂျာလီ အခန်းထဲပြေးဝင်လာသဖြင့် စကားပြော ရပ်သွားသည်။ ဂျေရုဆလမ်မှ တယ်လီဖုန်းသတင်းတစ်ခု လာသည်။ ဟတ်ချ် အာမင်ဟတ်ဆေနီ၏ အာရပ်ထိပ်တန်း ကော်မတီမှာ အာမက်ဟီလမီပါရှားက ငိုယို လျက် အာရပ်လီးဂျင်း အမြန်လာပြီး ကူပါ၊ ဂျေရုဆလမ်နှင့် မြို့သားများကို ရန်သူ့လက်မှ ကယ်တင်ပါဟု ဆိုသည်။

ထိုညတွင် ဒုတိယအကြိမ် မာဂျာလီက ဖုန်းခေါ်သည်။ အကယ်၍ လီးဂျင်းတပ်များ မလွှတ်လျှင် ခင်ဗျားအဖေ၏ သင်္ချိုင်းပေါ်တွင် ဂျူးအလံ လွှင့်တင်သွားလိမ့်မည်ဟု ဘုရင် အက်ဘဒူလာအား ဂျေရုဆလမ်မြို့သားတစ်ယောက်က သတိပေးကြောင်း ဆိုသည်။

ဘုရင်ကလေး မလှုပ်ရှား။ ပါလက်စတိုင်း ခွဲခြမ်းရေးကို စိတ်မပါဘဲ သူသဘောတူရသော်လည်း ဂျေရုဆလမ်ကို ကုလသမဂ္ဂအုပ်ထိန်းမှုအောက် ထားရမည်ကိုမူ ဘင်ဂူရီယန်လိုပင် သူ သဘောမတူနိုင်။ ဗြိတိန်က သူ၏ ဘီဒိုအင်းသဲကန္တာရတပ်များကို ဂျေရုဆလမ်သို့ မပို့ရန် အမြဲသတိပေးသည်။ ဗြိတိန်၏ ထောက်ခံမှုကို သူလိုသည်။ သို့မှ ရာဇပလ္လင်တွင် သူ မြဲမည်။ ဂျေရုဆလမ် ဂျူးလက်ကျဆုံးလျှင် သူ့ဂုဏ်သိက္ခာ ထိခိုက်မည်အမှန်။ အာရပ်လောကတွင် အကောင်းဆုံး စစ်တပ်တစ်စုသည် အစ္စလာမ်တို့၏ တတိယမြို့တော်ကို မကာကွယ်နိုင်လျှင် ဘာအသုံးကျမည်လဲ။

အမ်မမ်မြို့ပြင်ဘက် ဇာကာတပ်စခန်းတွင် အိပ်မောကျနေသည့် အာရပ်အဖွဲ့ချုပ် ခေါင်းဆောင်များသည် ဂျေရုဆလမ်မှ အကူအညီတောင်းသဖြင့် အိပ်ရာမှ နိုးလာကြသည်။ အာရပ်လီးဂျင်းသာမကယ်လျှင် ဂျေရုဆလမ် ကျဆုံးမည်ဟု အီဂျစ်စစ်သားတစ်ယောက်က အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူး အက်ဇမ်ပါရှားအား လာ၍ ပြောသည်။ ဂျေရုဆလမ်တွင် လက်နက်ခဲယမ်းမီးကျောက်မပြည့်စုံ။ အကယ်၍သာ ဂျူးတို့က တညီတညွတ်တည်း တိုက်မည်ဆိုလျှင် ဂျေရုဆလမ်သည် ကျဆုံးသွားနိုင်သည်။

http://mmteashop.com



အက်ဇမ်၏ အိမ်ကလေးထဲတွင် အာရပ်အဖွဲ့ချုပ် ခေါင်းဆောင်များ အချေအတင် ဆွေးနွေးနေကြသည်။ နောက်ဆုံးတွင် အက်ဇမ်က အီရတ်၏ အိမ်ရှေ့ဥပရာဇာ အက်ဘဒူအီလားအား "ခင်ဗျားဦးလေးဆီ သွားပြီး ဂျေရုဆလမ်ကို တပ်တွေပို့ဖို့ ပြောပါ။ ဂျေရုဆလမ် ရန်သူလက်ကျသွားရင်. . . ဟက်ရှမိုက်မင်းဆက်ဟာ အာရပ် သစ္စာဖောက်တွေပဲလို့ ကမ္ဘာကို ကျုပ် တိုင်တည်ရလိမ့်မယ်။ ကျုပ်ကို သတ်ပစ်ချင် သတ်ပစ်ကြပစေ။ ပြောရလိမ့်မယ်" ဟု ပြောသည်။ သူတို့အားလုံး နိုးနိုးကြားကြား ဖြစ်လာကြပြီး ဝတ်စားပြင်ဆင်ကာ အက်ဘဒူလာ၏ နန်းတော်သို့သွားရန် စုဝေးကြသည်။

ထိုအချိန်တွင် အိပ်ခန်းထဲမှ ထွက်လာပြီး သူ့ရှေ့တွင် ရပ်နေသော ပုဂ္ဂိုလ်ကြီးကို ကြည့်ကာ တွီဖစ်အဘိုဟိုဒါ အံ့အားသင့်နေသည်။ ထရန်းစ်ဂျော်ဒန်၏ ဝန်ကြီးချုပ်သည် သူ့ဘုရင်ကြီးစိတ်အပြောင်းအလဲ မြန်သည်ကို သိသည်။ သို့သော်လည်း ယခုလို ညကြီးသန်းခေါင်တွင် သူ့ဧည့်ခန်းသို့ ဘုရင်အက်ဘဒူလာ ရောက်လာမည်ဟု သူ မမျှော်လင့်။ ဂျေရုဆလမ်တွင် ဝင်ရောက်စွက်ဖက်လျှင် ဘီဗင်နှင့် ဗြိတိန်တို့နှင့် သဘောတူညီချက်ကို ဖောက်ဖျက်ရာ ရောက်မည်ဟု အက်ဘဒူလာကို သူပြောသည်။

ဘုရင်အက်ဘဒူလာ စိတ်အနှောင့်အယှက်ဖြစ်မိသည်။ ထိုစကားကို နားထောင်ရန် ညကြီးသန်းခေါင်တွင် ဝန်ကြီးချုပ်အိမ်သို့ သူရောက်လာခြင်းမဟုတ်။ ဂျေရုဆလမ်သို့ တပ်များ စေလွှတ်ရန် သူစိတ်စောနေသလို သူ့ကြောင့် သူ့မဟာမိတ်များကို ဆန့်ကျင်ရာ ရောက်မည်ကိုလည်း သူ စိုးရိမ်မိသည်။

သူ့မှာ ကြုံတွေ့နေရသည့် အခက်အခဲကို ပြန်လည် စဉ်းစားရင်း အက်ဘဒူလာသည် နန်းတော်သို့ ပြန်လာသည်။ ထိုအခါ အာရပ်ခေါင်းဆောင်များကို မမျှော်လင့်ဘဲ တွေ့ရသည်။ ယခုလည်း အက်ဇမ်က ဇာကာတွင် အက်ဘဒူအီလားအား ပြောသည့် စကားကိုပင် ဘုရင်လေးအား ပြောသည်။ ထို့ပြင် ထပ်မံ ဖြည့်စွက်လိုက်သေးသည်။ အကယ်၍ အာရပ်လီးဂျင်းက ဂျေရုဆလမ်ကို ကယ်တင်မည်ဆိုလျှင်. . . "ခင်ဗျားကို ဂျေရုဆလမ်ရဲ့ ဘုရင်အဖြစ် တင်မြှောက်တာကို ကျွန်တော်မကန့်ကွက်ဘူး၊ သရဖူကို ခင်ဗျားခေါင်းပေါ်မှာ ကျွန်တော်ကိုယ်တိုင် ဆောင်းပေးမယ်။ ဒါပေမယ့် ကျွန်တော့်ဘုရင် (ဖာရောက်)ကတော့ သဘောတူမှာ မဟုတ်ဘူး"

ဘုရင်လေးသည် ထိုင်နေရာမှထကာ အက်ဇမ်ကို ပွေး၍ဖက်သည်။

"ခင်ဗျား စိတ်မပျက်စေရဘူး"ဟု သူ ကတိပေးသည်။

သူ့ရှေ့တွင် ဖိုးစကွဲယားစီးကရက် ငါးလိပ်ရှိနေသည်။ နေတာနယ်လော သံသယဝင်မိသည်။ ထုံးစံအတိုင်းဆိုလျှင် သုံးလိပ်သာ ရှိရမည်။ နှစ်ခု အပိုရှိနေသည်က ဘာအဓိပ္ပာယ်လဲ။ စီးကရက်တစ်လိပ် သောက်၍မှ မပြီးဆုံးမီ သူ့ကို ရှနဲလား အခြေစိုက်စခန်း အစည်းအဝေးသို့ ခေါ်ကာ သူ့ကို ဘာခိုင်းကြမည်လဲ။ စီးကရစ်တစ်လိပ် သောက်မပြီးမီမှာပင် အကြောင်းရင်းကို သိရသည်။ ဒေးဗစ်ရှယ်လတီးယယ်၏ ဂျက်ဖာတံခါး စစ်ဆင်ရေးတွင် သူ ပါဝင်ဆင်နွှဲရမည်။

http://mmteashop.com



ခေါင်းဆောင်မည့်သူမှာ အက်ဖ်ရိမ်းလယ်ဗီ ဖြစ်သည်။

"လော"ကို စစ်ဆင်ရေးအစီအစဉ် ရှင်းပြသည်။ အိုင်ယာဂန်၊ စတန်းဂိုဏ်းနှင့် ပါလမက်တို့ ပါဝင်မည့် အခန်းကဏ္ဍကို သိရသည်။ ပထမအသုတ်သည် ဥမင်လမ်းမှ ဝင်သွားပြီး ရဲတိုက်၏ အနောက်မြောက်ဘက် မျှော်စင်ကို သိမ်းပိုက်ရမည်။ ထိုကမှ ဂျက်ဖာတံခါးကို ထိန်းထားမည်။ ဒုတိယအသုတ်ဖြစ်သည့် "လော"၏ တပ်များသည် အရှေ့တောင်မျှော်စင်ကို သိမ်းပိုက်ကာ ဟိုတယ်တွင်ရှိသည့် ပုလိပ်ဌာနချုပ်ကို သိမ်းရမည်။

ထို့နောက် ရဲတိုက်၏ တည်ဆောက်ပုံကို ဒေးဗစ်အေမီရန်က ရှင်းပြသည်။ သူသည် ရှေးဟောင်းသုတေသီ၏ ခင်ပွန်း ဖြစ်သည်။ ထို့နောက် ရှယ်လတီးယယ်က ဇီယွန်အလံကို သက်ဆိုင်သူတို့အား အပ်နှင်းသည်။ နက်ဖြန်မနက်တွင် ထိုအလံသည် ဒေးဗစ်မျှော်စင်ထက်တွင် တလူလူလွင့်နေလိမ့်မည်ဟု ရှယ်လတီးယယ် အာမခံသည်။

. ဂွန်ဂလပ်သည် အနီရောင် စာရေးစက္ကူကို ကြည့်သည်။ အာရပ်လီးဂျင်းအဖို့ အရေးကြီးသည့် သတင်းစကားကိုသာ အနီရောင်ဖြင့် ပေးပို့လေ့ရှိသည်။ ဘုရင်မင်းမြတ် အမိန့်တော် ချမှတ်သည်။ "တပ်များ ရမ်မဲလားမှ ဂျေရုဆလင်သို့ ချီတက်ရမည်"ဟု ဆိုသည်။ "လီးဂျင်းတပ်တွေက ဂျူးတွေကို ခြိမ်းခြောက်လိုက်တာနဲ့ စေ့စပ်ဆွေးနွေးရေး လက်ခံမယ်လို့ မျှော်လင့်ဟန်တူတယ်" ဟု ဂွန်ဂလပ် စဉ်းစားမိသည်။ နောက်နာရီဝက်ရှိလျှင် ပို၍ ပြည့်စုံသည့် သံကြိုးတစ်စောင် ထပ်၍ ရောက်လာသည်။ ထိုအချိန်မှာ နေ့လယ် (၁၂)နာရီ ဖြစ်သည်။ "ဘုရင်မင်းမြတ်သည် အာရပ်များကို စိတ်သက်သာစေချင်သည်။ ဂျေရုဆလင်တွင် ဂျူးတို့ စေ့စပ်ရေးလက်ခံစေချင်သည့် ဆန္ဒရှိသည်။ ဘုရင်မင်းမြတ်က အမြန်ဆုံး ဆောင်ရွက်စေချင်သည်။ စစ်ဆင်ရေး စပြီဖြစ်ကြောင်း မြန်မြန် အစီရင်ခံပါ" ဟု ဆိုသည်။

သံကြိုးနှစ်ခုအရ သူ့တပ်သားများ ဂျေရုဆလင်သို့ ချီတက်စေချင်သည့်ဆန္ဒ ပြင်းပြနေကြောင်း ဂွန်ဂလပ် စဉ်းစားမိသည်။ လေးဆယ့်ရှစ်နာရီလုံးလုံး ဂွန်ဂလပ် မလှုပ်မရှား နေခဲ့သည်။ နိုင်ငံရေး အကြောင်းပြချက်အချို့ ရှိသည်။ စစ်ရေး အကြောင်းပြချက် အချို့ ရှိသည်။ ခေါင်းဆောင်များ ယူဆသလို ဂျေရုဆလင် အခြေအနေမှာ မဆိုးရွားဟု သူ ယူဆသည်။ မြို့ကြီးသား အာရပ်များကို ဂလပ် မကြိုက်။ သူတို့သည် အစွမ်းအစ မရှိ။ ရန်သူကို အထင်ကြီးလွန်းကာ အကြောက်လွန်နေကြသူများ ဖြစ်သည် ထင် သည်။

သူ၏ လီးဂျင်းတပ်သည် ပါလက်စတိုင်းမြေပေါ်တွင် ရောက်နေသည်မှာ လေးဆယ့်ရှစ်နာရီရှိနေပြီ။ သို့သော်လည်း သေနတ်တစ်ချက် မဖောက်သေး။ တိုက်ပွဲတစ်ခုမျှ ရင်မဆိုင်ရသေး။

http://mmteashop.com



အိမ်နီးချင်း ရေဒီယိုများမှ အောင်ပွဲသတင်းများ ဆက်တိုက်ထုတ်လွှင့်နေသည်။ သို့ဖြစ်ရာ အမ်မမ်တပ်များ ဘာလုပ်နေသလဲ။ အက်ဘဒူလာက ဂျေရုဆလမ်ကို ချီတက်ကြဟု အာရပ်အရာရှိများ စစ်သားများအား တိုက်တွန်းခဲ့သည်။ ယခု သူတို့ကလည်း မရိုးမရွှဖြစ်လာသည်။ သူတို့တပ်စခန်းကို အမျိုးသမီးများဝိုင်းကာ သူရဲဘောနည်းသူများ သတ္တိမရှိသူများဟု ပြက်ရယ်ပြုကြသည်။ အပျော်တမ်းတပ်သား အတော်များများ ထွက်ပြေးကြသည်။ ယူနစ်တစ်ခုဆိုလျှင် တပ်တွင်းပုန်ကန်မှုပြုလုပ်မည်အထိ လှုပ်ရှားလာသည်။

သို့တိုင်အောင် ဂလပ်သည် ဂျေရုဆလမ်နှင့် ခပ်ဝေးဝေး နေသည်။ ကုလသမဂ္ဂ အုပ်ချုပ်မှုအောက် ထားရှိရန် စီမံချက် မပျက်ပြားစေချင်။ မြို့တွင်း တိုက်ပွဲများကို သူ့တပ်များနှင့် မဆင်နွှဲချင်။ စိတ်က သူ့ကို လွှမ်းမိုးနေသည်။ သို့သော်လည်း ဘုရင်၏အမိန့်ကို သူမျက်ကွယ်ပြု၍မရ။ သို့ဖြစ်ရာ အမြောက်သံပေးမည်ဟု သူ စိတ်ကူးရသည်။ (၂၅) ပေါင်ဒါ အမြောက်နှင့် ပစ်မည်။ ထိုအခါ ဟာဂါနားတပ်ဖွဲ့ လှုပ်ရှားမှုများ ငြိမ်သွားလိမ့်မည်။ ဤသို့ဖြင့် သူ့တပ်ကို ဂျေရုဆလမ်သို့ ပို့ရန် မလိုအပ်သည့် အခြေအနေဆိုက်ရောက်လာနိုင်မည် သူ မျှော်လင့်သည်။

နေတာနယ်လော့သည် ဂျေရုဆလမ်၏ ဂျူးမိခင်များ သူတို့ မစားဘဲ ဟာဂါနားအတွက် ပေးဝေသည့် ဆင်းဒဝစ်များကို တပ်သားများအား ဝေငှသည်။ ထို့နောက် တိုက်ပွဲအတွက် အသင့်ဖြစ်နေစဉ်မှာပင် အာရပ်တို့ဘက်မှ စက်သေနတ်ပစ်သံ ကြားရသည်။ "ဌာနချုပ်ကပြောတော့ အာရပ်တွေမှာ စက်သေနတ်မရှိဘူးဆို"ဟု တစ်ယောက်က ပြောသည်။ "အဲဒါ စက်သေနတ်ပစ်တာ မဟုတ်ဘူး၊ အာရပ်စစ်သား ဆယ်ယောက်တစ်ချက်ပြီး တစ်ချက် ဆက်တိုက်ပစ်တာ" ဟု တစ်ယောက်က ပြောသည်။

နေဘီဆင်မျှုယယ် တောင်ထိပ်မှ ဂျေရုဆလမ်မြို့ကို စီး၍ မြင်နေရသည်။ မိုဟာမက်မေတားသည် ဂျေရုဆလမ်ကို ဒုတိယအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။ သူသည် အမြောက်တပ်မှ အရာရှိ ဖြစ်သည်။ ဗြိတိသျှတို့ အယ်အယ်လာမိန်းတွင် အောင်ပွဲခံစဉ်က သူသည် ဂျေရုဆလမ်မြို့ထဲတွင် မြင်းစီးပြီး စစ်ရေးပြ ချီတက်ခဲ့ဖူးသည်။ ယခု ဂလပ်၏ အမိန့်အရ ဂျေရုဆလမ်ကို (၂၅)ပေါင်ဒါ အမြောက်ဖြင့် ပစ်တော့မည်။

"ပစ်" ဟု အော်ပြောကာ "ငါ ပထမဆုံး ပစ်မယ်ဟေ့" ဟု ဆိုသည်။

သူ၏ အမြောက်ဆန်များ ဂျေရုဆလမ်မြို့ပေါ်သို့ ဆူညံစွာ ပြေးသွားနေစဉ် ရမ်မဲလားတွင် အာရပ် အသံလွှင့်ဌာနတစ်ခုမှ "အာရပ်လီးဂျင်း၏ အမြောက်များ ဂျေရုဆလမ် မြို့တွင်းရှိ ဂျူးစခန်းများသို့ ယခု စတင်ပစ်ခတ်နေပြီ"ဟု ကြေညာသည်။ "ဂျေရုဆလမ် တစ်မြို့လုံးပေါ်မှာ လေးရောင်ခြယ် ပါလက်စတိုင်းအလံတွေ လွှင့်ထူတော့မှ တို့အမြောက်သံတွေ ရပ်သွားမယ်" ဟု ကြေညာသူက ဟစ်ကြွေးသည်။

ဂျေရုဆလမ် ဂျူးရပ်ကွက်သို့ အမြောက်ကျည်ဆန် ရှစ်ခု ကျသည်။ သို့တိုင်အောင် ဟာဂါနားတပ်ဖွဲ့၏ စိတ်ထားကို ပြောင်းလဲအောင် မတတ်နိုင်သေး။

http://mmteashop.com



ဘော့ဘီရေးစမင်းသည် ကားထဲတွင် သူ၏ အခင်ဆုံးသူငယ်ချင်း မိုရှေးဆာလမွန်နှင့် စကားပြောသည်။ သူသည် အမေရိကန်မှ ယောင်မှားပြီး ပါလက်စတိုင်းသို့ ရောက်လာသူ ဖြစ်သည်။ မိနစ်အနည်းငယ်အတွင်း သူတို့သည် ဆူလေမန်ရဲတိုက်၏ လျှို့ဝှက်တံခါးကို ဖောက်ခဲ့ကြတော့သည်။

"အထဲရောက်ပြီဆိုရင် တို့ဘာလုပ်မှာလဲ၊ ဆယ်မိနစ်တောင် ကြာမှာမဟုတ်ဘူး" ဆာလမွန်က ရေးစမင်းကို မေးသည်။

ရေးစမင်း ပခုံးတွန့်လိုက်သည်။ "ပြီးတော့ နောက်ထပ် တိုက်ပွဲတစ်ခု ဆင်နွှဲရမှာပေါ့။ တို့က အာရပ်လွှဲတဲ့ တိုက်စစ်မဟုတ်လား"

ဆာလမွန်က သျှိုလင်ပြား တစ်ခုထုတ်ကာ "ငါက ခေါင်း၊ မင်းကပန်း၊ ကျတဲ့သူ ဖောက်ခွဲဖို့ တာဝန်ယူပေတော့" ဟု ဆိုသည်။

ခေါင်းကျသည်။ ဆာလမွန်က သူ့လူများကို ကားပေါ်မှ ဆင်းခိုင်းပြီး သံတံခါး ဖောက်ခွဲရာတွင် ကူညီခိုင်းမည်။ ရေးစမင်းက "ဂွတ်လပ်"ဟု နှုတ်ဆက်လိုက်သည်။

ဇီယွန်တောင်ကုန်းကို တိုက်ရန် ယီမင်မိုရှေ ဘုရားကျောင်းတွင် ပါလမက်တပ်စု လေးခုစောင့်နေသည်။ ကက်စတယ်ကို သိမ်းပိုက်ခဲ့သည့် အူဇီနာဆစ်သည် ခေါင်းဆောင် ဖြစ်သည်။

မထွက်ခွာမီ ရှယ်လတီးယယ်က "အလံပါရဲ့လား"ဟု နာဆစ်အား ဖုန်းမှ မေးသည်။

"မပါဘူး၊ ဘာဖြစ်လို့ အလံယူရမှာလဲ"

"ဇီယွန်တောင်ကုန်း သိမ်းပြီးရင် လွှင့်ဖို့ပေါ့" ရှယ်လတီးယယ်ကပြောသည်။

"အင်း. . . ကျွန်တော် မစဉ်းစားမိဘူး"

အက်ဖရိမ်းလယ်ဗီတွင် ခါး၌ အလံတစ်ခု ချည်ထားသည်။ သူသည် ယိုးဆက် နေဗိုနှင့်အတူ မြို့ရိုးကို ဖောက်ခွဲမည်။ နှစ်ပေါင်းနှစ်ထောင်အတွင်း ပထမဆုံးအကြိမ် ဂျူးတို့ မြို့ရိုးကို ဖောက်ခွဲခြင်း ဖြစ်သည်။ ညမှာ မှောင်သည်။ လရောင်မရှိ။ အမှောင်ထဲမှာ သူတို့ သွားနေကြသည်။ နေဗို၏ ဗြိတိသျှ သံချပ်ကာ ကားနှစ်စီးနှင့် မိုရှေးဆလာလမွန်တို့၏ ကားများ အောက်ဘက်က လမ်းများပေါ်တွင် ရှိနေသည်။ လယ်ဗီ နာရီကို ကြည့်သည်။ ည (၁၂)နာရီထိုးရန် မိနစ်အနည်းငယ်သာ လိုတော့သည်။ သူငယ်ချင်း၏ ပခုံးကိုပုတ်ကာ လမ်းပေါ်တွင် ဝှက်ထားသော ကားများဆီသို့ သွားကြသည်။

မြို့ဟောင်းကြီးအတွင်း လမ်ကြိုလမ်းကြားများ၌ "မြို့ရိုးဆီသွားကြ" ဟူသော အသံများ ဆူညံနေသည်။

ကာမယ်အိုင်ရီကက် မြို့ရိုးဆီသို့ ပြေးသွားသည်။ ဂျက်ဖာတံခါးရောက်လျှင် "ဂျူးတွေ လာနေပြီ၊ တံခါးပွင့်သွားပြီ" ဟူသော တစ်စုံတစ်ယောက်၏ အော်သံကို ကြားရသည်။

http://mmteashop.com



တံခါးဆီသို့ အိုင်ရိကက် ပြေးသွားသည်။ သဲအိတ်အနည်းငယ်သာ ရှိသည်။ ထရပ်ကားတစ်စီးကိုပင် မတားနိုင်။ တစ်နေရာတွင် မေ (၁၃)က အင်တွန်ဆာဖီယေး ယူလာသည့် ခနော်နီခနော်နဲ့ အမှိုက်လှည်း ဆယ့်သုံးစီးကို တွေ့ရသည်။ အိုင်ရိကက်နှင့် သူ့လူများ ယင်းတို့ဖြင့် တံခါးကို အရေးပေါ် ပိတ်ဆို့လိုက်သည်။

မြို့ရိုးထိပ်ပေါ်တွင် အော်ဟစ်ဆူညံသံများ ကြားရသည်။ ယောကျ်ားများ ဟိုသည် ပြေးလွှား နေရာယူကြပြီး သေနတ်တည်လို့ရသည့် နေရာမှ ပြန်လှန်ပစ်ခတ်ကြသည်။ မှောင်မည်းနေသဖြင့် ဘာကိုမျှ မမြင်ရ။ စက္ကူများကိုလိပ်ကာ မီးရှို့ပြီး မြို့ရိုးပေါ်မှ ချပေးသည်။ သူတို့တွင် ရှိသမျှ လက်နက်မှာ ဖော်ဇီအယ်ကူတပ်၏ စက်ရုံမှ လက်ဖြစ်လက်ပစ်ဗုံးများသာ ဖြစ်သည်။ လက်ပစ်ဗုံးကို ကြိုးဖြင့်ချည်ကာ အဝေးသို့ လွှဲ၍ ပစ်ကြသည်။

တင်းနတ် အဆောက်အအုံပြတင်းမှ လယ်ဗီ ပြင်ဘက်သို့ ကြည့်သည်။ တံခါးဆီသို့ နေဗို၏ကား ရွေ့လျားသည်ကို မြင်ရသည်။ မီးရောင်လင်းသည့်အနားသို့ ရောက်လျှင် မြို့ရိုးပေါ်မှ အာရပ်များက တရစပ်ပစ်သည်။ လက်ပစ်ဗုံးလွတ်လောက်သည့် နေရာတွင် သူ့ကားများကို နေဗို ရပ်ထားသည်။ သို့သော်လည်း ကြိုးဖြင့် လွှဲ၍ပစ်သည်ကို သူမသိ။ သူ့ဘေးတွင် လက်ပစ်ဗုံးများ တဝုန်းဝုန်း ပေါက်သည်။ သူ့ရှေ့က သံချပ်ကာကားများက မြို့ရိုးဆီသို့ ပစ်သည်။ သူတို့ဘက်က ဘရင်းဂန်း ငြိမ်နေသည်ကို နေဗိုသတိပြုမိသည်။ လှည့်ကြည့်လိုက်ရာ ဘရင်းဂန်းပစ်သူ ကားထဲတွင် လဲကျနေသည်ကို တွေ့ရသည်။ ဝိုင်ယာလက် အော်ပရေတာက သူ့ဆီ တွားသွားသည်။ "သူ သေပြီထင်တယ်" ဟု ဆိုသည်။ စကားမဆုံးမီ သူလည်း သေနတ်မှန်သည်။

ထိုစဉ် နေဗို၏ ဝိုင်ယာလက်စက် သေနတ်မှန်သည်။ ဆာလမွန်၏ ဘတ်စ်ကားလည်း တုံ့ခနဲရပ်သွားသည်။ ထို့နောက် ကားတန်းတစ်ခုလုံး ရပ်သွားသည်။

ရောဒါးကျောင်းဌာနချုပ်မှာ ကျဆုံးတော့မည်။ လူအများအော်ဟစ်ကာ အကူအညီတောင်းကြသည်။ ခေါင်းဆောင်များ အပြန်အလှန်အော်ဟစ်ကြသည်။ စိုးရိမ် ထိတ်လန့်နေသဖြင့် ဘာမျှ မထိရောက်။ တယ်လီဖုန်းခလုတ်ခုံတွင် နင်မရာတင်းနတ်သည် အမ်မမ်နန်းတော်သို့ ဖုန်းဆက်သည်။ ဘုရင်နှင့် တိုက်ရိုက်တွေ့ရသဖြင့် အံ့ဩမိသည်။ "အရှင်မင်းမြတ် ဂျူးတွေ မြို့တံခါးဝရောက်နေပြီ၊ မိနစ်ပိုင်းအတွင်း ဂျူးတွေလက်ထဲ ဂျေရုဆလမ် ကျတော့မယ်"

တကယ်ပင် ဂျူးများ တံခါးဝများသို့ ရောက်လာကြသည်။

ဆာလမွန်နှင့်လယ်ဗီ ရေဒီယိုဖြင့် အဆက်အသွယ် လုပ်သည်။ စကားပြောနေစဉ် သူ့သူငယ်ချင်း၏ အော်သံကို လယ်ဗီ ကြားရသည်။ "ငါထိပြီ" ခဏကြာလျှင် ဆာလမွန်၏ ရေဒီယို အော်ပရေတာက ဆာလမွန် သေတော့မည်ဟု လယ်ဗီအား အကြောင်းကြားသည်။

http://mmteashop.com



မြို့ရိုးအောက်ဘက်တွင် ဆာလမွန်၏ ဘတ်စ်ကားပေါ်မှလူများ ခုန်ထွက်လာကြပြီး တင်းနတ်အဆောက်အအုံဆီသို့ ပြန်ပြေးသည်ကို နေဗိုတွေ့ရသည်။ တိုက်ခိုက်မှုအားပျော့သွားသည်ဟု နေဗိုထင်သည်။

တိုက်ခိုက်ကြရာတွင် မူလအစီအစဉ်အတိုင်း စစ်မျက်နှာတစ်ခုတွင်သာ ဖြစ်မြောက်သည်။ အူဇီနာဆစ်၏ ပါလမက်တပ်သားများသည် ဇီယွန်တောင်ကုန်းဆီသို့ ပြေးတက်တိုက်ခိုက်ကြသည်။ အာမေနီယန်း သင်္ချိုင်းဂူများနောက်တွင် ပါလမက်တပ်သားများနှင့် အာရပ်တို့ အပြန်အလှန် လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ကြသည်။ ဗုံးကွဲသံများ ဆူညံနေသည်။

"ဂျေရုဆလင် ကျဆုံးတော့မယ်၊ တမန်တော်ရဲ့သား၊ ဘယ်ရောက်နေသလဲ"ဟု ဂျယ်ရီကို ပုလိပ်ဂတ်တဲတွင်းသို့ ထိတ်လန့်တုန်လှုပ်နေသော လူတစ်စု ဝင်လာပြီး မေးမြန်းသည်။ ဂတ်တဲတွင် အက်ဘဒူလာတဲ အိပ်ပျော်နေသည်။ ကဖာအက်ဇီယွန်ကို အောင်နိုင်ခဲ့သည့် "တဲ" အိပ်ရာမှ နိုးလာသည်။ ဝင်လာသူထဲက တစ်ယောက်မှာ ငိုကြွေးနေသည်။ သူတို့အားလုံး တုန်တုန်လှုပ်လှုပ် ဖြစ်နေကြသည်။ "အမ်မမ်သို့ သွားကြလျှင်ကောင်းမည်"ဟု သူတို့အား "တဲ" တိုက်တွန်းသည်။ တယ်လီဖုန်းကို ကောက်ကိုင်ပြီး "သူတို့ လာနေကြပြီ" ဟု နန်းတော်အား အကြောင်းကြားသည်။

ဂျေရုဆလမ်တွင် ဘုရင်အက်ဘဒူလာထံမှ အကူအညီမရသဖြင့် စိတ်ပျက်နေသော ဖေဒယ်ရာရှစ်သည် ဖော်ဇီအယ်ကောက်ဂျီထံသို့ ရေဒီယိုမှတစ်ဆင့် သတင်းစကားပေးပို့သည်။ "အခြေအနေအလွန်ဆိုးသည်။ ရန်သူသည် မြို့တော်ကို အဘက်ဘက်မှ ဝိုင်းရံတိုက်ခိုက်နေသည်။ အကူအညီ လိုသည်။ သို့မဟုတ်လျှင် သေကျေ ဆုံးရှုံးမည်" ကောက်ဂျီက "ခင်ဗျားတို့ သတင်းစကားကို ဆီးရီးယားနဲ့ ထရန်းစ်ဂျော်ဒန်သို့ ကျွန်တော် ပေးပို့ပြီးပါပြီ၊ ခုခံပါ ခင်ဗျားတို့ ခေါ်တဲ့အချိန် ကျွန်တော်လာပါမည်"ဟု ပြန်ကြားသည်။

ည (၂) နာရီကျော်ကျော်တွင် အက်ဘဒူလာတဲ၏ ဌာနချုပ်၌ တယ်လီဖုန်းသံမြည်သည်။ "တဲ" ၏ အော်ဒါလီက ကောက်ကိုင်လိုက်ပြီးနောက် "ကျွန်တော်တို့ အရှင်ပါ" ဟု ဆိုသည်။

သည်တစ်ကြိမ်တွင် ဘုရင်အက်ဘဒူလာ သဘောပေါက်သွားသည်။ ဂျေရုဆလမ်တွင် ဂျူးအလံများ လွှင့်ထူတော့မည့် အခြေအနေ ဆိုက်ရောက်တော့မည်။ သူ့လူများကို ဂျေရုဆလမ်အား သိမ်းပိုက်စေချင်သည်။ ခြိမ်းခြောက်ရုံမျှဖြင့် မလုံလောက်။ သည်အခါ အင်္ဂလိပ်တပ်မှူးကို အမိန့်မပေးတော့ဘဲ သူ့လို ခံစားချက်ရှိမည့် အာရပ်တပ်မှူးတစ်ယောက်အား အမိန့်ပေးလိုက်သည်။

"ယာ ဟာဘီဘီ၊ ချစ်သော မိတ်ဆွေ" တဲကို သူ ဆက်သွယ်သည်။ "ခင်ဗျားလွှတ်လိုက်တဲ့ ပါလက်စတိုင်း ခေါင်းဆောင်တွေနဲ့ ကျွန်တော် တွေ့ပါတယ်၊ ကျွန်တော်တို့ ကြာကြာ မစောင့်နိုင်ဘူး သွားပါ၊ ဂျေရုဆလမ်ကို ကယ်တင်ပါ"

http://mmteashop.com



မိနစ်အနည်းငယ်ကြာလျှင် အာရပ်လီးဂျင်းတပ် ချီတက်လာပြီဆိုသော သတင်းကို အမ်မမ်မြို့မှ မိုနီယာအဘိုဖေဒယ်သို့ ပေးပို့သည်။ အဘိုဖေဒယ်က မြို့ရိုးပေါ်ရှိ အာရပ်များအား "ဘယ်လိုပဲဖြစ်ဖြစ် ခုခံပါ၊ အကူအညီလာနေပြီ၊ တို့ညီနောင် အာရပ်များ လာနေပြီ" ဟု အမိန့်ပေးသည်။

ဂျက်ဖာတံခါးနှင့် မျက်နှာချင်းဆိုင် တင်းနတ် အဆောက်အအုံတွင် နေတာနယ်လော့က သူ့လူများကို ပြတင်းများပိတ်ဆို့ရန် အမိန့်ပေးသည်။ အဆောက်အအုံထဲတွင် မြေကြီးတစ်စမျှမရှိ၊ အပြင်ဘက်ထွက်၍ တူးရန်မှာလည်း အန္တရာယ်များသည်။ သို့ဖြစ်ရာ အိတ်များတွင် သဲအစား စောစောက ရခဲ့သည့်ပေါင်မုန့်ဆင်းဒဝစ်များကို ထည့်ရန် အမိန့်ပေးသည်။ ရက်အတန်ကြာလျှင် ထိုပေါင်မုန့်ဆင်းဒဝစ်များ ခြောက်သွားလိမ့်မည်။ ထိုအခါ ရိုင်ဖယ်ကျည်ဆန်တိုး၍ ပေါက်မည် မဟုတ်ဟု ဆိုသည်။

ooo

http://mmteashop.com



အပိုင်း (၃၇)

## မျိုးဆက်တစ်စုအတွက် ဝမ်းနည်းမှု

မေဂျာအက်ဘဒူလာတဲသည် အောလစ် တောင်ကုန်းပေါ်မှ အောက်ခြေရှိ မှောင်နှင့် မည်းမည်း လူနေဒေသတစ်ခုကို ကြည့်သည်။ ထိုဒေသဆီမှ အလင်းရောင် တစ်ခါတစ်ရံ လက်သည်ကို မြင်ရသည်။ လက်ပစ်ဗုံးကွဲသည့် အလင်းရောင်ပင် ဖြစ်သည်။ "ကမ္ဘာပေါ်မှာ အလွန်အရေးကြီးတဲ့ မြို့တော်ပဲ" ဟု သူတွေးမိသည်။ သူသည် ထက်သန်သော သမိုင်းကျောင်းသားတစ်ယောက် ဖြစ်သည်။ ထိုမြေပေါ်တွင် သွေးမည်မျှ ကျခဲ့ပြီလဲ။ သူ စဉ်းစားကြည့်သည်။ ယခုလည်း သူကိုယ်တိုင် သွေးများ ထပ်ဖြည့်ပေးရဦးမည်။

"တဲ"၏ ခြေလျင်တပ်ခွဲတစ်ခု အောလစ် တောင်ကုန်းပေါ်မှ ဂျက်ဖာတံခါး တိုက်ပွဲအသံများ၊ အလင်းရောင်များ ရှိရာသို့ ချီတက်သည်။

"တဲ"နှင့်မူဆာတို့ မည်းမည်းရိပ်ရိပ် လူအုပ်တစ်စု ချီတက်သွားသည်ကို စောင့်၍ ကြည့်သည်။ နံနက် (၃း၄၀)နာရီတွင် ဂျေရုဆလမ်ကောင်းကင်ယံ၌ အစိမ်းရောင် မီးတန်းကွေးတစ်ခုကို မြင်ရသည်။ ဂွန်ဂလပ် မသိလိုက်ဘဲ သူ့တပ်သားများ ဂျေရုဆလမ်မြို့ ထဲသို့ ရောက်သွားကြသည်။

တစ်ချိန်တည်းမှာပင် ဒေးဗစ်ရှယ်လတီးယယ်၏ ဌာနချုပ်သို့ စကားလေးလုံးပါသည့် သတင်းတစ်ခု ရောက်လာသည်။ "ဇီယွန်တောင်ကုန်းကို ကျွန်တော်တို့ သိမ်းပိုက်ပြီးပြီ" ဟူ၍ ဖြစ်သည်။ ဂျက်ဖာတံခါးတွင် ရှယ်လတီးယယ်၏ ထိုးစစ် မအောင်မြင်သော်လည်း အူဇီနာဆစ်၏ အာရုံလွှဲတိုက်ပွဲ အောင်မြင်သည်။ မြို့ဟောင်းကြီးသို့ ခုန်၍ ကူးနိုင်သည့်ဒေသတစ်ခု ဂျူးတို့ လက်ဝယ်ရောက်သွားသည်။ နာဆစ်၏ ပါလမက်တပ်ဖွဲ့နှင့် မြို့ဟောင်း၏ မြို့ရိုးအကြား ဆယ့်ငါးပေသာ ခြားသည်။

တစ်ချိန်တည်းလောက်မှာပင် မြို့အခြားတစ်ဖက်တွင် ကပ္ပတိန်မူဆာသည် အံ့သြစရာကောင်းသည့် အခြေအနေတစ်ခုကို ဘွားခနဲ တွေ့လိုက်သည်။ ဇီယွန် တံခါးမျှော်စင် အဆောက်အအုံတစ်ဝိုက် လူသူကင်းမဲ့နေခြင်းပင် ဖြစ်သည်။ မူဆာသည် အပြေးအလွှား ဝင်ရောက်ကာ ဝန်းကျင် အဆောက်အအုံများကိုပါ သိမ်းပိုက်တပ်စွဲထားသည်။

http://mmteashop.com



ရမ်မဲလား၏ ဂရင်းဟိုတယ်တွင် ဂွန်ဂလပ်၏ ပထမလက်ထောက် တပ်မဟာမှူး နော်မန်လက်ရှ်၏ ဌာနချုပ် ဖွင့်လှစ်ထားသည်။

ဘုရင်က အက်ဘဒူလာတဲအား ဂျေရုဆလမ်သို့ ချီတက်ခိုင်းသည်။ ယင်းကို မနာခံ၍ မဖြစ်။ ဂလပ်သည် အပြန်ပြန်အလှန်လှန် စဉ်းစားသည်။ အလုံးအရင်းနှင့် မြို့ထဲဝင် တပ်စွဲလျှင် တိုက်ထုတ်ခံရဖို့ မဖြစ်နိုင်။ ထို့ကြောင့် လက်ရှ်ထံသို့ သံကြိုးတစ်စောင်ရိုက်၍ အကြောင်းကြားသည်။ "ဂျေရုဆလမ်တွင် အလုံးအရင်းနှင့် ဝင်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်"။ ကြွေအန်တော့ သူပစ်လိုက်ပြီ။

လက်ရှ်သည် အရာရှိများကို ခေါ်ကာ သံချပ်ကာကားတစ်စီးနှင့် ခြေလျင်တပ်ခွဲ သုံးခုနှင့်အတူ အထူးတပ်ဖွဲ့ တစ်ခု ဖွဲ့စည်းပြီး ရမ်မဲလားဒေသမှ မေဂျာတဲ၏ လူများနှင့် ပူးပေါင်းရန် မြို့ဟောင်းသို့ ချီတက်မည်။ မနက် အရုဏ်တက်လျှင် အမြောက်များ ပစ်ခတ်ပေးပြီး ဂျေရုဆလမ်မြောက်ပိုင်း ခြေကုပ်စခန်းဖြစ်သည့် ရှိတ်ဂျာရား အာရပ်ရပ်ကွက်မှ ဟာဂါနားတပ်ဖွဲ့ကို တိုက်ထုတ်မည်။ ထို့နောက် တဲ၏တပ်များနှင့် ဒမတ်စကတ် တံခါးတွင် ဆုံမည်။

မိနစ် အနည်းငယ်ရှိလျှင် ကာလန်ဒီရွာ ပြင်ဘက် ဆီးပင်အောက်တွင် အရာရှိများ စုဝေးပြီး စစ်ဆင်ရေးကို တိုင်ပင်သည်။ အာရပ်လီးဂျင်း၏ တတိယတပ်ရင်းမှူး ဗြိတိသျှလူမျိုး ကာနယ်ဘီနယူးမင်း၊ စကော့လူမျိုး မေဂျာဘော့စလိတ်တို့ ပါသည်။ မြေပုံကိုကြည့်ကာ နယူးမင်းက ဂျေရုဆလမ်ကို လက်ညှိုးညွှန်ပြီး "အဲဒါတို့သွားမယ့်နေရာပဲ" ဟု ဆိုသည်။ ဝမ်းသာအားရ ဟစ်ကြွေးကြသည်။ နယူးမင်း အံ့အားသင့်သွားသည်။ သူ့ဘေးမှ လက်ဖတင်နင် ဖင်ဒီအိုမေးယစ်က ဗြိတိသျှတပ်မှူး မျက်လုံးထဲတွင် မျက်ရည်စများကို သတိထားမိသည်။

"ဘာဖြစ်လို့လဲ. . . အံ့ဩစရာပဲ"ဟု လက်ဖတင်နင်က မေးသည်။

"မဟုတ်ဘူး၊ သူတို့က ငါ့ရဲ့ သဲကန္တာရ ဘီဒိုအင်းတပ်သားတွေကို သူတို့ မကျွမ်းကျင်တဲ့ဒေသမှာ စစ်တိုက်ခိုင်းကြလိမ့်မယ်" ဟု သူ တိုးတိုးပြောသည်။

အမ်မမ်မြို့ ဆာအလက်ကတ်ဘရိုက်၏ အိမ်သို့ ဂလပ်သွားသည်။ သူ့တွင် ပါလက်စတိုင်း မြေပုံတစ်ခု ပါလာသည်။ ဆာအလက်မှာ အမ်မမ်တွင် ရုံးစိုက်သည့် ဗြိတိသျှသံအမတ် ဖြစ်သည်။ သူတို့နှစ်ယောက်မှာ ရင်းနှီးသည့် မိတ်ဆွေများ ဖြစ်သည်။ ဂလပ်သည် ဆာအလက်၏ အကြံဉာဏ်နှင့် ထင်မြင်ချက်ကို လိုချင်သည်။ မကြာခဏ သူ့ထံမှ အကြံဉာဏ်များ တောင်းခံဖူးသည်။

ဗြိတိသျှစစ်တပ်သုံး မြေပုံကို ထမင်းစားခန်းစားပွဲပေါ်တွင် ဖြန့်ပြီး သူတို့ လေ့လာသည်။ ဂျေရုဆလမ်ပြင်ဘက် ဘက်သယ်ဟမ်၊ ရမ်မဲလားနှင့် နေဘလုတ်တို့ကို ဆက်လျက် စက်ဝန်းပိုင်းတစ်ခု ဆွဲသည်။ ပါလက်စတိုင်းသို့ သူ့တပ်များ ဝင်သည့်အခါ ထိုစက်ဝန်း အထဲတွင် ရှိရမည်။ ယင်းမှာ ခွဲခြမ်းရေးစီမံချက်တွင် အာရပ်တို့အတွက် သတ်မှတ်သည့်

http://mmteashop.com



နယ်မြေ ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပတ်က ဟာဂါနားအား စစ်ပြိုင်အင်အားစု နှစ်ခု သံတမန်သဘောတူညီချက်တစ်ခု လျှို့ဝှက်သဘောတူထားမည်ဟု အကြောင်းကြားခဲ့သည်။ ယခုမူ အခြေအနေတစ်မျိုး ပြောင်းလဲလာသည်။ သူ့တပ်သားများ ဂျေရုဆလမ်မြို့ထဲ ရောက်နေကြသည်။ ယင်းကို သူ ပြန်လည်ပြင်ဆင်ရမည်။ ဂျေရုဆလမ်၏ အချက်အချာဒေသသည် ဘက်အယ်ဝက်တောင်ကြားလမ်း တစ်ခွင်တွင် ရှိသည်ဟု အက်ဘဒူခါဒါဟတ်ဆေနီ၏ တိုက်ပွဲများအရ ထင်ရှားသည်။ "ကတ်ဘရိုက် ဘယ်လိုထင်သလဲ"ဟု သူမေးသည်။

"ခင်ဗျား ဂျေရုဆလမ်မြို့ထဲကိုတော့ သွားရလိမ့်မယ်၊ ဂျေရုဆလမ်မှာ ဖြစ်ပျက်သမျှတွေကို လက်ထရမ်က အဆုံးအဖြတ် ပေးလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"ဟု ကတ်ဘရိုက်က ပြောသည်။

ဂလပ် ခဏမျှ ငုံလင့်နေသည်။ သူ့ လီးဂျင်းတပ်ကို သမိုင်းဝင် လက်ထရမ်တောင်ကုန်းပေါ်တွင် အင်အားအပြည့် တပ်စွဲထားနိုင်လျှင် ဂျူးတပ်မတော်သည် ဂရုမစိုက်ဘဲ မနေနိုင်။ ဂလပ်၏ တပ်များကို တိုက်ထုတ်မလား၊ ဂျေရုဆလမ်ကို သူတို့အဆုံးရှုံးခံမလား။

"ခင်ဗျားပြောတာ မှန်တယ်၊ ကျွန်တော်တို့ တပ် လက်ထရမ်ကို ရွှေ့ပြောင်းသွားမယ်ဆိုရင် တကယ့်စစ်ပွဲကို ကျွန်တော်တို့ အနိုင်တိုက်နိုင်မှာပဲ"ဂလပ် သဘောတူသည်။

မည်းမှောင်သော တောင်ကုန်းမြေတွင် ခေါင်းလောင်း မြည်သံများ ကြားရသည်။ ချိုလွင်အေးမြသည်။ ညတိုင်း ဘုရားကျောင်းများမှ ခေါင်းလောင်းများထိုးသည်။ မနက်လင်းလျှင် နေ့သစ်ကို မနက်ခင်း ဆုတောင်းပတ္ထနာပြုသံများဖြင့် ကြိုဆိုသည်။ ဤသည်မှာ ဂလပ်နှင့် ကတ်ထရိုက်တို့၏ စိတ်ကူးထဲက လက်ထရမ် တောင်ကုန်းတွင် ထရက်ပစ်ဘုန်းကြီးကျောင်းများ၌ ပျံ့လွင့်နေသည့် အသံများ ဖြစ်သည်။

လမ်းဆုံလမ်းခွဖြစ်သည့် လက်ထရမ်တောင်ကုန်းတွင် ဘုန်းကြီးများနှင့် သူတို့၏ လက်ဦးသာသနာပိုင်များသည် ကျောင်းများ တည်ဆောက်ခဲ့သည်။ ယင်းမှ သုံးမိုင်အကွာတွင် ဂျေရုဆလမ်သို့ သွားသည့်လမ်းသည် ဘက်အယ်ဝက်တောင်ကြောကို ဖြတ်သည်။

လက်ထရမ်ကျောင်းကို ပြင်သစ်ဘုန်းကြီးများက (၁၈၉၀)ခု၊ အောက်တိုဘာ (၃၁) တွင် တည်ထောင်သည်။ ဘုန်းကြီးများသည် ဘုရား တရား အာရုံပြုသည်။ တိတ်ဆိတ်အေးချမ်းသည့် အရိပ်အာဝါသနှင့် ဝန်းကျင်ကို ဖန်တီးတည်ဆောက်သည်။ မြေကို ထွန်ယက်စိုက်ပျိုးသည်။ နွားမွေးသည်။ ပျားမွေးသည်။ အယာလုန် ချိုင့်ဝှမ်းသည် သမ္မာကျမ်းစာထဲကလို နို့နှင့် ပျားရည် ပေါကြွယ်သည့် ဒေသဖြစ်လေသည်။ လက်ထရစ် စပျစ်ခြံထွက် စပျစ်သီးများမှာ အရှေ့အလယ်ပိုင်းတွင် အကောင်းဆုံး ဝိုင်အရက်ကို ထုတ်လုပ်သည်။

http://mmteashop.com



ယိုးဆက်အာတီးယေး၏ တပ်သားသစ်များသည် ဇီယွန်တောင်ကုန်းထက်တွင် စုဝေးကြသည်။ သူတို့သည် မြို့ဟောင်းကြီးကို ကယ်တင်မည့် ရှယ်လတီးယယ်၏ တပ်သားသစ်များ ဖြစ်သည်။ အူဇီနာဆစ်သည် ကုန်းထိပ်အရောက်တွင် မောဟိုက်နေသည်။

ဇီယွန်တောင်ကုန်းကို သိမ်းပိုက်ရန် ဂါဇစ်အား နာဆစ် တာဝန်ပေးသည်။

လူလေးဆယ်မှာ လွန်ခဲ့သည့် ခြောက်ပတ်က နက်ချရှုန် လမ်းဖွင့်စစ်ဆေးရေးတွင် ပါဝင်ခဲ့ပြီး မသေဘဲ ကျန်ခဲ့သူများ ဖြစ်သည်။

(၂) နာရီ မိနစ် (၂၀) တွင် ဇီယွန်တံခါးကို ဒါဗီကာ မော်တာနှစ်ခုနှင့် သုံးလက်မ မော်တာသုံးခုတို့ဖြင့် ပစ်သည်။ ဒါဗီကာကျည်ဆန်အလုံးမမိ။ ဝင်ရောက်တိုက်ခိုက်သူ နှစ်ယောက် ကျဆုံးသည်။ အမြောက်ပစ် ရပ်သွားလျှင် အင်ဂျင်နီယာတပ်သား နှစ်ယောက် တံခါးအခြေသို့ ပြေးသွားကာ ယမ်းအား (၁၆၅)ပေါင်ရှိသည့် ဖောက်ခွဲဗုံးကို ချထားသည်။ ခဏကြာလျှင် ဝုန်းခနဲ ပေါက်ကွဲပြီး ကျောက်တုံးများ၊ အင်္ဂတေများ လွင့်စဉ်သွားသည်။

"ဒါဒို" သည် ဝပ်နေရာမှ ထပြီး "လိုက်ခဲ့ကြဟေ့"ဟု အော်ပြောကာ အာမေနီးယန်း သင်္ချိုင်းဘေးမှ ကုန်းပြီး ပြေးတက်သွားသည်။ နောက်ကို ပြန်လှည့်ကြည့်လိုက်သည့် အခါ တစ်ယောက်မျှ ပါမလာ။ သူ့တပ်သားများ နံရံတစ်ခုကိုမှီကာ ငိုက်နေကြသည်ကို တွေ့ရသည်။ စစ်သားများ အားလုံး၏ ဟောက်သံကို 'ဒါဒို' ကြားရသည်။ သူတို့ အိပ်မောကျနေကြသည်။ သူ ပြန်သွားပြီး တစ်ယောက်ချင်း ခြေဖြင့်ကန်ကာ နှိုးသည်။ ထို့နောက် အိပ်ငိုက်နေသော စစ်သားနှစ်ဆယ်ဖြင့် နောက်တစ်ကြိမ် ဇီယွန်တံခါးကို ဝင်၍ တိုက်သည်။

"ဒါဒို" အီလာဇာ၏ စစ်သားများ တံခါးကို စီးမိသည်။ ဂျူးဒတ်မတ်ကာဘေးယက် လက်ထက်မှစ၍ မည်သူမျှ ဂျေရုဆလမ်မြို့ရိုးတွင်းသို့ ထိုးဖောက်၍ မဝင်နိုင်။ ယခု စစ်သားနှစ်ဆယ်နှင့် စစ်သမီးနှစ်ယောက်တို့က တံခါးကို ဖွင့်လိုက်ပြီ။ အီလာဇာ၏ လူများသည် ဂျူးများနေသည့် လမ်းများထဲ ရောက်သွားကြသည်။ ညနေသုံးနာရီကျော်လျှင် "တို့မြို့ထဲရောက်နေပြီ"ဟု နာဆစ်ထံ ရေဒီယိုမှတစ်ဆင့် သတင်းပို့သည်။

ပါလမက် တပ်သားများထံ ရပ်ကွက်နေ ဂျူးများ လာရောက်နှုတ်ဆက်ကြသည်။ ဘုန်းကြီး ဂိုချာနန်ဘင်ဇာကိုင်၏ ဘုရားကျောင်းထဲတွင် နေသည့် ဒုက္ခသည်များသည် ငိုယိုကာ စစ်သားများကို ဖက်ယမ်းနှုတ်ဆက်ကြသည်။ မကြာမီ တပ်ကူလာလျှင် သူတို့ အနားယူနိုင်ပြီဟု ဂျူးရပ်ကွက် ကာကွယ်သူများ မျှော်လင့်ထားသည်။

ဇီယွန်တံခါးမှ ဂါဇစ်၏တပ်သားများ ဝင်လာကြသည်။

ပါလမက်တပ်သားများ ဝင်လာကြသဖြင့် ဆေးရုံရှိ လူကုန်အပြင်ဘက်သို့ ထွက်လာကြသည်။

http://mmteashop.com



"သူတို့ ဝင်လာကြပြီ၊ တို့မသေတော့ဘူး" ဟု သူနာပြုဆရာမတစ်ယောက်က အော်ပြောသည်။

ထိုအချိန်တွင် ရိကာအား သေဆုံးသွားပြီဖြစ်သည့် ချစ်သူအီမင်ညျူဝယ်မိုင်ဒက်၏ ရင်ခွင်ပေါ် မျက်နှာအပ်ကာ ငိုကြွေးနေသည်ကို တွေ့ရသည်။ မော်ဒေချိုင်းဂါဇစ် ဌာနချုပ်သို့ ရောက်လျှင် မိုရှေရတ်စနက်က "ငါ အိပ်တော့မယ်"ဟု ဆိုသည်။ သူ မအိပ်ရသည်မှာ ငါးရက်ရှိပြီ။ သူ၏ လက်ထောက် မော်ဒေချိုင်းပင်းကတ်သည် ချက်ချင်းပင် မိုရှေရတ်စနက် အတုယူကာ အိပ်ချင်ယောင်ဆောင်သည်။ ဂါဇစ် မောပန်းနေသူများကို လှုပ်ရှားအောင် မတတ်နိုင်တော့ပေ။ ထို့နောက် ပါလမက်တပ်ဖွဲ့ဝင်များ ဇီယွန်တောင်ကုန်းသို့ ဆုတ်ရမည်ဟူသော သတင်းတစ်ခုရလာသည်။

ပါလမက်တပ်သားများသည် နံနက်အရုဏ်တက်ချိန်တွင် တံခါးမှ ထွက်လာကြသည်။ သူတို့မှာ ကိုယ်လက်ကိုက်ခဲနေသည်။ မြို့ရိုးတံခါးကို ဖွင့်ကာ ဝင်ခဲ့သူ ဒါဗိဒ်အီလာဇစ် စကားအတိုင်းဆိုလျှင် ဝမ်းနည်းငိုကြွေးဖွယ် အလွန်ကောင်းလေသည်။

○○○

http://mmteashop.com



## အပိုင်း (၃၅)

# ဂျေရုဆလမ်ကို ယှဉ်းဆက်ကယ်တင်သည်

ဂျူဒီယာတောင်ကုန်းများပေါ်တွင် အမြောက်သံများက တိတ်ဆိတ်ခြင်းကို ဖြို ခွင်းလိုက်သည်။ အာရပ်လီးဂျင်းအမြောက်များသည် ဂျေရုဆလမ်ကို ပစ်ခတ်နေသည်။ အလုံးအရင်းနှင့် ဝင်လာမည့် လီးဂျင်းတပ်ဖွဲ့၏ ရှေ့တော်ပြေး အမြောက်သံများ ဖြစ် သည်။ အမှောင်ရိပ်တွင် သံချပ်ကာကားများသည် အမြောက်ပစ်ခတ်မှု ရပ်မည့်အချိန်ကို စောင့်နေကြသည်။ သူတို့နောက်က ထရပ်ကားများတွင် လက်ဖတင်နင် အက်ဘဒူလာ ဆာလမ်၏ ခြေလျင်တပ်များ ပါသည်။ ဆာလမ်သည် အီရတ်မှ ဘီဒိုအင်း အသားမည်း ကန္တာရအမျိုးသားတစ်ယောက် ဖြစ်သည်။ ထိုးစစ်ကို ခေါင်းဆောင်ပါရစေဟု သူကိုယ်တိုင် တောင်းဆိုကာ အသင့်စောင့်နေခြင်း ဖြစ်သည်။

ဗြိတိသျှနည်းပြများ သင်ကြားသည့် နည်းအတိုင်း လီးဂျင်းအမြောက်တပ်သည် ရှေ့သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်ရင်း အမြောက်ကိုပစ်သည်။ ယခု မီးရှိုယာရင် ရပ်ကွက် ထဲသို့ သူတို့ပစ်ခတ်သည်။ လူများ အလန့်တကြား ပြေးလွှားကြသည်။ "လီးဂျင်းတပ် တွေချီတက်လာပြီ"ဟူ၍လည်း အော်ဟစ်သတိပေးကြသည်။ အရပ်သားများသာ မဟုတ် ပုလိပ်သင်တန်းကျောင်းကို အကာအကွယ်ပေးရန် တပ်စွဲထားသည့် အိုင်ယာဂန်တပ်ဖွဲ့ဝင် တို့လည်း ကြောက်လန့်ပြီး ရှိတ်ဂျာရားအဝင်ဝတွင် နေရာယူထားရာမှ ထွက်ပြေးကြသည်။

မနက်လေးနာရီခွဲတွင် အမြောက်ပစ်ရပ်သည်။ ထိုအချိန်မှာပင် အူဇီနာဆစ်၏ ပါလမက်တပ်ဖွဲ့ဝင်များ ဇီယွန်တံခါးမှ ဆုတ်ခွာကြသည်။ မေဂျာဘော့စလိတ်သည် သူ့ တပ်သားများကို ဂျေရုဆလမ်သို့ ဝင်ရန် အမိန့်ပေးသည်။

မီးရှိုယာရင်၏ ထိပ်ကျချာလက် အဆောက်အအုံခေါင်မိုးပေါ်မှနေ၍ သံချပ်ကာ ကားများ ချီတက်လာသည်ကို ယစ်ဇက်လယ်ဗီ စောင့်ကြည့်နေသည်။ ပုလိပ်ကျောင်းမှ အိုင်ယာဂန်တပ်ဖွဲ့ ထွက်ပြေးသည်ကို မြင်သဖြင့် သူအံ့အားသင့်မိသည်။ သူကား ရှယ်လတီးယယ်၏ ထောက်လှမ်းရေးအရာရှိ ဖြစ်သည်။ သူတို့ထွက်ပြေးလျှင် မြို့တော် မြောက်ပိုးတွင် အမာခံများကျန်တော့မည် မဟုတ်။ သို့ဖြစ်ရာ လယ်ဗီသည် ထွက်ပြေးကြ သူများကို ပစ္စတိုဖြင့် ချိန်ကာ တားသည်။ ခဏမျှ တန့်သွားသည်။ ထို့နောက် ရှယ်လတီး

http://mmteashop.com



ယယ်ထံသို့ ယိုးဆက်နေဗိုခေါင်းဆောင်သည့် သံချပ်ကာကားတပ် ပို့ပေးရန် တောင်းဆိုသည်။

နေဗို၏ ကားများသည် ဆူဆူညံညံ အသံပြုကာ မီးရှိယာရင်ရပ်ကွက်ကို ဖြတ်၍ ဝင်လာသည်။ အစ္စရေးတပ်မတော်၏ ခြောက်ထောင့်ကြယ် တံဆိပ်များကိုမြင်လျှင် စိတ်ခေတ်ကျနေသော အရပ်သားများ အားတက်လိမ့်မည်ဟု နေဗို မျှော်လင့်သည်။ ထို့နောက် တီပက်ချာလက်သည် ခေါင်မိုးပေါ်တက်ကာ လီးဂျင်းသံချပ်ကာ,ကားတပ်ကို မှန်ပြောင်းဖြင့် ကြည့်သည်။ ပုလိပ်ဂတ်တဲ ဟိုဘက်တွင် လီးဂျင်းတပ်ကို တားမည့်သူ တစ်ယောက်မျှ မရှိ။

အမေရိကန် ကျမ်းစာသင်ကျောင်းထဲတွင် ဆီးရီးယားများနှင့် အီရတ်များကို အုပ်ချုပ်နေသော ကျောင်းဆရာ ဘာဂျက်အဘိုဂါဘီယေးသည် ယခု သူ့ဝန်းကျင်တွင် ကျလာသော အမြောက်ကျည်ဆန်များသည် အာရပ်ကျည်ဆန်လား သို့မဟုတ် ဂျူးကျည်ဆန်လား ခွဲခွဲခြားခြား သူမသိ။ ရှိတ်ဂျာရားဘက် ကြည့်လိုက်လျှင် သံချပ်ကာကားများ မြို့ဆီသို့ ချီတက်လာသည်ကို မြင်နေရသည်။ ကျေနပ်သဖြင့် နှာခေါင်းမှလေကို မှုတ်ထုတ်သည်။ ထို့နောက် နှင်းဆီပန်းတစ်ပွင့်ကို ခူးကာ စက်သေနတ်ပြောင်းဝမှာထိုးပြီး လှဲအိပ်လိုက်သည်။ ဂျေရုဆလမ်၏ ကံကြမ္မာမှာ စိုးရိမ်စရာမလို။ သူ့ထက်သာသည့် သူများ လက်ထဲ ရောက်နေပြီ မဟုတ်လား။

ရှိတ်ဂျာရားအထက်က တောင်ကုန်းပေါ်တွင် လက်ဖတင်နင်အက်ဘဒူလာ ဆာလမ်သည် ဂျေရုဆလမ် ကောင်းကင်ယံမြင်ကွင်းကို ကြည့်ပြီး ဘုရားသခင်ကို အာရုံပြုသည်။ မြေကြီးကို သုံးကြိမ်နမ်းကာ ဘုရားသခင်ကို ကျေးဇူးစကားဆိုသည်။ ထို့နောက် သူဗိုဲ့ ရှေ့သို့ ချီတက်ကြသည်။

ပုလိပ်ကျောင်းမှ ခုခံတိုက်ခိုက်မှု အနည်းငယ်သာ ကြုံရသည်။ ရှိတ်ဂျာရားသို့ ကွေ့အဝင်တွင် လမ်းပိတ်ဆို့ထားသည်ကို တွေ့ရသည်။ ကားပေါ်မှ မေဂျာစလိတ်ဆင်းပြီး ကျောက်တုံးများ၊ သစ်လုံးများ၊ သံဆူးကြိုးများကို ဖယ်ရှားသည်။ ထိုစဉ် မော်တာကျည်ဆန်တစ်ခု ကွဲပြီး သူ့တင်ပါးကိုမှန်ကာ မှေ့လဲကျသွားသည်။ သူ့အရာရှိဖြစ်သည့် လက်ဖတင်နင် အက်ဘဒူလာဆာလမ် ဒဏ်ရာပြင်းစွာရပြီး သေဆုံးသည်။ သူ့တပ်က ပစ်လိုက်သည့် မော်တာကျည်ဆန်သည် ပစ်မှတ်မရောက်ဘဲ သူတို့အထဲ ကျခြင်းဖြစ်သည်။ ဆာလမ်တစ်ယောက် ဂျေရုဆလမ်သို့ မရောက်နိုင်တော့ပေ။

မီးရှိယာရင် အိမ်ခေါင်မိုးပေါ်မှ စောင့်ကြည့်နေသည့် နေဗို အံ့အားသင့်သွားသည်။ သံချပ်ကာကားတပ်ကြီး ချီတက်နေရာမှ ရပ်သွားပြီး ရှိတ်ဂျာရားအထက်ဘက် တောင်စောင်းဆီသို့ ပြန်လှည့်သွားသည်။ သည်အတိုင်းဆိုလျှင် လီးဂျင်း၏ ထိုးစစ်သည် တံ့ဆိုင်း တုံ့ဆိုင်းဖြစ်နေသည်။ အရာရှိနှစ်ယောက် ကျဆုံးသည်နှင့် တွန့်သွားသည်။ ဘာကြောင့်ဟူ၍ကား နေဗို မသိ။

http://mmteashop.com



မော်ဒေချိုင်း ဂါဇစ်သည် တာလမွတ်တိုရား ကျမ်းစာသင်ကျောင်း ခေါင်မိုးပေါ် တက်ကာ လီးဂျင်းတပ်များ ပြန်ဆုတ်သွားသည်ကို ကြည့်သည်။ ထိုစဉ် အမျိုးသမီး စစ်သားတို့က "အဲဒီနေရာ မသွားနဲ့" ဟု သူ့ကို လှမ်းအော်သတိပေးသည်။

နောက်ကျသွားပြီ။ လက်ဖြောင့်တပ်သားတစ်ယောက်က ရပ်ကွက်၏ တပ်မှူး သစ်ကို ပစ်လိုက်သည်။ ရင်ဘတ်မှန်ကာ သွေးများပန်းထွက်ပြီး သတိမေ့သွားသည်။ ထိုနောက် ဂါဇစ် သေဆုံးသွားသည်။

စက်သေနတ်သင်တန်းတွင် ဘီဇာစက်သေနတ် ဖြုတ်နည်းတပ်နည်း တိုက်ချုတ် နည်းများကို သင်ကြားခဲ့သည့်အတိုင်း ကာမီချာနီ ပြုလုပ်သည်။ စက်သေနတ် အစိတ် အပိုင်းများ သူ့အိမ်ခန်းထဲမှာ ပြန့်ကျဲနေစဉ် သတင်းစကားတစ်ခု အလျင်အမြန်ရောက် လာသည်။ ရှိတ်ဂျာရားသို့ စက်သေနတ်ကို ပို့ပါ။ လီးဂျင်းတပ်များ တိုက်နေသည်ဟု ဆိုသည်။ စက်သေနတ်ပါရဂူ တစ်ယောက်လို သူတပ်သည်။ ဖြုတ်သည်၊ အထာမကျ။ ဆယ်မိနစ်တိုင်း တံခါး လာ၍ခေါက်သည်။ ပြင်ပြီးပါပြီဟု သူပြန်ပြောသည်။ နောက် ဆုံးတွင် သူမတပ်ဆင်တတ်တော့ကြောင်း ပြောလိုက်သည်။ တပ်နီစစ်လက်နက်တပ်မှ လက်နက်ပါရဂူထံ အကူအညီတောင်းရသည်။

နေဗိုသည် ချာနီ၏ ဘီဇာစက်သေနတ်ကို အပူတပြင်း လိုချင်သည်။ မီးရှိယာ ရင်တွင် သူ့တပ်များမှာ အင်အားမရှိ။ မခုခံနိုင်။ သို့ဖြစ်ရာ အလှည့်အပြောင်းတစ်ခု လုပ်မည်။ စက်သေနတ်က အရေးကြီးသည်။ လီးဂျင်းတို့ ချီတက်သည့်အခါ သံချပ်ကာ ကားက ရှေ့က ချီပြီး ခြေလျင်တပ်က နောက်မှလိုက်သည်။ နေဗိုက သံချပ်ကာကားတပ် ကို ပထမတိုက်သည်။ လီးဂျင်း၏ စစ်ဗျူဟာမှာ နှစ်ခုဖြစ်သည်။ ပထမ ပုလိပ်ကျောင်း ကို ဖြတ်ပြီး ယင်းဝန်းကျင်ရှိ ဆန်ဟီဒရီးယားမှတစ်ဆင့် မြို့ထဲဝင်မည်။ နောက်တစ် လမ်းမှာ ရှိတ်ဂျာရားကို ဖြတ်ကာ မီးရှိယာရင်သို့ ဝင်မည်။ နေဗိုက ထိုစစ်မျက်နှာကို ဦးဆောင်၍ တိုက်မည်။ သူ့တပ်ကို ဆန်ဟီဒရီးယားနှင့် မင်ဒယ်ဘွန်အကြား နှစ်ခု ခွဲမည်။ အကောင်းဆုံး လက်နက်များဖြင့် ဒုတိယနေရာမှ ခုခံမည်။

မင်ဒယ်ဘွန်တွင် နေဗို၏တပ်၌ ဂျေကော့ဘင်အားနှင့် ဂက်ဒနာဆယ်ကျော် သက် စစ်သားများ ပါရှိသည်။ အိမ်အပေါ်ထပ်ပြတင်းများတွင် အပေါက်များ ဖောက် ခိုင်းသည်။ သို့မှသာ အောက်တွင် ပြေးသွားသောကားများကို မိုလိုတော့ကော့တေးနှင့် အပစ်ရလွယ်မည်။ သူ့တွင် သံချပ်ကာကား တပ်ဖွဲ့ တစ်ခုရှိသော်လည်း ယင်းကို အချက် အချာကျသည့်နေရာတို့တွင် ဝှက်ထားသည်။ ချာနီနှင့် သူ၏ ဘီဇာ စက်သေနတ်အသစ် တို့ကိုမူ နေဗိုသိမ်းထားသည်။ လီးဂျင်းက ဝင်တိုက်ပြီဆိုမှ ထုတ်သုံးရန် ရည်ရွယ်သည်။

ညသန်းခေါင်တွင် နေဗို၏ ပြင်ဆင်မှုအားလုံး ပြီးစီးသည်။ တီပက်ချာလက် ဌာနချုပ်တွင် ဖယောင်းတိုင် အလင်းရောင်ဖြင့် သူ့လူများကို မှာကြားသည်။ နေဗိုအဖို့ နှစ်ချက်စိုးရိမ်သည်။ လီးဂျင်း ခြေလျင်တပ်သည် အကာအကွယ် လုံးဝမရှိသော နေရာကို

http://mmteashop.com



ဝင်တိုက်မည်။ သို့မဟုတ် ဆန်ဒီးရိုးယားနှင့် မင်ဒယ်ဘွန်တို့ကို တစ်ပြိုင်နက်တည်း တိုက်မည်။ မည်သည့်နေရာတွင် တိုက်သည်ဖြစ်စေ၊ အဖြေမှာ ရှင်းသည်။ သူ ဖောက်ထွက်သွားနိုင်မည်မှာ သေချာသည်။

သူ့လက်ထောက်များကိုမူ စိုးရိမ်စိတ်မပြ။ ထို့ကြောင့် နားထောင်ရင်း ကာမိချာနီ အံ့သြမိသည်။ ထိုညက အခြေအနေမှာ စိုးရိမ်ကြောက်လန့်စိတ် လွှမ်းကဲနေကြသည်။ နေဗိုး၏ တည်ငြိမ်မှုမှာ "မျှော်လင့်ချက်ကင်းမဲ့သည့် တည်ငြိမ်မှု" ဖြစ်သည်ဟု ချာနီထင်သည်။

အလင်းရောင်မလာမီ လီးဂျင်းတပ်၏ မော်တာများ မီးရှိုယာရင်ကို ပစ်ခတ်သည်။ ရပ်ကွက်နေသူ အချို့မှာ အရုဏ်တက်ကိုပင် မစောင့်တော့ဘဲ နီးရာရပ်ကွက်များသို့ ထွက်ပြေးကြသည်။ နေဗိုး အိပ်ပျော်ရာမှ လန့်နိုးသည်။

ရှိတ်ဂျာရားဆီသို့ တောင်ကုန်းပေါ် ဖြည်းဖြည်း မောင်းလာသည့် ကားများကို နေဗိုးစောင့်ကြည့်နေသည်။ သူ့လူ သုံးဆယ်သည် ကြောက်ရွံ့နေကြသည်။ ဌာနချုပ်မြေအောက်ခန်းထဲမှ ထွက်ခွာရန် သူတို့ ငြင်းဆိုကြသည်။

နေဗိုးက ခြောက်လုံးပြူးထုတ်ပြီး တစ်ယောက်စီကို ချိန်ကာ "ထွက်ခဲ့ကြ၊ တစ်နှစ်သုံး ငါဆိုမယ်၊ မရရင် ပစ်မှာပဲ" သူ သတိပေးသည်။ တစ်နှစ်သုံးဆိုစဉ် သူ့လူများ တုန်တုန်ယင်ယင်နှင့် တံခါးမှ ထွက်လာကြသည်။ အပြင်ဘက်ရောက်လျှင် သီချင်းဆိုနိုင်းသည်။ ထိုအခါ ရဲစိတ်ဝင်လာပြီး ချီတက်သွားကြသည်။

သူ့ လူများဆီမှ ပြန်လာပြီးနောက် ချာနီအား "ကဲ. . . အခု မင်းအလှည့်ပဲ"ဟု ပြောသည်။

ချာနီ၏ဒူးများ တဆတ်ဆတ် တုန်နေသည်။ စစ်သေနတ်ကို ခါးမှာတင်ကာ နေဗိုးနောက်က သူ လိုက်သည်။ သူ့နောက်တွင် သူငယ်ချင်းနှစ်ယောက် ကျည်ဆန်တွဲများကို ဆွဲကာ လိုက်လာသည်။ သူတို့ကို မီးရှိုယာရင်အစွန်သို့ ခေါ်သွားသည်။ ရှေ့ကိုက်သုံးရာတွင် လမ်းတစ်ခုရှိပြီး ပုလိပ်ကျောင်းသည် လမ်းတစ်ဖက်တွင် တည်ရှိသည်။ "အဲဒီကွင်းဆီကို တွားပြီးတက်သွား၊ ရောက်နိုင်သလောက်ရောက်အောင်သွား၊ ကျောက်တုံးတစ်ခုနောက်မှာ နေရာယူ၊ စပြီးပစ်ပြီဆိုရင် အကြာကြီးပစ်၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျည်ဆန်တွေမင်းဆီမှာ အကုန်လုံးရှိနေတယ်လို့ သူတို့ထင်ပစေ" ဟု နေဗိုး အမိန့်ပေးသည်။

ချာနီသည် ဘာမျှစဉ်းစားမနေတော့ဘဲ အားတင်းကာ ရှေ့သို့ချီတက်သည်။ ကွင်းထဲအဝင်တွင် သံဆူးကြိုးကိုမြင်ရသဖြင့် အသက်ရှူရန် ခဏရပ်သည်။ "တက် တက်" နေဗိုး အမိန့်ပေးသည်။ တွား၍တက်သည်။ ရိုင်ဖယ်တပ်သားများကို သူကျော်သွားသည်။ တစ်ယောက်မှာ သူ့ သူငယ်ချင်းဖြစ်သည်။ သူ့ကို "ရှလုမ်" ဟု နှုတ်ဆက်သည်။ ထို့နောက် စက်သေနတ်ကို နေရာယူရန် ပြင်ဆင်သည်။ ပြီးလျှင် သူငယ်ချင်းကို လှည့်ကြည့်သည်။

http://mmteashop.com



သူငယ်ချင်းမှာ ပက်လက်အနေအထားအတိုင်း ပါးစပ်ပွင့်နေပြီး ခေါင်းမှာပုဆိန်ဖြင့် ရိုက်ခွဲထားသလို ကွဲနေသည်။

သူငယ်ချင်းကိုကြည့်ရင်း "ဒါပဲပေါ့၊ သည့်ထက်ဆိုးစရာ မရှိတော့ပါဘူး" ဟုစဉ်းစားမိသည်။ ခဏရှိလျှင် စိတ်တည်ငြိမ်မှုရလာသည်။

လီးဂျင်းတပ်၏ သံချပ်ကာကားနှစ်စီး မောင်းလာသည်။ ချာနီနှင့် ကိုက်ငါးဆယ်သာ ဝေးသည်။ နီးလွန်းသဖြင့် ကားတိုင်ယာပေါ်မှ အမှတ်တံဆိပ်များကိုပင် မြင်ရသည်။ နေဗိုင်၏ ပစ်မိန့်သံကြားရလျှင် ချာနီ၏ ဘဇူကာစက်သေနတ်မှကျည်ဆန်များ တရစပ်ထွက်လာသည်။ ကားနှင့်တိုင်ယာများကို ကျည်ဆန်များထိသည်ကို မြင်နေရသည်။

မဝေးသည့်တစ်နေရာ မင်ဒယ်ဘွန်ရှိ အိမ်တစ်ခု၏အပေါ်ထပ်မှ ဂက်ဒနာလူငယ်များ "ဟိုမှာ ဟိုမှာ" ဟူ၍ အော်ကြသည်။

သူတို့သည် ဂျေရုဆလမ်တွင် ငြိမ်းချမ်းရေးရပါစေဟု လွန်ခဲ့သည့်ခြောက်ရက်က မိုလိုတော့တော့တေး ပုလင်းများကိုင်ရင်း ဆုတောင်းခဲ့ကြသူများ ဖြစ်သည်။ ဂျေကော့ဘင်အားသည် လီးဂျင်းသံချပ်ကာကားများကို တစ် နှစ် သုံး ရေတွက်နေသည်။ ဆယ်စီးရှိလျှင် တစ်ယောက်က "အောက်ထပ်မှာရှိတဲ့ ဘဇူကာနဲ့ပစ်မယ်ဆိုရင် ကျည်ဆန်ဘယ်လောက် လိုမလဲ"ဟုမေးသည်။

"သုံးခုပေါ့ကွာ" တစ်ယောက်က ဖြေသည်။

"မဟုတ်ဘူး၊ ခုနှစ်ခု" နောက်တစ်ယောက်က ဆိုသည်။ ရေတွက်၍ရသည်မှာ လီးဂျင်းသံချပ်ကာကား ဆယ့်ခုနှစ်စီးရှိသည်။

မစ်ရှကာရာဘီနိုဗစ်သည် ရုရှားပြည်ဖွား နှစ်ဆယ့်ရှစ်နှစ်အရွယ်ရှိ ငြိတိသျှ၏ တပ်မတော်ထွက် ရဲဘော်ဟောင်းတစ်ယောက် ဖြစ်သည်။ ကျောက်တုံးများနောက်တွင် ဘဇူကာကို နေရာယူပြီး စိန့်ဂျော့လမ်းဆီသို့ ချိန်ထားသည်။ သူ့တွင် ကျည်ဆန်ခုနစ်ခုရှိသည်။ သို့သော်လည်း လွန်ခဲ့သည့်ရက်ပိုင်းက အဝီကာမော်တာကျည်ဆန်မှန်သဖြင့် ညာဘက်လက် ဒဏ်ရာရသည်။

ဘဇူကာကို သူမပစ်နိုင်၊ ချိန်တော့ ချိန်နိုင်သည်။ မှန်ဘီလူးမှကြည့်ကာ စိန့်ဂျော့လမ်းကိုချိန်ပြီး "ဂျေရုဆလမ် တစ်ကီလိုမီတာ" ဟု သူမှတ်ထားသည်။ သူ့ဘေးက ပိုလန်သားလေးအား "ပထမဆုံး ကားဖြတ်သွားပြီးတဲ့နောက် ဂျေရုဆလမ် တစ်ကီလိုမီတာဆိုတဲ့ အမှတ်အသား ပျောက်သွားတာနဲ့ ပစ်ပေတော့" ဟု တိုးတိုးမှာသည်။

ရာဘီနိုဗစ်ဘေးမှ ပိုလန်သားလေး အေလီယာဟူသည် သူ့ဘဇူကာဆီသို့ လာနေသော ပထမဆုံးကားကို စောင့်ကြည့်နေသည်။ အေလီယာဟူ မောင်းဖြုတ်လိုက်သော အခါ ရာဘီနိုဗစ်သည် အသက်ကိုအောင့်ထားလိုက်သည်။ ရှေ့ဆုံးကားကို တည့်တည့်မှန်ပြီး လမ်းဘေးထိုးကျသွားသည်။

http://mmteashop.com



ဗြိတိသျှတပ်မှ ခိုးလာခဲ့သည့် ဒိမ်းမလား သံချပ်ကာကားထဲမှ ရိယူဗင်တာမိယာသည် မီးခိုးထွက်နေသော ပထမကားဆီသို့ လီးဂျင်းကားများ မောင်းသွားကြသည်ကို ကြည့်နေသည်။ မျက်စိစုံမှိတ်ပြီး သူ့ကားမှ အမြောက်ဖြင့်ပစ်သည်။ မျက်စိဖွင့်လိုက်သည့်အခါ လမ်းပေါ်က အိမ်တစ်အိမ် အပေါက်ဖြစ်သွားသည်ကို မြင်ရသည်။ ထပ်၍ပစ်သည်။ သို့သော် ကံမလိုက်။ တတိယအကြိမ် ပစ်ပြီးမှန်ပြီဟု အားရဝမ်းသာ ဟစ်အော်သည်။ ဒုတိယသံချပ်ကာကားမှ မီးခိုးများ ထွက်လာသည်ကို မြင်ရသည်။

မင်ဒယ်ဘွန် အဆောက်အအုံဝန်းကျင်တွင် တိုက်ပွဲပြင်းထန်သည်။ သူတို့ ရဲဘော်များကိုကူရန် လီးဂျင်းကားများ အပြေးမောင်းလာသည်။ အနီနှင့်အဖြူကြား ခေါင်းဆောင်းများကိုမြင်ရသော ခါဂက်ဒနာအဖွဲ့က မိုလိုတော့ကော့တေးများဖြင့် ပစ်သည်။ ပြတင်းတစ်ခုမှနေ၍ ဘင်အားသည် တစ်ခုတည်းသော စက်သေနတ်ဖြင့် ပစ်သည်။

ခုခံသူများ အပြင်းအထန် ပစ်ခတ်သည်နှင့်ကြုံရသည့် လီးဂျင်းတပ်ဖွဲ့သည် နောက်သို့ ပြန်ဆုတ်သည်။

နေဗို ကျေနပ်အားရမိသည်။ ကားနှစ်စီးပျက်စီးပြီး တတိယတစ်စီးမှာ ချာနီ၏ လက်ချက်ဖြင့် လမ်းပေါ်တွင်မောင်းမရဘဲ ရပ်နေသည်။

အောင်ပွဲသတင်းသည် ဂျေရုဆလမ်တစ်မြို့လုံးသို့ ပျံ့နှံ့သွားသည်။ ဂက်ဒနာလူငယ်အဖွဲ့က လီးဂျင်းသံချပ်ကာ ကားတပ်ကို ဖြိုခွင်းလိုက်သည်တဲ့။ အောင်ပွဲသတင်းကို နာအိုမိနေဗီ ကြားရပုံဖြင့် သက်သေထူနိုင်သည်။ သူငယ်ချင်းတစ်ယောက်က ဝမ်းသာလွန်းသဖြင့် မျက်ရည်လည်ရွဲဖြင့် နာအိုမီ၏ လည်ပင်းကိုဖက်ကာ ငိုသည်။ "နာအိုမီရေ. . ဂျေရုဆလမ်ကို ယိုးဆက် ကယ်တင်လိုက်ပြီဟေ့"

ooo

http://mmteashop.com



အပိုင်း (၃၆)

## လက်ထရမ်ကိုသိမ်း

ဒိုဂျိုးဆက်သည် သူ့လူများကို ဂျူးအေဂျင်စီ အစည်းအဝေးခန်းများသို့ ခေါ်ယူစုဝေးစေသည်။

"ပျင်းနေရင် ဒုက္ခရောက်မှာပဲ၊ လူတွေ အရင်ကလိုပဲ အသွားအလာ အလှုပ်အရှားမပျက်နေကြဟေ့" ဟုသတိပေးသည်။ အရပ်သားများ ခါတိုင်းလိုပင် ရုံးတက်စေချင်သည်။ ဈေးသွားစေချင်သည်။ ဆိုင်များမနက်ရှစ်နာရီမှ ညနေလေးနာရီအထိ ဖွင့်ရမည်ဟု အမိန့်ထုတ်သည်။ ခုခံသူများ၏အသံ ဟုခေါ်သော နေ့စဉ်သတင်းစာတစ်စောင်ထုတ်ဝေကာ သတင်းများကို ဖော်ပြမည်။

ကနေ့ဒါမှ ရှေ့နေကြီး ဒိုဂျိုးဆက်သည် ဂျေရုဆလမ်မြို့ ဂျူးရပ်ကွက်၏ မြို့ပြအကြီးအကဲ ဖြစ်လာသည်။ အကျီလက်ကြယ်သီးများတပ်လျက်၊ လည်စီးချည်လျက်၊ ပြောင်အောင်တိုက်ထားသော ဖိနပ်ကိုစီးလျက် သွားလာလှုပ်ရှားသည်။ ပေကျံနေသော ရှပ်အကျီက ပုံမှန်အခြေအနေမဟုတ်သည်ကို ဖော်ပြနေသည်။ ဂျေရုဆလမ်တွင် ရေမရှိ။ အကျီမလျှော်ဖွပ်ရသည်မှာ နှစ်ပတ်ရှိပြီ။

အမှုကိစ္စမှန်သမျှ သူဆောင်ရွက်သည်။ အလစ်အလပ်ဟူ၍ မရှိ။ ထရပ်ကားဒရိုင်ဘာတစ်ယောက်က ဆီငါးဂါလန်လိုချင်လျှင် ဘာကြောင့်လဲဟု သူ မေးမြန်းစစ်ဆေးသည်။ ပေါင်မုန့်ဖိုတစ်ခုမှ ပေါင်မုန့်ဆယ်လုံးလျှော့ဖုတ်လျှင် အကြောင်းပြရသည်။ သူ့လုပ်ငန်းသည် မနက် (၄) နာရီမှ စသည်။ သူသည် ပင်ပန်းသည်ဟူ၍ မရှိ။ သူ့လက်အောက်က တစ်ယောက်ယောက် ပင်ပန်းသည်ညည်းညူလျှင် သူ လက်မခံ။

တစ်ခါတွင် သူကပါးစပ်မှ ပြောနေသည်ကိုလိုက်၍ရေးရင်း အတွင်းရေးမှူး အမျိုးသမီးတစ်ယောက် အိပ်ငိုက်သည်။ "မစ္စတာဂျိုးဇက်၊ ကျွန်မကို နည်းနည်းအနားပေးပါလား၊ ဒါမှမဟုတ်ရင် ကျွန်မသတိမေ့သွားလိမ့်မယ်" ဟု ပြောသည်။

"ခင်ဗျား အိပ်ငိုက်ရင် ခင်ဗျားမျက်နှာကို ရေနဲ့ပက်ပြီး ဆက်အလုပ်လုပ်ကြရမှာပဲ" ဟု သူက ပြန်ပြောသည်။

http://mmteashop.com



နေ့စဉ် ရိက္ခာဝေသည်။ သူလည်း ရိက္ခာနှင့် အသက်ရှင်နေသည်။ မားမလိတ် ယိုသုတ် ပေါင်မုန့်တစ်ချပ်စား၊ လက်ဖက်ရည်ပေါ့ပေါ့တစ်ခွက်ကို သောက်ပြီး ညသန်းခေါင်အထိ ဘက်ထရီမီးလုံးဖြင့် အလုပ်လုပ်သည်။

အားလပ်လျှင် မြို့ထဲလျှောက်ကာ "အားလုံး အဆင်ပြေသွားမှာပါ" ဟု တွေ့သူတိုင်းကို ပြောသည်။ မေ (၂၀)ရက်ထိ ဂျေရုဆလမ်ဂျူးရပ်ကွက်ကိုပေးသည့် ရိက္ခာမှာ တစ်နေ့ ကယ်လိုရီကိုးရာသာ ရှိသည်။ ယင်းမှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အရပ်သားများရသည့် ရိက္ခာ၏ တစ်ဝက်ထက် အနည်းငယ်ပိုသည်။ ဂျပန်စစ်သုံ့ပန်းစခန်းတွင် ပေးသည့် ရိက္ခာထက် ကယ်လိုရီနှစ်ရာပိုသည်။

ဂျူးတို့၏ နေ့စဉ်အလုပ်မှာ အာရပ်အမြောက်ကျည်ဆန်ကို ရှောင်ရခြင်းနှင့် စားစရာရှာရခြင်းတို့ ဖြစ်သည်။ နေ့တွင် လမ်းများပေါ်၌ လူမရှိ။ ညတွင် မီးမရှိသဖြင့် မှောင်ကျနေသည်။ ရေကို ညသန်းခေါင်တွင်မှ လှည့်လည်ဝေငှသည်။ သို့မဟုတ်လျှင် ရေဝေသူများ အမြောက်ဆန်မှန်၍ သေနိုင်သည်။ ရေကို မှောင်ခိုဈေးတွင် တစ်ကွပ် (၂. ၆၅) ဒေါ်လာပေး၍ ဝယ်ရသည်။

ဗီယင်နာကဖီးသည် မြို့တော်၏ ကုန်ဖလှယ်သည့်နေရာ ဖြစ်သည်။ မေ (၂၀)တွင် စီးကရက်တစ်လိပ်၏ တန်ဖိုးမှာ ပေါင်မုန့်တစ်ဝက်၊ ငါးသေတ္တာနှစ်ဘူး သို့မဟုတ် ဟားရင်းတစ်ဘူးနှင့် ညီမျှသည်။ စက်ရုံတစ်ခုက ဂလူးကို့စ်သကြား ထုတ်လုပ်သည်။ ရေနှင့်ဖျော်ကာ ကလေးများအတွက် အားဖြည့်အချိုရည်တိုက်ကျွေးနိုင်သည်။

ဂျေရုဆလမ်၏ ခွေးများမှာ ဒုက္ခအရောက်ဆုံး သတ္တဝါများ ဖြစ်သည်။ စားစရာမရှိသဖြင့် ပိန်ကြုံနေသည်။ အမှိုက်ပုံတစ်ခုမှ တစ်ခုသို့ ပြေးကာ စားစရာရှာကြရသည်။

ဂျေရုဆလမ်မှ မိုင်နှစ်ထောင်ဝေးသည့် နေရာတစ်ခုတွင် ဒေးဗစ်ဘင်ဂူရီယန် ကတိပေးခဲ့သည့်အတိုင်း နိုင်ငံသစ်သည် အရေးကြုံလျှင် စစ်ပွဲ၌ အသုံးပြုနိုင်သည့် လက်နက် များဝယ်ယူနေသည်။ ချက်နိုင်ငံ ဇာတက်မြို့စွန်တွင် အေးဟက်အက်ဗရီယယ်သည် လက်နက်အပြည့်အစုံ ရနိုင်အောင် ကြိုးစားနေသည်။ ကောင်းကင်က ကယ်တယ်သူ ပေါ်လာမည်ဟူသော ဆိုရိုးအတိုင်း သူဝယ်ထားသော လက်နက်များကို အစ္စရေးသို့ အချိန်မီရောက်ရန် ချက်မိတ်ဆွေများနှင့် ဆွေးနွေးသည်။ သူ့ကို လေယာဉ်ကွင်းတစ်ခု ငှားရန် စေ့စပ်သည်။ အမေရိကန်နှင့် ဆိုဗီယက်ယူနီယန်တို့ စစ်အေးတိုက်ပွဲစနေစဉ် သံကန့်လန့်ကာနောက်က တစ်နေရာ၌ အက်ဗရီယယ်၏ ညွှန်ကြားမှုဖြင့် အမေရိကန် အမှုထမ်းများ ဦးစီးသည့် လေယာဉ်ကွင်းတစ်ခု အကောင်အထည် ပေါ်လာသည်။

မေ (၂၀)ကြာသပတေးနေ့တွင် ဇာတက်ဂျာမန် လေတပ်အခြေစိုက်စခန်းတွင် လုပ်ငန်းစတင် လှုပ်ရှားသည်။ ဘင်ဂူရီယန်က မက်ဆာရှမစ် တိုက်လေယာဉ်များ ပို့ပေးရန် အကြောင်းကြားသည်မှာ သုံးရက်ရှိပြီ။ ဂျူးနိုင်ငံသစ်၏ ကောင်းကင်တွင် အီဂျစ်လေတပ်၏ လေယာဉ်များ ကြီးစိုးနေသည်။ ညစဉ် တယ်အဗစ်ကို ဗုံးကြဲသည်။

http://mmteashop.com



အိုးရင်းထရိတ် လေကြောင်းပိုင် လေယာဉ်တစ်စင်း ဇာတက်သို့ ပဲရစ်မှ ပျံသန်းလာသည်။ အက်ဗရီယယ်၏ လူများကို လေယာဉ်မှူးများ တအံ့တဩ ကြည့်နေကြသည်။ သူတို့သည် (DC 4)လေယာဉ်ထဲသို့ တောင်ပံဖြုတ်ထားသော မက်ဆာရှမစ် (၁၀၉)တိုက်လေယာဉ်ကို မရရအောင် ထည့်သွင်းနေသည်။ အစ္စရေးလေတပ်၏ ပထမဆုံးတိုက်လေယာဉ်ကို သယ်ပို့ရန် ကြိုးစားနေခြင်း ဖြစ်သည်။ တိုက်လေယာဉ်ကို သွင်းလို့မရ။ တံခါးမှာ ကျဉ်းသဖြင့် မဝင်။ နောက်ဆုံးတွင် သူတို့သည် နာရီပြင်သမား၏ ဝက်အူလှည့်ကို အသုံးပြုကာ မက်ဆာရှမစ် (၁၀၉)ကို ဝင်အောင် သွင်းကြသည်။ ဘယ်လိုကဘယ်လို ဝင်သွားသည်မသိ ကရိန်းဖြင့် ဆွဲလာသော တိုက်လေယာဉ်သည် (DC 4) ထဲ ရောက်သွားသည်။ အစ္စရေးလေတပ်၏ ပထမဆုံး တိုက်လေယာဉ်မှူးများဖြစ်သည့် မော်ဒါခိုင်းဟော့နှင့် အက်ဇာဝိုက်စမင်းတို့ လေယာဉ်ပေါ် တက်သည်။ သူတို့နှင့်အတူ လေယာဉ်ကိုဆင်ပေးမည့် ချက်မက္ကင်းနစ်တို့ လိုက်ပါသွားသည်။

ရှစ်နာရီအကြာတွင် အစ္စရေး ကမ်းရိုးတန်းသို့ လေယာဉ်ချဉ်းကပ်သည်။ သူတို့ကို လေယာဉ်ပစ် အမြောက်ကျည်ဆန်များက ကြိုဆိုသည်။ တယ်အဗစ်ကောင်းကင်တွင် ဝဲပျံသည်မှာ အာရပ်လေယာဉ်သာ ဖြစ်နိုင်သည်ဟု ယူဆကြသည်။

လေယာဉ်မှူးသည် ကျည်ဆန်များကိုရှောင်ကာ အာအေအက်ဖ်ဖို့လေယာဉ်ကွင်းဟောင်း အကျီးယာတွင် ချောမောစွာ ဆင်းသက်သည်။ လေယာဉ်မောင်းသူမှာ အမေရိကန်နိုင်ငံ မီလဝေါကီမှ စာရင်းစစ်ဟောင်း ဖြစ်သည်။ သူ့စိတ်ထဲတွင် အရေးတကြီး တစ်စုံတစ်ခုက နှိုးဆော်နေသည်။ ပဲရစ်မြို့တွင် အလွန်ချောမွေ့လှပသည့် သူငယ်မလေးတစ်ယောက်ထံ လည်ပတ်စဉ်က လက်ဆောင်ပေးလိုက်သည့် အမှတ်တရ နာကျင်ကိုက်ခဲမှုလေးတစ်ခု ဖြစ်သည်။ ဝမ်းသာအားရပြေးလာသည့် အစ္စရေးတစ်ယောက်အား "ဆရာဝန် တစ်ယောက်နဲ့ ပင်နီဆီလင် မြန်မြန်ရှာခဲ့ပါ" ဟု လေယာဉ်မှူး တောင်းဆိုသည်။

ဟိုက်ဖာဆိပ်ကမ်းသို့ လွန်ခဲ့သည့် ခရစ္စမတ်နေ့က အင့်တဝပ်တွင် ဇီးဖီဒါမင်း ဝယ်ခဲ့သည့် သံချပ်ကာ,ကားငယ် နှစ်ဒါဇင်သည် အက်စ်အက်စ်အစ္စဂိုနှင့်ရောက်လာသည်။ အစ္စရေးနိုင်ငံသစ် တည်ဆောက်ပြီး ပထမအပတ်အတွင်း အခြားသင်္ဘောသုံးစီးစာ လက်နက်များနှင့် အိုးရှင်းထရိတ် လေကြောင်းက သယ်လာသည့် မက်ဆာရှမစ် တိုက်လေယာဉ်တို့ ချောမောစွာ ရောက်လာသည်။ မြေထဲပင်လယ် တစ်ဖက်အစွန်းမှ တခြားတစ်ဖက်အစွန်းသို့ လက်နက်များ သယ်ယူရသည်မှာ အလွန်ခက်ခဲသည်။ မည်သည့်သင်္ဘော၊ အာမခံကိုယ်စားလှယ်နှင့် ရေယာဉ်မှူးတို့ကမှ ထိုကုန်စည်များကို မပို့ဆောင်ချင်။ အထူးသဖြင့် အမေရိကန်သည် စစ်ပြိုင်နိုင်ငံများသို့ လက်နက်များ တင်ပို့သည်ကို ကန့်ကွက်နေသည်။ ဟာဂါနားအဖွဲ့မှု အချိန်နှင့်အမျှ အရေးကြီးနေသည်။

စစ်ပွဲ စတင်ဖြစ်ပွားပြီးနောက် ဘင်ဂူရီယန်က စစ်ဦးစီးမှူး ယီဂင်ယာဒင်အား "ယခုရှိသမျှ လက်နက်အင်အားနှင့် နောက်ထပ်နှစ်ပတ် မခံနိုင်ဘူးလား" မေးသည်။ အဖြေမှာ "မသေချာ"ဟု ရသည်။

http://mmteashop.com



တောင်ပိုင်းတွင် အခြေအနေဆိုးသည်။ အီဂျစ်တပ် နှစ်တပ် အပြင်းအထန် ချီတက်လာသည်။ အင်အား တစ်သောင်းကျော်သည်။ တိုက်လေယာဉ် ဆယ့်ငါးစင်းပါလာသည်။ ရှားမင်းတင့်ကားနှင့် ဗြိတိသျှမော်ဘီဒါတင့်ကားတစ်ထပ်၊ (၂၅)ပေါင်ဒါ စစ်မြေပြင်ပစ် အမြောက်များလည်း ပါသည်။ ဂျူးစခန်းသစ် နှစ်ဆယ့်ခုနစ်ခုတွင် ငါးခု၌သာ ခုခံသူ နှစ်ဆယ့်ငါးယောက်ကျော်ကျော်စီ ရှိသည်။ အစ္စရေးတပ်မတော်တွင် ဟာဂါနား တပ်မဟာနှစ်ခု ရှိသည်။ ပထမ နေဂီတပ်မဟာတွင် လူရှစ်ရာနှင့်(၂၀) မီလီမီတာ အမြောက်နှစ်လက်၊ ကျည်ဆန်ဆယ်ခုပါသည့် ဒါဗီကာ မော်တာနှစ်ခု ရှိသည်။ ဒုတိယ တပ်မဟာသည် ပင်လယ်ကမ်းရိုးတန်းတွင် ခုခံသည်။ လူ (၂၇၀၀)ရှိသည်။ တင့်ကားပစ် လက်နက် မရှိ။ မိုင်းဗုံးများနှင့် မိုလိုတော့ကော့တေး ဗုံးများသာ ရှိသည်။

ခုခံတိုက်ခိုက်မှု ပြင်းထန်သဖြင့် တယ်အဗစ်သို့ ချီတက်သည့် တပ်မှူးသည် စခန်းသစ်များကို ရှောင်ကာ ကမ်းခြေလမ်းမှ တက်ရန်စိတ်ကူးသည်။ အစ္စရေးသို့ မက်ဆာရှမစ် တိုက်လေယာဉ် ရောက်သည့်အချိန်တွင် သူ့တပ်သည် ရှောင်၍မရသည့် နေဂီ သဲကန္တာရအတွင်းရှိ ယက်မော်ဒေချိုင်း စခန်းကို တိုက်ရသည်။ ယင်းကို နိုင်လျှင် မြောက်ဘက် အက်ရှကယ်လုန်သို့ ချီတက်ကြမည်။ ယင်းမှာ တယ်အဗစ်နှင့် မိုင်သုံးဆယ်သာ ဝေးသည်။

ဒုတိယအီဂျစ်စစ်ကြောင်းသည် ကာနယ်အာမက် အက်ဘဒူအဇစ် ဦးဆောင်ပြီး အာရပ်နယ်မြေများကို ဖြတ်သန်းရသည်။ သူ့တပ်သည် ဟီဘရွန်ကို ဖြတ်ကျော်သည်။ ကဖာအက်ဇီယွန်မှာ အာရပ်တို့ သိမ်းပိုက်ထားရာ အက်ဘဒူအဇစ်၏ တပ်များသည် ဂျူးစစ်သား တစ်ယောက်ကိုမျှ ရင်မဆိုင်ရ။

ဂျူးနိုင်ငံသစ် အခြေအနေမှာ မဆိုးရွားသေး။ ယင်းမှာ အာရပ်အင်အားစုများ ပြည့်ပြည့်ဝဝ မလှုပ်ရှားသောကြောင့် ဖြစ်သည်။ မေ (၁၉) တွင် ရှိတ်ဂျာရားသို့ အာရပ် လီဂျင်းတပ်ဝင်သည်မှာ ပထမဆုံးအကြိမ် အာရပ်လှုပ်ရှားမှု ဖြစ်သည်။

မြောက်ပိုင်းတွင်မူ အခြေအနေတစ်မျိုးဆိုးရွားသည်။ ဆီးရီးယားတပ်မတော်သည် သံချပ်ကာ,ကားသုံးဆယ်၊ ပြင်သစ်ရေးနေ့ာတင့်ကားများဖြင့် ဂျူးစခန်းသစ် သုံးခုကို သိမ်း ပိုက်သည်။ ဒီဂါနီယာစခန်း အေနှင့် ဘီ တို့ကို တိုက်ရန် ပြင်ဆင်နေသည်။ ယင်းကြောင့် ဘင်ဂူရီယန် စိတ်မချမ်းမသာဖြစ်ရသည်။ ဒီဂါနီယာဘီ၏ ခေါင်းဆောင်မှာ ဘင်ဂူရီယန်၏ သူငယ်ချင်းဖြစ်သည်။ သူ့ဆီရောက်လာပြီး ဆီးရီးယားသံချပ်ကာကားတပ်ကို တိုက် နိုင်မည့် အမြောက်တစ်လက် တောင်းသည်။ ဘင်ဂူရီယန်က "တို့မှာ အမြောက်မရှိပါဘူး ကွာ၊ ရှိရင်ပေးပါတယ်၊ နက်ဖြန်ဆိုရင်တော့ တစ်လက်လောက် ရနိုင်လိမ့်မယ် မျှော်လင့် တာပဲ၊ မင်းပြန်သွားပြီး ရှိတာနဲ့ပဲ တိုက်ပေါ့" ဟု ချွေးသိပ်ရသည်။

ထိုသို့ ပြောလိုက်သဖြင့် လူအများသေကျေကြမည်ကို ဘင်ဂူရီယန်သိသည်။ မတတ်နိုင်။ သူငယ်ချင်းပြန်သွားသည်ကို ကြည့်ပြီး မျက်ရည်ကျမိသည်။ ပထမဆုံး အကြိမ် မျက်ရည်ကျခြင်းဖြစ်သည်။ နောက် အနှစ် နှစ်ဆယ်ရှိသည့်အခါ မျက်ရည်တစ်ခါ ကျရ

http://mmteashop.com



သည်။ နိုင်ငံရေးမှ အနားယူတော့မည်ဟု သူ့နိုင်ငံကို ကြေညာစဉ်က ဖြစ်သည်။

ယိုဆက်နေဗိုနှင့် ဂက်ဒနာလူငယ်အဖွဲ့က အာရပ်လီးဂျင်း ပထမအကြိမ် ထိုးဖောက်သည်ကို ထိရောက်စွာ ဟန့်တားနိုင်ခဲ့သည်။ သို့သော်လည်း တောင်ပိုင်းတွင် အက်ဘဒူအဇစ်၏ သံချပ်ကာကားများသည် ဘက်သယ်ဟမ်သို့ ရောက်လာသည်။

· အာရပ်လီးဂျင်းတပ်မှူး မေဂျာတဲသည် ရောဒါကျောင်းဌာနချုပ်ကို သိမ်းယူလိုက်သည်။ ကျောင်းထဲ ဝင်ရောက်နေထိုင်သူတို့ကို အပြင်သို့ မောင်းထုတ်သည်။ သူ့ရုံးခန်း နံရံပေါ်တွင် မြို့ဟောင်းမြေပုံကြီးတစ်ခု ချိတ်ဆွဲထားသည်။ ဂျူးရပ်ကွက် ပတ်လည်တွင် ပင်အပ်အနီလေးများ စိုက်ထားသည်။ ယင်းတို့မှာ သူ့တပ်များ တပ်စွဲထားသည့် နေရာများ ဖြစ်သည်။ အပျော်တမ်းတပ်များ ခက်ခက်ခဲခဲ တိုက်မည့်အစား ဂျူးရပ်ကွက်ကို အပြင်ဘက်နေရာတိုင်းမှ တဖြည်းဖြည်း အထဲသို့ ညှစ်ယူလိုက်သလို စနစ်တကျ တိုက်မည်။ ဂျူးအင်အားကြီး စခန်းတစ်ခုကို သိမ်းပိုက်ပြီးတိုင်း ချေမှုန်းမည်။ ဤသို့ဖြင့် ရန်သူ့နယ်မြေသည် တဖြည်းဖြည်း ကျဉ်းသွားမည်။ မြေပုံပေါ်က အပ်အနီလေးများ အတွင်းသို့ တဖြည်းဖြည်း စုဝင်သွားမည်။

မိုရှေရတ်စနက်သည် ထို နည်းဗျူဟာကို ချက်ချင်း နားလည်သည်။ သူ့တပ်သည် တဖြည်းဖြည်း အတွင်းသို့ ဆုတ်ရပြီး နယ်ကျဉ်းလာသည်။ ဇီယွန်တံခါးမှ ဆုတ်လာပြီးနောက် စိတ်ပျက်စရာများ ကြုံတွေ့လာရသည်။ တိုက်ပွဲဆီသို့ သူ လွှတ်လိုက်သည့် တပ်သားများသည် စစ်မတိုက်ချင်ကြ။ အချို့သည် အရပ်သားများနှင့်အတူ ဂျူးဘုရားကျောင်းထဲ ဝင်သွားပြီး ပျောက်သွားကြသည်။

အာရပ်လီးဂျင်း၏ တတိယပစ်မှတ်မှာ ဂျေရုဆလမ်တွင် ထုထည်အကောင်းဆုံး သုံးထပ် အဆောက်အအုံတစ်ခု ဖြစ်သည့် ပြင်သစ်၏ နော်တာဒမ်ဂေဟာ ဖြစ်သည်။ နော်တာဒမ်သည် ဂျေရုဆလမ်မြို့လယ်တွင် တည်ရှိပြီး အခန်းများ ပြတင်းများဖြင့် ပျားအုံကြီးတစ်ခု ဖွဲ့ထားသည်နှင့်တူသည်။ ဘုရားဖူးများတည်းခိုရာ ဂျေရုဆလမ်၏ ထိလတန် ဟိုတယ်ဟုလည်း ခေါ်နိုင်သည်။ ခရစ်ယာန်ဥရောပ၏ ဘာသာရေး သံယောဇဉ် မည်မျှကြီးသည်ကို ပြသည့် အဆောက်အအုံ ဖြစ်သည်။

ပြင်သစ် ပရပ်ရှားစစ်ပွဲ ပြီးဆုံးသည့်နောက်ပိုင်း ပြင်သစ်သို့ ပြန်လာကြသည့် ကက်သလစ်ဘုရားဖူးများ သင်္ဘောပေါ်တွင် ငွေကြေးကောက်ခံကာ နော်တာဒမ်ကို တည်ဆောက်ခဲ့သည်။ နော်တာဒမ်သည် ဘုရားဖူးများ တည်းခိုရာဂေဟာ တစ်ခုသာ မဟုတ် ဥရောပ ပြိုင်ဘက်များကို ဝင့်ကြွားသည့် အမျိုးသားအထိမ်းအမှတ်တစ်ခုလည်း ဖြစ်သည်။ ကြီးကျယ်ခမ်းနားသည်။ ဗိသုကာမှာ ထည်ဝါသည်။ ဂျေရုဆလမ်တွင် ပြင်သစ်တို့၏ ပိုင်ခွင့်ရှိခြင်းကို သက်သေထူသည်။ အထည်ဝါဆုံးမှာ မယ်တော်မေရီက သူ၏ သားငယ်ကို ဂျေရုဆလမ်သို့ ပေးအပ်နေသည့် ခြောက်တန် လေးပြီး ပေနှစ်ဆယ်ရှိသည့် ကျောက်ရုပ်ဖြစ်သည်။

http://mmteashop.com



မေ (၁၉) တွင် ဟာဂါနားက အပြင်းအထန် တိုက်ခိုက်ပြီး နော်တာဒမ်ကို ပြန်လည်သိမ်းယူခဲ့သည်။ ထိုအချိန်မှစပြီး မင်ဒယ်ဘွန်မှာကဲ့သို့ ဂက်ဒနာ လူငယ်အဖွဲ့၏ ထိန်းသိမ်းမှုအောက်သို့ ရောက်သွားသည်။ သူတို့နှင့်အတူ လူလတ်ပိုင်း ဆရာဝန်များ၊ ရှေ့နေများ၊ ကုန်သည်များလည်း ပူးပေါင်း၍ အဆောက်အအုံကို ခုခံကာကွယ်သည်။ ဂက်ဒနာ လူငယ်အဖွဲ့က လူလတ်ပိုင်းကို သေနတ်ပစ်နည်း သင်ကြားပေးရသည်။

ဂျွန်ဂလပ်အဖို့ နော်တာဒမ်သည် ဂျေရုဆလမ်၏ လှည်းပုံတောင်း ဖြစ်သည်။ နော်တာဒမ်တွင် ဂျူးရှိနေသမျှ ဂလပ်၏လူများ မြို့ဟောင်းတွင်းသို့ မဝင်နိုင်။ ဘီဒိုအင်းစစ်သားများ နော်တာဒမ်ကို အကျအဆုံးမများဘဲ သိမ်းပိုက်နိုင်မည်ဆိုလျှင် ဂျေရုဆလမ်ကို သိမ်းနိုင်မည်ထင်သည်။ သို့မဟုတ်လျှင်ကား ဂျေရုဆလမ်ကို ဝင်နိုင်ရန် တခြားနည်းလမ်းရှာရဦးမည်။

ဒေးဗစ်ဘင်ဂူရီယန် စိတ်ပူပန်မိသည်။ ဂျေရုဆလမ်၏ အခြေအနေမကောင်း။ ရိက္ခာပြတ်သည်။ မြောက်ဘက်တွင် လီးဂျင်းတပ်က ဝင်တိုက်သည်။ တောင်ဘက်တွင် အီဂျစ်တပ်များ ချီလာသည်။ ဟာဂါနားတပ်ဖွဲ့သည် ဂျေရုဆလမ်၏ အရေးကြီးပုံကို မသိ။ သူတို့သည် ရွာများကိုသာ ခုခံကာကွယ်နေကြသည်ဟု ဘင်ဂူရီယန်ထင်သည်။ ဟာဂါနား၏ နည်းဗျူဟာတွင် ဘင်ဂူရီယန် ဘယ်တော့မျှ ဝင်ရောက်စွက်ဖက်ခဲ့ခြင်း မရှိခဲ့။ ယနေ့ညတွင်မူ သူဝင်ရတော့မည်။ ညဥ့်နက်ပြီဖြစ်သော်လည်း သူ့ရုံးခန်းသို့ ယီဂယ်ယာဒင်နှင့် သူ၏ အရာရှိကြီးများကို ခေါ်လိုက်သည်။

ဂျွန်ဂလပ်နှင့် ဆာအလက်ကတ်ဘရိုက်တို့နည်းတူ ဘင်ဂူရီယန်၏ စိတ်ထဲတွင်လည်း ဂျေရုဆလမ်၏ သော့ချက်မှာ လက်ထရမ်ဖြစ်သည်ဟု သဘောပေါက်မိသည်။ လက်ထရမ်တောင်ကုန်းပေါ် အာရပ်စစ်တပ်ခြေချမိသည်နှင့် ဂျေရုဆလမ် ကျဆုံးပြီဟု သူတွက်မိသည်။ ဘင်ဂူရီယန်သည် သူ၏ စစ်ဦးစီးအရာရှိအား "လက်ထရမ်ကို ခင်ဗျားတို့ သိမ်းပိုက်ပြီး ဂျေရုဆလမ်လမ်းမကြီးကို ဖွင့်စေချင်တယ်" ဟု ပြောသည်။

ယာဒင် တင်းမာခက်ထန်သွားသည်။ သူသည် စစ်မျက်နှာအားလုံးကို တာဝန်ယူရသူ ဖြစ်သည်။ အခြားစစ်မျက်နှာများကို ဂျေရုဆလမ်ထက် ပို၍ ဦးစားပေးရသည်။ မော်ဒေချိုင်းကျလျှင် တယ်အဗစ် ခြိမ်းခြောက်ခံရမည်။ ဂယ်လိလီ ဒေသတစ်ခုလုံးကို ဆီးရီးယားက ခြိမ်းခြောက်နေသည်။ ဂျေရုဆလမ်ကိုမူ ထိန်းထားနိုင်သည်ဟု သူထင်သည်။ ဘင်ဂူရီယန် သဘောအတိုင်းဆိုလျှင် မြို့တော်ကို ကယ်တင်ပြီး နိုင်ငံတစ်ခုလုံးကို အဆုံးရှုံးခံရမလို ဖြစ်နေသည်။

ဘင်ဂူရီယန်ကမူ လက်ထရမ်ကို သိမ်းရန်သာပြောသည်။ "ခင်ဗျား အစီအစဉ်အတိုင်း လက်ထရမ်ကို ကျွန်တော်တို့ သိမ်းမိပါပြီတဲ့၊ ဂျေရုဆလမ်ဆိုတာ ရှိတော့မှာမဟုတ်ဘူး" ဟု ယာဒင်က စားပွဲကို လက်သီးဖြင့် ထု၍ ပြောသည်။ စားပွဲပေါ် ခင်းထားသည့် မှန်ချပ်ကွဲသွားသည်။ သူ့လက်တွင် သွေးများ ထွက်နေသည်ကို သုတ်ရင်း သူ့ခေါင်းဆောင်ကို စိုက်ကြည့်သည်။

http://mmteashop.com



"ကျွန်တော်ပြောမယ်၊ ဂျေရုဆလမ်မှာ ကျွန်တော်မွေးတယ်၊ ကျွန်တော့်မိန်းမက အခု ဂျေရုဆလမ်မှာ ရှိနေတယ်၊ ကျွန်တော့် အဖေနဲ့အမေလည်း ဂျေရုဆလမ်မှာ ရှိတယ်၊ ဂျေရုဆလမ်ကို ခင်ဗျားထက်ပိုပြီး ကျွန်တော်တွယ်တာတယ်၊ ဒီညတော့ ဂျေရုဆလမ်ကို မစဉ်းစားနိုင်ဘူး၊ ရှိတာနဲ့ သူတို့ ခုခံနိုင်တယ်၊ ဂျေရုဆလမ်ထက် ပိုပြီး အရေးကြီးတဲ့ နေရာတွေကို တပ်တွေပို့ရမယ်" ဟု ဒေါ်သဖြင့် ပြောသည်။

ယာဒင်၏ ပေါက်ကွဲမှုကြောင့် ဘင်ဂူရီယန် တုန်လှုပ်သွားပြီး ခေါင်းငုံ့ကာ တွေကြည့်သည်။ ထို့နောက် စားပွဲပေါ်မှ မှန်ကွဲများကို ဘေးသို့ ဖယ်ရှားရင်း ကုလားထိုင်တွင်ထိုင်ကာ ယာဒင်ကို အကဲခတ်သည်။ ပြီးမှ "လက်ထရမ်ကိုသိမ်း ဒါပဲ" ဟု အမိန့်ပေးသည်။

○○○

http://mmteashop.com



## အပိုင်း (၃၇)

## ရွှေပြည်သာသို့ ဝင်ခွင့်လက်မှတ်

ဘင်ဂူရီယန်၏ အမိန့်အတိုင်း ဆောင်ရွက်ရန်တာဝန်ကို ရှိကိုမိုရှာမီယာသို့ ပေးသည်။ ဂလပ်၏ လီးဂျင်းတပ်ကို သူ ခေါင်းဆောင်၍ တိုက်မည်။

ရှာမီယာသည် ရုရှားဇာတိဖြစ်ပြီး အလုပ်မျိုးစုံလုပ်ဖူးသည်။ ဆိုင်ပိုင်ရှင်၊ ပုံနှိပ်တိုက်ပိုင်ရှင်၊ ပန်းချီဆရာ၊ လျှပ်စစ်မီးပြင်သူနှင့် ကမ္ဘာအနှံ့ခရီးသွားဖူးသူ ဖြစ်သည်။ ယခု အသက်သုံးဆယ်ရှိပြီ။ ခုနစ်တပ်မဟာ၏ တပ်မှူးခန့်သည်မှာ ဟာဂါနားအဖွဲ့ဝင် ဖြစ်ခြင်းကြောင့် မဟုတ်။ ဗြိတိသျှတပ်မတော်တွင် အမှုထမ်းဖူးသောကြောင့် ဖြစ်သည်။

လီးဂျင်းကို မတိုက်မီ သူ့တပ်ကို စုစည်းသည်။ တစ်ဝက်မှာ မူလက ရှိနေသည့် တပ်ခွဲများမှ ရဲဘော်များ ပါဝင်သည်။ ကျန်တပ်သားများကို အသစ်စုဆောင်းရမည်။

ပိုက်ဆံပေါင်အနည်းငယ်ဖြင့် တယ်အဗစ်မြို့လယ် ဘရစ္စတိုဟိုတယ်မှ အခန်းသုံးခုကို ဌာနချုပ်ပြုလုပ်ရန် ရှာမီယာ သိမ်းပိုက်သည်။ တယ်လီဖုန်းတစ်လုံး အသုံးပြုကာ စစ်သားသစ်များ စုဆောင်းသည်။ မြို့အနှံ့လှည့်ပြီး စစ်သားသစ်များရှာသည်။ စစ်အတွင်းက သူငယ်ချင်းများ၏ နာမည်များကို သူ စဉ်းစားသည်။ ပထမဆုံး အမှတ်ရသည်မှာ ဗီဗီယန်ဟားဇော့ ဖြစ်သည်။ ဗီဗီယန်သည် ဂျေရုဆလင်တွင် ဗြိတိသျှနှင့် ဟာဂါနားအဖွဲ့အကြား ဆက်သွယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ပိုက်ပါကပ်လေယာဉ်ငယ်ဖြင့် တယ်အဗစ်သို့ ရောက်လာကာ ရှာမီးယား၏ စစ်ဆင်ရေးမှူးဖြစ်လာသည်။

တပ်ရင်းနှစ်ခုကို ခေါင်းဆောင်ကာ ရုရှားနှစ်ယောက်ကို ရှာမီယာရွေးသည်။ တစ်ယောက်မှာ နှစ်ဆယ့်ကိုးနှစ်အရွယ်ရှိ ဟိမ်းလက်စကော့ ဖြစ်သည်။ တပ်မဟာမှ ကပ္ပတိန်တစ်ယောက် ဖြစ်သည်။

ဒုတိယတပ်၏ တပ်ရင်းမှူးမှာ အော့ဝင်းဂိတ်၏ ညတိုက်ပွဲယူနစ်တပ်ဖွဲ့မှ ထွက်လာသည့် နှစ်ဆယ့်ကိုးနှစ်အရွယ် ဇဗီဟူးယားဝစ် ဖြစ်သည်။

ဂျေရုဆလင်တွင် အာရပ်လီးဂျင်း၏ တိုက်ခိုက်မှုမှာ လျော့သွားသည်ဟူ၍ မရှိ။ အက်ဘဒူလာတဲသည် တပ်များကို အားဖြည့်ရန် အောလစ်တောင်ကုန်းပေါ်တွင် ခြောက်

http://mmteashop.com



ပေါင်တင့်ကားပစ်အမြောက်များနှင့် သံချပ်ကာကားများကို တပ်စွဲထားသည်။ ဂျူးရပ်ကွက်သို့ တစ်နေ့ ကျည်ဆန်နှစ်ရာ ပစ်သွင်းသည်။

ဟာဂါနားအဖွဲ့၏ အင်အားအကြီးဆုံးစခန်းတစ်ခု ပထမဆုံးကျဆုံးသွားသည်။ ယင်းမှာ နစ်ဆန်ဘက်ဘုရားကျောင်း ဖြစ်သည်။ ရက်စနက်၏ ခုခံစစ်တွင် အရေးကြီးသည်။ ထို့ကြောင့် ဟာဂါနားက လက်မလွှတ်ရအောင် အပြင်းအထန်ခုခံသည်။

မော်ဇီအယ်ကူတပ်သည် သူ့လူရှစ်ယောက်ကို နစ်ဆန်ဘက်ဘုရားကျောင်းအခြေသို့ ပြေးကာ ဗုံးခွဲခိုင်းသည်။ သူတို့အားလုံး သေဆုံးဒဏ်ရာရသည်။ ဒုတိယအကြိမ်မည်သူမျှ မသွားရဲကြ။ ထိုအခါ ကူတပ်ကိုယ်တိုင်သွားသည်။

သုံးကြိမ်ဗုံးခွဲမှ ဘုရားကျောင်းနံရံတွင် အပေါက်တစ်ခုပွင့်ပြီး လီးဂျင်းအဖွဲ့ဝင်များ မီးခိုးများအကြားမှ နစ်ဆန်ဘက်ဘုရားကျောင်းထဲ ဝင်သွားကြသည်။

ဂျူးဒစ်ဂျာဟာရန် ခေါင်းဆောင်သော ဟာဂါနားအဖွဲ့က ပြန်လည်တိုက်ခိုက်ပြီး နင်ဆန်ဘက်ကို အာရပ်တို့လက်မှ ပြန်လည်သိမ်းယူသည်။ ကူတပ်သံသယဝင်သည့် အတိုင်းပင် သူ၏ အပျော်တမ်းတပ်သားများသည် ဘုရားကျောင်းတွင် ဝင်ရောက်လုယက်နေသည်။ သူတို့တစ်တွေ သေကျေပျက်စီးသည့်အခါ ဘုရားကျောင်းမှ လုထားသည့် ပစ္စည်းများကို တွေ့ရသည်။

ဘက်ဟာကယ်ရင် ဂျူးဆင်ခြေဖုံးရပ်ကွက်တွင် အော်ဟစ်သံများ ဆူညံနေသည်။ အီဂျစ်များ သူတို့အိမ်တံခါးဝများသို့ ရောက်နေကြပြီ၊ ကာနယ် အက်ဘဒူနာဇစ်သည် နှစ်ဆယ့်လေးနာရီ အမြောက်များဖြင့် ပစ်ခတ်ပြီး ဂျူးစခန်းသစ်သို့ ဝင်ရန် လမ်းရှင်းသည်။

ဘက်ဟာကယ်ရင်တွင် စခန်းရှိလူကုန် အိမ်မှထွက်ကာ အရံအတားအပိတ်အဆို့များ ပြုလုပ်သည်။ မိန်းမယောကျ်ား, ကလေး, လူကြီး မကျန် တတ်နိုင်သမျှ လုပ်အားပေးကြသည်။ အကယ်၍သာ ဘက်ဟာကယ်ရင်သည် အာရပ်စစ်ကို ရင်ဆိုင်မည့် ဇေရုဆလမ် ဒုတိယရပ်ကွက်ဖြစ်မည်ဆိုလျှင် ရပ်ကွက်သားများသည် ကျန်မြို့သားများကို နမူနာပြရန် အဆင်သင့်ရှိသည်။ အက်ဘဒူအဇစ်၏ တပ်သားများသည် တန်ဖိုးကြီးကြီးပေး၍ ဘက်ဟာကယ်ရင်ကို သိမ်းပိုက်ရလိမ့်မည်။

ဟိုက်ဖာဆိပ်ကမ်းသို့ အက်စ်အက်စ်ကလာနစ် သင်္ဘောဆိုက်ကပ်လျှင် ခရီးသည့်နှစ်ထောင်သည် ဟိုက်ဖာမြို့နှင့် ယင်း၏ တစ်ဖက်ရှိ ကာမယ်တောင်တန်းကို တအံ့တသြကြည့်ရှုနေကြသည်။ သူတို့သည် ဥရောပမှ ရောက်လာကြသူများ ဖြစ်သည်။ လွန်ခဲ့သည့်ခုနစ်နှစ်၊ ရှစ်နှစ်နှင့် ကိုးနှစ်က ဥရောပအလယ်ပိုင်း တစ်နေရာမှ ဟာတ်တလာက အရှေ့ဘက်ဒေသသို့ မောင်းထုတ်ခံရသူများ ဖြစ်သည်။ အချို့မှာ အသက်လုကာ ပြေးလွှားပုန်းအောင်းခဲ့ကြရသည်။ အခြားသူများကား နာဇီဂျာမန်၏ ခာတ်ငွေ့ခန်းများတွင် အသက်ဆုံးရှုံးခဲ့ကြရသည်။

http://mmteashop.com



မဟာမိတ်တို့ အောင်ပွဲခံရသည့်အခါ သူတို့ကို ဟာဂါနားက ရှာဖွေတွေ့ရှိသည်။ ဇီယွန်ဝါဒီ၊ ဇီယွန်ဝါဒီ မဟုတ်သူ၊ အော်သိုဒေါက်နှင့် နတ္ထိကဝါဒီများ၊ ကွန်မြူနစ်နှင့် အရင်းရှင်များ ပါဝင်သည်။

ဟာဂါနားက သူတို့ကို အစ္စရေးသို့ ပို့ပေးမည်။ သို့သော် ကတိတစ်ခုတောင်းသည်။ ရောက်လျှင် သူတို့ စစ်တိုက်ရမည်။ သူတို့ကို သိမ်းသွင်းစုရုံးကာ သဘော်ဆိပ်မြို့များသို့ ပို့သည်။ ပြင်သစ်နိုင်ငံ မာဆေးမြို့အနီး ဆဲတီဆိပ်ကမ်းတွင် စုဝေးကြသည်။

ကလာနစ်တွင် ပါလာသူများကို ပျော်ပွဲ ရွှင်ပွဲများ၊ မိန့်ခွန်းများ၊ ပန်းစည်းများ ကိုင်ထားသည့် မိန်းမချောလေးများက မကြိုဆို။ ဆိပ်ကမ်းတွင် ဆိုက်ထားသည့် အမိုးဝါ ဘတ်စ်ကားဟောင်းကြီးများက ကြိုဆိုသည်။

မက်တီမဲဂင်သည် ကလာနစ်နှင့်အတူ ဥရောပမှ ပါလာသည့် ဟာဂါနား အရာ ရှိလေး ဖြစ်သည်။

ဘင်ဂူရီယန်က မဲဂစ်ကို ပြုံးကြည့်ပြီး . . .

"သူတို့ ဘာကြောင့် ဒီရောက်လာတယ်ဆိုတာ သိသလား"ဟု မေးသည်။ မဲဂစ်က ခေါင်းညိတ်လျှင် "တို့အလိုရှိလို့ပဲ"ဟု ဘင်ဂူရီယန်ပြောသည်။

မဲဂစ်က "ယခုချက်ချင်း စစ်တိုက်မနိုင်းပါနှင့်"ဟု တောင်းပန်သည်။

"မင်းမသိပါဘူး၊ အခြေအနေ ဘယ်လောက်ဆိုးနေပြီ ထင်သလဲ" ဘင်ဂူရီယန်က ပြောသည်။ ထို့နောက် "သူတို့အားလုံးကို လိုချင်တယ်"ဟု ဝမ်းနည်းစွာ ဖြည့်စွက်သည်။

ဟူးယားဝစ်၏ တပ်ရင်း (၇၂)တွင် ဟိုက်ဖာဆိပ်ကမ်းမှ တိုက်ရိုက်လက်ခံသူ တပ်သားသစ် လေးရာ့ငါးဆယ် ရှိသည်။ အားလုံး ငယ်ရွယ်သူများ ဖြစ်သည်။

သူတို့မှာ လူမျိုးစုံ ဖြစ်သည်။ သူ့တပ်ရင်းသည် ဘာသာစကားပေါင်းစုံ စုဝေးသည့် တပ်ရင်းဖြစ်လာသည်ကို ဟူးယားဝစ်နားလည်သည်။ သို့သော်လည်း ဟီဘရူး ဘာသာစကားကိုမူ သူတို့ အားလုံး မပြောတတ်ကြပေ။

ပိုလန် ဆာဂျင်တစ်ယောက်ကို ခေါ်ပြီး စကားပြန်လုပ်ခိုင်းသည်။ သူ့စကားကို ပိုလန်နှင့် ယီးဒစ်သို့ ဘာသာပြန်စေသည်။ "အစ္စရေးတပ်မတော်က ကြိုဆိုပါတယ်။ အချိန် မရှိဘူး၊ ဂျေရုဆလမ်မှာ ဘေးအန္တရာယ်တွေ ဝိုင်းနေတယ်။ ဂျေရုဆလမ်ကို ကယ်တင် ရမည်" ဟု သူ ပြောသည်။

တပ်သားသစ်များကို တပ်ခွဲလေးခုသို့ ခွဲ၍ ပို့သည်။ သုံးပုံတစ်ပုံမှာ စစ်သင်တန်း ဆင်းပြီးသူများ ဖြစ်သည်။ သို့သော်လည်း လက်နက်ကို အသုံးမပြုဘူးကြပေ။ ဘာသာ စကား တူသူများကို တစ်စုစီထားသည်။ ရာထူးသတ်မှတ်ချက်မရှိ။ သူတို့ ပခုံးများတွင် ဖဲကြိုးနီများ တပ်ဆင်ပေးထားသည်။

အခက်ခဲဆုံးပြဿနာမှာ ဘာသာစကားဖြစ်သည်။ ဟီဘရူးစကားပြောတတ်သူ တို့ကို တပ်စုမှူးနှင့် တပ်စိတ်မှူးများ ခန့်သည်။ နောက်ဆုံးတွင် တိုက်ပွဲဝင်ရန် အရေး

http://mmteashop.com



ကြီးသည့် စကားလုံးများကို တစ်လုံးချင်း သင်ပေးသည်။ ထို ဘာသာစကားဖြင့် တပ်ရင်း (၇၂)သည် ဂျေရုဆလမ်ကို ကယ်တင်မည်။

မြို့ဟောင်း နံရံများဆီသို့ ခက်ခက်ခဲခဲ ဆွဲလာရသည့် ဂွန်ဂလပ်၏ ခြောက်ပေါင် အမြောက်နှစ်လက်က ချိန်ထားသည်။ မြို့ရိုးအောက်ခြေတွင် နှစ်လက်မမော်တာတပ်ဖွဲ့ ရှစ်ခုရှိသည်။ ဇီယွန်တံခါးရှေ့ တည့်တည့်တွင် အရေးအကြီးဆုံး (၂၅)ပေါင်ဒါ စစ်မြေပြင် အမြောက်တစ်ခု ဆင်ထားသည်။ မေ (၂၃)တနင်္ဂနွေနေ့လယ် မွန်းတည့်ချိန်ဖြစ်သည်။ အမြောက်အားလုံး ပစ်မှတ်တစ်ခုတည်းဆီသို့ ချိန်ထားသည်။ ယင်းမှာ ပြင်သစ် နော်တာဒမ်အဆောက်အအုံ ဖြစ်သည်။

လက်ဖတင်နင်ဖင်ဒီအိုမဲယစ်သည် (၂၅)ပေါင်ဒါအမြောက်ချိန်ပေါက်မှ ကြည့်သည်။ နော်တာဒမ် မျက်နှာစာ အလယ်တည့်တည့် မာရီကျောက်ရုပ်ကို ချိန်ထားသည်။ လက်ဝဲဘက်သို့ အနည်းငယ် ချိန်သီးကို ရွှေ့သည်။ "မာရီကို မထိစေနဲ့နော်"ဟု မှတ်စလင် အမြောက်ပစ်သူများကို သတိပေးသည်။

နော်တာဒမ်တွင် ဖုန်လုံးများ တက်လာသည်။ ဂွန်ဂလပ်မျက်စိထဲတွင်မူ အရုပ်သေနတ်ဖြင့် ပဲစေ့ကို ပစ်သည်နှင့် တူသည်ထင်သည်။ "ကက်သလစ်ဘုရားကျောင်းကြီးသည် ကမ္ဘာတည်သရွေ့ တည်နေအောင် ဆောက်ထားသလား"ထင်မိသည်။

နော်တာဒမ်ထဲရှိ နေတာနယ်လော့သည် လျှော့အဆက်မပြတ်လုပ်နေသည် ထင်သည်။ နှစ်နာရီနီးပါး တစ်မိနစ်ခြောက်ချက်နှုန်းဖြင့် ပစ်သည်။ နော်တာဒမ် မျက်နှာစာမှာ ကျောက်ပေါက်မာများ ထင်၍ ကျန်ရစ်သည်။ အမြောက်သံစဲလျှင် မော်တော်ကားသံများ ဆူညံစွာ ကြားရသည်။ ဒမတ်စကတ် တံခါးမှ ဆူလေမန်လမ်းအတိုင်း လက်ဖတင်နင် ဇယ်အားဟာဗယ်၏ သံချပ်ကာကားလေးစီး တက်လာသည်။

ထိုအချိန်မှာပင် ဆော်ဒီအာရေဗျမှ လက်ဖတင်နင် ဂါဇီအယ်ဟာဘီ ခေါင်းဆောင်သည့် ခြေလျင်တပ်က ဝင်ရောက်တိုက်ခိုက်သည်။ သူ့လူများ နော်တာဒမ် ပန်းခြံတံတိုင်းကို ဖောက်ထွင်းကာ အောက်ခြေသို့ ရောက်လာသည်။ အပေါ်ထပ်များမှ လက်ပစ်ဗုံးများဖြင့် ပစ်ကြသည်။ ထို့နောက် နော်တာဒမ် အောက်ဆုံးထပ်သို့ ဝင်ပြီး ပစ်ခတ်သည်။ ဂက်ဒနာလူငယ်များက ပြန်လှန်ပစ်ခတ်သည်။ တိုက်ပွဲမှာ ပြင်းထန်သည်။ ဆယ့်ခြောက်နှစ်အရွယ် ဂက်ဒနာလူငယ်များက လီးဂျင်းတပ်များကို ရှေ့မတိုးနိုင်အောင် ထိန်းထားသည်။

မေ (၂၁)အရုဏ်တက်တွင် လီးဂျင်းတပ်များ နော်တာဒမ်ကို ထပ်မံတိုက်ခိုက်သည်။ သည်တစ်ကြိမ်တွင်လည်း တတိယတပ်ရင်းမှူး ဘီနဖူးမင်းက စိတ်ပျက်စရာ သတင်းကို ယူလာသည်။ တပ်သားနှစ်ရာအနက် တစ်ဝက်မှာ ဒဏ်ရာရ သို့မဟုတ် ကျဆုံးသည်။ "တို့အလုပ်က မြေပြင်ကျယ်မှာ တိုက်သည့်အလုပ် ဖြစ်သည်။ အခန်းတစ်ခုမှ တစ်ခုသို့ ကူးပြီး တိုက်ရန်မဟုတ်" ဟု ဂလပ်စဉ်းစားမိသည်။ ချက်ချင်းပင် ဆက်မတိုက်တော့ဘဲ ဟာဘီ၏ လူများကို မက်စရာရာသို့ အဆုတ်ခိုင်းသည်။

http://mmteashop.com



ဂျွန်ဂလပ် နည်းဗျူဟာပြောင်းရန် စိတ်ကူးမိသည်။ လက်ထရမ်တောင်ကုန်းအောက် လွင်ပြင်တွင် လီးဂျင်းတပ်သားများသည် ရန်သူကို ရင်ဆိုင်တိုက်ခိုက်မည်။

* * *

http://mmteashop.com



အပိုင်း (၃၈)

# ကိုယ့်တာဝန်ကျေပွန်အောင်ဆောင်ရွက်

လီးဂျင်းတပ်ရင်းလေး၏ တပ်မှူး လက်ဖတင်နင်ကာနယ်ဟာဘီမာဂျာလီသည် စစ်မြေပြင်မှန်ပြောင်းဖြင့် သူ့အောက်ရှိ မြေပြင်အနေအထားကို လေ့လာသည်။ သူ့ရန်သူများ ဘာစိတ်ကူးရှိသလဲ စူးစမ်းသည်။

ရန်သူ၏ စိတ်ကူးမှာ ရှင်းသည်။ ဂျေရုဆလမ်တွင် ပိတ်မိနေသော ဂျူးတစ်သိန်းကို ကယ်တင်ရန် ဦးစွာပထမ မြို့ကို သွားရာလမ်းတွင် တပ်စွဲထားသည့် လီးဂျင်းတပ်ကို တိုက်ရမည်။ မေ (၂၄) နေ့လယ်ပိုင်းတွင်မူ ရန်သူတို့ တိုက်မည်သေချာကြောင်း မာဂျာလီ သဘောပေါက်လာသည်။

မာဂျာလီ၏ တပ်များကို ဘိတ်နုဘာရွာအနီး သံလွင်တောအုပ်အတွင်း ရုပ်ဖျက်ပိုက်ကွန်များအောက်တွင် ဝှက်ထားသည်။ ထိုနေရာမှ (၂၅) ပေါင်ဒါ အမြောက်ခြောက်ခုဖြင့် ဂျေရုဆလမ်သို့ သွားသည့် ဖဲကြိုးနက်သဖွယ် လမ်းမကြီးကို ထိန်းချုပ်ထားသည်။

ကာနယ်မာဂျာလီသည် စခန်းမှနေ၍ ပတ်ပတ်လည်ကို ကြည့်ရှုလေ့လာသည်။ ပထမဆုံး သူ့မြင်ကွင်းတွင် လက်ထရမ် ဂျုံစိုက်ခင်းများ ပေါ်လာသည်။ အနောက်မြောက်ဘက်တွင် ရမ်မလေဗလီကျောင်းမျှော်စင် ရှိသည်။ ဟိုအစွန်ဘက် မိုးကုပ်စက်ဝိုင်းဆီတွင် တယ်အဗစ်နှင့် ဂျက်ဖာမြို့ အိမ်ခေါင်မိုးများကို ပင်လယ်နောက်ခံတွင် မြင်ရသည်။ ထိုစဉ် ရေဒီယို သတင်းစကားတစ်ခုကို လက်ထောက်တစ်ယောက်က ယူလာသည်။ ဒုတိယတပ်ရင်းမှ တပ်ခွဲသုံးခု အမြောက်များနှင့်အတူ သူ့ကို အကူအညီပေးရန် လက်ထရမ်သို့ လာနေသည်ဆိုသော သတင်းစကား ဖြစ်သည်။ ယခု တစ်ကြိမ်တွင်မူ သူ့မှန်ပြောင်းသည် ငါးမိုင်အကွာရှိ ထင်းရှူးတောနှင့် ဆိုက်ပရပ်တောသို့ ရောက်သွားသည်။ ယင်းတို့၏ အကိုင်းအခက်များအောက်တွင် အမိုးနီနီများကို မြင်ရသည်။ မှန်ပြောင်းမှ ခွာပြီး မြေပုံနှင့် ညှိသည်။ သံသယရှိသည့်အတိုင်းပင် ယင်းမှာ ဟာဂါနားရ၏ ဂျူးစခန်းသစ် ဟာလဒါ ဖြစ်သည်။ ဂျေရုဆလမ်သို့ သွားရာလမ်းတွင် နောက်ဆုံး အင်အားကြီး ဟာဂါနားစခန်းသစ် ဖြစ်သည်။

http://mmteashop.com



, ဂျေရုဆလမ်မြို့၏ ဂိုဏ်းချုပ် အိုင်ဆက်ဟားဇော့၏ အိမ်တွင် ဂျူးဘုန်းကြီးများ စုဝေးကာ ဒိုဂျိုးဆက်နှင့် ဆွေးနွေးပြောဆိုရန် စောင့်နေကြသည်။

"ခင်ဗျားတို့ ဒိုဂျိုးဆက်နဲ့ စကားပြောချင်ကြတယ်မဟုတ်လား၊ အခု သူ ရောက်လာပြီလေ၊ ပြောကြပေါ့"ဟု ဂိုဏ်းချုပ်ကဆိုသည်။ အုပ်စုခေါင်းဆောင်က "မီးရှိုယာရင်တွင် လူတွေ အသက်ဆုံးရှုံးခံနေရကြောင်း" ပြောသည်။ "ဟာဂါနားမှာ အာရပ်တို့နှင့် မတိုက်ရန် မမျှော်လင့်နိုင်ရကား သူတို့အနေနှင့် အာရပ်တို့နှင့် တွေ့ဆုံပြီး အစီအစဉ် ပြုလုပ်ရလျှင် မကောင်းဘူးလား" ဟု ဆိုသည်။

ဂျိုးဆက် နားလည်သည်။ "တစ်စိတ်တစ်ပိုင်း လက်နက်ချရေးစီစဉ်ပါလား" ဟူသော တင်ပြချက် ဆက်၍လာမည်။ ယင်းကို သည်းမခံနိုင်။ တစ်မြို့လုံး စိတ်ဓာတ် ပျက်ပြားမည်။

"ခင်ဗျားတို့ မှန်တယ်ထင်တာ လုပ်ကြပေါ့၊ ကျွန်တော်လည်း မှန်တယ်ထင်တာ လုပ်မှာပဲ" ဤသည်မှာ ဂျိုးဆက်၏ အဖြေ ဖြစ်သည်။

မည်သူမျှ မပြောကြ။ တိတ်ဆိတ်ခြင်း အတန်ကြာကြီးစိုးသည်။ ဂျိုးဆက်၏ အမှန်က ဘာလဲဟု စကားပြောသူက စူးစမ်းခြင်း ဖြစ်သည်။

"အလံဖြူတင်ဖို့ တစ်ယောက်ယောက် ကြိုးစားရင် သူ့ကို ပစ်သတ်မယ်" ဂျိုးဆက်က အဖြေပေးလိုက်သည်။

ဟာလဒါစခန်းသစ်တွင် ကာနယ်မာကျာလီ၏ တပ်သားများ စုဝေးနေကြသည်။ မေ(၂၄)တနင်္လာနေ့ ဖြစ်သည်။ လက်ထရမ်ကို ညသန်းခေါင်တိတိတွင် တိုက်မည်။ စစ်ဆင်ရေးနာမည်ပေးရန် သမ္မာကျမ်းစာနှင့် ညှိနှိုင်းသည်။ "ဘင်နန်" ဟု နာမည်ပေးသည်။ "ဝင်တော့မည့်နေသည် မဝင်သေးဘဲ အစ္စရေး၏ ရန်သူများကို အောင်ပွဲခံသည် အထိ စောင့်ကြည့်နေမည်" ဟု အဓိပ္ပာယ်ထွက်သည်။

ညနေ ခုနစ်နာရီတွင် စခန်းသစ်၏ ပင်မအဆောက်အအုံကို စစ်ဆင်ရေးဌာန အသွင်ပြောင်းကာ ရှာမီယာ ဦးစီးရှင်းလင်းသည်။ လက်ထရမ်မြေပုံကို နံရံတွင် ချိတ်ဆွဲထားသည်။ ရှာမီယာသည် ဘုရင့်တပ်မတော် အစဉ်အလာအတိုင်း တပ်မှူးများအား အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ တိုက်ပွဲတစ်ခုတွင် လိုက်နာရမည့် အစီအစဉ်တို့မှာ အချက်လေးချက်နှင့် ပြည့်စုံရသည်။ ရန်သူအင်အား အခြေအနေ၊ မိမိတပ်များ၏ အင်အားအခြေအနေ၊ တိုက်ပွဲရည်ရွယ်ချက်နှင့် အောင်မြင်ရန် ဖြည့်ဆည်းထောက်ပံ့ရမည့် နည်းလမ်းများ ဖြစ်သည်။

ရန်သူအင်အားအခြေအနေကို ခပ်တိုတို ရှင်းပြသည်။ ရန်သူသည် လက်ထရမ် တောင်ကုန်းပေါ်တွင် တပ်စွဲထားသည်။ အင်အားမသိရ၊ အမြောက်တပ်များလည်း ပါသည်။ ဘက်အယ်ဝက်တောင်ကြောတစ်ဝိုက်တွင် အပျော်တမ်းတပ်များ နေရာယူထားသည်။ ဤသည်မှာ ဂျူးထောက်လှမ်းရေးမှ ရသည့်သတင်း ဖြစ်သည်။

http://mmteashop.com



ထိုစဉ် ဆက်သားတစ်ယောက် အပြေးဝင်လာသဖြင့် ခဏရပ်ထားရသည်။ တယ်အဗစ်မှ သတင်းစကားတစ်ခု ရောက်လာသည်။ ရှာမီယာ တုန်လှုပ်မိသည်။ ယာဒင်ထံမှ (၇း၃၀)နာရီ ပို့လိုက်သည့်သတင်း ဖြစ်သည်။ ရန်သူ၏ ကားတပ်သည် အစီး (၁၂၀)ရှိသည်။ သံချပ်ကာကားနှင့် အမြောက်တင်ကား အများအပြားပါဝင်သည်။ ထိုတပ်ကြီးတစ်ခု ရမ်မဲလားမှ လက်ထရမ်သို့ ထွက်ခွာသွားသည်။

ဤအတိုင်းဆိုလျှင် လက်ထရမ်သို့ တစ်နာရီအတွင်း ရောက်မည်။ ယင်းတို့ မရောက်မီ လက်ထရမ်သို့ တိုက်ရမည်ဟု ရှာမီယာ သဘောရသည်။ "တို့ စတိုက်မယ့် အချိန်ကို ရှေ့နှစ်နာရီ တိုးရလိမ့်မယ်' ဟု ကြေညာသည်။ ည (၁၂)နာရီထိုး အစား ည(၁၀)နာရီတွင် တိုက်မည်။

ရှာမိယာပြောပြီးလျှင် အလတ်ဆန်ဒရိုနီတပ်ရင်းမှ ဆာဂျင်တစ်ယောက် ရောက်လာသည်။ လွန်ခဲ့သည့် ဆယ်ရက်က လက်ထရမ်ပုလိပ်ဂတ်တဲမှ ဆုတ်လာသည့် အခါ ဂီဗာတီတပ်မဟာသည် ဟာလဒါလမ်းတွင် မိုင်းဗုံးများ မြှုပ်ခဲ့သည်။ ရှာမီယာသည် တယ်အဗစ်မြို့မှ ဘတ်စ်ကားများဖြင့် တိုက်ပွဲစတင်ရာသို့ တပ်သားများကို မပို့မီ မိုင်းများကို ပထမ ရှင်းရမည်။ မိုင်းရှာ ကိရိယာမရှိလျှင် နာရီပေါင်းများစွာ ကြာမည်။ သို့ဖြစ်ရာ ရှာမီယာသည် ထိုးစစ်စချိန်ကို ညသန်းခေါင် (၁၂)နာရီသို့ ပြန်၍ ပြောင်းလိုက်သည်။

သို့သော်လည်း ည (၁၂း၃၀)နာရီ ယာဒင်ထံမှ တတိယသတင်းစကား ရောက်လာသည်။ "ကိုယ့်တာဝန် ကျေပွန်အောင် ဆောင်ရွက် . . . "

ooo

http://mmteashop.com



## အပိုင်း (၃၉)

## လက်ထရမ် ဂျုံခင်းများ

ပုစဉ်းရင်ကွဲသံနှင့် တစ်ခါတစ်ရံ ခွေးဟောင်သံမှလွဲပြီး ဘာသံကိုမျှ မကြားရ။ လေမတိုက်။ ဂျုံနှံများ မလှုပ်။ ဆိုက်ပရပ်ပင်များကိုလည်း လေမဝှေ့။ တိတ်ဆိတ်သော်လည်း လှည့်ဖြားမှု ရှိသယောင်ပင်။ လက်ထရမ်တက်ပစ်ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများ အရုဏ်အကြို ဘုရားစာများ ရွတ်သံကြားပြီးနောက် ရှာမီယာ၏ တပ်သားများ ဂျေရုဆလမ်လမ်းမကြီးကို သိမ်းပိုက်ရန် ထွက်လာခဲ့ကြသည်။

အာရပ်နံပါတ်လေး ခြေလျင်တပ်ရင်း၏ အင်ဂျင်နီယာသည် ဂျူးစစ်သားများ ချီတက်သည့် လမ်းပေါ်ရှိ တစ်ခုတည်းသော တံတားကို ဖျက်ရန် စနက်တံများ မေ့ကျန်ရစ်ခဲ့သည်။ လက်ဖတင်နင်အေယက်နှင့် သူ၏ ကင်းတပ်ဖွဲ့ဝင် ငါးဆယ်တို့အား တံတားကို ဖျက်ရန် တာဝန်ပေးထားသည်။ မေ့ကျန်ရစ်ခဲ့သည့် စနက်တံများကို ပြန်အယူခိုင်းရာ တစ်နာရီနီးပါး နောက်ကျသွားသည်။

ဘက်အယ်ဝက်ဆီသို့ ပြန်အလာတွင် လက်ဖတင်နင်အေယက်သည် သူ့ဘယ်ဘက်ကွင်းပြင်တွင် တရွေ့ရွေ့ သွားနေသော လူရိပ်များကို မြင်ရသည်။ အမှောင်ထဲ သေသေချာချာကြည့်သည်တွင် ဘက်အယ်ဝက်ဆီသို့ သွားနေသော လူများကို တွေ့ရသည်။ ရေဒီယိုဖြင့် သတင်းပို့လိုက်သည်။ "ဂျူးတွေ တိုက်နေကြပြီ"ဟု ဌာနချုပ်ကို သူ သတင်းပို့သည်။ အေယက် ရုတ်တရက်တွေ့သည်မှာ ဇဗီဟူးယားဝစ်၏ ပြည်ပတပ်ရင်းမှ ရဲဘော်များ ဖြစ်သည်။ အချိန်မှာ မေ (၂၅)အင်္ဂါနေ့ မနက်လေးနာရီ ဖြစ်သည်။ လက်ထရမ်တွင် ပထမတိုက်ပွဲစပြီ။

မော်တာများ၊ ရိုင်ဖယ်များ၊ စက်သေနတ်များ အားလုံးသည် တောင်ကုန်းထက်မှာ နေရာယူပြီး ဂျူးစစ်သားတို့ကို ဝိုင်း၍ ပစ်ကြသည်။ အံ့အားသင့်ပြီး ဂျူးတို့ ရှေ့ဆက် မချီတက်နိုင်ဘဲ ရပ်နေသည်။

ရှာမီယာထံ သတင်းပို့ကာ "အာရပ်စခန်းများကို အမြောက်များဖြင့် ပစ်ပေးပါ" ဟု တောင်းဆိုကြသည်။

http://mmteashop.com



ကျည်ဆန်မလုံလောက်သဖြင့် ဂျူးတို့ ပြန်လှန်ပစ်ခတ်သည်မှာ ခဏသာကြာသည်။ လီးဂျင်းတပ်၏ စက်သေနတ်များနှင့် အမြောက်များ၏ဒဏ်ကို သူတို့ အလူးအလဲ ခံရသည်။

ဂျူးစစ်သားများ ရင်ဆိုင်ရသည့် နောက်ထပ် ရန်သူတစ်ဦးရှိသေးသည်။ ယင်းမှာ အာရေဗျသဲကန္တာရကို ဖြတ်၍ တိုက်လာသော ပူစပ်သည့် အီဂျစ်တောင်လေ 'ခမ်ဆင်' ဖြစ်သည်။ ခမ်ဆင်လေက သေးငယ်သည့် ဘာကာချက်ဟု ခေါ်သည့် ခြင်လေးများကို သယ်ယူလာသည်။ နှာခေါင်း၊ ပါးစပ်၊ မျက်ခမ်းအရေပြားတို့ကို ကိုက်သည်။ ရူးချင်သွားလောက်အောင် နာသည်။

စစ်ပွဲအခြေအနေမှာ မကောင်း၊ အစကတည်းက ရှုံးနေပြီ။ သူ့လူများသည် လက်ထရမ်ကို နေ့အခါ ပြောင်ပြောင်တင်းတင်း မတိုက်နိုင်။ သူတို့မှာ အင်အားနည်းသည်။ အကျအဆုံးနည်းရန်မှာ ဆုတ်ဖို့ပင် ဖြစ်သည်။

ကွင်းပြင်ကျယ်ကြီးမှာ အပြေးအလွှား ဆုတ်ခွာနေကြသော ဟာဂါနား အဖွဲ့ဝင်များနှင့် အသက်ဝင်လှုပ်ရှားနေသည်။

ကာနယ်မာဂျာလီနှင့် ကပ္ပတိန်ရှိဆန်တို့ တိုက်ပွဲကို စောင့်ကြည့်နေကြသည်။ အစ္စရေးတပ်သားများသည် ကျဆုံးသူများနှင့် ဒဏ်ရာရသူများကို သူတို့နှင့်အတူ သယ်ဆောင်သွားသည်ကို ရှိဆန်မြင်ရသဖြင့် အံ့ဩမိသည်။

သူ၏ဌာနချုပ်တွင် ကပ္ပတိန် မာမွတ်ရှိဆန်သည် ကျဆုံးသူ စာရင်းကို တွက်ချက်သည်။ သူတို့အိတ်ထဲမှ ရသည့်ကတ်ပြားများ အရ စာရင်းယူခြင်း ဖြစ်သည်။ သူတို့ကား နို့နှင့်ပျားရည် ပေါကြွယ်သည့်မြေသို့ တိုက်ပွဲဝင်ရန် ရောက်လာကြသူ ကမ္ဘာအရပ်ရပ်မှ ဂျူးများ ဖြစ်သည်။

ပြည်ပမှ ရောက်သူများ ဘယ်နှစ်ယောက် ကျဆုံးသည်ကို မည်သူမျှ အတိအကျ မသိ။ ဟာဂါနားအဖွဲ့ကမူ ခုနစ်ဆယ့်ငါးယောက် ကျဆုံးသည်ဟု တရားဝင် ထုတ်ပြန်ကြေညာသည်။ လီးဂျင်းကမူ တိုက်ခိုက်သူ ရှစ်ရာ ကျဆုံးသည်ဟု ဆိုသည်။ ပို၍ ပြောခြင်းဖြစ်သည်။ သို့သော်လည်း ရိုင်ဖယ် (၂၂၀) သူတို့ရသည်။ သူတို့ဘက်က ကျဆုံးသူ နည်းသည်။

ကျဆုံးသူ အတိအကျ မည်မျှရှိသည်ဖြစ်စေ၊ အစ္စရေးနှင့် အာရပ်တို့ တိုက်ကြသည့် စစ်ပွဲသုံးခုတွင် ရှာမီယာ၏ ပြည်ပတပ်သားများ အကျအဆုံးများသည်မှာ သေချာသည်။

ooo

http://mmteashop.com



အပိုင်း (၄၀)

## ပျော်ရွှင်နေတဲ့အခါ ကျွန်မကို သတိရပါ

အမ်မမ်မြို့လယ်တွင် အောင်ပွဲခံ လူအုပ်ကြီး ဆူညံနေသည်။ လက်ထရမ်သိမ်းပိုက်သည့် အောင်ပွဲဖြစ်သည်။ ယက်မော်ဒါချိုင်ဂျူးစခန်းသစ်သည် ငါးရက်လုံးလုံး သတ္တိရှိရှိ ခုခံခဲ့ရာမှ အီဂျစ်တပ်မတော်လက်သို့ ကျဆုံးသွားသည်။ မြောက်ဘက်တွင်မူ ဂယ်လိလီမှ ဆီးရီးယားတို့ကို အစ္စရေးတပ်များက တိုက်ထုတ်လိုက်သည်။ ထိုဒေသတွင်သာ အာရပ်တို့ ရှုံးခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက သုံးဆယ့်ခြောက်နာရီအတွင်း အပစ်အခတ်ရပ်စဲရန် မေတ္တာရပ်ခံသည်။

မေ(၁၄)ကတည်းက အမေရိကန်က လုံခြုံရေးကောင်စီမှတစ်ဆင့် အပစ်အခတ်ရပ်စဲရေးကို ကြိုးစားသည်။ အာရပ်တို့ နိုင်ခြေရှိနေပြီဖြစ်ရာ တိုက်ပွဲပြီးဆုံးသွားအောင် ဗြိတိသျှတို့ မလုပ်ချင်။ ဗြိတိန်၏ သံတမန်ကြီးတစ်ယောက်က အမေရိကန်သံတမန် တစ်ယောက်အား "အခြေအနေအရ သူ့ဘာသာ သူ့နည်းလမ်းရှာကြသွားလိမ့်မည်။ ခဏစောင့်ကြည့်ပါ" ဟု ပြောသည်။

နောက်ဆုံးတွင် မေ (၂၂) ၌ အမေရိကန်နှင့် ဆိုဗီယက်ယူနီယံတို့က လုံခြုံရေးကောင်စီအား အပစ်အခတ်ရပ်စဲရေး ကြားဝင်ဖို့ တင်ပြသည်။ မလိုက်နာလျှင် "အာဏာတည်အောင် ဆောင်ရွက်ရလိမ့်မည်"ဟု ဆိုသည်။

တယ်အဗစ်တွင် ဘင်ဂူရီယန်သည် စစ်ဌာနချုပ်နှင့် တိုင်ပင်သည်။ သူတို့၏ လက်နက်အခြေအနေ မဆိုး။ မက်ဆာရှမစ် တိုက်လေယာဉ်ငါးစီး ထပ်ရောက်လာသည်။ ပယ်လယ်မှတစ်ဆင့် လက်နက်သင်္ဘောတစ်စင်း ရောက်လာသည်။ မည်သို့ပင်ဖြစ်စေ ဘင်ဂူရီယန်၏ အကြံပေးများက အပစ်အခတ် ရပ်စဲရေးကို လက်ခံရန် တညီတညွတ်တည်း ဆုံးဖြတ်သည်။

အမ်မမ်တွင် အာရပ်ခေါင်းဆောင်များ တစ်မျိုး စဉ်းစားသည်။ ဂျေရုဆလမ် သူတို့လက်ထဲ ရောက်တော့မည်။ သို့ဖြစ်ရာ အပစ်အခတ်ရပ်စဲရေးကို ပယ်ချသည်။ အာရပ်ခေါင်းဆောင်များက ကုလသမဂ္ဂအား သူတို့အလိုကျ တစ်ခုတောင်းဆိုသည်။

http://mmteashop.com



လေးဆယ့်ရှစ်နာရီအတွင်း ဂျူးနိုင်ငံမပါသည့် ပါလက်စတိုင်းဖြေရှင်းချက်တစ်ခု ကြေညာရမည်။

ဂျေရုဆလမ်မြို့ဟောင်း ဂျူးရပ်ကွက်တွင် ဘုန်းကြီးကျောင်းများက "ဘုရားသခင် အလိုတော်အတိုင်း ဂျူးများ လက်နက်ချပါ"ဟု မိုင်ရှေရတ်စနက်အား တိုက်တွန်းသည်။

ရတ်စနက်တွေ့ရသည့် အခြေအနေမှာဆိုးသည်။ အက်ဘဒူလာတဲ၏ တပ်သားများက တိုက်သဖြင့် သူ့မှာ နေစရာ ကျဉ်းလာသည်။ သူ့တပ်သားများ နေရာတစ်ခုပြီး တစ်ခု လက်လွှတ်ရသည်။ ရေမရှိ၊ လျှပ်စစ်မီးမရ၊ မိလ္လာပိုက်များ အလုပ်မလုပ်။ အမှိုက် မသိမ်းနိုင်။ မေလအပူအောက်တွင် ရပ်ကွက်မြောင်းများတွင် မိလ္လာများပြည့်ကာ နံစော်နေသည်။ ပို၍ဆိုးသည်မှာ သေသူများကို မမြှုပ်နိုင်ဘဲ ဆေးရုံရောက်မှ ကွက်လပ်တစ်ခုတွင် သည်အတိုင်း အဝတ်ဖြင့် ပတ်ကာ စွန့်ပစ်ထားရသည်။

ဆေးရုံတွင် လျှပ်စစ်မီး မရသဖြင့် ပလတ်စမာများ ပျက်စီးသွားသည်။ မေ့ဆေးမရှိ၊ မေ့ဆေးမပါဘဲ လက်နှိပ်ဓာတ်မီးအလင်းရောင်တွင် ခွဲစိတ်ရသည်။

ရတ်စနက်သည် လက်နက်မချ။ မေ (၁၈)ကတည်းက စစ်ကူပို့မည်ဆို၍ မျှော်ခဲ့သည်။ မရောက်လာ။

အောလစ် တောင်ကုန်းပေါ်မှ အမြောက်ဖြင့် ပစ်ရုံဖြင့် အက်ဘဒူလာတဲ မကျေနပ်။ သူ့အမြောက်များကို ဂျေရုဆလမ်မြို့လယ်သို့ ယူလာမည်ဟု ဆုံးဖြတ်သည်။ တဲသည် သံချပ်ကာကား နှစ်စီးဖြင့် လမ်းကြိုလမ်းကြားများအတိုင်း မြို့လယ်သို့ ရောက်လာသည်။

ဟာဂါနားစစ်သားများ အံ့အားသင့်သွားသည်။ သူတို့တွင် တင့်ကားပစ် အမြောက်များ မရှိ။ သို့ဖြစ်ရာ အိမ်ခေါင်မိုးများပေါ်သို့ ပြေးတက်ပြီး မိုလိုတော့ကော့ တေးဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်သည်။

မေ (၂၇) ကြာသပတေးနေ့ ရောက်လာသည်။ ယင်းမှာ ဂျူးပသကာပွဲတော် ပြီးနောက် သုံးဆယ့်သုံးရက်တွင် ကျရောက်သည့် လက်ဘိုမာပွဲတော်ရက် ဖြစ်သည်။ ကယ်တင်သူ ရောက်လာမည်ဟု ဘာသာတရားကိုင်းရှိုင်းသူများနှင့် စစ်ပန်းနေသော တပ်သားများ မျှော်လင့်မိသည်။

ရတ်စနက်၏ တပ်တွင် လူကောင်းပကတိ သုံးဆယ့်ငါးယောက်တိတိသာ ကျန်တော့သည်။ လူတစ်ယောက် ကျည်ဆန်ဆယ်ခု ပျမ်းမျှရှိသည်။ လက်ပစ်ဗုံးထုတ်လုပ်သည့် "လေးဗတ်" ၏ စက်ရုံတွင်လည်း ပလေးယားစီးကရက်သံဘူးခွံ လက်ပစ်ဗုံးတစ်ခုသာ ကျန်တော့သည်။ အရေးကြုံလျှင် သူ့ကိုယ်သူ သတ်သေရန် "လေးဗတ်" ချန်ထားခြင်းဖြစ်သည်။

ရတ်စနက်၏ ပိုင်နက်တွင် ဆေးရုံတစ်ခု သူ၏ ဌာနချုပ်နှင့် ဘုရားကျောင်းသုံးခုရှိပြီး ကျောင်းများထဲတွင် စိတ်ဓာတ်ကျသူများ စုဝေးနေကြသည်။ အခြား ဘုရား

http://mmteashop.com



ကျောင်းကြီးတစ်ခုမှာလည်း ဂျူးလက်ထဲရှိနေသည်။ ယင်းမှာ ဂျေရုဆလမ်တွင် အလှဆုံးဟာဗာဘုရားကျောင်း ဖြစ်သည်။ ဆယ့်ရှစ်ရာစုလက်ရာဖြစ်ပြီး ဂျေရုဆလမ်မြို့ဟောင်း၏ အိမ်ခေါင်မိုးများပေါ်တွင် ထီးထီးမားမား အုပ်မိုးလျက်ရှိသည်။ ထိုဘုရားရှိခိုးကျောင်းကို အက်ဘဒူလာတဲ မဖျက်ဆီးချင်။ ထို့ကြောင့် ကြက်ခြေနီအဖွဲ့ဝင် အော့တိုလေးနားမှ တစ်ဆင့် ဟာဂါနားတို့ ဘုရားကျောင်းမှ ခွာရန် လေးဆယ့်ရှစ်နာရီ အချိန်ပေးသည်။

ရတ်စနက် သဘောမတူ။ ဟာဗာဘုရားကျောင်းသည် အချက်အချာနေရာဖြစ်သည်။ ယင်းကျဆုံးလျှင် သူနှင့် အရပ်သားတစ်ထောင့်ခုနစ်ရာတို့ ရန်သူနှင့် ဆယ့်ငါးကိုက်သာ ဝေးတော့မည်။ တတ်နိုင်သမျှ သူ ခုခံတိုက်ခိုက်မည်။

ထိုအခြေအနေဆိုးထဲမှာပင် မိန်းမတစ်ယောက်က သမီးငယ်တစ်ယောက် မွေးဖွားသည်။ လူတိုင်းမျှော်လင့်နေသည့် 'တပ်ကူ' ဟူသောနာမည်ကို ပေးလိုက်သည်။

အက်ဘဒူလာတဲ၏ တပ်ခွဲမှူးများ ထိုနေ့မနက်က စုဝေးရောက်ရှိလာပြီး တညီတညွတ်တည်းပင် တစ်ပြိုင်နက်တည်း တိုက်လျှင် ဂျူးရပ်ကွက်ကျဆုံးတော့မည်ဟု အစီရင်ခံသည်။

"တဲ" ကလည်း သည်အတိုင်း ယုံကြည်သည်။ သို့ဖြစ်ရာ နေ့လယ်မွန်းတည့်ချိန်မှာ "ဟာဗာဘုရားကျောင်းကို သိမ်းပိုက်ကြ"ဟု တပ်မှူးများအား မှာကြားသည်။

"ကျွန်တော်တို့ သိမ်းပြီးရင် ဒီညနေ လက်ဖက်ရည် တိုက်ရမယ်" ဟု ကပ္ပတိန်မူဆာက ဆိုသည်။

"ဘုရားသခင် အလိုတော်အတိုင်းပေါ့ကွာ" 'တဲ' က ပြောသည်။

ဖော်ဇီအယ်ကူတပ်၏ ဘဝခရီးတွင် ဟာဗာဘုရားကျောင်းကို ဖောက်ခွဲခြင်းသည် သူ့နောက်ဆုံးအောင်မြင်မှု ဖြစ်သည်။

ဗုံးပေါက်ကွဲသဖြင့် ဘုရားကျောင်းနံရံတွင် အပေါက်တစ်ခု ပွင့်သွားသည်။ ကျောင်းပေါ်မှ ဟာဂါနား တပ်သားများက လေးဆယ့်ငါးမိနစ်အထိ ပစ်ခတ်သည်။ လက်ပစ်ဗုံးများဖြင့် ပစ်သည်။ နောက်ဆုံးတွင် ပစ်ခတ်မှု ရပ်သွားသည်။ လီးဂျင်းတပ်သားများ ဘုရားကျောင်းထဲ ပြေးဝင်ကြသည်။ ရိုင်ဖယ်သေနတ်များကို အပုံလိုက် တွေ့ရသည်။ ဂျူးရပ်ကွက်တွင် ပထမဆုံးအကြိမ် လက်နက်များ လိုသည်ထက် ပို၍ နေခြင်းဖြစ်သည်။

ထို့နောက် ဘုရားကျောင်းပေါ်သို့ လီးဂျင်းတပ်သားများ တက်သည်။ ထိပ်ဆုံးတွင် အာရပ်အလံလွှင့်ထူရန် ကြိုးစားသည်။ တပ်သားသုံးယောက်ကို ဂျူးလက်ဖြောင့်တပ်သားက ပစ်ချသည်။ စတုတ္ထတစ်ယောက်သည် အာရပ်အလံကို ဂျူးဘုရားကျောင်းထိပ်တွင် အောင်မြင်စွာ လွှင့်ထူလိုက်သည်။

http://mmteashop.com



ဟာဗားဘုရားကျောင်း တစ်ဖက်အစွန်တွင် အဆောက်အအုံကလေးတစ်ခု ရှိသည်။ ထိုအဆောက်အအုံကို သိမ်းကာ ခြေကုပ်စခန်းတစ်ခု ပြုလုပ်ရန် ရတ်စနက် စိတ်ကူးပေါ်လာသည်။

ကျန်ရစ်သည့် အထဲက အကောင်းဆုံး တိုက်ခိုက်ရေးသမားကို ရတ်စနက်ရွေးသည်။ ဘရင်းဂန်းပစ်သူ ယစ်ဇက်ကို ခေါင်းဆောင်စေမည်။ ဆံပင်နက်နှင့် အမျိုးသမီး လက်ဖတင်နင် တစ်ယောက်ကို အမိန့်ပေးကာ ယစ်ဇက်ထံ စေလွှတ်သည်။ "မတိုက်နိုင်ဘူး"ဟု ယစ်ဇက်က ငြင်းသည်။

"အခု ဘာမှ မထူးတော့ဘူး၊ နောက်ဆုံး တို့လက်နက်ချရမှာပဲ"ဟု ဆိုသည်။

"ယစ်ဇက်. . . အဲဒီအဆောက်အအုံကို သိမ်းမှ ဖြစ်မယ်၊ အာရပ်တွေနဲ့ ဆယ့်ငါးကိုက်ပဲ ဝေးတယ်၊ ရှင်မတိုက်ရင် သူတို့ ရပ်ကွက်ကို ဝင်မှာပဲ၊ မိန်းမတွေ ကလေးတွေရှိတယ်"

ကားဒစ်ဂျူးလူမျိုးဖြစ်သည့် ယစ်ဇက် စိတ်တိုလာပြီး ထိုင်ရာမှ ထကာ လူငါးယောက်နှင့် ထွက်သွားသည်။ နှစ်မိနစ်ရှိလျှင် ယစ်ဇက် ကျဆုံးသည်။ ဂျူးရပ်ကွက်၏ နောက်ဆုံးခုခံရေး ပြီးဆုံးသွားပြီ။

ငါးမိနစ်ကြာလျှင် ပေါက်ကွဲသံကြီးတစ်ခုကို ဂျေရုဆလမ်မြို့ တစ်မြို့လုံး ကြားရသည်။ ဖော်ဇီအယ်ကူတပ်သည် ဂျေရုဆလမ်၏ အမြင့်နိုးဆုံး ဟာဗားဘုရားကျောင်းကို ဖောက်ခွဲလိုက်သည်။

မေ (၁၈) သောကြာနေ့ မနက်(၉)နာရီအချိန်တွင် ရောဒါကျောင်း မေဂျာအက်ဘဒူလာတဲ၏ ဌာနချုပ်သို့ တယ်လီဖုန်း သတင်းတစ်ခု ရောက်လာသည်။ ဖုန်းဆက်သူမှာ ကပ္ပတိန်မူဆာ ဖြစ်သည်။ "ရာဘီဘုန်းကြီးနှစ်ယောက် ဂျူးရပ်ကွက်ထဲမှ အလံဖြူ ကိုင်ကာ ထွက်လာသည်"ဟု ဆိုသည်။

အာမေနီယန်ကျောင်းရှိ မူဆာ၏ ဌာနချုပ်သို့ မေဂျာဝင်သွားလျှင် ဂျူးလူမျိုးများနှင့် ပထမဆုံးအကြိမ် သူ မျက်နှာချင်းဆိုင်တွေ့ရသည်။ သူတို့မှာ အသက်ခုနစ်ဆယ်ရှိ ဘုန်းကြီးရိယူဗင်ဟာဇန်နှင့် ရှစ်ဆယ့်သုံးနှစ်ရှိ ဘုန်းကြီး ဇီမင့်ဇဘတ်တို့ ဖြစ်သည်။ သူတို့နှစ်ယောက်သည် ဂျူးရပ်ကွက် လက်နက်ချရန် အာရပ်လီးဂျင်းနှင့် ညှိနှိုင်းကြမည်။

ထိုအချိန်တွင် "တဲ" က ကြက်ခြေနီမှ အော့တိုလေးနား နှင့် ကုလသမဂ္ဂမှ ပါဘလိုဒီအက်ဇကာရိတ်တို့ကို သက်သေအဖြစ် ဖိတ်ခေါ်ထားသည်။ သူတင်ပြသည်မှာ အဆန်းအပြားမပါ။ ကျန်းမာသန်စွမ်းသူတို့ကို သုံ့ပန်းအဖြစ် ဖမ်းဆီးမည်။ အမျိုးသမီးများ ကလေးများနှင့် အသက်အရွယ် ကြီးသူများကို မြို့သစ်သို့ပို့မည်။ ဒဏ်ရာရသူများမှာ ဒဏ်ရာအလိုက် သုံ့ပန်းအဖြစ် ဖမ်းသူကိုဖမ်းမည်။ ပြန်လွှတ်ရမည့်သူကို လွှတ်မည်။ ဟာဂါနား တပ်ဖွဲ့တွင် အမျိုးသမီး အများအပြားပါသည်ကို သူသိသော်လည်း အမျိုးသမီးတို့ကိုမူ သုံ့ပန်းအဖြစ် ဖမ်းဆီးမည်မဟုတ်။ "တဲ"က သူ့စည်းကမ်းချက်များကို တိုင်း

http://mmteashop.com



မဂ္ဂဇင်း၏ နှစ်ဘာသာပြောတတ်သူ နက်ဆစ်ဘူလော့အား ပြောပြသည်။ ထို့နောက် သူ့တောင်းဆိုချက်ကို စဉ်းစားရန် ညနေလေးနာရီအထိ အချိန်ပေးသည်။

ရတ်စနက်က စေ့စပ်ရေးကို ညသန်းခေါင်အထိ အချိန်ဆွဲထားမည် စိတ်ကူးရှိခဲ့သည်။ ရာဘီဂျီချာနန်ဘင်ဇာကိုင် ဘုရောင်းကျောင်းအတွင်းရှိ ဂျူးများသည် လက်နက်ချရေး စေ့စပ်ရန် အဖွဲ့တစ်ခုသွားနေသည်ကိုသိပြီး ဝမ်းသာအားရ အော်ဟစ်ကာ ဟာဂါနားအစောင့်များကို ဖြတ်ကျော်ပြီး လမ်းများထဲသို့ ထွက်ကြသည်။ တစ်ယောက်ကို တစ်ယောက် သတ်ခဲ့ကြသည့် အာရပ်များနှင့် ဂျူးများသည် လမ်းထဲတွင် တစ်ယောက်ကို တစ်ယောက်ဖက်သည်။ မိတ်ဆွေဟောင်းများ နှုတ်ဆက်ကြရင်း မျက်ရည်လည်ကြသည်။ လီးဂျင်းတပ်သားများသည် စခန်းမှ ထွက်လာပြီး ဟာဂါနားတပ်ဖွဲ့ဝင်များနှင့် ရောနှောပြောဆိုကြသည်။ လူမျိုးနှစ်မျိုး ဖက်လဲတကင်းဖြစ်နေသည်ကို မြင်ရသည့် ရတ်စနက်အဖို့ လက်နက်ချရေးဟူသည် ပြီးမြောက်သွားပြီဟု ထင်မိသည်။

ရတ်စနက်သည် နောက်ဆုံး စီးကရက်ကို သောက်ပြီး အရာရှိများကို သူ့ရုံးခန်းသို့ စုဝေးစေသည်။ အိုင်ယာဂန်အဖွဲ့ကလွဲလျှင် လက်နက်ချရန် အားလုံး သဘောတူသည်။ ရတ်စနက်သည် ဩစတြေးယားတိုက်ပွဲဝတ်စုံကို ဝတ်သည်။ အီရတ် ဦးထုပ်ကို ဆောင်းသည်။ ထို့နောက် အာရပ်ရန်သူများဆီသို့ လက်နက်ချရန် ထွက်ခွာသည်။ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဂျူးမြေကို ရန်သူအာရပ်အား ပေးအပ်တော့မည်။

ဟာဂါနား အဖွဲ့ဝင်သုံးဆယ်သည် လက်နက်ချ အခမ်းအနားသို့ ဝတ်စုံပြည့်ဖြင့် တက်သည်။ သူတို့နှင့်အတူ မိသားစုအားလုံးလည်း သားသမီးအစုံအညီဖြင့် ရောက်လာကြသည်။

သူ့ရန်သူများ သနားစဖွယ် တန်းစီရပ်နေကြသည်ကို ကြည့်ပြီး "တဲ"က ရတ်စနက်အား "ခင်ဗျားတို့ ဒီလောက်နည်းမှန်းသိရင် ကျွန်တော်တို့ သေနတ်တွေနဲ့ မလာဘူး၊ တုတ်နဲ့ပဲ လာမှာပေါ့" ဟု ပြောသည်။ သူတို့မျက်နှာများတွင် စိုးရိမ်ရိပ်များကို မြင်ရသဖြင့် "သူတို့တစ်တွေ အသတ်ခံရမှာ ကြောက်နေသည်"ဟု "တဲ" သဘောပေါက်သည်။

ခေတ်သစ် ဂျူးသမိုင်းတွင် ဝမ်းနည်းစရာ အကောင်းဆုံး၊ ခရီးအတိုဆုံး မိမိအိုးအိမ်စွန့်ခွာခြင်းသည် နေမဝင်မီ စတင်သည်။ ဂျူးရပ်ကွက်တွင် နေထိုင်သူတစ်ထောင့်သုံးရာသည် နှစ်ယောက်စီ တန်းစီပြီး ဇီယွန်တံခါးနှင့် ကိုက်ငါးရာဝေးသည့် မြို့သစ်သို့ စတင်ထွက်ခွာသည်။ ဤသို့ ထွက်ခွာခြင်းဖြင့် ဇေရုဆလမ်မြို့ဟောင်းအတွင်း အနှစ်နှစ်ထောင်တစ်ဆက်တည်း ဂျူးတို့နေထိုင်ခဲ့ခြင်း အဆုံးသတ်သည်။ ဒုက္ခသည်များ ဇီယွန်တံခါးကို ဖြတ်လျှင် သူတို့ အိုးအိမ်များ မီးလောင်သဖြင့် မီးခိုးလုံးများ မိုးပေါ်တက်လာသည်ကို မြင်ကြရသည်။

ညရောက်သည်အထိ ဇီယွန်တံခါးမှ ဖြတ်သန်းထွက်ခွာသူများ မဆုံးသေး။

http://mmteashop.com



ဇီယွန်တံခါးအနီး လမ်းထောင့်တစ်ခုတွင်ရပ်ကာ ဖော်ဇီအယ်ကူတပ်သည် ဂျူးဒုက္ခသည်များကို စောင့်ကြည့်သည်။ သူသည် ဂျူးရပ်ကွက်ကို များစွာ ဒုက္ခပေးခဲ့သူ ဖြစ်သည်။ တစ်သက်လုံး ဂျေရုဆလမ်လမ်းများပေါ်တွင် ဂျူးများကို တွေ့ခဲ့မြင်ခဲ့ရသည်။ ယခုမူ နောက်ဆုံး မြင်ရခြင်းဖြစ်မည် သူထင်သည်။ သူတို့ သနားစဖွယ်ထွက်ခွာသွားခြင်းသည် သူ၏ အောင်ပွဲပင် ဖြစ်သည်။

အာမေနီယန် ဘုန်းကြီးကျောင်း ဒုတိယထပ်တွင် အက်စသာကိုင်လင်ဂိုးသည် နောက်ကျောတွင် ရသည့် မော်တာကျည်ဆန်ဒဏ်ရာဖြင့် အပြင်းဖျားနေသည်။ အနာသက်သာစေမည့် မော်ဖင်းထိုးဆေးမရှိ။ သူ့ကို ဆေးဝန်ထမ်းတစ်ယောက်က စီးကရက်တစ်လိပ်ပေးသည်။ ယူရန်လက်ကို မ,လိုက်ပြီးမှ ပြန်ရပ်သွားသည်။ “ဟင့်အင်း. . ဥပုသ်နေ့” ဟု သူပြောသည်။

ယင်းတို့မှာ အက်စသာ၏ နောက်ဆုံးစကားများ ဖြစ်သည်။ ခေါင်းအုံးအောက်တွင် လွှန်ခဲ့သည့် ငါးရက်က သူရေးသားထားခဲ့သည့် စာတစ်စောင် ရှိသည်။ တိုက်ပွဲအတွင်း သေမည်မျှော်လင့်ပြီး ရေးခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်မလေး ထားခဲ့သည့် တစ်ခုတည်းသောအမွေ ဖြစ်သည်။

*ချစ်တဲ့ မာမီနဲ့ ဒယ်ဒီတို့ရှင် . . . .*

*ကျွန်မ တစ်စုံတစ်ရာ ဖြစ်ခဲ့ရင် ကျွန်မ ဖြစ်စေချင်တဲ့ စိတ်ဓာတ်နဲ့ အဲဒီအဖြစ်ကို ခံယူပါ။ ကျွန်မတို့ အပြင်းအထန် တိုက်ကြရပါတယ်။ ငရဲခန်းနဲ့ ကြုံရပါတယ်။ ဒါပေမယ့် နေပျော်ပါတယ်။ နောက်ဆုံးမှာ ဂျူးနိုင်ငံသစ်တစ်ခု ပေါ်ပေါက်လာမယ် ယုံကြည်လို့ပါပဲ။ ဘဝမှာ ပြည့်ပြည့်ဝဝ ကျွန်မ နေထိုင်ခဲ့ရပါတယ်။ ကျွန်မတို့ မြေမှာ ရောက်လာရတာကိုကပဲ ပျော်စရာကောင်းလှပါပြီ။ တစ်နေ့မှာ ကျွန်မတို့ တိုက်ပွဲဝင်လို့ သီးပွင့်လာတဲ့ အောင်မြင်မှုတွေကို မာမီတို့ ဒယ်ဒီတို့ ခံစားကြရလိမ့်မယ် မျှော်လင့်ပါတယ်။ မကြာပါဘူး။ ပျော်ပျော်နေပါ။ ပျော်ရွှင်နေတဲ့အခါ ကျွန်မကို သတိရပါ။*

*နှုတ်ဆက်ခဲ့ပါတယ်*
*အက်စသာ*

အက်စသာ၏ဘေးတွင် ရှိသော မုတ်ဆိတ်နီနီနှင့် လူထွားကြီးတစ်ယောက်သည် အက်စသာ၏ အသက်ငွေ့ငွေ့လေး ရှူနေရာမှ ရပ်သွားသည်ကို တွေ့ရလျှင် ငိုသည်။ ဘုန်းကြီးကျောင်းပြင်ဘက်တွင် မီးတောက်များ နီရဲစွာ တောက်လောင်နေသည်။ ကောင်းကင်တစ်ခုလုံးနီရဲလာသည်။ ရှားယေရှပ်ကိုဟင်သည် ငယ်စဉ်ကလေးဘဝတုန်းက ရွှတ်

http://mmteashop.com



ဆိုခဲ့သည့် သမ္မာကျမ်းစာထဲမှစာကြောင်းတစ်ခုကို သတိရသည်။ ယခုထိုစာကြောင်းကို ပြန်လည်သီဆိုသည်။ ပထမ တိုးတိုးဆိုသည်။ ထို့နောက် တဖြည်းဖြည်း အသံကျယ်လာသည်။ နောက်ဆုံးတွင် သံကုန်ဟစ်ကြွေး သီဆိုသည်။ သူ့ဘေးတွင် လဲလျောင်းနေကြသည့် ဒဏ်ရာရသူများ မှောင်ထဲမှာ လိုက်၍ ဆိုသည်။ တဖြည်းဖြည်း သီချင်းသံများသည် ဘုန်းကြီးကျောင်း လိပ်ခုံးခန်းမကြီးထဲတွင် ဟိန်းလာသည်။

*"သွေးနှင့် မီးလျှံအကြားမှာ ဂျူးများ ကျဆုံးမည်၊ တစ်ဖန် သွေးနှင့် မီးလျှံများအကြားမှာ ဂျူးများ ပြန်လည် မွေးဖွားလာမည်"*

ဝဝဝ

http://mmteashop.com



## အပိုင်း (၄၁)

## ဂျေရှုဆလမ်မှ မင်္ဂလာညပါ

ကပ္ပတိန် အီမိုင်းဂျူမင်းသည် ဗြိတိသျှတပ်မတော်မြေပုံပေါ်တွင် သူရွေးချယ်ထားသည့် ပစ်မှတ် (၂၅) ခုကို လေ့လာသည်။ (၂၅)ပေါင်ဒါအမြောက် ဆယ့်နှစ်ခုသည် ဂျေရှုဆလမ်ဂျူးရပ်ကွက်ကို စစ်ရေးအရ အကြီးဆုံးသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်သည်။ ထိုအမြောက်တပ်ဖွဲ့ကို ဂျေရှုဆလမ်မြို့ မြောက်ဘက် သုံးမိုင်တွင်ရှိသည့် ကျောင်းအဆောက်အအုံ တစ်ခုပေါ်မှ အာရပ်လီးဂျင်းအရာရှိ အီမိုင်းဂျူမင်း အမိန့်ပေးသည်။ ပစ်မှတ်တစ်ခုကို လျှို့ဝှက်နာမည်တစ်ခုစီ ပေးထားသည်။ နော်ဘာဒမ်ကို 'ဝီစကီ' ဟူ၍ မှည့်ခေါ်သည်။ အိမ်ရှင်ဟောင်းများဖြစ်သည့် စကော့တို့ ကြိုက်သည့် အရက်ကို အစွဲပြု မှည့်ခေါ်ခြင်း ဖြစ်သည်။ ဂျူးအေဂျင်စီကို 'ပန်း' ဟူ၍လည်းကောင်း၊ ရှနဲလားကျောင်းကို 'စိန်' ဟူ၍ လည်းကောင်း နာမည်ပေးထားသည်။

ဂျူးတို့ ဘာမျှမတတ်နိုင်သည့် လက်နက်ဖြစ်သည်။ ဂျူမင်း၏ အမြောက်များကို ဟာဂါနား မဖျက်ဆီးနိုင်။ အလွန်ဝေးသည်။ ဂျေရှုဆလမ်ကို မပျက်စီးအောင် ထိန်းသိမ်းရမည်ဟု (၁၉၂၀)တွင် ဗြိတိသျှတို့က အမိန့်ထုတ်သည်။ မြို့တွင်းအိမ်များကို ကျောက်တုံးများဖြင့် တည်ဆောက်ခိုင်းသည်။ သို့သော်လည်း ဂျူးတို့၏ အသက်ကိုမူ မကာကွယ်နိုင်။ နေ့စဉ်နှင့်အမျှ အမြောက်ဆန်များ မြည်ဟည်းကာ လမ်းများပေါ်သို့ ကျသည်။ အသေအပျောက်များလာသည်။ ဒုတိယကမ္ဘာစစ်အတွင်းက လန်ဒန်မြို့ အသေအပျောက်ထက် ငါးဆများသည်။

ဟာဂါနားအဖွဲ့က အစီအစဉ်တစ်ခုဖြင့် တုံ့ပြန်သည်။ အရက်ချက်စက်ရုံဟောင်းတစ်ခုကို ဗုံးစက်ရုံအဖြစ် တည်ဆောက်သည်။ ပေါင်းသတ်ဆေးဖြစ်သည့် ကေစီအယ်လ်(၆၃)ကလိုရိတ်ကို ခေတ်ခွဲချေဖျက်ကာ အခြားဇီဝပစ္စည်းများဖြင့် ပေါင်းစပ်ပြီး တိုင်းဗုံးများ၊ လက်ပစ်ဗုံးများနှင့် ဒါဗီကာ မော်တာကျည်ဆန်များ ပြုလုပ်သည်။ ဒေးဗစ်ရှယ်လတီးယယ် ရောက်လာပြီး ကြည့်ရှုကာ ဗုံးများကို နမ်းရှုပ်သည်။

ထိုဗုံးများကို ရှယ်လတီးယယ် စုဆောင်းသိုမှီးထားသည်။ ပင်လယ်သို့ လမ်းပိတ်ဆို့နေသဖြင့် သူတို့တွင် လက်နက်ခဲယမ်းမပြည့်စုံ။ မည်သူမျှ သူ့အမိန့်မရဘဲ သုံးလက်မ

http://mmteashop.com



မော်တာများ၊ ဒါဗီကာမော်တာများကို မပစ်ရ။ စက်သေနတ်များနှင့် ဘရင်းဂန်းများကို တစ်ချက်ချင်းသာ ပစ်ရမည်။ အတွဲလိုက် မပစ်ရ။ ဌာနချုပ် အမိန့်ရမှ ဆက်တိုက်ပစ်နိုင်မည်။ နော်တာဒမ်ကို ကာကွယ်သူများသည် ကိုက်တစ်ရာထက်ဝေးသည့် ပစ်မှတ်များကို မပစ်ရ။

စစ်အခြေအနေကို တယ်လီဖုန်း သို့မဟုတ် ရေဒီယိုဖြင့် မဆွေးနွေးရ။ အာရပ်တို့ ခိုး၍ နားထောင်နိုင်သည်။ ပိုက်ပါကပ်လေယာဉ်ဖြင့် သယ်လာသည့် ရိုင်ဖယ်ကျည်ဆန် သေတ္တာများကို ရှယ်လတီးယယ်၏ လက်နက်ပါရဂူ ယက်ဖီက သိမ်းယူထားသည်။ ယင်းတို့ကို လျှို့ဝှက်သည့်နေရာ အသီးသီးတွင် သိမ်းထားသည်။ ယက်ဖီနှင့် ဂျေရုဆလမ် တပ်မှူးတို့သာ ထိုနေရာများကို သိသည်။ ဂျူးအေဂျင်စီ မြေအောက်ခန်းတွင် သော့ခတ်သိမ်းဆည်းထားသည်။ နောက်ဆုံးအချိန်တွင်မှ ယူငင်သုံးစွဲရန် ဖြစ်သည်။

တစ်ဖန် အခြားအကျပ်အတည်းများ ကြုံရသည်။ အစာနှင့်ရေ ဖြစ်သည်။ ဂျေရုဆလမ်မှာ နှစ်လနီးပါး ပိတ်ဆို့ခံရသဖြင့် အစာရေစာ ပြတ်လပ်နေသည်။

အစားအစာကို ကြံဖန်စားသောက်ကြသည်။ အချို့က စပျစ်ရွက်ကို ပြုတ်ကာ ချဉ်ဖတ်လုပ်သည်။ ပြတင်းပေါင်ပေါ်တွင် ပန်းအိုးများ၌ မုန်လာဥနီများကို စိုက်သည်။ ရေငတ်ခံကာ ရသည့်ရေရာရှင်ကို စိုက်ပျိုးခင်းတွင် လောင်းရသည်။

ဒုက္ခတွေအကြားတွင် "ကိုးဂျေရုဆလမ်" ရေဒီယိုသည် ဟီဘရူး၊ အာရပ်၊ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာတို့ဖြင့် သတင်းများ မှန်မှန်လွှင့်သည်။

ဂီတသမား သုံးဆယ်ပါသည့် အဖွဲ့မှာ လျှပ်စစ်မီး မရှိသဖြင့် အသံမလွှင့်ရ။ သို့ဖြစ်ရာ အသံလွှင့်ရုံပြင်ဘက် လမ်းများအပေါ်တွင် ကပွဲများ ကျင်းပရန် စီစဉ်သည်။ အမြောက်ဆန် မကြောက်သူတို့ ကြည့်နိုင်သည်။' အမြောက်ဆန် များများကျလျှင် အသံလွှင့်ရုံထဲဝင်ကာ ဖယောင်းတိုင်မီးဖြင့် ကမည်။

ဝဝဝ

http://mmteashop.com



(အပိုင်း (၄၂))

## တို့ လမ်းသစ်တစ်ခု ဖွင့်မယ်

ရှာမီယာ၏ အမှတ်(၇) တပ်မဟာဌာနချုပ်ထဲသို့ လာသည့် ခေါင်းဖြူဖြူပုဂ္ဂိုလ်မှာ အစ္စရေးလူမျိုး မဟုတ်။ ဝက်စ်ပွိုင့်ကျောင်းဆင်း နော်မန်ဒီကမ်းတက်တိုက်ပွဲတွင် ပါဝင်ခဲ့သူ ဗြိတိသျှနှင့်အမေရိကန် ဆုတံဆိပ်အများအပြား ရခဲ့သူတစ်ယောက် ဖြစ်သည်။ သူသည် ဒေးဗစ်ဘင်ဂူရီယန်၏ လျှို့ဝှက်စီမံချက်တစ်ခုအရ ဟာလဒါစခန်းသစ် ပျိုးခင်းသို့ ရောက်လာသည့် အမေရိကန်လူမျိုး ဒေးဗစ်အာကပ် ဖြစ်သည်။ ဟာဂါနား စစ်ဦးစီးအဖွဲ့တွင် ပါဝင်နိုင်မည့် ခေတ်မီစစ်ဆင်ရေးကျွမ်းကျင်သူများ အလိုရှိသည်ဟု ဘင်ဂူရီယန်က အမေရိကရှိ ဂျူးအေဂျင်စီ ကိုယ်စားလှယ်များထံ အကြောင်းကြားခဲ့သည်။ ဘင်ဂူရီယန်က မားကပ်အား လက်ထရမ်ကို သိမ်းပြီး ဂျေရုဆလမ်လမ်းကို ဖွင့်ရန် အမိန့်ပေးသည်။

ဘင်နမ် (၂)စစ်ဆင်ရေးကို မေ (၃၀)တနင်္ဂနွေနေ့ည (၁၀)နာရီတိတိတွင် စတင်သည်။ ရှာမီယာ၏ မော်တာများနှင့် နပိုလျှမ်ချစ်တို့က လက်ထရမ်ကို ဝင်၍စီးသည်။ ညာဘက်တွင် ဂျေကော့ပရူလော့၏ တပ်များက ဘက်အယ်ဝက်သို့ ချီတက်သည်။

ကာနယ်ဟာဘီယာဘီမာဂျာလီနှင့် အရာရှိများသည် အမှောင်ထုတွင် ပေါက်ကွဲသည့် ကျည်ဆန်များကို လေ့လာသည်။ အသံစဲလျှင် ချိုင့်ဝှမ်းအောက်ခြေမှ ခြေသံများကြားရသည်။ ဂျူးများ စတင်တိုက်ခိုက်နေပြီ။ သူ့ဘေးတွင် ရပ်နေသည့် ပိန်လှီသည့်ပုဂ္ဂိုလ်ကား “နောက်ထပ် အောင်ပွဲတစ်ခုရဖို့ အလာဆီဆုတောင်းပါ”ဟု သူ ပြောသည်။

သံချပ်ကာကားများ လက်ထရမ်သို့ မောင်းနှင်သွားသည့် အသံကို လက်စကော့နားထောင်သည်။ နာရီကို သူကြည့်သည်။ ည ဆယ်နာရီတိတိ ဖြစ်သည်။

တတိယကားတွင် နားကြပ်တစ်စုံတပ်ဆင်ထားသော ဆယ့်ကိုးနှစ်သမီး ပိုလန်သူကလေးသည် ရှေ့တွင်မြင်ရသော တောင်တန်းကို ကြည့်သည်။ သူကား ဟာဒက်ဆားလင်ပယ် ဖြစ်သည်။ ဂျေရုဆလမ် လမ်းမကြီးတွင် တန့်ဆီးနေသော တောင်ကုန်းဆီသို့ သွားနေသည့် သံချပ်ကားကားပေါ်တွင် လိုက်ပါနိုင်ရန် ဟာဒက်ဆားသည် ကမ္ဘာတစ်ဝက်ခရီးကိုပင် ဖြတ်သန်းခဲ့ရသည်။ လွန်ခဲ့သည့် ကိုးနှစ်က နာဇီဂျာမနီ၏ သံချပ်ကာ

http://mmteashop.com



ကားများက ဟာဒက်ဆား၏ ကလေးဘဝကို အဆုံးသတ်စေခဲ့သည်။ သူ့ကို ပိုလန်နှင့် ရုရှားသွား လမ်းမပေါ် သို့ ပို့လိုက်သည်။ ပိုလန်ကလေးငယ် ထောင့်ငါးရာကို မည်သူကမျှ လက်မခံ။ ဆိုက်ဗေးရီးယားမှ ထွက်ပြေးခဲ့ပြီး ဟာဒက်ဆားသည် ဆိုဗီယက်ယူနီယံကို ဖြတ်ကာ အီရန်သို့ ရောက်လာသည်။

ထို့နောက် ကရာချိသို့ သူသွားသည်။ ထိုကမှ ခါနန်ပြည်သို့ ရောက်လာသည်။ သဘော်ဆိပ်တွင် လူအုပ်ကြီးစောင့်ကြိုကာ စစ်အတွင်း ပျောက်ဆုံးသွားသည့် သူတို့ သားသမီးများကို စူးစမ်းရှာဖွေနေကြသည်။ ထို လူအုပ်ထဲတွင် ဟာဒက်ဆား သိသည့် မျက်နှာမပါ။ သူ့ကို မြို့သစ်စခန်းတစ်ခုသို့ ပို့လိုက်ကြသည်။ သူ့ဝန်းကျင်က အားမာန်အပြည့်နှင့် ဂျူးလူငယ်လေးများနည်းတူ သူလည်း တက်ကြွစွာ ပြည်သစ်တည်ဆောက်ရာ၌ ပါဝင်မည်ဆုံးဖြတ်သည်။ ထို ရည်ရွယ်ချက်ဖြင့် ပါလမက်လူငယ် လှုပ်ရှားမှုထဲသို့ ဟာဒက်ဆား ရောက်လာခဲ့သည်။

ကပ္ပတိန် အစ်ဇတ်ဟတ်ဆန်သည် လက်ထရမ် လွင်ပြင်ဆီမှ ကြားရသည့် အသံများကို နားစွင့်သည်။ သူသည် မာဂျာလီ၏ အကူတပ်ခွဲတွင် တင့်ကားပစ်အမြောက်များနှင့် မော်တာများကို ဦးစီးရသူ ဖြစ်သည်။ ပုလိပ်ဂတ်တဲအောက် တောင်စောင်းတွင် ဟာဂါနား မော်တော်ယာဉ်များ ဖြတ်ကျော်နေကြသည်ကို သူ မြင်သည်။

ပုလိပ်ဂတ်တဲ မျှော်စင်ပေါ်တွင် ဆာဂျင် ယော့ဆက်ဆာအက်သည် ညအမှောင်တွင် တောင်စောင်းကို ကြည့်သည်။ သူ့ဘေးတွင် အခြား လီးဂျင်းတပ်သားများသည် သူတို့ဆီလာနေသော မော်တော်ယာဉ်များကို စောင့်မျှော်နေကြသည်။ အောက်ဘက်တွင် အဝင်ဝ၌ သံဒိတ်များအတွင်းက ကတုတ်ကျင် မာမွတ်အလီရိုဆန်သည် ဘဇူကာ ပြောင်းကို ပါးတွင်ကပ်လျက် စောင့်နေသည်။

လက်စကော့၏ ကားတန်းသည် သေနတ်တစ်ချက်မထိဘဲ ညာဘက်လမ်းသို့ မောင်းလာခဲ့သည်။ ဟာဒက်ဆား၏ အသံကို လက်စကော့ကြားရသည်။ "အခု ကျွန်မတို့ သူတို့ သံဆူးကြိုးကို ဖြတ်ကျော်နေကြပြီ"

ဝင်းခနဲ လက်လာသော အရောင်များကို ကပ္ပတိန်ရိုဆန်မြင်ရသည်။ "တံခါးကို ဖွင့်ဖို့ အက်ဆီတလင်း မီးပန်းတွေကို ဂျူးတွေ အသုံးပြုဟန် တူတယ်"ဟု ရိုဆန်တွေးမိသည်။ ယခုမှ တကယ့်လက်နက် ဝုန်းခနဲ ပေါက်ကွဲသည်။ ဒုတိယ သံချပ်ကာကားပေါ်မှ တိုက်ခိုက်ရေးအဖွဲ့ ခုန်ဆင်းကာ တံခါးဆီသို့ ပြေးသွားသည်။

အဆောက်အအုံ မြေညီထပ်တွင် လက်ပစ်ဗုံးများ၊ စတင်းဂန်းများ၊ ဓားများဖြင့် လက်တစ်ကမ်း ပစ်ခတ်တိုက်ခိုက်ကြသည်။

ကပ္ပတိန် ဟတ်ဆန်သည် လက်စကော့၏ သံချပ်ကာကားငါးစီးကို မီးရောင်တွင် ထင်ထင်ရှားရှား မြင်ရသည်။ ရေဒီယိုဦးထုပ်ဆောင်းလာသည့် ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ယောက်ကို ကပ္ပတိန်ရိုဆန် မြင်ရသည်။

http://mmteashop.com



ဟာဒက်ဆားလင်ပယ်က လက်စကော့အတွက် မြင်ကွင်းကို သတင်းပို့သည်။ တပ်မှူး ကားပေါ်မှပြေးဆင်းကာ ဘာဖြစ်နေသလဲကြည့်သည်။ လေးငါးပေလောက် အရောက်တွင် ခေါင်းမိုးပေါ်မှ စက်သေနတ် တစ်ချက်မွှေလိုက်သည်တွင် တပ်မှူး ကျည်ဆန်မှန်ပြီး သေသွားသည်။ ထို့နောက် ဟတ်ဆန်၏တင့်ကားပစ် အမြောက်များက ပစ်သည်။ သံချပ်ကာကားများ တစ်ခုပြီး တစ်ခု မီးလောင်သည်။ လက်စကော့နားထဲ တွင် လည်ချောင်းသံများ ကြားရသည်။"ယိုနာ ယိုနာ"သူခေါ်သည်။ သူ့ကားထဲမှ ဘာ သံမျှ မကြားရ။ အားလုံး သေကြပြီ။ ဟာဒက်ဆားလင်ပယ်၏ ဘ၀ခရီးသည် လက်ထရမ် ပုလိပ်ဂတ်တဲရှေ့တွင် ဆုံးခန်းတိုင်လေသည်။

ခဏကြာလျှင် ရေဒီယိုသတင်းတစ်ခု လက်စကော့ရသည်။ အမှတ်(၇) တပ်မတော် လက်ထရမ်ကို ဒုတိယအကြိမ် သိမ်းပိုက်ခြင်း မအောင်မြင်သည့် သတင်းဖြစ်သည်။

ဂျစ်ကားတစ်စီး အော်မြည်ပြီး ပြေးနေသည်။ ကားပေါ်မှာ ခရီးသည်နှစ်ယောက် ဝန်ပေါ့အောင် ခုန်ဆင်းနေခဲ့သည်။ ဒရိုင်ဘာ အေဖော့ချိုရက်က ဒေးဗစ်မားကပ်နှင့် ဗီဗီယန်ဟားဇော့တို့ကို တင်ဆောင်ကာ တစ်ဖက်တောင်ပေါ်သို့ တက်သည်။ ကားစက် ခေါင်းမှ ညှော်စော်နံသည်။ ဆီစော်နံသည်။ နောက်ဆုံးခရီးကို ကားပေါ်မှဆင်းပြီး ကားကို တွန်းရခြင်းဖြင့် အဆုံးသတ်သည်။

မောပန်းပြီး ထိုင်နေရာမှ ပတ်ဝန်းကျင်ကို သူတို့ကြည့်သည်။ မနေ့ညက ပြေးခဲ့ ရသည့်နေရာကို လရောင်အောက်တွင် မြင်ရသည်။ နှစ်မိုင်ခွဲဝေးသည့် နေရာမှ တောင်ထိပ်တစ်ခု ဖြစ်သည်။ လက်ထရမ်ဘုန်းကြီးကျောင်း အောက်ဘက်တွင် သစ်ပင်များ မရှိသည့် မြေပြင်တစ်ခု ရှိသည်။ ဂျေရုဆလမ်သို့ သွားသောလမ်းကလေးသည် ဘက်အယ်ဝက်ဆီသို့ ထရမ်ပစ် ဘုန်းကြီးကျောင်းအောက်ခြေကို ကွေ့ကောက်ကာ တက်သွားသည်။ ထိုလမ်းကလေးအတိုင်း ဂျစ်ကားကို တွန်းကာ သူတို့တက်ခဲ့ရသည်။ ဘိတ်ဆူဆင်အာရပ်ရွာကို ဖြတ်ပြီး သဲချောင်းများ၊ မတ်စောက်သော တောင်စောင်းများမှစ၍ လမ်းကလေး သည် ဂျူဒီယာတောင်ကုန်းများဆီသို့ တက်သွားသည်။ ယင်းမှာ သမ္မာကျမ်းစာထဲက သိုးကျောင်းသားများ၏လမ်း ဖြစ်သည်။

အသက် ဝအောင်ရှူရင်း အေဖော့ချိုရက်သည် သူ့ရှေ့တွင် မားမားကြီး ရပ်နေသော ကုန်းများ၊ တောင်များကို ကြည့်သည်။ "အဲဒီတောင်တွေကို ဖြတ်ပြီး လမ်းတစ်ခု ရှာမယ်ဆိုရင် ဂျေရုဆလမ်ကို သွားတဲ့ လမ်းတစ်ခု တွေ့နိုင်တာပေါ့"ဟု ချိုရက်က ပြောသည်။

"တွေ့နိုင်မယ်ထင်လို့လား" ဟားဇော့က မေးသည်။

မားကပ်က "ဘာဖြစ်လို့ မတွေ့ရမှာလဲ၊ ပင်လယ်နီကိုတောင် တို့ဖြတ်ခဲ့ကြတယ် မဟုတ်လား" ဟု ဆိုသည်။

http://mmteashop.com



သူတို့ဖြတ်ခဲ့သည့် လမ်းများကို လူများ၊ ကားများ သွားနိုင်အောင် ဆောက်လုပ်နိုင်မည်ဆိုလျှင် ဂျေရုဆလမ်ကို ကယ်တင်နိုင်လိမ့်မည်။

မားကပ်၊ ချိုရက်နှင့် ဟားဇော့တို့က ဘက်အယ်ဝက်တောင်ကုန်း ဟိုတယ်မှ လာခဲ့ရပုံကို တယ်အဗစ်တွင် ဒေးဗစ်ဘင်ဂူရီယန်အား ပြောပြသည်။

ဂျစ်ကားနှင့် ဖြတ်လို့ရသည့် လမ်းကြမ်းဖြင့် လူတစ်ယောက်ကို ကယ်တင်ရန် မလွယ်သည်ကို ဘင်ဂူရီယန်သိသည်။ ဂျေရုဆလမ်သို့ ပေါက်သည့် တကယ့်လမ်းတစ်ခု လိုသည်။ အလက်ဇင်းဒါးလက်ထက်မှစ၍ စစ်တစ်ခုဖြစ်တိုင်း လမ်းတစ်ခု ပေါက်လာခဲ့သည်ကို ဘင်ဂူရီယန် ဆင်ခြင်မိသည်။ "ခင်ဗျားတို့ တကယ့်လမ်းတစ်ခု ဖောက်ရမယ်"ဟု ပြောသည်။

ထိုညတွင် ထိုခရီးကို ချိုရက် ပြန်၍သွားရန် ဘင်ဂူရီယန် အမိန့်ပေးသည်။ ယခု တစ်ကြိမ်တွင်မူ ချိုရက်သည် ဂျေရုဆလမ်အထိ သွားရမည် ဖြစ်သည်။

ချိုရက်သည် ဂျစ်ကားဖြင့် သိုးကျောင်းသားလမ်းအတိုင်း ဂျေရုဆလမ်သို့ ရောက်သွားသည်။

ထိုသတင်းကို လယ်ဗီ ကြားရလျှင် ဘင်ဂူရီယန်ဆီသို့ သူ့အား ထိုလမ်းအတိုင်း သွားခွင့်ပြုရန် ရှယ်လတီးယယ်ထံ ခွင့်တောင်းသည်။ အခြေအနေကို သူ ရှင်းပြချင်သည်။ ပိုက်ပါကပ် သို့မဟုတ် ဒီစီ-သရီးမှ လေထီးဖြင့်ချပေးသည့် ကျည်ဆန်တို့မှာ မလုံလောက်ပေ။ ထပ်မံမဖြည့်လျှင် ကျဆုံးတော့မည်ဟု ရှယ်လတီးယယ်အား သတိပေးသည်။ အခြားနည်းဖြင့် ရိက္ခာပို့ရန် ဘင်ဂူရီယန်ကိုလည်း လယ်ဗီ တင်ပြချင်သည်။

ညဆယ်နာရီတွင် လယ်ဗီနှင့် ပါလမက်တပ်သား တစ်ဒါဇင်ခန့် ဂျစ်ကားဖြင့် တယ်အဗစ်သို့ ထွက်ခဲ့သည်။

မနက်ငါးနာရီတွင် တယ်အဗစ်နှင့် ဆယ့်နှစ်မိုင်ဝေးသည့် ရီယိုဗီသို့ လယ်ဗီ ရောက်သည်။ ကာဖီဆိုင်တွင် ကော်ဖီတစ်ခွက်သောက်သည်။

"ဘယ်ကလာတာလဲ" ဆိုင်ရှင်က မေးသည်။

"ဂျေရုဆလမ်က" လယ်ဗီ ဖြေသည်။

"ဂျေရုဆလမ်က"ဆိုင်ရှင် အလန့်တကြားအော်သည်။ သူ့ အသံကြားလျှင် ဆိုင်ထဲရှိသူများအားလုံး လယ်ဗီဆီသို့ ပြေးလာကာ ဖက်ယမ်းနမ်းရှုပ်ကြသည်။ "ဇဝရက်တောင်ထိပ် တက်လာသူ"ဟု သူတို့ ထင်နေကြသည်။ ဆိုင်ရှင်က စထရော်ဘယ်ရီ ဇရာမပန်းကန်အပြည့်နှင့် မလိုင်တစ်ပန်းကန်အပြည့် ချပေးသည်။

စထရော်ဘယ်ရီစားပြီး ဒေးဗစ်ဘင်ဂူရီယန်၏ ရုံးခန်းသို့ လယ်ဗီ တိုက်ရိုက်သွားသည်။

မြို့ထဲက ဂျူးများ ငတ်နေသည်။ ကျည်ဆန်မရှိ။ အာရပ်တို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်လျှင် အာရပ်လက်ကျမည်ဟု လယ်ဗီက တင်ပြသည်။

http://mmteashop.com



ဘင်ဂူရီယန်က ရိက္ခာမှူး ဂျိုးဇက်အေဗီဒါကို ခေါ်သည်။ ဂျစ်ကားတစ်စီး တောင်ပေါ်လမ်း ဖြတ်နိုင်လျှင် ဆယ့်နှစ်စီးလည်း ဖြတ်နိုင်သည်။ သို့ဖြစ်ရာ အေဗီဒါး အား တယ်အဗစ်တွင် ရှိသည့် ဂျစ်ကားအားလုံး သိမ်းရန် အမိန့်ပေးသည်။

မျက်လှည့်ပြလိုက်သလိုပင် တယ်အဗစ်၌ ဂျစ်ကားတွေ အားလုံးပျောက်သွား သည်။ တစ်စီးသာရသည်။ ဝမ်းနည်းစရာပဲ။ သူ့လူမျိုးတွေ စုပေါင်းစိတ်ဓာတ်မရှိ၊ ဘင်ဂူရီ ယန်က အေဗီဒါအား "ငါ့ဂျစ်ကား ယူသွားကွာ"ဟု ပြောသည်။

"ရှယ်လတီးယယ်ကို ပြော။ မြို့ကိုထိန်းထား။ ဂျေရုဆလမ်ကို လမ်းသစ်တစ်ခု ဖောက်မယ်" ဟု လယ်ဗီအား ဘင်ဂူရီယန်မှာသည်။ အမ်မမ်ကောင်းကင်တွင် လေယာဉ် ပျံသံများ ဆူညံနေသည်။ အစ္စရေးလေဆိပ်၏ မစ်ဆာရှမစ် (၁၀၉)လေယာဉ်နှစ်စီး ဗုံးကြဲ ရန် ဝဲပျံနေခြင်း ဖြစ်သည်။

အစ္စရေးသို့ မက်ဆာရှမစ် ရောက်လာသည်။ တယ်အဗစ်ကို ဗုံးကြဲရန်လာသည့် အီဂျစ် ဒီစီ-သရီး နှစ်စီးကို ပစ်ချလိုက်သည်။ ယခု ဘင်ဂူရီယန်အမိန့်အရ မေ (၁၄) ရက်က တယ်အဗစ်အရသာမျိုး အမ်မမ်ကို အပြည်းခိုင်းလိုက်ခြင်း ဖြစ်သည်။

အက်ဘဒူလာသည် သူ့နန်းတော်တွင် အာရပ်ခေါင်းဆောင်များအား ထမင်း စားပွဲတစ်ခု တည်ခင်းဧည့်ခံနေသည်။ မှောင်ချရန် သူလက်မခံ။ "ငါလို မစ်ရှမိုက်နွယ်ဖွား တစ်ယောက် ဗီယွန်ကို ကြောက်လို့တော့ မီးမငြိမ်းဘူးဟေ့" ဟု ပြောကာ ကိုယ်ရံတော်၏ သေနတ်ကိုဆွဲပြီး ပြင်ဘက်သို့ ထွက်ကာ မိုးပေါ်သို့ အားရှိပါးရှိ ပစ်လိုက်သည်။

ဟာဂါနာဌာနချုပ်တွင် ဂျိုးဇက်အေဗီဒါနှင့် ဒေးဗစ်မားကပ် စည်းဝေးတိုင်ပင် နေကြသည်။ ဂျေရုဆလမ်သို့ လမ်းတစ်ခုဖောက်မည်။ အာရပ်လီးဂျင်းတပ်များ ခြိမ်း ခြောက်မှုနှင့် ဝေးရာတစ်နေရာကိုဖြတ်ကာ ဂျေရုဆလမ်သို့ သွားမည့် အမြန်လမ်းမကြီး တစ်ခု ဖြစ်သည်။ ကုန်အပြည့်တင်ထားသော ထရပ်ကားများမောင်းနိုင်မည့်လမ်း ဖြစ် သည်။ မြန်မြန်ဖောက်ရမည်။ လက်ထရမ်မှ အာရပ်အမြောက်ဆန်များအကြား ဖောက်ရ မည့်လမ်း ဖြစ်သည်။

သည်တစ်ကြိမ်တွင် နာမည်ပေးရန် သမ္မာကျမ်းစာအုပ်ကို လှန်မနေတော့ပေ။ တရုတ်ကူလီများ ဖောက်သည့် မိုင် (၇၅၀) ရှိသည့် မြန်မာလမ်းမကြီးကို အားကျကာ ဂျေရုဆလမ်ကို ကယ်မည့်လမ်းအား "မြန်မာလမ်းမကြီး"ဟု နာမည်ပေးလိုက်သည်။

၀၀၀

http://mmteashop.com



## (အပိုင်း (၄၃))

## အာရပ်တွေက တို့ကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး •

ဂျေရုဆလမ်ရှိ ဂျူးများ အငတ်ဘေးဆိုက်သည်။ နော်ဘာဒမ်တွင် ဂက်ဒနာ လူငယ်အဖွဲ့သည် ရပ်ကွက်ချင်း ကပ်နေသော မက်စရာရာ အာရပ်ရပ်ကွက်သို့ မှန်ပြောင်းဖြင့် ကြည့်သည်။ လူသူမရှိသော အိမ်ဝင်းထဲတွင် အစာရှာလာသော ကြက်တစ်ကောင်တလေ တွေ့မည်လား သူတို့ စူးစမ်းသည်။ မက်စရာရာမှာ လူသူမရှိသည့် ဒေသဖြစ်နေသည်။ ညတွင် ဝေါ်ပြတ်သည့် ဂက်ဒနာလူငယ်များ အသက်စွန့်ပြီး နေ့လယ်က မြင်သော ကြက်ကိုသွား၍ ဖမ်းကြသည်။

ငွန် (၄)သောကြာနေ့တွင် ဒိုဂျိုးဇက် ရိက္ခာပြတ်သဖြင့် ဒေးဗစ်ဘင်ဂူရီယန်နှင့် ဆက်သွယ်သည်။ "ကယ်တင်သူကို မစောင့်နိုင်ဘူး၊ ဖြစ်တဲ့နည်းနဲ့ ပေါင်မုန့်ပို့ပါ၊ ဂျစ်ကားနဲ့ဖြစ်ဖြစ် ကုလားအုတ်နဲ့ဖြစ်ဖြစ်ပေါ့" ဟု ဂျိုးဇက် သတင်းပို့သည်။

ဒိုဂျိုးဇက်ကို ဘင်ဂူရီယန် အကြောင်းမပြန်နိုင်။ ဒေးဗစ်မားကပ်သည် ဂျေရုဆလမ်လမ်းသစ်ကို ဦးစီးဖောက်လုပ်နေသည်။ အိတ်ဂျစ်အာရပ်ရွာသည် မားကပ်ဖောက်နေသည့် မြန်မာလမ်းမကြီး၏ အစဖြစ်သည်။ နေ့ဆိုင်းညဆိုင်းဖြင့် အပူတပြင်း ဖောက်လုပ်သည်။ နေ့တွင် ဖုန်လုံးနီနီများကို မြင်ရသည်။ ညအခါ ဘူဒိုဇာသံဆူညံနေသည်။ ထိုအသံများကို ကာနယ်မာဂျာလီ၏ တပ်များ ကြားလျှင် အမြောက်ဖြင့်ပစ်မည် စိုးရသည်။ ဘေးပတ်လည်တွင် ကင်းစခန်းများ ချထားသည်။ ခံျုခိုကင်းများ စောင့်ကြပ်နိုင်းသည်။

ယခုမူ ဂျေရုဆလမ်မြို့သားတို့သည် အမြောက်သံကို ရိုးသွားပြီ။ မြေအောက်ခန်းများတွင် နေတတ်လာသည်။ လမ်းများတွင် နေ့ရောညပါ လူသူအသွားအလာ မရှိ။

အချို့မှာ သူရဲကောင်းများ ဖြစ်လာသည်။ ဆယ့်လေးငါးနှစ်အရွယ် ဂက်ဒနာလူငယ်အဖွဲ့ဝင်များသည် အမြောက်ဆန်များအကြား ဟာဂါနားစခန်းတစ်ခုမှ တစ်ခုသို့ သတင်းစကားများ အပြေးအလွှား ပေးပို့သည်။ ယင်းတို့အနက် တိုဗာဂိုးလဘက် ဆိုသော ဆံပင်နက်နက် တုတ်ခိုင်ခိုင် အမျိုးသမီးလေး၏ စွန့်စားခန်းမှာ အသည်းယားစရာ ကောင်းသည်။ စာကို လက်တွင်ဆုပ်ကိုင်ရင်း ပြေးအသွား အမြောက်ဆန်မှန်ကာ စာအုပ်ကိုင်ထားသည့်

http://mmteashop.com



လက် ပြတ်ကျသွားသည်။ လက်ပြတ်နှင့် စာကို ကောက်ယူပြီး ဟာဂါနား စခန်းသို့ ပို့ပေးသည်။ "ဟောဒီမှာ သတင်းစကား" ဟု စာကို စစ်သားတစ်ယောက်လက် ပေးအပ်ပြီးမှ "ကျွန်မအတွက် ဆရာဝန်တစ်ယောက် ခေါ်ပေးပါ"ဟု သူ ပြောသည်။

ဂျေရုဆလမ်၏ ဂျူးလူထုသည် အနောက်နိုင်ငံ ခရစ်ယာန်များကို ဘယ်တော့မျှ မေ့မည်မဟုတ်။ ဂျေရုဆလမ်ကို ကုလသမဂ္ဂထိန်းသိမ်းမှုအောက်ထားရန် သူတို့ ထောက်ခံသည်။ သို့သော်လည်း သူတို့ ဒုက္ခကိုမူ လျစ်လျူရှုထားသည်။ သူတို့သည် ငတ်ပြတ်နေသော ဂျူးများထက် ဂျေရုဆလမ်မြို့မှ ခရစ်ယာန် ကျောက်တုံးအဆောက်အအုံများကို ပိုပြီး အလေးထားသည်ဟု သူတို့ ယူဆသည်။

ဇွန် (၅)စနေနေ့တွင် ဒိုဂျိုးဇက်သည် ပေးဝေနေကျ ရာရှင်ကို ထပ်၍ဖြတ်ရန် ဆုံးဖြတ်သည်။ တစ်နေ့ တစ်ယောက်အတွက် ဂရမ် (၁၅၀) သာရမည်။ ပေါင်မုန့်ဟု ခေါ်သည့် ပါးပါးလွှာလွှာ မုန့်လေးချပ်။ တစ်ပတ်အတွက် ပဲအစိုနှင့် အုတ်ဂျုံမှုန့် ရှစ်အောင်စပေးမည်။

မြို့တစ်ဖက်တွင် မေဂျာအက်ဘဒူလာတဲသည် စိတ်ရှည်လက်ရှည်စောင့်နေသည်။ ရန်သူ့အခြေအနေကို သူသိသည်။ ဘယ်လ်ဂျီယန် ကောင်စစ်ဝန်က "မည်သည့် စည်းကမ်းချက်များဖြင့် လက်နက်ချရေးသတ်မှတ်မည်နည်း"ဟု သူ့အား တီးခေါက်စုံစမ်းသည်။

သို့သော်လည်း သတင်းတစ်ခုကြောင့် သူစိတ်ထင့်သည်။ ဘက်အယ်ဝက်အနီးရွာတစ်ရွာမှ လယ်သမားတစ်ယောက်က "ဂျူးတွေ ဂျေရုဆလမ်သို့ လျှို့ဝှက်လမ်းတစ်ခု ဖောက်နေသည်"ဟု သတင်းပေးသည်။

ကာနယ် မာဂျာလီသည် လမ်းသစ်ဖောက်နေသည်ကို သိသည်။ ရွာသားများက သတင်းပေးသည်။ မာဂျာလီအဖို့ (၂၅) ပေါင်ဒါ အမြောက်ဖြင့် ချေမှုန်းရန်သာ ရှိတော့သည်။ သို့သော်လည်း တပ်မဟာမှူး ခွင့်ပြုချက်မရဘဲ လက်နက်ခဲယမ်းမီးကျောက် ထပ်၍မဖြည့်ဘဲ သူမတိုက်နိုင်။ သူ၏ တပ်ရေးကပ္ပတိန် ရှိဆန်ကို တပ်မဟာမှူး အင်္ဂလိပ် ကာနယ်တီ၊ အယ်၊ အက်ရှဟာန်ဆီသို့ သတင်းပို့ရန် စေလွှတ်သည်။ အက်ရှဟာန်က ပခုံးတွန့်ကာ "တောင်တွေက အမြင့်ကြီး၊ သူတို့ ဘယ်တော့မှ လမ်းဖောက်နိုင်မှာ မဟုတ်ဘူး" ဟု ဆိုသည်။

ရှိဆန်မပြန်မီ ကာနယ်မာဂျာလီထံသို့ သူ့လက်ရေးဖြင့် စာတစ်စောင် ပေးသည်။ စာတွင် "ဘယ်အခြေအနေမှာ ဖြစ်စေ၊ ဘိတ်ဂျစ်-ဘိတ်ဆူဆင်ဒေသတွင် (၂၅) ပေါင်ဒါ ကျည်ဆန်များကို မဖြုန်းတီးရ" ဟူသော အမိန့်တစ်ခု ပါရှိသည်။

ဇွန် (၇)တနင်္လာနေ့တွင် ဂျိုးဆက်၏အခြေအနေ ဆိုးလာသည်။ သူ့စာရင်းစာအုပ်တွင် ပစ္စည်းလက်ကျန် မရှိတော့။ သုံးရက်စာသာ ကျန်တော့သည်။ သူ့အိမ်ရှေ့ ကလေးအမေများရောက်လာပြီး ငိုယိုတောင်းခံတော့မည့်အချိန်ကို သူစောင့်နေသည်။

http://mmteashop.com



"သူဝံ့ကို ကျွန်တော် ဘယ်လိုပြောရမလဲ"ဟု တစ်နေ့တွင် ဂိုးဆက် ပြန်ပြောင်းပြောပြသည်။

ထိုနေ့မနက်တွင်မူ ဘင်ဂူရီယန်ထံသို့ သံကြိုးတစ်စောင်ပို့လိုက်သည်။

"မျှော်လင့်ချက်တွေနဲ့ ကျေနပ်နေရတော့မှာလား။ ရိက္ခာစောင့်တယ်။ ဘာမှ မလာဘူး။ နည်းလမ်းအမျိုးမျိုးတင်ပြတယ်။ ခင်ဗျားဘာမှမလုပ်ဘူး။ တခြားပစ္စည်းတွေ ပို့ပေးတယ်။ ရိက္ခာတော့ မပို့ဘူး။ သောကြာနေ့မှာ ဂျုံမရရင် တစ်မြို့လုံး ငတ်တော့မယ်"

မြန်မာလမ်းမကြီး ပြီးအောင် မစောင့်နိုင်။ သို့ဖြစ်ရာ ဘင်ဂူရီယန်သည် တောင်တောင်ထူထပ်မတ်စောက်သည့် သုံးမိုင်ကို ကမ္ဘာတွင် ရှေးအကျဆုံးနည်းဖြင့် ဖြတ်သန်းမည်။ ခြေနှစ်ချောင်းအားကိုးတော့မည် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ဘင်ဂူရီယန်၏ ပါရဂူများ တွက်ချက်ကြသည်။ လူခြောက်ရာ တစ်ယောက်လေးဆယ့်ငါးပေါင်လေးသည့် အထုပ်များကို ထမ်းကာ တောင်ကိုကျော် တောကိုဖြတ်၍ သွားနိုင်မည်ဆိုလျှင် ဂျေရုဆလမ်ကို ကယ်တင်နိုင်မည် ဖြစ်သည်။

နောက် တစ်နာရီအတွင်း ပါလက်စတိုင်း လျှပ်စစ်ကုမ္ပဏီ၏ မီတာဖတ်သူ ပင်ဟတ်ဘရက်ထံသို့ ဆင့်ခေါ်စာ ရောက်သည်။ သူ့လိုပင် ဆင့်ခေါ်စာ ရကြသူများရှိသည်။ သူတို့အားလုံး အလုပ်သမားအဖွဲ့ရုံးရှိသည့် ဟစ္စတာဒရတ်တွင် စုဝေးကြရမည်။

ဘရက်ကာနှင့် အခြားသူများ ရောက်လာလျှင် သူတို့ကို ဘတ်စ်ကားများပေါ်တက်စေပြီး "အထူး မစ်ရှင်တပ်စုအတွက် ဖြစ်သည်။ အချိန်မကြာ"ဟု ဆိုသည်။ လူမျိုးစုံပါသည်။ ဝတ်စုံနက်များ ဝတ်ထားသည့် ဘဏ်စာရေးများ၊ ရှပ်အင်္ကျီဝတ်အစိုးရအမှုထမ်းများ၊ အလုပ်သမားများ၊ ဈေးသည်များ ပါဝင်သည်။ အစ္စရေးတွင် လူသိများနေသည့် နာမည်ကျော် အဆိုတော် မော်ဒေချိုင်းဇေရာလိုလူပင် ပါသည်။

အားလုံးမှာ အချက်နှစ်ခုတွင် တူညီကြသည်။ သူတို့သည် မြို့သားများဖြစ်ပြီး မိုင်ဝက်ထက်ပို၍ လမ်းမလျှောက်ဘူးကြ။ လူလတ်ပိုင်းနှင့် လူကြီးပိုင်းများသည် ပင်စင်ယူချိန်အရွယ်များ ဖြစ်သည်။

ဘတ်စ်ကားများက သူတို့ကို ဗြိတိသျှ စခန်းဟောင်း ကဖာဘီလူသို့ ခေါ်သွားသည်။ အနီးအနား စခန်းသစ်များမှ မိန်းမများ ရောက်လာကြပြီး ယောက်ျားများ သယ်မည့် အိတ်များတွင် ဂျုံမှုန့်၊ ဆန်၊ သကြား၊ ဟင်းသီးဟင်းရွက်အခြောက်နှင့် ချောကလက်တို့ ထည့်သည်။

သူတို့ကို ခေါင်းဆောင်သူမှာ ဂိုးဆက်အေဗီဒါ ဖြစ်သည်။ သူတို့အား ဂျေရုဆလမ်တွင် ငတ်ပြတ်နေသော သူများအကြောင်း ရှင်းပြသည်။ ထို့နောက် "ခင်ဗျားတို့ တစ်ယောက်တစ်အိတ်စီ သယ်ပြီး ပို့ပေးရမယ်"ဟု ရှင်းပြသည်။

ဂျေရုဆလမ်ကို ကယ်တင်နိုင်မည့် နောက်တစ်နည်း ရှိသည်။ ဘင်ဂူရီယန်က ဖြစ်နိုင်လျှင် ထိုနည်းလမ်းကို အမိအရယူရန် ဆုံးဖြတ်ထားသည်။ ယင်းမှာ အပစ်အခတ်

http://mmteashop.com



ရပ်စဲရေး ဖြစ်သည်။ ကုလသမဂ္ဂ၏ ပထမအကြိမ် အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်ကို အာရပ်တို့ ပယ်ချလိုက်ပြီးနောက် ဗြိတိန်က လုံခြုံရေးကောင်စီသို့ လေးပတ် အပစ်အခတ်ရပ်စဲရေး စီမံချက်တစ်ခု ထပ်၍ တင်သည်။ ယင်းအနက် အချက်နှစ်ခုကို တယ်အဗစ်က သဘောမကျ။ အပစ်အခတ်ရပ်စဲရေး ကာလအတွင်း ထိုဒေသသို့ လက်နက်တင်ပို့သည့် သင်္ဘောများ မဝင်ရေးနှင့် စစ်မှုထမ်းနိုင်သည့်အရွယ် လူငယ်များ ထိုဒေသသို့ မဝင်ရောက်ရေး ဖြစ်သည်။ ယင်းကို အနည်းငယ် ပြင်ဆင်ပြီး အစ္စရေးက အပစ်အခတ်ရပ်စဲရေးကို သဘောတူချင်သည်။

အာရပ်တို့ကမူ ဗြိတိသျှတို့ သဘောထား ပြောင်းလဲသွားသည့်တိုင် တင်းခံနေသည်။ သို့ဖြစ်ရာ နှစ်ဖက် သဘောတူညီမှုရရန် ကိစ္စမှာ ကုလသမဂ္ဂ ကြားဝင်ဖျန်ဖြေသူ ကောင့်ဖော့ဘာနာဒုတ်လက်သို့ ရောက်သွားသည်။ ဆွီဒင်သံအမတ်သည် ကိုင်ရို၊ ဘီရွတ်၊ အမ်မမ်နှင့် တယ်အဗစ်တို့ကို အမြန်သွားသည်။ ဇွန် (၇) တနင်္လာနေ့ မနက်တွင် ဘာနာဒုတ်က အာရပ်အဖွဲ့ချုပ်သို့ အစီအစဉ်သစ်တစ်ခုတင်ပြသည်။ အစ္စရေးတို့အတွက် ပြင်ဆင်ချက်တစ်ခု ပါသည်။ စစ်မှုထမ်းသက်ရောက်သူကို ထိုဒေသတွင်းသို့ ဝင်ခွင့်ပြုသည်ဆိုရာတွင် အပစ်အခတ်ရပ်စဲရေး မတိုင်မီက စစ်တပ်ဖွဲ့စည်းပုံ တစ်ခုခုသို့ မပါဝင်ဘူးသူများကို ဆိုလိုသည်။

ဘင်ဂူရီယန်မှာ ရွေးစရာ အခြားလမ်း မရှိပါ။ ထိုကမ်းလှမ်းချက်ကို လက်ခံရမည်သာ ဖြစ်သည်။ သူတို့ဘက်က အခြေအနေမှာ ဆိုးသည်။ ရိက္ခာပြတ်သည်။ လက်ထရမ်တွင် နှစ်ကြိမ်ရှုံးသည်။ မြို့ဟောင်းကို လက်လွှတ်ရသည်။ အီဂျစ်တပ်များ တက်လာသည်မှာ တယ်အဗစ်နှင့် နှစ်ဆယ့်ငါးမိုင်သာ လိုတော့သည်။ မြောက်ဘက်တွင်သာ အက်ကာကို သိမ်းနိုင်ပြီး ရန်သူကို လက်ဘနွန်နယ်စပ်အထိ တိုက်ထုတ်နိုင်ခဲ့သည်။ ဆီးရီးယန်းတို့ကို ဂယ်လီလီမှ မောင်းထုတ်နိုင်ခဲ့သည်။ ယင်းတို့မှာ အစ္စရေး၏ အောင်မြင်မှုများ ဖြစ်သည်။ သူတို့တပ်များကို နေရာတိုင်းတွင် ပြန်လည်စုစည်းရမည်။ လူသူလက်နက် ထပ်၍ဖြည့်ရမည်။ သို့ဖြစ်ရာ ဘာနာဒုတ်ထံသို့ အပစ်အခတ်ရပ်စဲရေး လက်ခံမည်ဟု သံကြိုးပို့လိုက်သည်။

အမ်မမ်တွင် အာရပ်ခေါင်းဆောင်များ စုဝေးပြီး အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးကြသည်။ သည်တစ်ကြိမ်တွင် သူတို့ ပြင်းပြင်းထန်ထန်ပင် သဘောထား ကွဲလွဲကြသည်။

အပေါ်ယံကြည့်လျှင် အာရပ်တို့အဖို့ အပစ်အခတ်ရပ်စဲရေးကို လက်ခံရန် အကြောင်းအနည်းငယ်သာ ရှိသည်။ ဝါဒဖြန့်ခဲ့သလောက် သူတို့ အောင်ပွဲမရသည်အမှန်။ နေရာတိုင်းတွင် အစ္စရေးတို့ဘက်က အင်နှင့်အားနှင့် ကာကွယ်ခုခံနေသည်။ လက်တွေ့တွင် မျှော်လင့်ချက် နည်းသည်။

အီဂျစ်တပ်မတော်သည် နယ်မြေများစွာ သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော်လည်း

http://mmteashop.com



ဂျူးစခန်းသစ် အနည်းငယ်ကိုသာ အောင်နိုင်ခဲ့သည်။ အီဂျစ်တပ်မတော် နောက်ပိုင်းတွင် အစ္စရေးကိုလိုနီအများအပြားက ခြိမ်းခြောက်နေကြသည်။ စခန်းသစ်များသည် လက်နက်မပြည့်မစုံနှင့်ပင် ရှုပ်ရှုပ်ချွံချွံ ခုခံကြသည်။ အီဂျစ်တပ်မတော် တိုက်ခိုက်မှု စွမ်းရည်ညံ့ဖျင်းသည်။ ထောက်ပံ့သူများ လာဘ်စားသည်။ ဆေးဝါး၊ အစားအစာ၊ ရေ၊ ဓာတ်ဆီ၊ ကျည်ဆန်တို့မပြည့်စုံ။ ရိုင်ဖယ်များ မကောင်း၊ ကျည်ဆန်မထွက်၊ ဂျမ်းဖြစ်သည်။ လက်ပစ်ဗုံးများ မပစ်ရမီ လက်ထဲတွင်ကွဲသည်။ အရာရှိကြီးများသည် တဲများတွင် ဇိမ်ခံနေကြသည်။ သဲကန္တာရအပူကို တပ်သားများနှင့် မျှဝေမခံလိုကြ။

အီရတ်တို့က ညီနောင်အာရပ်များကို လုံးဝမကျေနပ်။ လက်ဘနွန်တို့မှာ မေ (၁၄)နောက်ပိုင်းတွင် တက်ကြွမှုမရှိ။ ဆီးရီးယန်းတို့မှာလည်း အရှုံးကြီး ရှုံးခဲ့ရသည်။ လီးဂျင်းတပ်များမှာ အောင်ပွဲများ ရခဲ့သော်လည်း ဂျေရုဆလမ်မြို့တွင်းလမ်းများတွင် အောင်ပွဲ မခံရ။

အမ်မမ်တွင် ဆုံကြသည့်အခါ စစ်ပွဲတွင် အနည်းငယ်သာ ဖြည့်ဆည်းခဲ့သည့် ဆီးရီးယားနှင့် လက်ဘနွန်တို့သည် အပစ်အခတ်ရပ်စဲရေးကို လက်ခံရန် နောက်တွန့်နေကြသည်။ ဟတ်ချ်အာမင်ဟတ်ဆေနီက အပစ်အခတ် ရပ်စဲရေးကို ခါးခါးသီးသီးငြင်းဆိုသည်။ တိုက်ခိုက်ရန် မနည်း စုစည်းထားသည့် အစုအစည်း ပြေသွားမည်ကို သူစိုးရိမ်သည်။ အက်ဇမ်ပါရှားကလည်း ထိုနည်းအတူ ယူဆသည်။ ရပ်လျှင် ရန်သူဘက်က အသာရမည် သူထင်သည်။ အာရပ်တို့အဖို့ အပစ်အခတ် ရပ်စဲရေးကာလအတွင်း သူတို့တပ်များကို ထပ်မံဖြည့်တင်းရန် မလွယ်ကူ။ အစ္စရေးတို့အဖို့ လွယ်ကူမည်။

သမိုင်းပါမောက္ခဟောင်း နိုကရာရှီပါရှားသည် အဆုံးအဖြတ်ပေးမည့်သူတစ်ယောက် ဖြစ်သည်။ ဖာရောက်ဘုရင်မှာ သူ့တပ်မတော် အမြန်ဆုံး အောင်ပွဲမခံနိုင်သဖြင့် စိတ်တိုနေသည်။ ယခုမူ နိုကရာရှီသည် သူ၏ မူလသဘောထားကို ပြန်လည်ဖော်ထုတ်ခွင့် ရလာသည်။

"မတိုက်သင့်တဲ့ စစ်ပွဲကို ကျွန်တော်တို့ တိုက်ခဲ့တယ် မဟုတ်လား"ဟု သူပြောသည်။ ထို့နောက် ကုလသမဂ္ဂ၏ အပစ်အခတ် ရပ်စဲရေးကို လက်ခံရန်၊ လေးပတ်အတွင်း အင်အားဖြည့်တင်းရန်၊ ထိုအခါ နိုင်ခြေမျှော်လင့်နိုင်မည်ဟု သူဆိုသည်။

"ခင်ဗျား အဓိပ္ပာယ် မရှိတာ ပြောတယ်" အက်ဇမ်ပါရှား ပေါက်ကွဲသည်။"ခင်ဗျား စစ်တပ်က တယ်အဗစ်နဲ့ နှစ်ဆယ့်ငါးမိုင်တောင်ဝေးတဲ့အထိပဲ ရောက်တယ်၊ ခင်ဗျားမှာ ဘာအရှုံးနဲ့မှ ရင်မဆိုင်ရဘူး၊ ဒါတောင် ခင်ဗျာအသက်ရှူပေါက် လိုချင်တယ်၊ ဂျူးတွေ ဘာလုပ်မယ်ထင်သလဲ၊ ဘာမှမလုပ်ဘဲ ကြည့်နေမှာ မဟုတ်ဘူး၊ နှစ်ဆတိုးပြီး အားကောင်းအောင် သူတို့ လုပ်မယ်"

နိုကရာရှီ အလျှော့မပေး။ "ကျွန်တော်က စစ်ဦးစီးအရာရှိ အကြံဉာဏ်အတိုင်း ဆုံးဖြတ်တာ၊ ကျွန်တော့်စစ်သားတွေ ခင်ဗျားတို့ပေးတဲ့ အကြံဉာဏ်ကို မယူနိုင်ဘူး"

http://mmteashop.com



"စစ်ရေးစစ်ရာနဲ့ ပတ်သက်လို့ဆိုရင် ခင်ဗျားရဲ့ အီဂျစ်မှာ ဘာမှ နားမလည်တဲ့ လူတစ်ယောက်ရဲ့ အကြံဉာဏ်ကို ရယူနေတာပဲ"ဟု အက်ဇမ်က ပြန်ချေသည်။ နိုကရာ ရှိ၏ ရပ်တည်ချက်သည် စစ်ကိုရှောင်ရန် ဥပါယ်တံမျဉ် ဖြစ်သည်ဟု အာရပ်အဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ် ယူဆသည်။ ယင်းကို သူ စိုးရိမ်သည်။ အီဂျစ်လူထုသည် သတင်း မှားများကို နေ့စဉ် ကြားနေရပြီး တက်ကြွနေသည်။ ယခု အပစ်အခတ် ရပ်စဲရေးကြောင့် အောင်ပွဲနှင့်လွဲလျှင် သူတို့ ဒေါသထွက်မည်။ ဝါဒဖြန့်ကောင်းသဖြင့် အီဂျစ်ခေါင်းဆောင် များ စစ်ထဲပါလာရသည်။ ယခုလည်း ဆက်လက်ဝါဒဖြန့်ကာ အီဂျစ်တို့ကို စစ်ပွဲထဲ ဆက်၍ ပါဝင်စေမည်။ ဤသည်မှာ အက်ဇမ်၏ အကြံအစည်ဖြစ်သည်။

ထိုနေ့မှာပင် အပစ်အခတ် ရပ်စဲရေးကို အကောင်အထည်ဖော်မည်။ ပြီးတော့ ထိုနေ့မှာပင် ဆီးရီးယားတို့ စစ်တိုက်ရန် ပြင်ဆင်မည်။ အက်ဇမ်သည် စာရွက်တစ်ခု ထုတ်ကာ အဖွဲ့ချုပ်အတွင်းရေးမှူးအဖြစ်မှ နှုတ်ထွက်စာရေးသည်။ အဖွဲ့ချုပ်အား အပစ် အခတ်ရပ်စဲရေးကို အတင်းအကျပ် လက်ခံရန် တင်ပြနေသူအား လူသိရှင်ကြား ရှုတ်ချ ရမည်ဟု သူပြောပြီး အစည်းအဝေးမှ သူ ထွက်သွားသည်။

နိုကရာရှီသည် မျက်နှာဖြူဖပ်ဖြူရော်နှင့် ထိုင်ရာမှထပြီး အက်ဇမ်နောက်သို့ လိုက်သည်။ စင်္ကြံတွင် မိသည်။ အင်္ကျီလက်ကို ဆွဲပြီး "အက်ဇမ် ဘယ်လိုပြောလိုက်တာ လဲ၊ ခင်ဗျားဘာလုပ်လိုက်တယ်ဆိုတာ သိသလား၊ ခင်ဗျား ကျွန်တော့်ကို သတ်တာပဲ၊ ခင်ဗျား နှုတ်ထွက်စာနဲ့ အပစ်အခတ်ရပ်စဲရေး ကိုင်ပြီး ကိုင်ရိုကို ကျွန်တော်ပြန်သွားရင် ကျွန်တော် အသတ်ခံရမှာပဲ"ဟု ပြောသည်။

သူ့စကားကြားရလျှင် အက်ဇမ် တုန်လှုပ်သွားသည်။ နိုကရာရှီ၏ စကားမှန်သည် ကို သူသိသည်။ နိုင်ငံရေးသဘောထား ကွဲလွဲသော်လည်း သူတို့မှာ မိတ်ဆွေရင်းချာ များ ဖြစ်သည်။ ဒုက္ခအမျိုးမျိုးကို အတူမျှဝေခံခဲ့ကြသူများ ဖြစ်သည်။

"ကောင်းပြီလေ၊ ကျွန်တော် လက်ခံမယ်၊ ဒါပေမယ့် အာရပ်တွေက ကျွန်တော် တို့ကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး" ထို့နောက် ဘာတစ်ခွန်းမျှ မပြောတော့ဘဲ အစည်းအဝေးခန်းထဲသို့ သူ ပြန်ဝင်ကာ နှုတ်ထွက်စာကို ဆွဲဆုတ်လိုက်သည်။

ဘတ်စ်ကားထဲတွင် အသံမကြားရ၊ တိတ်ဆိတ်နေသည်။ ပင်ဟတ်ဘရက်တာ သည် ညစာစားရန် အိမ်ပြန်ခဲ့မည်ဟု မိန်းမအား ပြောခဲ့သည်။ သူ့မိသားစု ဘယ်လို နေမည်လဲ သူစဉ်းစားနေသည်။ သူတို့ ဘတ်စ်ကားများသည် ဘယ်ဖာဘီလုမှ ဟာလန်ကို ဖြတ်ကာ လက်ထရမ်ဆီသို့ သွားနေသည်။

ညသန်းခေါင်တွင် ပထမကားများ ဂျူဒီယာ တောင်ကုန်းအခြေသို့ ရောက်သည်။ လေအေးတစ်ချက်တိုက်လျှင် ရှပ်အင်္ကျီသာ ဝတ်ခဲ့သူများ အေးစိမ့်သွားသည်။ ကောင်း ကင်တွင် မီးစိမ်းမီးဝါများ လင်းလက်လာသည်။ သူတို့ ရောက်လာပြီဖြစ်ကြောင်း အာရပ် အမြောက်တပ်ဖွဲ့တစ်ခုသို့ အချက်ပေးလိုက်ခြင်း ဖြစ်သည်။ မာမွတ်မေတား၏ မော်တာ

http://mmteashop.com



ကျည်ဆန်များက စတင် နှုတ်ဆက်သည်။ သူတို့ လူသိုက် ဘတ်စ်ကားကြမ်းပြင်တွင် ဝပ်နေကြသည်။ မြန်မာလမ်း၏ အရှေ့ဘက်အစွန်း အိတ်ဆူဆင်သို့ ကားများ မောင်းသွားသည်။ ထိုနေရာတွင် အိတ်များကို ကျောတွင်ပိုးကာ သူတို့တစ်တွေ ကားပေါ်မှ ဆင်းကြသည်။

ထို့နောက် ဘား ရှယ်မာက ခေါင်းဆောင်ကာ ညအမှောင်ထဲသို့ သူတို့ ချီတက်ကြသည်။

တောင်ဆင်းတစ်ခုပြီးလျှင် အတက်တစ်ခု တွေ့ရသည်။ ပထမဆုံး တောင်တက်ခရီးဖြစ်သည်။ အလင်းရောင်မရှိသဖြင့် ကျောက်တုံးများပေါ် ချော်လဲသည်။ တောင်အောက်သို့ လိမ့်ဆင်းကျသွားသည်။ နှလုံးရောဂါရှိသူတစ်ယောက် ချောင်းထဲသို့ လဲကျသေဆုံးသည်။

စကားတစ်ခွန်းမျှမပြောဘဲ အသံတစ်ချက်မပြုဘဲ မငိုကြွေးဘဲ ဆက်လက်ချီတက်ကြသည်။ ရှေ့ဆုံးက ဘား ရှယ်မာသည် လက်ထရမ်မှ အမြောက်များ မပစ်ခတ်ပါစေနှင့်ဟု ဆုတောင်းသည်။ နောက်ဆုံးတွင် သုံးနာရီ ကုန်လွန်ခဲ့ပြီးနောက် အရုဏ်မတက်မီ အလင်းရောင်ကို မြင်ရသည်။ ထိုအချိန်တွင် ဂျေရုဆလမ်မှ ရောက်လာကြသည့် ပေါ်တာဝန်ထမ်းတစ်ဖွဲ့သည် ရိက္ခာအိတ်များကို ထရပ်ကားများ၊ ဂျစ်ကားများပေါ်သို့ သယ်ယူကြသည်။ ဂျေရုဆလမ်မြို့ရှိ ဂျူးသုံးသောင်းအတွက် နောက်ထပ် တစ်ရက်စာ ရိက္ခာများကို တယ်အဗစ်မှ ဘားမာရှယ်၏ ရဲဘော်သုံးရာက သယ်ဆောင်ခဲ့လေသည်။

အရုဏ်တက်တွင် ဒိုဂျီးဇက်၏ မန်နေဂျာ အေရီယေးဘယ်လ်ကိုင်းသည် ဗဟိုရိက္ခာရုံသို့ ရောက်လာသည်။ ရိက္ခာရုံထဲ ဝင်သွားလျှင် ကြမ်းပြင်ပေါ်၌ အိတ်များ အထပ်လိုက်ပုံနေသည်ကို တွေ့ရသည်။ အိတ်တစ်ခုကို ဘယ်လ်ကိုင်းဖွင့်ကာ လက်နှိုက်၍ စမ်းကြည့်သည်။ ဂျုံမှုန့်များကို သူစမ်းမိသည်။ အားရဝမ်းသာ ဖြစ်ကာ မချုပ်တည်းနိုင်ဘဲ ဘယ်လ်ကိုင်း ငိုကြွေးလေသည်။

ooo

http://mmteashop.com



## အပိုင်း (၄၄)

## အသက်ရှင်သူတွေအတွက်

"ခု မာမွတ်ရှိဆန်ပြောနေတယ်၊ ပုလိပ်ဂတ်တဲကို ဂျူးတွေ သိမ်းထားတယ်၊ အမြောက်နဲ့ ပစ်နိုင်သလောက် ပစ်ပါ"

လက်ထရမ်စခန်းတွင် လူတစ်ယောက်သည် အာရပ် ရေဒီယိုအဆက်အသွယ်မှ ကြားရသည့် ထိုစကားကို နားထောင်ကာ လီးဂျင်း၏ အခြေအနေကို တွက်ချက်နေသည်။ မိုက္ကရိုဖုန်းကိုကိုင်ကာ တကယ့် ကပ္ပတိန် မာမွတ်ရှိဆန်က ယခုလို ပြောသည်။ "ခု ပြောတာ မာမွတ်ရှိဆန်ဖြစ်တယ်၊ ဂျူးတွေက တို့ကို တစ်ပတ်ရိုက်နေတယ်၊ ဂတ်တဲကို ဘယ်သူမှ မပစ်ရဘူး၊ တို့လူတွေ အထဲမှာ ရှိနေတယ်"

သူတို့ လှည့်ကွက်ကို အာရပ်တို့ သိသွားသည်။ ဌာန် (၉)ညတွင် နိုင်ခါနီးအခြေအနေ ပျက်ပြားသွားသည်။ လက်ထရမ်ကို တတိယအကြိမ် အာရပ်လီးဂျင်းလက်မှ သိမ်းပိုက်ရန် ဂျူးတပ်မတော်က ကြိုးစားသည်။

အမြောက်တပ်ကို ထိန်းချုပ်ကွပ်ကဲသည့် ဗဟိုဌာနကို သူတို့ စီးမိသည်။ ကာနယ် ဟာဘီမာဂျာလီ၏ ကွပ်ကဲရေးစခန်းကို ဝင်သိမ်းရန် ဖြစ်သော်လည်း စစ်ကူများ မရောက်လာသဖြင့် တုံ့ဆိုင်းသွားသည်။ အရုဏ်မတက်မီ အာရပ်ထမင်းချက်များ၊ စာရေးများ၊ အချက်ပြဆက်သွယ်ရေးတပ်သားများကို တပ်ရင်း၏ ဘုန်းကြီးက စုဝေးကာ "အလ္လာ အက်ကဘာ" ဟု ခေါ်ပြီး လက်ထရမ်တောင်ကုန်းကို ပြန်လည်သိမ်းပိုက်သည်။

လက်ထရမ်တွင် ဟာဂါနားတို့ တတိယအကြိမ် ရှုံးသည့် သတင်းသည် ဂျေရုဆလမ်သို့ ရောက်လာသည်။ ထိုအချိန်မှာပင် အမှောင်ရိပ်တစ်ခု မြို့တော်ကို ဖုံးလွှမ်းသည်။

ပေါင်မုန့်ဖိုနှစ်ခုအနက် တစ်ခုမှ လီယွန်အိန်ဂျယ်သည် ကြမ်းပေါ်သို့ ဂျုံမှုန့်များ သွန်ချသည်။ ယင်းတို့မှာ ဘိတ်ဆူဆင်မှ လူလတ်ပိုင်းများ သယ်လာသည့် ပစ္စည်းများ ဖြစ်သည်။ ထိုနေ့မနက်က ရှိသည့်ဂျုံမှာ လူတစ်ယောက် ပေါင်မုန့်တစ်လုံး၏ သုံးပုံ တစ်ပုံပေးလျှင် နောက်ထပ် လေးဆယ့်နှစ်နာရီအတွက် ရိက္ခာလုံလောက်သည်။ သို့ဖြစ်ရာ ဂိုးဇက်နှင့် ရှယ်လတီးယယ်တို့က အရပ်သားနှင့် စစ်သားအနက် မည်သူ့ကို အရင်ရိက္ခာ

http://mmteashop.com



ဖြတ်တောက်ရမည်လဲ စဉ်းစားကြသည်။ ရှနဲလား အခြေစိုက်စခန်းတွင် ကြာသပတေးနေ့ မနက်ပိုင်းတွင်ရှိသည့် ရာရှင်မှာ သံလွင်သီး ခြောက်ခု၊ ပေါင်မုန့်တစ်လွှာနှင့် လက်ဖက်ရည်တစ်ခွက် ဖြစ်သည်။

မိသားစုများ စုဆောင်းထားသည့် အပိုရိက္ခာများ စားသုံးပြီးပြီ။ မှောင်ခိုဈေးမှာ ပင် ရောင်းစရာပစ္စည်း မရှိ။ ဂျေရုဆလမ် အငတ်ဘေးဆိုက်တော့မည်။ အစားအစာ လုယက်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ဘင်ဂူရီယန်က ဂျိုးဇက်အား အကြံတစ်ခုပေးသည်။ ဥရောပဂျူးများကို အရှေ့တိုင်းသားဂျူးတို့ထက် ပို၍ဖြတ်ပါဟု ဆိုသည်။ အနောက်နိုင်ငံများက ထိုအခါတွင်မှ အခြေအနေကို နားလည်နိုင်မည်ဟု ယူဆသည်။

"ဘာရယ်" ဂျိုးဇက် အော်ပြောသည်။ "သူတို့မကူလို့ အပြစ်ပေးရမယ်ပေါ့ ဟုတ်လား၊ ဘယ်တော့မှ အဲဒီလို မလုပ်နိုင်ဘူး"

အာရပ်အမြောက်များသည် နှစ်ဆယ့်ခြောက်ရက်တိုင်တိုင် မြို့တော်ကို ပစ်ခတ်သည်။ လွန်ခဲ့သည့် လေးဆယ့်ရှစ်နာရီအတွင်း အီမိုင်းဂျူမင်းသည် ဂျေရုဆလမ် လမ်းများပေါ်တွင် အမြောက်ဆန် (၆၇၀) ပစ်ခတ်ခဲ့သည်။ ရှယ်လတီးယယ်မှာ အနည်းငယ်သာ ပြန်ပစ်နိုင်သည်။ ဂျူးတို့ကို အပြစ်ပုံချအောင် ဂျူမင်း တစ်ခု စွန့်စားသည်။ မြင့်မြတ်သော ဘုရားကျောင်းနှင့် ကျောက်တုံးလိပ်ခုံးတို့ပေါ်သို့ အမြောက်ဆန်တစ်ခုစီ ပစ်ခတ်သည်။

ဒိုဂျိုးဇက်ရုံးမှ မိုင်နှစ်ဆယ်ဝေးသည့် ဘက်အယ်ဝက်တောင်ကြော အမှောင်ထုတွင် အမေရိကန် သတင်းစာဆရာနှစ်ယောက်သည် ဂျစ်ကားတစ်စီးတွင် စီးနင်းလိုက်ပါလာသည်။ သူတို့ ဖြတ်သန်းသည်တွင် မြန်မာလမ်းမကို တရားဝင် ဖွင့်လှစ်လိုက်သည်ဟု ကြေညာသည်။

အစ္စရေးတို့က အပစ်အခတ်ရပ်စဲရေး မကြေညာမီက ဖွင့်လှစ်ရန် ကြိုးစားသည်။ သို့မှသာ ထိုလမ်းသစ်သည် ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေး နယ်နိမိတ်တွင် အကျုံးမဝင်မည် ဖြစ်သည်။

ထိုဂျစ်ကားရှေ့ မိုင်အနည်းငယ်အကွာ အာရပ်တို့၏ အဘူဂိုရှ၏ ဘုရားကျောင်းနားတွင် သေနတ်သံတစ်ချက်က ည၏ တိတ်ဆိတ်ခြင်းကို တုန်ခါသွားစေသည်။ ဘက်အယ်ဝက်နှင့် ဂျေရုဆလမ်အကြား ဂျူး ကင်းစခန်းတစ်ခုမှ ဂျူးစစ်သားတစ်ယောက်သည် သူပစ်လိုက်သည့် အဝတ်ဖြူရုံထားသည့် လူတစ်ယောက်နောက်သို့ ပြေး၍ လိုက်သည်။ ဒေးဗစ်မားကပ်သည် သူဖောက်သည့်လမ်း ဖွင့်သည့်ပွဲကို မတက်လိုက်ရတော့ပေ။ အိပ်ရာမှထကာ အပေါ့သွားရန် ကွင်းထဲသို့ ထွက်အလာ အာရပ်ရန်သူနှင့်မှားပြီး ဂျူးစစ်သားက သူ့ကို ပစ်သတ်လိုက်ခြင်း ဖြစ်သည်။

ဇွန် (၁၁) သောကြာနေ့မနက် (၈)နာရီသာသာတွင် အာရပ်သတင်းစာဆရာတစ်ယောက် မေဂျာအက်ဘဒူလာတဲ၏ ရုံးခန်းထဲ ဝင်လာသည်။ ထိုစဉ် တယ်လီဖုန်းသံမြည်သည်။

http://mmteashop.com



"ဟုတ်ကဲ့ ဘုရင်မင်းမြတ်" ဟု "တဲ" က ပြန်ထူးသည်ကို ကြားရသည်။ ရုံးခန်းထဲ ဝင်လာသူ အဘိုရီသည် ဘုရင်အက်ဘဒူလာ၏ အသံကို ကြားနေရသည်။

"ခင်ဗျားဟာ စစ်သားနော်၊ အခု ကျွပ်အမိန့်ပေးနေတယ်၊ ဆယ်နာရီမှာ အပစ်အခတ်ရပ်စဲရေး ကြေညာရမယ်" ထို့နောက် သူ့စကားကို လေးနက်စေရန် နေ့လယ်မွန်းတည့်ချိန်တွင် ဂျေရုဆလမ်မြို့တွင်း ဗလီသို့ ဘုရားဝတ်ပြုရန် သူလာမည်ဟု ပြောသည်။

တဲ စိတ်မချမ်းမြေ့။ ခေါင်းဆောင်းဖြင့် မျက်စိကို ပွတ်ကာ လမ်းထဲသို့ ခပ်မြန်မြန် ထွက်သွားသည်။

နောက်နှစ်နာရီအတွင်း နှစ်ဖက်စလုံး အပြင်းအထန် ပစ်ခတ်ကြသည်။ ဆယ်နာရီတွင် နောက်ဆုံး သေနတ်သံများ ကြားရသည်။ ထို့နောက် သေနတ်သံများ စဲသွားသည်။ မြို့ဟောင်းထဲတွင် လီးဂျင်း စစ်သားတစ်ယောက်၏ ပါးစပ်မှ နောက်တစ်ယောက်သို့ အပစ်အခတ် ရပ်စဲရေးသတင်းပျံ့သွားသည်။ နော်တာဒမ်၊ မယ်ဒယ်ဘွန်၊ ဇီယွန်တောင်ကုန်းတို့တွင် ဥဩသံကြားသဖြင့် ဒေးဗစ်ရှယ်လတီးယယ်၏ စစ်သားများ သေနတ်ပြောင်းကို အောက်သို့စိုက်ချလိုက်ကြသည်။ မနက် (၁၀း၀၄)နာရီတွင် ထူးဆန်းသော တိတ်ဆိတ်ခြင်းသည် ဂျေရုဆလမ်တစ်မြို့လုံးကို လွှမ်းခြုံလိုက်လေသည်။

မြို့ဟောင်း၏ အာရပ် ရပ်ကွက်များတွင် အပစ်အခတ်ရပ်စဲရေးကို မယုံမရဲနှင့် လက်ခံကြသည်။ ထို့နောက် ဝမ်းနည်းသည်။ ဒေါသဖြစ်သည်။ ထို့နောက် အစုအဝေး ငယ်လေးများဖွဲ့ကာ "နိုင်ငံရေးသမားများ အောင်ပွဲကိုလက်လွတ်အောင် လုပ်သည်"ဟု ဆန္ဒပြကြသည်။ မတ်ဖတီ၏ စစ်သားအချို့ သေနတ်များပစ်ခတ်သည်။ တဲ၏ လီးဂျင်းတပ်သားတို့က သူတို့ကိုရှုံးအောင် ထိန်းသိမ်းရသည်။ သို့သော်လည်း သူတို့သည် လမ်းများထဲသို့ထွက်ကာ ဘီဒိုအင်း အသုဘအကကို ကကြလေသည်။

ဂျူးအေဂျင်စီရုံးခန်းတွင် ဒေးဗစ်ရှယ်လတီးယယ်သည် အရာရှိများကိုစုဝေးကာ သူ့စားပွဲအောက်ဆုံးအံဆွဲမှ ပြင်သစ် ရှမ်ပိန်တစ်လုံးထုတ်ပြီး အသက်ရှင်ကျန်ရစ်သူများအတွက် ရည်မှန်းကာ သောက်သည်။ အရာရှိများကိုလည်း သောက်စေသည်။ ထို့နောက် လေးပတ်အချိန်အတွင်း နောက်တစ်ပွဲအတွက် အသင့်ပြင်ကြရန် သတိပေးသည်။ နောက်တစ်ပွဲသည် သူတို့အောင်ပွဲဖြစ်မည်ဟု ရှယ်လတီးယယ် ကတိပေးသည်။

ဘုရင်အက်ဘဒူလာသည် သူပြောခဲ့သည့်အတိုင်း ဂျေရုဆလမ်အိုမာဗလီသို့ ဝတ်ပြုရန် မွန်းတည့်တွင် ရောက်လာသည်။ ထုံးစံအတိုင်း အငွေ့တထောင်းထောင်းထနေသော သိုးသားကင်ဖြင့် ဘုရင်မင်းမြတ်ကို တည်ခင်းဧည့်ခံသည်။ တစ်ယောက်က စကားများများပြောလျှင် အက်ဘဒူလာက သိုးလျှာကိုဖြတ်ကာ သူ့ကိုပေးသည်။ ထုံထိုင်းထိုင်း ပုဂ္ဂိုလ် သို့မဟုတ် သူသဘောမတွေ့သူကို သိုးဦးနှောက်ကျွေးသည်။ ယနေ့ဂုဏ်ပြုထိုက်သူကို သူဂုဏ်ပြုသည်။ ပထမဆုံး ဂုဏ်ပြုခံရသူမှာ အက်ဘဒူလာတဲ ဖြစ်သည်။ "တဲ"ကို မေဂျာမှ ကာနယ်အဆင့်သို့ တိုးပေးလိုက်သည်။

http://mmteashop.com



ပြန်ရန်နေရာမှ ဘုရင်ထလျှင် တစ်ယောက်စီ သူ့ရှေ့ဖြတ်ကာ သူ့လက်ကို နမ်းရှုပ်ကြသည်။ သာမန်အချိန်ဆိုလျှင် သူ့လက်ဝါးကို မှောက်ထားသည်။ စိတ်ဆိုးလျှင် လက်သီးဆုပ်ထားသည်။ "ဂျေရုဆလမ်ကို ကယ်တင်ပါ" ဟု သူစေခိုင်းသူကိုကား လက်ဝါးကိုလှန်ကာ နမ်းရှုပ်စေသည်။

ဇွန် (၁၁)မှာ ဂျေရုဆလမ်ကို ကယ်တင်သူ အရာရှိငယ်တစ်ယောက်၏ အောင်ပွဲရသည့် နေ့လည်းဖြစ်သည်။ ပါလမက် ဂျစ်ကားတစ်စီးပေါ်တွင် နောက်ဘက်၌ အင်္ဂလိပ်အမျိုးသမီးကြီးတစ်ယောက် ပန်းတွေဝေနေသော ဦးထုပ်ဆောင်းကာ ပထမကွန်ဗွိုင်းနှင့်အတူ ဂျေရုဆလမ်မြို့မှ ထွက်ခွာသွားသည်။ အမျိုးသမီးကြီးမှာ ယိုးဆက်နေဗိုင်၏ ယောက္ခမဖြစ်လေသည်။ ယနေ့ညတွင် ယိုးဆက်နေဗိုသည် ငါးပတ်ရွှေ့ဆိုင်းခဲ့ရသည့် မင်္ဂလာလက်ထပ်ပွဲ ဆင်နွှဲသည်။

ဒေးဗစ်ဘင်ဂူရီယန်အဖို့ကား ရက်သုံးဆယ် အပစ်အခတ် ရပ်စဲရေးသည် 'ရွှေအိပ်မက်' တစ်ခုဖြစ်သည်။ ခွဲခြမ်းရေးဆန္ဒပေးသည့် ညတုန်းကလိုပင် အခမ်းအနားတစ်ခု ဆင်ယင်ကျင်းပချိန်မရ။ သူ့ရှေ့က စားပွဲပေါ်တွင် အေးဟတ်အက်ဗရီယယ်ထံမှ အစီရင်ခံစာတစ်စောင် ရောက်နေသည်။ လက်နက်အပြည့် တင်ထားသော သင်္ဘောတစ်စင်း ယူဂိုဆလားဗီးယားမှ ထွက်ခွာရန် အသင့်ရှိနေသည်။ ပြင်သစ်တွင် (၁၀၀) မီလီမီတာ မော်တာများဝယ်ခဲ့သည်။ ချက်တို့က လေယာဉ်မှူးများနှင့် လေထီးစစ်သားများကို သင်ကြားပေးရန် သဘောတူသည်။ သံချပ်ကာကား ပါရဂူများလည်း ပို့ပေးမည်။ ပရတ်မှ တယ်အဗစ်သို့ မရပ်မနားဘဲ ပျံနိုင်သည့်လေယာဉ်ပျံများ ရောက်လာသည်။

နိုင်ငံသစ်တည်တံ့ပြီ။ သမိုင်းစာမျက်နှာသစ် တစ်ခုစပြီဟု သူယုံကြည်သည်။ သူ့ရန်သူများသည် ထိုနေ့က မဟာအမှားတစ်ခုကို ကျူးလွန်ခဲ့ကြသည်။

ooo

http://mmteashop.com



အပိုင်း (၄၅)

# ရက်သုံးဆယ် ရပ်နားမှု

ဂျေရုဆလမ်ကို သိမ်းပိုက်ရန် ကြိုးစားသူနှစ်ယောက် ဂေါ်ဒီဖရိုင်ဒီဘုလီယန် လမ်း၌ တွေ့ဆုံကြသည်။

ဒေးဗစ်ရှယ်လတီးယယ်နှင့် အက်ဘဒူလာတဲတို့ တစ်ဦးကိုတစ်ဦး အကဲခတ်ပြီး အပြန်အလှန် အလေးပြုကာ လက်ဆွဲနှုတ်ဆက်သည်။ ပထမဆုံးကိစ္စမှာ မြို့ဟောင်း အာရပ် ရပ်ကွက်ဖြစ်သည့် 'မက်စရာရာ' တွင် အပစ်အခတ်ရပ်စဲရေးမျဉ်း သတ်မှတ်ရန် ဖြစ်သည်။ လွန်ခဲ့သည့်ညနေက ဟာဂါနားက တိုက်ထုတ်လိုက်သဖြင့် အာရပ်အပျော် တမ်းတပ်များ နောက်သို့ ကိုက်နှစ်ရာဆုတ်ရသည်။ ရှယ်လတီးယယ်က သူတို့နိုင်သည့် နယ်မြေ ပါဝင်ရမည်ဟု ဆိုသည်။

"အဲဒါ ခင်ဗျားမြေဆိုရင် ဘယ်မှာလဲခံတပ်" ဟု "တဲ"က မေးသည်။

"ကျွန်တော်တို့ရဲ့ သွေးစွန်းနေတဲ့ အင်္ကျီတွေဟာ ကျွန်တော်တို့ခံတပ်ပေါ့" ဟု ရှယ်လတီးယယ်က တိုးတိုးပြန်ဖြေသည်။

တဲ ကျေနပ်သွားသည်။ "ကောင်းပြီလေ ခင်ဗျားစကားကို၊ အရာရှိတစ်ယောက်၊ ပြီးတော့ လူကြီးလူကောင်းတစ်ယောက် ပြောတဲ့စကားလို့ ကျွန်တော်လက်ခံမယ်" ဟု ဆိုသည်။

ဂျေရုဆလမ် ဂျူးရပ်ကွက်သည် နဂိုကအတိုင်း စည်ကားလာသည်။ ဆိုင်များ ပြန်ဖွင့်သည်။ လမ်းများ ရှင်းလင်းလှည်းကျင်းထားသည်။ ပါလက်စတိုင်းပို့ သတင်းစာ ထွက်သည်။ ဘတ်စ်ကားများ ပြေးသည်။ ပထမဆုံး ကွန်ဗွိုင်းများ ကမ်းခြေမှရောက်လာ သဖြင့် ဂျေရုဆလမ်တစ်မြို့လုံး အစားအသောက် အလျှံပယ်ပေါလာသည်။

ဒိုဂျိုးဇက်သည် ကုလသမဂ္ဂဖျန်ဖြေသူ ကောင့်ဘာနာဒုတ်နှင့် ဆွေးနွေးသည်။ ဆွီဒင်သံတမန်က အပစ်အခတ်ရပ်စဲရေး ကုန်ဆုံးသည့်ရက်တွင် အပစ်အခတ်စသည့် ရက်က သယ်ယူသည့်ရိက္ခာ အရေအတွက်အတိုင်း သယ်ယူရမည်ဟုဆိုသည်။ ဂျိုးဇက် လက်မခံ။ မြန်မာလမ်းမသည် ကုလသမဂ္ဂအုပ်ချုပ်မှုအောက်တွင် မရှိ။ "ကျွန်တော်တို့ ဘယ်လောက်ပဲ စားရမယ်လို့ ခင်ဗျား ချုပ်ချယ်လို့မရဘူး" ဟု ပြောသည်။

http://mmteashop.com



ဒေးဗစ်ရှယ်လတီးယယ်သည် ထိုကာလအတွင်း ရိက္ခာ၊ လူသူ၊ လက်နက် စုဆောင်းရန် စီမံချက်များ ရေးဆွဲသည်။

ဒေးဗစ်ဘင်ဂူရီယန် တပ်မှူးအားလုံးကို တယ်အဗစ်သို့ ခေါ်ယူသည်။ ပင်ပန်းဆင်းရဲသော်လည်း ဌာန် (၁၂)မနက်တွင်မှ သူတို့အသက်ရှင်လျက် ရှိနေသေးသည်။ ဤသည်ပင် အောင်မြင်ခြင်းတစ်ခုဖြစ်သည်ဟု ကျေနပ်နှစ်သက်စွာ ခံယူကြသည်။

အကျအဆုံး များသည်။ မျှော်လင့်သည်ထက် များသည်။ မြောက်ပိုင်းတပ်မှူး မိုရှေကာမယ်က "အပစ်အခတ် ရပ်စဲရေးသည် ကောင်းကင်ကကျလာသည့် နှင်းရည်တစ်စက်နှင့် တူသည်" ဟု ဆိုသည်။

ဟိုက်ဖာဆိပ်ကမ်းတွင် လက်နက်သေတ္တာများ အစုလိုက်အပုံလိုက် ရောက်လာသည်။ တင့်ကားပစ်အမြောက် မရှိသည်မှာဆိုးသည်။ စစ်သားများမှာ ဖိနပ်မပါဘဲ နေပူကို မကာကွယ်နိုင်သည့် ဦးထုပ်များဖြင့် တိုက်ပွဲဝင်ရသည်။

ဒေးဗစ်ဘင်ဂူရီယန်သည် စိတ်ရှည်လက်ရှည် နားထောင်သည်။ ထို့နောက် "အပစ်အခတ်ရပ်စဲရေးက အချုပ်အချယ်ရှိသော်လည်း လက်နက်နှင့်လူများကို ဆိုက်ပရတ်နှင့် ဥရောပမှ ခေါ်ယူမည်။ စစ်သင်တန်းများ ပေးမည်။ ဖိနပ် အင်္ကျီထက် စည်းကမ်းက အရေးကြီးသည်။ "တပ်တွေ အများကြီးရှိတာထက် တစ်ခုတည်းကို စနစ်တကျ ကွပ်ကဲရတာက ကောင်းသေးတယ်" ဟု ဆိုသည်။ "နောက်တစ်ကြိမ်တွင် အောင်ပွဲရရန်စီမံချက် ရှိရမည်။ သို့မဟုတ်လျှင် ရှုံးမည်။ စစ်ပွဲအသစ်ပြန်စလျှင် အဆုံးအဖြတ်ပေးနိုင်သည့် အခန်းကဏ္ဍက စနိုင်လျှင်ကောင်းသည်။ စစ်ပွဲပြန်စမှာလည်း သေချာသည်" ဟုဆိုသည်။

အပစ်အခတ်ရပ်စဲရေး ကာလအတွင်း အစ္စရေးတို့ဘက်က မြန်မာလမ်းမကို အပြီးသတ်ဖောက်လုပ်နိုင်ခဲ့သည်။ ဌာန် (၁၉) တွင် ထိုလမ်းသစ်အတိုင်း ဝန်သုံးတန်စီတင်လာသော ထရပ်ကား (၁၄၀) ဂျေရုဆလမ်သို့ ရောက်လာသည်။ ဗြိတိသျှတပ်မဟာမှူးတစ်ယောက်က "အဲဒီနေရာမှာ သူတို့လမ်းဖောက်လို့ မရနိုင်ဘူး" ဟု ပြောသည့်တောင်ကြောကို ဖြတ်ကာဖောက်သည့် လမ်းသစ်ဖြစ်သည်။

ဒေးဗစ်ရှယ်လတီးယယ်၏ လူများသည် ဒိုင်းနမိုက်တန်လေးဆယ်၊ ရိုင်ဖယ်စတင်းဂန်း ချက်စက်သေနတ်က ရာပေါင်းများစွာ၊ လက်ပစ်ဗုံးသေတ္တာလိုက်၊ ကျည်ဆန်သေတ္တာလိုက် ဟာဂါနား၏လက်နက်တိုက်များသို့ သယ်ယူလာသည်။ ထို့နောက် နှစ်လက်မ၊ သုံးလက်မနှင့် ခြောက်လက်မ မော်တာများ ရောက်လာသည်။ နောက်တစ်ကြိမ်စစ်ဖြစ်လျှင် ဟာဂါနားတို့သည် ကျည်ဆန်များ မိုးသီးမိုးပေါက်ရွာသလို ပစ်နိုင်ပြီ။

ကားအသွားအလာ များလာသည်နှင့်အမျှ အခြား ကွန်ဗွိုင်းများကလည်း ဒိုဂျိုးဇက်၏ ရိက္ခာဂိုဒေါင်များကို ဖြည့်တင်းပေးသည်။ ပထမပတ်အတွင်း ရိက္ခာတန်ချိန် (၂၀၀)စုဆောင်းနိုင်ခဲ့သည်။ အက်ဘဒူခါဒါဟတ်ဆေနီက ဂျေရုဆလမ်ကို လည်မျိုညစ်သတ်မယ်ဟု ကြုံးဝါးခဲ့သည်။ ယခုမူ ဌာန် (၂၂)တွင် ထရပ်ကားများဖြင့် ဇိမ်ခံသစ်သီးဖြစ်သည့် လိမ္မော်သီးများ ရောက်လာသည်။

http://mmteashop.com



မြန်မာလမ်းမအတိုင်း ဂျေရုဆလမ်သို့ ရောက်လာသော ရိက္ခာများသည် နောင်တွင်ဖြစ်ပေါ်လာမည့် ဖြစ်ရပ်များ၏ အရိပ်အခြည်မျှသာ ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး စည်းကမ်းများကို ချိုးဖောက်ပြီး မေ(၁၂)မှစ၍ လက်နက်များ ဝင်လာသည်။

မက္ကဆီကိုမှ အက်စ်အက်စ်တေဖာလော့ သင်္ဘောဖြင့်(၇၅)မီလီမီတာ သုံးဆယ့်ခြောက်ခု၊ စက်သေနတ်ငါးရာ၊ အမြောက်ကျည်ဆန် တစ်သောင်းခုနစ်ထောင်၊ ရိုင်ဖယ်ကျည်ဆန် ခုနှစ်သန်းနှင့် သကြားတန်(၁၄၀)တင်ဆောင်လာသည်။ မြေထဲပင်လယ်အဝင်ဝ ဂျီဘရော်လ်တာတွင် ဗြိတိသျှတို့က စစ်ဆေးလျှင် သကြားတန် (၁၄၀)က အကာအကွယ်ပေးမည် ဖြစ်သည်။ ပါလက်စတိုင်းသို့ အမေရိကမှ သင်္ဘောနှစ်စီးစာ စစ်လက်ကျန်ဂျစ်ကားများ၊ ထရပ်ကားများ၊ သံချပ်ကာကားများ၊ ဗုံး လုပ်ရန် ဓာတုဗေဒပစ္စည်းများ၊ ဘဇူကာလုပ်ရန် စက်ပစ္စည်းများ တင်ပို့သည်။

ပရတ်တွင် အားဟတ်အက်ဗရီယယ်သည် လက်နက်များကို ဆက်လက်ဝယ်ယူသည်။ အစ္စရေးလေတပ်တစ်ခု ထူထောင်ရန် လေယာဉ်အမျိုးမျိုး ဝယ်ယူသည်။ ယင်းတို့ကို ပျံသန်းနိုင်ရန် အပျော်တမ်းများ၊ ဇီယွန်ဝါဒီများ၊ ဇီယွန်ဝါဒီ မဟုတ်သူများ၊ ဂျူးများ၊ ဂျူးမဟုတ်သူများသည် အက်ဗရီယယ်၏ ဇာတက်အခြေစိုက်စခန်းသို့ ရောက်လာကြသည်။ ဤသို့ဖြင့် ခြောက်လအတွင်း ဟာဂါနားလေကြောင်းသည် အရှေ့အလယ်ပိုင်းတွင် အင်အားအကောင်းဆုံး လေတပ်တစ်ခု ဖြစ်လာသည်။ ဟိမ်းဆလာဗိုင်း၏ လက်နက်စက်ရုံက တစ်နေ့မော်တာကျည်ဆန် ကိုးရာနှင့် ရိုင်ဖယ်ကျည်ဆန် ခြောက်ထောင် ထုတ်လုပ်သည်။ ဆိုက်ပရတ်နှင့် ဥရောပမှဂျူးများ အစ္စရေးသို့ နေ့စဉ်ရောက်လာသည်။

ဘင်ဂူရီယန် ကြိုပြီးမြင်သကဲ့သို့ ဒီရေသည် ပြောင်းလဲနေသည်။ ပြီးတော့ မြန်မြန်ဆန်ဆန် ပြောင်းလဲနေသည်။

အာရပ်တို့မှာ ဂျူးတို့လောက် လက်နက်မစုဆောင်းနိုင်။ ဂလပ်သည် စူးအက်သို့သွားကာ ဗြိတိသျှတပ်မှူးဟောင်း မိတ်ဆွေအပေါင်းအသင်းတစ်ယောက်အား တောင်းပန်ကာ လက်နက်တောင်းသည်။ "ကျွန်တော်တို့ ခင်ပါတယ်၊ ဒါပေမယ့် ကျည်ဆန်တစ်တောင့်မှ မပေးနိုင်ဘူးလို့ ခပ်ပြတ်ပြတ်ပြောတယ်" ဟု ဂလပ်က ပြန်ပြောင်းအမှတ်ရကာ ပြောပြသည်။

အမ်မမ်မြို့ အာအေဖက်စတိုမှ လက်နက်ငယ် အတန်အသင့်ခိုးရန် ဂလပ်စီစဉ်သည်။ သို့သော်လည်း အမြောက်ကျည်ဆန် ထောင်ချီပြီးရှိနေသော ရန်သူကို ရင်ဆိုင်ရန် သူ့ဘက်က (၂၅)ပေါင်ဒါ အမြောက်ကျည်ဆန် တစ်ခုမျှ မထုတ်လုပ်နိုင်။

သို့သော်လည်း အာရပ်တို့အဖို့ ကျေနပ်စရာတစ်ခု ရှိသည်။ အက်စ်အက်စ်လီနိုနှင့် ဘင်လာသော ရိုင်ဖယ်များကို ရေအောက်မှဆယ်ယူပြီး အမဲဆီထည့်ကာ သေတ္တာဖြင့် သိမ်းဆည်းထားနိုင်ခဲ့သည်။ ယင်းတို့ကို အလက်ဇင်းဒါးဆိပ်ကမ်းသို့ပို့ရန် ကာနယ်ဖို့အက်မာဒမ် သင်္ဘောရှာသည်။ နောက်ဆုံးတွင် ရောမမြို့မှ ကိုယ်စားလှယ်တစ်ယောက်က အကူအညီပေးသည်။ လိုင်ယာတစ်သန်းပေးကာ အက်စ်အက်စ်အာဂီရိုကို ငှားသည်။

http://mmteashop.com



ဒမတ်စကတ်သို့ သံကြိုးရိုက်၍ သတင်းကောင်းပေးသည်။ သို့သော်လည်း နိဂုံးမကောင်း။ မာဒမ်၏ ရိုင်ဖယ်များသည် အလက်ဇင်းဒါးသို့မရောက်ဘဲ တယ်အဗစ်သို့ ရောက်သွားသည်။ အက်စ်အက်စ်အာဂီရို၏ ပိုင်ရှင်မှာ အစ္စရေးရေတပ်ဖြစ်သည်ကို သင်္ဘောကိုယ်စားလှယ်က မာဒမ်အားပြောရန် မေ့သွားသည်။

ဘင်ဂူရီယန်နှင့် အစ္စရေးခေါင်းဆောင်များအဖို့ အနာဂတ်ကို ယုံယုံကြည်ကြည် ရင်ဆိုင်ရန်အသင့်ရှိသော်လည်း နာကျည်းစရာတစ်ခု ကြုံရသည်။ အာရပ်တပ်မကြီးငါးခု ဝင်လာသည်ထက် ပို၍နာသည်။ ဒေယာယက်ဆင်တွင် လူသတ်ပွဲဆင်နွှဲခဲ့သော အိုင်ယာဂန်အဖွဲ့သည် ပြည်တွင်းအခြေအနေ မတည်ငြိမ်အောင် နှောင့်ယှက်သည်။ အိုင်ယာဂန်၏ ကုန်တင်သင်္ဘော အယ်လ်တာလီနာ အစ္စရေးအပြင်ဘက် ဆိုက်ကပ်သည်မှ ဇာတ်လမ်းစသည်။ ထိုသင်္ဘောတွင် ရိုင်ဖယ်ငါးထောင်၊ သံချပ်ကာကားငါးစီး၊ ဘရင်းဂန်းသုံးရာနှင့် လူကိုးရာ ပါလာသည်။ ထိုလူများနှင့် လက်နက်များကို သင်္ဘောပေါ်မှ ဆင်းခွင့်ပြုလိုက်လျှင် သူတို့သည် ဘင်ဂူရီယန်၏ အစိုးရအာဏာကို ခြိမ်းခြောက်တော့မည်မှာ သေချာသည်။ အစ္စရေးတပ်မတော်တည်ထောင်ရန် သီးခြားတည်ရှိနေသော တပ်ဖွဲ့များကိုဖျက်ရမည်ဟု အမိန့်တစ်ခု ထုတ်ပြန်သည်။ အိုင်ယာဂန်ဂိုဏ်းနှင့် စတန်းဂိုဏ်းတို့ကို ဟာဂါနားကဖိတ်ခေါ်ပြီး သူတို့လူများ ဟာဂါနားလက်အောက် ဝင်ရမည်ဟု ဆိုသည်။ အိုင်ယာဂန်၏ခေါင်းဆောင် မီနာဟမ်ဘက်ဂင်က အပစ်အခတ်ရပ်စဲရေးသည် အရှက်မရှိ လက်နက်ချခြင်းတစ်မျိုးဖြစ်သည်ဟု ရှုတ်ချကာ သီးခြားတပ်တစ်ခုအဖြစ် ရပ်တည်နေသည်။

ဘင်ဂူရီယန်က သင်္ဘောတွင်ပါလာသည့်လက်နက်များ အစိုးရလက်နက်တိုက်သို့ ပို့ရမည်ဟု အမိန့်ထုတ်သည်။ ဘယ်ဂင် မနာခံ။ လက်နက်များကို အိုင်ယာဂန်လက်နက်တိုက်မှာ ထားမည်။ နှစ်ဆယ်ရာခိုင်နှုန်းကို ဂျေရုဆလမ်တွင် တိုက်ပွဲဝင်နေသော သူ၏ အိုင်ယာဂန်တပ်များသို့ ပို့မည်ဆိုသည်။ ဇွန်(၂၀)တွင် လက်နက်များချခိုင်းသည်။ အလက်ဇင်ဒရိုနီတပ်မဟာ၏ စပ်သားခြောက်ရာက သင်္ဘောမှ လက်နက်များ ချနေသူများကို ဝိုင်းထားသည်။ ထို့နောက် ပစ်ခတ်ကြသည်။ အယ်လ်တာလီနာ ပင်လယ်သို့ မောင်းထွက်ပြေးသည်။

အစ္စရေးရေတပ်သင်္ဘောများကို ရှောင်ရှားထွက်ပြေးပြီးနောက် အယ်လ်တာလီနာသည် တယ်အဗစ်ဆီသို့ မောင်းပြေးသည်။ တယ်အဗစ်တစ်မြို့လုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ အိုင်ယာဂန်၏ ခေါင်းဆောင်သည် အစိုးရအာဏာကို သိမ်းပိုက်ရန် လူစုသည်။ ဘင်ဂူရီယန်က အစိုးရအဖွဲ့ အစည်းအဝေးခေါ်သည်။

ထို့နောက် ပါလမက်အဖွဲ့ခေါင်းဆောင် ယီဂယ်အယ်လုန်အား တာဝန်တစ်ခုပေးသည်။ တယ်အဗစ်သည် ပုန်ကန်သူတို့လက်ထဲ ရောက်သွားနိုင်သည်။ သည်တစ်ကြိမ်တွင်မူ ဂျူးတို့ကို သတ်တန်သတ်ရလိမ့်မည်ဟု ဘင်ဂူရီယန်ပြောသည်။

http://mmteashop.com



အယ်လုန် တာဝန်ယူကာ တိုက်ခိုက်သည်။ ရှစ်ဆယ့်သုံးယောက်သေဆုံး သို့မဟုတ် ဒဏ်ရာရသည်။ နာရီအနည်းငယ်ခန့် အိုင်ယာဂန်အဖွဲ့က တယ်အဗစ်ကို သိမ်းပိုက်ထားသည်။ မကြာမီ အယ်လ်တာလီနာကို အမြောက်မှန်သဖြင့် မီးလောင်သွားသည်။ တဖြည်းဖြည်း ငြိမ်သက်သွားပြီး မြို့ကို အယ်လုန် ထိန်းချုပ်နိုင်သည်။ နိုင်ငံသစ်၏ မတည်ငြိမ်မှုကို ဘင်ဂူရီယန် အချိန်မီ အဆုံးသတ်နိုင်ခဲ့သည်။ အယ်လ်တာလီနာကို ဖြိုခွင်းသည့် အမြောက်သည် နောင်အခါ အစ္စရေးစစ်သမိုင်း ပြတိုက်တွင် တစ်နေရာ ရသည်။ အာရပ်အဖွဲ့ချုပ်၏ ဝန်ကြီးချုပ်များသည် ကိုင်ရိုတွင် စည်းဝေးကာ ကောင့်ဘာနက်ဒုတ်၏ ငြိမ်းချမ်းရေးအဆိုကို ပယ်ချသည်။ ထိုအဆိုမှာ ပါလက်စတိုင်း ခွဲခြမ်းရေးကို ပြန်လည်ပြင်ဆင်ပြီး ဂျူးနိုင်ငံအား နယ်မြေ ထပ်မံဖြည့်ပေးသည့်အဆိုဖြစ်သည်ဟု ယူဆသည်။

အာရပ်တို့မှာ ကိုယ့်ဝါဒဖြန့်ချက်နှင့်ကိုယ် ပိတ်မိနေသည်။ ဂျေရုဆလမ်တွင် အာရပ်တို့က ဇူလိုင် ကိုးရက်အထိ စောင့်ပါဟု ကြွေးကြော်သည်။ ထိုရက်မှာ အပစ်အခတ်ရပ်စဲရေး စေ့သည့်နေ့ ဖြစ်သည်။ ပါလက်စတိုင်း အရပ်သားများက လီးဂျင်းအား အတိုက်ရပ်သဖြင့် သတ္တိမရှိသူများဟု နာမည်ပေးကာ စိတ်ဓာတ်ကျစေသည်။ ဘက်သယ်ဟမ်တွင် မွတ်စလင်ညီနောင်တို့က မြင့်မြတ်သောစစ်ပွဲ ပြန်၍စရမည်ဟု ကြွေးကြော်သည်ကို ဂလပ်၏ အရာရှိများ မြင်တွေ့နေရသည်။

ကိုင်ရိုတွင် လူထုဆန္ဒပြ၍ပြင်းထန်သည်။ အပစ်အခတ်ရပ်စဲရေးစသည့်နေ့က အမ်မမ်တွင် အက်ဇမ်ပါရှား ကြိုတင်နိမိတ်ဖတ်သည့်အတိုင်း ဖြစ်လာသည်။ အစွန်းရောက် မွတ်စလင်ညီနောင်များကို စိတ်ပျက်ကာ အီဂျစ်၏ ဝန်ကြီးချုပ် နိုကရာရှီပါရှားသည် သူ့သဘောထားကို ပြောင်းပြန်လှန်ပစ်လိုက်သည်။ အီဂျစ်သည် ဂျူးတို့ကို ပြန်လည် တိုက်ခိုက်မည်ဟု ကြေညာသည်။

မေ(၁၄) က အာရပ်တို့ စစ်ဖက်ပြိုင်ခဲ့သည်ကို မတားခဲ့သည့် ဗြိတိန်သည်၊ ယခု ဒုတိယအကြိမ် တိုက်ခိုက်မည့်စစ်ပွဲတွင် အင်္ဂလန်ထံမှ လက်နက်အကူအညီရနိုင်မည် မဟုတ်ဟု ကြေညာသည်။

ဘင်ဂူရီယန်သည် အစ္စရေးတပ်မတော်ကို တရားဝင် တည်ထောင်သည်။ ဇွန် (၂၉) တွင် အစ္စရေးတပ်မတော် စတင်ဖွဲ့စည်းသည်။

ကုလသမဂ္ဂက ရိုက်ဖယ် (၇၀၀၀) တန်၊ မီးထင်း (၂၈၀၀) တန် အကူအညီပေးသည်။ အပစ်အခတ်ရပ်စဲရေးကာလအတွင်း ရခဲ့သည့် အမြတ်များဖြစ်သည်။ တစ်နှစ်လောက်အထိ ခံနိုင်ရည်ရှိသည်။ သည်တစ်ခါ ဂျူး ဂျေရုဆလမ်ကို အငတ်ထားမည်ဟု မည်သူမျှ ခြိမ်းခြောက်နိုင်တော့မည် မဟုတ်ပေ။ သို့သော်လည်း ရေရှည်တွင် ရန်သူဝိုင်းထားသည်ကို ကြံ့ကြံ့ခံနိုင်ဖို့ လိုသည်။ ဘုရင်ဒေးဗစ်သည် မြို့တော်နေရာ အရွေးမှားသည်ဟု ဘင်ဂူရီယန် ထင်သည်။ ဇီယွန်ဝါဒီတို့သည် ဂျေရုဆလမ်ကို ပင်လယ်နှင့် ဆက်သွယ်ရာတွင် အဆင်ပြေရန် စခန်းသစ်များ တစ်ခုပြီတစ်ခု တည်ဆောက်ခြင်း မပြုခဲ့ပေ။ နောက်

http://mmteashop.com



တစ်ကြိမ် စစ်ပွဲဖြစ်ပွားလျှင် ဂျေရုဆလမ်တစ်မြို့လုံးကို သိမ်းရမည်။ ထို့နောက် ပြင်ပ လွင်ပြင်ဒေသနှင့် အဆက်အသွယ် မပြတ်အောင် ဆက်သွယ်ရေး လမ်းကြောင်းများ တည်ဆောက်ရမည်။

"ဒီစစ်ပွဲမှာ အရင် ငြိမ်းချမ်းစဉ်ကာလတုန်းက လျစ်လျူရှုခဲ့တာတွေကို ဖြည့်ဆည်း ရမယ်"ဟု ဘင်ဂူရီယန် ပြောသည်။

ကောင့်ဘာနက်ဒုတ်၏ ငြိမ်းချမ်းရေး အဆိုကို အာရပ်တို့က မြန်မြန်ဆန်ဆန် ပယ်ချလိုက်ရာ အစ္စရေးတို့အဖို့ ကုလသမဂ္ဂအဆိုကို ပထမဆုံး ပယ်ချသူအဖြစ် မဆောင် ရွက်လိုက်ရတော့ပေ။ ဇူလိုင် (၆)တွင်မူ မိုရှေးရှာရက်က အစ္စရေး၏ တရားဝင် ပယ်ချသည့် စာကို ဘာနက်ဒုတ်လက်သို့ ပေးအပ်လိုက်သည်။

နောက်တစ်နေ့တွင် ဘာနက်ဒုတ်က နှစ်ဖက်စလုံးနှင့် ဆွေးနွေးကာ အပစ် အခတ်ရပ်စဲရေးကာလကို တိုးရန်တင်ပြသည်။ အစ္စရေးက လက်မခံနိုင်စရာ အကြောင်း မရှိ။ နှစ်ဖက်စလုံးပင် ထိုကာလတွင် မူလသတ်မှတ်ထားသော စည်းကမ်းချက်များကို ချိုးဖောက်ခဲ့ကြသည်။ သို့သော် အစ္စရေးက ပို၍များပြီး ပို၍ အောင်မြင်သည်။ အီဂျစ် နှင့် အီရတ်တို့က သူတို့တပ်များသို့ တပ်သား တစ်သောင်းစီထပ်၍ ဖြည့်နိုင်ခဲ့သည်။ သို့မဟုတ်လျှင်ကား အာရပ်တို့ဘက်တွင် အရေးပါသော ပြောင်းလဲမှု ရှိနိုင်မည်မဟုတ်။ အစ္စရေးသည် တပ်သားခြောက်သောင်း ထပ်၍ ဖြည့်နိုင်ခဲ့သည်။ ဂျူးတို့သည် ပထမဆုံး အကြိမ် လူနှင့် လက်နက် အာရပ်တို့ထက် ပို၍များလာခြင်း ဖြစ်သည်။

အခြေအနေကို သုံးသပ်ပြီးနောက် ဘင်ဂူရီယန်အဖို့ သူတို့ဘက်က အသာရပြီး အာရပ်တို့ သူတို့ကို မတွန်းလှန်နိုင်ဟု ယူဆရာ ဘာနက်ဒုတ်၏အဆိုကို လက်ခံလိုက် သည်။ အစ္စရေးတို့က စတင်ပစ်ခတ်လိမ့်မည် မဟုတ်။

"အဲဒီနေ့က အာရပ်တို့ဘက်ကလည်း အပစ်အခတ်ရပ်စဲရေးကို လက်မခံမှာ တစ်ခုပဲ စိုးရိမ်မိတယ်" ဟု နောင်အနှစ်နှစ်ဆယ် ရှိသည့် အခါ ဘင်ဂူရီယန် ပြန်ပြောင်း အမှတ်ရသည်။

ဘင်ဂူရီယန် ပူစရာမလို။ သူ့ရန်သူ အာရပ်တို့က သူ့အလိုကို ဖြည့်ဆည်းသည်။ ဘုရင်အက်ဘဒူလာသည် နောက်ဆုံးအကြိမ် အာရပ်ခေါင်းဆောင်များကို အမ်မမ် နန်း တော်သို့ ဖိတ်ကြားသည်။ လက်ဘနွန်မှ ရီယတ်ဆိုး၊ ဆီရီးယားမှ ဂျမေးမာဒမ်၊ အီဂျစ်မှ နိုကရာရှီပါရှားနှင့် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးတို့ ရောက်လာကြသည်။ အက်ဘ ဒူလာသည် စစ်ကို ရှောင်ချင်သည်။

အက်ဘဒူလာက စိတ်ရှည်စွာပင် အခြေအနေများကို သုံးသပ်တင်ပြသည်။ ရန် သူသည် လူနှင့်လက်နက် သာနေပြီဖြစ်ကြောင်း လွန်ခဲ့သည့် လေးပတ်အခြေအနေကို ရှင်းပြသည်။ အာရပ်လီးဂျင်းတွင် ဘာမျှမရှိတော့။ ဘယ်လို အခြေအနေတိုးတက်လာ သဖြင့် အာရပ်တို့ဘက်က စစ်ကို ဆက်ပြီး တိုက်ရမှာလဲ။

http://mmteashop.com



ဤတွင် ရီယတ်ပေါက်ကွဲသည်။ စစ်ပြန်တိုက်ရမည်။ လူထုက တိုက်ချင်သည်။ အာရပ်မာန၊ အာရပ်ဂုဏ်သိက္ခာတို့က စစ်တိုက်ရန် တောင်းဆိုနေသည်။ လက်နက် ကျည်ဆန် မရှိလျှင် "ကျွန်တော်တို့ လိမ္မော်သီးတွေ အပင်ကခူးပြီး ဂျူးတွေကို ပစ်မယ်"ဟု ဆိုသည်။

သူ့စကားကို ကြားရပြီးနောက် အားလုံး ငြိမ်သက်သွားသည်။ အက်ဘဒူလာ သက်ပြင်းချသည်။

"ကျေးဇူးတင်ပါတယ် ရီယတ်ဘိုင်၊ ခင်ဗျားရဲ့ စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ် ဓာတ်ကို အခုလို ဖော်ပြတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားမေ့နေတာ တစ်ခု ကျွန်တော် သတိပေးပါရစေ၊ အခု ဇူလိုင်လရောက်နေပြီ၊ ပါလက်စတိုင်းက လိမ္မော်ပင် တွေမှာ လိမ္မော်သီး မရှိသေးဘူး၊ စက်တင်ဘာမှ သီးမယ်" ဟု အက်ဘဒူလာ ပြောသည်။

ဝဝဝ

http://mmteashop.com



## အပိုင်း (၄၆)

## မထိရောက်သော တံပိုးခရာသံ

မေဂျာအက်ဘဒူလာတဲသည် ပွပွနွှေးနွှေး သတ္တုအပိုင်းအစ တစ်ခုကို လက်ထဲမှာ ကိုင်ကြည့်သည်။ ထိုအခါ ဂျေရုဆလမ်ကို အာရပ်တို့ သိမ်းပိုက်ရန် အခြေအနေ မပေးတော့သည်ကို သူသဘောပေါက်မိသည်။ သူ့လက်ထဲမှ ပစ္စည်းသည် ခြောက်လက်မမော်တာကျည်ဆန်ထဲမှ အပိုင်းအစ ဖြစ်သည်။ ဂျေရုဆလမ်တွင် သူတစ်ယောက်တည်းသာ အမြောက်လက်နက် ပိုင်ဆိုင်သူ မဟုတ်တော့ပေ။ ယခုမူ ရန်သူက ထိုးစစ်ဆင်ကာဆူလေမန်ဘုရင်ကြီး၏ ရင်ပြင်မှ သူတို့ကို တိုက်ထုတ်တော့မည်။ သည်တစ်ခါ ရန်သူ့အလှည့် ဖြစ်သည်။

ဂျေရုဆလမ် အာရပ်တို့ အမြောက်ကျည်ဆန် မြည်းကြည့်ရပြီ။ ဒေးဗစ်ရှယ်လတီးယယ်က မြို့ဟောင်းကြီးထဲသို့ အမြောက်များ ထပ်ခါထပ်ခါ ပစ်ခိုင်းသည်။

တစ်ညလုံး အမြောက်သံမစဲ၊ ဂျေရုဆလမ်အာရပ်တို့ ဆောက်တည်ရာမရ ဖြစ်လာကြသည်။ အဘဒူလာတဲ မျှော်လင့်သည့်အတိုင်း ဖြစ်လာသည်။ ဇူလိုင် ကိုးရက်သည် အပစ်အခတ်ရပ်စဲရေး နောက်ဆုံးရက် ဖြစ်သည်။ ထိုရက်ကို အာရပ်တို့ စောင့်မျှော်ကြသည်။ ယခုမူ စစ်ဒုက္ခတစ်ခု စတင်ခံစားကြရပြီ။ အောင်ပွဲကား မဟုတ်။

ဂျေရုဆလမ်၏ အတွေ့အကြုံမျိုး တစ်နိုင်ငံလုံး ကြုံရသည်။ နေရာတိုင်းတွင် အစ္စရေးတို့ ထိုးစစ်ဆင်နေသည်။ တောင်ပိုင်းတွင် အီဂျစ်ရွာ အများအပြားကို သိမ်းသည်။ မြောက်ပိုင်းတွင် ဆီးရီးယားတို့၏ မစ်ရှမာဟေယာဒင်ကိုလိုနီကို အစ္စရေး စစ်ကြောင်းလေးခုက ဝင်၍တိုက်သည်။ အခြားအစ္စရေးတပ်များက ဖော်ဇီအယ်ကောက်ဂျီ၏ လွတ်မြောက်ရေးတပ်မတော်ကို တိုက်ထုတ်ပြီး ရှေးဟောင်းမြို့တော် နာဇာရက်ကို သိမ်းလိုက်သည်။

မြောက်ပိုင်းတွင် လက်ထရမ်မြောက်ဘက်ရှိ အာရပ်မြို့များဖြစ်သည့် လစ်ဒါနှင့်ရမ်မလေတို့သည် သုံးရက်အတွင်း အစ္စရေးတို့ လက်သို့ ရောက်သွားသည်။ အောင်ပွဲခံရသည်မှာ မျက်စိတစ်ဖက်တည်းသာ မြင်ရသည့် ကွန်မန်ဒိုအရာရှိ မိုရှေဒါယန်၏ ခေါင်းဆောင်မှုကြောင့် ဖြစ်လေသည်။

http://mmteashop.com



အစွရေးအောင်ပွဲနှင့်အတူ အာရပ် စစ်ပြေးဒုက္ခသည်များ ထောင်ချီပြီး ရမ်မဲလား တောင်ကုန်းများဆီသို့ ထွက်ပြေးကြသည်။ ယခုတစ်ကြိမ်တွင် ကြောက်၍ ပြေးခြင်းမဟုတ်။ အစ္စရေးတို့က မောင်းထုတ်သဖြင့် ပြေးကြခြင်းဖြစ်သည်။ အာရပ်တို့ မြေများမှာ အဖိုးတန်သည်။ အာရပ်တို့မရှိမှ ပို၍ကောင်းသည်။ သို့ဖြစ်ရာ အသံချဲ့စက်များဖြင့် လမ်းများထဲဝင်ကာ အိုးအိမ်စွန့်ခွာထွက်သွားကြရန် အစ္စရေးတို့က ဆော်ဩသည်။ လစ်ပါတွင် လီးဂျင်းက ပြန်၍ တိုက်တော့မည်ဟု အစ္စရေးတို့က ပြောကာ အာရပ်တို့ကို အိုးအိမ်များမှ ထွက်ခွာစေသည်။

နေပူကျဲကျဲတွင် ပိုင်ဆိုင်သမျှ လက်ကဆွဲရင်း အစ္စရေးကျည်ဆန်တဖြောက်ဖြောက်အကြား အာရပ်စစ်ပြေးတို့ ကျောက်ဆောင်များ၊ ဆူးချုံများပေါ်သည့် တောင်စောင်းလမ်းအတိုင်း ရမ်မဲလားဆီသို့ သွားနေကြသည်။ အသက်ကြီးသူများနှင့် ကလေးငယ်များ လမ်းတွင် သေဆုံးကြသည်။

လစ်ဒါနှင့် ရမ်မလေတို့ အစ္စရေးလက်သို့ကျကာ အာရပ်အများအပြား ထွက်ပြေးကြသည့် သတင်းကိုကြားလျှင် အာရပ်ကမ္ဘာတစ်ခုလုံး ဆူပွက်သွားသည်။ အမ်မမ်တွင် ဒေါသဖြစ်နေသော လူငယ်များ "သစ္စာဖောက်တွေ"ဟု အော်ဟစ်ကာ ဘုရင့်နန်းတော်ဆီသို့ ချီတက်သွားကြသည်။ ကိုယ်ရံတော်များက တားသော်လည်း မရဘဲ ဘုရင်အက်ဘဒူလာသည် လူအုပ်ထဲပြေးဝင်ပြီး ခေါင်းဆောင်များဆီ သွားကာ အော်ဟစ်နေသော ခေါင်းဆောင်တစ်ယောက်၏ ပါးကို ရိုက်သည်။

လူအုပ်ကြီး ကြက်သေသေကာ ငြိမ်ကျသွားသည်။ ဘုရင်က သူတို့အား "ခင်ဗျားတို့ ဂျူးတွေကို တိုက်ချင်ကြတယ်ပေါ့ ဟုတ်လား၊ ဒါဖြင့် အာရပ်လီးဂျင်းထဲ ဝင်ကြ၊ မဝင်ချင်ရင် အိမ်ပြန်ပြီး ပါးစပ်ပိတ်နေ" ဟု စစ်သားစုဆောင်းရေးရုံးကို လက်ညှိုးထိုးပြပြီးပြောသည်။

လက်ဘနွန်တောင်ပေါ် အပန်းဖြေ စခန်း 'အေလေ' တွင် အာရပ်အဖွဲ့ချုပ်ခေါင်းဆောင်များ စုဝေးကြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရှေ့အလယ်ပိုင်းတွင် တိုက်ခိုက်နေသော နိုင်ငံများအား ချက်ချင်း အတိုက်အခိုက်ရပ်စဲရန်၊ ဆက်လက်၍ ကာလအကန့်အသတ်မရှိ အတိုက်အခိုက်မပြုလုပ်ရန် အပြီးသတ် စည်းကမ်းချက် ရာဇသံတစ်ခု ထုတ်ပြန်ကြေညာသည်။ ထို့ကြောင့် ရီယတ်ဆိုး၏ အပန်းဖြေစခန်းတွင် သူတို့စုဝေးကြခြင်း ဖြစ်သည်။

ယခုအချိန်တွင်မူ အာရပ်ခေါင်းဆောင်များ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တောင်းဆိုချက် ရာဇသံကို လက်ခံကြသည်။ နေရာတိုင်းတွင် သူတို့မှာ အရှုံးနှင့် ရင်ဆိုင်နေရသည်။ အက်ဇမ်ပါရှား၏ ကိုယ်ရေးအရာရှိ ဝါလစ်အယ်ဒါလီက ထိုအစည်းအဝေးသည် "အသုဘ အခမ်းအနားတစ်ခုနဲ့တူတယ်။ ရင်းနှီးတဲ့ ဆွေမျိုးတစ်ယောက် မြှုပ်နှံဖို့လာကြတဲ့အတိုင်းပဲ"ဟု မှတ်ချက်ချသည်။

http://mmteashop.com



ဆီးရီးယား၏ သမ္မတကပင် လက်ခံသည်။ သို့သော် သူ့တွင် အရေးကြီးသည့် အထူးအကြောင်းပြချက်တစ်ခု ရှိနေသည်။ သူ့ရဲဘော်များအား ဆီးရီးယားသည် မကြာမီ မြင့်မြတ်သည့် စစ်ပွဲတစ်ခုကို ခေါင်းဆောင်နိုင်တော့မည်။ သူ့တွင် အဏုမြူဗုံး တစ်ခု ရှိနေပြီ။ ဒမတ်စကတ်တွင် အမေရိကန် ပန်းပဲဆရာတစ်ယောက်က ထုတ်လုပ်နေသည် ဟု ထုတ်ဖော်ပြောကြားသည်။

ထိုည သန်းခေါင်မတိုင်မီ ဘီရွတ်စာတိုက်ကြီးသို့ ဝါလစ်အယ်ဒါလီ အပြေးသွားပြီး အော်ပရေတာကိုနှိုးကာ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ထရပ်ဗီလီအား လိပ်မူ၍ သံကြိုးတစ်စောင် အရိုက်ခိုင်းသည်။

အာရပ်အဖွဲ့ချုပ်က ပါလက်စတိုင်းတွင် ချက်ချင်း အတိုက်အခိုက်ရပ်မည်။ ကာလအကန့်အသတ်မရှိ အတိုက်အခိုက် ရပ်ရမည်ဟု ပြန်ကြားလိုက်သည်။

အာရပ်ပြန်ကြားချက် မြန်ဆန်လွန်းသဖြင့် တစ်လလောက်ကြာမည် ခန့်မှန်းသည့် ဒေးဗစ်ရှယ်လတီးယယ်သည် ဇူလိုင် (၁၅)မနက်ပိုင်းတွင် အချိန်မလုံလောက်သည့် အဖြစ်နှင့် ကြုံရသည်။ ဇူလိုင်(၁၇)စနေနေ့ မနက် (၅း၀၀)နာရီတွင် အပစ်အခတ် ရပ်စဲမည်ဟု ကုလသမဂ္ဂ ဖျန်ဖြေသူက ရက်သတ်မှတ်သည်။ သူ့အဖို့ လေးဆယ့်ရှစ်နာရီသာ ရှိတော့သည်။

ရှယ်လတီးယယ်သည် သူ့အရာရှိများကို ချက်ချင်း ဆင့်ခေါ်သည်။ စစ်ပြီးတော့မည်မှာ သေချာသည်။ ယခု မရလိုက်သည့် နယ်မြေများသည် နောင်နှစ်ပေါင်းများစွာ ကြာသည်အထိ ဆုံးရှုံးတော့မည်။ မျိုးဆက်တွေ များစွာကြာမည်။ မြို့ဟောင်းကြီးကို သိမ်းပိုက်ရေးသည် အစ္စရေးနိုင်ငံနှင့် ဂျူးလူမျိုးတို့အတွက် အရေးကြီးသော သမိုင်းပေး တာဝန်ဖြစ်သည်။

"ဂျေရုဆလမ်ကို တို့ သိမ်းပိုက်နိုင်မယ်ဆိုရင် နောင်မျိုးဆက်များစွာ ကြာသည်အထိ၊ ပြီးတော့ နောက် မွေးဖွားလာမယ့် ဂျူးမျိုးဆက်သစ်တွေက တို့အောင်ပွဲကို ဘယ်လောက် ဂုဏ်ပြုကြမလဲ။ တို့ဘယ်လောက် ဂုဏ်ရှိမလဲ" ဟု ပြောသည်။

နောက်ရွေးနိုင်သည့် လမ်းတစ်ခုရှိသည်။ ကျန်သည့် လေးဆယ့်ရှစ်နာရီအတွင်း ဂျေရုဆလမ်ကို တည့်တည့်ဝင်၍ တိုက်မည်။ ထိုတိုက်ပွဲမှာ ပိုကာကစားတာနှင့် တူမည်ဟု ရှယ်လတီးယယ်၏ လက်ထောက် ယေရှုရန်ထင်သည်။ ရှုံးလျှင်လည်း ရှိသမျှပြောင်မည်။ နိုင်လျှင်လည်း တစ်ဝိုင်းလုံးသိမ်းမည်။ ထိုအကြံအစည်ကို အရာရှိအားလုံးက ကန့်ကွက်သည်။ သို့သော်လည်း ရှယ်လတီးယယ် နောက်မဆုတ်။ "မြို့ဟောင်းကြီးကို ဝင်တိုက်မယ်၊ အားလုံးပြင်ဆင်ကြ " ဟု အမိန့်ပေးသည်။

ပိုကာကစားသမားကောင်း တစ်ယောက်လိုပင် ရှယ်လတီးယယ်တွင် "တစ်ဖဲ" တစ်ချပ် မှောက်ထားတာရှိသည်။ ယင်းမှာ ကမ္ဘာကျော် ရူပဗေဒ ပါရဂူ ဂျိုးရာကား၏ စိတ်ကူးတစ်ခုဖြစ်သည်။ အီတလီစာအုပ်တစ်အုပ်ထဲတွင် ဂျိုးတွေ့ဖူးသည်။ ယခု ထိုပုံစံ

http://mmteashop.com



အတိုင်း ဘက်ဟာကေရမ် အဝတ်လျှော်စက်တွင် အမြောက်တစ်ခု တည်ဆောက်ကြမည်။ "လုံးချွန်အမြောက်"ဟု ခေါ်သည်။ ရှေ့ထိပ်ဖူးလုံးချွန်နေမည်။ (၃၃၅)ပေါင် လေးသည့် အမြောက်သည် သတ္တုသုံးချောင်းထောက်တစ်ခုအပေါ် တည်ရှိနေမည်။ ပစ်မှတ်နှင့် ခြောက်လက်မအကွာတွင် ပေါက်ကွဲရမည်။ မြို့ရိုးတွင် အပေါက်တစ်ခုဖြစ်သွားမည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၂၅၀၀)က ဂျိုရှုဝါ၏ တံပိုးခရာသံများသည် ဂျယ်ရီကို မြို့ရိုးများကို ပြိုကျစေသကဲ့သို့ ယခုလည်း နှစ်ဆယ်ရာစု ရူပဗေဒပါရဂူ၏ တီထွင်မှုတစ်ခု သည် ဂျေရုဆလမ်မြို့ရိုးကို ဖောက်ထွင်းတော့မည်။ မြို့ကြီးထဲက လမ်းများသည် နှစ်ပေါင်းနှစ်ထောင်အတွင်း ဂျူးတို့လက်ရောက်လာတော့မည်။

ရှယ်လတီးယယ်သည် အသေးစိတ်ပြင်ဆင်စီစဉ်သည်။ မြို့ကို သိမ်းမည်။ ငွေစက္ကူကို အမြန်ပုံနှိပ်သည်။ စစ်အုပ်ချုပ်ရေးဖြင့် ဂျေရုဆလမ်ကို အုပ်ချုပ်မည်။ ဟီဘရူး၊ အာရပ်နှင့်အင်္ဂလိပ် သုံးဘာသာဖြင့် ကြေညာချက်များထုတ်ပြီး နံရံများတွင် ဂက်ဒနာ လူငယ်အဖွဲ့က ကပ်မည်။

စစ်အုပ်ချုပ်ရေးမှူးအဖြစ် ပျော့ပျောင်းသိမ်မွေ့သည့် ဓာတုဗေဒပါမောက္ခ ဒေးဗစ် အမီရင်ကို ခန့်မည်။ အချက်ဆယ်ချက်ပါသော ကြေညာချက်တစ်ခုကို ဂျေရုဆလမ် မြို့သားများအား ထုတ်ပြန်ကြေညာမည်။ လက်နက်များ အားလုံးအပ်ရမည်။ စစ်သား များရော အပျော်တမ်းစစ်သားများပါ လက်နက်ချရမည်။

ဂျက်ဖာတံခါးကို တိုက်ခိုက်မည့်ညတွင် ယဇ်ပူဇော်ရန် သိုးငယ်တစ်ကောင် အသင့်ပြင်ထားသည်။ ဂျေရုဆလမ်တပ်မှူးသည် ဒေးဗစ် မျှော်စင်ပေါ် မှနေ၍ မြို့ဟောင်း ကြီးကို သိမ်းပိုက်လိုက်ပြီ ဖြစ်ကြောင်း ကမ္ဘာသို့ ကြေညာမည်။ ယခုည အစမ်းလေ့ကျင့် သည်။

"ဂျေရုဆလမ်မြို့တွင်းရှိ တပ်များသည် မြို့တော်ကြီးကို ကယ်တင်သိမ်းပိုက် လိုက်ပြီး အစ္စရေးလူမျိုးများလက်သို့ ဂုဏ်ရှိရှိ ပေးအပ်ကြောင်း ကြေညာအပ်ပါသည်"

ရောဒါကျောင်းဌာနချုပ်တွင် မေဂျာတဲလည်း စိုးရိမ်စိတ်ဖြင့် ရန်သူ၏ ထိုးစစ် ကို စောင့်မျှော်နေသည်။ ည(၁၀)နာရီကျော်လျှင် မော်တာကျည်ဆန်တစ်ခု မြို့ဟောင်း ကြီးသို့ ပထမဆုံးကျသည်။ မိနစ်ပိုင်းအတွင်း ကျည်ဆန်များ တစ်ခုပြီး တစ်ခု ရောက်လာ သည်။ မကြုံဘူးလောက်အောင် အမြောက်ဒဏ်ကို မေဂျာတဲ အပြင်းအထန် ခံနေရသည်။

တဲက သူ့တပ်များအားလုံးသို့ ရေဒီယိုဖြင့် အမိန့်တစ်ခု ထုတ်ပြန်သည်။ "သေသည်အထိ ခုခံတိုက်ခိုက်ရမည်၊ နောက်ဆုံး လူတစ်ယောက်ကျန်သည်အထိ နောက်ဆုံးကျည်ဆန်တစ်တောင့် ကျန်သည်အထိ ခုခံတိုက်ခိုက်ရမည်။ နောက်ဆုတ်ပေး ခြင်း မရှိစေရ"

နောက် သုံးနာရီအတွင်း အမြောက်ကျည်ဆန်မိုးရွာသည်။

ဂျေရုဆလမ်မြို့သစ်တွင် ဇီယွန်ရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင် ဌာနချုပ်၌

http://mmteashop.com



ရှယ်လတီးယယ်တာဝန်ပေးသည့် ဇဗီဆိုင်းနိုင်းသည် နောက်ဆုံး မိနစ်ပိုင်းအထိ ပြင်ဆင်မှုများ ပြုလုပ်နေသည်။ သူ၏ သိမ်းပိုက်မည့်နေရာများမှာ 'မော်စကို' 'ပဲရစ်' နှင့် 'ဘာလင်' တို့ ဖြစ်သည်။ သူ့တပ်များက ထိုးဖောက်တိုက်ခိုက်မည့် နေရာသုံးခု ရွေးထားသည်။ အိုင်ယာဂန်၏ လူတစ်ရာ့ငါးဆယ်က 'ပဲရစ်'ဟု နာမည်ပေးထားသည့် တံခါးသစ်ကို တိုက်မည်။ စတန်းဂိုဏ်းက 'မော်စကို' ခေါ် ဂျက်ဖာတံခါးကို တိုက်မည်။ ဇီယွန်တောင်ကုန်းမှ လုံးချွန်အမြောက်ကြီးဖောက်မည့် မြို့ရိုးအတိုင်းဝင်ကာ "ဘာလင်" ခေါ် ဇီယွန်တံခါးကို ဝင်၍ စီးမည်။

တပ်တစ်ခုကို ဘဇူကာ အမြောက်ပါရဂူ မစ်ရှကာရာဘီနိုဗစ်က ဦးစီးသည်။ ဘာသာတရားကိုင်းရှိုင်းသူ စစ်သားတစ်ယောက် သူ့ကို ယခုလို မေးသည်။ "မြို့ရိုးကို ရောက်ပြီး ဘုရားကျောင်းတောင်ကုန်းကို ရောက်ရင် ကျွန်တော်တို့ ဘာလုပ်ရမလဲ" ဘုရားကျောင်းတောင်ကုန်းတွင် အစ္စလာမ်ဗလီကြီးနှစ်ခု ရှိသည်။

ရာဘီနိုဗစ်သည် ခဏစဉ်းစားသည်။ ပြီးမှ "ဖိနပ်ချွတ်ပြီး ဖိနပ်မပါဘဲ တိုက်မယ်ကွာ" ဟု ဖြေသည်။

ညနှစ်နာရီတွင် တိုက်ပွဲစသည်။ ခဏအတွင်း ဇဗီဆိုင်းနိုင်း၏တပ်များ အောင်ပွဲရသည်။ "ပဲရစ်သည် အိုင်ယာဂန်လက်ထဲရောက်ပြီ" ဟု တယ်လီဖုန်းဖြင့် ဇီယွန်တောင်ကုန်းပေါ်ရှိ သူ့တပ်ရင်းကို ဆက်ကာ လုံးချွန်အမြောက်ကြီးဖြင့် မြို့ရိုးကို ဖောက်ရန် ပြောသည်။ ထို့နောက် အာရပ်အမြောက်ဆန်ကို မကြောက်နိုင်ဘဲ ဝရန်တာမှာ ထွက်ရပ်ပြီး အမြောက်ပေါက်ကွဲသံကို နားစွင့်သည်။ ရှေ့တန်းစခန်းတစ်နေရာတွင် နေရာယူကာ အမြောက်ဖောက်ထွင်းရမည့်နေရာကို ဒေးဗစ်ရှယ်လတီးယယ် ရွေးသည်။

"လုံးချွန် အသင့်ဖြစ်ပြီ" ဟု ရာဘီနိုဗစ် အော်ပြောသည်။

ကောင်းကင်တွင် ဝင်းခနဲ လင်းလာသည်။ အမြောက်သံဟိန်းသဖြင့် မြို့တစ်ခုလုံး တုန်ခါသွားသည်။ ဇဗီဆိုင်းနိုင်းသည် အားရဝမ်းသာဖြစ်ပြီး လက်နှစ်ဖက်ကို မြှောက်လိုက်သည်။ "မြို့ရိုးကြီးပေါက်သွားပြီ၊ သူတို့ ဝင်လာကြတော့မှာပဲ" ဟု ဂျေရုဆလမ်တစ်နေရာမှ မျှော်လင့်စောင့်စားနေသည်။

ဒေးဗစ်ရှယ်လတီးယယ်လည်း ဝင်းခနဲ လက်သွားသည်ကို မြင်လိုက်သည်။ သူ့ရေဒီယို အော်ပရေတာသည် ဇီယွန်တောင်ကုန်းဆီသို့ လှမ်းကြည့်ပြီး "ဂျယ်ရီကိုလိုပဲ မြို့ရိုးနံရံတွေ တို့တံပိုးခရာသံတွေရှေ့ လဲကျလာပြီ" ဟု တွေးမိသည်။ တပ်ရင်းမှူး အဗရာဟမ်ဇိုရီးက "ဟုတ်သဟေ့" ဟု အော်သည်။

အာမေနီယမ်သင်္ချိုင်းဆီသို့ ဇိုရီးပြေးသွားစဉ် သူ့ဆီသို့ နားဝေတီမ်တောင် ဖြစ်နေသော လူတစ်ယောက် ပြေးလာသည်။ တပ်ခွဲမှူး ဖြစ်သည်။ "ဘုရားသခင် ကယ်တော်မူပါ၊ ကျွန်တော် နားမလည်တော့ဘူး၊ အသံကြီးကတော့ ဟိန်းပါရဲ့၊ ဒါပေမယ့် မြို့ရိုး မပေါက်ဘူး၊ မြို့ရိုးမှာ အမည်းကွက်တစ်ခုပဲ ထင်ကျန်ရစ်တယ်"ဟု ဆိုသည်။

http://mmteashop.com



ထိုသတင်းကြားလျှင် ဒေးဗစ်ရှယ်လတီးယယ်သည် ဆယ်နှစ်လောက် အိုသွားသည်ဟု သူ့လက်ထောက် ထင်မိသည်။ ငါးနာရီထိုးပြီ။ အပစ်အခတ် ရပ်စဲရတော့မည်။ လုံးချွန်အမြောက်ကြီးကလည်း မအောင်မြင်။ " တို့မှာ ရွေးစရာလမ်းမရှိတော့ဘူး၊ အပစ်အခတ်ရပ်စဲရေးကို လက်ခံရတော့မှာပဲ" ဟု ရှယ်လတီးယယ် ကြေညာသည်။ ဂျေရုဆလမ်တပ်မှူး ရှယ်လတီးယယ်သည် ဇဗီဆိုင်းနိုင်း၏ ဌာနချုပ်သို့ ချက်ချင်း ထွက်သွားသည်။ ဆိုင်းနိုင်းကဇီယွန်တောင်ကုန်းမှ တပ်ရင်းကို သူ့လက်အပ်ပါ။ အိုင်ယာဂန်ဖွင့်လိုက်သည့် တံခါးသစ်မှ မြို့ထဲသို့ သူဝင်မည်ဟု ဆိုသည်။ ဤသို့ ဝင်မည်ဆိုလျှင် အပစ်အခတ် ရပ်စဲရေးကို ချိုးဖောက်ရာရောက်မည်။ ရှယ်လတီးယယ်က ဆိုင်းနိုင်းပခုံးပေါ် လက်တင်ကာ ချွေးသိပ်ရသည်။ အမိန့်မှာ ရှင်းသည်။ သူတို့ နာခံရလိမ့်မည်ဟု ပြောသည်။

ဆိုင်းနိုင်းလည်း သူ့လူများအား အပစ်အခတ် ရပ်စဲရေးကို လိုက်နာကြရန် တယ်လီဖုန်းဖြင့် အမိန့်ပေးသည်။

ဂျူးအေဂျင်စီတွင် ဂျေရုဆလမ်မြို့ဟောင်းကြီး၏ စစ်အုပ်ချုပ်ရေးမှူးဖြစ်မည့် သူကို တစ်ယောက်က အိပ်ရာမှ နှိုးသည်။ ဒေးဗစ်အမီရန်သည် သူ ရုံးထိုင်ရမည့် ရုံးခန်းထဲသို့ ဝင်သွားသည်။ ယာယီငွေစက္ကူများ၊ ပိုစတာများ၊ အမိန့်ကြော်ငြာစာများ၊ လက်ပတ်များကို ကြည့်သည်။ ယင်းတို့မှ နှစ်ခုကို အမှတ်တရ သိမ်းထားရန် ဘေးဖယ်ထားပြီး အားလုံးကို မီးရှို့ခိုင်းလိုက်သည်။

အပြင်ဘက်တွင် ကောင်းကင်ပြင်တစ်ခုလုံး ညိုရောင်သမ်းလာသည်။ သေနတ်သံများ၊ အမြောက်သံများ မကြားရတော့ပေ။ ဂျေရုဆလမ်ကောင်းကင် မြင်ကွင်းဆီသို့ ငြိမ်းချမ်းရေးသည် မရေမရာ ဖြည်းညင်းစွာ ဝင်လာသည်။ သေနတ်သံ စဲသွားသည်ကို နားထောင်ရင်း ဒေးဗစ်ရှယ်လတီးယယ်က ယေရှုရမ်ရှစ်အား တိုးတိုးပြောသည်။ "ဘုရားသခင်ကို ကျေးဇူးတင်ရမှာပဲ၊ ဒီနေ့ အနည်းဆုံး လူတစ်ယောက်မှ မသေတော့ဘူး၊ ဒါပေမယ့် မြို့ဟောင်းကြီးကို တို့မသိမ်းနိုင်ခဲ့ဘူး"

တံခါးသစ်အတွင်းဘက် သူတို့ သိမ်းပိုက်ထားသည့်နေရာမှ အိုင်ယာဂန်၏ နောက်ဆုံးသေနတ်သံကို ကြားရသည်။ သူတို့သည် မြို့ဟောင်းရင်ပြင်ကြီးကို အာရပ်လီးဂျင်းလက် ထားခဲ့ပြီး ရှယ်လတီးယယ် အမိန့်အရ မြို့သစ်သို့ ဆုတ်ခဲ့ကြသည်။ မြောက်ဘက်ရှိတ်ဂျာရားမှ တောင်ဘက် ရာမက်ရက်ချယ်အထိ သူတို့ တိုက်ခိုက်ခဲ့သဖြင့် ဂျေရုဆလမ်သည် နှစ်ပိုင်းကွဲ၍ ကျန်ရစ်သည်။ တမန်တော်အီဇာယု၏ နိမိတ်စကား ယခု အကောင်အထည်ပေါ်လာပြီ။

"ဂျေရုဆလမ်သည် ဘုရားသခင်၏ လက်ဝယ်ရှိ ဒေါသသေရည်ကို သောက်သုံးလိုက်သည်။ သူ့အသည်းကို ဖြတ်သွားသည့် မျဉ်းကြောင်းတစ်ခုသည် မြင့်မြတ်သော မြို့တော်ကြီးကို နောင်ရောက်လာမည့် နှစ်များတွင် ခွဲခြားထားလိမ့်မည်"

○○○

http://mmteashop.com



## နိဂုံး

ဇူလိုင်တစ်မနက်ခင်းတွင် ဂျေရုဆလမ်တွင် ရသည့် ငြိမ်းချမ်းရေးသည် အခိုင်အခံ့ မဟုတ်သော်လည်း မြို့ကြီး နှစ်ပိုင်းကွဲသွားသည်မှာ ရလဒ်တစ်ခု ဖြစ်သည်။ နေဂီတွင် နှစ်နေရာနှင့် ဂယ်လီလီတွင် တစ်နေရာတို့၌ တိုက်ပွဲများ ဖြစ်သေးသည်။ ယင်းတို့ကို ဖြေရှင်းရန် အမေရိကပြည်ထောင်စုမှ ဒေါက်တာ ရပ်တန့်ရောက်လာပြီး ရုတ်ကျွန်းတွင် စစ်ပြေငြိမ်းရေး သဘောတူညီချက်များ စေ့စပ်ဆွေးနွေးသည်။ အစ္စရေးနှင့် အီဂျစ်၊ လက်ဘနွန်၊ ဂျော်ဒန်နှင့် ဆီးရီးယားတို့ ပါဝင်ကြသည်။ အချိန်မှာ (၁၉၄၉)အစောပိုင်းတွင်ဖြစ်သည်။ သဘောတူညီချက်ရကာ တိုက်ခိုက်မှုများ ရပ်ဆိုင်းသွားသည်။ စစ်ကားအဆုံးမသတ်သေး။ အာရပ်တို့သည် သဘောမတူသည့် နိုင်ငံတစ်ခု မရပ်တည်နိုင်အောင် တိုက်ဦးမည်ဟု သန္နိဋ္ဌာန် ချထားသည်။

လွတ်မြောက်ရေးစစ်ပွဲဟု အစ္စရေးတို့က ခေါ်သည့် စစ်ပွဲတစ်ခုကား တရားဝင်အဆုံးသတ်သွားသည်။ နိုင်ငံသစ်မှာ တန်ဖိုးများစွာ ပေးကာ ရပ်တည်မှုရအောင် ကြိုးစားခဲ့ရသည်။ အစ္စရေးအရပ်သားနှင့် စစ်သားခြောက်ထောင် သေဆုံးသည်။ အချိုးအတိုင်းဆိုလျှင် ကမ္ဘာစစ်ကြီးနှစ်ခုတွင် အမေရိကန်တို့ ကျဆုံးခဲ့သည့် လူနှစ်သန်း အရေအတွက်ထက် များသည်။ စစ်ပွဲပြီးဆုံးလျှင် အစ္စရေးသည် နယ်မြေစတုရန်းမိုင် (၅၀၀)၊ ရွာ (၁၁၂) ရွာ ရလိုက်သည်။ ယင်းမှာ ခွဲခြမ်းရေး အစီအစဉ်အရ အာရပ်တို့၏ နယ်မြေနှင့် ရွာများဖြစ်သည်။ ဂျူးနိုင်ငံကို ပေးခဲ့သည့် နယ်မြေမှ အာရပ်တို့က (၁၂၉) စတုရန်းမိုင်နှင့် စခန်းဆယ့်လေးခု သိမ်းပိုက်နိုင်ခဲ့သည်။

ဂျေရုဆလမ်မှ အာရပ်မိသားစု အိုးအိမ်ပေါင်း မည်မျှ စွန့်လွှတ်ရသည်မှာ မသေချာ။ အငြင်းပွားဆဲဖြစ်သည်။ လူတစ်သန်းအိုးအိမ်စွန့်ရသည်ဟု အာရပ်တို့က ဆိုသည်။ အချို့က (၅၀၀, ၀၀၀) နှင့် (၇၀၀, ၀၀၀)အကြား ခန့်မှန်းသည်။ ဘင်ဂူရီယန်မှတ်သားထားသည်မှာ အာရပ် (၃၃၅, ၀၀၀) ထွက်ပြေးကြသည်ဟု ဆိုသည်။ (၁၉၄၈) ဇွန် (၅)သူ၏ဒိုင်ယာရီအရ ဖြစ်သည်။ ယင်းမှာ လစ်ဒါနှင့် ရမ်မလေမှ ထွက်ပြေးကြသူများဖြစ်သည်။ ဘင်ဂူရီယန်က လူသူစွန့်လွှတ်ထားသော ရွာများတွင် နေရာချထားရန် သူ့လူ

http://mmteashop.com



များကို စေခိုင်းသည်။ ထိုနှစ်နောက်ပိုင်းတွင် တူပီယာအရာဇီက တိုက်တွန်းသဖြင့် ဘင်ဂူရီယန်က အာရပ် (၁၀၀၀၀၀)ကို ဟိုက်ဖာတွင် နေခွင့်ပြုရန် လက်မှတ်ရေးထိုးလေသည်။

အာရပ်နိုင်ငံများသည် ညီနောင်အချင်းချင်း၏ ဒုက္ခကို မျှဝေခံစားရန် ဆန္ဒမရှိကြ။ လက်ဘနွန်မှာ မူလကပင် မွတ်စလင် လူများစုနိုင်ငံ ဖြစ်သည်။ နောက်ထပ် အာရပ်များ ရောက်လာလျှင် သူ့နိုင်ငံတွင်ရှိသော ခရစ်ယာန်နှင့် မွတ်စလင်တို့ အင်အား ချိန်ခွင် မမျှမတ ဖြစ်သွားမည်။ ထို့ကြောင့် အာရပ်ဒုက္ခသည်တို့ကို လက်ခံရန် ခါးခါးသီးသီး ငြင်းဆိုသည်။ အီဂျစ်တို့က စစ်ပြေးအာရပ်တို့အား ဂါဇာကမ်းမြောင်ဒေသတွင် နေရာပေးသည်။ ဆီးရီးယားနှင့် အီရတ်တို့မှာ မြေအများကြီးရှိသည်။ ဒုက္ခသည်များကို လက်ခံနိုင်သည်။ သို့သော်လည်း လက်မခံ။ အာရပ်နိုင်ငံများတွင် အဆင်းရဲဆုံး နိုင်ငံဖြစ်သည့် ဂျော်ဒန်ကသာ မှန်ကန်သော စိတ်ထားဖြင့် စစ်ပြေးဒုက္ခသည်တို့ကို လက်ခံသည်။

ဒုက္ခသည်များမှာ ကုလသမဂ္ဂကြီးမှူးသည့် နိုင်ငံတကာကုသိုလ်ဖြစ် စခန်းများတွင် စုပြုံနေကြသည်။ ကမ္ဘာက မေ့သော်လည်း ဒုက္ခသည်များက မမေ့။ ထိုစခန်းများတွင် ဆင်းရဲဒုက္ခခံရင်း မျိုးဆက်သစ်တစ်ခု မွေးဖွားလာသည်။ လက်လွှတ်ခဲ့ရသည့် သူတို့အိုးအိမ်ကို ပြန်လည်ရယူရန် မမေ့ကြ။ ဤသို့ဖြင့် (၁၉၆၇)တွင် ခြောက်ရက်စစ်ပွဲ ဖြစ်ပွားခဲ့သည်။ အရှေ့အလယ်ပိုင်းတွင် ထိုမျိုးဆက်သည် ပါလက်စတိုင်း ဖီဒေယင်းအဖွဲ့ အဖြစ် ပေါ်လာသည်။

ပါလက်စတိုင်းခွဲခြမ်းရေးကြောင့် ကျဆုံးရသူများ ရှိလာသည်။ ပထမဆုံး ကျဆုံးသူမှာ မြင့်မြတ်သောမြေကို ငြိမ်းချမ်းရေးဆောင်ယူလာသူ ကုလသမဂ္ဂ၏ စေ့စပ်ရေးသမား ထောင့်ဘာနက်ဒုတ် ဖြစ်သည်။ (၁၉၄၈)စက်တင်ဘာ (၆)တွင် ဒိုဂျိုးဇက်နှင့် တွေ့ရန် အသွား စတန်းဂိုဏ်းက ပစ်သတ်လိုက်သည်။

(၁၉၅၈) ဒီဇင်ဘာ (၂၈)တွင် ကိုင်ရိုမြို့ သူ့ရုံးခန်းမှ အထွက်၌ နိုကရာရှိပါရှားသည် မွတ်စလင်ညီနောင် အဖွဲ့ဝင်တစ်ယောက် သေနတ်လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။

ဂျူးတို့အား လိမ္မော်သီးဖြင့် ပစ်၍ တိုက်ခိုက်ရန် ပြောသော လက်ဘနွန်၏ ရီယတ်ဆိုးသည် (၁၉၅၁)နွေရာသီတွင် အသတ်ခံရသည်။

(၁၉၅၁)ဇူလိုင် (၁၉)တွင် ဘုရင်အက်ဘဒူလာသည် ဂျေရုဆလမ်မြို့ အခမ်းအနား တစ်ခုသို့ တက်သည်။ (၁၉၄၈)ဒီဇင်ဘာ (၁)တွင် သူ့ကို အာရပ်ပါလက်စတိုင်း၏ ဘုရင်အဖြစ် တင်မြှောက်ခဲ့ကြသည်။ ထိုမှ ဆယ့်သုံးရက်ရှိလျှင် ထရန်းစ်ဂျော်ဒန်နှင့် အာရပ်ပါလက်စတိုင်း အကြွင်းအကျန်ဒေသတို့ကို ပူးပေါင်းကာ ဂျော်ဒန်၏ ဟက်ရှမိုက်နိုင်ငံတော်ထဲသို့ သွတ်သွင်းသည်။ ထိုညတွင် သူ့မြေး "ဟူစိန်"အား လက်ညှိုးညွှန်ပြီး သူ့ဝန်ကြီးချုပ်ကို "တကယ်လို့ ကျုပ်တစ်ခုခုဖြစ်ခဲ့ရင် ဟက်ရှမိုက်နိုင်ငံတော်ကို သူ ဆက်လက် အုပ်ချုပ်လိမ့်မယ်" ဟု ပြောသည်။

ဝန်ကြီးချုပ်က "ဘာမျှ ဖြစ်စရာအကြောင်း မရှိ" ဟု ပြောသည်။

http://mmteashop.com



"မဟုတ်ဘူး၊ ငါ့အချိန်နီးလာပြီဆိုတာ သိနေတယ်" ဟု ဘုရင်က ဆိုသည်။ ဟုတ်သည်။

နောက်တစ်နေ့ နေ့လယ်တွင် သောကြာနေ့ ဘုရားဝတ်ပြုရန် အိုဗာဗလီသို့ အဝင် လူသတ်သမားက သေနတ်ဖြင့် ပစ်သတ်လိုက်သည်။

(၁၉၄၈)အာရပ်ခေါင်းဆောင်များအနက် နောက်ဆုံး ကွယ်လွန်သူမှာ အီရတ်၏ နူရီအက်ဆက် ဖြစ်သည်။ သူ့ကို အာရပ်တို့က အရှေ့အလယ်ပိုင်းတွင် ဗြိတိသျှတို့၏ ပြောရေးဆိုခွင့်ရှိသူဟု ယူဆကြသည်။ (၁၉၅၈)ဇူလိုင်လတွင် အာဏာသိမ်းပွဲတစ်ခု၌ မိန်းမလို ရုပ်ဖျက်ကာ ထွက်အပြေး ဘဂ္ဂဒက်လမ်းတစ်ခုပေါ်တွင် ဂျစ်ကားနောက် ကြိုးချည်ဆွဲကာ အသတ်ခံရသည်။

တစ်ယောက်ကား အသက်ရှင်ကျန်ရစ်သည်။ ဟတ်ချ်အာမင်ဟတ်ဆေနီသည် ဘေရွတ်မြို့အထက်က တောင်ကုန်းများပေါ်တွင် အေးချမ်းစွာ နေထိုင်လျက် ရှိသည်။ သူ့ကို ကိုယ်ရံတော်များက အကာအကွယ်ပေးထားသည်။ သူ၏ ခေါင်းဆောင်မှုကို ဆက်လက်ခံယူကြသူများမှာ ဂျေရုဆလမ်မှ လူငယ်လေးများ ဖြစ်သည်။

ဒေးဗစ်ဘင်ဂူရီယန်သည် နိုင်ငံငယ်လေးကို စီးပွားရေးဖွံ့ဖြိုးသည့် နိုင်ငံအဖြစ် ပြောင်းလဲရန် ကြိုးစားခဲ့သည်။ (၁၉၄၈) မှ (၁၉၆၃) အတွင်း ဝန်ကြီးချုပ်အဖြစ် ခေါင်းဆောင်ခဲ့သည်။

(၁၉၄၉)တွင် ဂိုလ်ဒါမေယာသည် ဆိုဗီယက်ရုရှားတွင် ပထမဆုံး အစ္စရေး သံအမတ် ဖြစ်လာသည်။ ကုလသမဂ္ဂနှင့် ဂျေရုဆလမ်တွင် သံတမန်အဖြစ် ဆောင်ရွက်သည်။ (၁၉၆၉)တွင် နေမကောင်း၍ အနားယူနေရာမှ လက်ဝီအက်ရှခိုး ကွယ်လွန်သည်နှင့် ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ရသည်။

ကတုတ်ကျင်းများ၊ သံဆူးကြိုးများသည် ဂျေရုဆလမ်၏ ထာဝရအစိတ်အပိုင်းများ ဖြစ်သည်။ နှစ်ပေါင်းနှစ်ဆယ်အထိ စစ်၏ အမာရွတ်များ မပျက်ပြယ်သေး။ အပျက်အစီးများ မိုင်းဗုံးမြေများသည် ဂျေရုဆလမ်၏ အမှတ်အသားများ ဖြစ်သည်။ ဂျက်ဖာတံခါးတွင် သံချေးတက်နေသော သံချပ်ကာကားတစ်စီးနှင့် ဖြူဖွေးနေသော လူရိုးများသည် နှစ်ပေါင်းနှစ်ဆယ်ကြာသည်အထိ တည်ရှိနေသည်။

(၁၉၄၉)တွင် အစ္စရေးအစိုးရသည် ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့ ကန့်ကွက်သည့်အကြားက သူ၏ ရုံးများကို ဂျေရုဆလမ်သို့ ပြောင်းရွှေ့အခြေစိုက်ပြီး မြို့သစ်ကို အစ္စရေးမြို့တော်အဖြစ် ကြေညာသည်။ ကုလသမဂ္ဂနှင့် အမေရိကန်တို့က ဂျေရုဆလမ်ကို နိုင်ငံတကာ ထိန်းသိမ်းမှုအောက်သို့ သွတ်သွင်းရန် မျှော်လင့်ကြသည်။ ဂျေရုဆလမ်မြို့ဟောင်း၏ ရင်ပြင်နောက်ဘက်တွင် ကြေကွဲဖွယ်မြို့ရိုး တည်ရှိသည်။ ထိုဒေသကို ဝတ်ရုံနက်ခြုံထားသည့် အမျိုးသမီးများက စောင့်ရှောက်ထားသည်။ တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသည်များ ဖြတ်သွားကြသည်။ အာရပ်ကလေးငယ်များ လမ်းကျဉ်း

http://mmteashop.com



များအကြား ပြေးလွှားဆော့ကစားနေကြသည်ကို တွေ့နိုင်သည်။ ဂျူးရပ်ကွက် အပျက်အစီးများသည် နေရောင်အောက်တွင် သင်္ချိုင်းဟောင်းတစ်ခုလို မည်သူကမျှ မခင်မင်မတွယ်တာဘဲ ရှိနေသည်။ အာရပ်များကမူ "သူတို့နေထိုင်ခဲ့သည့် ရပ်ကွက်ကို ဘယ်မျှကြာကြာစွန့်ပစ်ရမည်လဲ။ အရာရာသည် တည်မြဲသည်မဟုတ်" ဟု တစ်ခါတစ်ရံ ဆိုကြသည်။

သူတို့မျှော်လင့်သလိုပင် မတည်မြဲသည် အမှန်။ (၁၉၆၇) ဇွန်လတွင် အစ္စရေးက ဂျော်ဒန်ဘုရင်ဟူစိန်အား ဂျေရုဆလမ်မြို့သစ်ကို အမြောက်များဖြင့် ပစ်ခတ်ခြင်း မပြုရန် နှစ်ကြိမ်သတိပေးသည်။ ထို့နောက် အစ္စရေးနှင့် ဂျော်ဒန်တို့ စစ်ဖြစ်ကြသည်။ အူနီနာဆစ်၏ လေထီးတပ်သားများသည် လေးဆယ့်ရှစ်နာရီ တိုက်ပွဲဖြစ်ပွားပြီးနောက် မြို့ဟောင်းကြီးကို သိမ်းပိုက်သည်။ အောင်ပွဲခံရသဖြင့် အစ္စရေးအရပ်သားများသည် မြို့ရိုးနံရံများဆီသို့ ဟစ်ကြွေးချီတက်ကြသည်။ ချွေးစို့နေသော လေထီးတပ်သားများ၊ ဘုန်းကြီးအိုများ၊ အစိုးရဝန်ကြီးများ၊ မုတ်ဆိတ်နှင့် လူငယ်များ အောင်ပွဲအခမ်းအနားတွင် ပါဝင်ကြသည်။ နောက်ဆုံးတွင် ရှေးကျသော လူမျိုးတစ်မျိုးသည် အရေးအကြီးဆုံး သမိုင်းမြေတစ်ခုကို သိမ်းပိုက်မိလေပြီ။ ဒိုဂျိုးဆက်နှင့် ဒေးဗစ်ရှယ်လတီးယယ်တို့သည် ဂျေရုဆလမ်၏ ကျောက်တုံးများကို ဖက်တွယ်ထားရန် (၁၉၄၈)တွင် ပထမဆုံး စိတ်ကူးရကြသူများ ဖြစ်သည်။

ဇွန်လ စစ်ပွဲပြီးဆုံးပြီးသည့်နောက် မြို့အနှံ့အပြားတွင် အာရပ်များ၊ ဂျူးများသည် ပြန်လည်တွေ့ဆုံပြီး အရင်ကလိုပင် အတူသွားလာ နေထိုင်ခွင့်ရခဲ့ကြသည်။ မြင်နေကျမြင်ကွင်းများ၊ ကြားနေကျအသံများ၊ အနံ့အသက်များ၊ ရှုမျှော်ခင်းများကို ပြန်လည်မြင်တွေ့ ခံစားကြရလေသည်။ ပျော်ရွှင်မြူးကြွနေသည့် ထိုအချိန်တွင် ခံကတုတ်များ၊ တံတိုင်းများကို ဖျက်သိမ်းပစ်လိုက်ကြသည်။ သံဆူးကြိုးများကို ရုပ်သိမ်းကြသည်။ ထို့နောက် သူပိုင် ကိုယ်ပိုင် အငြင်းအခုံရှိသော နယ်မြေတစ်ခုကို ပြန်လည်ဖော်ထုတ်လိုက်ကြသည်။ ဂျေရုဆလမ်သည် ပြန်လည်ပေါင်းစည်းသည့် မြို့တစ်ခု ပြန်ဖြစ်လာသည်။ ဂျူးနှင့်အာရပ်တို့၏ မြို့နှစ်ပိုင်းသည် တစ်ခုတည်းဖြစ်လာသည်။ စစ်၏ အရုပ်ဆိုး အကျည်းတန်သည့် အမာရွတ်များကို ဖယ်ရှားလိုကြသည်။ အသစ်ပြန်လည်တွေ့ရှိသည့် ညီညွတ်ပေါင်းစည်းခြင်းသည် ပျက်ပြားလိမ့်ဦးမည်။ စစ်ပြီးသဖြင့် ပျော်ရွှင်မြူးကြွသည့် အချိန်သည် ကြာရှည်ခံလိမ့်မည် မဟုတ်။ အချိန်ပိုင်း တစ်ခုမျှသာ ကြာရှည်မည်။

အစ္စရေးအစိုးရသည် သိမ်းပိုက်ပြီးသောမြို့၏ အစိတ်အပိုင်းများတွင် နေထိုင်သူအသစ်များကို နေရာချထားရန် စိတ်စောနေသည်။ ဂျေရုဆလမ်မြို့သို့ ပြည်ပမှ ဝင်လာသူများကို ပြောင်းရွှေ့နေထိုင်စေသည်။ မြို့ပြင်ဝန်းကျင်ရှိ စခန်းသစ်များနှင့် ဂျူးနိုင်ငံသစ်တို့ အဆက်အသွယ် မပြတ်နိုင်ရန် စီမံကိန်းများ ရေးဆွဲသည်။ အာရပ်တို့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် ဂျေရုဆလမ်ကိစ္စကို ပါဝင်ထည့်သွင်းခြင်း မပြုနိုင်ဟု အစ္စရေးအစိုးရက ရှင်းလင်းပြောဆိုပြီး ဖြစ်သည်။

http://mmteashop.com



အာရပ်တို့မှာ မြို့တော်တွင် သူတို့ အခန်းကဏ္ဍနည်းသွားပြီး လူဦးရေ နည်းပါး သွားသည်ကို ဆင်ခြင်မိကာ ဒေါသထွက်ကြသည်။ ဂျေရုဆလမ်အနှံ့အပြားတွင် ဖေဒါယင်း အဖွဲ့များ ပေါ်ပေါက်လာပြီး ဗုံးများခွဲသည်။ မာဟိန်းယေဒူဒါ စူပါမားကက်ကုန်ပဒေသာဈေးကြီး၊ ဟီဘရူးတက္ကသိုလ် ထမင်းစားခန်းနှင့် ဥပုသ်သည်များ ဈေးဝယ်ကြသည့် ကုန်ပဒေသာဆိုင်များတွင် ဗုံးများပေါက်ကွဲသည်။

ဤသို့ဖြင့် သံဆူးကြိုးများ၊ ခံကတုတ်တံတိုင်းများ ပျောက်ပျက်သွားသည်။ မြို့လယ်ကို ဖြတ်သည့် အာရပ် ဂျူး စည်းခြားသော မျဉ်းကြောင်းကား ကျန်ရစ်သည်။ ဂျူးနေအိမ် နံရံများတွင် ရှေးဟောင်းဂျေရုဆလမ်၏ ပုံများ ဆွဲချိတ်ထားကြသည်။ ထို့အတူ ကျောက်တုံးလိပ်ခုံး၏ ပုံများကိုလည်း ဘီရွတ်မှ ဘဂ္ဂဒက်အထိ အာရပ်နေအိမ်များတွင် ကျက်သရေဆောင်အဖြစ် ဆွဲချိတ်ထားကြသည်။ အာရပ်နှင့် ဂျူးတို့အဖို့ ရှေးကထက်ပို၍ သည်းခံစိတ်၊ နားလည်မှုစိတ်ဓာတ်များ မမွေးနိုင်ခဲ့လျှင် "မေ့လို့ ရနိုင်ပါ့မလား၊ အို ဂျေရုဆလမ်ရယ်" ဟူသော ရှေးဆုတောင်းသည် နောက်ထပ် ရှင်သန်လာမည့် ဆီးမိုက်မျိုးနွယ်မျိုးဆက်သစ်အတွက် စစ်ငြာသံတစ်ခု ဖြစ်လာနိုင်သည်။

ဤဒေသကို သူ၏မြို့နန်းအဖြစ် သတ်မှတ်ခဲ့သည့် ဒေးဗစ်ဘုရင်ကြီးအတွက် ဆာလံကျမ်းတစ်ခု ရေးသားခဲ့သည်။ ပထမဆုံးဆိုသည့် သီချင်းမှာ ဤသို့ ဖြစ်သည်။ စစ်သီချင်းအတိုင်း ယနေ့ တည်ရှိနေသည်။

**ဂျေရုဆလမ် ငြိမ်းချမ်းရေးအတွက်**
**ဆုတောင်းကြပါစို့**
**မြို့ရိုးနံရံများအတွင်း**
**ငြိမ်းချမ်းပါစေ**
**တစ်ဖန်**
**မြို့တွင်း နန်းတော်များအတွင်း**
**ချမ်းသာစည်ပင်ပါစေ . . . . ။ ။**

**ကျော်အောင်**

❖ ❖ ❖

myanmar teashop
www.mmteashop.com



နောက်ခံဒေသ

ကမ္ဘာ့အရှေ့အလယ်ပိုင်း

နောက်ခံကာလ

၁၉၄၇ - ၄၈

ပါဝင်သောဇာတ်ကောင်များ

ထရူးမင်း ၊ ဆာအယ်လင်ကန်နင်ဟမ် ၊ ဒေးဗစ်ဘင်ဂူရီယန် ၊ ချိမ်းစ်ဝိုက်ဇမန်း
ဂိုလ်ဒါမေယာ ၊ ယစ်ဇတ်ရာဗင် ၊ အက်ဒါရာမန်အက်ဇမ်ပါရှား ၊ ဟာတ်ဂျ်အာမင်ဟာတ်ဆေနီ
အက်ဘာဒူလာအစ်ဘင်ဟူစိန်အယ်ဟာတ်ရှီမီ ၊ နတ်ဆာ

အကြောင်းအရာ

ဒုတိယကမ္ဘာစစ်အပြီး အရှေ့အလယ်ပိုင်း ပါလက်စတိုင်းဒေသတွင်
အစ္စရေးနိုင်ငံတည်ထောင်ရန် ကြိုးပမ်းသူ ဂျူးများနှင့်
ဟန့်တားသူ အာရပ်တို့၏
ခါးသည်းပြင်းထန်သော ပဋိပက္ခများ

